www.burmeseclassic.com



# မင်းမှုထမ်း

ဝင်းမြင့်

# A Royal Duty

Paul Burrell

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍
စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# A Royal Duty



## Paul Burrell

# မင်းမှုထမ်း

**ဝင်းငြိမ်း**

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၀၆၀၆၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၅၅၀၉၀၉

▢

ပုံနှိပ်ခြင်း

ပထမအကြိမ် - အောက်တိုဘာလ၊ ၂၀၀၉ ခုနှစ်။

အုပ်ရေ - ၅၀၀

▢

မျက်နှာဖုံးပုံနှိပ်သူ

ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်၊ ၉၆/ခ၊ (၁၁) လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။

▢

အတွင်းပုံနှိပ်သူ

စွယ်တော်ပုံနှိပ်တိုက်

အမှတ် (၈၇)၊ (၅၆) လမ်း၊ (၂) ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

▢

ထုတ်ဝေသူ

ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ

၁၇၅၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

▢

မျက်နှာဖုံးဒီဇိုင်း

မြင့်မောင်ကျော်

▢

တန်ဖိုး

၅၅၀၀ ကျပ်

▢

စာမျက်နှာ ပြင်ဆင်ဖွဲ့စည်းမှု - တင်စာထွန်း

▢

စာစီစာပြု - တင်စာထွန်း၊ နိုင်ဇင်ထွန်း၊ ဝင်းဝင်းရွှေ၊ မျိုးမြင့်အောင်

၈၉၅.၈၃

ဝင်းငြိမ်း

မင်းမှုထမ်း/ဝင်းငြိမ်း။ - ရန်ကုန်။

ယုံကြည်ချက်စာပေ၊ ၂၀၀၉ ခုနှစ်။

စာမျက်နှာ-၅၄၇၊ ၁၃×၂၀ စင်တီမီတာ။

မူရင်းအမည် - A Royal Duty

(၁) ဘာသာပြန်သူ - ဝင်းငြိမ်း

(၂) မင်းမှုထမ်း


## မာတိကာ


| | |
|---|---|
| ၁။ စီစဉ်သူရဲ့အမှာစကား | ဖ |
| ၂။ နိဒါန်း | ၈ |
| ၃။ ငယ်ဘဝ | ၂၆ |
| ၄။ ဘာကင်ဟမ်ရွှေနန်းတော် | ၅၄ |
| ၅။ ချစ်ကျွမ်းဝင်တဲ့ ရွှေမင်းသမီး | ၉၄ |
| ၆။ ဘုရင်မကြီးနဲ့ ကျွန်တော် | ၁၂၈ |
| ၇။ နောက်ထပ် တော်ဝင်မင်္ဂလာပွဲတစ်ပွဲ | ၁၅၄ |
| ၈။ ဟိုက်ဂရုဗ်စံအိမ်မှ မယုံနိုင်စရာ အဖြစ်အပျက် | ၁၈၂ |
| ၉။ ဆူးကြားက ဘူးခါး | ၂၄၄ |
| ၁၀။ ကင်စတန်နန်းတော် | ၂၇၆ |
| ၁၁။ ကျွန်တော့်ဘောစ် | ၃၂၄ |
| ၁၂။ ကွာရှင်းပြတ်စဲခြင်း | ၃၆၆ |
| ၁၃။ ယုံကြည်ခြင်း | ၃၉၄ |
| ၁၄။ နောက်တော်ပါးက | ၄၂၆ |
| ၁၅။ နှုတ်ဆက်လိုက်ပါတယ် ရွှေမင်းသမီး | ၄၇၀ |
| ၁၆။ အလွန်ထူးဆန်းသော လုပ်ရပ် | ၅၀၂ |
| ၁၇။ ပေါလ်ဘာရယ်လ်နဲ့ လျှို့ဝှက်ချက် | ၅၃၈ |


www.burmeseclassic.com

www.burmeseclassic.com

## စီစဥ်သူရဲ့ အမှာစကား

ကိုယ်ပိုင်စာ ဖတ်ချိန်ရှားပါးတဲ့ ကျွန်တော့်အတွက် သင်္ကြန်ပိတ်ရက်များဟာ အတိုးချစာဖတ်တဲ့ ရက်များပါပဲ။ ဗိုလ်မှူးဂျိမ်း(စ)ဟေးဝစ် ရေးခဲ့တဲ့ Love and War ကို ဖတ်ခဲ့ရေးခဲ့တာလည်း သင်္ကြန်ကာလပါ။ ၂၀၀၃ ခုနှစ်မှာ ဒိုင်ယာနာရဲ့ ဘဏ္ဍာစိုး ပေါ(လ)ဘာရယ်(လ) ရေးသားလိုက်တဲ့ A Royal Duty ဆိုတဲ့ စာအုပ် ထွက်လာခဲ့ပါတယ်။ ဩစတြေးလျားမှာနေတဲ့ ဆရာကိုမြင့်သန်းနဲ့ ဖနီး သန်းသန်းရည်တို့က စာအုပ်ထွက်ထွက်ခြင်း ၂၀၀၃ ခုနှစ်၊ ခရစ္စမတ်လက်ဆောင်အဖြစ် ဝယ်ယူပေးပို့ခဲ့တာကြောင့် ၂၀၀၄ ခုနှစ် သင်္ကြန်ရက်မှာ ရေးမယ်လို့ တေးထားခဲ့ပါတယ်။

ဒါပေမယ့်.... မမျှော်လင့်ဘဲ မန္တလေးမှာသွားနေတဲ့ ကျွန်တော့်ညီ ကိုရဲ အက်ဆီးဒင့်ဖြစ်လို့ တင်ပါးဆုံရိုးအက်သွားတယ်။ အော်ပရေးရှင်း လုပ်ရမယ်၊ အစ်ကိုအမြန်လိုက်လာပါဆိုတာကြောင့် ၂၀၀၄ ခုနှစ် သင်္ကြန်အကြိုညမှာ ကားနဲ့ လိုက်သွားရပါတယ်။ တည်းခိုတဲ့ Universe Hotel နဲ့ နန်းတော် အထူးကုဆေးရုံတို့ ကူးချည်သန်းချည်လုပ်ရင်း သင်္ကြန်ရက် ကုန်ဆုံးခဲ့ရပါတော့တယ်။ သင်္ကြန်ဆိုတာ တာမှန်းမသိခဲ့သလို ဘာသာပြန်မယ့်ကိစ္စလည်း ရေစုန်မျောသွားခဲ့ရပါတယ်။

တစ်နှစ်လုံးလုံး ဒီစာအုပ်ကို မကိုင်ဖြစ်တော့ဘူး။

၂၀၀၅ ခုနှစ် ဧပြီလဆန်းပိုင်းမှာ ချားလ်စ်မင်းသားနဲ့ ၃၀ နှစ်လုံးလုံး တိတ်တခိုးချစ်သူအဖြစ် ရပ်တည်ခဲ့တဲ့ ငယ်ချစ်ဟောင်း ကယ်မီလာပါကာဘိုးလ်စ်တို့ လက်ထပ်ပွဲဆင်နွှဲတဲ့ သတင်းက နေ့စဥ်နဲ့အမျှ အင်တာနက်မှာ ဖတ်လာရပါတယ်။ ဒီသတင်းများကြောင့် ကျွန်တော်ဆန္ဒရှိခဲ့တဲ့ A Royal Duty ကလည်း ရင်ထဲကို တစ်ကျော့ပြန်ဝင်လာခဲ့ပါတော့တယ်။ ဒါကြောင့် ဒီနှစ်သင်္ကြန်ရက်မှာ စတင်ရေးသားဖြစ်ခဲ့ပါပြီ။

ဘာသာပြန်အခန်းဆက် ဖတ်ချင်တယ်လို့ တောင်းဆိုကြတဲ့ ကျွန်တော့် စာဖတ်ပရိသတ်များ (မြှောက်ပေးတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့)ကိုရော မူရင်းစာအုပ် လက်ဆောင်ပေးပို့ခဲ့တဲ့ ဆရာကိုမြင့်သန်း၊ မသန်းသန်းရည်တို့ကိုပါ အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါရစေ။

၂၀၀၅ ခုနှစ်၊ ဇွန်လကစတင်ပြီး ဖော်ပြခဲ့တဲ့ မင်းမှုထမ်း အခန်းဆက်ကို ၂၀၀၉ ခုနှစ် မတ်လအထိ အဆက်မပြတ် အားပေးခဲ့ကြတဲ့ စာဖတ်ပရိသတ်များကိုလည်း ကျေးဇူးအထူးတင်ပါတယ်။

လေးစားစွာဖြင့်

ဝင်းငြိမ်း

www.burmeseclassic.com



'ကျွန်မတို့နှစ်ယောက် တွေ့တော့မှပဲ ပြောစရာစကားတွေ အများကြီး ပြောပြမယ်' တဲ့။ ဒီစကားသံဟာ ကျွန်တော် နောက်ဆုံးကြားခဲ့ရတဲ့ မင်းသမီးရဲ့ စကားသံများပါပဲ။



# နိဒါန်း

မင်းသမီးက ၁၉၉၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ မနက် ၄ နာရီ အချိန် ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့က ဆေးရုံမှာ ကွယ်လွန်သွားခဲ့ပါတယ်။ ကျွန်တော် သူ့ကို နောက်ဆုံးတွေ့ခဲ့တာက ဩဂုတ်လ ၁၅ ရက်နေ့၊ သောကြာနေ့ကပေါ့။ ကင်စတန် နန်းတော်ရဲ့ ရှေ့တံခါးကနေ သူ့ BMW ကားထွက်သွားတော့ ကားနောက်ခန်းကနေ ကျွန်တော့်ကို လက်ပြနှုတ်ဆက်သွားခဲ့တာပါ။

အဲဒီနေ့မတိုင်ခင် တစ်ရက်က ကျွန်တော်တို့နှစ်ယောက် ကင်စတန်လမ်းမ ကြီးပေါ်မှာရှိတဲ့ Waterstone စာအုပ်ဆိုင်ကို ရောက်ဖြစ်ခဲ့ကြသေးတယ်။ အချိန်က တော်တော်နည်းနေပြီဖြစ်လို့ လမ်းလျှောက်မနေကြတော့ဘဲ ကားနဲ့ပဲ သွားခဲ့ကြပါ တယ်။ စာဖတ်တာ အင်မတန်မြန်တဲ့ မင်းသမီးအတွက် လမ်းခရီးမှာ ဖတ်ဖို့ စိတ် ပညာစာအုပ်တွေ၊ ဝိညာဉ်နဲ့ပတ်သက်တဲ့ စာအုပ်၊ စိတ်နဲ့ကုစားခြင်းစာအုပ် ဒါဇင် ဝက်လောက် ဝယ်ဖြစ်ခဲ့ပါတယ်။ စာအုပ်ဆိုင်ကနေ ဘယ်မှဆက်မသွားတော့ဘဲ နန်းတော်ဆီကို ပြန်ခဲ့ကြပါတယ်။ ခရီးထွက်ဖို့ ပစ္စည်းတွေထည့်နေတာ လက်စ သတ်ရခါနီးမှာမို့ပါ။ မင်းသမီးကို သူ့အဝတ်အစားတွေ ထိမ်းသိမ်းပေးတဲ့ 'အင်ဂျ လာ ဘင်ဂျမင်' က ကူညီပေးခဲ့ပါတယ်။

နန်းတော်ဝင်းထဲ မောင်းဝင်လိုက်တော့ မင်းသမီးက တော်တော်လေး စိတ် လက်ပေါ့ပါးသွားပုံရပါတယ်။ 'ဒီတစ်ခေါက် ခရီးထွက်ရမှာ အေးအေးချမ်းချမ်း ရှိလိမ့်မယ် ထင်တယ်။ အဖော်ကလည်းကောင်း၊ စာအုပ်တွေလည်း အေးအေး ဆေးဆေး ဖတ် ဖြစ်မယ်ထင်တယ်' လို့ ဆိုခဲ့တယ်။


မင်းသမီးရဲ့ အမျိုးသမီးမိတ်ဆွေ 'ရိုဇာ' က သင်္ဘောသားလေးလောက်သာ

www.burmeseclassic.com

www.burmeseclassic.com

မောင်းရတဲ့ ရွက်သင်္ဘောတစ်စီးငှားပြီး သူတို့သူငယ်ချင်းနှစ်ယောက် ဂရိကျွန်းစုကို လှည့်ပတ်ကြမယ့် ခြောက်ရက်ခရီး စီစဉ်ခဲ့ပါတယ်။ အဲဒီခရီးက ပြန်လာရင် အခြားအမျိုးသမီး မိတ်ဆွေတစ်ဦးဖြစ်တဲ့ 'လာနာ' ကလည်း မင်းသမီးနဲ့အတူ အီတလီနိုင်ငံကို ငါးရက်ကြာ ခရီးသွားကြဖို့ စီစဉ်ထားပါသေးတယ်။ မီလန်မြို့က Four Seasons ဟိုတယ်မှာ တည်းကြမယ်ပေါ့။ အဲဒီအချိန်ထိ ဩဂုတ်လ နောက်ဆုံးပတ်မှာ 'ဒိုဒီ' နဲ့အတူ အချိန်ဖြုန်းဖို့ အစီအစဉ် မရှိခဲ့သေးပါဘူး။ လာနာနဲ့ သွားမယ့်ခရီးစဉ်အတွက် ဟိုတယ်မှာ အခန်းကြိုတင်ငှားရမ်းထားပြီးဖြစ်သလို လေယာဉ်လက်မှတ်လည်း ကြိုတင်ယူထားပြီးသားပါ။ ဒါပေမယ့် လာနာရဲ့ ဖခင် ရုတ်တရက် ကွယ်လွန်သွားတာကြောင့် ဒီခရီးစဉ်ကို ဖျက်သိမ်းလိုက်ရတဲ့အခါ မင်းသမီးက ရုတ်တရက် အားသွားတယ်။ သားတော်တွေကလည်း ဩဂုတ်လ ၃၁ ရက်နေ့မှ ကင်စတန်နန်းတော်ကို ရောက်လာကြမှာပါ။ တစ်ယောက်တည်းရှိနေမယ့် ရက်တွေမှာ သူနဲ့အတူ ဂျိုနီကာလ် ရွက်သင်္ဘောစီးရင်း ပြင်သစ်ရေပိုင်နက်မှာ အပန်းဖြေကြရအောင်လို့ ဒိုဒီက စကားကမ်းလှမ်းလာတော့ မင်းသမီးက လက်ခံလိုက်ပါတယ်။

တာရာနဲ့ ခရီးထွက်ပြီး ဒိုဒီဆီ မသွားခင် မင်းသမီးက ဩဂုတ်လ ၂၁ ရက်နေ့မှာ ကင်စတန်နန်းတော်ကို တစ်ရက်တည်း ပြန်လာဖို့ အစီအစဉ် ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်က အဲဒီနေ့ဆိုရင် အင်္ဂလန်မှာ ရှိတော့မှာ မဟုတ်ပါဘူး။ မူလအစီအစဉ်မှာတိုင်း မင်းသမီးခရီးထွက်တဲ့ရက်မှာ ကျွန်တော်ကလည်း မိသားစုနဲ့အတူ အိုင်ယာလန်နိုင်ငံ 'နားစ်' မြို့မှာ မိသားစုနဲ့ အပန်းဖြေခရီးထွက်ဖို့ စီစဉ်ထားပြီး ဖြစ်လို့ပါပဲ။ ဒါကြောင့် မင်းသမီးနဲ့ ကျွန်တော် ဩဂုတ်လ ၁၅ ရက်နေ့မှာ နောက်ဆုံးတွေ့ဆုံကြတာပါ။ ခရီးထွက်ဖို့ပျော်နေတဲ့ မင်းသမီးရဲ့ အပျော်တွေက ကျွန်တော့်ကိုပါ ကူးစက်ခဲ့ပါတယ်။ ခန်းမဆောင်ထဲမှာ ရှီဆာနဲ့ ကျွန်တော် မင်းသမီးကို ထိုင်စောင့်ရင်း 'ရှီဆာ... ဒီတစ်ယောက်က မင်းသမီးနဲ့ မသင့်တော်တာ အမှန်ပဲ၊ ဒီတော့




မင်းဘက်က တတ်နိုင်သလောက် လုပ်ဦး' လို့ ကျွန်တော်က ပြောလိုက်တယ်။ ဒီတစ်ယောက်ဆိုတာ ဒိုဒီကို ရည်ညွှန်းမှန်း ရှီဆာကလည်း သိပါတယ်။ 'ရှီဆာအနေနဲ့ မင်းသမီးကို အတိုက်အခံ ဘယ်ပြောလို့ရပါ့မလဲ။ ဒါပေမယ့် တတ်နိုင်သလောက်ပေါ့'။ ကျွန်တော့်စကားကြားတော့ ရှီဆာက ပြုံးပြီး ခေါင်းညိတ်တယ်။

အပေါ်ထပ်မှာ မင်းသမီးက အလုပ်များနေတယ်။ စာကြည့်စားပွဲပေါ်က ရှင်းစရာရှိတာတွေကို ရှင်း၊ အမှိုက်တောင်းကို အပြင်ထုတ်၊ ပခုံးမှာလွယ်မယ့်အိတ်ထဲ ပါသင့်တာတွေပါအောင် စစ်ဆေး၊ သူငယ်ချင်းနှစ်ယောက် လှေကားက ဆင်းလာရင်း တစ်ဝက်တစ်ပျက်မှာ မင်းသမီးက ထုံးစံအတိုင်း နောက်တစ်ခေါက် စစ်ဆေးမှု ထပ်လုပ်ပါတယ်။ စိတ်ထဲက စစ်တာ မဟုတ်ပါဘူး။ ပါးစပ်က ရေရွတ်ပြီးတော့ စစ်တာပါ။ 'ပါ့စ်ပို့တ်၊ တယ်လီဖုန်း၊ ဓါက်မဲန်...'

ကျွန်တော်က လှေကားခြေရင်းကနေ လက်ရမ်းကိုကိုင်ရင်း မင်းသမီးကို မော့ကြည့်နေမိတယ်။ ဗားဆေ့(စ်)ဝတ်စုံကို ရိုးရိုးကလေး ဝတ်ဆင်ထားပါတယ်။

'မင်းသမီး... ဒီနေ့လောက် ကြည့်ကောင်းတာ ကျွန်တော် တစ်ခါမှ မတွေ့ဖူးဘူး။ အခုလည်း အသားအရေက တော်တော်လေး ညိုနေပါပြီ။ တကယ်တော့ ပင်လယ်ထွက်ပြီး နေစာလှုံဖို့တောင် မလိုတော့ပါဘူး...' လို့ ဆိုလိုက်တော့ မင်းသမီးက ပြုံးပြီး ဆက်ဆင်းလာခဲ့တယ်။

အပြင်ထွက်ခါနီးမှ မင်းသမီးက 'ဒါလေးခဏ...' လို့ဆိုကာ သူ့အိတ်ကို ကျွန်တော့်လက်ပေးခဲ့ပြီး ကိုယ်လက်သန့်စင်ခန်းဘက်ကို သွားခဲ့သေးတယ်။ မိနစ်ပိုင်းအတွင်းမှာ ခရီးထွက်ဖို့ အဆင်သင့် ဖြစ်သွားပါပြီ။ နန်းတော်တံခါးဝက ထွက်လိုက်ပြီး BMW ကားထဲ ဝင်ထိုင်လိုက်ချိန်မှာ ယာဉ်မောင်းက စက်နှိုးလိုက်ပါပြီ။ ကျွန်တော်က တံခါးမပိတ်သေးတဲ့ ကားတွင်း ကိုယ်တိုင်ဝင်လိုက်ပြီး မင်းသမီးကို ကားထိုင်ခုံ ခါးပတ်ပတ်ပေးလိုက်ပါသေးတယ်။ 'ဖုန်းဆက်ဖို့များ အခွင့်အရေး

www.burmeseclassic.com

ရမယ်ဆိုရင် ဆက်မယ်မဟုတ်လား ပေါလ်'လို့ မင်းသမီးက ဆိုတယ်။

'ဆက်မှာပေါ့ . . .' လို့ ကတိပေးလိုက်ပါတယ်။ အပန်းဖြေခရီးစဉ်အတွင်း မင်းသမီးသုံးဖို့ လက်ကိုင်ဖုန်းနံပါတ်သစ်ကို ကျွန်တော်ပဲ စီစဉ်ပေးခဲ့တာပါ။ ဒီနံပါတ်ကိုလည်း အရေးကြီးတဲ့ လူနည်းစုလောက်သာ သိခွင့်ပြုခဲ့ပါတယ်။

'ပျော်စရာခရီးစဉ်ဖြစ်ပါစေ ပေါလ် . . .' မင်းသမီးက ကျွန်တော့်အတွက် ဆုတောင်းစကားဆိုလိုက်ပြီး ထွက်ခွာသွားတဲ့ BMW ကားပေါ်ကနေ လက်ပြနှုတ်ဆက်သွားပါတယ်။ နန်းတော်တံခါးဝမှာရပ်ပြီး မျက်စိတစ်ဆုံး ကြည့်နေမိတယ်။ ဝင်းတံခါးမှထွက်၊ ဘယ်ဘက်ကိုကွေ့၊ မြင်ကွင်းက ပျောက်ကွယ်သွားတဲ့ အထိပါပဲ။ BMW ကားက မင်းသမီးကို ဟီးသရိုးလေဆိပ်သို့ ပို့ဆောင်မှာပါ။ လေဆိပ်ကျရင် အေသင်ကိုသွားမယ့် လေယာဉ်နဲ့ ခရီးထွက်ခွာသွားပါလိမ့်မယ်။

❑

ကျွန်တော်တို့ 'ဘာရယ်(လ)'မိသားစုက ဇနီးဖြစ်သူ မာရီယာဘက်မှ တော်စပ်တဲ့ ကော့(စ)ဂရု(ဖ)မိသားစုများနဲ့ အိုင်ယာလန်နိုင်ငံ နားစ်မြို့မှာ လေးရက်ကြာ လည်ပတ်ကြပါတယ်။ ကီ(လ)ကင်နီရဲတိုက်ကြီးသို့ သွားရောက်လည်ပတ်ကြသလို BBC ရုပ်မြင်သံကြားအစီအစဉ်မှ နာမည်ကြီး ဇာတ်လမ်းတွဲ Bally Kiss Angel ရိုက်ကူးတဲ့ ရွာကလေးကိုလည်း သွားလည်ခဲ့ကြပါသေးတယ်။ နာမည်ကြီး Fitzger land Pub ကိုလည်း ရောက်ခဲ့ကြတာပေါ့။ ဒီခရီးစဉ်အတွင်းမှာ ကျွန်တော့်ဇနီးသည် မာရီယာက တင်းကျပ်တဲ့အမိန့် ထုတ်ထားပါတယ်။ ကျွန်တော့်အလုပ်တွေ အားလုံးနဲ့ မင်းသမီးကို မေ့ထားရမတဲ့။ 'ဒါ မိသားစု အားလပ်ရက်၊ မိသားစုပိုင်တဲ့အချိန်' လို့ သူက ဆိုပါတယ်။

ပြဿနာက မင်းသမီးကို ဖုန်းဆက်ပါမယ်လို့ ကတိပေးထားခဲ့တယ်။ ကျွန်တော် ဆက်ရမယ်။ လေးရက်လုံးလုံး အဆက်အသွယ်ပြတ်နေတာကို ကျွန်တော့် 'ဘော့စ်'



က သတိထားမိမှာပဲ။ ဒါကြောင့် . . . လမ်းလျှောက်ထွက်ဦးမယ်လို့ အကြောင်းပြပြီး ထွက်လာခဲ့ပါတော့တယ်။

ကျွန်တော် ဖုန်းဆက်တဲ့အချိန် မင်းသမီးက ရိုဆာနဲ့အတူ ကုန်းပတ်ပေါ် ရောက်နေတယ်။ မင်းသမီးက သူ ရောက်နေတဲ့နေရာမှာ နေသာပြီး ပူနွေးကြောင်း ပြောတော့ ကျွန်တော်က အိုင်ယာလန်မှာတော့ စွတ်စိုထိုင်းမှိုင်းနေတဲ့အကြောင်း ပြောဖြစ်ခဲ့ပါတယ်။ သူက ဝိညာဉ်နဲ့ပတ်သက်တဲ့ စာအုပ်တစ်အုပ် ဖတ်ပြီးသွားလို့ နောက်တစ်အုပ် စကိုင်နေကြောင်းပြောပြီး စကားဖြတ်လိုက်ကြပါတယ်။ ဖုန်းမချခင်မှာ ကျွန်တော်က အိမ်ပြန်ရောက်ရင် ဖုန်းထပ်ဆက်ပါဦးမယ်လို့ ကတိပေးခဲ့ရပါသေးတယ်။ အဲဒီအချိန်ဆိုရင် မင်းသမီးက ဒိုဒီနဲ့အတူ 'ဂျိုနီကာ(လ)' ရွက်သင်္ဘောပေါ် ရောက်နေပါပြီ။ မိသားစုရှိရာ ပြန်ရောက်တော့ ကျွန်တော်က တော်တော်ဝေးဝေး လမ်းလျှောက်လိုက်ရတဲ့အတွက် နေသာထိုင်သာရှိသွားကြောင်း ပြောဖြစ်ခဲ့ပါသေးတယ်။

ဩဂုတ်လ ၂၁ ရက်နေ့မှာ မင်းသမီးက ကင်စတန်ကို လေယာဉ်နဲ့ ပြန်ခဲ့ပြီး အဲဒီနေ့မှာပဲ ဒိုဒီနဲ့တွေ့ဖို့အတွက် နိုက်စ်သို့ လေယာဉ်နဲ့ ပြန်လည်ထွက်ခွာခဲ့ပါတယ်။ နှစ်ယောက် ဆုံမိတော့မှ 'ဂျိုးနီကာလ်' ရှိရာကို သွားကြတာပါ။ မင်းသမီးခရီးထွက်သွားတဲ့ကာလအတွင်း ကင်စတန်နန်းတော်ရဲ့ ဧည့်ဆောင်ကို ပြင်ဆင်ခဲ့ကြတာကြောင့် အပြာရောင်ခန်းဆီးများ တပ်ဆင်ထားတာကို တွေ့ခဲ့ရတဲ့ အပြင် ဆိုဖာအသစ်များလည်း လဲထားတာကို တွေ့သွားပါသေးတယ်။

အိမ်ဆောင်ပရိဘောဂများ အသစ်လဲလှယ်တဲ့ကိစ္စက မင်းသမီးရဲ့ ပြင်းပြလှတဲ့ ဆန္ဒတစ်ရပ်ကြောင့်ပါ။ တစ်ခါတုန်းက အမေရိကန်ပြည်ထောင်စုမှ အိမ်များရဲ့ ပုံစံတွေကို ဖော်ပြထားတဲ့ လက်ကမ်းစာရွက်များကို ကြည့်ဖြစ်ခဲ့ရာက တောင်ကုန်းကလေးတစ်ခုပေါ်မှာ တည်ဆောက်ထားတဲ့ အိမ်တစ်လုံးရဲ့ပုံစံကိုတွေ့ပြီး မင်းသမီးက

www.burmeseclassic.com

www.burmeseclassic.com

ဝယ်လိုစိတ် ပေါ်ခဲ့ဖူးပါတယ်။ အဲဒီအိမ်က အမေရိကန်ရောက် ဗြိတိသျှရုပ်ရှင်မင်းသမီး ဂျူလီအင်ဒရူးရဲ့ အိမ်ပါ။ သူ့စိတ်ကူးက အားလပ်ရက်များမှာ သွားနေမယ့်ပေါ့။ ကင်စတန်နန်းတော်က လန်ဒန်မှာ အခြေစိုက်နေအိမ်ဖြစ်ပြီး အမေရိကားက နေအိမ်ကတော့ အပမ်းဖြေနေအိမ်ပေါ့။

အမေရိကားမှာ သွားနေမယ်ဆိုတဲ့စိတ်ကူးက ဆောင်းရာသီကတည်းက ပေါ်ပေါက်နေခဲ့တာပါ။ 'အမေရိကားက ကျွန်မရဲ့ ရည်မှန်းချက်ပဲ။ တကယ်လို့ သွားနေတော့မယ်လို့ ဆုံးဖြတ်ခဲ့ရင် ပေါလ်တို့မိသားစုပါ ကျွန်မနဲ့ လိုက်နေစေချင်တယ်' လို့ ဆိုခဲ့ဖူးပါတယ်။

ညှိခန်းကြမ်းပြင်ပေါ်မှာ ဆေးရောင်စုံ စာမျက်နှာများစွာနဲ့ ပုံဖော်ထားတဲ့ ဂျူလီရဲ့ အိမ်ပုံစံကိုချကြပြီး နှစ်ယောက်သား စီမံခန့်ခွဲခဲ့ကြဖူးတယ်။ 'ဒါကတော့ အဓိက ညှိခန်းဆောင်ပေါ့။ ဒီအခန်းက ဝီလျံအတွက်၊ ဒါက ဟယ်ရီအတွက် အခန်း၊ ဟောဒါကတော့ ပေါလ်တို့မိသားစုအတွက်။ အဲဒီမှာဆိုရင် ကျွန်မတို့အတွက် ဘဝအသစ်ပြန်နိုင်မှာပဲ။ ရင်ခုန်စရာ မကောင်းဘူးလား ပေါလ်…။ အဲဒီမှာက ဘာမဆို ရနိုင်တယ်လေ…' တဲ့။

ကျွန်တော်ကိုယ်တိုင်ကလည်း အမေရိကားမှာနေဖို့ ရည်မှန်းခဲ့သူပါ။ ဒါပေမယ့် မင်းသမီး ပြောသလောက်တော့ မြန်မြန်ဆန်ဆန်ကြီး မဖြစ်နိုင်သေးဘူး။ 'ကျွန်တော့်အထင်ပြောရရင် ချက်ချင်းကြီးတော့ မဆောင်ရွက်သင့်သေးဘူး ထင်တယ်။ ဖြည်းဖြည်းချင်းမှ ဆောင်ရွက်သင့်တယ် ထင်ပါတယ်' လို့ သူ့စိတ်ကူးယဉ်ဆပ်ပြာပူဖောင်းကလေး ကွဲမသွားရအောင် နှစ်သိမ့်ခဲ့ရတယ်။

အဲဒီညနေမှာ မင်းသမီးက ကျွန်တော့်ကို နောက်ထပ်မေးခွန်းတစ်ခု မေးလာပြန်ပါတယ်။ 'တကယ်လို့ အမေရိကားကို လောလောဆယ် မသွားသင့်သေးဘူးထင်ရင် Cape Cod ကို ဘယ်လို သဘောရလဲ။ သူက လန်ဒန်နဲ့ ပိုနီးတယ်။ အဲဒီ



ကနေ ကျွန်မတို့ ကမ္ဘာအနှံ့ ခရီးထွက်နိုင်မယ်။ အကူအညီလိုတဲ့သူတွေကို ရှာဖွေပေးနိုင်မယ်လေ' တဲ့။

ကျွန်တော်တို့နှစ်ယောက်သား ထိုင်ပြီး အမေရိကန်လူနေမှုဘဝကို စိတ်ကူးယဉ်ခဲ့ကြတယ်။ ပင်လယ်ကမ်းခြေမှာ နားနေနိုင်မယ်။ အမြဲတမ်း ပူနွေးတဲ့ နေခြည်ရနေခြင်းကိုက လွတ်လပ်မှုအရသာ ရစေတယ်။ နောက်တစ်ခု ရှိသေးတယ်။ အဲဒါက သူ့စိတ်ထဲမှာ အမြဲရှိပေမယ့် ကင်စတန်နန်းတော်မှာ ဘယ်တော့မှ မဖြစ်နိုင်တဲ့ ကိစ္စတစ်ခုပါပဲ။ 'အဲဒီမှာဆိုရင် ကျွန်မတို့ ခွေးတစ်ကောင်လည်း မွေးနိုင်မယ်' တဲ့။ မင်းသမီးက ခွေးအနက်တစ်ကောင်လောက် မွေးချင်တဲ့ ဆန္ဒ အမြဲရှိခဲ့ပါတယ်။ အမေရိကားမှာ သွားနေမယ်ဆိုတဲ့ စိတ်ကူးနဲ့တင် သူ့ခမျာ တော်တော်ပျော်နေခဲ့ပါပြီ။

'ကျွန်မအရင်တုန်းကတည်းက ပြောခဲ့ဖူးတယ်မဟုတ်လား။ အမေရိကားမှာ သွားနေကြမယ်လို့…' လို့ ဆိုပါတယ်။

မင်းသမီးကတော့ ပြတ်ပြတ်သားသားကို ဆုံးဖြတ်ချက်ချလိုက်ပါပြီ။ အကြောင်းအရာပေါင်းများစွာကို ဆွေးနွေးခဲ့ကြတယ်။ ဒါတွေက လျှို့ဝှက်ချက်တွေဖြစ်လို့ ကျွန်တော် မပြောလိုပါ။ ဒီလျှို့ဝှက်ချက်တွေက ကျွန်တော်နဲ့အတူ မြေကြီးထဲအထိ သယ်ဆောင်သွားမယ့် ကိစ္စတွေပါ။ မကြာခင်မှာဘဲ အားလုံးအံ့သြသွားစေမယ့်ကိစ္စတွေက ပေါ်လာတော့မယ်။ အဲဒီအတွေးနဲ့ပဲ သူ ရင်ခုန်နေခဲ့ပါပြီ။

နားစ်က ပြန်လာပြီးတဲ့နောက် နေ့စဉ်လိုလို ကျွန်တော် မင်းသမီးထံ ဖုန်းဆက်ဖြစ်ပါတယ်။ ဒါပေမယ့် အိမ်ကနေ ဆက်တာတော့ မဟုတ်ပါဘူး။ ကျွန်တော်ဖုန်းဆက်တိုင်း မင်းသမီးက ကုန်းပတ်ပေါ်မှာ နေစာလှုံနေတာဖြစ်စေ၊ သူမရဲ့အခန်းထဲမှာ တစ်ယောက်တည်း နားနေချိန်ဖြစ်စေ ကြုံတတ်ပါတယ်။ ပထမတစ်ကြိမ်ဖုန်းဆက်ကတည်းက အဲဒီအသိုင်းအဝိုင်းကြားမှာ သူ မနေတတ်၊ မထိုင်တတ်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေတယ်ဆိုတာ ကျွန်တော် သဘောပေါက်ခဲ့ပါတယ်။

ဒိုဒီက သူ့အတွက် ငွေနဲ့လုပ်ထားတဲ့ ဓာတ်ပုံဘောင်တစ်ခုပေးပြီး အဲဒီဘောင်မှာ ကဗျာတစ်ပုဒ် ထွင်းထားတယ်လို့ မင်းသမီးက ဆိုတယ်။

'ဒါဆို တော်တော်ကလေးကို လေးလေးနက်နက် သဘောထားတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့'လို့ ကျွန်တော်က မှတ်ချက်ပေးတော့ မင်းသမီးက··

'ဟုတ်ဘူး··· အရမ်းကိုချစ်တတ်တဲ့သဘောပေါ့··'လို့ပြောပြီး ရယ်နေတယ်။ ဒိုဒီက မင်းသမီးအတွက် လည်ဆွဲတစ်ကုံးနဲ့ နားဆွဲတစ်ရန်လည်း လက်ဆောင်ပေးသေးသတဲ့။

'တော်တော်ဆိုးတဲ့သူ'လို့ ပြောပြီး တခစ်ခစ်ရယ်နေလေရဲ့။

အခြေအနေကို ကျွန်တော် နားလည်လိုက်ပါတယ်။

ဒိုဒီက မင်းသမီးကို အရူးအမူးချစ်နေပြီဖြစ်လို့ သည်းသည်းမည်းမည်း ချစ်ခွင့်ပန်နေပါပြီ။ အချစ်ငတ်နေတဲ့ ကျွန်တော့်သခင်မအတွက် အချစ်ခံရခြင်းဟာ ပီတိဖြစ်စရာပေါ့။ တကယ်တော့ ဒိုဒီက ညစာစားပွဲမှာကတည်းက ချစ်ခွင့်ပန်ခဲ့ပြီးသားပါ။ ဒါပေမယ့် မင်းသမီးက အဖြေပေးရမှာ စောလွန်းသေးတဲ့အတွက် အဖြူအမည်း သည်းသည်းကွဲကွဲ အဖြေမပေးခဲ့သေးတာပါ။

'အဲဒီတော့··· မင်းသမီးက ဘာပြောလိုက်သလဲ'လို့ ကျွန်တော် စပ်စုကြည့်ခဲ့ပါတယ်။

'လက်ဆောင်ပစ္စည်းတွေ ပေးတဲ့အတွက် ရှင့်ကိုကျေးဇူးတင်ပါတယ်လို့ပဲ ပြောခဲ့တာပေါ့' တဲ့။

မင်းသမီးကွယ်လွန်သွားချိန်မှာ ကောလာဟလ နှစ်ခုပေါ်ထွက်လာခဲ့ပါတယ်။ တစ်ခုက ဒိုဒီနဲ့ မင်းသမီးတို့ လက်ထပ်ကြဖို့ အစီအစဉ်ရှိတယ်ဆိုတာနဲ့ နောက်တစ်ခုက မင်းသမီးမှာ ကိုယ်ဝန်ရှိနေတယ်ဆိုတဲ့ ကောလာဟလများပါပဲ။ ကိုယ်ဝန်



ရှိနေတယ်ဆိုတဲ့ကိစ္စက လုံးဝမဟုတ်ပါဘူး။

လက်ထပ်ဖို့ အစီအစဉ်ရှိတယ် ဆိုတာကတော့ ဒိုဒီရဲ့မိတ်ဆွေများဘက်က ထွက်လာတဲ့စကား ဖြစ်ပါလိမ့်မယ်။ ဒီစကားကို ဒိုဒီကိုယ်တိုင်က သူ့မိတ်ဆွေတွေကို ပြောခဲ့တာ ဖြစ်ပါလိမ့်မယ်။ မိတ်ဆွေတွေက ခဏခဏ မေးကြလွန်းတော့ ဖြေခဲ့တာနေမှာပါ။ မင်းသမီးဘက်ကတော့ လက်ခံတဲ့အဆင့်ကို မရောက်သေးပါဘူး။ မင်းသမီးအနေနဲ့ အဲဒီအချိန်က ပျော်နေတာ မှန်ပါတယ်။ ဒါပေမယ့် အိမ်ထောင်ပြုဖို့အထိတော့ စိတ်ကူးမရှိခဲ့ပါဘူး။

နောက်တစ်ကြိမ် ကျွန်တော်ဖုန်းဆက်တော့ မင်းသမီးက ဒိုဒီ နောက်တစ်နေ့ လက်ဆောင်ထပ်ပေးရင် 'လက်စွပ်'ဖြစ်တော့မယ်လို့ ခန့်မှန်းထားပါသတဲ့။

'လက်စွပ်ပေးလာရင် ကျွန်မ ဘယ်လိုလုပ်ရမလဲ ပေါလ်။ လက်ခံလိုက်ရင် သူ့ကို လက်ထပ်မယ်ဆိုတဲ့ အဓိပ္ပာယ် သက်ရောက်သွားလိမ့်မယ်။ ကျွန်မ နောက်ထပ်အိမ်ထောင်ပြုချင်ပါတယ်။ ဒါပေမယ့်··· နောက်တစ်ကြိမ် ဒုက္ခမကြုံချင်တော့ဘူးပေါလ်··'တဲ့။

'လွယ်ပါတယ်။ သူ လက်စွပ်ပေးလာရင် လက်ခံလိုက်ပါ။ ညာဘက်လက်၊ လက်သူကြွယ်မှာ ဝတ်လိုက်။ ဒါဆိုရင် လက်ထပ်ပါမယ်လို့ အဓိပ္ပာယ် မသက်ရောက်တော့ဘူး။ မိတ်ဆွေအဖြစ် အသိအမှတ်ပြုပါတယ်ဆိုတဲ့ အဓိပ္ပာယ် ရောက်သွားပြီ။ လက်တော့ မမှားစေနဲ့နော်။ ညာဘက်လက် လက်သူကြွယ်မှာဝတ်'လို့ ကျွန်တော်က ပေါ့ပေါ့ပါးပါးပဲ အကြံပေးလိုက်ပါတယ်။

'ကောင်းလိုက်တဲ့ အကြံ၊ အဲဒီအတိုင်းပဲ ကျွန်မ ဝတ်မယ်'တဲ့။

အဲဒီနောက်မှာတော့ ကျွန်တော်တို့နှစ်ယောက် လက်စွပ်အကြောင်း ထပ်မပြောဖြစ်ကြတော့ပါဘူး။ ဒိုဒီက လက်စွပ်တကယ်ပေးခဲ့သလား၊ မပေးဘူးလားဆိုတာလည်း ကျွန်တော် မမေးဖြစ်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com

မင်းသမီးရင်ထဲမှာ ဒိုဒီနဲ့ပတ်သက်တဲ့ သံသယတစ်ခု ဝင်နေတာ ရှိပါသေးတယ်။

'သူ ရေအိမ်ထဲကို မကြာခဏ ဝင်တတ်တယ်၊ ဝင်သွားရင်လည်း တံခါးကျက်အမြဲချထားတယ်။ ပြီးတော့ သူ မကြာခဏ 'ချေ'တတ်တယ်။ ပြောတာတော့အခန်းလေအေးစက်က မကောင်းလို့တဲ့။ အဲဒါနဲ့ပတ်သက်ပြီး ကျွန်မစိတ်ထဲမှာနည်းနည်းတော့ အနှောင့်အယှက်ဖြစ်မိတယ်။ ဒါလည်း သူ့အတွက် ကျွန်မ ကူညီနိုင်မယ့် ကိစ္စတစ်ခုပဲ ဖြစ်မယ်ထင်ပါရဲ့ ပေါလ်ရယ်'တဲ့။ ကျွန်တော်တို့ စကားလမ်းကြောင်းက ကလေးနှစ်ယောက်ဘက် ပြောင်းသွားခဲ့တယ်။ သူ့ကလေးတွေကိုလွမ်းလှပြီ။ ကလေးတွေနဲ့ အမြန်ဆုံး ပြန်တွေ့ရအောင် ဒိုဒီနဲ့ ခရီးစဉ်ကို နှစ်ရက်လျှော့စေပြီး လန်ဒန်ကို နှစ်ရက်လောက် စောရောက်အောင် ပြန်နိုင်ဖို့ လေယာဉ်လက်မှတ်စီစဉ်တော့ ဒိုဒီက အဲဒီလိုမဖြစ်အောင် မင်းသမီးကို သိမ်းသွင်းနိုင်ခဲ့ပါတယ်။

'ကျွန်မ အိမ်ပြန်ချင်ပြီပေါလ်… အားကစားခန်းကိုသွားဖို့လည်း လိုအပ်နေပြီ…'တဲ့။

'အဲဒီသဘောက မိမ်ခံသဘောဆို။ အားကစားလုပ်ဖို့ အခန်းမပါဘူးလား'လို့မေးလိုက်တော့ သက်ပြင်းချသံ ကြားရတယ်။ လက်ပွန်းတတီးနေခဲ့ကြတာ ကြာပြီဆိုတော့ သူ့သက်ပြင်းသံကြားတာနဲ့ ဘာဆိုတာ ကျွန်တော် မှန်းလို့ရပါတယ်။

'မပြောနဲ့တော့ မင်းသမီး။ အခြေအနေကို ကျွန်တော် သဘောပေါက်တယ်။ ပိုလူက မင်းသမီးရဲ့ လှုပ်ရှားမှုအားလုံးကို ထိန်းချုပ်ထားလို့ လှောင်ချောက်ထဲမှာမိနေသလို ခံစားနေရတယ် မဟုတ်လား'လို့ မေးလိုက်ပါတော့တယ်။

'ဟုတ်တယ် ပေါလ်၊ ကျွန်မ အိမ်ပြန်သင့်ပြီ'တဲ့။

❑



ဩဂုတ်လ ၂၉ ရက်နေ့ ဖုန်းဆက်ရာမှာတော့ ခရီးစဉ်ပြောင်းသွားပြီတဲ့။ ပဲရစ်ကို သွားမယ်လို့ဆိုတယ်။ ကျွန်တော်နဲ့ စကားပြောတာ သဘောကုန်းပတ်ပေါ်ကပါ။ သူ့ဘဝရဲ့ နောက်ဆုံး ၂၄ နာရီအတွင်း လက်ကိုင်ဖုန်းနဲ့ စကားပြောတာ ဖုန်းမှတ်တမ်းအရ ၆ ကြိမ်သာရှိခဲ့ပြီး တစ်ကြိမ်က ကျွန်တော်နဲ့ ပြောခဲ့တာပါ။ အဲဒီနောက်ဆုံးအကြိမ်ပြောတုန်းက ကျွန်တော်က ယောက်ဖတော်သူ ပီတာကော့(စ)ဂရု(စ)ရဲ့အိမ်ကပြောခဲ့တာပါ။ သူ့အိမ်က ဒီနှစ်နွေရာသီကမှ ဝယ်ခဲ့တဲ့ ကျွန်တော့် အပန်းဖြေစခန်း နေအိမ်နဲ့ နှစ်အိမ်ပဲ ဝေးပါတယ်။ ကျွန်တော် ဖုန်းပြောနေစဉ်မှာ ကျွန်တော့်ဇနီး မာရီယာနဲ့ သားများ၊ ယောက်ဖ ပီတာ၊ သူ့ဇနီး 'စူ' နဲ့ သမီးနှစ်ယောက်တို့ကပါ ကျွန်တော့်ကို အနှောင့်အယှက် မပေးကြပါဘူး။ ဒါပေမယ့် မိနစ်လေးဆယ်ကြာအောင် မင်းသမီးနဲ့ ဘာတွေများ ပြောနေပါလိမ့်လို့တော့ သိချင်စိတ်တွေ များနေကြတာပေါ့။

အဲဒီနေ့က ဖုန်းဆက်တော့ မင်းသမီးရဲ့ ခရီးစဉ်လမ်းကြောင်း ပြောင်းသွားပါပြီ။ မူလတုန်းက မြေထဲပင်လယ်ဒေသကနေ လန်ဒန်ကို တိုက်ရိုက်ပြန်ဖို့ ဖြစ်ပြီး ဩဂုတ်လ ၃၀ ရက်နေ့မှာ ပြန်ရောက်ဖို့ပါ။ အဲဒီနေ့က စနေနေ့ဆိုတော့ တနင်္ဂနွေနေ့မှာရောက်လာမယ့် သားတွေထက် တစ်ရက်ကြို ရောက်မယ်ပေါ့။ ဒါပေမယ့် ဒိုဒီကပဲရစ်ကို အလုပ်ကိစ္စအတွက် ဝင်ဖို့ ပေါ်လာသတဲ့။ ထုံးစံအတိုင်း ဒိုဒီက မင်းသမီးကို သူနဲ့လိုက်ခဲ့ဖို့ သိမ်းသွင်းလိုက်နိုင်ပုံရပါတယ်။

'ကျွန်မတို့ ပဲရစ်ကိုသွားရဦးမယ် ပေါလ်ရေ။ ဒါပေမယ့် တနင်္ဂနွေနေ့တော့လန်ဒန်ကိုရောက်အောင် ပြန်ခဲ့မယ်လို့ ကျွန်မ ကတိပေးပါတယ်။ အခု ဘယ်ကပြောနေသလဲ ရှင်မှန်းနိုင်ပါ့မလား…'

ဆာဒီနီးယားလို့ ကျွန်တော်က မှန်းပြောလိုက်တယ်။

'မဟုတ်ဘူး ပေါလ်ရဲ့၊ မိုနာကိုကိုရောက်နေတယ်။ ဒီညရော ဘယ်ကိုသွားမယ်

www.burmeseclassic.com

www.burmeseclassic.com

ထင်သလဲ..'

မင်းသမီးက ကျွန်တော့်ကို ပယောင်းလုပ်ပြန်ပါတယ်။ စားသောက်ဆိုင် ကောင်းကောင်းတစ်ခုလို့ ကျွန်တော်က မှန်းဆလိုက်ပြန်ပေမယ့် လွဲပြန်ပါတယ်။

'မဟုတ်ဘူး၊ ဒီည ကျွန်မ သွားမယ့်နေရာက ဂရေ့စ်ကယ်လီရဲ့ သင်္ချိုင်းဂူနေရာပဲ။ ကျွန်မ အရမ်းစိတ်ဝင်စားတယ်' တဲ့။

ဂရေ့စ်ကယ်လီရဲ့ အသုဘကို ၁၉၈၂ ခုနှစ်က မင်းသမီး လိုက်ပါပို့ဆောင်ပေးခဲ့ပြီးတဲ့နောက် ဒီတစ်ကြိမ်ဟာ ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ရောက်ရှိခြင်းပါပဲ။

'သူ့အတွက် ကျွန်မ ပန်းပွင့်ကလေးတွေ ချထားပေးမယ်။ ပြီးတော့ စကားတွေလည်း ပြောဦးမယ်' လို့ ဆိုခဲ့တယ်။

အဲဒီနောက်မှာတော့ သူ့စိတ်တွေက အိမ်ကိုပြန်ရောက်သွားခဲ့တယ်။ သားနှစ်ယောက်အတွက် အဝတ်အစားချုပ်ပေးဖို့ စက်ချုပ်သမားကို တနင်္လာနေ့မှာ ခေါ်ထားဖို့။ ဘယ်နေ့မှာ ဘာပွဲတွေ တက်ဖို့ရှိသလဲ စတဲ့ သူ့တာဝန်တွေ မေးပါတယ်။ ကလေးတွေ ရောက်နေမယ့်အချိန်မှာ လက်ခံတဲ့ Appointment တွေလည်း တတ်နိုင်သမျှ နည်းအောင် စီစဉ်ထားပြီးသားပါ။ ဒါမှလည်း မင်းသမီးအနေနဲ့ သားတော်များနဲ့ အချိန်များများ အတူတူနေခွင့်ရမှာကိုး။

စကားတွေ တာဝကြီးပြောနေရတာကိုပဲ မင်းသမီးက မကျေနပ်သေးပါဘူး။

'ပေါလ်... ကျွန်မရောက်မယ့် နေ့ကျရင် နောက်မကျစေနဲ့နော်၊ စောစောလာခဲ့။ ကျွန်မ ပြောစရာတွေ အများကြီးရှိသေးတယ်။ လူချင်းတွေ့မှ ပြောတော့မယ်' တဲ့။

စောင့်နေရတာ စိတ်မရှည်တော့တဲ့ ကျွန်တော့်နှီးသည်ကလည်း မီးဖိုခန်းထဲကနေ အော်ခေါ်နေပြီ။



'ပေါလ်... ကျွန်မကို ကတိပေးဦး'

မင်းသမီးက ဆိုပြန်ပါတယ်။

'ကျွန်မ ရောက်မယ့်နေ့ကျရင် နောက်မကျပါဘူးလို့...'

ကျွန်တော်က နန်းတော်တံခါးဝကနေ ဆီးကြိုနေမှာပါလို့ ကတိပေးလိုက်ရပါတယ်။

'ကတိနော်... ပေါလ်' တဲ့။

ကျွန်တော် ရယ်မိပါတယ်။

'ကျွန်တော် ကတိပေးမှ မင်းသမီး ပျော်မယ်ဆိုရင် ထပ်ပြီးကတိပေးပါတယ်' လို့ဆိုတော့ မင်းသမီးက ရယ်တယ်။ အဲဒီတုန်းက ပေါ့ပေါ့ပါးပါး ပြောခဲ့တာပါ။ ခုတော့ဖြင့် ဒီစကားတွေက ကျွန်တော့်ရင်ထဲမှာ တစ်သက်တာ စွဲထင်ကျန်ရစ်ခဲ့ပါပြီ။

'ကောင်းတယ် ပေါလ်၊ ကျွန်မတို့နှစ်ယောက် တွေ့တော့မှပဲ ပြောစရာစကားတွေ အများကြီး ပြောပြမယ်' တဲ့။

ဒီစကားသံဟာ ကျွန်တော် နောက်ဆုံးကြားခဲ့ရတဲ့ မင်းသမီးရဲ့ စကားသံများပါပဲ။

❑

www.burmeseclassic.com





၁၉၆၀ ပြည့်နှစ်က ကမ်းခြေတစ်နေရာမှာ
ပေါလ်နဲ့ မိဘများကို တွေ့ရစဉ်





ဘာကင်ဟမ်ရွှေနန်းတော်ကြီးရဲ့ အခန်းနံပါတ် ၄၇ မှာ
အလုပ်သင်အဖြစ် ဝင်ရောက်စဉ်



www.burmeseclassic.com



အသက် ၁၁ နှစ်အရွယ် ပေါလ်



www.burmeseclassic.com



ကင်စတန်နန်းတော်ကြီးရှေ့မှာ တွေ့ရတဲ့ ပေါလ်မိသားစု

www.burmeseclassic.com

www.burmeseclassic.com



၁၉၅၈ ခုနှစ် ဇွန်လ ခြောက်ရက်နေ့ဟာ တခြားသူများအတွက် အမှတ်ရစရာ နေ့တစ်နေ့ မဟုတ်နိုင်ပေမယ့် ကျွန်တော့်မိဘများအတွက်ကတော့ အမှတ်တရနေ့တစ်နေ့ ဖြစ်ခဲ့ပါတယ်။ နေသာပြီး ခြောင်းလက်ခင်းသာတဲ့ နွေတစ်ညနေခင်းပါ။ အဲဒီနေ့မှာ ချက်စတာဖီးလ် သားဖွားဆေးရုံမှာ ကျွန်တော့်ကို မွေးဖွားခဲ့ပါတယ်။

# အခန်း (၁)

## ငယ်ဘဝ

တောင်ကုန်းများ ထူထပ်လှတဲ့ ဒါဘီရှိုင်းယားပြည်နယ်ရဲ့ လမ်းပေါ်မှာ နှစ်ထပ်ဘတ်စ်ကားကြီးတစ်စီးက ၁၉၅၆ ခုနှစ်ရဲ့ တစ်ခုသောညမှာ တအိအိ မောင်းနှင်လျက် ရှိပါတယ်။ အချိန်အားဖြင့် ည ၁၁ နာရီ ထိုးလုပါပြီ။ ဒီကားပေါ်မှာ ပါလာတဲ့သူအများစုက ဒီဒေသမှာ မိရိုးဖလာလုပ်ငန်းတစ်ခုလို ဖြစ်နေတဲ့ ကျောက်မီးသွေးတွင်းတူးလုပ်ငန်း လုပ်ကိုင်ကြသူများပါ။ ဒါကြောင့်လည်း ဒီဒေသရဲ့ လေထုမှာ ကန့်အနံ့၊ ကတ္တရာအနံ့၊ သစ်သားမီးလောင်နံ့များ ထုံမွှမ်းလျက်ရှိနေပြီး ဒေသခံများအတွက်ကတော့ မထူးခြားတော့ပါဘူး။

ဘတ်စ်ကားပေါ်မှာ ဦးထုပ်အမည်းဆောင်းပြီး တစ်ယောက်တည်း ထိုင်လာတဲ့ ခပ်ဝဝအမျိုးသမီးကြီးတစ်ယောက်က သူ တပ်ဆင်ထားတဲ့ မျက်မှန်အဝိုင်းကလေးကို ဖုန်သုတ်ပြီး ပြန်လည်တပ်ဆင်လိုက်ပါတယ်။ သူ့နာမည်က ဆာရာကတ်လို့ ခေါ်ပါတယ်။ မကြာခင်မှာ သူ ဆင်းရတော့မယ့် မှတ်တိုင်ကိုရောက်တော့မှာမို့ အနားမှာချထားတဲ့ လက်ဆွဲအိတ်ကို အဆင်သင့်ဖြစ်အောင် ပေါင်ပေါ်တင်လိုက်ပြန်ပါတယ်။ သူ ဆင်းရမယ့် မှတ်တိုင်က Grassmoor လို့ခေါ်တဲ့ မှတ်တိုင်ပါ။ အဲဒီမှတ်တိုင်မှာဆင်းပြီးရင် လမ်းဖြတ်ကူးရပါမယ်။ လမ်းတစ်ဖက်ကိုရောက်သွားရင် ရွာလယ်လမ်းမကြီးအတိုင်း တည့်တည့်လျှောက်သွားပြီး လမ်းဆုံးမှာ ညာဘက်ကို ကွေ့ကာ အိမ်နံပါတ် ၅၇ လို့ တပ်ထားတဲ့အိမ်ဟာ သူ့အိမ်ပါပဲ။

လုပ်ငန်းခွင်ကနေ စနေညများ ပြန်လာခွင့်ရပြီဆိုရင် သူ့သားသမီး ရှစ်ယောက်ထဲက အကြီးဆုံးသမီးဖြစ်တဲ့ ခေါ်လီနဲ့ စကားတွေ တဝကြီးပြောဖို့ အခွင့်အရေး

www.burmeseclassic.com

www.burmeseclassic.com



ရတာပေါ့။ ဒေါ်လီတို့မိသားစုက နာမကျန်းဖြစ်နေတဲ့ ဖခင်ကြီး ဝီလျံကို စောင့်ရှောက်ပေးဖို့ တာဝန်ယူထားကြတာပါ။ ဝီလျံကလည်း တစ်ခါတုန်းကတော့ ဒီဒေသရဲ့ လူအများ မိရိုးဖလာလုပ်ကိုင်တဲ့ ကျောက်မီးသွေးတွင်းအလုပ်သမားတစ်ဦးပါပဲ။ ခုတော့ သူ့အဆုတ်ထဲမှာ ကျောက်မီးသွေးအမှုန့်တွေ ပြည့်ကျပ်နေပြီဖြစ်လို့ အိပ်ရာထဲက မထနိုင်တော့ပါဘူး။ ဒါကြောင့်လည်း ဆာရာက ကျောက်မီးသွေးတွင်းရဲ့ အလုပ်သမားတွေ အလုပ်ဆင်းချိန်ကို အချက်ပြတဲ့ နောက်ဆုံးဥသြမဆွဲခင် အိမ်ပြန်ဖို့ အမြဲတမ်း အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားတတ်ပါတယ်။ အိမ်ပြန်ရမယ့် နောက်ဆုံးဘတ်စ်ကားကို သူ စီးလေ့ရှိပါတယ်။ အိမ်ကိုပြန်ရောက်ရင် ည ၁၁း၁၅ အချိန်မှန်ပါ။ ဒါကြောင့်လည်း ဝီလျံက ဇနီးသည်ကို တွေ့ဖို့ဆိုရင် နာရီ တကြည့်ကြည့် အမြဲရှိနေတတ်တာပေါ့။

မှတ်တိုင်မှာ ရပ်ဖို့အတွက် ဘတ်စ်ကားက အရှိန်လျှော့လိုက်ပါပြီ။ ဆာရာက လက်အိတ်ကို ကောက်စွပ်လိုက်ပြီး ပေါင်ပေါ်က လက်ဆွဲအိတ်ကိုကိုင်ကာ ဘတ်စ်ကားပေါ်က ဆင်းလိုက်ပါတယ်။ အိမ်ကိုရောက်ပြီလို့ ဆိုနိုင်လောက်အောင် ဖြစ်သွားပါပြီ။ ပလက်ဖောင်းပေါ်ကို ဆင်းလိုက်ကာ ဘယ်ဘက်ကိုကြေ့ပြီး ရပ်ထားတဲ့ ဘတ်စ်ကား နောက်ဘက်ကနေ လမ်းတစ်ဖက်ကိုကူးဖို့ ပြင်ဆင်လိုက်ခြင်းပါ။ ကန့်အန့်ပါတဲ့ လေကို တဝကြီးရှူလိုက်ပြီး ဘတ်စ်ကားနောက်ဘက်ကနေ လမ်းဖြတ်ကူးလိုက်တဲ့အခါမှာတော့ တစ်ဖက်ကနေ အရှိန်ပြင်းပြင်းမောင်းလာတဲ့ မော်တော်ဆိုင်ကယ်တစ်စီးက ကားနောက်ကွယ်ကနေ ရုတ်တရက် ထွက်လာတဲ့ သူ့ကို မမြင်လိုက်ဘဲ တိုက်လိုက်မိတာ ဆာရာ့ခန္ဓာကိုယ် တစ်ခုလုံး လေထဲမှာ မြောက်တက်သွားပါတော့တယ်။ အချိန်က ည ၁၁ နာရီ ၁၅ မိနစ်ကို သီသီကလေး စွန်းနေပါပြီ။

ဆာရာကတ်ဆိုတာက ကျွန်တော် မမီလိုက်တဲ့ ကျွန်တော့်အမေဘက်က အဘွားပါ။ အဘွားက ဆိုင်ကယ်တိုက်ခံရတဲ့ လမ်းပေါ်မှာပဲ သေဆုံးသွားခဲ့ ရှာပါတယ်။ နောင်မှာတော့ ဒီနေရာဟာ ကျွန်တော်တို့ကလေးများရဲ့ ကစားကွင်း ဖြစ်လာခဲ့တာပေါ့။ အဘွား ရုတ်တရက် ကွယ်လွန်သွားချိန်မှာ အသက် ၆၃ နှစ်သာရှိသေးပြီး ဦးခေါင်းမှာ ပြင်းထန်တဲ့ ဒဏ်ရာပေါင်းများစွာ ရရှိပြီး ကွယ်လွန်သွားခဲ့ခြင်းပါ။

ရက်စက်လွန်းပြီး ကြေကွဲစရာကောင်းတဲ့ အဲဒီကံကြမ္မာအလှည့်အပြောင်းဟာ ကျွန်တော် မမွေးဖွားမီ ၂ နှစ်က ဖြစ်ပျက်ခဲ့တာပါ။ ဒီအဖြစ်အပျက်ကြောင့်လည်း ကျွန်တော့်မိဘနှစ်ပါး မျှော်မှန်းတာထက်စောပြီး အိမ်ထောင်ပြုဖြစ်ခဲ့ကြတာလို့



ဆိုပါတယ်။ အဘွား ရုတ်တရက်ကွယ်လွန်သွားခြင်းကြောင့် ကျွန်တော်လည်း လောကကြီးထဲကို စောပြီး ရောက်ခဲ့ရတယ်ဆိုရင် မမှားပါဘူး။

မကျန်းမာလို့ အိပ်ရာထဲမှာလဲနေတဲ့ ကျွန်တော့်ဘိုးဘိုးက အမျိုးသမီးတစ်ဦး လှေကားပေါ်တက်လာသံကို ကြားလိုက်ပါတယ်။ နောက်ဖေးဘက် တံခါးဖွင့်သံကိုလည်း သူ ကြားလိုက်သတဲ့။ ဝန်ထမ်းကောင်းတစ်ဦးဖြစ်လို့ ဆုချီးမြှင့်ခြင်းခံခဲ့ရတဲ့ အိပ်ဆောင်ရွှေနာရီကလေးကို သူ ထုတ်ကြည့်လိုက်တော့ ၁၁ နာရီ ၁၀ မိနစ်သာ ရှိပါသေးတယ်။ ဒီည ဆာရာ ငါးမိနစ်စော ရောက်တယ်လို့ အဘိုးက အောက်မေ့ခဲ့တာတဲ့။

ခြေသံများက သစ်သားလှေကားမှတစ်ဆင့် သူ့အခန်းဝကို ရောက်လာပြီး သူ အင်မတန်ချစ်မြတ်နိုးတဲ့ မျက်နှာဝိုင်းဝိုင်းကလေးတစ်ခု အခန်းဝမှာ ပေါ်လာပါတယ်။ အဲဒီအမျိုးသမီးက ဘွားဘွားမဟုတ်ပါဘူး။ သူ့သမီး အငယ်ဆုံး ကျွန်တော့် မာမီဖြစ်လာမယ့် ဘာရယ်လ်ကတ် ဖြစ်ပါတယ်။ ဘာရယ်က ဘိုးဘိုးရဲ့ ခုတင်ခြေရင်းမှာထိုင်လိုက်ပြီး သူဒီနေ့ သူ့ချစ်သူနဲ့ အနီးအပါး ပတ်ဝန်းကျင်ကို လျှောက်လည်ခဲ့တာ ဘယ်လိုပျော်ကြောင်း ဘိုးဘိုးကို ပြောပြနေတာပါ။ ဘာရယ်လ်နဲ့ အတူ လျှောက်လည်ခဲ့တဲ့ ချစ်သူဆိုတာက ကျွန်တော့်ဒက်ဒီ ဖြစ်လာမယ့် ဂရေဟမ်ဘာရယ်လ်ဖြစ်ပြီး မာမီဟာ ဒက်ဒီရဲ့ ပထမဦးဆုံးချစ်သူလည်း ဖြစ်ခဲ့ပါတယ်။ အဲဒီတုန်းက ဒက်ဒီက အသက် ၂၁ နှစ်သာ ရှိသေးပြီး ရွာနဲ့ ၂၁ မိုင်ဝေးတဲ့ နေရာမှာ အလုပ်သွားလုပ်တာပါ။ ဘွားဘွားဆင်းသွားတဲ့ ၂ ထပ် ဘတ်စ်ကားကြီးကို သူ အိမ်အပြန်လမ်းမှာ တွေ့ခဲ့သေးတာတဲ့။

အိမ်နံပါတ် ၅၇ ရဲ့ တံခါးကို ခပ်ပြင်းပြင်း ခေါက်လိုက်သံကြားလိုက်ရတော့ အိမ်ထဲမှာရှိနေတဲ့ အဖေရော၊ သမီးပါ တုန်လှုပ်သွားကြတယ်။ အိမ်နီးချင်း အမျိုးသားကြီးတစ်ဦးက မာမီ လန့်မသွားအောင်လို့ ပခုံးကိုဖက်ထားပြီးမှ 'ဆာရာတော့ ကားအက်ဆီဒင့် ဖြစ်သွားပြီ၊ လာမြန်မြန်လာ... မြန်မြန်လာ...'

လို့ဆိုပြီး ဆွဲခေါ်သွားသတဲ့။ အပြေးတစ်ပိုင်းနဲ့ မာမီ လိုက်သွားပါတယ်။ အဲဒီအချိန်က ၁၁ နာရီ မိနစ် ၂၀ ပဲ ရှိပါသေးတယ်။ ဝိုင်းအုံနေတဲ့သူတွေက ဘွားဘွားရဲ့ ရုပ်အလောင်းကို မာမီ မကြည့်စေချင်ကြပါဘူး။ ဒါပေမယ့် မာမီက ကြည့်ပါရစေလို့ တောင်းပန်ပြီး တိုးဝှေ့ဝင်လိုက်တဲ့အခါမှာတော့ ဘွားဘွားကို မြင်သွားပြီး တစ်ချက်သာ အော်လိုက်နိုင်ပါသတဲ့။

စိတ်လွတ်ကိုယ်လွတ် တမ်းတလိုက်တဲ့ အဲဒီတစ်ချက်ကနေ မာမီ ဘယ်တော့မှ စိတ်ပုံမှန်အနေအထားကို ပြန်မရောက်တော့ပါဘူး။ ကျွန်တော့် ငယ်ဘဝတလျှောက်

www.burmeseclassic.com

www.burmeseclassic.com



လုံး ဘွားဘွားကိုတပြီး ငိုနေတဲ့ မာမီကို မြင်ခဲ့ဖူးပါတယ်။ တနင်္ဂနွေနေ့တိုင်း ဘွားဘွားရဲ့ အုတ်ဂူရှိရာကိုသွားပြီး သန့်ရှင်းရေးလုပ်၊ လတ်ဆတ်တဲ့ ပန်းကလေးတွေချရင်း ရက်သတ္တပတ်တစ်ပတ်အတွင်း အိမ်မှာဖြစ်ပျက်ခဲ့သမျှ ဘွားဘွား သိသင့်သိထိုက်တာတွေကို မာမီက တတွတ်တွတ် ပြောပြပါတယ်။ အဝေးရောက်နေတဲ့ အိမ်သားတစ်ယောက်ကို ပြောပြသလိုပါပဲ။ တစ်ခါတလေ ကျွန်တော်လည်း မာမီနဲ့အတူ ဘွားဘွားရဲ့ အုတ်ဂူဆီ ပါသွားတတ်ပါတယ်။ မာမီက တစ်ခါတလေ မီးဖိုချောင်ထဲမှာ ထမင်းဟင်းချက်ရင်းလည်း ဘွားဘွားကို စကားပြောချင်ပြောနေတတ်တာပါ။ ဘွားဘွားဟာ ကျွန်တော်တို့နဲ့အတူ အမြဲရှိနေတယ်လို့ မာမီက ယုံကြည်ပါတယ်။

ဘွားဘွား ရုတ်တရက် ဆုံးပါးချိန်မှာ မာမီ့အသက်က ၂၁ နှစ် မပြည့်သေးပါဘူး။ ဒီတော့ မာမီက ဒက်ဒီကို 'ကျွန်မတို့ ဘာလုပ်ကြမလဲ၊ ၂၁ နှစ်မြောက် မွေးနေ့ပါတီလုပ်မလား၊ ဒါမှမဟုတ် လက်ထပ်ကြမလား၊ နှစ်ခုစလုံးလုပ်ဖို့တော့လည်း မတတ်နိုင်ဘူး' လို့ ဆိုသတဲ့။ ဘွားဘွား ရုတ်တရက် ကွယ်လွန်သွားခြင်းဟာ မာမီနဲ့ ဒက်ဒီအတွက်လည်း အချစ်တွေ ရုတ်တရက် သေဆုံးသွားခြင်းပါပဲ။ သူတို့နှစ်ယောက် ယူကြမလား၊ မယူဘဲ ဒီအတိုင်းနေကြရမလားဆိုတာ ဝေခွဲရ တော်တော်ခက်ခဲ့တာပါတဲ့။

နောက်ဆုံးမှာတော့ ဒက်ဒီက ဆုံးဖြတ်လိုက်ပါတယ်။ 'ဒါဆိုလည်း တို့များလက်ထပ်လိုက်ကြတာ အကောင်းဆုံး ဖြစ်လိမ့်မယ်ထင်တယ်' တဲ့။

တကယ်လို့ ဘွားဘွားသာ မသေသေးဘူးဆိုရင် ကျွန်တော့်မိဘနှစ်ပါးလည်း လက်ထပ်ဖြစ်ဦးမှာ မဟုတ်ပါဘူး။ ဒါကလည်း ဒက်ဒီကြောင့်ပါ။ ခုတော့ ဘွားဘွားက ရုတ်တရက် ကွယ်လွန်သွားပြီး မာမီမှာ နိုကိုးရာမဲ့လို ဖြစ်သွားခဲ့တဲ့အတွက် လက်ထပ်ဖို့အခြေအနေကို တွန်းပို့လိုက်သလို ဖြစ်သွားပါတယ်။ အိမ်နံပါတ် ၅၇ မှာက မကျန်းမာနေတဲ့ ဘိုးဘိုးကို ကျွန်တော့် အဒေါ်အကြီးဆုံး အန်တီပါးလ်က ပြုစုပေးပြီး မေမေက ကူညီပေးရပါတယ်။ အန်တီပါးလ်က ကျွန်တော်တို့လမ်းထဲမှာပဲ အိမ်နံပါတ် ၁၆ မှာနေတာပါ။

ဘွားဘွားကွယ်လွန်သွားပြီး ၄ လ အကြာမှာ ဘယ်ရယ်လ်ကတ်နဲ့ ဂရေဟမ် ဘာရယ်လ်တို့ လက်ထပ်လိုက်ကြပါတော့တယ်။ အဲဒီနေ့က ၁၉၅၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ပါ။ မင်္ဂလာပွဲဆိုပေမယ့် အားလုံးရဲ့ ရင်ထဲမှာ တစ်စုံတစ်ယောက် ပျောက်ဆုံးနေတဲ့အတွက် သတိတရ ခံစားနေကြရပါတယ်။ မင်္ဂလာပွဲ ပြီးပြီးချင်း မာမီက သတို့သမီးဝတ်စုံနဲ့ပဲ ဘွားဘွားရဲ့အုတ်ဂူကို သွားကာ သူ့လက်ကိုင်ပန်းစည်း



ကို ဘွားဘွားရဲ့ အုတ်ဂူပေါ် တင်ခဲ့ပါတယ်။

မာမီနဲ့ ဒက်ဒီရဲ့ အချစ်သက်တမ်းက ၄ နှစ်ကြာမြင့်ခဲ့ပါတယ်။ သူတို့နှစ်ယောက် ချစ်ခါစက မာမီက အသက် ၁၇ နှစ်သာ ရှိပါသေးသတဲ့။ သူတို့နှစ်ယောက်က တစ်ရွာတည်းသားတွေ မဟုတ်ကြပါဘူး။ တစ်ရွာစီမှာ မွေးဖွားကြီးပြင်းခဲ့ကြတာပါ။ မာမီက အသက် ၁၇ နှစ်သာ ရှိသေးပေမယ့် အန်တီပါးလ်နဲ့ အတူတူလိုက်ပြီး ကျောက်မီးသွေးအလုပ်သမားများ စားသောက်ဆိုင်မှာ ဝင်ပြီး အလုပ်လုပ်ပါသတဲ့။ အဲဒီဆိုင်က အန်တီပါးလ်နဲ့ ခင်ပွန်းဖြစ်သူ အာနီဝေါကားတို့ ပိုင်ဆိုင်တာပါ။ အန်တီပါးလ်တို့ဆိုင်နဲ့ မျက်နှာချင်းဆိုင်မှာ ဘီယာဆိုင်ကလေးတစ်ဆိုင် ရှိပါတယ်။ ဆိုင်နှစ်ဆိုင်စလုံးမှာ လာရောက်စားသောက်ကြတဲ့သူတွေဟာ ကျောက်မီးသွေးတွင်းက ဝန်ထမ်းတွေချည်းဖြစ်တဲ့အတွက် မျက်နှာရင်းတဲ့သူတွေချည်းပါပဲ။

ဒုတိယမြောက် အဲလိဇဘက် ဘုရင်မကြီး နန်းတက်တဲ့ ၁၉၅၂ ခုနှစ်ရဲ့ တစ်ခုသောညမှာပေါ့။ အန်တီပါးလ်တို့ဆိုင်ထဲကို ဒက်ဒီနဲ့ သူ့အစ်ကို ဆီဇယ်လ်တို့ ဝင်လာကြပြီး ဆိုင်ထဲမှာ လုပ်ကိုင်နေတဲ့ မာမီ့ကို မျက်လုံးတွေ ကျွတ်ကျမတတ် ကြည့်ကြသတဲ့။ မာမီက ပြောတာကတော့ 'လူကိုကြည့်လိုက်တာများ မီးဝင်းဝင်းတောက်နေတာပဲ' တဲ့။ ဒက်ဒီကတော့ 'တစ်သက်မှာ ဒီမိန်းမလောက် ချောတာ တစ်ယောက်မှ မတွေ့ခဲ့ဖူးဘူး' လို့ ဆိုတယ်။

အဲဒီတုန်းက ဒက်ဒီက အသက် ၁၈ နှစ်သာရှိသေးပြီး ရှက်တတ် ကြောက်တတ်တယ်။ ရည်းစားလည်း တစ်ခါမှ မထားဖူးသေးဘူးတဲ့။ ဘီယာလေး ခပ်တွေတွေကြောင့်သာ ဒက်ဒီက မာမီကို သူနဲ့အတူ အပြင်ထွက်လည်ဖို့ ဖိတ်ခေါ်ရဲခဲ့တာလို့ နောင်မှာ မာမီက ကျွန်တော့်ကို ပြန်ပြောပြပါတယ်။ မာမီက သူ့ကိုလက်ခံလိုက်ပြီး တခြားဘယ်ယောက်ျားကိုမှလည်း လှည့်မကြည့်တော့ပါဘူးတဲ့။ ဒက်ဒီက သားသမီးငါးယောက်ရှိတဲ့ မိသားစုမှာ တစ်ဦးအပါအဝင်ဖြစ်ပြီး သူတို့မိသားစုက ကြက်တွေ၊ ဝက်တွေ မွေးပါတယ်။ ယန်းသီးခြံကိုလည်း ပိုင်တယ်လို့ဆိုပါတယ်။ ဒီဒေသမှာရှိတဲ့လူတွေအားလုံး ကျောက်မီးသွေးတွင်းမှာ ဝင်အလုပ်လုပ်ကြပေမယ့် ဒက်ဒီကတော့ အဲဒီအလုပ်ကို ဘယ်တော့မှ မလုပ်ဘူးလို့ ဆုံးဖြတ်ထားတာပါ။ ဒါပေမယ့် ကျောက်မီးသွေးဝယ်ယူတဲ့ ကုမ္ပဏီမှာတော့ စာရေးဝန်ထမ်းအဖြစ် ဝင်အလုပ်လုပ်ခဲ့ရပါတယ်။ အားလုံးက တစ်ချိန်ချိန်မှာ ဂရေဟမ်လည်း ကျောက်မီးသွေးတွင်းထဲကို ရောက်လာလိမ့်မယ်လို့ ထင်ခဲ့ကြပေမယ့် အဲဒီလိုတွင်းထဲ ဆင်းရမှာကို ဒက်ဒီကလည်း အင်မတန် ကြောက်ခဲ့တာပါ။

အသက်အရွယ်ရောက်သူတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



ရမယ်ဆိုတဲ့ အမိန့်ကြောင့် ဒက်ဒီ အိမ်ကနေ နှစ်နှစ် ဝေးကွာသွားခဲ့ပါတယ်။ နိုင်ငံတော်နဲ့ ဘုရင်မကြီးအတွက် တာဝန်ထမ်းဆောင်ရာမှာ ဒက်ဒီက လေကြောင်းမှာ ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ ကျွန်တော်တို့ကို ပြန်ပြောပြတာကတော့ ဗုံးကြဲလေယာဉ်ပျံကြီးများ ပြေးလမ်းမှာ ဒက်ဒီက လုံခြုံရေးတာဝန်ကျတယ်လို့ ဆိုပါတယ်။

၁၉၅၄ ခုနှစ်မှ မွေးရာဇာတိဖြစ်တဲ့ ဒါဘီရှိုင်းယားကို ပြန်ရောက်ခဲ့တာပါ။

၁၉၅၈ ခုနှစ် ဇွန်လ ခြောက်ရက်နေ့ဟာ တခြားသူများအတွက် အမှတ်ရစရာ နေ့တစ်နေ့ မဟုတ်နိုင်ပေမယ့် ကျွန်တော့်မိဘများအတွက်ကတော့ အမှတ်တရနေ့တစ်နေ့ ဖြစ်ခဲ့ပါတယ်။ နေသာပြီး ခြေခင်းလက်ခင်းသာတဲ့ နွေတစ်ညနေခင်းပါ။ အဲဒီနေ့မှာ ချက်စတာဖီးလ် သားဖွားဆေးရုံမှာ ကျွန်တော့်ကို မွေးဖွားခဲ့ပါတယ်။ ဒက်ဒီတို့က သမီးကလေးတစ်ယောက် မွေးလိမ့်မယ်လို့ မျှော်လင့်ခဲ့ကြပြီး ယောက်ျားလေးမွေးလာတဲ့အတွက် တအံ့တဩဖြစ်ခဲ့တယ်လို့ နောင်မှာ ပြောပြပါတယ်။ မိန်းကလေးလို့ ထင်တဲ့အတွက် သူတို့က နာမည်ကြိုရွေးထားတာက ပင်မလာကိုနဲ့ပါတဲ့။ ဒါပေမယ့် ဝမ်းဆွဲသည်က 'မစ္စစ်ဘာရယ်လ်ရေ… ပင်မလာလေး မဟုတ်ဘူးတော့။ ယောက်ျားလေးတော်ရေ'လို့ ပြောလိုက်တော့ သူတို့မှာ တအံ့တဩပေါ့။ ဒါနဲ့ပဲ ပေါလ်လို့အမည်တွင်မယ့် ကျွန်တော် လူ့လောကထဲကို ရောက်ရှိလာခဲ့ရပါတယ်။

လက်ထပ်တဲ့နေ့ကတည်းက မာမီ့ရင်ထဲမှာ သားသမီးတစ်ယောက်လောက် အမြန်လိုချင်တယ်ဆိုတဲ့ဆန္ဒ ရှိခဲ့ပေမယ့် ဒက်ဒီကတော့ လင်ကိုယ်မယား အေးအေးဆေးဆေးပဲ နေချင်သေးတဲ့အတွက် သားသမီး မလိုချင်သေးပါဘူးတဲ့။ မာမီက ဆိုင်မှာလည်း အလုပ်မလုပ်တော့ဘဲ အိမ်မှာနေပြီး ဘိုးဘိုးကိုပဲ ပြုစုနေရပါတယ်။ ဒီတော့ ဒက်ဒီကို 'ကျွန်မ တစ်နေ့လုံး ဖေဖေ့ကိုပြုစုနေရတာ စိတ်အပန်းပြေအောင်လို့ သားသမီးတစ်ယောက်လောက်တော့ ယူချင်တယ်'လို့ တောင်းဆိုခဲ့သတဲ့။ ဘိုးဘိုးကို ပြုစုရတဲ့ မာမီဟာ ဘိုးဘိုးအိပ်တော့မှသာ ဒက်ဒီရှိရာအိပ်ခန်းကို လာရတာပါ။ နှစ်ယောက်သားတွေ့တော့မှ သူတို့မိသားစုအရေးကို ဆွေးနွေးကြရတယ်ပေါ့။ ၁၉၅၇ ခုနှစ် နိုဝင်ဘာတစ်ညမှာ မာမီက သူ့မှာ ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း ကြေညာလိုက်တော့ ဘိုးဘိုးရော ဒက်ဒီပါ ဝမ်းမြောက်ဝမ်းသာ ရှိခဲ့ကြတာပါပဲ။

မာမီက ကျွန်တော့်ကို မွေးဖွားချိန်အထိ သူ့ဖခင်ကို ဂရုတစိုက် ပြုစုမြဲပါ။ သန့်ရှင်းရေးလုပ်ငန်းကအစ မုတ်ဆိတ်နှုတ်ခမ်းမွေးရိတ်တာအဆုံး သူကိုယ်တိုင်ပဲ



လုပ်ပေးပါတယ်။ မွေးခန်းထဲမှာ ကျွန်တော့်ကို မမွေးနိုင်သေးခင် မာမီက သူ့အမေကို တပြီးအော်တော့ အပြင်မှာ စောင့်နေတဲ့ ဒက်ဒီက ထွက်ပြေးလိုက်တာ ဆေးရုံကနေ ၆ မိုင်ဝေးတဲ့ သူ့မိဘနှစ်ပါးအိမ်ရောက်တော့မှပဲ ရပ်ဖြစ်တယ်လို့ ဆိုပါတယ်။ အိမ်ရောက်သွားလို့ သူ့မာမီက 'ဟဲ့… ဘာဖြစ်လာတာလဲ၊ မိန်းမ ကလေးမွေးတာ ဆန်းသလား၊ နင်ကိုယ်တိုင်များ မွေးရရင် ခက်ပဲခက်ရချည်ရဲ့'လို့ ဆီးပြီး ဆူသတဲ့။

ဆေးရုံမှာတော့ ကျွန်တော့်ကို မွေးပြီးပါပြီ။ အနီးနဲ့ ထုပ်ထားတယ်ပေါ့။ အချိန်က ည ၈ နာရီ။ မိခင်ရောကလေးပါ ကျန်းမာတယ်ဆိုတဲ့သတင်းကို နှစ်ဖက်မိဘတွေ သိသွားကြပါပြီ။ ကျွန်တော့်ကို မွေးဖွားခဲ့တဲ့ အဆောင်နာမည်က ဒုတိယမြောက် အဲလိဇဘက်ဘုရင်မ အဆောင်ပါတဲ့။

ချက်ပယ်လ်လမ်း အိမ်နံပါတ် ၅၇ ကို ကျွန်တော်ရောက်ပြီး ၆ လ အကြာမှာ ဘိုးဘိုးက အိမ်နံပါတ် ၁၆ မှာရှိတဲ့ အန်တီပါးလ်တို့အိမ်ကို ပြောင်းသွားပါတယ်။ အန်တီပါးလ်က မုဆိုးမဖြစ်သွားတာ မကြာသေးတဲ့အတွက် ဘိုးဘိုးကို ပြုစုဖို့လည်း အချိန်ပိုရလာတာပေါ့။ ကလေးတစ်ဖက်နဲ့ ဘိုးဘိုးကို ပြုစုရမယ်ဆိုရင် ကျွန်တော့်မာမီ ပင်ပန်းမှာစိုးလို့ အန်တီပါးလ်က ဘိုးဘိုးကို ခေါ်သွားတာနေမှာပါ။ နောက်နှစ်နှစ်အတွင်းမှာ မာမီက ကိုယ်ဝန်ရှိလာပြန်ပါတယ်။ ဒီတစ်ခါတော့ ဒက်ဒီကလည်း လိုလိုလားလားပါ။ သမီးလေးတစ်ယောက် လိုချင်ကြတာကြောင့် တစ်အိမ်လုံးရှိသမျှ နေရာတွေမှာ မိန်းကလေးပုံတွေ ကပ်ထားတာ ကျွန်တော် မှတ်မိပါသေးတယ်။

ကမ္ဘာကြီးရဲ့ တစ်နေရာမှာရှိတဲ့ မိသားစုတစ်စုကတော့ ကျွန်တော်တို့နဲ့ မတူထူးခြားနေပြန်ပါတယ်။ သူတို့က ကလေးတစ်ယောက်ကို လိုချင်ကြတယ်။ သူတို့နေတဲ့ ဒေသက အင်္ဂလန်နိုင်ငံ နော်ဖောက်ဒေသရဲ့ ဆန်ဒရင်ဟမ်ဆိုတဲ့ နေရာမှာပါ။ အဲဒီမှာ စပင်ဆာတစ်မိသားစုများ ရှိပါတယ်။ သူတို့မှာ ဂျိန်းနဲ့ ဆာရာဆိုတဲ့ သမီးနှစ်ဦး ထွန်းကားပြီးပါပြီ။ ဂျွန်ဆိုတဲ့ သားကလေးတစ်ဦး ထွန်းကားခဲ့ပေမယ့် နာရီပိုင်းအတွင်းမှာပဲ ကွယ်လွန်သွားခဲ့ပါတယ်။ ဒါကြောင့် နောက်တစ်ခါ မွေးလာမယ့် ကိုယ်ဝန်ဟာ ယောက်ျားလေးပဲဖြစ်ရမယ်လို့ တမ်းတနေကြတာပါ။ အဲဒီသားရတနာဟာ ဖခင်ဖြစ်သူ မြို့စားရဲ့ အရိုက်အရာကို ဆက်ခံခွင့်ရမယ့် သားလည်း ဖြစ်ပါသတဲ့။

၁၉၆၁ ခုနှစ်မှာတော့ မိသားစုနှစ်စုစလုံးရဲ့ ဆန္ဒတွေဟာ ပြောင်းပြန်ဖြစ်ကုန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မိသားစုမှာ အန်သိုနီဝီလျံအမည်ရှိတဲ့ ညီတစ်ဦးကို မတ်လ ၃၀ ရက်နေ့မှာ မွေးဖွားခဲ့ပါတယ်။ ဒီတစ်ခါ မာမီက ဆေးရုံတက်မနေတော့ဘဲ အိမ်နီးနားချင်း အမျိုးသမီးကြီးတစ်ဦးရဲ့ အကူအညီနဲ့ အိမ်မှာတင် မွေးဖွားခဲ့ပါတယ်။ သမီးတစ်ယောက် လိုချင်တယ်ဆိုပေမယ့် ကျန်းမာသန်စွမ်းတဲ့ ဒုတိယမြောက် သားရတနာ မွေးဖွားလာတော့လည်း ဒက်ဒီနဲ့ မာမီမှာ ဝမ်းသာဂုဏ်ယူမဆုံးပါဘူး။ ဆာဒရင်ဟာမ်မှာတော့ မြို့စားအရိုက်အရာ ဆက်ခံမယ့် သားရတနာ မမွေးဖွားဘဲ ဇူလိုင်လ ၁ ရက်နေ့မှာ တတိယမြောက် သမီးရတနာကိုသာ မွေးဖွားခဲ့ပါတယ်။ အဲဒီသမီးရဲ့နာမည်က ဒိုင်ယာနာဖရန့်စဂ္ဂဖြစ်ပြီး ကျွန်တော့်ထက် ၃ နှစ်ငယ်ပါတယ်။

ညီလေး အန်သိုနီ မမွေးဖွားမီ သုံးလအလို ၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာလမှာ ဘိုးဘိုး ကွယ်လွန်သွားခဲ့ပါတယ်။ ဘိုးဘိုးရဲ့ အသုဘအခမ်းအနားကို ကျွန်တော် ကောင်းကောင်းကြီး မှတ်မိနေခဲ့ပါတယ်။ ဧည့်ခန်းအလယ်ခေါင်မှာ ဘိုးဘိုးကို ထည့်ထားတဲ့ ခေါင်းချထားပြီး ဧည့်ခန်းထဲမှာ အိမ်နီးနားချင်း လူကြီးများနဲ့ ပြည့်နှက်နေပါတယ်။ အားလုံးက အနက်ရောင်အဝတ်တွေ ဝတ်ဆင်ထားကြပြီး ဘိုးဘိုးကို မမြင်ရတော့တဲ့အတွက် ကျွန်တော်လည်း ငိုနေမိပါတယ်။ နောင်မှာ မာမီက ပြန်ပြောပြတာကတော့ တစ်လမ်းလုံးက ရှိသမျှအိမ်တွေရဲ့ ပြတင်းပေါက်များမှာ ခန်းဆီးတွေ ပိတ်ကာထားပြီး ဘိုးဘိုးကို အလေးအမြတ်ပြုကြောင်း ပြသခဲ့ကြတယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့ ရွာရဲ့ လေ့ထုံးစံက အသုဘ မသင်္ဂြိုဟ်မီ နောက်ဆုံးညမှာ မိတ်ဆွေများနဲ့ ဆွေမျိုးများ ဖယောင်းတိုင်မီးရောင်နဲ့သာ ခေါင်းရှိရာ အခန်းထဲမှာနေခြင်းဖြင့် ကွယ်လွန်သူကို အလေးအမြတ်ပြုကြရတဲ့ အစဉ်အလာ ရှိပါတယ်။

အိမ်နံပါတ် ၅၇ မှာ နေထိုင်စဉ်ကာလက ကျွန်တော် အရမ်းငယ်သေးတဲ့ အတွက် သိပ်တော့ မမှတ်မိလှပါဘူး။ မှတ်မိတာ တစ်ခုရှိသေးတယ်။ ရေချိုးတဲ့ အခါ အိမ်နောက်ဖေးမှာချိုးရတဲ့ကိစ္စပါ။ ကျောက်မီးသွေးနဲ့တည်ထားတဲ့ ရေနွေးအိုး ထဲကနေ ခပ်ပြီး ရေအေးနဲ့စပ်ကာ ရေချိုးရပါတယ်။ အဲဒီအခါမှာ မာမီက မျက်နှာ သုတ်ပဝါတစ်ထည်ကိုင်ပြီး အဆင်သင့် စောင့်နေတတ်ပါတယ်။ ကျွန်တော်တို့ အိမ်က အမြဲတမ်း အေးစက်နေတာပါ။ ရေချိုးရတာ အရမ်းအေးပါတယ်။ ဒါကြောင့် အအေးမမိအောင်လို့ မာမီက ကမန်းကတန်း သုတ်ပေးတာပါ။

ဘိုးဘိုးဆုံးပြီး သိပ်မကြာခင်မှာပဲ ကျွန်တော်တို့မိသားစု အိမ်နံပါတ် ၄၇ သို့ ပြောင်းခဲ့ကြပါတယ်။ နေခဲ့တဲ့ အိမ်နှစ်အိမ်စလုံးဟာ အနောက်ဘက် မျက်နှာပြု



များဖြစ်ပြီး အိမ်ရှေ့မှာ လယ်ကွင်းများသာ ရှိပါတယ်။ အိမ်သစ်မှာ ကျွန်တော့်ရတဲ့ အခန်းပြတင်းပေါက်က ကြည့်လိုက်မယ်ဆိုရင် တစ်မျှော်တစ်ခေါ်ရှိနေတဲ့ ကွင်းပြင်ကြီးများက မျက်စိတစ်ဆုံးပါပဲ။ ဟိုးအဝေးကြီးမှာ တောင်တန်းကြီးတွေကိုလည်း တွေ့နေရပါတယ်။ ကွင်းထဲမှာကတော့ မြင်းပုကလေးများ ကျက်စားနေကြတာကို လည်း မမြင်ချင်အဆုံးပါ။

အိမ်နံပါတ် ၄၇ ကို ကျွန်တော်တို့ ပြောင်းလာကြတော့ မာမီက ဒီအိမ်ဟာ အရင်အိမ်ထက် ကောင်းတယ်လို့ ပြောပါတယ်။ ဟုတ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဒီအိမ်မှာ ရေချိုးခန်း သီးခြားပါတဲ့အတွက် ကျွန်တော်တို့ ရေချိုးရာမှာ အဆင်ပြေလို့ပါပဲ။ အိမ်လခကလည်း အရင်အိမ်ထက်တော့ ဈေးကြီးပါတယ်။ ဒါပေမယ့် အိမ်က ပိုကောင်းတဲ့အတွက် ပေးရတာ တန်တယ်လို့ မာမီက ပြောပါတယ်။ အသုံးစရိတ်များလာတဲ့အတွက် ဒက်ဒီက အလုပ်ပိုလုပ်ရပါတယ်။

ကျွန်တော်တို့အိမ်က အရင်အိမ်ထက် ပိုကောင်းတယ်ဆိုပေမယ့် ခန်းလုံးပြည့် ကော်ဇောခင်းထားတာတွေ ဘာတွေ မရှိပါဘူး။ ဖယောင်းပုဆိုးသာ ခင်းထားတာပါ။ အဖြူအမည်း ရုပ်မြင်သံကြားစက်ကလေးတစ်လုံးလည်း ရှိပါတယ်။ တစ်ခါတလေ မှာ အရုပ်တွေက မှုန်တိမှုန်ဝါး ဖြစ်သွားတတ်သေးတာကြောင့် ဒက်ဒီက ဝါယာ ကြိုးနဲ့ဆက်ပြီး အိမ်ပြင်ကို ထုတ်ထားရပါသေးတယ်။ ဘာပဲဖြစ်ဖြစ် ဒီရုပ်မြင်သံ ကြားစက်ကလေးရှိတာကြောင့် ကျွန်တော်တို့မိသားစုမှာ ဘီဘီစီက ထုတ်လွှင့်တဲ့ ပျော်ဖြေရေး ဇာတ်လမ်းတွဲတွေကို ကြည့်ခွင့်ရခဲ့တာ အမှန်ပါပဲ။

ကျွန်တော် အသက် ၅ နှစ်အရွယ်မှာ မာမီကို ကူညီလုပ်ကိုင်ပေးတတ်ပါပြီ။ တနင်္လာနေ့တိုင်း မာမီအဝတ်လျှော်တဲ့အခါ ကျွန်တော်က ကူညီပေးတတ်ပြီး အင်္ဂါနေ့ကတော့ အိမ်မှာရှိတဲ့ ကြေးထည်ပစ္စည်းတွေကို အရောင်ပြောင်လက်လာ အောင် တိုက်ချွတ်ဆေးကြောရတဲ့နေ့ပါပဲ။ ကျွန်တော်က ကလေးဆိုတော့ သတင်းစာ စက္ကူအပိုင်းအစများနဲ့သာ ကြေးထည်များကို ပွတ်တိုက်ပေးရပြီး မာမီကတော့ ကြေးချွတ်ဆေးနဲ့ ပြောင်လက်လာအောင် ပွတ်တိုက်ရတာဖြစ်လို့ အဲဒီနေ့တွေဆို ရင် မာမီ့လက်မှာ မည်းသည်းနေတာပါပဲ။ စိတ်ထဲမှာတော့ ငါကြီးလာရင် ဒီလို ပွတ်တိုက်ဆေးကြောရတဲ့ ကြေးထည်တွေမဟုတ်ဘဲ အမြဲတစေ အရောင်ထွက် နေမယ့် အကောင်းစားကြေးထည်တွေကို အမေ့အတွက် ဝယ်ပေးမယ်လို့ တွေးခဲ့မိပါ တယ်။ ကျွန်တော်တို့အိမ်မှာ တန်ဖိုးထားရတဲ့ ပစ္စည်းနှစ်ခု ရှိပါတယ်။ တစ်ခုက သစ်သားနာရီကြီးတစ်လုံးပါ။ ဒီနာရီကြီး က ၁၅ မိနစ်တစ်ကြိမ် သံစုံထွက်ပေါ် လေ့ရှိပါတယ်။ ဒါကလည်း ကျွန်တော် ကလေးဘဝကတည်းက ကြားခဲ့ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



သံစဉ်ဖြစ်နေပါပြီ။ နောက်တစ်ခုကတော့ စန္ဒရားကြီးတစ်လုံးပါ။ ကျွန်တော်တို့အိမ် ဧည့်ခန်းမှာ ခန့်ခန့်ထည်ထည် နေရာယူထားတာပေါ့။ ငယ်ငယ်ကတည်းက တစ်ပတ်တစ်ခါ မာမီရယ်၊ သူ့သူငယ်ချင်းတွေရယ် ဒီစန္ဒရားကြီးကို တီးကြပြီး သီချင်းတွေ ဆိုကြလေ့ရှိပါတယ်။

မာမီက သူ့အိမ် သန့်ရှင်းသပ်ရပ်တာကို အင်မတန် ဂုဏ်ယူတတ်ပါတယ်။ မနက်မိုးလင်းတာနဲ့ တစ်ပြိုင်နက် အိမ်သန့်ရှင်းရေးကို ဦးစားပေးဆောင်ရွက်တာပါ။ လေကားထစ်တွေကအစ ကာဘော်လစ်ဆပ်ပြာနဲ့ တိုက်ချွတ်ဆေးကြောပြီး ပြတင်းပေါက်မှန်များကိုလည်း ရှာလကာရည်နဲ့ ပြောင်လက်နေအောင် တိုက်ချွတ်ဆေးကြောလေ့ရှိပါတယ်။ ခန်းဆီးတွေကိုဆိုရင်လည်း ဘယ်တော့မှ ဟောင်းနွမ်းသွားရတယ်မရှိအောင် လျှော်ဖွပ်ထားတတ်ပါတယ်။

အိမ်ရဲ့ စီးပွားရေး အခြေအနေကတော့ အမြဲတစေ ငွေကျပ်နေတတ်တာပါပဲ။ ကျွန်တော်တို့အိမ်မှာ တစ်စုံတစ်ယောက် နေမကောင်းဖြစ်မှသာ လတ်ဆတ်တဲ့ အသီးအနှံတွေ စားခွင့်ရပါတယ်။ ကျွန်တော် အသက် ၈ နှစ် အရွယ်လောက်တုန်းက အသားဝါရောဂါဖြစ်တဲ့အတွက် လိမ္မော်သီး၊ စပျစ်သီး၊ ငှက်ပျောသီးတွေကို ပထမဆုံးအကြိမ် ဝဝလင်လင် စားခဲ့ရပါတယ်။ နေမကောင်းတဲ့လူရဲ့ ခုတင်ဘေးမှာ ပန်းအိုးထိုးတယ်ဆိုတာကလည်း ကျွန်တော်တို့လို လက်လုပ်လက်စား လူတန်းစားများအတွက် ဘယ်တုန်းကမှ မဖြစ်နိုင်ခဲ့ပါဘူး။ အသုဘမှာသာ ပန်းအိုးထိုးနိုင်ခဲ့တာပါ။

အပတ်စဉ် သောကြာနေ့ညတိုင်း ဒက်ဒီက သူ့လုပ်အားခကို ယူဆောင်လာလေ့ရှိပြီး မာမီ့လက်ကို အပ်ပါတယ်။ မာမီက အသုံးစရိတ်များအတွက် ခွဲဝေပါတယ်။ ပထမဦးဆုံး ဖယ်တာကတော့ အိမ်ငှားခပါ။ နောက်တော့မှ စားစရိတ်ကို ချန်ပါတယ်။ စားစရိတ် ပိုက်ဆံထဲက တချို့ကို ဒက်ဒီက ယူသွားပြီး ငါးရောင်းတဲ့ဆိုင်မှာ တစ်နာရီလောက် တန်းစီရပါတယ်။ ကျွန်တော်တို့မိသားစုရဲ့ စနေညများဟာ ငါးနဲ့ အာလူးကြော်စားရတဲ့ ညများပါပဲ။ အိမ်မှာ အိမ်သုံးစရိတ် ပြတ်တဲ့အခါတွေလည်း အကြိမ်များစွာ ကြုံရပါတယ်။ အဲဒီကာလက စီးပွားရေး အကျပ်အတည်းကာလဖြစ်လို့ အိမ်သုံးစရိတ်ပြတ်ပြီဆိုရင် မာမီက ကျောက်မီးသွေးတွင်းတူးသမားများ သမဝါယမမှာ ငွေသွားချေးရပါတယ်။

ကျွန်တော် အရွယ်ရောက်လာချိန်မှာ သတိထားမိတာကတော့ ကျွန်တော်တို့ ဆွေမျိုးများထဲမှာ ကျွန်တော်တို့မိသားစုက အဆင်းရဲဆုံး ဖြစ်တယ်ဆိုတာပါပဲ။ မာမီ့ အစ်ကိုအကြီးဆုံးဖြစ်တဲ့ အန်ကယ်လ်ဘီလ်ဆိုရင် မော်တော်ကားများနဲ့



စေတ်ဆီရောင်းပါတယ်။ သူ့ကားဂိုဒေါင်ကြီး မျက်နှာစာမှာ အနီနဲ့ အပြာ ရေးဆွဲထားတဲ့ ရောမဆိုင်းဘုတ်ကြီးကို တွေ့နိုင်ပါတယ်။ သူ့မှာ မော်တော်ကားတွေ အများကြီးရှိတဲ့အတွက် အန်ကယ်လ်ဘီလ်ဟာ သန်းကြွယ်သူဌေးကြီးတစ်ဦးလို့ ကျွန်တော် ထင်ခဲ့ပါတယ်။ သူ့ကျေးဇူးကြောင့် ဒက်ဒီမှာ တစ်ပတ်ရစ် မော်တော်ကား စီးခွင့်ရခဲ့တာပါ။ ကျွန်တော်တို့မိသားစု ပထမဦးဆုံး ပိုင်ဆိုင်ခွင့်ရခဲ့တဲ့ တစ်ပတ်ရစ် မော်တော်ကားက မောရစ္စမိုင်နာ မော်တော်ကား အနက်ကလေးပါ။ ဒီနောက်မှာတော့ ၁၉၅၇ ခုနှစ်ထုတ် ပို့ဒ်ဇက်ဖားကား ပြောင်းစီးကြပါတယ်။ အဲဒီကားကြီးက အပြာနဲ့ နို့နှစ်ရောင် နှစ်ရောင်စပ် ဖြစ်ပါတယ်။ အဲဒီကားနှစ်စင်းစလုံးမှာ ထိုင်ခုံတွေက သားရေထိုင်ခုံတွေဖြစ်တဲ့အတွက် ဘောင်းဘီတိုဝတ်တဲ့ ကျွန်တော်တို့ ညီအစ်ကို နွေရာသီကာလ ကျောင်းသွားတိုင်း မထိုင်နိုင်လောက်အောင် ပူလောင်ခဲ့တာပေါ့။

အန်ကယ်လ်ဘီလ်ရဲ့ ဒုတိယဇနီးဖြစ်တဲ့ အန်တီမာဂျီက ပိန်ပိန်ပါးပါးနဲ့ ဘာပဲဝတ်ဝတ် သေသေသပ်သပ်ဝတ်တတ်တဲ့ အမျိုးသမီးကြီးတစ်ဦးပါ။ ကျွန်တော် ငယ်ငယ်ကဆိုရင် အန်တီမာဂျီဟာ ရုပ်ရှင်မင်းသမီး တစ်ဦးကျနေတာပဲလို့ မှတ်ထင်ခဲ့ပါတယ်။ ကျွန်တော့် မာမီကတော့ ပွင့်ရိုက်ထည်များကို ဝယ်ယူပြီး သူကိုယ်တိုင် ချုပ်ဝတ်တာပါ။ အန်တီမာဂျီကတော့ အသင့်ချုပ်ပြီး ဝတ်စုံများကို သူ့သမီးနှစ်ယောက်ဖြစ်တဲ့ စန္ဒရာ၊ ရှီလာတို့နဲ့ အတူ ဝတ်ဆင်လေ့ရှိပါတယ်။ သူတို့မိသားစုက ချမ်းသာတော့ အဲဒီခေတ်ကထုတ်တဲ့ ဖိုတိုပလေး မဂ္ဂဇင်းများကို သူတို့ကိုယ်ပိုင် ဝယ်ယူဖတ်ရှုနိုင်ခဲ့ကြပါတယ်။ အဲဒီမဂ္ဂဇင်းမှာ ရုပ်ရှင်မင်းသမီးကြီးများဖြစ်ကြတဲ့ အဲလိဇဘက်တေလာ၊ ဂျိန်းဆိုင်မွန်၊ ဘက်တီဒေးဗစ်၊ ဂျိန်းမင်စဖီးလ်တို့ရဲ့ ပုံတွေ ဝေဝေဆာဆာ ဖော်ပြထားတာပေါ့။ သူတို့အိမ်ကိုသွားရင် ကျွန်တော်က အမြင့်မှာ တင်ထားတဲ့ အဲဒီမဂ္ဂဇင်းတွေကို သိပ်ဖတ်ချင်တာပေါ့။

'အဲဒီစာအုပ်တွေ နင်လိုချင်ရင် ယူသွား၊ ငါတို့ဖတ်ပြီးပြီ' လို့ စန္ဒရာက ပြောလိုက်တဲ့အခါမှာ ကျွန်တော့် ကံကြမ္မာကို ကျွန်တော် မယုံနိုင်လောက်အောင် ဖြစ်ခဲ့ရပါတယ်။ သူ့စိတ်ပြောင်းမသွားခင် ကျွန်တော် နိုင်သလောက် မပြီးပြန်ခဲ့တာပေါ့။ အဲဒီစာအုပ်တွေကို ကျွန်တော့်အိပ်ခန်းထဲမှာထားပြီး ကြိုက်နှစ်သက်တဲ့ မင်းသမီးတွေရဲ့ပုံကို စာအုပ်မှ ဖြတ်ကာ ကျွန်တော့်အိပ်ခန်း နံရံများပေါ်မှာ ကပ်တော့တာပေါ့။

ကျွန်တော့်ညီငယ်ဖြစ်တဲ့ ဂရေဟမ်(ကျွန်တော့်ဒက်ဒီနဲ့ နာမည်တူထားပါတယ်) က မမျှော်လင့်ဘဲ ကျွန်တော်တို့မိသားစုထဲကို ဝင်လာခဲ့သူလို့ ဆိုရပါမယ်။ မာမီက

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်ရှိကြောင်း သိလိုက်တာနဲ့ တစ်ပြိုင်နက် ကျွန်တော်မမွေးခင်က ရွေးချယ်ခဲ့ကြတဲ့ မိန်းကလေးနာမည် ပင်မီလာကျိန်းက သူတို့ရင်ထဲမှာ နောက်တစ်ကျော့ ပြန် ပေါ်လာကြပြန်ပါရော။ တတိယမြောက်ရင်သွေးဟာ ၁၉၆၅ ခုနှစ် နိုဝင်ဘာလမှာ မွေးဖွားမယ်ဆိုတာ သိထားတော့ မာမီက နိုဝင်ဘာလအတွင်းမှာ ကျရောက်မယ့် ဘွားဘွား ကွယ်လွန်တဲ့ရက် ၉ နှစ်မြောက်နေ့မှာ မွေးပါရစေလို့ နေ့စဉ်ဆုတောင်းခဲ့တာပေါ့။

နိုဝင်ဘာလ ၄ ရက်နေ့မှာ မာမီ ဗေဒ္ဓာပေါက်ခဲ့ပါတယ်။ အဲဒီအချိန်က ကျွန်တော့်အသက်က ၇ နှစ်ရှိပြီဖြစ်လို့ ဗိုက်နာတဲ့ ဝေဒနာခံစားနေရတဲ့ မာမီကို မှတ်မိနေသလို ဆေးရုံကားပေါ်မှာတင်ပြီး ခေါ်ဆောင်သွားကြတာကိုလည်း မှတ်မိနေကြပါတယ်။ ကားတံခါးကြီး မပိတ်လိုက်ခင်မှာ မာမီက 'ဘုရား၊ ဘုရား ဒီနေ့တော့ မမွေးပါရစေနဲ့'လို့ ဆုတောင်းသံ ကြားဖြစ်အောင် ကြားလိုက်ရပါတယ်။ ကျွန်တော့်စိတ်ထဲမှာ မာမီ သေများသွားမလားလို့တောင် ထင်ခဲ့မိတာပါ။ သူ မွေးချင်တဲ့ရက်ကျမှ မွေးရမယ်ဆိုရင် နောက်ထပ်နာရီပေါင်းများစွာ နာကျင်တဲ့ဝေဒနာကို ခံစားနေရဦးမှာပါ။ သူ့ကိုယ်စောင့်နတ်များက သူ့ဆန္ဒကို ဖြည့်ဆည်းပေးလိုက်ဟန်တူပါရဲ့။ နောက်နေ့ကူးတဲ့အထိ ဗိုက်နာနေခဲ့ပြီး နိုဝင်ဘာလ ၅ ရက်နေ့ ည ၁၁ နာရီကျမှ ကျွန်တော့်ညီငယ် ဂရေဟမ်ကို ညှပ်ဆွဲပြီး မွေးခဲ့ရပါတယ်။ ဘွားဘွား ကွယ်လွန်တဲ့ ၉ နှစ်နှစ်ပတ်လည်အချိန်နဲ့ ၁၀ မိနစ်သာ ကွာပါတယ်။

ကျွန်တော့်ငယ်ဘဝက သာမန်ကလေးငယ်များလိုပဲ ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းခဲ့တာပါ။ တစ်လမ်းလုံးမှာလည်း အမျိုးတွေက များတာကြောင့် ဘယ်အိမ်ကိုပဲဝင်ဝင်၊ ဘယ်အိမ်ကိုပဲထွက်ထွက် တံခါးမရှိ၊ ဓားမရှိ ဝင်ထွက် သွားလာခဲ့ကြပါတယ်။

ကျွန်တော်ငယ်ငယ်က တက်ခဲ့ရတဲ့ အလယ်တန်းကျောင်းက Grass Moor အလယ်တန်းကျောင်းပါ။ မစ္စတာသောမတ်စ်ဆိုတဲ့ဆရာက ကျွန်တော်တို့ကို ဘာသာစုံ သင်ကြားပေးပါတယ်။ ဆရာက အသံဩဇာ ကောင်းပါတယ်။ တစ်ခန်းလုံးကြားအောင် သင်နိုင်တဲ့ ဆရာပါပဲ။ တစ်ရက်မှာတော့ ဆရာက 'မင်းတို့ကျောင်းက ထွက်တဲ့အခါ ဘာအလုပ်လုပ်ချင်ကြတယ်ဆိုတဲ့အကြောင်း စာစီစာကုံးတစ်ပုဒ် ရေးကြစမ်း'လို့ နိုင်းပါတယ်။

အတန်းထဲမှာရှိတဲ့ ကျောင်းသား ၃၀ လောက် အသံတိတ်သွားကြပြီး ဘာလုပ်မယ်ဆိုတာ စဉ်းစားကြပါတယ်။ ကျောင်းသားအများစုကတော့ သူတို့ဖခင်များရဲ့ ခြေရာကိုနင်းပြီး ကျောက်မီးသွေးတွင်းမှာ လုပ်မယ်လို့ စာစီစာကုံး ရေးကြ



ပါတယ်။ အဲဒီအချိန်က ကျွန်တော့်အသက် ၁၀ နှစ်သာ ရှိသေးပေမယ့် ကျွန်တော့်စိတ်ထဲမှာ ကျောက်မီးသွေးတွင်းမှာ ဘယ်တော့မှ အလုပ်မလုပ်ဘူးလို့ ဆုံးဖြတ်ချက်ရှိနေခဲ့ပါပြီ။ မြေအောက် မှောင်မှောင်မည်းမည်းထဲမှာ အလုပ်လုပ်ရပြီး လုပ်သက်ရလာတဲ့အခါမှာ ကျောက်မီးသွေးမှုန်တွေက အဆုတ်ထဲမှာ ပြည့်ကျပ်ကာ ရောဂါရကုန်ကြတာ ကျွန်တော့်မျက်မြင်ကိုယ်တွေ့ပဲ မဟုတ်လား။ ဒါကြောင့် ကျွန်တော်က 'ကျွန်တော် ကြီးလာရင် ဝန်ကြီးဌာနတစ်ခုခုမှာ အလုပ်လုပ်မယ်'လို့ ခေါင်းစဉ်တပ်ပြီး စာစီစာကုံးကို ရေးခဲ့ပါတယ်။ ဒီလို စိတ်ဓာတ်ဝင်လာခြင်းဟာ ကျွန်တော့်မာမီက သွင်းပေးထားတဲ့ အတွေးအခေါ်ကြောင့်လည်း ဖြစ်နိုင်ပါတယ်။ အဲဒီအရွယ်တုန်းက ကျွန်တော်ဟာ အင်မတန် ရှက်တတ်ကြောက်တတ်သူဖြစ်ပြီး စကားလည်း ပွင့်ပွင့်ပြောခဲ့သူ မဟုတ်ပါဘူး။

စာစီစာကုံးတွေ ရေးပြီးလို့ တင်လိုက်ကြတော့ ဆရာသောမတ်စ်က ကျွန်တော့်စာစီစာကုံးကို တစ်တန်းလုံးကြားအောင် ဖတ်ပြလိုက်ပါတယ်။ ကျွန်တော့်မျက်နှာတစ်ခုလုံး နီရဲသွားပြီး သူငယ်ချင်းတွေကလည်း ဝိုင်းဟားကြပါတယ်။ အဲဒီတုန်းက ဆရာသောမတ်စ်ကို ကျွန်တော် တော်တော် ဒေါသဖြစ်ခဲ့တာပေါ့။ ဒါပေမယ့် ခုနေခါမှာ ပြန်စဉ်းစားကြည့်တော့ အများတကာနဲ့မတူ ကျောက်မီးသွေးတွင်းတူးသမားလုပ်မယ်လို့ မရေးခဲ့ဘဲ မင်းမှုထမ်းတစ်ဦး လုပ်ချင်တယ်လို့ ရေးခဲ့တဲ့ ကျွန်တော့်စာစီစာကုံးဟာ သမားရိုးကျလမ်းစဉ်ကို ဖောက်ထွက်ရာကျလို့ ဆရာက ရွေးချယ်ဖတ်ပြခဲ့တာပဲလို့ သဘောပေါက်လာမိပါတယ်။ တကယ်တော့ ကျွန်တော့်ပတ်ဝန်းကျင်မှာရှိသမျှ ယောကျ်ားကြီးများဟာ ကျောက်မီးသွေးအလုပ်သမားတွေချည်းပါပဲ။ ပညာတတ်လူတန်းစားဖြစ်အောင် ကြိုးစားမယ်လို့ ဘယ်သူမှ စိတ်ကူးမရှိခဲ့ကြပါဘူး။ ကျွန်တော့်မိသားစုထဲမှာတောင် ညီနှစ်ယောက်ဖြစ်တဲ့ အန်တိုနီနဲ့ ဂရေဟမ်တို့က ကျောက်မီးသွေးအလုပ်ကိုပဲ ဝင်လုပ်ခဲ့ကြတာပါ။

အလယ်တန်းကျောင်းကနေ အထက်တန်းကျောင်းတက်ဖို့ဆိုတာ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ စဉ်းစားအပ်တဲ့ကိစ္စတစ်ခု မဟုတ်ပါဘူး။ အထက်တန်းကျောင်းရောက်ပြီဆိုရင် လူငယ်ကလေးများက လူပျိုဘဝရောက်လာကြပြီး ဒီအင်အားတွေဟာ ကျောက်မီးသွေးတွင်းမှာ လိုအပ်တဲ့ လုပ်အားများအတွက် ဖြည့်တင်းပေးမယ့် ဝန်ထမ်းတွေပဲပေါ့။ အဲဒီလိုလူရွယ်တွေထဲမှာ ကျွန်တော်ကတော့ ခြွင်းချက်လို့ ဆိုရပါလိမ့်မယ်။ ၁၁ တန်း အောင်မြင်ပြီးချိန်မှာ ကျွန်တော့်ဘဝထဲကို မစ္စတာသောမတ်စ် ဝင်ရောက်လာခဲ့ပါတယ်။ သူက ကျွန်တော့်မိဘများကို ကျွန်တော်နဲ့ပတ်သက်ပြီး ဒီကလေးဟာ ပညာရေးမှာ အလားအလာရှိတဲ့ကလေး ဖြစ်တာကြောင့် ပညာရေးကို

www.burmeseclassic.com

www.burmeseclassic.com



ဆက်လက် အားပေးသင့်တယ်လို့ တိုက်တွန်းစကား ဆိုလိုက်ခြင်းပါပဲ။

ဆရာသောမတ်စ်ရဲ့ တိုက်တွန်းမှုကို ကျွန်တော့်မိဘများကလည်း လက်ခံခဲ့ကြတာကြောင့် ကျွန်တော်တို့ဇာတိမြေနဲ့ အနီးစပ်ဆုံးဖြစ်တဲ့ William Rhodes အလယ်တန်းကျောင်းကို ရောက်ရှိခဲ့ပါတယ်။ ဒီကျောင်းက သဒ္ဒါနည်းကျကျ သင်တဲ့ကျောင်း မဟုတ်ပေမယ့် တခြားကျောင်းများထက်တော့ အဆင့်မြင့်တယ်လို့ ဆိုရပါမယ်။

ဒီကျောင်းမှာ နေခွင့်ရလိုက်ခြင်းကိုက ကျွန်တော်တို့ ဇာတိမြေမှာတော့ ဂုဏ်တစ်ခုပါပဲ။ ကျောင်းတက်ဖို့ အတွက် မိဘများက ဝတ်စုံအသစ် ဝယ်ပေးကြပါတယ်။ ဈေးတော်တော်ကြီးလိမ့်မယ်လို့ ကျွန်တော် မှန်းမိပါတယ်။ ကျောင်းသွားဖို့အတွက် ကျွန်တော့်မိဘများက မီးရထားနဲ့ လိုက်ပို့ကြမှာပါ။ ကျွန်တော့်ဘဝမှာ မီးရထားစီးရခြင်းဟာ ဒါပထမဆုံးအကြိမ်ပါပဲ။ ၁၉၆၉ ခုနှစ်မှာ ကျွန်တော် ကျောင်းစတက်ခဲ့ရတော့ ကျွန်တော့်ဘေးမှာ လိုက်ပါလာခဲ့တဲ့ အမေ့မျက်နှာက ဂုဏ်ယူနေတာ အပြည့်အဝဖြစ်တယ်ဆိုတာကို ကျွန်တော် မှတ်မိနေပါတယ်။

ကျောင်းကြို နှစ်ထပ်ဘတ်စ်ကားကြီး ကျွန်တော် စီးခဲ့ပါတယ်။ ကားပေါ်တက်သွားတော့ ကျွန်တော်နဲ့ ယူနီဖောင်းတူ၊ ကျောင်းတံဆိပ်ချင်းတူတဲ့ ကောင်လေးတစ်ယောက်နံဘေးမှာ ကျွန်တော် ဝင်ထိုက်လိုက်ပါတယ်။ သူက 'ဟေ့ကောင်၊ ဦးထုပ်ချွတ်လိုက်။ မင့်ကြည့်ရတာ တောသားနဲ့တူတယ်'လို့ ဆိုတာကြောင့် ကျွန်တော် ဦးထုပ် ကမန်းကတန်း ချွတ်လိုက်ရတာပေါ့။ အဲဒီကျောင်းသားနာမည်က ကင်မ်ဝေါလ်တာလို့ ခေါ်ပါတယ်။ သူက ကျွန်တော့်ထက် လူကောင်ထွားပြီး အနုပညာမှာလည်း ပိုပြီးတော်ပါတယ်။ နောင်မှာ သူဟာ ကျွန်တော့်ရဲ့ အရင်းနှီးဆုံး သူငယ်ချင်းဖြစ်ခဲ့ပြီး ငါးနှစ်လုံးလုံး ကျွန်တော့်နံဘေးမှာ ကာကွယ်စောင့်ရှောက်ပေးသူလည်း ဖြစ်ခဲ့ပါတယ်။

ကျွန်တော် တက်ရတဲ့ကျောင်းက ဆရာများအုပ်ချုပ်ပြီး စည်းကမ်း အင်မတန်တင်းကျပ်ပါတယ်။ ဆရာတိုင်းရဲ့လက်ထဲမှာ ကြိမ်လုံးကိုယ်စီ ရှိကြပါတယ်။ ကျောင်းအုပ်ဆရာကြီးက ပညာရေးအပြင် ဘာသာရေးကိုလည်း အလေးထားသူဖြစ်လို့ ကျွန်တော်တို့ကျောင်းသားတွေ ရင်ထဲမှာ ဘုရားသခင်ကို ချစ်ကြောက်ရိုသေတဲ့စိတ် ဝင်လာအောင်လည်း သွန်သင်ပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။

ကျောင်းစာများထဲမှာ ကျွန်တော် အထူးချွန်ဆုံးက သမိုင်းဘာသာရပ်ပါပဲ။ ခေတ်အဆက်ဆက်က ရှင်ဘုရင်မိဖုရားများရဲ့ အကြောင်းများကို ဒိုးဒိုးဒေါက်ဒေါက် ပြောနိုင်လောက်တဲ့အထိ ကြေညက်ခဲ့ပါတယ်။ သူငယ်ချင်းများက ကျောင်းဆင်းလို့



ကစားနေချိန်မှာ ကျွန်တော်ကတော့ မကစားဘဲ အိမ်စာပြီးအောင် လုပ်နေခဲ့တာပါ။ သမိုင်း စိတ်ဝင်စားတဲ့ ကျွန်တော်ဟာ ခေတ်အဆက်ဆက်က တော်ဝင်မိသားစုဝင်များအကြောင်းကိုလည်း စိတ်ဝင်တစား ရှိခဲ့ပါတယ်။

၁၉၇၀ ပြည့်နှစ် နွေဦးပေါက်ကာလ ကျွန်တော် အသက် ၁၂ နှစ်သားအရွယ်မှာ ကျွန်တော်တို့မိသားစု လန်ဒန်ရွှေမြို့တော်ကြီးကို သွားရောက်လည်ပတ်ကြပါတယ်။ ကုန်တိုက်ကြီးများ၊ ဈေးဆိုင်တန်းများကို ဝင်ရောက်လည်ပတ်ကြပြီးတဲ့နောက် ဘာကင်ဟမ်နန်းတော်ကြီးရှေ့ကို ရောက်ခဲ့ကြပါတယ်။ ကျွန်တော့်မိဘများက ဘုရင်မကြီးနေထိုင်တဲ့နေရာကို မြင်ဖူးချင်တဲ့ဆန္ဒကြောင့် သွားခဲ့ကြခြင်းပါပဲ။

'ဒီနန်းတော်ထဲမှာ ဒက်ဒီတို့နိုင်ငံကိုအုပ်ချုပ်နေတဲ့ ဘုရင်မကြီးနေတာပေါ့ကွ'လို့ ဒက်ဒီက ကျွန်တော်တို့ ညီအစ်ကိုကို ပြောပြပါတယ်။

ကျွန်တော်တို့ ညီအစ်ကိုမှာ မျက်စိရှေ့မှောက် မြင်တွေ့ရတဲ့ ကြီးကျယ်ခမ်းနားလှတဲ့ နန်းတော်ကြီးကိုကြည့်ပြီး ရင်သပ်ရှုမောဖြစ်ခဲ့ရပါတယ်။ နန်းတော်စောင့်တပ်ဖွဲ့ဝင်များ တာဝန်လဲလှယ်ကြပုံကလည်း ကျွန်တော်တို့မိသားစု မဆိုထားနဲ့ ကမ္ဘာအရပ်ရပ်က လာရောက်ကြတဲ့ ကမ္ဘာလှည့်ခရီးသည်များပင်လျှင် စောင့်ကြည့်ကြရတဲ့ အခမ်းအနားတစ်ခုပါ။ ဒါတွေကိုမြင်ရတော့ ကျွန်တော်တို့နေတဲ့ဘဝနဲ့ သူတို့ဘဝဟာ အလှမ်းကွာလှချည်လားလို့ စိတ်ထဲမှာ ခံစားလိုက်ရပြီး မာမီ့ကို ရုတ်တရက် ပြောလိုက်မိတာကတော့ 'ကျွန်တော် တစ်နေ့ကျရင် ဒီနေရာမှာ အလုပ်လုပ်မယ် မာမီ'ဆိုတဲ့ စကားပါပဲ။ ကျွန်တော် ဘာကြောင့် ဒီလိုပြောလိုက်မိတယ်ဆိုတာကိုလည်း ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်ခဲ့ပါဘူး။ တကယ်တော့ ကလေးတစ်ယောက်ရဲ့ အိပ်မက်တစ်ခု ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ အာကာသ သူရဲကောင်း နီးလ်အမ်းစထရောင်းဟာလည်း တစ်နေ့မှာ လကမ္ဘာပေါ်ကို ပထမဆုံး ခြေချတဲ့သူ သူဖြစ်လိမ့်မယ်လို့ ထင်ခဲ့မှာ မဟုတ်ပါဘူး။ အဲဒီလိုပါပဲ။ ကျွန်တော်လည်း ဒီနေရာမှာ တာဝန်ထမ်းဆောင်ရလိမ့်မယ်လို့ မမျှော်လင့်ခဲ့တာ အမှန်ပါ။

ကျွန်တော့်စကားကို ကြားလိုက်ရတော့ ဒက်ဒီက ကျွန်တော့်ခေါင်းကို အသာအယာ ပွတ်သတ်ပြီး 'ဟုတ်တာပေါ့.. ငါ့သားက ပညာတတ်ကြီးဖြစ်မှာဆိုတော့ ဒီမှာ အလုပ်လုပ်ရမှာပေါ့'လို့ နှစ်သိမ့်ခဲ့ပါသေးတယ်။

တကယ်တော့ အဲဒီအချိန်တုန်းက ဒက်ဒီရော ကျွန်တော်ပါ နောက် ၁၀ နှစ်ကာလအတွင်းမှာ ကျွန်တော်ဟာ တိုင်းပြည်အုပ်ချုပ်နေတဲ့ ဘုရင်မကြီးနဲ့ အနီးစပ်ဆုံးနေရာမှာ ရောက်ရှိပြီး ထွက်တော်မူ အခမ်းအနားများမှာ သူ့ စီးနင်းတဲ့ မြင်းခြောက်

www.burmeseclassic.com

www.burmeseclassic.com



ကောင်က ရွှေရထားပေါ်မှာ အစောင့်အဖြစ် လိုက်ပါခွင့်ရလိမ့်မယ်ဆိုတာ လုံးဝ မသိခဲ့ကြပါဘူး။

ကျွန်တော် အသက် ၁၆ နှစ်အရွယ်မှာ အထက်တန်းပညာ အောင်မြင်ခဲ့ပြီး ဂုဏ်ထူးများစွာလည်း ရရှိခဲ့ပါတယ်။ တက္ကသိုလ်ပညာ ဆက်လက်သင်ယူဖို့အတွက် ဒါဘီရှိုင်းယားပြည်နယ်မှ ကောလိပ်တစ်ခုကို လျှောက်ထားခဲ့ရာ ၁၉၇၄ ခုနှစ် စက်တင်ဘာလမှာ ဝင်ခွင့်ရရှိခဲ့ပါတယ်။ ကျွန်တော် သင်ယူမယ့်ဘာသာရပ်က ဟိုတယ်များမှာ အိပ်ခန်းများ ထိန်းသိမ်းတဲ့ ပညာရပ်ဖြစ်ပြီး နှစ်နှစ်ကြာ သင်ယူရမှာပါ။ တစ်ချိန်တည်းမှာပဲ အချက်အပြုတ်ပညာ၊ အိပ်ရာအခန်းအနားများကို အသေသပ်ဆုံး ပြင်ဆင်တဲ့ပညာ၊ အိမ်မှုထိန်းသိမ်းတဲ့ပညာ၊ စာအုပ်များ စနစ်တကျ ထားသိုတဲ့ ပညာတို့ကိုလည်း လေ့လာသင်ကြားခဲ့ပါတယ်။ ဒီပညာရပ်များမှာ ထူးချွန်ပြောင်မြောက်ခဲ့တဲ့အတွက် British Caterning Award ကို Chesterfield မှ ရရှိခဲ့ပါတယ်။ ထူးထူးခြားခြား ရရှိခဲ့ခြင်းဖြစ်ပြီး ကျွန်တော့်အနေနဲ့ လက်တွေ့ အတွေ့အကြုံရရှိဖို့သာ လိုပါတော့တယ်။

ကျွန်တော်တတ်ထားတဲ့ ပညာများကို ဘယ်ဌာနများမှာ အသုံးချရမလဲဆိုတာ စာရင်းချရေးထားပါတယ်။ အဓိကကတော့ နာမည်ကြီးဟိုတယ်ကြီးများပါပဲ။ ကျွန်တော့်စာရင်းထဲမှာ စီမံခံပင်လယ်ကူးသင်္ဘောကြီးများလည်း ပါဝင်ပါတယ်။ QE2 လို့ခေါ်တဲ့ စီမံခံသင်္ဘောကြီး ပါဝင်သလို ဝန်ထမ်းအင်အား အမြဲတမ်းလိုအပ်နေတဲ့ ဘာကင်ဟမ်နန်းတော်ဟာလည်း ကျွန်တော့်ရည်မှန်းချက်ထဲမှာ တစ်ခု အပါအဝင် ဖြစ်ခဲ့ပါတယ်။ အဲဒီနှစ် နွေရာသီမှာ ကျွန်တော့်ပညာအရည်အချင်းကို ဖော်ပြပြီး အလုပ်ဌာနများစွာသို့ လျှောက်လွှာများ တစ်ပြိုက်တည်း ပေးပို့ခဲ့ပါတယ်။

ပထမဆုံး စာပြန်လာတာကတော့ Travco Hotel မှ ဖြစ်ပါတယ်။ သူက ကြယ်သုံးပွင့်အဆင့် သူ့လက်အောက်ခံ ဟိုတယ်တစ်ခုမှာ ခန့်ထားလိုကြောင်း ပြန်ကြားလာခြင်းပါ။ အဲဒီအလုပ်ကို လက်ခံမယ်ဆိုရင် ကျွန်တော် ကောလိပ်ကနေ စောစောစီးစီးထွက်ပြီး ၁၉၇၆ ခုနှစ်၊ ဇွန်လမှာ အလုပ်ဝင်ရမှာပါ။ အလုပ်ကောင်း တစ်ခုဖြစ်ပေမယ့် ကျွန်တော့်စိတ်ကြိုက်တော့ မဟုတ်သေးပါဘူး။ ဒါကြောင့် အိမ်ကိုလာသမျှ ကျွန်တော့်နာမည်နဲ့ စာတွေကို မာမီဖောက်ဖတ်ပြီး ကျွန်တော့်ဆီ အကြောင်းကြားပေးပါလို့ မှာထားရပါတယ်။ နေရာပေါင်းများစွာက အလုပ်မလို သေးကြောင်း ပြန်ကြားစာတွေရသလို အချို့နေရာများကလည်း အင်တာဗျူးလာ ရောက်ပြေဆိုဖို့ ဖိတ်ခေါ်ကြတာတွေ ပါပါတယ်။ အဲဒီအထဲမှာ ဘာကင်ဟမ်နန်းတော်မှ ခေါ်စာတစ်စောင်လည်း ပါဝင်လာတဲ့အတွက် ကျွန်တော့်ညီအငယ်ဆုံး ဂရေဟမ်နဲ့



အတူ လန်ဒန်ရွှေမြို့တော်ဆီ လာခဲ့ကြပါတယ်။

ဘာကင်ဟမ်နန်းတော်ကြီးထဲကို ဘေးပေါက်ကနေ ဝင်ရပါတယ်။ ကျွန်တော်က အနက်ရောင်ဝတ်စုံကို ကျကျနန ဝတ်ဆင်ထားပါတယ်။ ကျောင်းတုန်းက စာအုပ်ထဲမှာသာ ဖတ်ခဲ့၊ သင်ခဲ့ဖူးတဲ့ ဘာကင်ဟမ်နန်းတော်ကြီးရဲ့ အဆောင်ဆောင်အခန်းခန်းကို ဖြတ်ကျော်ပြီး ကော်ဇော်နီပေါ်နင်းကာ အင်တာဗျူးတွေ့ဆုံရမည့်သူရှိရာအခန်းကို သွားခဲ့ပါတယ်။ သွားလာလှုပ်ရှားနေကြတဲ့ နန်းတွင်းအမှုထမ်းများရဲ့ ဥပဓိရုပ်များကိုကြည့်ပြီး ကျွန်တော်လို တောသားတစ်ယောက်ကို အမှုထမ်းခွင့်ပြုပါ့မလားလို့ အားငယ်မိတာလည်း အမှန်ပါပဲ။

ပထမထပ်မှာရှိတဲ့ အိမ်တော်ဝန်ရဲ့ လက်ထောက်အခန်းကို ဝင်ခါနီးမှာ မာမီ ပြောလိုက်တဲ့ စကားတစ်ခွန်းကို နားထဲမှာ ကြားယောင်လာမိပါတယ်။ 'သား... ကိုယ့်ပညာကို ကိုယ်ယုံပါ။ အဲဒါဆိုရင် အစစအရာရာမှာ အောင်မြင်ပါလိမ့်မယ်' တဲ့။ မာမီ့စကားဟာ ကျွန်တော့်အတွက် အားဆေးတစ်ခွက်ဖြစ်ခဲ့ပေမယ့် လက်တွေ့အသုံးချလိုက်တဲ့အခါမှာတော့ အမှားကြီး မှားသွားခဲ့ပါလေရော။ အင်တာဗျူးဖြေရမယ့်အခန်းထဲ ကျွန်တော်ရောက်သွားတော့ ခွင့်မတောင်းဘဲ ခုံတစ်လုံး ဆွဲထိုင်လိုက်ပါတယ်။ ပြီးတော့ အင်တာဗျူးမေးမယ့်သူကို လေးလေးစားစားနဲ့ 'ဆာ' တပ်မခေါ်မိခြင်းပါပဲ။

'မင်း ဒီလိုပဲ လူကြီးတစ်ယောက်ဆီက ခွင့်ပြုချက်မတောင်းဘဲ ဝင်ထိုင်တတ်တဲ့ အကျင့်ရှိသလား၊ အထက်လူကြီးတွေကို ရိုသေလေးစားတတ်တဲ့ အကျင့်ရော ရှိရဲ့လား' လို့ အင်တာဗျူးမေးတဲ့သူက ဟောက်ပါလေရော။

'ဟုတ်ကဲ့... ကျွန်တော် လေးလေးစားစား ဆက်ဆံတတ်ပါတယ်'

'ဒါဆိုရင် မင်းအခု ငါနဲ့စကား ပြောနေချိန်မှာ ဘာကြောင့် 'ဆာ' လို့ ရိုရိုသေသေ မပြောတာလဲ' တဲ့။

နောက်နှစ်ပတ်အကြာမှာတော့ လျှောက်ထားတဲ့အလုပ်အတွက် ကျွန်တော့်ကို မခန့်ဖြစ်ပါကြောင်း အကြောင်းကြားစာ ရောက်ရှိလာခဲ့ပါတယ်။ ဒီအလုပ်မှာ မခန့်ဖြစ်ပေမယ့် ကျွန်တော်နဲ့ပတ်သက်တဲ့ အချက်အလက်များကို မှတ်တမ်းတင် သိမ်းဆည်းထားပါကြောင်း၊ နောင် လိုအပ်တဲ့အခါမှာ ဆက်သွယ်ပါမယ်လို့ ဆိုပါတယ်။

ကျွန်တော် စိတ်ပျက်သွားတဲ့အတွက် ဟိုတယ်လုပ်ငန်းမှာပဲ တာဝန်ထမ်းဆောင်တော့မယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပါတော့တယ်။ ဟိုတယ်အုပ်ချုပ်ရေးပိုင်းကလည်း ကျွန်တော့်အရည်အချင်းကို သဘောကျကြပါတယ်။ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



Bournemouth ဒေသက သူတို့လက်အောက်ခံ ဟိုတယ်သစ်တစ်ခုဆီကို တာဝန်ချထားလိုက်ကြပါတယ်။

အဲဒီဟိုတယ်မှာ နေရတာ ကျွန်တော် မိနစ်တိုင်း စိတ်ပျက်မိပါတယ်။ နေရတဲ့အခန်းကလည်း အင်မတန်ကျဉ်းပါတယ်။ ဒက်ဒီနဲ့ မာမီကို လွမ်းတဲ့စိတ်ကလည်း ကျွန်တော့်ကို ဖိစီးနေပါတော့တယ်။ ဒါပေမယ့် တခြားအလုပ်အကိုင် အခွင့်အလမ်း မပေါ်ပေါက်သေးတဲ့အတွက် ဒီမှာပဲ လုပ်နေရပါတယ်။ အပေါင်းအသင်းမရှိတဲ့ အပြင်လူလိုတဲ့နေရာတိုင်း ကျွန်တော် ဝင်လုပ်နေရတာဖြစ်လို့ စိတ်ပျက်သထက် ပျက်လာပါတော့တယ်။

နိုဝင်ဘာလရဲ့ အေးချမ်းလှတဲ့ တစ်နံနက်ခင်း၊ အမှတ် ၄၇ ချက်ပယ်လ်လမ်း နေအိမ်မှာတော့ ဒက်ဒီက လုပ်ငန်းခွင်ကို ထွက်ခွာသွားပြီဖြစ်ပြီး အဲဒီတုန်းကအသက် ၁၅ နှစ် အရွယ်ရောက်နေပြီဖြစ်တဲ့ အန်သိုနီက မွှားနို့ညှစ်နေခဲ့ပါတယ်။ မာမီက မိသားစု မနက်စာစားဖို့ ပြင်ဆင်နေဆဲဖြစ်ပြီး ညီအငယ်ဆုံးဖြစ်တဲ့ ဂရေဟာမ်က တော့ အိပ်ရာထဲမှာ နှပ်ကောင်းနေဆဲပါ။ အဲဒီအချိန်မှာ ခြံဝက စာထည့်တဲ့ သေတ္တာထဲကို တစ်စုံတစ်ယောက်က စာထည့်ခဲ့ကြောင်း သိသာစေဖို့ အချက်ပေးတဲ့ ခေါင်းလောင်းသံ ကြားလိုက်ကြရပါတယ်။ မာမီက လက်သုတ်ပြီး ခြံဝကို ထွက်လာကာ စာကိုထုတ်ယူလိုက်ပါတယ်။ မစ္စတာပေါလ်ဘာရယ်လ်အတွက် စာနှစ်စောင် ရောက်နေခဲ့ပါပြီ။

စာတစ်စောင်က နို့နှစ်ရောင် စာအိတ်ဖြစ်ပြီး ဆောက်သံသင်မ်တန်ကပါ။ အဖြူရောင်စာအိတ်ကတော့ အနက်ရောင် ဘာကင်ဟမ်နန်းတော် တံဆိပ် ရိုက်နှိပ်ထားတဲ့ စာတစ်စောင် ဖြစ်ပါတယ်။ မာမီက စာနှစ်စောင်စလုံးကို သူ့အင်္ကျီအိတ်ထဲထည့်လိုက်ပြီး နောက်ထပ် နာရီဝက်လောက် မီးဖိုချောင်ထဲမှာ အလုပ်များနေခဲ့တာပါ။ ဂရေဟာမ်က အပြင်သွားဖို့ အဝတ်လဲနေတဲ့အချိန်ကျမှ မာမီက 'ပေါလ်အတွက် စာနှစ်စောင်တော့ ရောက်နေတယ်။ တစ်စောင်က ဗိမ်ခံသင်္ဘောကြီးပေါ်မှာ အမှုထမ်းဖို့တဲ့၊ နောက်တစ်စောင်ကတော့ ဘာကင်ဟမ်နန်းတော်မှာ အမှုထမ်းဖို့ ခေါ်တာပဲ။ သင်္ဘောပေါ်မှာ အမှုထမ်းရင် တို့မိသားစုနဲ့ တော်တော်နဲ့ ပြန်ဆုံရမှာ မဟုတ်ဘူး။ ဒီတော့ မင်းဘယ်တော့မှ ပေါလ်ကို မပြောနဲ့၊ ဒီစာကိုလည်း မာမီ ဖျောက်ဖျက်ပစ်လိုက်တော့မယ်' လို့ဆိုပြီး ပင်လယ်ကူးသင်္ဘောပေါ် တာဝန်ထမ်းဆောင်ဖို့ခေါ်တဲ့စာကို မီးရှို့ဖျက်ဆီးလိုက်ပါသတဲ့။

မာမီက ကျွန်တော်ရှိတဲ့ ဟိုတယ်ဆီကို ဖုန်းဆက်ပြီး ဘာကင်ဟမ်နန်းတော်က အလုပ်ခန့်တဲ့စာ ရောက်နေကြောင်း၊ ခုချက်ချင်း ပြန်လာဖို့ အကြောင်းကြား



လာပါတယ်။ ဒါဟာ ကျွန်တော့်ရဲ့ ငယ်ဘဝ အိပ်မက်ပဲ မဟုတ်လား။ ကျွန်တော် အိမ်ကိုပြန်ပြီပေါ့။ တကယ်တော့ အခွင့်အရေးနှစ်ခု ဆုံစည်းလာတဲ့အခါမှာ အကောင်းဆုံးဖြစ်အောင် ဆုံးဖြတ်ပေးနိုင်ခဲ့တာဟာ ကျွန်တော့် မာမီပါပဲ။ တကယ်လို့ မာမီသာ ကျွန်တော့်ကို စာနှစ်စောင်စလုံးပေးခဲ့လို့ရှိရင် ကျွန်တော် တွေဝေသွားမှာ အမှန်ပါ။ ဒီအဖြစ်အပျက်ကို ၁၉၉၅ ခုနှစ် ကျွန်တော့်မာမီရဲ့ ရုပ်အလောင်း မြေချတော့မှသာ ညီငယ်ဖြစ်တဲ့ ဂရေဟာမ်က ပြောပြခဲ့တာပါ။

အဲဒီအချိန်တုန်းက ကျွန်တော်ဟာ ကမ္ဘာမှာ အထူးခြားဆုံး မိန်းမသားတစ်ဦးဖြစ်တဲ့ ဝေလမင်းသမီးအပါးမှာ တာဝန်ထမ်းဆောင်နေပါပြီ။ မာမီ့ကြောင့်သာ ဒီနေရာကို ရောက်ခဲ့တာဖြစ်လို့ ကျေးဇူးအတင်ထိုက်ဆုံး ပုဂ္ဂိုလ်ဟာ မာမီပဲလို့ ကျွန်တော် သတ်မှတ်ပါတယ်။

ကျွန်တော့်အပါးမှ ချစ်သူခင်သူတွေ ခွဲခွာသွားကြပေမယ့် မာမီကတော့ ကျွန်တော့်အပါးမှာ စောင့်ရှောက်နေမြဲဖြစ်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဘွားဘွားဆုံးတုန်းက မာမီ ဘွားဘွားအုတ်ဂူမှာသွားပြီး စကားတွေ ပြောခဲ့သလို ကျွန်တော်လည်း ခုထက်ထိ မာမီနဲ့ စကားတွေ ပြောနေဆဲပါ။

❑

www.burmeseclassic.com


www.burmeseclassic.com











ဘုရင်မကြီး ကားနဲ့ထွက်ရင်လည်း နောက်တော်ပါးက လိုက်ပါရပါတယ်
(အပေါ်-ဝဲပုံ)

ဘုရင်မကြီးနဲ့ ညီမတော် မာဂရက်မင်းသမီးတို့အား
ကားနံဘေးမှာ စောင့်ဆိုင်းနေတဲ့ ပေါလ်
(အပေါ်-ယာပုံ)

ဘုရင်မကြီးရဲ့အချစ်တော် ခွေးကလေးတချို့နဲ့ ပေါလ်
(အောက်ပုံ)

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၇ ခုနှစ်က ဝန်ထမ်းများပါတီပွဲကို
တက်ရောက်လာတဲ့ ဘုရင်မကြီးနဲ့
အိမ်ရှေ့မင်းသား ချားလ်စ်







အရှည်ကြီး ပေါလ်နဲ့ အပုလေး ပေါလ်

www.burmeseclassic.com

www.burmeseclassic.com






နွေရာသီမှာ
တော်ဝင်မိသားစုများ
နားနေလေ့ရှိတဲ့ သစ်လုံးအိမ်

www.burmeseclassic.com

www.burmeseclassic.com











ထွက်တော်မူ
အခမ်းအနားမှာလည်း
တော်ဝင်
ရထားနောက်က
လိုက်ရပါတယ်
(အပေါ်-ဝဲပုံ)

တော်ဝင်ရထားနောက်မှာ
ဝတ်စုံအပြည့်အစုံနဲ့
တွေ့ရတဲ့ ပေါလ်
(အောက်-ဝဲပုံ)

ဝတ်စုံပြည့်နဲ့ ပေါလ်
(ယာပုံ)

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို အုပ်ချုပ်ရေးရုံးက မစ္စတာ ဂျွန်ဖလွိုက်က လာတွေ့ဖို့ ဆင့်ခေါ်လာပါ တယ်။ သူက 'မင်းအနေနဲ့ ဘုရင်မကြီးအပါးမှာ အမှုထမ်းဖို့ စိတ်ဝင်စားသလား' တဲ့။ အဖြေက နှစ်ခု မဖြစ်နိုင်ပါဘူး။ ခေါင်းညိတ်လိုက်ရုံပါပဲ။ ဒီလိုနဲ့ အမှုထမ်းသက် ၁၆ လ အတွင်းမှာ ကျွန်တော် စိတ်ကူးယဉ်ခဲ့တဲ့ ဘုရင်မကြီးအပါးက မင်းမှုထမ်းတစ်ယောက် ဖြစ်လာခဲ့ပါပြီ။

# အခန်း (၂)
# ဘာကင်ဟမ်ရွှေနန်းတော်

ကျွန်တော့်မျက်စိရှေ့မှာ မြင်လိုက်ရတဲ့မြင်ကွင်းကို မယုံနိုင်အောင်ပါပဲ။

ဘာကင်ဟမ်ရွှေနန်းတော်ကြီးရဲ့ အရှင်သခင်ဖြစ်တဲ့ ဘုရင်မကြီးရဲ့ ညီခန်းဆောင်ထဲမှာ ဘုရင်မကြီးက စာရေးစားပွဲမှာထိုင်ပြီး တစ်စုံတစ်ခုကို စူးစိုက်တွေးတောနေပုံရပါတယ်။ သူ ခေါင်းပြန်မော့လိုက်တဲ့အချိန်မှာ သူ့ကို ပြုံးပြီးငေးကြည့်နေမိတဲ့ ကျွန်တော့်ကို တွေ့သွားပါတော့တယ်။ လုပ်လက်စအလုပ်ကို ရပ်လိုက်ပြီး ဘုရင်မကြီးက 'မင်းဘာဖြစ်လို့ ပြုံးနေတာလဲ ပေါလ်' လို့ မေးလိုက်ပါတယ်။ သူ့အသံမှာ ရွှင်ရွှင်မြူးမြူးဖြစ်နေတာကြောင့် ကျွန်တော်ကလည်း ရဲရဲတင်းတင်းပဲ ပြန်ဖြေလိုက်ပါတယ်။

'ကျွန်တော်မျိုးကြီးနေရာကနေ ကြည့်မယ်ဆိုရင် ဘုရင်မကြီးကိုမြင်ရတဲ့ မြင်ကွင်းက ပြုံးချင်စရာ ဖြစ်နေလို့ပါ'

ကျွန်တော့်စကားဆုံးတော့ နှစ်ယောက်စလုံး နှစ်နှစ်ကာကာ ပြုံးလိုက်မိပါတော့တယ်။ အချိန်အားဖြင့် ညဥ့်သန်းခေါင်ယံနီးကို နီးနေပါပြီ။ ပုံမှန်အားဖြင့် စက်ရာဆောင်ကို ဝင်ရမယ့်အချိန်ကို ကျော်လွန်နေပြီပေါ့။ ဒါပေမယ့် ဘုရင်မကြီးက ပြတင်းပေါက်တစ်ခုအနီးက စားပွဲတစ်ခုမှာထိုင်ရင်း စာရေးနေတာပါ။ ဝတ်ထားတဲ့အဝတ်က ပိုးသားဝတ်စုံဖြစ်ပြီး ပန်းနုရောင် ညှပ်ဖိနပ်ကိုလည်း စီးထားပါသေးတယ်။ သူ့ခေါင်းထက်မှာတော့ အင်္ဂလန်နိုင်ငံပြည့်ရှင် ဘုရင်မင်းမြတ်တို့သာ ဆင်မြန်းရတဲ့ သရဖူကို ဆောင်းထားပါတယ်။ ဒီသရဖူက မင်းခမ်းမင်းနားများ ကျမှသာ ဆောင်းလေ့ရှိတဲ့သရဖူပါ။ ဝတ်ထားတဲ့အဝတ်နဲ့ ခေါင်းထက်က သရဖူ

www.burmeseclassic.com

www.burmeseclassic.com



ဟာ လားလားမျှ မတင့်တယ်ပါဘူး။ ဒါကြောင့် ကျွန်တော့်အမြင်မှာ ရယ်စရာ ဖြစ်နေခဲ့တာပေါ့။

ဒီမြင်ကွင်းကို ကျွန်တော် မြင်လိုက်ရတာကတော့ ကျွန်တော့် တစ်နေ့တာ တာဝန်များ ထမ်းဆောင်ပြီးစီးလို့ နှုတ်ဆက်ဖို့ ဝင်လာချိန်မှာ မြင်လိုက်ရခြင်း ပါပဲ။ ကျွန်တော့်တာဝန်များထဲက နောက်ဆုံးတာဝန်ဖြစ်တဲ့ သူ့ခွေးကိုးကောင်ကို ကောဇော်နီခင်းထားတဲ့ ကော်ရစ်ဒါထောင့်တစ်နေရာမှာ သိပ်ခဲ့ပေးပြီးပါပြီ။ သူတို့အားလုံး အိပ်တော့မှ ထူထဲတဲ့ ခန်းဆီးတစ်ခုနဲ့လည်း ကာရံပေးခဲ့ပြီးပါပြီ။ ကျွန်တော် နောက်ဆုံးတာဝန်အနေနဲ့ ဘာများလုပ်ပေးစရာ ကျန်ပါသေးသလဲလို့ မေးဖို့ရာ အဝင်လိုက်မှာ မြင်လိုက်ရတဲ့ မြင်ကွင်းပါ။

သရဖူဆောင်း၊ မျက်မှန်တပ်ထားတဲ့ ဘုရင်မကြီးက စာရေးစားပွဲမှာ စာကြည့် မီးနဲ့ စာများကို တစ်စောင်ပြီးတစ်စောင် ဖတ်နေပါတယ်။ အလင်းရောင်ကျနေတဲ့ သရဖူထက်က ကျောက်မျက်ရတနာများရဲ့ ပြိုးပြိုးပြက်ပြက် အလင်းများက အခန်း ထဲမှာ တလက်လက် တောက်ပနေပါတယ်။ ညဥ့်ဝတ်ရုံ ဝတ်ထားတဲ့ဘုရင်မကို ကျွန်တော် မကြာခဏ တွေ့ဖူးပေမယ့် ညကြီးအချိန်မတော် သရဖူဆောင်းပြီး ထိုင်နေတာကိုတော့ မတွေ့ဖူးတာ အမှန်ပါ။ တကယ်တော့ နောက်တစ်နေ့မှာ ပါလီမန် ဖွင့်ပွဲရှိတာကြောင့် နိုင်ငံတော်အကြီးအကဲအနေနဲ့ မိန့်ခွန်းပြောရမှာဖြစ်လို့ သူ့အဆောင်အယောင်ဖြစ်တဲ့ သရဖူကို နေသားတကျ ဆောင်းနိုင်အောင် လေ့ကျင့် တဲ့အနေနဲ့ ဆောင်းထားပုံရပါတယ်။ ဒီသရဖူရဲ့အလေးချိန်က သကြားနှစ်အိတ် လောက် လေးတယ်လို့ ကျွန်တော် မှတ်သားဖူးပါတယ်။

ကျွန်တော် ပြုံးလိုက်ပြီး ‘နောက်ထပ် ဘာများလုပ်ပေးဖို့ ရှိပါသေးသလဲ ခင်ဗျာ’ လို့ မေးလိုက်ပါတယ်။

‘မရှိတော့ပါဘူး ပေါလ်ရယ်’ လို့ဆိုပြီး ဘုရင်မကြီးက ခေါင်းပြန်ငုံ့ကာ သူ့ အလုပ်ကိုသူ ဆက်လုပ်နေပါတော့တယ်။

ကျွန်တော် ဦးညွှတ်အလေးပြုလိုက်ပြီး ‘ကောင်းသောညပါ ဘုရင်မကြီးခင်ဗျာ’ လို့ နှုတ်ဆက်ကာ လှည့်ထွက်ခဲ့ပါတော့တယ်။ အဲဒီတစ်ကြိမ်သာ သရဖူဆောင်း ထားတဲ့ ဘုရင်မကြီးကို ကျွန်တော် တွေ့ခဲ့ဖူးပါတယ်။

❑

၁၉၇၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှာ ကျွန်တော့်ဘဝ အလှည့်အပြောင်း စခဲ့တယ်လို့ ဆိုရပါမယ်။ မွေးရာဇာတိမြေကိုစွန့်ခွာပြီး လန်ဒန်ရွှေမြို့တော်ဆီက ဘာကင်ဟာမ်နန်းတော်ကြီးကို ရောက်လာခဲ့လို့ပါပဲ။



နန်းတော်ထဲကို ပထမဆုံးဝင်ရတဲ့နေ့မှာ ကျွန်တော် ကြောက်ဒူးတုန်နေခဲ့ မိပါသေးတယ်။ လက်ထဲမှာ အဝတ်သေတ္တာငယ်တစ်လုံးကို ကိုင်ပြီး တစ်ကိုယ်လုံး အနက်ရောင်ဝတ်စုံ ဆင်မြန်းခဲ့ပါတယ်။ ကျွန်တော့်စိတ်ထဲမှာ ဒီနေရာမှာ အလုပ် လုပ်ရတာ ဟိုတယ်ကြီးတစ်ခုမှာ အလုပ်လုပ်ရတာ လိုနေမှာပဲလို့ အောက်မေ့ခဲ့ပါ တယ်။ တကယ်တော့ ဘာမှမဆိုင်ပါဘူး။ ဟိုတယ်တွေမှာ တစ်ခန်းနဲ့ တစ်ခန်းကူးတဲ့ ကော်ရစ်ဒါတွေက ကျဉ်းကျဉ်းကလေးတွေဖြစ်ပြီး နန်းတော်ထဲမှာတော့ ကြီးမား ကျယ်ပြန့်လှတဲ့ ကော်ရစ်ဒါတွေနဲ့ ဆက်သွယ်ထားတာဖြစ်တဲ့အပြင် ကော်ရစ်ဒါ တစ်လျှောက်လုံးမှာ ကော်ဇောအပြည့်ခင်းထားတာချည်းပါပဲ။ မျက်စိတစ်ဆုံး ကြည့်လေရာတိုင်းမှာ ခြူးပန်းခြူးနွယ် အနုပညာလက်ရာတွေနဲ့ ခြယ်သထားတာ တွေ့ရလို့ စိတ်ထဲမှာ ပြတိုက်တစ်ခုခုထဲကိုများ ရောက်နေသလားလို့တောင် အောက်မေ့မိပါတယ်။

ကျွန်တော့်ကျောင်းနေဖက် သူငယ်ချင်းတွေသာ ခုနေအခါ ကျွန်တော့်ကို တွေ့မယ်ဆိုရင် ကက်ဦးထုပ်ဆောင်းပြီး မင်းမှုထမ်းဝတ်စုံ ဝတ်ဆင်ထားတဲ့ ပုံစံကို ဘယ်လိုများ ပြောကြမှာပါလိမ့်။ ကျွန်တော့်အတွက် သီးခြားသတ်မှတ်ပေးထားတဲ့ အခန်းထဲကိုရောက်တဲ့အခါမှာ နံရံအပြည့်တပ်ဆင်ထားတဲ့ မှန်ရှေ့မှာ အတော်ကြာ ကြာ ကျွန်တော် ရပ်နေမိပါတယ်။ မှန်ထဲက ပုံရိပ်မှာ လူစိမ်းတစ်ယောက်လိုပါပဲ။ ဒုတိယမြောက် အဲလိဇဘက်ဘုရင်မရဲ့ မင်းမှုထမ်းတစ်ယောက်ပုံနဲ့ မတူဘဲ တတိယ မြောက် ဂျော့ဘုရင်လက်ထက်က မင်းမှုထမ်းပုံစံ ပေါက်နေပါတယ်။ ကတ္တီပါ အပြာနဲ့ ချုပ်ထားတဲ့ ဦးထုပ်၊ အနက်ရောင် အပေါ်ဝတ်ရုံ၊ ရွှေခြည်များနဲ့ ထိုး ထားတဲ့ ပန်းခက်များ၊ ဘာကင်ဟာမ်နန်းတော်ရဲ့ တံဆိပ်၊ ဝတ်ရုံရှည်မှ ရွှေကြယ်သီး များ၊ ပန်းရောင်ခြေအိတ်ရှည်၊ အနက်ရောင်သားရည်ဖိနပ်တို့က ကျွန်တော့်ပုံစံကို အပြောင်းကြီး ပြောင်းသွားစေပါတယ်။ ဘယ်ဘက်ဘေးမှာ ဓားရှည်တစ်ချောင်း ကိုလည်း လွယ်ထားရပါသေးတယ်။ လက်မှာက ချည်သားအဖြူရောင် လက် အိတ်နဲ့။

မိနစ်တော်တော်ကြာအောင် ကိုယ့်ကိုယ်ကိုယ်ကြည့်ပြီး မယုံနိုင်အောင် ဖြစ် ခဲ့ရပါတယ်။ ဒါပေမယ့် ကြာတော့ ဒီဝတ်စုံတွေ ဝတ်ထားရတာကိုပဲ ဂုဏ်တစ်ခုလို့ ထင်မှတ်လာခဲ့ပါတယ်။ ကျွန်တော် ဝတ်ထားတဲ့ဝတ်စုံဟာ အသစ်စက်စက် ဝတ်စုံ မဟုတ်ပါဘူး။ ကျွန်တော့်ရှေ့အဆက်ဆက် လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀ လောက်က တည်းက မင်းမှုထမ်းများ ဝတ်ဆင်ခဲ့ကြပြီး အဆင့်ဆင့် လက်ဆင့်ကမ်းခဲ့ကြတာ ပါ။ ပြုတ်နေတဲ့နေရာကို ပြန်ချုပ်၊ ပြဲနေတဲ့နေရာကို ပြန်ဖာ၊ ဒီနည်းနဲ့ ထိန်းသိမ်း

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြတာ အဝတ်အထည်များရဲ့ အရည်အသွေးက ကောင်းလွန်းတဲ့အတွက် အရောင်မှိန်သွားတယ်ရယ်လို့ မရှိပါဘူး။ အပြောင်းအလဲရယ်လို့ တစ်ခုပဲ ရှိပါတယ်။ အဲဒါကတော့ ဘယ်ဘက်ပန်းမှာ တပ်ဆင်ရတဲ့ အမှတ်အသားတံဆိပ်ပါပဲ။ ဒီတံဆိပ်မှာ 'နိုင်ငံတော်အား မဖွယ်မရာ ကြံသူတို့သည် ရှက်ဖွယ်လီလီတည်း' လို့ ရေးထားတာပါ။ ဒီစာတမ်းက ဘုရင်မကြီးရဲ့ သရဖူမှာလည်း ရေးထိုးထားပါသေးတယ်။ ဒါကြောင့် ကျွန်တော်တို့ မင်းမှုထမ်းများအတွက် အထူးကြပ်မတ်စောင့်ထိမ်းရတဲ့ တာဝန်တစ်ရပ်ဆိုရင်လည်း မမှားပါဘူး။

ကျွန်တော့်အတွက် ခွဲတမ်းချပေးလိုက်တဲ့ ဝတ်စုံများကို အဝတ်ထုတ်ပေးရာ မြေတိုက်ခန်းမှာ အစမ်းဝတ်ကြည့်ခဲ့ပြီးပါပြီ။ အဲဒီအခန်းမှာက ကြမ်းပြင်ကနေ မျက်နှာကျက်အထိ မြင့်လှတဲ့ဗီရိုကြီးများ တန်းစီရှိနေပါတယ်။ ဝတ်စုံအပြည့်အစုံရဖို့ အဲဒီဗီရိုကြီးများထဲက တစ်နေ့လုံးလုံး ထုတ်ယူရပါတယ်။ ဒီဝတ်စုံတွေဟာ ကျွန်တော့်ရှေ့ကသူတွေ ဝတ်ခဲ့ပြီးပါပြီ။ ဘာကင်ဟမ်ရွှေနန်းတော်မှာသာ မကပါဘူး။ တခြားရဲတိုက်များ၊ နန်းတော်များမှာလည်း မင်းမှုထမ်းများ ဝတ်ဆင်ရတဲ့ အဆောင်အယောင်များဟာ တစ်ပတ်ရစ်များချည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မင်းမှုထမ်းတွေမဆိုထားနဲ့ ဘုရင်မကြီးရဲ့ သားတော်များဖြစ်တဲ့ အင်ဒရူးမင်းသားနဲ့ အက်ဒဝပ်မင်းသားတို့လည်း တစ်ယောက်အကျကို တစ်ယောက်ဝတ်ရတာပါ။

ဝတ်စုံတွေ ထုတ်ပေးတဲ့နေရာက တာဝန်ခံဖြစ်တဲ့ မာတင်ဘတ်က ကျွန်တော့်ကို ဝတ်စုံငါးစုံ ထုတ်ပေးလိုက်ပါတယ်။ တစ်စုံက ဘုရင်မကြီး ထွက်တော်မူတဲ့ အခမ်းအနားများမှာ ဝတ်ဖို့ ဝတ်စုံ။ တစ်စုံက နန်းတွင်းမှာ အမှုထမ်းနေစဉ် ဝတ်ဖို့ ဝတ်စုံ။ နောက်တစ်စုံက နန်းတော်ပြင်ပကို တာဝန်နဲ့သွားရတဲ့အခါ ဝတ်ဆင်ရမယ့် ဝတ်စုံ။ စသဖြင့် နေရာဌာနအလိုက် ဝတ်ဆင်ရမယ့် ဝတ်စုံများပါ။

ဘာကင်ဟမ်နန်းတော်မှာ အရင်ကထားခဲ့တဲ့ တရားလွှတ်တော်ရုံးကို ဝင်ဆာရဲတိုက်သို့ ပြောင်းရွှေ့လိုက်တဲ့အတွက် နေရာအတော်များများမှာ ပရိဘောဂများနဲ့သာ ပြည့်နေပြီး နေရာလွတ်တွေ အများကြီးပါ။ ဘာကင်ဟမ်နန်းတော်မှာ တာဝန်ထမ်းဆောင်ဖို့အတွက် ဝန်ထမ်းအသစ်များကိုလည်း ရွေးချယ်ခန့်ထားနေဆဲ ကာလဖြစ်ပါတယ်။

ခရစ္စမတ် မတိုင်ခင်တစ်ရက်အထိ ကျွန်တော်ထမ်းဆောင်ရမယ့် တာဝန်ကို တိတိကျကျ သတ်မှတ်မပေးသေးပါဘူး။ ဝင်ဆာနန်းတော်မှာသွားပြီး အလုပ်သင်ဘဝနဲ့ လေ့ကျင့်သင်ကြားနေရပါတယ်။ ဝင်ဆာနန်းတော်ရဲ့ အရှေ့မြောက်ထောင့်က တစ်နေရာမှာ ကျွန်တော် ရောက်နေပါတယ်။ ဒီနေရာကကြည့်ရင် နန်းတော်ရဲ့



အရှေ့ဘက် ဝင်ပေါက်ကိုစီးမြင်ရပြီး ပန်းဥယျာဉ်များနဲ့ ဂေါက်ကွင်းများကိုလည်း မြင်ရပါတယ်။ ဒီနေ့ ပထမဆုံးတာဝန် ကျွန်တော် စတင်ထမ်းဆောင်ရပါတော့မယ်။ ကျွန်တော့်လက်ထဲမှာ ကော်ဖီပန်းကန်လုံးများ ထည့်ထားတဲ့ ငွေလင်ပန်းရှိနေပြီး လက်အိတ်ဝတ်ထားတဲ့ လက်နှစ်ဖက်က တစ်ဆတ်ဆတ် တုန်နေတာကြောင့် ကော်ဖီပန်းကန်များလည်း ငြိမ်ငြိမ်သက်သက် မရှိဘဲ လှုပ်နေပါတယ်။ ဗိုက်ထဲကလည်း တစ်စုံတစ်ခုက ဆွဲဆုပ်ထားသလို ခံစားနေရပါတယ်။ တာဝန်ထမ်းဆောင်ရမယ့် ဝတ်စုံအပြည့်အစုံနဲ့ တစ်စုံတစ်ခု မှားယွင်းသွားမှာကို ကျွန်တော် စိုးရိမ်စိတ် လွန်ကဲနေပါတယ်။ သူတို့ရှေ့ရောက်ရင် ကျွန်တော်က ကျောက်ရုပ်တစ်ရုပ်လို ရပ်နေရမှာလား။ ငွေလင်ပန်းကို ချလိုက်ရမှာလား။ တာဝန်ကို ကျေပွန်အောင် ကျွန်တော် ထမ်းဆောင်နိုင်ပါ့မလား။ ဒီနေ့ တော်ဝင်မိသားစုရှေ့မှောက်ကို ကျွန်တော် ပထမဆုံးအကြိမ် အခစားဝင်ရတော့မယ်လေ။

ညစာ စားဖွယ်ရာများ ပြင်ဆင်နေတဲ့ ခန်းမထဲမှာ ကျွန်တော်လည်း အခြားဝန်ထမ်းများနည်းတူ တာဝန်ထမ်းဆောင်ဖို့ စောင့်ဆိုင်းနေပါတယ်။ ကျွန်တော်ရှိနေတဲ့ အခန်းကနေ ကော်ရေဒါကိုနင်းပြီး သွားလိုက်မယ်ဆိုရင် သိပ်မဝေးတဲ့နေရာမှာ တော်ဝင်မိသားစုများ ရှိနေကြမှာပါ။ သူတို့မိသားစုက ရှေးဘုရင်အဆက်ဆက်တို့လို ဖယောင်းတိုင် မီးအလင်းရောင်နဲ့ ညစာစားသုံးကြမှာပါ။ သူတို့ညစာ စားတာက နှစ်နာရီလောက် ကြာပါတယ်။ အဲဒီနှစ်နာရီအတွင်းမှာ ဝန်ထမ်းပေါင်းများစွာတို့က ကုန်စည်များ သယ်ဆောင်တဲ့ ကွန်ဗေယာ ခါးပတ်များလို အဆက်မပြတ် တစ်ခုပြီးတစ်ခု ကိုယ့်တာဝန်နဲ့ကိုယ် ချပေးနေကြရပါတယ်။ လူတိုင်းလက်ထဲမှာ ငွေထည်ပန်းကန်များ၊ ဖန်ခွက်များရှိနေကြပြီး နောက်ဆုံးအချိုတည်းတဲ့ ပူတင်းစားချိန်အထိ လှုပ်ရှားကြရပါတယ်။ အချိုတည်းချိန်မှာ ပန်းသီးချပေးတဲ့သူ၊ ငှက်ပျောသီးချပေးတဲ့သူ၊ နာနတ်သီးချပေးတဲ့သူများက ရွှေပန်းကန်နဲ့ ရွှေဇွန်း၊ ခက်ရင်းတို့ကိုထည့်ပြီး ချပေးကြရတာပါ။ တော်ဝင်မိသားစုဆိုတော့ ငှက်ပျောသီးစားတာတောင် မျောက်တွေစားသလို အခွံခွာစားတာ မဟုတ်ပါဘူး။ ရွှေဇွန်း၊ ရွှေခက်ရင်းကိုသုံးပြီး စားကြတာပါ။

ရွှေနန်းတော်အတွင်းမှာ သူတို့မိသားစု မျက်နှာစုံညီ ညစာစားတာ မဆိုထားနဲ့၊ တစ်ယောက်ချင်းစားတာကိုက စနစ်တကျ လုပ်ပေးရတာပါ။ ဒီနေ့လို မျက်နှာစုံညီစားကြပြီဆိုရင်တော့ ကျွန်တော်အပါအဝင် ဝန်ထမ်းအားလုံးဟာ စိတ်လှုပ်ရှားစွာနဲ့ ကိုယ့်ကဏ္ဍကို ကိုယ်ပီပြင်အောင် ဆောင်ရွက်နိုင်ဖို့ သတိထားကြရပါတယ်။ စားပွဲပေါ်မှာ ကပြနေကြတဲ့ သရုပ်ဆောင်များ ကိုယ့်အခန်းကဏ္ဍ မရောက်သေးရင်

www.burmeseclassic.com

www.burmeseclassic.com



ပိတ်ကားနောက်ကွယ်က စောင့်ဆိုင်းနေကြသလို ကျွန်တော်တို့လည်း အသင့်အနေအထားနဲ့ စောင့်နေကြရတာပါ။ ညစာစားပွဲကို တာဝန်ခံစီစဉ်တဲ့ တာဝန်ရှိသူက အစီအစဉ်အတိုင်း လှမ်းပေးမှ ကျွန်တော်တို့က ထွက်ရတာပါ။ သူက 'အသား… သွား' ဆိုရင် အသားဗန်းကိုင်ထားတဲ့သူက သွားရုံပဲ။ 'အားလူးသမား သွား…' ဆိုလိုက်ရင် အားလူးဗန်းသမား ထွက်သွားရုံပဲ။ ဒီလိုနဲ့ တစ်ယောက်ပြီး တစ်ယောက် အလှည့်ကျ ထွက်ရတာပေါ့။ ကျွန်တော်က ဝန်ထမ်းအသစ်ဆိုတော့ အသားဗန်းတို့၊ အာလူးဗန်းတို့ကို မကိုင်ရသေးပါဘူး။ ကော်ဖီသောက်မယ့် ကြွေလက်ဖက်ရည်ပန်းကန်များ ထည့်ထားတဲ့ ငွေဗန်းကိုကိုင်ပြီး အဆင်သင့် စောင့်နေရတာပါ။

'ကော်ဖီ…'

ကျွန်တော့်အချိန် ရောက်ပါပြီ။ ခပ်ဟဟလေး ဖွင့်ထားတဲ့ တံခါးမကြီးက တစ်ဆင့် ထမင်းစားဆောင်ထဲကို ဝင်လိုက်တဲ့အခါမှာ လက်ထဲမှာရှိနေတဲ့ ဗန်းက အဆမတန် လေးလာသလို ခံစားလိုက်ရပါတယ်။ ထမင်းဝိုင်းကို ကျွန်တော် မျက်စိကစားကြည့်လိုက်ရာ မိသားစု ရယ်ရယ်မောမောနဲ့ ရှိနေတာကို တွေ့လိုက်ရပါတယ်။ ကျွန်တော့်အနားမှာ အဆင်သင့်ရှိနေတဲ့ မစ္စတာဒစ်ခ်မင်က ကျွန်တော် စိတ်လှုပ်ရှားနေတာကို သတိထားမိလိုက်တဲ့အတွက် အားပေးစကားဆိုပါတယ်။ 'စိတ်မပူနဲ့၊ ဘာမှမဖြစ်ဘူး' တဲ့။

ကျွန်တော် လုပ်ရတဲ့အလုပ်က ရိုးရိုးကလေးပါ။ လက်ဖက်ရည်ခွက်တွေကို တစ်ယောက်ချင်းစီရဲ့ ရှေ့မှာ ချထားပေးရုံပါပဲ။ ဒါပေမယ့် ကျွန်တော့်အတွက်ကတော့ မင်းမှုထမ်းအသစ်တစ်ယောက် တော်ဝင်မိသားစုများ ရှေ့မှောက်ကို ပထမဆုံးအကြိမ် အစားဝင်ရခြင်းဖြစ်လို့ စိတ်လှုပ်ရှားရခြင်းပါ။

'ထမင်းစားခန်းထဲကို မင်း ဝင်သွား၊ ပန်းကန်တွေချပေးပြီးရင် ထောင့် တစ်နေရာမှာ ငြိမ်ငြိမ်ကလေးရပ်နေ။ ကော်ဖီထည့်ပေးမယ့်ဝန်ထမ်းက သူ့ဘာသာသူ ကော်ဖီထည့်သွားလိမ့်မယ်' လို့ မစ္စတာ ဒစ်ခ်မင်က ရှင်းပြပါတယ်။

ကျွန်တော် ဘာမှ ပြန်ပြောစရာ မရှိပါဘူး။ လမ်းလျှောက်ပြီး ဝင်သွားလိုက်ရုံပါပဲ။ သူ့ကို ကျေးဇူးတင်တဲ့အနေနဲ့ ပြုံးပြလိုက်တဲ့အပြုံးကတော့ အသက်မပါတဲ့အပြုံးဖြစ်မှာ သေချာလှပါတယ်။ 'ဘယ်သူကမှ မင်းကို ကိုက်မစားဘူး' လို့ ကျွန်တော့်ဆရာက အားပေးစကားဆိုရင်း ပခုံးကို ပုတ်လှမ်းလိုက်ပါသေးတယ်။

လေးလံတဲ့ ခြေလှမ်းများနဲ့ အခန်းထဲကို ဝင်လာချိန်မှာ မစ္စတာဒစ်ခ်မင် ကျွန်တော့်ကို ပြောခဲ့ဖူးတဲ့ စကားတစ်ခွန်း ပြန်သတိရမိပါတယ်။

'ဘယ်သူ့ကိုမှ မျက်လုံးချင်းဆုံအောင် စိုက်မကြည့်မိပေစေနဲ့။ သူတို့က စားနေတဲ့အချိန်မှာ သူများကြည့်တာကို လုံးဝမကြိုက်ဘူး' တဲ့။

ဒီစကားကို သတိရတာကြောင့် လှုပ်လှုပ်ရှားရှားဖြစ်နေတဲ့ ငွေဗန်းထဲက ပန်းကန်များကိုသာ အာရုံထား ကြည့်နေလိုက်ပါတယ်။ သတိထားတာမှ တကယ့်ကို သတိထားတာပါ။ အဲဒါပြီးရင် ခြေလှမ်းဆယ်လှမ်းမပြည့်တဲ့ ထောင့်တစ်နေရာကို သွားပြီးရပ်နေလိုက်ရုံပါပဲ။

စားပွဲဆီ ရောက်ခဲ့ပါပြီ။ ကျွန်တော့်ရှေ့မှာ ကျွန်တော့်တစ်သက် မြင်ဖူးသမျှထဲမှာ အကြီးဆုံး ဘဲဥပုံစားပွဲကြီးပါပဲ။ မဟော်ဂနီရောင် ဖိတ်ဖိတ်တောက်အောင် တိုက်ချွတ်ထားပါတယ်။ ကျွန်တော့်စိတ်ထင် ပြောရရင် အရှည်ပေ ၂၀ လောက် ရှိပါလိမ့်မယ်။ စားပွဲအလယ်ခေါင်မှာတော့ ဖယောင်းတိုင်မီးများ ထွန်းညှိထားပြီး အလှပြင်ထားတဲ့ ပန်းအိုးလည်း ရှိနေပါတယ်။ ခန်းမကြီးရဲ့ ပြတင်းပေါက်များမှာ တပ်ဆင်ထားတဲ့ ခန်းဆီးများက ကတ္တီပါ ကြက်သွေးရောင် ခန်းဆီးများဖြစ်ပြီး ရွှေရောင်ကြိုးစများနဲ့ ချည်နှောင်ထားပါတယ်။ ဝိတိုရိယဘုရင်မကြီးရဲ့ ပုံတူပန်းချီကားကြီးက မီးလင်းဖိုရဲ့အထက်မှာ ချိတ်ဆွဲထားပါသေးတယ်။

မကြည့်ပါနဲ့လို့ တားထားပါလျက်နဲ့ ကျွန်တော့်မျက်စိတွေက မနေနိုင်ဘဲ ကြည့်မိပါသေးတယ်။ စားပွဲမှာရှိနေကြတဲ့ တော်ဝင်မိသားစုဝင် ၃၀ လောက်ထဲက ပထမဦးဆုံး ကျွန်တော် ဦးတိုက်သွားရတာက ဘုရင်မကြီးပါ။ သူက ညနေခင်းဝတ်စုံ ဝတ်ဆင်ထားပါတယ်။ အဲဒီနောက် ဘုရင်မ မယ်တော်က ကျွန်တော့် မြင်ကွင်းထဲကို ဝင်လာပါတယ်။ သူက အလယ်ခေါင်တည့်တည့်မှာ ထိုင်နေတာပါ။ သူ့ထိုင်ခုံက သာမန်ထိုင်ခုံများနဲ့ မတူဘဲ ပလ္လင်နဲ့တူပြီး အရောင်လည်း ပြိုးပြိုးပြက်ပြက် ခြယ်သထားပါတယ်။ ဘုရင်မ မယ်တော်ကြီးက သူ့အချစ်ဆုံးမြေး ချားလ်စ်မင်းသားနဲ့ စကားပြောနေလေရဲ့။ ဘုရင်မကြီးက ချားလ်စ်ရဲ့ တခြားတစ်ဖက်မှာပါ။ သူ့နံကတော့ တခြားအိမ်သားများရဲ့ ခုံလိုပါပဲ။ ဘုရင်မကြီးရဲ့ မျက်နှာချင်းဆိုင်မှာ ကြင်ရာတော် ဖိလစ်မင်းသား ထိုင်နေပြီး သူ့ယောက္ခမကြီး ပြောနေတာများကို နားစွင့်နေဟန် တူပါတယ်။

လူအများရှေ့မှာ ဣန္ဒြေသိက္ခာကြီးစွာနဲ့ နိုင်ငံတော်ရဲ့ တာဝန်များကို ထမ်းဆောင်နေခဲ့တဲ့ ဘုရင်မကြီးဟာ ခုတော့လည်း သာမန်အမျိုးသမီးကြီးတစ်ယောက်လို သူ့မိသားစုနဲ့ ပုံမှန်အနေအထားမှာပဲ ရှိနေလေရဲ့။ ဒီမြင်ကွင်းဟာ ကျွန်တော့်ဘဝမှာ ပထမဆုံးအကြိမ် တော်ဝင်မိသားစုများကို မိသားစုတစ်ခုအသွင် မြင်လိုက်ရခြင်းပါပဲ။ သူတို့နဲ့ ခုလို အနီးကပ်နေခွင့်ရလိုက်ခြင်းကိုလည်း ကိုယ့်ကိုယ်ကိုယ် မယုံနိုင်လောက်အောင် ဖြစ်ခဲ့ရပါတယ်။ အမေ့ကို ကျွန်တော် သတိရလိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမေသာ ခုနေ ကျွန်တော့်ကို မြင်လိုက်ရင် ဘယ်လောက်များ ဂုဏ်ယူလိုက်မလဲ။ ကျွန်တော်တို့ ရပ်ရွာက သူငယ်ချင်းတွေ မြင်သွားရင်ကော ဘယ်လောက်များ အထင်ကြီးကြလေမလဲ။

သူတို့ ဝတ်ဆင်ထားတဲ့ ကျောက်မျက်ရတနာများမှ ရောင်စဉ်များက ဖယောင်းတိုင်မီးအောက်မှာ တလက်လက် တောက်ပနေပါတယ်။ ဝန်ထမ်းတွေကတော့ စက်ရုပ်များနှယ် တစ်ယောက်ဝင် တစ်ယောက်ထွက်နဲ့ တာဝန်ထမ်းဆောင်နေကြရပါတယ်။ ကျွန်တော်ကတော့ ကျွန်တော့်ဆရာ ခိုင်းလိုက်တဲ့အတိုင်း ထောင့်တစ်နေရာမှာ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်ငြိမ်ကလေးရပ်ရင်း အားလုံးရဲ့ လှုပ်ရှားမှုများကို ကြည့်နေလိုက်ရုံပါပဲ။

အင်ဒရူးမင်းသားနဲ့ အက်ဒဝပ်မင်းသားတို့ကို မျက်စိရှေ့မှောက်မှာ တွေ့နေရသလို အန်းမင်းသမီးနဲ့ အိမ်ထောင်သက် နှစ်နှစ်သာရှိသေးတဲ့ သူ့ခင်ပွန်းသည် ဗိုလ်ကြီး မာ့ခ်ဖီလစ်တို့လည်း ရှိနေကြတယ်။ ဘုရင်မရဲ့ ညီမတော် မာဂရက်မင်းသမီးကတော့ အသံစာစာနဲ့ တစ်ဝိုင်းလုံးကို ထိန်းထားလေရဲ့။ သူ့အသံက ကျယ်လိုက်တာလို့ ကျွန်တော် တွေးလိုက်မိသေးတယ်။

တစ်ယောက်ချင်းစီကို ငေးကြည့်နေမိပေမယ့် သတိဝင်လာချိန်မှာ ကျွန်တော်ကမန်းကတမ်း မျက်နှာလွှဲလိုက်ရပါတယ်။ ရပ်နေရာကနေ အသာလေး အပြင်ကို ထွက်ခဲ့ပါတော့တယ်။

'တွေ့လား ဘာမှ မဖြစ်ပါဘူးကွ' ကျွန်တော့်ဆရာက ပြုံးပြုံးကြီး ကြည့်ရင်း ပြောလိုက်ပါတယ်။ ဒီတစ်ပွဲအတွက်တော့ ကျွန်တော် အောင်မြင်ခဲ့ပါပြီ။

ကျွန်တော်တို့ ရပ်ရွာဓလေ့မှာတော့ နှစ်သစ်ကူးတိုင်း ကျောက်မီးသွေးအနည်းငယ်ကို အိမ်တံခါးမကနေ အိမ်ထဲသို့ သွင်းယူရတဲ့ အစဉ်အလာ ရှိပါတယ်။ လာမယ့်နှစ်တစ်နှစ်လုံးအတွက် ကံကောင်းခြင်းတွေကို အဲဒီကျောက်မီးသွေးနဲ့အတူ သယ်ဆောင်လာတယ်လို့ ယူဆကြပါတယ်။ ၁၉၇၇ ခုနှစ်ကို ကူးပြောင်းမယ့်အချိန်မှာတော့ ကျွန်တော်က ဘာကင်ဟမ်နန်းတော်အတွင်း ရောက်ရှိနေတဲ့အတွက် တစ်မျိုးတစ်ဖုံ ကူးပြောင်းရပါတော့မယ်။ နန်းတွင်းက ဝန်ထမ်းများထဲမှာ ကျွန်တော်က အသက်အငယ်ဆုံး ဝန်ထမ်းဖြစ်တဲ့အပြင် ဝါအားဖြင့်လည်း အနုဆုံးဝန်ထမ်းတစ်ယောက်ပါ။ ဒီတော့ တော်ဝင်မိသားစုအတွက် လာမယ့်နှစ်မှာ ကံကောင်းခြင်းတွေကို သယ်ဆောင်လာပေးဖို့ လုပ်ဆောင်ရမယ့် ဓလေ့ထုံးစံဟာ ကျွန်တော့်တာဝန်ဖြစ်တယ်လို့ ကိုယ့်ဘာသာကိုယ် ခံယူလိုက်ပါတယ်။ တော်ဝင်မိသားစုများကို နှစ်သစ်ကူးမင်္ဂလာအတွက် နှုတ်ဆက်ကြဖို့ရာ ကျွန်တော်တို့ ဝန်ထမ်းများ



တန်းစီစောင့်ဆိုင်းနေကြရပါတယ်။ မှန်တံခါးများမှတစ်ဆင့် တိုးဝင်လာတဲ့ လေအေးကြောင့် ချမ်းနေကြပေမယ့် ညဆယ့်နှစ်နာရီတိတိ အချိန်ကို ကျွန်တော်တို့တစ်တွေ မဖြစ်မနေ စောင့်ဆိုင်းကြရမှာပါ။ ခန်းမအတွင်းကို လှမ်းကြည့်လိုက်တော့ ဝန်ထမ်းတစ်ဦးက ရှန်ပိန်အရက်များ လိုက်တိုက်နေတာကို တွေ့ရပါတယ်။ တော်ဝင်မိသားစုများလည်း စုံစုံညီညီ ရောက်ရှိနေကြပါပြီ။ ည ဆယ့်နှစ်နာရီတိတိ စထိုးချိန်မှာ ခန်းမအတွင်းကို ဝင်နိုင်မယ့် တံခါးဖွင့်ပေးလိုက်ပါတယ်။ ဝန်ထမ်းအားလုံးကြားကနေ ကျွန်တော်တိုးဝေ့ဝင်သွားပြီး မီးလင်းဖိုအရောက် တောက်လျှောက်သွားလိုက်ကာ အဆင်သင့်ရှိနေတဲ့ ထင်းတုံးတစ်တုံးကို ဆွဲယူပြီး ထည့်လိုက်ပါတယ်။ ဒါဟာ ရိုးရာအစဉ်အလာတစ်ခုပါ။ ထင်းတုံးပစ်ထည့်လိုက်တာနဲ့ တစ်ပြိုင်နက် တစ်ခန်းလုံးမှ လက်ခုပ်သြဘာသံများကို ကြားလိုက်ရပါတယ်။ အစဉ်အလာတစ်ခုကို ဖော်ဆောင်လိုက်တဲ့ ကျွန်တော် ရရှိတဲ့ဆုလာဘ်ကတော့ ဝန်ထမ်းအားလုံးရဲ့အရင် အင်္ဂလန်ပြည့်ရှင် ဘုရင်မကြီးကို နှုတ်ဆက်ခွင့်ရလိုက်ခြင်းပါပဲ။

ဘုရင်မကြီးရှေ့မှာ ဦးညွှတ်အလေးပြုလိုက်ပြီး…

'ပျော်စရာကောင်းသော နှစ်သစ်ပါ ဘုရင်မကြီးခင်ဗျာ' လို့ နှုတ်ဆက်လိုက်ပါတော့တယ်။

❑

တကယ်တော့ ကျွန်တော် ဘုရင်မကြီးထံ အနီးကပ် အခစားရမယ့်နေရာရောက်ဖို့ရာ မရှိပါဘူး။ ကျွန်တော့်ကို အလုပ်ခန့်ထားတဲ့စာ လာစဉ်တုန်းက စားဖိုဆောင်မှာ ပန်းကန်ဆေးတဲ့သူအဖြစ် စတင်တာဝန်ထမ်းဆောင်ရမယ်လို့ ဆိုပါတယ်။ အဲဒီအလုပ်က ကြွေထည်ဖန်ထည်များကို တံတောင်ဆစ်လောက်အထိ မြုပ်တဲ့ ဆပ်ပြာရေထဲမှာ ထည့်ပြီး ဆေးရတဲ့အလုပ်ပါ။ ဒါပေမယ့် တကယ်တမ်း ကျွန်တော်အလုပ်ဝင်ဖို့ ရောက်သွားတဲ့နေ့မှာ အဲဒီနေရာကို တခြားတစ်ယောက် ခန့်ထားပြီး ဖြစ်သွားတဲ့အတွက် ခြေမြန်တော်တပ်သားတစ်ဦးအဖြစ် လစာစတာလင်ပေါင် ၁၂၀၀ နဲ့ ခန့်ထားခြင်းခံခဲ့ရတာပါ။ ဘုရင်မကြီးအပါးမှာ အမြဲတစေခစားနေရတဲ့ ခြေမြန်တော်များရဲ့ တာဝန်က ပေါ့ပါးပါတယ်။

ဝန်ထမ်းများအတွက်ပေးထားတဲ့ အခန်းများက ဟိုတယ်များမှာလို တညီတညာတည်းပါပဲ။ အခြေခံအားဖြင့် လိုအပ်တဲ့ပစ္စည်းများကို ထည့်သွင်းပေးထားပါသေးတယ်။ အခန်းတိုင်းရဲ့ထောင့်မှာ လက်ဆေးကြွေဇလုံ တစ်ခုရှိပြီး တစ်ယောက်အိပ်ခုတင်၊ အံဆွဲများပါတဲ့ စားပွဲတစ်လုံး၊ အဝတ်ဗီရိုတစ်လုံးနဲ့ အစိမ်းရောင် ခန်းလုံးပြည့် ကော်ဇောခင်းပေးထားတာပါ။ ပြတင်းပေါက်အမြင့်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တွေ ရှိတယ်ဆိုပေမယ့် နေ့အလင်းရောင် အနည်းငယ်သာ ဝင်နိုင်တဲ့အတွက် ကျွန်တော်တို့နေရတဲ့အခန်းတွေမှာ ထိုင်းထိုင်းမှိုင်းမှိုင်း ရှိလှပါတယ်။ ကျွန်တော်နေရတဲ့ အခန်းကနေ ကြည့်လိုက်မယ်ဆိုရင် ဘာကင်ဟမ်နန်းတော်ကြီးရဲ့ အဓိက ဝင်ပေါက်ကို မြင်နေရပါတယ်။ ဒီဝင်ပေါက်က ကမ္ဘာ့နိုင်ငံအသီးသီးမှ ဘုရင်မကြီးကို တွေ့ဆုံဖို့ လာရောက်ကြတဲ့ နိုင်ငံအကြီးအကဲတွေ ဝင်ကြတဲ့အပေါက်လည်း ဖြစ်ပါတယ်။ အဲဒီတံခါးပေါက်နဲ့ မလှမ်းမကမ်းမှာ 'ဘုရင့်တံခါး'လို့ အမည်ပေးထားတဲ့ တံခါးပေါက်တစ်ခု ရှိပါတယ်။ ဒီတံခါးပေါက်ကနေ ဝင်ခွင့်ရတဲ့သူများကတော့ ဘုရင်မကြီးထံ သီးခြားလာရောက်တွေ့ဆုံတဲ့ ဧည့်သည်များပါ။ ဥပမာအားဖြင့် အပတ်စဉ် အင်္ဂါနေ့ညနေတိုင်း ဘုရင်မကြီးရဲ့ လမ်းညွှန်မှုကို လာရောက်နာယူရတဲ့ အင်္ဂလန်နိုင်ငံဝန်ကြီးချုပ်လို ပုဂ္ဂိုလ်မျိုးပေါ့။

ဘာကင်ဟမ်နန်းတော်မှာ အခန်းပေါင်း ၆၀၀ ကျော် ပါဝင်ပါတယ်။ ဒီအခန်းတွေကို လျှို့ဝှက်တံခါးများနဲ့ ဆက်သွယ်ထားသလို မြေအောက်လမ်းကြောင်းများမှတစ်ဆင့် သွားနိုင်အောင်လည်း လုပ်ထားတာ ရှိပါတယ်။ တကယ်တော့ ဘာကင်ဟမ် နန်းတော်ဟာ ပြင်ပသာမန်ပုဂ္ဂိုလ်များ မရောက်ဖူးနိုင်တဲ့ သီးခြားကမ္ဘာတစ်ခုဆိုရင် မမှားပါဘူး။ နန်းတွင်းမှာရှိကြတဲ့ ပုဂ္ဂိုလ်တွေက အင်္ဂလန်နိုင်ငံမှာရှိတဲ့ တခြားအင်္ဂလိပ်လူမျိုးများလို အင်္ဂလိပ်စကားကို ပြောကြတာ မှန်ပေမယ့် သူတို့ပြောတဲ့အကြောင်းအရာတွေက အပြင်ကလူတွေ ပြောနေကြတဲ့ အကြောင်းအရာတွေနဲ့ လုံးဝကွာခြားပါတယ်။ နန်းတွင်းသားများအတွက် သီးခြားစီစဉ်ထားတဲ့ ရဲစခန်း၊ ၂၄ နာရီ စောင့်ရှောက်နေတဲ့ မီးသတ်တပ်ဖွဲ့၊ စာတိုက်၊ ခွဲစိတ်ကုသခန်း၊ အဝတ်အထည်များကို လျှော်ဖွတ်ပေးတဲ့ ခဝါသည် အဆောင်၊ လျှပ်စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များအခန်း၊ လက်သမားများအခန်း၊ ပိုက်ဆက်သမားများအခန်း စတဲ့ လုပ်ငန်းတာဝန်အလိုက် နေထိုင်ကြရတဲ့ အဆောင်ဆောင် အခန်းခန်း ရှိသလို သူတို့အတွက် ဘုရားရှိခိုးဖို့ ဘုရားကျောင်းတစ်ခုလည်း ရှိပါသေးတယ်။ နောက်တစ်ခုကတော့ နန်းတွင်းသားများအတွက် ဘားဆိုင်တစ်ဆိုင်လည်း ဖွင့်ပေးထားပါသေးတယ်။

တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများအတွက် သတ်မှတ်ထားတဲ့ ရာထူးအခေါ်အဝေါ်များကလည်း ၁၈ ရာစုနှစ်ကတည်းက သတ်မှတ်ခဲ့တဲ့ အခေါ်အဝေါ်တွေပါ။ အဲဒါတွေအပြင် နန်းတွင်းမှာ တာဝန်ထမ်းဆောင်သူတွေအတွက် လိုက်နာကြရတဲ့ စည်းကမ်းတွေ၊ ဥပဒေတွေ၊ ကျင့်ထုံးတွေ၊ ရိုးရာအစဉ်အလာတွေကိုလည်း ဝန်ထမ်းတိုင်း မေ့လို့မရပါဘူး။ ပထမတစ်နှစ် ကျွန်တော် တာဝန်ထမ်းဆောင်စဉ်



အိတ်ထဲမှာ စာအုပ်တစ်အုပ်ထည့်ထားပြီး အစစအရာရာကို ရေးမှတ်ထားရပါတယ်။ လူပုဂ္ဂိုလ်ရဲ့ နာမည်၊ သူ့ရာထူး၊ ဘယ်နေရာကနေ ဘယ်နေရာကို ဘယ်ဖြတ်လမ်းကသွားရင် ရောက်နိုင်တယ်ကအစ ချပြီးမှတ်ရပါတယ်။ ညစာစားပွဲအတွက် စားပွဲပြင်ဖို့ တာဝန်ကျရင်လည်း ဘယ်ပန်းကန်က ဘယ်နေရာမှာ နေရာချရမယ်ဆိုတာသိဖို့ အရေးကြီးပါတယ်။ အဲဒါတွေကို မှတ်မိအောင် ကျွန်တော်ကတော့ စာအုပ်ထဲမှာ ပုံဆွဲပြီး မှတ်ထားတာပါ။ လင်ပန်းချတာကအစ ပန်းကန်လုံးက ဘယ်နေရာမှာ၊ ပန်းကန်ပြားက ဘယ်နေရာမှာ၊ ဇွန်းကို ဘယ်လိုထားပြီး ခက်ရင်းက ဘယ်နေရာမှာ ရှိရမယ်။ ဆားပုလင်းက ညာဘက်မှာထားရမယ်။ ငရုတ်ကောင်းဘူးက ဘယ်ဘက်မှာ ရှိရမယ်။ သကြားပုလင်းထဲမှာ သကြားခဲကလေးတွေ ရှိရမယ်။ ပန်းကန်ပြားတစ်ချပ်မှာ ထောပတ်လုံးကလေး သုံးလုံးထက် မပိုစေရ။ လက်သုတ်ပဝါ အကောင်းစားကိုလည်း မမေ့မလျော့ ချထားရပါတယ်။

နန်းတွင်းမှာ နေကြထိုင်ကြ စားကြသောက်ကြတာတွေက ကျွန်တော်တို့ အရပ်သားများနဲ့ တခြားစီပါ။ အစစအရာရာ သူ့စည်းသူ့ကမ်းနဲ့ နေထိုင်လှုပ်ရှားကြတာမို့ သူတို့ရေချိုးခန်းများကလည်း ကျွန်တော်တို့နဲ့ မတူပြန်ပါဘူး။ ကျွန်တော်ရောက်ခါစမှာ ရေချိုးခန်းများ ပြင်ဆင်ဖို့ တာဝန်ကျတော့ ရေပန်းကို တစ်ခါမှ မမြင်ဘူးတဲ့အတွက် ဘယ်လိုလုပ်ရမှန်း မသိတာကြောင့် တခြားဝန်ထမ်းများကို မေးယူရတဲ့အထိပါပဲ။

ကော်ရစ်ဒါတစ်လျှောက်မှာ ပန်းနုရောင် နံရံကပ်စက္ကူများနဲ့ အလှဆင်ထားပြီး သန့်ရှင်းရေးလုပ်တဲ့ ဝန်ထမ်းများအနေနဲ့ မနက် ၉ နာရီမတိုင်ခင် အမှိုက်စုပ်တဲ့ လျှပ်စစ်စက်များကို အသုံးပြုခွင့် မရှိပါဘူး။ တော်ဝင်မိသားစုများ အိပ်စက်နေတာကို အနှောင့်အယှက် မဖြစ်အောင်လို့ တားဆီးထားခြင်းပါ။ အဲဒီအချိန်မျိုးမှာ သန့်ရှင်းရေး လုပ်မယ်ဆိုရင် တံမြက်စည်းရှည်များနဲ့သာ လှည်းကြရပါတယ်။ ကော်ရစ်ဒါတစ်လျှောက်မှာ ကော်ဇောနီအပြည့် ခင်းထားတယ်ဆိုပေမယ့် နန်းတွင်းမှာ တာဝန်ထမ်းဆောင်ကြသူများအနေနဲ့ အဲဒီကော်ဇောများရဲ့ အလယ်ကနေ လျှောက်ခွင့်မရှိပါဘူး။ ဘေးတစ်ဖက်တစ်ချက်စီကနေသာ လျှောက်ကြရပါတယ်။ အလယ်လမ်းကြောင်းက တော်ဝင်မိသားစုများသာ လျှောက်တဲ့နေရာပါ။ တကယ်လို့များ ကော်ရစ်ဒါမှာ ကိုယ်လျှောက်နေစဉ် တော်ဝင်မိသားစုဝင်တစ်ဦးဦး လျှောက်လာတာတွေ့ရင် ကိုယ်က ရောက်တဲ့နေရာမှာ ရပ်နေရပါတယ်။ ဆက်လျှောက်ခွင့်မရှိပါဘူး။ အသင့်အနေအထားနဲ့ရပ်နေပြီး ကိုယ့်ရှေ့ရောက်လာချိန်မှာ ဦးညွှတ်အလေးပြုရပါတယ်။ နှုတ်မှဖွင့်ဟနှုတ်ဆက်ဖို့ ခွင့်မပြုပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် အတွေ့အကြုံအရ ပြောရမယ်ဆိုရင် နန်းတွင်းအမှုထမ်းကောင်း တစ်ယောက် ဖြစ်ဖို့ဆိုတာက ကိုယ့်တာဝန်များကို အမြန်ဆုံး ပြီးနိုင်သလောက် ပြီးအောင် ဆောင်ရွက်ရပါမယ်။ ကိုယ်ဆောင်ရွက်တာကို တော်ဝင်မိသားစုဝင်များ မမြင်လေ ကောင်းလေပါပဲ။ ဒါကြောင့် ဝန်ထမ်းကောင်းတစ်ယောက်ဆိုတာ မှောင်ရိပ်ထဲမှာ နေရတဲ့သူပါ။ သူ့ကို မမြင်လေ ကောင်းလေပါပဲ။

ဘုရင်မကြီး စံမြန်းလေ့ရှိတဲ့ Sand Ringham House မှာဆိုရင် ဧည့်ခန်းမ ဆောင်ကြီး ပတ်ပတ်လည်မှာ လူတစ်ယောက် နှစ်ယောက် ဝင်ပုန်းလို့ရတဲ့ ဗီရို ကြီးများ တမင်တကာ ချထားလေ့ရှိပါတယ်။ မတော်တဆ ဘုရင်မကြီး အပေါ် ထပ်လှေကားက ဆင်းလာချိန်မှာ အမှုထမ်းတစ်ဦးဦးက ဒီအခန်းထဲမှာရှိနေမယ် ဆိုရင် ဘုရင်မကြီး မမြင်အောင် အဲဒီဗီရိုထဲမှာ ဝင်ပုန်းရပါတယ်။ ဒီဗီရိုများက အပြင်ကိုထွက်နိုင်အောင် လျှို့ဝှက်တံခါးများလည်းရှိတဲ့အတွက် ခန်းမထဲကို ပြန် မထွက်သာတဲ့အခါမှာ အဲဒီတံခါးများကတစ်ဆင့် အပြင်ကိုထွက်ကြရပြီး ခန်းမထဲကို မဖြစ်မနေ ပြန်ထွက်ရမယ်ဆိုရင် တံခါးရွက်ပေါ်ကို နားကပ်ပြီး အပြင်က အသံကို နားစွင့်ရပါတယ်။ ဘာသံမှ မကြားတော့ဘူးဆိုမှ ထွက်ရတာပါ။ ဒီအခန်းထဲမှာ ဧည့်သည်များ ဧည့်ခံပြီးလို့ ထွက်သွားပြီဆိုရင် အမှုထမ်းတစ်စုက သန့်ရှင်းရေး လုပ်သူကလုပ်၊ ဖန်ခွက်များ ဆေးသူကဆေး၊ ထိုင်ခုံများ နေရာတကျ ပြန်လုပ် သူကလုပ်၊ ကော်ဇောသန့်ရှင်းရေး လုပ်သူကလုပ် လုပ်ရပါတယ်။

တော်ဝင်မိသားစုများရဲ့ ညစာစားပွဲမှာ တာဝန်ထမ်းဆောင်ခွင့်ရဖို့ရာ ကျွန်တော် သုံးလ အနီးကပ် လေ့ကျင့်ရပါတယ်။ မီးဖိုဆောင်ကနေယူလာတဲ့ ဟင်းခွက် တစ်ခွက်ဟာ ဘုရင်မကြီး စားတော်ခေါ်မယ့် စားပွဲအရောက် မပူလွန်းမအေးလွန်း အနေအထားမှာ ရှိရပါမယ်။ ဒါဟာ အခက်က တော်တော်ကျပါတယ်။

နောက်ထပ် အရေးပါတဲ့ တာဝန်တစ်ခုကတော့ လူစိမ်းဧည့်သည်တစ်ယောက် အိပ်တဲ့အခန်းထဲမှာ သူ မသိအောင် တိတ်တိတ်ကလေး စောင့်ရတဲ့တာဝန်ပါပဲ။ ဒီပညာကို တတ်မြောက်အောင် ကျွန်တော့်ဆရာ မာတင်ဘတ်က သင်ကြားပေး ခဲ့တာပါ။ နန်းတော်တွင်းမှာ ဘယ်သူမှ နှိုးစက်သုံးခွင့် မရှိပါဘူး။ နှိုးဖို့အချိန်ကျပြီ ဆိုရင် နှိုးရမယ့်ဝန်ထမ်းက သူ့သခင်၊ သို့မဟုတ် သခင်မ နိုးလာအောင် နည်းလမ်း တစ်ခု ကျင့်သုံးရပါတယ်။ မာတင် ကျွန်တော့်ကို သင်ပေးတဲ့နည်းလမ်းကတော့ လက်ဖက်ရည်ကျကျတစ်ခွက်၊ သို့မဟုတ် အနံ့ပြင်းပြင်းရတဲ့ လိမ္မော်ရည် တစ်ခွက် ကိုဖျော်ပြီး ကိုယ်နှိုးရမယ့် သခင် သို့မဟုတ် သခင်မရဲ့ လက်တစ်ကမ်းမှာ ချထား ရပါတယ်။ လက်ဖက်ရည်နံ့ သို့မဟုတ် လိမ္မော်ရည်နံ့ရပြီး နိုးလာစေမယ်ပေါ့။



အဲဒီနည်းနဲ့မှ ကိုယ်နှိုးရမယ့်သူက နိုးမလာဘူးဆိုရင် နောက်ဆုံးနည်းကို ကျင့်သုံး ရပါမယ်။ အဲဒီနည်းကတော့ အခန်းပတ်လည်မှာ ကာရံထားတဲ့ လိုက်ကာများ ဖယ်ရှားလိုက်ခြင်းအားဖြင့် နေရောင်ခြည်ဝင်လာစေပြီး အိပ်ပျော်နေသူကို နိုးသွား စေခြင်းပါပဲ။ နောက်ဆုံးနည်းကို ကျွန်တော်ကတော့ သိပ်သဘောမတွေ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ လိုက်ကာဖယ်ပြီးရင် ကိုယ်က အခန်းထဲမှာ အရုပ်တစ်ရုပ် လိုရပ်ပြီး သူ့အမိန့်ကို နာခံဖို့ စောင့်ရဦးမှာကိုး။

❑

ဒုတိယမြောက် အဲလိဇဘက်ဘုရင်မကြီး နန်းတက်တဲ့ ငွေရတုအထိမ်းအမှတ်ပွဲ ကျင်းပဖို့ ပြင်ဆင်ကြတဲ့အခါ တစ်သက်လုံး သက်သက်သာသာ နေခွင့်ရခဲ့ကြတဲ့ နန်းတွင်းသူ၊ နန်းတွင်းသားတို့မှာ နေ့စဉ်နဲ့အမျှ ဧည့်ခံပွဲများ၊ ကပွဲများနဲ့ ပင်ပင် ပန်းပန်း လုပ်ကြရပါတော့တယ်။ အဲဒီလို သမိုင်းဝင်ပွဲကြီး ကျင်းပတဲ့အချိန်မှာ ကျွန်တော်က ရာထူးငယ်သေးတဲ့အတွက် အဓိကအခန်းကဏ္ဍ တစ်နေရာကမှ ပါဝင်ဆောင်ရွက်နိုင်ခွင့် မရခဲ့ပါဘူး။ ပွဲတော်ကျင်းပတဲ့ ဇွန်လအတွင်း ကျွန်တော့် အခန်းကနေ ကြည့်လိုက်တဲ့အခါမှာ တတိယမြောက် ဂျော့ဘုရင် ဘိသိက်ခံယူစဉ် တုန်းက စီးခဲ့တဲ့ ရွှေရထားကို ဘုရင်မကြီးက စီးတော်မူပြီး သူ ဘိသိက်ခံယူ စဉ်တုန်းက ကျင်းပခဲ့တဲ့ St.Paul Cathedral ဘုရားကျောင်းကြီးဆီကို ထွက်တော်မူ ပါတယ်။ အဲဒီအခါမှာ လမ်းဘေးဝဲယာမှာ စောင့်ဆိုင်းနေကြတဲ့ ပြည်သူပြည်သား များရဲ့ ဩဘာသံများဟာ နန်းတွင်းမှာ ကျန်ရစ်ခဲ့တဲ့သူများဆီရောက်အောင် ပဲ့တင် ထပ်ခဲ့ပါတယ်။

ဒီရထားကို ဘုရင်မကြီး စီးတော်မူတာ ဒုတိယအကြိမ်သာ ဖြစ်ပါတယ်။ အပြင်ပန်းအားဖြင့် အင်မတန်လှပပေမယ့် အတွင်းမှာ စီးနင်းလိုက်ပါရတဲ့သူအဖို့ မသက်မသာ ရှိလှပါတယ်။ ပထမတစ်ကြိမ် စီးစဉ်က ၁၉၅၃ ခုနှစ်ကပါ။ အဲဒီ တုန်းက ဘိသိက်ခံပွဲအတွက် စီးနင်းခဲ့တာပေါ့။ ဘုရားကျောင်းက ပြန်လာချိန် Cocktail ပွဲမှာ ဘုရင်မကြီးက 'အဲဒီရထားစီးရတာ ဘယ်လောက် မသက်သာ သလဲဆိုတာ ကြာတော့မေ့နေတာလေ' လို့ ပြောသံ ကြားခဲ့ရပါတယ်။

အဖြူရောင် ဖဲကြိုးများမှာ တပ်ဆင်ထားတဲ့ ငွေတံဆိပ်များကို ၁၉၇၇ ခုနှစ် ဇွန်လ ၂ ရက်နေ့မှာ လုပ်သက်တစ်နှစ်ပြည့်သူများအထိ ဘုရင်မကြီးကိုယ်တိုင် အပ်နှင်းချီးမြှင့်ပါတယ်။ ခြေမြန်တော်များထဲမှာ ကျွန်တော်တစ်ယောက်သာလျှင် လုပ်သက် ခြောက်လပဲ ရှိသေးတဲ့အတွက် အဲဒီတံဆိပ် မရခဲ့ပါဘူး။ ခြေမြန်တော် တပ်သားအဖြစ် ကျွန်တော် နောက်ထပ်ဘယ်လောက်ကြာအောင် နေရဦးမလဲဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



မတွေးတတ်ပါဘူး။

ဒါပေမယ့် ကံကြမ္မာအလှည့်အပြောင်းနဲ့ ကြုံလာတော့ ကျွန်တော် ကြာကြာ မစောင့်လိုက်ရပါဘူး။

ဝင်ဆာရဲတိုက်အတွင်းမှာ သတင်းစကားများ ပျံ့နှံ့လာပါတယ်။ မင်းမှုထမ်းများရဲ့ အိပ်ဆောင်များအတွင်း တစ်ခုသော အိပ်ဆောင်မှာ မတော်တဆမှုတစ်ခု ဖြစ်ပွားလို့တဲ့။ သဲလွန်စများက တစ်စုံတစ်ခုကို ညွှန်ပြနေပါတယ်။ တစ်ဝက်တစ်ပျက် သောက်လက်စ ဂျင်ပုလင်းက အိပ်ရာဘေးမှာရှိတဲ့ စားပွဲနားမှာရှိနေပြီး ဆေးလုံးအချို့ပါဝင်တဲ့ ပုလင်းတစ်လုံးကလည်း အဖုံးပွင့်လျက်သား တွေ့ကြရပါသတဲ့။ စိတ်ကျရောဂါဖြစ်နေတဲ့ အခန်းရှင် မင်းမှုထမ်းကတော့ သူ့အိပ်ရာပေါ်မှာ သတိမေ့မြောနေတာကို တွေ့ကြရပါတယ်။ သူ့ကိုသယ်ဖို့အတွက် ဝင်ဆာရဲတိုက်အတွင်းကို Augusta Tower Door မှတစ်ဆင့် သူနာတင်ကား ဝင်လာခြင်းက ထူးခြားတဲ့ မြင်ကွင်းတစ်ခု ဖြစ်ခဲ့ပါတယ်။ သူနာတင်ယာဉ်များ မြို့တွင်းမှာ မောင်းနှင်တဲ့အခါ ဥသြဆွဲပြီး မီးနီတဖျပ်ဖျပ်နဲ့ မောင်းနှင်သွားတာကို တွေ့ဖူးကြမှာ ဖြစ်ပေမယ့် ဝင်ဆာရဲတိုက်အတွင်းကို ဝင်တဲ့အခါမှာတော့ ဥသြဆွဲခွင့် မရှိသလို မီးနီဖွင့်ခွင့်လည်း မပြုပါဘူး။ လူနာတင်ဖို့အတွက် ထမ်းစင်ကိုင်ဆောင်ထားတဲ့ သူနာပြုများ ဒုတိယထပ်က အခန်းတစ်ခန်းဆီ ဦးတည်သွားကြပါတယ်။ ဘုရင်မကြီးရဲ့ အနီးကပ်ခြေမြန်တော်တစ်ဦးကို သူနာတင်ကတ်နဲ့ သယ်ဆောင်သွားတာ မြင်လိုက်ကြရပါတယ်။ ဒီခြေမြန်တော်က ဘုရင်မကြီးအပေါ်မှာ အရိပ်သဖွယ် လိုက်ပါရတဲ့သူ ဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ရာမှာ မအောင်မြင်ဘဲ အချိန်မီ ကယ်တင်နိုင်ခဲ့ပေမယ့် ကျန်းမာရေးက နာလန်မထူတော့ပါဘူး။ ဒီအဖြစ်အပျက်က ၁၉၇၈ ခုနှစ်၊ ဧပြီလအတွင်းမှာ ဖြစ်ပွားခဲ့တာပါ။ အဲဒီလူက အသက်မသေပေမယ့် ကျန်းမာရေး နာလန်မထူတာကို အကြောင်းပြပြီး အမှုထမ်းဘဝကို စွန့်သွားခဲ့ပါတယ်။ တစ်ချိန်တည်းလောက်မှာပဲ ဘုရင်မကြီးအပေါ်မှာ အနီးကပ်အမှုထမ်းတဲ့ အားနက်စ်ဘဲနက်ဆိုသူကလည်း အသက်အရွယ် အိုမင်းလာပြီဖြစ်လို့ အငြိမ်းစားယူသွားပြန်ပါတယ်။ သူက ဒုတိယကမ္ဘာစစ်အပြီးလောက်ကတည်းက စတင်ပြီး ဘုရင်မကြီးအပေါ်မှာ ခစားနေခဲ့သူပါ။ အဲဒီလိုဘုရင်မကြီးရဲ့ စိတ်တော်ကို သိကြတဲ့ အမှုထမ်းနှစ်ယောက် ရုတ်ခြည်း လစ်လပ်သွားတဲ့နေရာမှာ ကျွန်တော်တို့ ခြေမြန်တော်များထဲက ဘယ်သူတွေများ တိုးမြှင့်ခန့်ထားခွင့်ရမလဲလို့ စိတ်ဝင်တစား ရှိခဲ့ကြပါတယ်။



ဘုရင်မကြီးအပေါ်မှာ အမှုထမ်းခွင့်ရတဲ့သူများက သူ့ကိုယ်ရေးကိုယ်တာကိစ္စများကို ဆောင်ရွက်ပေးရပါတယ်။ သူ မွေးထားတဲ့ ခွေးကလေးကိုးကောင်ကို အစာကျွေးရခြင်း အပါအဝင်ပေါ့။ လစ်လပ်သွားတဲ့ ရာထူးနှစ်နေရာအနက် ပထမတစ်နေရာကို ကျွန်တော့်မိတ်ဆွေတစ်ဦးဖြစ်တဲ့ Paul Whybrew က ရရှိသွားပါတယ်။ နောက်တစ်နေရာက လစ်လပ်နေဆဲပါ။ ကျွန်တော်တို့ မသိတဲ့ အချက်တစ်ချက်က ဘုရင်မကြီးအနေနဲ့ သူကိုယ်တိုင် တက်ရောက်တဲ့ ပါတီပွဲများမှာ မင်းမှုထမ်းများရဲ့ လုပ်ရည်ကိုင်ရည်ကို တစေ့တစောင်း အကဲခတ်နေလေ့ရှိတယ်ဆိုတဲ့ အချက်ပါပဲ။ သူ လေ့လာတာကလည်း အစုံပါပဲ၊ တစ်ဦးချင်းရဲ့ ကိုယ်နှုတ်အမူအရာ၊ တာဝန်ထမ်းဆောင်မှု အစရှိတဲ့ အချက်တွေ ပါဝင်ပါတယ်။ တကယ်တော့ ကျွန်တော်တို့ဟာ ကုန်တိုက်များမှာ မှန်ခန်းထဲထည့်ပြီး ပြသထားတဲ့ ရောင်းကုန်ပစ္စည်းများကို ဝယ်သူများက စိတ်ကြိုက်လေ့လာ အကဲဖြတ်နေကြတာနဲ့ မခြားပါဘူး။

ရက်အနည်းငယ်အကြာမှာ ကျွန်တော့်ကို အုပ်ချုပ်ရေးရုံးက မစ္စတာ ဂျွန်ဖလ္လိုက်က လာတွေ့ဖို့ ဆင့်ခေါ်လာပါတယ်။ သူက 'မင်းအနေနဲ့ ဘုရင်မကြီးအပေါ်မှာ အမှုထမ်းဖို့ စိတ်ဝင်စားသလား' တဲ့။ အဖြေက နှစ်ခု မဖြစ်နိုင်ပါဘူး။ ခေါင်းညိတ်လိုက်ရုံပါပဲ။ ဒီလိုနဲ့ အမှုထမ်းသက် ၁၆ လ အတွင်းမှာ ကျွန်တော် စိတ်ကူးယဉ်ခဲ့တဲ့ ဘုရင်မကြီးအပေါ်က မင်းမှုထမ်းတစ်ယောက် ဖြစ်လာခဲ့ပါပြီ။ ဒီနေရာကို ရောက်တဲ့သူများမှာ အထူးအခွင့်အရေး ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ အစိုးရအဖွဲ့ဝင် ဝန်ကြီးများထက် အပေါ်မှာ ခစားနေတဲ့ မင်းမှုထမ်းများက ဘုရင်မကြီးနဲ့ ပိုပြီး တိုက်ရိုက်ထိတွေ့ ဆက်ဆံမှုရှိလို့ပါပဲ။

ဒီလိုနဲ့ ရာထူးတိုးမြှင့်ခံထားခြင်းခံရတဲ့ ဝန်ထမ်းနှစ်ဦးစလုံးရဲ့ နာမည်က ပေါလ်ဖြစ်နေတာကို သတိထားမိကြပါတယ်။ ဘုရင်မကြီးက ပေါလ်လို့ ခေါ်တော်မူရင် ကျွန်တော်တို့နှစ်ယောက်ထဲက တစ်ယောက်ယောက် ဖြစ်ပေမယ့် ဘယ်သူဘယ်ဝါဆိုတာ ခွဲခြားသိဖို့ လိုအပ်လာပါတယ်။ ဒီပြဿနာကို ဘုရင်မကြီးကိုယ်တိုင်ပဲ ဖြေရှင်းလိုက်ပုံက အရပ်ရှည်တဲ့ပေါလ်ကို 'အရှည်ကြီး' အရပ်ပုတဲ့ ပေါလ်ကို 'အပုလေး' လို့ ခွဲခြားလိုက်ခြင်းပါပဲ။ အရှည်ကြီး ပေါလ်က အရပ် ၆ ပေ ၂ လက်မရှိပြီး၊ ကျွန်တော်က အရပ် ၅ ပေ ၁၀ လက်မသာ ရှိပါတယ်။

တယ်လီဖုန်းဆက်ပြန်ရင်လည်း ကျွန်တော်တို့နှစ်ယောက်ရဲ့ အသံက ခပ်ဆင်ဆင်ဖြစ်တာကြောင့် ဘုရင်မကြီးက 'အရှည်ကြီးလားဟေ့' 'အပုလေးလားဟေ့' စသဖြင့် ကွဲကွဲပြားပြားသိအောင် မေးလေ့ရှိပါတယ်။ အဲဒီလိုပဲ သူနဲ့ သူ့ညီတော်မာဂရက်တို့ရဲ့ အသံကလည်း ခပ်ဆင်ဆင်ဖြစ်တာကြောင့် ဖုန်းဆက်သူ ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



လဲဆိုတာ ကျွန်တော်တို့ကလည်း ခွဲခြားရတာ တော်တော်ခက်ပါတယ်။

အရပ် ၅ ပေ ၁၀ လက်မ ရှိပါလျက်နဲ့ အပုလေးလို့ အခေါ်ခံရတာကြောင့် ဒီနာမည်ပြောင်ရခါစမှာ အခေါ်ခံရတိုင်း ကျွန်တော့်ရင်ထဲ နာကျင်မှုဝေဒနာ ခံစားရပါတယ်။ ဘာကင်ဟမ်ရွှေနန်းတော်အတွင်း ခစားနေခဲ့တဲ့ ဆယ်စုနှစ်တစ်ခုလုံး တော်ဝင်မိသားစုများက ကျွန်တော့်ကို အပုလေးလို့သာ ခေါ်ကြပါတော့တယ်။ နာမည်ပြောင်နဲ့ပတ်သက်ပြီး နိုးလိုးခုလုဖြစ်ရပေမယ့် ကျွန်တော်က ဘုရင်မကြီးရဲ့ အနီးကပ်ခစားရတဲ့ မင်းမှုထမ်းဖြစ်လာခြင်းကြောင့် ခြေမြန်တော်များ နေရတဲ့ အဆောင်မှာ မနေရတော့ဘဲ သူ့ထက်အဆင့်မြင့်တဲ့ အခန်းတစ်ခန်းသို့ ရွှေ့ပြောင်းနေထိုင်ရပါတယ်။

နေ့စဉ် နံနက်တိုင်း ၇ နာရီမှာ ကျွန်တော့်တာဝန်များ စတင်ထမ်းဆောင်ရပါတယ်။ ပထမဆုံး လုပ်ရတဲ့အလုပ်ကတော့ ဘုရင်မကြီးရဲ့ အချစ်တော် ခွေးကလေးကိုးကောင်ကို လမ်းလျှောက်ပေးရတဲ့ အလုပ်ပါပဲ။ သူတို့ကိုးကောင်ရဲ့ နာမည်တွေကတော့ ဘရပ်ရှ်၊ ဂျော်လီ၊ ရှဲနိုး၊ မစ်သ်၊ စမုတ်ကီး၊ ပိုက်ပါ၊ ဖေဘယ်လ်၊ စပါကီနဲ့ ချစ်ပါတို့ ဖြစ်ပါတယ်။ ချစ်ပါတစ်ကောင်သာ အထီးဖြစ်ပြီး ကျန်ရှစ်ကောင်က အမများပါ။ လမ်းလျှောက်ပေးပြီးရင် နံနက် ၈ နာရီတိတိမှာ သူတို့အားလုံးကို ဘုရင်မကြီးရဲ့ စက်ရာဆောင်ထဲ ထည့်ပေးလိုက်ရပါတယ်။ လက်ဖက်ရည်တစ်ခွက်နဲ့ ခွေးကိုးကောင်ဟာ ဘုရင်မကြီးရဲ့ စက်ရာက နိုးနိုးချင်း အတွေ့ချင်ဆုံး အရာတွေပါပဲ။

မနက် ၉ နာရီထိုးရင်တော့ ဒီကောင်တွေကို ဒုတိယအကြိမ် လမ်းလျှောက်ပေးရပါတယ်။ ၉ နာရီထိုးတာနဲ့တစ်ပြိုင်နက် ဘုရင်မကြီးက သူတို့ကို တံခါးဖွင့်ပြီး လွှတ်ပေးလိုက်ပါတယ်။ အပြင်မှာစောင့်နေတဲ့ ကျွန်တော်က တစ်ကောင်ချင်းစီကို လည်ပတ်များစွပ်ပေးပြီး လမ်းလျှောက်ပေးဖို့ ဖြစ်ပါတယ်။ ခွေးကိုးကောင်ကို ဆွဲထားရတာ ထင်သလောက် မလွယ်ဘူးဆိုတာ ဆန်ဒရင်ဟမ် အိမ်တော်မှာ ကျွန်တော် ကိုယ်တွေ့ကြုံလိုက်ရပါတယ်။ အပြင်ထွက်ရတော့မယ်ဆိုရင်လည်း ဒီကောင်တွေက သူ့ထက်ငါအရင် ထွက်ချင်ကြတာပါ။ တစ်မနက်မှာတော့ လှေကားထစ်များပေါ်မှာ နှင်းမှုန်ကလေးတွေ ကျနေတာကြောင့် စိုရွှဲပြီး လှေကားထစ်များက ချောနေပါတယ်။

တံခါးဖွင့်လိုက်လျှင် ဖွင့်လိုက်ချင်း ကျွန်တော်က လက်တစ်ဖက်နဲ့ ဆီးဖမ်းလိုက်ပြီး တစ်ကောင်ချင်းဆီကို လည်ပတ်တွေ စွပ်ပေးနေချိန်မှာ ကိုးကောင်စလုံး ဆူညံနေကြတာပါ။ လှေကားထစ်ဆီကို သူ့ထက်ငါ အပြေးအလွှား သွားကြတော့



ကျွန်တော့်မှာ သူတို့အားကိုနိုင်အောင် ထိန်းရင်း လှေကားထစ်ကို ဆင်းလိုက်ရာ စိုရွှဲနေတဲ့အတွက် တလိမ့်ခေါက်ကွေး ကျသွားပါတော့တယ်။ ခွေးတွေက နှင်းမှုန်တွေကြား ပြေးထွက်သွားပြီး ကျွန်တော်ကတော့ လှေကားထစ်ပေါ်မှာ သတိမေ့ကျန်ရစ်ပါတယ်။ ကျွန်တော် သတိရလာတဲ့အချိန်မှာတော့ ကျွန်တော့်မျက်နှာပေါ်မှာ ဘုရင်မကြီးနဲ့ အဲန်းမင်းသမီးတို့ရဲ့ မျက်နှာများ စိုးမိုးနေတာကို တွေ့လိုက်ရပါတယ်။ ‘ပေါလ် နေကောင်းရဲ့လား’ လို့ ဘုရင်မကြီးက ကြင်ကြင်နာနာ မေးပါတယ်။ လှေကားထစ်ပေါ်မှာ ကျွန်တော် သတိလစ်နေတာ ဆယ်မိနစ်လောက် ရှိပြီတဲ့။ ကျွန်တော် မတ်တတ်ရပ်နိုင်အောင် သူတို့နှစ်ယောက်ကပဲ ဖေးမပေးကြပါတယ်။ နောက်စေ့မှာ ရောမဘုကြီးတစ်ခု ထွက်နေတာ စမ်းလိုက်မိပါတယ်။ တော်တော်လေး နာနေတာကြောင့် ဘုရင်မကြီးက အိမ်တော်ဆရာဝန်ဖြစ်တဲ့ ဒေါက်တာဖို့ဒ်ကို ဆင့်ခေါ်ပြီး စမ်းသပ်စေပါတယ်။ ဒီနေ့တစ်နေ့လုံး အိပ်ရာထဲမှာပဲ လှဲနေပါလို့ ဆရာဝန်က ညွှန်ကြားသွားပါတယ်။ နှင်းထဲမှာ ပြေးလွှားနေတဲ့ ခွေးကိုးကောင်ကိုတော့ တခြားအမှုထမ်းတစ်ဦးက သိမ်းဆည်းလာပေးတဲ့အတွက် ကျေးဇူးတင်ရပါတယ်။

ဒီကောင်တွေကို အစာကျွေးရတာကတော့ သိပ်ဒုက္ခမရောက်ပါဘူး။ ခွေးကိုးကောင်ရဲ့ အစာစားပွဲဟာလည်း ရောမပွဲတစ်ပွဲလို ကြီးကျယ်ခမ်းနားပါတယ်။ ဘုရင်မကြီး အားလပ်နေတယ်ဆိုရင် သူကိုယ်တိုင် ဇွန်းနဲ့ ခွံ့ကျွေးတာပါ။ အဲဒီလိုအခါမျိုးမှာ ကျွန်တော့်အနေနဲ့ ဘုရင်မကြီးနဲ့ လွတ်လွတ်လပ်လပ် ကိုယ်ရေးကိုယ်တာ ကိစ္စများကအစ ပြောဖို့အခွင့်အရေးရပါတယ်။ ဘာကင်ဟမ်နန်းတော်မှာပဲဖြစ်ဖြစ်၊ ဝင်ဆာရဲတိုက်မှာပဲဖြစ်ဖြစ်၊ ဆာဒရင်ဟမ်အိမ်တော်မှာပဲဖြစ်ဖြစ်၊ ဘာမိုရယ်လ်ရဲတိုက်မှာပဲဖြစ်ဖြစ် ခွေးတွေကတော့ ဘုရင်မကြီး သွားလေရာ ပါပါတယ်။ ခွေးတွေကို အစာကျွေးရင်း ဘုရင်မကြီးနဲ့ ကျွန်တော် လွတ်လွတ်လပ်လပ် စကားပြောနေပြီဆိုရင်တော့ ဘယ်သူမှ အနှောင့်အယှက် မရှိတော့ပေ။ ဒီလိုနဲ့ နှစ်ပေါင်းများစွာ အဲဒီအခွင့်အရေးကို ကျွန်တော် ရခဲ့ပါတယ်။

ခွေးတွေကို ဘုရင်မကြီးကိုယ်တိုင် အစာကျွေးတော့မယ်ဆိုရင် ကျွန်တော်က လီမွှော်ရောင် ပလတ်စတစ်ခွက် ကိုးလုံးကို တန်းစီချထားပေးရပါတယ်။ ထိုင်စရာ မြက်ဖျာကလေး ကိုးချပ်ကိုလည်း သူ့နေရာနဲ့သူ ချထားပေးပါတယ်။ ဘုရင်မကြီးက တစ်ကောင်ချင်းစီကို နာမည်ခေါ်ပြီး ခွက်တစ်ခွက်ချင်း ချပေးတော့မှ ဒီကောင်တွေကလည်း စားကြတာပါ။ အဲဒီလိုအချိန်မျိုးမှာဆိုရင် ဘုရင်မကြီးရဲ့ စိတ်က နူးညံ့ပျော့ပျောင်းပြီး ပျော်ရွှင်နေတဲ့အတွက် စကားတွေလည်း အများကြီး ပြောတတ်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ တစ်ခါတလေ သူ့ငယ်ဘဝကအကြောင်းတွေကို ပြန်ပြောရင်း တစ်ခစ်ခစ် ရယ်မောနေတဲ့ အခါတွေလည်း ရှိခဲ့ပါတယ်။

ဘုရင်မကြီးက စကားပြောတဲ့အခါမှာ 'သိလား ပေါလ်… အဲဒီတုန်းက အရမ်းထူးဆန်းတာပဲ…'လို့ အစချီတတ်ပါတယ်။ တစ်ခါတလေ သူ့မိတ်ဟောင်း ဆွေဟောင်းများနဲ့ တွေ့ခဲ့တယ်ဆိုရင်လည်း 'မနေ့က ဘယ်သူနဲ့ တွေ့ခဲ့သလဲ သိလား…'လို့ အစချီတတ်ပြန်ပါတယ်။ သူ ရယ်မောခဲ့ရတဲ့ အဖြစ်အပျက်တစ်ခုခု ကို ပြောချင်ရင်တော့ 'သိပ်ရယ်ရတာပဲ သိလား'လို့ ပြောပါတယ်။ တစ်ခါတလေ သူ့ပြိုင်မြင်းတွေက ပြိုင်ပွဲမှာ ဆုဖလားရပြီဆိုရင် 'မြင်းတစ်ကောင် ဆုရပြန်ပြီ ကွဲ့…'လို့ ပြောတတ်ပါသေးတယ်။

အခါပေါင်းများစွာ ဘုရင်မကြီးနဲ့ လွတ်လွတ်လပ်လပ် စကားပြောခွင့် ရခဲ့ စဉ်အတွင်းတုန်းက တစ်ကြိမ်မှာ တခြားဘုရင်တစ်ယောက်ရဲ့အကြောင်း ကျွန်တော် ကြားခွင့်ရခဲ့ပါတယ်။ ပထမမြောက် ချားလ်စ်ဘုရင်အကြောင်း ဖြစ်ပါတယ်။ ဘုရင်မကြီး ပြောပြနေစဉ်အတွင်းမှာ ကျွန်တော့်စိတ်များက ၁၆၄၉ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့ လန်ဒန်မြို့တွင်းကို ဧကရာဇ်စနစ် ဆန့်ကျင်ရေးသမား အိုလီဗာကွမ်း ဝဲလ်က လူစုလူဝေးနဲ့ အလံတွေကိုင်ဆောင်ပြီး ချီတက်လာကာ ချားလ်စ်ဘုရင်ကို ကွပ်မျက်ခဲ့တဲ့ မြင်ကွင်းကို ပြန်လည်မြင်ယောင်လာစေပါတယ်။ တစ်နေ့မှာတော့ ဘုရင်မကြီးက 'သိလားပေါလ်… မနေ့က အထူးဆန်းဆုံးကိစ္စတစ်ခု ဖြစ်ခဲ့သ ကွယ့်'လို့ အစချီပြီး ပြောပြပါတယ်။ ပထမမြောက် ချားလ်စ်ဘုရင်ကို သတ်ဖြတ် ခဲ့တဲ့ လူအုပ်ကြီးထဲက တစ်ယောက်သောသူရဲ့ အဆက်အနွယ်တစ်ဦးက ဘုရင်မ ကြီးထံကို စာရေးလာခြင်းပါပဲ။ သူက ချားလ်စ်ဘုရင် ခေါင်းဖြတ် ကွပ်မျက်ခြင်း မခံရမီ ဝှိုက်ဟောလ်ရဲ့အပြင်မှာ ဖြစ်ပွားခဲ့တဲ့ နောက်ဆုံးအခြေအနေများကို ရေးသား ခဲ့တာပါတဲ့။ ခွေးစာများကို ရောစပ်နေရင်းက ဘုရင်မကြီးက ကျွန်တော့်ကို ဆက် လက်ပြောကြားတာကတော့ 'သူတို့ ချားလ်စ်ဘုရင်ရဲ့ခေါင်းကို ကုပ်ကနေ ခုတ် သတ်လိုက်တော့ အရိုးတစ်ခုက လူအုပ်ထဲကို လွင့်စဉ်ကျသွားသတဲ့ကွယ်။ အဲဒါကို တို့များဆီ စာရေးတဲ့ သူရဲ့အဆက်အနွယ်က ကောက်ပြီးသိမ်းထားခဲ့တာတဲ့။ သူကနေ တစ်ဆင့် မျိုးဆက်အဆင့်ဆင့် လက်ဆင့်ကမ်း သိမ်းဆည်းလာခဲ့ကြတာ အဲဒီအရိုး ကို အခုပို့လိုက်တာပဲ'တဲ့။

ဘုရင်မကြီးစကားမှာ ကျွန်တော် နစ်မျောနေတဲ့အတွက် ကျွန်တော့်ခြေထောက် နားမှာရှိတဲ့ ခွေးကိုးကောင်ကိုတောင် မေ့သွားခဲ့ပါတယ်။ သိလိုဇောနဲ့ 'ဘုရင်မကြီးက အဲဒီအရိုးကို ဘယ်လိုများ စီရင်မယ်လို့ စိတ်ကူးထားပါသလဲ'လို့ မေးကြည့်လိုက်



တော့ 'လုပ်သင့်လုပ်ထိုက်တာ တစ်ခုပဲရှိတယ် ပေါလ်ရဲ့၊ အဲဒါကတော့ ဒီအရိုးရဲ့ ပိုင်ရှင်ဆီကို ပြန်ပို့ပေးရမှာပေါ့။ ဒါကြောင့် မနေ့ကပဲ အဲဒီအရိုးကို သင်္ချိုင်းတော်ထဲ မှာရှိတဲ့ ချားလ်စ်ဘုရင်ရဲ့ ခေါင်းထဲ အထည့်ခိုင်းလိုက်ပြီလေ'လို့ ဖြေပါတယ်။

'ထူးဆန်းတာ ပြောရဦးမယ် ပေါလ်ရဲ့… အဲဒီအရိုးကို ချားလ်စ်ဘုရင်ရဲ့ ခေါင်းထဲကို ပြန်ထည့်ပေးလိုက်ပါလို့ တို့က အမိန့်ပေးလိုက်တော့ မင်းချင်းတွေက နှစ်ရာပေါင်းများစွာ လေအလုံပိတ်ထားတဲ့ ခေါင်းကိုဖွင့်လိုက်ကြတယ်လေ။ အံ့ဩ စရာ ကောင်းလိုက်တာ ပေါလ်ရယ်။ ချားလ်စ်ဘုရင်ရဲ့ မုတ်ဆိတ်မွေးတွေက မပျက်မစီးဘဲ ရှိနေသတဲ့'လို့ အံ့ဩတကြီး ဆက်ပြောပါတယ်။ သူ အံ့ဩတာ ထက် ကျွန်တော်က ပိုပြီးအံ့ဩခဲ့ရပါတယ်။

ဘုရင်မကြီးက ဇေနညာဏ်ရှိတဲ့အပြင် ကျေးလက်က လူများကိုလည်း အထူး ချစ်ခင်တတ်တဲ့စိတ် ရှိပါတယ်။ သူကိုယ်တိုင် ကျေးလက်မှာ မွေးဖွားခဲ့တာ ဖြစ်ပေ မယ့် ဘုရင်မအဖြစ် ရောက်ရှိလာတဲ့အခါမှာတော့ အသုံးအနှုန်း လေယူလေသိမ်း တို့က ကျေးလက်ဟန် ပျောက်ခဲ့ပါပြီ။ အင်္ဂလန်အရှေ့ပိုင်း အိုင်ယာလန်၊ ယော့ခ် ရှိုင်းယား၊ မာစီဆိုက်ဒ်၊ ဩစတြေးလျားမှ သူ့ခရီးစဉ်အတွင်း ကြုံခဲ့ဆုံခဲ့တဲ့ သူများ ကိုလည်း မမေ့မလျော့ ရှိတတ်ပါတယ်။

ကျွန်တော့် တစ်သက်မှာ ဘယ်တော့မှ မေ့မှာ မဟုတ်တဲ့ အဖြစ်တစ်ခုကို မှတ်မိပါသေးတယ်။ တော်ဝင်မိသားစု စီးနင်းလိုက်ပါလာတဲ့ အမိုးဖွင့်ကားနောက်မှာ ကျွန်တော်က ဘုရင်မ သက်တော်စောင့်အဖြစ် ထပ်ကြပ်မကွာ စီးနင်းလိုက်ပါလာ ရလို့ သူတို့ပြောသမျှကို ကြားနေရပါတယ်။ ပရိသတ်အတွင်း မိသားစုရဲ့ကား ဖြတ်သန်းသွားတဲ့အခါမှာ ကျေးလက်သူကြီးတစ်ဦးက 'လစ်ဇ်ရေ… ကျုပ်တို့ကို လည်း လက်ပြပါဦးတော်'လို့ အော်လိုက်ပါတယ်။ သူ့အော်သံကို ကြားလိုက်တဲ့ ဘုရင်မကြီးက ပြုံးတော်မူလိုက်ပါတယ်။ အနားမှာရှိတဲ့ သူ့သားတော် ချားလ်စ်မင်း သားက ကျေးလက်လေသံနဲ့ ပြောလိုက်တဲ့ အမျိုးသမီးကြီးရဲ့စကားကို နားမလည် လိုက်ပါဘူး။ ဒါကြောင့် သူ့မယ်တော်ကိုလှမ်းပြီး 'သူတို့ ဘာအော်လိုက်တာလဲ မာမီ'လို့ မေးလိုက်တော့ ဘုရင်မကြီးက ဘာသာပြန်ပြောပြပါတယ်။ ပြီးတော့ ပရိသတ်တွေကို လက်ပြမြဲပြနေတာကြောင့် အနားမှာပါတဲ့ ကြင်ယာတော် ဖိလစ် မင်းသားကြီးနဲ့ သားတော် ချားလ်စ်တို့က ဘုရင်မကြီးကို ဒီလိုပြောရဲသူရှိလေခြင်း ဆိုပြီး ရယ်ကြတာကို ကျွန်တော် ဘယ်တော့မှ မေ့မှာ မဟုတ်ပါဘူး။

အနီးကပ်နေခဲ့ရတဲ့ ကျွန်တော့်အနေနဲ့ ဘုရင်မကြီးရဲ့ ပင်ကိုသဘာဝ ငြိုက်လှ တဲ့ အပြုံးများကို ပြည်သူတွေ မြင်စမ်းစေချင်ပါတယ်။ တကယ်တော့ သူလည်း

www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားတစ်ဦးသာ ဖြစ်ပါတယ်။ ရိုးရာဓလေ့တွေ၊ အဆောင်အယောင်တွေ၊ ထုံးတမ်းစဉ်လာတွေကို ဦးလည်မသုန် ထမ်းရွက်နေရတာကြောင့် ဣန္ဒြေဆယ်ပြီး နေရတာပါ။ တကယ်တော့ သူဟာ အမြဲတစေ ပေါ့ပေါ့ပါးပါး၊ ပြုံးပြုံးရွှင်ရွှင် နေတတ်တဲ့ အမျိုးသမီးကြီးတစ်ဦးသာ ဖြစ်ပါတယ်။ ကျွန်တော့်အတွေ့အကြုံအရ ဘုရင်မကြီးဟာ ဟိတ်ကြီး၊ ဟန်ကြီးနဲ့ နေတတ်သူ မဟုတ်လို့ စကားပြောရတာလည်း လွယ်ကူပါတယ်။ တစ်ခါတလေ ကျွန်တော်တို့နှစ်ယောက် ယန်းဥယျာဉ်တွေအကြောင်း၊ တောရိုင်းသဘာဝတွေအကြောင်း၊ ပြောဖြစ်ကြတဲ့အခါတွေ ရှိပါတယ်။ ဘုရင်မကြီးက လူတွေကို စိတ်ဝင်စားတဲ့သူဆိုတာ ကျွန်တော် သိခွင့်ရခဲ့ပါတယ်။ သူ တွေ့ဖူးကြုံဖူးခဲ့တဲ့သူတွေရဲ့အကြောင်းကို မကြာခဏ ပြန်ပြောင်းပြောပြတာတွေ ရှိသလို မကြာခင်ကာလမှာ တွေ့ရကြုံရမယ့်သူတွေရဲ့ အကြောင်းကိုလည်း ကြိုတင်လေ့လာ ပြောပြတတ်တာတွေ ရှိခဲ့ပါတယ်။ တကယ်တော့ သူဟာ ဘုရင်မ ဖြစ်လာတဲ့ တောသူမကြီးတစ်ဦးနဲ့ ပိုပြီးတူပါတယ်။

နောက်တစ်ချက်ကတော့ သူဟာ ဘယ်ခွေးချစ်သူနဲ့မှ မတူ၊ ထူးထူးခြားခြား ချစ်တတ်သူတစ်ဦးပါ။ တစ်ခါတုန်းက သူ့ခွေးတစ်ကောင် ချောင်းဆိုးနေတာကို သူကိုယ်တိုင် ကြမ်းပေါ်မှာ ဒူးထောက်ပြေ့ယူပြီး ပါးစပ်ဖြဲပေးတော့ ကျွန်တော်က သူ ညွှန်ကြားတဲ့အတိုင်း ခွေးပါးစပ်ထဲကို ဆေးသေသေချာချာ ရောက်သွားအောင် ဆေးထိုးပြွန်နဲ့ ထိုးထည့်ပေးရပါတယ်။ ခွေးကလေးတွေက အကောင်သေးသေးလေးတွေ ဆိုပေမယ့် သူတို့မှာလည်း ခွေးကြီးများလိုပဲ ဒေါသစိတ်ရှိပြီး မလိုရင် ရန်မူတတ်ပါတယ်။ တစ်ခါတုန်းက ကျွန်တော်တို့ ဝင်ဆာရဲတိုက်မှာ ရောက်နေကြပါတယ်။ အဲဒီညမှာ ဘုရင်မကြီးက ညစားစားပွဲတစ်ခု တက်ဖို့အတွက် အပြင်သွားနေပါတယ်။ ကျွန်တော်ကလည်း လွတ်လွတ်လပ်လပ် ရှိတာကြောင့် ရုပ်မြင်သံကြားစက်ဖွင့်ပြီး ဘီဘီစီ ရုပ်မြင်သံကြားအစီအစဉ်မှ ဒါးလတ်စ်ဇာတ်လမ်းတွဲကို ကြည့်နေပါတယ်။ အစီအစဉ်ပြီးသွားတော့ ခွေးတွေကို ညအိပ်ရာမဝင်ခင် နောက်ဆုံးလမ်းလျှောက်ပေးဖို့ ပြင်ဆင်ပါတယ်။ အပြင်ထွက်ရမှာဖြစ်လို့ ကုတ်ဝတ်နေတုန်းပဲ ရှိသေးတယ်။ ဒီကောင်တွေက တစ်ဟုန်ထိုး ထွက်ပြေးသွားပါလေရော။ ခွေးကိုးကောင်အနက်က ဂျော်လီဆိုတဲ့ ခွေးမကလေးက အသေးဆုံးဖြစ်ပြီး သားတော်မင်းသားများဖြစ်တဲ့ အင်ဒရူးနဲ့ အက်ဒဝပ်တို့ရဲ့ ခွေးမလေးလို့လည်း သတ်မှတ်ထားတဲ့ ခွေးကလေးပါ။ ဒီတစ်ကောင်တည်းကို ကျန်တဲ့အကောင်တွေက သည်းသည်းမည်းမည်း ဝိုင်းကိုက်ကြတာကြောင့် နန်းတော်တစ်ခုလုံး ခွေးသံများနဲ့ ဆူညံကုန်ပါတယ်။ ကျွန်တော် ကမန်းကတန်း ပြေးထွက်ပြီး ကြည့်လိုက်တော့ ဂျော်လီခမျာ



ကော်ရစ်ဒါထောင့်တစ်နေရာမှာ သွေးအလူးလူးနဲ့ ရှိနေပါပြီ။ မိုက်မှာလည်း စုတ်ပြတ်နေပြီ။ ခွေးတွေဆူညံသံကို အမှုထမ်းတစ်ဦးဖြစ်တဲ့ ခရစ္စတိုဖာဘာရေးက ကြားလိုက်တာကြောင့် ပြေးထွက်လာပါတယ်။ ကျွန်တော်တို့နှစ်ယောက် ကျန်တဲ့ခွေးတွေကို တံခါးပိတ်ပြီး ထိန်းသိမ်းဖို့ ကြိုးစားကြရာ ကျွန်တော်တို့နှစ်ယောက်စလုံး ခွေးကိုက်ဒဏ်ရာများ၊ အစွယ်နဲ့ ခြစ်မိတဲ့ ဒဏ်ရာများ အနည်းပါပဲ။ ဂျော်လီကလေး သေမှာ သေချာသလောက် ရှိတယ်ဆိုတာ ကျွန်တော် သိလိုက်တဲ့အချိန်မှာ ခေါင်းထဲကို နောက်ထပ်အတွေးတစ်ခု ဝင်လာပါတယ်။ တကယ်လို့ ဒီခွေးလေးသာ သေသွားရင် ဘုရင်မကြီး အမျက်တော်ရှမှာ သေချာတယ်ဆိုတဲ့ အတွေးပါပဲ။

တိရစ္ဆာန်ဆေးကုဆရာဝန်ကိုပင့်ပြီး ဂျော်လီကို ဆေးကုသစေသလို ကျွန်တော်တို့နှစ်ယောက်ရဲ့ ကိုယ်ပေါ်က ဒဏ်ရာများလည်း ကုသမှုခံယူရပါတယ်။ ကျွန်တော်တို့အတွက်တော့ မေးခိုင်ကာကွယ်ဆေးထိုးပေးပြီး ခွေးကိုက်ခံရတဲ့ ဒဏ်ရာများကို ဆေးထည့်ပေးရုံပါပဲ။ ခွေးမကလေးကိုတော့ အရေးပေါ်ခွဲစိတ်ကုသမှု လုပ်ကြရပါတယ်။ သူ အသက်ရှင်ခဲ့ပေမယ့် ဝမ်းဗိုက်မှာတော့ အချက် ၂၀ တိတိ ချုပ်ခဲ့ရပါတယ်။

ညစာစားပွဲက ဘုရင်မကြီး ပြန်ရောက်လာချိန်မှာ အဖြစ်အပျက်ကို အမှန်အတိုင်း ကျွန်တော်က သံတော်ဦးတင်လိုက်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော် တွေးကြောက်ထားသလို မဟုတ်ဘဲ စိတ်သဘောထားပြည့်ဝတယ်ဆိုတာ ကြုံလိုက်ရပါတယ်။ သူ့ခွေးအတွက် ဒေါသဖြစ်တာ မှန်ပေမယ့် နားလည်မှုရှိစွာနဲ့ သူ့ဒေါသကို ထိန်းသိမ်းသွားခဲ့ပါတယ်။ အဝတ်လဲခန်းထဲဝင်သွားပြီး ပြန်ထွက်လာတော့ လက်ထဲမှာ တိုင်းရင်းဆေးနှစ်လုံး ယူဆောင်လာပါတယ်။ 'ရော့··· ပေါလ် ဒီဆေးသောက်လိုက်၊ ဒဏ်ရာတွေ သက်သာသွားလိမ့်မယ်'တဲ့။ တကယ်တော့ ဒီခွေးတွေအကြောင်း ကျွန်တော် ဂဃနဏ မသိခဲ့တာပါ။ သူတို့က မကြာခဏ အဲဒီလို အချင်းချင်း ကိုက်တတ်ကြသတဲ့။ အစာကျွေးနေစဉ် တစ်ကောင်နဲ့ တစ်ကောင် စောင်နေကြပြီဆိုရင် ဘုရင်မကြီးက 'ဟဲ့·· တိတ်ကြစမ်း၊ ဘယ်တော့မှ သင့်သင့်မြတ်မြတ် မရှိကြဘူး'လို့ အော်လေ့ရှိပါတယ်။

တစ်ခါတလေ ခွေးတွေကို အစာကျွေးရင်း ကျွန်တော်တို့နှစ်ယောက် စကားလက်ဆုံကျနေတုန်း ဒီကောင်တွေ ဖောက်လာပြီဆိုရင် စကားလမ်းကြောင်းက ပြတ်ကရော။ ဘုရင်မကြီးက သူ့ခွေးတွေနဲ့ မြင်းတွေကို အင်မတန် ချစ်ပါတယ်။ ဘယ်စံအိမ်မှာပဲ ပြောင်းရွှေ့နေသည်ဖြစ်စေ၊ ခွေးတွေကတော့ မဖြစ်မနေပါတော့ပဲ။ စံအိမ်အတွင်းမှာ သူ သွားလေရာကို သူ့ခွေးတွေက တကောက်ကောက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာတ်စမြဲမို့ သူလာပြီဆိုတာ ခွေးတွေအသံကြားရင် ကြိုတင်သိနိုင်ပါပြီ။ ဘုရင်မကြီးရဲ့ ခွေးတွေက သူ့ကြင်ယာတော်နဲ့တောင် နီးစပ်ခွင့်မပေးသလိုပါပဲ။ တစ်ခါတလေ ဘုရင်မကြီးက သူ့ခန်းမဆောင်ထဲမှာ ရေးမှတ်အလုပ်လုပ်နေရင် ခွေးတွေက ခန်းမဆောင်ထဲကိုဝင်တဲ့ အပေါက်တိုင်းမှာ တစ်ကောင်စီ အိပ်နေတတ်ပါတယ်။ ကြင်ယာတော် မင်းသားကြီးအခန်းထဲကိုဝင်မယ်ဆိုရင် သူတို့ကို ကျော်ခွပြီးမှ ဝင်ရတာဖြစ်လို့ 'ဒီခွေးတွေကလည်းကွာ၊ ဘာဖြစ်လို့များ ဒီလောက်တောင် အများကြီး မွေးရတာလဲ' လို့ သူ့အသံ ဩဩကြီးနဲ့ ပြောလေ့ရှိပါတယ်။

သူဘာပဲပြောပြော ဘုရင်မကြီးကတော့ ခွေးတွေချစ်တဲ့စိတ်ကို လျှော့လေ့မရှိပါဘူး။ 'ဒါလင်ရယ်… ခွေးကလေးတွေက ချစ်စရာလေးတွေပါ' လို့ သူ့ကြင်ယာတော်ကို နှစ်သိမ့်တတ်ပါတယ်။ အပြင်လောကမှာ လူတစ်ကိုယ် ဝါသနာတစ်မျိုးဆိုသလို တံဆိပ်ခေါင်းစုသူများ ရှိကြပြီး ဘုရင်မကြီးကတော့ ခွေးပုကလေးတွေ စုဆောင်းကျွေးမွေးရတာကို ဝါသနာထုံတယ်လို့ ဆိုရပါမယ်။ ဒီအကျင့်က သူမရဲ့အဘိုးဖြစ်သူ ပဥ္စမမြောက် ဂျော့ဘုရင်က စခဲ့တာလို့ ဆိုနိုင်ပြီး အင်္ဂလန်နိုင်ငံမှာ ခွေးပုကလေးများ အများဆုံး ပိုင်ဆိုင်တဲ့သူလို့လည်း ဆိုနိုင်ပါတယ်။

ခွေးတွေက လူစိမ်းတွေဆိုရင် ဆီးဟောင်ကြတော့တာပဲ။ သူတို့ ဘယ်လောက်ပဲဟောင်ဟောင် သူတို့သခင်မက 'ကဲ တော်ကြစမ်း… အားလုံးပါးစပ်ပိတ်' လို့ တစ်ခွန်းပြောလိုက်ရင် တစ်ကောင်မှ အသံမထွက်တော့ပါဘူး။ ခွေးများကအစ သူ့အမိန့်ကို နာခံကြပါတယ်။

ခွေးများကို တစ်ကြိမ် လမ်းလျှောက်ပေးရင် အနည်းဆုံး ၄၅ မိနစ် ကြာပါတယ်။ မိုးရွာသည်ဖြစ်စေ၊ နေပူသည်ဖြစ်စေ လမ်းလျှောက်ပေးရမြဲပါ။ ခွေးကိုးကောင်စလုံးရဲ့ လည်ပတ်များမှာ ဘုရင်မရဲ့ ခွေးဖြစ်ကြောင်း အမှတ်အသားအဖြစ် ရေးထားတဲ့ သတ္တုပိုင်းကလေးတွေ ပါပါတယ်။ မတော်တဆ ပျောက်ရှသွားရင် တွေ့တဲ့သူက ပြန်ပို့နိုင်အောင်ပါ။ တစ်ခါတုန်းက ကျွန်တော် အဲဒီခွေးကိုးကောင်ကို လမ်းလျှောက်ထွက်ပြီး မိုးရေတွေ စိုရွှဲကာ ပြန်လာခဲ့ပါတယ်။ ဒါပေမယ့် ခွေးကကိုးကောင်အစား ရှစ်ကောင်ပဲ ပါလာခဲ့ပါတယ်။

'ဟဲ့… ခွေးက ရှစ်ကောင်ပဲ ရှိပါကလား။ ရှဲဒိုး ပါမလာဘူး' လို့ ဘုရင်မကြီးက ထိတ်လန့်တကြား ဆိုပါတယ်။

'စိတ်မပူပါနဲ့ သခင်မ၊ ကျွန်တော် တစ်ခေါက်ထွက်ပြီး ပြန်ရှာပါဦးမယ်' လို့ လျှောက်တင်လိုက်ပါတယ်။ အပြင်မှာတော့ မိုးတွေက သည်းကြီးမည်းကြီး ရွာနေဆဲပါ။



နာရီဝက်လောက်ကြာတော့ ပျောက်နေတဲ့ ရှဲဒိုးကို 'ဒီး'မြစ်ရဲ့ နံဘေးမှာ ပြန်တွေ့ရပါတယ်။ ဒီတော့မှပဲ ကျွန်တော့်မှာ အသက်ဝဝ ရှူနိုင်ပါတော့တယ်။

ခွေးတွေထဲက တစ်ကောင်တည်းသော အထီးဖြစ်တဲ့ ချစ်ပါက ကျွန်တော်နဲ့ မိုပြီး ကျွမ်းဝင်လာတာကို ဘုရင်မကြီးက သတိထားမိပါတယ်။ သူ့အပါးမှာ ခစားရတဲ့ တစ်နှစ်တာကာလအတွင်း ချစ်ပါကို ကျွန်တော့်အိပ်ခန်းထဲမှာ သိပ်ခွင့်ပြုခဲ့ပါတယ်။ ဒါပေမယ့် ဘာလ်မိုရယ်လ်၊ ဆာဒရင်ဟမ်၊ ဝင်ဆာရဲတိုက်များမှာသာ ကျွန်တော်နဲ့ အိပ်ခွင့်ပြုပြီး ဘာကင်ဟမ်နန်းတော်ရောက်ရင်တော့ ခွင့်မပြုပါဘူး။ ဘာကြောင့်လဲဆိုတော့ ဘာကင်ဟမ်မှာ ကျွန်တော် နေရတဲ့အခန်းက ဘုရင်မရဲ့ စက်ရာဆောင်နဲ့ ဝေးလို့ပါပဲ။ ချစ်ပါက ကျွန်တော့်အိပ်ခန်းထဲမှာ အိပ်ပြီဆိုရင် ကျွန်တော့် ခုတင်ခြေရင်းမှာ အမြဲအိပ်လေ့ ရှိပါတယ်။ နောက်ကိုးနှစ်အကြာမှာတော့ သူ ကွယ်လွန်သွားခဲ့ရှာပါတယ်။

☐

ဘုရင်မကြီးရဲ့ နေ့စဉ်ဘဝကတော့ နာရီလက်တံများလိုပဲ ပုံမှန်လှုပ်ရှားမှုသာ ရှိပါတယ်။ မနက် ၈ နာရီထိုးတာနဲ့ တစ်ပြိုင်နက် အဝတ်အစားများ လဲလှယ်ပေးမယ့်ဝန်ထမ်းက လက်ဖက်ရည်ကြမ်းအိုး တစ်အိုးပါတဲ့ ဗန်းကိုကိုင်ဆောင်ပြီး အိပ်ခန်းထဲကို ဝင်ရပါတယ်။ အဲဒီအချိန်မှာ သူ့ခွေးကိုးကောင်တို့ကလည်း အခန်းထဲကို တစ်ပါတည်း လိုက်ပါသွားကြတာပါ။ အဲဒီဝန်ထမ်းက အခန်းထဲကို သူရောက်ပြီဆိုတာနဲ့ တစ်ပြိုင်နက် အိပ်ခန်းရဲ့ခန်းဆီးများကို ဆွဲဖွင့်ပေးရပါတယ်။

တော်ဝင်မိသားစုများအတွက် ခန့်ထားတဲ့ နွားနို့သမားက ဝင်ဆာနန်းတော်ကြီးမှာ ဘယ်သူမှ မနိုးခင် လတ်လတ်ဆတ်ဆတ် နွားနို့များ လာပို့ရပါတယ်။ ဝင်ဆာဂရိတ်ပတ်ခ်မှာ မွေးမြူထားတဲ့ ဂျာဆီနွားမတစ်အုပ်မှရရှိတဲ့ နွားနို့များကို တော်ဝင်မိသားစုများအတွက် ရွှေနန်းတော် အမှတ်တံဆိပ် ရိုက်နှိပ်ထားတဲ့ အဝကျယ်ပုလင်းများမှာထည့်ပြီး လာပို့ရတာပါ။ ပုလင်းများရဲ့ထိပ်ဝမှာတော့ အစိမ်းနဲ့ ရွှေရောင်ပုလင်းဖုံးများ ခတ်နှိပ်ထားပြန်ပါတယ်။ ထိုနည်းတူစွာပဲ နွားနို့များမှ ချက်လုပ်ထားတဲ့ မလိုင်များကိုလည်း သီးခြားပို့ပေးရပါတယ်။ မနက် ၉ နာရီအချိန်မှာတော့ ဘုရင်မကြီးက ဧည့်ခန်းကိုဖြတ်ကာ ထမင်းစားခန်းအတွင်း ဝင်ရောက်ပါတယ်။ အဲဒီအချိန်မှာ သူ့လက်ထဲမှာ ကိုင်ဆောင်ထားတာကတော့ ရှေးဟောင်းရော်ဘာတစ်ရေဒီယိုတစ်လုံးပါ။ ပုံမှန် ဘီဘီစီကို ဖွင့်ထားမြဲပါပဲ။ သူ ဝင်မလာခင် မိနစ်ပိုင်းအတွင်းမှာ ကျွန်တော်က နံနက်စာအတွက် အသီးအနှံများနဲ့ ထမင်းစားပွဲကို ပြင်ဆင်ထားရပါတယ်။ ဒီထမင်းစားခန်းက မိသားစုအားလုံး စုံညီညီ

www.burmeseclassic.com

www.burmeseclassic.com



စားသုံးတဲ့အခါမှာ အသုံးပြုဖို့ ရည်ရွယ်ထားတာ ဖြစ်ပေမယ့် များသောအားဖြင့် ဘုရင်မကြီးက သူတစ်ယောက်တည်းသာ ဒီနေရာမှာ စားလေ့ရှိပါတယ်။ လူလေးယောက်ထိုင်စားလောက်တဲ့ ထမင်းစားပွဲဝိုင်းက နေရောင်ခြည် အပြည့်အဝရနိုင်တဲ့ ခန်းမကြီးရဲ့ အလယ်ခေါင်တည့်တည့်မှာ တည်ရှိပြီး ဒီအခန်းရဲ့ ပြတင်းပေါက်များက နေရောင်ခြည်ဝင်နိုင်အောင် ခပ်ကျယ်ကျယ် ပြတင်းပေါက်များကို ထားရှိပါတယ်။ နံရံပေါ်မှာတော့ ရွှေဘောင်ကွပ်ထားတဲ့ ပန်းချီကားတစ်ချပ် ချိတ်ဆွဲထားပါတယ်။

နေ့စဉ် နံနက်တိုင်း မြင်တွေ့ရဖန်များလို့ ရိုးနေပြီဖြစ်တဲ့ မြင်ကွင်းကတော့ နံရံတစ်ဖက်မှာကပ်ထားတဲ့ စားပွဲပေါ်က လျှပ်စစ်ရေနွေးကရား နံဘေးမှာ ကိုယ်တိုင်ကိုယ်ကျ စောင့်နေတဲ့ ဘုရင်မကြီးရဲ့ မြင်ကွင်းပါပဲ။ ရေနွေးဆူလာလို့ ကရားက အသံထွက်လာချိန်မှာ ကိုယ်တိုင်ကိုယ်ကျ ငွေခရားထဲမှာ လက်ဖက်ရည်ကို နှပ်ပါတယ်။ ပြီးတော့မှ စားပွဲမှာထိုင်ပြီး ဗြိတိသျှသတင်းစာများကို အကြမ်းဖျင်း အပြေးအလွှား ကြည့်တတ်ပါတယ်။ စနစ်တကျ ဖိုင်နဲ့တွဲပေးထားတဲ့ သတင်းစာများကတော့ The Times, Daily Telegraph, The Daily Express, Daily Mail, Daily Mirror တို့ဖြစ်ပြီး မြင်းပွဲသတင်းဖော်ပြတဲ့ သတင်းစာများမှာတော့ အဲဒီသတင်းတည့်တည့်မြင်နိုင်အောင် စာမျက်နှာကိုပါ ဖွင့်ထားပေးရပါတယ်။ ဘုရင်မကြီးစိတ်ကြိုက် မဂ္ဂဇင်းတွေကတော့ Harpers & Queen, Tatler နဲ့ Horse and Hound မဂ္ဂဇင်းများပါပဲ။ ဘယ်တော့မှ မဖတ်တာကတော့ Sun နဲ့ Daily Star တို့ပါ။ ဒါပေမယ့် အဲဒီသတင်းစာများမှာ ဖော်ပြထားတဲ့ တော်ဝင်မိသားစုများရဲ့ သတင်းကိုတော့ သတင်းနဲ့ ပြန်ကြားရေးရုံးက မနက်တိုင်း အကျဉ်းချုပ်ရေးသားပြီး သတင်းစာများ နံဘေးမှာ ချထားပေးရပါတယ်။

Daily Telegraph သတင်းစာမှာပါတဲ့ စာလုံးပဟေဠိကို ဘုရင်မကြီးက အထူးစိတ်ဝင်စားတဲ့အတွက် အဲဒီစာမျက်နှာကိုလည်း အဆင်သင့် ဖတ်ရှုနိုင်အောင် စီစဉ်ပေးရပါတယ်။ သတင်းစာမှာဖော်ပြထားတဲ့ ပဟေဠိနှစ်ခုစလုံးကို အပြီးဖြည့်တဲ့အကျင့် ရှိပါတယ်။ တစ်ခါတလေ သတင်းစာ မဖတ်နိုင်တဲ့ အခါများမှာလည်း တာဝန်ရှိသူများက အဲဒီပဟေဠိ စာမျက်နှာများကို သီးခြားစုစည်းထားရပါတယ်။ ပြည်ပခရီးစဉ်များက ပြန်ရောက်လို့ အားလပ်ပြီဆိုတာနဲ့ တစ်ပြိုင်နက် ပဟေဠိကို ကိုင်တော့တာပါပဲ။

ပထမဆုံးဖတ်တဲ့ သတင်းစာက Sporting Life သတင်းစာပါ။ ဒီသတင်းစာမှာ နေ့စဉ်ပြိုင်မယ့် မြင်းပွဲသတင်း၊ မြင်းပြိုင်ပွဲနဲ့ပတ်သက်တဲ့ အစည်းအဝေး သတင်း



တွေကို ဖတ်ရှုတာပါ။ ဘုရင်မကြီးမှာ အိပ်ဆောင် စာအုပ်ကလေးတစ်အုပ် ရှိပါတယ်။ အဲဒီစာအုပ်မှာ မြင်းပွဲသတင်း အနိုင်အရှုံးတို့ကို ဘုရင်မကြီးရဲ့ မြင်းပြိုင်ပွဲမန်နေဂျာက နေ့စဉ် ဖြည့်စွက်ပေးထားရပါတယ်။ ဖြည့်စွက်ပေးရတဲ့ အကြောင်းအရာတွေကတော့ ဘယ်နေ့ ဘယ်အချိန်မှာ သူမရဲ့ ဘယ်မြင်းတွေ ဝင်ရောက်ယှဉ်ပြိုင်မယ်ဆိုတဲ့ အချက်အလက်တွေပါပဲ။ တာဝန်ချိန်ကလွဲရင် သူ စိတ်အဝင်စားဆုံးက မြင်းပြိုင်ပွဲပါ။ Sports of Kings စာစောင်မှာ ဖော်ပြထားတဲ့ မြင်းများအကြောင်း၊ မြင်းထိန်းများအကြောင်း၊ ဂျော်ကီများအကြောင်း၊ မြင်းစောင်းများအကြောင်း၊ နိုင်သွားတဲ့မြင်း၊ ရှုံးသွားတဲ့မြင်း စတဲ့ အကြောင်းအရာများဟာ သူမ စိတ်အဝင်စားဆုံး အကြောင်းအရာတွေပါ။

ဘုရင်မကြီးနဲ့ စကားလက်ဆုံကျချင်ရင် မြင်းပွဲအကြောင်းကသာ စပြောလိုက်။ ဒါဆိုရင် သေချာပေါက် စကားလက်ဆုံကျတော့မှာပဲ။ ဒါပေမယ့် တော်ရုံတန်ရုံ မြင်းပွဲအကြောင်း သိရုံလောက်နဲ့တော့ သွားမစမ်းလေနဲ့။ သူက အင်မတန် ကျွမ်းကျင်နေတဲ့သူ ဖြစ်တော့ ကိုယ့်ဘက်က တပ်ခေါက်သွားရနိုင်တယ်။ ကျွန်တော်က မြင်းများနဲ့ပတ်သက်လို့ မကျွမ်းကျင်တော့ သူ့ကို အဲဒီလိုစကားမျိုး မစရဲပါဘူး။ ဒါပေမယ့် တစ်ခါတလေမှာတော့ သူ့မြင်းတွေအကြောင်း နည်းနည်းပါးပါး တီးမိခေါက်မိ ပြောမိတာတွေ ရှိပါတယ်။

တစ်နေ့မှာတော့ 'ဘုရင်မကြီးခင်ဗျာ.. ဒီနေ့ ဟိုင်းကလဲမြင်းကလေး ဝင်ပြိုင်မယ်လို့ သိရပါတယ်။ နိုင်ခြေများ ရှိပါသလား ခင်ဗျာ' လို့ မေးမိပါတယ်။

ဒီတော့ ဘုရင်မကြီးက 'ဒါကတော့ အခြေအနေ အရပ်ရပ်အပေါ်မှာ မူတည်တယ်ကွဲ့' လို့ဆိုပြီး သိပ္ပံနည်းကျတဲ့ ရှင်းလင်းချက်များဖြစ်တဲ့ မြင်းရဲ့ ကိုယ်အလေးချိန်၊ သူ့ပြိုင်ဘက်တွေ သူ့အဆင့် စသဖြင့် ရှည်ရှည်ဝေးဝေး ရှင်းပြလိုက်တဲ့ မြင်းပွဲနဲ့ပတ်သက်တဲ့ ဗဟုသုတတွေ တော်တော်များများ ကျွန်တော် ရလိုက်ပါတယ်။

ဘုရင်မကြီးထံမှ ဒီနေ့တော့ ဘယ်မြင်းနိုင်လိမ့်မယ်လို့ ခန့်မှန်းတာ ဘယ်တော့မှ ကျွန်တော် မသိခဲ့၊ မရခဲ့ပေမယ့် ကျွန်တော်ကတော့ ကိုယ့်ဘုရင်မအပေါ်မှာ သစ္စာရှိစွာနဲ့ သူ့မြင်းတွေဘက်ကချည်း လောင်းခဲ့တာပါ။

မနက် ၁၀ နာရီဆိုရင် အလုပ်ကစပါပြီ။ ညှိခန်းထဲမှာရှိတဲ့ စားပွဲတစ်လုံးမှာ ထိုင်လိုက်ပါတယ်။ သူ့ရှေ့မှာ ခလုတ်ပေါင်းများစွာပါတဲ့ စက်ခလုတ်ခုံတစ်ခုရှိပါတယ်။ ပထမဆုံး 'ကိုယ်ရေးအတွင်းရေးမှူး' လို့ စာကပ်ထားတဲ့ ခလုတ်ကို နှိပ်လိုက်ပြီး ရှင်ရှင်မြူးမြူးလေသံနဲ့ 'ခဏလောက် လာခဲ့ပါလားကွယ်' လို့ ခေါ်တော့တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



စက္ကန့်ပိုင်းအတွင်းမှာ ကိုယ်ရေးအတွင်းရေးမှူးဖြစ်တဲ့ ဆာမာတင်ချာတရိစ် ရောက်လာတော့တာပါပဲ။ သူ ရောက်လာပြီဆိုရင် လက်ထဲမှာ စာတွေထည့်ထားတဲ့ လေးထောင့်ကျကျ တောင်းတစ်လုံး ကိုင်ဆောင်လာတော့တာပဲ။ တံခါးရွက်ကို အသာအယာ ခေါက်လိုက်ပြီး သူ ဝင်လာကာ ဘုရင်မကြီးနဲ့ နှစ်ယောက်သား အလုပ်တွေ ရှုပ်ကြတော့တာပါပဲ။ တက်ရမယ့် ပွဲတွေ၊ လက်ခံတွေ့ဆုံရမယ့်သူတွေ၊ စသဖြင့် ဘုရင်မကြီးနဲ့ပတ်သက်တဲ့ ကိစ္စမှန်သမျှကို သူက တာဝန်ယူ စီစဉ်ပေးရတာပါ။

တစ်နေ့လုံး စားပွဲမှာ တစ်ယောက်တည်း အလုပ်လုပ်တာဟာ ဘုရင်မကြီး အတွက် နေ့စဉ် ဝတ္တရားတစ်ခုဖြစ်သလို နေ့လယ်စာ စားသုံးရာမှာလည်း တစ်ယောက်တည်းသာ စားသုံးတတ်ပါတယ်။ အင်္ဂလန်နိုင်ငံဟာ ခေတ်မီတိုးတက်နေတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပေမယ့် ဘုရင်မကြီးကတော့ ဘယ်တော့မှ စပီကာဖုန်းကို မသုံးပါဘူး။ တစ်ယောက်ယောက်ကို ခေါ်ချင်ပြီဆိုရင် ဘဲလ်နှိပ်လိုက်တာပါပဲ။ သူ့ဝန်ထမ်းများ ရှိနေမယ့်နေရာကို ကြားအောင် စီစဉ်ထားပြီး ဘယ်နေရာက ခေါ်တယ်ဆိုတာကိုလည်း သိနိုင်အောင် စီစဉ်ထားပေးပါတယ်။ ဧည့်ခန်းက ခေါ်တာလား၊ အိပ်ခန်းက ခေါ်တာလား။ ထမင်းစားခန်းက ခေါ်တာလား။ ဧည့်ပရိသတ်များ လက်ခံတွေ့ဆုံတဲ့အခန်းက ခေါ်တာလား။ နားနေခန်းက ခေါ်တာလားဆိုတာကို ကျွန်တော်တို့ မင်းမှုထမ်းများကလည်း ချက်ချင်း သိကြပါတယ်။

မနက် ၁၁ နာရီနဲ့ မွန်းလွဲ ၁ နာရီကြားက အချိန်ကိုတော့ ပုဂ္ဂလိက ပရိသတ်များအား လက်ခံတွေ့ဆုံချိန်လို့ သတ်မှတ်ထားပါတယ်။ တစ်နည်းပြောရရင်တော့ ဒီအချိန်ဟာ နေ့လယ်စာ မစားသုံးမီ တွေ့ဆုံဖို့ ချိန်းဆိုထားတဲ့ ဧည့်သည်များကို လက်ခံတွေ့ဆုံချိန်လည်း ဖြစ်ပါတယ်။ ပြည်ပသံတမန်များ သို့မဟုတ် ပါလီမန် အမတ်များကို တွေ့ဆုံဆွေးနွေးချိန်ဟာလည်း ဒီအချိန်ပဲ ဖြစ်ပါတယ်။ သံတမန်များကို လက်ခံရာမှာတော့ ၁၈ ရာစုနှစ်က တည်ဆောက်ခဲ့တဲ့ Bow Room မှာ လက်ခံတွေ့ဆုံတာပါ။ အဲဒီလိုလက်ခံတွေ့ဆုံမှုကို Kissing Hands - လက်နမ်းတဲ့ အခမ်းအနားလို့လည်း ခေါ်ဆိုကြပါတယ်။ ဘာကြောင့်လဲဆိုတော့ လာရောက်တွေ့ဆုံသူက ဘုရင်မကြီးရှေ့မှာ ဒူးထောက်လိုက်ပြီး သူ့ညာဘက်လက်နဲ့ ဆန့်တန်းပေးထားတဲ့ ဘုရင်မကြီးရဲ့ ညာဘက်လက်ကို ကိုင်ယူကာ နမ်းရှုပ်ရတဲ့ အစဉ်အလာကြောင့်ပါ။

အဲဒီလိုတွေ့ဆုံပွဲများမှာ ဘုရင်မကြီးက အမြဲတစေ မတ်တတ်ရပ်နေလေ့ ရှိပါတယ်။ တစ်ခါတလေ သူ့မတ်တတ်ရပ်ချိန်ဟာ နှစ်နာရီလောက်အထိ ကြာမြင့်



ပါတယ်။ တွေ့ဆုံပွဲတွေကနေ ပြန်လာပြီဆိုရင်တော့ ဘုရင်မကြီးက 'ပေါလ်ရေ… သောက်စရာတစ်ခုခု အဆင်သင့်ဖြစ်ပြီလား' လို့ မေးတတ်စမြဲပါ။ ကျွန်တော်က လည်း တာဝန်သိတဲ့ မင်းမှုထမ်းပီသစွာ သူ မမေးခင်ကတည်းက သူ့အကြိုက် ဂျင်ကို သံပုရာသီးတစ်စိတ် ရေခဲနှစ်တုံးနဲ့ အဆင်သင့် လုပ်ထားပေးပြီးသားပါ။ နေ့လယ် တစ်နာရီတိတိမှာတော့ နေ့လယ်စာ စားသုံးပါတယ်။ စားသုံးချိန်ကလည်း ပုံမှန်အားဖြင့် တစ်နာရီလောက် ကြာပါတယ်။

တခြား ထူးခြားတဲ့အစီအစဉ်များ မရှိဘူးဆိုရင် နေ့လယ်စာ စားပြီးတာနဲ့ တစ်ပြိုင်နက် ဘုရင်မကြီးက သူ့ခွေးများကိုခေါ်ပြီး ဥယျာဉ်အတွင်းမှာ လမ်းလျှောက် ထွက်တာ နှစ်နာရီလောက်ကြာပါတယ်။ အဲဒီလို လမ်းလျှောက်တိုင်း ခေါင်းမှာ ပဝါစည်းထားပြီး ဇာစ်ကုတ်လည်း ဝတ်ဆင်ထားတတ်မြဲပါ။ တစ်ခါတလေ ကျွန်တော့်ကို ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်နေတဲ့ မြင်းပြိုင်ပွဲသတင်းများ ကို သူ ပြန်ကြည့်နိုင်အောင် ကူးယူခိုင်းတတ်ပါသေးတယ်။ မြင်းပွဲသတင်းကို နားထောင်နေတဲ့အချိန် မြင်းပြိုင်ပွဲကို ရုပ်မြင်သံကြားကနေတစ်ဆင့် သူ ကြည့်နေပြီ ဆိုရင် ဘယ်သူ့မှ အနှောင့်အယှက် မပေးမိအောင် အထူးသတိထားကြရပါတယ်။ အကြောင်းတစ်စုံတစ်ခုကြောင့် အနှောင့်အယှက်ပေးမိပြီဆိုရင် အဲဒါ အင်မတန် ရိုင်းပျတဲ့ အပြုအမူလို့ သတ်မှတ်ကြပါတယ်။ မြင်းပြိုင်နေတဲ့ သုံးမိနစ်လောက်ကို စောင့်လိုက်ရုံနဲ့ ဘယ်အရာမှ အကြီးအကျယ် ပျက်စီးဆုံးရှုံးသွားလိမ့်မယ်လို့ မယူဆကြပါဘူး။

ဘုရင်မကြီးက နေ့လယ်စာနဲ့ ညစာ စားချိန်မတိုင်မီအတွင်း တခြားသရေစာ ဘာမှစားလေ့မရှိပါဘူး။ ညနေ ငါးနာရီတိတိအချိန်မှာတော့ လက်ဖက်ရည်တစ်ခွက် ဆက်ရပါတယ်။ အဲဒီအစဉ်အလာကတော့ သူဘယ်နေရာပဲရောက်ရောက် ပျက်လို့ မရပါဘူး။ ဆော်ဒီအာရေးဗျား နန်းတော်ထဲမှာပဲ ရောက်ရောက်၊ ဘရစ်တန်နီးယား ဖိမ်ခံသင်္ဘောကြီးပေါ်မှာပဲရှိရှိ၊ ဘာကင်ဟမ်နန်းတော်အတွင်းမှာပဲနေနေ၊ ညနေ ငါး နာရီဆိုရင် လက်ဖက်ရည်သောက်ရမှ ကျေနပ်ပါတယ်။ သူ့စိတ်တိုင်းကျ လက် ဖက်ရည်ကို ကျွန်တော်ကိုယ်တိုင် ဖျော်ပေးရတာပါ။ အားလ်ဂရေး အမှတ်တံဆိပ် လက်ဖက်ခြောက်နဲ့ နှပ်ထားတဲ့ လက်ဖက်ရည်ကို နို့တစ်စက်နှစ်စက်လောက် ထည့်ပြီး အချိုများဖယ်ရှားထားတဲ့ ဆင်းဒဝစ်နဲ့အတူ ဆက်သရတာပါ။ စားဖိုမှူး ရောဘတ်ပိုင်း အထူးဖုတ်ပေးတဲ့ အသီးအနှံများနဲ့ မုန့်ကိုတော့ ဘယ်တော့ဝင် မိသားစုကမှ မစားသုံးကြပါဘူး။ ဘုရင်မကြီးကဆိုရင် အဲဒီမုန့်ကို အပိုင်းပိုင်း ဖဲ့ပြီး သူ့ခွေးများကို ချကျွေးတာပါ။ အဲဒီမုန့်တွေ ကျွေးပြီဆိုရင် သူ့ခွေးတွေက

www.burmeseclassic.com

www.burmeseclassic.com



လည်း ကျေနပ်လွန်းလို့ ကော်ဇောပေါ်မှာ လှိမ့်တဲ့ကောင်က လှိမ့်၊ ဘုရင်မကြီးရဲ့ ခြေဖမိုးကို ခေါင်းနဲ့တိုက်တဲ့ အကောင်က တိုက်နဲ့ပျော်နေကြတာပါပဲ။

လက်ဖက်ရည် သောက်ပြီးချိန်၊ ညနေ ခြောက်နာရီမှာ နောက်ထပ် သောက်စရာ တစ်မျိုးမျိုးကို ဇန်းနဲ့ထည့်ပြီး ဆက်သွင်းရပြန်ပါတယ်။ အဲဒီအချိန်မှာတော့ ဂျင်းနဲ့အားဆေးကို သောက်တာပါ။ ညနေ ခြောက်နာရီကျော်ရင် နိုင်ငံတော် ပွဲလမ်းသဘင်တစ်ခုခု ရှိချင် ရှိ၊ မရှိရင်တော့ ညနေပိုင်းအစီအစဉ် ဘာမှမရှိတော့ပါဘူး။ ဘာမှမရှိတဲ့ ရက်များမှာ ဘုရင်မကြီးနဲ့ ကြင်ယာတော်တို့ ညစာ အတူတူ စားသုံးကြပါတယ်။ သူတို့စားသုံးနေချိန်မှာ ခွေးကိုးကောင်ကလည်း ပတ်ဝန်းကျင်မှာ ဆော့ကစားနေမြဲပါပဲ။ အဲဒါက ပုံမှန်အားဖြင့် ည ၈ နာရီ ၁၅ လောက်မှာ ဖြစ်ပြီး သူတို့ညစာစားချိန် ရောက်လာတတ်တဲ့ ဧည့်သည်ကတော့ ဘုရင်မ မယ်တော်ကြီးပါ။ မယ်တော်ကြီးက ညစဉ်လိုလို ညစာ အတူလာစားသုံးပေမယ့် အမြဲတမ်း နောက်ကျတတ်ပါတယ်။ သူနောက်ကျတဲ့အတွက် ပုံမှန် သတ်မှတ်ထားတဲ့ ညစာ စားသုံးချိန်ဟာလည်း တစ်ခါတလေမှာ ည ၉ နာရီအထိ ရောက်သွားတတ်စမြဲပါ။ မယ်တော်ကြီးက ရောက်လာပြီဆိုရင် 'အို… မယ်မယ် နောက်များကျနေသလား… မယ်မယ်ကို စောင့်နေကြတာလား' စသဖြင့် စကားဆိုတတ်ပါတယ်။ မယ်တော်ကြီးရဲ့လေသံက တစ်ဖက်သား ကြားသာရုံ ခပ်တိုးတိုးကလေးပါပဲ။

ဘုရားရှိခိုးကျောင်းကို သွားမယ်ဆိုရင်လည်း နောက်ကျတတ်တာက မယ်တော်ကြီးပါပဲ။ တစ်ခါတုန်းက စန်ဒရင်ဟမ် စံအိမ်မှာ ဘုရားရှိခိုးသွားကြဖို့ အားလုံး အဆင်သင့်ဖြစ်နေပါပြီ။ အမျိုးသားတွေကဆိုရင် စံအိမ်အပြင်ဘက်ကိုတောင် ရောက်နေကြပြီ။ ဘုရင်မကြီးကိုယ်တိုင်လည်း ရံရွေတော်များနဲ့ ဧည့်ခန်းဆောင်ထဲမှာ အဆင်သင့် ဖြစ်နေပါပြီ။ ကျွန်တော်ကတော့ စံအိမ်တံခါးဝမှာ အဆင်သင့် စောင့်နေခဲ့ပါတယ်။ နံနက် ၁၁ နာရီအချိန်မှာ ဘုရားရှိခိုးဖို့ အချိန် စတင်တော့မှာပါ။ ၁၁ နာရီအချိန်ဝန်းကျင်ကို ရောက်လာပေမယ့် မယ်တော်ကြီးရဲ့ အရိပ်အယောင်ကို မမြင်ကြရသေးပါဘူး။ စိတ်တိုလာပုံရတဲ့ ဘုရင်မကြီးက သူ ဝတ်ဆင်ထားတဲ့ လက်အိတ်အဖြူမှ လက်ချောင်းတစ်ချောင်းချင်းကို ဆွဲဖြုတ်နေပါပြီ။ ပါးစပ်ကလည်း မယ်တော်ဘုရားက လာဦးမှာတဲ့လား။ တို့များက အချိန်ဖြုန်းပြီး ထိုင်စောင့်နေကြတာများလားလို့ ညည်းတွားနေပါတယ်။

၁၁ နာရီတိတိအချိန်မှာတော့ စံအိမ်အပေါ်ထပ်မှ ပိုးဖဲများ ဝတ်ဆင်ထားတဲ့ ဘုရင်မ မယ်တော်ကြီးရဲ့ လျှောက်လှမ်းလာသံကို ကြားလိုက်ကြရပါတယ်။ ခန်းမဆောင်ထဲ ရောက်လာချိန်မှာ သူ့သမီးတော်ကို ကြည့်လိုက်ပြီး 'မယ်မယ် နောက်ကျနေပြီလား၊ သမီးတော်တို့က မယ်မယ့်ကို စောင့်နေကြတာ ကြာပြီလား' လို့ ထုံးစံအတိုင်း မေးပြန်ပါတယ်။ ဘယ်သူကမှ ပြန်ဖြေသံမကြားလိုက်ရဘဲ အားလုံးက ပြုံးရုံသာ ပြုံးပြလိုက်ကြတဲ့အတွက် ကျွန်တော့်မှာ ရှေ့ကဦးဆောင်ပြီး ကားတံခါး သွားဖွင့်နေလိုက်ရပါတယ်။ ကျွန်တော့်တာဝန်က ကားပေါ်ကို ဘုရင်မကြီး တက်ထိုင်ပြီး နေသားတကျရှိပြီဆိုရင် ကားထဲကို ကျွန်တော်က ဒူးထောက်ဝင်ပြီး ဘုရင်မ ခြေထောက်ပေါ်ကို သားမွေးကော်ဇောတစ်ခုနဲ့ အုပ်ပေးရပါတယ်။ ဒါက ကျွန်တော် လုပ်ခဲ့ရတဲ့ တာဝန်များထဲက အစဉ်အလာတစ်ခုပါ။



အဲသလို နာရီလက်တံများနဲ့ ပုံသေကားကျ နေ့စဉ်ဝတ္တရားများ ဆောင်ရွက်နေစဉ်အတွင်း ကျွန်တော့် နောက်တာဝန်တစ်ခုကတော့ ဘုရင်မကြီး ညစာ စားသုံးနေစဉ်မှာ ထမင်းစားခန်းထဲက ရုပ်မြင်သံကြားစက် အပန်းဖြေခန်းထဲက ရုပ်မြင်သံကြားစက်တို့ကိုဖွင့်ထားပြီး ဘီဘီစီရုပ်မြင်သံကြားမှ ထုတ်လွှင့်နေတဲ့ Morecambe and Wise လျှို့ဝှက်သည်းဖို ဇာတ်လမ်းတွဲဖြစ်ဖြစ်၊ ည ၉ နာရီ သတင်းဖြစ်ဖြစ် ဖွင့်ထားပေးရပါတယ်။

တစ်ခါတုန်းက နားနေခန်းထဲမှာ ဘုရင်မကို ရုပ်မြင်သံကြားစက် ဖွင့်ပေးပြီး အပြင်ဘက်မှာ ကျွန်တော် ခပ်ပျင်းပျင်းနဲ့ ရပ်နေခဲ့ပါတယ်။ မမျှော်လင့်ဘဲ အခန်းထဲက အော်သံနဲ့ ခွေးများဟောင်သံ ကြားလိုက်ရတာကြောင့် ကျွန်တော်နဲ့အတူ အခြားအမှုထမ်းတစ်ဦးတို့ တံခါးဖွင့်ပြီး အခြေအနေကို ကြည့်လိုက်ကြပါတယ်။ ဘုရင်မကြီးက ကျွန်တော်တို့ကို မြင်သွားတော့ 'လာလာ… ကြည့်ကြစမ်း' လို့ ရင်ခုန်စိတ်လှုပ်ရှားနေတဲ့အသံနဲ့ပြောရင်း ရုပ်မြင်သံကြား ဖန်သားပြင်ကို လက်ညှိုးထိုးပြပါတယ်။ ပါးစပ်ကလည်း 'အံ့သြစရာကောင်းလိုက်တာ' လို့ ရေရွတ်နေသေးရဲ့။ ဖန်သားပြင်မှာ တွေ့လိုက်ရတဲ့ မြင်ကွင်းကတော့ ဆာရာရေမို အိုလံပစ်ပွဲတော်မှာ အင်္ဂလန်နိုင်ငံကို ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်တဲ့ တော်ဗီးလ်နဲ့ ဒီးန်းတို့ နှစ်ယောက် ရေခဲပြင်အကပြိုင်ပွဲမှာ ရွှေတံဆိပ်ဆု ဆွတ်ခူးသွားတဲ့ မြင်ကွင်း ဖြစ်နေပါတယ်။ ဒီမြင်ကွင်းကြောင့် ဘုရင်မကြီး စိတ်လှုပ်ရှားသွားခြင်းပါ။

ညစဉ်ညတိုင်း ညစာစားသုံးပြီးချိန်မှာ ကျွန်တော့် တစ်နေ့တာ တာဝန်များ ပြီးဆုံးတော့မှာ ဖြစ်ပေမယ့် နောက်ထပ် အလုပ်နှစ်ခု ကျန်နေပါသေးတယ်။ ဖန်ခွက် နှစ်ခွက်ကို ငွေဗန်းပေါ်မှာတင်။ ရေသန့်ပုလင်း တစ်ပုလင်း၊ ဝီစကီပုလင်းတစ်ပုလင်းနဲ့ ကြင်ယာတော်အတွက် ဒဘယ်လ်ဒိုင်းမွန်း ဘီယာတို့ကို တင်ဆောင်ကာ စာကြည့်ခန်းအတွင်း ပို့ပေးရခြင်းပါ။ နောက်တစ်ခုကတော့ ခွေးများကို နောက်ဆုံးအိပ်ရာမဝင်ခင် လမ်းလျှောက်ပေးရပါသေးတယ်။ လမ်းလျှောက်က ပြန်လာပြီဆိုရင်တော့

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်တွေကို သူတို့အိပ်မယ့် အခန်းထဲ ပို့ပေးလိုက်ရုံပါပဲ။ တစ်ခါတလေမှာ ဘုရင်မကြီးက စက်ရာဆောင်မဝင်သေးဘဲ ခွေးများကို လမ်းလျှောက်ပေးပြီး ပြန်ခေါ်လာတဲ့ ကျွန်တော်နဲ့ စကားစမြည် လာပြောတတ်ပါတယ်။ အဲဒီအချိန်အထိ ညနေခင်းဝတ်စုံ ဝတ်ဆင်ထားဆဲဖြစ်တဲ့အပြင် စိန်လည်ဆွဲနဲ့ စိန်နားကပ်တို့ကိုလည်း ဝတ်ဆင်ထားမြဲပါ။ သူ့ခွေးတွေကို ကိုယ်တိုင်ဂရုစိုက်ပြီး နေသားတကျရှိရဲ့လားဆိုတာကိုလည်း ကြည့်တတ်ပါသေးတယ်။ အဲသလို ကြည့်ပြီးရင်တော့ 'ဂွတ်နိုက် ပေါလ်' လို့ နှုတ်ဆက်ကာ စက်ရာခန်းအတွင်း ဝင်သွားပါပြီ။ ဒါက ကျွန်တော့် နေ့စဉ် ဝတ္တရားများပါ။

စက်ရာခန်းထဲ ဝင်သွားပေမယ့် ဘုရင်မကြီးက အိပ်တာ မဟုတ်သေးပါဘူး။ သူ့အလုပ်တစ်ခု ကျန်ပါသေးတယ်။ နေ့စဉ်မှတ်တမ်း ရေးသွင်းခြင်းပါ။ ဘယ်တော့မှ မင်တံမကိုင်ဘဲ ခဲတံနဲ့သာ ရေးလေ့ရှိပါတယ်။ ဒါကလည်း တော်ဝင်မိသားစုများရဲ့ ဓလေ့ထုံးတမ်းတစ်ခု ဖြစ်ပါတယ်။ ဗစ်တိုးရီးယား ဘုရင်မကြီးကအစ နေ့စဉ်မှတ်တမ်း ရေးခဲ့ကြတယ်လို့ ဆိုပါတယ်။ အိပ်ရာဝင်ဖို့ မီးမှိတ်ခါနီးအချိန်အထိ တာဝန်များထမ်းဆောင်နေရတဲ့ ဘုရင်မရယ်လို့ ကျွန်တော် မှတ်ယူမိပါတယ်။

၁၉၇၈ ခုနှစ် မေလမှာ အိမ်တော်ထိန်းဌာနသို့ အမျိုးသမီးဝန်ထမ်းတစ်ဦး ထပ်မံဖြည့်တင်း ခန့်ထားလိုက်ပါတယ်။ သူမရဲ့ တာဝန်များကတော့ ကြင်ယာတော် မင်းသားကြီးရဲ့ ခြေအိတ်များကို ဂရုတစိုက် နေလှန်းပေးခြင်း၊ ရှပ်အင်္ကျီများနဲ့ ဝတ်စုံများကို စနစ်တကျထားပေးခြင်း၊ အိပ်ရာခင်းများ လဲလှယ်ခြင်း၊ ဘုရင်မကြီးရဲ့ ခွေးများ အသုံးပြုတဲ့ မျက်နှာသုတ်ပဝါများကို လျှော်ဖွပ်ပေးခြင်းတို့ပါပဲ။ ပထမပိုင်းမှာတော့ အဲဒီကလေးမကို ကျွန်တော် သတိမပြုမိပါဘူး။ ဒါပေမယ့် ထက်ထက်မြက်မြက်ရှိတဲ့အပြင် ပေါ့ပေါ့ပါးပါး လုပ်ကိုင်တတ်ခြင်းကြောင့် ကျွန်တော် အထင်ကြီးလာမိပါတယ်။ သူမကတော့ ကျွန်တော့်ကို သဘောမကျပါဘူး။

ဘုရင်မကြီးရဲ့ ခြေမြန်တော်ဘဝကနေ၊ အပါးမှာ အနီးကပ် စေားရတဲ့ ကျွန်တော့်ဘဝကို ပြန်တွေးကြည့်လိုက်တဲ့အခါ အင်္ဂလန်နိုင်ငံမြောက်ပိုင်း ရွာသိမ်ကလေးတစ်ခုကနေ ပြည့်ရှင်ဘုရင်မနဲ့ စကားလက်ဆုံ ပြောနိုင်တဲ့ အခွင့်အရေးအထိ ရရှိလာခဲ့ပြီဖြစ်လို့ ကျွန်တော့်ကံကို ကျွန်တော် ယုံကြည်စိတ်ချမိလာတယ်။ ဘယ်အရာမဆို ကျွန်တော်လုပ်ရင် ဖြစ်နိုင်လိမ့်မယ်လို့လည်း စိတ်ကြီးဝင်လာမိတဲ့အတွက် ဘာကင်ဟမ်နန်းတော်ကြီးရဲ့ ကော်ရစ်ဒါများမှာ လမ်းလျှောက်ရတဲ့အခါ ကိုယ့်ကိုယ်



ကိုယ် ခြေထောက်နဲ့မြေကြီး ထိမိရဲ့လားလို့တောင် တွေးမိခဲ့ပါတယ်။ မြောက်ပိုင်းသားတို့ရဲ့ ခပ်ဝဲဝဲ လေသံလည်း ကျွန်တော့်မှာမရှိတော့ဘဲ ပကတိ နန်းတွင်းသားများလို ခန့်နားထည်ဝါတဲ့ စကားလုံးများနဲ့ ပြောတတ်ဆိုတတ်နေပါပြီ။ မြဲပြောရရင်တော့ ကျွန်တော်ဟာ တောသားတစ်ယောက် မဟုတ်တော့ဘဲ နန်းတွင်းသားတစ်ယောက် ဖြစ်နေပြီပေါ့။

အခြေအနေပေးလို့ ဘယ်လိုပဲ အနေမြင့်သည် ဖြစ်စေကာမူ ဇာတိကိုတော့ ကျွန်တော် မမေ့ပါဘူး။ အသစ်ဝင်လာတဲ့ ကောင်မလေးကလည်း ဝေလပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ ဟို့လ်တ်ရွာကလေးက ကျေးတောသူကလေးတစ်ယောက်ပါ။ သူမ မိဘများက လစ်ဗာပူးလ်မှာ နေထိုင်ခဲ့ကြသူများဖြစ်ပြီး ကက်သလစ် ခရစ်ယာန်ဘာသာဝင်များလည်း ဖြစ်ကြပါတယ်။

သူမနဲ့ဆက်ဆံရာမှာ ကျွန်တော်က အမှားတစ်ခု ကျူးလွန်လိုက်မိပါတယ်။ အဲဒါကတော့ ခွေးကလေးများအတွက် အသုံးပြုပြီးသားဖြစ်တဲ့ မျက်နှာသုတ်ပဝါများကို သူမခြေရင်းမှာ ပစ်ချပြီး 'မျက်နှာသုတ်ပဝါတွေ' လို့ အမိန့်သံပါပါ ပြောဖြစ်ခဲ့ခြင်းပါပဲ။

သူမဘက်က အသံထွက်မလာပေမယ့် မျက်နှာအမူအရာကတော့ ကျွန်တော့်ကို လုံးဝမကျေနပ်ဘူးဆိုတာ ဖော်ပြနေပါတယ်။ အဲဒီမိန်းကလေးက သူ့အဖော်တွေကို 'စိန်နားကပ်ရောင်နဲ့ ပါးပြောင်နေတဲ့လူ' လို့ ပြောပါသတဲ့။ သူမရဲ့နာမည်က မာရီယာကော့စ်ဂရုဗ်လို့ ခေါ်ပါတယ်။ နောင်မှာ ကျွန်တော့်ဇနီး ဖြစ်လာသူပေါ့။

၁၉၇၉ ခုနှစ်ရောက်တော့ မာရီယာက အကြီးတန်း အိမ်တော်ထိန်းအဖြစ် ရာထူးတိုးမြှင့်ခြင်းခံရပြီး ဘယ်လ်ဂျီယန် ခန်းမဆောင်ကို လုံးဝတာဝန်ယူရသူ ဖြစ်လာပါတယ်။ ဒီအခန်းက ဘာကင်ဟမ်နန်းတော်အတွင်းမှာရှိတဲ့ ဧည့်ဆောင်တော်ကိုလည်း စီးမိုးကြည့်နိုင်တဲ့အခန်းပါ။ ဒါကြောင့် ပြည်ပနိုင်ငံများမှ နိုင်ငံခေါင်းဆောင် ဧည့်သည်တော်များ လာရောက်တဲ့အခါ ဒီအခန်းမှာပဲ သိပ်လေ့ရှိပါတယ်။

မာရီယာ ရာထူးတိုးမြှင့်ခြင်းခံရတဲ့ လမှာပဲ ကျွန်တော်ကလည်း ဘုရင်မကြီး မြင်းခြောက်ကောင်က ရထားနဲ့ ထွက်တော်မူတဲ့အခါ နောက်တော်ပါးကနေ အနီးကပ်စေားလိုက်ပါရတဲ့သူ ဖြစ်လာခဲ့ပါတယ်။ အဲဒီလိုထွက်ရတဲ့အခါ အပြာရောင်ကတ္တီပါစနဲ့ ချုပ်ထားတဲ့ ဦးထုပ်ကိုဆောင်းကာ ဝတ်စုံကလည်း ဝတ်စုံပြည့်ဝတ်ဆင်လိုက်ပါရတာပါ။ စီးတော်မူတဲ့ရထားက ၁၉၀၂ ခုနှစ်ကတည်းက တည်ဆောက်ခဲ့တဲ့ ရွှေနန်းတော်သုံး ရထားဖြစ်ပါတယ်။ ကြေးနဲ့ပြုလုပ်ထားတဲ့ မီးအိမ်ကြီးများ တပ်ဆင်ထားတာပါ။ ဓားရှည်ကိုလွယ်ပြီး ရထားရဲ့ နောက်ကနေ စီးနင်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါလာရတဲ့ ကျွန်တော့်ရဲ့ တာဝန်က ရထားတွဲမှာပါလာတဲ့ အရှင်သခင်ကို ကာကွယ်စောင့်ရှောက်ဖို့ပါ။ ပြည့်ရှင်ဘုရင်မကြီးရဲ့ နောက်တော်ပါးမှာ လိုက်ပါခွင့်ရပြီး သြဘာသံများနဲ့ ဆီးကြိုနှုတ်ဆက်နေကြတဲ့ တိုင်းသူပြည်သားများရဲ့ ရှေ့ကနေ ဖြတ်သွားရတဲ့အခါ ကျွန်တော့်မှာ သခင်ကို ကာကွယ်ရမယ့် တာဝန်ရှိတယ်ဆိုတာကိုတောင် မေ့သွားပြီး ကြက်သီးမွေးညင်းများထကာ ပီတိဖြစ်ခဲ့မိပါတယ်။

တစ်ခါတုန်းက ဘာကင်ဟမ် နန်းတော်ရဲ့ ဘယ်လ်ဂျီယမ်အိပ်ဆောင်မှာ တည်းတဲ့ ရူမေးနီးယားနိုင်ငံသမ္မတကြီး Nicolae Ceausescu နဲ့အတူ ထွက်တော်မူပါတယ်။ ဘုရင်မကြီးက ပန်းနုရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ဦးထုပ်ကလည်း ပန်းနုရောင်ဦးထုပ်ကို ဆောင်းထားပါတယ်။ ရထားရဲ့ ဘယ်ဘက်အခြမ်းမှာ ထိုင်ပြီး သူ့နောက်တည့်တည့်မှာ ကျွန်တော် လိုက်ပါလာရတာပါ။ ကျွန်တော့်ညာဘက် သမ္မတရဲ့နောက်ဘက်မှာ လိုက်ပါလာသူကတော့ ဘုရင်မကြီး အတွင်းသိအစင်းသိဖြစ်တဲ့ ဒုဗိုလ်မှူးကြီး အန်ဒရူးပါကာဘိုးလ်စ်ပါ။ ဒီပုဂ္ဂိုလ်က လွန်ခဲ့တဲ့ ခြောက်နှစ်လောက်ကတည်းက ကမီလာဆိုတဲ့အမျိုးသမီးနဲ့ လက်ထပ်ခဲ့သူဖြစ်ပြီး ဘုရင်မကြီးနဲ့ ကောင်းကောင်းရင်းနှီးပါတယ်။

ဘုရင်မကြီးမှာ နိုင်ငံတော်က ပေးအပ်ထားတဲ့ နန်းဆောင်များ၊ ရဲတိုက်များအပြင် သူ့ပုဂ္ဂလိကပိုင် အိမ်တော်များလည်း ရှိပါသေးတယ်။ အဲဒီအိမ်တော်များကတော့ ဧက ၂၀၀၀ ကျယ်ဝန်းတဲ့ နော်ဖော့ခ်စံအိမ်နဲ့ ဘာလ်မိုရယ်လ်စံအိမ်တို့ပါပဲ။ တစ်ခါတော့ အိမ်တော်မှာ တော်ဝင်မိသားစုများလည်း ဧည့်သည်များနဲ့ ညစာစားသုံးပြီးကြပြီဖြစ်လို့ စက်ရာဆောင် အသီးသီးကို ဝင်သွားကြပါပြီ။ အိမ်တော်ထိန်း အမျိုးသမီးများနဲ့ ကျွန်တော်တို့ အမျိုးသား အမှုထမ်းများသာ သိမ်းကြဆည်းကြ၊ ရှင်းကြ၊ လင်းကြ လုပ်ကိုင်နေရင်း ကျန်နေကြဆဲပါ။ ဧည့်သည် ဘယ်လောက်သောက်သွားတယ်ဆိုတာ ဘယ်သူကမှလည်း မှတ်ထားတာ မဟုတ်တော့ ဂျင်ပုလင်းထဲက ဂျင်တချို့ကို ကျွန်တော် ကောက်ပြီးသောက်လိုက်ပါတယ်။ ကျွန်တော့် အကြံအစည်တစ်ခုကြောင့် ရဲဆေးတင်လိုက်ခြင်းပါ။

လက်ခပ်သွက်သွက်နဲ့ သောက်ချလိုက်ပြီး ဟိုဟိုဒီဒီ မျက်စိကစားလိုက်တဲ့အခါမှာတော့ ဧည့်ခန်းဆောင်ကြီးရဲ့ ပန်းချီကားများ ချိတ်ဆွဲထားရာ နေရာရဲ့ နံဘေးမှာ ရှိနေတဲ့ ပြတင်းပေါက်တစ်ခုကနေ ကျွန်တော်နဲ့ အင်မတန်ရင်းနှီးတဲ့ မျက်နှာတစ်ခုကို မြင်လိုက်ရပါတယ်။ ကျွန်တော်တို့ကို အမှတ်မထင် စောင့်ကြည့်နေတဲ့ ဘုရင်မကြီးကိုယ်တိုင်ပါပဲ။ ကျွန်တော် သောက်တာကို မြင်သွားတဲ့အတွက် သူ့စိတ်ထဲမှာ စိတ်ဆိုးကောင်း စိတ်ဆိုးသွားနိုင်ပေမယ့် သူ့ဝန်ထမ်းတွေ ပင်ပန်းလွန်း



တဲ့အတွက် ဒီအတွက်ကို သူ ခွင့်လွှတ်ပုံရပါတယ်။ ကျွန်တော်တို့ကို ဒီအကြောင်းနဲ့ ပတ်သက်ပြီး နှုတ်မှဖွင့်ဟအပြစ်မတင်ပေမယ့် သူ့မျက်ဝန်းတွေကတော့ ကျွန်တော်တို့ကို ပြာကျသွားစေလောက်အောင် စူးရှခဲ့တယ်ဆိုတာကို ကျွန်တော့်တစ်သက်မှာ မေ့တော့မှာ မဟုတ်ပါဘူး။

တစ်ခါတုန်းကလည်း ကျွန်တော်နဲ့ ဘုရင်မကြီး ခြံအတွင်းမှာ ခွေးကလေးတွေကို သူကိုယ်တိုင် အစာခွံ့ကျွေးနေတဲ့အတွက် ကျွန်တော်အနားမှာ ရှိနေတုန်း အမှုထမ်းတစ်ဦး ခြံတံခါးကိုဖွင့်ပြီး ဝင်လာတာ မြင်လိုက်ရပါတယ်။ တော်တော်မူးနေပုံရပြီး ဒယီးဒယိုင်နဲ့ပါ။ ဒီလူတော့ အကျိုးနည်းပြီလို့ ကျွန်တော် အောက်မေ့လိုက်မိပါတယ်။ ဘုရင်မကြီး လက်ထဲမှာလည်း ခွေးများကို ခွံ့ကျွေးဖို့အတွက် ခက်ရင်းတစ်လက်က အဆင်သင့် ရှိနေပါတယ်။

ယိမ်းထိုးဝင်လာတဲ့သူခမျာ ဘုရင်မကို မြင်လိုက်တော့ အမူးပြေသွားဟန်တူရဲ့။ ခပ်ယို့ယို့ကလေး တစ်ဖက်ကပ်ပြီး သူ သွားရမယ့်လမ်းကို ဆက်လျှောက်သွားပါတယ်။ ဘုရင်မကြီးကလည်း သူ့ကို တစ်ချက်သာကြည့်လိုက်ပြီး ဘာမှ မဖြစ်သယောင် သူ့ခွေးများကိုသာ အစာခွံ့မြဲ ခွံ့နေခဲ့တာကို ကြုံခဲ့ဖူးပါတယ်။

ခွေးများကို အစာခွံ့ပြီးရင် အိမ်တော်ရဲ့ အပေါ်ထပ်ကို သူ တက်တော့မှာပါ။ အဝတ်အစားလဲပြီးတာနဲ့ တစ်ပြိုင်နက် ညစာစားဖို့ ဆင်းလာပါလိမ့်မယ်။ အဲဒီလို ဆင်းလာချိန်မှာ သူ့စက်ရာဆောင်က အိပ်ရာအခင်းအနားများကို အဆင်သင့်ပြင်ပေးဖို့အတွက် မာရီယာနဲ့ အခြားအမျိုးသမီးတစ်ဦးက တာဝန်ယူထားရပါတယ်။ ဒါပေမယ့် သူတို့ခမျာ ဘုရင်မရှေ့မှာ ပေါ်ပေါ်ထင်ထင် လုပ်ရတာ မဟုတ်ပါဘူး။ ဘုရင်မ ဆင်းလာရင် သူတို့ကို မမြင်ရအောင် ထုံးစံအတိုင်း ဗီရိုကြီးများထဲမှာ ဝင်ပုန်းနေကြရသေးတာပါ။

အဲဒီညက လှေကားပေါ်က ဆင်းလာချိန်မှာ တော်တော်ဒေါသထွက်တဲ့ပုံနဲ့ 'တိရစ္ဆာန်ကောင်… ငါ့ပုလင်းအသစ်ကို သောက်သွားတာကိုး…' လို့ ရေရွတ်နေသံ ကြားလိုက်ရပါတယ်။ ကျွန်တော်က ကြားထဲကနေ ပျာပျာသလဲဝင်ပြီး တောင်းပန်လိုက်ရပါတယ်။ သူ့ပုလင်းကို သောက်သွားတာ ဖြစ်ပေမယ့် ဘုရင်မက သူ့အမှုထမ်းများကိုတော့ ဘယ်တော့မှ အပြစ်ယူလေ့ မရှိပါဘူး။

တစ်ခါတုန်းကလည်း သူတစ်ယောက်တည်း ညစာစားဖို့ ကျွန်တော် ပြင်ဆင်ပေးရပါတယ်။ စားဖိုမှူးက ငါးဟင်းနဲ့စားဖို့ ချက်ပေးထားတာပါ။ စားမယ်လို့ ဇွန်းခက်ရင်းတွေ ပြင်ဆင်ပြီးကာမှ စားချင်စိတ် မရှိတော့တဲ့ဟန်နဲ့ 'မေါလ်… ဒီငါးတွေ ငါမကြိုက်ဘူးဆိုတာ အတန်တန် ပြောထားပါရက်နဲ့ ဘာကြောင့်ချက်

www.burmeseclassic.com

www.burmeseclassic.com



သ်လဲ မသိဘူး'လို့ ဆိုပါတယ်။ ဒီတော့ ကျွန်တော်က စားဖိုဆောင်ကိုသွားပြီး ဒီငါးဟင်း ပြန်ပို့လိုက်ရမလားလို့ မေးတော့ 'ဒီဟင်းကို ပြန်ပို့လိုက်ရင် စားဖိုမှူးကို အရေးယူခံရလိမ့်မယ်။ သူ့အပြစ်မရောက်အောင်လို့ မင်းက စားဖိုဆောင်ကို သွားပြီး အသီးအရွက်တွေနဲ့ အသုပ်တစ်မျိုး လုပ်ပေးပါလို့ နိုင်းလိုက်တော့'လို့ ဖြေခဲ့ပါတယ်။ အဲဒီလောက်အထိ သူ့အမှုထမ်းများအပေါ်မှာ ညှာတာစိတ် ရှိသူပါ။

ဘုရင်မကြီးက သူ့အိမ်တော်ဝန်ထမ်းများဟာ စိတ်ပင်ပန်းမှုများစွာနဲ့ တာဝန်ထမ်းဆောင်ကြရတယ်ဆိုတာကို နားလည်ပေးနိုင်တဲ့သူ ဖြစ်ပါတယ်။ ဒါပေမယ့် ညီမတော်ဖြစ်တဲ့ မာဂရက်ကတော့ ဘုရင်မနဲ့ စိတ်ထားချင်း တခြားစီပါ။ အိမ်တော်အမှုထမ်းများကို တစ်ချက်ကလေးမှ မျက်နှာသာ မပေးပါဘူး။ အမှား တစ်စုံတစ်ရာ တွေ့တာနဲ့ တစ်ပြိုင်နက် ချက်ချင်း အရေးယူတတ်တာပါ။

မာဂရက်ရဲ့ အိမ်တော်မှာဆိုရင် အမှုထမ်းများဟာ သူ ကြည့်တဲ့ ရုပ်မြင်သံကြားစက်ကို ကြည့်ခွင့်မရှိပါဘူး။ တစ်ခါတုန်းက တော်ဝင်မိသားစုများ ဘာလ်မိုရယ်လ်စံအိမ်မှာ ရှိနေကြစဉ် ကျွန်တော်လည်း ရှိနေပါတယ်။ ညဉ့်နက်ပြီ ဖြစ်တဲ့အတွက် သူတို့အားလုံး စက်ရာခန်း အသီးသီးကို ဝင်သွားကြပါပြီ။ ကျွန်တော်နဲ့ အတူရှိနေတဲ့ အမှုထမ်းကလေးနှစ်ဦးတို့မှာ ထိုင်ပြီး အချိန်ဖြုန်းနေကြမယ့်အစား ရုပ်မြင်သံကြား ကြည့်နေရင် အချိန်ကုန်လွယ်လိမ့်မယ်လို့ ခံယူခဲ့ကြပါတယ်။ ဒီစက် ဖွင့်လိုက်တာကို ဘယ်သူမှ သိမှာမဟုတ်ဘူးလို့လည်း ထင်ခဲ့ကြပါတယ်။

ရုတ်တရက် လင့်ရှိဘာကားသံ ကြားလိုက်ရတာကြောင့် ကျွန်တော်တို့ ရုတ်တရက် ထလိုက်ကြပြီး ရုပ်မြင်သံကြားစက်ကိုပိတ်ကာ တာဝန်ကျရာနေရာမှာ အသင့်အနေအထားနဲ့ နေလိုက်ကြပါတယ်။ ဒါပေမယ့် ဧည့်ခန်းထဲကို ဝင်လာတဲ့ မာဂရက်မင်းသမီးက သံသယရှိသွားတဲ့အတွက် ရုပ်မြင်သံကြားစက်ဆီကို လျှောက်သွားပြီး စက်နောက်ဘက်ကို သူ့လက်နဲ့ စမ်းကြည့်လိုက်ပါတယ်။ စက်ပူနေတာကို တွေ့သွားတဲ့အတွက် 'နင်တို့ ရုပ်မြင်သံကြားစက် ဖွင့်ကြည့်နေကြတယ် မဟုတ်လား'လို့ မေးတော့တာပါပဲ။ အခန်းထဲမှာလည်း ကျွန်တော်တို့လေးယောက်သာ ရှိတဲ့အတွက် မငြင်းသာပါဘူး။ ဒါပေမယ့် မာဂရက်မင်းသမီးရဲ့ စူးရှတဲ့ မျက်လုံးဒဏ်ကို ကျွန်တော်တို့ ခံနေဆဲမှာပဲ သူ့အသံကြားတာကြောင့် ဘုရင်မကြီးက အိပ်ခန်းထဲကထွက်လာလို့ ကျွန်တော်တို့ သက်သာရာရခဲ့ပါတယ်။

မာဂရက် မင်းသမီးက လွတ်လွတ်လပ်လပ် နေရတာကိုလည်း နှစ်သက်သူပါ။ တစ်ညနေခင်းမှာ လက်ဆွဲခြင်းတစ်လုံးနဲ့ သူကိုယ်တိုင် မီးလင်းဖိုအတွက် သစ်ကိုင်းခြောက်တွေ လိုက်ကောက်နေတာ ကျွန်တော် မြင်ခဲ့ဖူးပါတယ်။ ကျွန်တော်ပါ



ဝိုင်းကူကောက်ပေးသင့်တယ်လို့ ယူဆတာကြောင့် ချောင်းသံပေးလိုက်ပြီး 'ကျွန်တော် ကူပါရစေလား မင်းသမီး'လို့ ပြောလိုက်ပါတယ်။

သစ်ကိုင်းခြောက်တွေကို ထိုင်ကောက်နေတဲ့ မင်းသမီးက ဖြည်းဖြည်းချင်း ရပ်လိုက်ပြီး 'ဟော့ ဒီမယ်… တို့ငယ်ငယ်တုန်းက Girl Guide(အမျိုးသမီး ကင်းထောက်) လုပ်ခဲ့ဖူးတယ်ကွယ့်။ အဲဒါမင်းသိလား'လို့ ဆိုပြီးတော့ သူ့ဘာသာသူ ထင်းခြောက်တွေကို ဆက်ကောက်နေခဲ့ပါတယ်။

မာဂရက်မင်းသမီးက တစ်ခါတလေမှာတော့လည်း ကြင်နာစိတ် ရှိတတ်ပါတယ်။ တစ်ခါတုန်းက သူ့ခြေမြန်တော် ကျွန်တော့်မိတ်ဆွေ ရော်ဂျာ ကြုံခဲ့ရတဲ့ အဖြစ်ကို ပြောပြချင်ပါသေးတယ်။ ဧည့်ခန်းထဲမှာ တော်ဝင်မိသားစုများ မရှိကြတော့ဘဲ ကျွန်တော်တို့ အမှုထမ်းများကသာ ပစ္စည်းတွေသိမ်းဆည်းနေကြပါတယ်။ အဲဒီအချိန်မှာ ဓာတ်စက်က အသံတော်တော်ကျယ်ကျယ်နဲ့ ဓာတ်ပြားတစ်ခု ဖွင့်ထားပါတယ်။ ရော်ဂျာက ကျွန်တော်တို့ချည်းပဲ ရှိတော့တယ်အထင်နဲ့ သီချင်းကို အော်ကြီးဟစ်ကျယ် ဆိုပြီးဝင်လာတဲ့အပြင် လက်နှစ်ဖက်ကို ဆန့်တန်းပြီး ဟန်ပါပါ သရုပ်ဆောင်နေပါသေးတယ်။ ကျွန်တော်တို့အားလုံး မျက်လုံးပြူးကုန်ကြပါတယ်။ မင်းသမီး ရှိနေသေးကြောင်း သူ့ကို မျက်ရိပ်မျက်ခြည်ပြပေမယ့်လည်း တော်တော်နဲ့ သဘောမပေါက်ပါဘူး။ နောက်ဆုံး မီးလင်းဖိုရှေ့မှာ စီးကရက် ထိုင်သောက်နေတဲ့ မာဂရက်မင်းသမီးကို မြင်လိုက်တော့မှ သူ့အသံပြဲကြီး တိတ်သွားပါတော့တယ်။

အားလုံးရင်ထဲမှာတော့ အပြစ်ပေးခံရတော့မှာပဲလို့ တွေးပြီး ငြိမ်သက်နေကြပါတယ်။ မာဂရက်မင်းသမီးက ဘာမှထွေထွေထူးထူး မပြောပါဘူး။ လက်ခုပ် ညင်ညင်သာသာ တီးလိုက်ပြီး 'အမှုထမ်းတွေထဲမှာလည်း အရည်အချင်းရှိတဲ့သူတွေ ရှိနေသေးတာကိုး'လို့ ပြောရင်း ဧည့်ခန်းထဲမှ ထွက်ခွာသွားခဲ့ပါတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော့်အိမ်သစ်ကို ဖဲကြိုးဖြတ်ဖွင့်ပေးနေတဲ့ ရွှေမင်းသမီး
(အပေါ်-ဝဲပုံ)

ပေါလ်ရဲ့ အိမ်သစ်
(အလယ်-ဝဲပုံ)

ဟိုက်ဂရွမ်မှာ နှင်းလူနဲ့ ပျော်နေကြတဲ့ကလေးများ
(အောက်-ဝဲပုံ)

တီရှာနဲ့ဥယျာဉ်ကို အယန်းမြေရောက်ခဲ့ကြစဉ်
(အောက်ပုံ)










www.burmeseclassic.com

www.burmeseclassic.com





ပေါလ်နဲ့ သားနှစ်ယောက်









ကလေးများနဲ့အတူ
ပန်းကန်လုံးရဟတ်ကို
လိုက်စီးနေတဲ့ နိုင်ယာနာ
(အပေါ်ပုံ)

အိမ်တော်ဝင်းအတွင်းမှာ
ကားအသေးလေးကို
မောင်းနေကြတဲ့
သားတော်နှစ်ပါး
(အလယ်ပုံ)

ကစားစရာကားဆိုပေမယ့်
ကားကြီးအတိုင်း
မောင်းလို့ရပါတယ်
(အောက်ပုံ)

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၁ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ ဘာကင်ဟမ်နန်းတော်ကြီးက ချားလ်စ်မင်းသားနဲ့ လေဒီဒိုင်ယာနာတို့ စေ့စပ်ကြောင်းလမ်းလိုက်ကြောင်း တရားဝင်ကြေညာချက် ထုတ်ပြန်လိုက်ပါတယ်။ နန်းတော်ကြီးတစ်ခုလုံးရဲ့ နေရာတိုင်းမှာ လေဒီဒိုင်ယာနာနဲ့ပတ်သက်ပြီး ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်နေကြပါပြီ။ လက်ရှိကာလမှာတော့ သူ့အကြောင်းသာ ပြောစရာရှိနေကြတာကိုး။

# အခန်း (၃)

# ချစ်ကျွမ်းဝင်တဲ့ ရွှေမင်းသမီး

'မျက်စိလည်နေလို့လားခင်ဗျာ' မျက်လုံးလေး ကလယ်ကလယ်နဲ့ လမ်းပျောက်နေပုံရတဲ့ ဧည့်သည်မိန်းကလေးတစ်ဦးကို ကျွန်တော် မေးလိုက်ခြင်းပါ။ 'ကျွန်တော် ကူညီလို့ရမလားခင်ဗျာ'

'ဟုတ်ကဲ့... ကျွန်မ လမ်းပျောက်နေလို့ပါ။ ကျွန်မအခန်းကို ပြန်ရောက်အောင် လိုက်ပို့လို့များ ရနိုင်မလား'လို့ မိန်းကလေးက ကျွန်တော့်ကို ပြန်ပြောလာပါတယ်။ သူမက ကျွန်တော့်ရှေ့ ခြေနှစ်လှမ်းအကွာလောက်မှာ ရှိနေတာပါ။ ဘာလ်မိုရယ်လ် ရဲတိုက်ရဲ့ မြေညီထပ် ကော်ရစ်ဒါမှာဖြစ်ပြီး အဲဒီနေ့က ၁၉၈၀ ပြည့်နှစ်၊ စက်တင်ဘာလရဲ့ တစ်နေ့သော စနေနေ့ပါ။ ကျွန်တော်က ဘုရင်မကြီးဆီ ခစားဝင်ဖို့အလာ အဲဒီကလေးမက ကော်ရစ်ဒါမှာ ယောင်လည်လည်ဖြစ်နေတာ တွေ့လိုက်ရခြင်း ဖြစ်ပါတယ်။ သူမက အခန်းများမှာ ချိတ်ဆွဲထားတဲ့ ဧည့်သည် အမည်နာမ ရေးထိုးထားတဲ့ ကြေးပြားများကို လိုက်ဖတ်နေစဉ် ကျွန်တော်နဲ့ ဆုံလိုက်တာပါ။ သူ့ကို ကျွန်တော် မှတ်မိလိုက်တာကတော့ မနေ့ညက သူ့ပစ္စည်းများကို ကျွန်တော်ကိုယ်တိုင် သယ်ဆောင်ပြီး ပထမထပ်မှာရှိတဲ့ သူမ တည်းခိုရမယ့် အခန်းတစ်ခန်းဆီ ပို့ဆောင်ပေးခဲ့ခြင်းကြောင့် မှတ်မိနေတာပါ။ ရဲတိုက်မှာက နံရံမှာ ကပ်ထားတဲ့ Wall Paper များကအစ တစ်ဆင်တည်း ဖြစ်နေတာကြောင့် နေရာတွေဟာအားလုံး မျက်စိလည်ချင်စရာချည်းပါပဲ။ ရဲတိုက်တစ်ခုလုံးကလည်း တိတ်ဆိတ်နေတာပါ။ အဲဒီအချိန်မှာ ချားလ်စ်မင်းသားက ခမည်းတော် အီဒင်ဘာရာ မြို့စားကြီး၊ အင်ဒရူးမင်းသား၊ အက်ဒဝပ်မင်းသားတို့နဲ့အတူ နန်းတွင်းရေးရာများ

www.burmeseclassic.com

www.burmeseclassic.com



ကို စကားလက်ဆုံကျနေကြပါတယ်။ ဘုရင်မမယ်တော်ကြီးနဲ့ ညီမတော် မာဂရက် မင်းသမီးတို့ကတော့ ထုံးစံအတိုင်း နေ့တစ်ဝက်မကျိုးမချင်း သူမတို့ စံမြန်းနေတဲ့ ခန်းဆောင်ထဲကနေ ထွက်လေ့မရှိပါဘူး။ ဘုရင်မကြီးကတော့ သူမရဲ့ နားနေခန်း ထဲမှာ ရှိနေပါတယ်။

လမ်းပျောက်နေတဲ့ မိန်းကလေးက သူမကို ကျွန်တော် ပထမထပ်ရှိ သူမ အခန်းအဖြစ် သတ်မှတ်ပေးထားတဲ့ အခန်းထိရောက်အောင် ကျွန်တော် ပို့ဆောင်နေ ဆဲမှာ ကျေးဇူးတင်စကားတွေ ဆိုနေခဲ့ပါတယ်။ သူ့နောက်က လိုက်လာနေတဲ့ ကျွန်တော့်ကို လှည့်ကြည့်လိုက်ပြီး 'စိတ်မကောင်းစရာပဲနော်၊ ခုလို အင်မတန် ထူးဆန်းတဲ့ ရဲတိုက်ကြီးထဲမှာ ပထမဆုံးအကြိမ်ရောက်ရတဲ့ ကျွန်မလိုသူမျိုးအတွက် ကတော့ မျက်စိလည်ချင်စရာပါပဲ' လို့ ဆိုပါတယ်။

လျှောက်လာကြရင်း သူမအတွက် သတ်မှတ်ပေးထားတဲ့ အခန်းရှေ့ကို ရောက် လာတာကြောင့် ကျွန်တော်က သူမ ကြောက်စိတ်ပြေသွားအောင် နှစ်သိမ့်စကား ဆိုလိုက်ရပါတယ်။

'စိတ်မပူပါနဲ့ ခင်ဗျာ၊ ဒါဟာ ဖြစ်ရိုးဖြစ်စဉ်တွေပါ။ တကယ်လို့ တစ်စုံတစ်ခု လိုအပ်တယ်ဆိုရင် အားမနာပါနဲ့။ တွေ့တဲ့ မင်းမှုထမ်းတစ်ဦးဦးကို မေးမြန်းလိုက် ပါ။ မင်းမှုထမ်းအားလုံးဟာ ဧည့်သည်များအတွက် တာဝန်ထမ်းဆောင်ပေးဖို့ လိုလိုလားလား ရှိကြပါတယ်' လို့ ပြောဖြစ်ပါတယ်။

မိန်းကလေးက ကျွန်တော့်ကို ကျေးဇူးတင်စကားဆိုပြီး တစ်ယောက်ခန်း တံခါးကလေးကို ပိတ်လိုက်ပါတော့တယ်။ တံခါးပေါ်မှာ ချိတ်ဆွဲထားတဲ့ ကြေးပြား ပေါ်မှာ ရေးထွင်းထားတဲ့အမည်ကတော့ 'လေဒီဒိုင်ယာနာ စပင်ဆာ' ပါတဲ့။ သူ့ အခန်းနဲ့ မလှမ်းမကမ်းမှာရှိတဲ့ အခန်းတစ်ခန်းမှာတော့ 'ဘုန်းတော်ကြီးလှသော ဝေလမင်းသား' လို့ ရေးထိုးထားပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လတုန်းက ဒီမိန်းကလေး လာရောက်လည်ပတ်စဉ်မှာ သူမရဲ့ အစ်မကျိမ်း (ကျိမ်းက ဘုရင်မကြီးရဲ့ လက်ထောက် အတွင်းရေးမှူးဖြစ်တဲ့ ဆာရောဘတ်ဖယ်လိုစ်နဲ့ လက်ထပ်ခဲ့သူပါ)တို့အိမ်မှာ တည်းခဲ့ပါတယ်။ ကျိမ်းတို့နေအိမ်က ဘာလ်မိုရယ်လ်ရဲတိုက်နဲ့ တစ်မိုင်ခန့်အကွာမှာ ရှိပါတယ်။ ဒီတစ်ကြိမ် လာရောက်လည်ပတ်ခြင်းက ဒိုင်ယာနာအတွက် ဒုတိယ ဖြစ်တယ်ဆိုပေမယ့် ရဲတိုက်မှာ တည်းခွင့်ရတာကတော့ ဒီတစ်ကြိမ်ဟာ ပထမဆုံး အကြိမ်ပါပဲ။ အဲဒါအပြင် ဒိုင်ယာနာတည်းခိုခွင့်ရခြင်းဟာ ချားလ်စ်မင်းသားရဲ့ ဧည့်သည်တစ်ဦးအဖြစ် တည်းခိုခွင့်ရခြင်းဖြစ်တဲ့အပြင် ဒိုင်ယာနာ အပါအဝင် အခြား ဧည့်သည်တွေလည်း ချားလ်စ်မင်းသားက ဖိတ်ကြားခဲ့ပါတယ်။



ပေါလင်းဟီလီယာအမည်ရှိတဲ့ အပျိုတော်တစ်ဦးက ကျွန်တော့် ရုံးခန်းထဲမှာ ကော်ဖီသောက်နေစဉ် အနက်ရောင် ညနေခင်းဝတ်စုံတစ်ထည်ကို ကိုင်ပြီး ဝင်လာ ခဲ့ပါတယ်။ သူက 'ဒါ ကလေးမလေးရဲ့ အင်္ကျီလေ၊ သုံးည နေမှာ ဒီတစ်ထည်ပဲ ပါလာသတဲ့၊ ဘယ်လိုများလုပ်မလဲ မပြောတတ်ပါဘူး' လို့ ဆိုပါတယ်။ ပေါလင်းပြော တာက လေဒီဒိုင်ယာနာစပင်စာဆိုတဲ့ မိန်းကလေးအကြောင်းပါ။ အဲဒီမိန်းကလေးက လန်ဒန်မြို့တော်ကြီးမှ မူကြိုကျောင်းတစ်ကျောင်းရဲ့ လက်ထောက်ဆရာမလေးတစ်ဦး ဖြစ်ပါတယ်။

တော်ဝင်မိသားစုများထံ လာရောက်လည်ပတ်ကြတဲ့ အမျိုးသမီး တော်တော် များများက ညနေခင်းဝတ်စုံတစ်စုံထက်ပိုပြီး ယူလာတတ်ကြတာချည်းပါပဲ။ ဒီကလေး မကတော့ တော်ဝင်မိသားစုများကြားမှာ မဝင်ဆံ့ဖူးသေးတာကြောင့် တစ်စုံတည်း ယူလာဟန်တူပါတယ်။ အသက်အားဖြင့် ၁၉ နှစ်သာရှိသေးတဲ့အတွက် ဆယ်ကျော် သက်ကလေးတစ်ယောက်သာဖြစ်ပြီး အသက် ၃၀ ကျော် ၄၀ ကျော် တော်ဝင် မိသားစု အသိုက်အဝန်းမှာ သူ ဘယ်လိုများ ဝင်ဆံ့အောင် ကြိုးစားနိုင်ပါ့မလဲဆို တာ ကျွန်တော် စိတ်မောမိပါတယ်။

တော်ဝင်မိသားစုများထံ ပထမဆုံးအကြိမ် လာရောက်လည်ပတ်တဲ့ သူစိမ်း အမျိုးသမီးတိုင်း ဘာဝတ်ရပါ့မလဲလို့ စိတ်မပူရအောင် အဝတ်တွေသယ်လာတတ် ကြပါတယ်။ သူစိမ်းတစ်ယောက်အနေနဲ့ တော်ဝင်မိသားစုများကြားမှာ တင့်တယ် အောင် ဝတ်ဆင်နိုင်ဖို့ဆိုတာကလည်း စိတ်မောစရာတစ်ခုပဲ မဟုတ်ပါလား။ သူတို့က ပွဲလမ်းသဘင်မျိုးစုံကို အချိန်နဲ့အမျှ ဆင်ယင်ကျင်းပနေကြတာလေ။ မနက်စာ စားချိန်တစ်မျိုး၊ နေ့လည်စာ စားချိန်တစ်သွယ်၊ မွန်းလွဲလက်ဖက်ရည်ပွဲ သုံးဆောင် ချိန်မှာတစ်ဖုံ အလဲလဲအလှယ်လှယ် ဝတ်ဆင်တတ်ကြရပါတယ်။ ဒီမိန်းကလေးက အနက်ရောင် ဝတ်စုံတစ်စုံသာ ပါလာတယ်ဆိုတော့ ညစာစားပွဲမှာ ဝတ်လိုက်ရုံနဲ့ နောက်ပွဲများမှာ ဝတ်စရာရှိတော့မှာ မဟုတ်ပါဘူး။ နောက်ထပ် နှစ်ည ကျန်သေး တယ်။ အဲဒီနှစ်ညမှာ အသားကင်စားမယ့် အစီအစဉ်တွေရှိပြီး ဘုရင်မကြီးနဲ့ အီဒင်ဘာမြို့စားကြီးတို့ရဲ့ ငွေရတုမင်္ဂလာ နှစ်ပတ်လည်အခမ်းအနား အစီအစဉ်က လည်း ရှိနေပြန်ပါသေးတယ်။

အိမ်တော်ပစ္စည်းတွေ ထိန်းသိမ်းတဲ့ ပေါလင်းရဲ့ အမြင်မှာတော့ ဒိုင်ယာနာ စပင်ဆာဟာ အဲဒီကာလတုန်းက အသက် ၃၂ နှစ်အရွယ်ရှိနေပြီဖြစ်တဲ့ ချားလ်စ် မင်းသားရဲ့ အခြားအခြားသော မိန်းကလေးမိတ်ဆွေများလို သာမန် မိန်းကလေးတစ် ယောက်ပဲလို့ ထင်ခဲ့ပါတယ်။ ဒီမိန်းကလေးက စကားနည်းပြီး ဘာမဟုတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကလေးနဲ့ မျက်နှာမှာ ရှက်သွေးဖြာတတ်ပါတယ်။ အဲဒါကလွဲရင်တော့ သူ့မှာ ထူးခြားတဲ့အချက်ရယ်လို့ မရှိပါဘူး။ ချောတယ်။ ယဉ်ကျေးတယ်ဆိုတာတွေကတော့ တပွဲ့ပြောဖို့ မလိုတာတွေပါ။ အနာဂတ်မှာ အင်္ဂလန်နိုင်ငံပြည့်ရှင်ဘုရင်မင်းမြတ် ဖြစ်လာမယ့် ချားလ်စ်မင်းသားရဲ့ ရင်ခွင်မှာ ခိုလှုံခွင့်ရမယ့် မိန်းကလေးတစ်ယောက်ဖြစ်တယ်ဆိုတာကိုလည်း အဲဒီတုန်းကတော့ ဘယ်သူမှ မသိခဲ့ကြပါဘူး။

ဘာကင်ဟမ်နန်းတွင်းမှ အပျိုတော်များကလည်း ဒီမိန်းကလေးကို လေဒီဒီရယ်လို့သာ သိထားကြပါတယ်။ သူ့အတွက် လိုအပ်တဲ့ ဝတ်စုံကို လန်ဒန် မြို့တွင်းမှာရှိတဲ့ ဖက်ရှင်ဆိုင်တစ်ခုကနေ ဝယ်ယူပေးခဲ့ကြရပါတယ်။ နက်ပြာရောင်စကတ်နဲ့ ကော်လာမပါတဲ့ ဂျက်ကက်တစ်ထည်၊ လည်ပင်းအပြည့်ပိတ်ထားတဲ့ ဘလောက်စ်အင်္ကျီ၊ ဒီအဝတ်အစားများနဲ့ လိုက်ဖက်မယ့် ရှူးဖိနပ်တို့ကိုပါ ဝယ်ခဲ့ကြရပါတယ်။ တကယ်တော့ မိန်းကလေးကိုယ်တိုင်က သူ့အတွက် ထူးခြားတဲ့ အခမ်းအနားတစ်ခု တက်ရောက်ရလိမ့်မယ်ဆိုတာကို သိမှသိပါလေစလို့ သံသယရှိစရာပါပဲ။ နောက်တစ်နေ့ဖြစ်တဲ့ ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ ဘာကင်ဟမ် ရွှေနန်းတော်ကြီးက ချားလ်စ်မင်းသားနဲ့ လေဒီဒိုင်ယာနာတို့ စေ့စပ်ကြောင်းလမ်းလိုက်ကြောင်း တရားဝင်ကြေညာချက် ထုတ်ပြန်လိုက်ပါတယ်။

နန်းတော်ကြီးတစ်ခုလုံးရဲ့ နေရာတိုင်းမှာ လေဒီဒိုင်ယာနာနဲ့ ပတ်သက်ပြီး ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်နေကြပါပြီ။ လက်ရှိကာလမှာတော့ သူ့အကြောင်းသာ ပြောစရာရှိနေကြတာကိုး။ သူ့အရင်ရှိခဲ့ဖူးတဲ့ လေဒီအမင်ဒါအကြောင်းကို အားလုံး မေ့ပစ်လိုက်ကြပြီလေ။ လေဒီအမင်ဒါဆိုတာက လော့ဒ်မောင့်ဘက်တန်ရဲ့ မြေးတော်သူ ဖြစ်ပါတယ်။ မောင့်ဘက်တန်က ဖိလစ်မင်းသားကြီးရဲ့ ဦးလေးတော်ပြီး အိုင်အာအေတို့ရဲ့ ဗုံးခွဲလုပ်ကြံသတ်ဖြတ်မှုကို ခံခဲ့ရသူပါ။

စေ့စပ်ကြောင်းလမ်းပွဲ မတိုင်မီ ရက်သတ္တပတ်တုန်းက ယန်းထိမ်တော်ဖြစ်တဲ့ ဒေးဗစ်သောမတ်စ်တစ်ယောက် အိတ်ကလေးတစ်လုံးဆွဲပြီး ရွှေနန်းတော်ကြီးထဲ အခစားဝင်ခဲ့တာကို သတိပြုမိခဲ့ကြပါတယ်။ အဲဒီတုန်းကတော့ အင်ဒရူးမင်းသားရဲ့ အသက် ၂၁ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် လက်ဆောင်ပေးဖို့အတွက် လက်စွပ်လုပ်ဖို့ ရောက်လာခဲ့တာလို့ ဆိုခဲ့ကြပါတယ်။ ဒေးဗစ် သယ်ဆောင်လာတဲ့ ကျောက်မျက်ရတနာများထဲမှာ ပတ္တမြားနဲ့ မြကျောက် မပါစေရဘူးလို့ ကြိုတင် အမိန့်ထုတ်ပြန်ထားခဲ့ပါတယ်။ သယ်ဆောင်လာတဲ့ ရတနာများကို ဘုရင်မကြီးကိုယ်တိုင် ဗန်းပေါ်တင်ပြီး ရွေးတော်မူပါတယ်။ သူ စိတ်ကြိုက်ရွေးထားတဲ့ ကျောက်မျက်



များကို သားတော်ဝေလမင်းသားဖြစ်တဲ့ ချားလ်စ်က အတည်ပြုပေးရပါတယ်။ တကယ်ထဲမြောက် အတည်ပြုရသူက ဒေလီဒိုင်ယာနာပါ။ ဒိုင်ယာနာကတော့ ထွေထွေထူးထူး ကြေးများမနေပါဘူး။ ပြလာတဲ့ရတနာတွေကို ကြိုက်ပါတယ်လို့သာ ခေါင်းညိတ်ပြလိုက်ပါတယ်။ ဒါကလည်း ဘုရင်မကြီးကိုယ်တိုင် ရွေးချယ်ထားတာဖြစ်လို့ သူ့အနေနဲ့ ကျေးဇူးသစ္စာမဲ့ရာ မရောက်အောင် ခေါင်းညိတ်ခဲ့ခြင်း ဖြစ်ပါလိမ့်မယ်။ နောင်မှာ ဒိုင်ယာနာက ကျွန်တော့်ကို ပြန်ပြောပြတာကတော့ 'ကျွန်မ စိတ်ကြိုက်သာဆိုရင် အဲဒီလိုတောက်ပတဲ့ ကျောက်မျက်တွေကို ရွေးမှာ မဟုတ်ဘူး။ တကယ်လို့ ကျွန်မ စိတ်ကြိုက်သာရွေးရမယ်ဆိုရင် ရိုးရိုးယဉ်ယဉ်ကလေးနဲ့ ကျက်သရေမင်္ဂလာရှိမယ့် ကျောက်မျက်အသေးစားကလေးတွေသာ ဖြစ်လိမ့်မယ်' လို့ ပြောခဲ့ဖူးပါတယ်။

စေ့စပ်ကြောင်းလမ်းပြီးစီးကြောင်း ကြေညာချက် မထုတ်ပြန်သေးခင်ကာလမှာ ဒီကိစ္စကို လျှို့ဝှက်ချက်အနေနဲ့ ထိန်းသိမ်းထားခဲ့ကြပါတယ်။ ကြေညာမယ့်နေ့ မနက်မှာလည်း သာမန်အနေအထားပါပဲ။ မနက် ၉ နာရီမှာ ဘုရင်မကြီးကို ကျွန်တော် နံနက်စာ ဆက်သွင်းရပါတယ်။ ဒီတော့မှ သူက အင်မတန် တိကျလှတဲ့ သူမရဲ့ ပုံမှန်လုပ်ရှားမှုဇယားကို ဒီနေ့အတွက် ပြင်ဆင်မယ်လို့ ဆိုပါတယ်။

'တို့များ ဒီနေ့ညနေ လေးနာရီမှာ လက်ဖက်ရည်တော် သုံးဆောင်မယ်' တဲ့။ ပုံမှန် သောက်နေကျထက် တစ်နာရီစောပြီး သောက်မယ်ဆိုတဲ့သဘောပါ။ 'ဒီနေ့ လက်ဖက်ရည်ပွဲမှာ လေးယောက်ဖြစ်မယ်။ မင်းသားကြီးရယ်၊ သားတော် ချားလ်စ်ရယ်၊ လေဒီဒိုင်ယာနာစပင်ဆာရယ်' လို့ လူစာရင်းကိုပါ ပြောပြလိုက်ပါတယ်။ လက်ဖက်ရည်သောက်မယ့် လူစာရင်းကို ကျွန်တော့်ကို ပြောပြရတာကတော့ လက်ဖက်ရည်ပွဲပြင်မယ့် ကျွန်တော့်အနေနဲ့ အမျိုးသား ဘယ်နှယောက်ပါမယ်။ အမျိုးသမီး ဘယ်နှယောက်ပါမယ်ဆိုတာကို သိထားဖို့ လိုအပ်လို့ပါပဲ။ အမျိုးသမီးများအတွက်က ခွက်အသေး ပြင်ဆင်ပေးရပါတယ်။ အမျိုးသားများကိုတော့ ခွက်အကြီးများနဲ့ ပြင်ဆင်ပေးရပါတယ်။ ဘုရင်မကြီးရဲ့ စကားကြားလိုက်ရတော့ ဒီလက်ဖက်ရည်ပွဲမှာ စေ့စပ်ကြောင်းလမ်းသတင်း ကြေညာလိမ့်မယ်ဆိုတာ ကျွန်တော် ယဘောပေါက်လိုက်မိပါတယ်။ လေဒီဒိုင်ယာနာအနေနဲ့ ပထမဆုံးအကြိမ်အဖြစ် ဘုရင်မကြီးနဲ့ လက်ဖက်ရည်သောက်ခွင့် ရသွားခြင်းပါပဲ။

တစ်ဖက်ကကြည့်မယ်ဆိုရင် ကျွန်တော်ဟာ ဗြိတိန်နိုင်ငံသားများထဲမှာ ဒီသတင်းကို ပထမဆုံးကြားသိရတဲ့ တစ်ဦးတည်းသောသူ ဖြစ်တဲ့အပြင် မျက်မြင်ကိုယ်တွေ့လည်း တွေ့မြင်ရမှာဖြစ်တဲ့အတွက် ရင်ခုန်စိတ်လှုပ်ရှားမိပါတယ်။ လက်ဖက်ရည်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



ပြင်ပြီးချိန်မှာ ဘုရင်မကြီးရဲ့ ကော်ရစ်ဒါနားတစ်လျှောက် မယောင်မလည် လုပ်နေမိသေးတယ်။ ပျော်ရွှင်နေကြမယ့်စုံတွဲ အသစ်စက်စက်ကို မြင်ခွင့်များရမလားလို့ အခွင့်အရေး စောင့်မျှော်နေခြင်းပါ။ ချားလ်စ်မင်းသားနဲ့ ဒိုင်ယာနာမင်းသမီးတို့ ကျွန်တော့်အပါးက ဖြတ်ပြီး လက်ဖက်ရည်ဆောင်ဆီကို သွားကြချိန်မှာတော့ နှစ်ယောက်စလုံးရဲ့ မျက်နှာမှာ အပြုံးပန်းများ ဝေနေတာကို သတိပြုလိုက်မိပါတယ်။

ဘုရင်မကြီးရဲ့ အပါးတော်မြဲဖြစ်တဲ့ ဂျွန်တေလာက လက်ဖက်ရည်ပွဲကို တည်ခင်းပေးဖို့ အတွင်းဘက် ဝင်သွားပါတယ်။ ဒီမြင်ကွင်းကို မြင်ချင်တဲ့စိတ် ကျွန်တော့်ရင်ထဲမှာ ချိုးနှိမ်လို့မရတော့တဲ့အတွက် မြင်သာတဲ့နေရာကနေ ချောင်းကြည့်လိုက်တဲ့အခါမှာ စတိုးဆိုင်က ဝယ်ပေးထားတဲ့ အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားတဲ့ ဒိုင်ယာနာက သူ့ယောက္ခမလောင်းများနဲ့အတူ လက်ဖက်ရည်ဝိုင်းမှာ ထိုင်နေပါပြီ။ သူ ထိုင်နေတဲ့ပုံက မတ်မတ်ကလေးပါ။ မျက်နှာပေါ်မှာတော့ အပြုံးများပေါ်နေရမယ့်အစား သေမလောက်ကြောက်တဲ့ မျက်နှာထားကို တွေ့ရပါတယ်။ လက်ဖက်ရည်ပွဲပြီးလို့ ကျွန်တော် ဝင်သိမ်းတဲ့အခါမှာတော့ ဒိုင်ယာနာဟာ ဘာမှ မစားမသောက်ခဲ့တာကို တွေ့ရပါတယ်။ နောင်မှာ သိရတာကတော့ အဲဒီနေ့က ကော်ဖီတစ်ခွက်သာ သူ သောက်ခဲ့ပါသတဲ့။ အကြောင်းစုံသိလာချိန်မှာတော့ အဲဒီနေ့က ဘုရင်မကြီးနဲ့ လက်ဖက်ရည်သောက်ရတာကို ဘာကြောင့် ဒီလောက်ကြောက်နေတယ်ဆိုတာ နားလည်ခွင့်ရလိုက်ပါတယ်။ လက်ဖက်ရည်ပွဲပြီးရင် ဘာကင်ဟမ်နန်းတော်ရဲ့ လေသာဆောင်ကိုထွက်ပြီး သူတို့နှစ်ဦး စေ့စပ်ကြောင်းလမ်းလိုက်ပြီဖြစ်ကြောင်း ကမ္ဘာ့မီဒီယာအသီးသီးသို့ ဘုရင်မကြီးကိုယ်တိုင် ကြေညာမှာဖြစ်လို့ ကြောက်လန့်နေခြင်းပါပဲ။ ကြေညာပြီးတာနဲ့တစ်ပြိုင်နက် ချားလ်စ်နဲ့ ဒိုင်ယာနာတို့က မြေညီထပ်ကိုဆင်းပြီး မြက်ခင်းပေါ်မှာ ရုပ်မြင်သံကြားကင်မရာများမှ သတင်းရိုက်ကူးတာကို ခံယူကြရပါမယ်။ မိုက်ကရိုဖုန်းပေါင်းများစွာနဲ့ မေးမြန်းကြတဲ့ သတင်းထောက်များရဲ့ မေးခွန်းတွေကို ဖြေကြားရမှာဖြစ်တဲ့အပြင် ကင်မရာ အလုံးပေါင်းများစွာကို ရင်ဆိုင်ရဦးမှာပါ။ ဒါတွေကိုတွေးပြီး အဲဒီတုန်းက ကြောက်နေခဲ့တာပါတဲ့။

လက်ဖက်ရည်ပွဲသိမ်းတာ ဆယ်မိနစ်လောက်ပဲကြာပါတယ်။ အင်္ဂလန်နိုင်ငံရဲ့ သမိုင်းမှာ သမိုင်းဝင်ဖြစ်ရပ်တစ်ခုအဖြစ် မှတ်တမ်းတင်ရမယ့် အဲဒီဖြစ်ရပ်ကို ကျွန်တော်လည်း ပထမထပ် ဧည့်ခန်းကနေ လှမ်းကြည့်မယ်လို့ စိတ်ကူးခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော့် စိတ်ကူးကို ဖျက်လိုက်တာကတော့ ဘုရင်မကြီးကိုယ်တိုင်ပါပဲ။



'ပေါလ်ရေ ခွေးတွေကို အပေါ်ထပ်ခေါ်သွားပြီး ထိန်းထားလိုက်ပါလားကွယ်၊ ဒါမှ ဒီကောင်တွေ မနှောင့်ယှက်နိုင်မှာ' တဲ့။

ခွေးကိုးကောင်ကို လည်ပတ်ပတ်ဖို့ဆိုတာ ချက်ချင်းလက်ငင်း လုပ်လို့ရတဲ့ကိစ္စမဟုတ်ပါဘူး။ ဒါပေမယ့် အဲဒီနေ့ကတော့ ကျွန်တော်ကိုယ်တိုင်က ကြည့်ချင်ဇောရှိနေတဲ့အတွက် အမြန်ဆုံး ပတ်ဖြစ်သွားပါတယ်။ ဒီကောင်ကိုးကောင်ကို ရေကန်ဘက် ခပ်ဝေးဝေးတစ်နေရာမှာ သွားချည်ထားလိုက်ပြီး ချားလ်စ်နဲ့ ဒိုင်ယာနာတို့ နန်းတော်ကြီးပေါ်က ဆင်းမလာခင် အပြေးပြန်လာခဲ့ပါတယ်။

သမိုင်းဝင်ဖြစ်ရပ်ကို ခပ်လှမ်းလှမ်းကသာ ကျွန်တော် ကြည့်နိုင်ခွင့်ရခဲ့ပါတယ်။ တကယ်တော့ ကျွန်တော့်လက်ထဲမှာ အဝေးကြည့် မှန်ပြောင်းတစ်လက်လောက်သာပါမယ်ဆိုရင် ဒီထက်ပိုပြီး အသေးစိတ် မြင်နိုင်မှာပါ။ အသံမမြည်ဘဲ မီးလင်းတဲ့ ကင်မရာများက ဘာကင်ဟမ်နန်းတော်တွင်းမှာ လျှပ်စီးလက်သလို တဝင်းဝင်းနဲ့ပါ။

❑

ကျွန်တော့်မိတ်ဆွေ တခြားမင်းမှုထမ်းတစ်ဦးဖြစ်တဲ့ မာ့ခ်ဆင်မဆင်က တစ်ညကျွန်တော့်ဆီကို ရောက်လာပြီး…

'မင်းသူ့ကို မြင်ဖူးသလား၊ သနားစရာပါကွာ၊ အခန်းထဲမှာ တစ်ယောက်တည်း ထိုင်နေတာ' လို့ ပြောလာပါတယ်။ သူက စေ့စပ်ကြောင်းလမ်းပြီးတဲ့နောက် ဘာကင်ဟမ်နန်းတော်တွင်းသို့ ပြောင်းရွှေ့နေထိုင်လာတဲ့ ဒိုင်ယာနာနဲ့ပတ်သက်ပြီး ပြောဆိုနေခြင်းပါ။ အခန်းတစ်ခန်းထဲမှာ တစ်ယောက်တည်း နေနေရတဲ့ မိန်းကလေးကို ကရုဏာသက်ပုံရပါတယ်။

'ငါတို့ အပြင်ထွက်ပြီး သူ့အတွက် မက်ဒေါနယ်လ် ဝယ်ကျွေးရရင် မကောင်းဘူးလား' လို့ ဆိုလာပါတယ်။

လေဒီဒိုင်ယာနာစပင်ဆာက သူ့အခန်းထဲမှာ တစ်ယောက်တည်းပါ။ ချားလ်စ်မင်းသားက ဩစတြေးလျားနိုင်ငံကို တစ်လကြာ ခရီးထွက်နေပါတယ်။ မိန်းကလေးက လန်ဒန်မှာ သူငယ်ချင်းမများနဲ့ စုပေါင်းပြီး အခန်းတစ်ခန်းငှား နေခဲ့ကြဖူးတယ်လို့ ကျွန်တော်တို့က သိခဲ့ကြဖူးပါတယ်။ ခုတော့ သူတစ်ယောက်တည်းပေါ့။ မာ့ခ်က ကျွန်တော်နဲ့ အခန်းချင်းကပ်နေထိုင်တဲ့ အမှုထမ်းတစ်ဦးပါ။ ကျွန်တော်တို့ နေထိုင်တဲ့အထပ်က မင်းသားများ ငယ်ဘဝတုန်းက အခန်းကိုယ်စီနဲ့ နေခဲ့ကြတဲ့ အထပ်ဖြစ်ပါတယ်။ ဒိုင်ယာနာကိုလည်း ဒီအထပ်မှာပဲ အခန်းတစ်ခန်းပေးထားပြီး နေရာချထားခဲ့ကြတာပါ။ အခန်းထဲမှာ အိပ်ခန်း၊ ရေချိုးခန်း အပြည့်အစုံသာမက ကိုယ်တိုင်ချက်စားမယ်ဆိုရင် မီးဖိုချောင်သုံးပစ္စည်းကိရိယာ အပြည့်အစုံနဲ့ မီးဖိုခန်း

www.burmeseclassic.com



လည်း ပါဝင်ပါတယ်။ ဒိုင်ယာနာခမျာ လက်ထပ်ပွဲကျင်းပမယ့် ရှုလိုင်လမတိုင်ခင် ငါးလစောပြီး ဘာကင်ဟမ်နန်းတော်ထဲသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရတာပါ။ ချားလ်စ်မင်းသားရဲ့ လူပျိုဆောင်ကလည်း တစ်ထပ်တည်းမှာ ရှိပါတယ်။ တစ်ယောက်တည်းဖြစ်နေတဲ့ ဒိုင်ယာနာဟာ အဲဒီအချိန်ကစပြီး သူ့အထီးကျန်အချိန်များကို မှာခ်ဆင်မဆင်နဲ့ စကားပြောခြင်းအားဖြင့် ကုန်ဆုံးစေခဲ့ရပါတယ်။ မှာခ်ကလည်း ကြင်နာတတ်တဲ့ နှလုံးသားရှိတဲ့အပြင် အရာရာကို တွေးတောကြံဆအကြံပေးနိုင်တဲ့ အရည်အချင်း ရှိပါတယ်။ ဒိုင်ယာနာကတော့ သူ ပျင်းနေတဲ့အခါများမှာ အောက်ထပ်က မင်းမှုထမ်းများနဲ့သာ အချိန်ဖြုန်းခဲ့ရရှာပါတယ်။

မှာခ်ဟာလည်း ကျွန်တော့်လိုပဲ တစ်နေကုန်တစ်နေခမ်း တာဝန်ထမ်းဆောင်ရသူဖြစ်တဲ့အတွက် ညနေခင်းဆိုရင် ပင်ပန်းနွမ်းနယ်နေပါပြီ။ ဒါပေမယ့် အထီးကျန်တစ်ယောက်တည်းဖြစ်နေတဲ့ ဒိုင်ယာနာကို သူ သွားပြီးမတွေ့ဘဲ မနေနိုင်ပါဘူး။ 'ငါတို့ ပျော်ပွဲစားအသေးစားကလေး သူ့အတွက်ဖန်တီးပေးနိုင်အောင် မက်ဒေါနယ်လ်ကို သွားကြရအောင်ပါ' တဲ့။ ကျွန်တော်ကတော့ စိတ်လှုပ်ရှားနေမိတယ်။ တကယ်လို့ ဘုရင်မကြီးများ သိသွားရင် ဘယ်လိုလုပ်ကြမလဲ။ ဒါမှမဟုတ် ဒိုင်ယာနာကိုယ်တိုင်က ချားလ်စ်မင်းသားကို ပြန်တိုင်လိုက်ရင် ဘာတွေဖြစ်ကုန်မလဲ။ အဲဒါအပြင် အိမ်တော်ဝန်က ကျွန်တော်တို့အပေါ်မှာ ဘယ်လိုမြင်မလဲ။ အနာဂတ်မှာ ဝေလမင်းသားကတော် ဖြစ်လာမယ့် မိန်းကလေးတစ်ယောက်ကို ကျွန်တော်တို့လို မင်းမှုထမ်းနှစ်ယောက်က ဒီလို ရောရောနှောနှော နေသင့်ပါရဲ့လား။ တော်ဝင်မင်းသမီးတစ်ယောက်နေထိုင်တဲ့အခန်းထဲမှာ ကျွန်တော်တို့လို မင်းမှုထမ်း အသေးစားနှစ်ယောက်က ပျော်မြေ့မှုပေးချင်တဲ့ ဆန္ဒနဲ့ သွားရောက်ဖို့ဆိုတာကရော တင့်တယ်ပါ့မလား။

အဲဒီအတွေးများကြောင့် ကျွန်တော်က 'နေဦး မှာခ်ရဲ့၊ ဒီကိစ္စ လုပ်မယ်ဆိုရင် သတိထားရလိမ့်မယ်။ တို့က မုန့်ဝယ်ကျွေးတာကို တစ်စုံတစ်ယောက်က မိသွားမယ်ဆိုရင် ခေါင်းဖြတ်ခံရလိမ့်မယ်ကွာ' လို့ ပြောလိုက်မိပါတယ်။ သူက လေဒီဒိုင်ယာနာအတွက် စိတ်ပူနေပေမယ့် ကျွန်တော်ကတော့ တစ်ခါမှ မျက်နှာချင်းဆိုင်မတွေ့ဖူးသေးတာဖြစ်တော့ စိတ်ပူစိတ် သိပ်မရှိသေးပါဘူး။ ကျွန်တော်နဲ့စာရင် နေ့စဉ်ထိတွေ့မှုရှိနေတဲ့ မှာခ်က သူ့သဘောထားကို ပိုနားလည်ပါလိမ့်မယ်။ အရေးကြီးဆုံးအချက်တစ်ခုကတော့ ကျွန်တော်က ဘုရင်မကြီးရဲ့အပါးမှာ ခစားရတဲ့ မင်းမှုထမ်း ဖြစ်နေတယ်။ ဒီရာထူးကို ရထားတာကလည်း နှစ်နှစ်သာရှိသေးတော့ ပြုတ်မသွားချင်တာ အမှန်ပဲ။



'လာပါပေါလ်ရာ၊ သူ့ခမျာ တစ်ယောက်တည်း ဖြစ်နေတော့ တို့သွားလိုက်လို့ရှိရင် ပျော်ပြီး ကျေးဇူးတင်နေမှာပါကွာ' လို့ ပြောပြောဆိုဆိုနဲ့ ထပြီး ထွက်သွားပါလေရော။ သူ့ကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ ရှိလေတော့ ဖြစ်သင့်တာ မဖြစ်သင့်တာ စဉ်းစားနေတာထက် သူ့နောက်ကိုပဲ လိုက်သွားခဲ့မိပါတယ်။ ကျွန်တော်တို့နှစ်ယောက် ဗစ်တိုးရီးယား လမ်းမကြီးပေါ်ကို လျှောက်ခဲ့ကြပြီး မက်ဒေါနယ်လ်အကြီးသုံးခု ဝယ်ခဲ့ကြပါတယ်။ တစ်ခုကို ကျွန်တော်က ကျောပိုးအိတ်ထဲမှာ ထည့်ခဲ့ပြီး မှာခ်ကတော့ သူ့အတွက်နဲ့ မင်းသမီးအတွက်ကို သူ့ကျောပိုးအိတ်ထဲမှာ ထည့်ခဲ့ပါတယ်။ ကျွန်တော်တို့နှစ်ယောက် နန်းတော်ကြီးရဲ့ ဘေးကနေပြီး ခပ်တည်တည် ဝင်လာလိုက်ကြပါတယ်။ တော်ဝင်မိသားစုတစ်ဦးဦးက လန်ဒန်မြို့ထဲမှာ တစ်စုံတစ်ခု ဝယ်နိုင်းလိုက်လို့ ပြန်လာတဲ့ပုံစံမျိုးနဲ့ပေါ့။

မှာခ်ကို မလွန်ဆန်နိုင်လို့ ကျွန်တော် လိုက်သွားခဲ့ရပေမယ့် ကျွန်တော့်စိတ်ထဲမှာ ကြောက်စိတ်အပြည့်နဲ့ပါ။ တကယ်လို့ လေဒီဒိုင်ယာနာအနေနဲ့ ကျွန်တော့်ကိုတွေ့ရင် တစ်ခါတုန်းက ဘာလ်မိုရယ်လ်ရဲ့တိုက်မှာ လမ်းပျောက်နေလို့ ကူညီခဲ့တဲ့ အမှုထမ်းဆိုတာ မှတ်မိသွားလေမလား၊ ဘုရင်မကြီးရဲ့ အပါးမှာ အမြဲတမ်း ခစားနေတဲ့ အမှုထမ်းလို့ သိလိုက်တဲ့အတွက် ကြောက်သွားလေမလား စတဲ့ အတွေးပေါင်းစုံဝင်လာခဲ့မိပါတယ်။ ဒါကြောင့် လေဒီဒိုင်ယာနာရဲ့အခန်းကို ကျွန်တော် မလိုက်တော့ဘဲ 'မင်းသွားလိုက်ပါတော့ကွာ' လို့ပဲ မှာခ်ကို ပြောလိုက်ပါတယ်။ မှာခ်က မင်းသမီးကို မုန့်ပေးပြီးရင် ပြန်လာလိမ့်မယ်လို့ ကျွန်တော် မမျှော်လင့်ခဲ့ပေမယ့် သူက ချက်ချင်းပဲ ပြန်လာပါတယ်။

'လာ… လိုက်ခဲ့ပါကွာ' လို့ ခေါ်လာပြန်ပါတယ်။ ကျွန်တော့်ရင်ထဲမှာ ဆရာမသိအောင် တစ်စုံတစ်ခု ခိုးလုပ်ရတဲ့ ကျောင်းသားတစ်ယောက်လိုပဲ ခံစားရပါတယ်။ မှာခ်နောက်ကလိုက်ပြီး သွားနေတုန်းမှာ ဆရာ့ဆရာများ ကျွန်တော့်ကို သင်ကြားခဲ့တဲ့ စကားတစ်ခုဖြစ်တဲ့ 'ကော်ရစ်ဒါမှာ အရစ်ဝတ် အရပ်စားနဲ့ ဘယ်တော့မှ တော်ဝင်မိသားစုတွေနဲ့ မဆုံမိစေနဲ့' ဆိုတဲ့ စကားပါပဲ။ ဘယ်သူများ တွေ့သွားလေမလဲလို့ တထိတ်ထိတ်နဲ့ပါ။ အက်ဒဝပ်မင်းသား၊ အင်ဒရူးမင်းသားတို့ရဲ့ အခန်းများကို ဖြတ်ကျော်ပြီးနောက် နေရာသာစွာထားတဲ့ အခန်းတစ်ခုရှေ့ကို ရောက်ခဲ့ကြပါတယ်။ အဲဒီအခန်းကတော့ လေဒီဒိုင်ယာနာရဲ့ အိပ်ခန်းနဲ့ တွဲလျက်မှာ ရှိနေတဲ့ မီးဖိုဆောင်အခန်းပါပဲ။ အခန်းတံခါးကို တွန်းဖွင့်ပြီး ဝင်လိုက်တဲ့အခါမှာ လေဒီဒိုင်ယာနာက မက်ဒေါနယ်လ်မုန့်ကြီးကို အားရပါးရစားနေပါပြီ။ ကျွန်တော်တို့ကိုမြင်လိုက်တော့ ပကတိ အရပ်သူတစ်ယောက်လို တခစ်ခစ်နဲ့ ရယ်ပါသေး

www.burmeseclassic.com



တယ်။ လေဒီဒိုင်ယာနာအကြောင်းကို မာ့ခ်ပြောတာ အကြိမ်ကြိမ်အခါခါ ကြားခဲ့ဖူးပေမယ့် ဒီလောက် အရပ်သူဆန်လိမ့်မယ်လို့ ကျွန်တော် မထင်ခဲ့ပါဘူး။ မီးဖိုခန်းထဲမှာပဲ ကျွန်တော်တို့သုံးယောက် စကားလက်ဆုံကျခဲ့ကြပါတယ်။ ပထမဆုံးအကြိမ်မှာပဲ လေဒီဒိုင်ယာနာကို ကျွန်တော် ခင်မင်ရင်းနှီးစိတ် ပေါ်ပေါက်သွားပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ အမျိုးသား မင်းမှုထမ်းများအနေနဲ့ အမျိုးသမီးဆောင်ဘက်ကို ခြေဦးလှည့်ခွင့်မရှိ ပိတ်ပင်ထားတာကို ချိုးဖောက်မိပြီဖြစ်တဲ့အတွက် ၁၀ မိနစ်ထက်ပိုပြီး မနေဝံ့ဘဲ ပြန်ပြေးကြရပါတယ်။ တော်ဝင်မိသားစုများရဲ့အခန်းများက ထွက်ခွာလာချိန်မှာ ခံစားရတဲ့ ခံစားမှုများထဲမှာ ဒီတစ်ကြိမ်လောက်ကျေနပ်မိတာ တစ်ခါမှ မရှိခဲ့ဖူးပါဘူး။

'တွေ့တယ်မဟုတ်လား၊ သူက တို့လို သာမန်အရပ်သားတွေနဲ့ ဆက်ဆံချင်တာကွ'လို့ မာ့ခ်က ပြောပါတယ်။

ဒါပေမယ့် ကျွန်တော်ကတော့ နောက်ထပ် ဒီပြစ်မှု မကျူးလွန်မိအောင် ရှောင်နိုင်ခဲ့ပါတယ်။ မာ့ခ်သွားနေတယ်ဆိုတာ သိပေမယ့် ကျွန်တော် မလိုက်တော့ပါဘူး။ တစ်ကြိမ်မှာတော့ ဒိုင်ယာနာရဲ့ ခုတင်စောင်းမှာ ထိုင်နေတဲ့ မာ့ခ်ကို ချားလ်စ်မင်းသားက ပက်ပင်းကြီးမိသွားခဲ့ပါတယ်။ ပိုဆိုးတာကတော့ လေဒီဒိုင်ယာနာကလည်း ညအိပ်ဝတ်စုံ ဝတ်ဆင်ထားတာဖြစ်တဲ့အတွက် အခြေအနေ မကောင်းတော့ဘူးပေါ့။ ဒါပေမယ့် မာ့ခ်ကို ဘာမှတော့ ကြီးကြီးကျယ်ကျယ် အပြစ်ပေးခြင်းမရှိခဲ့ပါဘူး။

အဲဒီနောက် မကြာခင်မှာ မာ့ခ်ကို လေဒီဒိုင်ယာနာက ဝေလမင်းသားရဲ့ ကြင်ယာတော်လောင်းအဖြစ် ဖော်ပြထားတဲ့ သတင်းစာပါ သူ့ဓာတ်ပုံကိုဖြတ်ပြီး 'မာ့ခ်သို့ .... အချစ်များစွာဖြင့် ... ဒိုင်ယာနာ'လို့ လက်မှတ်ရေးထိုးထားတဲ့ သတင်းစာဖြတ်ပိုင်းတစ်ခု ပေးပို့ခဲ့ပါတယ်။ ကျွန်တော့် စိတ်ထင်ပြောရရင် ဒီပုံဟာ ဒိုင်ယာနာဘဝမှာ ပထမဦးဆုံးသော လက်မှတ်ရေးထိုးထားတဲ့ ဓာတ်ပုံ ဖြစ်မယ် ထင်ပါတယ်။

လက်ထပ်မင်္ဂလာပွဲ မကျင်းပခင် နေထိုင်ရတဲ့ ဒိုင်ယာနာဘဝမှာ တော်တော်ကလေး အထီးကျန်ပါတယ်။ နန်းတော်ကြီးရဲ့ အပြင်ဘက်ကိုလည်း မထွက်ရဲပါဘူး။ မီဒီယာသမားများရဲ့ လက်ချက်ကို ကြောက်လို့ပါပဲ။ နန်းတော်အတွင်းမှာပဲ တစ်ခန်းဝင် တစ်ခန်းထွက် လျှောက်လည်ဖို့ဆိုတာကလည်း မလွယ်ကူပါဘူး။ ဘာကြောင့်လဲဆိုတော့ အခန်းတွေက ဆင်တူဖြစ်ပြီး သွားနေကျသူများပင်လျှင် ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာ တပ်အပ်ပြောနိုင်ဖို့ ခဲယဉ်းလှပါတယ်။ ဘယ်



သူမှ မရှိဘူးလို့ အထင်နဲ့ အခန်းတံခါးတစ်ခုကို ဖွင့်လိုက်မိရင် အထဲမှာ အစည်းအဝေး တစ်ခုခုရှိနေတာနဲ့ ကြုံတတ်ပြန်ပါတယ်။ လေဒီဒိုင်ယာနာကို ဘယ်သူကမှလည်း ဘာကင်ဟမ်နန်းတော်အတွင်း လှည့်လည်ပြသခြင်း မရှိတဲ့အပြင် နန်းတွင်းခန်းဆောင်များကို ဖော်ပြထားတဲ့ မြေပုံစာရွက်လည်း ပေးမထားတဲ့အတွက် လူစိမ်းတစ်ယောက်အနေနဲ့ ထွက်လည်ဖို့ဆိုတာ မလွယ်ပါဘူး။ အဲဒီကာလအတွင်းမှာ လေဒီဒိုင်ယာနာက သူ့အခန်းထဲမှာပဲထိုင်ပြီး သူငယ်ချင်းတွေဆီ စာအဆက်မပြတ်ရေးနေတာ တွေ့ခဲ့ရပါတယ်။ ချားလ်စ်မင်းသား ခရီးသွားနေတဲ့ ကာလများမှာ လေဒီဒိုင်ယာနာက ယောက္ခမတော် ဘုရင်မကြီးနဲ့ အတူတကွ လက်ဖက်ရည်ပွဲသုံးဆောင်ဖို့ ကြိုးစားတတ်ပါတယ်။ ဒါကလည်း ရင်းနှီးမှုရအောင် ကြိုးစားခြင်းပါ။ တစ်ပတ်တစ်ကြိမ်လောက် ကျွန်တော့်ထံ ဖုန်းဆက်ပြီး 'ဒီနေ့ မယ်တော်ဘုရား လက်ဖက်ရည်သုံးဆောင်ချိန်မှာ တစ်ယောက်တည်းပဲလားလို့ မေးပေးပါ'လို့ ပြောတတ်ပါတယ်။ အဲဒီအခါမျိုးမှာ ကျွန်တော်က ဘုရင်မကြီးထံ လျှောက်ထားရပါတယ်။

'လေဒီဒိုင်ယာနာက မယ်တော်ဘုရား ဒီနေ့လက်ဖက်ရည်သုံးဆောင်ချိန်မှာ တစ်ယောက်တည်းပဲလားလို့ ကျွန်တော်မျိုးကို မေးနေပါတယ်'လို့ဆိုရင် ဘုရင်မကြီးက 'မယ်မယ်နဲ့ လက်ဖက်ရည်လာသုံးဆောင်ဖို့ ခေါ်လိုက်ပါကွယ်'လို့ ပြောတတ်သလို 'ည ၈ နာရီ ၁၅ မှာ ညစာစားမယ်လို့ ပြောလိုက်ပါကွယ်'လို့လည်း မိန့်တော်မူတတ်ပါတယ်။ အဲဒီလိုအခါမျိုးမှာ လေဒီဒိုင်ယာနာကလည်း ဘယ်တော့မှ မငြင်းပါဘူး။ ဒါပေမယ့် ဒိုင်ယာနာစိတ်ထဲမှာ သူ့ယောက္ခမလောင်းကို ကြားခံမင်းမှုထမ်းများကတစ်ဆင့် ဆက်သွယ်နေရတာကိုတော့ ဘဝင်ကျလှပုံ မပေါ်ပါဘူး။ အဲဒါအပြင် တော်ဝင်မိသားစုများနဲ့ စားသုံးရတဲ့ နေ့လယ်စာ၊ ညစာတို့မှာ စနစ်တကျပြည့်ပြည့်ဆေးဆေး သုံးဆောင်ရခြင်းကိုလည်း ကြိုက်နှစ်သက်ပုံ မပေါ်ပါဘူး။ ဒါကြောင့် တစ်ပတ်မှာ တစ်ခါနှစ်ခါလောက် သူ့အခန်းထဲပို့နိုင်းပြီး ခပ်မြန်မြန်စားကာ အိပ်ရာထဲမှာ ခွေနေတတ်ပါတယ်။

လေဒီဒိုင်ယာနာဟာ ပင်ကိုစိတ်အားဖြင့် ဘုရင်မကြီးကို ချစ်ခင်လေးစားသူဖြစ်တယ်ဆိုတာ ကျွန်တော် သိပါတယ်။ အကြိမ်ပေါင်းများစွာ ရေကူးပြီးစ ဆံပင်ရေစိုနဲ့ ကော်ရစ်ဒါကိုရောက်လာပြီး ကျွန်တော့်ကို 'ဘုရင်မကြီး တစ်ယောက်တည်းလား'လို့ မေးပြီး တံခါးခေါက်ကာ ဝင်သွားတတ်ပါတယ်။ 'ဖွတ်မောနှင့်ကျန်းတော်ကြီးလှသော ဘုရင်မကြီး'လို့ နှုတ်ဆက်လိုက်ရင် ဘုရင်မကြီးရဲ့ မျက်နှာပေါ်မှာ အပြုံးပန်းတွေ ဝေဆာသွားတတ်ပါတယ်။ နှုတ်ဆက်တဲ့သူကလည်း ရွှင်ရွှင်

www.burmeseclassic.com

www.burmeseclassic.com



လန်းလန်း နှုတ်ဆက်တာကိုး။ လက်ထပ်ပြီးချိန်မှာတော့ လေဒီဒိုင်ယာနာအနေနဲ့ ဘုရင်မကြီးကို 'ဘုန်းတော်ကြီးလှသော ဘုရင်မကြီး' လို့ ခေါ်စရာမလိုတော့ဘဲ 'မာမာ' လို့ ခေါ်ရပါတယ်။ ဖိလစ်မင်းသားကြီးကိုလည်း 'ပါ' လို့သာ ခေါ်ဖို့ ညွှန်ကြားခံရပါတယ်။

ဘုရင်မကြီးက သူ့သားတော်နဲ့ လက်မထပ်ရသေးတဲ့ ချွေးမလောင်းကို အရော တဝင် မရှိသည့်တိုင်အောင် အစဉ်အမြဲ လေ့လာနေသူပါ။ ဘုရင်မကြီးအနေနဲ့က နန်းတွင်းမှာမွေး၊ နန်းတွင်းမှာ ကြီးခဲ့သူဖြစ်လေတော့ နန်းတွင်းဓလေ့ထုံးစံဆိုတာ အထူးသင်ကြားစရာမလိုပေမယ့် အရပ်သူတစ်ပိုင်းက အိမ်ရှေ့စံမိဖုရားဖြစ်လာမယ့် ဒိုင်ယာနာလိုသူများအတွက်ကတော့ ဘာကင်ဟမ်နန်းတွင်း ဓလေ့များကို အထူး တလည် သင်ကြားပို့ချပေးရပါတယ်။ တင်းကျပ်တဲ့ ဓလေ့ထုံးစံများကြားမှာ ဒိုင်ယာနာ မပျော်မွေ့တာ အစကတည်းကပါ။ သူငယ်ချင်းမရှိ၊ ကျင်လည်ရာ ပတ်ဝန်းကျင်ကလည်း သူ့အတွက် သူစိမ်းသက်သက် ဖြစ်နေခြင်းကြောင့်ပါ။ ဘုရင်မကြီးကတော့ 'သူ ငါ့ကိုတွေ့ချင်ရင် ဘယ်အချိန် ဘယ်နေရာမှာ ငါရှိတယ်ဆိုတာ သိနေတာပဲ' လို့ သဘောထားပုံရပါတယ်။ နောင်တစ်ချိန်မှာ အိမ်ရှေ့စံ မိဖုရား ဖြစ်လာမယ့်သူဖြစ်လို့ အရာရာကို ဆင်ခြင်တုံတရား ရှိရမယ်၊ ဆုံးဖြတ်နိုင်စွမ်း ရှိရမယ်လို့လည်း ယူဆထားပါတယ်။

သူငယ်ချင်းများနဲ့ လန်ဒန်မြို့တွင်းမှာ သွားချင်ရာသွား၊ လည်ချင်ရာလည် နေခဲ့ရတဲ့ဘဝကို ကျောခိုင်းခဲ့ရသလို သူမ ထိန်းကျောင်းခဲ့ရတဲ့ မူကြိုကျောင်းက ကလေးများနဲ့ ခွဲခဲ့ရခြင်းဟာလည်း လေဒီဒိုင်ယာနာအတွက် အပြင်းအထန် နာကျင်စေတဲ့ ဝေဒနာများပါ။ တစ်ရက်မှာ ကလေးတွေကို သူတွေ့ချင်လွန်းလို့ ကျောင်းကို သွားတွေ့တော့ ကလေးတွေက သူ့ကိုဖက်တွယ်တက်ကြပြီး 'ဆရာမ ဘယ်သွား နေတာလဲ' 'ဆရာမ အခု အပြီးပြန်လာတာလားဟင်' လို့ မေးကြတဲ့အတွက် လေဒီဒိုင်ယာနာမှာ မချိအောင် ခံစားရပြီး မျက်ရည်ကျခဲ့ရတယ်လို့ အတူတကွ လိုက်ပါသွားသူတစ်ဦးက ပြောပြခဲ့ပါတယ်။

မိန်းကလေးသူငယ်ချင်းများနဲ့ အတူတကွ နေထိုင်ခဲ့တဲ့ အမှတ် ၆၀၊ Corlherne Court အခန်းကိုသွားပြီး သူမပိုင် အဖိုးတန်ပစ္စည်းတွေ သိမ်းဆည်းတဲ့အခါမှာလည်း ငိုခဲ့ရတာပါပဲ။

ဒါပေမယ့် သူမရင်ထဲမှာတော့ အိမ်ရှေ့စံမိဖုရား ဖြစ်ရတော့မယ်ဆိုတဲ့ အသိက ရှိနေတဲ့အတွက် ရင်ခုန်စိတ်လှုပ်ရှားပြီး စိတ်ဓာတ်ခိုင်မာရမယ် ဆိုတာကိုလည်း နားလည်ခဲ့ပါတယ်။ နန်းတွင်းမှာ မပျော်မရွှင် ညည်းငွေ့မနေရအောင် အလုပ်တွေ ရှုပ်နေအောင် သူမကိုယ်သူမ ဖန်တီးခဲ့ပါတယ်။ သတို့သမီးဝတ်စုံ ဖန်တီးပေးကြမယ့် ဒေးဗစ်နဲ့ အဲလစ်ဇဘက် အမင်နူရယ်လ်တို့နဲ့အတူ ဝတ်စုံချုပ်လုပ်ရေးမှာ အလုပ်တွေ ဝင်ရှုပ်နေတယ်လေ။ လက်ထပ်ပြီးချိန်မှာ နေထိုင်ရမယ့်အခန်းကိုလည်း ပြင်ဆင်ဖို့ သူမကိုယ်တိုင် သွားရောက်ဦးဆောင်နေလိုက်ပါတယ်။ အဲဒီလို အလုပ်ရှုပ် နေစဉ် ကာလအတွင်းမှာ အစားအသောက်ကိုလည်း ဆင်ခြင်နေခဲ့ပါတယ်။ ဘာ ကြောင့်လဲဆိုတော့ မင်္ဂလာပွဲနှဲရမယ့်နေ့မှာ ဝမနေစေဖို့ပါပဲ။



❑

မင်္ဂလာဆောင်မတိုင်မီကာလမှာ သူမအနေနဲ့ Tap Dance လို့ခေါ်တဲ့ အက သင်တန်းများနဲ့ ဘဲလေး အကသင်တန်းများကို ရာဇပလ္လင်ခန်းမဆောင်ထဲမှာ လေ့ကျင့်သင်ကြားရပါတယ်။ အဲဒီခန်းမရဲ့ ထိပ်ဆုံးမှာက ရွှေနဲ့စီခြယ်ထားတဲ့ မင်းခမ်းမင်းနားသုံး ကုလားထိုင်များ သေးချင်းယှဉ်ပြီး ချထားပါတယ်။ ကုလား ထိုင်ရဲ့ နောက်ကျောမှီမှာ ရွှေခြည်မျှင်များနဲ့ 'E II R' ဆိုတဲ့ စာလုံးများ ရေးထွင်း ထားပါတယ်။ အဲဒီအောက်မှာ 'P' အမှတ်အသားပါတဲ့ ကုလားထိုင်က ကြင်ယာ တော် ဖိလစ်မင်းသားကြီး ထိုင်ရတဲ့ ကုလားထိုင်ဖြစ်ပြီး ဘုရင်မကြီးထိုင်တဲ့ ကုလားထိုင်ကတော့ မင်းသားကြီးထက် တစ်လက်မလောက် ပိုမြင့်ပါတယ်။ ဒါကလည်း တိုင်းပြည်အုပ်ချုပ်သူအဖြစ် ပေါ်လွင်ထင်ရှားအောင် ပြသထားတဲ့ နန်းတွင်းဓလေ့ထုံးစံတစ်ခုပါပဲ။

လေဒီဒိုင်ယာနာအနေနဲ့ အကသင်တန်းများမှာသာမက ရေကူးသင်တန်းကို လည်း တက်ရောက်ရပါတယ်။ ဒီသင်တန်းမှာတော့ သူမက စိတ်ဝင်တစား ရှိပါ တယ်။ ဘုရင်မကြီးရဲ့ ညီမတော်ဖြစ်တဲ့ မာဂရက် မင်းသမီးကလည်း ရေကူးရတာ ကို ဝါသနာပါပါတယ်။ သူမရဲ့ အိမ်တော်မှာ အဖြူနဲ့အပြာ ကျောက်ပြားများ စီခြယ်ထားတဲ့ ရေကူးကန်ရှိပြီး ဒိုင်ဗင်ထိုးတဲ့ စင်တစ်ခုလည်း ပါဝင်တဲ့အတွက် နှုတ်မိုးလင်းတိုင်း မာဂရက်မင်းသမီးက ဒိုင်ဗင်ဘုတ်ပေါ်ကနေ ဒိုင်ဗင်ထိုးချလေ့ ရှိပါသတဲ့။ ရေကူးကန်ကို သူမရဲ့ ဘယ်လ်ဂျီယံစံအိမ်ကနေ လှမ်းမြင်နိုင်ပြီး ရေကူး ကန်နဲ့ စံအိမ်ကြားမှာတော့ အိမ်တော်အမှုထမ်း မာရီယာ ကောစ်ဂရုဗ်ရဲ့ အိမ်ရှိ ပါတယ်။ မာရီယာက ကိုယ်နှုတ်အမူအရာ ရှိသူဖြစ်ပေမယ့် မိန်းမသားရဲ့ သဘာဝ အတိုင်း တစ်အိမ်ဝင် တစ်အိမ်ထွက်နဲ့ စကားအသယ်အပို့ လုပ်လေ့ရှိသူလည်း ဖြစ်တာကြောင့် မယ်တော်ဘုရင်မကြီး ကိုယ်တိုင်က မာရီယာနဲ့ ကင်းအောင် နေ စေပြီး အပါးတော်မှာ အမြဲရှိနေမယ့် မှာခ်ဆင်မဆင်နဲ့သာ အတူတကွ ရှိနေစေခဲ့ပါ တယ်။

www.burmeseclassic.com



ဒိုင်ယာနာဟာ မြို့စားမျိုးရိုးက ဆင်းသက်လာတဲ့ မင်းသမီးတစ်ပါး ဖြစ်တယ်ဆိုပေမယ့် ကိုယ့်အိမ်တော်မှာ တာဝန်ထမ်းဆောင်ရတဲ့ အမှုထမ်းများနဲ့ အမြဲတမ်း အဆင်ပြေအောင် နေလေ့ရှိသူပါ။ ဒိုင်ယာနာက စံအိမ်အပေါ်ထပ်မှာ တစ်ကိုယ်တည်း စံနေရတဲ့ဘဝထက် အောက်ထပ်က အိမ်တော်ဝန်ထမ်းများနဲ့ ထွေးရောယှက်တင်နေဖို့ရာလည်း ဝန်မလေးသူ ဖြစ်ပါတယ်။ ဒီလိုနေတတ်အောင် ဖခင်ဖြစ်သူက ဒိုင်ယာနာတို့ မောင်နှမများကို အခြေခံလူတန်းစားများနဲ့ နီးစပ်အောင် အမြဲတစေ ဖန်တီးပေးခဲ့တာပါ။ ဒိုင်ယာနာရဲ့ အဘွားဖြစ်သူ ရှသ်ဟာ မယ်တော်ဘုရင်မကြီးရဲ့ အရင်းနှီးဆုံးမိတ်ဆွေဖြစ်ပြီး ဒိုင်ယာနာရဲ့ဖခင်ဖြစ်သူ စပင်ဆာဟာလည်း ဆဋ္ဌမမြောက် ဂျော့ဘုရင်လက်အောက်မှာ တာဝန်ထမ်းဆောင်ခဲ့ဖူးသူပါ။ တော်ဝင်ဘဝမှာလည်း နေတတ်၊ သာမန်အရပ်သူဘဝမှာလည်း နေတတ်ခြင်းကြောင့် ဒိုင်ယာနာဟာ အနာဂတ်မှာ အင်္ဂလန်နိုင်ငံရဲ့ အိမ်ရှေ့မိဖုရား ဖြစ်တော့မှာ ဖြစ်ပေမယ့် လောလောဆယ်မှာတော့ အိမ်တော်ဝန်ထမ်းများနဲ့ လုံးထွေးနေတော့တာပါပဲ။

အိမ်တော်ရဲ့ အပေါ်ထပ်မှာ ကော်ရစ်ဒါများကအစ ကော်ဇော်နီများခင်းထားပြီး အခန်းတိုင်းရဲ့ ပြင်ဆင်မှုပုံစံများကလည်း တစ်ထေရာတည်း တူနေတာကြောင့် ဒိုင်ယာနာခမျာ အပေါ်ထပ်မှာ မကြာခဏ အခန်းမှားတတ်ပါတယ်။ ကြွေပြားများသာခင်းထားတဲ့ အောက်ထပ်မှာတော့ သူ ဝင်ချင်တဲ့ အခန်းဝင်၊ ထွက်ချင်တဲ့ အခန်း ထွက်လို့ရတာဖြစ်လို့ သူ့ဘဝက လွတ်လပ်နေပါတယ်။ စံအိမ်မှာ ဒိုင်ယာနာ သဘောအကျဆုံး ဝန်ထမ်းတစ်ယောက်ကတော့ ရှေ့ခ်ရှိုင်းယားပြည်နယ်မှ လာရောက် တာဝန်ထမ်းဆောင်တဲ့ ဗစ်တာဆိုသူပါပဲ။ ဒီလူက ဟန်းပါပါနဲ့ သူ့နှုတ်ခမ်းများမှာ ဖန်ခွက်တစ်ခွက်ကိုကိုက်ပြီး ဆေးတံသောက်သလို သရုပ်ဆောင်ရင်း ဟာသတွေ ပြောလေ့ရှိပါတယ်။ မစ္စတာဗစ်တာနည်းတူ နောက်ထပ် ဒိုင်ယာနာ အကျွမ်းဝင်တဲ့သူ တစ်ဦးရှိပါသေးတယ်။ အဲဒီပုဂ္ဂိုလ်ကတော့ တော်ဝင်မီးဖိုဆောင်မှ အချက်အပြုတ် အထူးကျွမ်းကျင်သူ စားဖိုမှူးကြီး ရောဘတ်ပိုင်းဆိုသူပါပဲ။ ဒီလူက အရပ်မြင့်မြင့်နဲ့ ရုပ်လည်းချောပါတယ်။ နက်မှောင်သန်စွမ်းတဲ့ ဆံပင်တွေရှိတဲ့အပြင် နှုတ်ခမ်းမွေးလည်း ထားလေ့ရှိပါတယ်။ ရောဘတ်ကဒိုင်ယာနာနဲ့တွေ့ရင် ဟာသတွေ ပြောလွန်းလို့ ဒိုင်ယာနာမှာ ရာဇဣန္ဒြေကိုမဆယ်နိုင်ဘဲ တခစ်ခစ် ရယ်ရတော့တာပါပဲ။ စားဖိုမှူးကြီးက သူ ကြိုက်တတ်တဲ့ ရေခဲမုန့်၊ ပူတင်း၊ စသည်တို့ကိုလည်း ချက်ပြုတ်ကျွေးမွေးတတ်ပါတယ်။ အဲဒီလို စားသောက်မိရင် ဒိုင်ယာနာ အပါးမှာ အနီးကပ်စောင့်ရှောက်ဖို့ လိုက်ပါလာတဲ့ အပျို တော်ကြီး အန်းဂါဒနာက အဆီအဆိမ့်တွေ စားရကောင်းလားလို့ ပြောလို့ မဆုံးတော့ပါဘူး။



တစ်ခါတလေမှာ ဒိုင်ယာနာက တော်ဝင်မိသားစုများရဲ့ အဝတ်အထည်များကို လျှော်ဖွပ်နေကြတဲ့ မိန်းကလေးတွေနဲ့ဝင်ပြီး စကားပြောချင်ပြောနေသလို မီးဖိုဆောင် ဝင်ပြီး စားတော်ကဲတွေနဲ့ ပြောချင်ရင်လည်း ပြောနေတတ်တာပါ။ စားတော်ကဲတွေက ဟာသတွေကို ပြောတတ်ကြတယ်လေ။ ဒါကြောင့် စားတော်ကဲတစ်ဦး ဖြစ်တဲ့ မာဗင်ဟာ ဒိုင်ယာနာ ရင်းနှီးကျွမ်းဝင်တဲ့ မိတ်ဆွေတစ်ဦး ဖြစ်လာခဲ့ပါတယ်။ မင်းမှုထမ်းများထဲမှာ ဒိုင်ယာနာရင်းနှီးတဲ့ နောက်တစ်ဦးကတော့ အပျိုတော်အဖြစ် စေစားရတဲ့ အီဗလင်ဆိုသူပါပဲ။ အီဗလင်က ရက်တတ်ပြီး သူ့တာဝန်များကို ရိုရို ကျိုးကျိုး ထမ်းဆောင်တတ်သူပါ။

အောက်ထပ်မှာရှိတဲ့ အိမ်တော်ဝန်ထမ်းများထဲက ဒိုင်ယာနာနဲ့ ရင်းနှီးတဲ့ နောက်ထပ် မင်းမှုထမ်းတစ်ဦး ရှိပါသေးတယ်။ အဲဒီသူကတော့ ဆီရယ်လ်ဒစ်က မင်းလို့ အမည်ရပါတယ်။ ဒီလူက အိမ်တော်မှာ လိုအပ်တဲ့ပစ္စည်းများကို ဝယ်ခြမ်း စီစစ်ကွပ်ကဲရတဲ့ သူတစ်ဦးပါ။ အသက်အရွယ်အားဖြင့်လည်း ဒိုင်ယာနဲ့ရဲ့ ဖခင် အရွယ်လောက် ရှိတာကြောင့် တခြားဝန်ထမ်းများအနေနဲ့ ဒိုင်ယာနာရဲ့ ဘဝကို နားလည်မပေးနိုင်ပေမယ့် သူကတော့ ဒိုင်ယာနာ ကြုံတွေ့ရတဲ့ အထီးကျန်ဘဝကို နားလည်ပေးနိုင်သူတစ်ဦး ဖြစ်ပါတယ်။ အဲဒါအပြင် နန်းလေ့ထုံးစံများကိုလည်း ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တာကြောင့် လေ့ထုံးစံတွေနဲ့ မရင်းနှီးသေးတဲ့ ဒိုင်ယာနာကို လမ်းညွှန်မှုပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဒိုင်ယာနာက အိမ်ရှေ့မိဖုရား ဖြစ်လာသည့်တိုင်အောင် မင်းသမီးငယ်ဘဝက သူ့ကို ပံ့ပိုးကူညီခဲ့တဲ့ ဆီရယ်လ်ကို ဘယ်တော့မှ မမေ့ခဲ့ပါဘူး။ အိမ်ရှေ့မိဖုရား ဖြစ်လာချိန် ဘာမိုရယ်လ်စံအိမ်မှာ စံနေရတဲ့အချိန် မစ္စတာဆီရယ်လ်က အိမ်တော်မှာ နာမည်ရတဲ့ အကပညာရှင် တစ်ဦး ဖြစ်လာခဲ့ပါပြီ။ သူတို့နှစ်ယောက် ရင်းနှီးမှုက နှစ်ပရိစ္ဆေဒကြာလာခဲ့တာနဲ့ အမျှ သူဟာ ဒိုင်ယာနာ ရင်ဖွင့်စရာရှိရင် တနာနားလည်စွာ နားထောင်ပေးတတ်တဲ့ ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်လာခဲ့ပါတယ်။

သာမန်အရပ်သူ ဘဝကနေ မြန်းစားကြီး အိမ်ရှေ့မိဖုရားနေရာကို ရောက်လာရသူဖြစ်တဲ့အတွက် ဒိုင်ယာနာက တော်ဝင်စည်းကမ်းတချို့ကို တော်လှန်ပုန်ကန်တတ်ပါတယ်။ အဲဒါနဲ့ပတ်သက်လို့ မင်းမှုထမ်းများကြားမှာ နားလည်ပေးနိုင်သူတွေ ရှိသလို ရှေးရိုးနန်းလေ့ကိုသာ ဖက်တွယ်စွဲကိုင်ထားလိုတဲ့ မင်းမှုထမ်းတွေလည်း ရှိတာကြောင့် ဘာကင်ဟမ်နန်းတွင်းက မင်းမှုထမ်းတွေကြားမှာ ဒိုင်ယာနာကို လိုလားသူတွေရှိသလို မလိုလားသူတွေလည်း အများကြီးပါပဲ။ တချို့က ဒိုင်ယာနာကို ကိုယ့်နေရာကိုယ် မနေတတ်ဘူးလို့ ပြစ်တင်တတ်ကြပါတယ်။ ရွှေနန်းတော်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာ နှစ်ပေါင်းလေးဆယ်လောက် အမှုထမ်းလာတဲ့ အပျိုတော်ကြီးတစ်ဦးက ဒိုင်ယာနာလို မင်းသမီးတစ်ပါးအနေနဲ့ ကြောင်အိမ်ကိုဖွင့်ပြီး သူ စားချင်တဲ့ ဘီစကစ်ကို ကိုယ်တိုင်ယူစားတာနဲ့ပတ်သက်ပြီး ရင်တီးလက်ခတ် ရှိခဲ့ဖူးပါတယ်။ မင်းသမီးဆိုတာ ကိုယ်ထင်တိုင်း လုပ်လို့မရဘူးလို့ အဲဒီအမျိုးသမီးကြီးက ဆိုပါတယ်။ ဒီလိုလုပ်လိုက်တဲ့ အပြုအမူဟာ မင်းသမီးတစ်ပါးအနေနဲ့ အင်မတန် ရိုင်းပါသတဲ့။ တစ်ခါတုန်းကလည်း မီးဖိုဆောင်ထဲကို ဒိုင်ယာနာ ဝင်လာတဲ့အတွက် စားတော်ကဲတစ်ဦးက လက်ညှိုးငေါက်ငေါက်ထိုးပြီး ဒီနေရာဟာ မင်းသမီး လာရမယ့်နေရာ မဟုတ်ဘူး၊ အပေါ်ထပ်မှာပဲ စံနေပါလို့ဆိုတဲ့အတွက် ဒိုင်ယာနာခမျာ မီးဖိုဆောင်ထဲမှာ သူ စားချင်တာကို ယူစားခွင့်မရှိဘဲ အပေါ်ထပ် ပြန်တက်ပြေးခဲ့ရဖူးပါတယ်။

အိမ်တော်မှာရှိတဲ့ အမှုထမ်း အများစုကတော့ နန်းစေလှေ့ထုံးတမ်းစဉ်လာများကို မနှစ်မြို့ကြသူများဖြစ်တဲ့အတွက် ဒိုင်ယာနာကို လိုလားကြပါတယ်။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် မင်းသမီးတစ်ပါးက သူလိုက်နာရမယ့် စည်းကမ်းကို ချိုးဖောက်ခြင်းသာ ဖြစ်တဲ့အတွက် ဒိုင်ယာနာကို သူတို့အချင်းချင်း နာမည်ဝှက်ပေးထားတာ ရှိပါတယ်။ အဲဒီနာမည်ကတော့ 'အပေါ်ထပ်က လေကောင်းလေသန့်ကလေး' ပါတဲ့။

သူတို့ နားမလည်တာက ဒိုင်ယာနာဟာ အိမ်ရှေ့မိဖုရား ဖြစ်လာပြီဆိုရင် သီးခြားစံအိမ်များမှာ နေရတော့မှာဖြစ်တဲ့အတွက် သူမနဲ့သင့်တော်မယ့် အမှုထမ်းများကို လှေလာရွေးစမ်းနေတယ်ဆိုတဲ့ အချက်ပါပဲ။ ကျေးလက်စံအိမ်များဖြစ်တဲ့ Highgrove,Gloucester shire တို့အပြင် ကင်စတန်နန်းတော်လည်း ရှိနေပါသေးတယ်။ အဲဒါအပြင် ချားလ်စ်မင်းသားက Highgrove မှာ သုံးထပ်စံအိမ်ကြီးတစ်ခုကို ၁၉၈၀ ပြည့်နှစ်က ဝယ်ခဲ့ပါသေးတယ်။ ဒိုင်ယာနာနဲ့ စေ့စပ်ကြောင်းလမ်းခြင်း မပြုခင် တစ်နှစ်က ဝယ်ခဲ့တာပါ။ အဲဒီစံအိမ်က ချားလ်စ်မင်းသားရဲ့ မိတ်ဆွေများဖြစ်ကြတဲ့ ဒုတိယဗိုလ်မှူးကြီး အင်ဒရူးပါကာနဲ့ ခမီးကယ်မီလာတို့ရဲ့ အိမ်နဲ့ မနီးမဝေးမှာ တည်ရှိပါတယ်။

❑

ဘာကင်ဟမ်နန်းတော်ထဲမှာ လနဲ့ချီပြီး နန်းတွင်းဓလေ့ထုံးတမ်းစဉ်လာများကို လေ့လာခဲ့ရတဲ့ ဒိုင်ယာနာဟာ ဂေါ်ဇောနီပေါ်မှာ ပီဘိဘဲလေး ကချေသည်တစ်ယောက်လို ကနိုင်စွမ်းရှိတယ်ဆိုတာကို ကျွန်တော့်မျက်စိနဲ့ တပ်အပ်မြင်ခဲ့ရဖူးပါတယ်။ အဲဒီနေ့က ၁၉၈၁ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့ပါ။ ဘာကင်ဟမ်နန်းတော်ကြီးရဲ့ လေသာဆောင်ကနေ သတို့သား ချားလ်စ်မင်းသားနဲ့ သတို့သမီး ဒိုင်ယာနာတို့ အများပြည်သူနဲ့တကွ ကမ္ဘာတစ်ဝန်းမှ ပရိသတ်များကို ရှုမြင်နိုင်



အောင် အနမ်းနဲ့နှုတ်ဆက်ပြတဲ့ ကာလပြီးတဲ့ နောက်မိနစ်ပိုင်းသာ ကွာခြားပါတယ်။ ကျွန်တော်က ဘုရင်မကြီးရဲ့ အခန်းရှေ့က ကော်ရစ်ဒါမှာ ဘုရင်မကြီးပြန်အလာကို စောင့်စားရင်း ငေးမောနေတဲ့အခိုက်မှာ နို့နှစ်ရောင် ပိုးသားဖိနပ်ကလေးကို လက်တစ်ဖက်မှာကိုင်ပြီး တခြားလက်တစ်ဖက်မှာတော့ မင်္ဂလာ သတို့သမီးရဲ့ ပဝါရှည်ကြီးကို လုံးထွေးရစ်ပတ်ကိုင်ထားတဲ့ မင်းသမီးကို မမျှော်လင့်ဘဲ တွေ့လိုက်ရခြင်းပါ။ ပါတီပွဲက နန်းတော်ကြီးရဲ့ ဗဟိုခန်းမကြီးမှာ ကျင်းပနေတာပါ။ အဲဒီပါတီပွဲကနေ လစ်ထွက်လာတဲ့ မင်းသမီးကလေးက ဆွေစဉ်မျိုးဆက်တော်ဝင်မိသားစုရဲ့ ဓာတ်ပုံများ ချိတ်ဆွဲထားတဲ့ ခန်းမကြီးထဲမှာ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် စိတ်ထင်တိုင်း ကနေတော့တာပါပဲ။ သူ့ခေါင်းပေါ်က စိန်နဲ့စီခြယ်ထားတဲ့ သရဖူကလေးမှာလည်း မီးရောင်အောက် တဖျပ်ဖျပ် တောက်ပနေပါတယ်။ သူတစ်ယောက်တည်း ရှိတယ်အထင်နဲ့ သူ့ကိုယ်သူ ယုံကြည်စိတ်ချစွာ ဘဲလေးအကကို ကနေတဲ့ မင်းသမီးကလေးကို ကျွန်တော် ခေတ္တခဏဆိုသလို ငေးမောကြည့်နေမိပေမယ့် သူသိသွားရင် အားနာစရာ ဖြစ်မှာမို့ မျက်နှာလွှဲပြီး ကျွန်တော် မြင်သာတဲ့နေရာက ပြတင်းပေါက်ကို ပိတ်ပေးခဲ့ပါတော့တယ်။

ကျွန်တော်သည်လည်း ကမ္ဘာတစ်ဝှမ်းမှ ရုပ်မြင်သံကြား ကြည့်ရှုအားပေးနေကြတဲ့ ပရိသတ်ပေါင်းသန်း ၇၅၀ နည်းတူ ဒိုင်ယာနာ မင်းသမီးဘဝမှ ဝေလမင်းသမီးဘဝသို့ ကူးပြောင်းသွားတဲ့ အစီအစဉ်ကို ကြည့်ခဲ့ရပါတယ်။ ကျွန်တော်နဲ့အတူ ကြည့်နေကြတဲ့ ပုဂ္ဂိုလ်များကတော့ ဘုရင်မကြီးရဲ့ အချစ်တော် ခွေးကလေးကိုးကောင်ဖြစ်ပြီး ဘုရင်မကြီးရဲ့ ရုပ်မြင်သံကြားစက်မှာ ကျွန်တော် ကြည့်ခဲ့တာပါ။ တကယ်တော့ ကျွန်တော့်အနေနဲ့ ဒီရုပ်မြင်သံကြားစက်ကို ကိုင်ခွင့်မရှိပါဘူး။ ဒါပေမယ့် ဒီနေ့လို နေ့ထူးနေ့မြတ်မှာတော့ ကျွန်တော် ဖွင့်ကြည့်လို့လည်း ဘုရင်မကြီးက အမျက်တော်ရှမှာ မဟုတ်ဘူးလို့ ယူဆတဲ့အတွက် ဖွင့်ကြည့်ခဲ့ခြင်းပါ။

တခြား နန်းတွင်းအမှုထမ်းများနည်းတူ ကျွန်တော့်မျက်စိထဲက ဘယ်တော့မှ ထွက်တော့မှာ မဟုတ်တဲ့ မြင်ကွင်းများကတော့ လေဒီဒိုင်ယာနာက ဖခင်ဖြစ်သူ စပင်ဆာ မြို့စားကြီးနဲ့အတူ စိန့်ပေါလ် ဘုရားရှိခိုးကျောင်းကြီးရှိရာကို ဒဏ္ဍာရီဆန်လှတဲ့ မှန်ရထားနဲ့သွားရင်း လမ်းဘေးဝဲယာမှာ စောင့်ကြည့်နှုတ်ဆက်နေကြတဲ့ အင်္ဂလန်နိုင်ငံသူ နိုင်ငံသားများကို လက်ပြနှုတ်ဆက်ခဲ့တဲ့ မြင်ကွင်း၊ ဘုရားရှိခိုးကျောင်းကြီးထဲက ကော်ဇောနီပေါ်မှာ လျှောက်လှမ်းလာတော့ နောက်မှာ ပေပေါင်းများစွာ ဒရွတ်ဆွဲပါလာတဲ့ ပဝါရှည်ကြီး၊ ဘုန်းတော်ကြီးရဲ့ ရှေ့မှာ ကတိသစ္စာပြုကြဖို့ လှေကားထစ်များကို တက်လှမ်းသွားတဲ့ မြင်ကွင်းများပါပဲ။ အဲဒီနေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ဂျူတီက ပန်းချီကားများနဲ့ ဓာတ်ပုံများ ချိတ်ဆွဲထားတဲ့ ခန်းမဆောင်နဲ့ ကပ်လျက်မှာရှိတဲ့ အဆောင်တစ်ခုမှာ တော်ဝင်မိသားစုများ စားသုံးနေစဉ် စောင့်ကြည့် အမှုထမ်းပေးဖို့ပါပဲ။ ကျွန်တော့်တာဝန်က သူတို့ အဲဒီအခန်းထဲကို ရောက်လာမှသာ စတင်ထမ်းဆောင်ရမှာ ဖြစ်တဲ့အတွက် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပေးနေတဲ့ အစီအစဉ်ကို ကြည့်ရှုခြင်းက ကျွန်တော့်အတွက် အများကြီး အထောက်အကူ ဖြစ်ခဲ့ပါတယ်။ ကျွန်တော်နဲ့တန်းတူ ဘုရင်မကြီးအနီးမှာ တာဝန်ထမ်းဆောင်ရတဲ့ ပေါလ်ဗိုင်ဘရူးကတော့ ကံကောင်းတယ်လို့ ဆိုရပါလိမ့်မယ်။ ဘုရားရှိခိုးကျောင်းကို အမိုးဖွင့်ယာဉ်နဲ့ ကြွရောက်ကြတဲ့ ဘုရင်မကြီးနဲ့ ကြင်ယာတော်တို့ရဲ့ နောက်တော်ပါးကနေ ကပ်လျက် ခစားခွင့်ရရှိခဲ့ခြင်းပါ။

မင်္ဂလာမောင်နှံတို့ ဆင်ဝင်ပေါ်ကနေ တိုင်းသူပြည်သားများကို ဧည့်ခံနှုတ်ဆက်နေချိန်မှာ ထောင်ပေါင်းများစွာသော ပြည်သူများရဲ့ ကောင်းချီးသြဘာပေးသံများကို ရုပ်မြင်သံကြားမှသာမက နားနဲ့ဆတ်ဆတ်လည်း ကြားနေရတာဖြစ်လို့ ကျွန်တော် မနေနိုင်တော့ပါဘူး။ ပရိသတ်များထဲက ဓာတ်ပုံ တဖျတ်ဖျတ် ရိုက်ယူနေကြတဲ့သူများနည်းတူ ဓာတ်ပုံရိုက်ချင်စိတ် ပေါက်လာတာကြောင့် အပြေးအလွှားသွားပြီး ဓာတ်ပုံရိုက်ခဲ့ပါသေးတယ်။ ပြီးတော့မှ ကျွန်တော် တာဝန်ကျရာနေရာကို ပြန်ပြေးခဲ့တာပါ။

မင်္ဂလာဆောင်နေ့မတိုင်ခင် ညတုန်းကလည်း ဒီပရိသတ်တွေပါပဲ။ 'ဝေလမင်းသားကို ဘုရားသခင် ကောင်းချီးပေးပါစေ' 'ဘုရင်မကြီးကို ဘုရားသခင် ကြည့်ရှုစောင့်ရှောက်ပါစေ' ဆိုတဲ့ သီချင်းတွေ လာပြီးဆိုကြတာကြောင့် ကျွန်တော် အိပ်လို့မရခဲ့ပါဘူး။ ညလုံးပေါက် ပါတီပွဲတွေ တစ်နိုင်ငံလုံးမှာ ဆင်နွှဲခဲ့ကြပါတယ်။ ဒီအပျော်တွေဟာ အင်္ဂလန်နိုင်ငံမှာ ရက်သတ္တပတ်တစ်ပတ်လောက် အရှိန်မသေနိုင်အောင် ရှိခဲ့တာပေါ့။

မင်္ဂလာပွဲ မတိုင်ခင် နှစ်ရက်ကလည်း ညစာစားပွဲတစ်ရပ် ကျင်းပခဲ့ပါသေးတယ်။ ဘာကင်ဟမ်နန်းတော်တွင်းမှာ ကျင်းပတဲ့ ဒီညစာစားပွဲမှာ တက်ရောက်ခဲ့တဲ့ ဧည့်သည်ပေါင်းက တစ်ထောင်လောက် ရှိပါလိမ့်မယ်။ ဥရောပနိုင်ငံများမှ ကေရာဇ်များ၊ သံတမန်များ၊ နိုင်ငံတော်အကြီးအကဲများ၊ ဝန်ကြီးချုပ်များ (အဟောင်းတွေရော အသစ်တွေပါ ပါပါတယ်) တက်ရောက်ခဲ့ကြတဲ့အတွက် ဘာကင်ဟမ်နန်းတော်တွင်းက ဧည့်ခန်းမှန်သမျှ အပြည့်အလျှံပါပဲ။ ကျွန်တော်က ပလ္လင်ခန်းမဆောင်မှာ တာဝန်ထမ်းဆောင်ပြီး ဧည့်သည် ၁၀ ဦးကို တာဝန်ယူရပါတယ်။ ကျွန်တော် တာဝန်ယူရတဲ့ဝိုင်းမှာ ဝေလမင်းသား၊ အဲဒီတုန်းက ဝေလမင်းသမီး မဖြစ်သေးတဲ့ လေဒီဒိုင်ယာနာ၊ မိုနာကိုနိုင်ငံမှ ဂရေ့စ်မင်းသမီးနဲ့ သားတော် အဲလ်ဘတ်မင်းသားတို့ ပါဝင်ပါတယ်။ ဂရေ့စ်မင်းသမီးကို အဲဒီတော့မှ ကျွန်တော် အနီးကပ် မြင်ဖူးတာပါ။ ချောလိုက်တဲ့ မင်းသမီး။ ဒါကြောင့်လည်း ကမ္ဘာကျော် ရုပ်ရှင်မင်းသမီး ဂရေ့စ်ကယ်လီ ဖြစ်ခဲ့ပြီးမှ မိုနာကိုမင်းသားကြီး ရေနီရာက တော်ကောက်ခဲ့တာကိုး။ အဲဒီညက ဂရေ့စ်ရဲ့အလှဟာ လေဒီဒိုင်ယာနာရဲ့ အလှကိုတောင် ကျော်လွှမ်းသွားတယ်လို့ ကျွန်တော် ထင်ပါတယ်။ သူ ဆောင်းထားတဲ့ သရဖူကလည်း ဘုရင်မကြီးရဲ့ သရဖူထက် အဆင့်မနိမ့်ပါဘူး။



လေဒီဒိုင်ယာနာနဲ့ ဂရေ့စ်မင်းသမီးတို့ကြားမှာ တစ်ယောက်နဲ့ တစ်ယောက် ခင်တွယ်မှုဟာ ရုတ်ခြည်းပေါ်ပေါက်လာတယ်လို့ ယူဆရပါတယ်။ ကပွဲမစခင်မှာတင် သူတို့နှစ်ယောက်ရဲ့ ရင်းနှီးမှုက ခိုင်မာနေပါပြီ။ ဂရေ့စ်ဟာ လေဒီဒိုင်ယာနာလိုပဲ သာမန်အရပ်သူဘဝကနေ တော်ဝင်မိဖုရားတစ်ပါး ဖြစ်လာခဲ့တာကြောင့် လေဒီဒိုင်ယာနာအတွက် ဂရေ့စ်ဟာ စံထားရမယ့် မိန်းမသားတစ်ယောက် ဖြစ်ခဲ့ပါတယ်။ ရုပ်ရှင်မင်းသမီးတစ်ယောက်က တော်ဝင်မိဖုရား ဘဝကို ရှောရှောရှူရှူ ကူးပြောင်းနိုင်သလိုသူလည်း ကူးပြောင်းနိုင်လိမ့်မယ်လို့ မျှော်လင့်ခဲ့ပုံရပါတယ်။ ဒါကြောင့် ဒိုင်ယာနာက ဂရေ့စ်ကို အဆင်ပြေနိုင်ပါ့မလားလို့ အဲဒီညက မေးခဲ့ဖူးပြီး ဂရေ့စ်ကလည်း 'အစပထမမှာတော့ ဒီလိုပါပဲ။ ဒါပေမယ့် တဖြည်းဖြည်းချင်းနဲ့ သူ့အလိုလို တတ်သွားပါလိမ့်မယ်' လို့ ဖြေခဲ့တယ်လို့ နောင်မှာ သိရပါတယ်။

မင်္ဂလာပွဲနေ့ မနက်မှာတော့ ကျွန်တော့်တာဝန်က နံနက်စာ စားတဲ့နေရာမှာ တာဝန်ကျပါတယ်။ မင်္ဂလာသတို့သမီးက သတို့သမီးဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်ထားပြီးဖြစ်လို့ သူ့ဝတ်စုံပေါ် မနင်းမိအောင်နဲ့ ပေရေမသွားအောင် အထူးဂရုစိုက်ရပါတယ်။ ကျွန်တော် တာဝန်ယူရတဲ့ စားပွဲဝိုင်းမှာက သတို့သား၊ သတို့သမီး နှစ်ဖက်မိဘများ၊ အပျိုရံများ၊ အင်ဒရူးမင်းသားနဲ့ အက်ဒဝပ်မင်းသားတို့ ပါဝင်ပါတယ်။ နံနက်စာ စားသုံးနေကြချိန်မှာ အခြားသူတွေက စကားပြောနေကြပေမယ့် ပင်ပန်းနေပုံရတဲ့ မင်းသမီးကတော့ စကားသိပ်မပြောဘဲ နားထောင်သူသက်သက် ဖြစ်ခဲ့တာကို ကျွန်တော် သတိပြုခဲ့ပါတယ်။ နောင်မှာ မင်းသမီးက ကျွန်တော့်ကို ပြန်ပြောခဲ့တာကတော့ အဲဒီနေ့ မနက်က သူ အရမ်းဆာနေပြီး ဗိုက်ထဲမှာလည်း အသံတွေမြည်နေပြီဖြစ်လို့ ဘာစကားမှမပြောနိုင်ဘဲ အစားကိုသာ ဂရုစိုက်စားနေခဲ့တာလို့ ဆိုပါတယ်။ အဲဒီမနက်ကတည်းက မကြာမီ တော်စပ်ရတော့မယ့် သူ့ခင်ပွန်းလောင်း ချားလ်စ်မင်းသားဟာ သူ့မအပေါ်မှာ ချစ်ကြင်နာပြီး သားဟာတဲ့ အိမ်ထောင်တစ်ခု ထူထောင်နိုင်ပါရစေလို့ ဆုတောင်းနေခဲ့တာလို့လည်း ဆိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မင်းသမီးဟာ ချားလ်စ်ကို ချစ်ရုံသာချစ်တာ မဟုတ်ပါဘူး။ မြတ်နိုးမှုလည်း အပြည့်ရှိခဲ့တာပါ။

❑

မင်းသမီးရဲ့ ဘဝတစ်လျှောက်မှာ ပြည့်စေချင်ခဲ့တဲ့ဆန္ဒတစ်ခု ရှိခဲ့ပါတယ်။ အဲဒီဆန္ဒကတော့ သူနဲ့ ချားလ်စ်မင်းသားကြားမှာ အချစ်စစ် အချစ်မှန်ဆိုတာ အိမ်ထောင်ဦးကာလများမှာ ရှိခဲ့ဖူးတယ်ဆိုတာကို အများပြည်သူတို့ သိစေချင်တဲ့ ဆန္ဒပါပဲ။ သူတို့နှစ်ယောက်နဲ့ပတ်သက်ပြီး ဆောင်းပါးတွေ တစ်ပုဒ်ပြီးတစ်ပုဒ်၊ စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ရေးထုတ်ခဲ့ကြတာတွေက သမိုင်းကြောင်းကို မှားယွင်းစေခဲ့ပါတယ်။ တကယ်တော့ သူတို့နှစ်ယောက်ရဲ့ မင်္ဂလာဦးကာလများမှာ တစ်ယောက်ကိုတစ်ယောက် ချစ်မြတ်နိုးမှု ရှိခဲ့ကြပါတယ်။ သူတို့နှစ်ယောက် အဆင်မပြေ ဖြစ်စေခြင်းဟာ ဒိုင်ယာနာကြောင့်လို့ စွပ်စွဲမယ်ဆိုရင်လည်း စွပ်စွဲလို့ ရနိုင်ကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒိုင်ယာနာက ၁၉၉၂ ခုနှစ်၊ ဇွန်လမှာ စာရေးဆရာ အင်ဒရူးမော်တန်နဲ့ပေါင်းပြီး သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိ ဖြစ်တဲ့ Daina, The True Story ဆိုတဲ့ စာအုပ်ထုတ်ဝေခွင့်ပြုခဲ့ခြင်းကြောင့်ပါပဲ။ ဒီစာအုပ်က သူကွယ်လွန်ပြီးနောက်မှာ ပြန်လည်ပြင်ဆင်ချက်များနဲ့ ဒုတိယအကြိမ် ထွက်ခဲ့ပါသေးတယ်။ ဒီစာအုပ်မှာ အင်ဒရူးမော်တန်က မင်းသမီးနဲ့ အနီးကပ်ဆုံး နေခဲ့သူတစ်ယောက်အနေနဲ့ ရေးသားထားတဲ့ အမှန်ကန်ဆုံး အတ္ထုပ္ပတ္တိလို့ ဆိုခဲ့ပါသေးတယ်။ အဲဒါ လုံးဝမဖြစ်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ မင်းသမီးအနေနဲ့ သူ့အတ္ထုပတ္တိ ရေးမယ်လို့ စိတ်ကူးရှိခဲ့ရင် မင်္ဂလာဦးကာလများမှာ သူတို့နှစ်ယောက် ပျော်ပျော်ရွှင်ရွှင် အမှန်တကယ်ရှိခဲ့တာကို ဖုံးကွယ်ပြီး အဆင်မပြေသယောင် ဘာကြောင့် ရေးခဲ့မလဲ။ တကယ်လို့ ၁၉၉၂ ခုနှစ်ကတည်းက အဆင်မပြေခဲ့ရင် ဘာကြောင့် ဒိုင်ယာနာက နှစ်ပေါင်းများစွာ ကြာတော့မှ ဒီကိစ္စကို တစ်ကမ္ဘာလုံးသိစေဖို့ ဖန်တီးခဲ့မလဲ။ အချစ်စစ်အချစ်မှန်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် အဆင်ပြေအောင် ညှိနှိုင်းကြရတာပါပဲ။ ချားလ်စ်မင်းသားအနေနဲ့ ပထမပိုင်းမှာ ဒိုင်ယာနာကို လက်သင့်မခံနိုင်ခဲ့ပေမယ့် သူ့ရင်ထဲမှာရှိတဲ့ ချစ်ခြင်းမေတ္တာတရားကြောင့် အစစအရာရာကို သည်းခံပြီး အဆင်ပြေအောင် ညှိနှိုင်းနေခဲ့တယ်ဆိုတာ အထင်အရှားပါပဲ။ ဥပမာအားဖြင့် မင်းသမီးက သူ့ကိုယ်သူ ပိန်အောင် ထိန်းထားချင်တဲ့အတွက် ပေါ်ပေါက်လာတဲ့ အစားအသောက်မမှန်တဲ့ရောဂါကို ချားလ်စ် သိပေမယ့် သည်းခံခဲ့တယ်။ ဒါကို နောက်ပိုင်းမှာ မင်းသမီးကလည်း ဝန်ခံခဲ့တာပဲ မဟုတ်လား။ မင်းသမီးဘက်က ချားလ်စ်အပေါ်မှာထားရှိတဲ့ ချစ်မေတ္တာတရားဟာလည်း လုံးဝ ကွယ်



ပျောက်သွားခဲ့တာ မဟုတ်ပါဘူး။ ၁၉၈၅ ခုနှစ်မှာ တစ်ယောက်နဲ့တစ်ယောက် မပြေလည်ကြပေမယ့် ညှိနှိုင်းမှုတော့ ပြုခဲ့ကြပါတယ်။ တစ်ယောက်နဲ့တစ်ယောက် လိုအပ်ချက်ချင်း မညီမမျှ ဖြစ်ခဲ့ကြပေမယ့် 'ဝေလမောင်နှံတို့ရဲ့ စစ်ပွဲ'လို့ ခေါ်တွင်ရလောက် အောင် သူတို့ ဇနီးမောင်နှံကြားမှာ မဖြစ်ပေါ်ခဲ့ကြပါဘူး။ ပေါ်ပေါက်ခဲ့တဲ့ ကတောက်ကဆကိစ္စများဟာ အသေးအမွှားသာ ဖြစ်ခဲ့ပါတယ်။ တကယ်လို့ သူတို့နှစ်ယောက်ရဲ့ စကားများ အငြင်းပွားမှုများကို 'ဝေလမောင်နှံတို့ရဲ့ စစ်ပွဲ' လို့ သတ်မှတ်မယ်ဆိုရင် သူတို့အိမ်တော်အချင်းချင်း၊ သူတို့ရုံးအချင်းချင်း၊ သူတို့ဝန်ထမ်းအချင်းချင်း ဖြစ်ပွားကြတဲ့ အငြင်းပွားမှုများသာ ဖြစ်ပါတယ်။ အပြင်လူများနဲ့ မသက်ဆိုင်ပါဘူး။

ကျွန်တော်တို့ နားလည်ဖို့ ကြိုးစားရမှာက မင်းသမီးကိုပါ။ ဒိုင်ယာနာဟာ စိတ်ခွေများကတစ်ဆင့် အင်ဒရူးမော်တန်နဲ့ ပူးပေါင်းပြီး သူမရဲ့ အိမ်ထောင်ရေး ပြိုကွဲချိန်၊ စိတ်ရှုပ်ထွေးနေတဲ့အချိန်၊ ဖခင်ဖြစ်သူ မြို့စားကြီး စပင်ဆာ ကွယ်လွန်သွားချိန်တို့မှာ အင်မတန် ထိခိုက်ခံစားခဲ့ရပါတယ်။ အဲဒီအချိန်မှာပဲ ချားလ်စ်မင်းသားရဲ့ အပေါင်းအသင်းများကလည်း ဒိုင်ယာနာကို ဇွန်နှချဖို့ မြှောက်ထိုးပင့်ကော်လုပ်နေကြချိန်ပါပဲ။ ဒီအကြောင်းကို နောင်မှာ ဒိုင်ယာနာက ဖွင့်ဟပြောကြားခဲ့ရာ 'ကျွန်မ ပတ်လည်မှာရှိနေတဲ့ လူတွေက သာမန်လူများလို မျက်စိနှစ်လုံး ရှိကြတာ မဟုတ်ဘဲ တစ်ယောက်မှာ မျက်စိခြောက်လုံးလောက် ရှိကြပုံရပါတယ်။ ကျွန်မကိုပဲ ဝိုင်းကြည့်နေကြပြီး ဟိုဟာဖြစ်ပြန်ပြီ၊ ဒီဟာဖြစ်ပြန်ပြီနဲ့ ဝေဖန်သုံးသပ်နေကြတော့တာပဲ'လို့ ဆိုခဲ့တယ်။ အင်ဒရူးမော်တန်နဲ့ အဲဒီစာအုပ်ကို ရေးနေစဉ်ကာလမှာ ဒိုင်ယာနာဟာ ကြိမ်ဖန်များစွာ ဒေါသဖြစ်ခဲ့ရ၊ စိတ်ဆိုးခဲ့ရ တယ်လို့လည်း ဆိုပါတယ်။

စာအုပ်ထုတ်ဝေလိုက်တဲ့အခါမှာ ရည်မှန်းချက် ပေါက်မြောက်ခဲ့တယ်လို့ ဆိုရပါမယ်။ ဒိုင်ယာနာဘဝမှာ တစ်ယောက်တည်း မဟုတ်တော့ဘဲ သူ့ဘဝကို နားလည်ခွင့်ရသွားတဲ့ အင်္ဂလိပ်ပြည်သူတစ်ရပ်လုံး ပါလာခဲ့ပါတယ်။ သူ မွေးထားတဲ့ သားနှစ်ယောက်ဟာလည်း တော်ဝင်မင်းသားများဆိုတာထက် အရပ်သား ပိုဆန်လာပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဒိုင်ယာနာက 'ခုဆိုရင် လူတွေက ကျွန်မကို ပိုပြီးနားလည်လာကြတယ်။ ဒီစာအုပ်ထုတ်လိုက်တာဟာ ချားလ်စ်နဲ့ ကျွန်မ နှစ်ယောက်စလုံးအတွက် ရည်ရွယ်တာပါ။ ကျွန်မတို့အနေနဲ့ ဒီထက်ပိုပြီး ဟန်ဆောင်နေကြဖို့ မလိုဘူးလေ။ သူကတော့ ဒီစာအုပ်နဲ့ပတ်သက်ပြီး ကျွန်မကို စိတ်ဆိုးနေလောက်ရဲ့'လို့ ဆိုခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီစာအုပ်ဟာ အိမ်ထောင်သည် နှစ်ဦးကြားမှာ ပရိယာယ်ကြွယ်ခဲ့တဲ့ စာအုပ်တစ်အုပ်လည်း ဖြစ်ပါတယ်။ အချိန်ကိုက် ထုတ်ဝေလိုက်တာဖြစ်လို့ အင်္ဂလန်ပြည်သူတွေက နိုင်ယာနာအပေါ် စာနာနားလည်သွားကြတယ် ဆိုပေမယ့် ချားလ်စ်အတွက်ကတော့ အနာပေါ် တုတ်ကျသလို ဖြစ်ခဲ့ရတဲ့အတွက် သူမှားသွားတယ်လို့ နိုင်ယာနာက ဝန်ခံခဲ့ပါတယ်။ ဒါကြောင့် အမှားတွေကို ပြင်နိုင်ဖို့အတွက် နိုင်ယာနာက သူ့တစ်သက်တာ ရင်းနှီးပေါင်းသင်းခဲ့တဲ့ မိတ်ဆွေများကတစ်ဆင့် ကျွန်တော့်ကို ဆက်သွယ်လာပြီး ဘယ်တုန်းကမှ ထုတ်ဖော်မပြောကြားခဲ့တဲ့ အမှန်တရားများကို ထုတ်ဖော်ပြောကြားတော့တာပါပဲ။

❑

မင်္ဂလာဆောင်ပြီးတဲ့နောက်မှာ အိမ်ရှေ့မင်းသား ချားလ်စ်နဲ့ ဝေလမင်းသမီး နိုင်ယာနာတို့ဟာ ဘရစ်တာနီးယားလို့ခေါ်တဲ့ ထီးသုံးနန်းသုံး ရွက်သင်္ဘောကြီးနဲ့ မြေထဲပင်လယ်ဒေသဆီကို ပျားရည်ဆမ်းခရီး ထွက်ခဲ့ကြပါတယ်။ အဲဒီခရီးစဉ်မှာ နိုင်ယာနာ အတိုင်းထက်အလွန် ပျော်ခဲ့ပါတယ်။ တချို့သောင်းပါးများမှာ ရေးသားဖော်ပြခဲ့ကြသလို သူ အင်မတန်ချစ်မြတ်နိုးပြီး 'ယောကျ်ား' လို့ခေါ်တဲ့ ခင်ပွန်းသည်ရဲ့ လျစ်လျူရှုခြင်းကို ခံခဲ့ရတယ်ဆိုတာ မဟုတ်ပါဘူး။ အဲဒီရွက်သင်္ဘောပေါ်ကနေ သူနဲ့ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ဆီကို ရေးတဲ့စာမှာ ဒီလိုဖော်ပြခဲ့ပါတယ်။

*ကျွန်မ ဘယ်တုန်းကမှ ဒီလောက်မပျော်ခဲ့ဖူးပါဘူး။ ဘဝမှာ ကျေနပ်စရာတွေ အပြည့်ဖြစ်သလို ထူးထူးခြားခြား ခံစားရပါတယ်။ ကျွန်မတို့နှစ်ယောက် ဘရစ်တာနီးယား ရွက်သင်္ဘောကြီးပေါ်မှာ တစ်ယောက်နဲ့ တစ်ယောက် ယုယကြင်နာလိုက်၊ တခစ်ခစ် ရယ်လိုက်ကြနဲ့ အချိန်ကုန်ခဲ့ရတာပါ။ ကျွန်မတို့ဇနီးမောင်နှံဟာ လိုက်ဖက်ညီလွန်းလို့အားလုံးက အားကျနေကြပါတယ်။ ကျွန်မစိတ်ထဲမှာတော့ ကမ္ဘာပေါ်မှာ အကောင်းဆုံး မိန်းမသားတစ်ယောက် ဖြစ်တယ်လို့ ယူဆပါတယ်။*

ရွက်သင်္ဘောပေါ်မှာ သူတို့မင်္ဂလာပွဲ ဆင်နွှဲစဉ်က ရိုက်ကူးထားတဲ့ ဗီဒီယိုခွေကိုလည်း ထပ်ပြန်တလဲလဲ ကြည့်လို့မဆုံးပါဘူး။ အဲဒီတော့မှပဲ သူတို့လည်း အေးအေးဆေးဆေး ကြည့်ခွင့်ရတာကိုး။ ဇနီးမောင်နှံအဖြစ် ဘုန်းတော်ကြီးက ကြေညာပေးလိုက်ချိန်မှာ တခစ်ခစ်ရယ်နေတဲ့ နိုင်ယာနာ အယောင်ယောင် အမှားများနဲ့ ချားလ်စ်မင်းသား နာမည်ကို ရွတ်ဆိုရမယ့်အစား နာမည်မှားခဲ့တာကိုလည်း ဒီတော့မှ ရယ်မဆုံးဖြစ်ကြရပါတယ်။ တစ်ယောက်လက်ကို တစ်ယောက်ကိုင်ရင်း ဒီဗီဒီယိုအခွေကို ကြည့်အပြီးမှာ နှစ်ယောက်စလုံး ဝမ်းသာပီတိနဲ့ မျက်ရည်ကျခဲ့ကြပါသေးတယ်။ အဲဒီအကြောင်းကို နိုင်ယာနာက သူ့မိတ်ဆွေဆီ စာရေးခဲ့ပါ



တယ်။

*ကျွန်မတို့ နှစ်ယောက်စလုံး မင်္ဂလာဆောင်ခွေကို ပြန်ကြည့်တိုင်း ရင်ထဲမှာ အမျိုးအမည် မဖော်ပြတတ်တဲ့ ဝေဒနာကို ခံစားရပါတယ်။ ကျွန်မအနေနဲ့ နောက်ဆယ်နှစ်ကာလအတွင်းမှာ ပေါက်ဖွားလာမယ့် ဝေလမင်းသားငယ်များက 'ဒယ်ဒီကို ဘာဖြစ်လို့ ဗိလစ်လို့ ခေါ်တာလဲ' လို့ မေးကြလိမ့်မယ် ထင်တယ်။ ဒီအခါမှာ ကျွန်မကတော့ အနာဂတ်ကို မျှော်တွေးပြီး အဲဒီလိုခေါ်ခဲ့တာပါကွယ်လို့ ဖြေမယ်လို့ စဉ်းစားထားပါတယ်။*

အခြားသတို့သမီးများလိုပဲ နိုင်ယာနာဟာလည်း ဝေလမင်းသားနဲ့ လက်ထပ်ပြီးချိန်မှာ လန်ဒန်မြို့မှ မူကြိုဆရာမလေးဘဝကို ပြန်မသွားတော့ပါဘူး။ ဘာကင်ဟမ်နန်းတော်တွင်း ရောက်ရှိလာတဲ့ နိုင်ယာနာဟာ အစားအသောက် မမှန်တဲ့ရောဂါ၊ စိတ်လှုပ်ရှားမှုများနဲ့ သူ့စိတ်ခါတ်ဟာ တက်လိုက်ကျလိုက် ဖြစ်ခဲ့တာအမှန်ပါပဲ။ မျှော်မှန်းမထားတဲ့ ဘဝကို ရုတ်ခြည်းရောက်လာတာ ဖြစ်တဲ့အတွက် ညားခါစ ဇနီးမောင်နှံတို့ရဲ့ ထုံးစံအတိုင်း တစ်ယောက်နဲ့ တစ်ယောက် ညှိနှိုင်းစရာတွေတော့ ရှိခဲ့တာပါပဲ။ အဲဒီလိုကိစ္စတွေကိုလည်း ချားလ်စ်မင်းသားက သိနားလည်စွာနဲ့ လိုက်လျောခဲ့တယ်ဆိုတာကို နိုင်ယာနာ ရေးတဲ့ စာတစ်စောင်မှာ တွေ့ရပါတယ်။

*ကျွန်မ စိတ်ခါတ်ကျနေတာတွေကို ချားလ်စ်က စိတ်ရှည်ရှည်နဲ့ ကြင်ကြင်နာနာ ပေးမပြီး ကူညီခဲ့ပါတယ်။ သူက အဲဒီလို ကူညီပေးမလေလေ ကျွန်မဘက်က ဖြစ်နေတဲ့ စိတ်ခါတ်ကျမှုတွေက သူ့အပေါ်မှာ မတရားသလို ဖြစ်နေလေပါပဲ...* တဲ့။

ရွက်သင်္ဘောပေါ်ကနေ သူတို့နှစ်ယောက် ဘာလ်မိုရယ်လ်စံအိမ်ကို တန်းသွားကြပါတယ်။ စံအိမ်ဝန်ထမ်းများက သူတို့ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြပြီး ရေမ်းရောင်သားရေများနဲ့ ချုပ်ထားတဲ့ ထိုင်ခုံပါ နှစ်ယောက်စီးကားနဲ့ ခရီးဦးကြိုခဲ့ကြတာပါ။ မင်းသားနဲ့ မင်းသမီးတို့ကလည်း စံအိမ်ဝန်ထမ်းများရဲ့ ခရီးဦးကြိုမှုကို ဝမ်းမြောက်ကျေနပ်ကြပြီး စံအိမ်အဝမှာ တန်းစီစောင့်ဆိုင်းနေကြတဲ့ ဝန်ထမ်းများကို တစ်ဦးချင်း နှုတ်ဆက်ခဲ့ကြပါတယ်။ ရွက်သင်္ဘောနဲ့ ခရီးထွက်စဉ်က အီဂျစ်နိုင်ငံ သမ္မတဆဒတ်က မင်းသမီးအတွက် လက်ဆောင်ပေးခဲ့တဲ့ သရက်သီး အလုံး ၆၀ ကို သယ်ဆောင်လာခဲ့ပါတယ်။

သူတို့ဇနီးမောင်နှံ နေထိုင်ကြမယ့် ဘာလ်မိုရယ်လ် ရဲတိုက်ကိုလည်း ချစ်ဇနီးမောင်နှံတို့ နေချင်စဖွယ်ဖြစ်အောင် လှလှပပ ပြင်ဆင်ပေးထားကြပါတယ်။ တစ်ခါတလေမှာ ချားလ်စ်မင်းသားက နိုင်ယာနာကို နားထောင်စေချင်တဲ့ တအုပ်

www.burmeseclassic.com

www.burmeseclassic.com



ဖတ်ပြလေ့ရှိပြီး တစ်ခါတစ်ရံမှာတော့ ဥယျာဉ်အတွင်းမှာ နှစ်ယောက်သား လက်တွဲပြီး လမ်းလျှောက်နေခဲ့တဲ့အခါတွေလည်း ရှိပါတယ်။ အိမ်တော်မှာ စားဖိုမှူးတွေရှိပေမယ့် တစ်ခါတလေ ဒိုင်ယာနာက ချားလ်စ်စားဖို့အတွက် အသားကင်ကို ကိုယ်တိုင် ဝင်လုပ်ပေးတတ်ပါတယ်။ ဒိုင်ယာနာရဲ့ ဘဝမှာ စာအုပ်တစ်အုပ်ကို တစ်နေ့တည်းနဲ့ ပြီးအောင်ဖတ်တယ်ဆိုတာ ချားလ်စ်နဲ့ရတော့မှသာ ဖြစ်လာတာပါ။ ချားလ်စ်ကို ဖတ်ပြချင်တဲ့ စာအုပ်တစ်အုပ်ကို သူ တစ်နေ့တည်းနဲ့ ပြီးအောင် ဖတ်ပြနိုင်ခဲ့တာ ချစ်လွန်းလို့ဆိုတာ အထူးပြောဖွယ် မရှိပါဘူး။ သူတို့စံအိမ်ကို ဒိုင်ယာနာရဲ့ အခန်းဖော်ဖြစ်ခဲ့ဖူးတဲ့ ကာရိုလင်းပရိုက် လာလည်တဲ့ အချိန်တုန်းက ဒိုင်ယာနာ အရမ်းပျော်သွားခဲ့ပါတယ်။ ဘာသိုလိုမြူးလ်ကလည်း အင်ဒရူးမင်းသားရဲ့ ဧည့်သည်အဖြစ် လာနေပေးခဲ့ပါသေးတယ်။ ဒိုင်ယာနာအနေနဲ့ သူနဲ့ သက်တူရွယ်တူ ကာရိုလင်း၊ အင်ဒရူးတို့နဲ့ စကားလက်ဆုံကျရတာကိုလည်း အင်မတန် ကျေနပ်ပါတယ်။

အဲဒီအချိန်မှာပဲ ဒိုင်ယာနာက ချားလ်စ်မင်းသားရဲ့ ရွှေလက်ကြယ်သီးမှာ C နှစ်လုံးထပ်ထားတဲ့ ဒီဇိုင်းနဲ့ ဖြစ်နေတာကို တွေ့လိုက်ရပါတယ်။ ကယ်မီလာက ပေးထားတဲ့ လက်ဆောင်ပါတဲ့။ အဲဒီအခါမှာ ဒိုင်ယာနာက ချားလ်စ်နဲ့ ထိပ်တိုက်ရင်ဆိုင်ပါတော့တယ်။ ဒါပေမယ့် သူ့အပျော်တွေ ပျက်စီးသွားလောက်အောင်တော့ မဟုတ်ပါဘူး။ သိလိုက်တဲ့တစ်ရက်ပဲ ဒေါသထွက်ခဲ့တာပါ။ ဟိုက်ဂရုဗ်နဲ့ ကင်စတန် စံအိမ်တို့မှာလည်း ပုံနှိပ်ထားတဲ့ စာရေးစက္ကူခေါင်းများက Cနဲ့ Dအက္ခရာများ ပါဝင်ပြီး သရဖူရဲ့အောက်မှာ ရေးထားတာပါ။ ဒိုင်ယာနာက ဒီအမှတ်အသားဟာ ငြိမ်းချမ်းနိုင်မြဲတဲ့ အိမ်ထောင်ရေးကို ဦးတည်တဲ့ အထိမ်းအမှတ်လို့ ယူဆခဲ့ပါတယ်။ သူကိုယ်တိုင်ကတော့ ချိုးငှက်နှစ်ကောင်ပုံပါတဲ့ အလှဆင်ပစ္စည်းတစ်ခုကို ဝယ်ယူခဲ့ပါသေးတယ်။

တစ်ခါတုန်းက ဘာလ်မိုရယ်လ်စံအိမ်မှာ ရှိနေကြနိုက် လက်ဖက်ရည်ချိန်ရောက်လာပါတယ်။ မင်းသမီးက သူ့ခေါင်းမှာ ပလတ်စတစ်အစ အုပ်ထားပြီး မျက်နှာပေါ်မှာ သွေးတွေပေကျံလျက်သား ဖြတ်လျှောက်လာတာကို တွေ့လိုက်ရပါတယ်။ ဒိုင်ယာနာက ချားလ်စ်မင်းသားနဲ့အတူ အမဲလိုက်ထွက်ရာကနေ ပြန်လာခဲ့ခြင်းပါ။ မုဆိုးများနဲ့အတူ အမဲလိုက်ရာမှာ ဒိုင်ယာနာက ပထမဆုံးသားကောင်ကို ပစ်ဖို့အတွက် မုဆိုးများက ဦးစားပေးကြပါတယ်။ သူ ပစ်လိုက်တဲ့ သားကောင်ရဲ့ ခေါင်းကိုဖြတ်ပြီး ဗိုက်ကိုခွဲတဲ့နေရာမှာ တော်ဝင်မိသားစုများရဲ့ ထုံးတမ်းစဉ်လာအတိုင်း အမဲပစ်သူကိုယ်တိုင်က သားကောင်ကို ရင်ဖွင့်ပေးရပါတယ်။ အဲဒီလို



ဗိုက်ခွဲလိုက်ရင်း သားကောင်မှ ထွက်လာတဲ့ သွေးများက ဒိုင်ယာနာ မျက်နှာပေါ်မှာ ပေကျံသွားခြင်းပါပဲ။ အမှတ်တမဲ့ကြည့်မယ်ဆိုရင်တော့ သုတ်ဆေးတစ်မျိုးမျိုး ပေနေတယ်လို့ အောက်မေ့ရပါတယ်။ နှန်းတွင်းထုံးတမ်းစဉ်လာအရ ပြောရမယ်ဆိုရင် ဒိုင်ယာနာဟာ သွေးစွန်းခဲ့ပါပြီ။ သတ်ဖြတ်ပြီးတဲ့ သားကောင်ကို ခေါင်းဖြတ်ကာ အရင်ပစ်ထားတဲ့ ငှက်များနဲ့အတူ မီးကင်ဖို့ စီစဉ်ကြပါတယ်။

မင်းသမီးက စကော့တို့ရဲ့ ကုန်းမြင့်ဒေသများမှာ နေရတာကို သဘောကျပါတယ်။ ဒါပေမယ့် အဲဒီနေရာမှာက ဝင်ဆာနန်းတော်မှာလို အမဲလိုက်ရတဲ့ ကစားနည်းမရှိတာကိုတော့ မနှစ်သက်လှပါဘူး။ အမဲလိုက်ထွက်တိုင်း ဒိုင်ယာနာက သူ့ခင်ပွန်းသည် ကျေနပ်လောက်အောင် လက်စွမ်းပြနိုင်တဲ့သူပါ။ ဒါကြောင့်လည်း ဘာလ်မိုရယ်လ်စံအိမ်မှာ နေနေသမျှ ကာလပတ်လုံး အမဲလိုက်ခြင်း၊ ငါးမျှားခြင်းနဲ့ အချိန်ကုန်စေခဲ့ပါတယ်။ ဒါတွေက တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် ချားလ်စ်မင်းသားကို ဆွဲဆောင်ထားခြင်းလည်း ဖြစ်ပါတယ်။ လက်ထပ်ပြီးခါစက မင်းသား ကျေနပ်အောင် အမဲလိုက်ဖို့ တိုက်တွန်းခဲ့ပေမယ့် ဒိုင်ယာနာက လက်မခံခဲ့ပါဘူး။ နောက်ပိုင်းမှသာ သူကိုယ်တိုင် စိတ်ပါလက်ပါ အမဲလိုက်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။

လက်ထပ်ပြီး နှစ်နှစ်လုံးလုံး သူ့ခင်ပွန်းသည်အပါးမှာနေရင်း ပျော်ရွှင်နေခဲ့တယ်ဆိုတာကို သူ့အမျိုးသမီးမိတ်ဆွေတစ်ဦးထံ ၁၉၈၃ ခုနှစ်က ရေးခဲ့တဲ့စာက သက်သေခံနေပါတယ်။

*'သူ ကျေနပ်အောင် ကျွန်မ ကြိုးစားအားထုတ်နေရတယ်။ ဒါကြောင့် ပိုလိုပွဲကိုလည်း ကြည့်ရတယ်။ ဒီနေ့ဆိုရင် ဒုတိယနေ့ပေါ့။ တကယ်ဆိုရင် ပိုလိုပွဲကို မလိုက်ဘဲ ကျွန်မ အိပ်ပဲအိပ်ချင်နေတာပါ။ ဒါပေမယ့် ပွဲကို ကျွန်မ လိုက်ရင် C က ပျော်တယ်ဆိုတာ တွေ့ရတဲ့အတွက် သူ ပျော်အောင်လို့ ကျွန်မ လိုက်ပါတယ်'*

လို့ ရေးခဲ့တာပါ။

အပြန်အလှန်အားဖြင့် ချားလ်စ်မင်းသားကလည်း ဒိုင်ယာနာရဲ့ စိတ်နေသဘောထားကို နားလည်ထားပါတယ်။ ဒိုင်ယာနာအနေနဲ့ ကျေးလက်မှာ နေရတာထက် လန်ဒန်မြို့ကြီးပေါ်မှာနေရတာ ပိုပြီးပျော်မှန်းသိလို့ တစ်လှည့်စီ နေပေးပါတယ်။

ချားလ်စ်မင်းသားအနေနဲ့ ဘာလ်မိုရယ်လ်မှာနေပြီး အမဲလိုက်နေရတာလောက် ပျော်တဲ့နေရာ မရှိပါဘူး။ မနက်စာ စားပြီးတာနဲ့ တစ်ပြိုင်နက် လင့်ရိုဗာကားပေါ်မှာ သေနတ်တွေ၊ ကျည်ဆန်တွေ၊ အမဲလိုက်ခွေးတွေ တင်ပြီးတော့ အမဲလိုက် ထွက်တော့တာပဲ။ သူနဲ့အတူ အမဲလိုက်ရာမှာ ပါဝင်တဲ့သူများက နေ့လယ်နေ့ခင်း စားဖို့ သောက်ဖို့ အစားအသောက်များသာမက ဂျင် သို့မဟုတ် ဝီစကီပါ သယ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



လာကြပါတယ်။

တစ်ခါတုန်းက မင်းသားက ခန်းမကျယ်ကြီးထဲမှာ တစ်ယောက်တည်းရပ်ပြီး အော်နေလေရဲ့။ 'ငါ့ကို တစ်ယောက်ယောက် အကူအညီ မပေးနိုင်ကြတော့ဘူးလား' တဲ့။ အဲဒီအော်သံကိုကြားလို့ ကျွန်တော် ကမန်းကတန်း ပြေးကြည့်လိုက်တော့ သူ့ခြေရင်းမှာ ဆယ်လ်မွန်ငါးကြီးနှစ်ကောင် ချထားတာကို တွေ့ရပါတယ်။ သူ မျှားလာတဲ့ ငါးတွေပေါ့။ ကျွန်တော့်ကို မြင်သွားတော့ 'ဒီငါးတွေကို စားဖို့ မှူးဆီ ပို့ပေးစမ်းပါ။ ဒီည ညစာအမီ ချက်ပေးဖို့လည်း ပြောလိုက်ဝါ' တဲ့။ ကျွန်တော်က ငါးတွေကို ကုန်းကောက်လိုက်ပေမယ့် ငါးတွေက ချောထွက်နေလို့ ကိုင်ရတာ တော်တော်ခက်ပါတယ်။ ငါးနှစ်ကောင်နဲ့ ကျွန်တော် ဘရုတ်သုတ်ခ ဖြစ်နေတာကို မင်းသားက ရပ်ကြည့်နေပြီး စိတ်မရှည်နိုင်တော့တဲ့အဆုံး 'ခင်ဗျား လုပ်တာနဲ့ တစ်ခန်းလုံး ညစ်ပတ်ကုန်ပြီ၊ ဒီလိုကိုင်ရတယ်' လို့ ပြောကာ ငါးကိုင်ပုံ ကိုင်နည်းကို သူကိုယ်တိုင် သင်ပြပေးခဲ့ပါတယ်။ ကျွန်တော့်ဘဝမှာ သူ့လောက် ငါးမျှားတာ၊ အမဲလိုက်တာ ဝါသနာပါတဲ့သူ ကျွန်တော် မတွေ့ဖူးပါဘူး။

သူ့မယ်တော် ဘုရင်မကြီးကလည်း သူ့နည်းနှင်နှင်ပါပဲ။ မနက်စာစားပြီးတာနဲ့ တစ်ပြိုင်နက် ဝင်ဆာနန်းတော်ကနေ ခေါ်ဆောင်လာတဲ့မြင်းကို တက်စီးတော့တာပဲ။ သူနဲ့တွေ့ဖို့ နေခင်းကြောင်တောင် ခေါင်းစည်းပဝါတွေစည်းပြီး ဧည့်ခန်းထဲမှာ စောင့်နေကြတဲ့ အမျိုးသမီးများကတော့ စောင့်ပေဦးတော့ပဲ။ သူ မြင်းစီးလို့ အားရတော့မှ ပြန်လာတတ်တာပါ။ ဘုရင်မကြီးရဲ့ ကြင်ယာတော်ဖြစ်တဲ့ အီဒင်ဗာရာမြို့စားကြီးကလည်း သူ့ဇနီးသည် စိတ်ပျော်ရွှင်နေတာကို ကျေနပ်နေသူဖြစ်တဲ့အတွက် ဘုရင်မနဲ့တွေ့ဖို့ စောင့်နေသူများထဲမှာ မယ်တော်ဘုရင်မကြီး၊ ညီမတော် မာဂရက်မင်းသမီး၊ နန်းတွင်းအပျိုတော်များ၊ အခြားပြင်ပမှ အမျိုးသမီး ဧည့်သည်များကို ဧည့်ခံထားပြီး တစ်ခါတလေမှာ အဲဒီအမျိုးသမီးအုပ်ကြီး အပျင်းပြေစေဖို့အတွက် နေ့လယ်စာ ပျော်ပွဲစားထွက်ပေးတတ်ပါတယ်။ အဲန်းမင်းသမီးကတော့ အမျိုးသားများချည်းပါဝင်တဲ့ ပါတီပွဲများမှာသာ စိတ်ဝင်စားပါတယ်။

ဘုရင်မကြီးက အမဲလိုက်တာကို ဝါသနာပါပါတယ်။ ဒါပေမယ့် သူ့နောက်က လိုက်လာတဲ့သူတွေ တိရစ္ဆာန်ကိုပစ်မယ်ဆိုရင် တစ်ချက်တည်းနဲ့ သေအောင် ပစ်နိုင်မှသာ သဘောကျပါတယ်။ ဒဏ်ရာရရုံ ရသွားပြီး ဖြည်းဖြည်းမှ သေစေမယ့် ဒဏ်ရာမျိုးဆိုရင် မကြိုက်ပါဘူး။ တစ်ခါတုန်းက ဧည့်သည်တစ်ဦးက အမဲလိုက်ရင်း ဆာလာပြီဖြစ်လို့ ပြန်လာခဲ့ပါတယ်။ သူ ပစ်ခဲ့တဲ့ တိရစ္ဆာန်တစ်ကောင်ဟာ ဒဏ်ရာရခဲ့ပါတယ်လို့ ဝန်ခံခဲ့တယ်။ ဒါပေမယ့် ဘုရင်မကြီးက မကျေနပ်တဲ့



အတွက် ပြန်သွားနိုင်းပြီး အဲဒီတိရစ္ဆာန်ကို တွေ့အောင်ရှာ၊ မသေမရှင် မထားဘဲ အသေသတ်ခဲ့ရမယ်လို့ အမိန့်ပေးခဲ့ဖူးပါတယ်။ အဲဒီလူဟာ ညစာစားချိန်အထိ ပြန်ရောက်မလာတော့ပါဘူး။

အဲဒီညက ညစာစားပွဲအတွက် ကျွန်တော် ပြင်ဆင်နေတုန်း ဘုရင်မကြီး ရောက်လာခဲ့ပါတယ်။

'ဟို အမျိုးသားကြီး ရောက်မလာတော့ ညစာစားရမှာ တစ်မျိုးပဲကွယ်။ လွတ်နေတဲ့ သူ့နေရာအတွက် အစောင့်တပ်ဖွဲ့ထဲက အရာရှိတစ်ယောက်ကိုခေါ်ပြီး အစားထိုးလိုက်ပါ' လို့ နိုင်းဖူးပါတယ်။

ညစာစားပွဲမှာ ပန်းကန်ချတာကအစ ရှေးရိုးနည်းစနစ်အတိုင်းပဲ ချရပါတယ်။ အမျိုးသားများကို ဦးစားပေးရပါတယ်။ ပြီးတော့မှ အမျိုးသမီး ထိုင်ရပါတယ်။ တစ်ယောက်ခြားပေါ့။ ဘုရင်မကြီးဟာ အမြဲတမ်း ဧည့်သည်ကို ဂရုစိုက်တတ်တဲ့ ညာဉ်ရှိပါတယ်။ သူ့ဆန္ဒက သူ ဖိတ်ကြားတဲ့ ညစာစားပွဲကို တက်ရောက်သူတိုင်းဟာ ကျေကျေနပ်နပ် ရှိစေရမယ်လို့ ခံယူပါတယ်။ အဲဒါအပြင် ဧည့်သည်များ နေရာချထားပုံက တစ်ကြိမ်နဲ့ တစ်ကြိမ် မတူစေရပါဘူး။ ပထမတစ်ကြိမ်မှာ ဘေးချင်းကပ် ထိုင်ခဲ့ရသူချင်း နောက်တစ်ကြိမ်မှာ ဘယ်တော့မှ ဘေးချင်းကပ် ချထားခြင်း မပြုပါဘူး။ အမြဲတမ်း အဲဒီလိုစီစဉ်တဲ့အတွက် ချားလ်စ်နဲ့ အမြဲတူတူ ထိုင်လိုတဲ့ ဒိုင်ယာနာအနေနဲ့ စိတ်အနှောင့်အယှက် ဖြစ်ရပါတယ်။ ဘုရင်မကြီးကလည်း သူ့အစဉ်အလာကို ဘယ်တော့မှ ပြောင်းမပေးပါဘူး။ ဘုရင်မကြီးမှာ ထူးခြားတဲ့ မှတ်ဉာဏ်လည်း ရှိသူပါ။ ဘယ်နေ့က ညစာစားပွဲမှာ ဘယ်သူနဲ့ဘယ်သူ ကပ်လျက် ထိုင်တယ်ဆိုတာကိုလည်း သူ မှတ်မိပါတယ်။ ညစာစားပွဲမှာ ဧည့်သည် ၁၃ ယောက် မဖြစ်စေဖို့ကိုလည်း အမြဲသတိထားပါတယ်။ ဒါတွေကတော့ စာနဲ့ရေးပြီး ထုတ်ထားတဲ့ ဥပဒေတွေ မဟုတ်ပေမယ့် နန်းတွင်းသူ နန်းတွင်းသားများကတော့ ဒီအစဉ်အလာများကို ထာဝစဉ် စောင့်သိကျင့်သုံးရပါတယ်။ တကယ်လို့ မလွဲသာ မရှောင်သာဘဲ ဧည့်သည်က ၁၃ ယောက် ဖြစ်နေပြီဆိုရင် ၁၄ ယောက်စာ ခုံခင်းထားပြီး တစ်ခုံကို အလွတ်ရှိစေပါတယ်။ အဲဒီလိုမလုပ်ချင်ရင် ဧည့်သည် ၇ ယောက်ကို စားပွဲတစ်လုံးနဲ့ခွဲပြီး ၆ ယောက်ကို စားပွဲ သီးသန့်ခင်းစေပါတယ်။

ဒီအယူအဆနဲ့ပတ်သက်ပြီး ဘုရင်မကြီးက ပြောပြဖူးတာကတော့ ၁၃ ဂဏန်းဆိုတာ ခရစ်တော်နဲ့ သူ့တပည့်သာဝကများအတွက်သာ သုံးတဲ့ ဂဏန်းဖြစ်တယ်လို့ ဆိုပါတယ်။

ဘုရင်မကြီးဟာ အင်္ဂလန်နိုင်ငံကို စိုးမိုးအုပ်ချုပ်သူဖြစ်သလို Chu?ch Of

www.burmeseclassic.com

www.burmeseclassic.com



England ဆိုတဲ့ ခရစ်ယာန်ဂိုဏ်းတစ်ဂိုဏ်းရဲ့ အကြီးအကဲလည်း ဖြစ်ပါတယ်။ အဲဒါအပြင် ယုံကြည်မှုကို ဦးဆောင်ကာကွယ်သူလည်း ဖြစ်တဲ့အတွက် ဘာသာရေးကို အလွန်တရာ ကိုင်းရှိုင်းပါတယ်။ ကမ္ဘာတယ်နိုင်ငံ ဘယ်နေရာမှာပဲ ရောက်နေနေ တနင်္ဂနွေနေ့ နံနက်ဘုရားရှိခိုးဖို့တော့ မပျက်ကွက်ခဲ့ပါဘူး။ ဘာကင်ဟမ်နန်းတော်မှာတော့ တစ်နှစ်လုံးမှာ တနင်္ဂနွေတစ်ရက်သာ နေဖူးပါတယ်။ အဲဒီတနင်္ဂနွေကတော့ Remembrance Sunday ပါပဲ။ တခြားတနင်္ဂနွေများမှာ ဘုရင်မကြီး ဘုရားရှိခိုးတတ်တဲ့ နေရာများကတော့ ဝင်ဆာဆင်ဒရင်ဟမ်၊ ဘာလ်မိုရယ်လ်တို့ပါပဲ။ ဘရစ်တာနီးယား ရွက်သင်္ဘောပေါ်မှာ ရောက်နေဦးတော့ တနင်္ဂနွေနေ့ မနက်ခင်းကြိုနေရင် သင်္ဘောပေါ်က ထမင်းစားခန်းမှာ စားပွဲ၊ ကုလားထိုင်တွေကိုဖယ်ပြီး ယာယီဘုရားရှိခိုးခန်းအဖြစ် ဖန်တီးပေးကြရတာပါ။ အဲဒီအခါမျိုးမှာ ထမင်းစားကုလားထိုင်တွေကို နှစ်တန်းဖြစ်အောင် တန်းလိုက်ကြရပါတယ်။ သင်္ဘောရဲ့ကပ္ပတိန်ကအစ ဘုရားရှိခိုးတဲ့နေရာကို လာကြရပြီး မွေတေးများ သီကြွေးကာ ဘုရားရှိခိုးကြရပါတယ်။ ကုန်းပေါ်မှာရှိလို့ ဘုရားရှိခိုးကျောင်းများမှာ ဘုရားရှိခိုးတဲ့အခါ အပတ်စဉ် ဘုရင်မကြီးက စတာလင်ပေါင် ၅ ပေါင်တန် ငွေစက္ကူတစ်ရွက်ကို ဘုရားရှိခိုးကျောင်းအတွက် လှူဒါန်းလေ့ ရှိပါတယ်။ သူ အဲဒီလို လှူဒါန်းနိုင်အောင် သူ့အဝတ်အစားများ ပြင်ဆင်ပေးရတဲ့ ပုဂ္ဂိုလ်က ၅ ပေါင်တန် ငွေစက္ကူကို လေးခေါက်ခေါက်ပြီး ပီပြားနေအောင် မီးပူနဲ့ ဖိထားပေးရပါတယ်။ အလှူခံပုံးထဲကို အဲဒီပိုက်ဆံ သူ ထည့်လိုက်ရင်လည်း သူ့ပုံပါတဲ့ ဘက်က အမြဲတမ်း မြင်နေရအောင် ထည့်တတ်ပါတယ်။ ခရစ်ယာန်ဘာသာဝင်များရဲ့ နေ့ကြီးရက်ကြီးများဆိုရင်တော့ ဘုရင်မကြီးက သူ့ကိုယ်ပိုင် ဘုရားရှိခိုးကျောင်းမှာ ရှိခိုးလေ့ရှိပါတယ်။ ဒီဘုရားရှိခိုးကျောင်းက သူ့စံအိမ်နဲ့ မနီးမဝေးမှာ ဆောက်ထားတာပါ။

ကျွန်တော် တွေ့ခဲ့ဖူးသလောက်တော့ ဘုရင်မကြီး တစ်နေ့တာ တာဝန်များ ကုန်ဆုံးပြီဆိုရင် သူ့ကြင်ယာနဲ့ လက်တွဲပြီး တပြုံးပြုံးရှိနေတတ်ပါတယ်။ သူတို့ နန်းဆောင်နှမှာ သီးခြားစီ ညှိခန်းများရှိသလို စာကြည့်ခန်း၊ ဧည့်သည်လက်ခံတွေ့ဆုံခန်းများကလည်း သီးခြားစီပါ။ တစ်ယောက်နဲ့ တစ်ယောက် အားနာစရာမလိုဘဲ လွတ်လွတ်လပ်လပ် ရှိစေဖို့ ဖန်တီးထားတာ ဖြစ်ပါတယ်။ သူတို့ အခန်းနှစ်ခန်းကို ဆက်သွယ်ထားတဲ့ အခန်းကတော့ နှစ်ယောက်အိပ်ခုတင်ရှိတဲ့ အိပ်ခန်းကျယ်ကြီးပါပဲ။ ဘုရင်မကြီးအပါးမှာ ကျွန်တော် အမှုထမ်းခဲ့တာ ၁၁ နှစ်ကြာပါတယ်။ အဲဒီကာလအတွင်းမှာ သူတို့နှစ်ယောက် စကားကျယ်ကျယ်ပြောပြီး အော်ဟစ်ငြင်းခုန်တာမျိုး တစ်ကြိမ်မှ မကြုံခဲ့ဖူးပါဘူး။ ကြင်ယာတော် ဖိလစ်



မင်းသားကြီးက ဘုရင်မကြီးအပေါ်မှာ ယုယကြင်နာတတ်တဲ့ ခင်ပွန်းကောင်းတစ်ယောက်ဖြစ်သလို သားသမီးများအပေါ်မှာလည်း ဝတ္တရားကျေပြွန်တဲ့ ဖခင်တစ်ဦးပါ။

အဲလိဇဘက် မင်းသမီးကလေးက အသက် ၂၁ အရွယ်မှာ သူမနဲ့ သွေးသားမကင်းတဲ့ ဂရိနိုင်ငံဖွား အသက် ၃၆ နှစ်အရွယ်ရှိ ဖိလစ်မင်းသားကို ၁၉၄၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့မှာ လက်ထပ်ခဲ့ပါတယ်။ ၆ နှစ်အကြာမှာ ဘုရင်မအဖြစ် နန်းတက်ခဲ့ရပါတယ်။ အဲဒီအချိန်တုန်းက ဖိလစ်မင်းသားက ရေတပ်အရာရှိတစ်ဦးဖြစ်ပြီး ဘုရင်မအပေါ်မှာ သစ္စာစောင့်သိ ရိုသေမှာဖြစ်ကြောင်း ဘုရားသခင်ထံတိုင်တည်ပြီး ဇနီးဖြစ်သူရှေ့မှာ ကျမ်းသစ္စာကျိန်ဆိုခဲ့ရပါသေးတယ်။ လင်မယားဆိုပေမယ့် ထုံးတမ်းစဉ်လာကို မဖောက်ဖျက်ကြသလို ဖိလစ်မင်းသားကလည်း ပြီးပြီးရောဆိုတဲ့ သဘောနဲ့ ကျမ်းသစ္စာကျိန်ဆိုတာ မဟုတ်ဘဲ စိတ်ပါလက်ပါ ကျိန်ဆိုခဲ့တယ်ဆိုတာ အားလုံး သိကြပါတယ်။ ဇနီးဖြစ်သူက ဘုရင်မဖြစ်လာပြီး ၄ နှစ်အကြာမှာတော့ ဖိလစ်မင်းသားက ရေတပ်တာဝန်မှ နုတ်ထွက်ခဲ့ပြီး ဇနီးသည်ရဲ့အပါးမှာ လိုအပ်တာ ဖြည့်ဆည်းပေးနေခဲ့ပါတယ်။ ပြည်သူအများရှေ့မှာ နှစ်ကိုယ်တူယှဉ်တွဲပြီး လမ်းလျှောက်ရမယ်ဆိုရင်လည်း ဖိလစ်မင်းသားက ဘုရင်မကြီးရဲ့နောက်မှာ ခြေတစ်လှမ်းခွာပြီး လျှောက်လေ့ရှိပါတယ်။ လင်မယားဆိုပေမယ့် ဘုရင်မနဲ့ မင်းမှုထမ်းတစ်ဦးဖြစ်နေခြင်းကြောင့် ဓလေ့ထုံးတမ်းကို လေးစားလိုက်နာတဲ့အနေနဲ့ နောက်က လျှောက်ခြင်းပါ။ ပရိသတ်အများရှေ့မှာ ဘုရင်မက အစစအရာရာကို ဦးဆောင်တာဖြစ်ပေမယ့် မိသားစု အရေးအခင်းမှာတော့ သာမန်မိသားစုများလိုပဲ ဖခင်ဖြစ်သူကသာ ဦးဆောင်ဆုံးဖြတ်လေ့ ရှိပါတယ်။ ဒါကြောင့် ဝင်ဆာနန်းတော်ရဲ့ တံခါးနောက်ကွယ်မှာဆိုရင် ဖိလစ်မင်းသားက ဘော့စ်ပါ။ အဲဒီအချိန်ကျရင် အဲလိဇဘက်က သာမန်အိမ်ရှင်မတစ်ယောက်ဘဝကို ရောက်သွားပါတယ်။ မှူးလိုကကိစ္စများနဲ့ ပတ်သက်လာရင်လည်း ဘုရင်မကြီး ကိုယ်တိုင်က 'ငါမသိဘူး၊ မင်းတို့ အဖေကိုမေး'လို့ ပြောလေ့ရှိပါတယ်။ ဒါကြောင့် မင်းမှုထမ်းများကလည်း ဖိလစ်မင်းသားကြီးကို ပေါ့ပေါ့တန်တန် သဘောမထားဝံ့ကြပါဘူး။ ဘုရင်မကြီးနဲ့ ထပ်တူလေးစားကြရပါတယ်။

ဘုရင်မရဲ့ ဘဝဟာ နိုင်ငံတော် တာဝန်များနဲ့သာ လုံးပန်းနေရတဲ့အတွက် အထီးကျန် ဖြစ်တတ်ပါတယ်။ ဗစ်တိုးရီးယားဘုရင်မ လက်ထက်တုန်းက အဲလ်ဘတ်မင်းသားကို အားထားခဲ့ရသလို အဲလိဇဘက်လက်ထက်မှာလည်း ဖိလစ်မင်းသားဟာ ဘုရင်မကြီးရဲ့ ယုံကြည်ကိုးစားရာ ဖြစ်ပါတယ်။ သူတို့နှစ်ယောက်ကြားမှာ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို တစ်ယောက် ယုံကြည်ကိုးစားစိတ်ရှိတာကိုလည်း တွေ့ရပါတယ်။ မင်းသားကြီးက မနက် ၈ နာရီခွဲအချိန်မှာ မနက်စာ စားလေ့ရှိပါတယ်။ ဒါပေမယ့် ဘုရင်မကြီး ရောက်လာမယ့် မနက် ၉ နာရီ အချိန်အထိ စားပွဲမှာပဲ ထိုင်စောင့်နေတတ်တယ်။ ရောက်လာပြီဆိုရင် ဘုရင်မကြီးရဲ့ပါးကို ညင်ညင်သာသာ နမ်းပြီး 'ဂွတ်မောနင်း ဒါလင်' လို့ နှုတ်ဆက်လေ့ ရှိပါတယ်။

မင်းမှုထမ်းများနဲ့ ပတ်သက်လာရင်တော့ မင်းသားကြီးက ခပ်တင်းတင်းနေလေ့ရှိပါတယ်။ သူ့သမိုင်းကြောင်းမှာ ဒေါသကြီးတဲ့ အစဉ်အလာတွေလည်း ရှိခဲ့ပါတယ်။ သူ့ကြောင့် မျက်ရည်ကျခဲ့ရတဲ့ မင်းမှုထမ်းတွေလည်း ရှိခဲ့ဖူးပါတယ်။ သူကိုယ်တိုင်က ဘုရင်မဟုတ်ဘဲ ဘုရင်မယောက်ျားသာ ဖြစ်နေခြင်းကြောင့် စိတ်သိမ်ငယ်လို့လား မပြောတတ်။ သူ့ကို လေးစားစေချင်တဲ့စိတ် အပြည့်အဝရှိတာကို တွေ့ရပါတယ်။ သူ့မျက်လုံးများကလည်း လူတစ်ဖက်သားအပေါ်မှာ အပြစ်ရှာတဲ့ အကြည့်မျိုးနဲ့ ကြည့်တတ်ပါတယ်။ အမှားတစ်စုံတစ်ခုကို တွေ့ပြီဆိုရင်တော့ သူ့ ဒေါသမီးတောင်ကြီး ပေါက်ကွဲတော့တာပဲ။ အသံနက်ကြီးနဲ့ အော်လိုက်ဟစ်လိုက်ရင် မင်းမှုထမ်းများမှာ လိပ်ပြာလွင့်သွားမတတ် ဖြစ်ရပါတယ်။ သူ ဒေါသဖြစ်ပြီဆိုရင် တံခါးတွေကို ဆောင့်ပိတ်လိုက်တာများ အခန်းတွေ တုန်သွားတဲ့အထိ ဖြစ်တတ်ပြီး ပါးစပ်ကလည်း ဆဲရေးကြိမ်းမောင်းတတ်ပါသေးတယ်။ ရေတပ်အရာရှိဟောင်း တစ်ဦးဖြစ်တဲ့အတွက် တပ်သားများအပေါ်မှာ ဆက်ဆံသလို ဆက်ဆံခြင်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် အိမ်တော်ရဲ့ ဝန်ထမ်းများနဲ့ ဆက်ဆံရင်တော့ မင်းသားကြီးဟာ နူးညံ့သိမ်မွေ့ပြီး စာနာတတ်တဲ့သူတစ်ဦးပါ။

လက်ထပ်ပြီးစ ဘာရစ်တားနီးယား ရွက်သင်္ဘောကြီးနဲ့ ပျားရည်ဆမ်း ထွက်ခဲ့တဲ့ ချားလ်စ်တို့ဇနီးမောင်နှံ ပြန်ရောက်တော့မယ်ဆိုတော့ ဘုရင်မကြီးကိုယ်တိုင်က သားနဲ့ချွေးမ နေဖို့အတွက် စံအိမ်ကို တောင်အာဖရိကနိုင်ငံမှ နာမည်ကြီး ဒီဇိုင်နာ ဒတ်တာလီ ပေါ့ပ်လတ်ခ်ကိုခေါ်ယူပြီး အိမ်တွင်းအလှဆင်စေပါတယ်။

အိမ်ထောင်ကျခါစ ဒိုင်ယာနာကလည်း ခင်ပွန်းသည် စိတ်ကြည်ရွှင်စေဖို့ သူ့အိမ်ကို သူ တတ်စွမ်းသမျှ စီမံခန့်ခွဲပြီး လှစေပါတယ်။ ကော်ဇောများ၊ ခန်းဆီးများကို ခင်ပွန်းသည်ကြိုက်မယ့် အဆင်အသွေးများဖြစ်အောင် ရွေးချယ်ထားလေ့ရှိပါတယ်။ စနေ တနင်္ဂနွေရက်တိုင်း ဟိုက်ဂရုဗ်စံအိမ်ကိုသွားပြီး ပြင်ဆင်မွမ်းမံမှုများ ပြီးစီးမှုအခြေအနေကို အကဲခတ်လေ့ ရှိပါတယ်။ အိမ်တော်ဝန်ထမ်းများနဲ့လည်း ရင်းနှီးစေဖို့အတွက် ဒိုင်ယာနာက အပေါ်ထပ်မှာ သီးခြားစံမနေဘဲ ဝန်ထမ်းများရှိရာ အောက်ထပ်ကို ဆင်းလာပြီး ရောရောနှောနှော နေလေ့ရှိပါတယ်။ အိမ်တော်



ဝန်ထမ်းများထဲက မာရီယာကော့စ်ဂရုဗ် ဆိုသူကို သဘောကျတဲ့အတွက် သူ့အဝတ်အစားများ တာဝန်ခံအဖြစ် လျှောက်ထားဖို့ တိုက်တွန်းလိုက်ပါတယ်။ ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီလမှာ မာရီယာကို ဖိလစ်မင်းသားကြီးရဲ့ တာဝန်ထမ်းဆောင်စေဖို့ တိုးမြှင့်ခန့်ထားလိုက်ပါတယ်။ မာရီယာကလည်း ဒိုင်ယာနာ မင်းသမီးအပေါ်မှာ တာဝန်ထမ်းဆောင်လိုတာ ဖြစ်ပေမယ့် ဘုရင်မကြီးရဲ့ အပျိုတော် လေဒီဆူဆန်ဟာတ်ဆေးရဲ့ လျှောက်ထားချက်အရ မာရီယာဟာ ဒိုင်ယာနာဆီ မရောက်ဘဲ ဖိလစ်မင်းသားထံ ရောက်သွားခြင်းပါ။ အဲဒါအပြင် ဖိလစ်မင်းသားအပေါ်မှာပဲ တာဝန်ယူရမယ်။ တခြားနေရာ မသွားရဘူးဆိုတဲ့ အမိန့်ကိုလည်း ထုတ်ပြန်ခြင်း ခံရပါတယ်။

မာရီယာကို လက်လွှတ်သွားတဲ့ ဒိုင်ယာနာက ကင်စတန်နန်းတော်မှ မင်းမှုထမ်းထဲမှ နှစ်ဦးကို သူမအပါး ထားနိုင်ဖို့ ကြိုးစားပြန်ပါတယ်။ တစ်ဦးက အီဗလင်ဒါဂါလီဆိုသူဖြစ်ပြီး သူမကို အဝတ်အစား တာဝန်ခံအဖြစ် ခန့်ထားကာ မာဗင်ဆိုသူကိုတော့ မီးဖိုဆောင်မှာ စားဖိုမှူးအဖြစ် ခန့်ထားခဲ့ပါတယ်။

အဲဒီကာလများတုန်းကတော့ ချားလ်စ်နဲ့ ဒိုင်ယာနာတို့ဟာ ငြိမ်းချမ်းတဲ့ဘဝမှာ အေးအေးဆေးဆေး ရှိနေခဲ့ကြပါတယ်။ တချို့ညချမ်းတွေမှာ အော်ပရာသွားကြည့်ကြ၊ ဘဲလေးသွားကြည့်ကြတာတွေ ရှိသလို ချားလ်စ်ရဲ့ မိတ်ဆွေတွေရဲ့ အိမ်တွေမှာ ကျင်းပတဲ့ ပါတီပွဲတွေကိုလည်း တက်ရောက်ခဲ့ကြပါတယ်။ အင်္ဂလန်နိုင်ငံရဲ့ အိမ်ရှေ့မင်းသား ချားလ်စ်မင်းသားကို ကြင်ယာအဖြစ် ရရှိခဲ့ပြီဖြစ်ပေမယ့် ဒိုင်ယာနာ စိတ်ထဲမှာ မယုံမရဲ ရှိနေခဲ့ပါသေးတယ်။ သိမ်ငယ်စိတ်ရှိနေတဲ့ ဒိုင်ယာနာဟာ တစ်နေ့မှာတော့ မင်းမှုထမ်းတစ်ယောက်ရဲ့ အပြုအမူကြောင့် စံအိမ်မှာ သူ့ကို မလိုလားတဲ့သူတွေ ရှိနေပါလားဆိုတာ သိသွားခဲ့ရပါတယ်။

မင်းသမီးက အိမ်တော်ဝန်ထမ်းတစ်ဦးနဲ့ ဝန်ထမ်းများရဲ့ အလုပ်တာဝန်ယား ကို ဆွေးနွေးနေခိုက်မှာ တချို့ဝန်ထမ်းတွေ ဝတ္တရား လစ်ဟင်းကြောင်း ဒိုင်ယာနာက ဆိုလိုက်ပါတယ်။ အဲဒီလိုပြောလိုက်တဲ့အတွက် အိမ်တော်ဝန်ထမ်းက မျက်နှာနီမြန်းသွားပြီး သူ့အနေနဲ့ တစ်သက်လုံး ဒီအလုပ်ကို လုပ်ခဲ့တာဖြစ်လို့ မင်းသမီးအနေနဲ့ သူ့လောက် နားမလည်နိုင်ဘူးလို့ ပြန်ပြောလိုက်ပါတယ်။ သူ့ရင်ထဲမှာ မူကြို ဆရာမ ဘဝကနေ အိမ်ရှေ့မိဖုရားဖြစ်လာတဲ့ ဒီမိန်းမအနေနဲ့ ဘာများတတ်မှာလဲလို့ တွေးလိုက်ပုံရပါတယ်။ ရုတ်တရက် ပြန်ပြောတာခံလိုက်ရတဲ့အတွက် ဒိုင်ယာနာကလည်း တုန်လှုပ်သွားပြီး နံရံတစ်ခုကိုမှီကာ ရပ်နေလိုက်မိပါတယ်။ အဲဒီဝန်ထမ်းက ဒိုင်ယာနာ့မျက်နှာနံဘေးမှာ လက်ထောက်လိုက်ပြီး ကျုပ်တို့ ဒီလောက်လုပ်နေတာမှ ခင်ဗျားက မကျေနပ်သေးဘူးဆိုရင် ကျုပ် ထွက်မယ်လို့ ဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်သတ္တပတ် အနည်းငယ်အကြာမှာတော့ အဲဒီဝန်ထမ်း အလုပ်ထွက်သွားခဲ့ပါတယ်။

လက်ထပ်ပြီး တစ်နှစ်အကြာ ၁၉၈၂ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့မှာ ပေါ်ပေါက်ခဲ့တဲ့ မိုနာကိုနိုင်ငံ မင်းသမီး ဂရေ့စ် ရုတ်တရက် ကားမှောက်ပြီး ကွယ်လွန်သွားခြင်းက ဒိုင်ယာနာကို အကြီးအကျယ် တုန်လှုပ်ချောက်ချားစေခဲ့ပါတယ်။ မင်းသမီး ကွယ်လွန်သွားခြင်းက မော်တော်ကားရဲ့ ဘရိတ်နဲ့ လက်ဆွဲဘရိတ်များကို တစ်စုံတစ်ယောက်က ဖျက်ဆီးထားတယ်လို့လည်း သံသယစကားတွေ ထွက်လာခဲ့ပါတယ်။ အဲဒီစကားသံများကြောင့် ဒိုင်ယာနာက ပိုမိုချောက်ချားခြင်းပါ။

ဂရေ့စ်မင်းသမီးရဲ့ နာရေးသတင်းကို ကြားသိရတဲ့အချိန်မှာ ဒိုင်ယာနာက ဘာလ်မိုရယ်လ်မှာ ရှိနေပါတယ်။ လုပ်စရာရှိတဲ့ အလုပ်တွေအားလုံးကို ရပ်ဆိုင်းထားပြီး ချားလ်စ်မင်းသား မပါဘဲ ဒိုင်ယာနာ တစ်ယောက်တည်း အသုဘ သွားရောက်ပို့ဆောင်ခဲ့ပါတယ်။ ဒီခရီးဟာ အင်္ဂလန်နိုင်ငံ တော်ဝင်မိသားစုကို ကိုယ်စားပြုပြီး သူ တစ်ယောက်တည်း သွားရတဲ့ ပထမဆုံးခရီးစဉ်လည်း ဖြစ်ခဲ့ပါတယ်။

ဂရေ့စ် ကွယ်လွန်သွားမှုကို ဒိုင်ယာနာက ဘယ်တော့မှ မမေ့တော့ပါဘူး။ ဂရေ့စ်အကြောင်း၊ ဂရေ့စ်လုပ်ပုံ၊ ကျက်သရေရှိပုံများကိုလည်း တဖွဖွ ပြောတတ်ပါတယ်။ ဂရေ့စ် ကွယ်လွန်သွားခြင်းဟာ တစ်ကမ္ဘာလုံးအတွက် ဆုံးရှုံးမှု တစ်ရပ်လို့လည်း ဆိုပါတယ်။ ပန်းသားဖော်ပြီး ချုပ်ထားတဲ့ ပါတီတက်ဝတ်စုံ အဖြူရောင်ကို ဒိုင်ယာနာက ဂရေ့စ်ကယ်လီ ဝတ်စုံလို့ နာမည်ပေးထားပါတယ်။ သူ့အဆိုကတော့ ဖြူစင်သန့်ရှင်းပြီး လှလွန်းတဲ့အတွက် ဂရေ့စ်နဲ့ တူတယ်လို့ တင်စားခြင်း ဖြစ်ပါသတဲ့။

❑

www.burmeseclassic.com



ကျွန်တော့်မိခင်ဖြစ်သူက သူ နေထိုင်ရာ Chapel လမ်းကလေးထဲက လူတွေရဲ့ အရေးကိစ္စကို ဦးစားပေးကူညီဆောင်ရွက်တတ်သလို ဘုရင်မကြီးကလည်း သူ့တိုင်းသူပြည်သားများရဲ့ အရေးကိစ္စကို ဦးစားပေးတတ်သူ ဖြစ်ပါတယ်။ ကျွန်တော်က အဲဒီလိုကြင်နာတတ်တဲ့ နှလုံးသားနဲ့ တိုင်းပြည်ကို အုပ်ချုပ်နေတဲ့ ဘုရင်မကြီးရဲ့ စိတ်ချမ်းမြေ့မှုကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနေကြတဲ့ ခွေးကလေးများကို ထိန်းကျောင်းပေးနေရတဲ့သူပါ။

# အခန်း (၄)
# ဘုရင်မကြီးနှင့် ကျွန်တော်

အကယ်၍ ဒိုင်ယာနာ မင်းသမီးအနေနဲ့ ဘာကင်ဟမ်ရွှေနန်းတော်ကြီးအတွင်း ဘုရင်မရဲ့ ချွေးမတော်အဖြစ် ရောက်ရှိလာရခြင်းကို သူ့ကိုယ်သူ မယုံနိုင်ဘဲ အိပ်မက်များ မက်နေသလားလို့ ကိုယ့်ကိုယ်ကိုယ် ဆိတ်ကြည့်ရမယ်ဆိုရင် ကျွန်တော့်ဘဝကလည်း သူ့လိုပါပဲ။ ကျွန်တော်ကိုယ်တိုင်လည်း ကျွန်တော် ရောက်နေတဲ့ဘဝကို မယုံနိုင်ခဲ့ပါဘူး။ အခါပေါင်းများစွာ ကျွန်တော် ရထားတဲ့ အိပ်ခန်းပြတင်းပေါက်မှာထိုင်ပြီး ဘာကင်ဟမ်နန်းတော်ကြီး အပေါ်စီးကနေ လန်ဒန်မြို့ကြီးကို ကြည့်ရင်း စဉ်းစားနေမိပါတယ်။ အကယ်၍များ Wessex Hotel မှာပဲ ကျွန်တော် ဆက်ပြီး ပျော်မွေ့နေမယ်ဆိုရင် ကျွန်တော့်ဘဝ ဘယ်လိုများ ဖြစ်နေမှာပါလိမ့်လို့ တွေးနေမိခြင်းပါ။

ဘုရင်မကြီးရဲ့ ဘုန်းရိပ်ကံရိပ်အောက်မှာ အမှုထမ်းခွင့်ရခြင်းဟာ အင်မတန်ကံကောင်းတယ်လို့ ကျွန်တော့်ကိုယ်ကျွန်တော် ခံယူမိပါတယ်။ အထူးသဖြင့် နေလိုနေရာကနေ လန်ဒန်မြို့ကြီးကို အပေါ်စီးကနေ ကြည့်လိုက်တဲ့အခါမှာ ဗစ်တိုးရီးယား ဘုရင်မကြီးရဲ့ အမှတ်တရကျောက်တိုင်၊ စိန့်ဂျိမ်းစ်ဥယျာဉ် စတဲ့နေရာတွေကို တွေ့မြင်နေရတဲ့အပြင် ကမ္ဘာကျော် Big Ben နာရီစင်ကြီးကလည်း မိုးကုတ်စက်ဝိုင်းကနေ စီးပြီးကြည့်နေသလိုပါပဲ။ အကယ်၍ ကျွန်တော့်မိခင်ဟာ ကျွန်တော့်ငယ်ဘဝကို လွှမ်းမိုးကြီးစိုးခဲ့သူဆိုပါလျှင် လူကြီးဖြစ်လာတဲ့ အခုအချိန်မှာ ကျွန်တော့်ကို လွှမ်းမိုးထားသူက ဘုရင်မကြီးလို့ ဆိုရပါလိမ့်မယ်။ လူတစ်ယောက်ရဲ့ ဘဝဆိုတာ လူပေါင်းများစွာ၊ နေရာပေါင်းများစွာ ကြုံတွေ့ရတာ ဖြစ်သလို ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာလည်း လူတွေအများကြီးနဲ့ ကြုံတွေ့ခဲ့ရပါပြီ။ ကျွန်တော် ကြုံတွေ့ခဲ့ရတဲ့သူတွေက ဝင်ဆာနန်းတော်ကို လာကြတဲ့ အတိုင်းတိုင်း အပြည်ပြည်က အုပ်ချုပ်သူများ၊ ရှင်ဘုရင်များပါပဲ။ ကျွန်တော် အနီးကပ် အမှုထမ်းနေရတဲ့ အင်္ဂလန်ပြည့်ရှင် ဘုရင်မကြီးဟာ တည်ငြိမ်မှုရှိပြီး တိုင်းသူပြည်သားများအပေါ်မှာ ချစ်မြတ်နိုးမှုရှိတဲ့ အပြင် ကိုယ်ကျိုးစွန့်လွှတ်ကာ တိုင်းပြည်တာဝန်များကို ထမ်းဆောင်နေသူ ဖြစ်ပါတယ်။

ကျွန်တော့်မိခင်ဖြစ်သူက သူ နေထိုင်ရာ Chapel လမ်းကလေးထဲက လူတွေရဲ့ အရေးကိစ္စကို ဦးစားပေးကူညီဆောင်ရွက်တတ်သလို ဘုရင်မကြီးကလည်း သူ့တိုင်းသူပြည်သားများရဲ့ အရေးကိစ္စကို ဦးစားပေးတတ်သူ ဖြစ်ပါတယ်။ ကျွန်တော်က အဲဒီလိုကြင်နာတတ်တဲ့ နှလုံးသားနဲ့ တိုင်းပြည်ကို အုပ်ချုပ်နေတဲ့ ဘုရင်မကြီးရဲ့ စိတ်ချမ်းမြေ့မှုကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနေကြတဲ့ ခွေးကလေးများကို ထိန်းကျောင်းပေးနေရတဲ့သူပါ။ ဘုရင်မကြီးရဲ့ဘဝမှာ အရေးပါအရာရောက်တဲ့ ခွေးကလေးများကို ကျွန်တော် ထိန်းကျောင်းနေရတယ်ဆိုတာ မာမီ မြင်စမ်းစေချင်ပါတယ်။ ဒါပေမယ့် ကျွန်တော့်အလုပ်က မြင်သာထင်သာတဲ့ အလုပ် မဟုတ်ပါဘူး။ နောက်ကွယ်မှာ လုပ်ကိုင်ရတဲ့အလုပ်မျိုးပါ။ အများရှေ့မှာ တာဝန်ထမ်းဆောင်ရတာ မဟုတ်ဘဲ နောက်ကွယ်မှာ တာဝန်ထမ်းဆောင်ရတဲ့ ကျွန်တော်တို့လို ဝန်ထမ်းများအနေနဲ့ အသိအမှတ်ပြုခံရတယ်ဆိုတာက ရှားပါးလှပါတယ်။ စာတ်ခုံပေါ်ကနေ အများပရိသတ်ကို ကပြဖျော်ဖြေနေကြတဲ့ ကချေသည်များ အဆင်ပြေပြေ တင်ဆက်နိုင်အောင် နောက်ကွယ်ကနေ ဖြည့်ဆည်းပေးနေကြရတဲ့သူများနဲ့ မခြားပါဘူး။ ဒါပေမယ့် ကျွန်တော်တို့အတွက် ဘုရင်မကြီးရဲ့ အသိအမှတ်ပြုခြင်းခံရတဲ့ အပြုံးတစ်ချက် ခေါင်းတစ်ညိတ်ဟာ ဆုလာဘ်တစ်ပါးပါပဲ။

ဘုရင်မကြီးရဲ့အပါးမှာ အနီးကပ် တာဝန်ထမ်းဆောင်နေရတယ်ဆိုတဲ့အကြောင်း ကျွန်တော့်မိသားစုထံ သတင်းစကားပါးနိုင်ခြင်းကိုက ရောမ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ သတင်းတစ်ရပ်ပါ။ တစ်နိုင်ငံလုံးမှာရှိကြတဲ့ အမေများရဲ့ သားဘယ်နှယောက်က ကျွန်တော့်လိုနေရာမျိုးမှာ တာဝန်ထမ်းဆောင်ခွင့် ရကြလို့လဲ။ သားဘယ်နှယောက်က သူတို့အမေတွေကို ဘုရင်မကြီး အပါအဝင် တော်ဝင်မိသားစုများနဲ့ ဆုံစည်းခွင့် ဖန်တီးပေးနိုင်မှာတဲ့လဲ။ ခုဆိုရင် ချက်ပယ်လ်လမ်းမှာရှိတဲ့ ကျွန်တော့်အမေအိမ်မှာ ကျွန်တော်နဲ့ စကားပြောနိုင်ဖို့ တယ်လီဖုန်း သွယ်ထားပြီးပါပြီ။ ကျွန်တော် ဖုန်းဆက်တိုင်း မာမီက 'သားရယ် အမေတော့ ငါ့သားလေးက ဘာကင်ဟာမ်ရွှေနန်းတော်ကြီးအတွင်းကနေ ဖုန်းဆက်နေတယ်ဆိုတာ မယုံနိုင်



လောက်အောင်ပါပဲ' လို့ ပြောတတ်ပါတယ်။ အမေက သူ့တယ်လီဖုန်းကို အိမ်အတွင်းဘက် အိပ်ခန်းထဲမှာထားပြီး အားရပါးရ ဆုပ်ကိုင်ကာ စီးကရက်ကို တစ်လိပ်ပြီး တစ်လိပ် သောက်နေရင်းက ကျွန်တော်နဲ့ ပြောတတ်တာပါ။ တစ်ခါတလေ ကျွန်တော်က 'မာမီ… ကျွန်တော် အခုပဲ ဘုရင်မကြီးထံတော်ပါးကို လက်ဖက်ရည်တော် ဆက်သွင်းခဲ့တာ' လို့ ပြောလိုက်ရင် သူ့မှာ ရင်တွေခုန်လို့ပေါ့။

ဘုရင်မကြီးအပါးမှာ အပါးတော်မြဲ ခြေမြန်တော်အဖြစ် တာဝန်ထမ်းဆောင်ရတဲ့ ပထမနှစ်မှာပဲ မာမီကို ရွှေနန်းတော်အတွင်း ခေါ်ဆောင်နိုင်မယ့် အခွင့်အရေး တစ်ရပ် ပေါ်ပေါက်လာခဲ့ပါတယ်။ နှစ်စဉ်နှစ်တိုင်း ခရစ္စမတ်ရက်ဆိုရင် ဘာကင်ဟာမ်နန်းတော်အတွင်းမှာ ကျင်းပတဲ့ ကပွဲသဘင်သို့ ဘုရင်မကြီးရဲ့ အမှုထမ်းများအနေနဲ့ သူတို့မိခင်များနဲ့ ခွေမျိုးများကို ဖိတ်ကြားခွင့် ရှိပါတယ်။ ကပွဲသဘင်ရက် မတိုင်ခင်ကတည်းက ကျွန်တော်က မာမီကို အကြောင်းကြားထားပြီးပါပြီ။

'မာမီ ကျွန်တော့်ကို ဂုဏ်ပြုတဲ့အနေနဲ့ ခရစ္စမတ်ကပွဲသဘင်ကို လာတက်ပေးပါ။ ဘုရင်မကြီးကိုယ်တိုင် ဒီကပွဲကိုတက်မှာ မာမီရဲ့' လို့ ကြိုတင်အကြောင်းကြားခဲ့တာပါ။ အဲဒီတုန်းက မာမို့နှုတ်ဖျားကနေ မယုံနိုင်လောက်တဲ့ အာမေဋိတ်သံ ထွက်သွားခဲ့ပါတယ်။ ဒါပေမယ့် မာမီက သက်ပြင်းချလိုက်ပြီး 'သားရယ်… မာမီလာချင်တာပေါ့။ ဒါပေမယ့် လာနိုင်မယ် မထင်ပါဘူးကွယ်' လို့ ဆိုခဲ့ပါတယ်။

'မလုပ်ပါနဲ့ မာမီရယ်၊ သူများတွေရဲ့ အမေတွေ အားလုံးလာကြမှာ။ မာမီ မနေတတ်မထိုင်တတ် မဖြစ်စေရပါဘူး။ သူတို့အားလုံးနဲ့ ရောနှောပြီး ခင်မင်သွားမှာပါ။ ကျွန်တော်လည်း မာမို့အနားမှာ ရှိနေမှာပဲဥစ္စာ' လို့ ကျွန်တော် ဖွတ်အတင်းခေါ်ရတယ်။

မာမီက သူ စုထားတဲ့ စုဘူးကလေးကိုဖောက်ပြီး ဝတ်စုံသစ်တစ်စုံ ဝယ်လိုက်ပါတယ်။ အပြာရောင် ညနေခင်းဝတ်စုံကလေးပါ။ ငွေကွင်းကလေးတွေ ဆက်ထားတဲ့ ခါးပတ်လည်း ပါတယ်။ ပဝါအနေနဲ့ကတော့ လက်ထိုးသိုးမွေး ပဝါကို ခြုံလာခဲ့ပါတယ်။ သူ မလာခင် တစ်ရွာလုံးကိုလည်း အင်္ဂလန်ပြည့်ရှင် ဘုရင်မကြီးရဲ့ ကပွဲသဘင်ကို တက်ရမှာဖြစ်တဲ့အကြောင်းလည်း ပြောခဲ့သေးပါတယ်။ ကျွန်တော်တို့တစ်ရွာလုံးမှာ ဘုရင်မကို မဆိုထားနဲ့၊ ဘယ်နန်းတွင်း အမှုထမ်းကိုမှ တွေ့ဖူးမြင်ဖူးတဲ့သူ မရှိခဲ့ပါဘူး။

ကပွဲသဘင်မှာ မာမီမျော တော်ဝင်မိသားစုဝင်များကို အသာထား၊ သူ့ပတ်ဝန်းကျင်မှာ မြင်တွေ့နေရတဲ့ မင်းမှုထမ်းများကို မြင်ရတာတောင် စိတ်လှုပ်ရှားနေပါတယ်။ ရွှေနန်းတော်အတွင်းမှာ ရောက်ရှိနေတယ်ဆိုတာ မယုံနိုင်သလို ဘုရင်မ

www.burmeseclassic.com

www.burmeseclassic.com



ကြီးရဲ့ ကြင်ယာတော် အီဒင်ဘာမြို့စားကြီး၊ ချားလ်စ်မင်းသား၊ အဲန်းမင်းသမီးတို့ကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ရတော့မယ်ဆိုတာကိုလည်း မယုံနိုင်လောက်အောင်ပါပဲ။ မာဗီက 'မာဗီကိုယ်မာဗီတော့ စင်ဒရဲလား မင်းသမီးလေးလို့ အောက်မေ့နေတာပါပဲ သားရယ်။ သားက ရွှေမင်းသားလေးပေါ့' လို့ ပြောသေးတာပါ။ ကျွန်တော်တို့သားအမိနှစ်ယောက် လက်ချင်းချိတ်ပြီး ကပွဲခန်းမဆောင်အတွင်းသို့ ဝင်လာခဲ့ကြပါတယ်။

ဘုရင်မကြီးက မင်းမှုထမ်းများရဲ့ ဆွေမျိုးများကို တစ်ဦးစီ လိုက်လံနှုတ်ဆက်ပါတယ်။ မာမီမှ အဆင်ပြေပါ့မလားလို့ တွေးနေမိသေးတာ။ မာမီ့လက်ကို ကျွန်တော်က တင်းတင်းကျပ်ကျပ် ဆုပ်ထားပြီး အားပေးတော့ မာမီက 'အဆင်ပြေမှာပါ သား' လို့ ဆိုရှာပါတယ်။

ကျွန်တော်တို့ သားအမိအနားကို ဘုရင်မကြီး ရောက်လာချိန်မှာ 'ဟယ်လို ပေါလ်...' လို့ နှုတ်ဆက်ပါတယ်။

ကြားလိုက်သလား မာမီလို့ ကျွန်တော့်စိတ်ထဲကနေ ပြောနေမိတယ်။ ဘုရင်မကြီးရဲ့ နှုတ်ဖျားက သားနာမည်ကို ခေါ်နေတယ်လေ။ တရင်းတနှီး နှုတ်ဆက်တယ်ဆိုတာကို မာမီ ကြားလိုက်ရဲ့လား။ ဒါပေမယ့် ကျွန်တော်ထင်တာတော့ မာမီဟာ ဘုရင်မကြီး ခေါ်လိုက်တာကို မကြားဘဲ လည်ပင်းမှာ ဆွဲထားတဲ့ စိန်ဆွဲကြိုးကြီးက တလက်လက် တောက်ပနေတဲ့ စိန်များကိုသာ ငေးမောနေမှာ သေချာလှပါတယ်။

ဒါပေမယ့် ဘုရင်မကြီးဟာ ဘယ်သူ့ကိုမဆို အဆင်ပြေပြေ ဆက်ဆံတတ်သူဖြစ်တဲ့အတွက် မာမီကိုလည်း အဆင်ပြေအောင် ကျွန်တော်တို့ ဇာတိမြေဖြစ်တဲ့ ဒါဘီရှိုင်းယားက မီးသွေးတွင်းတွေအကြောင်း စကားဆက်စပ်ပြီး ပြောပါတယ်။ မာမီ့မျက်နှာပေါ်မှာ အပြုံးတွေ ဝေဆာနေလိုက်တာ။ အဲဒီတော့မှပဲ မာမီ့မျက်လုံးတွေဟာ ဘုရင်မကြီးရဲ့ စိန်လည်ဆွဲဆီကနေ ခွာတော့တာပဲ။ မာမီ့ဘဝမှာ စိန်အစစ်ဆိုတာကို ဘယ်တုန်းကမှ မြင်ခဲ့ဖူးတာ မဟုတ်ပါဘူး။ ခုလို အများအပြားကို မြင်လိုက်ရတော့ သူ့ခမျာ မငေးဘဲ မနေနိုင်တော့ဘူးပေါ့။ 'ဘုရင်မကြီးကလေ မာမီ မျှော်လင့်ထားသလို ဘုရင်မတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းအားလုံး ပြည့်စုံတယ်' လို့ မာမီက ချီးမွမ်းတယ်။ မာမီ့ အဲဒီစကားတစ်ခွန်းဟာ ကျွန်တော့်ဘဝအတွက် နိဒါန်းတစ်ခု ပျိုးလိုက်ခြင်းပါပဲ။ နောက်နှစ်ပေါင်းများစွာအတွင်းမှာ မာမီဟာ ကျွန်တော့်အလုပ်ရှင်သခင်များကို နောက်ထပ် သုံးလေးကြိမ်လောက် ရွှေနန်းတော်အတွင်းမှာပဲ တွေ့ခွင့်ရခဲ့ပြီး တစ်ကြိမ်မှာတော့ ဘာလ်မိုရယ်လ်မှာ



ခွေးကလေးများကို ထိန်းကျောင်းရင်း လမ်းလျှောက်ထွက်လာတဲ့ ဘုရင်မကြီးနဲ့ မမျှော်လင့်ဘဲ ဆုံတွေ့ခွင့်ရခဲ့ပါသေးတယ်။

မာမီက ရွှေနန်းရှင်ရဲ့ရှေ့မှာ မနေတတ် မထိုင်တတ်ဘူးဆိုပေမယ့် ကျွန်တော့်အဒေါ်ပါးလ်နဲ့စာရင် တော်ပါသေးတယ်။ တစ်ခါတုန်းက အဒေါ်ပါးလ်ကို ကပွဲသဘင်တစ်ခုတက်ဖို့ ကျွန်တော် ဖိတ်ခေါ်ခဲ့ဖူးပါတယ်။ ဧည့်သည်တွေကို နှုတ်ဆက်ဖို့ ဘုရင်မကြီး လျှောက်လာတဲ့အခါမှာ အဒေါ်ပါးလ်ခမျာ မင်တက်မိပြီး စကားမပြောနိုင်အောင် ဖြစ်ခဲ့ရပါတယ်။ သူက စ စကားမပြောဘဲ ဘုရင်မကြီး စကားစလာမှာကို စောင့်နေပါတယ်။

'ဒါဘီရှိုင်းယားမှာ ဒီနှစ်ရာသီဥတုက အတော်ဆိုးတယ် ကြားတယ်' လို့ ပြောသံကြားလိုက်ရတော့မှ အသက်ဝင်လာပါတော့တယ်။ 'ဟုတ်ကဲ့... ဆိုးလိုက်သမှ အလွန်ပါပဲ' လို့ ပြန်ဖြေပါတယ်။ အဒေါ်ပါးလ်ရဲ့ စကားသံက လန်ဒန်မြောက်ပိုင်းသူတို့ရဲ့ထုံးစံအတိုင်း ဝဲနေပါတယ်။ ဒါကို ဘုရင်မကြီးက သဘောကျလွန်းလို့ သူ ပြောတဲ့အတိုင်း လိုက်ပြောနေသေးတာ။

ကျွန်တော်တို့ မင်းမှုထမ်းများရဲ့ ဆွေမျိုးသားချင်းများက ဘုရင်မကြီး အပါအဝင် တော်ဝင်မိသားစုများနဲ့ ဆုံတွေ့ရမှာကို ကြောက်ရွံ့တုန်လှုပ်ကြတာ မဆန်းပါဘူး။ တချို့မင်းမှုထမ်းများ ကိုယ်တိုင် သူတို့ရှေ့မှောက်ကို ရောက်ပြီဆိုရင် အမှားမှားအယွင်းယွင်း ဖြစ်ကုန်ကြတာ ခုလို ခရစ္စမတ်ပွဲတော်တိုင်း ကြုံကြရပါတယ်။ နှစ်စဉ်နှစ်တိုင်း ခရစ္စမတ်ကပွဲသဘင်မှာ ဘုရင်မကြီးက သူ့အိမ်တော်ဝန်ထမ်း ၃၀၀ လောက်ကို တစ်ဦးချင်း နှုတ်ဆက်ရာမှာ အချိန် ၂ နာရီလောက်ကြာပါတယ်။ နှုတ်ဆက်တိုင်းသုံးတဲ့ အသုံးအနှုန်းက 'Happy Christmas' လို့ပဲ သုံးပါတယ်။ 'Merry Christmas' လို့ မပြောပါဘူး။ ဘာကြောင့်လဲဆိုတော့ အသောက်လွန်သွားတဲ့ မင်းမှုထမ်းများအနေနဲ့ အာလေးလျှာလေးမဖြစ်အောင် သတိထားပြီး သောက်ကြစေချင်တဲ့အတွက်ပါ။

ဒါပေမယ့် ကျွန်တော့် အမြင်ပြောရရင် အများစု အရက်များများ သောက်ထားကြတယ်ဆိုတာက သူတို့နဲ့တွေ့ဖို့ ရဲဆေးတင်ကြတာပါ။ အိမ်တော်ဝန်ထမ်းတချို့ဆိုတာက မီးဖိုဆောင်မှာ တာဝန်ထမ်းဆောင်ရသူတွေ ဖြစ်တဲ့အတွက် ဘုရင်မကြီးနဲ့ တိုက်ရိုက်ထိတွေ့မှု နည်းပါးလှပါတယ်။ ဒီလူတွေက ဘုရင်မကြီးနဲ့ တိုက်ရိုက်စကား ပြောရမယ်ဆိုတဲ့အခါမှာ ရဲဆေးတင်ဖို့ လိုအပ်တာ အမှန်ပါပဲ။

ဘုရင်မကြီးကလည်း တစ်ဦးချင်း တွေ့ဆုံတဲ့အခါမှာ ဘယ်သူက ဘယ်တာဝန်ထမ်းဆောင်တယ်ဆိုတာကို မမေ့မလျော့ မေးမြန်းတတ်စမြဲပါ။ တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



တုန်းက ဘုရင်မကြီးကို သူ့မှာ အစေအပါး ဘယ်နှယောက်ရှိသလဲလို့ မေးမြန်းတဲ့ အခါမှာ ဘုရင်မကြီးက…

'တကယ်တော့ တစ်ယောက်မှ မရှိပါဘူး။ သူတို့အားလုံးဟာ အိမ်တော်ဝန်ထမ်းတွေ မှန်ပေမယ့် အစေခံတွေ မဟုတ်ကြပါဘူး' လို့ ပြောကြားခဲ့ဖူးပါတယ်။ ဘုရင်မကြီးနဲ့ အိမ်တော် အမှုထမ်းတွေ တွေ့ဆုံရာမှာလည်း စည်းကမ်းတကျ ရှိရပါတယ်။ ကျွန်တော်တို့အားလုံး ကျောက်ဖြူဆောင်ရဲ့ မြေညီထပ်ကနေ တန်းစီပြီး နံနက်စာ သုံးဆောင်တော်မူတဲ့အခန်းကို ဖြတ်ကာ အခန်းအမှတ် ၁၈၄၄ ကို သွားကြရပါတယ်။ အဲဒီကမှတစ်ဆင့် Bow Room ကို တန်းစီဝင်ကြရတာပါ။ တန်းစီတဲ့အခါမှာလည်း ကိုယ်စီချင်သလို စီလို့ မရပါဘူး။ ရာထူးကြီးစဉ်ငယ် လိုက် စီကြရတာပါ။ ဝန်ထမ်းများကို သူ့နေရာနဲ့သူ ဝတ်စုံချင်း မတူအောင် ခွဲခြားထားပါတယ်။ အနီရောင်တောက်တောက် ဇာစကုတ် ဝတ်ဆင်ထားသူများက ခြေမြန်တော်များဖြစ်ပြီး အပါးတော်မြဲများက အမြီးရှည်အပြာရောင် ကုတ်အင်္ကျီ ဝတ်စုံများနဲ့ ထူးခြားလှပါတယ်။ စားဖိုဆောင်ဝန်ထမ်းများက အဖြူရောင်နဲ့ စိမ်းပြာရောင် ဝတ်ဆင်ရပြီး အမျိုးသမီးဝန်ထမ်းများက အနက်ရောင်ဝတ်စုံပေါ်မှာ အဖြူရောင် ခါးစည်းများနဲ့ ဝတ်ဆင်ရပါတယ်။ ဘုရင်မကြီးအပါးမှာ အနီးကပ် ခစားရတဲ့ ခြေမြန်တော် ၁၄ ဦးထဲမှာ ပေါလ်ဘိုင်ဘရဲ့က ရှေ့ဆုံးက တန်းစီရပြီး ကျွန်တော်က သူ့နောက်ကပါ။ ကျွန်တော်တို့အနေနဲ့ နေ့စဉ်နေ့တိုင်း မနက်၊ နေ့လယ်၊ ညချိန်ခါမရွေး ဘုရင်မကြီးကို နီးနီးကပ်ကပ် တွေ့မြင်နေကြရတာ ဆိုတော့ ခုလို ခရစ္စမတ်ကာလအတွက် နှုတ်ဆက်ဖို့ရာ တကူးတက တန်းစီနေကြရတာဟာ တော်တော် ကသိကအောက် နိုင်လှပါတယ်။ ဒီလိုနှုတ်ဆက်ပြီး ညနေကျရင် အပေါ်ထပ်က ဘုရင်မကြီးနဲ့ ကြင်ယာတော်တို့နေတဲ့ အခန်းထဲမှာ ရှိုးသမျှ ပစ္စည်းတွေကို ထုပ်ပိုးကြရဦးမှာပါ။ ခရစ္စမတ်ပြီးတာနဲ့ တစ်ပြိုင်နက် သူတို့မောင်နှံက ဝင်ဆာရဲတိုက်ဆီကို ပြောင်းရွှေ့နေထိုင်လေ့ ရှိလို့ပါပဲ။ အဲဒီလိုအချိန်မှာလည်း ကျွန်တော်တို့နဲ့ ဘုရင်မကြီးဟာ အနီးကပ် တွေ့ကြရမြဲပါ။ ဒီလိုတွေ့ဖန်များပေမယ့် ခုလို ခရစ္စမတ်ဆုတောင်းအဖြစ် တကူးတက တွေ့ကြရမယ် ဆိုပြန်တော့လည်း စင်ပေါ်တက် ကကြရတော့မယ့် ကချေသည်များလို ရင်ခုန်မိတာပါပဲ။

ဘုရင်မကြီးနဲ့ ကြင်ယာတော် အီဒင်ဘာမြို့စားကြီးတို့က အဖူးမြော်ခံ ခန်းမကြီးရဲ့ ထိပ်ဆုံးမှာ နေရာယူထားကြပြီး ကျွန်တော်တို့က သူတို့နဲ့ မျက်နှာချင်းဆိုင်ဘက်မှာရှိတဲ့ တံခါးကနေ အိမ်တော်ဝန်ထမ်း ဆင့်ခေါ်တဲ့အချိန်ကျမှ အလှည့်ကျ ဝင်ကြရတာပါ။ သူတို့နဲ့ဆုံတွေ့ပြီဆိုရင် ဆုတံဆိပ်ရတာ မဟုတ်ပေမယ့် ခရစ္စမတ်



လက်ဆောင် အထုပ်ကလေးတွေ ကိုယ်စီကိုယ်ငှ ရကြပါတယ်။ ဒါကလည်း သူတို့ကိုယ်တိုင် ကက်တလောက်စာအုပ်များထဲက ကြည့်ပြီး ဝန်ထမ်းတွေအတွက် ရွေးချယ်ဝယ်ယူထားတဲ့ လက်ဆောင်ပစ္စည်းများပါပဲ။ ဘုရင်မကြီးကို လက်ဆွဲနှုတ်ဆက်ကြရမယ့် အမျိုးသမီးဝန်ထမ်းများက လက်အိတ်အဖြူများ ဝတ်ဆင်ထားကြရပါတယ်။ ထူးခြားတာကတော့ မင်းပွဲစိုးပွဲများမှာ အမြဲတစေ လက်အိတ်ဝတ်ဆင်ပြီး တက်ရောက်လေ့ရှိတဲ့ ဘုရင်မကြီးက သူ့အိမ်တော်ဝန်ထမ်းများကို နှုတ်ဆက်ရာမှာတော့ လက်အိတ်ဝတ်ဆင်ထားခြင်းမရှိဘဲ လက်ဗလာနဲ့ နှုတ်ဆက်တာပါ။

တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေတဲ့ တော်ဝင်မိသားစုများရဲ့ ခရစ္စမတ် အစီအစဉ်ဟာ တစ်ခါတလေမှာ ဝင်ဆာနန်းတော်မှာ ကျင်းပတတ်ပါတယ်။ အဲဒီအခါမျိုးမှာ ဘုရားရှိခိုးကျောင်းများမှာ ဓမ္မသီချင်းများ သီကြွေးကြတဲ့ ကလေးငယ်များလည်း ပါဝင်ဆင်နွှဲခွင့် ရခဲ့ပါတယ်။ သံချောင်းရှည်ကြီးများပေါ်မှာ ရှေးရိုးအစဉ်အလာအတိုင်း မီးအိမ်တွေကို ချိတ်ဆွဲပြီး ဓမ္မသီချင်း သီကြွေးနေကြတဲ့ ကလေးများကို ဘုရင်မကြီးက ဝင်ဆာနန်းတော်ရဲ့ အဝင်ဝ ကော်ဇောခင်းထားတဲ့ လှေကားထစ်များပေါ်ကနေ ဝိုင်တစ်ခွက်သောက်ရင်း ကြည့်နေတတ်ပါတယ်။ ခရစ္စမတ်ကာလဆိုပေမယ့် သူ့အနေနဲ့ လက်ဆောင်ပေးရမယ့် အထုပ်များကို သူကိုယ်တိုင် ထုပ်ပိုးစရာ မလိုပါဘူး။ သူ့အပါးမှာ ခစားနေကြတဲ့ ဝန်ထမ်းများက ထုပ်ပိုးပေးကြလို့ပါပဲ။

ခရစ္စမတ်ကာလရောက်ပြီဆိုရင် သူ ဘာပေးမလဲဆိုတာ ဆွေမျိုးများနဲ့ ကလေးများက အင်မတန် စိတ်ဝင်စားကြပါတယ်။ ဒီဇင်ဘာလဆန်း ရောက်ပြီဆိုရင် ဆိုင်ပိုင်ရှင်တစ်ဦးဖြစ်တဲ့ ပီတာနိုက်က ကုန်ပစ္စည်းမျိုးစုံကို ဘာကင်ဟမ်နန်းတွင်း ယူဆောင်လာပြီး ဆိုင်တစ်ခုသဖွယ် ခင်းကျင်းပြသထားလေ့ ရှိပါတယ်။ သူ ခင်းကျင်းထားတဲ့ အမျိုးအမည် ၂၀၀၀ လောက်ထဲမှာ ကစားစရာတွေ ပါတယ်။ ကြွေထည်တွေပါတယ်။ အလှဆင်ပစ္စည်းတွေ ပါတယ်။ မီးဖိုဆောင်သုံးပစ္စည်းတွေ ပါတယ်။ ညစဉ်ညတိုင်း ညစာစားသုံးပြီးချိန်မှာ ဘုရင်မကြီးက သူတစ်ယောက်တည်း ဈေးဝယ်ထွက်သလို ပီတာခင်းကျင်းပြသထားတဲ့ ပစ္စည်းများထဲက စိတ်ကြိုက်ပစ္စည်းများ ရွေးချယ်ပါတယ်။ ပစ္စည်းတစ်ခုချင်းအပေါ်မှာ ဘယ်သူ့အတွက်ဆိုတာ သူကိုယ်တိုင် ရေးမှတ်သွားတာပါ။ သူရွေးသွားတဲ့ ပစ္စည်းတွေကို လက်ဆောင်အဖြစ်ပေးနိုင်ဖို့ အိမ်တော်ဝန်ထမ်းများက ထုပ်ပိုးကြရပါတယ်။ ပေါလ်ဘိုင်ဘရဲနဲ့ ကျွန်တော်က ထုပ်ပိုးရမယ့် စက္ကူဒီဇိုင်းနဲ့ ဖဲကြိုးအရောင်များ ရွေးချယ်ပေးတဲ့

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူရပါတယ်။ ကျွန်တော်တို့နှစ်ယောက်ပဲ ထုပ်ပိုးရတဲ့အခါတွေလည်း အများကြီးပါ။ မှန်းခြေအားဖြင့် နှစ်စဉ်နှစ်တိုင်း အထုပ်တစ်ရာကျော်လောက် ထုပ်ခဲ့ရတာပါ။

တစ်ညမှာတော့ လက်ဆောင်ပစ္စည်းတွေ ထုပ်ပိုးနေတဲ့အတွက် ကျွန်တော့်ပတ်လည်မှာ စက္ကူတွေရော၊ ဖဲကြိုးတွေရော ရှုပ်ပွနေတာပေါ့။ အဲဒီအချိန်မှာ ဘုရင်မကြီးက အခန်းထဲကို ဝင်လာခဲ့ပါတယ်။ 'ပေါလ်… အိပ်ချိန်ရောက်ပြီ၊ အိပ်တော့လေ၊ ထုပ်ပိုးထားတာတွေလည်း တော်တော်ပြီးနေပြီပဲ'လို့ ကြင်ကြင်နာနာ စကားဆိုပါတယ်။ တကယ်တော့ လက်ဆောင်ပစ္စည်းတွေ ထုပ်ပိုးဖို့ဆိုတာ ရက်သတ္တပတ်သုံးပတ်လောက် အချိန်ယူရပါတယ်။ တစ်ခါတလေမှာ နေ့ခင်းဘက်တွေ ထုပ်ပိုးဖို့ အချိန်မရတဲ့အတွက် ညဘက်မှာ ဆက်ပြီးလုပ်ရတာတွေ ရှိခဲ့ပါတယ်။

ဘုရင်မကြီး စံမြန်းနေတဲ့ အိမ်တော်များထဲမှာ ခရစ္စမတ်သစ်ပင်ကို ဘယ်တော့မှ မတွေ့ရဖူးပါဘူး။ ခရစ္စမတ်လက်ဆောင် ကတ်ပြားတွေ ချိတ်ဆွဲထားတာလည်း မရှိပါဘူး။ ဝင်ဆာနန်းတော် ရောက်ပြီဆိုရင်တော့ ခရစ္စမတ်သစ်ပင်ကို အလှဆင်လေ့ရှိပြီး သစ်ပင်ကလည်း အမြင့် ၁၆ ပေလောက်ရှိပါတယ်။ ဝင်ဆာနန်းတော်ရဲ့ အဝင်ဝကနေအထဲကို လှမ်းကြည့်လိုက်မယ်ဆိုရင် ခရစ္စမတ်သစ်ပင်မှာ ရောင်စုံမီးလုံးကလေးတွေ လင်းလက်နေတာကို တွေ့နိုင်ကြပါတယ်။

ခရစ္စမတ် အကြိုနေ့ ညနေ လက်ဖက်ရည်ချိန်ရောက်ပြီဆိုရင် ကျွန်တော်တို့ အိမ်တော် ဝန်ထမ်းအားလုံး ပထမထပ်မှာရှိတဲ့ ဧည့်ခန်းမှာ စုရုံးကြပြီး လက်ဆောင်ထုပ်တွေကို ဖောက်ကြတာဟာ အစဉ်အလာတစ်ခုလို ဖြစ်နေပါပြီ။ အဲဒီအခန်းထဲမှာ ၁၉၃၇ ခုနှစ် ဆဋ္ဌမမြောက် ဂျော့ဘုရင် ဘိသိက်ခံစဉ်က ပန်းချီကျော်ဆာဂျယ်ရယ်လ်ကယ်လီ ရေးဆွဲပေးထားတဲ့ ဧရာမပန်းချီကားကြီးနဲ့ အဲလီဇဘက် ဘုရင်မကြီး ဘိသိက်ခံစဉ်က ရေးဆွဲထားတဲ့ ပန်းချီကားကြီးတို့က အခန်းထဲမှာရှိတဲ့ မီးလင်းဖိုကြီးများရဲ့ အပေါ်တည့်တည့်မှာ ခန့်ညားထည်ဝါစွာ ချိတ်ဆွဲထားပါတယ်။ တစ်ဦးချင်း ကိုယ်ရထားတဲ့ လက်ဆောင်ထုပ်များကို ဖြေကြရာမှာ ဘုရင်မကြီးနဲ့ ကြင်ယာတော်တို့က ခပ်ပြုံးပြုံးထိုင်ကြည့်နေကြတာပါ။ အံ့သြဝမ်းသာတဲ့ အသံတွေ၊ မယုံနိုင်လောက်လို့ အော်ဟစ်လိုက်တဲ့ အသံတွေဟာ ခန်းမထဲမှာ ကြည်နူးစရာဂီတသံတွေလိုပါပဲ။

ခရစ္စမတ်နေ့မှာတော့ ဓနသဟာယနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ အပါအဝင် ထိပ်သီးပုဂ္ဂိုလ်များက ရုပ်မြင်သံကြားအစီအစဉ်မှတစ်ဆင့် ဘုရင်မကြီး မိန့်ခွန်း



ပြောမှာကို စောင့်ကြည့်နားထောင်လေ့ ရှိကြပါတယ်။ (ကျွန်တော်ရှိစဉ် ကာလတုန်းကတော့ ဒီမိန့်ခွန်းမျိုးကို ဒီဇင်ဘာလလယ်လောက်ကတည်းက ကြိုတင်အသံသွင်းထားခဲ့တာပါ) နားထောင်ကြသူတွေထဲမှာ ဝင်ဆာနန်းတော်ထဲက ဝန်ထမ်းတွေလည်း မလွတ်ပါဘူး။ ညနေခင်း ၃ နာရီလောက်ဆိုရင် တော်ဝင်မိသားစုများအပါအဝင်အားလုံးဟာ Oak Room မှာ စုဝေးကြပြီး ရုပ်မြင်သံကြားကို နားစွင့်ကြပါတော့တယ်။ တချို့က ဆိုဖာခုံများပေါ်မှာထိုင်ရင်း နားထောင်ကြပြီး အတော်များများကတော့ မိုးတိုးမတ်တတ်ရပ်ရင်း နားထောင်ကြပါတယ်။ ဘုရင်မကြီးကိုယ်တိုင် အဲဒီအခန်းထဲမှာရှိပေမယ့် ဘာစကားမှ မပြောဘဲ တိတ်ဆိတ်စွာ နားစွင့်နေလေ့ရှိပါတယ်။ အသံလွှင့်တဲ့ အစီအစဉ် ပြီးဆုံးသွားပြီဆိုရင်တော့ ဘုရင်မကြီးက ပန်းဥယျာဉ်ထဲကို သူ့ခွေးကလေးများနဲ့အတူ ဆင်းသွားတော့တာပါပဲ။ အသံလွှင့်ခဲ့တာနဲ့ပတ်သက်ပြီး ဘယ်အိမ်သူအိမ်သားနဲ့မှ ဆွေးနွေးပြောကြားခြင်း မပြုပါဘူး။

❑

တကယ်လို့ အဲဒီကာလများမှာ ဘုရင်မကြီးအနေနဲ့ အထူးလုပ်ဆောင်ရမယ့်ကိစ္စမျိုး နိုင်ငံရပ်ခြားသွားရမယ့်ကိစ္စမျိုး ပေါ်ပေါက်လာပြီဆိုရင်တော့ နှစ်စဉ်နှစ်တိုင်းကျင်းပတဲ့ ခရစ္စမတ်အစီအစဉ်များလည်း ပျက်တော့တာပါပဲ။ အမေရိကန်သမ္မတ ရေဂန်နယ်ရီဂင် ဝင်ဆာနန်းတော်ကို လာရောက်လည်ပတ်ခဲ့တာကို ကျွန်တော် မှတ်မှတ်ရရ ရှိနေပါတယ်။ အဲဒီတုန်းက ထောက်လှမ်းရေးသမားများပင်လျှင် ဘုရင်မကြီးရဲ့ မှတ်ချက်ကို မချေပနိုင်အောင် ဖြစ်သွားခဲ့ရဖူးပါတယ်။

သမ္မတကြီး လာရောက်လည်ပတ်ခြင်းမပြုမီ တစ်ပတ်လောက်အလိုမှာ ခေတ်မီရှာဖွေရေး ကိရိယာများတပ်ဆင်ထားတဲ့ မော်တော်ယာဉ်များ ဝင်ဆာနန်းတော်အတွင်းကို ရောက်ရှိလာကြပြီး အမေရိကန်သမ္မတရဲ့ လုံခြုံရေးအတွက် ရှာဖွေစစ်ဆေးတာတွေ ပြုလုပ်ကြပါတယ်။ သူတို့လုပ်နေသမျှကို ဘုရင်မကြီးက ပြုံးပြုံးကြီး ကြည့်နေခဲ့တာပါ။ သူတို့လို ခေတ်မီရှာဖွေရေး ကိရိယာတွေလည်း သူ့မှာ မရှိပါဘူး။ အဲဒီသူတွေကို အိမ်တော်ဝန်ထမ်းတစ်ဦးကတစ်ဆင့် ပြောကြားလိုက်တာကတော့ 'ဒါဟာ မဖုရားရဲ့ နန်းတော်ပါ။ မဖုရားအတွက် လုံခြုံမှု အပြည့်အဝရှိနေတယ်ဆိုမှတော့ မင်းတို့သမ္မတအတွက်လည်း စိုးရိမ်စရာ မရှိပါဘူး'တဲ့။ ဒီစကားဟာ အင်မတန်မှုတတဲ့ စကားတစ်ခွန်းပါ။

၁၉၈၂ ခုနှစ် ဇွန်လ ၇ ရက်နေ့မှာ ဝင်ဆာနန်းတော်ကို ရဟတ်ယာဉ်နဲ့ ရောက်ရှိလာခဲ့ပါတယ်။ အခန်းနံပါတ် ၂၄၀ မှာ တည်းခိုနေထိုင်မယ့် သမ္မတနဲ့ သူ့ဇနီး နန်စီတို့ လိုအပ်သမျှ ဖြည့်ဆည်းပေးဖို့ တာဝန်ချထားခြင်း ခံရတာက

www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်တော်ပါပဲ။ သူတို့အခန်းဆိုတာက လန်ကက်စတာ တာဝါကြီးရဲ့ ပထမ ထပ်တစ်ထပ်လုံးပါပဲ။ ဒီနေရာကကြည့်မယ်ဆိုလို့ရှိရင် လန်ဒန်မြို့ရဲ့ ပတ်ဝန်းကျင်ကို ကောင်းကောင်းကြီး ကြည့်လို့ရပါတယ်။

ကျွန်တော့် အတွေ့အကြုံအရဆိုရင် သမ္မတကတော်က သမ္မတကြီးအနားကနေ တစ်ဖဝါးမှ မခွာပါဘူး။ လိုအပ်သမျှကို သူပဲ ဖြည့်ဆည်းပေးနေတာပါ။ သူတို့ဧနီးမောင်နှံရဲ့ အိပ်ခန်းထဲမှာ ကျွန်တော်တို့က ချော့ကလက်ဘူးများကို ဖဲပြား အနီ၊ အဖြူ၊ အပြာတို့နဲ့ရစ်ပတ်ပြီး ထည့်ထားပေးပါတယ်။ ဒါပေမယ့် အဲဒီ ချော့ကလက်တွေကို သူတို့ လုံးဝမစားကြပါဘူး။ အမေရိကန်ခေါင်းဆောင်ကြီးက ချောကလက် ကြိုက်ပုံမရပါဘူး။ ဒါပေမယ့် သူတို့အခန်းထဲမှာ အမေရိကန်ပြည်ထောင်စုကနေ တကူးတက ယူလာပုံရတဲ့ ဂျယ်လီဖန်ဘူးတွေတော့ အများကြီးတွေ့ရပါတယ်။ ဖန်ဘူးပေါင်း တစ်ဒါဇင်လောက် ရှိမယ်ထင်တယ်။ အဲဒီ ဖန်ဘူးတွေမှာ အမေရိကန်အစိုးရအဖွဲ့ အမှတ်တံဆိပ်တွေလည်း ခတ်နှိပ်ထားပါသေးတယ်။

သမ္မတဧနီးမောင်နှံ ရောက်ရှိလာတဲ့ ပထမဆုံးည ညစာစားပွဲမှာ ကျွန်တော် စားပွဲဝင်ထိုးပေးရပါတယ်။ ဖယောင်းတိုင်မီး ခပ်မှိန်မှိန်နဲ့သာ ကျင်းပမယ့် ညစာစားပွဲပါ။ ညစာမသုံးဆောင်မီ ဧည့်ခန်းကျယ်ကြီးအတွင်းထဲမှာ အမေရိကန်သမ္မတနဲ့ အတူပါလာတဲ့ အစိုးရအဖွဲ့ဝင်များ၊ တော်ဝင်မိသားစုဝင်များ၊ ဝေလမင်းသား ချားလ်စ်နဲ့ ဒိုင်ယာနာ မင်းသမီးတို့လည်း ရှိနေကြပါတယ်။ သမ္မတနဲ့ သမ္မတကတော်အနီးမှာ လိုအပ်တဲ့ အရက် အဆင်သင့်ပေးနိုင်အောင်လို့ ကျွန်တော် စောင့်ဆိုင်းနေရတဲ့ အတွက် သူတို့ဧနီးမောင်နှံရဲ့ အကဲကို ကျွန်တော် ကြည့်လို့ရပါတယ်။ သမ္မတကြီး ရီဂင်က ဘုရင်မကြီးဆီသွားပြီး နှုတ်ဆက်စကားပြောဖို့ရာ ရှက်နေပုံရပါတယ်။ ဒါကို သမ္မတကတော်က အတင်းအကျပ် တိုက်တွန်းပေးနေတာပါ။ ‘သွားလေ... ဘုရင်မဆီသွားပြီး ရှင်နှုတ်ဆက်မှပေါ့’လို့ ဆိုတော့မှ ရီဂင်က သွားနှုတ်ဆက်တာပါ။ သူ့ကိုကြည့်ပြီး ကျွန်တော် သတိရလိုက်တာကတော့ ကျွန်တော့်အမေနဲ့ ကျွန်တော့်အဒေါ်ပါးလ်တို့ပါပဲ။ တောသူမကြီးနှစ်ဦးဖြစ်တဲ့ သူတို့သာ မဟုတ်ပါဘူး။ အမေရိကန်သမ္မတကြီးလည်း ဘုရင်မကြီးအနား ကပ်ဖို့ရာ တော်တော် လန့်နေပုံရလို့ပါပဲ။ ဒါပေမယ့် နောက်ဆုံးမှာတော့ သူတို့လည်း သမ္မတကြီးလိုပဲ ဘုရင်မကြီးကို နှုတ်ဆက်ခွင့်ရခဲ့ကြပါတယ်။

ဘာကင်ဟမ်နန်းတော်မှာ အမှုထမ်းစဉ်က ဟောလိဝုဒ်ရဲ့ ဂန္ထဝင် ရုပ်ရှင်မင်းသမီးကြီးတစ်ဦးဖြစ်တဲ့ ဘက်တီဒေးဗစ္စနဲ့ ကျွန်တော် စာအဆက်အသွယ် ရှိခဲ့ဖူးပါ



တယ်။ သူ့ပရိသတ်တစ်ယောက်အနေနဲ့ ကျွန်တော်ကစပြီး မိတ်ဆက်ခဲ့တာပါ။ သူက စာပြန်ခဲ့တဲ့အတွက် ကျွန်တော်တို့နှစ်ယောက် အပြန်ပြန်အလှန်လှန် စာတွေ ရေးပြီး ရင်းနှီးခဲ့ကြပါတယ်။ ၁၉၈၄ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့ ရေးစွဲနဲ့ ဘက်တီဒေးဗစ္စက ကျွန်တော့်ဆီကို ရေးခဲ့တဲ့ စာတစ်စောင်မှာ ၂၀ ရာစု မြေခွေးရုပ်ရှင် ကုမ္ပဏီကြီးက အမေရိကန်ပြည်ထောင်စုကို လာရောက်လည်ပတ်တဲ့ အဲလီဇဘက် ဘုရင်မကြီးကို ဂုဏ်ပြုညစာ တည်ခင်း ဧည့်ခံခဲ့ပေမယ့် သူမအနေနဲ့ ဘုရင်မကြီးကို လက်ဆွဲနှုတ်ဆက်ခွင့် မရခဲ့ဘူးလို့ ဆိုပါတယ်။ သူ့စာမှာ...

*ဘုရင်မကြီးရဲ့ ပုံစံ ဘယ်လိုရှိတယ်ဆိုတာ သိရအောင် ကျွန်မတို့မှာ အနားကို ကပ်ခွင့်တောင် မရခဲ့ပါဘူး။ လက်ဆွဲနှုတ်ဆက်ခွင့်ရအောင် လက်အိတ်အဖြူတွေ ဝတ်ထားတဲ့ ကျွန်မတို့အတွက် အရှက်ကွဲရတာပေါ့။ ဘုရင်မကြီးကတော့ ကျွန်မတို့ ဟောလိဝုဒ်က ရုပ်ရှင်မင်းသား၊ မင်းသမီးတွေဟာ ဘယ်လိုဟာတွေပါလိမ့်လို့ ထင်ကောင်းထင်သွားပါလိမ့်မယ်။*

*ဒါပေမယ့် ရှင့်ဆီကစာကို ရလိုက်တဲ့အခါမှာ စာအိတ်ပေါ်က ‘ဘာကင်ဟမ်နန်းတော်’ဆိုတဲ့ စာကြောင်းလေးတစ်ကြောင်း တွေ့လိုက်ရုံနဲ့ ကျွန်မ ရင်ခုန်ခဲ့ရပါတယ်။*

*ဘက်တီဒေးဗစ္စ*

လို့ ရေးခဲ့ပါတယ်။

❑

နိုင်ငံခြားခေါင်းဆောင်များ လာရောက်လည်ပတ်ရင် ဘုရင်မကြီးရဲ့ ဘာကင်ဟမ်နန်းတော်မှာ ဧည့်ခံတဲ့ ပုံစံက ကျွန်တော်တို့ ချက်ပဲလ်လမ်းက အိမ်မှာ ဧည့်ခံတာနဲ့ မခြားလှပါဘူး။ ကျွန်တော်တို့အိမ်ကို ဧည့်ကောင်းစောင်ကောင်း လာတယ်ဆိုရင် အိမ်မှာရှိသမျှ အကောင်းဆုံး ကြွေထည်ပစ္စည်းတွေနဲ့ချပြီး ကျွေးမွေးသလို ဘာကင်ဟမ်နန်းတော်မှာလည်း ရှိသမျှငွေထည်များကို ထုတ်သုံးလေ့ ရှိပါတယ်။ ငွေမီးဆိုင်းများ အပါအဝင် ဆားနဲ့ငရုတ်ကောင်း ထည့်တဲ့ ဘူးများကအစ ငွေထည်ပစ္စည်းများချည်းပါပဲ။ တချို့ပစ္စည်းများဆိုရင် လူနှစ်ယောက်လောက် မ,ရတဲ့ အသုံးအဆောင်တွေလည်း ပါပါတယ်။ တချို့ပစ္စည်းတွေကတော့ ရွှေသားအစစ်နဲ့ လုပ်ထားပြီး တတိယမြောက် ဂျော့ဘုရင်လက်ထက်ကတည်းက သုံးစွဲခဲ့တဲ့ ရွှေထည်ပစ္စည်းတွေ ဖြစ်ပါတယ်။ ဘာကင်ဟမ်နန်းတော်ရဲ့ ကပွဲခန်းမဆောင်မှာရှိတဲ့ မြင်းခွာပုံသဏ္ဌာန် စားပွဲကြီးက ဧည့်သည် ၁၆၀ ကို တစ်ပြိုင်တည်း ဧည့်ခံနိုင်ပါတယ်။ စားပွဲကြီးက ပေ ၁၂၀ ရှည်ပြီး ဖျက် ၁၀ ပေ အကျယ်ရှိတဲ့အတွက် ပင်ဆာ

www.burmeseclassic.com

www.burmeseclassic.com



နန်းတော်မှာရှိတဲ့ စားပွဲထက် အများကြီး ကြီးပါတယ်။ ဒီစားပွဲကြီးကို အရောင်တင်တော့မယ်ဆိုရင် ဝန်ထမ်းများအနေနဲ့ ခြေထောက်မှာ အဝတ်သန့်သန့်များ စည်းနှောင်ပြီးမှ စားပွဲပေါ်ကိုတက်ပြီး အရောင်တင်ရတာပါ။ အရောင်တင်ပြီးလို့ စားပွဲပေါ်မှာတင်မယ့် ဖယောင်းတိုင်စိုက် ငွေထည်ပစ္စည်းများနဲ့ ပန်းအလှဆင်အိုးများ နေရာချထားမယ်ဆိုရင်လည်း အဲဒီလိုပဲ ခြေထောက်မှာ အဝတ်များ စည်းပြီးမှသာ တက်ကြရပါတယ်။ ဧည့်သည်တော်များကို ဧည့်ခံဖို့ စားပွဲပြင်ဆင်ရတယ်ဆိုတာကလည်း မလွယ်လှတဲ့ အလုပ်ပါ။ အစစအရာရာမှာ တိကျဖို့ လိုပါတယ်။ ပေတံနဲ့တိုင်းပြီး လုပ်ဆောင်ကြရပါတယ်။ ကုလားထိုင်များကိုလည်း စနစ်တကျ တစ်လုံးနဲ့ တစ်လုံး အကွာအဝေးတူညီစွာ ချထားကြရပါတယ်။ အားလုံး လုပ်ဆောင်ပြီးလို့ရှိရင် အိမ်တော်ဝန်က လာရောက် စစ်ဆေးသေးတာပါ။

ညစာ တည်ခင်းဧည့်ခံတယ်ဆိုတာက လာရောက်လည်ပတ်တဲ့ နိုင်ငံ့ ခေါင်းဆောင်များကို အထင်တကြီးဖြစ်သွားအောင် လုပ်ဆောင်တဲ့ လုပ်ငန်းတစ်ခုလည်း ဖြစ်တယ်လို့ ကျွန်တော် မြင်ပါတယ်။ စားပွဲထိုးများဟာ လမ်းပေါ်က မော်တော်ယာဉ်များလို မီးအရောင်နဲ့ အချက်ပြတာကိုကြည့်ပြီး လုပ်ဆောင်လှုပ်ရှားကြရပါတယ်။ အိမ်တော် အမှုထမ်းတစ်ဦးက ဧည့်ခံပွဲတစ်ခုလုံးကို စီးမြင်နိုင်မယ့် နေရာက နေပြီးတော့ နောက်ကွယ်မှာရှိတဲ့ မီးဖိုဆောင်ကို မီးအရောင်နဲ့ အချက်ပေးနိုင်းစေတာပါ။ ဒါကြောင့် မီးဖိုဆောင်အတွင်းမှာရှိကြတဲ့ ဝန်ထမ်းများက သူ အချက်ပြမယ့် မီးကိုစောင့်ဆိုင်းပြီး အဆင်သင့်ရှိကြရပါတယ်။ ပယင်းရောင် မီး အချက်ပြထားရင် 'အဆင်သင့်'လို့ ဆိုလိုတာဖြစ်ပြီး မီးစိမ်းပြရင်တော့ 'ထွက်'လို့ အဓိပ္ပာယ်ရပါတယ်။ မီးစိမ်းပြလိုက်တာနဲ့တစ်ပြိုင်နက် စားပွဲထိုးများက ဧည့်ခန်းဆောင်အတွင်းကို ထောင့်အသီးသီးကနေ တန်းစီထွက်လာတာကိုက ညီညာဖျဖျ ရှိကြတဲ့အတွက် ယိမ်းကနေသလိုပါပဲ။ ရှေ့မှာ အဲဒီလို မြင်ကွင်းလှနေပေမယ့် နောက်ကွယ်မှာတော့ နောက်ထပ် ဟင်းလျာတစ်မျိုးချနိုင်ဖို့ အဆင်သင့်ဖြစ်အောင် ပြင်ဆင်ကြရသူတွေက ချွေးတလုံးလုံးနဲ့ပါပဲ။

ငယ်ဘဝတုန်းက ကျွန်တော့်မိခင်ဖြစ်သူက ထမင်းစားပွဲမှာ ထိုင်နေသူ အားလုံးအတွက် စားသောက်ဖို့ အဆင်သင့် မဖြစ်မချင်း ကိုယ်က စပြီး မစားရဘူးလို့ သွန်သင်ဆုံးမခဲ့ဖူးပါတယ်။ ဒါပေမယ့် တော်ဝင်အသိုက်အဝန်းမှာတော့ ဒီယဉ်ကျေးမှုဟာ ဆန့်ကျင်ဘက်ပါပဲ။ ဘုရင်မကြီး စားဖို့ အဆင်သင့်ဖြစ်တာနဲ့ တစ်ပြိုင်နက် သူက စားတော့တာပဲ။ တခြားလူတွေအတွက် အဆင်သင့် ဖြစ်တာ မဖြစ်တာ ပြဿနာ မဟုတ်ပါဘူး။ သူတို့အယူအဆမှာတော့ ထမင်းဟင်း ပူပူနွေးနွေးအချိန်မှာ



မစားဘဲနေရင် ရိုင်းရာရောက်ပါသတဲ့။ ဗိတိုရိယဘုရင်မကြီးလက်ထက်တုန်းက ဆိုရင် ဘုရင်မကြီး စားသောက်ပြီးတာနဲ့ တစ်ပြိုင်နက် သူ စားပြီးသား ပန်းကန်ကို စားပွဲထိုးများက ကောက်သိမ်းရပါတယ်။ သူ့ပန်းကန်ကို သိမ်းသလို တခြားသူများရဲ့ ပန်းကန်များကိုလည်း တစ်ပြိုင်တည်း သိမ်းရပါတယ်။ တခြားသူတွေ စားပြီးခြင်း မပြီးခြင်းက စဉ်းစားစရာမလိုတဲ့ အချက်တစ်ခုပါတဲ့။ ဒီနေ့ခေတ်မှာတော့ စားပြီးသူများက ဇွန်းနဲ့ခက်ရင်းကို ပန်းကန်ပေါ်မှာ တင်လိုက်ခြင်းအားဖြင့် စားပြီးပြီလို့ အဓိပ္ပာယ်သက်ရောက်တဲ့အတွက် အဲဒီတော့မှသာ သိမ်းဆည်းကြပါတယ်။

တစ်ခါတုန်းကတော့ ညစာစားပွဲတစ်ခုမှာ မြေတွေပြိုကွဲပြီး ကျွန်တော့်ကို မျိုသွားပါစေတော့ရယ်လို့ ဆုတောင်းမိတဲ့အထိ ဖြစ်ခဲ့ရတဲ့ အဖြစ်တစ်ခု ကျွန်တော် ကြုံခဲ့ရဖူးပါတယ်။ ဘုရင်မကြီး ပြည်ပခရီးထွက်မယ်ဆိုရင် အစစအရာရာ ပြည့်စုံအောင် ဖန်တီးကြရပါတယ်။ ၁၉၇၉ ခုနှစ်မှာ ဘုရင်မကြီး ပင်လယ်ကွေ့ဒေသသို့ ခရီးထွက်ရာမှာ ကျွန်တော်လည်း ပထမဆုံးအကြိမ်အဖြစ် လိုက်ပါအမှုထမ်းခွင့် ရခဲ့ပါတယ်။ ထွက်ခွာမယ့်နေ့ မနက်မှာ သူနဲ့အတူလိုက်ပါရမယ့် မင်းမှုထမ်းများကို လမ်းခရီးသာယာချောမွေ့စေကြောင်း ဆုတောင်းတဲ့အနေနဲ့ ရှန့်ပိန်အရက် တိုက်လေ့ရှိပါတယ်။ ဒီတာဝန်ကို သူ ယုံကြည်စိတ်ချရသူ မာဂရက်မက်ဒေါနယ်လ်ဆိုတဲ့ အမျိုးသမီးကြီးက တာဝန်ယူလုပ်ဆောင်ပေးတာပါ။ ဒီအမျိုးသမီးကြီးက စည်းကမ်းကြီးတဲ့နေရာမှာ နာမည်ကြီးလှပါတယ်။ ပိန်ပိန်သွယ်သွယ်နဲ့ မျက်မှန်အဝိုင်းဝတ်ဆင်ထားပြီး ကုလားထိုင်ပေါ်မှာ ထိုင်တာကအစ စနစ်တကျ ရှိတာပါ။ ဝတ်ထားတဲ့အဝတ်ကလည်း ဘုရင်မကြီးရဲ့ ဝတ်လဲတော်များကို ဒီဇိုင်းထုတ်ပေးတဲ့ ဆာနော်မန်ဟာတ်နဲလ် ကိုယ်တိုင် သူ့အတွက် ပုံစံထုတ်ပေးထားတာဖြစ်ပြီး လည်ပင်းမှာလည်း ဘုရင်မကြီး ဆုတော်လာဘ်တော်အဖြစ် ချီးမြှင့်ထားတဲ့ ပုလဲသုံးဆင့် လည်ဆွဲ ဝတ်ဆင်ထားတဲ့အပြင် ပုလဲရင်ထိုးကိုလည်း ဂုဏ်ယူစွာ ဝတ်ဆင်ထားပါတယ်။ မာဂရက်ဟာ အမျိုးသမီး မင်းမှုထမ်းများထဲမှာ ချမ်းသာကြွယ်ဝသူတစ်ဦးပါ။ သူ့ကို ဘုရင်မကြီးနဲ့ ညီမတော် မာဂရက်မင်းသမီးတို့က ချစ်မြတ်နိုးစွာနဲ့ 'ဘိုဘို'လို့ ခေါ်လေ့ရှိပါတယ်။ မာဂရက် ငယ်စဉ်ကတည်းက နန်းတွင်းကို ရောက်ရှိပြီး အပျိုတော်အဖြစ် ခစားခဲ့တာလို့ သိရပါတယ်။ ဒါကြောင့် အိမ်တော်ဝန်ထမ်းများအတွက် မာဂရက်ဟာ ဘုရင်မကြီးနဲ့မခြား ကြောက်ရွံ့ရိုသေရသူတစ်ဦးဖြစ်ပြီး သူ စိတ်ငြိုငြင်အောင် ဘယ်သူမှ မလုပ်ရဲကြပါဘူး။

ဘာကင်ဟမ်နန်းတော်ကနေ ထွက်ကြတော့မယ်ဆိုတော့ မာဂရက်က သယ်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရမယ့် ပစ္စည်းတွေကို သူ့ထုံးစံအတိုင်း နောက်တစ်ကြိမ် ထပ်ပြီး စစ်ဆေးပါတယ်။ ဝတ်ဆင်မယ့် ဝတ်လဲတော်တွေ၊ ရတနာတွေ ပါမပါ စစ်ဆေးခြင်းပါပဲ။ ကျွန်တော်က ဘုရင်မကြီးရဲ့ ဝတ်လဲတော်များထည့်မယ့် သားရေသေတ္တာများကို အညိုရောင်ပြောင်လက်လာအောင် အရောင်တင်ပေးရပါတယ်။ ကြေးပြားတံဆိပ်များကိုလည်း ရွှေရောင်တလက်လက် တောက်ပလာအောင် ကြေးချွတ်ဆေးနဲ့ တိုက်ချွတ်ရပါတယ်။ သေတ္တာအားလုံးကို လိမ္မော်ရောင်တံဆိပ်များ ကပ်ရပြန်ပါတယ်။ အဲဒီတံဆိပ်များကတော့ 'ဘုရင်မကြီး' ဆိုတဲ့ အမှတ်အသားများပါပဲ။ မာဂရက်က ကျွန်တော် သားရေသေတ္တာများကို တိုက်ချွတ်တာနဲ့ ပတ်သက်ပြီး တော်တယ်လို့ ချီးမွမ်းခဲ့ဖူးပြီး ဘုရင်မကြီးရဲ့ စီးတော်ဖိနပ်များကိုလည်း တိုက်ချွတ်စေခဲ့ပါတယ်။ မာဂရက်က ကျွန်တော်တို့ မင်းမှုထမ်းများအပေါ်မှာ တင်းမာပေမယ့် သူ့ဘဝကိုတော့ သူ ဘယ်တော့မှ မမေ့ပါဘူး။ သူက စကော့တလန်ကနေ ရောက်ရှိလာတာဖြစ်ပြီး နန်းတွင်းကို ရောက်ခါစမှာ အိမ်ကို လွမ်းတဲ့အတွက် နေ့စဉ်ရက်ဆက် ငိုနေခဲ့ဖူးတယ်လို့ ကြားဖူးပါတယ်။

ပင်လယ်ကွေ့ဒေသသို့ ခရီးထွက်ခါနီးမှာ သူ့ထုံးစံအတိုင်း မာဂရက်က စစ်ဆေးနေချိန်မှာ ကျွန်တော်တို့ကတော့ ပြည်ပခရီးထွက်ရတော့မှာမို့ အပျော်ကြီး ပျော်နေကြပါပြီ။ သောက်ထားတဲ့ ရှန်ပိန်ကြောင့်လည်း ဖြစ်ပါလိမ့်မယ်။ ဟီးသရိုးလေဆိပ်ကို မော်တော်ယာဉ်တန်းကြီးနဲ့ ထွက်ခွာလာခဲ့ကြပါတယ်။ အဲဒီအချိန်မှာ ဘုရင်မကြီးရဲ့ ဝတ်လဲတော်များကို တာဝန်ယူရတဲ့ လက်ထောက်ဝန်ထမ်း ပက်ဂီက သူ့သူငယ်ချင်း မေပရန်းတစ်ဘက်ကို လှည့်ပြီး အလန့်တကြား ပြောလိုက်ပါတယ်။ 'ဘုရင်မကြီးရဲ့ ဝတ်လဲတော်တစ်စုံ ကျန်ရစ်ခဲ့ပြီ' တဲ့။

သူ ပြောလိုက်ချိန်မှာ ကျွန်တော်က ကားရှေ့ယာဉ်မောင်းနံဘေးမှာ ထိုင်ရင်းက ကြားလိုက်တာဖြစ်လို့ နောက်ကို ကမန်းကတန်း လှည့်ကြည့်လိုက်ပါတယ်။ အမျိုးသမီးနှစ်ယောက်စလုံးရဲ့ မျက်နှာများမှာ သွေးမရှိတော့ပါဘူး။ နောက် မိနစ်သုံးဆယ်အတွင်း ဘုရင်မကြီး ကွန်းကော့ဒ်လေယာဉ်ကြီးပေါ်ကို တက်တော့မယ် ဆိုတာလည်း ကျွန်တော်တို့အားလုံး သိထားကြတဲ့အတွက် ကျန်ရစ်တဲ့ ဝတ်စုံနဲ့ပတ်သက်ပြီး ဘယ်လိုလုပ်ရမယ်ဆိုတာ မတွေးဝံ့အောင် ဖြစ်သွားကြပါတယ်။ အဲဒီနေ့က ချမ်းအေးနေဆဲ ဖေဖော်ဝါရီလရဲ့ နံနက်ခင်း ဖြစ်တာကြောင့် ဘုရင်မကြီးက ဘာကင်ဟမ်နန်းတော်ကအထွက်မှာ သားမွေးဝတ်စုံများနဲ့ ကုတ်ထူထူကြီးကို ဝတ်ဆင်လာခဲ့ပါတယ်။ ကျန်ရစ်တဲ့ဝတ်စုံဆိုတာက အာရေးဗျစတိုင်လ် အထူးချုပ်ထားတဲ့ ဝတ်စုံဖြစ်ပြီး ကူဝိတ်နိုင်ငံကို ရောက်ချိန်မှာ ဝတ်ဆင်ဖို့အတွက် အထူးတလည်



ဒီဇိုင်းထုတ် ချုပ်လုပ်ထားတာလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့သုံးယောက်ရဲ့ အပူမီးကို ယာဉ်မောင်းသမားများကလည်း မျှဝေခံစားပေးပါတယ်။ နံဘေးမှာပါလာတဲ့ ဆိုက်ကယ်စီး ရဲတစ်ဦးကို သူက ဆက်သွယ်လိုက်ပြီး ဘာကင်ဟမ်နန်းတော်က နောက်ဆုံးထွက်လာမယ့် မော်တော်ယာဉ်နဲ့ ကျန်ရစ်ခဲ့တဲ့ဝတ်စုံကို သယ်ဆောင်လာပေးဖို့ အကူအညီ တောင်းခံပေးခဲ့ပါတယ်။ အဲဒီကားကလည်း ရဲအစောင့်အရှောက်နဲ့ လာရမှာပါ။

ဟီးသရိုးလေဆိပ်ကို ရောက်ချိန်မှာ အထူးဧည့်သည်တော်များ နားနေဆောင်မှာ ဘုရင်မကြီးကို သာမန်အချိန်ထက် ပိုပြီး နားနေအောင် ဖန်တီးကြရပါတယ်။ ကွန်းကော့ဒ်လေယာဉ်ကြီးလည်း သူ့မူလ ထွက်ခွာရမယ့်အချိန်ကို ကျော်လွန်သွားပြီပေါ့။ ဒီခရီးက ကျွန်တော့်အတွက် ပထမဆုံးအကြိမ် ပြည်ပခရီး ဖြစ်တာကြောင့် အစစအရာရာ ချောမွေ့စေချင်ပါတယ်ဆိုကာမှ အထစ်အငေါ့ ဖြစ်နေရလို့ ကျွန်တော့်မှာ စိတ်ထင့်ရပါသေးတယ်။ ဝတ်စုံရောက် မလာမချင်း ဘုရင်မကြီးကို ဧည့်ခန်းဆောင်မှာပဲ တွေရာလေးပါး ပြောကြရင်း အချိန်ဆွဲကြရတာပေါ့။ နောက်ဆုံး လေယာဉ်ပေါ်တက်တော့မယ့်အချိန် ထုံးတမ်းစဉ်လာအတိုင်း လော့ဒ်ချိန်ဘာလိန်က လေယာဉ်ပေါ်အထိ လိုက်ပို့ချိန်မှာတော့ ဘုရင်မကြီးက ကျွန်တော်တို့ ဘာဖြစ်သွားတယ်ဆိုတာ သိသွားပုံနဲ့ ပြုံးနေခဲ့ပါတယ်။ လော့ဒ်ချိန်ဘာလိန်က ဘုရင်မကြီး ပြည်ပခရီးသွားရင် နောက်ဆုံး ပို့ဆောင်နှုတ်ဆက်သူ ဖြစ်သလို ပြည်ပခရီးက ပြန်လာရင်လည်း အရင်ဆုံး ဆီးကြိုနှုတ်ဆက်ရသူ ဖြစ်ပါတယ်။

ဒီတစ်ကြိမ်ဟာ ကွန်းကော့ဒ်လေယာဉ်ကြီးကို ဘုရင်မကြီး ပထမဆုံးအကြိမ် စီးနင်းလိုက်ပါတာဖြစ်သလို ကျွန်တော့်အတွက်လည်း ပြည်ပခရီးသွားရတာ အပျော်ဆုံးခရီး ဖြစ်ခဲ့ပါတယ်။ လေယာဉ်ပေါ်မှာ ကျွန်တော်က အီဒင်ဘာ မြို့စားကြီးရဲ့ မင်းမှုထမ်းတစ်ဦးဖြစ်တဲ့ ဘယ်ရီလပ်ဗဲလ်နှင့် အတူထိုင်ပြီး လိုက်ပါလာခဲ့ပါတယ်။ ကျွန်တော်တို့ စီးနင်းလိုက်ပါလာတဲ့ ကွန်းကော့ဒ်လေယာဉ်ကြီးဟာ ဘုရင်မ လေယာဉ်တစ်စီးတည်းသာ ပျံသန်းခွင့်ရှိတဲ့ ခရမ်းရောင်လွှင်ပြင် လေပိုင်နက်မှာ ပျံသန်းလာခဲ့ပါတယ်။ ပုံမှန်အားဖြင့် ဘုရင်မကြီးရဲ့ ခရီးစဉ်များမှာသုံးတဲ့ လေယာဉ်များက ဗြိတိသျှလေကြောင်းမှ ပိုင်ဆိုင်တဲ့ Tri Star လေယာဉ်များဖြစ်ပြီး ဘုရင်မ ခရီးသွားမယ်ဆိုရင် လေယာဉ်ရဲ့ပထမတန်းနေရာကို ပြန်လည်ပြင်ဆင် မွမ်းမံကြရပါတယ်။ ကောဇောအသစ်ခင်းခြင်း၊ ထမင်းစား စားပွဲ၊ ဆိုဖာ၊ ကုလားထိုင်နှင့် အိပ်ရာများ ထည့်သွင်းပေးခြင်းတို့ကို လုပ်ဆောင်ကြရပါတယ်။ သာမန်ခရီးသည်များ လိုက်ပါလေ့ရှိတဲ့နေရာမှာ ဝန်ထမ်းများအတွက် ထိုင်ခုံအချို့ကို ဖြုတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျယ်ကျယ်လွင့်လွင့် ရှိအောင် ဖန်တီးပေးတတ်ပါတယ်။

ကူဝိတ်နိုင်ငံကိုရောက်တဲ့အခါ နိုင်ငံတော်အကြီးအကဲနဲ့ တွေ့ဆုံနှုတ်ဆက်ပြီးတဲ့နောက် ဘုရင်မကြီးက အဲဒီနိုင်ငံကမ်းခြေမှာ ဆိုက်ကပ်ထားတဲ့ သူပိုင် ဘရစ်တားနီးယား ဇိမ်ခံသင်္ဘောကြီးပေါ်မှာ ကူဝိတ်အာဏာပိုင်များကို ညှိခံပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် လက်ဆောင်ပဏ္ဏာများ ပေးကြရာမှာ ပါရှန်းကောဇောတွေ၊ နီလာ၊ စိန်များနဲ့ ပြုလုပ်ထားတဲ့ လက်ဝတ်ရတနာတွေ၊ ရွှေသားနဲ့ ပြုလုပ်ထားတဲ့ လင်းယုန်ငှက်ပုံ ရေကရားတွေလည်း ပါဝင်ပါတယ်။

နောက်ပိုင်းနှစ်တွေမှာတော့ ဘုရင်မနဲ့အတူ ပါလာတဲ့ ဝန်ထမ်းတွေကိုလည်း နိုင်ငံအကြီးအကဲများက လက်ဆောင်တွေပေးကြပါတယ်။ ဂျော်ဒန်နိုင်ငံကို ဘုရင်မကြီးနဲ့အတူ ကျွန်တော်လိုက်ပါသွားရစဉ်က ရွှေသားနဲ့ ပြုလုပ်ထားတဲ့ အိုမီဂါနာရီ ကျွန်တော် လက်ဆောင်ရခဲ့ပါတယ်။ နာရီရဲ့အဖုံးမှာ ဘုရင်ကိုယ်တိုင် တံဆိပ်ခတ် နှိပ်ပေးထားပါတယ်။ မာလာဝီနိုင်ငံမှာတော့ သူကောင်းပြုတဲ့အနေနဲ့ ခြင်္သေ့တံဆိပ် ဆုချီးမြှင့်ခြင်းခံခဲ့ရပြီး ဆွီဒင်နိုင်ငံ ဘုရင်မင်းမြတ်ကတော့ ငွေထည်ပစ္စည်းတစ်ခု ဆုချခဲ့ပါတယ်။

ကူဝိတ်နိုင်ငံရောက်တော့မှပဲ ကျွန်တော်လည်း ဘရစ်တားနီးယား သင်္ဘောပေါ်ကို ရောက်ခဲ့ဖူးတာပါ။ ဒီသင်္ဘောကြီးဟာ ရေထဲမှာချထားတဲ့ ဘုရင်မရဲ့ နန်းတော်လိုပါပဲ။ အဆောင်ဆောင် အခန်းခန်းနဲ့ ခမ်းနားထည်ဝါပါတယ်။ သင်္ဘောရဲ့ဦးပိုင်းမှာ အလံတိုင်ငါးခု စိုက်ထူထားပြီး နိုင်ငံတော်အလံများ တလွင့်လွင့် ရှိနေပုံမှာလည်း ဂုဏ်ယူဝင့်ကြွားစရာပါ။ ဒီသင်္ဘောပေါ်ကို ဘယ်နှကြိမ်ပဲ ရောက်ရောက် ကျွန်တော့်စိတ်ထဲမှာ ဘာကင်ဟမ်နန်းတော်ထဲ ရောက်နေသလို ထင်မိတဲ့အတွက် သင်္ဘောပေါ်မှာ ဖြစ်တယ်ဆိုတာကို တော်တော်သတိထားရပါတယ်။ ဒီသင်္ဘောကြီးနဲ့ ဘုရင်မကြီးအပါအဝင် ကျွန်တော်တို့အားလုံး ဘာရိန်းနိုင်ငံကို ထွက်ခွာခဲ့ကြတဲ့အတွက် သင်္ဘောကုန်းပတ်ပေါ်မှာ ကျွန်တော်တို့တစ်တွေ နေစာလှုံခွင့်ရခဲ့ကြပါတယ်။

လှိုင်းလုံးကြီးတွေကို ထိုးဖြတ်ခွဲထွက်သွားတဲ့ ဘရစ်တားနီးယား သင်္ဘောကြီးပေါ်မှာ ရှိစဉ်ကာလအတွင်း ဘုရင်မကြီးဟာ တော်တော်ကို စိတ်အေးချမ်းသာရှိနေပုံရပါတယ်။ ဘာရိန်းနိုင်ငံကမ်းကို ကပ်ထားပြီး ရှိစဉ်တစ်နေ့မှာတော့ ကျွန်တော့်အတွက် တစ်သက်နဲ့တစ်ကိုယ် စိတ်လှုပ်ရှားစရာအကောင်းဆုံး ဖြစ်ရပ်တစ်ခုနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ အဲဒီအဖြစ်ကတော့ ဆိပ်ကမ်းမှာ ရပ်ထားတဲ့ ကားဆီကို ဘရစ်တားနီးယား သင်္ဘောကနေဆင်းလာတဲ့ ဘုရင်မကြီး ခြေချော်လက်ချော် ဖြစ်သွားခြင်းပါပဲ။



စိမ်းပြာရောင် ညနေခင်းဝတ်စုံ ဝတ်ဆင်ပြီး ကုန်းပတ်ကနေ ဘုရင်မကြီး ဆင်းလာတော့ ကျွန်တော်က သူ့ကားနားမှာ အဆင်သင့်ရပ်ပြီး စောင့်နေပါတယ်။ ကျွန်တော် ကြည့်နေတုန်းမှာပဲ သူ့ဖိနပ်နဲ့ ခင်းထားတဲ့ ကော်ဇောနီတို့ ငြိပြီး ဟန်ချက်ပျက်သွားပါလေရော။ ကျွန်တော့်စိတ်ထဲမှာတော့ ဘုရင်မကြီး မိုင်းခနဲ ပစ်လဲတော့မှာပဲလို့ အောက်မေ့လိုက်မိပါတယ်။ ဒါပေမယ့် အချိန်မီပဲ သူ့ကိုယ်သူ ပြန်ထိန်းလိုက်နိုင်ပြီး ဘေးမှာရှိတဲ့ လက်ရမ်းများကို ဆွဲကိုင်နိုင်လိုက်ပါတယ်။ ဒါကြောင့် လဲကျမသွားခဲ့ပါဘူး။ သူ့ပါးစပ်ကတော့ 'ကယ်ကြပါဦး' လို့ အသံတော်တော်ကျယ်ကျယ် ထွက်သွားခဲ့ပါတယ်။ ဆွတ်ဆွတ်ဖြူတဲ့ သူ့လက်အိတ်များတော့ ပေကျံသွားတဲ့အတွက် ကားပေါ်ရောက်ချိန်မှာ အဆင်သင့်ပါလာတဲ့ သူ့လက်ဆွဲအိတ်ထဲက လက်အိတ်တစ်စုံကို ထုတ်ပြီး ပြန်လဲလိုက်ပါတယ်။

ဟန်ချက်ပျက်သွားချိန်မှာ ပြန်ထိန်းနိုင်တာကတော့ ဘုရင်မကြီးက ကျွန်တော့်ထက် သာတယ်လို့ ပြောရပါလိမ့်မယ်။ ကျွန်တော် ပထမဆုံးအကြိမ် ခွေးကလေးများနဲ့ ဘာကင်ဟမ်နန်းတော်ရဲ့ လှေကားထစ်များကနေ တလိမ့်ခေါက်ကွေး ကျသွားဖူးသလို ကန်တာကီမှာလည်း တစ်ကြိမ်လဲကျခဲ့ဖူးပါတယ်။ အဲဒီအကြိမ်တုန်းကလည်း ဘုရင်မကြီးက ပထမအကြိမ်တုန်းကလိုပဲ 'နေသာရဲ့လား ပေါလ်' လို့ မေးတော်မူခဲ့တာပါပဲ။

ဘုရင်မကြီးက မြင်းမွေးမြူရတာကို ဝါသနာပါပါတယ်။ ဒါကြောင့် သူ့မြင်းများကို တာဝန်ယူမွေးမြူပေးထားတဲ့ ဝီလ်ဖားရစ်ရှ်ရဲ့ခြံကို တစ်ကြိမ်မှာ ကျွန်တော်တို့ ရောက်ခဲ့ကြပါတယ်။ (ဝီလ်က နောင်မှာ အမေရိကန်နိုင်ငံမှာ တာဝန်ထမ်းဆောင်ရတဲ့ အင်္ဂလိပ်သံအမတ်ကြီး ဖြစ်လာခဲ့ပါတယ်။) သူ့ခြံက လယ်ဇင်တန်မြို့ပြင်မှာ ရှိပါတယ်။ ကျွန်တော့်ခါးက ဆာဒရင်ဟမ်မှာ လဲကျပြီးကတည်းက ကောင်းကောင်း မကောင်းတော့ပါဘူး။ ကုသမှု အမြဲတမ်း ခံယူနေရတာပါ။ ကင်တာကီကို ရောက်ပြီးတဲ့နောက်မှာ ခါးက ပြန်နာလာတယ်။ နောက် ခြောက်ရက်လုံးလုံး ခါးဆက်တိုက်နာလာခဲ့ပါတယ်။ ဘုရင်မကြီးရဲ့ ဖိနပ်ချွတ်ပေးဖို့ ခါးကုန်းရင်တောင် မခံနိုင်လောက်အောင် နာလာတာပါ။ ဒါပေမယ့် မကြာခင် အိမ်ပြန်ကြရတော့မှာဖြစ်လို့ ကျွန်တော် ကြိတ်မှိတ်ခံနေခဲ့ပါသေးတယ်။ အဲဒီမှာ ပြဿနာတက်တော့တာပါပဲ။

အဲဒီနေ့ ညနေက ဘုရင်မကြီး ညစာစားတော့မယ့်အချိန်ပါ။ ကျွန်တော်က ညစာစားမယ့်အခန်းကို အပေါ်ထပ်လှေကားကနေ ဆင်းလာခဲ့ပါတယ်။ ရုတ်တရက် ကျွန်တော့်ဘယ်ဘက် ခြေထောက်ကနေ ထိုးပြီး နာကျင်မှု ဝေဒနာခံစားလိုက်ရာက

www.burmeseclassic.com



အောက်မှာရှိတဲ့ လေ့ကား ၁၂ ထစ်ကို မနင်းနိုင်တော့ဘဲ တောက်လျှောက် လိမ့်ကျသွားပါလေရော။ ငယ်သံပါအောင် အော်လိုက်မိတယ်။ ဒါပေမယ့် ကျွန်တော့်အောက်ပိုင်းတစ်ပိုင်းလုံး လှုပ်လို့မရဘူးဆိုတာ သိလိုက်ချိန်မှာတော့ ကျွန်တော်အသံမထွက်နိုင်တော့ပါဘူး။ ဘုရင်မကြီးနဲ့အတူ ဧည့်သည်တွေအားလုံး ပြေးလာကြပြီး ကျွန်တော့်ကို ကြည့်ကြပါတယ်။ သူတို့အားလုံးလည်း ဘာလုပ်ပေးရမှန်း မသိကြပါဘူး။ နောက်မှ တစ်စုံတစ်ယောက်က သတိရပြီး ၉၁၁ ကို တယ်လီဖုန်းဆက်ကာ အရေးပေါ် ခေါ်လိုက်ကြပါတယ်။ ဝီလ်ရဲ့ မိသားစုဆရာဝန်လည်း ရောက်လာခဲ့ပါတယ်။ ဘုရင်မကြီးရဲ့ ဝတ်လဲတော် တာဝန်ယူရတဲ့ ပက်ဂီက ကျွန်တော့်နံဘေးမှာ ဒူးထောက်ထိုင်လိုက်ပြီး သက်သာရဲ့လားလို့ မေးလာချိန်မှာ ကျွန်တော်က 'ပက်ဂီ၊ ငါ့အောက်ပိုင်းတစ်ပိုင်းလုံး လှုပ်လို့မရတော့ဘူး' လို့ ပြောမိပါတယ်။

ဘယ်သူမှ ကျွန်တော့်ကို မရွှေ့ရဲကြဘဲ သူနာပြုတင်ယာဉ် ရောက်လာတော့မှ လုပ်ဆောင်စရာရှိတာတွေကို လုပ်ဆောင်ကြပါတယ်။ ကျွန်တော့်ကို လူနာတင်ကတ်ပေါ်တင်ပြီး မလှုပ်အောင် ပတ်တီးများနဲ့စည်းနှောင်ထားကြပြီးမှ ဆေးရုံကို ခေါ်သွားခဲ့ပါတယ်။ ကျွန်တဲ့လူအားလုံးလည်း ကျွန်တော့်အတွက် စိုးရိမ်ပူပန်စွာနဲ့ ပြောဆိုဝေဖန်ပြီး ကျန်ရစ်ခဲ့ကြပါတော့တယ်။ လက်ဇင်တန်က ဆေးရုံတစ်ခုကို ကျွန်တော် ရောက်သွားခဲ့ပြီး အရေးပေါ်ခွဲစိတ်ကုသမှု ခံရပါတယ်။ ဒီဆေးရုံက တော်ဝင်မိသားစုများ ခရီးထွက်ချိန်မှာ အရေးပေါ် ကုသဖို့လိုအပ်ရင် ကုသမှုပေးဖို့ ဖွင့်ထားတဲ့ ဆေးရုံဖြစ်တဲ့အပြင် ကျွန်တော့်ကိုထားတဲ့အခန်းကလည်း တော်ဝင်မိသားစုများအတွက် သီးသန့်ထားတဲ့ အခန်းမှာပါ။

ခွဲစိတ်ခန်းက ထွက်လာပြီး လက်တွန်းလှည်းပေါ်ကနေ မျက်နှာကျက်မှ မီးများကိုကြည့်ရင်း ကျွန်တော် လိုက်ပါလာစဉ်မှာ ဘုရင်မကြီးရဲ့ မြင်းပွဲ မန်နေဂျာ လော့ဒ်ပေါ်ချက်စတာက ကျွန်တော့်ကိုငုံ့ကြည့်ရင်း 'မင်း ကံကောင်းပါတယ်။ ဘုရင်မကြီးနဲ့အဖွဲ့ကတော့ မင်းမပါဘဲ မူလခရီးစဉ်အတိုင်း ဆက်ပြီး ထွက်ခွာသွားကြလိမ့်မယ်။ ကုန်ကျစရိတ်အားလုံးကိုလည်း ဘုရင်မကြီးကပဲ ကျခံပေးလိမ့်မယ်' လို့ ဆိုပါတယ်။ အဲဒီနေ့က ချက်ချင်းခွဲစိတ်ကုသမှု မလုပ်ရင် ကျွန်တော် ဘယ်တော့မှ လမ်းလျှောက်နိုင်မှာ မဟုတ်တော့ဘူးလို့လည်း နောင်မှာ သိခွင့်ရခဲ့ပါတယ်။ သူနာပြုဆရာမကြီးကတစ်ဆင့် ကျွန်တော်ခွဲစိတ်ကုသမှု အောင်မြင်တဲ့အတွက် လမ်းပြန်လျှောက်နိုင်လိမ့်မယ်လို့လည်း သိခွင့်ရခဲ့ပါတယ်။ ကျွန်တော့်ကို ထားတဲ့ အခန်းထဲမှာတော့ ပန်းစည်းတွေ၊ သစ်သီးတွေ ပြည့်လျှံလို့ပါပဲ။ ဘုရင်မကြီးနဲ့အတူ ညစာစားပွဲ တက်ရောက်ကြတဲ့ ဧည့်သည်များက ကျွန်တော့်အတွက် ပို့ပေးခဲ့ကြ



တာပါ။ အခန်းထဲက ရုပ်မြင်သံကြားစက်ကို ကျွန်တော် လှမ်းကြည့်လိုက်တော့ ဘုရင်မကြီးရဲ့ လေယာဉ်ဟာ လယ်ဇင်တန်ကနေ ထွက်ခွာသွားပြီဖြစ်တယ်ဆိုတာကို ပြနေပါတယ်။

ခွဲစိတ်ကုသမှု ခံယူပြီး သုံးရက်ကြာတော့ ကျွန်တော် အခန်းထဲမှာ ဟိုဟိုဒီဒီ သွားနေပါပြီ။ နောက်နှစ်ပတ်အကြာမှာတော့ လေးချောင်းထောက် ကိရိယာ အကူအညီနဲ့ အပြင်ထွက်ခွင့် ရခဲ့ပါတယ်။ အခန်းထဲမှာချည်း အောင်းနေရတာ ပျင်းတာကြောင့် ဘေးခန်းကိုကူးခဲ့ပြီး မိတ်ဆက်ကြည့်ပါတယ်။ ဘေးခန်းကလူက ရွန်ရိုက်နဲ့ သူ့ဇနီး ဂျူလီတို့ဖြစ်ပြီး အသက် ၁၈ နှစ်အရွယ်ရှိ သူတို့သမီးကလေး ဘက်သ်ကို ပြုစုစောင့်ရှောက်နေကြတာလို့ သိရပါတယ်။

ဘက်သ်ကလေးက မကြာသေးခင်ကမှ ဦးနှောက်ထဲက အကျိတ်ခွဲထုတ်ခံထားရတာဖြစ်ပြီး လှုပ်ရှားမှု မပြုနိုင်သေးပါဘူး။ သူ့ဝေဒနာနဲ့ယှဉ်လိုက်ရင် ကျွန်တော့်ဝေဒနာက မပြောပလောက်တော့ပါဘူး။ သူကလေးက အသက် ၈ နှစ်အရွယ်ကတည်းက ဒီဝေဒနာကို စတင်ခံစားနေရတာဖြစ်ပြီး အခုမှ ကုသခွင့်ရခဲ့ခြင်းပါ။ မိခင်ဖြစ်တဲ့ ဂျူလီက ဘက်သ်ကို အားလူးပြုတ်ကျွေးတာ ပြီးသွားပြီးတဲ့နောက် ကျွန်တော့်ဘက်လှည့်ပြီး 'ဘက်သ်က အင်္ဂလိပ်စစ်စစ်တစ်ယောက်ရဲ့ စကားသံကို တစ်ခါမှ မကြားဖူးဘူး။ ဖြစ်နိုင်မယ်ဆိုရင် သမီးနဲ့ ခဏလောက် စကားပြောပေးပါလား' လို့ ဆိုလာပါတယ်။

နောက်ထပ် ၁၁ ရက်လုံးလုံး ကျွန်တော် ဘက်သ်နားမှာ ထိုင်ပြီး စကားတွေ ပြောဖြစ်ခဲ့ပါတယ်။ သူ ဘာမှ ပြန်မပြောနိုင်ပေမယ့် ကျွန်တော် ပြောသမျှကို နားထောင်နေတယ်ဆိုတာကိုတော့ သူ့မျက်ဝန်းများကို ကြည့်ခြင်းအားဖြင့် သိနိုင်တယ်လို့ သူ့မိခင်က ဆိုပါတယ်။ ကျွန်တော် အိမ်ပြန်ရမယ့် အချိန်ရောက်တော့ ဘက်သ်ကို နှုတ်ဆက်ခဲ့ပါတယ်။ အဲဒီကစပြီး ရွန်တို့ လင်မယားနဲ့ ကျွန်တော် အဆက်အသွယ် မပြတ်ခဲ့တော့ပါဘူး။ ကျွန်တော်တို့ လမ်းခွဲခဲ့ကြပြီး သုံးနှစ်ခွဲအကြာမှာတော့ ဘက်သ်ကလေး လူ့လောကကနေ ထွက်ခွာသွားရှာတယ်လို့ စိတ်မကောင်းဖွယ်ရာ သိရှိခဲ့ရပါတယ်။

ဘုရင်မကြီးက ကျွန်တော့် ဆေးကုသမှုနဲ့ပတ်သက်ပြီး စရိတ်အားလုံး သူ တာဝန်ယူတယ်လို့ ကတိပေးထားတဲ့အတိုင်း ကျွန်တော် တစ်ပြားတစ်ချပ်မှ မကုန်ခဲ့ပါဘူး။ လယ်ဇင်တန်ကနေ အိမ်ပြန်တဲ့ခရီးမှာလည်း ဂျက်လေယာဉ်အသစ်ကြီးစီးပြီး ပြန်ခဲ့ရတာပါ။ အဲဒီတုန်းက ဒီဂျက်လေယာဉ်ကြီးက ဘုရင်မအမှုတော် မထမ်းရသေးတဲ့အတွက် ဘုရင်မကြီးပင်လျှင် မစီးဖူးသေးတဲ့ လေယာဉ်ကြီးပါ။ ကံကောင်း

www.burmeseclassic.com

www.burmeseclassic.com



ထောက်မစွာ ကျွန်တော်က သူ့ထက်အရင် စီးခွင့်ရခဲ့ပါတယ်။

❑

ဘုရင်မကြီးနှင့်အတူ ပြည်ပနိုင်ငံများကို ကျွန်တော် ရောက်ဖူးခဲ့ရာမှာ တရုတ်ပြည်၊ ဩစတြေးလျားနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ ကာရေဘီယန်၊ ဥရောပ၊ အယ်လ်ဂျီးရီးယား၊ မော်ရိုကို စတဲ့နိုင်ငံများ ပါဝင်ပါတယ်။ ဒါပေမယ့် အဲဒီနိုင်ငံများကို သွားတာထက် အထူးခရီးစဉ်အဖြစ် သွားရတဲ့နေရာကတော့ ဝင်ဆာရဲတိုက်မှ မိုင်အနည်းငယ်သာ ကွာဝေးတဲ့ Royal Ascot ပဲ ဖြစ်ပါတယ်။ အဲဒီနေ့ရက်များဟာ နှစ်စဉ် ပြက္ခဒိန်ရက်များထဲမှာ ဘုရင်မကြီးရဲ့ အနှစ်သက်ဆုံး ကာလများလို့ ဆိုနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီနေရာကို ရောက်ပြီဆိုရင် ဘုရင်မကြီးက အားကစားလုပ်ငန်းများထဲမှာ ပျော်မွေ့နေလို့ပါပဲ။

၁၉၈၂ ခုနှစ် နွေလက အိမ်တော်ဝန်ထမ်းများအတွက် စိတ်ဝင်စားစရာ အကောင်းဆုံးကာလများ ဖြစ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဝေလမင်းသားချားလ်စ်နဲ့ မင်းသမီး ဒိုင်ယာနာတို့က မွေးဖွားလာမယ့် ပထမဦးဆုံးကလေးဟာ အဲဒီ ၄ ရက်နဲ့ တိုက်ဆိုင်မှု ရှိနိုင် မရှိနိုင်ဆိုတာကို ကျွန်တော်တို့ အိမ်တော်ဝန်ထမ်းအချင်းချင်း အလောင်းအစားပြုခဲ့ကြပါတယ်။ အဲဒါတင်မကပါဘူး၊ မင်းသမီးက မွေးဖွားလာမယ့်ကလေးဟာ ယောက်ျားကလေး ဖြစ်မလား၊ မိန်းကလေးဖြစ်မလား ဆိုတာကိုလည်း လောင်းကြသေးတာပါ။ ကံကောင်းထောက်မစွာ အဲဒီရက်အတွင်းမှာ မင်းသမီးဒိုင်ယာနာက သားဦးရတနာ ဖွားမြင်ဖို့ အရိပ်လက္ခဏာ မပြသလာတဲ့အတွက် ဘုရင်မကြီးလည်း စိတ်အေးလက်အေးနဲ့ နေခွင့်ရခဲ့ပါတယ်။ ဘုရင်မကြီးက အဲဒီပျော်ပွဲရွှင်ပွဲဖြစ်တဲ့ မြင်းပွဲကို သွားပြီဆိုရင် ဘယ်တော့မှ လက်ထဲမှာ ပိုက်ဆံယူသွားလေ့ မရှိပါဘူး။ (ဘုရားရှိခိုးကျောင်းသွားတဲ့အခါမှသာ အလှူငွေထည့်ဝင်ဖို့ ပိုက်ဆံယူလေ့ ရှိပါတယ်။) ဘုရင်မကြီးက မြင်းပွဲမှာ လောင်းကစားလုပ်တာထက် နိုင်တဲ့လူကို ဆုဖလားချီးမြှင့်ရတာ ပိုပြီးရင်ခုန်စိတ်လှုပ်ရှားပါတယ်။ အကောင်းဆုံးမြင်းတွေ ပြိုင်ကြတာကိုလည်း စိတ်ဝင်စားပါတယ်။

ကျွန်တော့်အတွက်ကတော့ ရင်ခုန်စိတ်လှုပ်ရှားစရာ အကောင်းဆုံးက အမိုးဖွင့်မြင်းရထားကို စီးပြီး Home Park ကနေ တောလမ်းကလေးအတိုင်း Golden Gates ကိုဖြတ်ပြီး နာမည်ကျော် Straight Mile တစ်လျှောက် မင်းခန်းမင်းနားနဲ့ ကြွချီခြင်းပါပဲ။ ဒီအစဉ်အလာက ၁၈၂၅ ခုနှစ်ကတည်းက ကျင့်သုံးခဲ့ကြတဲ့ အင်္ဂလန်နိုင်ငံ မင်းဧကရာဇ်တို့ရဲ့ အစဉ်အလာတစ်ခုလည်း ဖြစ်ပါတယ်။ ဘုရင်မကြီးရဲ့ လှည်းနောက်မြီးမှာ ကြက်သွေးရောင် ကတ္တီပါဝတ်စုံဝတ်ပြီး သတိအနေ



ထားနဲ့ လိုက်ပါရပါတယ်။ ကျွန်တော်တို့ရဲ့ မျက်လုံးအစုံက ဘေးဘီမကြည့်ရသလို ရှေ့တည့်တည့်ကလွဲလို့ ဘာမှစိတ်မဝင်စားရပါဘူး။ ဒါပေမယ့် ကျွန်တော်တို့နားထဲမှာတော့ ခပ်လှမ်းလှမ်းကတည်းက လက်ခုပ်ဩဘာပေးပြီး ကြိုဆိုနေကြတဲ့ လူထုပရိသတ်များရဲ့ အသံတွေကို ကြားနေရတဲ့အပြင် မြင်းကွင်းအတွင်းက တင်ခရာဝိုင်းအဖွဲ့ကလည်း ဘုရင်မကြီးရဲ့ စီးတော်ရထားကို တီးမှုတ်ကြိုဆိုနေသံအတိုင်းသား ကြားနေရပါတယ်။

စီးတော်ရထားက မြင်းကွင်းထဲကို စဝင်ပြီဆိုတာနဲ့ တစ်ပြိုင်နက် မြေအနေအထားက ပြောင်းလဲလာပါပြီ။ မြင်းကွင်းရဲ့ မြေအနေအထားက နူးညံ့ပျော့ပျောင်းပါတယ်။ မြင်းကွင်းထဲကို စဝင်ပြီဆိုတာနဲ့ တစ်ပြိုင်နက် ဘုရင်မကြီးကလည်း စီးတော်ယာဉ်ရဲ့ ပြတင်းပေါက်များကနေ သူ့ကို ဆီးကြိုနှုတ်ဆက်နေကြတဲ့ လမ်းဘေးဝဲယာက ပရိသတ်များကို လက်ပြနှုတ်ဆက်တော့တာပါပဲ။

စီးတော်ယာဉ် မြင်းကွင်းထဲကို ဝင်လာပြီဆိုတာနဲ့ တစ်ပြိုင်နက် ဘင်ခရာအဖွဲ့က 'ဘုရင်မကြီးကို ဘုရားသခင် စောင့်ရှောက်ပါစေ' ဆိုတဲ့ ဘုန်းတော်ဘွဲ့ကို စတင်တီးခတ်ပါတယ်။ အဲဒီအခါမှာ ကျွန်တော်နဲ့ ကျွန်တော့်ဘေးမှာ လိုက်ပါလာတဲ့ မင်းမှုထမ်းတစ်ဦးတို့က ခေါင်းမှာဆောင်းထားတဲ့ ဦးထုပ်ကို ညာလက်နဲ့ ချွတ်လိုက်ပြီး ဘယ်ဘက်ရင်အုံပေါ်မှာ တင်ထားရပါတယ်။ အဲဒီအချိန်မှာ ကွင်းထဲမှာရှိနှင့်တဲ့ အမျိုးသမီးများက အော်ဟစ်နှုတ်ဆက်ကြသလို အမျိုးသားများကလည်း သူတို့ဆောင်းထားတဲ့ ဦးထုပ်များကိုချွတ်ပြီး လေထဲမှာ ပစ်မြှောက်နှုတ်ဆက်မှု ပြုကြပါတယ်။ သီချင်းဆုံးချိန်နဲ့ စီးတော်ယာဉ်က ဘုရင်မကြီး မြင်းပွဲကြည့်ဖို့ သတ်မှတ်ထားတဲ့ နေရာရှေ့ကိုအရောက် အံကိုက်ဖြစ်ရပါတယ်။ လှည်းရပ်လိုက်ပြီဆိုတာနဲ့ တစ်ပြိုင်နက် ကျွန်တော်က အပြေးအလွှားဆင်းလိုက်ပြီး တံခါးဖွင့်ကာ လှည်းပေါ်က ဆင်းသက်လာမယ့် ဘုရင်မကြီးကို ကြိုဆိုရပါတယ်။

ဘုရင်မကြီး မြင်းပွဲကြည့်မယ့်နေရာကို ရောက်တာနဲ့တစ်ပြိုင်နက် သူ့လက်ထဲမှာ မြင်းပွဲကိုကြည့်ဖို့ မှန်ပြောင်းက အဆင်သင့်ရောက်နေပါပြီ။ မြင်းပွဲကြည့်တဲ့နေရာမှာတော့ ဘုရင်မကြီးက ရာဇဏ္ဍေ စောင့်ထိန်းမနေတော့ပါဘူး။ သူ နှစ်သက်တဲ့မြင်းကို လက်ခုပ်လက်ဝါးတီးပြီး အားပေးတဲ့အပြင် အားရပါးရ ရယ်မောတဲ့အခါတွေလည်း ရှိပါတယ်။ အဲဒီလို ပျော်ပျော်ပါးပါး အားပေးနေတာကို ရုပ်မြင်သံကြားအစီအစဉ်က ရိုက်ပြတာကို မြင်ကြရတဲ့ တိုင်းသူပြည်သားတွေမှာလည်း ဘုရင်မကြီးနည်းတူ ပျော်ရွှင်ကြည်နူးကြရပါတယ်။ တစ်ခါတလေမှာ မြင်းကောင်းရေလိပ်ဆိုတာလို တချို့နာမည်ကြီး မြင်းများ ပန်းတိုင်ဝင်ခါနီးမှ တစ်စုံတစ်ခုဖြစ်သွားခဲ့ရင်

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မကြီးက သူ ထိုင်နေရာကနေ ထသွားပြီး မြင်းများစုဝေးတဲ့နေရာကို ကိုယ်တိုင် ကိုယ်ကျသွားကာ ရှုံးသွားတဲ့ မြင်းများကို အားပေးနှစ်သိမ့်တတ်ပါသေးတယ်။

ဘုရင်မကြီး ပွဲကြည့်ပြီဆိုရင် လော့ဒ်ပေါ်ချက်စတာက အပါးမှာ အမြဲတမ်း ခစားပြီး လိုအပ်တာတွေကို တတွတ်တွတ် ပြောကြားရင်း ရာဇကူမြေကို ထိန်းပေးလေ့ ရှိပါတယ်။ အဲဒီအနားမှာ ကျွန်တော်ကလည်း အမြဲရှိရပါတယ်။ တတိယ မြောက် ပြိုင်ပွဲနဲ့ စတုတ္ထမြောက် ပြိုင်ပွဲကြားမှာ ဘုရင်မကြီးကို လက်ဖက်ရည် တော် ဆက်သဖို့ပါပဲ။ ဘုရင်မကြီးရဲ့ ညီမတော်ဖြစ်တဲ့ မာဂရက်မင်းသမီးကတော့ လက်ဖက်ရည် မသောက်ပါဘူး။ သူက Pimm ကို ပိုသဘောကျပါတယ်။

တစ်နှစ်လုံးအတွက် တစ်ကြိမ်သာကျင်းပတဲ့ Royal Ascot မြင်းပြိုင်ပွဲကြီး ဟာ အနှောင့်အယှက်မရှိ၊ ကျင်းပပြီးစီးသွားခဲ့ပြီးနောက် ၁၉၈၂ ခုနှစ် ဇွန်လ ၂၁ ရက်နေ့ ည ၉ နာရီကျမှ ဒိုင်ယာနာ မင်းသမီးက ပထမဦးဆုံး သားရတနာ ဝီလျံ မင်းသားကို စိန့်မေရီဆေးရုံမှာ ဖွားမြင်ခဲ့ပါတယ်။ မြေးတော် သားရတနာလေး ဖွားမြင်လာကြောင်းကို ဘာကင်ဟမ်နန်းတော် ဘုရင်မကြီးအဆောင်ကို မင်းမှုထမ်း တစ်ဦးက လျှောက်ထားလာတဲ့အတွက် ကျွန်တော်တို့အားလုံး ဘုရင်မကြီးနဲ့ ထပ်တူ ထပ်မျှ ဝမ်းသာခွင့်ရလိုက်ကြတဲ့အတွက် ရှန်ပိန်တစ်ပုလင်းဖွင့်ပြီး ပျော်ပွဲဆင်နွှဲခဲ့ကြ ပါသေးတယ်။

နန်းတွင်းမှာရှိကြတဲ့ မင်းမှုထမ်းအားလုံး မြေးတော်ကလေးကို တွေ့ချင်မြင် ချင်နေကြတဲ့အတွက် အဲဒီရက်ပိုင်းမှာ ရွှေနန်းတော်တစ်ခုလုံး ဝန်ထမ်းတွေ စုမိတိုင်း မြေးတော်ကလေးအကြောင်းကိုပဲ ပြောဖြစ်နေခဲ့ကြပါတယ်။ မြေးတော်ကလေးကို ကင်စတဲန်နန်းတော်ရဲ့ မွေးကင်းစအဆောင်မှာ ကလေးထိန်း ဘာဘာရာဘာန်းစ်ရဲ့ ပြုစုစောင့်ရှောက်မှုနဲ့ ထားရှိတယ်လို့လည်း ကျွန်တော်တို့ သိခဲ့ရပါတယ်။

ကျွန်တော် ဝီလျံမင်းသားကလေးကို ပထမဆုံးအကြိမ် တွေ့မြင်ခွင့်ရလိုက် တာကတော့ နှစ်လသားအရွယ်မှာပါပဲ။ အဲဒီနှစ် ဩဂုတ်လမှာ ဘာလ်မိုရယ်လ် စံအိမ်မှာ တွေ့ခွင့်ရလိုက်ခြင်းပါ။ ကျွန်တော် တွေ့လိုက်ရတဲ့အချိန်က မင်းသား ကလေးတစ်ပါးတည်းပါ။ ကြီးမားလှတဲ့ အပြာရောင် တွန်းလှည်းကလေးထဲမှာ ထည့်ထားပြီး မှက်၊ ခြင်၊ ယင် မသန်းရအောင်လို့ ဇာပဝါတစ်ခုနဲ့ အုပ်ထားပြီး မြက်ခင်းပြင်ပေါ်မှာ ချထားတာပါ။ သူ့ကို ထိန်းတဲ့ အမျိုးသမီးက နန်းဆောင်ရဲ့ ပြတင်း ပေါက်ကနေသာ စောင့်ကြည့်နေတာပါ။

Royal Ascot မြင်းပွဲမှာ ဘုရင်မကြီးကို ပကတိ သာမန်အရပ်သားတစ်ယောက် လို ပျော်ပျော်ပါးပါး မြင်တွေ့ခဲ့ရဖူးသလို နောက်တစ်ကြိမ် ကျွန်တော် ကြုံခဲ့ရပါ



သေးတယ်။ အဲဒါကတော့ တစ်ညနေမှာ Madame Tussaud ဖယောင်းရုပ်ပြတိုက်က နောက်ဆုံး ထုလုပ်ထားတဲ့ ဘုရင်မကြီးရဲ့ပုံတူ ဖယောင်းရုပ်လာပြတဲ့အချိန်ပါပဲ။ အဲဒီရုပ်တုက နန်းတော်မှာရှိတဲ့ တရုတ်ထမင်းစားဆောင်ထဲမှာ ဘုရင်မကြီးရှေ့စားဖို့ ထားရှိပါတယ်။ ဘုရင်မကြီးက ကျွန်တော့်ကို 'လိုက်ကြည့်ချင်သလား ပေါလ်'လို့ ခေါ်တဲ့အတွက် ကျွန်တော် လိုက်ခွင့်ရခဲ့ပါတယ်။

ဘုရင်မကြီးရဲ့ နောက်တော်ပါးမှာ ထုံးစံအတိုင်း သူ့အချစ်တော် ခွေးကလေး များက တကောက်ကောက်ပါသလို အဲဒီခွေးတွေ ထိန်းဖို့အတွက် ကျွန်တော်က လည်း နောက်တော်ပါးကနေ လိုက်ခဲ့ရပါတယ်။ အဲဒီနေ့က ကျွန်တော် ရင်ခုန်စိတ် လှုပ်ရှားမှုကို ခံစားခဲ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘုရင်မကြီးကိုယ်တိုင် သူ့ရုပ်တုကို ဘယ်သူမှမကြည့်ခင် ပထမဆုံးအကြိမ် ကြည့်မယ့်အချိန်မှာ ကျွန်တော် ကလည်း သူနဲ့အတူ ကြည့်ခွင့်ရခဲ့ခြင်းကြောင့်ပါပဲ။ တရုတ်ထမင်းစားဆောင်ခန်းမ က ဝင်လိုက်တယ်ဆိုရင်ပဲ အရှေ့တိုင်းပုံစံ ခင်းကျင်းထားတာကို တွေ့ရပါတယ်။ ခန်းမကိုပြင်ဆင်ထားတဲ့ အရောင်များက အနီ၊ ရွှေရောင်နဲ့ အစိမ်းရောင်တို့ လွှမ်းခြုံ ထားပါတယ်။ မီးလင်းဖိုရဲ့ အပေါက်ကို နဂါးနှစ်ကောင်က မြဲရုံထားပြီး နံရံမှာ ချိတ်ဆွဲထားတဲ့ တရုတ်မီးအိမ်များကိုလည်း တွေ့ရပါတယ်။ ဒီအခန်းထဲကို ရောက် သွားတဲ့အချိန်မှာ ရီဂျင့်မင်းသားလက်ထက်က ခေတ်ကာလကို ပြန်လည်ရောက်ရှိ သွားသလို ခံစားရပါတယ်။

ခန်းမထဲကို ဝင်လိုက်တယ်ဆိုရင်ပဲ ဘုရင်မကြီးနဲ့ ချွတ်စွပ်တူတဲ့ ဘုရင်မကြီးရဲ့ ပုံတူ ဖယောင်းရုပ်က ထီးထီးကြီး ရပ်တည်နေပါတယ်။ ခန်းမရဲ့မီးလုံးများကို မဖွင့်သေးခင်မှာ ဘုရင်မကြီးက နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ပြီး သူ့ရုပ်တုကို သေသေချာချာ ကြည့်ပါတယ်။ ရုပ်တုက ညနေခင်းဝတ်စုံ ဝတ်ဆင်ထားတဲ့ပုံပါ။ ခန်းမရဲ့မီးများကို ဖွင့်လိုက်တဲ့အချိန်မှာတော့ ဘုရင်မကြီးနဲ့ အမြွာညီအစ်မတို့ အတူတူရပ်နေကြသလို ခံစားလိုက်ရပါတယ်။

ပန်းပုဆရာက ဘုရင်မကြီးနဲ့ အသေးစိတ်တူအောင် ထုလုပ်ထားပါတယ်။ နှာခေါင်းနှစ်ဖက်ရဲ့ အပေါ်နားဆီက ငွေရောင်သမ်းနေတဲ့ ဆံစကအဆ တူလှပါတယ်။ ဘုရင်မကြီးကိုယ်တိုင် နှစ်သက်မှုကို အတိုင်းသား မြင်တွေ့နေရပြီး ကျွန်တော့် မျက်လုံးထဲမှာတော့ အမြွာညီအစ်မနှစ်ယောက်ကို မြင်ရသလိုပါပဲ။

ရုပ်တုရှေ့မှာ ဘုရင်မကြီးက ဆယ်မိနစ်လောက်ကို ရပ်နေတာပါ။ ပြီးတော့မှ ခေါင်းညိတ်ပြီး သဘောတူကြောင်း အရိပ်လက္ခဏာပြသပါတယ်။ ခန်းမထဲက မီးများကို သူကိုယ်တိုင် ပိတ်လိုက်ပြီးနောက် ကျွန်တော်တို့ ထွက်ခဲ့ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


ထွက်ခဲ့ကြတယ် ဆိုပေမယ့် ဒီတစ်ကြိမ်မှာ ကျွန်တော်က ရှေ့က ထွက်ခဲ့တာဖြစ်ပြီး ဘုရင်မကြီးက အမှောင်ထဲမှာ ကျန်ရစ်ခဲ့သေးတာပါ။ သူ့အပါးမှာ ခစားခဲ့သမျှ ကာလအတွင်း ဒီတစ်ကြိမ်သာလျှင် သူ့ရှေ့က ကျွန်တော် ထွက်ဖြစ်ခဲ့ခြင်းပါ။ ကျွန်တော်တို့ ကြည့်ကြပြီးတဲ့နောက် နောက်တစ်နေ့မှာပဲ ပြတိုက်သို့ အဲဒီရုပ်တု ပို့ဆောင်ခွင့်ပြုလိုက်ပြီး အများပြည်သူ ကြည့်ရှုနိုင်ဖို့ ခွင့်ပြုလိုက်တယ်လို့ သိရပါ တယ်။

ကျွန်တော့်ဘဝမှာ ဘုရင်မကြီးရဲ့ တိုက်ရိုက်ခွင့်ပြုမိန့်တစ်ခုက အရေးပါ အရာ ရောက်ခဲ့ပါတယ်။ အဲဒီအမိန့်ကတော့ ကျွန်တော်နဲ့ သူ့အပါးမှာ ခစားနေတဲ့ အပျိုတော် တစ်ဦးဖြစ်သူ မာရီယာတို့ကို ၁၉၈၄ ခုနှစ်မှာ လက်ထပ်ခွင့်ပြုခဲ့ပြီး ခစားမြဲနေရာမှာပဲ ခစားခွင့်ပြုခဲ့ခြင်း ဖြစ်ပါတယ်။ တော်ဝင်မိသားစုများအတွင်းမှာ ကျွန်တော်တို့ဇနီး မောင်နှံဟာ လက်ထပ်ခွင့်ရခဲ့တဲ့အပြင် နေရာမှာပဲ အတူတကွ ခစားခွင့်ရတဲ့ ပထမ ဆုံးသောအတွဲ ဖြစ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်ရာပေါင်းများစွာကတည်းက မင်းမှုထမ်း များဟာ အချင်းချင်း အိမ်ထောင်ဖက်ပြီးလျှင် အတူတကွ အမှုထမ်းခွင့် မပြုခဲ့ပါဘူး။ ဒါဟာ တော်ဝင်မိသားစုများရဲ့ အိမ်တော်များမှာ ကျင့်သုံးရတဲ့ အစဉ်အလာတစ်ခု လည်း ဖြစ်ပါတယ်။ အဲဒီနန်းတွင်းဓလေ့ ထုံးတမ်းစဉ်လာကို ကျွန်တော်တို့လက် ထက်ကျမှ ပထမဆုံးအကြိမ် ချိုးဖောက်ခွင့်ရခဲ့ခြင်းလို့ ဆိုနိုင်ပါတယ်။ ဒါကြောင့် လည်း အင်္ဂလန်နိုင်ငံထုတ် သတင်းစာများရဲ့ စာမျက်နှာများပေါ်မှာ ဖော်ပြခံရတဲ့ အထိ ကျွန်တော်တို့ မင်္ဂလာပွဲက သတင်းကြီးခဲ့ပါတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သွားလေရာ အနားမှာ အမြဲတမ်းရှိနေတဲ့ ဘုရင်မကြီးရဲ့ ခွေးကလေး ၉ ကောင်ကို ကျွန်တော် သတိရမိတယ်။ သူတို့ကိုယ်စား တစ်စုံတစ်ယောက်က ကျွန်တော့်ထံ ကြေးနန်းစာ တစ်စောင် ပို့ထားခဲ့ပါတယ်။ အဲဒီကြေးနန်းစာကလေးကို ခုထက်ထိ အိမ်မှာ ဘောင်သွင်းချိတ်ထားပါသေးတယ်။ ကြေးနန်းစာမှာ ရေးထားတာကတော့ ‘ကျွန်တော်တို့ကို မဖိတ်ပေမယ့် ကျွန်တော်တို့ အနေနဲ့ စိတ်ဝမ်းမကွဲပါဘူး။ ဖြစ်နိုင်မယ်ဆိုရင်တော့ ခင်ဗျားပြန်လာရင် မင်္ဂလာဆောင် ကိတ်မုန့်တချို့ ကျွန်တော်တို့အတွက် ယူခဲ့ပေးပါ’ လို့ ရေးထားပါတယ်။



# အခန်း (၅)
# နောက်ထပ် တော်ဝင်မင်္ဂလာပွဲတစ်ပွဲ

‘ရွှေနန်းတော်အတွင်း၌ ကျင်းပသော မင်္ဂလာပွဲနှင့်ပတ်သက်၍ ဘုရင်မကြီးက အားရတော်မူသည်’ လို့ News of The World သတင်းစာကရေးပြီး Daily Mirror သတင်းစာကတော့ ‘ရွှေနန်းတော်တွင်းမှ အတွဲညီတဲ့ ချစ်သူစုံတွဲ’ လို့ မှတ်ခဲ့ပါတယ်။ Hello မဂ္ဂဇင်းကြီးကတော့ မင်္ဂလာပွဲမတိုင်မီကတည်းက သတင်းများကို ကြိုတင် ဖော်ပြခဲ့ပါတယ်။ အဲဒီလို အုတ်အော်သောင်းတင်း ဖော်ပြခဲ့ကြတဲ့ မင်္ဂလာပွဲသတင်း က ရွှေမင်းသားများရဲ့ လက်ထပ်မင်္ဂလာပွဲများ မဟုတ်ပါဘူး။ နန်းတွင်းမှာ ၈ နှစ်လုံးလုံး ဘဝကို မြှုပ်နှံထားခဲ့တဲ့ ကျွန်တော်နဲ့ ကျွန်တော့်ချစ်သူ မာရီယာတို့ရဲ့ ၁၉၈၄ ခုနှစ် ဇူလိုင်လ ၂၁ ရက် စနေနေ့မှာ စိန့်မေရီ ရိုမန်ကက်သလစ်ဘုရားရှိခိုး ကျောင်းကြီးမှာ ကျင်းပခဲ့တဲ့ မင်္ဂလာပွဲနဲ့ပတ်သက်ပြီး ရေးသားဖော်ပြခဲ့ကြခြင်းပါ။ တနင်္ဂနွေနေ့မှာ ထုတ်ဝေမယ့် သတင်းစာများမှာ ဖော်ပြနိုင်အောင်လို့ ဓာတ်ပုံ သတင်းထောက်များက မာရီယာရဲ့ မိသားစုနေအိမ်ရှေ့မှာ စနေနေ့ တစ်မနက်လုံး အချိန်ဖြုန်းပြီး စောင့်ဆိုင်းခဲ့ကြတာပါ။ ကျွန်တော်တို့နှစ်ယောက်စလုံးက ဘုရင်မ ကြီးရဲ့ ကြင်ယာတော်အတွက် အမှုထမ်းကြရတဲ့ သူများဖြစ်လို့ သူတို့က ‘တော်ဝင် မင်္ဂလာပွဲ’ ရယ်လို့လည်း ကင်ပွန်းတပ်ခဲ့ကြပါတယ်။

News of The World သတင်းစာက အင်မတန် ယုတ်မာလှတဲ့ အမျိုးသမီး သတင်းထောက်တစ်ဦးကဆိုရင် မာရီယာရဲ့ အိမ်ထဲမှာ ဝင်ထွက်သွားလာနေတဲ့ ဆွေမျိုးသားချင်းများကို မေးမြန်းရုံသာမကပါဘူး၊ ဟိုလိုလို ဒီလိုလိုနဲ့ အိမ်အပေါ် ထပ်ထိ တက်သွားပြီး အခန်းထဲမှာ အဝတ်လဲနေတဲ့ မာရီယာရဲ့မိခင် အလစ်

www.burmeseclassic.com

www.burmeseclassic.com



ဘောက်ဆီကို သွားပြီးတော့ မေးတဲ့အတွက် အသွားကြီးက 'ဟဲ့ သူတောင်းစားမ ငါ့အခန်းထဲက အခု ထွက်သွားစမ်း' လို့ အအော်ခံရတဲ့အထိ သောင်းကျန်းခဲ့ပါတယ်။

လက်ထပ်မင်္ဂလာပွဲ ကျင်းပဖို့ ကျွန်တော်နဲ့ ကျွန်တော့်လူပျိုရံ ညီတော်သူ အန်တိုနီတို့ ဘုရားရှိခိုးကျောင်း အပေါက်ဝကို ရောက်သွားတဲ့အခါမှာ သတင်းထောက် တအုပ်တမကြီး ကင်မရာများနဲ့ စောင့်ဆိုင်းနေတာကို တွေ့ရပါတယ်။ တကယ်တော့ အဲဒီနေ့မှာ ဘယ်တော်ဝင်မိသားစုတွေကိုမှ ဖိတ်ကြားထားခြင်း မရှိပါဘူး။ ဘုရင်မကြီးအပါးမှာ ကျွန်တော်နဲ့အတူ အမှုထမ်းနေကြတဲ့ မင်းမှုထမ်းတချို့သာလျှင် ကျွန်တော့်မင်္ဂလာပွဲ အဆင်ပြေချောမွေ့စေဖို့ လာရောက်ကူညီနေကြပါတယ်။

ညှိသည်အားလုံး နေရာယူပြီးကြလို့ မင်္ဂလာအချိန် ကျရောက်လာချိန်မှာ ကျွန်တော့်မိတ်ဆွေများက ဘုရားရှိခိုးကျောင်းအတွင်း ရောက်ရှိနေကြတဲ့ မာတ်ပုံသတင်းထောက်များကို အပြင်ထွက်ပေးကြဖို့ မေတ္တာရပ်ခံခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ခုလို မင်္ဂလာယူရတဲ့အချိန်မှာ အဆင်မပြေဖြစ်မှာ၊ တစ်စုံတစ်ရာ မှားယွင်းမှု ရှိမှာကို အင်မတန် ပူပန်လှပါတယ်။ အထူးသဖြင့် ကျွန်တော့်မင်္ဂလာပွဲကို တက်ရောက်ချီးမြှင့်ကြတဲ့ အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေများ အဆင်မပြေဖြစ်မှာကို ပူပန်ခြင်းပါ။ ကျွန်တော်သွားလေရာ အနားမှာ အမြဲတမ်းရှိနေတဲ့ ဘုရင်မကြီးရဲ့ ခွေးကလေး ၉ ကောင်ကို ကျွန်တော် သတိရမိတယ်။ သူတို့ကိုယ်စား တစ်စုံတစ်ယောက်က ကျွန်တော့်ထံ ကြေးနန်းစာတစ်စောင် ပို့ထားခဲ့ပါတယ်။ အဲဒီကြေးနန်းစာကလေးကို ခုထက်ထိ အိမ်မှာ ဘောင်သွင်းချိတ်ထားပါသေးတယ်။ ကြေးနန်းစာမှာ ရေးထားတာကတော့ 'ကျွန်တော်တို့ကို မဖိတ်ပေမယ့် ကျွန်တော်တို့အနေနဲ့ စိတ်ဝမ်းမကွဲပါဘူး။ ဖြစ်နိုင်မယ်ဆိုရင်တော့ ခင်ဗျားပြန်လာရင် မင်္ဂလာဆောင် ကိတ်မုန့်တချို့ ကျွန်တော်တို့အတွက် ယူခဲ့ပေးပါ' လို့ ရေးထားပါတယ်။ အောက်ခြေမှာ သူတို့တစ်တွေရဲ့ နာမည်ကလေးတွေနဲ့အတူ ခြေရာကလေးတွေကိုလည်း ပုံနှိပ်ထားပါသေးတယ်။

အင်မတန် စပ်စုတတ်တဲ့ သတင်းထောက်တွေ အဲဒီစာအကြောင်းကို မသိလိုက်ကြတာ တော်ပါသေးရဲ့။ သူတို့က ကျွန်တော်နဲ့မာရီယာတို့ ဘယ်လိုစတွေ့ကြသလဲဆိုတဲ့ အချက်လောက်ကိုသာ သဲကြီးမဲကြီး မေးမြန်းနေကြတာပါ။

ကျွန်တော်တို့နှစ်ယောက်ကို ဖူးစာဆုံအောင် အောင်သွယ်တော် မြားနတ်မောင်အဖြစ် ဆောင်ရွက်ပေးတဲ့ အဲန်းမင်းသမီးရဲ့ အိမ်ဖော်ရိုစ်စမစ်သ်ကိုလည်း ကျေးဇူးတင်ရပါတယ်။ ရိုစ်က ကျွန်တော့်လိုပဲ ဒါဘီရှိုင်းယားဇာတိပါ။ တက္ကသိုလ် တက်လက်



စကနေ ဘာကင်ဟာမ်ရွှေနန်းတော်အတွင်း ဝင်ရောက်အမှုထမ်းတာ ကျွန်တော့်ထက် ၆ လ စောပါတယ်။ သူက ကျွန်တော့်အရင်းနှီးဆုံး မိတ်ဆွေဖြစ်တဲ့ ရော်ဂျာဂလိဒ်နဲ့ အိမ်ထောင်ပြုပါတယ်။ သူတို့အိမ်ထောင်ပြုစဉ် ကာလတုန်းကတော့ နန်းတွင်းမှာ နေ့မောင်နှံတို့ အတူတကွ အမှုတော်ထမ်းခွင့် မပြုတဲ့အတွက် ရိုစ်က ဘာကင်ဟာမ် နန်းတွင်းကထွက်ပြီး ဂလော်စက်စတာမြို့စားကတော်ထံမှာ သွားပြီး အမှုထမ်းပါတယ်။

ရိုစ်တို့ နေ့မောင်နှံနဲ့ ကျွန်တော် ရင်းနှီးတာကြောင့် သူတို့ရင်းနှီးတဲ့ မာရီယာ ဂရဖ်နဲ့လည်း ရင်းနှီးခွင့်ရခဲ့ပါတယ်။ မာရီယာက မိဖုရားကြီးရဲ့ ကြင်ယာတော်အခန်းမှာ အမှုတော်ထမ်းရပါတယ်။ သူနဲ့ကျွန်တော် နန်းတွင်းမှာ ဖြတ်သန်းသွားလာရင်းက မကြာခဏ ဆိုသလို မျက်နှာချင်းဆိုင် ဖြစ်ပါတယ်။ သူနဲ့ဆုံတိုင်း ကျွန်တော့်မှာ နှစ်ခါပြန်ကြည့်ရတာချည်းပါပဲ။ သူကလည်း သတိထားမိပုံရတဲ့အတွက် ကျွန်တော့်ကို မကြားတကြား စတတ်ပါသေးတယ်။ တစ်ခါတော့ ဘာလ်မိုရယ်လ် စံအိမ်တော်ဝင်းအတွင်းမှာ လသာတဲ့ ညတစ်ည အသားကင်လုပ်စားကြရင်းက ကျွန်တော်တို့ သီချင်းတွေဆိုကြရင်း တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးလာကြတဲ့အတွက် မာရီယာနဲ့ ကျွန်တော်လည်း အရင်းနှီးဆုံး မိတ်ဆွေတွေ ဖြစ်လာခဲ့ကြပါတယ်။ ၁၉၈၃ ခုနှစ် နွေဦးပေါက်မှာတော့ ကျွန်တော်တို့နှစ်ယောက် ချစ်သူဘဝ ရောက်ရှိသွားကြပါတော့တယ်။

အားလပ်ခွင့်ရတဲ့ စနေ၊ တနင်္ဂနွေရက်များမှာ ကျွန်တော်တို့နှစ်ယောက် အတူတူ ဝေလပြည်နယ် နယ်စပ်မှာရှိတဲ့ မာရီယာ့မိဘများထံ သွားရောက်လည်ပတ်လေ့ရှိပါတယ်။ သူ့မိဘများဟာလည်း ကျွန်တော်တို့လို လက်လုပ်လက်စားများသာဖြစ်တာကို တွေ့ရတဲ့အတွက် ကျွန်တော် ကျေနပ်မိပါတယ်။ မာရီယာ့မိခင်ဖြစ်တဲ့ ဖလစ်ဇဘက်က သူ့ကို 'ဘက်တီ' လို့ ခေါ်ရမယ်လို့ ကျွန်တော့်ကို သင်ပေးပါတယ်။ ဘက်တီက မီးဖိုဆောင်ထဲမှာ မရပ်မနား ချက်ပြုတ်ကျွေးမွေးနေချင်တဲ့ အမျိုးသမီးကြီးပါ။ သူ့မီးဖိုဆောင်က အမြဲတမ်း မုန့်တွေ ဖုတ်နေတာပဲ။ ပြောရမယ်ဆိုရင် ဘာကင်ဟာမ်နန်းတွင်းက ဘုရင်မကြီးရဲ့ စားတော်ကဲပင်လျှင် တစ်နေ့တစ်နေ့ ဘက်တီလောက် မုန့်ဖုတ်ရလိမ့်မယ် မထင်ပါဘူး။ ဘက်တီရဲ့ဘဝမှာ ကက်သလစ်ဘာသာသာလျှင် ကြီးစိုးခဲ့ပါတယ်။ သူ့တစ်အိမ်လုံးမှာလည်း ပုပ်ရဟန်းမင်းကြီးရဲ့ ပုံတော်တွေက အများကြီးပါ။ အိမ်ရဲ့တံခါးရှက်မှာ ပုလင်းလေးတစ်လုံးနဲ့ ပရိတ်ရေ ထည့်ထားပြီး ဘက်တီက အိမ်အပြင်ထွက်တိုင်း သူ့လက်ကလေးကို အဲဒီပုလင်းထဲ နှစ်ကာ သူ့ကိုယ်ကို ပရိတ်ရေနဲ့ တောက်လေ့ရှိပါတယ်။ ကျွန်တော့်ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



'ပရိတ်ရေ ဖျန်းထားတော့ အပြင်မှာ ကိုယ့်အတွက် အနှောင့်အယှက် မတွေ့နိုင်ဘူးကွယ့်။ ပေါလ်အနေနဲ့ အဲဒီလို အကျင့်လုပ်ဖို့ မင်း ဘုရင်မကြီးကို လျှောက်ထားဖို့ကောင်းတယ်' လို့ တိုက်တွန်းသေးတာပါ။

မာရီယာရဲ့ ဖခင်ဖြစ်သူ ရွှန်ကတော့ လျှပ်စစ်ပစ္စည်း ပြင်ဆင်တဲ့ အတတ်ပညာရှင်တစ်ဦးပါ။ သူက သွက်သွက်လက်လက် ထက်ထက်မြက်မြက်ရှိပြီး သူ့ရဲ့တစ်ဦးတည်းသော သမီးချောအကြောင်းကိုသာ ပြောတတ်ပါတယ်။ တစ်ခါတလေမှာ ဟာသနှောပြီး ပြောတတ်တာကြောင့် ကျွန်တော်နဲ့ အဖွဲ့ကျပါတယ်။ ဒါပေမယ့် မာရီယာတို့အိမ်ကို နောက်တစ်ခေါက် ကျွန်တော်တို့ ရောက်သွားတဲ့အချိန်မှာတော့ ရွှန်က နောက်ဆုံးတစ်ခေါက် တွေ့ခဲ့တာနဲ့ လုံးဝ မတူတော့ပါဘူး။ သူ့မျက်နှာမှာ မျက်နှာဖုံး စွပ်ထားရပြီး အိပ်ရာနံဘေးမှာ အောက်ဆီဂျင်အိုးနှစ်အိုးနဲ့ အသက်ကို ပင်ပင်ပန်းပန်း ရှူနေရရှာပါတယ်။ အဆုတ်ကင်ဆာရောဂါ ဖြစ်မှာနေလို့ပါပဲ။ ၁၉၈၃ ခုနှစ် ဇွန်လမှာတော့ မာရီယာက နာမကျန်းဖြစ်နေတဲ့ သူ့ဖခင်ကြီးကို ဘာကင်ဟမ်နန်းတော်ရှေ့မှာ ကြည်း၊ ရေ၊ လေ တပ်ပေါင်းစုတို့ စစ်ရေးပြတာကို သူမရဲ့ အခန်းပြတင်းပေါက်ကနေ မျက်ဝါးထင်ထင် တွေ့မြင်စေချင်ပါတယ်။ ဒါကြောင့် သူ့အဖေကို ပက်လက်ကုလားထိုင်မှာ ထိုင်စေပြီး ကျွန်တော်က မ,ယူလာရပါတယ်။ ဒီလိုအခမ်းအနားမျိုးကို သမီးဖြစ်သူရဲ့ အခန်းကနေ မျက်ဝါးထင်ထင် ကြည့်ခွင့်ရတဲ့အတွက် ဖခင်ဖြစ်သူက သမီးအပေါ် ဂုဏ်ယူခဲ့ရှာပါတယ်။ နောက် ရက်သတ္တပတ်လေးပတ်အကြာမှာ အသက် ၅၉ နှစ်အရွယ်ရှိ ရွှန် လောကကြီးကို ကျောခိုင်းထွက်ခွာသွားပါတော့တယ်။

နှစ်သစ်ကူးအကြိုညမှာ ကျွန်တော့်အိမ်ရှိရာ ဒါဘီရှိုင်းယားကို မာရီယာ လိုက်ခဲ့ဖို့ ခေါ်ဆောင်သွားခဲ့ပြီး ဟိုတယ်တစ်ခုမှာ အတူတကွရှိကြစဉ် ကျွန်တော်က ဒူးတစ်ဖက်ထောက်ပြီး လက်ထဲမှာ စိန်လက်စွပ်ကလေးတစ်ကွင်းနဲ့ မာရီယာကို လက်ထပ်ပါရစေလို့ ခွင့်တောင်းခဲ့ပါတယ်။ ဒီစိန်လက်စွပ် ဝယ်ခဲ့တာ ကျွန်တော့်မှာ ရှိသမျှ စည်းစိမ်အကုန်ပါပဲ။ မာရီယာကို ကျွန်တော် အတတ်နိုင်ဆုံး အကောင်းဆုံးထားချင်ပါတယ်။ သူ့ကိုလက်ထပ်ဖို့ကိစ္စဟာ တကယ်တော့ နန်းတွင်းမင်းမှုထမ်းများအနေနဲ့ အချင်းချင်း လက်ထပ်ခွင့် မရှိဘူးဆိုတဲ့အချက်ကို ကျွန်တော် ဖောက်ဖျက်ရမှာပါ။ သူ့ကို လက်ထပ်လိုက်တဲ့အတွက် မင်းမှုထမ်းဘဝကနေ ထွက်ရမယ်ဆိုရင်လည်း ကျွန်တော် စွန့်ရတော့မှာပါ။

ကျွန်တော်တို့ နှစ်ဖက်မိဘများကို လက်ထပ်ကြတော့မှာဖြစ်ကြောင်း အသိပေးပြီး ဖြစ်ပေမယ့် မိဘများနဲ့ ထပ်တူထပ်မျှ အရေးကြီးတဲ့ပုဂ္ဂိုလ်တစ်ဦးကို အသိ



ပေးဖို့ ကျန်ပါသေးတယ်။ အဲဒါကတော့ ကျွန်တော်တို့နှစ်ယောက်စလုံးရဲ့ အရှင်သခင်ဖြစ်တဲ့ ဘုရင်မကြီးပါပဲ။ ဒီလိုကိစ္စမျိုး ဘုရင်မကြီးကို ပြောဖို့ဆိုတာက အချိန်အခါ ရွေးတတ်ဖို့ အင်မတန် အရေးကြီးပါတယ်။ ဒါကြောင့် သူ့ စိတ်ကျေနပ်နေမယ့်အချိန်တစ်ခုကို ကျွန်တော် ရွေးလိုက်ပါတယ်။ အဲဒါကတော့ သူ့ခွေး ၉ ကောင်ကို အစာကျွေးတဲ့အချိန်ပါပဲ။ ခွေးကလေးတွေကို အစာကျွေးနေချိန်မှာ ကျွန်တော်က မာရီယာနဲ့ လက်ထပ်တော့မှာဖြစ်ကြောင်း ဘုရင်မကြီးကို အသိပေးလိုက်ပါတယ်။ ဘုရင်မကြီးက သူ့ရဲ့အမှုထမ်းတစ်ဦးနဲ့ သူ့ကြင်ယာတော်ရဲ့ အမှုထမ်းတစ်ဦးတို့ လက်ဆက်ကြမှာဖြစ်တဲ့အတွက် သူ့အနေနဲ့ အင်မတန်ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း ပြန်လည်ပြောကြားခဲ့ပါတယ်။

'အဲလို လက်ထပ်လိုက်ရင်တော့ မာရီယာအနေနဲ့ မင်းမှုထမ်းဘဝကနေ စိတ်မကောင်းစွာဘဲ နုတ်ထွက်ရတော့မှာပေါ့' လို့ ကျွန်တော်က အရဲစွန့်ပြောလိုက်ပါတယ်။

'ဘာရယ်… ဘယ်လိုကွဲ့' လို့ ဘုရင်မကြီးက တအံ့တသြ ပြန်မေးလာပါတယ်။ သူ့ကိုကြည့်ရတာ နန်းတွင်းသူတစ်ဦး မင်းမှုထမ်းနဲ့ လက်ဆက်မယ်ဆိုရင် အမှုထမ်းဘဝကနေ နုတ်ထွက်ရတယ်ဆိုတာကို သိထားပုံမရပါဘူး။ ဒီစည်းကမ်းက စာနဲ့ပေနဲ့ ရေးသားထုတ်ပြန်ထားတဲ့ စည်းကမ်းချက်တော့လည်း မဟုတ်ပါဘူး။ ထုံးတမ်းစဉ်လာအရ ကျင့်သုံးခဲ့ကြတဲ့ နန်းတွင်းဓလေ့ထုံးစံတစ်ခုသာ ဖြစ်ပါတယ်။

'အဲဒီကိစ္စအတွက် မဖုရားအနေနဲ့ ဘာလုပ်ပေးလို့ရမလဲ'

'ဘုရင်မကြီးအနေနဲ့ ဒီစည်းကမ်းချက်ကို လျှော့ပေါ့ပေးနိုင်မယ်ဆိုရင်တော့ ကျွန်တော်တို့နှစ်ယောက်အတွက် အင်မတန် သင့်မြတ်လှပါတယ်' လို့ လျှောက်ထားလိုက်ရပါတယ်။

သင့်မြတ်လျှောက်ပတ်သူထံ ပေါက်မြောက်အောင်လို့ အချိန်အခါသင့်တဲ့အချိန်မှာ လျှောက်ထားလိုက်ရင် အောင်မြင်တယ်ဆိုတာ ကျွန်တော့်လက်တွေ့ပါပဲ။ နောက်ရက်အနည်းငယ်အကြာမှာ အိမ်တော်ဝန်ထံမှ စာတစ်စောင် ထွက်လာခဲ့ပါတယ်။ ဒီစာက ဘုရင်မကြီးအနေနဲ့ လျှော့ပေါ့ပေးလိုက်တဲ့အတွက် မာရီယာဟာ ကြင်ယာတော် ဖိလစ်မင်းသားကြီးရဲ့ အမှုထမ်းအဖြစ်မှ နုတ်ထွက်စရာမလိုဘဲ ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ပြုတယ်လို့ ဆိုပါတယ်။

ဘုရင်မကြီးအပါးမှာ အနီးကပ် ခစားခဲ့ရတဲ့အတွက် သူ့သဘောထားကို ကျွန်တော် ကောင်းကောင်း သိခဲ့ရပါတယ်။ ဘုရင်မအဖြစ် ရာဇပလ္လင်ပေါ်နဲ့ စီမံအုပ်ချုပ်မင်းလုပ်နေရတာဖြစ်ပေမယ့် သူ့ကိုယ်ပိုင် လွတ်လပ်တဲ့အချိန်များမှာတော့ ဘုရင်မ

www.burmeseclassic.com

www.burmeseclassic.com



ကြီးဟာ ကျွန်တော်တို့လို မင်းမှုထမ်းများနဲ့လည်း လွတ်လွတ်လပ်လပ် ရယ်ရယ်မောမောနေတတ်ပြီး ကျွန်တော်တို့ ပူဆာတဲ့အခါများမှာလည်း လိုက်လျောသင့်တဲ့ ကိစ္စများကို လိုက်လျောခွင့်ပြုတယ်ဆိုတာပါပဲ။

ကျွန်တော်တို့နှစ်ယောက် လက်မထပ်ခင် တစ်ပတ်အလိုမှာ ဘုရင်မကြီးက နှစ်ယောက်စလုံးနဲ့ တွေ့ချင်တယ်လို့ အမှာတော်ရှိတဲ့အတွက် ကျွန်တော် အားလပ်တဲ့ တစ်နေ့မှာ နှစ်ယောက်သား ဘုရင်မကြီးရဲ့ ဧည့်သည်များအဖြစ် သွားရောက်တွေ့ဆုံရပါတယ်။ ကျွန်တော်တို့ စောင့်ဆိုင်းနေရတဲ့ ဧည့်ခန်းတံခါး ပွင့်လာပြီး ခြေမြန်တော် လုလင်တစ်ဦးဖြစ်တဲ့ ဂျွန်တေလာက 'ပေါလ်နဲ့မာရီယာ၊ ဘုရင်မကြီး ကြွတော်မူလာပါပြီ' လို့ အကြောင်းကြားလာပါတယ်။ အရင်အကြိမ်များကတော့ အဲဒီလို အကြောင်းကြားသူဟာ ကျွန်တော်ပါ။ ဥပမာ- ဘရစ်တားနီးယား သင်္ဘောပေါ်မှာ ဘုရင်မကြီး ရှိနေစဉ် ဝန်ကြီးချုပ် မာဂရက်သက်ချာ ရောက်လာတယ်ဆိုရင် တံခါးဖွင့်ပြီး အကြောင်းကြားသလိုပေါ့။ ဒီတစ်ကြိမ်မှာတော့ ကျွန်တော်က ဧည့်သည် ဖြစ်နေပါတယ်။

ကျွန်တော်တို့ ဝင်ခွင့်ရလို့ ဝင်သွားတဲ့အချိန်မှာ ဘုရင်မကြီးက ဧည့်ခန်းတစ်ခုရဲ့ အလယ်မှာ စောင့်ဆိုင်းနေတာကို တွေ့လိုက်ရပါတယ်။ ကျွန်တော်က ဧည့်သည် အဖြစ် ကိုယ့်သခင်မကို သွားတွေ့ရတာဆိုတော့ နည်းနည်းတော့ အနေရခက်လှပါတယ်။ ကျွန်တော် အနေရအထိုင်ရ ခက်နေတာကို သဘောပေါက်တဲ့ ဘုရင်မကြီးက ပြုံးတော်မူလိုက်ပြီး 'လာမယ့် စနေနေ့ဆိုရင်တော့ မင်းတို့နှစ်ယောက်စလုံး အရမ်းရင်ခုန်နေကြမှာပဲ' လို့ ပြောပြီး နက်ပြာရောင် ကတ္တီပါဘူးလေးတစ်ဘူး ကျွန်တော့်လက်ကို လှမ်းလိုက်ပါတယ်။ ဒါက ဘုရင်မကြီးနဲ့ ကြင်ယာတော်တို့ထံမှ ချီးမြှင့်တဲ့ လက်ဆောင်ပါပဲ။ ထုံးတမ်းအစဉ်အလာအရ ကျွန်တော်က ဘုရင်မကြီးရှေ့မှာပဲ လက်ဆောင်ဘူးကလေးကို ဖွင့်လိုက်ရပါတယ်။ ဘူးထဲမှာ ပါတာကတော့ ဘုရင်မကြီးနဲ့ ကြင်ယာတော်တို့ရဲ့ ဘွဲ့တံဆိပ်တော်များ ခတ်နှိပ်ထားတဲ့ ရွှေတံဆိပ်တစ်ခုပါ။ အဲဒီနောက် ဘုရင်မကြီးက ဘူးကြီးကြီးတစ်ဘူးကို ဖွင့်လိုက်ပြီး တစ်စုံတစ်ရာ နှိုက်ယူကာ ကျွန်တော်တို့အတွက် မင်္ဂလာလက်ဖွဲ့ ထပ်ပေးပြန်ပါတယ်။ ဒီတစ်ခါ ပေးတာကတော့ ပန်းအလှများကို လက်နဲ့ရေးခြယ်ထားတဲ့ ဖယောင်းတိုင်စိုက် ကြေးခွက်နှစ်ခွက်ပါ။ ကျွန်တော်တို့ နှစ်ယောက်စလုံး ဝမ်းသာအားရ ဖြစ်မိကြပါတယ်။ ဒီလက်ဆောင်များဟာ ကျွန်တော်တို့မင်္ဂလာဦးမှာ ရရှိတဲ့ ပထမဆုံးသော လက်ဆောင်များပါပဲ။

'ဘာလ်မိုရယ်လ်မှာ မင်းတို့နှစ်ယောက် ပျော်ရွှင်ကြပါစေကွယ်' လို့ ဘုရင်မကြီးက ဆုမွန်ကောင်း တောင်းပေးခဲ့ပါတယ်။ ကျွန်တော်တို့နှစ်ယောက် ဦးညွှတ်အလေးပြုလိုက်ကြပြီး ဘုရင်မကြီး ရှေ့တော်မှောက်ကနေ ထွက်ခွာခဲ့ကြပါတယ်။



ကျွန်တော်တို့ နှစ်ယောက် လက်ထပ်ကြပြီးရင်တော့ ဘာကင်ဟာမ်နန်းတွင်းမှာ တယ်ဖနီးမောင်နှံတို့မှ မရဖူးသေးတဲ့ အခွင့်အရေးဖြစ်တဲ့ အတူတကွ မင်းမှုထမ်းခွင့်ရကြမှာဖြစ်တာကြောင့် 'မစ္စတာ' နှင့် 'မစ္စစ်' အဖြစ် အမှုထမ်းခွင့်ရကြတော့မှာပါ။

ကျွန်တော်တို့နှစ်ယောက်အတွက် နေ့ထူးနေ့မြတ်ဖြစ်တဲ့ လက်ထပ်ပွဲနေ့ ရောက်လာချိန်မှာတော့ တစ်စုံတစ်ယောက် လစ်ဟာနေတာကို သတိရမိကြပါတယ်။ မာရီယာရဲ့ ဖခင်ဖြစ်သူ ရှန် မရှိတော့ခြင်းပါပဲ။ သတို့သမီးကို တွဲခေါ်လာရမယ့် ဖခင်နေရာမှာ မာရီယာရဲ့ အစ်ကိုဖြစ်သူ ပီတာက အစားဝင်ပေးခဲ့ပါတယ်။ နှမဖြစ်သူကို ဘုရားရှိခိုးကျောင်းအတွင်းသို့ တွဲခေါ်လာခဲ့ပြီး သတို့သားဖြစ်တဲ့ ကျွန်တော့်လက်ကို အပ်နှံပေးခဲ့ပါတယ်။

ဘုရားရှိခိုးကျောင်းရဲ့ ခေါင်းလောင်းတိုင်းက တီးမှုတ်သံများနဲ့ ကျွန်တော်တို့နှစ်ယောက် အကြင်လင်မယားဘဝကို ရောက်သွားကြပြီလို့ ကြေညာခံရပြီးတဲ့နောက်မှာ ကျွန်တော့်ဇနီး အသစ်စက်စက်ကလေးကို လက်ချိတ်ပြီး ဘုရားရှိခိုးကျောင်း အပြင်ဘက်ကို ထွက်လာရာမှာတော့ အဆင်သင့်စောင့်ဆိုင်းနေကြတဲ့ မီဒီယာများနဲ့ ပက်ပင်းတိုးတော့တာပါပဲ။ ဧည့်ခံပွဲကျင်းပမယ့်နေရာကို ဘုရားရှိခိုးကျောင်းကနေ ကားနဲ့သွားကြရမှာပါ။ ဒါပေမယ့် များပြားလှတဲ့ သတင်းထောက်များ၊ ဓာတ်ပုံဆရာများကို မကျော်ဖြတ်နိုင်တဲ့အတွက် ကားဆီရောက်အောင် ကျွန်တော်တို့ မသွားနိုင်ကြသေးပါဘူး။ သူတို့စိတ်တိုင်းကျအောင် ပုံစံအမျိုးမျိုးနဲ့ ဓာတ်ပုံအရိုက်ခံကြရပါတယ်။ ဧည့်ခံပွဲရှိရာကို ရောက်တဲ့အချိန်မှာ ကိုယ်တိုင်ကိုယ်ကျ မတက်ရောက်နိုင်တဲ့ မိတ်ဆွေများထံမှ သဝဏ်လွှာများက တစ်ပုံတစ်ပင် ရောက်ရှိနေပါတယ်။ အဲဒီသဝဏ်လွှာများထဲမှာ ဘုရင်မကြီးနဲ့ ကြင်ယာတော်တို့ရဲ့ သဝဏ်လွှာလည်း ပါရှိခဲ့ပါတယ်။

အဲဒီညမှာ ကျွန်တော်တို့နှစ်ယောက်ရဲ့ ပျားရည်ဆမ်းခရီးအဖြစ် နှစ်ည ခရီးထွက်ခဲ့ကြပါတယ်။ ဟိုတယ်မှာ အိပ်ခဲ့ကြပြီး မနက်မိုးလင်းချိန်မှာတော့ ကျွန်တော်တို့ အခန်းပေါက်ဝမှာ သတင်းစာတွေ တစ်ထပ်ကြီး လာပို့ထားပါတယ်။ သတင်းစာတိုင်းရဲ့ မျက်နှာဖုံးသတင်းကတော့ ကျွန်တော်တို့ ပုံတွေချည်းပါပဲ။

❑

ဘာလ်မိုရယ်လ် စံအိမ်မှာက အသစ်စက်စက် ဇနီးမောင်နှံဖြစ်တဲ့ ကျွန်တော်တို့ နှစ်ယောက်အတွက် သီးခြားစီစဉ်ပေးနိုင်မယ့် အိပ်ခန်း မရှိပါဘူး။ ဒီစံအိမ်မှာရှိတဲ့ မာရီယာရဲ့ တစ်ယောက်အိပ်ခန်းကလေးက ကျွန်တော်တို့နှစ်ယောက်အတွက် အဆင်

www.burmeseclassic.com

www.burmeseclassic.com



ပြောတာကြောင့် အဲဒီအခန်းက ခုတင်မှာပဲ အိပ်ကြပါတယ်။ ဘုရင်ကြီးရဲ့ ခွေးကလေးများကတော့ ကျွန်တော်တို့ ခုတင်ဆားက ကြမ်းပြင်ပေါ်မှာ ရှိနေကြပါတယ်။ ဒီစံအိမ်မှာ ကျွန်တော်တို့ရဲ့ ပထမဆုံး မင်္ဂလာနေ့နဲ့ ပတ်သက်ပြီး စိတ်အခင်စားဆုံး လူတစ်ယောက် ရှိပါတယ်။ အဲဒီလူကတော့ ဝေလမင်းသမီး ဒိုင်ယာနာပါပဲ။ အဲဒီအချိန်မှာ မင်းသမီးက ဒုတိယမြောက် ကိုယ်ဝန်အရင့်အမာနဲ့ပါ။ မိန်းမသား နှစ်ယောက် ခုတင်ပေါ်မှာ ထိုင်ကြရင်း မင်္ဂလာဆောင်နေ့က ဓာတ်ပုံတွေကို ကြည့်ကြကာ ကျောင်းသူကလေးများလို နိုးနိုးခစ်ခစ် ရယ်နေကြတာကိုလည်း တွေ့ရပါတယ်။ သူတို့ ရယ်မောနေကြလို့ ဆယ်မိနစ်လောက်ပဲ ရှိပါသေးတယ်။ ခေါ်သံတစ်ခု ကြားရပါတယ်။ 'ဒိုင်ယာနာ… ဒိုင်ယာနာ ဘယ်ရောက်နေလဲ။ ထမင်းစားချိန် ရောက်ပြီလေ'တဲ့။ ဘုရင်မကြီးကိုယ်တိုင် ခေါ်တော်မူတဲ့ အသံပါပဲ။

'ဟော… ခေါ်နေပြီ၊ ကိုယ် နောက်ကျနေပြီ။ ဓာတ်ပုံတွေ ထားခဲ့နော်။ နောက်တစ်ခေါက် ထပ်ကြည့်လိုက်ဦးမယ်'လို့ မင်းသမီး ပြောသံကို ကြားလိုက်ရပါတယ်။

မာရီယာနဲ့ မင်းသမီး ရင်းနှီးမှုကြောင့် မာရီယာကတစ်ဆင့် ကျွန်တော့်အကြောင်းတွေကို သိခွင့်ရတဲ့ မင်းသမီးက ပိုပြီးရင်းနှီးလာပါတယ်။ မာရီယာကို သူက ရင်းနှီးယုံကြည်တာနဲ့အမျှ ကျွန်တော့်ကိုလည်း ယုံကြည်လာပုံ ရပါတယ်။ ပိုပြီးအရေးပါတဲ့အချက်ကတော့ ကျွန်တော်ဟာ ဘုရင်မကြီးရဲ့အပါးမှာ အနီးကပ်ခစားရတဲ့ ခြေမြန်တော်တစ်ဦး ဖြစ်နေခြင်းကြောင့်ပါ။ ကျွန်တော့်နေရာက ဘုရင်မကြီးရဲ့ 'နား'ဆိုရင်လည်း မမှားပါဘူး။ မာရီယာကတစ်ဆင့် ကျွန်တော့်ကို ရင်းနှီးပေမယ့်၊ ယုံကြည်စိတ်ချပေမယ့် လုံးလုံးကြီးတော့ စိတ်မချသေးပါဘူး။ ဒိုင်ယာနာနဲ့ ချားလ်စ်တို့ ခွေစပ်ကြောင်းလမ်းထားတဲ့ ကာလအတွင်းမှာ ဒိုင်ယာနာအနေနဲ့ ကျွန်တော့်ကို ဘာကင်ဟမ်နန်းတွင်းမှာ ကြိမ်ဖန်များစွာ မကြာခဏဆိုသလို တွေ့ဖူးပါတယ်။ တွေ့တိုင်းလည်း ကျွန်တော်က ဘုရင်မအပါးမှာချည်း ဖြစ်နေတာကိုး။ မိန်းမသားနှစ်ယောက်ကတော့ ပြောမနာဆိုမနာ ရင်းနှီးနေကြပေမယ့် ကျွန်တော့်အနေနဲ့ကျတော့ အဲဒီလောက်ကြီး ရင်းနှီးလို့ မဖြစ်သေးပါဘူး။

အဲဒီကာလကတည်းက သူ့ကိုရင်းနှီးသူများက 'လေဒီ ဒီ'လို့ ခေါ်ကြတာနဲ့ ပတ်သက်ပြီး သူကိုယ်တိုင်က နှစ်သက်ခဲ့ပါတယ်။ အမြဲတမ်း ပြုံးနေတဲ့ သူ့မျက်နှာကို မြင်လိုက်သူတိုင်း သောကမှန်သမျှ ပြေပျောက်စေတာလည်း အမှန်ပါပဲ။ စပင်ဆာမျိုးရိုးရဲ့ သံမဏိစည်းမျဉ်းလို့ ခေါ်ဆိုနိုင်တဲ့ အချက်တစ်ခုကတော့ ဘယ်လောက်ပင်ပန်းနွမ်းနယ် စိတ်ထိခိုက်နေပါစေ မျက်နှာပြင်ပေါ်က အပြုံးကို ဘယ်တော့မှ



မပျက်ပြယ်စေရပါဘူး။ ဒိုင်ယာနာက သူ့ဘဝတစ်လျှောက်လုံးမှာ ဘယ်လောက်ပင်ပန်းသည်ဖြစ်ပါစေ အမြဲတမ်း ပြုံးနေတာကို အားလုံးသတိပြုမိခဲ့ကြပါတယ်။

ပရိသတ်များကြားမှာ ရေပန်းစားလာလေလေ ဒိုင်ယာနာအနေနဲ့ သူ့ကိုယ်သူ ဂရုစိုက်ရလေလေပါပဲ။ တစ်ခါတစ်ရံမှာ သူ ထမ်းဆောင်ရတဲ့ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်နိုင်ပါ့မလားဆိုတဲ့ သောကက သူ့ကို ဖိစီးခဲ့ပါတယ်။ အဲဒါအပြင် အစားအသောက်မမှန်တဲ့ သူ့ရောဂါကလည်း စိတ်ကို ဖိစီးစေပါတယ်။ အဲဒီကာလတုန်းကတော့ ချားလ်စ်ဟာ သူ့အတွက် မှီခိုအားထားရာတစ်ခု ဖြစ်ခဲ့တယ်ဆိုတာကို သူ့မိတ်ဆွေတစ်ဦးထံ ရေးတဲ့စာမှာ ဒီလိုရေးသားခဲ့ပါတယ်။

*ဒို့မိသားစု အင်မတန် တိတ်ဆိတ်ငြိမ်းအေးတဲ့နေရာလေးတစ်နေရာကို ပြောင်းရွှေ့ခဲ့ကြတယ်။ ကိုယ်ကတော့ ဒီနေရာမှာပဲနေနေ၊ ဘယ်နေရာမှာပဲနေနေ၊ ဘယ်နေရာပဲရောက်ရောက် ရောက်တဲ့နေရာတိုင်းမှာ နေတတ်ပါတယ်။ ချားလ်စ်ကလည်း အင်မတန် အံ့သြစရာကောင်းတဲ့ ခင်ပွန်းတစ်ယောက်ပါ။ ကိုယ် စိတ်ဖိစီးမှုများကြောင့် မရှင်မလန်း စိတ်ညစ်ညူးတဲ့အခါများမှာ ကိုယ့်ကိုနှစ်သိမ့်မှုပေးပါတယ်။ သူ ကိုယ့်ကို အမြဲတမ်း အားပေးနှစ်သိမ့်နိုင်ခဲ့ပါတယ်။ ကိုယ်အနေနဲ့တော့ အိမ်ရှေ့မိဖုရားအနေနဲ့ တာဝန်ထမ်းဆောင်ရမလား၊ သားတို့ရဲ့ မိခင်အဖြစ် တာဝန်ထမ်းဆောင်ရမလားဆိုတာ ကွဲကွဲပြားပြား မခွဲခြားနိုင်သေးပါဘူး။ တစ်ယောက်တည်းအနေနဲ့ ဘယ်ဟာကို ဦးစားပေးရမယ်ဆိုတာလည်း မခွဲခြားတတ်ပါဘူး။ C ကတော့ လုပ်တတ် ကိုင်တတ်တယ်လေ။ စာနယ်ဇင်းတွေကလည်း သူ့နဲ့ကိုယ့်ကို ယှဉ်ယှဉ်ပြီး ရေးကြတော့ တော်တော်ခက်တယ်။ အဲဒါကိုတော့ ကိုယ် သဘောမကျနိုင်ဘူး။ သူတို့က ဘာကြောင့်များ C ကို အတိတ်မှာ မထားနိုင်ကြတာလဲဆိုတာကို စဉ်းစားလို့မရပါဘူး။*

လို့ ရေးသားခဲ့ပါတယ်။

အများအမြင်မှာ ဒိုင်ယာနာဟာ သူ ရရှိနေတဲ့ကျော်ကြားမှုမှာ သာယာယစ်မူးပြီး ချားလ်စ်အနေနဲ့ ဘယ်လိုခံစားရမယ်ဆိုတာ ထည့်သွင်းမစဉ်းစားဘူးလို့ ဆိုကြပါတယ်။ ဒါပေမယ့် ကမ္ဘာပြည်သူလူထုက ဒိုင်ယာနာမှ ဒိုင်ယာနာ ဖြစ်နေစဉ်ကာလတုန်းကပဲ သူ့မိတ်ဆွေတစ်ဦးထံကို ဒိုင်ယာနာက ဟောဒီလို ရေးခဲ့ဖူးပါတယ်။

*ကိုယ့်အနေနဲ့ သူ့နဲ့နှစ်ယောက်တွဲပြီး ပြည်သူလူထုကြား ထွက်ရတဲ့အခါများမှာ လူတွေက အော်ဟစ်ပြီး သူတို့နဲ့ စကားလာပြောဖို့ ကိုယ့်ကို ခေါ်ကြတဲ့အခါမှာ ကိုယ့်အနေနဲ့ သူ ဘယ်လိုခံစားရလိမ့်မလဲလို့ အခါခါ စဉ်းစားမိတယ်။*

လို့ ရေးခဲ့ပါတယ်။

အဲဒီအချိန်က စတင်ပြီးတော့ပဲ မင်းသမီးနဲ့ ကျွန်တော် ရင်းနှီးမှုရှိခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ ခံစားရတာတွေကို စတင်ရင်ဖွင့်တဲ့ကာလပေါ့။ ပထမတော့ ဒိုင်ယာနာက သူ ကျွန်တော့်ကို ပြောတဲ့စကားတွေ ဘုရင်မကြီးထံ ရောက်မရောက် စမ်းသပ်ကြည့်ပါတယ်။ တစ်ခါတော့ ဘုရင်မကြီး ခေါ်တော်မူမှာကို ကျွန်တော် စောင့်ဆိုင်းနေတုန်း ဒိုင်ယာနာ ရောက်လာပါတယ်။ အဲဒီအချိန်က သူ့ကိုယ်ဝန်နဲ့ပတ်သက်ပြီး တစ်တိုင်းပြည်လုံးက ဟိုးလေးတကျော် ပြောနေကြတဲ့ အချိန်ပါ။ ဒိုင်ယာနာက ကျွန်တော့်ကို 'ကျွန်မ သားလေးမွေးမှာ သိလား' လို့ ပြောခဲ့ပါတယ်။

ဒီလိုပြောလိုက်ခြင်းဟာ အံ့အားသင့်သွားစေချင်လို့လား၊ တုံ့ပြန်မှုကို သိချင်လို့လား၊ သို့တည်းမဟုတ် သူ့အနေနဲ့ ကျွန်တော့်ကို ပုဂ္ဂိုလ်ရေးအရ ရိုးရိုးသားသား ပြောလိုက်တာလားဆိုတာ ကျွန်တော် တော်တော်စဉ်းစားရပါတယ်။ ဒီအကြောင်းကို အားလုံးသိကြပြီးပြီလား၊ လျှို့ဝှက်ထားရမယ့် ကိစ္စလား၊ မင်းသမီးက ခြွေရံသင်းပင်း သက်တော်စောင့်မပါဘဲ ဘာ့ကြောင့်များ ခုလို တစ်ယောက်တည်း လွတ်လွတ်လပ်လပ် ရှိနေတာလဲ။ ပထမ သားတော် ဝီလျံ ကိုယ်ဝန်ဆောင်စဉ်ကာလတုန်းက အိမ်တော်ဝန်ထမ်းများအနေနဲ့ ယောကျ်ားလေးလား၊ မိန်းမလေးလားဆိုတာကို အချင်းချင်း လောင်းကြေးထပ်ကြတဲ့အထိ ဖြစ်ခဲ့ကြသေးတယ်။ ဒါကြောင့် ခုလို ဒိုင်ယာနာက ပွင့်ပွင့်လင်းလင်း ပြောလိုက်ချိန်မှာ ကျွန်တော့်အနေနဲ့ ဘာလုပ်ရမယ်ဆိုတာ ရုတ်တရက် ဆုံးဖြတ်ချက်ချလိုက်ရပါတယ်။ မျက်နှာပေါ်မှာ အင်မတန် အံ့သြတဲ့ပုံစံ ဖော်ပြလိုက်ပြီး 'ကျွန်တော့်အနေနဲ့ မင်းသမီးက ခုလို ပြောပြတာကို အင်မတန် အံ့သြကျေးဇူးတင်ရပါတယ်' လို့ ဆိုလိုက်တော့ ဒိုင်ယာနာက ဟက်ဟက်ပက်ပက် ရယ်ပါတယ်။ ဒီကလေးမက သူ့ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေ အံ့အားသင့်သွားအောင် လုပ်ရတာကို ဝါသနာထုံပါတယ်။ ကျွန်တော့်ဇနီးသည် မာရီယာကို မေးကြည့်တော့ သူ သိတောင် မသိသေးဘူးတဲ့။ ဒါကြောင့် ဒီစကားဟာ မင်းသမီးအနေနဲ့ ကျွန်တော့်ကို စမ်းသပ်တဲ့အချက်တစ်ခု ဖြစ်မယ်လို့ နားလည်လိုက်ပြီး သူ ပြောတဲ့စကားကို ဘယ်သူ့ကိုမှ ပြန်မပြောဘဲ လျှို့ဝှက်စွာ နေလိုက်ကြပါတယ်။

အဲဒီကာလမှာ သူတို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးက တစ်စုံတစ်ရာ အဖုအထစ် မရှိသေးဘူးလို့ ယူဆရပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ချစ်ကျွမ်းဝင်နေဆဲပါ။ ဒိုင်ယာနာကလည်း သူ့မိတ်ဆွေထံ သူတို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေး သာယာချမ်းမြေ့ဆဲဖြစ်ကြောင်း ရေးသားခဲ့ပါတယ်။

၁၉၈၄ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့မှာ ဟယ်ရီလို့ ခေါ်တွင်မယ့် ဒုတိယမြောက် သားတော်ကို ပါဒင်တန်မှ စိန့်မေရီဆေးရုံမှာ ညနေ ၄ နာရီ မိနစ် ၂၀ အချိန် မွေးဖွားခဲ့ပါတယ်။ မင်းသမီးအတွက်တော့ ဒီအချိန်ဟာ ရှင်လန်းချမ်းမြေ့မှု အရှိဆုံးအချိန်ပါပဲ။ ဒါကြောင့် ဒိုင်ယာနာက 'ကျွန်မအနေနဲ့ ဝန်ခံရမယ်ဆိုရင် သားလေးဟယ်ရီကို မွေးဖွားတဲ့အချိန်မှာ အပျော်ရွှင်ဆုံးလို့ ခံစားရပါတယ်' လို့ ဆိုခဲ့ပါတယ်။ အဲဒီအချိန်နဲ့ အနီးစပ်ဆုံးအချိန်မှာပဲ နောက်ထပ် မင်္ဂလာသတင်းတစ်ခု ကျွန်တော့်အတွက် ကြားရပြန်ပါတယ်။ အဲဒါကတော့ ကျွန်တော့်ဇနီး မာရီယာမှာလည်း ပထမဆုံး သားဦး ကိုယ်ဝန်ဆောင်ပြီ ဆိုတဲ့သတင်းပါ။



❑

'ပေါလ်၊ မင်းသွားလေ။ ကလေးမတစ်ယောက်တည်း အကြာကြီး ခွဲမထားသင့်ဘူး' လို့ ဘုရင်မကြီးက မိန့်တော်မူပါတယ်။ မာရီယာက မီးဖွားရက် ခန့်မှန်းတာထက် ရက်သတ္တပတ်နှစ်ပတ် ကျော်လွန်နေပြီး ဝက်စ်မင်စတာဆေးရုံမှာ စောင့်နေရပါတယ်။ ကျွန်တော်က သူ ရှိနေတဲ့ အဆောင်နဲ့ အဆက်အသွယ်မပြတ် ရှိနေပြီး ဘာကင်ဟမ်နန်းတော်အတွင်းမှာ ပြုမြဲဝတ္တရားများကို ဆောင်ရွက်နေဆဲပါ။ ဘုရင်မကြီးက ရက်ကျော်နေတဲ့ ကျွန်တော့်ရင်သွေးအတွက် စိတ်ပူပြီး ဒီအချိန်မှာ ကျွန်တော့်ဇနီးသည်အနားမှာပဲ နေသင့်တယ်လို့ တိုက်တွန်းနေခြင်းပါ။ မာရီယာရဲ့ သတင်းထူးထူးချင်း သူ့ဆီကို ဖုန်းဆက်ရမယ်လို့ ဘုရင်မကြီးကိုယ်တိုင်က သူမရဲ့ ခြေမြန်တော် ဂျွန်တေလာကို ညွှန်ကြားထားပါတယ်။

ဘုရင်မကြီးထံမှ ခွင့်ပြုချက်ရရချင်း မာရီယာရှိရာ ဆေးရုံကို ကျွန်တော် ပြေးတော့ ကျွန်တော့်အရင်းနှီးဆုံး သူငယ်ချင်း ရော်ဂျာဂလိဒ်ကလည်း ကျွန်တော်နဲ့အတူ လိုက်ပါလာခဲ့ပါတယ်။ အဲဒီနေ့ ညနေ ၃ နာရီကနေ နောက်နေ့မနက် ၆ နာရီ မိနစ် ၄၀ အချိန်အထိ မာရီယာ့အပါးကနေ ကျွန်တော် တစ်ဖဝါးမှ မခွာခဲ့ပါဘူး။

၁၉၈၅ ခုနှစ် မေလ ၂၂ ရက်နေ့မှာ ကျွန်တော့်သားဦးဖြစ်တဲ့ အလက်ဇန္ဒားပေါလ်ဘာရယ်လ် လူလောကထဲကို ရောက်ရှိလာတာ ကျွန်တော်ကိုယ်တိုင် စောင့်ကြပ်ကြည့်ရှုခဲ့ပါတယ်။ လူ့ဘဝမှာ ရင်ခုန်စိတ်လှုပ်ရှားစရာ အကောင်းဆုံးအချိန်ဟာ ကိုယ့်ရင်သွေး လူ့လောကထဲ ရောက်ရှိလာတာကို စောင့်ကြည့်ရတဲ့ အချိန်ပဲဖြစ်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ အဲဒီအချိန်ကာလရဲ့ ထူးခြားဆန်းကြယ်တဲ့ စိတ်ခံစားမှုဟာ ဘယ်ခံစားမှုနဲ့မှ မတူပါဘူး။ မွေးခန်းထဲကနေ ကျွန်တော် ပြင်ဘက်ကို ထွက်လာတော့ ရော်ဂျာက ကော်ရစ်ဒါမှာ မတုန်မလှုပ် ကျောက်ရုပ်တစ်ခုလိုထိုင်ရင်း ကျွန်တော့်ကို စောင့်နေတာ တွေ့လိုက်ရပါတယ်။ ဘုရင်မကြီးမှာလိုက်တာကို သတိရလိုက်မိတယ်။ ပထမဆုံး ဖုန်းဆက်အကြောင်းကြားမှာက

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အဖေလည်း မဟုတ်ပါဘူး။ အမေလည်း မဟုတ်ပါဘူး။ ညီအစ်ကို၊ မောင်နှမတွေလည်း မဟုတ်ပါဘူး။ ကျွန်တော့် သခင်ဖြစ်တဲ့ ဘုရင်မကြီးပါ။

ခဏအကြာမှာတော့ ကင်စတန်နန်းတော်မှ စားဖိုမှူးနဲ့ အိမ်တော်ဝန်ဖြစ်တဲ့ ဆင်မ်ဆင်နဲ့ ဟာရီးဘရောင်းတို့ ရောက်ရှိလာကြပြီး သူတို့လက်ထဲမှာ ဒိုင်ယာနာ ပေးလိုက်တဲ့ ပန်းစည်းနဲ့ လက်ဆောင်ပစ္စည်းများ ပါလာပါတယ်။ ဒိုင်ယာနာ လက်ရေးနဲ့ ရေးထားတဲ့ စာက 'တော်လိုက်တဲ့ မိန်းကလေး… အချစ်များစွာဖြင့်… ဒိုင်ယာနာ၊ ဝီလျံနှင့်ဟယ်ရီ' ပါတဲ့။ ပန်းစည်းနဲ့အတူ ကလေးအတွက် ရေမြှုပ်မွေ့ရာကလေးတစ်ချပ်လည်း ပါလာပါသေးတယ်။

နောက်တစ်နေ့ထုတ် Sunday Mirror သတင်းစာကြီးရဲ့ မျက်နှာဖုံးမှာ 'မာရီယာရဲ့ တော်ဝင်ရင်သွေး မွေးဖွား' လို့ ခေါင်းစဉ်တပ်ပြီး ကျွန်တော့်သားဦးကလေးမွေးဖွားကြောင်း သတင်းဖော်ပြခဲ့ပါတယ်။

❑

သတင်းစာများမှာ ဖော်ပြထားတဲ့ ခေါင်းစည်းများကြောင့် ဘုရင်မကြီးက ရွှင်မြူးအားရတော်မူပါတယ်။ အဲဒါ့အပြင် ကျွန်တော်တို့ရဲ့ သားဦးရတနာကလေးကိုလည်း တွေ့မြင်ချင်တယ်လို့ ဆိုပါတယ်။ ၇ ရက်သား အရွယ်သာရှိသေးတဲ့ ဘယ်ကလေးငယ်မှ အင်္ဂလန်ပြည့်ရှင် ဘုရင်မကြီးရဲ့ ရှေ့တော်မှောက်ကို အခစားရောက်ဖူးကြမယ် မထင်ပါဘူး။ ကလေးမိခင်ဖြစ်သူက သားကိုပွေ့ချီလာပြီး ဖခင်ဖြစ်တဲ့ ကျွန်တော်က ဂုဏ်ယူဝင့်ကြွားတဲ့ မျက်နှာနဲ့ ဘုရင်မကြီးရဲ့ ဧည့်ခန်းဆောင်မှာ အခစားဝင်ကြရပါတယ်။ ဘားမိစ်လို့ အမည်ပေးထားတဲ့ သူ့အချစ်တော် မြင်းကြီးကိုစီးပြီး ပြန်ရောက်လာတဲ့ ဘုရင်မကြီးက ဝတ်လဲတော်များပင် လဲလှယ်ခြင်းမပြုတော့ဘဲ ကျွန်တော်တို့မိသားစုကို လက်ခံတွေ့ဆုံပါတယ်။ မနေ့ကမှ အရောင်ပြောင်လက်အောင် ကျွန်တော် တိုက်ချွတ်ပေးထားတဲ့ မြင်းစီးဖိနပ်၊ ရှပ်အင်္ကျီလက်ရှည်တို့ ဝတ်ဆင်ထားတဲ့ ဘုရင်မကြီးရဲ့ ရုပ်သွင်ဟာ နုပျိုလန်းဆန်းနေပါတယ်။ ဘုရင်မကြီးရဲ့ အချစ်တော် ဘားမိစ်မြင်းကြီးဟာ တစ်နှစ်ပတ်လုံး ရဲတပ်ဖွဲ့မှာ တာဝန်ထမ်းဆောင်ရရှာတဲ့ မြင်းကြီးဖြစ်ပြီး ဘုရင်မကြီးရဲ့ မွေးနေ့ရောက်ရင်တော့ ဂုဏ်ပြုခံတပ်ဖွဲ့ကို လှည့်လည်စစ်ဆေးဖို့အတွက် ဘုရင်မကြီးက သူ့ကိုစီးလေ့ရှိပါတယ်။

သားကိုပွေ့ချီထားတဲ့ မာရီယာက ဒူးညွှတ်အရိုအသေပြုလိုက်ပြီး ကျွန်တော်က ဦးညွှတ်လိုက်ပါတယ်။ ဘုရင်မကြီးနဲ့ ကျွန်တော်တို့ မိသားစု တရင်းတနှီး တွေ့ဆုံရတဲ့ပွဲမှာ သား အလက်ဇန္ဒားကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျ



နေရဲ့။ 'ခုလို တွေ့ဆုံခွင့်ရတာကို ကျွန်တော်တို့မိသားစု လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင် ဝမ်းသာပါတယ်ခင်ဗျာ' လို့ ကျွန်တော်က လျှောက်ထားလိုက်တော့ ဘုရင်မကြီးက ပြုံးတော်မူပြီး မာရီယာ ပွေ့ချီထားတဲ့ သားငယ်ကို အနီးကပ် မြင်တွေ့နိုင်ရအောင် အပါးသို့လျှောက်လာပါတယ်။ 'ကြည့်စမ်းပါဦး၊ သူ့လက်ချောင်းသေးသေးကလေးတွေနဲ့ ဆုပ်ထားလိုက်တဲ့ လက်သီး' လို့ မိန့်တော်မူပြီး ဘုရင်မကြီးက သူ့လက်ချောင်းတစ်ချောင်းနဲ့ သားလက်ကို ပွတ်သပ်တော်မူပါတယ်။ 'ကိုင်း… ကိုင်း… မင်းတို့အတွက် လက်ဆောင်တစ်ခု ပေးဦးမယ်' လို့ မိန့်တော်မူပြီး စားပွဲပေါ်မှာရှိနေတဲ့ အထုပ်တစ်ထုပ်ကိုယူကာ လှမ်းပေးပါတယ်။ 'ဒါ အလက်ဇန္ဒားအတွက်ပါ' လို့လည်း မြွက်ကြားတော်မူပါတယ်။

မာရီယာက ဘုရင်မကြီး လှမ်းပေးတဲ့ အထုပ်ကို ဖွင့်လိုက်တဲ့အခါမှာတော့ တစ်သျှူးပေပါနဲ့ သေသေသပ်သပ် ထုပ်ပိုးထားတဲ့ ကလေးသွားရည်ခံ အကောင်းစားကလေးနှစ်ခုကို တွေ့ရပါတယ်။ ကျွန်တော်တို့မိသားစုနဲ့ ဘုရင်မကြီးတို့ တွေ့ဆုံမှုဟာ ငါးမိနစ်ခန့်သာ ကြာတာဖြစ်ပေမယ့် ကျွန်တော်တို့ဇနီးမောင်နှံအတွက်တော့ တစ်သက်စာ ဂုဏ်ယူလို့ မဆုံးပါဘူး။

ဘုရင်မကြီးနဲ့ တွေ့ဆုံပြီး ပီတိအပြုံးများနဲ့ ထွက်လာချိန် ကော်ရစ်ဒါအရောက်မှာတော့ အနားက ဖြတ်သန်းသွားတဲ့ မင်းမှုထမ်းတစ်ယောက်ရဲ့ မှတ်ချက်စကားကြောင့် ကျွန်တော့်မှာ စိတ်ကသိကအောင့် ဖြစ်ခဲ့ရပါတယ်။ သူ ပြောသွားတာက 'ပေါလ်အနေနဲ့ လည်စည်းကလေးတော့ စည်းလာသင့်တာပေါ့' တဲ့။

အိမ်ထောင်သည် ဇနီးမောင်နှံဖြစ်သွားတဲ့ ကျွန်တော်တို့နှစ်ယောက်ကို ဘုရင်မကြီးက အရင်နေထိုင်ကြတဲ့ ဝန်ထမ်းအိမ်ရာမှာ မနေကြနဲ့တော့ဆိုပြီး အိပ်ခန်းနှစ်ခန်းပါတဲ့ ဘာကင်ဟမ်နန်းတော်ထဲက တစ်နေရာမှာ အခန်းပေးပါတယ်။ ကျွန်တော်တို့ရရှိတဲ့ အခန်းက ဥယျာဉ်တော်ရဲ့ အနောက်တောင်ထောင့်ဘက်မှာရှိတဲ့ အိမ်ရာစခန်းတစ်ခုပါ။ ဒီအိမ်ရာမှာ ဘုရင်မကြီးရဲ့ မြင်းများကို ထိန်းရတဲ့ မြင်းထိန်းသမားများ၊ စီးတော်ကားကို မောင်းနှင်ရတဲ့ ယာဉ်မောင်းများ နေထိုင်ကြတာပါ။ ဘုရင်မကြီးရဲ့ တော်ဝင်အခမ်းအနားများမှာ စီးနှင်တော်မူတဲ့ ရွှေရထားကို ဆွဲတဲ့ မြင်းကချည်း ၃၅ ကောင် မွေးထားတာပါ။

ဒီအိမ်ရာစခန်းရဲ့ ထူးခြားချက်ကတော့ မနက်တိုင်း ရေလာကူးတဲ့ ဒိုင်ယာနာ မင်းသမီးက ရေကူးပြီးတိုင်း ဖြတ်သန်းဖြတ်လာရှိတဲ့အပြင် မကြာခဏဆိုသလို အိမ်ရာစခန်းက ဝန်ထမ်းများနဲ့လည်း တရင်းတနှီး စကားဆိုတတ်ပါတယ်။ အလက်ဇန္ဒား ရက်သတ္တပတ် အရွယ်ရောက်ချိန်မှာ ဒိုင်ယာနာက သူ့မွေးနဲ့ ထိုးထား

www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဝတ်စုံကလေးတစ်စုံကို သားအတွက် လက်ဆောင်အဖြစ် ယူလာပေးပါတယ်။ သူက မာရီယာနဲ့ ကော်ဖီအတူတူသောက်ရင်း ရယ်ကြမောကြ စကားလက်ဆုံ ကျနေပါတယ်။ ကျွန်တော်တို့နှစ်ယောက်ရဲ့ အခန်းမှာရှိတဲ့ ချော့ကလက် ဘီစကစ်ပုံးကိုလည်း သူစားချင်ရင် သူ့ဘာသာသူ ဖွင့်ပြီး စားတတ်ပါသေးတယ်။

ဒိုင်ယာနာ ရေကူးတဲ့ ရေကူးကန်က ဘုရင်မကြီးရဲ့ အခန်းနဲ့ မလှမ်းမကမ်းမှာ ရှိပါတယ်။ သူ့ကားဝင်လာပြီဆိုရင် ဘုရင်မကြီးရဲ့ ဧည့်ခန်းပြတင်းပေါက်ကနေ တန်းနေအောင် မြင်ရတာကြောင့် သူ့အနေနဲ့ ရေကူးလာတိုင်း ယောက္ခမထံ ဝင်ရောက်နှုတ်မဆက်ဘဲ နေလို့ မသင့်တော် ဖြစ်ရပါတယ်။ ဒါကြောင့် ရေကူးပြီး မာရီယာဆီကိုမလာခင်မှာ ဘုရင်မကြီးထံ အခစားဝင်ခဲ့ရပါသေးတယ်။ ဘုရင်မကြီးရဲ့အခန်းက ထွက်လာရင်တော့ ကျွန်တော့်ကို 'မာရီယာ့ဆီ သွားလိုက်ဦးမယ်' လို့ ပြောတတ်ပါတယ်။ သူ ထွက်သွားပြီဆိုရင် ကျွန်တော်က မာရီယာ့ထံ ဖုန်းဆက်သွယ်ပြီး အစစအရာရာ အဆင်သင့်ရှိအောင်၊ အခန်းထဲမှာလည်း သေသေသပ်သပ် ဖြစ်နေအောင် ပြင်ဆင်ထားဖို့ သတိပေးရပါတယ်။

အလက်ဇန္ဒားကို ပထမဆုံးအကြိမ် ဒိုင်ယာနာ လာကြည့်တဲ့ အခေါက်တုန်းက မာရီယာရဲ့ မိခင်နဲ့ ကျွန်တော့်မိခင်လည်း ကျွန်တော်တို့အခန်းမှာ ရှိနေပါတယ်။ ဒိုင်ယာနာက ကျွန်တော်တို့အခန်းကို လာပြီဆိုရင် ဘယ်တော့မှ တံခါးခေါက်တာတွေ ဘာတွေ မရှိပါဘူး။ သူ့ဘာသာသူ တံခါးဖွင့်ပြီး တန်းဝင်လာတာပါပဲ။ အဲဒီအခေါက်တုန်းက ဒိုင်ယာနာနဲ့ အဘွားကြီးနှစ်ယောက်ကို မာရီယာက မိတ်ဆက်ပေးလိုက်တော့ အဘွားကြီးနှစ်ယောက်မှာ ဘာလုပ်ရမှန်းမသိ ဖြစ်ကုန်ကြပါတယ်။ ဒိုင်ယာနာက ကျွန်တော့်သားကိုကြည့်ပြီး 'အို... နည်းတဲ့ကောင်ကြီးမှ မဟုတ်ဘဲ' လို့ ရိုးမွမ်းစကားဆိုကာ ချယ်ရီသားနဲ့လုပ်ထားတဲ့ ပခက်တွင်းက သားကို မာရီယာနဲ့အတူ ချော့မြူနေကြချိန်မှာ အဘွားကြီးနှစ်ယောက် ပျောက်သွားကြပါတယ်။ နောက်မှ သိရတာကတော့ ဒိုင်ယာနာအပေါ်မှာ ဘယ်လိုနေရမှန်း မသိတာကြောင့် သူ့ကားနားမှာ သွားရပ်နေကြတာပါတဲ့။ ဒါကို ဒိုင်ယာနာ မြင်လိုက်တော့ 'အဲဒီလို မနေကြပါနဲ့။ အခန်းထဲလာကြပါ။ ကျွန်မနဲ့အတူတူ အလက်ဇန္ဒားလေးကို ချော့မြူကြရအောင်ပါ' လို့ လှမ်းပြီး ဖိတ်ခေါ်ခဲ့ပါတယ်။

မာရီယာနဲ့ ဒိုင်ယာနာတို့က အိမ်နီးချင်းများလို ဖြစ်နေကြပါတယ်။ ခင်ပွန်းသည်တွေ လုပ်ငန်းခွင်ကို သွားရောက်ကြချိန်မှာ အိမ်မှာ ကျန်ရစ်တဲ့ အိမ်ရှင်မနှစ်ဦး ပြောချင်ရာ ပြော၊ ဆိုချင်ရာ ဆို ရှိကြသလိုပါပဲ။ ၁၉၈၆ ခုနှစ် တစ်နှစ်လုံး ဒိုင်ယာနာဟာ နေ့စဉ်နဲ့အမျှ ဆိုသလို ကျွန်တော်တို့အခန်းကို ရောက်လာခဲ့တဲ့



အတွက် ပိုမိုရင်းနှီးမှု ရခဲ့ကြပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ ဇနီးမောင်နှံသာ သူ့ဝန်ထမ်းတွေဖြစ်ရင် သိပ်ကောင်းမှာပဲဆိုတဲ့ စိတ်ကူး ရသွားခြင်းပါ။ ကျွန်တော်တို့ချင်း ရင်းနှီးလာပြီး ၅ နှစ်ခန့်အကြာမှာ မာရီယာကို ဒိုင်ယာနာက သူမရဲ့ ဝတ်လဲတော်များထိန်းသိမ်းတဲ့ ဝန်ထမ်းအဖြစ် ထမ်းဆောင်ပေးဖို့ စကားကမ်းခဲ့ဖူးပါတယ်။ ဒါပေမယ့် မာရီယာက သူ့သခင်ဖြစ်တဲ့ ဖိလစ်မင်းသားကြီးနဲ့ ပတ်သက်လို့ ထမ်းဆောင်ရတဲ့ ဝတ္တရားများ မလစ်ဟင်းချင်တာကြောင့် ငြင်းပယ်ခဲ့ပါတယ်။

မင်းသမီးရယ်၊ ကျွန်မအနေနဲ့ မင်းသမီးရဲ့ တာဝန်များကို ထမ်းဆောင်ချင်ပါတယ်။ ဒါပေမယ့် ပေါလ်က ဘုရင်မကြီးအပေါ်ကနေ ခွာမှာမဟုတ်တဲ့အတွက် ကျွန်မက မင်းသမီးနောက်ကို လိုက်လို့ မဖြစ်ပါဘူး။ ပေါလ်ကိုယ်တိုင်ကလည်း ဘုရင်မကြီးကို မိခင်တစ်ယောက်လို တွယ်တာနေတာလေ' လို့ အကြောင်းပြန်ခဲ့ပါတယ်။ ဒါပေမယ့် ဒိုင်ယာနာကလည်း သူ ဆုံးဖြတ်ထားရင် ဆုံးဖြတ်ချက်အတိုင်း လုပ်တတ်တဲ့ အမျိုးသမီးတစ်ယောက် မဟုတ်လား။ လက်မလျှော့ဘဲ ထပ်ပြီး ကြိုးစားဦးမယ်ဆိုတာကို အဲဒီတုန်းက ကျွန်တော်တို့ မသိခဲ့ပါဘူး။ နေ့စဉ်နဲ့အမျှ ကော်ဖီသောက်ကြ၊ စကားတွေပြောကြ ရှိခဲ့ကြတဲ့အတွက် ရင်းနှီးမှုအတိုင်းအတာကလည်း နိုင်မာသထက် နိုင်မာလာခဲ့ပါတယ်။ တစ်နေ့မှာတော့ ဒိုင်ယာနာက 'ရှင်တို့နှစ်ယောက် ဟိုင်းဂရုဗ်စံအိမ် ဝန်ထမ်းတွေ ဖြစ်ကိုဖြစ်လာရမယ်' လို့ ဆိုခဲ့ပါတယ်။

နှစ်ယောက်စလုံးဟာ သားသည်အမေများ ဖြစ်တဲ့အတွက် သူတို့သားတွေအပေါ်မှာ ဘယ်လောက်သံယောဇဉ်ရှိကြတယ်ဆိုတာကို နှစ်ယောက်စလုံး သိကြပါတယ်။ အဲဒီအချက်ကို ကောင်းကောင်း သဘောပေါက်ထားတဲ့ ဒိုင်ယာနာက မာရီယာရဲ့ အားပျော့ချက်ကို အမိုင်ကိုင်လိုက်ပါတယ်။ မြို့ပေါ်မှာနေရတာ ကျန်းမာရေးနဲ့ မညီညွတ်ကြောင်း၊ ကျေးလက်ဒေသမှာ နေရခြင်းက ကလေးများအတွက် ကျန်းမာဖွံ့ဖြိုးမှုကို အထောက်အကူပြုကြောင်းတွေကိုပါ ပြောပြပြီး စည်းရုံးတော့တာပါပဲ။ သူ့စံအိမ်မှာသာ တာဝန်ထမ်းဆောင်မယ်ဆိုရင် အခုလို တိုက်တာအဆောက်အအုံရဲ့ ပထမထပ်မှာနေတာအစား မြေညီထပ်မှာနေရမယ့် ကျေးလက်အိမ်ကလေး တစ်လုံး ရရှိမှာဖြစ်တဲ့အပြင် သား အလက်ဇန္ဒား ကစားနိုင်မယ့် ကိုယ်ပိုင်ဥယျာဉ်မြေကလေးလည်း ရရှိဦးမှာဖြစ်ကြောင်း ပြောပြပါတယ်။ သူ့အပြောတွေမှာ မာရီယာကလည်း စိတ်ဝင်စားသထက် ဝင်စားလာတော့တာပေါ့။

နေ့စဉ်နှင့်အမျှ မာရီယာကို တစ်ရစ်ချင်း သိမ်းသွင်းနေတယ်ဆိုတာ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



လုံးဝမသိခဲ့ပါဘူး။ တစ်နေ့လုံး ကျွန်တော် ဘုရင်မကြီးအပါးမှာ ခစားနေစဉ်မှာပဲ ဖြစ်ဖြစ်၊ ခရီးသွားနေချိန်မှာဖြစ်ဖြစ် ဒိုင်ယာနာရဲ့ စကားများက မာရီယာရဲ့ရင်တွင်းကို ပိုမိုထိုးဖောက် ဝင်ရောက်နိုင်ခဲ့ပါတယ်။ အဲဒီကာလများမှာ ဒိုင်ယာနာက မင်းသမီးတစ်ပါးအနေနဲ့ ခရီးထွက်ရတာတွေ မရှိ။ ချားလ်စ်နဲ့ ဟိုဟိုဒီဒီ သွားလာရတာတွေလည်း မရှိ။ ခရစ္စမတ်ကိုလည်း မတက်ရောက်ရ။ ရှက်သဘော်နဲ့ ခရီးထွက်ရခြင်းလည်း မရှိတဲ့ ကာလများဖြစ်တာကြောင့် မာရီယာ့အပါးမှာပဲ အနေများခဲ့ပါတယ်။

၁၉၈၆ ခုနှစ်မှာတော့ မာရီယာကိုယ်တိုင်က ဟိုင်းဂရုဗ်စ်အိမ်မှာ နေရခြင်းက သားအတွက် ပိုကောင်းလိမ့်မယ်လို့ ဆုံးဖြတ်ချက်ချပြီး ဖြစ်သွားပါပြီ။ မင်းသမီးအနေနဲ့လည်း သူ့ဝန်ထမ်းများထဲမှာ အားကိုးအားထား ပြုလောက်တဲ့ မိတ်ဆွေတစ်ယောက် ရရှိသွားပြီပေါ့။ ကျွန်တော့်ကို သိမ်းသွင်းဖို့ကိစ္စကျတော့ ဒိုင်ယာနာ တိုက်ရိုက်ဆောင်ရွက်စရာ မလိုတော့ပါဘူး။ ကျွန်တော့်အိမ်သူ သက်ထားကိုယ်တိုင်က 'သူ့ကိစ္စတော့ ကျွန်မ တာဝန်ပဲ ထားပါ' လို့ တာဝန်ယူခဲ့ပါသတဲ့။

❑

၁၉၈၆ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့မှာ အင်ဒရူးမင်းသားက ဆာရာဖာဂူဆန်ဆိုတဲ့ မိန်းကလေးနဲ့ လက်ထပ်တဲ့အတွက် သူတို့မောင်နှံဟာ ယော့ခ်မြို့စားနဲ့ မြို့စားကတော် ဖြစ်လာပါတယ်။ သူတို့ လက်ထပ်တဲ့နေ့က ချားလ်စ်မင်းသားနဲ့ ဒိုင်ယာနာတို့ရဲ့ ပဉ္စမမြောက် နှစ်ပတ်လည်နေ့ မတိုင်မီ ရက်သတ္တပတ်အလို ဖြစ်ပါတယ်။

ဒီတစ်ကြိမ် လက်ထပ်မင်္ဂလာပွဲမှာတော့ ကျွန်တော်နဲ့ နာမည်တူဖြစ်တဲ့ မိတ်ဆွေ ပေါလ်ဝှိုင်ဘရူးက နန်းတော်ထဲမှာ နေခဲ့ရပြီး မင်္ဂလာ နံနက်စာ စားပွဲအတွက် ပြင်ဆင်ဖို့ တာဝန်ကျတဲ့အပြင် ဘုရင်မကြီးရဲ့ ခွေး ၉ ကောင်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ယူရပါတယ်။ ကျွန်တော်ကတော့ ဘုရင်မကြီးနဲ့ ကြင်ယာတော် ဖိလစ်မင်းသားတို့ စီးနင်းလိုက်ပါတဲ့ ၁၉၀၂ နှစ်လုပ် ရွှေရထားရဲ့ နောက်ကနေ အနီးကပ် လိုက်ပါခွင့်ရခဲ့ပါတယ်။

ဒီအခေါက်မတိုင်ခင် ကျွန်တော် ဒီရွှေရထားပေါ်မှာ စီးနင်းလိုက်ပါခွင့် ရခဲ့တာကတော့ ၁၉၈၀ ပြည့်နှစ်တုန်းက ကျင်းပတဲ့ ဘုရင်မ မယ်တော်ကြီးရဲ့ ၈၀ ပြည့်မွေးနေ့ ကျင်းပတဲ့ စိန့်ပေါလ်ဘုရားရှိခိုးကျောင်းကြီးကို တော်ဝင်မိသားစုဝင်များဖြစ်ကြတဲ့ ဘုရင်မကြီး၊ ဖိလစ်မင်းသားကြီး၊ အင်ဒရူးမင်းသား၊ အက်ဒဝပ်မင်းသားတို့နဲ့အတူ စီးနင်းခဲ့ရခြင်းပါ။ ရွှေရထားကို စီးနင်းလိုက်ပါရတိုင်း ကျွန်တော့်



အနေအထားက ဘုရင်မကြီးရဲ့ နောက်တည့်တည့်မှာ ဖြစ်တဲ့အတွက် ရင်ခုန်စိတ်လှုပ်ရှားစွာ လမ်းဘေးဝဲယာမှ အော်ဟစ်နှုတ်ဆက်နေကြတဲ့ ပြည်သူများကို တစ်ချက်ကလေးမှ ကြည့်ခွင့်မရှိပါဘူး။ ရှေ့တည့်တည့်ကိုသာ ကြည့်ရပါတယ်။ ဘုရင်မကြီးကတော့ သူ့ထုံးစံအတိုင်း လမ်းဘေးဝဲယာမှ နှုတ်ဆက်နေကြတဲ့ ပြည်သူအများကို လက်ဝှေ့ယမ်းသွားတာ ဘုရားရှိခိုးကျောင်းကို ရောက်တဲ့အထိပါပဲ။

တကယ်တော့ ဒီနေ့မနက်မှာ ကျွန်တော့်အနေနဲ့ နံနက်စာစားပွဲ တက်ရောက်ခွင့်လည်း ရခဲ့ပါသေးတယ်။ နံနက်စာ စားပွဲတက်မယ်ဆိုရင် ဘုရင်မကြီးနဲ့အတူ ဘုရားရှိခိုးကျောင်းကို လိုက်ပါနိုင်ခွင့်ရမှာ မဟုတ်တဲ့အတွက် ကျွန်တော့်ထုံးစံအတိုင်း ဘုရင်မနဲ့အတူ လိုက်ပါဖို့ကိုသာ ရွေးချယ်ခဲ့ပါတယ်။ ကျွန်တော့်ဇနီး မာရီယာကတော့ လက်ထပ်ပွဲ ကျင်းပရာ ဘုရားရှိခိုးကျောင်းကို မလိုက်တော့ဘဲ မနက်စာ စားပွဲမှာသာ တာဝန်ထမ်းဆောင်ရင်း ကျန်ရစ်ပါတယ်။ အဲဒီတုန်းကတော့ လန်ဒန်မြို့မှာ ထွက်တော်မူ အခမ်းအနား ကျင်းပရာမှာ ကျွန်တော့်အနေနဲ့ နောက်ဆုံးလိုက်ပါရခြင်း ဖြစ်တယ်ဆိုတာကို မသိခဲ့ပါဘူး။

ဆာရာဖာဂူဆန်က လက်မထပ်မီ လအနည်းငယ်အလိုကတည်းက ဘာကင်ဟမ်နန်းတော်ထဲသို့ ရွှေပြောင်းနေထိုင်ခဲ့ရတာဖြစ်ပြီး သူမအတွက် သီးခြားအခန်းပေးစရာမလိုတော့ဘဲ အင်ဒရူးမင်းသားနဲ့အတူ ချားလ်စ်တို့မောင်နှံ လက်ထပ်ပြီးခါစက နေခဲ့တဲ့ ဒုတိယထပ်က အခန်းတစ်ခန်းမှာ နေခဲ့ပါတယ်။ ဆာရာက ဒိုင်ယာနာနဲ့ မတူပါဘူး။ နန်းတော်ထဲကို ရောက်လာပေမယ့် ဒိုင်ယာနာလို အထီးကျန်မဆန်ပါဘူး။ သူမ ပတ်ဝန်းကျင်မှာ အပေါင်းအသင်းတွေ အများကြီး ရှိခဲ့ပါတယ်။ ဒိုင်ယာနာက အပေါင်းအသင်း မရှိခဲ့တဲ့အတွက် အောက်ထပ်မှာ နေထိုင်ကြတဲ့ ဝန်ထမ်းများနဲ့ ပေါင်းသင်းခဲ့ရပေမယ့် ဆာရာကတော့ အပေါ်ထပ်ကနေ မဆင်းတော့ပါဘူး။ မိတ်ဆွေအပေါင်းအသင်းတွေ နန်းတော်ထဲကို ဝင်လာမစဲ တသဲသဲ ခေါ်ဆောင်လာသလို ပါတီပွဲတွေ ကျင်းပခဲ့တာလည်း တခြိမ်းခြိမ်းပါပဲ။

သူတို့မောင်နှံက ပါတီပွဲ ကျင်းပပြီဆိုရင်လည်း ဟင်း ၅ မျိုးပါတဲ့ ညစာစားပွဲ တည်ခင်းပေးဖို့ အမိန့်ပေးလေ့ ရှိပါတယ်။ ဘုရင်မကြီးသည်ပင်လျှင် သူတို့လောက် အသုံးအဖြုန်း မရှိခဲ့ပါဘူး။ သူတို့က စားဖိုဆောင်မှဝန်ထမ်းများကို အဲဒီလိုတာဝန်တွေ အထပ်ထပ်ပေးပြီး နိုင်းစေပေမယ့် ဝန်ထမ်းများနဲ့တော့ ဘယ်တော့မှ ခွေးနွေးထွေးထွေး နေလေ့မရှိပါဘူး။

သူတို့က အချိန်ကန့်သတ်ချက် မရှိဘဲ စားချင်တဲ့အချိန်မှာ စားလေ့ရှိတဲ့အတွက်ကြောင့် စားဖိုဆောင်က ဝန်ထမ်းများ ညည်းညူလေ့ရှိပါတယ်။ ဘုရင်မကြီးက

www.burmeseclassic.com

www.burmeseclassic.com



သူ ညစာစားမယ့်အချိန်ကို အတိအကျ သတ်မှတ်ပေးထားပြီး အဲဒီအချိန်မှာ စားလေ့ရှိပေမယ့် ဆာရာတို့ဇနီးမောင်နှံကတော့ တစ်ခါတလေ ည ၁၀ နာရီလောက်မှ စားချင်တယ်လို့ မှာချင်မှာတာကြောင့် ဝန်ထမ်းတွေ ညည်းညူကြခြင်းပါ။

၁၉၈၆ ခုနှစ်မှာ လက်ထပ်တယ်ဆိုပေမယ့် ဆာရာက ၁၉၈၂ ခုနှစ်ကတည်းက ဘာကင်ဟမ်နန်းတော်ထဲကို ဝင်ထွက်သွားလာလေ့ရှိပြီး ဒီလိုပဲ စည်းမဲ့ကမ်းမဲ့ စားချင်သလို စားခဲ့တာပါ။ ဆာရာက အမှုထမ်းများကို အဲဒီလို မညှာမတာ နိုင်းစေလေ့ရှိတာကြောင့် မင်းမှုထမ်းများက သူ့ကွယ်ရာမှာ 'ဝင်ဆာရဲ့ မယားဆိုးများ' စာရင်းမှာ ထည့်သွင်းထားကြပါတယ်။ ဆာရာကလည်း ဘာကင်ဟမ်နန်းတော်အတွင်းကို ချွေးမတော်အဖြစ် မရောက်ခင်ကတည်းက မင်းမှုထမ်းများကို သူ မယုံကြည်ရမယ့်သူများလို့ ကြိုတင်သတ်မှတ်ထားပြီးသားပါ။

ဆာရာကလည်း ဒိုင်ယာနာလိုပဲ ယောက္ခမတော်ကြီးရဲ့ ချစ်ခင်မြတ်နိုးမှုကို လိုလားပါတယ်။ ဘုရင်မကြီးကလည်း သူ့သားတော်ကို ချစ်မြတ်နိုးတဲ့အတွက် လက်မထပ်မီ ရက်ပိုင်းအလိုမှာ ယော့ခ်မြို့စားအဖြစ် ခန့်အပ်ခဲ့ခြင်းပါ။ ဒီလိုနည်းနဲ့ ချွေးမအသစ်ဖြစ်လာတဲ့ ဆာရာဟာလည်း မြို့စားကတော်ရာထူးကို အလိုအလျောက် ရရှိသွားပါတယ်။ ဒါကလည်း ဘုရင်မကြီးရဲ့ ဖခင်ဖြစ်သူ ဆဋ္ဌမမြောက် ဂျော့ဘုရင် လက်ထက်ကတည်းက သားတော်၊ သမီးတော်များကို မြို့စားများအဖြစ် ချီးမြှင့်မြှောက်စားတဲ့ အစဉ်အလာအတိုင်း ချီးမြှင့်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

ဒါပေမယ့် ဆာရာကတော့ ဒါကိုနားမလည်ခဲ့ပါဘူး။ သားကို ချီးမြှောက်ခြင်းဖြစ်ပြီး ချွေးမကို တိုက်ရိုက်ချီးမြှောက်ခြင်း မဟုတ်ဘူးလို့ ယူဆခဲ့ပါတယ်။ မြို့စားရဲ့ဇနီးဖြစ်လို့သာ မြို့စားကတော် ဖြစ်လာခြင်းကို သူက ရောင့်ရဲခြင်း မရှိပါဘူး။ ဒါကြောင့် ဆာရာရဲ့နန်းတွင်းသူ့ဘဝမှာ စကတည်းက မကြည်လင်မှုများနဲ့ စခဲ့တယ်လို့ ဆိုရပါလိမ့်မယ်။ တော်ဝင်အသိုက်အဝန်းမှာလည်း ဆာရာဟာ နွေးထွေးတဲ့ ခရီးဦးကြိုမှုကို မရရှိခဲ့တဲ့အပြင် ပြင်ပစာနယ်ဇင်းများကလည်း ဆာရာကို စထွက်ကတည်းက ချီးကျူးထောပနာ မပြုခဲ့ကြပါဘူး။

နန်းတွင်းမှာ အမှုထမ်းကြတဲ့ အိမ်တော်ဝန်ထမ်းများကိုပင် ဆာရာအနေနဲ့ စည်းရုံးလို့ မရနိုင်ခဲ့ပါဘူး။ အမြင့်ဆုံး ဝန်ထမ်းမှ အနိမ့်ဆုံးဝန်ထမ်းအထိ ဘယ်သူကမှ သူ့ကို မကြည်ဖြူခဲ့ကြပါဘူး။ ဒါကြောင့် ဆာရာအနေနဲ့ တော်ဝင်မိသားစုအတွင်းကို ဝင်ရောက်လာချိန်မှာ ဘုရင်မကြီး၊ ဝေလမင်းသားနဲ့ မင်းသမီးတို့သာလျှင် သူမကို လက်ခံသူများအဖြစ် ရှိခဲ့ပါတယ်။

တစ်နေ့မှာတော့ ဆာရာက ဘာလ်မိုရယ်လ် စံအိမ်နောက်ပိုင်းကနေ ရှေ့အထိ



ခင်းထားတဲ့ ကျောက်ပြားများပေါ်မှာ တစ်ဒေါက်ဒေါက် အသံပေးပြီး လျှောက်လာခဲ့ပါတယ်။ အိမ်ရှေ့ပိုင်းအရောက်မှာ သူ့ဖိနပ်သံကို နားမခံသာတဲ့ ဝန်ထမ်းတစ်ဦးက 'ဆံပင်နီနဲ့ အဲဒီမိန်းမက ဘာများလိုချင်လို့ တဒေါက်ဒေါက်နဲ့ လျှောက်နေရတာလဲ မသိဘူး' လို့ အသံခပ်ကျယ်ကျယ်နဲ့ ပြောလိုက်ပါတယ်။ အဲဒီဝန်ထမ်းရဲ့ အသံကို ဆာရာ ကြားမှာသေချာပေမယ့် ဣန္ဒြေမပျက် ဆက်လျှောက်သွားပြီး မျက်နှာပေါ်မှာလည်း အပြုံးမပျက်စေရပါဘူး။ ဆာရာက အဲဒီလိုပါ။ သူ့ရင်ထဲမှာ ဘာတွေပဲဖြစ်နေနေ အပြုံးတုတစ်ခု ဖန်တီးပြီး ဘာမှမဖြစ်သလို ဟန်ဆောင်ကောင်းသူပါ။

❑

ကျွန်တော့်ဇနီး မာရီယာက ဝန်ထမ်းအိမ်ရာမှာ နေရတာ မပျော်တော့ပေမယ့် အပေါ်ယံကြောမှာ အင်မတန် ပျော်သယောင် ဟန်ဆောင်နေတတ်သူပါ။ အီဒင်ဘာရာ မြို့စားကြီးရဲ့အပါးမှာ အမှုတော်ထမ်းခဲ့ရတဲ့ဘဝကို လွမ်းလွမ်းဆွတ်ဆွတ် ရှိပါတယ်။ သားကလည်း နှစ်နှစ်သားအရွယ် ရောက်လာပါပြီ။ ဝန်ထမ်းအိမ်ရာမှာ နေရတာက သားအတွက် ကစားစရာနေရာ မရှိပါဘူး။ ဒါကြောင့် မာရီယာက ကျွန်တော်တို့ဇနီးမောင်နှံနှစ်ယောက် ဒိုင်ယာနာတို့ရဲ့ ဟိုင်းဂရုဗ်စံအိမ်မှာ ပြောင်းရွှေ့ အမှုတော်ထမ်းဖို့ အင်မတန် စိတ်အားထက်သန်ပါတယ်။

တစ်ညနေ သူနဲ့ကျွန်တော် အေးအေးဆေးဆေး ရှိနေတုန်းမှာ မာရီယာက စကားစလာပါတယ်။ 'ဒီမှာနေရတာ အဆင်မပြေလှဘူး ပေါလ်။ ရှင်က အမြဲတစေ လိုလို ခရီးထွက်နေရတာ၊ ဒီတော့ ကျွန်မတို့မိသားစု အနာဂတ်အတွက် တစ်ခုခုတော့ စဉ်းစားဖို့သင့်ပြီ' လို့ ဆိုတယ်။ သား အလက်ဇန္ဒားအတွက် ကစားစရာနေရာ မရှိသလို ကျွန်တော်တို့ဇနီးမောင်နှံအနေနဲ့ နောက်ထပ် ကလေးတစ်ယောက် ယူမယ်ဆိုရင်လည်း နေစရာနေရာ မရှိပါဘူး။ ဒိုင်ယာနာပြောတဲ့ ကျေးလက်ဘဝကတော့ အားလုံးအဆင်ပြေနိုင်တယ်ပေါ့။ နေရေး၊ ထိုင်ရေး အဆင်ပြေတာ မပြေတာထက် ကျွန်တော့်ဇနီး စိတ်ပျော်ရွှင်စေချင်ပါတယ်။ ဒီအချက်ကို ကျွန်တော် အဓိက ထားပြီး စဉ်းစားဖို့ ဖြစ်လာတာကြောင့် သူက တိုက်တိုက်တွန်းတွန်း ပြောကြား လာပါတယ်။ 'ကျွန်မတို့နှစ်ယောက် ဝေလမင်းသားရဲ့ အိမ်တော်မှာ ပြောင်းရွှေ့ အမှုထမ်းမယ်ဆိုရင် အားလုံးအဆင်ပြေသွားနိုင်တယ်။ ရှင်က ဘဏ္ဍာစိုး လုပ်၊ ကျွန်မက ဒိုင်ယာနာအပါးမှာ အမှုတော်ထမ်းလို့ရတယ်' တဲ့။

'မဖြစ်နိုင်ပါဘူးကွာ။ ငါ့အနေနဲ့ ဘုရင်မကြီးအပါးကနေ ဘယ်ကိုမှ သွားချင်စိတ်မရှိဘူး' လို့ ကျွန်တော်ကလည်း အပြတ်ငြင်းလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ညပေါင်းတော်တော်များများ ဒီအကြောင်းကို မာရီယာက ထပ်ခါတလဲလဲ ပြောကြားလာပေမယ့် အဆုံးသတ်ကတော့ အတူတူပါပဲ။ ကျွန်တော်က ဘုရင်မကြီးကို မိခင်တစ်ယောက်လို ခင်တွယ်နေတဲ့အတွက် သူ့အမှုတော် ထမ်းနေရာကနေ ဘယ်ကိုမှ မရွှေ့ပြောင်းချင်ပေမယ့် ဇနီးဖြစ်သူရဲ့ မပျော်မရွှင်တဲ့ မျက်နှာကို မြင်ရဖန် များလာတဲ့အခါမှာတော့ ကျွန်တော်ကိုယ်တိုင်လည်း စိတ်ရှုပ်လာပါတယ်။ ကျွန်တော့်အတွက် ဘုရင်မကြီးဟာ ပထမဦးစားပေး ဖြစ်တာမှန်ပေမယ့် ဒုတိယဦးစားပေးဖြစ်တဲ့ ဇနီးသည်အတွက် တာဝန်မကျေတာကိုလည်း မဖြစ်ချင်ပါဘူး။ အဲဒါအပြင် ကျွန်တော် ဘုရင်မကြီးအတွက် တာဝန်ထမ်းဆောင်ရတယ်ဆိုတာက အပါးမှာ ခစားရတဲ့ ခြေမြန်တော်အဖြစ်သာ ခစားရခြင်းပါ။ ဒါကြောင့် ဝေလမင်းသားရဲ့ အိမ်တော်မှာ ဘဏ္ဍာစိုးအဖြစ် တာဝန်ထမ်းဆောင်ရမယ်ဆိုရင် ဒီတာဝန်ကြီးကို ကျွန်တော် လုံးဝဥဿုံ ထမ်းဆောင်နိုင်ပါ့မလားလို့ ကိုယ့်ကိုယ်ကိုယ်လည်း သံသယဖြစ်မိပါတယ်။ ဘုရင်မကြီးနဲ့အတူ ကမ္ဘာ့နိုင်ငံအသီးသီးသို့ လှည့်လည်သွားရောက်ရခြင်းအပေါ်မှာလည်း ကျွန်တော် သာယာမိခြင်းက ဘယ်နေရာကိုမှ မပြောင်းရွှေ့လိုခြင်းရဲ့ အကြောင်းအရင်းများထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါလိမ့်မယ်။

'မာရီယာ၊ ကိုယ့်အနေနဲ့ လက်ရှိထမ်းဆောင်နေရတဲ့ တာဝန်ဟာ ကမ္ဘာပေါ်မှာ ကိုယ်နဲ့ အသင့်တော်ဆုံးအလုပ်လို့ ထင်တယ်။ ဒီအလုပ်ကို ကိုယ် စွန့်ပစ်လိုက်ရမှာလား' လို့ မေးမိပါတယ်။

'ဟုတ်တယ်။ ရှင် စွန့်ပစ်ရလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ရှင့်မိသားစုအတွက် ဖြစ်လို့ပဲ' လို့ သူကလည်း ယတိပြတ်ပဲ ဖြေကြားလာပါတယ်။

မင်းမှုထမ်းဘဝမှာ ပျော်ရာမှာ မနေ၊ တော်ရာမှာ နေရမယ် မဟုတ်လား။ ကျွန်တော် ပျော်တဲ့နေရာက ဘုရင်မကြီးအပါးမှာပါ။ ဒါပေမယ့် မိသားစုကိစ္စနဲ့ စဉ်းစားပြန်တော့ ဟိုင်းဂရုဗ်စံအိမ်က ကျွန်တော်တို့အတွက် အဆင်ပြေနိုင်မယ့်နေရာဖြစ်တယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်။ ဒိုင်ယာနာနဲ့ မာရီယာတို့ မိန်းမသားနှစ်ယောက် အားလပ်ချိန်တိုင်း တွတ်ထိုးကြပြီး အသေးစိတ် စီစဉ်အကွက်ချထားပြီးဆိုတာလည်း ကျွန်တော် သိလိုက်ပါတယ်။

'မင်းတို့နှစ်ယောက်က ဘယ်လောက်များ အချိန်ယူပြီး တိုင်ပင်ဆွေးနွေးထားကြတာလဲကွာ' လို့ မေးလိုက်တော့ မာရီယာက 'ကြုံရင်ကြုံသလိုပါပဲ။ ကျွန်မတို့နှစ်ယောက် ဒီအကြောင်း ဆွေးနွေးလာကြတာ တစ်နှစ်လောက်တောင် ရှိရောမယ်။ ရှင့်အနေနဲ့ ဟိုင်းဂရုဗ်စံအိမ်ကို တစ်ခေါက်လောက်ဖြစ်ဖြစ် သွားပြီး လေ့လာကြည့်ပါလား။ ရှင် စိတ်မပါရင်တောင် ကျွန်မအတွက် သွားကြည့်ရတယ်လို့ပဲ သဘောထားလိုက်ပါ' လို့ မာရီယာက ဖြေကြားလာပါတယ်။



နောက်ဆုံးမှာတော့ ကျွန်တော် လက်လျှော့လိုက်ပါတော့တယ်။ မာရီယာက ကျွန်တော် သဘောတူလိုက်ပြီဖြစ်ကြောင်း ဒိုင်ယာနာထံ အကြောင်းကြားပြီးနောက် ဟိုင်းဂရုဗ်စံအိမ်ကို ကျွန်တော်တို့ လာလည်ဖို့လည်း အသေးစိတ် စီစဉ်ကြပါတယ်။ အဲဒီနှစ် နွေရာသီတစ်နေ့မှာတော့ ဟိုင်းဂရုဗ်စံအိမ်ရဲ့ ဘဏ္ဍာစိုးဖြစ်တဲ့ ဟာရီးဘရောင်းက ကျွန်တော့်ကို ဟိုင်းဂရုဗ်စံအိမ် အလည်အပတ် ခေါ်ဆောင်သွားဖို့ သဘောတူလိုက်ပါတယ်။ အလည်အပတ်သွားစဉ်မှာ စံအိမ်ရဲ့အနေအထားကိုသာမက စံအိမ်ဝန်ထမ်းများရဲ့ အိမ်ရာစခန်းကိုပါ လေ့လာခွင့်ရမှာပါ။ ဟာရီး ကျွန်တော့်ကို လာခေါ်တဲ့နေ့က ရုံးပိတ်ရက်မဟုတ်တဲ့ ကြားရက်တစ်ရက်ပါ။ သူက ဟိုင်းဂရုဗ်စံအိမ်ရဲ့ အခန်းများကို တစ်ခန်းချင်း လိုက်ပြပါတယ်။ လှလိုက်တဲ့ စံအိမ်။ ဥယျာဉ်များကလည်း လှမှလှပါပဲ။ ဒီစံအိမ်ကို မြင်ရတော့ ဂလော်ဆက်စတာရှိုင်းယားမှ အိမ်မင်းသမီးရဲ့ စံအိမ်ကို သတိရမိပါတယ်။ စံအိမ်မှာရှိတဲ့ အခန်းတိုင်းက ကျေးလက်မြင်ကွင်းကို မြင်နိုင်ခွင့်ရှိပြီး ရှုပ်ထွေးလှတဲ့ လန်ဒန်ရဲ့ မြင်ကွင်းများနဲ့ လုံးဝမဆိုင်ပါဘူး။ ဆိတ်ငြိမ်အေးချမ်းတဲ့ နေရာကလေးပါပဲ။ လယ်ကွင်းများထဲက သိုးများ၊ နွားများရဲ့ အော်မြည်သံကို ကြားရပါတယ်။ လန်ဒန်မှာတော့ ဒီလိုအသံတွေ မကြားနိုင်ဘဲ ကားများရဲ့ဟွန်းသံများကသာ ကြီးစိုးနေတာပါ။ အေးချမ်းတဲ့ ဒီနေရာကလေးကို ကျွန်တော် သဘောကျသွားပြီး သားကြီး အလက်ဇန္ဒားနဲ့ နောက်ထပ်မွေးလာမယ့် ရင်သွေးများ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် ကြီးပြင်းနိုင်မယ့်အရေးကို တွေးမိပြီး စိတ်ကြည်နူးမိပါတယ်။

ဘဏ္ဍာစိုး ဟာရီးက ဟိုင်းဂရုဗ်စံအိမ်နဲ့ မိုင်ဝက်လောက်ဝေးမယ့် ကလို့စ်ယာခင်းဆီကို ခေါ်သွားပြီး ကျွန်တော်တို့ နေခွင့်ရမယ့် အိမ်တစ်လုံးကို ပြပါတယ်။ ကျွန်တော့်ရင်ထဲမှာ အေးစိမ့်သွားပါတယ်။ ဒီအိမ်မှာ နှစ်ပေါင်းများစွာ ဘယ်သူမှ နေခဲ့ကြပုံမရပါဘူး။ အိမ်တစ်အိမ်လုံး ရှုပ်ပွပြီး ပြတင်းပေါက်များက အစ ပျက်စီးနေပါပြီ။ ဒီအိမ်မှာသာနေရမယ်ဆိုရင် တော်တော်ကလေးကို ပြင်ဆင်ရဦးမယ်လို့ တွေးလိုက်မိပါတယ်။

'အိမ်က ပျက်စီးနေလို့ စိတ်ပျက်မသွားနဲ့ ပေါလ်။ ဒီအိမ်ကို ခင်ဗျားတို့အတွက် မင်းသမီးက အစအဆုံးပြင်ပေးဖို့ စီစဉ်ထားပြီးသား' လို့ ဟာရီးက ကျွန်တော့်ကို အာမခံလိုက်ပါတယ်။

အိမ်ကို ပြင်ပေးမယ်ဆိုတော့ ဘယ်လိုပြင်ပေးမလဲလို့ ကျွန်တော် စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



မနေပါဘူး။ ဘာကင်ဟာမ်ရွှေနန်းတော်ကြီးရဲ့ မင်းမှုထမ်းများနေရတဲ့ နေရာကို စွန့်ခွာပြီး ဒီလိုနေရာမျိုးမှာ လာနေရတယ်ဆိုတာကိုပဲ ကျွန်တော့်မှာ တွေဝေစရာ ဖြစ်သွားပါတယ်။

အိမ်ပြန်ရောက်တော့ ကျွန်တော့် အိမ်သူသက်ထားကတော့ မျှော်လင့်ချက်ကြီးစွာနဲ့ စောင့်ကြိုနေပါတယ်။ သူ စိတ်ပျက်သွားမှာ စိုးပေမယ့် ကျွန်တော်ကြုံတွေ့ခဲ့ရတဲ့ အိမ်ရဲ့အပျက်အစီးအကြောင်းကို ဖွင့်ပြောလိုက်ရပါတယ်။ ကျွန်တော်က ဘာကင်ဟာမ်နန်းတော်ထဲက မင်းမှုထမ်းများ နေရတဲ့နေရာဟာ ဟိုင်းဂရုဗ်မှာ နေရမယ့် နေရာထက် အဆပေါင်းများစွာ သာလွန်တဲ့အကြောင်း သူ စိတ်ပျက်လောက်အောင် ပြောပေမယ့် မာရီယာကတော့ စိတ်မပျက်ပါဘူး။ မြို့ပြကိုစွန့်ခွာပြီး ကျေးလက်မှာ နေလိုစိတ်သာ ပြင်းပြနေပါတော့တယ်။

'ရှင်ပြောတဲ့အိမ်က ဘယ်လောက်ပဲစုတ်စုတ်၊ ကျွန်မတို့ စိတ်ရှည်လက်ရှည် ပြင်ကြမယ်ဆိုရင် ကျေးလက်မှာ အင်မတန်နေဖို့ကောင်းတဲ့ အိမ်ကလေးတစ်လုံး ဖြစ်လာမှာပါ' လို့ အကောင်းမြင်ဘက်ကနေလှည့်ပြီး ပြောပြန်ပါတယ်။ ကျွန်တော်ကတော့ ဘာကင်ဟာမ်နန်းတော်ကြီးထဲမှာပဲ နေချင်ပါတယ်။ ကျွန်တော့်အပေါ်မှာ ဘုရင်မကြီးလောက်ကောင်းတဲ့ သခင်မျိုးလည်း ဘယ်နေရာမှ တွေ့နိုင်မှာမဟုတ်ဘူးလို့ ယူဆပါတယ်။ ဒါပေမယ့် တစ်ဖက်က ကျွန်တော့်ဇနီးသည်ရဲ့ စိတ်မချမ်းသာမှုကလည်း ကျွန်တော့်အတွက် တွေဝေစရာအချက်တစ်ခု ဖြစ်လာစေခဲ့ပါတယ်။

ဝေလမင်းသားထံမှာ ကျွန်တော် အမှုထမ်းဖို့ စဉ်းစားကြည့်ပါတယ်။ မင်းမှုထမ်းများကြားမှာ သတင်းကြီးတာက ဝေလမင်းသားဟာ တိကျတယ်၊ ပြတ်သားတယ်။ မင်းမှုထမ်းများကို ဆက်ဆံရာမှာ မာကြောတယ်လို့ ဆိုကြပါတယ်။ ကျွန်တော့်သခင်ဖြစ်တဲ့ ဘုရင်မကြီးကတော့ ကျွန်တော်တို့ကို ဆက်ဆံရာမှာ နူးညံ့ပျော့ပျောင်းပါတယ်။ မာရီယာအနေနဲ့ ဒိုင်ယာနာရဲ့အပါးမှာ အမှုထမ်းမယ်ဆိုပြန်တော့ သူတို့နှစ်ယောက်ကတော့ ရင်းနှီးကျွမ်းဝင်ပြီးသား ဖြစ်တဲ့အတွက် ပြဿနာ မရှိလောက်ဘူးလို့ ထင်ပါတယ်။ သား အလက်ဇန္ဒားကို ကြည့်လိုက်ပြန်တော့ သူ့အနေနဲ့ မြို့ပြမှာ ကျဉ်းကျဉ်းကျပ်ကျပ် ကြီးပြင်းရတာနဲ့စာရင် ကျေးလက်မှာ ကြီးပြင်းရတာက ပိုပြီးအဆင်ပြေလိမ့်မယ်လို့ ထင်ပါတယ်။ အားလုံးကို ခြုံငုံစဉ်းစားလိုက်တော့ မိသားစုအရေးဟာ ကျွန်တော့်အတွက် ထိပ်ဆုံးက ဦးစားပေးရမယ့် ကိစ္စဖြစ်လာခဲ့ပါတယ်။

ဟိုင်းဂရုဗ်မှာ ပြောင်းရွှေ့အမှုထမ်းမယ်လို့ ကျွန်တော့်စိတ်ထဲမှာ ဆုံးဖြတ်ပြီးဖြစ်ပေမယ့် မာရီယာကိုတော့ ကျွန်တော့်ဆုံးဖြတ်ချက် မပြောသေးပါဘူး။ ကိုယ်ကိုယ် မသေမချာ ဖြစ်နေသေးလို့ပါပဲ။ ဘာကင်ဟာမ်နဲ့ ဟိုင်းဂရုဗ် ကျွန်တော့်ရင်ထဲမှာ လွန်ဆွဲနေတုန်းပါ။ ဘုရင်မကြီးအပါးမှာ အနီးကပ် ခစားခွင့်ရတဲ့ ကျွန်တော့်နေရာမျိုး ရောက်လာတဲ့ ဘယ်မင်းမှုထမ်းမှ တခြားတော်ဝင်မိသားစုများထံ ပြောင်းရွှေ့အမှုထမ်းတာ မရှိခဲ့ဖူးပါဘူး။ ကျွန်တော့်အလှည့်ကျမှ ဒီလိုပြောင်းရွှေ့ တာဝန်ထမ်းဆောင်တယ်ဆိုတာကရော သင့်တော်ပါ့မလားလို့ တွေးတောရပြန်ပါတယ်။



ကျွန်တော့်မိတ်ဆွေကြီး ပေါလ်ဗိုင်းဘာရူးကို ကျွန်တော့်စိတ်ကူး ပြောပြတော့ သူက 'မင်း ရူးနေသလား' လို့ ဩဘာပေးပါတယ်။ ဘာကင်ဟာမ်ရွှေနန်းတော်ကြီးကို စွန့်ခွာပြီး ကျေးလက်မှာ သွားရောက်တာဝန်ထမ်းဆောင်မယ်ဆိုတာကို သူက လုံးဝလက်မခံပါဘူး။ မင်း ပြန်စဉ်းစားပါဦးလို့လည်း ကျွန်တော့်ကို တိုက်တွန်းပါတယ်။ တကယ်တော့ သူ့အခြေအနေနဲ့ ကျွန်တော့်အခြေအနေက လုံးဝ မတူပါဘူး။ သူက လူပျိုလူလွတ်ဖြစ်တဲ့အတွက် ပျော်ရာမှာနေလို့ ဖြစ်ပါတယ်။ ကျွန်တော့်မှာတော့ မိသားစုအရေးကိစ္စက ရှိနေတာကြောင့် ပျော်ရာထက် တော်ရာကို ဦးစားပေးရပါတော့မယ်။ နောက်ဆုံးမှာတော့ ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်ပါပြီ။ ဒါပေမယ့် ဘုရင်မကြီးကို ဘယ်လိုသံတော်ဦးတင်ရမလဲဆိုတာကိုတော့ ကျွန်တော် မတွေးရဲသေးပါဘူး။

၁၉၈၇ ခုနှစ် ဇွန်လမှာ ကျင်းပတဲ့ Epsom မြင်းပွဲကို ချားလ်စ်မင်းသားကိုယ်တိုင် တက်ရောက်အားပေးပါတယ်။ အထူးဧည့်သည်တော်များအတွက် စီစဉ်ပေးထားတဲ့နေရာမှာ မင်းသားက ကြိမ်ကုလားထိုင်တစ်လုံးမှာ ထိုင်ရင်း သူ့ထံ ရောက်ရှိလာတဲ့ စာများကို ဖတ်ရှုနေပါတယ်။ ဒီမြင်းပွဲမှာ ဘုရင်မကြီး၊ အီဒင်ဘာမြို့စားကြီး၊ အလက်ဇန္ဒြားမင်းသမီး၊ ကင့်မြို့စား၊ မင်းသမီး မိုက်ကယ်လ်နဲ့ တခြားတော်ဝင်မိသားစုဝင်များ မြင်းပွဲမစမီမှာ အချိုရည်များ သောက်သုံးရင်း စကားစမြည် ပြောဆိုနေကြတာ ကျွန်တော်နဲ့ ပေအနည်းခန့်သာ ဝေးပါတယ်။ စာတွေဖတ်နေတဲ့ မင်းသားထံပါးကို ကျွန်တော် ကပ်သွားပြီး အအေးတစ်ခုခုများ သောက်မလားလို့ လျှောက်ထားမေးမြန်းလိုက်တဲ့အခါမှာ မင်းသားက သူ့ထုံးစံအတိုင်း သံပရာရည် သောက်မယ်လို့ ဆိုပါတယ်။ သံပရာရည်ခွက်ကို ဗန်းပေါ်တင်ပြီး ယူဆောင်လာကာ မင်းသားအနားကို ကပ်လိုက်ချိန်မှာ မင်းသားက ကိုယ့်ကို ကိုင်းညွတ်လိုက်ပြီး ခပ်တိုးတိုး ဆိုပါတယ်။ 'မင်းသမီးက ပြောတော့ မကြာခင် မင်း တို့များရဲ့ စံအိမ်မှာလာပြီး အမှုထမ်းတော့မယ်ဆို' လို့ မေးပါတယ်။

သူ သိပြီးသား ဖြစ်နေပြီ။ ကန့်ကွက်မယ့်ပုံ မရှိပါဘူး။ ဒါပေမယ့် သူ့မယ်

www.burmeseclassic.com

www.burmeseclassic.com



တော်နဲ့ စကားစပ်လို့များ ပြောလိုက်လေမလားလို့ ကျွန်တော် စိုးရိမ်သွားပါတယ်။ ဒါကြောင့် 'အရှင်မင်းသား၊ မယ်တော်ကြီးကိုတော့ ဘာမှမပြောပါနဲ့ဦး။ ကျွန်တော်မျိုးကိုယ်တိုင် လျှောက်တင်ချင်လို့ပါ' လို့ နှုတ်ပိတ်လိုက်ရပါတယ်။

❑

Epsom မြင်းပွဲပြီးလို့ နှစ်ပတ်လောက်ကြာတဲ့အခါ ဘုရင်မကြီးက ဘာမိုရယ်လ်မှာရှိတဲ့ စံအိမ်မှာ ပြောင်းရွှေ့စံနေတဲ့အတွက် ကျွန်တော်လည်း အတူလိုက်ပါသွားရပါတယ်။ တစ်ရက်မှာတော့ သူ့အချစ်တော် ခွေးကလေးများနဲ့ လမ်းလျှောက်ပြီး ပြန်လာပါတယ်။ ဧည့်ခန်းထဲမှာထိုင်ပြီး အပန်းဖြေနေတုန်း ကျွန်တော် အရဲစွန့်လိုက်ပါတယ်။

'ကျွန်တော်မျိုး လျှောက်တင်စရာတစ်ခုရှိလို့ လျှောက်ထားပါရစေ' လို့ ပြောလိုက်တော့ ဘုရင်မကြီးက ပြုံးတော်မူပါတယ်။ 'လျှောက်ထားစရာ ဆိုပေမယ့် ကျွန်တော်မျိုးအနေနဲ့ ဘယ်လိုစပြီး လျှောက်ထားရမယ်ဆိုတာတောင် မစဉ်းစားတတ်တော့ပါဘူး' လို့ ကျွန်တော့်ပါးစပ်က ထွက်သွားပါတယ်။ ပြုံးနေတဲ့ဘုရင်မကြီးရဲ့ မျက်နှာကိုကြည့်ပြီး ကျွန်တော့်ဆုံးဖြတ်ချက်ကိုတောင် ပြင်ချင်သလို ဖြစ်လာပါတယ်။

'ဘာများလဲ ပေါလ်'

'ကျွန်တော်မျိုး လျှောက်ထားဖို့ရာ အင်မတန် ခက်ခဲပါတယ်' လို့ ကျွန်တော် ပြောတော့ ဘုရင်မကြီးက ကျွန်တော့် စကားကို ငံ့လင့်နေတဲ့ မျက်နှာနဲ့ ကြည့်နေပါတယ်။ သူ့အပါးမှာ ကျွန်တော် မင်းမှုထမ်းအဖြစ် အမှုထမ်းခဲ့တာ ၁၀ နှစ်ရှိခဲ့ပါပြီ။ ဒီသက်တမ်းတစ်လျှောက်အတွင်းမှာ အခုလို ပါးစပ်ကထွက်ဖို့ ခက်ခဲလှတဲ့ကိစ္စ တစ်ခုမှ မကြုံခဲ့ဖူးပါဘူး။

'ကျွန်တော်မျိုးအနေနဲ့ အချိန်တော်တော်ယူပြီး စဉ်းစားခဲ့ရတာပါ' လို့ ဆိုပြန်တော့လည်း ဘုရင်မကြီးက အပြုံးမပျက်ပါဘူး။ '····ပြီးတော့ ဆုံးဖြတ်ရ အင်မတန်ခက်ခဲတဲ့ ကိစ္စတစ်ရပ်လည်း ဖြစ်ပါတယ်' လို့ စကားဆက်လိုက်ပေမယ့် နောက်ထပ် ဘာပြောရမှန်းမသိလို့ အချိန်တော်တော် ကြာသွားပါတယ်။ ကြာသွားတဲ့အချိန်က ဘုရင်မကြီး ခွေးကလေးများနဲ့ နောက်တစ်ခေါက် လမ်းလျှောက်ထွက်လို့တောင် ရနိုင်ပါတယ်။ ပြီးတော့မှ '···· ကျွန်တော်မျိုးအနေနဲ့ ဝေလမင်းသား၊ ဝေလမင်းသမီးတို့နဲ့ တိုင်ပင်ပြီးတော့ သူတို့ထံပါးမှာ အမှုတော်ထမ်းချင်လို့ပါ။ ဒါကလည်း ကျွန်တော်မျိုးအကျိုးအတွက် မဟုတ်ဘဲ မိသားစုအတွက် စဉ်းစားရခြင်း ဖြစ်လို့ပါ'



'ပေါလ်…'

ဘုရင်မကြီးက စကားသံ ထွက်လာပါတယ်။ 'မောင်မင်း လျှောက်တင်ဖို့ မလိုတော့ပါဘူး။ သားတော် ချားလ်စ်မင်းသားက အကုန်လုံး လျှောက်ထားခဲ့ပြီးပါပြီ' လို့ ဆိုပါတယ်။ ကျွန်တော် ဖြစ်နေတဲ့ပုံစံကို ကြည့်ပြီး စာနာသနားလို့ ကျွန်တော့်စကားကို ဖြတ်လိုက်ပုံရပါတယ်။ 'တကယ်တော့ မောင်မင်းက ဘာကင်ဟမ်နန်းတော်ကြီးကို စွန့်ခွာသွားတာ မဟုတ်ပါဘူး။ ခေတ္တခဏ ပြောင်းရွှေ့အမှုထမ်းခြင်းသာ ဖြစ်တယ်။ ချားလ်စ်နဲ့ ဒိုင်ယာနာအနေနဲ့လည်း မောင်မင်းတို့လို အမှုထမ်းမျိုး လိုအပ်ပါတယ်။ တစ်နေ့ကျရင် တို့များ မရှိတော့တဲ့အချိန် သူတို့နှစ်ယောက်က ဘုရင်နဲ့ မိဖုရားဖြစ်လာပြီး ဟောဒီနေရာကို ပြန်ရောက်ကြမှာပဲ မဟုတ်လား' လို့ ပြောကြားပြီး ကျွန်တော့်ကို နှစ်သိမ့်ပါတယ်။

သူ့အပါးကနေ ကျွန်တော် ထွက်ခွာတော့မယ်ဆိုတော့ နောက်ထပ် ပြောတာက 'ဘာပဲဖြစ်ဖြစ် ပေါလ်ရယ်၊ မင်းအနေနဲ့ မိသားစုအတွက် စဉ်းစားပြီး ဆုံးဖြတ်ရတာဖြစ်လို့ အကောင်းဆုံး အကြောင်းပြချက်ပါ။ တို့ဘက်ကလည်း နားလည်ပါတယ်'

'ကျွန်တော်မျိုးကို နားလည်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်' လို့ လျှောက်ထားခဲ့ရပါတယ်။

ဇွန်လကုန်မှ ဩဂုတ်လဆန်းအထိ ကျွန်တော့်တာဝန်များကို ပုံမှန်အတိုင်း ထမ်းဆောင်ခဲ့ပါတယ်။ ကျွန်တော် ပြောင်းရွှေ့မယ့်အကြောင်းကို နောက်ထပ် ကျွန်တော့်ဘက်က လျှောက်ထားခြင်းမရှိသလို ဘုရင်မကြီးကလည်း နောက်ထပ် ဘာမှ မိန့်တော်မမူပါဘူး။ အဲဒီနှစ်လအတွင်းမှာ ခြေမြန်တော်တစ်ဦးက ကျွန်တော့်ရာထူးကို ဆက်ခံမယ့်သူ ကျွန်တော့်နေရာကို အနီးကပ်လိုက်ပြီး လေ့လာစေပါတယ်။ ကျွန်တော့်နေရာမှာ အစားထိုးပြီး ပေါလ်ဗိုင်ဘရဲ့နဲ့အတူ အဆင်ပြေပြေ တာဝန်ထမ်းဆောင်နိုင်ပါစေ။

တစ်ညနေမှာတော့ ကျွန်တော် တာဝန်ထမ်းဆောင်နေစဉ် လေဒီစူဇန်ဟတ်ဆီက ကျွန်တော် တာဝန်တွေကုန်ဆုံးရင် ဒုတိယထပ်မှာရှိတဲ့ အပျိုတော်များဆောင်ကို လာရောက်ဖို့ မှာကြားပါတယ်။ လေဒီစူဇန်က ကျွန်တော် လေးစားတဲ့ အပျိုတော်ကြီးတစ်ဦးဖြစ်ပြီး သူမရဲ့ ဖြောင့်မတ်မှန်ကန်မှု၊ ဉာဏ်ရည်ထက်မြက်မှု၊ ကြင်နာကောင်း ဉာဏ်ကောင်းပေးနိုင်မှုတို့ကြောင့် ကျွန်တော် အပါအဝင် မင်းမှုထမ်းများက လေးစားကြပါတယ်။ ချားလ်စ်မင်းသား ကိုယ်တိုင်ပင်လျှင် လေဒီစူဇန်ကို လေးစားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အပျိုတော်များ ရုံးခန်းထဲကို ကျွန်တော် ဝင်သွားချိန်မှာ လေဒီရူဇန်က သူစားပွဲမှာ ထိုင်နေပြီး ကျွန်တော့် ကျောနောက်က တံခါးကို ပိတ်ခဲ့ပါလို့ ဆိုပါတယ်။ စကား စပြောချိန်မှာတော့ ကျွန်တော် ဘာကင်ဟမ်နန်းတော်ကြီးကနေ ဝေလမင်းသားနဲ့ မင်းသမီးထံ ပြောင်းရွှေ့ အမှုထမ်းတော့မယ်လို့ ဘုရင်မကြီးထံမှတစ်ဆင့် သူမ ကြားသိရကြောင်း စပြောပါတယ်။ 'မင်းအနေနဲ့ ဒီဆုံးဖြတ်ချက်ဟာ မှန်ကန်တယ်လို့ ထင်ရဲ့လား။ အခြေအနေအားလုံးကို မင်း သိမသိတော့ မပြောတတ်ဘူး။ ဟိုင်းဂရုဗ်စံအိမ်မှာရှိတဲ့ အခြေအနေက ဘာကင်ဟမ်နန်းတော်ထဲမှာလိုတော့ မအေးချမ်းဘူးနော်' လို့ ဆိုပါတယ်။

ဟိုင်းဂရုဗ်စံအိမ်ဆိုတာက ချားလ်စ်တို့မောင်နှံကို ရည်ညွှန်းလိုက်ခြင်း ဖြစ်ပြီး အခြေအနေက မအေးချမ်းဘူးဆိုတာကတော့ သူတို့အိမ်တွင်းရေး အခြေအနေ မကောင်းဘူးလို့ ဆိုလိုလိုက်ခြင်းပါပဲ။ စံအိမ်ဝန်ထမ်းများကြားမှာ အိမ်ရှေ့မင်းသားဇနီးမောင်နှံတို့ အိမ်ထောင်ရေး အခြေအနေမကောင်းဘူးလို့ သတင်းထွက်နေတာ ကြာခဲ့ပါပြီ။ ဒါပေမယ့် လူ့သဘာဝအတိုင်း သာသာထိုးထိုး ပြောတတ်တာဖြစ်လို့ ကျွန်တော်က လက်မခံသေးပါဘူး။ ခုတော့ အင်မတန် ယုံကြည်စိတ်ချရတဲ့ အပျိုတော်ကြီး လေဒီရူဇန်ကိုယ်တိုင်က ဖွင့်ဟဝန်ခံနေပြီ မဟုတ်ပါလား။ သူက မိတ်ဆွေကောင်းတစ်ယောက်အနေနဲ့ ကျွန်တော့်ကို သတိပေးနေခြင်း ဖြစ်ပေမယ့် ကျွန်တော်ကလည်း ဆုံးဖြတ်ချက် ချပြီးသား ဖြစ်တာကြောင့် ကျေးလက်မှာ ကျွန်တော့်ရင်သွေးများ ကြီးပြင်းစေချင်လို့ ပြောင်းရွှေ့အမှုထမ်းမှာဖြစ်ကြောင်း အကြောင်းပြရပြန်ပါတယ်။ လေဒီရူဇန်က ဘုရင်မကြီးဟာ ကျွန်တော့်အပေါ်မှာ သံယောဇဉ်ကြီးသူဖြစ်ကြောင်း၊ သို့ပေမယ့် မိသားစုအရေးကိစ္စဖြစ်တဲ့အတွက် တားမြစ်ပိတ်ပင်မယ့်ဆန္ဒမရှိကြောင်း၊ ပြောင်းရွှေ့တာဝန်ထမ်းရာမှာ မျှော်လင့်ထားသလို အဆင်ပြေပါစေလို့ ဆုတောင်းပါကြောင်း ပြောကြားခဲ့ပါတယ်။

၁၉၈၇ ခုနှစ် ဩဂုတ်လမှာ ဘုရင်မကြီးအနေနဲ့ ဘရစ်တားနီးယား ဇိမ်ခံသင်္ဘောကြီးနဲ့အတူ ပြည်ပခရီးစဉ်တစ်ခုထွက်ဖို့ အစီအစဉ် ရှိလာပါတယ်။ အဲဒီနေ့များဟာ ကျွန်တော့်အနေနဲ့ ဘုရင်မကြီးအပါး နောက်ဆုံးတာဝန်ထမ်းဆောင်ရမယ့်နေ့များပါပဲ။ ပုံမှန်မပျက် တာဝန်များကို ထမ်းဆောင်ခဲ့ပါတယ်။ ခွေးကလေးများကို လမ်းလျှောက်ပေးခြင်း၊ ဘုရင်မကြီးအတွက် နံနက်စာ ပြင်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးမြဲပါ။ နေ့စဉ် ဒီတာဝန်တွေကို ထမ်းဆောင်ပြီးတိုင်းမှာလည်း ကျွန်တော်က 'ကျွန်တော်မျိုးအနေနဲ့ ဘာများလုပ်ပေးဖို့ လိုအပ်ပါသေးသလဲ' လို့ မေးမြန်းမြဲပါ။ နောက်ဆုံးနေ့ကျရင် ဘုရင်မကြီးက ကျွန်တော့်ကို ဘယ်လိုများ နှုတ်ဆက်မှာပါလိမ့်



ဆိုတာလည်း ကျွန်တော် စိတ်ဝင်စားလှပါတယ်။

ခရီးထွက်မယ့်နေ့ကို ရောက်လာပါပြီ။ အချက်ပေးခေါင်းလောင်းသံကြောင့် ကျွန်တော် ဝင်သွားရာမှာ ဘုရင်မကြီးက သာမန်နေ့များအတိုင်း ခွေးကလေးများကို လမ်းလျှောက်ထွက်ပေးဖို့ မိန့်တော်မူပါတယ်။ ကျွန်တော် ပြန်လာချိန်မှာ ဘုရင်မကြီးစီးမယ့် ရိုးလ်စ်ရွိုက်စ်ကားကြီးက အဆင်သင့်ရောက်နေပါပြီ။ ကျွန်တော့်တာဝန်က ဘုရင်မကြီးကို ကားပေါ်အထိရောက်အောင် ပို့ဆောင်ပေးရပါဦးမယ်။ ဒါကြောင့် အိမ်တော်အပေါက်ဝကနေ ထွက်လာမယ့် ဘုရင်မကြီးကို အဆင်သင့် စောင့်ဆိုင်းနေခဲ့ပါတယ်။ ဘုရင်မကြီးက အိမ်တော်ထဲက ထွက်လာပြီး လေဒီရူဇန်နဲ့အတူ ကားပေါ်တက်သွားကြပါတယ်။ ကျွန်တော့်ထုံးစံအတိုင်း သူတို့နှစ်ဦးအတွက် အောက်ပိုင်း နွေးထွေးမှုရှိအောင် ခြုံကြမယ့် စောင်ကလေးများ တင်ပေးလိုက်ပါတယ်။ ကျွန်တော့်ကိုများ တစ်စုံတစ်ခု ပြောလေမလားလို့ မျှော်လင့်ချက်နဲ့ ကြည့်နေမိပေမယ့် ဘုရင်မကြီးက စကားတစ်ခွန်းမှ မပြောတဲ့အပြင် ကျွန်တော့်မျက်နှာကိုလည်း လုံးဝလှည့်မကြည့်ပါဘူး။ ကျွန်တော် မျှော်လင့်ထားတာက သူနဲ့ကျွန်တော် ဆုံစည်းမှုဟာ ဒီနေ့နောက်ဆုံး ဖြစ်တဲ့အတွက် အပြုံးနဲ့ နှုတ်ဆက်လေမလား၊ သို့မဟုတ် လက်ဝှေ့ယမ်းပြသွားလေမလားလို့ မျှော်လင့်ခဲ့တာပါ။ လက်တွေ့မှာတော့ ဘုရင်မကြီးက ရှေ့တူရူကိုသာ စိုက်ကြည့်နေပြီး ကျွန်တော့်ကို လုံးဝ နှုတ်မဆက်ပါဘူး။ ကားကြီးကလည်း ထွက်ခွာသွားခဲ့ပါပြီ။

ကာလ အတော်ကြာတဲ့အချိန်မှာ လေဒီရူဇန်နဲ့ ကျွန်တော် တွေ့ကြတော့ 'ဘုရင်မကြီးက ကျွန်တော့်ကို အဲဒီနေ့တုန်းက ဘာကြောင့် နှုတ်မဆက်သလဲဆိုတာ အပျိုတော်ကြီးများ သိပါသလား' လို့ မေးကြည့်ပါတယ်။ ဒီတော့ လေဒီရူဇန်က 'ပေါလီရယ်၊ သူလည်း ဘယ်နှုတ်ဆက်နိုင်ပါ့မလဲ။ နှုတ်ဆက်ဖို့ နေနေသာသာ ကြီး မျက်နှာကိုတောင် လှည့်မကြည့်တော့ဘူး မဟုတ်လား။ ဘုရင်မကြီးမှာလည်း သံယောဇဉ်ရှိတဲ့အတွက် သူ့အမှုထမ်းကောင်းတစ်ယောက်ကို ခွဲခွာရချိန်မှာ မဲ့သွားတဲ့ အမျိုး မဖြစ်ချင်ဘူးလေ။ ဒါကြောင့် နှုတ်မဆက်ခဲ့တာပါ' လို့ ရှင်းပြခဲ့ပါတယ်။ □

www.burmeseclassic.com

www.burmeseclassic.com



မင်းသားခေါ်လို့ ကျွန်တော် အပြေးအလွှားသွားတာကို မြင်တဲ့အချိန်တိုင်း မင်းသမီးက "ပြေးပြေး ပေါ်လာရေ၊ ကျွန်မခေါ်ရင်တော့ အဲဒီလို ပြေးလာစရာမလိုဘူးနော်" လို့ ပြောရင်း ရယ်နေတတ်ပါတယ်။ ဟုတ်ပါတယ်။ မင်းသမီး ခေါ်တယ်ဆိုရင်တော့ အဲဒီလို အပြေးအလွှား သွားစရာမလိုပါဘူး။ ထိုနည်းတူစွာပဲ ဘုရင်မကြီးထံပါးမှာ ခစားစဉ်တုန်းကလည်း ကျွန်တော် ဘယ်တော့မှ အပြေးအလွှား မသွားခဲ့ဖူးပါဘူး။

## အခန်း (၆)

# ဟိုက်ဂရုဗ်စံအိမ်မှ မယုံနိုင်စရာ အဖြစ်အပျက်

ဟိုက်ဂရုဗ်စံအိမ်မှာ ဝန်ထမ်းများအားလုံး သတိအနေအထားနဲ့ စောင့်ကြည့်နေကြသလို လက်နက်ကိုင် ရဲတပ်ဖွဲ့ဝင်များကလည်း မှောင်နေတဲ့ လှေကားထစ်များမှာ အသင့်အနေအထားနဲ့ စောင့်နေကြပြီး တစ်စုံတစ်ရာ အချိန့်ရတာနဲ့ တစ်ပြိုင်နက် အိမ်ထဲကို ရုတ်တရက် စီးနင်းဝင်ရောက်ကြဖို့ပါပဲ။ ဒီအဖြစ်အပျက်ဖြစ်လာတာကတော့ စံအိမ်ရဲ့အပေါ်ထပ်က ပြတင်းပေါက်မှာ တစ်စုံတစ်ယောက်ရဲ့အရိပ်ကို တွေ့လိုက်တယ်လို့ ပြောရာက စတော့တာပါ။ ကျွန်တော့်နဖူးမှာလည်း ချွေးသီးချွေးပေါက်တွေ ထွက်နေတာကိုကြည့်ရင် စိုးရိမ်စိတ်တယ်လောက်များနေတယ်ဆိုတာ သိသာပါလိမ့်မယ်။ ကျွန်တော့်ကိုယ်ပေါ်မှာ ကျည်ကာအင်္ကျီ ဝတ်ထားပါတယ်။ သာမန်တာဝန်ထမ်းဆောင်ချိန်မှာ ဝတ်ဆင်ရတဲ့ ဘတ္တာစိုးဝတ်စုံရဲ့အပေါ်က ထပ်လို့ပေါ့။ ဒါပေမယ့် ဒီကျည်ကာအင်္ကျီကိုလည်း ကျွန်တော် စိတ်မချနိုင်ပါဘူး။ အိမ်ကြီးရှင် သခင်များဖြစ်တဲ့ အိမ်ရှေ့မင်းသားများလိစ်နဲ့ အိမ်ရှေ့မိဖုရား ဒေလမင်းသမီး ဒိုင်ယာနာတို့က ပြည်ပခရီးစဉ် ထွက်နေကြပါတယ်။ ဒါကြောင့် ဘတ္တာစိုးဖြစ်တဲ့ ကျွန်တော့်မှာ တာဝန်အပြည့်အဝ ရှိပါတယ်။ ကျွန်တော်တို့အုပ်စု နောက်ဘက်ကနေ ပတ်သွားကြပြီး လက်ထဲမှာပါလာတဲ့ သော့ကို ငြိမ်အောင်ကိုင်ကာ တံခါးပွင့်သွားအောင် သော့ကို မလှည့်မီကတည်းက တံခါးပေါက်နဲ့ တည့်တည့်အနေအထားမှာ မနေတော့ဘဲ ဘေးတိုက်ရွှေ့နေလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ကျွန်တော့်ပတ်ဝန်းကျင်မှာတော့ ဂလော်စက်စတာရှိုင်းယား ရဲတပ်ဖွဲ့ဝင်များ၊ အယ်လ်ဖေးရှင်း ခွေးကြီးများကို ထိန်းထားတဲ့ တပ်ဖွဲ့ဝင်များ၊ စံအိမ်ကို စောင့်ရှောက်ရတဲ့ လက်နက်ကိုင်တပ်ဖွဲ့ဝင် ၆ ဦးတို့က အဆင်သင့် စောင့်ဆိုင်းနေကြပါတယ်။ လူရိပ်ကို တွေ့လိုက်တယ်ဆိုတာကလည်း သူတို့ပါပဲ။ သူတို့က ကျွန်တော့်အိမ်ကို ညဦးနက်မှ တယ်လီဖုန်းလှမ်းဆက်ကြပါတယ်။

တယ်လီဖုန်း စကိုင်လိုက်သူက မာရီယာပါ။ 'ဟယ်လို၊ မာရီယာ… ပေါလ် အိမ်ပေါ်မှာ ရှိနေတုန်းပဲလား' လို့ အရာရှိတစ်ယောက်က မေးပါတယ်။

'ဟင့်အင်း… သူ အိမ်ပြန်ရောက် နေတာ ၁၀ မိနစ်လောက်ရှိပြီ။ သူနဲ့ ပြောလိုက်ပါဦး'

မာရီယာ့လက်ထဲက တယ်လီဖုန်းကို ကျွန်တော် လှမ်းယူလိုက်ပါတယ်။

'ပေါလ် အိမ်တော်ထဲမှာ တစ်ယောက်ယောက် ရှိနေသလား'

'မရှိပါဘူး။ ကျွန်တော်ပဲ သော့တွေ အားလုံးခတ်ခဲ့တာ'

ဒီတော့မှ ရဲအရာရှိက တစ်စုံတစ်ခုတော့ အမှားအယွင်းရှိနေပြီဆိုတာ သိလိုက်ပါတယ်။

'ဒီလိုဆိုရင်တော့ တစ်ယောက်ယောက် အိမ်တော်ထဲကို ရောက်နေပြီ။ ပြတင်းပေါက်မှာ အရိပ်တစ်ခု တွေ့လိုက်ပြီး သိပ်မကြာခင် မီးပိတ်သွားတယ်။ ကျွန်တော်တို့က ခင်ဗျားပဲလို့ ထင်နေကြတာ။ ခင်ဗျား မဟုတ်ဘူးဆိုရင်တော့ အိမ်တော်ထဲကို ဝင်ရှာကြရလိမ့်မယ်။ ခင်ဗျား အမြန်ဆုံးလာခဲ့ပါ'

အိမ်တော်လုံခြုံရေးကို တာဝန်ယူထားတဲ့ ရဲတပ်ဖွဲ့ဝင်များရှိရာကို ကျွန်တော် ဝင်ခဲ့ပြီး အရေးပေါ်အခြေအနေအတွက် အနံ့ခံနိုင်မယ့် အယ်လ်ဖေးရှင်းခွေးများ လိုအပ်မှာဖြစ်တာကြောင့် လက်နက်ကိုင်ရဲတပ်ဖွဲ့ဝင်များနဲ့အတူ တစ်ပါတည်း ခေါ်ဆောင်ခဲ့ပေးဖို့ ဝင်ပြောခဲ့ပါသေးတယ်။ အဲဒါကြောင့် သူတို့အားလုံး ရောက်လာကြပြီး ကျည်ကာအင်္ကျီများလည်း ကိုယ်စီကိုယ်င ဝတ်ဆင်ထားကြပါတယ်။

'ဟုတ်ပြီ… ခင်ဗျား ကျွန်တော်တို့နောက်ကနေ' လို့ ရဲအရာရှိက လေသံနဲ့ ပြောပြီးတဲ့နောက် တံခါးကို ဆောင့်ဖွင့်လိုက်ပါတယ်။ ရဲအဖွဲ့ဝင်အားလုံး အိမ်တော်ထဲကို ဝင်လိုက်ကြပြီး နေရာအနှံ့လှည့်ကာ ရှာဖွေနေကြပါပြီ။ အားလုံးလက်ထဲမှာလည်း သေနတ်တွေ ရှိနေပါတယ်။ ကျွန်တော့်လက်ထဲမှာတော့ အိမ်တော်ရဲ့ အခန်းအသီးသီး အနေအထားကိုပြတဲ့ ပုံစံကားချပ်ကိုင်ထားပါတယ်။ ဒါမှလည်း ဘယ်နေရာမှာ ဘယ်အခန်းရှိတယ်ဆိုတာ သူတို့ကို ညွှန်ပြနိုင်တာပါ။ ရဲအရာရှိများက အိမ်တော်ရဲ့ သုံးထပ်စလုံးကို တစ်ခန်းဝင် တစ်ခန်းထွက် ရှာဖွေနေကြပါပြီ။



သူတို့ကိုကြည့်ရတာ ကျွန်တော်တို့ ရုပ်မြင်သံကြားအစီအစဉ်မှာ ကြည့်ရတဲ့ Starsky and Hutch ဇာတ်လမ်းတွဲထဲက အတိုင်းပါပဲ။ ခုနေ ပြန်စဉ်းစားရင် အဲဒီတုန်းက လှုပ်ရှားမှုတွေဟာ ရယ်စရာလို ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် အဲဒီနေ့က ပါဝင်ခဲ့ကြတဲ့ ရဲတပ်ဖွဲ့ဝင်တိုင်းရဲ့ လှုပ်ရှားမှုများကတော့ စိတ်ဝင်စားမှု အပြည့်အဝနဲ့ လုပ်နေကြတာပါ။ ရှာဖွေနေစဉ်ကာလမှာ ကျွန်တော့်နှလုံးသားတွေက လည်ချောင်းမှာ လာပိတ်နေသလားလို့တောင် အောက်မေ့ရပါတယ်။

အပေါ်ဆုံးထပ်ကို ရောက်သွားတဲ့အခါမှာတော့ ကျွန်တော်က သားတော်နှစ်ပါး ဖြစ်တဲ့ ဝီလျံနဲ့ ဟယ်ရီတို့ရဲ့ အိပ်ခန်း၊ နေ့ခင်းမှာနေထိုင်ကြတဲ့ ကလေးထိန်းအခန်းတို့ကိုလည်း ညွှန်ပြခဲ့ပါတယ်။ ရုတ်တရက် အယ်လ်ဖေးရှင်းခွေးကြီးနှစ်ကောင်က တစ်စုံတစ်ရာ အနံ့ရသလို တအီအီ ဖြစ်လာပါတယ်။ သူတို့ကိုထိန်းတဲ့ အရာရှိက 'ဒီကောင်တွေ အနံ့တစ်ခုခုရနေပြီ' လို့လည်း ဆိုတယ်။

ကျွန်တော်တို့အားလုံးရဲ့ စိတ်ထဲမှာလည်း အိမ်တော်ထဲကို တစ်စုံတစ်ယောက် ရောက်နေတာ သေချာတယ်လို့ ယုံကြည်ထားကြပါတယ်။ ဒါပေမယ့် အခန်းစေ့ ရှာဖွေပြီးသည့်တိုင်အောင် ဘာမှမတွေ့ကြရပါဘူး။ နောက်ဆုံးအနေနဲ့ လက်နက်ကိုင်အရာရှိများက မျက်နှာကြက်ပေါ်အထိ တက်ကြည့်ကြပါတယ်။

အဲဒီမှာလည်း ဘာမှမတွေ့ပါဘူး။

လူရိပ်မြင်လိုက်တယ်ဆိုတဲ့ ရဲအရာရှိလည်း ဘာပြောရမှန်းမသိ ဖြစ်သွားပါပြီ။ သူက အဲဒီအရိပ်ဟာ ကျွန်တော်လို့ ထင်နေခဲ့တာကိုး။ ဒါကြောင့် ဟုတ်လို ဟုတ်ငြား ကျွန်တော့်အိမ်ကို ဖုန်းဆက်ပြီး စုံစမ်းခဲ့တာပါတဲ့။ သေသေချာချာ မြင်လိုက်ပါလျက်နဲ့ ဘာကိုမှ ရှာမတွေ့တော့ သူလည်း ဘာပြောရမှန်းမသိတော့ပါဘူး။ ပြည်ပမှာရောက်နေတဲ့ မင်းသားနဲ့ မင်းသမီးကို အကြောင်းကြားခဲ့ကြပေမယ့် ဒီကိစ္စဟာ အမြင်မှားတဲ့ကိစ္စတစ်ရပ်လို့ ဆုံးဖြတ်လိုက်ကြပြီး ဒီနေ့ထက်ထိ အဖြေမထွက်ခဲ့ပါဘူး။

ဟိုက်ဂရုဗ်စံအိမ်ကို ကျွန်တော် ရောက်ရောက်ချင်း တာဝန်ထမ်းဆောင်ရမယ့် ကျွန်တော့်အခန်းကို သွားလေ့လာတော့ သစ်သားဘူးကလေးတစ်လုံးမှာ မီးလုံးနီလေးတစ်ခု တပ်ဆင်ထားတာ တွေ့ရပါတယ်။ ဘုရင်မကြီးလိုပဲ ချားလ်စ်မင်းသားကလည်း အိမ်တော်ဝန်ထမ်းများကို ခေါ်ချင်ရင် ဘဲလ်နှိပ်ပြီး ခေါ်လေ့ရှိပါတယ်။ ဒီလို ဘဲလ်နှိပ်လိုက်ပြီဆိုရင် မီးနီကလေးက လင်းလာပြီး အောက်ခံဘူးထဲကို ကျသွားပါတယ်။ ချားလ်စ်မင်းသားက တစ်ယောက်ယောက်ကို သူ ခေါ်ပြီဆိုရင် ချက်ချင်းရောက်လာမှ ကြိုက်ပါတယ်။ ဘယ်လိုအကြောင်းကြောင့်မှ နှောင့်နှေး

www.burmeseclassic.com

www.burmeseclassic.com



တာကို မလိုလားပါဘူး။ သူက စောင့်နေရတယ်ဆိုတာမျိုးကို မနှစ်သက်သူပါ။ မီးနီလင်းလာပြီး ၁၅ စက္ကန့်အတွင်း သူ့ဆီရောက်အောင် အခေါ်ခံရသူတိုင်း အပြေးအလွှား သွားကြရပါတယ်။ မြေညီထပ်မှာ ရှိနေတဲ့သူကို သူ လှမ်းခေါ်ရင်လည်း ကော်ဇောများ အပြည့်ခင်းထားတဲ့ ကော်ရစ်ဒါတွေကို အပြေးအလွှားဖြတ်ပြီး အပေါ်ဆုံးထပ်မှာရှိတဲ့ သူ့အခန်းကို အရောက်သွားရတာပါ။

မင်းသားခေါ်လို့ ကျွန်တော် အပြေးအလွှားသွားတာကို မြင်တဲ့အချိန်တိုင်း မင်းသမီးက 'ပြေးပြေး ပေါလ်ရေ၊ ကျွန်မခေါ်ရင်တော့ အဲဒီလို ပြေးလာစရာမလိုဘူးနော်' လို့ ပြောရင်း ရယ်နေတတ်ပါတယ်။

ဟုတ်ပါတယ်။ မင်းသမီး ခေါ်တယ်ဆိုရင်တော့ အဲဒီလို အပြေးအလွှားသွားစရာမလိုပါဘူး။ ထိုနည်းတူစွာပဲ ဘုရင်မကြီးထံပါးမှာ ခစားစဉ်တုန်းကလည်း ကျွန်တော် ဘယ်တော့မှ အပြေးအလွှား မသွားခဲ့ရဖူးပါဘူး။ ဟိုက်ဂရုဗ်စံအိမ်မှာတော့ မင်းမှုထမ်းတိုင်းက ချားလ်စ်မင်းသားရဲ့ တိကျမှု၊ ပြတ်သားမှုကို သိထားကြတဲ့အတွက် သူ ခေါ်ပြီဆိုရင် ဘယ်သူမှ နှောင့်နှေးမနေရဲကြပါဘူး။ မင်းသမီးကိုယ်တိုင်ကလည်း သူ့ခင်ပွန်းဟာ လူတကာပေါ်မှာ နိုင့်ထက်စီးနင်း ရှိတတ်တယ်ဆိုတာ သဘောပေါက်ပါတယ်။ အဲဒါအပြင် မင်းသားရဲ့ လိုအင်ဆန္ဒတွေက တော်ရုံလူတွေ လိုက်လို့မမီအောင် မြင့်မားလှပါတယ်။ ဒါကြောင့်လည်း ကျွန်တော် ပြေးတာကို မြင်တိုင်း မင်းသမီးက ရယ်တာပါ။

များပြောင်လှတဲ့ ကျွန်တော့်တာဝန်တွေထဲမှာ ဘယ်ရာသီဥတုမျိုးမဆို အိမ်တော်မှာ မင်းသား ရောက်နေပြီဆိုရင် အိမ်မိုးပေါ်မှာ အလံလွှင့်တင်ထားရတဲ့ တာဝန်လည်း ရှိပါသေးတယ်။ ဘုရင်မကြီးက အဲဒီလိုပါပဲ။ ဘာကင်ဟမ်နန်းတော်ကို သူ ရောက်နေပြီဆိုရင် အလံတော်ကို လွှင့်ထူရပါတယ်။ ဒါပေမယ့် အဲဒီလို အလံတော်လွှင့်ထူဖို့ တာဝန်ကို ထမ်းဆောင်ဖို့ သီးခြားတစ်ဦးအား ခိုင်းစေထားပါတယ်။ ဟိုက်ဂရုဗ်မှာတော့ အိမ်တော်ရဲ့ မျက်နှာကြက်ကနေတစ်ဆင့်တက်ပြီး အလံလွှင့်ထူရတာလည်း ကျွန်တော့်တာဝန် သောင်းခြောက်ထောင်တွေထဲက တစ်ခုဖြစ်လို့နေပါတယ်။ မင်းသားက အိမ်တော်ကို ရောက်ခါနီး ငါးမိနစ်အလိုဆိုရင် တယ်လီဖုန်း လှမ်းဆက်ပါတယ်။ အဲဒီဖုန်းရပြီးရင် ကျွန်တော့်မှာ ခေါင်မိုးပေါ်တက်ပြီး အလံလွှင့်ထူဖို့ အသင့်အနေအထားမှာ ရှိနေရပါတယ်။ မိုးရွာရွာ နေပူပူ နှင်းကျကျ ဒီတာဝန်ကို ကျွန်တော် မပျက်မကွက် ထမ်းဆောင်ရတာပါ။ အဆင်သင့်စောင့်နေပြီး သူ ရဟတ်ယာဉ်နဲ့ ဆင်းလာသည်ဖြစ်စေ၊ ကားနဲ့ဝင်လာသည်ဖြစ်စေ မြင်လိုက်တာနဲ့ တစ်ပြိုင်နက် အလံတော်ကို လွှင့်ထူရပါတယ်။ ကံ



ကောင်းထောက်မစွာနဲ့ ဒိုင်ယာနာ မင်းသမီးကတော့ သူ အိမ်တော်မှာ ရှိနေစဉ် ဒီလိုအလံလွှင့်ထူရမယ်လို့ အမိန့်ပေးမထားပါဘူး။ အဲဒီလို မလုပ်ဖို့ကိုလည်း မင်းသမီးက ထပ်ဖန်တလဲလဲ သတိပေးထားပါတယ်။

မီးနီလင်းပြီဆိုရင် ကျွန်တော့်လက်ထဲမှာ ဘာပဲရှိရှိ ပစ်ချခဲ့ပြီး မင်းသားရှိရာ စာကြည့်ခန်းထဲကို အပြေးအလွှား သွားရပါတယ်။ မင်းသားရဲ့ စာကြည့်ခန်းက အပေါ်ဆုံးထပ်မှာရှိပြီး ပြတင်းပေါက်ကတစ်ဆင့် သူကိုယ်တိုင် ပြုစုယုယဖန်တီးထားတဲ့ ပန်းဥယျာဉ်ကို အပေါ်စီးကနေ တွေ့မြင်နိုင်ပါတယ်။ မင်းသားက စားပွဲတွေ ပတ်လည်ဝိုင်းထားတဲ့အလယ်မှာ ကြိမ်ကုလားထိုင်အဝိုင်းတစ်ခုနဲ့ ထိုင်လေ့ရှိပါတယ်။ အခန်းထဲကစားပွဲပေါ်မှာ ထိုးထားတဲ့ လီလီပန်းများရဲ့ ရနံ့က တစ်ခန်းလုံးကို သင်းပျံ့စေပါတယ်။ မင်းသားက မတ်တတ်ရပ်လိုက်ပြီး 'အထူးဧည့်သည် တစ်ယောက် လာစရာရှိတယ်' လို့ စကားစပါတယ်။ 'အဲလစ်ဘောက်ဘုရင်မကြီး ဒီနေ့လယ် အိမ်တော်ကို လာလိမ့်မယ်' တဲ့။ အဲလစ်ဘောက်ဘုရင်မကြီးဆိုတာက ဘုရင်မကြီးရဲ့ မယ်တော်၊ ချားလ်စ်ရဲ့ ဘွားအေကြီးကို ဆိုလိုတာပါ။ တော်ဝင်မိသားများက မင်းမှုထမ်းများနဲ့ စကားပြောတဲ့နေရာမှာ မယ်တော်ဘုရင်မကြီးကို အဲလစ်ဘောက် ဘုရင်မကြီးလို့ ရည်ညွှန်းပြောဆိုလေ့ ရှိပါတယ်။ ဒီတစ်ကြိမ်ဟာ မယ်တော် ဘုရင်မကြီးကိုယ်တိုင် ဟိုက်ဂရုဗ်စံအိမ်ကို ကြွလာခြင်းဖြစ်ပါတယ်။ အဲဒီကာလက ၁၉၈၈ ခုနှစ်၊ ဇူလိုင်လအတွင်းမှာပါ။ ကျွန်တော့်အနေနဲ့ ဒီဧည့်သည်ဟာ ချားလ်စ်အတွက် ဘယ်လောက်အရေးကြီးတဲ့ ဧည့်သည်ဆိုတာ သဘောပေါက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာတစ်ဝန်းလုံးက ချားလ်စ်ဟာ မယ်တော်ဘုရင်မကြီးရဲ့ အချစ်ဆုံးမြေး ဖြစ်တယ်လို့ သိထားခြင်းကြောင့်ပါပဲ။ ဘာကင်ဟမ်နန်းတော်မှာ ကျွန်တော် တာဝန်ထမ်းဆောင်စဉ်တုန်းကတော့ ဘုရင်မကြီးက ညနေ ၅ နာရီမှာ လက်ဖက်ရည်သောက်လေ့ ရှိပါတယ်။ ဟိုက်ဂရုဗ်မှာတော့ ချားလ်စ်မင်းသားက သောက်လေ့မရှိပါဘူး။ ဒါကြောင့်လည်း အိမ်တော်မှာ ညနေလက်ဖက်ရည်ပွဲဆိုတာ ဘယ်တုန်းကမှ တာဝန်မရှိခဲ့ဖူးပါဘူး။ ဒီနေ့လယ်မှာ ရောက်လာမယ့် ဘွားအေကြီးအတွက် ကျွန်တော် လက်ဖက်ရည်ပွဲပြင်ဆင်ဖို့ စီစဉ်ရပါတော့တယ်။ လသာဆောင်မှာ လက်ဖက်ရည်သောက်သုံးကြဖို့ စားပွဲပြင်ဆင်ထားတဲ့အပြင် မယ်တော်ကြီးကို နေမထိုးနိုင်အောင်လို့ ကာကွယ်ထားဖို့လည်း ပြင်ဆင်ထားပြီးပါပြီ။ ကျွန်တော့် အရှင်သခင်ဖြစ်တဲ့ ချားလ်စ်အနေနဲ့ ဒီနေ့လယ် လက်ဖက်ရည်ပွဲဟာ အရေးကြီးသလို ကျွန်တော့်အတွက်လည်း ပွဲဦးထွက် မျက်နှာပန်းလှစေဖို့ ကြိုးစားပြုရမယ်ဆိုတာ ကျွန်တော် နားလည်ထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မယ်တော်ဘုရင်မကြီးရဲ့ကား ဟိုက်ဂရုဗ်စံအိမ်ဝင်းထဲကို စဝင်လာတယ် ဆိုရင်ပဲ ချားလ်စ်မင်းသားနဲ့ ကျွန်တော် တိုက်ပေါက်ဝက လှေကားထစ်မှာ အဆင်သင့်စောင့်ဆိုင်းနေကြပါပြီ။ ကားဆိုက်လိုက်တာနဲ့ တစ်ပြိုင်နက် ကျွန်တော်က တံခါးဖွင့်ပေးလိုက်ပါတယ်။ အနားကျယ် ဦးထုပ်ကြီးတစ်လုံးကို ဆောင်းထားပြီး ပိုးနဲ့လုပ်ထားတဲ့ နှင်းဆီပန်းများ ဦးထုပ်မှာ အလှပြင်ထားတဲ့ မယ်တော်ဘုရင်မကြီးက ကားပေါ်က ဆင်းလိုက်တယ်ဆိုရင်ပဲ မြေးတော်ဖြစ်တဲ့ ချားလ်စ်က ဦးညွှတ်ကြိုဆိုလိုက်ပြီး ဘွားဘွားရဲ့ လက်ကိုယူကာ နမ်းလိုက်ပါတယ်။ နှုတ်ဖျားကလည်း 'ကြိုဆိုပါတယ် ဘွားဘွား' လို့ ဆိုလိုက်ပါသေးတယ်။ သူတို့နှစ်ယောက် ခပ်ဖြည်းဖြည်း လမ်းလျှောက်ရင်း မင်းသားကိုယ်တိုင် ဒီဇိုင်းထုတ်ပြီး စိုက်ပျိုးထားတဲ့ ပန်းဥယျာဉ်ထဲမှာ လှည့်လည်ကြည့်ရှုကြပါတယ်။ ဒီပန်းဥယျာဉ်က အင်္ဂလန်နိုင်ငံမှာ အကောင်းဆုံးပန်းဥယျာဉ်အဖြစ် ဆုရထားတဲ့ ဒီဇိုင်းလည်း ဖြစ်ပါတယ်။

မီးဖိုချောင်ထဲမှာတော့ စားဖိုမှူးဖြစ်တဲ့ ခရစ်ဘာဘာနဲ့ ကျွန်တော် အလုပ်များပြီပေါ့။ ဆယ်လ်မွန်ငါးကိုကင်ပြီး ကြက်သား ဝက်ပေါင်ခြောက်နဲ့ သခွားသီးတို့ ပါဝင်တဲ့ ဆင်းဒဝစ္စကို ဖန်တီးကြပါတယ်။ ပေါင်မုန့်အသားများကိုသာ စက်ဝိုင်းပုံသဏ္ဌာန်ဖြစ်အောင် လှီးထုတ်ကြပြီး အေးသားများ မပါဝင်အောင် ဖယ်ရှားရပါတယ်။ နောက်တစ်မျိုးအနေနဲ့ ယိုနဲ့ညှပ်ထားတဲ့ ဆင်းဒဝစ္စကိုလည်း လုပ်ထားကြပါသေးတယ်။ ဒီအစားအသောက်တွေက ဘာကင်ဟမ်နန်းတော်မှာ တော်ဝင်မိသားစုများ အင်မတန်နှစ်ခြိုက်တဲ့ နေ့လယ်စာဖြစ်တယ်ဆိုတာ ကျွန်တော် သိထားခဲ့ပါတယ်။

လက်ဖက်ရည်ပွဲမှာ နေရာယူထားတဲ့ မြေးအဘွားနှစ်ယောက်ကို ကျွန်တော်က ဆယ်လ်မွန် ဆင်းဒဝစ္စနဲ့စပြီး ညှေ့ခံပါတယ်။ ဒီတော့ မယ်တော်ဘုရင်မကြီးက နည်းနည်း တုံ့နေးသွားတယ်။ 'ကျေးဇူးပဲ ပေါလ်၊ ဒါပေမယ့် မစားတော့ဘူး။ ဆယ်လ်မွန် ဆင်းဒဝစ္စကို ဘွားဘွား မကြိုက်ဘူးဆိုတာ ပေါလ် မသိဘူး ထင်တယ်' တဲ့။ ဒီစကားကို ပြောနေစဉ်မှာ သူ့ထုံးစံအတိုင်း ခေါင်းကလေးကို တစ်ဖက်ငဲ့ပြီး ပြောတာပါ။

မင်းသားကိုကြည့်လိုက်တော့ တော်တော်မျက်နှာပျက်သွားပါပြီ။ 'တခြားဟာ တစ်ခုခု စားပါလား ဘွားဘွား' လို့ သူက ဆိုတယ်။

'တော်ပါပြီ မြေးရယ်၊ လက်ဖက်ရည်သောက်ရရင် တော်ရောပေါ့' လို့ သူ့လက်တစ်ဖက်နဲ့ ကာရင်း စကားပြန်လိုက်ပါတယ်။

နောက်ထပ် နာရီအနည်းငယ် မြေးအဘွားနှစ်ယောက်တို့ စကားပြောပြီးချိန်



မှာ မယ်တော်ဘုရင်မကြီးက ပြန်ဖို့ ပြင်ဆင်ပါတယ်။ ကားပေါ်ရောက်ချိန်မှာ နို့နှစ်ရောင် လည်စီးပဝါကလေးကို ဖွင့်ထားတဲ့ ကားတံခါးမှန်ပေါက်ကနေ ဝှေ့ယမ်းပြီး သူ့မြေးတော်ကို နှုတ်ဆက်သွားသလို ချားလ်စ်ကလည်း သူ့ဝတ်စုံ အပေါ်အိတ်ထဲက လက်ကိုင်ပဝါကိုထုတ်ပြီး သူ့ဘွားဘွားကို ဝှေ့ယမ်းနှုတ်ဆက်နေလိုက်တာ မြင်ကွင်းကနေ ပျောက်သွားတဲ့အထိပါပဲ။ သူ့ဘွားဘွားရဲ့ကား မြင်ကွင်းကနေ ပျောက်သွားချိန်မှာတော့ သူ့ဒေါသကို မျက်နှာပေါ်မှာစပြီး မြင်ရပါပြီ။

'ဒီနေ့ခင်း လက်ဖက်ရည်ပွဲကလေး ပျက်စီးသွားတာ တော်တော်ဆိုးတာပဲ' လို့ မင်းသားက စကားစပါတယ်။ 'နောက်တစ်ခါ ဒီလိုပွဲမျိုး ကြိုဦးမယ်ဆိုရင် ပေါလ်အနေနဲ့ ကိုယ့်အထင်နဲ့ ကိုယ်လုပ်မယ့်အစား ဘွားဘွားရဲ့အပါးမှာ ခစားနေကြတဲ့လူတွေဆီကို ဖုန်းဆက်ပြီး ဘွားဘွား ဘာကြိုက်တတ်တယ်ဆိုတာ မေးထားသင့်တယ်' လို့ ဆိုပါတယ်။

'ကျွန်တော် ဝမ်းနည်းပါတယ် မင်းသား။ ဆယ်လ်မွန်ငါးကင်က တော်ဝင်မိသားစုများရဲ့ လက်ဖက်ရည်ဝိုင်းတိုင်းမှာ ပါနေကျမို့ ကျွန်တော်ကလည်း စီစဉ်လိုက်တာပါ' လို့ ပြောလိုက်ပေမယ့် သူ့မျက်ဝန်းထဲမှာ မကျေနပ်တဲ့ အရိပ်အရောင်တွေကို အထင်းသား မြင်တွေ့လိုက်ရပါတယ်။

ဒီနေ့လယ်မှာ ကြုံတွေ့လိုက်ရတဲ့ အဖြစ်အပျက်က ကျွန်တော့်အတွက် သင်ခန်းစာပါပဲ။ ဘာကင်ဟမ်နန်းတော်မှာ ခစားရင်း လုပ်ဆောင်ပေးရတဲ့ တာဝန်တွေနဲ့ ဟိုက်ဂရုဗ်စံအိမ်မှာ လုပ်ဆောင်ပေးရတဲ့ တာဝန်တွေဟာ အများကြီး ခြားနားတယ်ဆိုတာ ကျွန်တော် သဘောပေါက်စပြုပါပြီ။ အဲဒါအပြင် ပြည့်ရှင်ဘုရင်မကို ခစားရတာထက် အိမ်ရှေ့မင်းသားအပါးမှာ ခစားရတာက ပိုပြီး ခက်ခဲတယ်ဆိုတာကိုလည်း နားလည်လာခဲ့ပါတယ်။

❑

ဟိုက်ဂရုဗ်စံအိမ်မှာ ခစားရတာက ဘာကင်ဟမ်နန်းတော်မှာ ခစားရတာနဲ့ မတူဘဲ ခြားနားတဲ့အချက်တွေ ရှိပါသေးတယ်။ ချားလ်စ်မင်းသားက လူတော်တော်များများနဲ့ တွေ့ဆုံပြီး လက်ဆွဲနှုတ်ဆက်ရတာ ဝါသနာထုံသလို မင်းမှုထမ်းများကိုစာရေးပြီး မေးတာမြန်းတာတွေကလည်း နေ့စဉ်နဲ့အမျှပါပဲ။ ကျွန်တော့် စိတ်ထင်ပြောရရင် ဟိုင်းဂရုဗ်စံအိမ်အတွက် မင်းသားရေးဖို့ စာရေးစက္ကူလုပ်ရတာနဲ့တင် တောဝက်အုပ်လောက် ပြုန်းသွားနိုင်ပါတယ်။ မင်းသားက ရေးလေ့ရေးထရှိတဲ့စာများကို ဥပမာပြရရင်တော့…

*ဥယျာဉ်ထဲက မျိုးစေ့တွေကို တစ်စုံတစ်ယောက်များ ယူသွားသလား။*

www.burmeseclassic.com

www.burmeseclassic.com



*ကျွန်တော့်တယ်လီဖုန်းအနားမှာ စောင့်ဖြေဖို့ တစ်ယောက်ယောက် တာဝန်ပေး နိုင်မလား။*

*ကြွေပန်းကန်တစ်ချပ် အက်သွားတာကို ပြန်ဆက်လို့ရနိုင်မလား။*

စသဖြင့် နှုတ်နဲ့ပြောလို့ရတာတွေကိုလည်း မင်းသားက စာရေးတတ်ပါတယ်။ အဲဒါတင်မကသေးပါဘူး။ တစ်ခါတုန်းကဆိုရင် 'ဘုရင်မကြီးထံမှ ကျွန်တော့်ဆီကို ရေးလိုက်တဲ့စာတစ်စောင် လေတိုက်ပြီး ကျွန်တော့် စားပွဲဘေးက အမှိုက်ခြင်းထဲကို ရောက်သွားပုံရတယ်။ အဲဒါ ပြန်ရှာပေးစမ်းပါ' လို့ ရေးခဲ့ဖူးသလို စာရေးဆရာ အင်ဒရူးမော်တန်က နိုင်ယာနာအကြောင်းကို Sunday Times သတင်းစာကြီးမှာ အခန်းဆက်ရေးနေတုန်းကဆိုရင် မင်းသားက 'ကျွန်တော် ဒီသတင်းစာကို စံအိမ် တော်အတွင်းမှာ လုံးဝမမြင်ချင်ဘူး။ အတင်းအဖျင်းရေးတဲ့ ဘယ်စာစောင်မှ မမြင် ချင်ဘူး။ တကယ်လို့ အိမ်တော်အမှုထမ်းတစ်ဦးဦး ဖတ်ချင်တယ်ဆိုရင် သူတို့ ဘာသာသူတို့ အပြင်မှာ ဝယ်ဖတ်ပါစေ' လို့ ရေးခဲ့ဖူးပါတယ်။

❑

ချားလ်စ်မင်းသားနဲ့ နိုင်ယာနာ မင်းသမီးတို့ရဲ့ စံအိမ်ဖြစ်တဲ့ ဟိုင်းဂရုပ်မှာ ကျွန်တော် စတင်အမှုထမ်းခဲ့တာကတော့ ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၁ ရက် နေ့ပါ။ အဲဒီအချိန်တုန်းက မင်းသားနဲ့ မင်းသမီးတို့က စပိန်နိုင်ငံမှာ ဘုရင်မင်းမြတ် ဂွမ်ကာလို့စ်ရဲ့ ဧည့်သည်တော်များအဖြစ် ရောက်ရှိနေကြပါတယ်။ အောက်တိုဘာ လ တတိယပတ်လောက်မှ ကျွန်တော့်သခင်များက စံအိမ်ကို ပြန်လာကြမှာပါ။ ဒါကြောင့် သူတို့ ပြန်မရောက်ခင် ရက်သတ္တပတ်ငါးပတ်လောက် စံအိမ်ရဲ့ဝတ္တရား များကို လေ့လာဆည်းပူးဖို့ အချိန်ရခဲ့ပါတယ်။ အဲဒီလိုလေ့လာတဲ့နေရာမှာ အိမ် တော် အမှုထမ်းတစ်ဦးဖြစ်တဲ့ ဝင်ဒီဘာရီရဲ့ အကူအညီသာမရဘူးဆိုရင် ကျွန်တော့် အနေနဲ့ မလွယ်လှပါဘူး။ ဝင်ဒီရဲ့သားဖြစ်သူ ဂျိမ်းစ်ကလည်း ဘာကင်ဟမ်နန်းတော် အတွင်းမှာ ခြေမြန်တော်တစ်ဦးဖြစ်တဲ့အတွက် ကျွန်တော်နဲ့ ရင်းနှီးခဲ့ပါတယ်။ ဝင်ဒီ ဒီအိမ်တော်မှာ တာဝန်ထမ်းဆောင်ခွင့်ရခဲ့တာကတော့ သားဖြစ်သူ ဂျိမ်းစ်က ကင်စတန်နန်းတော်မှာ လက်ထောက်ဘဏ္ဍာစိုးအဖြစ် ပြောင်းရွှေ့အမှုထမ်းရတော့ လစ်လပ်နေတဲ့ ရာထူးအတွက် သူ့မိခင်ကို ထောက်ခံပေးခဲ့တာကြောင့် ဝင်ဒီအနေနဲ့ ဟိုင်းဂရုပ်စံအိမ်ကို ရောက်ရှိလာခြင်းပါ။ ရထားတဲ့အချိန် ရက်သတ္တပတ် ငါးပတ် အတွင်း ဝင်ဒီရဲ့နောက်က တကောက်ကောက်လိုက်ရင်း လေ့လာသင်ယူရပါတယ်။ ကျွန်တော် စပြောင်းချိန်က ဧနီးဖြစ်တဲ့ မာရီယာနဲ့ သားအဲလက်စ်တို့ မပါသေးတာ ကြောင့် တစ်ကိုယ်တည်းဖြစ်နေတဲ့ ကျွန်တော် ဝင်ဒီ့အိမ်မှာပဲ တည်းခိုရပါတယ်။



အိမ်ရှင်သခင်များ မရှိတဲ့ ဟိုင်းဂရုဗ်စံအိမ်မှာ ကျွန်တော်တို့ချည်းသာ ရှိနေ တဲ့အတွက် စံအိမ်မှာ သက်ဝင်လှုပ်ရှားမှု မရှိပါဘူး။ အတွင်းမှာရှိတဲ့ ပရိဘောဂ များကိုလည်း ဖုန်မတင်ရအောင်လို့ အဝတ်များနဲ့ အုပ်ဆိုင်းထားရပါတယ်။ ပြတင်း ပေါက်များမှ တရုတ်ကပ်များကိုလည်း ပိတ်ထားပါတယ်။ လုံခြုံရေးအတွက်ပါ။ တစ်အိမ်လုံး ခြောက်ကပ်နေတာကြောင့် ချောက်ချားစရာ ကောင်းလှပါတယ်။ အလုပ်နဲ့လက် အဆက်မပြတ်ရှိတဲ့ ဘာကင်ဟမ်နန်းတော်နဲ့တော့ ကွာခြားလှပါ တယ်။ ဒါကြောင့် ကျွန်တော် တာဝန်ထမ်းဆောင်စရာရှိတဲ့ တာဝန်ချိန်ပြီးပြီဆိုရင် ဝင်ဒီရဲ့အိမ်မှာပဲ ဝိုင်သောက်ရင်း စကားစမြည် ပြောနေလေ့ရှိပါတယ်။ အိမ်တော် ရဲ့အပြင်မှာ အမှုထမ်းကြတဲ့ မင်းမှုထမ်းများထဲမှာလည်း ကျွန်တော်နဲ့ မျက်မှန်း တန်းမိနေတဲ့ အမှုထမ်းတွေ ရှိကြပါတယ်။ အဲဒီအမှုထမ်းများထဲမှာ ပယ်ဒီ ဝိုက် လန်းဆိုတဲ့ လူကြီးကိုတော့ အိမ်တော်ဝန်ထမ်းအားလုံးက ပရိဘောဂအိုကြီးလို့ ခေါ်စားကြပါတယ်။ သူက ဒီအိမ်တော်မှာပဲ အမှုထမ်းခဲ့တာ နှစ်ပေါင်း ၄၀ ကျော် ရှိပါပြီ။ ဒါကြောင့် ချားလ်စ်မင်းသားက 'ပယ်ဒီသာ သေသွားရင် သူ့ပုံကိုထုပြီး ကိုစံအိမ်ဝင်းအတွင်းမှာ ထားရမယ်' လို့ ပြောခဲ့ဖူးပါတယ်။

ဟိုင်းဂရုဗ်စံအိမ်နဲ့ ပတ်သက်ပြီး ပယ်ဒီက အစစအရာရာ တတ်သိများလည် တဲ့ သက်ရှိအဘိဓာန်တစ်အုပ်လိုပါပဲ။ မင်းသားက သစ်ပင်တစ်ပင် ခုတ်လှဲချင် ရင်လည်း ပယ်ဒီကိုပဲ နိုင်းပါတယ်။ ခြစည်းရိုးပေါက်နေတာ မြင်လို့ ပြင်ချင်ရင် လည်း ပယ်ဒီကိုပဲ တာဝန်ပေးပါတယ်။ အပြင်မှာ ဖြစ်ပေါ်နေတဲ့ အတင်းအဖျင်း သတင်းတွေကို နားထောင်ချင်ရင်လည်း မင်းသားက ပယ်ဒီကိုပဲ ခေါ်ပြီး မေးတာပါ။ မင်းသားကိုယ်တိုင်က တခြားသူတွေ ပြောတဲ့စကားထက် ပယ်ဒီပြောတဲ့ စကားကို ပြီး ယုံကြည်မှု ရှိပါတယ်။ မင်းသားက ပယ်ဒီကို အဲဒီလို ယုံကြည်ကိုးစားတဲ့ ဖြစ် သူ့ဝန်ငယ်ငယ်ကတည်းက ထိတွေ့ခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်နေတာကြောင့်လည်း ယာဉ်ရှိပုံရပါတယ်။

နောက်တစ်ယောက်ကတော့ မင်းသားရဲ့အပင်များကို စိုက်ပျိုးပေးတဲ့ ဥယျာဉ်မှူး ရောင်းပါပဲ။ သူကလည်း မင်းသားငယ်စဉ်ကတည်းက လက်ပွန်းတသီး ရှိခဲ့သူ ပါတယ်။ ဒဲနစ္စက ဦးထုပ်အပြားကို အမြဲဆောင်းထားလေ့ရှိပြီး အင်္ကျီလက် ည်း အမြဲတမ်း ခေါက်တင်ထားလေ့ ရှိပါတယ်။ လက်ထဲမှာတော့ ဥယျာဉ်သုံး ယာတစ်ခုခု အမြဲတစေ ကိုင်ထားလေ့ ရှိပါတယ်။ ဒီခြံထဲက ထွက်တဲ့ အသီး များက အိမ်တော်အတွက် လတ်ဆတ်တဲ့ မီးဖိုဆောင်သုံးပစ္စည်းများ ဖြစ်စေပါ ။ ဒဲနစ္စနဲ့အတူ အလုပ်လုပ်ကြတဲ့ ဥယျာဉ်မှူးများလည်း ရှိပါသေးတယ်။

www.burmeseclassic.com



ဒေးဗစ်နဲ့ဂျိမ်းစ်တို့ပါပဲ။ သူတို့ကတော့ မျက်စိပသာဒဖြစ်စေမယ့် ရာသီအလိုက် ပန်းပွင့်တဲ့အပင်များကို အိမ်တော်ရဲ့ တစ်ဖက်တစ်ချက်ဆီမှာ အရိပ်တကြည့်ကြည့်နဲ့ စိုက်ပျိုးကြသူများပါပဲ။ ချားလ်စ်မင်းသားရဲ့ ဥယျာဉ်ဟာ အင်္ဂလန်နိုင်ငံမှာရှိတဲ့ ဥယျာဉ်များထဲက အကောင်းဆုံး ဥယျာဉ်ဖြစ်တယ်လို့ စာနယ်ဇင်းများက ရွေးချယ်တာ ခံခဲ့ရဖူးပါတယ်။

စက်တင်ဘာလအတွင်းမှာတော့ ကျွန်တော့်ဇနီး မာရီယာနဲ့ သားကြီး အဲလက်စ်တို့ ပြောင်းလာကြပါတယ်။ မာရီယာမှာ ဒုတိယမြောက်ကိုယ်ဝန်ကို ဆောင်နေပါပြီ။ ကျွန်တော် ဘုရင်မကြီးထံမှ ပြောင်းရွှေ့လာပြီး ရက်သတ္တပတ်နှစ်ပတ်မှာ ကိုယ်ဝန်ရှိနေကြောင်း မာရီယာ သိခဲ့တာပါ။ ကျွန်တော်တို့အတွက် ရတဲ့အိမ်ကတော့ ဟိုင်းဂရုဗ်စံအိမ်ခြံဝင်းအတွင်း ထောင့်တစ်နေရာမှာ ရှိပါတယ်။ လူမနေတဲ့အတွက် တဲအိမ်သာသာ အိမ်ကလေးက တော်တော်ပျက်စီးနေတာကြောင့် ပြီးခဲ့တဲ့လက ပြင်ဆင်ရေး လုပ်ရပါတယ်။ မာရီယာတို့ ရောက်လာချိန်မှာ အိမ်ကို သုတ်ထားတဲ့ ဆေးအနံ့တောင် မပြယ်သေးပါဘူး။ ကြမ်းပြင်ကိုတော့ ကျွန်တော်က ကော်ဇော အစိမ်းခင်းထားလိုက်ပါတယ်။ အိမ်ရဲ့ ခြံဝင်းကလေးအတွင်းမှာ စိုက်ထားခဲ့တဲ့ အပင်များကလည်း ပြုစုယုယသူ မရှိတာကြောင့် အလေ့ကျအပင်များလို ဖြစ်နေပါပြီ။ ပြတင်းပေါက်မှန်တချို့ကလည်း ကွဲနေတာကြောင့် ပြန်ပြီး ပြင်ဆင်ရပါတယ်။

အိမ်ကိုရောက်စမှာ မာရီယာက ကျွန်တော်တို့မိသားစု ဘာကင်ဟာမ်နန်းတော်ကို စွန့်ခွာခဲ့ကြတာ မှားများမှားသွားပြီလားလို့တောင် ဖြစ်ခဲ့ပါသေးတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ဇနီးမောင်နှံမှာ သခင်မ ဘုရင်မကြီးကို စွန့်ခွာခဲ့ကြပြီဖြစ်တဲ့အတွက် နောက်ကြောင်းပြန်လှည့်လို့ မရနိုင်တော့ပါဘူး။

မြင်းဇောင်းများကနေအပြန်မှာ ကျွန်တော်တို့အိမ်ကို ဝင်လည်လေ့ရှိတဲ့ ပယ်ဒီက ကျွန်တော်တို့မိသားစုကို ရှင်မြူးစေပါတယ်။ ပယ်ဒီက 'မင်းတို့က နောက်ထပ်ကလေးတစ်ယောက် ရတော့မှာဆိုတော့ လတ်လတ်ဆတ်ဆတ် ကြက်ဥတွေ စားဖို့လိုတယ်'လို့ ဆိုပါတယ်။ အဲဒီနေ့ညနေမှာ ပယ်ဒီက ထရက်တာကားကြီး မောင်းပြီးနောက်တွဲယာဉ်ပေါ်မှာ ကြက်များထားဖို့ လှောင်အိမ်တစ်ခု ပါလာပါတယ်။ ဒီလှောင်အိမ်ကို သူကိုယ်တိုင် လုပ်ခဲ့တာလို့လည်း ဆိုပါတယ်။ အဲဒီလှောင်အိမ်ထဲမှာတော့ ကြက်မ ၆ ကောင် ပါလာခဲ့ပါတယ်။ 'မနက်အိပ်ရာထတိုင်း ကြက်ဥလတ်လတ်ဆတ်ဆတ် စားကွ'လို့လည်း ညွှန်ကြားပါတယ်။ မာရီယာကတော့ နွားနို့လတ်လတ်ဆတ်ဆတ် သောက်ဖို့ဆိုပြီး နွားမတစ်ကောင် လာမပို့တာကိုပဲ



ကျေးဇူးတင်နေပါသေးတယ်။ အိမ်ထဲမှာခင်းထားတဲ့ အစိမ်းရောင် ကော်ဇောအသစ်ကို ပယ်ဒီတွေ့သွားတော့ 'ဒီအရောင် ကောင်းတယ်ကွ။ ဘုရားသခင်က အစိမ်းရောင်ကို ကြိုက်တယ်။ မင်း ကြည့်ပါလား၊ သူ ဖန်ဆင်းတဲ့ သစ်ပင်တွေ၊ မြက်ခင်းတွေအားလုံးဟာ အစိမ်းတွေချည်းပဲ'လို့ ပြောပြီး တဟားဟားနဲ့ ရယ်နေသေးတာပါ။

ကျွန်တော်တို့မိသားစုမှာ ဘာကင်ဟာမ်နန်းတော်ထဲ နေရတာနဲ့စာရင် တော်တော်ကလေး အကျပ်အတည်း တွေ့ရပါတယ်။ နေရတာသာ အကျပ်အတည်း မဟုတ်ပါဘူး။ အလုပ်တာဝန်ကလည်း တော်တော်ကြီးလေးပြီး ကျပ်တည်းလှပါတယ်။ အောက်တိုဘာလမှာ ချားလ်စ်နဲ့ ဒိုင်ယာနာတို့ ပြည်ပခရီးစဉ်က ပြန်လာပြီးတဲ့နောက် ကျွန်တော့်တာဝန်များရဲ့ စိန်ခေါ်ပွဲက စတင်တော့တာပါပဲ။ အရင်က ဘာကင်ဟာမ်နန်းတော်မှာ ကျွန်တော့်နောက်က အမှုထမ်း ၃၀၀ တို့က ပံ့ပိုးပေးနေကြတာ ဖြစ်ပေမယ့် ဒီမှာတော့ ကျွန်တော့်နောက် တစ်ယောက်မှ မရှိပါဘူး။ အလုပ်မှန်သမျှကို တစ်ယောက်တည်း ဒိုင်ခံတာဝန်ယူပြီး ဆောင်ရွက်ရတာပါ။ [..]ရွှာစိုးဆိုလည်း ကျွန်တော်ပဲ။ အိမ်တော်ဝန်ဆိုလည်း ကျွန်တော်ပဲ။ မနက် [..]လင်းတာနဲ့ တစ်ပြိုင်နက် ကျွန်တော့်တာဝန်တွေ စလိုက်တာ ညအိပ်တဲ့အထိ ပါပဲ။

မင်းမှုထမ်းအားလုံးက ချားလ်စ်မင်းသားဟာ ဆွေတော်မျိုးတော်များထဲမှာ [..]စားပေးတာ အရက်ရောဆုံးလူလို့ သတ်မှတ်ထားကြပါတယ်။ ဘယ်အိမ်တော်နဲ့မှ [..]တွေ၊ ဟိုင်းဂရုဗ်စံအိမ်မှာ တာဝန်ထမ်းဆောင်ရတဲ့ မင်းမှုထမ်းများက တခြားစံအိမ်မှ [..]င်းမှုထမ်းများထက် လစာပိုရကြပါတယ်။ ဘာကင်ဟာမ်နန်းတော်ကို စွန့်ခွာပြီး [..]င်းဂရုဗ်စံအိမ်မှာ လာရောက်တာဝန်ထမ်းဆောင်တဲ့အတွက် မင်းသားက ကျွန်တော့်[..]ကို တစ်နှစ် စတာလင်ပေါင် ၈၀၀၀ ကနေ ၁၀၀၀၀ တိုးပေးပြီး ၁၈၀၀၀ [..]စေပါတယ်။ လစာများများရလေ တာဝန်က ပိုများလေပါပဲ။ လက်ထောက် [..]ယောက်မှမရှိတဲ့အတွက် ဝိုင်ပုလင်း လိုအပ်တာကအစ ငွေလင်ပန်းများ သန့်[..]ရေး လုပ်တဲ့ကိစ္စအဆုံး ကျွန်တော်ကိုယ်တိုင်ပဲ လုပ်ရပါတယ်။ ညှို့သည်[..]ကြိုဆိုရင် ကျွန်တော် ကြိုဆိုရသလို မီးလင်းဖိုမှာ ထင်းမီးထိုးဖို့ လိုရင်[..] ကျွန်တော်ပဲ လုပ်ရတာပါ။ ညှို့ခန်းမက စားပွဲပေါ်မှာ အလှတင် ပန်းအိုး[..]ထင်တာလည်း ကျွန်တော်ပါပဲ။ ဘာကင်ဟာမ်နန်းတော်မှာတုန်းကလို နိုင်ငံ[..]တံဆိပ်တပ်ထားတဲ့ ယူနီဖောင်းဝတ်စရာ မလိုဘဲ ရွှေကြယ်သီးတပ် သာမန်[..]ကိုပဲ ဝတ်ဆင်ရပါတယ်။ နက်ပြာရောင်ဝတ်စုံဖြစ်ပြီး ကုတ်ပေါ်မှာတော့

www.burmeseclassic.com

www.burmeseclassic.com



မင်းသားရဲ့ အမှတ်တံဆိပ်ကို တပ်ဆင်ထားရပါတယ်။ ရှပ်အင်္ကျီအဖြူနဲ့ လည်စည်း အပြာကို ဝတ်ဆင်ရပါတယ်။

ဘာကင်ဟမ်နန်းတော်မှာတုန်းက ဘုရင်မကြီးရဲ့အချစ်တော် ခွေးကလေး ၉ ကောင်ကို ထိန်းသိမ်းခဲ့ရတဲ့ ကျွန်တော် ဒီစံအိမ်ကို ရောက်တဲ့အခါမှာတော့ မင်းသားရဲ့ ခွေးနှစ်ကောင်ဖြစ်တဲ့ တစ်ဂါနဲ့ရှူးတို့ကို ထိန်းကျောင်းရပြန်ပါတယ်။ ဒါပေမယ့် အဆိုးထဲက အကောင်းလို့ ပြောရမလားမသိ။ ခွေးများကို လမ်းလျှောက်တဲ့ကိစ္စ မှာတော့ ကျွန်တော် တာဝန်မယူရပါဘူး။ မင်းသားကိုယ်တိုင် လမ်းလျှောက်ပေး ပါတယ်။ အဲဒီတာဝန်တွေအပြင် ဟိုင်းဂရုဗ်စံအိမ်ကို ဝင်လာတဲ့ တယ်လီဖုန်း များကိုလည်း ကျွန်တော်ပဲ ဖြေကြားရတာပါ။ တစ်နေ့မှာတော့ ဖုန်းမြည်လာတဲ့ အတွက် ကျွန်တော် ကောက်ကိုင်လိုက်ပါတယ်။

'ဟဲလို... ဟိုင်းဂရုဗ်စံအိမ်ကပါ'

'ဟဲလို ပေါလ်...'

ကျွန်တော် ချက်ချင်း ဒီအသံကို မှတ်မိလိုက်ပါတယ်။ ဘုရင်မကြီးရဲ့ အသံပါ။

'မင်္ဂလာနံနက်ခင်းပါ သခင်မ'

ကျွန်တော့်သခင်မရဲ့ အသံကို ကြားလိုက်ရတဲ့အချိန်မှာ ကျွန်တော် တော် တော်ကလေး စိတ်လှုပ်ရှားသွားပါတယ်။ သူ့ဆီကနေ ကျွန်တော် ထွက်လာပြီး တဲ့နောက် ပထမဆုံးအကြိမ် ကြားရတဲ့အသံပါပဲ။ ကျွန်တော်တို့ အနေနဲ့ ဘုရင်မကြီးနဲ့ အာလာပသလ္လာပ ပြောဖို့ အခွင့်အရေးမရှိပေမယ့် ကျွန်တော် အရဲစွန့်ပြီး နေထိုင် ကောင်းရဲ့လား၊ ကျွန်တော့်အချစ်တော် ခွေးကလေး ချစ်ပါရော နေကောင်းရဲ့လား လို့ မေးခဲ့မိပါသေးတယ်။

'သားတော်မောင် ရှိလား ပေါလ်'

ကျွန်တော့်စကားကို ဖြတ်ပြီး ဘုရင်မကြီးက မေးတော်မူလိုက်ပါတယ်။ ကျွန်တော့်စကားတွေ တော်တော်များများ ပြောလိုက်မိပြီလားလို့ စိတ်ပူသွားမိ ပါသေးတယ်။ ဒါကြောင့် ချားလ်စ်မင်းသားဆီကို ဆက်သွယ်ပြီး 'မင်းသားခင်ဗျာ၊ မယ်တော် ဘုရင်မကြီး ဖုန်းဆက်သွယ်လာပါတယ်' လို့ အကြောင်းကြားလိုက်ရပါ တော့တယ်။

❑

တာဝန်ထမ်းဆောင်ချိန် တော်တော်ကလေး ရလာတော့ မင်းသားရဲ့ သဘော ထားကို ကျွန်တော် နားလည်လာခဲ့ပါပြီ။ မင်းသားက ဟိုင်းဂရုဗ်စံအိမ်ကို သူ့ အမြဲတမ်းစံအိမ်အဖြစ် သဘောမထားချင်ပါဘူး။ ဘုရင်မကြီးက ဝင်ဆာနန်းတော်



မှာ နေလေ့ရှိပြီး ဘုရင်မကြီးရဲ့ မယ်တော်ဘုရင်မကြီးကတော့ စံအိမ်တစ်ခုမှာ သီးခြားနေလေ့ ရှိပါတယ်။ ချားလ်စ်မင်းသားနဲ့ ဒိုင်ယာနာ မင်းသမီးတို့က တနင်္လာ နေ့မှ သောကြာနေ့အထိ ကင်စတန်နန်းတော်မှာ အတူတကွ နေထိုင်လေ့ ရှိပါ တယ်။ ကင်စတန်နန်းတော်မှာ အချိန်ပြည့် ဘဏ္ဍာစိုးအဖြစ် တာဝန်ထမ်းဆောင်ရ သူက ဟာရိုးလ်ဘရောင်းပါ။ ဒါပေမယ့် ကျွန်တော် ဟိုင်းဂရုဗ်စံအိမ်ကို ရောက် ပြီး နွေဦးပေါက်ကာလကစလို့ ချားလ်စ်မင်းသားက သူတစ်ယောက်တည်းသာ ဟိုင်းဂရုဗ်စံအိမ်မှာ စနေ၊ တနင်္ဂနွေရက်များ နေလေ့ရှိပါတယ်။ မင်းသားက သူ ခရီးထွက်ရာမှာ စောင့်ရှောက်ပေးမယ့် သက်တော်စောင့်တစ်ဦး၊ သူ ခရီးသွား လာစဉ်အတွင်း စားရေးသောက်ရေး တာဝန်ယူလုပ်ဆောင်ပေးမယ့်သူ တစ်ဦးတို့ကို အနီးကပ် လိုက်ပါစေပါတယ်။ အိမ်တော်မှာ တာဝန်ထမ်းလာချိန်များလာတော့ အိမ်တော်ရဲ့ တံခါးဝမှ မလှမ်းမကမ်းတစ်နေရာမှာ ရဟတ်ယာဉ်တစ်စီး အဆင်း အတက် လုပ်တာကို ကျွန်တော့်အတွက် အမြင်ရိုးသွားပါပြီ။ ချားလ်စ်မင်းသား ဟိုင်းဂရုဗ်စံအိမ်မှာ တစ်ယောက်တည်း အနေများလာပါတယ်။ ကျွန်တော်တို့ မင်းမှုထမ်းများအနေနဲ့လည်း ဆေးရုံတစ်ခုရဲ့ ခွဲစိတ်ခန်းထဲမှာ ရင်ခုန်စိတ်လှုပ်ရှား စွာနဲ့ စောင့်ဆိုင်းနေကြတဲ့ ဆရာဝန်များလို ရင်တထိတ်ထိတ်နဲ့ နေကြရပါတယ်။ တစ်နေ့တာအတွက် အချိန်ဇယားကလည်း အပြည့်ပါ။ မင်းသားက သူ တစ်နေ့တွေ့ မယ့် ဧည့်သည်စာရင်းကို နေ့စဉ်ပြုစုထားပါတယ်။ နေ့လယ် ထမင်းစားချိန် နား ရာမှာတော့ သူ့မိတ်ဆွေတချို့လည်း လာပြီး အတူတူ စားတတ်ကြပါတယ်။ အဲဒီ ပုဂ္ဂိုလ်တွေထဲမှာ ဗာနွန်ရပ်ဆဲလ်စမစ်သ်၊ ကယ်မီလာပါကာဘိုးလ်စ်၊ ဒီဗွန်ရှိုင်းယား မြို့စားကတော် ကင်ဒီဒါလိုင်ဆက်ဂရင်းတို့လည်း ပါဝင်တတ်ပါတယ်။

လက်ခံတွေ့ဆုံရမယ့် ဧည့်သည် မရှိလို့ အားလပ်နေတဲ့အခါများမှာတော့ မင်းသား က ဥယျာဉ်ခြံဝင်းအတွင်းမှာ နာရီပေါင်းများစွာ အပင်များကို တယုတယ ပြုစုလေ့ ရှိပါတယ်။ တစ်ခါတုန်းက မြေကြီးတွေကို သူကိုယ်တိုင် တူးဆွပြီး မြက်ခင်းတစ်ခု ယုယပျိုးထောင်ခဲ့ဖူးတာကိုလည်း ကျွန်တော် မှတ်မိနေပါတယ်။ အဲဒီမြက်ခင်း ပျိုးထောင်စဉ်တုန်းက မင်းသားက သူ့နောက်ကျောရိုးတွေ ကျိုးတော့မတတ် စားရတယ်လို့လည်း ပြောခဲ့ဖူးပါတယ်။ အဲဒီလိုမှ လုပ်မနေရဘူးဆိုရင်လည်း မင်းသားက သူ့စာကြည့်ခန်းအတွင်းမှာ ဂန္ထဝင်သီချင်းတွေကို ဖွင့်ပြီး နားထောင်နေ တတ်ပါတယ်။ သီချင်းဖွင့်တဲ့နေရာမှာ ခပ်ကျယ်ကျယ် ဖွင့်လေ့ရှိတာကြောင့် တစ်ခါ တလေ သူ့တံခါးခေါက်သံကိုတောင် သူ မကြားပါဘူး။ မင်းသမီးကတော့ ဟိုင်းဂရုဗ် စံအိမ်မှာထက် လန်ဒန်မှာ အနေများပါတယ်။ ကလေးနှစ်ယောက်နဲ့အတူ လန်ဒန်မှာ

www.burmeseclassic.com



နေပြီး နေ့လယ်စာကို မိတ်ဆွေတွေနဲ့အတူ ဘာကင်ဟမ်နန်းတော်အတွင်း ဝင်စားကြတာပါ။ သူခေါ်သွားလေ့ရှိတဲ့ မိတ်ဆွေများကတော့ ဖက်ရှင်ဒီဇိုင်နာ ဂျက်စ်ပါကွန်းရန်း၊ လော်ရာလွန်စဒေးလ်၊ ကာရိုလင်းဘာသိုလိုမြူးတို့ပါပဲ။ တစ်ခါတလေမှာတော့ ညစာကို ဟယ်ရီ ကြိုက်တတ်တဲ့ မေဖဲယားမှာ သွားစားတတ်ပါတယ်။ အဲဒီလိုသွားစားရင် ဂရိဘုရင် ဟောင်းတစ်ဦးဖြစ်တဲ့ ကွန်စတင်တိုင်းနဲ့ မိဖုရား အဲန်းမာရီတို့လည်း ပါဝင်ပါတယ်။ နေ့ခင်းအချိန်များမှာတော့ မင်းသမီးက မြင်းစီးသင်ပါတယ်။ မနက် ၇ နာရီခွဲဆိုရင် ဗိုလ်မှူးကျိမ်းစ်ဟေးဝစ်နဲ့ မြင်းစီးလေ့ကျင့်ဖို့ ထွက်သွားပါပြီ။ မင်းသမီးက သူ့ဘဝမှာ စွမ်းရည်တွေ ပိုမိုတိုးတက်ဖို့ လေ့ကျင့်သင်ကြားနေခြင်းဖြစ်တယ်လို့ ကျွန်တော် နားလည် ခဲ့ပါတယ်။ မြင်းစီးမလေ့ကျင့်တဲ့နေ့များမှာတော့ မင်းသမီးက စကားမပြောတတ်သူများရဲ့ ခြေဟန်လက်ဟန်နဲ့ စကားပြောနည်းကို လေ့လာသင်ယူလေ့ ရှိပါတယ်။ အဲဒီလိုမှ မဟုတ်လို့ရှိရင်လည်း ဧည့်ခန်းထဲမှာ အကသင်လေ့ကျင့်နေလေ့ ရှိပါတယ်။

သောကြာ တစ်ညနေခင်းမှာတော့ သူတို့ဧနီးမောင်နှံ အတူတကွ ပြန်လာခဲ့ကြရာမှာ မင်းသမီးက ကားမောင်းလာပြီး အဲဒီတုန်းက အသက် ၅ နှစ် အရွယ်သာရှိသေးတဲ့ ဝီလျံနဲ့ အသက် ၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဟယ်ရီတို့လည်း ပါလာပါတယ်။ သူတို့အစီအစဉ်က တနင်္ဂနွေနေ့ နေ့လယ်စာ စားပြီးချိန်မှာ လန်ဒန်ကို ပြန်ကြဖို့ပါ။ သူတို့နဲ့အတူ ကလေးထိန်းတစ်ဦး၊ အထိန်းတော်တစ်ဦးနဲ့ သက်တော်စောင့်တစ်ဦးလည်း ပါပါတယ်။ မင်းသမီးက လန်ဒန်မှာ အသိုင်းအဝိုင်းများတဲ့အတွက် ပျော်မွေ့လေ့ရှိပြီး ကင်စတန်နန်းတော်ကို သူမရဲ့အိမ်လို့ သတ်မှတ်ထားပါတယ်။ မင်းသမီးနဲ့ ပြောင်းပြန်က မင်းသားပါ။ မင်းသားက ဟိုင်းဂရုပ်စ်အိမ်ကို သူ့အိမ်လို့ သတ်မှတ်ပြီး တစ်နေ့ထက်တစ်နေ့ ပိုပြီး အနေများလာပါတယ်။ တစ်ရက်ခြားလောက်သာ လန်ဒန်ကိုသွားပြီး ဇနီးဖြစ်သူနဲ့ နေပါတယ်။

တော်ဝင်မိသားစုများရဲ့ ဘဝမှာ ခုလိုဇနီးမောင်နှံနှစ်ဦး ခွဲနေခြင်းမှာ ဘယ်တုန်းကမှ မရှိခဲ့ဖူးတဲ့ အစဉ်အလာတစ်ခု ဖြစ်နေပါတယ်။ မင်းသားနဲ့ ကြင်ယာတော်တို့ စိတ်ဝင်စားမှုခြင်းကလည်း တခြားစီဖြစ်နေတော့ ပျော်တဲ့နေရာကလည်း တစ်သီးတခြားစီ ဖြစ်လာခြင်းပါ။ မင်းသမီးက လန်ဒန်ရဲ့ လူနေမှုအသိုက်အဝန်းကို သဘောကျပေမယ့် မင်းသားကတော့ ကျေးလက်မှာ နေထိုင်ရခြင်းကို ပိုပြီး ပျော်မွေ့ပါတယ်။ ဘုရင်မကြီးနဲ့ ကြင်ယာတော် အီဒင်ဘာမြို့စားကြီးတို့ဟာလည်း ဝါသနာပါတာချင်း မတူပါဘူး။ တစ်သီးတခြားစီ လျှောက်လှမ်းကြတာ ဖြစ်ပေမယ့် သူတို့အိမ်ထောင်ရေး ခိုင်မြဲမှုအတွက် အတူတကွ နေထိုင်ကြလေ့ ရှိပါတယ်။



ဟိုင်းဂရုပ်စ်အိမ်ကို ရောက်စကာလတုန်းက ချားလ်စ်နဲ့ဒိုင်ယာနာတို့က သူတို့အသိုက်အဝန်း ကိုယ်စီနဲ့ သီးခြားစီ ပျော်မွေ့ကြတာကို ကျွန်တော် သတိပြုမိပါတယ်။ ၁၉၈၀ ပြည့်နှစ်များအတွင်းမှာတုန်းကဆိုရင် ကျွန်တော့်အနေနဲ့ မင်းသမီးစားဖို့ ညစာကို တစ်ကြိမ်တစ်ခါမှ သူမအခန်းတွင်းသို့ ပို့ပေးခဲ့ရတာ မရှိခဲ့ဖူးပါဘူး။ ညနေအချိန်ရောက်ပြီဆိုရင် ရုပ်မြင်သံကြားစက်ရှေ့မှာ စားပွဲချပြီး သူတို့ဇနီးမောင်နှံ ညစာစားဖို့အတွက် ပြင်ဆင်ပေးရပါတယ်။ ညစာကို ဧည့်ခန်းထဲမှာပဲ ရုပ်မြင်သံကြားကြည့်ရင်း အတူတကွ စားသုံးလေ့ရှိပါတယ်။ သူတို့နှစ်ယောက်ကို ကြည့်ရတာ သာမန်ဇနီးမောင်နှံများလိုပါပဲ။ တစ်သီးတခြားစီ စီးပွားရေးလုပ်ငန်းလုပ်ကြတဲ့ ဇနီးမောင်နှံတွေ ထမင်းစားရင်း သူ့လုပ်ငန်းအကြောင်း၊ ကိုယ့်လုပ်ငန်းအကြောင်း ပြောကြသလို သူတို့နှစ်ယောက်လည်း စကားတပြောပြောနဲ့ စားလေ့ရှိပါတယ်။ အဲဒီလိုဆုံပြီး ထမင်းစားချိန် မဟုတ်လို့ ဒိုင်ယာနာက ချားလ်စ်ကို တွေ့ချင်ပြီဆိုရင် ဘယ်မှာရှိနေတယ်ဆိုတာ သူ သိပါတယ်။ စာကြည့်ခန်းထဲမှာကလွဲရင် ဘယ်နေရာမှ ရှာလို့တွေ့မှာ မဟုတ်ပါဘူး။ မင်းသား ညဥ့်နက်တဲ့အထိ စာဖတ်၊ သီချင်းနားထောင်၊ ဒါမှမဟုတ် အပုံလိုက်ရှိနေတဲ့ စာရွက်စာတမ်းတွေနဲ့ အလုပ်များနေတတ်တာပါ။ ခွေးနှစ်ကောင်က အောက်ထပ်မှာ ဆော့ကစားနေချိန် အပေါ်ထပ်မှာ ဗိုတန်ဟျူစတန်ရဲ့ သီချင်းသံက ပျံ့လွင့်နေပါတယ်။ မင်းသမီးကတော့ အိပ်ရာဝင်ချိန်မှာ ခေတ်ပေါ်ဂီတကို နားဆင်လေ့ ရှိပါတယ်။ သူ အကြိုက်ဆုံး သီချင်းတစ်ပုဒ်ကို ထပ်ပြန်တလဲလဲ နားဆင်လို့ရအောင် စီစဉ်ထားပါတယ်။ အကြိုက်ဆုံးသီချင်းကတော့ I Will Always Love You သီချင်းပါပဲ။ (နောက်ပိုင်းနှစ်များမှာတော့ မင်းသမီးက ဂန္တဝင်သီချင်းတွေကို ပိုပြီးနှစ်သက်လာပါတယ်)

ညစဉ်ညတိုင်း ကျွန်တော် တာဝန်ထမ်းဆောင်ရတဲ့ အလုပ်တစ်ခုကတော့ ဧည့်ခန်းထဲမှာ သူတို့ဇနီးမောင်နှံ ရှိနေစဉ်အတွင်း ငွေဓာတ်ဘူးထဲမှာ လတ်လတ်ဆတ်ဆတ် ညှစ်ထားတဲ့ လိမ္မော်ရည်ကို မင်းသားအတွက် စီစဉ်ပေးရပါတယ်။ တစ်ခါတလေမှာ မင်းသမီးကလည်း ဝင်သောက်တတ်ပြီး မင်းသားအတွက် လက်ကျန်နည်းသွားတတ်တဲ့အခါတွေ ရှိခဲ့ပါတယ်။ ဒါကြောင့် မင်းသားက 'ကျေးဇူးပြုပြီး ညစာစားပြီးတဲ့အခါမှာ ဓာတ်ဘူးထဲ လိမ္မော်ရည်ရှိရဲ့လားလို့ စစ်ဆေးပေးပါ။ မင်းသမီးက အကုန်သောက်သွားရင် ကိုယ်တော်အတွက် မကျန်တတ်လို့ပါ'လို့ စာရေးပြီး မှာတမ်းခြွေတာလည်း ကျွန်တော် ကြုံခဲ့ဖူးပါတယ်။

အိမ်တော်ရဲ့အောက်ထပ်မှာ အဓိကအခန်းကြီးလေးခု ရှိပါတယ်။ အဲဒီလေးခန်းထဲက တစ်ခန်းမှာ ကျွန်တော် တာဝန်တစ်ရပ် တနင်္ဂနွေနေ့တိုင်း သီးခြားဆောင်

www.burmeseclassic.com

www.burmeseclassic.com



ရှက်ရပြန်ပါတယ်။ အဲဒီတာဝန်ကတော့ အဲဒီအခန်းကို ဘုရားရှိခိုးကျောင်းတစ်ခု အသွင် ဖော်ဆောင်နိုင်အောင် ဇွေထည်ပစ္စည်းများနဲ့ ပြင်ဆင်ပြီး ချားလ်စ်မင်းသားက သာသနာပိုင်ဆရာတော်ထံမှ တရားနာယူခြင်းပဲ ဖြစ်ပါတယ်။ ဒီကိစ္စကို ချားလ်စ် မင်းသားက အလေးအနက်ထားပြီး တနင်္ဂနွေနေ့ နံနက်တိုင်း ဆောင်ရွက်လေ့ ရှိပေမယ့် ဒိုင်ယာနာကတော့ မင်းသားနဲ့အတူ ဝင်ရောက်တရားနာယူခြင်း၊ ဘုရား ရှိခိုးခြင်း မရှိပါဘူး။ သူက ဘုရားရဲ့အိမ်တော်ဖြစ်တဲ့ ဘုရားရှိခိုးကျောင်းမှာ မဟုတ် လို့ စိတ်မပါဘူးလို့ ဆိုပါတယ်။

ဟိုင်းဂရုဗ်စံအိမ်ကို မင်းသမီးနဲ့ ကလေးတွေ ရောက်လာပြီဆိုရင်တော့ စံအိမ် တစ်ခုလုံး သက်ဝင်လှုပ်ရှားလာပါတော့တယ်။ ရယ်သံမောသံ၊ ကလေးများရဲ့ အော်ဟစ်သံ၊ အပေါ်ထပ်ကြမ်းပြင်မှာ တဒိုင်းဒိုင်းနဲ့ ပြေးလွှားဆော့ကစားကြသံ များကို ကြားနိုင်သလို မင်းသမီးကိုယ်တိုင်က သားတော်နှစ်ပါးနဲ့အတူ တူတူ ပုန်းတမ်း ကစားတဲ့အခါတွေလည်း ရှိတတ်ပါတယ်။ အဲဒီလိုအခါမျိုးမှာဆိုရင် တော့ စံအိမ်ဟာ သက်ဝင်လှုပ်ရှားမှု အပြည့်ပါပဲ။ တစ်ခါတလေမှာတော့ မင်းသမီးက သူ့သားတွေကို စန္ဒရားတီးပြတဲ့အခါတွေလည်း ရှိပါတယ်။

မိသားစုဘဝကို ပျော်ရွှင်ချမ်းမြေ့နေတာ ကျွန်တော့်အမြင်မှာ သာမန်မိသားစု ကလေးတစ်ခုလို ထင်မိပေမယ့် လေဒီစပင်ဆာကတော့ ကျွန်တော့်အမြင် ဟာ အပေါ်ယံကြော မြင်တာဖြစ်ပြီး အတွင်းမှာဖြစ်နေတဲ့ မိသားစု အရေးအခင်းတစ်ခု ရှိနေတယ်လို့ သတိပေးပါတယ်။ မင်းသားနဲ့ မင်းသမီးတို့ တာဝန်ကိုယ်စီနဲ့ ရှိနေကြ တဲ့ကြားကပဲ သားတော်နှစ်ပါး စိတ်ချမ်းမြေ့မှုကိုလည်း ဆောင်ရွက်နေကြပါတယ်။ ကျွန်တော့်အမြင်မှာတော့ သူတို့မိသားစုကလေးဟာ ဘယ်သူမှ ဖြိုခွင်းလို့မရနိုင် မယ့် အသင်းတစ်သင်းလို စည်းလုံးညီညွတ်မှု ရှိနေပါတယ်။ ကျွန်တော့်ဘဝမှာ 'ဝေလမိသားစုများရဲ့ စစ်ပွဲ' ဆိုတာကိုလည်း ဘယ်တော့မှ မြင်ရလိမ့်မယ် မဟုတ် ဘူးလို့ ယုံကြည်ခဲ့ပါတယ်။

သူတို့မိသားစုရဲ့ ပျော်ရွှင်မှုဟာ ကျွန်တော်တို့ မင်းမှုထမ်းများအတွက်လည်း ကူးစက်စေပြီး ပျော်ရွှင်ချမ်းမြေ့ကြရပါတယ်။ အထူးသဖြင့် မင်းသမီးနဲ့ အနီးကပ် နေကြရတဲ့ အမျိုးသမီးများမှာ ပျော်ရွှင်နေကြပါတယ်။ ဟိုင်းဂရုဗ်စံအိမ်ကို မင်းသမီး ရောက်လာရင် စိတ်အနှောင့်အယှက်ဖြစ်သူတစ်ဦး ရှိပါတယ်။ အဲဒီပုဂ္ဂိုလ်ကတော့ ပယ်ဒီပါပဲ။ မင်းသမီးက ဟိုင်းဂရုဗ်စံအိမ်ကို ရောက်ပြီဆိုရင် မနက်စောစော နေပူပူ မှာ ခပ်နွေးနွေးဖြစ်နေမယ့် ရေကူးကန်ထဲ ရေကူးလေ့ရှိပါတယ်။ ဆောင်းရာသီ ကာလများမှာ ရေကူးကန်ကို အမိုးအုပ်ထားပေမယ့် နွေဦးပေါက်ကာလများမှာ



တော့ ဒီအမိုးကို ဖယ်ရှားထားလေ့ရှိတာကြောင့် ကန်ထဲကရေဟာ နေရောင်ခြည်ရဲ့ အနွေးဓာတ်ကို ရနေပါပြီ။ ပယ်ဒီက ရေဘယ်လောက်ပူမလဲဆိုတာ စိုးရိမ်တတ် သလို ရေထဲမှာကလိုရင်း ဘယ်လောက်ထည့်ရမလဲဆိုတာကိုလည်း မမှန်းဆ တတ်အောင် ဖြစ်တတ်ပါတယ်။ တစ်ခါတလေမှာ ကလိုရင်းတွေ များသွားတဲ့ အတွက် ကန်ထဲမှာ ရေငုပ်လိုက်တဲ့ မင်းသမီး မျက်စိတွေနီရဲပြီး ကန်ပေါ်တက် လာရတဲ့အခါတွေလည်း ရှိပါတယ်။ မင်းသမီးက ပယ်ဒီကို အပြစ်မတင်တတ်ပါ ဘူး။ အကောင်းဘက်ကသာ ရှုမြင်လေ့ ရှိပါတယ်။ ဒါပေမယ့် ပယ်ဒီကတော့ သူ့ဘက်က အပြစ်ပေးသလို ခံစားရတတ်ပါတယ်။

မင်းသမီးက သူမအတွက် သီးခြားခန့်ထားတဲ့ ဝန်ထမ်းများအပေါ်မှာ အင်မတန် ဂရုစိုက်လေ့ ရှိပါတယ်။ အထူးသဖြင့် သူမရဲ့ အသက်လုံခြုံမှုအတွက် ခန့်ထားတဲ့ သက်တော်စောင့် ဂရေဟာမ်စမစ်သ်ကို ပိုပြီး အရေးပေးပါတယ်။ မင်းသမီးကိုယ် တိုင်က ဂရေဟာမ်ဟာ သူမ သဘောအတွေ့ဆုံး ဝန်ထမ်းတစ်ဦးဖြစ်တယ်လို့ အတိ အလင်း ပြောခဲ့ဖူးပါတယ်။ မင်းသမီးနဲ့ ကျွန်တော့်ဇနီး မာရီယာကြားမှာလည်း ဂရေဟာမ်ဟာ နားလည်မှုအပြည့်ရှိသူ ဖြစ်ပါတယ်။ တစ်ကြိမ်မှာတော့ ဂရေဟာမ် ချောင်းအဆက်မပြတ် ဆိုးလာတဲ့အတွက် ဆေးစစ်ရာမှာ ကင်ဆာရောဂါ ဖြစ်နေ တယ်လို့ သိလိုက်ရပါတယ်။ ဓာတ်ကင်ကုသမှု ပြုလုပ်ရမယ်ဆိုတော့လည်း မင်းသမီးက သူကိုယ်တိုင် ဆေးရုံလိုက်ပြီး ဓာတ်ကင်ကုသမှု ခံယူနေတာကို စောင့်ဆိုင်းပေးတတ်ပါသေးတယ်။ ဂရေဟာမ် နာမကျန်းဖြစ်လာပြီး နောက်ဆုံးမှာ အငြိမ်းစားယူလိုက်ရပါတယ်။ နှစ်အတော်ကြာပြီးတဲ့နောက် သူ ကွယ်လွန်သွား ခဲ့ပါတယ်။ သူ့နေရာမှာ တခြားလူတွေ အစားဝင်ပေမယ့် သူ့လောက် ဘယ်သူ့ ကိုမှ မင်းသမီးက သဘောမတွေ့ခဲ့ပါဘူး။

❑

ဟိုက်ဂရုဗ်စံအိမ်မှာ မင်းသမီး နှစ်သက်တဲ့ နောက်တစ်ဦးကတော့ ကျွန်တော့် ဇနီး မာရီယာပါပဲ။ အောက်တိုဘာလအတွင်း ပထမဆုံး စနေနေ့မှာ မင်းသမီးက ကျွန်တော်တို့အိမ်ကို အလည်ရောက်လာပြီး အိမ်သစ်တက် လက်ဆောင်တစ်ခု ပေးပါတယ်။ အဲဒီလက်ဆောင်ကတော့ ကုလားထိုင်များပေါ်မှာ ထားရမယ့် ကူရှင်များ ဖြစ်ပြီး အိမ်နံရံမှာကပ်ထားတဲ့ ဝေါလ်ပေပါများနဲ့ လိုက်ဖက်တဲ့အရောင်ကို ရွေးချယ် လာခဲ့ပါတယ်။ မင်းသမီးက ဆိုဖာများပေါ်မှာ ကူရှင်များတင်ထားတာကို အင်မတန် သဘောကျတတ်သူပါ။ 'မာရီယာတို့က ကျွန်မအကြိုက်နဲ့ နည်းနည်း အလှမ်း ဝေးနေသေးတယ်။ အဲဒီလိုမဖြစ်ရအောင် လေ့ကျင့်ပေးရဦးမယ်' လို့လည်း ဆိုခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။

အဲဒီအချိန်တုန်းက သူ လှေကျင့်ပေးရဦးမယ်ဆိုတာ မာရီယာတစ်ယောက်တည်းကိုသာ ရည်ရွယ်တာမဟုတ်ဘဲ ကျွန်တော့်ကိုလည်း ရည်ရွယ်ပြီး ပြောခဲ့တယ်ဆိုတာ ကျွန်တော် မသိခဲ့ပါဘူး။ မာရီယာရဲ့ခင်ပွန်းဖြစ်သူ ကျွန်တော် ပေါလ်ဟာ ဘုရင်မကြီးရဲ့ ခြေမြန်တော်တစ်ဦး ဖြစ်ခဲ့ပေမယ့် အခု ဟိုက်ဂရုဗ်စံအိမ်မှာတော့ ဘဏ္ဍာစိုးတစ်ဦး ဖြစ်နေတဲ့အတွက် ဝေလမင်းသားနဲ့ မင်းသမီးတို့ရဲ့ အကြိုက်ကို သိတတ်ရပါမယ်။ သူတို့အပေါ်မှာ သစ္စာစောင့်သိရပါမယ်။ တစ်ခါတစ်ရံ မင်းသားတစ်ယောက်တည်း ဟိုက်ဂရုဗ်စံအိမ်မှာ ရှိနေတဲ့အခါ ကျွန်တော့်တာဝန်က မင်းသားကို ခစားရမှာဖြစ်တဲ့အပြင် သူ့ကမ္ဘာကိုလည်း အကာအကွယ်ပေးရပါမယ်။ ဒါပေမယ့် အဲဒီတာဝန်က ကာလကြာရှည်တော့ ယူစရာမလိုပါဘူး။ ဘာကြောင့်လဲဆိုတော့ မင်းသမီးကလည်း မင်းသားနဲ့ခွဲပြီး ကြာရှည်မနေလို့ပါ။

ကူရှင်များဟာ မင်းသမီးရဲ့ ပင်တိုင်လက်ဆောင်များဖြစ်ပြီး တခြားသူများကိုလည်း အဲဒီလက်ဆောင် ပေးလေ့ရှိပါတယ်။ မင်းသမီးက အိမ်တွင်း အပြင်အဆင်များကို ကျွမ်းကျင်သူဖြစ်တဲ့အတွက် ဘယ်သူ့အိမ်မှာ ဘာလိုတယ်ဆိုတာကို ချက်ချင်းသိတတ်သူပါ။ သူမရဲ့စံအိမ်နှစ်ခုစလုံးမှာ ပြင်ပက အိမ်တွင်းပြင်ဆင်ရေး ပညာရှင်များ မလိုအပ်ဘဲ သူမကိုယ်တိုင် စိတ်တိုင်းကျ ပြင်ဆင်မွမ်းမံထားတာ ဘာကင်ဟမ်နန်းတော်လိုပဲ ခမ်းနားလှပါတယ်။ ဟိုက်ဂရုဗ်စံအိမ်က ခေတ်သစ်အိမ်တော်မဟုတ်သလို ရှေးကျလှတဲ့ အိမ်တော်လည်း မဟုတ်ပါဘူး။ ဒါကြောင့် မင်းသမီးက သူ့စံအိမ်ကို ပြင်ဆင်ရာမှာ ရှေးဟောင်းလည်း မဖြစ်စေရ၊ ခေတ်လည်း မဆန်စေရအောင် ကျွမ်းကျွမ်းကျင်ကျင် ပြင်ဆင်ထားပါတယ်။ အိမ်တွင်းမှာ အဝါရောင်ဖျော့ဖျော့ ဆေးသုတ်ထားပြီး ပြတင်းပေါက်နဖူးစည်းများကိုတော့ စိမ်းဝါရောင်အနကလေးများနဲ့ ခြယ်သထားပါတယ်။ စာကြည့်ခန်းအတွင်းမှာထားရှိတဲ့ အိမ်ထောင်ပရိဘောဂများက ကြိမ်ထည်များဖြစ်ပြီး သစ်သားကြမ်းခင်းကို အစိမ်းရင့်ရောင်ကော်ဇောများ ခင်းထားပါတယ်။ စားပွဲများပေါ်မှာနဲ့ နံရံများမှာ သားတော်နှစ်ပါးဖြစ်တဲ့ ဝီလျံနဲ့ဟယ်ရီတို့ရဲ့ ဓာတ်ပုံများ ချိတ်ဆွဲထားပြီး တစ်နေရာမှာ အိမ်သုံးဆေးသေတ္တာကိုလည်း ထားရှိပေးပါတယ်။ အိမ်တော်အတွင်းမှာ ချားလ်စ်မင်းသားရဲ့ ရေဆေးပန်းချီကားများကိုလည်း ဘောင်ခတ်ပြီး ချိတ်ဆွဲထားပါတယ်။ အဲဒါတင်မကသေးပါဘူး။ မြေအိုးနဲ့ ပန်းစိုက်အဖြစ် အလှဆင်ထားတဲ့ အိမ်တွင်းအလှဆင်အပင်များ၊ ပန်းများကလည်း စံအိမ်ရဲ့အလှကို ဖြည့်ဆည်းပေးနေပါတယ်။ ခန်းမရဲ့အလယ်ခေါင်မှာရှိတဲ့ စားပွဲဝိုင်းကြီးပေါ်မှာတော့ ပန်းအခြောက်များနဲ့ အလှဆင်



ထားတဲ့ ပန်းအိုးက မြင်သူတိုင်းကို ဆွဲဆောင်နိုင်စွမ်း ရှိပါတယ်။ တံခါးမကြီးရဲ့ တစ်ဖက်တစ်ချက်မှာတော့ ဇရာမမြေအိုးကြီးနဲ့ စိုက်ပျိုးထားတဲ့ အိမ်တွင်းသစ်ပင်ငယ်ကလေးများ ထားရှိပါတယ်။

အိမ်တွင်းမှာ မင်းသမီးက ကြိုက်သလို အလှဆင်ပေမယ့် အိမ်ပြင်မှာ အလှဆင်သူက မင်းသားပါ။ ဗိသုကာပညာနဲ့ ဥယျာဉ်ပြုစုပျိုးထောင်ခြင်း အတတ်ပညာကို ကျွမ်းကျင်တဲ့ ချားလ်စ်မင်းသားက သူ့စိတ်တိုင်းကျ ပြင်ဆင်ပါတယ်။ ၁၉၈၀ ပြည့်နှစ်တုန်းက ဒီစံအိမ်ကို သူ ဝယ်ခဲ့တာဖြစ်ပြီး အဲဒီတုန်းက ဒီစံအိမ်ရဲ့အပြင်အဆင်ဟာ ခုလောက် သားနားမှုမရှိပါဘူး။ အိမ်ရဲ့ ပြတင်းပေါက်များကအစ အိမ်အဝင်ဝအဆုံး မင်းသားက သူ့စိတ်ကြိုက် ပြန်လည် ပြင်ဆင်မွမ်းမံခဲ့တာပါ။

စိတ်တိုင်းကျ စိုက်ပျိုးထားတဲ့ ပန်းဥယျာဉ်ဟာ မင်းသားအတွက် စိတ်ထွက်ပေါက်တစ်ခု ဖြစ်တယ်ဆိုရင်လည်း မမှားပါဘူး။ တစ်ခါတစ်ရံမှာ နာရီပေါင်းများစွာ အပင်များကို တူးဆွရွှေ့ပြောင်းနေလေ့ ရှိပါတယ်။ စိုက်ပျိုးခြင်းကလွဲရင် နောက်ထပ် ဝါသနာပါတာတစ်ခုကတော့ ရေဆေးပန်းချီရေးဆွဲခြင်းပါ။ ကိုယ်တိုင်ပြုစုပျိုးထောင်ထားတဲ့ ပန်းဥယျာဉ်အတွင်းမှာ ရေးဆွဲတဲ့ ရေဆေးပန်းချီကားများဟာ မင်းသားရဲ့ လက်ရာမြောက်ပန်းချီကားများ ဖြစ်ခဲ့ပါတယ်။ အိမ်တော်ရဲ့နံရံကို ခွယ်ကပ်တက်လေ့ရှိတဲ့ နှင်းဆီပင်များကို နေ့စဉ်နဲ့အမျှ ပြုစုပေးပြီး ဒီအပင်များက နှင်းဆီပန်းများ ပွင့်လာတဲ့အခါမှာ အိမ်တော်တစ်ခုလုံး နှင်းဆီရနံ့နဲ့ သင်းပျံ့နေစေခဲ့ပါတယ်။ နောက်ဖေးဘက်မှာတော့ မီးဖိုဆောင်သုံး စားသုံးဖွယ်ရာ အသီးအနှံပင်များကို သီးခြားစိုက်ပျိုးထားပါတယ်။ ဥယျာဉ်အလယ်ခေါင်မှာ ကြေးနဲ့ထုလုပ်ထားတဲ့ အမေဖုံ့အမျိုးသမီးတစ်ယောက်ရဲ့ ဝတ်လစ်စလစ်ရုပ်တုကြီးတစ်ခု ရှိပါတယ်။ မင်းသမီးက ကျွန်တော့်ကို ကြေးတိုက်ဆေးပေးထားပြီး တစ်လမှာ နှစ်ကြိမ် အဲဒီရုပ်တုကြီးကို တိုက်ချွတ်ဆေးကြောစေပါတယ်။ အဲဒီရုပ်တုရဲ့အနီးမှာ ပေ ၂၀ လောက်မြင့်တဲ့ အပင်ကြီးတစ်ပင် ရှိပါတယ်။ အဲဒီအပင်ကတော့ သားတော်နှစ်ပါး ဆော့ကစားဖို့ ရည်ရွယ်ထားတာဖြစ်ပြီး သစ်ကိုင်းများကြားမှာ အိမ်ငယ်တစ်လုံးကို ဆောက်ပေးထားပါသေးတယ်။ အဲဒီအိမ်ငယ်ကို အစိမ်းရောင်၊ အနီရောင်တို့ ခြယ်သထားပြီး အိမ်ငယ်အတွင်းမှာ မင်းသားရဲ့လက်ဖြစ် ကုလားထိုင်ကလေးများ ထည့်ထားပါသေးတယ်။ ဒီအိမ်ငယ်ကလေးက သားတော်များ ဆော့ကစားဖို့ ရည်ရွယ်တာဖြစ်ပေမယ့် နောင်ကာလများမှာ မင်းသမီးကိုယ်တိုင် နာရီပေါင်းများစွာ ဝင်ရောက်ခိုအောင်းနားနေတဲ့ နေရာတစ်ခုလည်း ဖြစ်ခဲ့ပါတယ်။ ဒီအိမ်ကလေးဟာ မင်းသားငယ်နှစ်ပါးအတွက်သာ မကပါဘူး၊ ကျွန်တော့်သားကြီး အဲလက်စ်နဲ့ ၁၉၈၈

www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့က မွေးဖွားခဲ့တဲ့ သားငယ်အတွက်လည်း ဆော့ကစားရာ နေရာ ဖြစ်ခဲ့ပါတယ်။ သားငယ်မွေးဖွားခြင်း အထိမ်းအမှတ်အဖြစ် ကျွန်တော်က ကျွန်တော်တို့ နေအိမ်ခြံဝင်းအတွင်းမှာ ချယ်ရီပင်တစ်ပင်ကို စိုက်ဖြစ်ခဲ့ပါသေးတယ်။

မင်းသားက သူ ပြုစုပျိုးထောင်ထားတဲ့ ပန်းဥယျာဉ်ကို အင်မတန် မြတ်နိုးတဲ့ အတွက် ကျွန်တော့်ကို မှာထားတာ ရှိပါတယ်။ အဲဒါကတော့ ဟိုက်ဂရုဗ်စံအိမ်မှာ လာရောက်လည်ပတ်ကြတဲ့ ဧည့်သည်များအနေနဲ့ သူ့ ဥယျာဉ်ထဲက ဘယ်အပင်ကိုမှ ချိုးဖဲ့ခြင်း မပြုစေဖို့ပါပဲ။ စဉ်းစားကြည့်ရင် ကျွန်တော့်အနေနဲ့ သူတို့ဧည့်သည်တော် များကို မင်းသားက ဒီလိုအမိန့်ထုတ်ထားပါတယ်လို့ ဘယ်လိုနည်းနဲ့ ပြောလို့ ရနိုင်ပါ့မလဲ။

ချားလ်စ်မင်းသားက သူ့ဥယျာဉ်ကို ဘယ်လောက်မြတ်နိုးတယ်ဆိုတာကို မင်းသမီးက နားလည်ပါတယ်။ ဒါကြောင့် ဥယျာဉ်တစ်ခုလုံးကို ရာသီအလိုက် ဓာတ်ပုံမှတ်တမ်းတင်ထားလေ့ ရှိပါတယ်။ ရောင်စုံဝေဆာတဲ့ ပန်းများပွင့်နေပုံကို မင်းသမီးက ဓာတ်ပုံရိုက်ပြီးရင်လည်း ပုံများကို သားရေဖုံး ဓာတ်ပုံအယ်လ်ဘမ်မှာ စနစ်တကျ ထည့်ထားတတ်ပါတယ်။ တချို့သော ပုဂ္ဂိုလ်များက ဒိုင်ယာနာဟာ သူ့ခင်ပွန်းသည် စိတ်ဝင်စားမှုကို လျစ်လျူရှုတယ်ဆိုရင် မှားပါလိမ့်မယ်။ ခုထက်ထိ တွေ့နိုင်သေးတဲ့ အဲဒီဓာတ်ပုံအယ်လ်ဘမ်တွေက ခင်ပွန်းသည်ရဲ့ စိတ်ဝင်စားမှုကို ပံ့ပိုးကူညီပေးတယ်ဆိုတာ သက်သေခံနိုင်ပါတယ်။ ဒါကလည်း သူ့ခင်ပွန်းသည် စိတ်ကျေနပ်ဖို့ သူ့ဘက်က စွမ်းဆောင်နိုင်သမျှ လုပ်ဆောင်ပေးခြင်းပါ။ အဲဒီကာလ မှာ နှစ်ဖက်စလုံးအတွက် တတိယမြောက်ပုဂ္ဂိုလ်တွေ ရှိလာသော်ငြားလည်း ဒိုင်ယာနာ ဘက်က ဝတ္တရားမပျက်ဘူးဆိုတာကို ပြသရာရောက်ပါတယ်။

❑

အိမ်တော်ထဲမှာ A4 Size မှတ်တမ်းစာအုပ်တစ်အုပ် ထားရှိပါတယ်။ နေ့စဉ် မှတ်တမ်းဖြစ်ပြီး ဒီစာအုပ်ကိုကြည့်ခြင်းအားဖြင့် အိမ်တော်မှာ ဘယ်သူတွေ ရှိတယ် ဆိုတာ ကျွန်တော်တို့မင်းမှုထမ်းများအနေနဲ့ သိနိုင်ပါတယ်။ စာအုပ်ထဲမှာ အနီရောင် မင်နဲ့ တစ်စုံတစ်ခု ရေးထားရင် ဟိုက်ဂရုဗ်စံအိမ်အတွင်းမှာ မင်းသားရှိနေတယ် ဆိုတာ သိသာသလို အစိမ်းရောင်နဲ့ ရေးထားရင် အိမ်တော်အတွင်းမှာ မင်းသမီး တစ်ပါးတည်း စံနေတယ်ဆိုတာ သိသာပါတယ်။ 'N' အက္ခရာအကြီးနဲ့ ရေးထားရင် ကလေးထိန်းအခန်းမှာ သားတော်နှစ်ပါး ရှိနေတယ်ဆိုတာ သိစေပါတယ်။ အနီ၊ အစိမ်းနဲ့ 'N' တို့ တစ်ပေါင်းတစ်စည်းတည်း ရေးထားမယ်ဆိုရင်တော့ ဝေလ မိသားစုတစ်ခုလုံး အိမ်တော်ထဲမှာ ရှိနေတယ်လို့ ဆိုလိုတာပါ။ ဒီစာအုပ်မှာ စနစ်



တကျ ရေးသွင်းတာတစ်ခုကတော့ ဘယ်အချိန်မှာ ဘယ်ဧည့်သည် လာမယ်ဆိုတဲ့ အစီအစဉ်ပါပဲ။ ဒါမှလည်း ကျွန်တော်တို့အနေနဲ့ ဧည့်သည်တော်များကို ဧည့်ခံ ကျွေးမွေးရေး အစီအစဉ်များ စနစ်တကျ ဆောင်ရွက်နိုင်ကြမှာပါ။ ဒါကြောင့်လည်း ကျွန်တော်တို့ကမ္ဘာမှာ ရှင်းရှင်းလင်းလင်း ရှိနေခဲ့တယ်လို့ ယုံကြည်ခဲ့မိတာပါ။

ဒီစာအုပ်ကို ဘဏ္ဍာစိုးဖြစ်တဲ့ ကျွန်တော့်ရုံးခန်းစားပွဲပေါ်မှာ ထားရှိပါတယ်။ လျှို့ဝှက်ထားစရာ မလိုပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီစာအုပ်ကိုကြည့်ပြီးတော့ လုပ်ဆောင်ဖွယ်ရာရှိတဲ့ တာဝန်တွေကို ထမ်းဆောင်နိုင်ကြလို့ပါပဲ။ ကျွန်တော့် အနေနဲ့လည်း ဘယ်တုန်းကမှ ဒီစာအုပ်ဟာ လျှို့ဝှက်ထားရမယ့်စာအုပ်လို့ မယူဆ ပါဘူး။

၁၉၈၈ ခုနှစ် ဆောင်းဦးပေါက်မှာ အနီရောင်မင်ကို စာအုပ်ရဲ့ စာမျက်နှာ ထောင့်မှာ တွေ့လိုက်ရပါတယ်။ မင်းသားတစ်ပါးတည်း စံနေတယ်ပေါ့။ ဒါပေမယ့် သူနဲ့အတူ ဧည့်သည်သုံးဦးတို့ နေ့လယ်စာ စားသုံးမယ်ဆိုတာ ရေးထားတာလည်း တွေ့ရပါတယ်။ နေ့လယ်စာ စားသုံးမယ့်သူများကတော့ မင်းသား၊ မစ္စစ်ပါကာ ဘိုးလ်စ်၊ မစ္စတာနီးလ်ဖော်စတာနဲ့ မစ္စတာဗာနွန်ရပ်ဆဲလ်စမစ်တို့ ဖြစ်ပါတယ်။ နောက်ထပ် မှတ်ချက်တစ်ခုကတော့ မင်းသားရဲ့စာကြည့်ခန်းအတွင်းမှာ မီးပြင်ဖို့ လိုအပ်တာကြောင့် လျှပ်စစ်ပြင်ဆင်ရေး ဝန်ထမ်းတစ်ဦး ရောက်လာဦးမယ်ဆိုတဲ့ မှတ်ချက်လည်း ပါပါတယ်။ ဒါတွေက ဘာမှထူးခြားမှုတော့ မရှိပါဘူး။

၁၉၈၈ ခုနှစ် ဩဂုတ်လရဲ့ တစ်ခုသော ရက်၊ မင်းသားရဲ့ အသက် လေးဆယ် ပြည့် မွေးနေ့ပါတီမတိုင်မီ သုံးလအလိုမှာ မင်းသားက ကျွန်တော့်အတွက် စာတစ် စောင် ရေးလိုက်ပါတယ်။ ဘာများအလိုရှိပါလိမ့်လို့ သိနိုင်ဖို့ သူ့စာကို ဖတ်လိုက်တဲ့ အခါမှာတော့ 'ပေါလ်… မောင်မင်းအနေနဲ့ စံအိမ်အတွင်းကို ဒီရက်သတ္တပတ် အတွင်း ဘယ်သူတွေလာတယ်ဆိုတာ ဝေလမင်းသမီး ဘယ်လိုနည်းနဲ့ သိသွားတယ် ဆိုတာ ပြောပြနိုင်မလား' လို့ ရေးထားပါတယ်။

ဘာကိုဆိုလိုတယ်ဆိုတာ ကျွန်တော် နားမလည်ပါဘူး။ မင်းသမီးကိုလည်း ကျွန်တော်က တစ်ခါမှ သူ မရှိတဲ့အချိန် ဘယ်သူတွေလာတယ်ဆိုတာ မပြောခဲ့ဖူး ပါဘူး။ ဒါကြောင့် ခေါင်း တော်တော်နောက်သွားပါတယ်။ 'အရှင်မင်းသား… ကျွန်တော်မျိုးအနေနဲ့ ဝမ်းနည်းပါတယ်။ ဧည့်သည်စာရင်းကို မင်းသမီး ဘယ်နည်းနဲ့ သိသွားတယ်ဆိုတာကိုလည်း မသျှောက်တတ်ပါဘူး' လို့ပဲ ပြောခဲ့ရပါတယ်။ တကယ် လည်း ကျွန်တော် အဲဒီကာလတုန်းက မသိခဲ့ပါဘူး။ မင်းသမီးက စံအိမ်ကို သူ ရောက်လာတဲ့အခါ တစ်ခါတစ်ရံ ကျွန်တော့်ရုံးခန်းထဲကိုလာပြီး စကားစမြည် ပြော

www.burmeseclassic.com

www.burmeseclassic.com



ရင်း ကော်ဖီသောက်ချင် သောက်တတ်ပါတယ်။ တစ်ခါတစ်ရံ ကျွန်တော် မီးဖိုဆောင်ထဲ ရောက်နေရင်လည်း အဲဒီနေရာထိလိုက်လာပြီး သူ ပြောချင်တာကို ပြောတတ်ပါတယ်။ ကျွန်တော်နဲ့မင်းသမီး ဆက်ဆံရေးက ရင်းနှီးတယ်ဆိုပေမယ့် ဘာကင်ဟမ်နန်းတော်အတွင်းမှာ ကျွန်တော်ရိုစဉ်တုန်းကထက် မပိုပါဘူး။ ပြီးတော့ ကျွန်တော့်အနေနဲ့ မင်းသမီးဟာ ဒီလောက်အထိ စပ်စုတတ်လိမ့်မယ်လို့လည်း မထင်ခဲ့မိပါဘူး။

မင်းသားကတော့ ကျိတ်မနိုင်ခဲမရ ဖြစ်နေပုံရပါတယ်။ သူ့မျက်နှာ မသာမယာဖြစ်လေ ကျွန်တော့်အတွက် အနေရခက်လေပါပဲ။ 'အရှင်မင်းသား၊ ကျွန်တော်မျိုးအနေနဲ့ အိမ်တော်မှာ နေ့လယ်စာ၊ ညစာ လာရောက်စားသုံးကြတဲ့ ဧည့်သည်တော်များရဲ့ စာရင်းကိုတော့ ပြုစုထားပါတယ်'လို့ လျှောက်တင်လိုက်ရာမှာ မင်းသားက 'မောင်မင်းက ဘာဖြစ်လို့ ဒီမှတ်တမ်းကို ထားရတာလဲ။ လူဦးရေ အရေအတွက်သာ မဟုတ်ဘဲ နာမည်နဲ့တကွ ရေးထားတာကိုး။ ဘာကြောင့် အဲဒီ လိုရေးရတာလဲ'လို့ ဆိုပြန်ပါတယ်။ ဒီအခြေအနေမှာတော့ မင်းသမီး ဘာကြောင့် ဧည့်သည်စာရင်းကို သိသွားတယ်ဆိုတာ ကျွန်တော်တို့နှစ်ဦးစလုံး သဘောပေါက်သွားပါပြီ။

ကျွန်တော်က အိမ်တော်ဝန်ထမ်းတစ်ဦးဖြစ်တဲ့ ဝင်ဒီက အိမ်တော်သို့ ဝင်ထွက်တဲ့ ဧည့်သည်များစာရင်း လိုရမယ်ရ မှတ်တမ်းတင်ထားပါလို့ဆိုတဲ့အတွက် နာမည်နဲ့တကွ မှတ်တမ်းတင်ထားရခြင်း ဖြစ်ပါကြောင်း လျှောက်ထားရပါတယ်။

'ကောင်းပြီ ပေါလ်… နောက်နောင်ကို အဲဒီဒိုင်ယာရီထဲမှာ နာမည်တွေ ဘယ်တော့မှ မရေးနဲ့'လို့ အမိန့်ပေးပါတော့တယ်။ အဲဒီကစပြီး နေ့စဉ်နဲ့အမျှ ဧည့်သည်များအမည်စာရင်း တင်သွင်းခြင်းကို ပယ်ဖျက်လိုက်ရပြီး လူဦးရေ အရေအတွက်နဲ့သာ မှတ်တမ်းတင်ရပါတော့တယ်။

❑

ဘာလ်မိုရယ်လ်ကို မိသားစုလိုက် အပန်းဖြေခရီးထွက်ပြီးတဲ့နောက် မင်းသားနဲ့ မင်းသမီးတို့ကြားမှာ တစ်စုံတစ်ခု ဖြစ်ပွားခဲ့ပုံရပါတယ်။ အရင်တုန်းက စနေ၊ တနင်္ဂနွေရက်တိုင်း မိသားစု စုံစုံညီညီ ဟိုက်ဂရုဗ်စံအိမ်မှာ ဆုံနေကျ ဖြစ်ပေမယ့် မင်းသမီးက မလာတော့ပါဘူး။ တစ်ခါတလေ တခြားသူစိမ်းဧည့်သည်တွေကို ဧည့်ခံရမယ့် အခါမျိုးမှာသာ မင်းသမီးက ရောက်လာတတ်ပါတော့တယ်။ ၁၉၈၈ ခုနှစ် နွေဦးပေါက်မှ ၁၉၈၉ ခုနှစ် ဆောင်းဦးပေါက်အထိ မင်းသမီးက ကလေးနှစ်ယောက်နဲ့အတူ သောကြာမှ တနင်္ဂနွေအထိ ဟိုက်ဂရုဗ်မှာ လာနေခဲ့ပါတယ်။ သူတို့မိသားစု ရှိနေတဲ့အချိန်မှာ မင်းသားက ဟိုက်ဂရုဗ်မှာ မနေပါဘူး။ မင်းသား



…နေတယ်ဆိုရင်လည်း သောကြာမှ တနင်္ဂနွေအထိ လာနေကျဖြစ်တဲ့ မင်းသမီးနဲ့ …းနှစ်ဦးက မလာတော့ပါဘူး။

ဒါကြောင့် ကျွန်တော်တို့ မင်းမှုထမ်းများကြားမှာလည်း စံအိမ်နဲ့ပတ်သက်ပြီး …ခေါ်အဝေါ်တစ်ခု တိုးလာခဲ့ပါတယ်။ မင်းသားတစ်ယောက်တည်း စံနေတဲ့ …ချိန်မျိုးမှာ 'မင်းသားရဲ့စံအိမ်'လို့ သုံးကြပြီး မင်းသမီးတစ်ယောက်တည်း စံနေတဲ့ …ခါမျိုးမှာ 'မင်းသမီးရဲ့ စံအိမ်'လို့ ခေါ်ကြပါတယ်။ မင်းသမီးနဲ့ သားတော်နှစ်ပါး …ိုက်ဂရုဗ်စံအိမ်ကို ရောက်လာတယ်ဆိုရင် လန်ဒန်စံအိမ်မှာ ခစားကြတဲ့ မင်းမှုထမ်း …များလည်း လိုက်ပါလာကြတာကြောင့် သူတို့ရှိတဲ့ကာလများမှာ ဟိုက်ဂရုဗ်စံအိမ် …ာ ရယ်သံမောသံများနဲ့ သက်ဝင်လှုပ်ရှားနေပါတယ်။ အဲဒီလိုအခါမျိုးမှာ မင်းသမီးနဲ့ …လေးများက နေ့လယ်စာပဲဖြစ်ဖြစ်၊ ညစာပဲဖြစ်ဖြစ် ကိုယ်တိုင်ယူစနစ်နဲ့ စားသုံး …တာကို ပိုပြီးကျေနပ်ကြတာကြောင့် မယော်ဂနီ စားပွဲရှည်ကြီးမှာ ဟင်းလျာများ …ကို ချထားပေးရပါတယ်။ မင်းသမီးက စားပွဲခင်းကို ပလတ်စတစ်အုပ်ထားတဲ့ …ားပွဲခင်းမှ ကြိုက်နှစ်သက်တတ်ပြီး မင်းသားကတော့ သူ စားသုံးချိန်မှာ အဖြူ …ွတ်ခွတ် စားပွဲခင်းကိုသာ နှစ်သက်ပါတယ်။

မင်းသမီးက အိမ်တော်မှာရှိတဲ့အခါများမှာ မကြာခဏဆိုသလို ကျွန်တော် …နေတဲ့ မီးဖိုဆောင်ထဲလာပြီး စကားစမြည်ပြောတတ်ပါတယ်။ ခန်းမထဲကနေ …ဖိုဆောင်ထဲကူးတဲ့ တံခါးကို သူကိုယ်တိုင် ပိတ်ပစ်ခဲ့တာကြောင့် တစ်နည်း …ားဖြင့် တခြားဝန်ထမ်းများ ဝင်မလာကြဖို့၊ မနှောင့်ယှက်ကြဖို့ တားမြစ်ထား …တာနဲ့ အတူတူပါပဲ။ တခြားတံခါးတစ်ခုကိုတော့ ဖွေရုံသာ ဖွင့်ထားပါတယ်။ …ကယ်၍ မင်းသားရောက်လာဦးတော့ အဲဒီတံခါးကြားကနေ ကြည့်လိုက်မယ်ဆိုရင် …င်းသမီးနဲ့ ကျွန်တော် စကားစမြည် ပြောဆိုနေတာကို တွေ့နိုင်ပါတယ်။ အဲဒီလို …ြင်တွေ့နိုင်တာကြောင့်လည်း မတော်တဆ မင်းသားများ မြင်တွေ့သွားရင် ကျွန်တော့် …ပေါ်မှာ ငြိုငြင်မှာကို စိုးရိမ်ခဲ့မိပါတယ်။ ကျွန်တော် ဘာကင်ဟမ်နန်းတော်မှာ …စဉ်တုန်းက ဘုရင်မကြီး ကျင်းပတဲ့ ခရစ္စမတ်အကြိုကပွဲမှာ မင်းသမီးက ကျွန်တော် …ို့မီးမောင်နှံနဲ့ ခန်းမတစ်နေရာမှာ နာရီဝက်လောက်ကြာအောင် စကားလက်ဆုံ …ကျခဲ့ဖူးပါတယ်။ ကျွန်တော်က မသင့်တော်တဲ့အတွက် 'မင်းသမီး… တခြားဧည့် …ည်တွေကို အားနာဖို့ကောင်းပါတယ်'လို့ မဝံ့မရဲ လျှောက်တင်ခဲ့ပေမယ့် မင်းသမီး …ကတော့ ကျွန်တော့်ဇနီးမာရီယာနဲ့ အရယ်အမောမပျက် ပကတိ ငယ်ပေါင်းများလို …ကားလက်ဆုံကျခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ သူများထက်ထူးပြီး မင်းသမီးနဲ့ …ာရီဝက်လောက် စကားပြောနေရတာကို ဂုဏ်ယူပေမယ့် တစ်ဖက်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



မတင့်တယ်တာကို နိုးရိမ်မိခဲ့ပါတယ်။ ကျွန်တော် ဘာပဲပြောပြော မင်းသမီးက တော့ သူ လုပ်ချင်တာကို လုပ်ပြီး တင့်တယ်တာတွေ၊ မတင့်တယ်တာတွေကို စဉ်းစားဟန် မတူပါဘူး။

မီးဖိုဆောင်ထဲမှာ မင်းသမီး လာစကားပြောရင်လည်း ၁၅ မိနစ်၊ မိနစ် ၂၀ လောက်သာ ကြာတာပါ။ ပြောတဲ့အကြောင်းအရာတွေကလည်း သူ့သားတော် နှစ်ပါးအကြောင်း၊ ကလေးတွေရဲ့ တိုးတက်မှုအကြောင်းများသာ ဖြစ်ပါတယ်။ တစ်နေ့မှာတော့ မင်းသမီးက တော်တော်စိတ်လှုပ်ရှားပြီး ပြောကြားလာပါတယ်။ သူ့သားကြီး ဝီလျံမှာ ပထမဆုံး သွားကျိုးသွားလို့ပါပဲ။ အဲဒီအကြောင်းကို ပြောရင်းနဲ့ မင်းသမီးက သူ့မှာတစ်ယောက်တည်း အထီးကျန်နေကြောင်း၊ နှစ်သိမ့်အားပေးမယ့်သူ မရှိကြောင်း၊ ဆွေတော်မျိုးတော်အားလုံးက ပစ်ပယ်ထားသလို ခံစားရကြောင်း ညည်းခဲ့ပါတယ်။ တကယ်တော့ မင်းသမီးအနေနဲ့ ကျွန်တော့်ဆီက တစ်စုံတစ်ရာ တုံ့ပြန်ပေးဖန် အကြံပေးမှုကို တောင့်တဟန် ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ ဘာမှပြန်မပြောဘဲ နားထောင်ရုံသက်သက်သာ ဖြစ်ခဲ့ပါတယ်။ မင်းသမီးအတွက် စိတ်မကောင်းပါဘူး။ ဒါပေမယ့် ဒီအခြေအနေမျိုးမှာ ကျွန်တော့်လို မင်းမှုထမ်းတစ်ယောက်အနေနဲ့ တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်ဖို့ မသင့်ဘူးလို့ ယူဆပါတယ်။

ကျွန်တော် စီစဉ်ပေးတဲ့ White Chocolte ကို စားသုံးရင်း 'ကျွန်မမှာ ဘယ်သူမှမသိတဲ့ အထူးမိတ်ဆွေတစ်ဦးရှိတယ်'လို့ ပြောကြားခဲ့ပါတယ်။ အဲဒီအခါမှာလည်း ကျွန်တော်ကတော့ ဘာမှမဝေဖန်ခဲ့ပါဘူး။ သူ ပြောသမျှကို နားထောင်နေခဲ့တာပါပဲ။ မီးဖိုဆောင်ထဲမှာ သူနဲ့ကျွန်တော် စကားပြောနေရင် သူ့ကို ကြည့်ရတာ စိတ်မလုံသလို ရှိပေမယ့် တံခါးပေါက်ကနေ ပြန်ထွက်သွားရင်တော့ သူဟာ မင်းသမီးတစ်ပါးရဲ့ တင့်တယ်မှု၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှု အပြည့်နဲ့ ထွက်သွားမြဲပါ။ ကျွန်တော်တို့နှစ်ယောက်တည်း စကားပြောဖြစ်တဲ့ အခါတိုင်းမှာ ကျွန်မင်းမှုထမ်းများက မင်းသမီး ဘာပြောသွားသလဲဆိုတာ အင်မတန် သိချင်ကြပါတယ်။ အထူးသဖြင့် ဝင်ဒီက စပ်စုပါတယ်။ အဲဒီအခါမျိုးမှာ ကျွန်တော်က မိသားစုကိစ္စ ပြောတာပါလို့ပဲ ဖြေလေ့ ရှိပါတယ်။

မင်းသားကတော့ သူတစ်ယောက်တည်း အိမ်တော်မှာ ရှိတဲ့အချိန် ဘယ်လိုများ ခံစားရပါလိမ့်။ သူကတော့ မင်းသမီးနဲ့ မတူပါဘူး။ နိုင်းစရာရှိတာကို စာရေးပြီး ခိုင်းနေမြဲပါ။

❑



အိမ်တွင်းရေး အရှုပ်အထွေးတွေကို ကျွန်တော် မသိမီ အချိန်တော်တော် စောစောကတည်းက ဝင်ဒီက သိခဲ့ပါတယ်။ ရှုပ်ထွေးနေတဲ့ ပြဿနာများကို နားလည်နိုင်ဖို့ ကိုယ်တိုင်ပဲ ကြိုးစားခဲ့ရတာပါ။ ဘာနဲ့တူသလဲဆိုတော့ Jigzaw အရုပ်များ ဆက်စပ်ကြည့်ရသလိုပါပဲ။ Jigzaw ဆက်တာက ရှေ့မှာ ဆက်ပြီးသား ပုံစံတစ်ခု အဆင်သင့်ရှိတဲ့အတွက် အပိုင်းအစလေးတွေကို သူ့နေရာနဲ့သူ ဆက်လိုက်ရင် ပုံပေါ်လာနိုင်ပေမယ့် ကျွန်တော်ကြုံတွေ့နေရတဲ့ အခြေအနေကတော့ Jigzaw လို ပုံဖော်ပြီးသား မရှိတာကြောင့် အဆက်အစပ်များကို တော်တော် ကြိုးစားပြီး ဆက်စပ်ယူရပါတယ်။ ကျွန်တော့်တာဝန်အရ နေ့စဉ်ညှိစာရင်း ရေးမှတ်ရတဲ့ ဒိုင်ယာရီမှာ ဧည့်သည်များရဲ့ အမည်များကို မင်းသားရဲ့အမိန့်အရ မရေးရတော့ပေမယ့် အရောင်အမှတ်အသားနဲ့ ခွဲခြားပြီး 'သီးသန့်'လို့တော့ ကျွန်တော်က ရေးမှတ်ထားလေ့ ရှိပါတယ်။ ၁၉၈၉ ခုနှစ် နွေရာသီမှာ အဲဒီ 'သီးသန့်' ဧည့်သည်ရဲ့ အကြိမ်အရေအတွက်က များသည်ထက် များလာပါတော့တယ်။ ချားလ်စ်မင်းသားကလည်း အိမ်တော်ဝန်ထမ်းများ ဝင်ထွက်ခွင့်မရှိတဲ့ သီးသန့်အခန်းမှာ အနေများလာပါတယ်။ ဒီအခန်းကို ဝင်ထွက်ခွင့်ရှိတာကတော့ မင်းသားရဲ့ ပုဂ္ဂိုလ်ရေး အတွင်းရေးမှူးဖြစ်တဲ့ ရစ်ချတ်အိုင်းလက်၊ သူ့ကိုယ်ရံတော် ကိုလင်းထရင်းမင်းတို့သာ ဖြစ်ပါတယ်။ သူတို့နှစ်ယောက်အပြင် မိုက်ကယ်လ်ဖော့ဆက် (သို့မဟုတ်) ကဲန်စတော့ချ်တို့ကလည်း မင်းသား ဘယ်အခန်းမှာ ရှိတယ်ဆိုတာကို သိကြပါတယ်။

၁၉၈၉ ခုနှစ် ကုန်ခါနီးနဲ့ ၁၉၉၀ ပြည့်နှစ်အဦးပိုင်းမှာ ချားလ်စ်မင်းသားရဲ့ အိမ်ထောင်ရေး အရှုပ်အထွေးက ရုပ်လုံးပေါ်လာပါတော့တယ်။ ကျွန်တော်တို့ အိမ်တော်ဝန်ထမ်းများအနေနဲ့ အကန်းများလို မမြင်မတွေ့ရပေမယ့် အသံတွေကိုတော့ ကြားနေရပါတယ်။ ချားလ်စ်မင်းသားနဲ့ ဒိုင်ယာနာမင်းသမီးတို့ နှစ်ယောက်အတူတူ အိမ်တော်မှာ နေတဲ့ကာလကလည်း နည်းပါးသည်ထက် နည်းပါးလာပါတယ်။ အတူဆုံဖြစ်တဲ့ကာလများမှာလည်း သားတော်နှစ်ပါး အိပ်မောကျနေပြီဆိုရင် သူတို့နှစ်ယောက်ရဲ့ အော်ဟစ်ငြင်းခုံသံတွေကို အောက်ထပ်အခန်းများမှာ ကြားရတဲ့အပြင် တံခါးကို ဆောင့်ပိတ်သံတွေ၊ လှေကားထစ်များပေါ်ကို ခြေသံပြင်းပြင်းနဲ့ တက်သွားတဲ့အသံတွေ ကြားရစမြဲပါ။ အဲဒီအသံတွေ ပြီးဆုံးသွားရင်တော့ စံအိမ်တော်ဟာ ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် တိတ်ဆိတ်နေပါတော့တယ်။

ကျွန်တော်တို့က အကန်းတွေမဟုတ်တဲ့အတွက် မြင်သင့်မြင်ထိုက်တာတွေကိုတော့ မြင်ပါတယ်။ စနေနေ့တစ်ရက်မှာ ကျွန်တော် အခန်းထဲဝင်သွားတော့ မင်းသား

www.burmeseclassic.com

www.burmeseclassic.com



နဲ့မင်းသမီးတို့ ညနေစာ စားသုံးဖို့ ပြင်ဆင်ပေးထားတဲ့ စားပွဲမှာ ဖရိုဖရဲ ဖြစ်နေတာကို တွေ့ရပါတယ်။ လဲတဲ့ဖန်ခွက်က လဲ၊ ကွဲတဲ့ဖန်ခွက်က ကွဲ ဖြစ်နေသလို ဆားပုလင်းကလည်း မှောက်နေပါတယ်။ ဆွတ်ဆွတ်ဖြူခင်းထားတဲ့ စားပွဲခင်းကလည်း ရေတွေစိုနေပါတယ်။ မင်းသားက ပိုးသားဝတ်စုံကို ဝတ်ဆင်ထားပြီး ကြမ်းပေါ်က အကွဲအရှများကို ကောက်ပြီး သိမ်းနေတာ တွေ့ရပါတယ်။ ကျွန်တော့်ကို မြင်လိုက်တော့ 'ကိုယ်တော့်လက်နဲ့ တိုက်မိတာကြောင့် ခုလို ဖြစ်ကုန်တာ ပေါလ်ရေ'လို့ ဆိုရှာပါတယ်။

ရက်သတ္တပတ်အတွင်း နေ့ရက်များမှာ မင်းသားက တစ်ပါးတည်း စံနေတတ်ပြီး တနင်္ဂနွေနေ့ညဆိုရင်တော့ ပုံမှန်ညစာ စားနေကျ ည ၈ နာရီခွဲထက်စောပြီး ညစာကို စားသုံးတတ်ပါတယ်။ 'ဒီညတော့ ညစာ စောစောစားမယ် ပေါလ်။ ပြီးရင် နားတော့မယ်'လို့ အကြောင်းပြတတ်ပါတယ်။ အဲဒီညမျိုးမှာ မင်းသားတစ်ပါးတည်းအတွက် ညစာစားပွဲကို ပြင်ဆင်ပေးရပါတယ်။ သူ့ညွှန်ကြားချက်အတိုင်း The Times သတင်းစာရဲ့ ရုပ်မြင်သံကြား အစီအစဉ်ကဏ္ဍကို အဆင်သင့် လှန်ထားပေးရပါတယ်။ အနားမှာလည်း ရုပ်မြင်သံကြားဖွင့်နိုင်မယ့် Remote Control များကို အဆင်သင့် ချပေးထားရပါတယ်။ အဲဒါအပြင် မီးလင်းဖိုမှာ ထင်း ထပ်ပြီး ထည့်ချင်ရင် ထည့်နိုင်အောင်လို့ ထင်းတုံးများလည်း တောင်းထဲမှာ အဆင်သင့်ထားပေးရပါတယ်။ ဒီလိုညမျိုးမှာ မင်းသားက တိတ်ဆိတ်စွာ ညစာ စားသုံးလေ့ ရှိပါတယ်။ တစ်ညမှာတော့ ဝင်ဒီက 'မီးလင်းဖိုထဲကို ထင်းတုံးတွေ ထည့်ပြီး အခန်းထဲမှာ နှစ်မိနှစ်လောက်ပဲနေတာ။ ထင်းတွေ အလဟဿ ဖြစ်ကုန်တာပေါ့'လို့ ဝေဖန်ပါတယ်။ ချားလ်စ်မင်းသားက ညစာ စားသုံးတဲ့အခါမှာ ရုပ်မြင်သံကြား အစီအစဉ်များကို ကြည့်ရင်း အေးအေးဆေးဆေး စားသုံးလေ့ ရှိပါတယ်။ ဒါပေမယ့် အဲဒီလို တနင်္ဂနွေညများမှာတော့ ညစာကို ခါတိုင်းလို အေးအေးဆေးဆေးမစားဘဲ ခပ်သုတ်သုတ်စားကာ ထမင်းပွဲကို ပြန်သိမ်းစေပါတယ်။ ထမင်းပွဲသိမ်းနေစဉ်မှာပဲ ကားတစ်စီး ထွက်သွားသံကိုလည်း အမြဲ ကြားရပါတယ်။ ဒီအခါမှာ ဝင်ဒီက 'ဟင်း… သွားပြန်ပြီ။ မနက်မိုးလင်းခါနီးမှ ပြန်လာလိမ့်မယ်'လို့ ဆိုတတ်ပါတယ်။

ချားလ်စ်မင်းသားက သူ့ကိုယ်ရေးကိုယ်တာ ကိစ္စများအတွက် သုံးမယ်ဆိုရင် အစိမ်းရောင် Aston Martin ကားကို အသုံးပြုလေ့ရှိပါတယ်။ ဒီကားက ကားသုံးစီးဆံ့ ဂိုဒေါင်ထဲမှာ ထားလေ့ရှိပါတယ်။ သူ့မယ်တော် ဘုရင်မကြီးက ၂၁ နှစ်မြောက် မွေးနေ့လက်ဆောင်အဖြစ် ဝယ်ပေးခဲ့တာဖြစ်ပြီး ကားခေါင်းမှာ ငွေသားနဲ့ ပြုလုပ်



ထားတဲ့ နဂါးရုပ်တစ်ခု တပ်ဆင်ထားပါတယ်။ အဲဒီလို ညအခါ ထွက်သွားတဲ့အခါမျိုးမှာ ကားကို သူကိုယ်တိုင် မောင်းနှင်ပြီး ကိုယ်ရံတော် ကိုလင်းက ဘေးမှာ ထိုင်ရပါတယ်။ ကျွန်တော်တို့ ကြားရတဲ့ကားသံက မင်းသား ညအချိန် မတော်အပြင်ထွက်တဲ့ အသံပါပဲ။

မင်းသား ညအချိန်မတော် အပြင်ထွက်တာကို ပထမတော့ ကျွန်တော် နားမလည်ခဲ့ပါဘူး။ တစ်နေ့မှာတော့ ခြံဝမှာ တာဝန်ကျတဲ့ ရဲများဆီကို အလည်သွားရင်းက သဘောပေါက်လာခဲ့ရပါတယ်။ ဒီရဲတွေက မင်းသားရဲ့ အဝင်အထွက်ကို မှတ်တမ်းတင်ထားရတာကြောင့် ကျွန်တော် သိခွင့်ရလိုက်ခြင်းပါ။ သူတို့ကတော့ ကျွန်တော် အစကတည်းက သိပြီးသားလို့ ထင်မှတ်ထားကြပုံရပါတယ်။ သူတို့မှတ်တမ်းများအရ ချားလ်စ်မင်းသား ထွက်သွားတဲ့ခရီးဟာ အသွားအပြန် ၂၂ မိုင် ရှိပါသတဲ့။ အသွား ၁၁ မိုင်၊ အပြန် ၁၁ မိုင်ပေါ့။ ချားလ်စ်မင်းသားရဲ့ စံအိမ်နဲ့ ၁၁ မိုင်အကွာအဝေးမှာတည်ရှိတဲ့ အိမ်ကတော့ တခြားသူရဲ့အိမ် ဟုတ်ပါရိုးလား။ မစ္စစ္စကယ်မီလာပါကာဘိုးစ်ရဲ့ အိမ်ပါပဲ။

'ပေါလ်က တော်တော်အတာပဲ။ နင် သိသင့်တာပေါ့'လို့ ဝင်ဒီက အပြစ်တင်ပါတယ်။ ကျွန်တော်ကတော့ ရဲတွေဆီက ရလာတဲ့ သဲလွန်စအကြောင်း အကြီးအကျယ်ထင်မှတ်ပြီး ဝင်ဒီကို ပြောပြမိတာကိုး။ ချားလ်စ်မင်းသားအကြောင်းကို ကျွန်တော် သိလာချိန်မှာ ကလေးနှစ်ယောက်နဲ့ အထီးကျန်ဖြစ်နေရှာတဲ့ ဒိုင်ယာနာမင်းသမီးကို သနားမိတာ အမှန်ပါပဲ။ လေဒီစူဆန်ဟာတ်ဆေးတို့ကတော့ မင်းသားကို ဖျောင်းဖျပါရဲ့။ ဒါပေမယ့် အခြေအနေက ထူးမလာပါဘူး။ ညည ထွက်သွားတာ အရင်က တစ်ပတ်တစ်ခါလောက်သာ ဖြစ်ပေမယ့် နောက်ပိုင်းမှာတော့ ရက်ခြားလောက် ဖြစ်လာပါတယ်။ အိမ်တော်ရဲ့ ညစာစားပွဲမှာ တက်ရောက်တဲ့ ဧည့်သည်များစာရင်းကိုလည်း အမည်နဲ့ မဟုတ်သည့်တိုင်အောင် အရောင်နဲ့ ပြသထားတာဖြစ်လို့ ဒိုင်ယာနာ မင်းသမီးအနေနဲ့ ညစဉ်ညတိုင်းလိုလို ဘယ်သူလာစားတယ်ဆိုတာကို သိနေပါပြီ။ ၁၉၈၉ ခုနှစ်ရဲ့ နွေရာသီတစ်ရက်မှာ ဒိုင်ယာနာမင်းသမီးက သူ့လျှို့ဝှက်ချက်တစ်ခုကို ကျွန်တော့်အား ဖွင့်ပြောပြီး ကြီးလေးတဲ့ တာဝန်တစ်ရပ်ကို ထမ်းဆောင်ခိုင်းပါတယ်။ ဒီတာဝန်ကို ကျွန်တော့်အနေနဲ့ ဦးလည်မသုံ ထမ်းဆောင်ပေးခဲ့ပါတယ်။

အဲဒီနေ့က ရာသီဥတုပူပြင်းတဲ့ သောကြာနေ့ တစ်ညနေ ဖြစ်ပါတယ်။ နေ့လယ်စာ စားပြီးတော့ ဝီလျံနဲ့ ဟယ်ရီတို့က အပေါ်ထပ်မှာရှိတဲ့ သူတို့အခန်းထဲမှာ ကလေးထိန်း အိုလ်ဂါပါဝဲလ်နဲ့ အတူရှိနေကြပါတယ်။ မင်းသမီးက ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ရှိနေတဲ့ မီးဖိုဆောင်ထဲထိ ရောက်လာပြီး ‘ပေါလ်ကို ပြောစရာတစ်ခု ရှိတယ်။ တစ်နေရာကို နှိုင်းချင်တာပါ။ အဲဒီတာဝန်ကို ဘယ်သူ့ကိုမှ လွှဲပြောင်းပေးလို့မရဘူး။ ပေါလ်ကိုယ်တိုင်ပဲ လုပ်ပေးရလိမ့်မယ်’ လို့ အစချီပါတယ်။ ပြီးတော့ လုပ်ရမယ့် အစီအစဉ်ကို ပြောပြတော့တာပါပဲ။ ‘ကင်ဘဲလ်ဘူတာရုံကို နက်ဖြန် မွန်းလွဲပိုင်း သွားလိုက်ပါ။ အဲဒီမှာ လူတစ်ယောက် စောင့်နေတာ တွေ့ရလိမ့်မယ်။ အဲဒီလူကို အိမ်တော်ခေါ်လာပြီး ကျွန်မဆီရောက်အောင် ပို့ပေးပါ’ လို့ ဆိုပါတယ်။

‘အမိန့်အတိုင်းပါ သခင်မ’ လို့ပဲ ကျွန်တော်ကလည်း ပြန်ကြားလိုက်ရပါတယ်။

‘ပေါလ် ခေါ်လာရမယ့် လူက ကျွန်မရဲ့ အထူးမိတ်ဆွေ ဗိုလ်မှူးကျိမ်းစ်ပေး ဝစ်ပါ’ လို့လည်း ဆိုပါတယ်။

ကျွန်တော့်အနေနဲ့ မင်းသားက နှိုင်းသည်ဖြစ်စေ၊ မင်းသမီးက နှိုင်းသည် ဖြစ်စေ ကျွန်တော့် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသလောက် တာဝန်ထမ်းဆောင်ပေးရမှာ ပါပဲ။ သူတို့နှိုင်းသမျှကို ပြန်လှန်မေးခွန်းထုတ်ခွင့် မရှိပါဘူး။ တကယ်တော့ မင်းသမီးက သူ့လျှို့ဝှက်ချက်ကြီးတစ်ခုကို ကျွန်တော့်အား ယုံယုံကြည်ကြည် ပြောလိုက်ခြင်းနဲ့ အတူတူပါပဲ။ ကျွန်တော့်ဘက်ကလည်း အများကြီး စွန့်စားရပါ လိမ့်မယ်။ တကယ်ဆိုရင် ကျွန်တော်ဟာ ဘုရင်မကြီးရဲ့ သစ္စာတော်ခံ မင်းမှုထမ်း တစ်ဦး ဖြစ်ခဲ့ဖူးပါတယ်။ ခုတော့ မင်းသားရဲ့ အိမ်တော်မှာ ဘဏ္ဍာစိုးပေါ့။ မင်းသမီးအနေနဲ့ ဘုရင်မကြီး (သို့မဟုတ်) မင်းသားထံကို ဒီသတင်း ပေါက်ကြား သွားနိုင်တယ်ဆိုတာ သိပါလျက်နဲ့ ကျွန်တော့်ကို ယုံကြည်ကိုးစားစွာ တာဝန်ပေး လိုက်ခြင်းက ကျွန်တော့်ဇနီး မာရီယာနဲ့ သူ ရင်းနှီးတာကို အကြောင်းပြုပြီး ကျွန်တော်က သူ့အပေါ်မှာ သစ္စာစောင့်သိလိမ့်မယ်လို့ အရဲကိုးလိုက်ခြင်း ဖြစ်ပါ လိမ့်မယ်။ ချားလ်စ်မင်းသား ဖောက်ပြန်နေမှုကို သိကတည်းက မင်းသမီးကို သနားနေမိတဲ့ ကျွန်တော့်အနေနဲ့ သူ နှိုင်းသမျှကို လုပ်ရတော့မှာပါပဲ။ ဘာကြောင့် လဲဆိုတော့ ကျွန်တော် သွားကြိုရမယ့် ပုဂ္ဂိုလ်ဟာ မင်းသမီးရဲ့ စိတ်နှလုံးကို ရွှင်ပြုံးစေအောင် ဖန်တီးပေးနိုင်မယ့် ပုဂ္ဂိုလ်ဖြစ်နေခြင်းကြောင့် ကျွန်တော့်အနေနဲ့ မဖြစ်မနေ လုပ်ဆောင်ပေးဖို့ တာဝန်ရှိနေတယ်လို့ ခံယူမိပါတယ်။

နောက်တစ်နေ့ နေ့လယ်စာ စားပြီးချိန်မှာ ကျွန်တော့်ရဲ့ ငွေရောင် Vauxhall Astra ကားကလေးကို မောင်းပြီး စံအိမ်နဲ့ ၇ မိုင်ဝေးတဲ့ ကင်ဘဲလ်ဘူတာရုံကို သွားခဲ့ပါတယ်။ ဘူတာရုံရဲ့ ကားရပ်စခန်းတစ်နေရာမှာတော့ လူတစ်ယောက် အမိုးဖွင့်ပြိုင်ကားတစ်စီးကိုမှီပြီး ရပ်နေတာ တွေ့ရပါတယ်။ နေကာမျက်မှန် တပ် ထားတဲ့သူက ‘ဟယ်လို ပေါလ်.. နေကောင်းရဲ့လား’ လို့ စတင်နှုတ်ဆက်ပါတယ်။



ကမ်းပေးတဲ့ သူ့လက်ကို ဆွဲနှုတ်ဆက်လိုက်ပြီး ကျွန်တော်တို့နှစ်ယောက် အိမ်တော် ဆီကို ထွက်ခွာခဲ့ပါတယ်။ သူ့ကိုကြည့်ရတာ ဂဏာမငြိမ် ဖြစ်နေပါတယ်။

‘ကျွန်တော် ခင်ဗျားကို ယုံရပါတယ်နော် ပေါလ်’ လို့ မေးလာတဲ့အတွက် ကျွန်တော်က ခေါင်းညိတ်ပြလိုက်ပါတယ်။ ကျွန်တော်နဲ့ပတ်သက်ပြီး မင်းသမီးက တော်တော်များများ ပြောထားပုံလည်း ရပါတယ်။

တကယ်တမ်း ပြောရမယ်ဆိုရင် သူ့ကိုသွားကြိုပြီး မင်းသမီးရှိနေမယ့်နေရာကို ပို့ဆောင်ရမယ့် တာဝန်ထမ်းဆောင်နေတဲ့ ကျွန်တော်လည်း ရင်ခုန်စိတ်လှုပ်ရှား နေမိပါတယ်။ ဒါပေမယ့် နောက်နှစ်များမှာတော့ ဒီလိုညှို့စိမ်းတွေ အိမ်တော်ထဲ ခေါ်ဆောင်လာရတဲ့ တာဝန်ဟာ ကျွန်တော့်အတွက် သာမန်တာဝန်တစ်ခုလို ဖြစ်သွား ခဲ့ပါတယ်။ ကျွန်တော် ဒီလိုလုပ်ဆောင်ပေးနေတယ်ဆိုတာကို တခြားသူမပြောနဲ့ ဝင်ဒီတောင် မသိပါဘူး။

ကျွန်တော် မောင်းလာတဲ့ကားကို အိမ်တော်ရဲ့နောက်ဘက် ပတ်မောင်းသွားပြီး ဗိုလ်မှူးပေးဝစ်ကို ရေကူးကန်နံဘေးမှာရှိတဲ့ အိမ်တော်ရဲ့ အပေါက်ကနေ သွင်း ပေးလိုက်ပါတယ်။ အဲဒီမှာ မင်းသမီးက ကျွန်တော်တို့ကို စောင့်နေတာပါ။ မင်းသမီး က သူမရဲ့ အထူးညှို့သည်ကို ဖက်လှဲတကင်း နှုတ်ဆက်လိုက်ပါတယ်။ နောင်မှာ ကျွန်တော် သိရတာကတော့ ဒီဗိုလ်မှူးက မကြာမီမှာ ဂျာမဏီနိုင်ငံမှာ သွားရောက် တာဝန်ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ မင်းသမီးကို ကြည့်ရတာ ဝမ်းသာကြည်နူးမှုနဲ့ ရွှင်လန်းတက်ကြွနေပါတယ်။ ‘ကျေးဇူးတင်ပါတယ် ပေါလ်ရယ်’ လို့ ဆိုလိုက်ပါ သေးတယ်။

‘သခင်မ အလိုရှိတဲ့အခါမှာ ခေါ်လိုက်ပါ။ ကျွန်တော် မီးဖိုခန်းမှာ အဆင် သင့် စောင့်နေပါမယ်’ လို့ ပြောပြီး နေ့လယ်စာ စားသုံးထားတဲ့ စားပွဲကို သွားရှင်း နေလိုက်ပါတော့တယ်။

ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ကြားဖြတ်ပြောလိုတာကတော့ ဗိုလ်မှူး ကျိမ်းစ်ပေးဝစ်ဟာ ဟိုင်းဂရုဗ်စံအိမ်ကို မင်းသမီးရဲ့ အထူးညှို့သည်အဖြစ် တိတ် တခိုး ရောက်ခဲ့တာ မှန်ပေမယ့် မင်းသားရဲ့ညှို့သည်ဖြစ်တဲ့ ကယ်မီလာပါကာ ဘိုးလ်စ်ထက် အများကြီး နောက်ကျပြီးမှလာခဲ့တာပါ။ သူတို့နှစ်ယောက်ရဲ့ အိမ်ထောင် ရေးမှာ စတင်စည်းဖောက်သူက ချားလ်စ်သာ ဖြစ်ပါတယ်။ ဗိုလ်မှူးပေးဝစ် ဟိုင်း ဂရုဗ်စံအိမ်တော်ကို ဝင်ထွက်သွားလာနေတယ်ဆိုတာကိုလည်း ချားလ်စ်မင်းသား သိခွင့်မရခဲ့ပါဘူး။ ကျွန်တော့်အနေနဲ့လည်း ဘယ်တော့မှ ပြောမှာမဟုတ်ပါဘူး။ တကယ်တော့ ကျွန်တော်ဟာ ဟိုင်းဂရုဗ်စံအိမ်ရဲ့ ဘဏ္ဍာစိုးဖြစ်တယ်ဆိုပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



စနေ၊ တနင်္ဂနွေရက်တိုင်းမှာ တစ်ပါးတည်းစံနေရတဲ့ မင်းသမီးရဲ့ လှိုယုံတော် တစ်ပိုင်းလည်း ဖြစ်လာခဲ့ပါတယ်။ မင်းသမီးပျော်အောင် တစ်ဖက်တစ်လမ်းက ကူညီနိုင်ခြင်းကိုပဲ ကျွန်တော် ပျော်ရွှင်နေမိပါတယ်။ ကိုလင်းထရင်းမင်း၊ ရစ်ချတ်အိုင်းလက်၊ မိုက်ကယ်လ်ဖော့ဆက်တို့က မင်းသားရဲ့ ပုဂ္ဂလိကဘဝကို ဝိုင်းဝန်းဖန်တီးပေးနေကြချိန်မှာ ကျွန်တော်က မင်းသမီးရဲ့ ပျော်ရွှင်မှုကို တည်ဆောက်ပေးနိုင်ဖို့ ကြိုးစားနေခဲ့ခြင်း ဖြစ်ပါတယ်။

❑

၁၉၉၀ ပြည့်နှစ် ဇွန်လ ၂၈ ရက် ကြာသပတေးနေ့။ ဒီနေ့က ဝီလျံမင်းသားရဲ့ ၈ နှစ်ပြည့် မွေးနေ့ဖြစ်ပြီး နောက် ၇ ရက်မြောက်တဲ့နေ့ပေါ့။ အဲဒီနေ့မှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်က ဒိုင်ယာနာမင်းသမီးကို အကြီးအကျယ် စိတ်ထိခိုက်စေခဲ့တာပါပဲ။

အဲဒီနေ့က မင်းသမီးက ကင်စတန်နန်းတော်မှာ ရှိနေပြီး သူ့မသားရဲ့ ကျောင်းမှာ ကျင်းပတဲ့ ကျောင်းကပွဲကိုသွားဖို့ ပြင်ဆင်နေပါတယ်။ အဲဒီရက်သတ္တပတ်က တစ်ပတ်လုံးလုံး ချားလ်စ်မင်းသားအိမ်တော်မှာ မရှိဘဲ မင်းသမီးတစ်ပါးတည်းသာ စံနေခဲ့တာပါ။ ကျောင်းကပွဲ သွားကြမှာဖြစ်တဲ့အတွက် ဧည့်သည် ၁၀ ဦး အပါအဝင်ကို နေ့လယ်စာ တည်ခင်းဧည့်ခံကျွေးမွေးခဲ့ပါတယ်။ အဲဒီနေ့ ညနေမှာ မင်းသားက အထူးဧည့်သည်များကို ဖိတ်ကြားပြီး ညစာ တည်ခင်းဧည့်ခံကျွေးမွေးဖို့ အစီအစဉ် ရှိပါတယ်။ ဧည့်သည်များထဲမှာ ရုပ်ရှင်မင်းသား မိုက်ကယ်လ်ကိန်းလည်း ပါပါတယ်။ နေ့လယ်ပိုင်းမှာ ချားလ်စ်မင်းသား ရောက်လာပြီး ပိုလိုကစားဖို့ ပြန်ထွက်သွားခဲ့ပါတယ်။

ကျောင်းကပွဲကို မင်းသမီး သွားခါနီးအချိန်မှာပဲ တယ်လီဖုန်း မြည်လာလို့ ကောက်ကိုင်လိုက်တော့ ချားလ်စ်မင်းသား ပိုလိုကစားရင်း မြင်းပေါ်က လိမ့်ကျပြီး ညာဘက်လက် ကျိုးသွားတယ်လို့ သတင်းကြားရပါတယ်။ မင်းသားကို ဆေးရုံတင်လိုက်ကြရပါတယ်။ ညနေပိုင်းမှာ ညစာစားဖို့ ဖိတ်ကြားထားတဲ့ ဧည့်သည် ၅၀ ကလည်း တဖွဲဖွဲ ရောက်ရှိလာကြပါပြီ။ မင်းသား ဆေးရုံတက်နေရပေမယ့် ဒီညစာစားပွဲက ဖျက်လို့ မဖြစ်ပါဘူး။ ရုပ်ရှင်မင်းသားကြီး မိုက်ကယ်လ်ကိန်း ရောက်လာချိန်မှာတော့ ကျွန်တော်က မင်းသားရဲ့သတင်းကို ပြောပြလိုက်ပြီး မင်းသားအစား ရုပ်ရှင်မင်းသားကြီးကပဲ ဧည့်သည်များကို ဧည့်ခံပေးဖို့ မေတ္တာရပ်ခံ ရပါတယ်။ သူ့အနေနဲ့ကတော့ လူအများနဲ့ ဆက်ဆံနေဖူးတဲ့သူဆိုတော့ အခက်အခဲ မရှိဘဲ အိမ်ရှင်မရှိတဲ့ ညစာစားပွဲကို လှလှပပ ထိန်းသွားနိုင်ခဲ့ပါတယ်။

ကျွန်တော့်တာဝန်တစ်ခု ပိုလာပြန်ပါတယ်။ အဲဒါကတော့ အိမ်တော်နဲ့ ၁၁



မိုင်ဝေးတဲ့ ဆေးရုံမှာ တက်ရောက်နေရတဲ့ မင်းသားရဲ့အခန်းကို အတတ်နိုင်ဆုံး အိမ်တော်နဲ့ တူအောင် ပြင်ဆင်ရခြင်းပါပဲ။ ဆေးရုံသုံး စတီးပစ္စည်းများအစား အိမ်တော်သုံး ငွေထည်ပစ္စည်းများနဲ့ လဲလှယ်သုံးစွဲရုံသာမက မင်းသားစိတ်ကြိုက် ပန်းချီကားကြီးနှစ်ကားကိုလည်း သူ့အခန်းထဲမှာ ချိတ်ဆွဲပေးရပါသေးတယ်။

အဲဒီရက်သတ္တပတ် ကုန်ဆုံးတဲ့နေ့ကတော့ ဒိုင်ယာနာမင်းသမီးရဲ့ ၂၉ နှစ်မြောက်မွေးနေ့ပါ။ မင်းသမီးက သူ့မွေးနေ့ကို အသာထားပြီး သူ့မာစီဒီးကားနဲ့ ခင်ပွန်းသည်ကို ဆေးရုံမှာ သွားကြိုခဲ့ပါတယ်။ ညာဘက်လက် စလွယ်သိုင်းထားရဆဲဖြစ်တဲ့ ချားလ်စ်မင်းသားကို ဟိုင်းဂရုဗ်စံအိမ်သို့ ခေါ်ဆောင်လာရာမှာ မင်းသမီးက သူနာပြုဆရာမတစ်ယောက်လို ပြုစုရုံသာမက မိခင်တစ်ယောက်က သားငယ်ကို ပြုစုသလိုလည်း ပြုစုစောင့်ရှောက်ခဲ့ပါတယ်။ လာသမျှ ဧည့်သည်တွေကို ဧည့်ခံရင်း ချားလ်စ်မင်းသား ကျေနပ်အောင် ပြုစုရပါသေးတယ်။ ဒါပေမယ့် ဘယ်လောက်ပဲ ပြုစုပြုစု ဒိုင်ယာနာ သူ့အနားမှာနေတာကိုက ချားလ်စ်အတွက် စိတ်အနှောင့်အယှက် ဖြစ်နေပုံရပါတယ်။ အနားက နာတာက တစ်ဖက်၊ ဒိုင်ယာနာရှိနေတဲ့အတွက် စိတ်အနှောင့်အယှက် ဖြစ်တာက တစ်ဖက်ကြောင့် သူတစ်ယောက်တည်း နေချင်တယ်လို့ နောက်ဆုံးမှာ ချားလ်စ်က ပြောလိုက်ပါတယ်။ ဒိုင်ယာနာအနေနဲ့ ဇနီးသည်တစ်ယောက်က ခင်ပွန်းသည်အပါးမှာ နေခွင့်မရှိခြင်းဟာ သူမအတွက် ကြီးစွာသော ရှုတ်ချမှုခံလိုက်ရခြင်းဖြစ်တယ်လို့ ခံစားလိုက်ရပါတယ်။ ချားလ်စ်ရဲ့အခန်းထဲက ထွက်ပြီး နာရီဝက်လောက်အကြာမှာတော့ မျက်ရည်လည်ရွဲနဲ့ လန်ဒန်ကို ပြန်သွားခဲ့ပါတယ်။ ဒီအဖြစ်အပျက်ဟာ ပြာသာဒ်ကို မီးလောင်စေတဲ့ အမှိုက်တစ်စပဲ ဖြစ်ပါတယ်။ ဒိုင်ယာနာထွက်သွားပြီး မကြာခင်မှာပဲ ကယ်မီလာပါကာဘိုးလ်စ် ရောက်လာတော့တာပါပဲ။ ကယ်မီလာကို မြင်လိုက်တဲ့အချိန်မှာတော့ ချားလ်စ်ရဲ့မျက်နှာဟာ ဝင်းပသွားပါတယ်။ ဒါပေမယ့် ကယ်မီလာက ညအိပ်ညနေတော့ မနေပါဘူး။

အရင်ရက်တွေက နေ့လယ်စာ စားရုံ၊ ညစာစားရုံသာ နေခဲ့တဲ့ ကယ်မီလာဟာ ဟိုင်းဂရုဗ်စံအိမ်မှာ တစ်နေ့လုံး ရှိလာပါတော့တယ်။ ဒါပေမယ့် ကိုယ်တိုင်ကိုယ်ကျ ဦးစီးဦးဆောင်ပြုပြီး ညစာတည်ခင်းဧည့်ခံခြင်း စတာတွေကိုတော့ မပြုလုပ်သေးပါဘူး။

ကယ်မီလာဟာ ညအိပ်ညနေနေတဲ့ ဧည့်သည်မဟုတ်သေးပေမယ့် သာမန်ဧည့်သည်များထက်တော့ ထူးခြားတယ်လို့ ဆိုရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ သူ့တစ်ယောက်တည်း လာတာမဟုတ်ဘဲ အပေါင်းအသင်းတွေ အမြဲတစေ

www.burmeseclassic.com



ပါလာတတ်ပြီး ချားလ်စ်အနားမှာ ဝိုင်းဝိုင်းလည်နေတတ်ပါတယ်။ ချားလ်စ်က ညာလက်ကျိုးသွားတာ ဖြစ်တဲ့အတွက် သူ အင်မတန် ဝါသနာပါတဲ့ ပိုလိုမကစားနိုင်တော့တဲ့အပြင် မင်းမှုထမ်းများကို စာရေးညွှန်ကြားလေ့ရှိတဲ့ သူ့အကျင့်ကိုလည်း ကျင့်သုံးလို့ မရတော့ပါဘူး။ ဘယ်လက်နဲ့ ကြိုးစားပြီး စာရေးဖို့ ကျင့်ကြည့်တဲ့ အခါမှာ လေးနှစ်သားအရွယ်ရဲ့ လက်ရေးလို ဖြစ်နေတာကြောင့် သူ့ကိုယ်သူ မကျေမနပ် ဖြစ်နေပါတယ်။ အဲဒါအပြင် အားလပ်ချိန်တိုင်း သူ့ဥယျာဉ်ကို ကိုယ်တိုင်ကိုယ်ကျ ပြုစုပျိုးထောင်လေ့ရှိတဲ့အပြင် ရေဆေးပန်းချီကားများ ရေးဆွဲခြင်းကို ဝါသနာထုံတာလည်း စွန့်လွှတ်ရမလို ဖြစ်နေပါပြီ။ ဒါတွေ မလုပ်ရတဲ့အတွက် စိတ်တိုနေတဲ့ မင်းသားကို ကယ်မီလာနဲ့ အပေါင်းအသင်းများက ရယ်စရာ မောစရာတွေ ပြောပြီး စိတ်အပန်းဖြေစေပါတယ်။ တချို့ဧည့်သည်တွေက ညအိပ်ညနေ နေပြီး မင်းသားကို ပျော်တော်ဆက်ကြပါတယ်။ ဘယ်သူတွေက ဘယ်လောက်ပဲပျော်အောင် ဖန်တီးပေးသည်ဖြစ်စေ သူ့ညာဘက်လက် သုံးလို့ မရနိုင်ခြင်းကိုတော့ မင်းသားက ဘယ်လိုမှ စိတ်ထဲကနေ ဖျောက်ဖျက်လို့ မရပါဘူး။ သူ စိတ်မကျေနပ်လေ ကျွန်တော် ပင်ပန်းလေပေါ့။

ကျွန်တော့်တာဝမှာ ဒီလောက် တစ်ခါမှ မပင်ပန်းဖူးပါဘူး။ မနိုင်မနင်း တာဝန်တွေကို ထမ်းဆောင်ရသလိုပါပဲ။ ဆေးရုံမှာဆိုလည်း ဆေးရုံမှာမို့၊ အိမ်မှာဆိုလည်း အိမ်မှာမို့ မပြတ် တာဝန်ထမ်းဆောင်နေရတာပါ။ ကျွန်တော့်မှာ တာဝန်ချိန်ရယ်လို့ သီးခြားသတ်မှတ်ထားတာ မရှိတော့တဲ့ မင်းသားလိုရင် လိုအပ်သလို တာဝန်ထမ်းဆောင်ပေးရတာ ဖြစ်နေပါတယ်။ အရင်တုန်းကတော့ သူ အိမ်မှာရှိနေရင်သာ အလုပ်များပြီး အိမ်မှာမရှိတဲ့အခါမှာ ကျွန်တော့်အတွက် အနေချောင်ပါတယ်။ လက်ကျိုးတဲ့အချိန်ကစပြီး ကျွန်တော် တာဝန်ထမ်းဆောင်ရတာက မနက် ၇ နာရီက နေ ည ၁၁ နာရီအထိ ဖြစ်လာပါတယ်။ အဲဒီလို တာဝန်ထမ်းဆောင်ရတာဟာ နှစ်လတိတိ ကြာမြင့်လာပါတယ်။

ညဥ့်နက်သန်းခေါင်မှ အိမ်ပြန်ရပြီး အိမ်ပြန်ရောက်ရင် တုံးခနဲ အိပ်ပျော်သွားနေကျ ကျွန်တော် တစ်နေ့မှာတော့ ခုတင်အောက်မှာ သတိလစ်ပြီး လဲကျနေတာကို ကျွန်တော့်ဇနီးက တွေ့ရှိသွားတဲ့အတွက် ဆေးရုံပို့လိုက်ကြပါတယ်။ တာဝန်ရှိသူများက ကျွန်တော်ဟာ ပင်ပန်းလွန်းအားကြီးတဲ့အတွက် အားပြတ်သွားတာ ဖြစ်တယ်။ ဆေးရုံမှာအနားယူဖို့ လိုအပ်တယ်လို့ ဆိုကြပါတယ်။ ကျွန်တော့်သခင်ဖြစ်တဲ့ ချားလ်စ်မင်းသား မကျန်းမာနေသေးတဲ့အချိန်မှာပဲ ကျွန်တော်ကလည်း ဆေးရုံပေါ်ကို ရောက်နေရတာဖြစ်လို့ နောက်ကြောင်းမအေးလှပါဘူး။ မင်းသား



အတွက် လိုအပ်တာတွေကို စိတ်တိုင်းကျအောင် ဖန်တီးပေးနိုင်တာဟာ ကျွန်တော် တစ်ယောက်ပဲ ရှိတယ်လို့ ထင်ပါတယ်။

ဆေးရုံခုတင်ပေါ်မှာ လှဲနေရပေမယ့် ဟိုင်းဂရုဗ်စံအိမ်ကိုသာ ပြန့်ချင်စိတ်က များနေပါတယ်။ ကျွန်တော် ဆေးရုံရောက်ပြီး ဒုတိယမြောက်နေ့မှာ မင်းသမီးနဲ့ သားတော်နှစ်ပါးတို့ ကျွန်တော့်အခန်းအပေါက်ဝကို ရောက်လာကြပါတယ်။ သားတော်နှစ်ပါးက နေကောင်းပါစေလို့ ဆုတောင်းစာတမ်း ရေးထိုးထားတဲ့ ဘောလုံးကလေးများ ကိုင်ဆောင်ထားကြပါတယ်။ ဒိုင်ယာနာကတော့ ကျွန်တော့် ခုတင်အစွန်းမှာ ဝင်ထိုင်လိုက်ပြီး ခါတိုင်းလို ယူနီဖောင်းနဲ့ မဟုတ် တီရှပ်အဖြူ ဝတ်ထားတဲ့ ကျွန်တော့်ကိုကြည့်ပြီး တခစ်ခစ် ရယ်ပါတော့တယ်။ ‘သနားစရာ ကောင်းလိုက်တဲ့ ပေါလ်ရယ်’ လို့ ပြောပြီးတော့လည်း ရယ်နေသေးတာပါ။ ကျွန်တော် နဲ့ စကားစမြည် ပြောကြပြီးတဲ့နောက် သူ့ထုံးစံအတိုင်း ဆေးရုံတွေကိုရောက်ရင် လူနာတွေကို လျှောက်မကြည့်ဘဲ မနေနိုင်ပါဘူး။ အမျိုးသမီးတစ်ယောက်ဆိုရင် သူမရဲ့မွေးနေ့မှာ ခွဲစိတ်ကုသမှု ခံရတာပါ။ သတိပြန်ရလာလို့ မျက်စိနှစ်လုံးကို ဖွင့်လိုက်ချိန်မှာ သူ့အပါးမှာ ဒိုင်ယာနာ ရောက်နေတာ တွေ့လိုက်ရတဲ့အတွက် ရမ်းကို အံ့သြသွားခဲ့ပါသတဲ့။ ဝီလျံကလည်း အဲဒီအမျိုးသမီးကို ပန်းစည်းပေး ခဲ့သေးတာပါ။ ကျွန်တော့်နားကို ပြန်ရောက်လာတဲ့အခါမှာတော့ ဒိုင်ယာနာက ကျွန်တော်တို့မိသားစုအတွက် အသစ်ဆောက်ပြီးသွားတဲ့ အိမ်အကြောင်းကို တဖွဲ့ တနွဲ့ ပြောပြခဲ့ပါတယ်။ ဒီမင်းသမီးဟာ ကျွန်တော်တို့မိသားစုဘဝကို လုံခြုံမှု အပြည့်ပေးခဲ့သူပါ။ ကျွန်တော် ဆေးရုံကဆင်းပြီးတဲ့နောက် ၁၉၉၀ ပြည့်နှစ် ဩဂုတ်လ ၁၀ ရက်နေ့မှာ ကျွန်တော်တို့ရဲ့ နေအိမ်အသစ်ကလေးကို သူကိုယ်တိုင် ဖဲကြိုး ဖြတ် ဖွင့်ပေးခဲ့ပါတယ်။

ကျွန်တော်တို့မိသားစု နေထိုင်ရမယ့် အဆောက်အအုံကို ဝေလမင်းသမီး ကိုယ်တိုင် အမှတ်တရ ဖွင့်ပေးခဲ့တာကို ကျွန်တော် အမှတ်ရနေပါသေးတယ်။ အဲဒီနေ့က မင်းသမီးက အဝါရောင်ဘောင်းဘီတို ဝတ်ထားပြီး စိမ်းပြာရောင် ယ်တာကို အပေါ်ကထပ်ပြီး ဝတ်ထားပါတယ်။ ၁၈ ရာစုနှစ်က တည်ဆောက် ခဲ့တဲ့ အဆောက်အအုံ အဝင်ဝ ရှေ့တည့်တည့်မှာ မင်းသမီးကရပ်ပြီး မီးပိုဆောင် ၊ ကတ်ကြေးတစ်လက်နဲ့ ဖဲကြိုးနီကိုဖြတ်ပြီး ဖွင့်ပေးခဲ့တာပါ။ အဲဒီအချိန်မှာ ဟယ်ရီက သူ့စက်ဘီးစီးနေပြီး ဝီလျံကတော့ ကျွန်တော့်သားများဖြစ်တဲ့ အလက် ၊ နစ်ခ်တို့နဲ့အတူ မြက်ခင်းပေါ်မှာ ဆော့ကစားနေကြပါတယ်။ မင်းသမီး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် အိမ်ဖွင့်ပွဲ အခမ်းအနား ကျင်းပပေးနေတာကို သူတို့ စိတ်ဝင်စားကြပုံ မပေါ်ပါဘူး။

မင်းသမီးကိုယ်တိုင်ကလည်း ဖဲကြိုးဖြတ် ဖွင့်ပေးရတာကို ရေးကြီးခွင်ကျယ် သဘောထားပုံမရပါဘူး။ အိမ်ရှေ့တံခါးကို မျက်နှာမူပြီး 'ဒီအိမ်ကို ဖွင့်လှစ်ပေးလိုက်ပြီ' လို့ သူ့နှုတ်က ကြေညာကာ ဖဲကြိုးကို ဖြတ်ပေးလိုက်ရုံပါပဲ။ မင်းသမီးက တခြားဖွင့်ပွဲများလို ခပ်တည်တည် စကားပြောတာဖြစ်ပေမယ့် တစ်ဝက်တစ်ပျက်မှာတော့ ရယ်သံစွက်သွားပါသေးတယ်။

အဲဒီနေ့က သောကြာနေ့ပါ။ ကျွန်တော်က စံအိမ် အိမ်မကြီးပေါ်မှာ မင်းသားနဲ့ မင်းသမီးအတွက် ညစာစားပွဲကို ပြင်ဆင်ပေးခဲ့ပြီး ကျွန်တော့်အိမ်ကို ဆင်းလာခဲ့ခြင်းပါ။ မင်းသားကတော့ ထုံးစံအတိုင်း သူ့စာကြည့်ခန်းထဲမှာ ကျန်ရစ်ခဲ့ပြီး ကျွန်တော့်အိမ်တက်မင်္ဂလာအတွက် လက်ဆောင်တွေနဲ့ သူကိုယ်တိုင် ရေးဆွဲထားတဲ့ ရေဆေးပန်းချီကားများကို ပေးခဲ့ပါတယ်။ ပန်းချီကားများထဲမှာ ပုံတစ်ပုံက ဖလောရင့်စ်မြို့မှ အုတ်ကြွပ်မိုးအိမ်များကို အပေါ်စီးက မြင်ရတဲ့ပုံဖြစ်ပြီး အီတလီ လူနေမှုစရိုက်ကို ဖော်ပြနေပါတယ်။ နောက်တစ်ပုံကတော့ ပိုလိုကစားနေပုံဖြစ်ပြီး နောက်ဆုံးတစ်ပုံကတော့ သက်တမ်းတော်တော် ရင့်နေပြီဖြစ်တဲ့ Sirius ရွက်သင်္ဘောကြီး ရွက်လွှင့်နေပုံ ဖြစ်ပါတယ်။

ဒီလိုနဲ့ပဲ ဝေလမင်းသမီးရဲ့ စိတ်ကူးဖြစ်တဲ့ ဘာရယ်လ်မိသားစုကို သူ့အနားမှာ ခေါ်ထားနိုင်ဖို့ နှစ်ရှည်လများ ကြံစည်ခဲ့တဲ့ အကြံအစည်ဟာ အောင်မြင်သွားခဲ့ပါတယ်။ ဝန်ထမ်းအိမ်ရာများထဲမှာ ကျွန်တော့်အိမ်နံပါတ်က (၃) ဖြစ်ပါတယ်။ ကျွန်တော့်အိမ်ပုံစံကို အလွယ်တကူမြင်သာအောင် ပြောရမယ်ဆိုရင် ချော့ကလက်ဘူးပုံစံနဲ့တူပါတယ်။ အိပ်ခန်းသုံးခန်းပါပြီး ထုပ်တန်းများနဲ့ မျက်နှာကြက်က ခပ်နိမ့်နိမ့်ပါ။ အိမ်ရှေ့မျက်နှာစာနံရံမှာတော့ နှင်းဆီပင်များက တွယ်ကပ်ပြီး တက်နေပါတယ်။ ခြံဝင်းဂိတ်တံခါးလေးက အဖြူကလေးပါ။ ဒီအိမ်ကလေးဟာ တကယ့်ကို ကျွန်တော်နဲ့ မာရီယာ့စိတ်ကူးထဲမှာ အိပ်မက် မက်ခဲ့ကြတဲ့ အိမ်ကလေးတစ်လုံးရဲ့ ပုံစံပါပဲ။ အိမ်ထဲမှာ မင်းသား ပေးလိုက်တဲ့ ပန်းချီကားများနဲ့ အလှဆင်နိုင်သလို မင်းသမီးကလည်း ကျွန်တော့်သားနှစ်ဦးနဲ့အတူ သူ့သားများပါ ကစားနိုင်ဖို့ ကစားစရာပစ္စည်းတွေကို အိပ်ခန်းတစ်ခန်းထဲမှာ ပြင်ဆင်ထားပေးတာကြောင့် သူတို့လေးတွေအားလုံး အဲဒီအခန်းထဲမှာပဲ ပျော်ရွှင်နေလေ့ ရှိပါတယ်။ ဒီအိမ်ကလေးက အရင်တုန်းက ဒိုင်ယာနာရဲ့ ဝန်ထမ်းတစ်ယောက် နေသွားတဲ့ အိမ်ကလေးပါ။ သူ လန်ဒန်ကို ပြောင်းသွားပြီးတဲ့နောက် မင်းသမီးက ကျွန်တော့်တို့ မိသားစုအတွက်



ချီးမြှင့်ပေးခဲ့တာပေါ့။ ကျွန်တော့်အိမ်နဲ့ အိမ်မကြီးက သိပ်မဝေးပါဘူး။ အတန်အသင့် လမ်းလျှောက်သွားရုံနဲ့ ရောက်ပါတယ်။ လန်ဒန်မှာ ဒီလို ဝန်ထမ်းတစ်ယောက်အနေနဲ့ မိမိ တာဝန်ထမ်းဆောင်ရမယ့်နေရာကို လမ်းလျှောက်ပြီး ရောက်သွားနိုင်ဖို့ဆိုတာ အင်မတန် ကြီးမြတ်တဲ့ အခွင့်အရေးတစ်ခုပါပဲ။

ကျွန်တော့်ဘဝမှာ မေ့မရနိုင်သလို ဒိုင်ယာနာရဲ့ ရင်ထဲမှာလည်း ဘယ်တော့မှလည်း မေ့လို့ရနိုင်မယ် မထင်တဲ့ နေ့တစ်နေ့ ရှိပါတယ်။ အဲဒီနေ့ကတော့ လူရွှင်တော် စပိုက်မီလီဂန် ဟိုင်းဂရုဗ်စံအိမ်ကို တစ်ညတာ လာနေပြီး ဖျော်ဖြေပေးတဲ့ နေ့ပါပဲ။ နံနက်စာစားဖို့ သူ ဆင်းလာတဲ့အခါမှာ တစ်ညလုံး မအိပ်ရတဲ့ ပုံစံမျိုး ပေါ်နေပါတယ်။ နောက်မှ သိရတာကတော့ သူ့အတွက် ပြင်ဆင်ထားတဲ့ ကြီးကျယ်ခမ်းနားလှတဲ့ ခုတင်ကြီးပေါ်မှာ မအိပ်ရဲတာကြောင့် ရေချိုးခန်းထဲမှာ သွားအိပ်နေခဲ့တာလို့ ဆိုပါတယ်။ နောက်ရက်သတ္တပတ် အနည်းငယ်ကြာတော့ သူ့ဆီက လက်ဆောင်ပစ္စည်းတစ်ခု ရောက်လာပါတယ်။ အဲဒီလက်ဆောင်ကတော့ ကြေးသားနဲ့ လုပ်ထားတဲ့ ခပ်ဝိုင်းဝိုင်းပစ္စည်းတစ်ခုဖြစ်ပြီး 'စပိုက်မီလီဂန် ဒီနေရာမှာ အိပ်သွားတယ်' လို့ ရေးထားတာပါ။ စပိုက်က အဲဒီကြေးပြားကို သူအိပ်သွားခဲ့တဲ့ ရေချိုးခန်း ကြမ်းပြင်မှာ ကပ်ထားပေးပါလို့လည်း တောင်းဆိုခဲ့ပါတယ်။ သူ့အဖြစ်အပျက်ကို သိလိုက်ရတဲ့ ချားလ်စ်မင်းသားက တော်တော် ရယ်ခဲ့ပါတယ်။

□

ဘဲလ်မြည်သံ ကြားလိုက်ရပြီး မီးနီကလေး လင်းလာတာကို တွေ့လိုက်ရတဲ့အတွက် ကျွန်တော့်ကို ခေါ်နေတယ်ဆိုတာ သိလိုက်ရပါတယ်။ ဒါကြောင့် ချက်ချင်းသွားလိုက်တဲ့အခါမှာတော့ မင်းသားကို ဧည့်ခန်းမအလယ်မှာ ရပ်နေတာ တွေ့လိုက်ရပါတယ်။ သူ့အနားမှာ ကယ်မီလာပါကာဘိုးလ်စ် ရှိနေလေရဲ့။ သူတို့နှစ်ယောက်စလုံးက နံရံမှာ ချိတ်ထားတဲ့ ဓာတ်ပုံတစ်ပုံကို စူးစိုက်ပြီး ကြည့်နေကြတာပါ။ ကျွန်တော် ရောက်သွားတော့ မင်းသားက…

'ပေါလ်… ဟောဟိုမှာ ချိတ်ထားတဲ့ပုံတွေ ဘယ်ရောက်ကုန်သလဲ' လို့ မေးပါတော့တယ်။ သူ့ဧည့်သည် ကယ်မီလာကတော့ ကျွန်တော့်ကို ပြုံးပြုံးကြည့်နေပါတယ်။ မင်းသား ဘယ်ပုံကို ရည်ညွှန်းတယ်ဆိုတာ ကျွန်တော် သဘောပေါက်လိုက်ပါတယ်။ အားနာဖို့ကောင်းလိုက်တာလို့ ကျွန်တော့်ရင်ထဲမှာ တွေးနေမိရင်း 'အရှင်မင်းသား… အရှင့်ရေဆေးပန်းချီကားတွေကို ဆိုလိုတာလား' လို့ မေးလိုက်ရပါတယ်။

'အေး ဟုတ်တယ်၊ ဖလောရင့်စ်မြို့ရဲ့ အပေါ်စီးက အုတ်ကြွပ်တွေ မိုးထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



အိမ်တွေရဲ့မြင်ကွင်းကို ရေးထားတဲ့ ပန်းချီကားကို ပြောတာ'

'မင်းသားက ကျွန်တော်မျိုးကို အိမ်တက်မင်္ဂလာလက်ဆောင်အဖြစ် ပေးခဲ့တာလေ'လို့ လျှောက်ထားလိုက်ရပါတယ်။

သူက တစ်မိနစ်လောက် စဉ်းစား နေသေးတာ။ ပြီးတော့မှ 'သြော်… ငါကိုယ်တော် ပေးခဲ့တာလား'လို့ ပြောလိုက်ပြီး သူ့ညှိုးသည် ကယ်မီလာဘက်ကို လှည့်ကာ 'ကိုင်း… ဒီပန်းချီကားကတော့ ပေးပြီးသား ဖြစ်သွားပြီ။ မင်းအတွက် တခြားတစ်ခုခု ရှာပေးမယ်'လို့ ပြောသံ ကြားလိုက်ရပါတယ်။

ကြည့်ရတာကတော့ ကယ်မီလာရဲ့ အိမ်မှာ ချိတ်ဆွဲဖို့အတွက် မင်းသားက လက်ဆောင်ပေးချင်တာကြောင့် ပန်းချီကားတစ်ခုခု လိုက်ရှာနေပုံပါပဲ။ ဒီတစ်နှစ်အတွင်းမှာ ကယ်မီလာအနေနဲ့ မင်းသားဆီက လက်ဆောင်တွေ အများအပြားရခဲ့ပြီးဖြစ်တယ်ဆိုတာကို ကျွန်တော် သိပါတယ်။ ဒီနေ့ထက်ထိ သူ့မရင်မှာ ချိတ်တွယ်ထားတဲ့ ဝေလမင်းသားအထိမ်းအမှတ် ငှက်မွေးပုံသဏ္ဌာန် စိန်ရင်ထိုးဟာလည်း ချားလ်စ်မင်းသားရဲ့ လက်ဆောင်ပဲပေါ့။ ပြန်စဉ်းစားကြည့်လိုက်ရင် ကျွန်တော်ဟာ မင်းသားရဲ့ အမြောင်မိဖုရားအတွက် လက်ဆောင်ပစ္စည်း ရရှိရေး ကူညီပံ့ပိုးပေးနေသလိုပါပဲ။ ဒီလိုလုပ်ဆောင်ခြင်းဟာ မင်းသမီးကို မျက်ကွယ်မှာ သစ္စာဖောက်ရာ ကျလေမလားလို့ စဉ်းစားမိပါသေးတယ်။ ဒါပေမယ့် မင်းသားအတွက် တာဝန်ထမ်းဆောင်ခြင်းဟာလည်း ကျွန်တော့်အတွက် အဓိကတာဝန်တစ်ရပ် ဖြစ်ခြင်းကြောင့် သစ္စာဖောက်ရာ မရောက်ဘူးလို့တော့ ကိုယ့်ကိုယ်ကိုယ် အားပေးရပါတယ်။ မျက်စိစုံမှိတ်ပြီး ဘာမှမတွေးတောနိုင်တော့ပါဘူး။

အင်္ဂလန်နိုင်ငံရဲ့ နာမည်ကြီး လက်ဝတ်ရတနာဆိုင်ကြီးတစ်ဆိုင်ဖြစ်တဲ့ Genevieve Holmes ဆိုင်ကြီးကလည်း မကြာခဏဆိုသလို လက်ဝတ်ရတနာပစ္စည်းများ လာလာပို့တတ်ပါတယ်။ သူတို့လာပို့တိုင်း ကျွန်တော်က လက်ခံယူရပြီး မင်းသားရဲ့ စာကြည့်စားပွဲမှာ လိုင်နင်အဝတ်စခင်းကာ မင်းသား စိတ်ကြိုက် ရွေးချယ်နိုင်အောင် ပြသပေးရပါတယ်။ ကျွန်တော့်မျက်ကွယ်မှာ မင်းသားက ကယ်မီလာအတွက် သူ့စိတ်ကြိုက် လက်ဝတ်ရတနာများကို ရွေးချယ်လေ့ရှိပြီး မဝယ်ဖြစ်တဲ့ ပစ္စည်းများကိုတော့ ကျွန်တော်ကိုယ်တိုင်ပဲ ပြန်လည်ထုပ်ပိုးကာ ပို့ပေးရပါတယ်။

ကယ်မီလာအတွက် အဲဒီလိုလက်ဝတ်ရတနာတွေ ဝယ်ပေးနေတယ် ဆိုပေမယ့် ချားလ်စ်မင်းသားက ဒိုင်ယာနာကိုလည်း မေ့မထားပါဘူး။ သူတို့နှစ်ယောက် လက်ထပ်တဲ့ ၁၀ နှစ်မြောက် ၁၉၉၁ ခုနှစ်ကို ရောက်တဲ့အခါ စာနယ်ဇင်းများက ဝေလမင်းသားနဲ့ မင်းသမီးတို့ရဲ့ အိမ်ထောင်ရေး အဆိုးရွားဆုံး အခြေအနေ ရောက်



နေပြီလို့ ရေးသားနေတဲ့ကြားကပဲ ဒိုင်ယာနာအတွက် ရွှေလည်ဆွဲတစ်ကုံး ဝယ်ယူပြီး မင်္ဂလာနှစ်ပတ်လည် အမှတ်တရအဖြစ် လက်ဆောင်ပေးခဲ့ပါသေးတယ်။ ဒီလက်ဆောင်ကို ဒိုင်ယာနာ ဖွင့်ကြည့်လိုက်တဲ့အခါမှာတော့ ရွှေသားနဲ့ ပြုလုပ်ထားတဲ့ ရောမဂဏန်း (X) တစ်ဆယ်ဂဏန်းကို တွေ့ရပါတယ်။ ဒီဂဏန်းက သူတို့ဇနီးမောင်နှံ လက်ထပ်ခဲ့ကြတာ ၁၀ နှစ်ပြည့်ပြီဆိုတဲ့ ရည်ညွှန်းချက်ပါပဲ။ သားတော်နှစ်ပါး မွေးခဲ့တဲ့ ၁၉၈၂ ခုနှစ်နဲ့ ၁၉၈၄ ခုနှစ်များတုန်းကလည်း မင်းသားက (W) နဲ့ (H) စာလုံးများပါတဲ့ လည်ဆွဲများ ပို့ပေးခဲ့ပါတယ်။ သားတော်များရဲ့ အမည်ကို ကိုယ်စားပြုထားခြင်းပါ။ မင်းသားက တစ်နှစ်တစ်ကြိမ်တော့ မင်းသမီးအတွက် ရွှေထည်ပစ္စည်း ဝယ်ပေးတတ်ပါတယ်။ တစ်ခါတုန်းက ဘဲလေးအက ဝါသနာပါတဲ့ မင်းသမီးအတွက် ရွှေသားနဲ့ပြုလုပ်ထားတဲ့ ဘဲလေးကချေသည်စီး ဖိနပ်ကလေးပုံစံ ရွှေဆွဲကြိုးကို ပို့ခဲ့ဖူးပါတယ်။ မင်းသမီးက တင်းနစ်ရိုက်တာကိုလည်း ဝါသနာပါတော့ တင်းနစ် လက်ကိုင်တုတ်ပုံစံနဲ့လည်း ပို့ခဲ့ဖူးတယ်။ ဝက်ဝံရုပ်ကလေးတွေကို ချစ်တတ်တဲ့အတွက် ရွှေနဲ့လုပ်ထားတဲ့ ဝက်ဝံရုပ်ကလေး၊ ရွှေသားနဲ့လုပ်ထားတဲ့ ပိုလိုဦးထုပ်၊ ရွှေပန်းသီးတစ်လုံး၊ စိန့်ပေါလ်ဘုရားရှိခိုးကျောင်းပုံစံငယ် ရွှေသားရုပ်တို့ကိုလည်း ချစ်သက်လက်ဆောင်အဖြစ် ပေးခဲ့ဖူးတာ ကျွန်တော် မှတ်မိနေပါတယ်။ စိန့်ပေါလ်ဘုရားရှိခိုးကျောင်းက သူတို့နှစ်ဦး လက်ထပ်ခဲ့ကြတဲ့ ဘုရားရှိခိုးကျောင်း ဖြစ်ပါတယ်။

မင်းသမီးကလည်း မင်းသားပေးပို့တဲ့ ချစ်သက်လက်ဆောင်များကို အမြတ်တနိုးနဲ့ သူ့ရတနာသေတ္တာများထဲမှာ သိမ်းဆည်းထားလေ့ ရှိပါတယ်။ သူ့အပြောကတော့ ဒီပစ္စည်းလေးတွေကို မြင်လိုက်တိုင်း တစ်ချိန်က သူတို့နှစ်ယောက် ပျော်ခဲ့ကြတဲ့ အပျော်ဆုံးကာလတွေကို အမှတ်တရဖြစ်စေတယ်လို့ ဆိုပါတယ်။

မင်းသမီးဘက်ကလည်း လက်ထပ်မင်္ဂလာ နှစ်ပတ်လည်နေ့ရောက်တိုင်း မင်းသားထံကို နှစ်ပတ်လည်ကတ်ပြားလေးတွေ ပို့တဲ့အပြင် Valentine Day လည်း ပို့လေ့ရှိပါတယ်။ ၁၉၉၂ ခုနှစ် သူတို့နှစ်ယောက် လမ်းခွဲတော့လည်း ပို့ဆဲပါပဲ။ လေးနှစ်အကြာ နောက်ဆုံး ကွာရှင်းပြတ်စဲတဲ့အချိန်မှာလည်း မင်းသမီးက အမှတ်တရကတ်ကလေးတွေ ပို့မြဲပါ။ ကျွန်တော် မှတ်မိသလောက် မင်းသမီးအတွက် နောက်ဆုံးပေးပို့ခဲ့တဲ့ မင်းသားရဲ့ လက်ဆောင်ကတော့ ကောက်ရိုးမျှင်နဲ့ ပြုလုပ်ထားတဲ့ ဦးထုပ်တစ်လုံးပါပဲ။ ဒီဦးထုပ်က ကံကောင်းခြင်းကို ယူဆောင်လာလေမလား၊ ကံဆိုးခြင်းကို ဖြစ်ပေါ်စေမလားဆိုတာကိုတော့ ကျွန်တော်ကိုယ်တိုင် မသိခဲ့ပါဘူး။ 'ဒီဦးထုပ်ကို ကျွန်မက ဘာလုပ်ရမှာလဲ'လို့ ပြောပြီး မင်းသမီးက

www.burmeseclassic.com



တခစ်ခစ် ရယ်ခဲ့ပါသေးတယ်။

❑

မင်းသားနဲ့ မင်းသမီးတို့နှစ်ယောက် အတူတကွ ပြည်ပခရီးစဉ်များ သွားတဲ့အခါမှာ ကျွန်တော်တို့ အိမ်တော်ဝန်ထမ်းတစ်ဦးဦးက အနီးကပ် လိုက်ပါရလေ့ရှိပါတယ်။ ကျွန်တော် မရောက်ခင်တုန်းကဆိုရင် ကင်စတန်နန်းတော်ရဲ့ ဘဏ္ဍာစိုးဖြစ်တဲ့ ဟာရီးဘရောင်းက သူတို့မောင်နှံနဲ့အတူ ပြည်ပခရီးစဉ်ကို အမြဲလိုက်ရပါတယ်။ တစ်နေ့မှာတော့ မင်းသမီးက ကျွန်တော်ရှိနေတဲ့ စားဖိုဆောင်ထဲကို ဝင်လာပြီး သူတို့ဇနီးမောင်နှံနဲ့အတူ ဂျပန်ကေရာ့စ် နန်းတက်ပွဲ လိုက်ရမယ်လို့ ဆိုပါတယ်။ ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလမှာ သွားရမှာပါ။ 'ဒီတစ်ခါတော့ ဟာရီးကို မခေါ်တော့ဘူး' လို့လည်း မင်းသမီးက ပြောသွားပါသေးတယ်။

နောင်မှာ ကျွန်တော် သိလိုက်ရတာကတော့ အဲဒီခရီးစဉ်ဟာ ဟာရီးနဲ့ မင်းသမီးတို့ လမ်းခွဲကြတဲ့ ခရီးစဉ်ဖြစ်ပြီး မင်းသမီးနဲ့ကျွန်တော် ပိုမိုရင်းနှီးမှုရစေခဲ့တဲ့ ခရီးစဉ်လည်း ဖြစ်ခဲ့ပါတယ်။ ဂျပန်နိုင်ငံရဲ့ ဓလေ့ထုံးတမ်းများက ဇနီးမောင်နှံ ဖြစ်ပါစေဦးတော့ ယောကျ်ားနဲ့ မိန်းမကို တစ်တန်းတည်း မထားဘဲ ခွဲခြားဆက်ဆံလေ့ရှိပါတယ်။ ဂျပန်နိုင်ငံ ဗြိတိသျှသံရုံးမှာပဲ တည်းခိုကြတဲ့အခါ မြေညီထပ်မှာ မင်းသားနဲ့ မင်းသမီးတို့က အိပ်ခန်းသီးခြားစီနဲ့ အိပ်ကြရတာပါ။ ဒီနေရာမှာ သူတို့နှစ်ယောက်ရဲ့ အနေအထားကလည်း အိမ်ရှေ့မင်းသားနဲ့ မင်းသမီးဆိုတာထက် အင်္ဂလန်နိုင်ငံရဲ့ သီးခြားကိုယ်စားလှယ်နှစ်ဦးအသွင်ကို ဆောင်ပါတယ်။ ကိုယ့်အလုပ်ကို ကိုယ်လုပ်ကြရမယ်ဆိုတဲ့သဘောပါပဲ။ ဂျပန်နိုင်ငံမှာ နေစဉ်အတွင်း မင်းသမီးက စိတ်တိုင်းမကျတာတွေ များပါတယ်။ ဒါပေမယ့် ဂျပန်ပြည်သူလူထုကတော့ မင်းသမီးကို ချစ်မြတ်နိုးကြောင်း ပြသနိုင်ခဲ့ကြပါတယ်။ ဘယ်သူတွေက ဘယ်လောက်ချစ်တယ်ပဲပြပြ မင်းသမီး လိုချင်တာက သွားချင်တဲ့နေရာကို လွတ်လွတ်လပ်လပ် သွားလာလိုခြင်းပါ။ အထူးသဖြင့် ဇနီးမောင်နှံနှစ်ယောက်တွဲပြီး ပွဲတက်ရတဲ့အခါမျိုးမှာ မင်းသမီးဘက်က စိတ်လက်မကြည်မသာ ဖြစ်နေတတ်ပါတယ်။

'ကျွန်မက တစ်ကမ္ဘာလုံးကို လျှောက်သွားပြီး ကျွန်မ လုပ်ချင်တာကို လုပ်လိုက်ချင်တယ်။ သူများလုပ်ချင်တာကို လုပ်ပေးနေရတဲ့ဘဝမှာ လုံးဝမပျော်ဘူး။ ကိုယ်လုပ်ချင်တာကိုပဲ လုပ်ချင်တယ်' လို့ သူ့အခန်းထဲ ရောက်တဲ့အခါမှာ ရင်ဖွင့်ခဲ့ဖူးပါတယ်။ မင်းသမီးက မင်းသားနဲ့အတူတွဲပြီး တက်ရောက်ရတဲ့ အစိုးရပွဲလမ်းသဘင်များမှာ ဣန္ဒြေရရ ငြိမ်နေရသလောက် သူတစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေခွင့်ရတဲ့အခါများမှာတော့ ပေါ့ပေါ့ပါးပါးဝတ်စုံများ ဝတ်ဆင်ပြီး အပျော်ဆုံး



အချိန်တွေ ဖြစ်နေတတ်ပါတယ်။ အဲဒီအချိန်ကာလများက မင်းသားနဲ့ ဝေးလေ စိတ်ထဲမှာပျော်လေ ဖြစ်ပုံရပါတယ်။ သူတို့နှစ်ယောက်အတူ ပြည်ပခရီး ထွက်ရခြင်းထက် တစ်ယောက်တည်း သွားရတဲ့ခရီးများကို မင်းသမီးက ပိုပြီး လိုလားပါတယ်။

မင်းသမီးက သူ့ကိုယ်သူ ယုံကြည်စိတ်ချမှု ပိုများလာလေလေ မင်းသားဘက်က မကြိုက်နှစ်သက်မှု ပိုများလာတယ်ဆိုတာကိုလည်း ဂျပန်နိုင်ငံခရီးစဉ်မှာ ကျွန်တော် တွေ့လိုက်ရပါတယ်။ ချားလ်စ်မင်းသားနဲ့ သူ့အမှုထမ်းများက နာရီတကြည့်ကြည့်နဲ့ ခန်းမကြီးရဲ့ အဝင်ဝကို မျှော်နေကြချိန်မှာ မင်းသမီးက အပေါ်ထပ်ကနေ ဆင်းသက်လာပါတယ်။ ကက်သရင်းဝေါ်ကာ ဒီဇိုင်းဖြစ်တဲ့ အနီရောင်ဝတ်စုံ အရောင်တောက်တောက်ကို ဝတ်ထားပြီး ကော်လာလည်း ထောင်ထားပါတယ်။ ယုံကြည်စိတ်ချမှု အပြည့်အဝရှိပုံရတဲ့ အပြုံးနဲ့ ဆင်းသက်လာတဲ့ မင်းသမီးကို အားလုံးငေးကြည့်မိကြပါတယ်။ မင်းသမီး ဆင်းအလာကို ကျွန်တော်က လှေကားရင်းကနေ ကြိုဆိုနေခဲ့ပါတယ်။ ကျွန်တော့်ကို ဖြတ်ကျော်ပြီး ချားလ်စ်မင်းသားဘေးကို ရောက်သွားတဲ့အခါမှာ မင်းသမီးက 'ကျွန်မဝတ်စုံကို သဘောကျရဲ့လား ချားလ်စ်' လို့ မေးသံ ကြားလိုက်ရပါတယ်။

မင်းသားရဲ့ ပြန်ကြားချက်က တိုးတိုးကလေး ဖြစ်ပေမယ့် ပြောလိုက်တဲ့စကားကတော့ တော်တော်ကြီးကို ရင့်ရင့်သီးသီး နစ်နာစေခဲ့ပါတယ်။ 'အေး.. မင်းကိုကြည့်ရတာ ဗြိတိသျှလေကြောင်းလိုင်းက လေယာဉ်မယ်နဲ့ တူတယ်' တဲ့။ အဲဒီတစ်ခွန်းပဲပြောပြီး ခန်းမထဲဝင်လာမယ့် ဂျပန်အစိုးရ လူကြီးပိုင်းကို ချားလ်စ်ကိုယ်တိုင် သွားရောက်ကြိုဆိုနေချိန်မှာတော့ မင်းသမီးရဲ့ မျက်နှာပေါ်မှာ စောစောက တွေ့ခဲ့ရတဲ့ အပြုံးနဲ့ ယုံကြည်စိတ်ချမှုတွေ ပျောက်ကွယ်သွားပြီး ခေါင်းငိုက်စိုက်ကျနေတာကို ကျွန်တော် တွေ့ခဲ့ရပါတယ်။ ဒါပေမယ့် အိမ်ရှင် ဂျပန်အစိုးရအထက်တန်းအရာရှိကြီးများကို ကြိုဆိုရမှာဖြစ်တဲ့အတွက် မင်းသားရှိနေတဲ့ တံခါးဝကိုတော့ လိုက်သွားပြီး သူနဲ့အတူ စောင့်ကြိုနေခဲ့ပါတယ်။

မင်းသမီးရဲ့ စိတ်ဓာတ်ကို အဲဒီလို ပျက်ပြားသွားအောင် ချားလ်စ်က ရိုက်ချိုးခဲ့တာ ဒီတစ်ကြိမ်သာမကပါဘူး။ ပြည်ပခရီးစဉ်များမှာ အကြိမ်ကြိမ် ကြုံရပါတယ်။ ၁၉၉၁ ခုနှစ် မေလအတွင်းက သူတို့နှစ်ဦး ချက်ကိုစလိုဗက်ကီးယားနိုင်ငံကို သွားကြရပါတယ်။ နိုင်ငံတော်ရဲ့ ဧည့်သည်များဖြစ်တဲ့အတွက် ပရာ့ဂ်မြို့တော်မှာရှိတဲ့ သမ္မတနန်းတော်မှာ တည်းခိုကြရပါတယ်။ ဒါပေမယ့် တည်းနိုတဲ့နေရာမှာ မင်းသားနဲ့မင်းသမီးတို့ တစ်ခန်းစီ တည်းခိုရတာ ဖြစ်တဲ့အပြင် တစ်ထပ်

www.burmeseclassic.com

www.burmeseclassic.com



တည်းမှာလည်း မဟုတ်ပါဘူး။ ညနေခင်းမှာ လက်ခံတွေ့ဆုံရမယ့် ဧည့်သည်ကို ကြိုဆိုဖို့အတွက် မင်းသမီးက အပေါ်ထပ်ကနေ မင်းသားရှိရာကို ညနေခင်းဝတ်စုံနဲ့ ဆင်းလာခဲ့ပါတယ်။ မင်းသမီးဝတ်ထားတာက အဖြူရောင်ဂျက်ကက်အင်္ကျီနဲ့ စကတ် ဖြစ်ပြီး အမည်းရောင်ကြယ်သီးများ တပ်ထားကာ ရင်သားပေါ်က အိတ်ထဲမှာ အမည်းရောင် လက်ကိုင်ပဝါကို ထိုးထည့်ထားတဲ့အပြင် အဖြူနဲ့အမည်း စပ်ထားတဲ့ ရှူးဖိနပ်ကို စီးလာခဲ့ပါတယ်။ ခင်ပွန်းသည်အနားမှာ ကပ်ထိုင်လိုက်ပြီး သူ ဝတ်ထားတာ အဆင်ပြေရဲ့လားလို့ မေးလိုက်တဲ့အခါမှာ ချားလ်စ်မင်းသားက ပြုံးလိုက်ပြီး 'မင်းကို ကြည့်ရတာ မာဖီးယားဂိုဏ်းထဲကို လောလောဆယ် ရောက်လာတဲ့ ဂိုဏ်းသားတစ်ယောက်နဲ့ တူနေတယ်' လို့ မှတ်ချက်ချခဲ့ပါတယ်။ ဒီမှတ်ချက်ကို ပတ်ဝန်းကျင်ကလူများလည်း ကြားလိုက်ကြပါတယ်။ မင်းသားအနေနဲ့ ပျော်စေပြက် စေလို့ ပြောလိုက်တဲ့သဘော ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် ပတ်ဝန်းကျင် မှာရှိနေတဲ့ ဘယ်သူကမှ သူ့ပြက်လုံးကို မရယ်ခဲ့ကြပါဘူး။ မင်းသမီးကို သက်သက် ချိုးနှိမ်တာပဲရယ်လို့သာ မြင်မိကြပြီး အားလုံးရဲ့မျက်နှာပေါ်မှာ စိတ်မသက်မသာ ဖြစ်သွားကြတာကို တွေ့ရပါတယ်။

အခု ဂျပန်နိုင်ငံမှာ တစ်ကြိမ် အပြောခံလိုက်ရပြန်တော့လည်း မင်းသမီးရဲ့ မျက်နှာက ခဏသာပျက်သွားတာပါ။ မိနစ်ပိုင်းအတွင်းမှာပဲ ဣန္ဒြေကို ပြန်ဆယ် နိုင်ခဲ့ပါတယ်။ ဂျပန်နိုင်ငံမှာရှိနေစဉ်အတွင်း ကျွန်တော်နဲ့ ဟယ်လီနာရို့ချ်တို့ကို ခေါ်ပြီး ဗြိတိသျှသံရုံးရဲ့ ဥယျာဉ်ထဲကို ခေါ်သွားပါတယ်။ သူ့အစီအစဉ်က ခဏ ကြာရင် ဂျပန်ဧကရာဇ် ကျင်းပပေးမယ့် ပါတီပွဲကို တက်ရမှာပါ။ အားလပ်နေတဲ့ ခဏအတွင်း သူက ကျွန်တော်တို့နှစ်ယောက်ကို ခေါ်ထုတ်လာခဲ့ခြင်းပါ။ 'ပေါလ် လာခဲ့၊ ဓာတ်ပုံသွားရိုက်ရအောင်' လို့ ဆိုပါတယ်။ ကျွန်တော် အဲလိဇဘက် ဘုရင်မ ကြီးအပါးမှာ နှစ်ပေါင်းများစွာ ခစားခဲ့ဖူးပေမယ့် ခုလို အလွတ်သဘောမျိုး အတူ တွဲပြီး ဓာတ်ပုံတစ်ကြိမ်တစ်ခါမှ မရိုက်ခဲ့ဖူးပါဘူး။ ခုတော့ နောင်မှာ ဗြိတိန်နိုင်ငံရဲ့ မိဖုရားကြီးဖြစ်လာမယ့် ဝေလမင်းသမီး ဒိုင်ယာနာက သူနဲ့ အမှတ်တရ ဓာတ်ပုံ ရိုက်ရအောင်လို့ ဆိုလာပါပြီ။ ကျွန်တော်တို့နှစ်ယောက်ကို ဟယ်လီနာက ဓာတ်ပုံရိုက် ပေးပါတယ်။ 'ရိုက်မယ်… ပြုံးလိုက်နော်' လို့ ဆိုပြီး ဓာတ်ပုံရိုက်ပြီးချိန်မှာတော့ ကျွန်တော်က 'ကျွန်တော်တို့ အခုလို အပျော်ထွက်ပြီး ဓာတ်ပုံရိုက်ကြတာကို မင်းသားတော့ သိမယ်မထင်ပါဘူးနော်' လို့ ကျွန်တော်က ပြောမိပါတယ်။

အဲဒီအခါ မင်းသမီးက 'အိုး… ဘာမှစိတ်မပူနဲ့။ ပျော်ပျော်ကြီးသာ ဓာတ်ပုံ ရိုက်ကြရအောင်' လို့ဆိုပြီး ဟယ်လီနာနဲ့ ကျွန်တော့်ကို မင်းသမီးကိုယ်တိုင် ဓာတ်ပုံ



ရိုက်ပေးခဲ့ပါသေးတယ်။ အဲဒီဓာတ်ပုံဟာ ဒီနေ့ထက်ထိ ကျွန်တော့်ဘဝမှာ အမှတ် တရအဖြစ် ရှိနေဆဲပါ။ ကျွန်တော့်ပုံကို ပြန်ကြည့်လိုက်တော့ သတိအနေအထားနဲ့ ဖြစ်နေပြီး စီးထားတဲ့လည်စည်းက ဧွန်လအတွင်းတုန်းက မင်းသမီးကိုယ်တိုင် ကျွန်တော့်အတွက် လက်ဆောင်အဖြစ် ဝယ်ပေးခဲ့တဲ့ လည်စည်းဖြစ်တာကို သတိရမိ ပါတယ်။ မင်းသမီးက အဲဒီလိုပါပဲ။ သူ့အနီးမှာရှိတဲ့ ဝန်ထမ်းများရဲ့ မွေးနေ့များကို သတိတရအမြဲတမ်းရှိပြီး မွေးနေ့ရောက်တိုင်း အမှတ်တရလက်ဆောင်တစ်ခုခု ပေးတတ်စမြဲ ဖြစ်ပါတယ်။ မင်းသမီးလက်ထဲက ကင်မရာကိုယူပြီး မင်းသမီးနဲ့ ဟယ်လီနာကို ကျွန်တော်က တစ်လှည့် ဓာတ်ပုံရိုက်ပေးခဲ့ပါတယ်။ ချက်ကိုစလို ဗက်ကီးယားနိုင်ငံမှာတုန်းကလည်း ကျွန်တော်တို့ ဒီလိုပဲ အမှတ်တရ ဓာတ်ပုံရိုက်ခဲ့ ကြပါသေးတယ်။

ပြုံးပျော်နေတဲ့ မင်းသမီးရဲ့မျက်နှာကို မြင်လိုတဲ့ ကျွန်တော်က ဂျပန်နိုင်ငံနဲ့ ချက်ကိုစလိုဗက်ကီးယားမှာ ရိုက်ခဲ့တဲ့ပုံများကို အင်္ဂလန်ပြန် ရောက်ရောက်ချင်း ကူးပြီး ကျွန်တော့်အိမ် မီးလင်းဖိုအထက်မှာ ဓာတ်ပုံဘောင်နဲ့ သွင်းထားပါတယ်။ အဲဒီဓာတ်ပုံကလေးများရဲ့ အပေါ်မှာတော့ ၁၉၉၀ ပြည့်နှစ် ဇူလိုင်လက ရိုက်ကူးခဲ့တဲ့ မင်းသမီးရဲ့ အမှတ်တရပုံကြီးတစ်ပုံလည်း ထားရှိပါတယ်။ အဲဒီပုံကတော့ Vogue မဂ္ဂဇင်းကြီးအတွက် ဓာတ်ပုံရိုက်ရာမှာ မဂ္ဂဇင်းက အမှတ်တရလက်ဆောင်အဖြစ် ပြန်ပေးခဲ့တဲ့ ဓာတ်ပုံများထဲက တစ်ပုံဖြစ်ပါတယ်။ မင်းသမီးက သူ့အခန်းထဲမှာ ဓာတ်ပုံတွေကို ခင်းထားပြီး ကြိုက်ရာတစ်ပုံ ရွေးလို့ဆိုတော့ ကျွန်တော်က အဲဒီပုံကို ရွေးခဲ့ပါတယ်။ ကျွန်တော် ရွေးတဲ့ပုံပေါ်မှာ မင်းသမီးက 'ပေါလ်နဲ့ မာရီယာအတွက် အချစ်များစွာနဲ့ ဒိုင်ယာနာ' လို့ လက်မှတ်ရေးထိုးခဲ့တာပါ။ ဒီဓာတ်ပုံက သက်ဝင်တဲ့ အပြုံးနဲ့ ကျွန်တော့်အတွက် အမှတ်ရစရာများစွာထဲက တစ်ခုဖြစ်ပါတယ်။

မင်းသမီးနည်းတူ မင်းသားကလည်း ကျွန်တော့်အပေါ်မှာ ရက်ရောပါတယ်။ အဲဒီနှစ်မှာကျရောက်တဲ့ ကျွန်တော့် ၃၂ နှစ်မြောက် မွေးနေ့အတွက် ချားလစ် မင်းသားက သူ့ရေဆေးပန်းချီကားတစ်ကားကို လက်ဆောင်အဖြစ်ပေးပြီး ပန်းချီ ကားပေါ်မှာ 'ချားလ်စ် ၁၉၉၀' လို့ လက်မှတ်ရေးထိုးပေးထားပါတယ်။ တခြား ပန်းချီကားတွေပေါ်မှာတော့ သူက (C)တစ်လုံးတည်းသာ လက်မှတ်ထိုးလေ့ ရှိပါ တယ်။ မင်းသားပေးတဲ့ ပန်းချီကားများကိုလည်း ကျွန်တော်က မီးလင်းဖိုအထက်မှာ မင်းသမီးရဲ့ပုံနဲ့အတူ ချိတ်ဆွဲထားခဲ့ပါတယ်။

□

ကျွန်တော့်နိုင်ငံကူး လက်မှတ်စာအုပ်မှာ ပြည်ပခရီးစဉ်များဖြစ်တဲ့ ဂျပန်နိုင်ငံ၊

www.burmeseclassic.com

www.burmeseclassic.com



ချက်ကိုစလိုဗက်ကီးယားနိုင်ငံတို့ရဲ့ နိုင်ငံဝင်ခွင့် တံဆိပ်တုံးများအပြင် ၁၉၉၁ ခုနှစ် စက်တင်ဘာလက မင်းသမီးတစ်ယောက်တည်း ပြည်ပခရီးစဉ်ထွက်ခဲ့တဲ့ ပါကစ္စတန်နိုင်ငံမှ တံဆိပ်တုံးများလည်း ပါဝင်ပါတယ်။ မင်းသမီးက သူတစ်ယောက်တည်း နိုင်ငံတော်ဧည့်သည်အဖြစ် ခရီးသွားပြီး သူ ဆောင်ရွက်ချင်တဲ့ကိစ္စများကို ခွင့်ပြုဖို့ တင်ပြတဲ့အတွက် အစိုးရအဖွဲ့ကလည်း ခွင့်ပြုခဲ့ပါတယ်။ အဲဒီလို ခွင့်ပြုလိုက်ခြင်းကြောင့် သူမမှာ အချုပ်အနှောင် မရှိတော့တဲ့အပြင် စိတ်မပါဘဲ နှစ်ယောက်အတူ တက်ရတဲ့ ခလေ့ထုံးတမ်းစဉ်လာအရ အပြုအမူများကိုလည်း ဆောင်ရွက်ဖို့ မလိုတော့ပါဘူး။ အဲဒါအပြင် သူ့ခင်ပွန်းသည်ပါရင်· အဝတ်အစား၊ ဆံပင်ပုံစံက အစ ချုပ်ချယ်ခဲ့တာတွေလည်း တစ်ယောက်တည်း သွားတဲ့အချိန်မှာ အချုပ်အနှောင် ကင်းမဲ့သွားခဲ့ပါပြီ။ အဲဒီအချိန်မှာ ဒိုင်ယာနာဟာ အင်္ဂလန်နိုင်ငံကို ကိုယ်စားပြုတဲ့ နိုင်ငံတော်ဧည့်သည်ဖြစ်တဲ့အပြင် သူမနံဘေးမှာ ချားလ်စ်မင်းသား မပါပေမယ့် နိုင်ငံ့ဂုဏ်ကို တောက်ပြောင်အောင် ဆောင်ရွက်နိုင်တဲ့ ပုဂ္ဂိုလ်လည်း ဖြစ်ခဲ့ပါတယ်။ သူမရဲ့ လှုပ်ရှားမှုများနဲ့ပတ်သက်ပြီး ဘာကင်ဟမ်နန်းတော်နဲ့ အင်္ဂလန်နိုင်ငံ အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနတို့က မျက်ခြည်မပြတ် စောင့်ကြည့်နေမှာ မလွဲပါဘူး။

ဒီခရီးစဉ်ကို ဘုရင်မကြီးကိုယ်တိုင် ခွင့်ပြုခဲ့တာ ဖြစ်တဲ့အပြင် သူမပိုင် ဂျက်လေယာဉ်ပျံများထဲက တစ်စီးကို ဟီမဝန္တာဘက် ပျံသန်းခွင့်ပြုခဲ့တာဟာလည်း ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ဒိုင်ယာနာက ဒီခရီးစဉ်မှာ သူမဟာ အင်္ဂလန်နိုင်ငံကို ကိုယ်စားပြုတဲ့ သံတမန်တစ်ဦးအဖြစ် လှုပ်ရှားရမှာ ဖြစ်လို့ အစစအရာရာမှာ ဂရုစိုက်ဖို့ လိုမယ်ဆိုတာကို သတိရှိခဲ့ပါတယ်။ ဥပမာ ပြောရရင် အရေးကြီးတဲ့ ပြိုင်ပွဲတစ်ခုမှာ ဝင်ရောက်ယှဉ်ပြိုင်ရမယ့် အားကစားသမားတစ်ဦးလိုပါပဲ။ ဒီခရီးစဉ် ထွက်မလာခင်ကတည်းက သူ့ကိုယ်သူ အဆင်သင့်ဖြစ်အောင် ကြိုတင်လေ့ကျင့် ပြင်ဆင်လာခဲ့တာပါ။ ဒိုင်ယာနာဟာ ပြိုင်ပွဲဝင်တစ်ဦးလို အနိုင်ရရှိရေးတစ်ခုတည်းကိုသာ ဦးတည်ကြိုးပမ်းခဲ့ပါတယ်။ အထပ်ထပ် အခါခါ ဒိုင်ယာနာက သယ်ဆောင်ရမယ့် အဝတ်အစားများကအစ တက်ရောက်ရမယ့် အခမ်းအနားများနဲ့ လိုက်လျောညီထွေမှု ရှိမရှိ အပြန်ပြန်အလှန်လှန် စစ်ဆေးနေတဲ့အပြင် ကျွန်တော်ကလည်း သူ ကျန်ရစ်တာများကို သတိပေးခြင်းအားဖြင့် ကူညီပေးခဲ့ပါတယ်။ ခရီးထွက်ခွာမယ့်ရက် မတိုင်ခင်ကလေးမှာ ဒိုင်ယာနာက ကျွန်တော်ရှိနေတဲ့ ရုံးခန်းထဲကို ရောက်လာပြီး 'ဒီခရီးစဉ်ဟာ ကျွန်မအတွက် သိပ်အရေးကြီးတယ် ပေါလ်၊ ဒါကြောင့် ကျွန်မနဲ့ အတူ လိုက်ပါမယ့် ဝန်ထမ်းတွေဟာ 'ကအဆင့်'က ဝန်ထမ်းတွေပဲ ဖြစ်စေချင်တယ်'လို့ ဆိုပါတယ်။



အဲဒီအဖွဲ့မှာ ကျွန်တော်လည်း ပါဝင်ခဲ့ပါတယ်။ ကျွန်တော်နဲ့အတူ ပါဝင်ခဲ့တဲ့ တခြားပုဂ္ဂိုလ်များကတော့ သူမရဲ့ ကိုယ်ရေးအတွင်းဝန်ဖြစ်တဲ့ ပက်ထရစ်ဂျက်ပ်ဆင်၊ အဝတ်အစားများ တာဝန်ယူဆောင်ရွက်ရမယ့် ဟယ်လီနာ၊ ဆံပင်ကိစ္စ ဆောင်ရွက်ပေးမယ့် ဆမ်မက်နိုက်နဲ့ ဒိုင်ယာနာကို စောင့်ရှောက်ပေးမယ့် လုံခြုံရေးအရာရှိတစ်ဦးတို့ ပါဝင်ပါတယ်။ မီဒီယာသမားတစ်ဦးလည်း လိုအပ်တာကြောင့် ရေဒီယို ဂျာနယ်လစ်တစ်ဦးဖြစ်တဲ့ ဒစ်ကီအာဘစ်တာကိုလည်း ကျွန်တော်တို့အဖွဲ့မှာ ပါဝင်စေခဲ့ပါတယ်။ ဒီပုဂ္ဂိုလ်က မင်းသမီးကို အထောက်အကူပြုတဲ့ စာနယ်ဇင်းသမားတစ်ဦးဖြစ်တာကြောင့် ဒိုင်ယာနာက သူ့မွေးနေ့မှာ ဖိတ်ရမယ့် ဧည့်သည်များစာရင်းမှာတောင် ထည့်သွင်းခြင်းခံရတဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။

အင်္ဂလန်နိုင်ငံရဲ့ သမိုင်းဝင်ဖြစ်မယ့် ဒီခရီးစဉ်မှာ ကျွန်တော် လိုက်ပါခွင့်ရခဲ့ခြင်းအတွက် အင်မတန် ကျေနပ်ရပါတယ်။ သွားလေရာတိုင်းမှာလည်း အဆင်ပြေချောမွေ့ခဲ့ပြီး အောင်မြင်မှုတွေ ရခဲ့ပါတယ်။ ကျွန်တော်တို့အဖွဲ့ဟာ တောင်ပေါ်ကျေးရွာလေးတစ်ရွာဖြစ်တဲ့ Chitral, Khyber Pass, Lahore, Rawalpindi နဲ့ Islamabad မြို့များကိုလည်း ရောက်ရှိခဲ့ကြပါတယ်။ သွားလေရာတိုင်းမှာ ပြည်သူလူထုရဲ့ မေတ္တာကိုရရှိတဲ့ မင်းသမီးဖြစ်တာကြောင့် လူစုလူဝေးနဲ့ ကြိုဆိုတာကို အမြဲတမ်း ကြုံကြရပါတယ်။ Chitral ရွာကလေးကို သွားစဉ်တုန်းကဆိုရင် ပတ်ဝန်းကျင်မှာရှိတဲ့ ရွာပေါင်း ၅၀၀ လောက်က ရွာသူရွာသားများ ဒိုင်ယာနာကို မြင်ဖူး၊ တွေ့ဖူးစေဖို့ လာရောက်ကြိုဆိုခဲ့ကြပါတယ်။ သတင်းစာများ၊ ရုပ်မြင်သံကြား အစီအစဉ်များကလည်း အဆက်မပြတ် ရိုက်ကူးပြီး ထုတ်လွှင့်ပေးနေတာကြောင့် ဒိုင်ယာနာရဲ့ခရီးစဉ် အောင်မြင်မှုဟာ မယုံနိုင်စရာကောင်းလောက်အောင်ပါပဲ။ အင်္ဂလန်မှာရှိတဲ့ စာနယ်ဇင်းသမားတွေက ဒိုင်ယာနာဟာ သမမျှတတဲ့ စိတ်ထား မထားတတ်သူလို့ ဝေဖန်ခဲ့ကြဖူးပေမယ့် ခင်ပွန်းဖြစ်သူမပါဘဲ တစ်ယောက်တည်းကြိတဲ့ ဒီခရီးစဉ်မှာ အောင်မြင်မှုရရှိတာကို တွေ့လိုက်ကြရတော့ ပါးစပ်ပိတ်လိုက်ကြပါတယ်။ ခင်ပွန်းသည်မပါပေမယ့် အင်္ဂလန်နိုင်ငံရဲ့ သံတမန်အဖြစ် တစ်ယောက်တည်း ဆောင်ရွက်နိုင်ခဲ့တဲ့ ဒိုင်ယာနာရဲ့ရင်ထဲမှာ အောင်မြင်မှုတွေ ထပ်ဆင့်ရရှိဆောင်းနေတဲ့အတွက် ခွန်အားတွေ ပိုရလာပါတယ်။ သူကတော့ သူ့ကို ဝိုင်းဝန်းပံ့ပိုးကူညီနေကြတဲ့ ကျွန်တော်တို့ 'ကအဆင့်' အဖွဲ့သားများကြောင့်သာ ဖြစ်တယ်လို့ ယုံကြည်ထားပါတယ်။

ပါကစ္စတန်နိုင်ငံက ပြန်ရောက်လာပြီးတဲ့နောက်မှာ ဒိုင်ယာနာက ကျွန်တော့်ကို စာအုပ်တစ်အုပ် ပေးပါတယ်။ အဲဒီစာအုပ်က ပါကစ္စတန်နိုင်ငံအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဖော်ပုံများနဲ့ ရေးဖွဲ့ထားတဲ့ စာအုပ်ဖြစ်ပြီး သူ့လက်ရေးနဲ့ ကျွန်တော့်အတွက် သီးခြားရေးထားတဲ့ စာကြောင်းများလည်း ပါဝင်ပါတယ်။ ဒီစာကြောင်းများက ကျွန်တော့်ရင်ထဲမှာ ပါကစ္စတန်နိုင်ငံမှာ ကြုံတွေ့ခဲ့ရတဲ့သူတွေကို အမြဲသတိရနေစေပါတယ်။ အထူးသဖြင့် ဆွဲအနားမကြားကျောင်းကို ရောက်ခဲ့တာနဲ့ ပတ်သက်ပြီး ဒိုင်ယာနာက ပိုပြီး သတိရစေချင်ပုံရပါတယ်။ သူရေးထားတဲ့ စာကတော့ … ပေါလ်သို့…

*'ဘုရားသခင်ကို ချစ်တဲ့သူတွေ အများကြီး ရှိပါတယ်။*

*သူတို့က တောတွေ၊ တောင်တွေ လှည့်လည်ပြီး ရှာဖွေနေကြပါတယ်။*

*ကျွန်တော်ကတော့ ဘုရားသခင်ကို ချစ်တဲ့သူတွေထက် ဘုရားသခင်က ဖန်ဆင်းထားတဲ့ လူသားများကို ချစ်တဲ့သူတွေကိုသာ ချစ်ပါတယ်'*

*အာ့ဘာလ်*

*အချစ်များစွာဖြင့်*

*ဒိုင်ယာနာ*

*ပါကစ္စတန်၊ ၁၉၉၁*

ဒိုင်ယာနာ ကိုးကားပြီး ရေးလိုက်တဲ့ စာပိုဒ်ကတော့ ပါကစ္စတန်နိုင်ငံရဲ့ အကျော်အမော် ကဗျာစာဆိုတစ်ဦးဖြစ်တဲ့ ဆာမိုဟာမက်အာ့ဘာလ် ဖြစ်ပါတယ်။ ဒီစာပိုဒ်ကို ဖတ်လိုက်ရတော့ ဒိုင်ယာနာ သဘောကျသွားပြီး သူ့သဘောထားနဲ့လည်း တိုက်ဆိုင်သွားခဲ့ပါတယ်။ ဒါကြောင့် သွားလေရာမှာ ဘုရားသခင် ဖန်ဆင်းထားတဲ့ လူသား မျိုးနွယ်များအတွက် အကျိုးပြုလုပ်ငန်းများကိုသာ ကြိုးစားလုပ်ဆောင်ပေးခဲ့ပါတယ်။

အဲဒီခရီးစဉ်နဲ့ ပတ်သက်ပြီး ကျွန်တော် မမေ့နိုင်တဲ့ကိစ္စတွေ အများကြီးပါ။ မြွေလမ္ဘာယ်ပြပွဲကို ကြည့်စဉ်တုန်းက အလမ္ဘာယ်ဆရာက မြွေပွေးကြီးတစ်ကောင်ရဲ့ ခေါင်းကိုကိုင်ပြီး သူ့ပါးစပ်ထဲထည့်ပြလိုက်တဲ့ မြင်ကွင်းကိုမြင်ရတော့ ဒိုင်ယာနာ ထိတ်လန့်တကြား ဖြစ်ခဲ့ပါတယ်။ Chital ရွာကလေးကို ရောက်စဉ်တုန်းက သူတို့ထုံးစံအတိုင်း ဧည့်သည်တော်ကို ဂုဏ်ပြုကြိုဆိုတဲ့အနေနဲ့ ဒိုင်ယာနာ့ခေါင်းထက် မှာ ခေါင်းပေါင်းတစ်ခု ပေါင်းပေးတာကိုလည်း ကြုံခဲ့ဖူးပါတယ်။ ရဝါလ်ပင်ဒီမြို့မှာရှိတဲ့ ဒေသဟာယနိုင်ငံများမှ ကမ္ဘာစစ်အတွင်း ကျဆုံးခဲ့ကြတဲ့ စစ်သည်တော်များကို ဂုဏ်ပြုတည်ဆောက်ထားတဲ့ စစ်သင်္ချိုင်းကိုလည်း ဒိုင်ယာနာ သွားရောက်ခဲ့ပါတယ်။ စစ်သင်္ချိုင်းမှာ ဒိုင်ယာနာက ဘုရင်မကြီးကိုယ်စား လွမ်းသူ့ပန်းခွေချခဲ့ပါတယ်။ ကျွန်တော်က မင်းသမီးရဲ့ ကိုယ်ရေးအရာရှိမဟုတ်ဘဲ ဘဏ္ဍာစိုးသာ



ဖြစ်တဲ့အတွက် ဒီအခမ်းအနားကို တက်ရောက်ခွင့် မရခဲ့ပါဘူး။ အဲဒါနဲ့ပတ်သက်ပြီး စိတ်ထဲမှာ တော်တော်လေး ခံစားလိုက်ရပါတယ်။ ဒီလိုအခမ်းအနားမျိုးမှာ ကျွန်တော် မလိုက်ပါရဘဲ တည်းခိုတဲ့နေရာမှာ ကျွန်ရစ်ရင်း မင်းသမီးပြန်လာရင် ဝတ်ဆင်ဖို့ နေ့လယ်စာ သို့မဟုတ် လက်ဖက်ရည်ပွဲ ပြင်ဆင်ရင်း ကျန်ရစ်ရပါတယ်။ နောက်ပိုင်းမှာတော့ ဒိုင်ယာနာက သူ သွားလေရာကို လိုက်ပါစေခဲ့ပါတယ်။ အဲဒီအခါမျိုးမှာ ကျွန်တော်က ယူနီဖောင်းမဝတ်တော့ဘဲ အများသူငါလိုပဲ Sult ကိုသာ ဝတ်ဆင်ပါတယ်။ ၁၉၉၁ ခုနှစ်က အထူးတကွ ခရီးသွားလိုက်ရတဲ့အတွက် ကျွန်တော့်ရင်ထဲမှာ မင်းသမီးကို ပိုပြီး နားလည်လာခဲ့ရပါတယ်။

ပါကစ္စတန်ခရီးစဉ်မှာ ဒိုင်ယာနာဟာ ဘာကြောင့် သူ လုပ်ချင်တာတွေကို ဆွန်းလုပ်နေသလဲဆိုတာကိုလည်း နားလည်ခွင့်ရလာခဲ့ပါတယ်။ ဒိုင်ယာနာက သူ့မှာ နှစ်ရှည်လများ ခင်မင်ခဲ့တဲ့ မိတ်ဆွေတစ်ဦးရှိကြောင်း၊ သူ့နာမည်မှာ အက်ဒရီယန်ဝါ့ဒ်ဂျက်ဆင်လို့ခေါ်ပြီး မာဂရက်မင်းသမီးက မိတ်ဆက်ပေးခဲ့တာလို့ ဆိုတယ်။ အဲဒီပုဂ္ဂိုလ်နဲ့ ဒိုင်ယာနာတို့ ရင်းနှီးသွားကြတော့ ဒိုင်ယာနာက သူကြုံတွေ့နေရတဲ့ အိမ်ထောင်ရေး ပြဿနာ အခက်အခဲတွေကို ရင်ဖွင့်ပြောကြားသလို အက်ဒရီယန်ကလည်း သူ့မှာစွဲကပ်နေတဲ့ HIV Positive အခြေအနေအကြောင်းကို ရင်ဖွင့်ပြောကြားပါသတဲ့။ အဲဒီပုဂ္ဂိုလ်နဲ့ ရင်းနှီးမှုကြောင့် ဒိုင်ယာနာက AIDS ရောဂါ တွန်းလှန်တိုက်ဖျက်ရေးကို စတင်လှုပ်ရှားခဲ့တာပါ။ ဒီရောဂါ ဘယ်လိုကူးစက်ပျံ့ပွားတယ်ဆိုတာကို သိပြီးတဲ့နောက် Middlesex Hospital မှာ ဖွင့်လှစ်ထားတဲ့ AIDS ရောဂါသည်များ အဆောင်ကိုလည်း သွားရောက်လည်ပတ်ခဲ့ပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ဒိုင်ယာနာ ပြောခဲ့တဲ့စကားကို ကျွန်တော် ဘယ်တော့မှ မေ့လို့ရမှာ မဟုတ်တော့ပါဘူး။ 'တီဘီရောဂါကြီး ဖြစ်ပွားစဉ်တုန်းက လူတွေအမြောက်အမြား ကွဲ့ရဲ့ခံရဘဲ မျက်စိရှေ့မှာပဲ ကွယ်လွန်ခဲ့ကြရတယ်။ အဲဒီတုန်းကလည်း ဝင်ဆာသားစုတွေက လူတွေရဲ့ ကျန်းမာရေးကို ဂရုမစိုက်ခဲ့ကြဘူး' လို့ ဆိုတယ်။ သူ့မြင်မှာ လူတွေက ကပ်ရောဂါဆိုးတစ်ခုနဲ့ ပတ်သက်ပြီး အပေါ်ယံ လှုံ့ဆော်မှုလောက်နဲ့တော့ စိတ်ဝင်စားမှုသိပ်မရှိလှဘဲ ခဏသာ စိတ်ဝင်စားကြတယ်။ အစဉ်မပြတ် လှုံ့ဆော် ဆော်ဩပေးနေမှသာ ဒီရောဂါဆိုးကို ကြောက်ရမှန်း၊ တိုက်ဖျက်ရမှန်း သိကြလိမ့်မယ်လို့လည်း ဆိုပါတယ်။ ဒီလိုလှုပ်ရှားမှုကြောင့် မလိုလားတဲ့ ပုဂ္ဂိုလ်တချို့ထံမှလည်း ပြစ်တင်ဝေဖန်တဲ့စာတွေ ရနေပါသေးတယ်။ တချို့ဆိုရင် 'ခင်ဗျား ဘာကြောင့် လိင်တူဆက်ဆံသူတွေရဲ့ လှုပ်ရှားမှုကို ထောက်ခံပေးနေရတာလဲ' လို့ ရေးခဲ့ကြပါတယ်။ ဒိုင်ယာနာ့အမြင်မှာတော့ လိင်တူ

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံသူတွေကို HIV နဲ့ပတ်သက်ပြီး အသိပညာပေးနိုင်မှသာ ဒီရောဂါကူးစက်မှုဟာ ရပ်တန့်သွားလိမ့်မယ်လို့ ယုံကြည်ခြင်းကြောင့် ဖြစ်ပါတယ်။

တချို့ပုဂ္ဂိုလ်များကတော့ ဒိုင်ယာနာ ခုလိုလှုပ်ရှားနေတာဟာ ကမ္ဘာတစ်ဝှမ်းက သတင်းစာမျက်နှာများပေါ်မှာ သူမပုံ ဖော်ပြကြရေးအတွက်သာ ဖြစ်တယ်လို့ ရက်ရက်စက်စက် ဝေဖန်ကြပါတယ်။ တကယ်တော့ သူမဟာ ဒီဝေဒနာရှင်များအပေါ်မှာ ကရုဏာ ဘယ်လောက်ရှိတယ်၊ တခြားသူကို ကူညီစောင့်ရှောက်ရမယ်ဆိုရင် ဒိုင်ယာနာဟာ အမြဲတမ်း လက်မတွန့်တတ်ဘူး၊ လူမှုရေးလုပ်ငန်းတွေကို လုပ်ရမယ်ဆိုရင် သူ အမြဲပျော်နေတတ်တယ်ဆိုတာ ဒီလူတွေ ဘယ်တုန်းကမှ နားမလည်ခဲ့ကြပါဘူး။ မိတ်ဆွေစစ်မှန်ဆိုတာဟာ အကြောင်းပေါ်ချိန်မှာ ကိုယ့်အနားမှာ အမြဲရှိတယ်ဆိုတာကို အက်ဒရီယန်ကတော့ သူ မသေခင်မှာ နားလည်သွားခဲ့ပါတယ်။ ဒိုင်ယာနာဟာ သူ့အတွက် မိတ်ဆွေကောင်းတစ်ဦး ဖြစ်ခဲ့ပါတယ်။

အက်ဒရီယန်က သူ့နောက်ဆုံးအချိန်ကျရင် ဒိုင်ယာနာကို အနားမှာ ရှိစေချင်တယ်လို့ ပြောခဲ့ဖူးပါတယ်။ ဒိုင်ယာနာကလည်း ဒါကို အလေးထားခဲ့ပါတယ်။ ဩဂုတ်လလယ်လောက်မှာ သူတို့နှစ်ယောက်ရဲ့ ကြားမိတ်ဆွေတစ်ဦးဖြစ်တဲ့ အန်ဂျီလာဆီရိုတာက ဖုန်းဆက်ပြီး အက်ဒရီယန်ရဲ့ နောက်ဆုံးအချိန်ကို ရောက်နေပြီလို့ အကြောင်းကြားခဲ့ပါတယ်။ ကတိပေးထားခဲ့တဲ့အတိုင်း အလုပ်တာဝန်တွေကို အသာထားခဲ့ပြီး အက်ဒရီယန်ရှိရာကိုသွားဖို့ ဒိုင်ယာနာ ပြင်ဆင်ခဲ့ပါတယ်။ အဲဒီအချိန်က ဒိုင်ယာနာက ဘာမိုရယ်လ်မှာ ရောက်နေပါတယ်။ လန်ဒန်ကိုသွားဖို့အတွက် လေယာဉ်လက်မှတ် မရလိုက်နိုင်တဲ့အတွက် ၇ နာရီကြာအောင် ကားမောင်းပြီး ညကြီးမင်းကြီး လန်ဒန်ကိုထွက်ခဲ့ပါတယ်။ သူမရဲ့ဘေးမှာ ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ယူထားတဲ့ ဒေ့ဗ်ရှာပ်က လိုက်ပါသွားခဲ့ပါတယ်။

သေငယ်ဇောနဲ့ မျောနေတဲ့ အက်ဒရီယန်ရဲ့အပါးမှာ ဒိုင်ယာနာ လေးရက်လုံးလုံး နေပေးခဲ့ပါတယ်။ နောက်ဆုံးအချိန်မှာ ဒိုင်ယာနာက အက်ဒရီယန်ကို မေးခွန်းတစ်ခုမေးခဲ့ပါတယ်။ လေသံနဲ့တောင် ဖြေကြားခြင်း မပြုနိုင်တော့တဲ့ အက်ဒရီယန်က လက်မတစ်ချောင်းထောင်ပြပြီး ဖြေသွားခဲ့ပါတယ်။ ဒီလိုအချိန်မှာ ခံစားရတဲ့ ဝမ်းနည်းကြေကွဲမှုမျိုးလောက် သူ တစ်ခါမှ မခံစားရဘူးလို့ ဒိုင်ယာနာက ဆိုပါတယ်။ အသက်မဲ့သွားတဲ့ အက်ဒရီယန်ရဲ့အပါးမှာ အန်ဂျီလာနဲ့ ဒိုင်ယာနာတို့က ကျမ်းစာများ ရွတ်ဖတ်ပေးခဲ့ကြပါတယ်။ အဲဒီနေ့က ဘဝရဲ့ နောက်ဆုံးအချိန်အကြောင်းကို ဒိုင်ယာနာ ကောင်းကောင်း သဘောပေါက်ခဲ့ပါတယ်။ ၁၉၉၁ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့ ညသန်းခေါင်မှာ အက်ဒရီယန် ကွယ်လွန်ခဲ့ခြင်းပါ။



ဘဝရဲ့နောက်ဆုံးအချိန်ကို မျက်စိရှေ့မှောက်မှာတင် ပြက်ပြက်ထင်ထင် မြင်လိုက်ရတဲ့ ဒိုင်ယာနာက ဒီဆေးရုံမှာပဲ ဘဝခရီးကို အစပြုကြတဲ့သူတွေကို မြင်လိုတွေ့လိုသေးတာကြောင့် မွေးကင်းစအဆောင်ကိုလည်း သွားရောက်ကြည့်ရှုခဲ့ပါသေးတယ်။

ပါကစ္စတန် ခရီးစဉ်က ပြန်လာပြီး မကြာခင်မှာပဲ ကျွန်တော့်မှာ ဟိုင်းဂရုဗ်အိမ်ကနေ ကင်စတန်နန်းတော်ကို ကူးပြောင်းပြီး တာဝန်ထမ်းဆောင်ရပြန်ပါတယ်။ ကင်စတန်နန်းတော်မှ ဘဏ္ဍာစိုးဖြစ်တဲ့ ဟာရီးလ်ဘရောင်းက နုတ်ယူသွားလို့ပါ။ အဲဒီနှစ်အတွင်း ရက်သတ္တပတ်တော်တော်များများ ကျွန်တော် လန်ဒန်မှာ ရောက်ရှိနေရပါတယ်။ ကျွန်တော် ပြင်ဆင်ပေးရတဲ့ နေ့လယ်စာများက အများအားဖြင့် တစ်ယောက်တည်းအတွက်သာ များပါတယ်။ လက်တွန်းလှည်းတစ်ခုပေါ်မှာ ပြင်ဆင်ပြီး ဧည့်ခန်းထဲကို သွားရောက်ပို့ပေးရပါတယ်။ မင်းသမီးက ဧည့်ခန်းအတွင်းက ဆိုဖာပေါ်မှာ အဖြူရောင်ဝတ်ရုံကို ဝတ်ဆင်ပြီး ရုပ်မြင်သံကြားစက်အစဉ်မှ ထုတ်လွှင့်နေတဲ့ Brookside ဇာတ်လမ်းတွဲ ဒါမှမဟုတ် Coronation Street ဇာတ်လမ်းတွဲကို ကြည့်နေတတ်ပါတယ်။ နေ့လယ်စာ ပြင်ဆင်ပေးပြီးပေမယ့် မင်းသမီးက ကျွန်တော့်ကို ပြန်ခွင့်မပေးသေးဘဲ ဧည့်ခန်းထဲမှာ စကားပြောနေတတ်ပါတယ်။ သူမက စားနေစဉ်မှာ ကျွန်တော်က မတ်တတ်ရပ်ပြီး သိချင်သမျှ မေးတာကို ဖြေကြားပေးနေရတာပါ။ နေ့လယ်စာ စားသုံးပြီးမှာ ကျွန်တော်က လက်တွန်းလှည်းကို တွန်းပြီး ပြန်ထွက်သွားသည့်တိုင်အောင် မင်းသမီးက နောက်ကလိုက်လာပြီး မပြတ်သေးတဲ့စကားကို ဆက်ပြောနေတတ်သေးပါတယ်။ တစ်ခါတလေ ကျွန်တော် ပန်းကန်ဆေးတဲ့နေရာမှာပဲ ရပ်ပြီး စကားပြောရင်း ဆေးပြီးသား ပန်းကန်တွေကို အခြောက်ခံပေးတတ်ပါတယ်။ ဟိုင်းဂရုဗ်အိမ်တုန်းကလည်း ဒီလိုပါပဲ။ အဲဒီလို တရင်းတနှီး ရှိလာတဲ့အတွက် မင်းသမီးဟာ ကျွန်တော့်အပေါ်မှာ ယုံကြည်ကိုးစားမှု တိုးပွားနေတယ်ဆိုတာ နားလည်လာခဲ့ပါတယ်။ မင်းသမီးနဲ့ နေစဉ်ကာလမှာ မင်းသမီးက သူမနဲ့အတူ ထိုင်ပေမယ့် ချားလ်စ်မင်းသားကတော့ ကျွန်တော့်ကို လက်တစ်ကမ်းအကွာမှာသာ ထားစေခဲ့ပါတယ်။ တစ်ခါတလေ မင်းသမီးနဲ့စကားပြောရင်း ကျွန်တော့် ရင်ထဲမှာ ပေါက်လာတဲ့ အသိကတော့ သူမဟာ အိမ်ရှေ့မိဖုရားရဲ့ ဟိတ်ဟန်မရှိဘဲ ကျွန်တော့်ဇနီး မာရီယာရဲ့ မိတ်ဆွေကောင်းတစ်ယောက်အဖြစ်သာ ဖြစ်နေတယ်ဆိုတာပါပဲ။ ဒါပေမယ့် ကျွန်တော်ကတော့ စကားပြောတဲ့အခါမှာ သာမန်အမျိုးသမီးတစ်ယောက်ကို ပြောနေတဲ့ ပုံစံမျိုးမဟုတ်ဘဲ ရှေ့နန်းသုံးအစဉ်အလာအတိုင်း

www.burmeseclassic.com



'ဘုန်းတော်ကြီးမြတ်သော' ဆိုတဲ့ ဝိသေသကို အမြဲသတိထားပြီး ထည့်ပြောလေ့ရှိပါတယ်။ အဲဒါကလွဲရင်တော့ ကျွန်တော်တို့နှစ်ယောက် စကားပြောနေတာဟာ သာမန်အရပ်ထဲက မိတ်ဆွေနှစ်ဦး စကားပြောနေကြသလိုပါပဲ။ အဲဒီလိုအချိန်မျိုးမှာ ဒိုင်ယာနာကလည်း မိတ်ကပ်လိမ်းထားတာ မဟုတ်ဘဲ မျက်နှာပြောင်နဲ့ ဖြစ်တဲ့အတွက် အရပ်သူတစ်ဦးနဲ့ ပိုပြီးတူနေပါတယ်။ ကျွန်တော်က ဒိုင်ယာနာ့အပါးမှာ နေရတာ လူနှစ်ယောက်ကို ခစားနေရသလိုပါပဲ။ တစ်ဦးကတော့ အများသိထားတဲ့ အိမ်ရှေ့မိဖုရား ဒိုင်ယာနာဖြစ်ပြီး နောက်တစ်ဦးကတော့ ကျွန်တော်နဲ့ အင်မတန်ခင်မင်ရင်းနှီးတဲ့ လမ်းပျောက်နေတဲ့ မိန်းကလေး ဒိုင်ယာနာပါပဲ။ ဒိုင်ယာနာရဲ့ ပကတိအတွင်းစိတ်နဲ့ ပုံသဏ္ဌာန်ကို ကင်စတန်နန်းတော်မှာ ကျွန်တော် အထင်းသား တွေ့မြင်ရပါတယ်။

ဒိုင်ယာနာနဲ့ မနီးစပ်သေးခင် ဘာကင်ဟမ်နန်းတော်မှာ ကျွန်တော် ရှိစဉ်တုန်းကတော့ မင်းမှုထမ်းများကြားမှာ သူနဲ့ပတ်သက်ပြီး ကြားခဲ့ရတဲ့ သတင်းတွေက အကောင်းတစ်ခုမှ မပါပါဘူး။ ဒိုင်ယာနာရဲ့ စိတ်ခါတ်ကို ခန့်မှန်းဖို့ရာ ခက်လှပါသတဲ့။ သူ့စိတ်အခြေအနေက တိမ်တောင်သဖွယ် မင်းရေးကျယ် ဆိုသလို ခုတစ်မျိုး၊ တော်ကြာတစ်မျိုး ပြောင်းလဲတတ်ပါသတဲ့။ သူတို့ပြောတဲ့ သတင်းတွေကို ကြားရတာ လက်တွေ့ ကျွန်တော်မြင်တွေ့ရတဲ့ ဒိုင်ယာနာနဲ့ တခြားစီပါ။ ဒါကြောင့် ကင်စတန်နန်းတော်ရဲ့ ဘဏ္ဍာစိုးဖြစ်တဲ့ ဟာရီးလ်ဘရောင်းကို စစ်မှန်တဲ့သခင် ရထားသူရယ်လို့ အားကျမိပါတယ်။ နောက်ပိုင်းမှာလည်း ဟာရီးလ်ဘရောင်း ခွင့်ယူမယ့်ရက်များကိုပဲ ကျွန်တော် မျှော်နေမိပါတယ်။

ဟိုင်းဂရုဗ်စ်အိမ်မှာရှိနေတဲ့ ကျွန်တော့်ဇနီး မာရီယာနဲ့ သားများဟာလည်း လန်ဒန်မှာ နေရစဉ်ကထက် ပျော်နေကြပါတယ်။ သားများဖြစ်တဲ့ အလက်ဇန္ဒားနဲ့ နစ်ခ်တို့လည်း အသားကျနေကြပါပြီ။ ကျောင်းပိတ်ရက်များမှာ အိမ်နီးချင်းဖြစ်တဲ့ သူတို့သူငယ်ချင်းများနဲ့ ပျော်ပျော်ပါးပါး နေတတ်နေပါပြီ။ သူတို့သူငယ်ချင်းဆိုတာက ဝီလျံမင်းသားနဲ့ ဟယ်ရီတို့ပါ။ သူတို့နှစ်ယောက်ကို သူတို့အမေက 'မေ့သားတွေ' လို့ ချစ်စနိုး ခေါ်တတ်ပါတယ်။ တစ်ခါတစ်ခါ ဝီလျံက လူကြီးဆန်တတ်ကမို့ ဒိုင်ယာနာက 'မေမေ့လူကြီးလေး' လို့လည်း ချစ်စနိုး ခေါ်တတ်ပါတယ်။ သူတို့မိသားစုချည်းရှိတဲ့အခါမျိုးမှာ ဒါမှမဟုတ် သားတွေထံစာရေးတဲ့ အခါမျိုးမှာတော့ မိဘနှစ်ပါးက ဝီလျံကို 'Wombat' လို့ ခေါ်တတ်ပြီး ဟယ်ရီကိုတော့ ရိုးရိုးရှင်းရှင်း ဟယ်ရီလို့ပဲ ခေါ်ပါတယ်။

❑



သားတော်များ ဖြစ်ကြတဲ့ ဝီလျံနဲ့ ဟယ်ရီတို့ဟာ ကျွန်တော့်သားနှစ်ဦး ဖြစ်တဲ့ အလက်ဇန္ဒား၊ နစ်ခ်တို့နဲ့အတူ ကြီးပြင်းလာခဲ့ကြပါတယ်။ ဟိုင်းဂရုဗ်စ်အိမ်မှာ အလွှာနှစ်ခုက ပေါက်ဖွားခဲ့တဲ့ လူငယ်လေးယောက်ပေါ့။ မင်းသမီးကလည်း သူ့သားများနဲ့ မတော်တော့တဲ့ အဝတ်အစားများ၊ ရှူးဖိနပ်များကို ကျွန်တော့်သားတွေအတွက် ပေးလေ့ရှိပါတယ်။ ကျောင်းပိတ်ရက်များမှာ သူတို့လေးယောက်ဟာ လုံးထွေးနေတတ်ကြသူများပါ။

ကလေးဘဝက ပျော်စရာကောင်းတဲ့နေ့များဟာ ဘဝတစ်သက်တာမှာ မေ့လို့မရအောက်အောင် စွဲမြဲနေတတ်ပါတယ်။ သူတို့လေးတွေ ပျော်နေကြပုံကို ကျွန်တော်ကလည်း အမြဲတမ်း ဓာတ်ပုံမှတ်တမ်းတင်ပေးခဲ့တဲ့အတွက် ကျွန်တော့်ဓာတ်ပုံအယ်လ်ဘမ်များထဲမှာ သူတို့ငယ်ဘဝ ပုံရိပ်များကို မြင်တွေ့နိုင်ပါတယ်။

မင်းသားနှစ်ပါးဟာလည်း ကျွန်တော့်သားများနဲ့ ရွယ်တူလိုဖြစ်နေတဲ့အတွက် ကျွန်တော့်သားများနဲ့ မခြားပါဘူး။ ကျွန်တော့်အိမ်ကိုလည်း သူတို့ဝင်ချင်သလိုဝင်၊ ထွက်ချင်သလို ထွက်နေတတ်ကြတာပါ။ တစ်ခါတလေ ဝီလျံက အိမ်နောက်ဖေးမီးဖိုဆောင် တံခါးပေါက်ကနေ ခေါင်းပြူလာပြီး 'မာရီယာ ခင်ဗျားတို့ဆီမှာ ချော့ကလက်ဘီစကစ် ရှိတယ်မဟုတ်လား' လို့ မေးတတ်ပါတယ်။ ကျွန်တော်တို့ ဇနီးမောင်နှံက သားများအတွက် ချော့ကလက် ဆမ်းထားတဲ့ ဘီစကစ်ဖြစ်တဲ့ KitKat များကို ပုံးလိုက်ဝယ်ထားလေ့ရှိတာကို သူသိလို့ပါပဲ။ မင်းသားငယ်က အဲဒီလို မှန်တောင်းတတ်သလို မင်းသမီးကိုယ်တိုင်လည်း တစ်ခါတလေ ဒီလိုပဲ သူ စားချင်တာကို လာစားလေ့ရှိပါတယ်။ ၁၉၈၈ ခုနှစ် မေလအတွင်းက ကျရောက်ခဲ့တဲ့ ကျွန်တော့်သားကြီး အလက်ဇန္ဒားရဲ့ သုံးနှစ်ပြည့်မွေးနေ့မှာတော့ ကျွန်တော်က မွေးနေ့ပါတီလေးတစ်ခု လုပ်ပေးခဲ့ပါတယ်။ အဲဒီတုန်းက ငါးနှစ်သားအရွယ်ပြဖြစ်တဲ့ ဝီလျံနဲ့ သုံးနှစ်သားအရွယ် ဟယ်ရီတို့လည်း တခြားကလေး ၆ ဦးထဲမှာ ပါအဝင် ဖြစ်ခဲ့ကြပါတယ်။ အဲဒီတုန်းက သားအတွက် လယ်ထွန်စက် အပြာရောင်ပုံသဏ္ဌာန် မွေးနေ့ကိတ်ကို ဝေလမင်းသားမောင်နှံရဲ့ စားဖိုမှူးဖြစ်တဲ့ မာဗင်က လုပ်ပေးခဲ့တာပါ။ အလက်ဇန္ဒားအတွက် မင်းသမီးက အစိမ်းရောင် စစ်သားဝတ်စုံတစ်စုံ ပေးခဲ့ပါတယ်။ အလက်ဇန္ဒားက သူ့သားဟယ်ရီလိုပဲ စစ်သားအဖြစ် ကစားတာကို နှစ်သက်တယ်ဆိုတာ သိလို့ပါပဲ။

ဟိုင်းဂရုဗ်စ်အိမ်ဝင်းအတွင်းမှာ မင်းသားငယ်နှစ်ပါးဟာလည်း တခြားအပေါင်းအသင်း ဘယ်သူမှမရှိတဲ့အတွက် မင်းသမီးက ကျွန်တော့်သားနှစ်ယောက်ကို သူ့သားများအတွက် ကလေးကစားခန်းအဖြစ် ပြင်ဆင်ပေးထားတဲ့ ဟိုင်းဂရုဗ်စ်အိမ်ရှိ

www.burmeseclassic.com



အောက်ဆုံးထပ်မှာ လာကစားစေပါတယ်။ ဒီအထပ်မှာ ဝီလျံရဲ့အိပ်ခန်း၊ ဟယ်ရီရဲ့ အိပ်ခန်း၊ ကလေးထိန်းရဲ့ အိပ်ခန်းနဲ့ စားဖိုဆောင်တို့သာ ရှိပါတယ်။ တစ်ခါတလေမှာ ကျွန်တော်က ကလေးတွေစားဖို့အတွက် ငါးကြော်များ၊ အာလူးကြော်များ ယန်းကန်နဲ့ ယူဆောင်သွားပေးတဲ့အခါ ကျွန်တော့်သားတွေက အနာဂတ်မှာ အင်္ဂလန် နိုင်ငံရဲ့ ပြည့်ရှင်ဘုရင်များ ဖြစ်ကြမယ့် ဝီလျံ၊ ဟယ်ရီတို့နဲ့အတူ လက်ရည်တစ်ပြင်တည်း စားနေကြတာကို တွေ့ရပါတယ်။

တစ်ခါတလေမှာ ကလေးထိန်းဖြစ်တဲ့ ရှသ်ဝေါလှေစ်က မင်းသားနှစ်ပါးကို အလည်အပတ်အတွက် အပြင်ခေါ်သွားရင် ကျွန်တော့်သားနှစ်ယောက်လည်း ပါသွားကြပါတယ်။ ၁၉၈၉ ခုနှစ် စက်တင်ဘာလမှာ ချားလ်စ်မင်းသားက စကော့တလန်ကို သွားနေတဲ့အတွက် မင်းသားငယ်နှစ်ပါး ဘာမိုရယ်လ်ကို ရောက်လာကြပြီး သူတို့သူငယ်ချင်းလေးယောက် Bristol တိရစ္ဆာန်ရုံကို သွားရောက်လည်ပတ်ကြပါတယ်။ အဲဒီမှာ ကျွန်တော် တအံ့တသြ ဖြစ်သွားရတာကတော့ တိရစ္ဆာန်ရုံကိုလိုက်ခဲ့ဖို့ ကျွန်တော့်ကိုလည်း ဖိတ်ကြားခြင်းခံရပြီး မင်းသမီးကိုယ်တိုင်လည်း ကလေးများနဲ့အတူ လိုက်ပါမယ်ဆိုတာပါပဲ။ ဒီလိုခရီးစဉ်မျိုးမှာ ကျွန်တော့်အနေနဲ့ ယူနီဖောင်းဝတ်ဖို့ မသင့်တော်တာကြောင့် သာမန်အဝတ်အစားကိုပဲ ဝတ်ခဲ့ပါတယ်။ မင်းသမီးကိုယ်တိုင်ကလည်း တခြားကလေးအမေများလို ပေါ့ပေါ့ပါးပါး ဝတ်စုံကို ဝတ်ဆင်ထားပြီး ဘော့စ်ဘောလ်ဦးထုပ်အပြာရောင်ကလေး ဆောင်းလာခဲ့ပါတယ်။ ကျွန်တော်တို့အုပ်စုမှာ မင်းသမီး၊ ကလေးထိန်း ရှသ်၊ ကျွန်တော့်ဇနီး မာရီယာ၊ ကျွန်တော်နဲ့ ကိုယ်ရံတော်အရာရှိ ဒေ့စ်ရှုပ်တို့လည်း လိုက်ပါခဲ့ကြပါတယ်။ အဲဒီတုန်းက ကျွန်တော့်သားငယ် နှစ်ခ်က လသားအရွယ်သာ ရှိသေးတာကြောင့် လက်တွန်းလှည်းလေးထဲမှာထည့်ပြီး ခေါ်ခဲ့ကြပါတယ်။ မာရီယာနဲ့ မင်းသမီးဟာ ဘာကင်ဟမ်နန်းတော်မှာ စတင်ဆုံစည်းခဲ့ကြပြီး ခုဆိုရင် အိမ်နီးနားချင်းတွေလို၊ ညီအစ်မတွေလို ရင်းနှီးနေကြပါပြီ။ အဲဒီလိုပဲ ကျွန်တော်တို့က မွေးလာတဲ့ ကလေးများဟာလည်း ညီအစ်ကိုတွေလို ဖြစ်နေကြပါပြီ။ ကျွန်တော်တို့မိသားစုနှစ်ခုရဲ့ ခင်မင်ရင်းနှီးမှုများဟာ ရာသက်ပန် နိုင်မြဲလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်မိပါတယ်။ ကျွန်တော့်သားနှစ်ယောက်က ဒိုင်ယာနာကို နှုတ်ဆက်တိုင်း ဘယ်တော့မှ ကျွန်တော်တို့ ခေါ်သလို 'ဘုန်းတော်ကြီးမြတ်လှသော'လို့ ဝိသေသမတပ်ဘဲ 'ဟယ်လို မင်းသမီး'လို့သာ ခေါ်ကြပါတယ်။ ပထမတော့ ကျွန်တော်က ဒီလိုခေါ်တာဟာ မတင့်တယ်ဘူးလို့ ထင်မိပါတယ်။ ဒါပေမယ့် နားထဲမှာတော့ နားဝင်ချိုနေတယ်။ ကျွန်တော့်ကလေးတွေရဲ့ စိတ်ထဲမှာ 'မင်းသမီး'ဆိုတာဟာ ဒိုင်ယာနာရဲ့ နာမည်လို့



ထင်နေကြပုံရပါတယ်။

ဒီနေရာမှာ ဘာတွေလာရသလဲဆိုတော့ ထုံးတမ်းစဉ်လာအတိုင်း ဘွဲ့ထူးဂုဏ်ထူးတွေနဲ့ ရှုတ်ဆိုခေါ်ဝေါ်နေခြင်းက ရင်းနှီးမှုမရှိဘဲ ကလေးတွေ ခေါ်သလို ခေါ်ခြင်းက ရင်းနှီးမှု ပိုမိုပေါ်လွင်စေတယ်ဆိုတာပါပဲ။ တစ်ခါတလေ မင်းသမီး ကျွန်တော်တို့အိမ်ကို ရောက်လာတဲ့အခါမှာ မာရီယာက ရေနွေးအိုးတည်ထားတဲ့ မီးဖိုခလုတ်ကို ဖွင့်လိုက်ပြီး 'ထုံးစံအတိုင်း ကော်ဖီပဲ မဟုတ်လား ဘုန်းတော်ကြီးမြတ်လှတဲ့ မင်းသမီး'လို့ မေးတတ်ပါတယ်။ အဲဒီအချိန်မျိုးမှာ သားငယ် နှစ်ခ်က ဒိုင်ယာနာ့ပေါင်ပေါ်ကို တက်ထိုင်လိုက်ပြီး တရင်းတနှီး ပွေ့ဖက်နှုတ်ဆက်ကာ 'ဘယ်သွားနေတာလဲ မင်းသမီး'လို့ မေးတတ်ပါတယ်။

တစ်ကြိမ်မှာတော့ ကျွန်တော့်ရင်ကို ထိခတ်လှုပ်ရှားသွားစေမယ့်အဖြစ်မျိုးနဲ့ ကြုံခဲ့ရဖူးပါတယ်။ သုံးနှစ်အရွယ်သာရှိသေးတဲ့ နှစ်ခ်က ကျွန်တော်တို့ အိမ်ကနေ တောက်တောက်လျှောက်လာပြီး အိမ်မကြီးထဲ ဝင်လာခဲ့ပါတယ်။ ကျွန်တော်က အပေါ်ထပ်က မင်းသား ဆင်းလာမယ့် လှေကားရင်းမှာ စောင့်နေတာပါ။ လန်ဒန်မြို့ထဲမှာ ကျင်းပမယ့် ပွဲတစ်ပွဲကိုသွားဖို့ မင်းသားက ဆင်းလာမှာပါ။ အဲဒီအချိန်မှာ ကျွန်တော့်သားက ကျွန်တော့်ကို ဂရုမစိုက်ဘဲ လှေကားထစ်ပေါ်ကို တက်သွားပါတယ်။ သူ စတက်ချိန်မှာပဲ မင်းသားကလည်း အပေါ်ထပ်ကနေ ဆင်းလာပါတယ်။ နှစ်ခ်က ချားလ်စ်မင်းသားကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး 'မင်းသားကို ကြည့်ရတာ စမတ်ကျသားပဲ၊ ဘယ်သွားမလို့လဲ မင်းသား'လို့ မေးချလိုက်ပါတယ်။

မိုးနဲ့မြေလို ကွာခြားလှတဲ့ အခြေအနေ ဖြစ်တဲ့အတွက် ကျွန်တော့်သားအနေနဲ့ ခေလမင်းသားကို ဒီလို တရင်းတနှီး ပြောဖို့မသင့်ဘူးဆိုတာ ကျွန်တော် သိပါတယ်။ ဒါပေမယ့် ကျွန်တော်နဲ့ အလှမ်းဝေးနေတာကြောင့် ကျွန်တော့်သားရဲ့ ပါးစပ်ကို ပိတ်လိုက်နိုင်စွမ်းလည်း မရှိပါဘူး။ ဘာပဲဖြစ်ဖြစ် ချားလ်စ်မင်းသားအနေနဲ့ အမျက်တော် ရှသွားမယ်ဆိုရင် ကျွန်တော်တို့ဘဝဟာ တွေးဝံ့စရာ မရှိတော့ပါဘူး။ နှစ်ခ် မေးလိုက်တဲ့ မေးခွန်းမျိုးကိုလည်း ဘယ်သူကမှ ချားလ်စ်မင်းသားကို မေးဝံ့ခဲ့မှာ မဟုတ်ပါဘူး။ ဝီလျံနဲ့ဟယ်ရီတို့လို ချားလ်စ်မင်းသားကိုလည်း နှစ်ခ်က သူ့သူငယ်ချင်းပဲ အောက်မေ့နေတယ် ထင်ပါရဲ့။ ချားလ်စ်မင်းသားမှာလည်း ကလေးကို အံ့ပြန်ပြောရမှန်းမသိ ဖြစ်သွားပြီး ပြန်ပြုံးပြလိုက်တာကို တွေ့ရတော့မှ ကျွန်တော်မှာ သက်ပြင်းချနိုင်ပါတော့တယ်။

ကေပေါင်းများစွာ ကျယ်ဝန်းတဲ့ ဟိုင်းဂရုဗ်စံအိမ်ဝင်းကြီးဟာ မင်းသားငယ်နှစ်ပါး၊ ကျွန်တော့်သားနှစ်ယောက်တို့အတွက် ရောမကစားကွင်းကြီးပါ။ အမိုးလုံ

www.burmeseclassic.com

www.burmeseclassic.com



ဆောက်ထားတဲ့ တဲတစ်ခုမှာ ကျွန်တော်က ကလေးများ ဘောလုံးကစားနိုင်ဖို့ စီစဉ်ပေးထားပါတယ်။ ဒါပေမယ့် ဒီကစားကွင်းမှာ အပျော်ဆုံးက ကလေးတွေလား၊ ဒါမှမဟုတ် ဒိုင်ယာနာမင်းသမီးလားဆိုတာကိုတော့ မခွဲခြားတတ်နိုင်အောင်ပါပဲ။ ဘာကြောင့်လဲဆိုတော့ ကလေးတွေ ကစားတဲ့နေရာမှာ မင်းသမီးက ရောက်လာတတ်ပြီး ကလေးတွေနဲ့အတူ ဝင်ကစားတတ်ပါတယ်။ တစ်ခါတလေမှာ မင်းသမီးက မြေကြီးပေါ် လဲနေတတ်ပြီး ကလေးလေးယောက်က သူ့ကိုယ်ပေါ်မှာ ခွစီးနေကြတာလည်း အခါခါပါပဲ။

မင်းသမီး မရှိတဲ့အခါမှာ ကျွန်တော့်တာဝန်က ကလေးတွေကို ကြီးကြပ်ပြီး ကစားနိုင်းထားဖို့ပါ။ အဲဒီအခါမျိုးမှာ ကျွန်တော်က လိပ်ဥရှာတမ်း ကစားနိုင်းတတ်ပါတယ်။ ဒီကစားနည်းက အီစတာကြက်ဥရှာ ကစားပွဲမျိုးပါပဲ။ ဒီကစားနည်းမျိုးကို ဘုရင်မကြီးကိုယ်တိုင်က ဝင်ဆာရဲတိုက်အတွင်းမှာ တော်ဝင်မိသားစုရဲ့ ကလေးများ ပျော်ရွှင်စွာ ကစားနိုင်ဖို့ ဦးစီးကျင်းပလေ့ရှိပါတယ်။ ဘုရင်မကြီးက ချော့ကလက်နဲ့ ပြုလုပ်ထားတဲ့ ကြက်ဥပုံသဏ္ဌာန် မုန့်များကို တောင်းနဲ့ထည့်ယူလာပြီး သူကိုယ်တိုင်ပဲ ကလေးများရှာနိုင်တဲ့ နေရာတွေမှာ သွားဝှက်တတ်ပါတယ်။ ရှာကြတော့ဟေ့လို့ အမိန့်ပေးလိုက်တဲ့အချိန်မှာ ကလေးငယ်များနဲ့အတူ ဘုရင်မကြီးရဲ့ အချစ်တော် ခွေးကလေးများကလည်း အလုအယက် ရှာကြတော့တာပါပဲ။ ဒီပွဲက ဘုရင်မကြီးရဲ့ ခွေးကလေးများနဲ့ ကလေးများ အပြိုင်အဆိုင် ရှာကြတဲ့ပွဲဆိုရင်လည်း မမှားပါဘူး။ ဘယ်ကလေးက အရင်ဆုံး ကြက်ဥ ရှာတွေ့မလဲဆိုတာကို စောင့်ကြည့်ကြရပါတယ်။ ကျွန်တော်ကတော့ ချော့ကလက်ဥကလေးများဝှက်ဖို့ မတတ်နိုင်တဲ့အတွက် ခြံမွေးကြက်မများမှ ဥတဲ့ ကြက်ဥအစစ်များကိုသာ ဝှက်ရပါတယ်။ ကြက်ဥရှာတဲ့ကစားနည်းက ဘုရင်မကြီးရဲ့ ချော့ကလက်ရှာတဲ့ ကစားနည်းလောက်တော့ ကလေးများအတွက် စိတ်ဝင်စားစရာကောင်းမယ် မထင်ပါဘူး။ ဒါပေမယ့် ဘယ်သူ အရင်ရှာတွေ့မလဲ ဆိုတာရယ်၊ ဘယ်သူ ကြက်ဥအများဆုံး ရမလဲဆိုတာရယ်က ရင်ခုန်စိတ်လှုပ်ရှားစရာ ကောင်းနေဆဲပါပဲ။ တစ်ခါတလေမှာ ဝီလျံက ကြက်ဥအများဆုံး ရှာဖွေတွေ့ ရှိတတ်ပါတယ်။

သားတော်နှစ်ပါးထဲမှာ ဝီလျံက အနံ့ခံကောင်းသူဖြစ်ပြီး ဟယ်ရီကတော့ ယုန်ကလေးတစ်ကောင်လို နားပါးသူ ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ကျွန်တော့်အိမ်မှာ ပျော်တတ်သလို ဟိုင်းဂရုဗ်စံအိမ် ခြံဝင်းကြီးရဲ့ ထောင့်တစ်နေရာမှာရှိတဲ့ မြင်းပုကလေးနှစ်ကောင်ရဲ့ မြင်းဇောင်းမှာလည်း ပျော်တတ်ကြပါတယ်။ မြင်းပု



ကလေးနှစ်ကောင်ကို မင်းသားနှစ်ပါးအတွက် မွေးထားပေးတာပါ။ မာရီယန်ကော့က မင်းသားနှစ်ပါးကို မြင်းပုကလေးနှစ်ကောင် စီးတတ်ဖို့ သင်ပေးခဲ့ပါတယ်။ အဲဒီမြင်းဇောင်းထဲမှာ သူတို့အမေ မွေးထားတဲ့ နို့စားနွားမကြီးနှစ်ကောင်လည်း ရှိပါသေးတယ်။ ချားလ်စ်မင်းသား ပိုလိုကစားရာမှာ စီးတဲ့ မြင်းများကိုတော့ သီးခြားဇောင်းမှာ ခွဲထားပါတယ်။

□

ကျွန်တော့်သားနှစ်ယောက်မှာ မင်းသားညီနောင်နဲ့ ကစားဖော် ဖြစ်နေတဲ့အတွက် သူတို့ညီအစ်ကိုရဲ့ ကစားစရာပစ္စည်းတစ်ခုဖြစ်တဲ့ Aston Martin ကားအသေးစားကလေးဟာ သားများအတွက် အကြိုက်ဆုံးကစားစရာ ဖြစ်တယ်လို့ ဆိုကြပါတယ်။ ဒီကားကလေးက ချားလ်စ်မင်းသားစီးတဲ့ ကားကြီးရဲ့ ပုံစံတူ ကားကလေးဖြစ်ပြီး မော်တော်ကားထုတ်လုပ်သူများက မင်းသားညီနောင်အတွက် သီးသန့်ထုတ်လုပ်ပေးကြခြင်း ဖြစ်ပါတယ်။ ကားရဲ့အတွင်းပိုင်းမှာ နို့နှစ်ရောင်သားရေနဲ့ ချုပ်လုပ်ထားပြီး ဒက်ရှ်ဘုတ်ကလည်း မဟော်ဂနီရောင်အသားနဲ့ ပြုလုပ်ထားတဲ့အပြင် ရှေ့မီးများကိုလည်း ဖွင့်နိုင်၊ ပိတ်နိုင်ပါသေးတယ်။ ကားထဲမှာ ကက်ဆက်ဖွင့်လို့ရတဲ့အပြင် စတီယာတိုင်ခွေက သားရေနဲ့ ပြုလုပ်ထားတာပါ။ ဒီကားကို များသောအားဖြင့် မင်းသားအကြီးဖြစ်တဲ့ ဝီလျံက မောင်းနှင်လေ့ ရှိပါတယ်။ နောင်တော်က မောင်းလာတိုင်း ညီတော်ဖြစ်တဲ့ ဟယ်ရီက သူ့နံဘေးမှာ ထိုင်လာလေ့ရှိပါတယ်။ မင်းသားတွေက သူတို့စံအိမ်ထဲက ထွက်လာပြီးတဲ့နောက် သူတို့ကစားဖော်တွေ အိမ်မှာ ရှိမရှိ သိရအောင် ဒီကားကလေးနဲ့ သွားလာပြီး မေးလေ့ရှိပါတယ်။ ကျွန်တော့်သားနှစ်ယောက်ကိုလည်း ဒီကားနဲ့ပဲ လာခေါ်ကြပါတယ်။ ဝီလျံနဲ့ ဟယ်ရီတို့က ကားကို ဘယ်သူမောင်းရမလဲဆိုတာ အမြဲငြင်းခုံလေ့ရှိပါတယ်။ ဒါပေမယ့် ဝီလျံက သူတို့လေးယောက်ထဲမှာ အကြီးဆုံးဖြစ်နေတဲ့အတွက် အမြဲတမ်းမောင်းသူနေရာမှာ နေရာယူရပါတယ်။ ဝီလျံက ပြိုင်ကားမောင်းရခြင်းကို ဝါသနာပါပြီး ဆယ်နှစ်သားအရွယ်ဖြစ်တဲ့အတွက် သူကိုယ်သူလည်း ကားမောင်းကျွမ်းကျင်သူအဖြစ် ခံယူထားပါတယ်။ တစ်ရက်မှာတော့ သူ့ဖခင်ရဲ့ စိုက်ခင်းခြံကို ကျော်ပြီး ကျွန်တော်တို့ အိမ်နောက်ဖေးကို ကားနဲ့ ဝင်လာရာမှာ ကျောက်တိုင်တစ်ခုကို ဝင်တိုက်မိပါလေရော။ အဲဒီအချိန်တုန်းက မာရီယာက မီးဖိုထဲမှာ ရှိနေပါတယ်။ ခုန်းခနဲ ကားတိုက်လိုက်တဲ့အသံကို ကြားလိုက်ရတဲ့အပြင် အလန့်တကြားအော်လိုက်တဲ့ ဝီလျံတို့အသံကိုလည်း ကြားလိုက်ရပါသတဲ့။ ဝီလျံက 'မာရီယာ၊ မာရီယာ… ကားတိုက်မှု ဖြစ်သွားပြီ' လို့ အော်လိုက်တာကြောင့် မာရီယာလည်း

www.burmeseclassic.com

www.burmeseclassic.com



ဘာတွေများ ဖြစ်ကုန်ကြပြီလဲလို့ လန့်သွားခဲ့ပါသတဲ့။ ဝီလျံက 'ပါပါတော့ အရမ်း ဒေါသထွက်တော့မှာပဲ။ သုတ်ဆေးအစိမ်းတစ်ဘူးလောက် မရနိုင်ဘူးလား' လို့လည်း မာရီယာ့ကို မေးပါသေးတယ်။

မာရီယာက ဝီလျံရှိတဲ့နေရာကို ရောက်သွားပြီး သုတ်ဆေးတစ်ဘူးနဲ့ သူပြဿနာကို ဖြေရှင်းလို့ရနိုင်မှာ မဟုတ်ကြောင်း ချော့မော့ပြောရပါတယ်။ သူ ဝင်တိုက်လိုက်တဲ့ ကျောက်တိုင်ကလည်း ပဲ့သွားတဲ့အပြင် ကားကလေးမှာ တော်တော်ချိုင့်ဝင်သွားတာကြောင့် ဝီလျံခမျာ တော်တော်ကြီးကို ထိတ်လန့်တုန်လှုပ်သွားတာပါ။ ဝီလျံက သူ့ကားကလေးကို ကားဂိုဒေါင်ထဲသွင်းပြီး ပိန်ချိုင့်သွားတဲ့နေရာကို သူ့ဖခင် မမြင်အောင်လို့ ဂိုဒေါင်အုတ်နံရံဘက်မှာ ကွယ်ထားခဲ့ပါတယ်။ ဒါပေမယ့် စံအိမ်ဝင်းအတွင်းမှာ ဖြစ်ပျက်သမျှ မင်းသား သိဖို့ တင်ပြရမှာဖြစ်လို့ ပယ်ဒီနဲ့ ကျွန်တော်က မင်းသားကို ဝီလျံရဲ့ ကားပျက်စီးတဲ့အကြောင်း ပြောပြကြရပါတယ်။ ချားလ်စ်မင်းသားက တော်တော် စိတ်ပျက်သွားပုံရပါတယ်။ ဒါပေမယ့် ပျက်စီးသွားသမျှကို ပြင်ဆင်ပေးဖို့ Aston Martin ကားကုမ္ပဏီထံ ပို့ပေးလိုက်တော့ ပြန်ရောက်လာရာမှာ ပကတိအသစ်အတိုင်း ဖြစ်သွားခဲ့ပါတယ်။ ကားမရှိတဲ့ အချိန်ကာလအတွင်းမှာ ဝီလျံက ပယ်ဒီရဲ့ မြက်ရိတ်စက်ပေါ်မှာ လိုက်စီးနေခဲ့ပါတယ်။ သူ့ကား ပြန်ရတော့မှ ကားပေါ်ပြန်စီးခွင့်ရသွားပါတယ်။ သူ့မိဘများကလည်း ကားပြန်မောင်းခွင့်ပေးခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဟိုင်းဂရုဗ်စံအိမ်ဝင်းအတွင်းမှာသာ သွားလာနေတာ ဖြစ်တဲ့အတွက် မင်းသားငယ်အနေနဲ့ အန္တရာယ်မရှိနိုင်လို့ပါပဲ။ အဲဒါအပြင် ဟိုင်းဂရုဗ်စံအိမ်ဝင်းအတွင်းမှာ ဝီလျံ၊ ဟယ်ရီနဲ့ ကျွန်တော့်သားနှစ်ဦးဖြစ်တဲ့ အလက်ဇန္ဒား၊ နစ်ခ်တို့မှာ တခြားပျော်စရာ၊ ပါးစရာဆိုလို့လည်း မရှိကြလို့ပါပဲ။ တစ်ခါတုန်းက မင်းသမီးက သူတို့လေးယောက်ကို လန်ဒန်ခေါ်သွားပြီး ချားရဟတ်စီးစေခဲ့ပါတယ်။ အဲဒီချားရဟတ်က တစ်နာရီကို မိုင်လေးဆယ်နှုန်းလောက်လည်ပတ်တဲ့ ချားရဟတ် ဖြစ်ပါတယ်။ သူတို့လေးယောက်စလုံး မျက်ရည်ကျမတတ် ကြောက်ခဲ့တာပေါ့။ ဒါပေမယ့် သူတို့ပျော်တာကို တွေ့ရတော့ မင်းသမီးက နွေရာသီအားလပ်ရက်များမှာ သူ့သားတွေ ပျော်စေဖို့အတွက် ချားရဟတ်ကို ငှားရမ်းပြီး ဟိုင်းဂရုဗ်စံအိမ်ဝင်းအတွင်းမှာ စီးစေခဲ့ပါတယ်။

ဝီလျံနဲ့ဟယ်ရီတို့က သူတို့ကိုယ်သူတို့ ယုံကြည်စိတ်ချမှု အပြည့်အဝ ရှိကြတဲ့ကလေးတွေပါ။ ဘယ်လူစိမ်းနဲ့မဆို စကားပြောရဲတဲ့သတ္တိ ရှိကြပါတယ်။ အိပ်တဲ့အခါမှာလည်း သူတို့နှစ်ယောက်ကို တစ်ယောက်တစ်ခန်းစီ ခွဲသိပ်ထားတာပါ။ အိပ်ချိန်ကလွဲရင် သူတို့ညီအစ်ကိုနှစ်ယောက်ကို တတွဲတွဲ တွေ့ရပါတယ်။



ဝီလျံက အကြီးဖြစ်တဲ့အလျောက် ဘာ့ပဲလုပ်လုပ် ခေါင်းဆောင်ပေါ့။ သူတို့နှစ်ယောက်စလုံး လန်ဒန်မြို့က နော့တင်ဟေးလ်မှာရှိတဲ့ Wetherby အနုပညာသင်ကျောင်းမှာ ကျောင်းတက်ကြရပါတယ်။ ကျောင်းက ပြန်လာပြီဆိုရင် ညီအစ်ကိုနှစ်ယောက်စလုံး ကျောင်းမှာ တစ်နေ့တာ သင်ကြားခဲ့ရသမျှကို မိခင်ဖြစ်သူထံ အလုအယက် ပြတတ်ကြပါတယ်။ မိခင်ဖြစ်တဲ့ ဒိုင်ယာနာကလည်း သားများနဲ့ ပတ်သက်ပြီး ဂုဏ်ယူတတ်ပါတယ်။

ဟယ်ရီက ပန်းချီဆွဲတိုင်း သူ ဝါသနာပါတဲ့ စစ်သားရုပ်ကလေးတွေကို ဆွဲလေ့ ရှိပါတယ်။ ကစားရင်လည်း စစ်တိုက်တမ်း ကစားရတာကို ဝါသနာပါပြီး ကောင်းကင်ယံကနေ ဗုံးကြဲချတဲ့ လေယာဉ်ပျံသဏ္ဍာန် ကစားလေ့ရှိပါတယ်။ ပန်းချီဆွဲတဲ့နေရာမှာလည်း ဗုံးကြဲတဲ့ လေယာဉ်ပျံတွေပုံ ဆွဲလေ့ရှိပြီး မြေပြင်ပေါ်မှာ သေကြေဒဏ်ရာရတာကို သရုပ်ဖော်နိုင်ဖို့အတွက် မင်နီတွေကို သုံးပြီး ရေးဆွဲလေ့ ရှိပါတယ်။ သူ ကစားတိုင်း ရေဘောလုံးများကို ဗုံးအဖြစ် အသုံးပြုတတ်တာကြောင့် သူ စစ်မြေပြင်အဖြစ် ကစားတဲ့ ချားလ်စ်မင်းသားရဲ့ ဆုရ ပန်းဥယျာဉ်မှာ အမြဲပျက်စီးလေ့ရှိပါတယ်။ ဝီလျံနဲ့ဟယ်ရီတို့ကို ပူးပေါင်းတဲ့ နောက်တစ်ဦး ရှိပါသေးတယ်။ အဲဒါကတော့ ကျွန်တော့်ညီဖြစ်တဲ့ ဂရေဟမ်ပါပဲ။ သူတို့သုံးယောက်ပေါင်းပြီး ရေဘောလုံးတွေနဲ့ ကစားကြရာမှာ သူတို့ကို လိုက်ရှာတဲ့ ဒိုင်ယာနာမင်းသမီးဟာ ရေဘောလုံးဒဏ်ကို အမြဲခံရပါတယ်။ ချားလ်စ်မင်းသားရဲ့ ဥယျာဉ်ဝင်းဟာ နွေရာသီမှာ မင်းသားညီနောင်ရဲ့ စစ်မြေပြင်ဖြစ်တဲ့အပြင် ပျော်ပျော်ပါးပါး အသားကင်စားကြတဲ့နေရာလည်း ဖြစ်ပါတယ်။ ဒါကြောင့် အသားကင်ပေးရတဲ့ ဝန်ထမ်းတွေခမျာလည်း သူတို့ ရေဘောလုံး လက်ချက်နဲ့ မကင်းပါဘူး။ ချားလ်စ်မင်းသား အိမ်တော်မှာမရှိဘူးဆိုရင် သူတို့ရေဘောလုံးတိုက်ပွဲ ဆင်နွှဲတတ်ကြပါတယ်။ အဲဒီအချိန်မျိုးမှာ ဝန်ထမ်းတွေခမျာလည်း တစ်ကိုယ်လုံး စိုရွှဲပြီး ကြွက်စုတ်ဖြစ်ကြရပါတယ်။ အသားကင်စားကြတဲ့ ညဆိုရင် ဒိုင်ခံ အသားကင်ပေးတဲ့ မာဗင်က အိမ်တော်ဝင်းအတွင်းမှာရှိတဲ့ ဝန်ထမ်းအားလုံးအတွက် ကင်ပေးရပါတယ်။ ဒီလိုညဟာ အားလုံးအတွက် ပျော်ပျော်ပါးပါး ဖြစ်စေတာကြောင့် မင်းသမီးက အားလုံးအတွက် အားလပ်ချိန်ဖြစ်တယ်လို့ သတ်မှတ်ပေးပါတယ်။ စားသောက်ကြပြီးရင် ပေရေနေတဲ့ ပန်းကန်များကို ဆေးကြောတဲ့နေရာမှာလည်း မင်းသမီးက ဝင်ကူလေ့ ရှိပါတယ်။

မင်းသမီးပျော်တဲ့ နောက်တစ်နည်း ရှိပါသေးတယ်။ အဲဒါကတော့ ဝိုင်းဖွဲ့ကစားကြသူများကို ရေကူးကန်ထဲကျအောင် သူကိုယ်တိုင် တွန်းချခြင်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အော်သံတွေ၊ ရယ်သံတွေနဲ့ ဟိုင်းဂရစ်စံအိမ်ဝင်းအတွင်းမှာ ပြည့်နှက်နေစေပါတယ်။ ဒီကစားနည်းကိုတော့ ကျွန်တော်က 'လူသားစွပ်ပြုတ် ကစားနည်း' လို့ပဲ ကင်ပွန်းတပ်ပေးပါတယ်။ ရေဘောလုံးနဲ့ပေါက်လို့လည်း မင်းသမီးက စိတ်မဆိုးပါဘူး။ တစ်ခါတလေ သူ့သားတွေ ရေဘောလုံးနဲ့ ပေါက်လို့ စိုရွှဲနေတဲ့ အဝတ်နဲ့ပဲ သူ့ကိုယ်တိုင်လည်း ရေကူးကန်ထဲကို ခုန်ဆင်းလှေ့ ရှိပြန်ပါတယ်။

မင်းသမီးက လူတွေကို ရေကူးကန်ထဲ တွန်းချတဲ့ကစားနည်းမှာ နှစ်သက်ပျော်မွေ့ခြင်းနဲ့ပတ်သက်ပြီး ကျွန်တော့်ရင်ထဲမှာ ကိန်းအောင်းလာတဲ့ အတွေးတစ်ခုကတော့ အနာဂတ်မှာ အင်္ဂလန်နိုင်ငံရဲ့ မိဖုရားကြီးဖြစ်လာမယ့် ဒိုင်ယာနာအနေနဲ့ သူ့ရင်ထဲမှာ ချုပ်တည်းထားရတဲ့ စိတ်များကို ဒီနည်းနဲ့ အပန်းဖြေနေတာ ဖြစ်မယ်လို့ ဆိုတာပါပဲ။ ရေကူးကန်ထဲမှာ အဝတ်အစားကောင်းတွေနဲ့ ဆော့ကစားနေတဲ့ ဒိုင်ယာနာဟာ အဲဒီအချိန်မှာ ဝန်ထမ်းများနဲ့ ခွဲခြားမှုမရှိပါဘူး။ သူလည်း သာမန်အရပ်သူတစ်ဦးလိုပဲ ဖြစ်နေပါတယ်။ တစ်ခါတလေမှာ ဂျင်း(န)ဘောင်းဘီတို၊ တီရှပ်ဝတ်ပြီး ရေကူးကန်ထဲ ရောက်နေတဲ့ ဒိုင်ယာနာကို ဝန်ထမ်းများ မြင်လိုက်ရတဲ့အခါမှာ အံ့သြသွားကြပါတယ်။ သူတို့မျက်နှာပြင်ပေါ်မှာ ပေါ်လာတဲ့ အံ့သြမှုကိုပဲ ဒိုင်ယာနာက ကျေနပ်နေတာပါ။

ဒါပေမယ့် တခြားသူတွေရဲ့ မျက်နှာပြင်ပေါ်က အံ့သြမှုများဟာ ၁၉၉၂ ခုနှစ် မေလတုန်းက မင်းသမီးတစ်ပါးတည်း ထွက်ခဲ့တဲ့ခရီးစဉ်မှာ ကြုံတွေ့ခဲ့ရမှုနဲ့ ပတ်သက်ပြီး ကိုင်ရိုမှာရှိတဲ့ ဗြိတိသျှသံအမတ်ကြီး အံ့သြမှုကို ဘယ်သူမှ မီမှာမဟုတ်ဘူးလို့ ကျွန်တော် ထင်ပါတယ်။

❑

ကျွန်တော်တို့အဖွဲ့ ရေယာဉ်တစ်စီးနဲ့ Phillac Temple ကို ဦးတည်ပြီး သွားနေတုန်းက ဖြစ်ပါတယ်။ Aswan ဆည် အနီးရောက်တဲ့အခါမှာ ကျွန်တော့်ညာဘက်မှာရပ်နေတဲ့ ဒိုင်ယာနာက 'ပေါလ်ရေ… ပျော်စရာကောင်းတဲ့ အချိန်ကလေးတစ်ခုတော့ ရောက်လာပြန်ပြီ' လို့ ဆိုလိုက်ပါတယ်။ မျက်နှာပေါ်မှာ တပ်ထားတဲ့ နေကာမျက်မှန်ကို ခေါင်းပေါ် နေရာရွှေ့လိုက်ပါတယ်။ 'ရာသီဥတုကလည်း ပူလိုက်တာနော်' လို့ ဆိုတယ်။ နိုင်းလ်မြစ်ထဲမှာ သွားလာနေတဲ့ ရေယာဉ်ပေါ်မှာ လေအနည်းငယ် တိုက်နေပေမယ့် ဒိုင်ယာနာကတော့ ချွေးစို့နေပါတယ်။ စက္ကန့်ပိုင်းလောက်ကြာတော့ ဒိုင်ယာနာက 'အခုအချိန်မှာ တစ်ယောက်ယောက် ပျော်သွားအောင် မလုပ်နိုင်ဘူးလားပေါလ်။ သံရုံးကို ပြန်ရောက်ရင် ဆမ်ရဲ့ မွေးနေ့ပါတီပွဲရှင် စီစဉ်ပေးပါလား' လို့ ဆိုပါတယ်။



ကျွန်တော်တို့ သွားနေတဲ့ ရေယာဉ်ပေါ်မှာ မွေးနေ့ပွဲအတွက် အစီအစဉ်လုပ်ဖို့ရာ ကျွန်တော် ခေါင်းခြောက်ခဲ့ရပါတယ်။ နိုင်းလ်မြစ်ရဲ့ ကမ်းပါးတစ်နေရာကို ကပ်ပြီးအပန်းဖြေကြချိန်မှာ ကျွန်တော့်မှာတော့ စိတ်အေးလက်အေး မနေနိုင်သေးတဲ့ မင်းသမီး၊ နိုင်းထားတဲ့ မွေးနေ့ပါတီပွဲ ကျင်းပပေးနိုင်ဖို့ အပြေးအလွှား စီစဉ်ရပါတော့တယ်။

ကိုင်ရိုမှာရှိတဲ့ ဗြိတိသျှသံရုံးမှာ ဆမ်အတွက် မွေးနေ့ပွဲကို ကျွန်တော်တို့ တိတ်တဆိတ် စီစဉ်ကြပါတယ်။ ဆမ် ဝင်လာချိန်မှာ "Happy Birthday To You" လို့ ကျွန်တော်တို့အဖွဲ့သား ၁၁ ယောက်က ဝိုင်းအော်လိုက်ကြပါတယ်။ ခေါင်းဆောင်ကတော့ ဒိုင်ယာနာမင်းသမီးပေါ့။ အဲဒါတင်မကသေးပါဘူး။ ကျွန်တော်တို့အားလုံး ဝတ်စုံအပြည့်အစုံနဲ့ ဆမ်ကို ဝိုင်းဆွဲလိုက်ကြပြီး ရေကူးကန်ထဲကို ခုန်ဆင်းလိုက်ကြပါတယ်။ ဒီလိုအတွေ့အကြုံမရှိဖူးတဲ့ မင်းသမီးရဲ့ သက်တော်စောင့်များ ဘာလုပ်ရမှန်းမသိ ဖြစ်သွားတာ သေချာပါတယ်။ မင်းသမီးကိုယ်တိုင်လည်း ရေကူးကန်ထဲမှာ မြုပ်နေလိုက်တာ သူ့ရွှေရောင် ဆံပင်ကိုသာ ရေပေါ်မှာ မြင်ရပါတယ်။ ကိုင်ရိုကိုရောက်ပြီး နှစ်ရက်လောက်တုန်းက ဗြိတိသျှသံရုံးနဲ့ ကပ်လျက် အဆောက်အအုံတစ်ခုပေါ်ကနေ ပါပါရာဇီတစ်ဦးက အနက်ရောင် ရေကူးဝတ်စုံနဲ့ ရေကူးနေတဲ့ ဒိုင်ယာနာရဲ့ပုံကို ခိုးရိုက်ခဲ့ဖူးပါတယ်။ ကံကောင်းချင်တော့ သူကြီးမင်းကြီးမှာ 'လူသားစွပ်ပြုတ်' လုပ်နေတဲ့ မင်းသမီးကို မသိလိုက်ပေလို့သာပါ။ သူတို့က ဒိုင်ယာနာမင်းသမီး လည်ပတ်တဲ့ခရီးစဉ်များကိုသာ အသားပေးဖော်ပြနေခဲ့ကြပါတယ်။

ဗြိတိသျှ စာနယ်ဇင်းများရဲ့ စာမျက်နှာများပေါ်မှာတော့ ဒိုင်ယာနာဟာ ဗြိတိန်နိုင်ငံရဲ့ သံတမန်ကောင်းတစ်ဦးအဖြစ် ရေးသားဖော်ပြနေကြပါတယ်။ ကိုယ်ရေးကိုယ်တာကိစ္စတွေ ဘာတွေပဲဖြစ်ဖြစ် ဒိုင်ယာနာဟာ သံတမန်ကောင်းတစ်ဦး ဖြစ်တာတော့ အမှန်ပါပဲ။ ဘာကင်ဟမ်ရွှေနန်းတော်အတွင်းမှ ပုဂ္ဂိုလ်များ ဘာတွေပဲပြောနေနေ ဒိုင်ယာနာကတော့ တစ်ကမ္ဘာလုံးရဲ့အမြင်မှာ သူ့နိုင်ငံအတွက် အကောင်းဆုံးဆောင်ပေးတဲ့ သံတမန်တစ်ဦး ဖြစ်ခဲ့ပါပြီ။

အီဂျစ်ခရီးစဉ်ဟာ မင်းသမီးနဲ့ ကျွန်တော်ရဲ့ရင်းနှီးမှုကို ပိုမိုခိုင်မာလာစေခဲ့တယ်။ ဒါကြောင့် အင်္ဂလန်ကို ပြန်ရောက်တဲ့အချိန်မှာ သူ ဘယ်ကိုပဲ ခရီးသွားသွား ကျွန်တော့်ကို ခေါ်သွားပါတယ်။ ဒါကြောင့် ကျွန်တော့်တာဝန်က ဟိုင်းဂရစ်အိမ်ထက် ကင်စတန်နန်းတော်မှာ နေရတဲ့အချိန် ပိုများလာခဲ့ပါပြီ။ ရင်းနှီးလာတဲ့အခါ မင်းသမီးက သူမရဲ့ 'လျှို့ဝှက်မိတ်ဆွေ' အကြောင်းကိုလည်း ရင်ဖွင့်

www.burmeseclassic.com

www.burmeseclassic.com



ပြောလေ့ရှိပါပြီ။ သူနဲ့ကျွန်တော်ဟာ သခင်နဲ့ကျွန်လို မဟုတ်တော့ဘဲ မိတ်ဆွေကောင်းတွေ ဖြစ်လာခဲ့ကြပါတယ်။ ကျွန်တော့်ဇနီးရဲ့ မိတ်ရင်းဆွေရင်း ဖြစ်သလို ကျွန်တော့်သားများအတွက်လည်း သူဟာ အဒေါ်တစ်ယောက်သဖွယ် ဖြစ်နေတာကြောင့် သူ့ကိုယ်ရေးကိုယ်တာကိစ္စများကို ကျွန်တော်နဲ့ တရင်းတနှီး ပြောလာခဲ့ခြင်းလည်း ဖြစ်ပါတယ်။

ကိုင်ရိုမှာရှိနေစဉ် တစ်နေ့မှာတော့ သံရုံးက မင်းသမီးအတွက် စီစဉ်ပေးထားတဲ့ အခန်းကျယ်ကြီးတစ်ခုထဲမှာ မင်းသမီးက ရောမကိုယ်လုံးပေါ်မှန်ကြီးရှေ့ ထိုင်ပြီး သူ့ဆံပင်ကို ကိုယ်တိုင်ရှင်းနေပါတယ်။ ကျွန်တော်က သူ့အတွက် မုန်လာဥနီဖျော်ရည်ယူပြီး သွားပို့ပါတယ်။ ဖျော်ရည်ခွက်ကိုထားပြီး ပြန်လှည့်အထွက်မှာ မင်းသမီးက 'နေပါဦး ပေါလ်'လို့ ဆိုကာ ခွေးခြေတစ်လုံးမှာ ထိုင်ဖို့ ကျွန်တော့်ကို ညွှန်ပြလိုက်ပါတယ်။ အဲဒီခွေးခြေက မင်းသမီးအိပ်ဖို့ စီစဉ်ထားတဲ့ ခုတင်နဲ့ အနီးဆုံးနေရာမှာ ရှိပါတယ်။ 'လန်ဒန်ကို ပြန်ရောက်ရင် ပေါလ်ကို မိတ်ဆွေတစ်ယောက်နဲ့ တွေ့ပေးရဦးမယ်။ ကျွန်မ တွေ့ဖူးသမျှထဲမှာ လူစီယာက အချောဆုံးနဲ့ ကျက်သရေအရှိဆုံး အမျိုးသမီးပဲ'လို့ ဆိုတယ်။

လူစီယာဆိုတာက အဲဒီကာလတုန်းက ဘရာဇီးလ်နိုင်ငံ သံအမတ်ကတော်ဖြစ်ပြီး မင်းသမီးအပေါ်မှာလည်း မိခင်တစ်ယောက်လို ကြင်နာစိတ်ထားသူ ဖြစ်ပါတယ်။ သူမရဲ့ခင်ပွန်းဖြစ်တဲ့ သံအမတ်ကြီး ပေါ်လိုတာစိုက နောင်မှာ အမေရိကန်သံအမတ်အဖြစ် ဝါရှင်တန်ကို ပြောင်းသွားရတယ်။ နောက်တော့ ရောမကို ရောက်သွားပြန်ပါတယ်။ အဲဒီသံအမတ်ကြီးကလည်း ဒိုင်ယာနာ့အပေါ်မှာ ဖခင်တစ်ယောက်လိုပါပဲ။ မင်းသမီးက လန်ဒန် Mount လမ်းမှာရှိတဲ့ သူတို့ သံရုံးအဆောက်အအုံကို အသုံးပြုပြီး တစ်စုံတစ်ယောက်နဲ့ တွေ့လေ့ရှိပါတယ်။ အဲဒီတစ်စုံတစ်ယောက်က ဂျိမ်းစ်ဟေးဝစ် မဟုတ်ပါဘူး။ ကိုင်ရိုမှာ သူနဲ့ကျွန်တော် နှစ်ယောက်တည်း တွေ့တဲ့နေ့ကမှ အဲဒီသံရုံးမှာ သူ ဘယ်သူနဲ့ တွေ့နေတယ်ဆိုတာကို ဒိုင်ယာနာက ပြောပြခဲ့ပါတယ်။

ဒိုင်ယာနာက ကျွန်တော့်ကို ရင်ဖွင့်ပြောကြားခဲ့တဲ့အပြင် သူ့ပတ်ဝန်းကျင်မှာ ယုံကြည်စိတ်ချရသူရယ်လို့ သူ ဖန်တီးထားတဲ့ မွေးစားမိဘနှစ်ပါးအပြင် ကျွန်တော့်ကိုလည်း ပါဝင်စေချင်တဲ့ဆန္ဒ ရှိပုံရပါတယ်။ ဘယ်သူမဆို မင်းသမီးအတွက် လုပ်ပေးရမယ်ဆိုရင် လုပ်ချင်သူချည်းပါပဲ။ မင်းသမီးနဲ့ ပတ်သက်မိသူတိုင်းကလည်း သူတို့ဟာ မင်းသမီးအကြောင်းကို လုံးဝဥဿုံ သိသူများရယ်လို့ ထင်တတ်ကြပါတယ်။ အဲဒီလို ထင်အောင်လည်း မင်းသမီးက ဖန်တီးနိုင်စွမ်း ရှိပါတယ်။



ဒါပေမယ့် မင်းသမီးက အင်မတန် လျှို့ဝှက်ရမယ့်ကိစ္စများကိုတော့ သူ လုံးဝဥဿုံ ယုံကြည်ရမယ့်သူများကိုသာ ရွေးချယ်ပြီး ပြောလေ့ရှိတယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်။ သူ့အတွင်းစည်းကို ရောက်ဖို့ဆိုတာ သူ့ကိုယ်တိုင် လိုလိုလားလား ဖိတ်ခေါ်ခြင်းမရှိဘဲ မရောက်နိုင်ပါဘူး။ သူနဲ့ ရင်းနှီးလှပါတယ်ဆိုတဲ့ ကျွန်တော့်ဇနီး မာရီယာသည်ပင်လျှင် ဒိုင်ယာနာရဲ့အတွင်းစည်းကို မရောက်နိုင်ခဲ့ပါဘူး။ သံအမတ်ကတော် လူစီယာနဲ့ တွေ့ဆုံဖို့၊ ဒိုင်ယာနာရဲ့ လျှို့ဝှက်မိတ်ဆွေနဲ့ တွေ့ဆုံဖို့ဆိုတာတွေဟာ နောင်ကာလမှ ဖြစ်ပေါ်လာမယ့် ကိစ္စတွေ ဖြစ်ပေမယ့် အဲဒီနေ့မနက်မှာ ဒိုင်ယာနာက ကျွန်တော့်ကို သူ့ရင်ထဲရှိသမျှ ဖွင့်ဟပြောခဲ့ပါတယ်။

အရှေ့အလယ်ပိုင်းဒေသကို မထွက်ခွာခင်မှာ မင်းသမီးက ဒီခရီးစဉ်အတွက် ဗြိတိန်မှာ ကက်သရင်းဝေါကာ အထူးစီစဉ်ချုပ်လုပ်ပေးလိုက်တဲ့ ဝတ်စုံကို ဝတ်ကြည့်ပြီး တော်တော်ရင်ခုန်နေခဲ့ပါတယ်။ သံရုံးရဲ့အခန်းထဲမှာ အဖွဲ့သားများဖြစ်ကြတဲ့ မာဗင်၊ ဟာလီနာနဲ့ ကျွန်တော်တို့က သူ့ဖက်ရှင်နဲ့ပတ်သက်ပြီး ဝေဖန်ပေးရတဲ့ ဘုတ်အဖွဲ့ပေါ့။ ဒိုင်ယာနာက အဝတ်လဲပြီး အိပ်ခန်းထဲက ထွက်လာတိုင်း ကျွန်တော်တို့သုံးယောက် ကို 'ဘယ်လိုနေလဲ လှရဲ့လား'၊ 'ဘယ်လိုထင်သလဲ' စသဖြင့် ကျွန်တော်တို့ မှတ်ချက်တွေကို မေးမြန်းလေ့ ရှိပါတယ်။

မေးမြန်းတဲ့အခါတိုင်းမှာလည်း ကျွန်တော်တို့ဘက်က ဝေဖန်စရာ အချက်အလက် အနည်းငယ်ရှိသည့်တိုင်အောင် အကောင်းဘက်ကိုပဲ ဆောင်းပေးဖြေခဲ့ကြတာချည်းပါပဲ။ မင်းသမီးက သူ့ကြင်ယာတော် ချားလ်စ်မင်းသား မပါတဲ့အတွက် သူ့အဝတ်အစားများနဲ့ ပတ်သက်ပြီး ပျစ်ပျစ်နှစ်နှစ် ဝေဖန်မယ့်သူ မရှိတာကြောင့်လည်း ကျွန်တော်တို့ကို ဝေဖန်ခိုင်းခြင်း ဖြစ်ချင်ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ခရီးစဉ်ဟာ သူနဲ့ ကျွန်တော်တို့ ပိုမိုရင်းနှီးစေခဲ့တဲ့ ခရီးစဉ်ပါ။ ဒါပေမယ့် ကံကြမ္မာကို ကျွန်တော်တို့ ကြိုတင်သိနိုင်စွမ်း မရှိနိုင်တဲ့အတွက် နောက်ကွယ်မှာ ဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်ရပ်က စောင့်ကြိုနေလိမ့်မယ်ဆိုတာကို ကျွန်တော်တို့ မသိခဲ့ကြပါဘူး။

တစ်ရက်မှာတော့ အမြဲတမ်း ခပ်ဟာဟာလေးသာ ပိတ်ထားလေ့ရှိတဲ့ သူ့အိပ်ခန်းတံခါးကို အတွင်းကနေ ပိတ်ထားတာ ကြုံလိုက်ကြရပါတယ်။ မင်းသမီးရဲ့ မျက်လုံးနှစ်ဖက်စလုံးမှာလည်း နီရဲနေပါတယ်။ မင်းသမီးက သူ့အနေနဲ့ ခံစားရတဲ့ ဝေဒနာတစ်ခုကို ဖြေဖျောက်နိုင်ဖို့ သူတစ်ယောက်တည်း နေပါရစေလို့ ဆိုပါတယ်။ အရင်မကြီးသာဆိုရင် ဘာဖြစ်တာလဲလို့ ကျွန်တော် မမေးရဲပါဘူး။ ဒါပေမယ့် ရင်းနှီးနေတဲ့ မင်းသမီးဖြစ်ခြင်းကြောင့် 'ဘုန်းတော်ကြီးလှတဲ့ မင်းသမီး ဘာဖြစ်

www.burmeseclassic.com



ဖြစ်လို့ပါလဲ။ ကျွန်တော် ဘာလုပ်ပေးလို့ရမလဲ'လို့ မေးမိပါတယ်။

မင်းသမီးက ပြုံးပါတယ်။ 'ပေါလ်ရယ်… လူတွေဟာ တစ်ချိန် မဟုတ် တစ်ချိန်မှာ ဒုက္ခရောက်ကြရတာပါပဲ'လို့လည်း ဆိုပါတယ်။ တွန့်လိမ်ကြေမွနေတဲ့ အင်္ကျီကို စန့်သွားအောင် ဆွဲချလိုက်ပြီး သူ့အခန်းထဲကို ဝင်သွားပါတယ်။ ဒီအချိန်မျိုးမှာ မင်းသမီးဟာ အနာဂတ်အင်္ဂလန်နိုင်ငံရဲ့ မိဖုရားလောင်း၊ ဝေလမင်းသမီး ဆိုတာထက် သာမန်အရပ်သူတစ်ဦးနဲ့ ပိုပြီးတူပါတယ်။

မင်းသမီးက တော်ရုံတန်ရုံကိစ္စမျိုးမှာ မျက်နှာမပျက်အောင် ထိန်းနိုင်သူ ဖြစ်ပါတယ်။ သူမ ချစ်ခင်မြတ်နိုးတဲ့ ဖခင်ကြီး အားလ်စပင်ဆာဟာ သူမ ဩစတြေးယားနိုင်ငံမှာ စကီးစီးနေတဲ့ မတ်လအတွင်းမှာ ကွယ်လွန်သွားခဲ့ပါတယ်။ အဲဒီလမှာပဲ ယောခ်မြို့စားနဲ့ မြို့စားကတော်တို့ရဲ့ ကွာရှင်းပြတ်စဲခြင်းကို ရွှေနန်းတော်ကြီးက ကြေညာခဲ့ပါတယ်။ အဲဒီပြီးတော့ တစ်ခါ ယောင်းမတော် အန်းမင်းသမီးက သူ့ကြင်ယာတော် မာ့ခ်ဖီလစ်နဲ့ ကွာရှင်းပြတ်စဲဖို့ကိစ္စတွေ စတင်ဆောင်ရွက်လာပါတယ်။ အဲဒီလို ရွှေနန်းတော်ကြီးအတွင်းက ကွာရှင်းပြတ်စဲမှု သတင်းတွေ အဆက်မပြတ် ပေါ်ထွက်လာချိန်မှာ မျက်လုံးအားလုံးက ချားလ်စ်နဲ့ ဒိုင်ယာနာတို့ အပေါ်ကို ရောက်ရှိလာခဲ့ကြပါတယ်။ သူတို့နှစ်ယောက် အတူတွဲပြီး အိန္ဒိယနိုင်ငံကို ချစ်ကြည်ရေးခရီး ထွက်ခွာစဉ်တုန်းက အဆင်မပြေဖြစ်ခဲ့ကြတာတွေက လူသိရှင်ကြား ဖြစ်လာခဲ့ပါတယ်။ အထူးသဖြင့် ကမ္ဘာကျော် တာ့ဂျ်မဟာလ် ချစ်နန်းဗိမာန်ရှေ့မှာ ဒိုင်ယာနာတစ်ယောက်တည်းပုံ ပေါ်ထွက်လာခြင်းက သူတို့အိမ်ထောင်ရေးအခြေအနေကို ပိုမိုဖော်ပြလာခဲ့ပါတယ်။

အဲဒါအပြင် ဂျာနယ်လစ်တစ်ဦး ဖြစ်တဲ့ အင်ဒရူးမော်တန်နဲ့ ပေါင်းပြီး ဒိုင်ယာနာက **Diana, Her True Story** ဆိုတဲ့စာအုပ် ထုတ်ဝေဖို့ စိုင်းပြင်းလာခြင်းကလည်း သူမရဲ့အတွင်းစိတ်ကို တစ်နည်းတစ်ဖုံ ဖော်ပြရာ ရောက်ခဲ့ပါတယ်။ ဒီစာအုပ်ရေးသားထုတ်ဝေဖို့ နှစ်တော်တော်ကြာကြာကတည်းက စီစဉ်ခဲ့တာပါ။ ဒါပေမယ့် ဒိုင်ယာနာ ကိုယ်တိုင်က လောဆော်မှု မရှိခဲ့တဲ့အတွက် နှောင့်နှေးနေခဲ့ခြင်းပါ။ အင်္ဂလန်နိုင်ငံက အပြန်မှာတော့ ဒိုင်ယာနာက အတွေးပြောင်းလာခဲ့ပါပြီ။

ဟိုင်းဂရုဗ်စံအိမ်ကို ပြန်ရောက်တဲ့အခါမှာ ကျွန်တော်က ဇနီးဖြစ်တဲ့ မာရီယာကို ဒိုင်ယာနာနဲ့ပတ်သက်ပြီး စိတ်ပူကြောင်း၊ ဒိုင်ယာနာက ကျွန်တော့်ကို သူနဲ့ပတ်သက်တဲ့ ကိစ္စတွေ ပွင့်ပွင့်လင်းလင်း ပြောခဲ့ကြောင်း၊ အဲဒါအပြင် သူမရဲ့ အမေသဖွယ်ဖြစ်နေတဲ့ သံအမတ်ကတော် လူစီယာနဲ့ မိတ်ဆက်ပေးမယ်လို့ ဆိုခဲ့ကြောင်းများ ပြောပြလိုက်ပါတယ်။ ကျွန်တော့်ဇနီး မာရီယာက မင်းသမီးနဲ့



ပတ်သက်ပြီး ကျွန်တော် စိုးရိမ်စိတ်များနေတာကို အကဲခတ်မိပါတယ်။ တကယ်တော့ ချားလ်စ်မင်းသားဟာ လူကောင်းတစ်ယောက်ပါ။ ဒိုင်ယာနာအပေါ်မှာ အကြင်နာတွေ မပေးနိုင်တော့တာက လွဲလို့ပေါ့။ ဟိုင်းဂရုဗ်စံအိမ်မှာ နေစဉ်ကာလအတွင်းမှာတော့ မင်းသမီးဟာ ကျွန်တော့်မျက်စိရှေ့မှောက်မှာ ဖြစ်တဲ့အတွက် ဘာဖြစ်နေတယ်ဆိုတာကို ကိုယ်တိုင်ကိုယ်ကျ သိနိုင်ပေမယ့် ကင်စတန်နန်းတော်မှာ သွားရောက်စံမြန်းတဲ့အခါမှာတော့ မင်းသမီး အဆင်မှပြေပါ့မလားဆိုတဲ့ စိုးရိမ်စိတ်တွေဟာ ကျွန်တော့်ရင်ထဲမှာ အပြည့်ပါပဲ။ ဒါကြောင့် တစ်ညမှာတော့ ကျွန်တော့်ဇနီးသည်က 'ပေါလ်… ရှင်ဟာ ဟိုင်းဂရုဗ်စံအိမ်မှာ တာဝန်ထမ်းဆောင်ရတဲ့ ဘဏ္ဍာစိုးတစ်ယောက်သာ ဖြစ်တယ်။ ရှင့်အနေနဲ့ စံအိမ်သခင်မဖြစ်တဲ့ မင်းသမီးနဲ့ ဒီလောက်ကြီး ရင်းနှီးပတ်သက်ဖို့ မကောင်းဘူး'လို့ ဆိုခဲ့ပါတယ်။

❑

www.burmeseclassic.com



တစ်ရက်မှာတော့ ဒိုင်ယာနာ ဟိုင်းဂရုဗ်စ်အိမ်ကိုရောက်လာချိန် ထမင်းစားခန်းထဲက သူ အင်မတန် မြတ်နိုးတဲ့ ၁၈၇၀ ပြည့်နှစ်က ဝေလမင်းသားဖြစ်ခဲ့သူ အဲလ်ဘတ်အက်ဒွပ်ရဲ့ ပန်းချီကားကြီးကို မတွေ့ရတော့တာကြောင့် မျက်ခုံးပင့်သွားပါတယ်။
ဒီပန်းချီကားကို ကင်စတန်နန်းတော်ထဲက သူ့အဝတ်လဲခန်းမှာ ပို့ထားဖို့ မင်းသားက အမိန့်ချမှတ်ခဲ့တာပါ။
မင်းသမီးကလည်း ကင်စတန်နန်းတော်မှာ ပြင်ဆင်မှုကိစ္စမှန်သမျှကို သူ့စိတ်တိုင်းကျ ကြံတော့တာပါပဲ။

## အခန်း (၇)
## ဆူးကြားက ဘူးခါး

၁၉၉၂ ခုနှစ် နွေရာသီမှာ ဟိုင်းဂရုဗ်စံအိမ်ရဲ့ ဥယျာဉ်ဝင်းအတွင်းက အသွေးအရောင်စုံတဲ့ ပန်းများလှပစွာ ပွင့်ဖူးလာကြသလို အိမ်တွင်းရေးကလည်း အရှုပ်အထွေးတွေနဲ့ စတင်လာပါတော့တယ်။ အပေါ်ယံအားဖြင့် တစ်ယောက်နဲ့တစ်ယောက် အပြုံးကလေးများနဲ့ ဣန္ဒြေမပျက် ဆက်ဆံနေကြပေမယ့် ရင်ထဲမှာတော့ တသွင်သွင် စီးဆင်းနေတဲ့ အမုန်းရေစီးကြောင်းများက ထက်သန်နေပါပြီ။ ကျွန်တော်တို့ ကမ္ဘာလေးရဲ့ ပြင်ပမှာ မီဒီယာများကလည်း ဝေလမင်းသား ဇနီးမောင်နှံရဲ့ အိမ်ထောင်ရေး ပျက်သုဉ်းတော့မှာကို သူတို့အမြင်များနဲ့ ရေးချင်သလို ရေးနေကြပါပြီ။ ဒီစံအိမ်အတွင်းမှာရှိနေတဲ့ ကျွန်တော်တို့ မင်းမှုထမ်းများမှာတော့ တာနယ်ဇင်းသမားများလို လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း ပြောခွင့်မရှိကြပါဘူး။ ဘယ်နေ့မှာ မိုးပြိုမလဲလို့ စောင့်နေကြရတဲ့ တစ်တီတူးငှက်များလိုပါပဲ။

ချားလ်စ်မင်းသားရဲ့ အပြုအမူတွေ သိသိသာသာ ပြောင်းလဲလာပါတယ်။ သူတစ်ယောက်တည်း အခန်းထဲမှာ အောင်းနေတဲ့အချိန်တွေ များလာတယ်။ တစ်ညမှာတော့ မင်းသား ညစာစားဖို့အတွက် ဧည့်ခန်းထဲက ရုပ်မြင်သံကြားစက်ရှေ့မှာ တစ်ယောက်စာ ပြင်ဆင်ပေးရပါတယ်။ စားပွဲခင်းပြီး စားသောက်ဖွယ်ရာတွေကို ကျွန်တော် ချနေတုန်းမှာပဲ မင်းသားက ကောက်ခါငင်ခါ မေးလိုက်ပါတယ်။

'ပေါလ် မင်း ဒီမှာနေရတာ ပျော်ရဲ့လား'တဲ့။

'ဟုတ်ကဲ့၊ ဘုန်းတော်ကြီးလှတဲ့ မင်းသား ကျွန်တော် ပျော်ပါတယ်'လို့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဟင်းပွဲများချပေးရင်း ဖြေလိုက်ပါတယ်။

'မာရီယာကော ပျော်ရဲ့လား'လို့ မင်းသားက ထပ်ဆင့်မေးလာပြန်ပါတယ်။ မမေးစဖူး အမေးထူးတဲ့ သူ့မေးခွန်းများကြောင့် ဒုတိယမေးခွန်းကို ဖြေဖို့တော့ ကျွန်တော် တော်တော် စဉ်းစားရပါတယ်။

'ဟုတ်ကဲ့၊ ကျွန်တော်တို့နှစ်ယောက်စလုံး ပျော်ပါတယ် မင်းသား'

'အေး ဒီလိုဆို ကောင်းတယ်။ မင်းစကားကြားရတာ ဝမ်းသာတယ်' လို့ ပြောပြီး ညစာကို စားနေပါတော့တယ်။

ကျွန်တော့်အခန်းကို ပြန်လာပြီး ဘာကြောင့်များ ဒီမေးခွန်းတွေ မေးပါလိမ့် လို့ တစ်ယောက်တည်း တွေးလို့မရနိုင်တာကြောင့် မင်းသားမေးတဲ့ မေးခွန်းများနဲ့ ပတ်သက်ပြီး မာရီယာ့ကို ပြောပြခဲ့ပါတယ်။ မာရီယာကတော့ ဒီလိုမေးတာဟာ မင်းသမီးနဲ့ ကျွန်တော်တို့ဇနီးမောင်နှံ အနေနီးလွန်းတာကြောင့် မေးတာပဲ ဖြစ်လိမ့်မယ်လို့ သုံးသပ်ပါတယ်။ 'မင်းသားအမြင်မှာတော့ ကျွန်မတို့ ဇနီးမောင်နှံက မင်းသမီးနဲ့ ရင်းနှီးလွန်းနေတယ် မဟုတ်လား။ မင်းသမီးက ရှင့်လုပ်ငန်းခွင်မှာ လာပြီး စကားပြောချင် ပြောနေတာလေ။ ပြီးတော့ ရှင်ကလည်း တစ်စတစ်စနဲ့ ကင်စတန်နန်းတော်က ဘဏ္ဍာစိုးဟာရိုးရဲ့နေရာကို အစားဝင်တော့မလို ဖြစ်နေပြီကိုး။ မင်းသမီးတစ်ကိုယ်တည်း ပြည်ပခရီး ထွက်တဲ့အခါမှာလည်း ရှင့်ကို ခေါ်တယ်။ ဒါတင်မကသေးဘူး။ မင်းသမီးက အားလပ်ရက်တွေမှာ ကျွန်မတို့ မိသားစုနဲ့ အတူ သူ့သားတွေကိုပါခေါ်ပြီး အလည်အပတ် သွားတတ်သေးတယ် မဟုတ်လား။ ၁၉၉၀ ပြည့်နှစ် ကျွန်မတို့မိသားစု ဒီအိမ်ကို ပြောင်းလာပြီးကတည်းက မင်းသမီးဟာ ကျွန်မတို့အတွက် သူစိမ်းဧည့်သည်မဟုတ်တော့ဘဲ အိမ်သားတစ်ပိုင်းလို ဖြစ်နေပြီလေ'လို့ မာရီယာက သူ့အမြင်ကို ပြောပြပါတယ်။ အဆင်မပြေ ဖြစ်နေတဲ့ မင်းသားနဲ့ မင်းသမီးကြားမှာ ကျွန်တော် တာဝန်ထမ်းဆောင်ရတာ တကယ်ကို အခက်ကြုံလာပါပြီ။ မင်းသားက ကျွန်တော့်ကို မင်းသမီးရဲ့လူလို့ မြင်ပြီး အမြင်မကြည်လင်မှာကိုလည်း စိုးရိမ်ရပါသေးတယ်။

မင်းသား ပြောမယ်ဆိုရင်လည်း ပြောချင်စရာပါ။ ဘာကြောင့်လဲဆိုတော့ မင်းသမီးက အိမ်တော်ထဲမှာနေတဲ့အချိန်ထက် ကျွန်တော်တို့အိမ်မှာ လာလည်နေတဲ့ အချိန်က ပိုများတတ်ပါတယ်။ တစ်ခါတလေမှာ ချားလ်စ်မင်းသားက သူ့ကြင်ယာ တော်ကို အိမ်မထဲမှာ ရှာမတွေ့ရင် ကျွန်တော်တို့အိမ်အထိ လိုက်လာပြီး 'ပေါလ်... မင်းသခင်မ မင်းတို့အိမ် ရောက်နေပြန်ပြီလား'လို့ မေးတတ်တဲ့အထိပါပဲ။



မင်းသမီးက တစ်ခါတလေမှာ ဥယျာဉ်ထဲ လျှောက်သွားပြီး သူ့စိတ်ကြိုက် ပန်းတွေကို လျှောက်ခူးပြီးတဲ့နောက် ကျွန်တော်တို့အိမ်နောက်ဖေး တံခါးပေါက် ဘက်ကို ရောက်လာတတ်ပါတယ်။ 'မာရီယာရေ... အထဲမှာ ရှိနေလား'လို့ ပါးစပ် က မေးရင်း နောက်ဖေးတံခါးကို တွန်းဖွင့်ဝင်လာတတ်ပါတယ်။ မာရီယာ ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ မီးဖိုခလုတ်ကိုဖွင့်ပြီး ကိုယ်တိုင် ရေနွေးအိုးတည်ကာ သူ့နဲ့ မာရီယာအတွက် ကော်ဖီနှစ်ခွက်ကို ကိုယ်တိုင် ဖျော်တတ်ပြန်ပါတယ်။ အမျိုးသမီးနှစ်ဦးက ကော်ဖီသောက်ရင် သကြားမပါဘဲ သောက်ကြတာပါ။ သား တော်နှစ်ပါးဖြစ်တဲ့ ဝီလျံနဲ့ဟယ်ရီ ကျွန်တော့်သားနှစ်ယောက်ဖြစ်တဲ့ အလက်ဇန္ဒားနဲ့ နစ်ခ်တို့ကတော့ တကယ့်ညီအစ်ကိုရင်းချာများသဖွယ် တတွဲတွဲ ရှိနေကြတာပါ။ မင်းသမီးက ကျွန်တော်တို့ မီးဖိုဆောင်ထဲ ရောက်လာပြီဆိုရင် ခြေထောက်က ဖိနပ်ကို ဆွဲချွတ်ပစ်လိုက်ပြီး ခြေဗလာကို တွဲလောင်းချကာ လွတ်လွတ်လပ်လပ် ထိုင်လေ့ ရှိပါတယ်။ အဲဒီအခါမျိုးမှာ သူ့ပါးစပ်က ကရားရေလွှတ် တတွတ်တွတ် ပြောတတ်တာကတော့ သူ့အိမ်ထောင်ရေးအကြောင်းများပါပဲ။ အိမ်ထောင်သည် ဘဝမှာ မပျော်တဲ့ ဒိုင်ယာနာရဲ့စကားတွေကို မာရီယာက နားထောင်နေရပေမယ့် ဘယ်တော့မှ ဝေဖန်ခြင်း၊ အကြံဉာဏ်ပေးခြင်း၊ တိုက်တွန်းခြင်းတို့ မပြုမိအောင် တော့ အထူးသတိထားရပါတယ်။ စဉ်းစားကြည့်မယ်ဆိုရင် မာရီယာဟာ အိမ်ထောင် တစ်ခု သာယာချမ်းမြေ့လာအောင် အကြံပေးနိုင်တဲ့ ပညာရှင်တစ်ယောက် မဟုတ် ပါဘူး။ သူဟာ ဘဏ္ဍာစိုးတစ်ယောက်ရဲ့ ဇနီးသည်သာ ဖြစ်ပါတယ်။ ဒါပေမယ့် ဟိုင်းဂရုဗ်စံအိမ်မှာတော့ မာရီယာဟာ ဝေလမင်းသမီးရဲ့ အရင်းနှီးဆုံး မိတ်ဆွေ တစ်ဦးလည်း ဖြစ်လို့နေပြန်ပါတယ်။

'မာရီယာ... ရှင် သိပ်ကံကောင်းတယ် သိလား။ ကျွန်မ လိုချင်တာက ရှင့်လိုဘဝမျိုးပေါ့။ နေစရာကောင်းတဲ့ အိမ်ကလေး ရှိတယ်။ ချစ်စရာကောင်းတဲ့ မိသားစုရှိတယ်'လို့ ဒိုင်ယာနာက မာရီယာ့ကို မကြာခဏ ပြောလေ့ရှိပါတယ်။ အဲဒီလိုအခါမျိုးမှာ ဒိုင်ယာနာ့မျက်ဝန်းမှာ မျက်ရည်တွေ ဝဲနေတတ်ပါတယ်။

ဒိုင်ယာနာက ကျွန်တော်တို့ မိသားစု ဆွေစဉ်မျိုးဆက်ကို ကောင်းကောင်း ကြီး သိနေပါတယ်။ ကျွန်တော့်မိဘနှစ်ပါး၊ မာရီယာ့မိခင်တို့ကို သိရုံသာမက ကျွန်တော့်ညီ ဂရေဟာမ်နဲ့ သူ့မိန်းမဂျိန်း၊ မာရီယာ့အစ်ကိုပီတာနဲ့ သူ့ဇနီး စူးတို့ အပါအဝင်ပေါ့။ ကျွန်တော်တို့အိမ်မှာ ဘယ်ဧည့်သည်ပဲရှိရှိ ဒိုင်ယာနာကတော့ ရှိုးတိုးရှန့်တန့် ဖြစ်မနေဘဲ သူ့ကိုယ်သူ အိမ်သားတစ်ယောက်လို ဆက်ဆံတတ်ပါ တယ်။ အိမ်တော်မှာ အမှတ်တရ အခမ်းအနား ကျင်းပနေတဲ့အချိန်မျိုးနဲ့ ကြုံကြိုက် နေရင် ကျွန်တော်တို့အိမ်မှာ ရောက်နေတဲ့ ဧည့်သည်များကိုလည်း အိမ်တော်ထဲက

www.burmeseclassic.com

www.burmeseclassic.com



ပွဲကို တက်ရောက်ဖို့ သူကိုယ်တိုင် ဖိတ်ကြားတတ်ပါတယ်။ ကျွန်တော့်ညီ ဂရေဟာမ် ဟိုင်းဂရုဖ်စံအိမ်မှာ ပထမဆုံးအကြိမ်အဖြစ် ဒိုင်ယာနာနဲ့ ဆုံစည်းခွင့်ရခဲ့တဲ့ အချိန်ကို ကျွန်တော် ဘယ်တော့မှ မေ့လို့ရတော့မှာ မဟုတ်ပါဘူး။ အဲဒီနေ့က ဂရေဟာမ်ဟာ စိတ်လှုပ်ရှားလွန်းလို့ သူ့မှတ်ဆိတ်ကို လေးကြိမ်တိတိ ရိတ်ခဲ့မိပါတယ်။ ဒိုင်ယာနာကိုတွေ့တော့ သူ့ကို တရင်းတနှီးနဲ့ သာမန်အရပ်သားတစ်ယောက်လို ဆက်ဆံတာတွေ့ရတော့ ဂရေဟာမ်မှာ အံ့သြလို့ မဆုံးပါဘူး။

မာရီယာရဲ့ မိခင်ဖြစ်တဲ့ ဘက်တီကတော့ ဒိုင်ယာနာ့နှလုံးသားမှာ ကမ္ဘည်းတင်ထားခြင်းခံရတဲ့ အမျိုးသမီးကြီးတစ်ဦးပါပဲ။ ဘက်တီကို ဒိုင်ယာနာက အင်မတန် ချစ်ပါတယ်။ ခရစ္စမတ်တစ်ရက်မှာ ကင်စတန်နန်းတော်ရဲ့ မင်းမှုထမ်းများအတွက် ပါတီလုပ်ပေးတော့ ဒိုင်ယာနာက ကျွန်တော်တို့မိသားစုကိုလည်း ဖိတ်ကြားခဲ့ပါတယ်။ အဲဒီနေ့က ထုံးစံအတိုင်း ကင်စတန်နန်းတော်ရဲ့ အဝင်ဝမှာ အိမ်ရှင်များဖြစ်ကြတဲ့ ဝေလမိသားစုတို့က ဆီးကြိုနှုတ်ဆက်နေကြပါတယ်။ ဝီလျံ၊ ဟယ်ရီတို့ကို နှုတ်ဆက်ပြီးရင် ဒိုင်ယာနာနဲ့ ချားလ်စ်တို့ကို နှုတ်ဆက်ရပါတယ်။ တစ်ခေါင်းလုံး ဖြူဖွေးနေတဲ့ဆံပင်၊ ပါဝါများမျက်မှန်ခပ်ကြီးကြီးကို တပ်ဆင်ထားတဲ့ အဘွားကြီးတစ်ယောက်ရဲ့ အလှည့်မှာတော့ ဒိုင်ယာနာက ရာဇဣန္ဒြေကို စောင့်စည်းခြင်း မပြုတော့ဘဲ ဖက်လှဲတကင်းနဲ့ အားရပါးရ နှုတ်ဆက်လိုက်တဲ့အပြင် အဘွားကြီးရဲ့ ဘယ်ညာပါးအစုံကို နမ်းလိုက်ပါသေးတယ်။

မင်းသားကတော့ သာမန်လက်ဆွဲနှုတ်ဆက်လိုက်ပြီး 'ဒီအဘွားကြီးက ဘယ်သူလဲ' လို့ ဒိုင်ယာနာ့ကို လှည့်မေးလိုက်ပါတယ်။

'အို... အဲဒါ ဘက်တီလေ' လို့ ဖြေလိုက်တော့ မင်းသားခမျာ အူကြောင်ကြောင်နဲ့ ဘက်တီဆိုတာ ဘယ်သူမှန်း မသိပါဘူး။ ဒီတော့မှ ဒိုင်ယာနာက 'မာရီယာရဲ့ အမေပေါ့' လို့ ဆက်ဖြေခဲ့ရပါတယ်။

တစ်ခါတုန်းကလည်း ဒိုင်ယာနာကိုယ်တိုင် ဘက်တီ့ဆီကို ဖုန်းဆက်ခဲ့ပါတယ်။ ဘက်တီက မြောက်ပိုင်းဝေလပြည်နယ်မှာ တစ်ယောက်တည်း နေတယ်ဆိုတာကို သူ သိထားတာကိုး။

'ဟယ်လို ဘက်တီ၊ ကျွန်မ ဒိုင်ယာနာပါ။ ဘာလုပ်နေသလဲ ဘက်တီ' လို့ မေးခဲ့ပါတယ်။ ဒီတော့ ဘက်တီကလည်း ရိုးရိုးသားသားပဲ 'အိပ်ရာပေါ်မှာ ထိုင်ပြီး စကားပြောနေတယ်လေ' လို့ ဖြေခဲ့သတဲ့။ ဘက်တီရဲ့ အဲဒီလို ရိုးသားတဲ့ အဖြေမျိုးကို ကြားရတိုင်း ဒိုင်ယာနာမှာ အူလှိုက်အသည်းလှိုက် ရယ်မောလေ့ ရှိပါတယ်။

အဲဒီနေ့က မင်းသမီး တယ်လီဖုန်းဆက်ရတဲ့ အကြောင်းရင်းကတော့ ဘက်



တီနေထိုင်ရာ လူအိုရုံမှာ ဒိုင်ယာနာက အနွေးစက် တပ်ဆင်ပေးထားတဲ့အတွက် အဆင်ပြေ မပြေ သိချင်လို့ ကိုယ်တိုင် ဖုန်းဆက်ခဲ့ခြင်းပါတဲ့။

၁၉၉၂ ခုနှစ်ရဲ့ တစ်ခုသောနေ့မှာတော့ မင်းသမီးရဲ့ အိပ်မက်တွေ အကောင်အထည် ပေါ်ခဲ့ပါတယ်။ ကက်သလစ်ဘာသာဝင် ဗိသုကာ ဘုရားဝတ်ပြုနိုင်ခွင့် ရရှိခဲ့ခြင်းပါပဲ။ အဲဒီနေ့က ဒိုင်ယာနာက ဘက်တီကို ဖုန်းဆက်ခဲ့ပါတယ်။ 'ဘက်တီ... ကျွန်မနဲ့အတူ မာသာထရီဇာကို တွေ့ဖို့လိုက်ခဲ့ပါလား' လို့ ဆိုပါတယ်။ ဒီတော့ ဘက်တီက 'ကျွန်မအနေနဲ့ အိန္ဒိယအထိ ဘယ်လိုက်နိုင်ပါ့မလဲ' လို့ ဖြေပြန်ပါတယ်။ အူလှိုက်သည်းလှိုက် ရယ်နေတဲ့ ဒိုင်ယာနာက 'ဘက်တီရယ်... အိန္ဒိယအထိ သွားဖို့မလိုပါဘူး။ အခု မာသာထရီဇာက လန်ဒန်ကို ၂၄ နာရီ လာနေလိမ့်မယ်။ အဲဒီအချိန်မှာ သွားတွေ့ကြတာပေါ့။ တကယ်လို့ ဘက်တီ့ကို တစ်ယောက်ယောက်က လိုက်မပို့နိုင်ခဲ့ဘူးဆိုရင် ကျွန်မဆီကိုရောက်အောင် တစ်ယောက်ယောက်ကို ခေါ်ခိုင်းလိုက်ပါ့မယ်' လို့ ဆိုခဲ့ပါတယ်။ အဲဒီနေ့က ဘက်တီ့ကို ဆွေမျိုးတစ်ဦးက ဟိုင်းဂရုဖ်စံအိမ်ရောက်အောင် ကားမောင်းပြီး လာပို့ပေးသွားတဲ့အတွက် မင်းသမီးနဲ့ ဆုံသွားပါတယ်။ သူတို့နှစ်ယောက်အတူ မာသာထရီဇာကို တွေ့ဖို့အတွက် လန်ဒန်မြို့က Kilburn ကို ထွက်ခွာသွားခဲ့ကြပါတယ်။ အဲဒီနေ့က အစီအစဉ်မှာ မာသာထရီဇာနဲ့အတူ သီလရှင် ၂၂ ပါး တို့လည်း ရှိနေကြပါတယ်။

မာသာထရီဇာက အပေါက်ဝကနေထွက်ပြီး ဒိုင်ယာနာကို ကြိုနေခဲ့တယ်။ သူတို့နှစ်ယောက် နှုတ်ဆက်ကြပြီးတဲ့နောက် ဒိုင်ယာနာက 'မာသာ့ကို ကျွန်မ မိတ်ဆွေတစ်ယောက်နဲ့ မိတ်ဆက်ပေးချင်ပါတယ်။ သူ့နာမည် ဘက်တီလို့ ခေါ်ပါတယ်' လို့ ပြောပြီး မိတ်ဆက်ပေးခဲ့ပါသတဲ့။ အဲဒါနဲ့ပတ်သက်ပြီး သတင်းစာများက ဘက်တီကို ဒိုင်ယာနာရဲ့ အပျိုတော်ကြီးအဖြစ် ရေးခဲ့ကြပါတယ်။

မာသာထရီဇာက သူတို့နှစ်ယောက်ကို နဖူးပြင်မှာနမ်းပြီး သုံးယောက်သား စန်းမဆောင်ထဲကို ဝင်ကြကာ စားပွဲဝိုင်းတစ်ခုမှာ ဝိုင်းထိုင် စကားပြောဖြစ်ကြပါတယ်။ သူတို့ပြောတဲ့ အကြောင်းအရာတွေကတော့ ဗြိတိန်နိုင်ငံမှာရှိတဲ့ အိုးမဲ့အိမ်မဲ့ ဆင်းရဲသားတွေအကြောင်း၊ ဆိုမာလီယာနိုင်ငံမှာ ဝေါ်ပြတ်များနာနေကြတဲ့ လူတွေအကြောင်းများပါပဲ။ အဲဒီအချိန်မှာ မာသာထရီဇာရဲ့ လက်ထဲမှာ တစ်စုံတစ်ခု ဆုပ်ကိုင်ထားပုံရပါသတဲ့။ သူ့လက်သီးဆုပ်ကို ဖြေပြလိုက်တဲ့အခါမှာတော့ မယ်တော်မာရီရဲ့ ပုံတော်ပါတဲ့ တံဆိပ်နှစ်ခုနဲ့ ပုတီးတစ်ကုံးကို တွေ့ရပါတယ်။ 'ကြိုက်တာယူ' လို့ မာသာထရီဇာက ဘက်တီကို ပြောလိုက်တော့ ဘက်တီက မယ်တော်ရဲ့ပုံပါတဲ့ တံဆိပ်ကို ယူလိုက်ပါတယ်။ ဒိုင်ယာနာကတော့ ပုတီးကုံးကို ယူလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။

ပုတီးကိုယူပြီးတော့မှ ဒိုင်ယာနာက ဘက်တီ့အနားကပ်ပြီး သူ ဘယ်လို စိပ်ရမယ်ဆိုတာ နားမလည်ဘူးလို့ ပြောတာကြောင့် ဘက်တီက သူ သင်ပေးမယ်၊ ဣန္ဒြေမပျက်နေလို့ ပြောခဲ့တာကြောင့် မာသာထရီဇာနဲ့ တွေ့စဉ်ကာလအတွင်းမှာ ဒိုင်ယာနာဟာ ဘက်တီရဲ့ ညွှန်ပြမှုအောက်မှာ လှုပ်ရှားခဲ့ရသူ ဖြစ်ခဲ့ပါတယ်။ သူတို့ သုံးယောက် ဘုရားရှိခိုးကျောင်းထဲကို ဝင်သွားကြချိန်မှာ သီလရှင်ကလေးများက စောင့်နေကြပါတယ်။ ဘက်တီက သူလှုပ်ရှားသလို လိုက်ပြီးလုပ်ဖို့ ဒိုင်ယာနာကို သတိပေးခဲ့ရပါသေးတယ်။

ဘက်တီ လုပ်သလို ရေစင်ခွက်ထဲကို လက်တစ်ချောင်းနှစ်လိုက်ပြီး နဖူးနဲ့ ပခုံးနှစ်ဖက်ကို ဒိုင်ယာနာလည်း တို့လိုက်ပါတယ်။ ပြီးတော့မှ ဖိနပ်မချွတ်ရသေးတာကို သတိရလို့ ကမန်းကတန်း ချွတ်ရတယ်။ မာသာထရီဇာ၊ ဘက်တီနဲ့ ဒိုင်ယာနာတို့သုံးယောက်သား သီလရှင်ကလေးများနဲ့အတူ ဘုရားရှိခိုးကြပါတယ်။ ဘက်တီရဲ့ ပြောပြချက်ကတော့ အဲဒီနေ့က ကြုံခဲ့ရတဲ့ အတွေ့အကြုံဟာ သူ့ဘဝအတွက် အင်မတန် ထူးခြားတာကြောင့် နောက်တစ်နေ့မနက် မိုးလင်းချိန်မှာ အိပ်မက်များ မက်နေခဲ့တာလားလို့ အောက်မေ့ခဲ့ပါသတဲ့။

၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာ အိန္ဒိယနိုင်ငံသို့ ဒိုင်ယာနာ ချစ်ကြည်ရေးခရီးသွားခဲ့ပြီးတဲ့နောက် ပြန်လာတဲ့အချိန်မှာ ဘက်တီ့ကို အထူးတလည် လက်ဆောင်ပေးခဲ့ပါတယ်။ အဲဒီလက်ဆောင်ကတော့ ကမ္ဘာ့မီဒီယာများ ရှေ့မှောက်မှာ မာသာထရီဇာကိုယ်တိုင် သူမကို ဆွဲပေးခဲ့တဲ့ ပန်းကုံးပါပဲ။ အဲဒီပန်းကုံးကို ဘက်တီက ဒီနေ့ထက်ထိ အမြတ်တနိုး သိမ်းထားဆဲပါ။

□

ချားလ်စ်မင်းသားကတော့ ကင်စတန်နန်းတော်ကို လုံးဝမသွားတော့ဘဲ ဟိုင်းဂရုဗ်စံအိမ်မှာသာ အချိန်ပြည့်နေလာပါတော့တယ်။ ဒါပေမယ့် ဒိုင်ယာနာကတော့ အားလပ်ရက်များမှာ ဟိုင်းဂရုဗ်စံအိမ်ကို ရောက်လာတတ်ပါတယ်။ ချားလ်စ်မင်းသားက ဟိုင်းဂရုဗ်စံအိမ်ရဲ့ အပြင်အဆင်ကအစ သူ့စိတ်တိုင်းကျ ပြင်လိုက်ပါတယ်။ ပြင်ဆင်ရေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်ပေးသူကတော့ အိမ်တွင်းအလှပြင်လုပ်ငန်း ဆရာလည်းဖြစ်၊ ကယ်မီလာပါကာဘိုးလ်စ်ရဲ့ မိတ်ဆွေလည်းဖြစ်တဲ့ ရောဘတ်ကိုင်းမ်ပါပဲ။ ဒိုင်ယာနာက ဟိုင်းဂရုဗ်စံအိမ်ကို စိမ်းနုရောင်နဲ့ အဝါရောင်ခြယ်ထားခဲ့တာကို ဒီနိုင်နာက အနီရဲရဲနဲ့ အညိုရောင် ပြောင်းပစ်လိုက်ပါတယ်။ ဒီလိုအရောင်ပြောင်းလိုက်တဲ့အတွက် အိမ်တော်ရဲ့အရောင်ဟာ မည်းညစ်



သွားသလိုပါပဲ။ မကြာခင်မှာပဲ မဟော်ဂနီရောင် အိမ်ထောင်ပရိဘောဂများလည်း ရောက်ရှိလာပါတယ်။ အိမ်တော်ရဲ့ခန်းမနံရံမှာ ချိတ်ဆွဲထားဖို့ ရောမ နာရီကြီး တစ်လုံးလည်း ရောက်ရှိလာပါတယ်။ ကြမ်းခင်းကော်ဇောမှအစ ခန်းဆီးလိုက်ကာများအဆုံးအားလုံးကို ပြောင်းပစ်တာပါ။ ဧည့်ခန်းမှာရှိတဲ့ မီးလင်းဖိုအပေါ်မှာ ချိတ်ဆွဲထားတဲ့ လော့ဒ်ဘိုင်ရွန်ရဲ့ ပန်းချီကားကိုလည်း ဖြုတ်ချလိုက်ပြီး ပြတိုက်ကို ပို့စေပါတယ်။ အဲဒီနေရာမှာ ဝင်ဆာနန်းတော် ပုံတူပန်းချီကားတစ်ခု ချိတ်ဆွဲစေပါတယ်။ တစ်စတစ်စ ချားလ်စ်မင်းသားက ဒိုင်ယာနာ စိတ်ကြိုက်ပြင်ဆင်ထားခဲ့တဲ့ အိမ်တော်ကို သူ့စိတ်ကြိုက် ပြင်ဆင်သွားခဲ့ပါတယ်။

တစ်ရက်မှာတော့ ဒိုင်ယာနာ ဟိုင်းဂရုဗ်စံအိမ်ကိုရောက်လာချိန် ထမင်းစားခန်းထဲက သူ အင်မတန် မြတ်နိုးတဲ့ ၁၈၇၀ ပြည့်နှစ်က ဝေလမင်းသားဖြစ်ခဲ့သူ အဲလ်ဘတ်အက်ဒ်ဝပ်ရဲ့ ပန်းချီကားကြီးကို မတွေ့ရတော့တာကြောင့် မျက်ခုံးပင့်သွားပါတယ်။ ဒီပန်းချီကားကို ကင်စတန်နန်းတော်ထဲက သူ့အဝတ်လဲခန်းမှာ ပို့ထားဖို့ မင်းသားက အမိန့်ချမှတ်ခဲ့တာပါ။

မင်းသမီးကလည်း ကင်စတန်နန်းတော်မှာ ပြင်ဆင်မှုကိစ္စ မှန်သမျှကို သူ့စိတ်တိုင်းကျ ကြိုတော့တာပါပဲ။ အိပ်ခန်းထဲမှာ ထားရှိတဲ့ ဗစ်တိုးရီးယားခေတ်က နှစ်ယောက်အိပ်ခုတင်ကြီးကို ဖယ်ရှားစေပြီး ဝင်ဆာနန်းတော်မှာရှိတဲ့ တော်ဝင်မိသားစုများပိုင် အသုံးအဆောင်ပစ္စည်းများ ထိန်းသိမ်းတဲ့နေရာကို ပို့စေပါတယ်။

□

၁၉၉၂ ခုနှစ် ဇွန်လ ၆ ရက် ကျွန်တော့် ၃၄ နှစ်မြောက် မွေးနေ့မနက်မှာ ဘုရင်မကြီးရဲ့ ကိုယ်ရေးအရာရှိ ဆာရောဘတ်ဖဲလိုးစ်က ကျွန်တော့်ကို ဖုန်းဆက်လာပါတယ်။ Sunday Times သတင်းစာကြီးမှာ အခန်းဆက်အဖြစ် ဖော်ပြမယ့် စာရေးဆရာ အင်ဒရူးမော်တန်ရဲ့ ဆောင်းပါးနဲ့ပတ်သက်ပြီး အသေးစိတ် အချက်အလက်တွေကို ဘုရင်မကြီးက သိလိုပါသတဲ့။ တကယ်တော့ ဘာကင်ဟမ်နန်းတော်မှာ နေ့မှ မှန်တိုင်းကျတာပါ။ ဟိုင်းဂရုဗ်စံအိမ်မှာတော့ မနေ့တုန်းကတည်းက ဒီမုန်တိုင်းက ကျခဲ့ပြီးပါပြီ။ ချားလ်စ်မင်းသားနဲ့ သူ့ကိုယ်ရေးအတွင်းရေးမှူး ရစ်ချတ်အိုင်းလတ်တို့က ဒီဆောင်းပါးမှာပါဝင်တဲ့ အသေးစိတ်အချက်အလက်တွေကို ရှာဖွေနေကြပါပြီ။

အဲဒီနေ့မနက်က မင်းသမီးက ကင်စတန်နန်းတော်မှာ ရှိနေပါတယ်။ ပထမဦးဆုံး သူမရဲ့ ကိုယ်ရေးလေ့ကျင့်ရေးမှူး ကာရိုလန်ဘရောင်းနဲ့ ရှိနေပြီး အဲဒီနောက်မှာတော့ သူမကို အလှအပပြုပြင်ပေးသူလည်းဖြစ်၊ မိတ်ဆွေတစ်ဦးလည်းဖြစ်တဲ့ အဲလင်း

www.burmeseclassic.com

www.burmeseclassic.com



မာလုံးနဲ့အတူ ရှိနေပါတယ်။ ထုံးစံအတိုင်း မင်းသမီးကို မျက်နှာပိုင်းဆိုင်ရာ အသား အရေ ကောင်းမွန်ဖို့ ပြုပြင်ပေးနေချိန် ဖြစ်ပါတယ်။

မင်းသမီးက အဲဒီလို အေးအေးဆေးဆေး ရှိနေပေမယ့် ဟိုင်းဂရုမ်စံအိမ်မှာတော့ ရှာကြဖွေကြ၊ ရေးကြသားကြနဲ့ ချွေးတွေ ပြန်နေကြပါပြီ။ ပထမဦးဆုံး မင်းသားက လော့ဒ်နဲ့လေဒီရွမ်ဆီတို့ရဲ့ Broadlands ကို Fax ပို့ပါတယ်။ သူ Fax ပို့တာက ကျွန်တော့်ရုံးခန်းထဲကနေ ပို့ရတာဖြစ်တဲ့အတွက် ဒီ Fax စာရွက်ကို မြင်လိုက်ကတည်းက မိုးမီးလောင်ပြီဆိုတာ ကျွန်တော် သဘောပေါက်လိုက်ပါပြီ။ အသံလွှင့်အင်တာဗျူးသမားဖြစ်တဲ့ အင်ဒရူးနီးလ်က အဲဒီတုန်းက Sunday Times သတင်းစာရဲ့ အယ်ဒီတာပါ။ သူက ဒိုင်ယာနာမင်းသမီးက သူ့ကို ရင်ဖွင့်ပြောကြားထားတဲ့ကိစ္စများကို စာအုပ်အဖြစ် တရားဝင်ရေးသားထုတ်ဝေခွင့် ပြုလိုက်ပြီလို့ အသံလွှင့် ပြောကြားလိုက်ပါတယ်။ ဒီစာအုပ်ဟာ သူ့ကို သစ္စာဖောက်တဲ့စာအုပ်ဖြစ်လိမ့်မယ်လို့ ချားလ်စ်မင်းသားက ယူဆပါတယ်။ ဒီစာအုပ်ကို Broadlands က ထုတ်ဝေမှာဖြစ်တဲ့အတွက် အဲဒီနေ့မနက်က တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် Fax တွေ ပို့ကြပါတယ်။ ကျွန်တော့်မှာ မင်းသားအပေါ်မှာလည်း သစ္စာစောင့်သိရ၊ မင်းသမီးအပေါ်မှာလည်း ကရုဏာသက်မိတဲ့အတွက် ဆူးကြားမှာသီးရတဲ့ ဘူးသီးလို ဘယ်ဘက်မှ မလှည့်သာတဲ့ ခေတ်လမ်း စတင်ပါတော့တယ်။

❑

တစ်ရက်မှာတော့ ကျွန်တော် တော်တော် ပင်ပန်းခဲ့ပါတယ်။ အဲဒီနေ့က မင်းသားက နေ့လယ်စာကို စံအိမ်အပြင်ဘက် နေခြည်နွေးနွေးမှာ ထွက်စားခဲ့ပြီး ညစာကိုတော့ ဧည့်ခန်းထဲမှာပဲ စားပွဲခင်းပြီး ပြင်ဆင်ပေးခဲ့ရပါတယ်။ ခပ်စောစော စားတာဖြစ်ပြီး ညစာစားပြီးတာနဲ့တစ်ပြိုင်နက် စံအိမ်နဲ့ ၂၂ မိုင်ဝေးတဲ့ မစ္စစ်ပါကာဘိုးလ်စ်ရှိရာ Middlewich House ကို သွားတော့တာပါပဲ။ ဒီနေ့တစ်နေ့လုံး တယ်လီဖုန်းက အဆက်မပြတ် လာနေတာပါ။ သူ ညစာစားပြီးလို့ ထွက်သွားချိန်မှာတော့ မြေပိုင်ရှင်တစ်ဦးဖြစ်တဲ့ ဂျယ်ရယ်လ်ဝပ်ဒ်က ဖုန်းဆက်လာပါတယ်။ မင်းသားနဲ့ မတွေ့တဲ့အတွက် သူ ဖုန်းဆက်ကြောင်း ပြောပေးဖို့ မှာထားခဲ့ပါတယ်။ သူနည်းတူ ဖုန်းဆက်တဲ့သူအားလုံးက ကျွန်တော့်ကို မှာသွားကြတာချည်းပါပဲ။ အဲဒီလိုမှာသွားသူတွေထဲမှာ မင်းသားရဲ့ ပြန်ကြားရေးအတွင်းဝန် ဒစ်ကီအာဘီတာလည်း ပါပါတယ်။ တယ်လီဖုန်းဆက်သူတွေ နာမည်ကို မှတ်သားပြီး ညစာစားသွားတဲ့ပစ္စည်းတွေကို သိမ်းဆည်းနေဆဲမှာပဲ တယ်လီဖုန်းက မြည်လာပြန်ပါတယ်။

'ဟယ်လို ပေါလ်… နေကောင်းရဲ့လား' မင်းသမီးရဲ့အသံကို ကျွန်တော်



ကြားလိုက်ရပါတယ်။ ကျွန်တော်က တစ်နေ့လုံး မအားရတဲ့အကြောင်း၊ ပြေးလွှားနေရတဲ့အကြောင်း ပြောလိုက်တော့ မင်းသမီးက ရယ်ပါတယ်။ 'ကျွန်မ လင်တော်မောင် အိမ်မှာမရှိဘူး မဟုတ်လား'လို့ မေးလာပြန်ပါတယ်။ မင်းသမီးက ကျွန်တော်တို့ မင်းမှုထမ်းများနဲ့ စကားပြောရင် သူ့ကြင်ယာတော်ကို ဘယ်တော့မှ 'ဘုန်းတော်ကြီးမြတ်လှသော'ဆိုတဲ့ နာမဝိသေသန ထည့်ပြောလေ့မရှိဘဲ သာမန်အရပ်သူတစ်ယောက်လို လင်တော်မောင်လို့ပဲ ပြောလေ့ရှိပါတယ်။

မင်းသမီးနဲ့ စကားပြောနေစဉ်အတွင်းမှာ နောက်ထပ်မေးခွန်းတွေ မမေးပါစေနဲ့လို့ ကျွန်တော် ဆုတောင်းနေမိပါတယ်။ မင်းသမီးက မင်းသားတစ်ပါးတည်း စံအိမ်မှာ စံနေစဉ် ဘယ်တော့မှ ဖုန်းဆက်လေ့ မရှိပါဘူး။ ဒီတစ်ကြိမ် ဖုန်းဆက်လာခြင်းက ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ အိမ်မှာမရှိဘူး မဟုတ်လားလို့ မေးလိုက်တဲ့အတွက် ကျွန်တော့်ခေါင်းထဲမှာ မေးခွန်းပေါင်းများစွာ မေးနေမိပါတယ်။ ဘယ်လိုဖြေရမလဲ။ လိမ်လိုက်ရမလား။ ကျွန်တော့်အနေနဲ့ မင်းသမီးကို လိမ်ညာဖို့ မစွမ်းသာပါဘူး။

ကျွန်တော် တွေးနေချိန်မှာပဲ မင်းသမီးက 'ပေါလ်… မရှိဘူး မဟုတ်လား' လို့ ခပ်ဆတ်ဆတ် မေးလာပါတော့တယ်။ ဘာပဲဖြစ်ဖြစ် အမှန်ကိုပဲ ဖြေမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ချလိုက်မိပါတယ်။ 'ဝမ်းနည်းပါတယ် မင်းသမီး။ ဘုန်းတော်ကြီးမြတ်လှသော မင်းသား အိမ်မှာမရှိပါဘူး။ အပြင်ထွက်သွားပါတယ်'လို့ပဲ ဖြေလိုက်ပါတယ်။

ကျွန်တော့်စကားမှာ ဖြောင့်ကွယ် ကွယ်တဲ့အနေနဲ့ အပြင်ထွက်သွားပါတယ်လို့ ပြောလိုက်မိပေမယ့် တကယ်တော့ အဲဒီအချိန်က ည ၈ နာရီအချိန် ရှိပါပြီ။ ဒါကိုသာ မင်းသမီး သတိထားမိပြီဆိုရင်တော့ မေးခွန်းတွေ ဆက်လာတော့မှာပဲ။ တကယ်တော့ ကျွန်တော် အဲဒီလို မဖြေသင့်ပါဘူး။

'အပြင်ထွက်သွားတယ် ဟုတ်လား။ ဘယ်ကိုသွားတာလဲ ပေါလ်' ထင်တဲ့အတိုင်း ထပ်ဆင့်မေးခွန်း ဝင်လာပါပြီ။

'ကျွန်တော် မသိပါဘူး မင်းသမီး'

'ရှင် သိပါတယ် ပေါလ်ရယ်။ ရှင်က စံအိမ်ထဲမှာ ဘယ်နေရာ ဘာဖြစ်တယ်ဆိုတာ အားလုံးသိတဲ့သူပဲ။ မှန်မှန် ဖြေစမ်းပါ။ သူ ဘယ်သွားတာလဲ'

မင်းသမီးက ကျွန်တော်နဲ့ အနေနီးသူ ဖြစ်တဲ့အတွက် သူ့အပေါ်မှာ ကျွန်တော် ဘယ်တော့မှ လိမ်ညာလေ့မရှိဘူးဆိုတာကို ကောင်းကောင်း သိပါတယ်။ လိမ်ညာမပြောခြင်းဟာ ကျွန်တော့်ဘဝရဲ့ ခွန်အားတစ်ရပ်ဖြစ်သလို အားနည်းချက်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



လို့လည်း ဆိုနိုင်ပါလိမ့်မယ်။ ခုတော့ ကျွန်တော့်မှာ တာဝန်နဲ့ သစ္စာစောင့်သိမှုကြားမှာ ညပ်နေပါပြီ။ ဒါကြောင့် မင်းသမီးကို ကျွန်တော် ဆက်ပြောလိုက်ရပါတယ်။ 'ကျေးဇူးပြုပြီး ကျွန်တော့်ကို ဒီထက်မမေးပါနဲ့ မင်းသမီးရယ်။ မင်းသမီးသိချင်တာကို မင်းသား ပြန်လာတဲ့အခါမှ မေးပါ။ ကျွန်တော့်ကို မမေးပါနဲ့' လို့ ဆက်ပြောလိုက်ခြင်းပါ။ ဒီလိုပြောလိုက်ရတဲ့အတွက် ကျွန်တော့်ရင်ထဲမှာ မကောင်းလှပါဘူး။ တကယ်လို့ မင်းသမီးကသာ မင်းသားကို မေးမယ်ဆိုရင် မင်းသားခမျာ အကျပ်အတည်း တွေ့နိုင်ပြီး မင်းသမီးနဲ့ ပြဿနာလည်း ဖြစ်နိုင်ပါတယ်။ တစ်ဖက်မှာ ကြည့်ပြန်တော့လည်း မင်းသမီးဆိုတာက ကျွန်တော့်အပေါ်မှာ အင်မတန်ကောင်းတဲ့ ကျေးဇူးရှင်တစ်ယောက် ဖြစ်နေပြန်ပါတယ်။

ကျွန်တော့်တောင်းပန်မှုကြောင့် မင်းသမီးက စကားလမ်းကြောင်း ပြောင်းသွားပါတယ်။ ဒါပေမယ့် သူ သိချင်တာကို လှည့်ပြီးမေးခြင်းသာ ဖြစ်ပါတယ်။

'ဒီနေ့ညနေ ဘယ်သူ ဖုန်းဆက်သေးသလဲ' တဲ့။

အမှန်အတိုင်း ပြောလိုက်ရင် အန္တရာယ်များတော့မှာပဲဆိုတာကို ကျွန်တော့်ဉာဏ် တစ်ထွာတစ်မိုက်နဲ့ မတွေးလိုက်မိပါဘူး။ ဒါကြောင့် ဒစ်ကီအာဘီတာနဲ့ ဂျယ်ရယ်လ်ဝပ်ဒ်တို့ ဖုန်းဆက်ကြကြောင်းနဲ့ ကျွန်တော့်ကို မှာသွားကြကြောင်း ပြောလိုက်မိပါတယ်။ ဒီလိုဖြေလိုက်ခြင်းအားဖြင့် သာမန်အားဖြင့် ကြည့်မယ်ဆိုရင်တော့ အပြစ်မရှိပါဘူး။ ဒါပေမယ့် မင်းသမီးအနေနဲ့ မင်းသားမရှိခိုက်မှာ ဘယ်သူတွေ ဖုန်းဆက်တယ်၊ မင်းသားမရှိဘူးဆိုတာကို တိတိကျကျ သူသိကြောင်း သက်သေပြနိုင်ဖို့ လက်နက်တစ်ခုကို ကျွန်တော် ပေးလိုက်မိသလိုပါပဲ။

'ကျွန်တော် ဘာမှမပြောပါရစေနဲ့ မင်းသမီး။ အခုလောက် ပြောမိတာကို တော်တော်လွန်သွားပါပြီ။ ကျွန်တော် ဒုက္ခရောက်သွားနိုင်ပါတယ်' လို့လည်း ပြောလိုက်ရပါသေးတယ်။

ဒီတော့ မင်းသမီးက ကျွန်တော့်အနေနဲ့ ဘာမှစိတ်ပူဖို့ မလိုကြောင်း ပြောပါတယ်။ ဒါပေမယ့် သူ့အသံမှာ တော်တော် ဒေါသထွက်နေတာကိုတော့ ကျွန်တော် ရိပ်မိလိုက်တဲ့အတွက် ပြဿနာ အကြီးအကျယ် ပေါ်တော့မှာပဲဆိုတာကို တွေးမိပြီး အဲဒီညက ကျွန်တော် အိပ်ရာဝင်ခဲ့ပေမယ့် အိပ်မပျော်တော့ပါဘူး။

ကျွန်တော့်မိန်းမက ကျွန်တော့်အပေါ်မှာ တော်တော်ရက်စက်ပါတယ်။ ကျွန်တော် ဘာ့ကြောင့်များ ပါးစပ်ပိတ်မထားနိုင်တာလဲလို့ အပြစ်တင်ပါတယ်။ 'ရှင် သူတို့နှစ်ယောက်ကြားမှာ ပြဿနာပေါ်နိုင်တယ်ဆိုတာ မသိဘူးလား။ ရှင့်ပါးစပ်ကို ပိတ်ထားသင့်တယ်' လို့ တဖျစ်တောက်တောက် ပြောနေတော့တာပါပဲ။



နောက်တစ်နေ့မနက် ကျွန်တော် တာဝန်ထမ်းဆောင်ဖို့ စံအိမ်တော်ကို ဝင်ခဲ့ရပေမယ့် စိတ်ကတော့ တထင့်ထင့်ပါပဲ။ မနက်ပိုင်းတစ်ပိုင်းလုံး ဘာပြဿနာမှ မရှိဘဲ အဆင်ပြေချောမွေ့နေတဲ့အတွက် စိတ်အေးသလိုလို ဖြစ်မိပါတယ်။ မင်းသမီးက မင်းသားကို ပြဿနာမရှာတာ တော်သေးရဲ့လို့ တွေးနေမိပါတယ်။ အဲဒီအချိန်မှာပဲ မင်းသားရဲ့ အမှုထမ်းတစ်ဦးဖြစ်တဲ့ မိုက်ကယ်ဖောဆက်က ကျွန်တော့်အခန်းထဲဝင်လာပြီး မင်းသားအခေါ်တော်ရှိတယ်လို့ ဆိုပါတယ်။ သူ့မျက်နှာကလည်း တစ်စုံတစ်ရာ ကြောက်ရွံ့ထိတ်လန့်နေပုံ ပေါ်ပါတယ်။ 'မင်းသားက ခင်ဗျားခုချက်ချင်းလာပါတဲ့။ သူ့ကို ကြည့်ရတာ တော်တော်ဒေါသထွက်နေပုံ ရတယ်' လို့လည်း ဆိုပါတယ်။

မိုက်ကယ်ရဲ့စကားမှ မဆုံးသေးခင် ကျွန်တော့်ကို အခေါ်ရှိတဲ့ မင်းသားထံမှ မီးနီခလုတ်ကလေးက လင်းလာပြန်ပါတယ်။ အခန်းထဲက ကမန်းကတန်း ထွက်လာချိန်မှာ အပေါ်ထပ် လှေကားထစ်ကို ခြေသံခပ်ပြင်းပြင်း နင်းပြီး ဆင်းလာတဲ့ မင်းသားရဲ့ခြေသံများကို ကြားရပါတယ်။ ပြီးတော့ စာကြည့်ခန်း တံခါးဖွင့်သံ၊ တံခါးကို ဆောင့်ပိတ်လိုက်တဲ့ အသံများလည်း တစ်ဆက်တည်း ကြားရပြန်ပါတယ်။ အသံကြားရုံနဲ့တင် သူ ဘယ်လောက် ဒေါသထွက်နေပြီဆိုတာ ရိပ်မိလိုက်တဲ့အတွက် ကျွန်တော့်နှလုံးခုန်သံ ပုံမှန်ဖြစ်သွားအောင် စက္ကန့်အနည်းငယ်လောက် စောင့်ဆိုင်းရပါသေးတယ်။ ကျွန်တော် အခန်းထဲကထွက်ပြီး စာကြည့်ခန်းတံခါးကို မဖွင့်ခင်မှာ အသက်ပြင်းပြင်း ရှုသွင်းလိုက်ပြီးမှ ဖွင့်လိုက်ပါတယ်။ အဆုံးစွန်တွေးလိုက်တာကတော့ ကျွန်တော့်အနေနဲ့ အလုပ်ပြုတ်သွားနိုင်တယ်ပေါ့။

ချားလ်စ်မင်းသားက စာကြည့်ခန်း အလယ်မှာရှိတဲ့ စားပွဲဝိုင်းကြီးဘေးမှာ ရပ်နေပြီး တံခါးဖွင့်ဝင်လာတဲ့ ကျွန်တော့်ကို မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးများနဲ့ ကြည့်နေပါတယ်။ ပြီးတော့မှ 'တံခါးပိတ်လိုက်' လို့ အမိန့်ပေးပါတယ်။

သူ့အမိန့်အတိုင်း တံခါးပိတ်ပြီးချိန်မှာတော့ ထိတ်လန့်တုန်လှုပ်မှုကို ထိန်းကာ 'အမိန့်ရှိပါ မင်းသား' လို့ လျှောက်ထားလိုက်ပါတယ်။

မင်းသားက အသက်ပြင်းပြင်းရှုပြီး ကျွန်တော့်ကို စိမ်းစိမ်းကြီး ကြည့်နေပြီးမှ 'ငါ အိမ်မှာမရှိတဲ့အချိန် ဘယ်ညွှေ့သည်တွေ လာတယ်၊ ဘယ်သူ ဖုန်းဆက်တယ်ဆိုတာကို မင်းသမီးက ဘာကြောင့် သိချင်ရတာလဲ။ အဲဒါကို မင်း သိသလား' လို့ မေးပါတယ်။

'ဘုန်းတော်ကြီးမြတ်လှသော မင်းသား မိန့်တော်မူနေတာ ဘာကြောင့်လဲဆိုတာကို ကျွန်တော်မျိုး မသိပါဘူး' လို့ ဘာမှမသိသယောင်နဲ့ လျှောက်ထားလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်။

'မင်းသမီးနဲ့မင်း ဒီအတောအတွင်းမှာ စကားပြောဖြစ်သလား ပေါလ်' မင်းသားရဲ့အသံမှာ ဒေါသကြောင့် တုန်ယင်နေတာကို ကျွန်တော် သတိထားမိပါတယ်။ ဒါကြောင့် မင်းသမီးနဲ့ မနေ့ညနေက စကားပြောဖြစ်ပါကြောင်း၊ မင်းသား အပြင်ထွက်သွားချိန်က ဖြစ်ပါကြောင်း လျှောက်ထားလိုက်ရပါတယ်။

'ဒီတော့ မင်းက မင်းသမီးကို ဘာတွေများ သံတော်ဦးတင်လိုက်သလဲ။ အတိအကျ ငါ သိချင်တယ်'

သူ့ဒေါသ အစွမ်းကုန်မြင့်နေပြီဆိုတာ ကျွန်တော် နားလည်လိုက်ပါတယ်။ ပေါက်ကွဲတော့မယ့် ဗုံးတစ်လုံး စနက်တံမီးလောင်နေပြီဆိုတာကိုလည်း ကျွန်တော် နားလည်လိုက်ပါတယ်။

'အရှင်မင်းသား အပြင်ထွက်သွားတယ်ဆိုတာကိုပဲ မင်းသမီးကို လျှောက်ထားလိုက်မိပါတယ်'လို့ ကျွန်တော်က ပုံမှန်အသံနဲ့ လျှောက်တင်လိုက်ပါတယ်။ ဒီအတိုင်းဆိုရင်တော့ ကျွန်တော့်ဘက်က အပြစ်လွတ်ပြီလို့ ထင်တာပေါ့။ ဒါပေမယ့် ကျွန်တော့်အသံ ဆုံးသွားချိန်မှာ မင်းသားမျက်နှာ နီရဲလာပါတယ်။

'ဘာဖြစ်လို့ အဲဒီလိုလျှောက်တာလဲ'

'အရှင်မင်းသား အပြင်ထွက်သွားလို့ အမှန်အတိုင်းပဲ သံတော်ဦးတင်ခဲ့တာပါ'

နီရဲနေတဲ့ သူ့မျက်နှာ ခရမ်းရောင်ဘက်ကို ပြောင်းသွားပါတယ်။ 'အဲဒါ အပြင်အိမ်တော်ကို ဘယ်သူတွေ ဖုန်းဆက်သေးတယ်ဆိုတာကိုလည်း မင်း သံတော်ဦးတင်လိုက်သေးတယ် မဟုတ်လား'

'အမှန်ပါ။ မစ္စတာဝပ်ဒ် ဖုန်းဆက်တယ်ဆိုတာကိုတော့ လျှောက်လိုက်မိပါတယ်။ ဒါမှလည်း မင်းသမီးအနေနဲ့ ကျွန်တော် အမှန်အတိုင်း လျှောက်တင်နေတယ်ဆိုတာကို ယုံမှာမို့ပါ'

ကျွန်တော့်စကားတွေက ဆီးသထက် ပိုဆိုးသွားဟန် တူပါတယ်။ မင်းသားမှာ သူ့ဒေါသကို တော်တော်ထိန်းချုပ်ထားရပုံရပြီး ကျွန်တော့် လျှောက်တင်မှုကိုလည်း မယုံနိုင်သလို ဖြစ်သွားပါတယ်။

'ငါကိုယ်တော်ကို စံအိမ်ထဲမှာ ရှာမတွေ့ဘူးလို့ မောင်မင်း ပြောလိုက်ရင်ကော မဖြစ်ဘူးလား'လို့ ဆိုတယ်။

သူ့စကားနဲ့ပတ်သက်ပြီး ကျွန်တော် အပြေးအလွှား စဉ်းစားလိုက်ပါတယ်။ ကျွန်တော့်ခံယူချက်ကို ကာကွယ်နိုင်မှသာ အပြစ်က လွတ်မယ်ဆိုတာကို ကျွန်တော် တွေးလိုက်မိတယ်။ ကျွန်တော့်အနေအထားက မင်းသားအပါးမှာ ခစားကြတဲ့



မိုက်ကယ်ဖောဆက်၊ ရစ်ချတ်အိုင်းလတ်တို့နဲ့ မတူပါဘူး။ သူတို့က မင်းသားလုပ်သမျှကို မင်းသမီးမသိအောင် ဝိုင်းဝန်းဖုံးဖိပေးနေကြသူတွေပဲ။

'အရှင်မင်းသား··· ကျွန်တော်မျိုးကို လိမ်ညာပြောခိုင်းနေတာလား'

ကျွန်တော့်လို မင်းမှုထမ်းတစ်ဦးက အိမ်ရှေ့မင်းသားတစ်ပါးကို သတ္တိ ပြောင်မြောက်စွာနဲ့ ပြန်လှန်မေးခွန်းထုတ်နေခြင်းက မဟာအမှားဖြစ်သွားခဲ့ပါတယ်။

'ဟုတ်တယ်၊ ဟုတ်တယ်။ ငါ မင်းကို လိမ်ခိုင်းနေတာ'လို့ အော်ဟစ်လိုက်တဲ့အပြင် စားပွဲပေါ်မှာရှိနေတဲ့ ရေဆေး ဆေးဘူးများနဲ့ နံ့ရုံကို ပစ်ပေါက်လိုက်ပါတယ်။ အဲဒါတင်မကသေးပါဘူး။ စားပွဲပေါ်က စာအုပ်တစ်အုပ်ကို ကောက်ကိုင်လိုက်ပြီး ကျွန်တော်ရှိရာကို လှမ်းပေါက်လိုက်ပါသေးတယ်။ စာရွက်တွေ လေထဲမှာ ပြန့်လွင့်ပြီး ကျွန်တော့်အနားကို ကျလာပေမယ့် ကျွန်တော့်ကိုတော့ မမှန်ပါဘူး။ မင်းသားအနေနဲ့ ကျွန်တော့်ကို နာကျင်စေတော့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပေါက်လိုက်ပုံ မရပါဘူး။ ထိချင်ရာ ထိစေတော့ဆိုပြီး ပေါက်လိုက်ခြင်းသာ ဖြစ်ပါလိမ့်မယ်။ ချားလ်စ်မင်းသားက ဒေါသထွက်ပြီဆိုရင် တွေ့ရာပစ္စည်းနဲ့ ပစ်ပေါက်တတ်တယ်ဆိုတာ ကျွန်တော်တို့ မင်းမှုထမ်းတွေကြားမှာ သတင်းကြီးလှပါတယ်။

'အေး··· ငါ မင်းကို လိမ်ခိုင်းတာ။ ငါက ဝေလမင်းသားပဲ။ တစ်နေ့မှာ ရှင်ဘုရင်ဖြစ်မယ့်သူလေ။ ဟုတ်တယ် ငါ လိမ်ခိုင်းတာ'လို့ သူ့မှာ ဩဇာအာဏာရှိကြောင်း ထပ်ဖန်တလဲလဲ အော်ဟစ်ရေရွတ်ရင်းနဲ့ ပေါက်ကွဲနေပါတော့တယ်။

ကျွန်တော် နေရာကနေ သွားလို့ရပြီလားလို့ မမေးရဲပါဘူး။ ကျွန်တော် ကိုယ်တိုင်လည်း ကြက်သေ သေနေသလို ရပ်မြဲနေရာမှာပဲ ရပ်နေမိပါတယ်။ သူ့ဒေါသပေါက်ကွဲမှုကို ကျွန်တော် အကြိမ်ကြိမ် ကြားခဲ့ဖူးပေမယ့် ကိုယ်တွေ့ တစ်ခါမှ မကြုံခဲ့ဖူးပါဘူး။ ဒီတစ်ကြိမ် နဖူးတွေ့ဒူးတွေ့ ကြုံလိုက်ရခြင်းပါ။ ကျွန်တော့်အခန်းထဲ ပြန်ရောက်တဲ့အထိ ရင်ထဲက တဒိန်းဒိန်း မြည်သံတွေက ငြိမ်မသွားသေးပါဘူး။ စားပွဲမှာထိုင်ပြီး လက်နှစ်ဖက်နဲ့ မျက်နှာကို အုပ်ရင်း 'ငါ ဘာကြောင့်များ ဒီလောက်မိုက်မဲမိပါလိမ့်'လို့ တွေးနေမိပါတယ်။

မိနစ်အတော်ကြာကြာ ကျွန်တော်တစ်ယောက်တည်း စိတ်ညစ်နေချိန်မှာပဲ မင်းသားခေါ်တဲ့ မီးနီကလေးက လင်းလာပြန်ပါတယ်။ စာကြည့်ခန်းထဲကနေ ခေါ်လိုက်တာပါ။ ကျွန်တော့်စိတ်ထင်တော့ အကြိမ်းအမောင်း ဒုတိယခန်း ဖွင့်ဦးမယ် ထင်ပါရဲ့။

စာကြည့်ခန်းတံခါးကိုဖွင့်ပြီး ကျွန်တော် ဝင်လိုက်ချိန်မှာ မင်းသားက စားပွဲမှာထိုင်နေပါတယ်။ တစ်ခန်းလုံးမှာလည်း ပန်းချီကားတွေကို ပြန့်ကြဲနေအောင်

www.burmeseclassic.com

www.burmeseclassic.com



လှန့်ပစ်ထားတာ တွေ့ရပါတယ်။ ဒေါသတွေ ပေါက်ကွဲထားတာပေါ့။ တကယ်တော့ ကျွန်တော့်အပြစ်တွေပါ။ ဒါပေမယ့် ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်လိုက်ချိန်မှာတော့ မင်းသားရဲ့ မျက်နှာပေါ်မှာ ဒေါသအရိပ်အယောင်ကို မတွေ့ရတော့ပါဘူး။

'ပေါလ်… တကယ်စိတ်မကောင်းပါဘူး။ စောစောက ပြောလိုက်ဆိုလိုက်မိတာတွေအတွက် တောင်းပန်ပါတယ်' လို့ ဆိုတယ်။

ကြမ်းပြင်ပေါ်မှာတော့ စောစောက ကျွန်တော့်ကို ပစ်ပေါက်လိုက်တဲ့ စာအုပ်ထဲက စာရွက်တွေက ပြန့်ကြဲနေဆဲပါ။ ဒါကြောင့် ကျွန်တော်က ကြမ်းပြင်ပေါ်မှာ ကျနေတဲ့ စာရွက်တွေကို တစ်ရွက်ချင်း လိုက်ကောက် စနစ်တကျ ထပ်ရင်း 'ကိုယ်တော့်အနေနဲ့ ကျွန်တော်မျိုးအပေါ်မှာ ဒေါသမပေါက်ကွဲဘူးဆိုရင် ဘယ်သူ့အပေါ်မှာ ပေါက်ကွဲလို့ရမှာလဲ ကိုယ်တော်' လို့ လျှောက်ထားလိုက်ပါတယ်။

မင်းသားက စားပွဲနားကကုလားထိုင်မှာ ခြေပစ်လက်ပစ် ထိုင်နေပါတယ်။ သူ့ကိုကြည့်ရတာ အားအင်ကုန်ခမ်းသွားပုံ ရပါတယ်။ ကျွန်တော့်ပြောစကားကို ခေါင်းညိတ်လိုက်ပြီး ကျွန်တော် ပြန်လို့ရပြီ ဖြစ်တဲ့အကြောင်း ခေါင်းဆတ်ပြလိုက်ပါတယ်။ ကျွန်တော်တို့နှစ်ယောက်ကြားမှာ ဘာမှမဖြစ်ခဲ့သလို ကျွန်တော် မျက်နှာထားနိုင်ပေမယ့် တကယ်တော့ နှစ်ယောက်စလုံး မှားခဲ့ကြတာပါ။ နောက်တစ်ကြိမ်မှာတော့ ဒီလိုမဖြစ်ရအောင် ကျွန်တော် သတိထားရပါတော့မယ်။

တကယ်တော့ ကျွန်တော့်အနေအထားက မင်းသားရော မင်းသမီးရဲ့ အမှုထမ်းဖြစ်နေတဲ့အတွက် နှစ်ယောက်စလုံးအပေါ်မှာ သစ္စာစောင့်သိရပါမယ်။ နှစ်ယောက်စလုံးကလည်း သူတို့အပေါ်မှာ ရာနှုန်းပြည့် သစ္စာစောင့်သိမှုကို လိုလားကြတဲ့အတွက် လက်ရှိအနေအထားမှာ ကျွန်တော်တို့က ဆူးကြားမှာ ရောက်နေတဲ့ ဘူးခါးများလိုပါပဲ။ ဘယ်ဘက်ကိုမှ မတိမ်းသာ မယိမ်းသာပါဘူး။ ဒီလိုမနေတတ်ဘူးဆိုရင် မင်းမှုထမ်းဘဝကနေ ထွက်လိုက်ဖို့သာ ရှိပါတယ်။ ဒီအတွေးကိုတော့ ကျွန်တော့်ဇနီး မာရီယာသိအောင် ဖွင့်ပြောလို့ မဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ မာရီယာက ကျေးလက်နေအိမ်လေးမှာ နေရတာကို အင်မတန် သာယာနေလို့ပါပဲ။

စာရေးဆရာ အင်ဒရူးမော်တန် ရေးခဲ့တဲ့ Diana, Her True Story စာအုပ်က ၁၉၉၂ ခုနှစ် ဇွန်လ ၁၆ ရက်နေ့မှာ ထုတ်ဝေဖြန့်ချီလိုက်ပါတယ်။ အဲဒီရက်ပိုင်းအတွင်း မင်းသမီးက တော်ဝင်မိသားစုများရဲ့ ပွဲတစ်ခုကို တက်ရောက်ဖို့ ကြုံလာပါတယ်။ မလွှဲမရှောင်သာဘဲ တက်ခဲ့ရတဲ့အချိန်မှာ အားလုံးရဲ့ မျက်လုံးစိမ်းတွေက သူ့ကို စားချင်ဝါးချင်သလို ကြည့်နေကြတာကို သူ သိပါတယ်။ ဒါပေမယ့် လူထောင်



သောင်းများစွာရဲ့ရှေ့မှာ နေနေကျဖြစ်တဲ့ မင်းသမီးကတော့ ဘာမှမဖြစ်သယောင်နဲ့ နေနိုင်ခဲ့ပါတယ်။ အဲဒီပွဲမှာ ဘယ်ဆွေတော်မျိုးတော်ကမှ သူ့ကို အဖက်လုပ် စကားမပြောကြတဲ့အပြင် သူ့မတ်တော်မောင် အင်ဒရူးကလည်း ဧည့်သည်တော်များထဲမှာ တစ်ဦးအပါအဝင် ဖြစ်နေတဲ့ ကယ်မီလာပါကာဘိုးလ်စ်နဲ့ ရယ်ရယ်မောမော စကားပြောနေတာကို လှမ်းမြင်လိုက်ရပါတယ်။ တကယ်ဆိုရင် ချားလ်စ်မင်းသားရဲ့ အိမ်ထောင်ရေးအခြေအနေဟာ ဒီအမျိုးသမီးကြောင့် ရှုပ်ထွေးနေမှန်းသိတဲ့ အင်ဒရူးအနေနဲ့ ကယ်မီလာနဲ့ ဒီလိုတွေးရောယှက်တင် မနေသင့်ဘူးလို့ ဒိုင်ယာနာက ယူဆပါတယ်။ တစ်နေ့ရာကို လှမ်းကြည့်လိုက်ပြန်တော့ ယောင်းမတော် အဲန်းမင်းသမီးက သူ့မရဲ့မိတ်ဆွေဟောင်းကြီးဖြစ်တဲ့ အင်ဒရူးပါကာဘိုးလ်စ် ဓာတ်ပုံရိုက်ပေးနေတာကို ကျေကျေနပ်နပ်ကြီး လက်ခံပြီး ကိုယ်ဟန်အနေအထားအမျိုးမျိုးနဲ့ လုပ်ပေးနေတာကိုလည်း တွေ့လိုက်ရပြန်ပါတယ်။ တကယ်ဆိုရင် အဲန်းမင်းသမီးကလည်း ချားလ်စ်မင်းသားနဲ့ ပတ်သက်နေတဲ့ ကယ်မီလာရဲ့ ခင်ပွန်းနဲ့ ဒီလိုမနေသင့်ဘူးလို့ ဒိုင်ယာနာက ယူဆပြန်ပါတယ်။

အဲဒီနှစ် နောက်ပိုင်းမှာတော့ အဲန်းမင်းသမီးက ဒိုင်ယာနာ့ဘက်က ရပ်တည်ပေးပြီး နှစ်သိမ့်စကားများလည်း ဆိုဖော်ရခဲ့ပါတယ်။

၁၉၉၂ ခုနှစ်မှာ အဲန်းမင်းသမီးက သူမရဲ့ခင်ပွန်းဖြစ်သူ ကပ္ပတိန် မာ့ခ်ဖိလစ်နဲ့ ကွာရှင်းပြတ်စဲပြီး ဗိုလ်မှူးကြီးတင်မ်လောရင့်စ်နဲ့ ချစ်ကျွမ်းဝင်ခဲ့ပါတယ်။ တင်မ်နဲ့ လက်ထပ်ပွဲဆင်နွှဲခဲ့ချိန်မှာ နန်းတွင်းက ထွက်လာတဲ့ စကားတွေကတော့ ဒိုင်ယာနာက အဲန်းမင်းသမီးကို ကဲ့ရဲ့ပြစ်တင်ခဲ့တယ်လို့ ဆိုတယ်။ အမှန်တော့ ဒီစကားတွေဟာ မှားယွင်းပါတယ်။ အဲန်းရဲ့လက်ထပ်ပွဲကို ဒိုင်ယာနာ မတက်ရောက်ခဲ့ခြင်းက သူတို့နှစ်ယောက် နားလည်မှုရှိခဲ့ကြလို့ပါပဲ။ အဲန်းရဲ့ လက်ထပ်ပွဲမှာ ဆွေတော်မျိုးတော်တွေ စုံကြမယ်၊ အဲဒီအချိန်မှာ ဒိုင်ယာနာ တက်ရောက်မယ်ဆိုရင် အားလုံးရဲ့မျက်ဝန်းတွေက သူ့ကို ပြစ်တင်တဲ့အကြည့်တွေနဲ့ ကြည့်ကြမယ်၊ အဲဒီအခါ ဒိုင်ယာနာအနေနဲ့ အနေရအထိုင်ရ ခက်လိမ့်မယ်လို့ ယူဆတာကြောင့် အဲန်းမင်းသမီးကိုယ်တိုင်က ဒီပွဲကို ဒိုင်ယာနာ တက်စရာမလိုဘူးလို့ နားလည်မှုပေးခဲ့ခြင်းကြောင့်ပါ။

ဆွေတော်မျိုးတော်များရဲ့ ပွဲအပြီးမှာ ဘုရင်မကြီးနဲ့ ကြင်ယာတော်တို့က ဝေလမင်းသားနဲ့ မင်းသမီးတို့ကို မျက်နှာစုံညီ တွေ့ဆုံကြဖို့ ဝင်ဆာနန်းတော်သို့ ဖိတ်ခေါ်ခဲ့ပါတယ်။ သူတို့လေးယောက် မျက်နှာစုံညီတွေကြတဲ့အချိန်မှာ အခြေအနေကတော့ အေးစက်တင်းမာနေခဲ့ပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီး မင်းသမီးက

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ပြန်ပြောပြရာမှာ 'မယ်တော်ကတော့ ကျွန်မပြောတာတွေကို နားထောင်ပါတယ်။ အဲဒီလို နားထောင်နေတဲ့အချိန် အတောအတွင်းမှာပဲ မယ်တော့်မျက်နှာက အိုစာသွားလိုက်တာ၊ ဒါတွေအားလုံးဟာ ကျွန်မအပြစ်တွေပဲ ထင်ပါရဲ့' လို့ ဆိုခဲ့ပါတယ်။

ဘုရင်မကြီးရဲ့ ကြင်ယာတော် ဖိလစ်မင်းသားကြီးကတော့ ခုလို တင်းမာနေကြခြင်းဟာ အင်ဒရူးမော်တန်ရဲ့ စာအုပ်ကြောင့် ဖြစ်တယ်လို့ ပြစ်တင်စကားဆိုခဲ့ပါသတဲ့။ သူက မင်းသမီးကို ခွေတော်မျိုးတော် အားလုံးက မင်းသမီးအနေနဲ့ ပြင်ပသူစိမ်းတစ်ယောက်ကို ခုလို အိမ်တွင်းရေးရာတွေ မပြောသင့်ဘူးလို့ ယူဆနေကြတယ်လို့ ဆိုပါတယ်။ မင်းသမီးကတော့ သူမအနေနဲ့ အင်ဒရူးမော်တန်ကို ဘက်လိုက်ပေးမ ပြောခဲ့တာ မဟုတ်ပါဘူးလို့ ငြင်းဆိုခဲ့ပါသတဲ့။

စာအုပ်ထွက်လာချိန်မှာ မင်းသမီးကို တော်ဝင်အသိုင်းအဝိုင်းက ဖယ်ကြဉ်သွားကြတာကြောင့် မင်းသမီးကို သူ့မိတ်ဆွေရင်းချာများကသာ ဖေးမခဲ့ကြရပါတယ်။ အဲဒီအချိန်မှာ မင်းသမီးရဲ့ ဖခင်ဖြစ်သူ ကွယ်လွန်စအချိန်ဖြစ်တာကြောင့် စိတ်အားငယ်နေချိန်လည်း ဖြစ်ပါတယ်။ ချားလ်စ်မင်းသားနဲ့ ပြန်လည်နီးစပ်ဖို့အရေး သူမကိုယ်တိုင်က မျှော်လင့်ချက် အနည်းငယ် ရှိခဲ့ပေမယ့် အင်ဒရူးရဲ့ စာအုပ်က အချိန်ကိုက်ဆိုသလို ထွက်လာတာကြောင့် မျှော်လင့်ချက်အားလုံးဟာ ပျက်သုဉ်းသွားခဲ့ရပါတယ်။

အင်ဒရူးရဲ့ စာအုပ်ကြောင့် အခြေအနေတွေက ဆိုးဝါးနေချိန်မှာပဲ ရေနစ်ရာ ဝါးကူထိုးသလို အဖြစ်မျိုး နောက်ထပ် ဆက်တိုက်ပေါ်လာပြန်တာကတော့ ဘီဘီစီ သတင်းဌာနမှ ဒိုင်ယာနာနဲ့ အင်တာဗျူး ထုတ်လွှင့်လိုက်ခြင်းပါပဲ။ မင်းသမီးက အင်ဒရူးနဲ့ စာအုပ်ထုတ်ခြင်း၊ ဘီဘီစီနဲ့ အင်တာဗျူးလုပ်ခြင်းတို့ဟာ သူမအနေနဲ့ ချားလ်စ်နဲ့ အခြေအနေကို အမှန်အတိုင်း ပြည်သူတွေ သိရအောင် လုပ်လိုက်ခြင်း ဖြစ်တယ်လို့ ဆိုပေမယ့် ကျွန်တော့်အမြင်မှာတော့ မင်းသမီးက တစ်ကမ္ဘာလုံးမှာ ရှိတဲ့ သူ့ကိုချစ်တဲ့သူများထံမှ ကူညီမှုကို တောင်းခံလိုက်ခြင်း ဖြစ်တယ်လို့ မြင်ပါတယ်။ ဒါပေမယ့် ဘယ်သူမှ မကူညီနိုင်ခဲ့ကြပါဘူး။ အထူးသဖြင့် သူမ ကူကယ်စေလိုသူဖြစ်တဲ့ ချားလ်စ်မင်းသားထံမှ ကယ်တင်မှုကို လုံးဝ မရတော့ခြင်းပါပဲ။ အဲဒီအခြေအနေမှာလည်း ဒိုင်ယာနာကတော့ ချားလ်စ်ကို ချစ်နေဆဲပါ။ တခြားဘာတွေပဲဖြစ်ဖြစ် မင်းသမီးက ခွင့်လွှတ်နိုင်ပေမယ့် ကယ်မီလာနဲ့ကိစ္စကိုတော့ ရှင်းရှင်းလင်းလင်း ရှိစေချင်ခဲ့ပါတယ်။

သူ့ဘက်က ဘာတွေပဲလုပ်လုပ် ချားလ်စ်မင်းသားက အရေးမစိုက်တော့တဲ့



အဆုံးမှာ ဒိုင်ယာနာက ယောက္ခမများထံကို ဝင်ရောက်ပြီး ချားလ်စ်ကို ပျော့ပျောင်းလာအောင် သူ့အနေနဲ့ ဘယ်လိုမှ လုပ်ဆောင်လို့ မရနိုင်တော့တဲ့အကြောင်း လျှောက်ထားခဲ့ပါတယ်။ ဒါကြောင့် လင်မယား ကွာရှင်းပြတ်စဲခြင်းသာ အကောင်းဆုံးနည်းလမ်း ဖြစ်လိမ့်မယ်လို့ ယူဆကြောင်းကိုလည်း လျှောက်ထားခဲ့ပါတယ်။ ကွာရှင်းပြတ်စဲမှု မရသေးခင်မှာ ခွဲခွာနေထိုင်ခြင်းအားဖြင့် သူမအနေနဲ့ လွတ်လပ်ရေးကိုလည်း ရချင်ခဲ့ပါတယ်။

ဘုရင်မကြီးနဲ့ မင်းသားကြီးတို့ကတော့ ကွာရှင်းပြတ်စဲလိုတဲ့ကိစ္စကို ဘာတစ်ခုမှ ဝေဖန်သုံးသပ်ခြင်း မရှိခဲ့ကြပါဘူး။ နှစ်ဦးနှစ်ဖက် ပြေလည်အောင် ညှိနှိုင်းဆောင်ရွက်ကြပါလို့သာ မိန့်ကြားခဲ့ကြပါတယ်။ အနာဂတ်မှာ ဗြိတိန်နိုင်ငံရဲ့ ဘုရင်နဲ့ မိဖုရား ဖြစ်လာကြမယ့် သူတို့ဇနီးမောင်နှံအနေနဲ့ တိုင်းပြည်အတွက်၊ သားတော်များအတွက်၊ ပြည်သူလူထုအတွက် အစစ ထောက်ထားပြီး ညှိနှိုင်းကြပါလို့လည်း တိုက်တွန်းခဲ့ပါတယ်။ ဝင်ဆာနန်းတော်မှာ ယောက္ခမများရှေ့ မျက်နှာစုံညီ တွေ့ခွင့်ရတုန်း ဒိုင်ယာနာက ကယ်မီလာပြဿနာကို ပွင့်ပွင့်လင်းလင်း ပြောခွင့်ရတဲ့အတွက် သူမအနေနဲ့ ကျေနပ်အားရမှုရှိတယ်လို့ ကျွန်တော့်ကို ပြောပြဖူးပါတယ်။ 'ကျွန်မအနေနဲ့ ဒီပြဿနာကို စာအုပ်ထဲမှာ ပြောခဲ့ရုံသာမကဘူး။ ယောက္ခမတွေ ရှေ့မှာပါ ပွင့်ပွင့်လင်းလင်း ပြောခွင့်ရလိုက်တဲ့အတွက် ကျေနပ်တယ်' လို့ ဆိုတယ်။

အင်ဒရူးရဲ့စာအုပ် ထွက်လာပြီးတဲ့ နောက်မှာ ဒိုင်ယာနာဘက်က တိုးတက်မှုတစ်ခု ရလိုက်တာကတော့ အစားအသောက်မမှန်တဲ့ သူမရဲ့ရောဂါ ပျောက်သွားခြင်းပါပဲ။

ဝင်ဆာနန်းတော်မှာ မျက်နှာစုံညီ တွေ့ကြပြီးတဲ့နောက် နောက်နေ့များမှာ ထပ်ပြီးဆုံကြဖို့ ဘုရင်မကြီးက မိန့်တော်မူခဲ့ပါတယ်။ ဒါပေမယ့် ဒိုင်ယာနာကတော့ မသွားတော့ပါဘူး။ အဲဒီရက်ပိုင်းအတွင်းမှာ သူမ တက်ရောက်ရမယ့် ဆွေတော်မျိုးတော်များရဲ့ မျက်နှာစုံညီပွဲများကိုလည်း မတက်ဘဲ ရှောင်နေခဲ့ပါတယ်။ ဒါဟာလည်း နန်းတွင်းလေကို ရှိုးဖောက်ခြင်းဖြစ်တယ်လို့ သုံးသပ်ခြင်း ခံရပါတယ်။

မျက်နှာစုံညီ ညှိနှိုင်းကြဖို့ ဖိတ်ကြားထားတာကို မလာရောက်နိုင်တော့တဲ့အကြောင်း ဒိုင်ယာနာက အကြောင်းကြားလိုက်တဲ့စာကို ဖတ်ပြီးချိန်မှာတော့ ဖိလစ်မင်းသားကြီးက အကြီးအကျယ် စိတ်ဆိုးပါတယ်။ သူတို့အနေနဲ့ အချိန်ပေးပြီး ဆောင်ရွက်နေပါလျက်နဲ့ ဒိုင်ယာနာဘက်က ပျက်ကွက်တာကိုလည်း အပြစ်တစ်ခုလို့ မြင်ခဲ့ပါတယ်။

ဟာကယ်တော့ ဒိုင်ယာနာဘက်က ခံစားရတာက ဆွေတော်မျိုးတော်များသာ

www.burmeseclassic.com

www.burmeseclassic.com



တက်ရောက်ရမယ့် ပွဲတော်မှာ ကယ်မီလာ တက်ရောက်လာခြင်းကို နာကြည်းပြီး သူ့ရင်ထဲမှာ ဝေဒနာ ပြင်းပြင်းထန်ထန် ခံစားလိုက်ရတာကြောင့် ဝင်ဆာနန်းတော်မှာ မနေတော့ဘဲ သူမရဲ့စံအိမ်ရှိရာ ကင်စတန်နန်းတော်သို့ ပြန်သွားခဲ့ခြင်းပါ။ အဲဒီလို ပျက်ကွက်ခြင်းက ယောက္ခမတော် ဖိလစ်မင်းသားကြီးနဲ့ ဒိုင်ယာနာတို့ကြားမှာ ကွာဟသွားစေတဲ့ အချက်တစ်ချက် ဖြစ်လာခဲ့ပါတယ်။

အများအမြင်မှာ ချားလ်စ်နဲ့ ဒိုင်ယာနာတို့ အိမ်ထောင်ရေးကို ဘုရင်မကြီးနဲ့ ကြင်ယာတော်တို့က လျစ်လျူရှုထားတယ်လို့ ဆိုကြပေမယ့် လက်တွေ့မှာတော့ သူတို့ဇနီးမောင်နှံက ချားလ်စ်တို့ ဇနီးမောင်နှံ လူသိရှင်ကြား ခွဲခွာနေထိုင်ခြင်း မဖြစ်ရအောင် ရင်ကြားစေ့ပေးဖို့ ကြိုးစားခဲ့ကြပါတယ်။ ဘုရင်မကြီးနဲ့ ကြင်ယာတော်တို့ဟာ သားတော်၊ သမီးတော်များရဲ့ အိမ်ထောင်ရေးကိစ္စမှာ ဝင်ရောက်စွက်ဖက်ခြင်း ပြုလေ့ပြုထ မရှိခဲ့ပေမယ့် ချားလ်စ်နဲ့ဒိုင်ယာနာ ကိစ္စမှာတော့ သူတို့နှစ်ဦးဟာ အိမ်ထောင်ရေး အတိုင်ပင်ခံများလိုတစ်မျိုး၊ မိဘနှစ်ပါးလိုတစ်သွယ် ဝင်ရောက်ခဲ့ကြပါသေးတယ်။ ဒိုင်ယာနာမင်းသမီးကလည်း သူ့ယောက္ခမတော် ဝင်ရောက်ရင်ကြားစေ့ပေးခြင်းကို တတ်နိုင်သမျှ နာခံခဲ့ပါတယ်။ ဒါနဲ့ပတ်သက်လို့ မင်းသမီးက ‘ဘယ်မိန်းမကများ ကိုယ့်အိမ်ထောင်ရေးကိစ္စကို လင်ယောကျ်ားနဲ့ မညှိနှိုင်းဘဲ ယောက္ခမနဲ့ ညှိနှိုင်းတာ ရှိခဲ့ဖူးပါသလဲ။ ကျွန်မအဖြစ်ကတော့ အဲဒီလိုဖြစ်နေပြီ’ လို့ ဆိုခဲ့ပါတယ်။

မိဘနှစ်ပါးက ဘာတွေပဲပြောပြော ချားလ်စ်နဲ့ ဒိုင်ယာနာတို့ အခြေအနေကတော့ ညှိနှိုင်းဖြေရှင်းလို့ မရနိုင်အောင်ရှိခဲ့ပြီး မျက်နှာချင်း မဆိုင်နိုင်လောက်အောင် ဖြစ်လာခဲ့ကြပါတယ်။

တော်ဝင်မိသားစုတွေရဲ့ ဘဝထဲကိုဝင်ပြီး ဒီအသိုင်းအဝိုင်းထဲမှာ နေရခြင်းဟာ ဘယ်လောက်ခက်တယ်ဆိုတာကို ကိုယ်တွေ့ ကြုံခဲ့ဖူးတဲ့ ဖိလစ်မင်းသားကြီးက ဒိုင်ယာနာမင်းသမီးပေါ်မှာ နားလည်မှု အပြည့်ပေးခဲ့ပါတယ်။ ဒါကြောင့်လည်း သူ့အနေနဲ့ ကြားဝင်ခြင်း ဖြစ်ပါလိမ့်မယ်။ အဲဒီအခြေအနေမှာ သတင်းသမားများနဲ့ ဒိုင်ယာနာရဲ့ ဆက်သွယ်မှုက များပြားလာပြီး အိမ်ထောင်ရေးသတင်းတွေ ရေးသား ဖော်ပြလာကြတဲ့အတွက် ဖိလစ်မင်းသားကြီးက ဒိုင်ယာနာကို ပြစ်တင်ဝေဖန်တဲ့ စာတွေ ရေးသားပေးပို့ခဲ့ပါတယ်။ မင်းသားကြီး ရေးသမျှစာတွေကို ဒိုင်ယာနာက ဖျောက်ဖျက်ခြင်းမပြုဘဲ စနစ်တကျ ဖိုင်တွဲထားခဲ့ပါတယ်။ အဲဒါအပြင် စာများကို မိတ္တူကူးပြီး သူမရဲ့ ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေများထံ ပို့ထားခဲ့ပါသေးတယ်။ သူမရဲ့ အနီးဆုံးမိတ်ဆွေဖြစ်တဲ့ ရုပ်မြင်သံကြား အင်တာဗျူးဆရာ မာတင်နဲ့ ကျွန်တော့်



ကိုတော့ မူရင်းတွေပြခဲ့တာပါ။

□

အဲဒီမူရင်းတွေကို ၁၉၉၃ ခုနှစ်မှာ ကျွန်တော် မြင်တွေ့ခွင့် ရခဲ့တာဖြစ်ပြီး မာတင်ကတော့ ၁၉၉၅ ခုနှစ်မှာ တွေ့ ခွင့်ရခဲ့ပါတယ်။ အဲဒီနေ့တုန်းက ကျွန်တော်က မင်းသမီးနဲ့အတူ ကင်စတန်နန်းတော်ရဲ့ လှေကားထစ်များမှာ ထိုင်နေတာပါ။ အဲဒီကာလတုန်းက စာတွေရေးပြီးတာ တစ်နှစ်လောက်ရှိပြီ ဖြစ်ပေမယ့် မင်းသမီးကတော့ စာထဲမှာပါတဲ့ အကြောင်းအရာများနဲ့ ပတ်သက်ပြီး ပြန်ဖတ်တိုင်း လက်မခံနိုင်တဲ့ ဟန်နဲ့ ခေါင်းတယမ်းယမ်း ရှိနေဆဲပါ။ အဲဒီစာတွေမှာ မှုသားအပြည့်နဲ့ ဖြစ်ပြီး အဓိပ္ပာယ်မရှိတာတွေလည်း ဖြစ်ခြင်းကြောင့်ပါပဲ။ ဒီစာတွေနဲ့ပတ်သက်ပြီး နောင်မှာ သတင်းစာများက ဒိုင်ယာနာရရှိခဲ့တဲ့ အောက်တန်းအကျဆုံး စာတွေပဲလို့ ဖော်ပြခဲ့ကြပါတယ်။ ကျွန်တော် မှတ်မိသလောက် ပြန်ပြောရရင် မင်းသားကြီး ဖိလစ်က ဒိုင်ယာနာမင်းသမီးကို ဧကရာဇ်စနစ် ပျက်သုဉ်းအောင် တိုက်ဖျက်နေသူလို့ မစွပ်စွဲခဲ့ပါဘူး။ အဓိကကတော့ အင်ဒရူးမော်တန် ရေးသားလိုက်တဲ့ စာအုပ်မှာ ဖော်ပြချက်များမှာ သူ့သားရဲ့ ဂုဏ်သိက္ခာနဲ့ မိသားစုဂုဏ်သိက္ခာကို ကျဆင်းစေတယ်လို့ ယူဆခြင်းသာ ရှိပါတယ်။ အင်ဒရူးမော်တန်ရဲ့ စာအုပ်ထွက်လာချိန်မှာ မင်းသားကြီးက တစ်အုပ်လုံးကို တစ်မျက်နှာချင်း သေသေချာချာ ဖတ်ရှုလေ့လာတာကို ကျွန်တော် သိခဲ့ပါတယ်။ ဒီစာအုပ်ကို ဖတ်ပြီးချိန်မှာ မင်းသားကြီးဘက်က တစ်စုံတစ်ခု မှတ်ချက်ချတာတော့ ရှိမှာပေါ့။ ရေးသားဖော်ပြချက်များအရဆိုရင် မင်းသားကြီးနဲ့ ဘုရင်မကြီးတို့ဟာ ဒိုင်ယာနာအပေါ်မှာ ရက်စက်ကြတယ်လို့ မြင်စရာ ရှိပါတယ်။ ဒါပေမယ့် ဒိုင်ယာနာ တစ်ယောက်တည်း သွားရောက်ခဲ့တဲ့ နိုင်ငံတကာ ခရီးစဉ်များရဲ့ အောင်မြင်မှုကိုလည်း မင်းသားကြီးက ချီးမွမ်းလေ့ရှိတယ်လို့ ဖော်ပြထားတာကြောင့် တစ်နည်းအားဖြင့်တော့ ချွေးမတော်ကို မင်းသားကြီးက ဗြိတိန်ပြည်သူလူထုကြား အောင်မြင်မှုရအောင် စွမ်းဆောင်နိုင်သူရယ်လို့တော့ လက်ခံထားပုံရပါတယ်။ အဲဒီမှတ်ချက်ကိုက ဒိုင်ယာနာရဲ့ အတ္တမာနကို ထိပါးစေခဲ့ပါတယ်။ ချားလ်စ်မင်းသားရဲ့ ဇနီးအဖြစ် ဒီမိသားစုထဲကို ဝင်ရောက်လာစဉ်ကတည်းက သူလေးစားခဲ့တဲ့ ပုဂ္ဂိုလ်ကြီးက သူ့ကို ‘ဟီးရိုး’ ဖြစ်အောင် လုပ်တာပါဆိုတဲ့ မှတ်ချက်က အသည်းဆတ်ဆတ်ခါ နာစေခဲ့ပါတယ်။

ပိုပြီးဆိုးတာကတော့ ဖိလစ်မင်းသားကြီးက ချားလ်စ်မင်းသားနဲ့ ဒိုင်ယာနာတို့ရဲ့ အိမ်ထောင်ရေးမှာ အဓိက ဖြစ်ပွားနေတဲ့ ပြဿနာကတော့ တစ်ယောက်နဲ့ တစ်ယောက် မနာလိုသဝန်တိုခြင်း ကင်ဆာရောဂါပဲ ဖြစ်တယ်လို့ ချမှတ်လိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်ပါပဲ။ ဒီမှတ်ချက်ဟာ သူမကို တိုက်ခိုက်မှုသာ ဖြစ်တယ်လို့ ဒိုင်ယာနာက ယူဆပါတယ်။ အဲဒါအပြင် သားတော်ကြီးဖြစ်တဲ့ ဝီလျံမင်းသားကို မွေးဖွားလိုက်ပြီးချိန်မှာ ဒိုင်ယာနာဟာ ပိုပြီးမောက်မာလာတယ် ဆိုခြင်းကလည်း ဒိုင်ယာနာအတွက် ခံရခက်စေပါတယ်။ ဘဏ္ဍာစိုးတစ်ယောက်အနေနဲ့ ကျွန်တော့်အမြင်ပြောရမယ်ဆိုရင် မင်းသမီးကလည်း ချားလ်စ်မင်းသားအပေါ်မှာ အမြဲတစေ သဝန်တိုစိတ် ရှိတတ်ပါတယ်။ ဥပမာအားဖြင့် အိမ်တော်ကနေ ချားလ်စ် ပျောက်သွားတယ်ဆိုရင် ဘယ်ရောက်နေသလဲဆိုတဲ့ မေးခွန်းမျိုး ကျွန်တော့်ကို မေးတာမျိုးပေါ့။ ဒါကို ဖိလစ်မင်းသားကြီးက ဒိုင်ယာနာဟာ သူ့သားအပေါ်မှာ သံသယစိတ် အမြဲရှိနေတဲ့ မိန်းကလေးဖြစ်တယ်လို့ သုံးသပ်ပါတယ်။ ဒီအချက်နဲ့ပတ်သက်ပြီး ဒိုင်ယာနာက ပြန်ပြောတာကတော့ 'တကယ်လို့ ချားလ်စ်ကသာ အစကတည်းက ကျွန်မအပေါ်မှာ ရိုးသားဖြောင့်မတ်ခဲ့တယ်ဆိုရင် ကျွန်မအနေနဲ့ ဘာမှ သံသယဖြစ်စရာ မလိုပါဘူး' တဲ့။

ခင်ပွန်းသည်ဖြစ်သူက ရည်းစားဟောင်းနဲ့ ပြန်ပြီး အဆက်အသွယ် ဖြစ်နေတယ်ဆိုတာဟာ မိန်းမတစ်ယောက်အတွက် ခံရခက်စေတဲ့ကိစ္စ ဖြစ်တယ်ဆိုတာကိုလည်း အငြင်းပွားဖွယ်ရာ မရှိပါဘူး။

ချားလ်စ်မင်းသားရဲ့ လှုပ်ရှားမှုများကို ဒိုင်ယာနာက သံသယရှိသလို ဒိုင်ယာနာအပေါ်မှာလည်း ချားလ်စ်မင်းသားက သံသယ ရှိမရှိဆိုတာကိုတော့ ကျွန်တော် သိခွင့်မရခဲ့ပါဘူး။ တစ်ယောက်နဲ့တစ်ယောက် သံသယကိုယ်စီ ရှိနေခြင်းကြောင့်လည်း ချားလ်စ်မင်းသား၊ မင်းသားကြီးဖိလစ်နဲ့ ဒိုင်ယာနာတို့ကြားမှာ နားလည်မှုလွဲစရာတွေ တစ်ဆင့်ပြီးတစ်ဆင့် ပေါ်ပေါက်လာစေခဲ့ပါတယ်။ မင်းသမီးဘက်က ချားလ်စ်ဟာ ဇနီးသည်ကို လျစ်လျူရှုတဲ့ လင်ယောကျ်ားလို့ မြင်သလို မင်းသားဘက်ကလည်း ခင်ပွန်းသည်အပေါ်မှာ ဂရုမစိုက်တဲ့ မိန်းမလို့ မြင်လာပါတယ်။ သားတော်နှစ်ပါး မွေးလာပြန်တော့လည်း ဒိုင်ယာနာဘက်က မိခင်မေတ္တာနဲ့ ရင်အုပ်မကျွာစောင့်ရှောက်တာဖြစ်ပေမယ့် တစ်ဖက်ကအမြင်မှာတော့ ကလေးတွေအပေါ်မှာ ကြီးစိုးလွှမ်းတယ်လို့ မြင်လာခဲ့ပြန်ပါတယ်။ ကျွန်တော့်အမြင်မှာတော့ ဒိုင်ယာနာဟာ သူ့သားတော်များကို သိမ်မွေ့ညင်သာတဲ့ မေတ္တာနဲ့ မြတ်နိုးမှုကိုပေးပြီး သားများအတွက်ဆိုရင် ၂၄ နာရီလုံး အဆင်သင့်ရှိနေတဲ့ မိခင်တစ်ယောက် ဖြစ်ပါတယ်။ ရက်သတ္တပတ် ကုန်ဆုံးတဲ့ စနေ၊ တနင်္ဂနွေတိုင်း သားတော်များကို သူတို့ရဲ့ ဖခမည်းတော်နဲ့ တွေ့ရအောင် ဟိုင်းဂရုဗ်စံအိမ်ကို ပို့ဆောင်ပေးတာလည်း ဒိုင်ယာနာဘက်က မပျက်ကွက်စေခဲ့ရပါဘူး။ တော်ဝင်မိသားစုများရဲ့ အသိုက်အဝန်းမှာ သားတော်၊ သမီးတော်များကို ထိန်းကျောင်း ယုယပြုစုခြင်းဟာ ကလေးထိန်းများရဲ့ အလုပ်သာ ဖြစ်ပါတယ်။ မိခင်များရဲ့ အလုပ်မဟုတ်ပါဘူး။ ဒီအစဉ်အလာကို တော်လှန်ပြီး ဒိုင်ယာနာကတော့ သူ့သားတော်များကို ရင်အုပ်မကျွာ စောင့်ရှောက်နေခြင်းက တော်ဝင်အသိုက်အဝန်းမှာ မျက်စိနောက်စရာ ဖြစ်ခဲ့ဟန်တူပါတယ်။



ဖိလစ်မင်းသားကြီး ရေးသားလိုက်တဲ့ စာထဲမှာ သူ့သားတော်ရဲ့ အမြှောင်မယားကို အပြစ်မတင်တဲ့အပြင် ဒိုင်ယာနာအနေနဲ့ ချားလ်စ်မင်းသားက ကာလအတန်ကြာအောင် ကယ်မီလာပါကာဘိုးလ်စ်ကို လျစ်လျူရှုထားခြင်းကို ကျေးဇူးတင်ရမယ်လို့ ရေးသားလိုက်ခြင်းပါပဲ။ ဒီအချက်က ဒိုင်ယာနာကို ဆတ်ဆတ်ခါနာစေခဲ့ပါတယ်။ ပိုပြီးဆိုးတဲ့အချက်တစ်ခုကတော့ သူ့သားတော်ဟာ ကယ်မီလာကို ကာလအတန် ကြာအောင် ပစ်ပယ်နိုင်ခဲ့ပြီး ယခုမှ ပြန်လည် ဆက်သွယ်ခြင်းဟာ ဒိုင်ယာနာအနေနဲ့ သားတော် ကျေနပ်လောက်အောင် မဆောင်ရွက်နိုင်ခြင်းကြောင့် ဖြစ်လိမ့်မယ်ဆိုတာကို သတိထားသင့်တယ်လို့ ရေးသားလိုက်ခြင်းပါပဲ။ ဒီအချက်က ဒိုင်ယာနာရဲ့ အရိုက်ကို ထိုးသွင်းလိုက်သလိုပါပဲ။

အိမ်ကမိန်းမ အသုံးမကျလို့ ဖောက်ပြန်ခြင်းဖြစ်တယ်လို့ စွပ်စွဲခံလိုက်ရခြင်းအပေါ် ဒိုင်ယာနာခမျာ သွေးပွက်ပွက်ဆူအောင် ဒေါသဖြစ်ခဲ့ပါတယ်။ ကျွန်တော်နဲ့ စကားပြောနေတဲ့အချိန်မှာ ဒီစာရခဲ့တာ တစ်နှစ်ကျော်ကြာခဲ့ပြီ ဖြစ်ပေမယ့် မကျေနိုင်မချမ်းနိုင် ရှိနေဆဲပါပဲ။

□

၁၉၉၂ ခုနှစ်မှာတော့ ဟိုင်းဂရုဗ်စံအိမ်မှာ ဒိုင်ယာနာကို တွေ့ရခဲ ဖြစ်ခဲ့ပါပြီ။ သူတို့အိမ်ထောင်ရေးဟာလည်း ပြိုကွဲသလောက်နီးနီး ရှိနေပါပြီ။ အဲဒီနှစ် နွေဦးပေါက်မှာ ဖိလစ်မင်းသားကြီးနဲ့ အဆက်အသွယ်တော့ ရှိခဲ့ပါတယ်။ ဖိလစ်မင်းသားကြီးက ဒိုင်ယာနာ့ဆီ ရေးလိုက်တဲ့ စာတစ်စောင်မှာ 'အေး... ပြီးခဲ့တဲ့စာမှာတုန်းက ခမည်းတော် ရေးလိုက်တာ နည်းနည်းပြင်းသွားတယ် ထင်တယ်' လို့ ခဲ့တယ်။ ဒီစာကျတော့ မင်းသားကြီးက ချားလ်စ်နဲ့ ဒိုင်ယာနာတို့ရဲ့ အိမ်ထောင်ရေး ပြိုကွဲလုနီးပါး ဖြစ်နေခြင်းဟာ နှစ်ယောက်စလုံးမှာ တာဝန်ရှိသလို နှစ်ယောက်လုံးရဲ့ ခေါင်းမာမှုကြောင့်လည်း ဖြစ်တယ်လို့ သုံးသပ်ပြန်ပါတယ်။

ဒီစာမှာတော့ မင်းသားကြီးဘက်က အတွေးအခေါ် ပြောင်းလာသလို မင်းသမီးကလည်း သူ့ယောက္ခမတော်အပေါ်မှာ အမြင်ပြောင်းလာပါတယ်။ သူ ဘာတွေပဲရေးနေနေ လေးစားမှုရှိရမယ်ဆိုတာကို ဒိုင်ယာနာက လက်ခံလာပါတယ်။ ပထမစာကို ဒိုင်ယာနာက ဆတ်ဆတ်ထိမခံ တုံ့ပြန်ရေးသားခဲ့ပေမယ့် ဖိလစ်မင်းသားကြီး

www.burmeseclassic.com

www.burmeseclassic.com



ထံမှ ပြန်လာတဲ့ စာမှာတော့ သူ့ချွေးမတော်အပေါ် နွေးထွေးမှုရှိလာသလို ကြင်နာမှုနဲ့အတူ မှုမှုတတ တွေးခေါ်မှုတွေလည်း ပါဝင်လာပါတယ်။ ဒါကြောင့် ဒိုင်ယာနာ့ဘက်က ၁၉၈၀ ခုနှစ်များရဲ့ အလယ်ပိုင်းလောက်ကတည်းက စတင်ခံစားခဲ့ရတဲ့ စိတ်ဆင်းရဲမှု ဝေဒနာတွေကို မျှဝေခံစားပေးဖို့ ဝင်ဆာနန်းတော်မှ တစ်စုံတစ်ယောက်တော့ သူ့ဘက်မှာ ရပ်တည်လာပြီလို့လည်း ယူဆလာခဲ့ပါတယ်။ သူ့ယောက္ခမတော်များနဲ့ ဝင်ဆာနန်းတော်မှာ မျက်နှာစုံညီ ပြောခဲ့ကြစဉ်တုန်းက ဒိုင်ယာနာ ပြောသမျှကို ခါးခါးသီးသီး ငြင်းခဲ့ကြပေမယ့် ခုတော့လည်း သူ့ဘက်မှာ ရှိလာပြီလို့ ဒိုင်ယာနာက ယူဆခဲ့ပါတယ်။ ကျန်တဲ့ တော်ဝင်မိသားစုများကတော့ ဒိုင်ယာနာ ရင်ဖွင့်သမျှကို နားထောင်လေ့မရှိဘဲ သွေးရူးသွေးတန်းပြောနေတဲ့ မိန်းမလို့ ယူဆနေကြဘာပါ။

ဒိုင်ယာနာရဲ့ မှတ်တမ်းများကို သူမ ကွယ်လွန်ပြီးတဲ့နောက် ပြန်လည်လေ့လာကြတဲ့အခါမှာ မင်းသမီးဟာ စိတ်ပိုင်းဆိုင်ရာမှာ ဝေဒနာခံစားနေရတယ်ဆိုတာကို လက်ခံလာခဲ့ကြပါတယ်။ တော်ဝင်မိသားစုများရဲ့ အကြောင်းအရာများကို ရေးသားလေ့ရှိတဲ့ စာရေးဆရာ ပင်နီကျူနာက ၁၉၉၈ ခုနှစ်မှာ ဒိုင်ယာနာ ပြောပြချက်ကို ရေးသားထုတ်ဝေခဲ့တဲ့ Charles: Victim or Villain? စာအုပ်ကို လေ့လာပြီး ဒိုင်ယာနာဟာ ၁၉၈၀ ခုနှစ်များအတွင်းကတည်းက စိတ်ဝေဒနာကို စတင်ခံစားနေရသူဖြစ်တယ်လို့ သုံးသပ်မှတ်ချက်ချခဲ့ပါတယ်။

ဒိုင်ယာနာ မင်းသမီးရဲ့ဘဝဟာ ကမ္ဘာ့မီဒီယာများရဲ့ မျက်မှောက်မှာ မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုခြင်းခံခဲ့ရတဲ့ဘဝ ဖြစ်ပါတယ်။ သာမန်အရပ်သူတစ်ယောက်ဘဝကနေ နေ့ချင်းညချင်း အိမ်ရှေ့မိဖုရား ဖြစ်လာခဲ့ရတဲ့အတွက် သူ့ဘဝမှာ လွတ်လပ်မှုတွေလည်း ချုပ်ငြိမ်းခဲ့ရပါတယ်။

ကျေးဇူးတင်စရာ ကောင်းတာတစ်ခုကတော့ အီဒင်ဘာရာမြို့စားကြီး မင်းသားကြီး ဖိလစ်က မင်းသမီး ခံစားရတဲ့ အစားအသောက်မမှန်တဲ့ ဝေဒနာကြောင့် မင်းသမီးရဲ့ တချို့အပြုအမူများဟာ ထူးခြားနေတယ်ဆိုတာကို လက်ခံခဲ့ခြင်းပါပဲ။ မင်းသားကြီးက ရောဂါကြောင့် ဖြစ်ပေါ်လာတဲ့ အပြုအမူများဖြစ်လို့ ဒိုင်ယာနာအပေါ်မှာ အပြစ်မယူသင့်ဘူးလို့ သုံးသပ်ခဲ့ပါတယ်။ ဒီသုံးသပ်ချက်ဟာ မင်းသမီးအတွက် စိတ်သက်သာရာ ရစေခဲ့ပါတယ်။ နှစ်ပေါင်းများစွာ ခံစားခဲ့ရတဲ့ အိမ်ထောင်ရေး ဝေဒနာများကိုလည်း မင်းသားကြီးက ခံစားနားလည်မှု အပြည့်နဲ့ ဒိုင်ယာနာ ပြောသမျှကို လက်ခံနားထောင်ပေးတာလည်း ရှိခဲ့ပါတယ်။ ဒိုင်ယာနာ သက်ရှိထင်ရှားရှိစဉ်တုန်းက မင်းသားကြီးနဲ့ ရံဖန်ရံခါ မပြေလည်မှုတွေ ရှိခဲ့ပေ



မယ့် ပြေလည်တဲ့အချိန်က များခဲ့ပါတယ်။ ဒါပေမယ့် ဒိုင်ယာနာ ကွယ်လွန်ပြီးနောက် ရေးသားထုတ်ဝေကြတဲ့ စာအုပ်များမှာတော့ ဒိုင်ယာနာနဲ့ မင်းသားကြီးတို့ အဆင်မပြေခဲ့ကြပာန် ရေးသားခဲ့ကြတာက များပါတယ်။

ဒိုင်ယာနာအနေနဲ့ စိတ်သက်သာရာရစေခဲ့တဲ့ အချက်တစ်ခုကတော့ မင်းသားကြီးနဲ့ ဇနီးဖြစ်သူ ဘုရင်မကြီးတို့နှစ်ဦးစလုံးက ဒိုင်ယာနာတို့ အိမ်ထောင်ရေးမှာ နှစ်ဦးနှစ်ဖက် ပြေလည်အောင် အပေးအယူ လုပ်နိုင်ကြမယ်ဆိုရင် ဒီအိမ်ထောင် မပြိုကွဲဘဲ ပြန်လည်ချစ်ကြည်နိုင်ကြလိမ့်မယ်လို့ ယုံကြည်ခဲ့ကြခြင်းပါပဲ။ မင်းသားကြီးဟာ သူတို့နှစ်ဦး ပြန်လည်သင့်မြတ်ဖို့ အကြိမ်ပေါင်းများစွာ ကြိုးစားညှိနှိုင်းပေးခဲ့ဖူးပါတယ်။ ဒီကျေးဇူးကိုလည်း ဒိုင်ယာနာ သက်ရှိထင်ရှားရှိစဉ်တုန်းက မကြာခဏဆိုသလို ထုတ်ဖော်ပြောခဲ့ဖူးပါတယ်။ ဒိုင်ယာနာ့ရင်ထဲမှာ ချားလ်စ်မင်းသားနဲ့ပတ်သက်ပြီး ခါးသီးမှုတွေ၊ ဒေါသတွေ ရှိနေပေမယ့် ချစ်စိတ်က မပြယ်ပါဘူး။ အဲဒါအပြင် တစ်နေ့နေ့မှာတော့ သူ့ဆီကို စိတ်ပြန်လည်လာလိမ့်မယ်လို့လည်း မျှော်လင့်ခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်မှာတော့ သူတို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးဟာ အေးစက်သည်ထက် အေးစက်လာခဲ့ပြီး အပြီးအပိုင် လမ်းခွဲရတော့မယ့် အခြေအနေကို ရောက်နေခဲ့ပါပြီ။ တော်ဝင်မိသားစုများ အသိုက်အဝန်းကလည်း သူတို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးဟာ သေဆုံးသွားပြီလို့ ခန့်မှန်းကြသလို တော်ဝင်မိသားစုများရဲ့ အကြောင်းများကို ရေးကြတဲ့ စာရေးဆရာများကလည်း ဒီလိုပဲ သုံးသပ်ခဲ့ကြပါတယ်။ ဒါပေမယ့် ဒိုင်ယာနာကတော့ သူတို့အိမ်ထောင်ရေးဟာ လုံးဝသေဆုံးသွားခြင်း မရှိသေးဘဲ မျောနေခြင်းသာ ဖြစ်တယ်လို့ ယုံကြည်နေဆဲပါ။ တစ်နေ့နေ့မှာ မျောနေရာကနေ ပြန်လည်ရှင်သန်လာဦးမယ်လို့လည်း မျှော်လင့်ခဲ့ပါတယ်။

မင်းသားကြီးရဲ့ စာထဲမှာပါဝင်တဲ့ စကားလုံးတချို့ကြောင့် ဒိုင်ယာနာ မျက်ရည်ကျခဲ့ရတာ ရှိသလို ရယ်ခဲ့ရတာတွေလည်း ရှိပါတယ်။ သူ့ယောက္ခမတော်ကြီးက ရေးသားပေးပို့လိုက်တဲ့စာထဲမှာ ကယ်မီလာပါကာ ဘိုးလ်စ်နဲ့ပတ်သက်ပြီး သူ့အမြင်ကို ထည့်သွင်းရေးသားလိုက်ခြင်းကြောင့် ဒိုင်ယာနာခမျာ စာကိုကိုင်ပြီး သူ့အခန်းထဲမှာ လှည့်ပတ်ခုန်ပေါက် ပျော်မြူးနေခဲ့ဖူးပါတယ်။ စာထဲမှာ ရေးသားထားတာကတော့ သူနဲ့ သူ့ကြင်ယာတော် ဘုရင်မကြီးတို့ဟာ သားတော်ချားလ်စ်နဲ့ အိမ်ထောင်ရှိမိန်းမဖြစ်တဲ့ ကယ်မီလာတို့ အချစ်ရေးကို လုံးဝမနှစ်မြို့ခဲ့ကြကြောင်း ဖော်ပြခဲ့ပါတယ်။ ဆက်လက်ပြီး မင်းသားကြီး ရေးသားလိုက်တာကတော့ 'ခမည်းတော်တို့ရင်ထဲမှာရှိတာကို ပွင့်ပွင့်လင်းလင်း ပြောရရင် သမီးတော်တို့နှစ်ယောက်စလုံးမှာ

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူရှိနေကြတာကို မနှစ်သက်ပါဘူး။ အထူးသဖြင့် ချားလ်စ်အနေနဲ့ သူ့သိက္ခာကိုမှမထောက် အိမ်ထောင်ရှိမိန်းမတစ်ယောက်နဲ့ ဖောက်ပြန်ခြင်းကို ခမည်းတော်တို့က မနှစ်မြို့ပါဘူး။ အဲဒီမိန်းမအတွက်ကြောင့် သမီးတော်ကို ကျောနိုင်းသွားလိမ့်မယ်လို့လည်း ဘယ်တုန်းကမှ ခမည်းတော်တို့ မတွေးခဲ့ဖူးပါဘူး။ သမီးတော်လို မိန်းကလေးတစ်ယောက်ကို ကျောနိုင်းပြီး ကယ်မီလာလို အိမ်ထောင်ရှိ မိန်းမတစ်ယောက်ဆီကို ဘယ်သူများ သွားချင်မှာပါလိမ့်။ ဒီအတွေးမျိုး ခမည်းတော်တို့ ခေါင်းထဲကို မဝင်ခဲ့တာ အမှန်ပါပဲ' လို့ ရေးခဲ့ပါတယ်။

ဖိလစ်မင်းသားကြီးရဲ့ စာထဲမှာ ဒီလိုအရေးအသား ပါဝင်လာခြင်းကြောင့် သူနဲ့ ဘုရင်မကြီးရဲ့ ခံယူချက်ကို ဒိုင်ယာနာ သိခွင့်ရခဲ့ပါတယ်။ စာအဆုံးသတ်မှာလည်း 'အချစ်များစွာဖြင့်-ပါ(အဖေ)' လို့ ရေးခဲ့ပါတယ်။

ဒိုင်ယာနာနဲ့ မင်းသားကြီးတို့ရဲ့ အပြန်အလှန် ပေးစာများဟာ တစ်ခါတလေမှာ အဲဒီလို အဆင်ချောတာတွေ ရှိသလို တစ်ခါတလေမှာလည်း အဆင်မပြေတာတွေ ရှိခဲ့ပါတယ်။ ဥပမာဆိုင်းပြရရင်တော့ သူတို့နှစ်ဦးဟာ ချားရှပာတ်လိုပါပဲ။ နိမ့်သွားတဲ့အခါတွေ ရှိသလို၊ မြင့်တက်လာတဲ့အခါတွေလည်း ရှိခဲ့ပါတယ်။ ဒါကြောင့်လည်း စာတွေဖတ်ရတိုင်း ဒိုင်ယာနာမှာ စိတ်ပျက်ရ၊ မျှော်လင့်ရ၊ မျက်ရည်ကျရ၊ ရယ်မောရ စတဲ့ရသမျိုးစုံကို ခံစားစေခဲ့ပါတယ်။ ဒီစာတွေအကြောင်း ဒိုင်ယာနာက ကျွန်တော်နဲ့ ပြောဖြစ်ပါတယ်။ ကျွန်တော့်အမြင် ပြောရရင် မင်းသမီးအနေနဲ့ လူသက်သေတစ်ယောက်ယောက် ရှိစေချင်တဲ့အတွက် ကျွန်တော့်ကို သက်သေထားပြီး ပြောခဲ့တာတွေလည်း ဖြစ်ပါလိမ့်မယ်။ သူတို့နှစ်ယောက်ရဲ့ အပြန်အလှန်စာတွေမှာ အိမ်ထောင်ရေးကိစ္စတွေ၊ အိမ်မှုကိစ္စတွေ၊ သူမကို ဘယ်လိုအဆက်ဆံခံရတယ် ဆိုတာတွေ၊ ချားလ်စ်နဲ့ပတ်သက်ပြီး သူမ ခံစားရတာတွေကို မင်းသားကြီးထံ ရင်ဖွင့်ရေးသားတဲ့ စာများပဲ ဖြစ်ပါတယ်။ ဒိုင်ယာနာအနေနဲ့ သူ့အပေါ်မှာ ရှိနေတဲ့ ဘဏ္ဍာစိုး ကျွန်တော်ဟာ တစ်ခါတုန်းက ဘုရင်မကြီးနဲ့ မင်းသားကြီးတို့အပေါ်မှာ အနီးကပ် ခစားခဲ့ဖူးတယ်ဆိုတာကိုလည်း ဒိုင်ယာနာက သတိထားလေ့ရှိပါတယ်။

ကျွန်တော့်အမြင် ပြောရရင် ဒိုင်ယာနာဟာ သူများဝေဖန်တာကို ခံနိုင်ရည်စွမ်း မရှိပါဘူး။ အဖြစ်အပျက် တစ်စုံတစ်ခု ကြုံတွေ့ပြီးလို့ နောက်လအနည်းငယ်ကြာတဲ့အခါမှာဆိုရင် အမြင်မှန်ရသွားလေ့ ရှိပါတယ်။ သူ သေသွားတော့မှသာ အီဒင်ဘာရာမြို့စားကြီးရဲ့ အချစ်မြတ်နိုးဆုံး ချွေးမတော်ဆိုတာကို အားလုံး သိခွင့်ရခဲ့ကြပါတယ်။ ဒိုင်ယာနာ သက်ရှိထင်ရှား ရှိစဉ်တုန်းကလည်း ကြုံတွေ့ခံစားရတဲ့



အိမ်ထောင်ရေး ဝေဒနာများကို ရင်ဖွင့်ပြောပြသမျှ နားထောင်ခဲ့တဲ့အပြင် ဝေဖန်အကြံဉာဏ်ပေးတဲ့ ပုဂ္ဂိုလ်ကြီးလည်း ဖြစ်တာကြောင့် ဒိုင်ယာနာက လေးစားအားထားခဲ့ပါတယ်။

သတင်းစာများက ဖိလစ်မင်းသားကြီးရဲ့ ပေးစာများနဲ့ပတ်သက်ပြီး ဝေဖန်ကြတဲ့အခါမှာ ဒိုင်ယာနာက သူ့ယောက္ခမများဘက်က ကာကွယ်ပြီး ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ဖူးပါတယ်။ အဲဒီကြေညာချက်မှာ သတင်းစာများက ရေးသားနေကြသလို ဘုရင်မကြီးနဲ့ ကြင်ယာတော် ဖိလစ်မင်းသားကြီးတို့ဟာ သူမအပေါ်မှာ စာနာထောက်ထားမှု မရှိဘူးဆိုတဲ့အချက်များဟာ မမှန်ကန်ပါကြောင်း ငြင်းဆိုခဲ့ပါတယ်။ အဲဒီအချိန်ကာလမှာ ချားလ်စ်နဲ့ ဒိုင်ယာနာတို့ရဲ့ အိမ်ထောင်ရေးက အပတ်ဆယ်လို့ မရအောင် အခြေအနေကို ရောက်နေပါပြီ။ ဒါနဲ့ပတ်သက်ပြီး ဖိလစ်မင်းသားကြီးက သူတို့နှစ်ယောက်စလုံးကို တိုင်းပြည်အတွက်၊ မိသားစုအတွက် ဟန်မပျက် အတူတကွ ဆက်လက် နေထိုင်ပေးကြဖို့ ပြောထားခဲ့ပါတယ်။ မင်းသားကြီးက ဒီနည်းနဲ့ ပြန်လည် နီးစပ်လိမ့်မယ်လို့ မျှော်လင့်ခဲ့ပေမယ့် တကယ်တော့ သူတို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးက ပြန်လမ်းမရှိတော့ပါဘူး။ တစ်ခါတုန်းက ဒိုင်ယာနာရှိနေတဲ့ ဘာလ်မိုရယ်လ်စံအိမ်ကို မင်းသားကြီးကိုယ်တိုင် ကြွရောက်လာခဲ့ပါတယ်။ ချွေးမတော်ကို ဟန်မပျက် ချားလ်စ်မင်းသားနဲ့အတူ ကိုရီးယားနိုင်ငံခရီးစဉ်မှာ လိုက်ပါဖို့ ဖျောင်းဖျခဲ့ပါတယ်။ ဒိုင်ယာနာကတော့ ဒီခရီးစဉ်မှာ သူမလိုက်ခြင်းက အကောင်းဆုံးဖြစ်လိမ့်မယ်လို့ ငြင်းဆိုခဲ့ပါတယ်။

နိုဝင်ဘာလ ၂၇ ရက်နေ့မှာ ကင်တာကီမှာရှိတဲ့ ကျွန်တော့်မိတ်ဆွေများ ဖြစ်ကြတဲ့ ရှယ်လီနဲ့ ကလော်ဒီရိုက်တို့ဆီကို ကျွန်တော် စာရေးခဲ့ပါတယ်။ 'ကျွန်တော့်သခင်များရဲ့ အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး အကြီးအကျယ် ကောလာဟလတွေထွက်လာစရာအကြောင်း ရှိပါတယ်။ ကျွန်တော်ကတော့ ဟိုင်းဂရုဗ်စံအိမ်မှာလာပြီး စံနေတဲ့သခင်ကို ဆက်လက်ပြုစုရဦးမှာပါ။ ၁၉၉၃ ခုနှစ်မှာတော့ တစ်စုံတစ်ခု အပြောင်းအလဲ ဖြစ်ပေါ်လာလိမ့်မယ် ထင်တယ်။ ဒါပေမယ့် အဲဒီအပြောင်းအလဲက ကျွန်တော့်အလုပ်ကို ထိနိုက်မှာ မဟုတ်ပေမယ့် ကျွန်တော့်လူနေမှုဘဝပုံစံကိုတော့ ပြောင်းလဲစေလိမ့်မယ်လို့ ထင်တယ်' လို့ ရေးခဲ့တာပါ။

ဒီစာကို ရေးစဉ်တုန်းကတော့ ကျွန်တော် ဘာမှမသိသေးတဲ့ အကြောင်းအရာတစ်ခုကို မှန်းဆရေးခဲ့တာ ဖြစ်ပေမယ့် အဲဒီလအတွင်းမှာ အပြောင်းအလဲတွေ များကြီး ဖြစ်ခဲ့ပါတယ်။ မင်းသားနဲ့ မင်းသမီးတို့ ရုံးတွေ ခွဲခြားလုပ်ဆောင်ကြဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ဟိုင်းဂရုဗ်စံအိမ်မှာ မင်းမှုထမ်းအဖြစ် တာဝန်ထမ်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



နေရတဲ့ ကျွန်တော်တို့မှာတော့ မှောင်နဲ့မည်းမည်းလို့ ဆိုရမှာပါပဲ။ မင်းသမီးက ကျွန်တော်တို့ကို ဘာမှအကျိုးအကြောင်း မပြောပါဘူး။ ဒါကလည်း သူ ထုတ်ပြောလိုက်ရင် ကျွန်တော်တို့အပေါ် တာဝန်ပိမှာစိုးလို့ ဖြစ်ပါလိမ့်မယ်။

❑

ဟိုင်းဂရုဖ်စံအိမ်အတွက် ခရစ္စမတ်သစ်ပင်ကို ကျွန်တော်ပဲ မှာယူခဲ့ပါတယ်။ အဲဒီကာလမှာ ချားလ်စ်မင်းသားက ဟိုင်းဂရုဖ်စံအိမ်မှာ ရှိနေတဲ့အချိန် နည်းပါးလာပြီး မင်းသမီးကတော့ သူ့ကိုယ်ရေးအတွင်းရေးမှူး မော်ရင်းစတီဗင်စ်နဲ့ အဖွဲ့ကျနေပါတယ်။ ဒီဇင်ဘာလ ၉ ရက်နေ့ မနက်မှာလည်း ပုံမှန်နေ့များ အတိုင်းပါပဲ။ ညနေ ၃ နာရီအချိန်မှာတော့ သတင်းတစ်ရပ်ဝင်လာပါတယ်။ အဲဒီသတင်းကတော့ ရွှေနန်းတော်ကြီးမှ အတွင်းရေး အတွင်းဝန်တစ်ဦးဖြစ်တဲ့ မြို့စားဂျိန်း ဟိုင်းဂရုဖ်စံအိမ်ကို ရောက်ရှိလာလိမ့်မယ်ဆိုတဲ့ သတင်းပါပဲ။ ဂျိန်းရဲ့မျက်နှာကို မြင်လိုက်ရတာနဲ့တစ်ပြိုင်နက် သူမ သယ်ဆောင်လာတဲ့ သတင်းဟာ ကောင်းသတင်း မဟုတ်ဘဲ သတင်းဆိုးတစ်ခုသာ ဖြစ်လိမ့်မယ်ဆိုတာကို ကျွန်တော်တို့ ရိပ်စားမိလိုက်ပါတယ်။ ဂျိန်းဟာ ကျွန်တော်တို့နဲ့ ရင်းနှီးတဲ့သူတစ်ဦးလည်း ဖြစ်တာကြောင့် သူ့ကို မကောင်းသတင်း ပို့စေခြင်းဟာ တကယ်တော့ မသင့်လျော်တဲ့ကိစ္စတစ်ခုပါ။ ဂျိန်းက ရောက်ရောက်ချင်းပဲ မင်းသားရဲ့ အတွင်းရေးမှူး ရစ်ချတ်အိုင်းလတ်ကိုလည်း သူမ ရောက်ရှိနေပြီဖြစ်ကြောင်း အကြောင်းကြားလိုက်ပါတယ်။ ကျွန်တော့်ကိုတော့ အိမ်တော်ဝန်ထမ်းများအားလုံး တစ်စုတစ်စည်းတည်း တွေ့ချင်တယ်လို့ဆိုတာကြောင့် ဝင်ဒီ၊ ပယ်ဒီ၊ လီတာ၊ ဘာဘာရာ စတဲ့ နေ့စားဝန်ထမ်းများအပြင် ကျွန်တော့်ဇနီးသည် မာရီယာကိုပါ စားဖိုဆောင်မှာ စုရုံးစေလိုက်ပါတယ်။

ဂျိန်းက ဟိုင်းဂရုဖ်စံအိမ်ကို အချိန်ကိုက်ရောက်ရှိလာခြင်းပါ။ သူ ရောက်တဲ့အချိန်မှာ နိုင်ငံတော်ဝန်ကြီးချုပ် ဂျွန်မေဂျာကလည်း ဝေလမင်းသားနဲ့ ဝေလမင်းသမီးတို့ လမ်းခွဲကြဖို့ ဆုံးဖြတ်လိုက်ကြပြီဖြစ်ကြောင်း ကြေညာမယ့်အချိန် ဖြစ်ပါတယ်။

ဘာကင်ဟမ်ရွှေနန်းတော်ကြီးရဲ့ နောက်ကွယ်မှာ အသီးသီး အသက အသက ရပ်တည်နေတဲ့ ကင်စတန်နန်းတော်၊ ဟိုင်းဂရုဖ်စံအိမ်တို့မှ ဝန်ထမ်းများရဲ့ ရင်ထဲမှာတော့ ခုလည်း ကိုယ့်လမ်းကိုယ်လျှောက်နေကြတဲ့ မင်းသားနဲ့ မင်းသမီးတို့ရဲ့ အိမ်ထောင်ရေးမှာ တရားဝင်ခွဲခွာနေထိုင်ခြင်းကို ကြေညာခြင်းသာဖြစ်ပြီး ကွာရှင်းပြတ်စဲကြလိမ့်မယ်လို့တော့ မျှော်လင့်မထားကြပါဘူး။ ဗြိတိန်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့်လည်း သူတို့နှစ်ယောက် ကွာရှင်းပြတ်စဲကြမှာ မဟုတ်ဘူးလို့ မျှော်လင့်ကြခြင်းပါ။



ဝန်ကြီးချုပ်က သူ့ကြေညာချက်ကို လွှတ်တော်သို့ တင်သွင်းချိန်မှာပဲ ဂျိန်းက ကျွန်တော်တို့ မင်းမှုထမ်းများနဲ့ စားဖိုဆောင်မှာ တွေ့ဆုံပါတယ်။ သူမရဲ့ မျက်နှာမှာ ဝမ်းနည်းကြေကွဲမှု ဖုံးလွှမ်းနေတယ်ဆိုတာကို သတိပြုမိပါတယ်။

'ကျွန်မ ပေါလ်နဲ့ မာရီယာကို အရင်တွေ့ပါရစေ' လို့ ဂျိန်းက ဆိုတာကြောင့် ကျွန်တော်တို့ ဇနီးမောင်နှံ သူ ခေါ်ဆောင်ရာ ထမင်းစားခန်းဆီသို့ လိုက်ခဲ့ကြပါတယ်။ ဂျိန်းက 'တံခါး ပိတ်လိုက်ပါ ပေါလ်' လို့ ဆိုတာကြောင့် မာရီယာနဲ့ ကျွန်တော် အထဲကိုရောက်ပြီးချိန်မှာ ထမင်းစားခန်း တံခါးကို ပိတ်လိုက်ကြပါတယ်။

သတင်းဆိုးကို ကြားရတော့မှာလို့ ထင်နေတာကြောင့် ကျွန်တော်က မာရီယာ့လက်ကို ခပ်တင်းတင်း ဆုပ်ထားလိုက်ပါတယ်။ ရှိုက်သံစွက်နေတဲ့ ဂျိန်းခမျာ အသံထွက်လာအောင် မနည်းကြိုးစားရရှာပါတယ်။ 'ကျွန်မကိုယ်တိုင် ဒီနေ့ ဟိုင်းဂရုဖ်စံအိမ်ကို ဘာကြောင့် လာရတယ်ဆိုတာ မသိဘဲနဲ့ အမိန့်ကြောင့်သာ လာခဲ့ရတာပါ။ ခုတော့ ကျွန်မလာရခြင်းအကြောင်းကို သိလိုက်ရပါပြီ။ အဲဒါကတော့ ဘုန်းတော်ကြီးမြတ်လှတဲ့ ဝေလမင်းသား ချားလ်စ်နဲ့ ဘုန်းတော်ကြီးမြတ်လှတဲ့ ဝေလမင်းသမီးတို့ဟာ တရားဝင် ခွဲခွာနေထိုင်ကြတော့မှာဖြစ်ကြောင်း အိမ်တော်ရဲ့ ဝန်ထမ်းများအားလုံးကို အသိပေးဖို့ပါပဲ' လို့ ဆိုပါတယ်။ သိနေပေမယ့် မသိချင်ဟန်ဆောင်နေတဲ့ ကျွန်တော်တို့ဇနီးမောင်နှံရဲ့ ရင်ထဲမှာ နင့်ခနဲနေအောင် ခံစားလိုက်ရပါတယ်။

ဂျိန်းရဲ့စကားက မဆုံးသေးပါဘူး။

'.... အဲဒီတော့ ဘုန်းတော်ကြီးမြတ်လှသော ဝေလမင်းသမီးက ရှင်တို့ ဇနီးမောင်နှံကို လန်ဒန်မှာလိုက်နေပြီး သူမကို စောင့်ရှောက်စေချင်တဲ့ဆန္ဒ ရှိပါတယ်' လို့ ဆက်ပါတယ်။

မင်းသမီးက ကျွန်တော့်ကို ကင်စတန်နန်းတော်ရဲ့ ဘတ္တလာစိုး ဟာရိုးလ်တာရောင်းနဲ့အတူ ပူးပေါင်းပြီး သူမအပါးမှာ ရှိနေစေချင်တာပါ။

သတင်းဆိုးကို ခံနိုင်ရည်မရှိတဲ့ မာရီယာက မျက်ရည်ဖြိုင်ဖြိုင် ကျလာပြီး 'ကျွန်မ မယုံနိုင်ဘူး။ ကျွန်မ မယုံနိုင်ဘူး' လို့ ဆိုရှာပါတယ်။ မာရီယာ ငိုကြွေးနေစဉ်မှာ ဂျိန်းနဲ့ကျွန်တော်ကတော့ စကားဆက်မဆိုနိုင်ကြဘဲ နှုတ်ဆိတ်နေမိကြပါတယ်။ 'ကလေးတွေကို ကျွန်မတို့ ဘယ်လိုပြောရမလဲ။ ကျွန်မတို့အိမ်မှာရှိတဲ့ သူတို့မိတ်ဆွေ ကျွန်မ ကလေးတွေ၊ ကျောင်းမှာရှိတဲ့ သူတို့ မိတ်ဆွေတွေ ဒါတွေအားလုံးကို ကျွန်မတို့ ဘယ်လိုပြောကြမလဲ။ ပြောကြပါဦး' လို့ မာရီယာက

www.burmeseclassic.com

www.burmeseclassic.com



သူ တွေးမိတာကို ပြောရင်း ငိုကြွေးနေပါတယ်။

ဂျိန်းက မာရီယာကို သိုင်းဖက်လိုက်ပြီး 'မာရီယာရယ်… ကျွန်မလည်း ရှင့်လိုပဲ ခံစားရပါတယ်။ ရှင့်ဝမ်းနည်းမှု ပြေပျောက်အောင် ဘယ်လိုနှစ်သိမ့်ရမလဲဆိုတာ ကျွန်မ မပြောတတ်အောင်ပါပဲ' လို့ ဆိုရှာတယ်။

ကျွန်တော့်အတွေးတွေကလည်း ဒုန်းစိုင်းပြေးနေပါတယ်။ ကျွန်တော် တွေးနေတာက မာရီယာနဲ့ မတူပါဘူး။ ကျွန်တော်တို့ရဲ့ အနာဂတ်ဟာ မင်းသမီးနဲ့ ထပ်တူရှိနေပါပြီ။ ဖြစ်သမျှအားလုံးဟာ အကောင်းချည်းပါပဲလို့ ခံယူလိုက်ပါတယ်။ ဒီတော့မှ ကျွန်တော့်ရင်ထဲမှာ ခွန်အားတွေ ပြန်လည်ပြည့်ဖြိုးလာတယ်။ မင်းသမီးက ကျွန်တော်တို့ကို သူနဲ့အတူ လိုက်နေစေချင်ပါလျက် ဘာကြောင့်များ စောစောစီးစီးက အသိမပေးသလဲဆိုတာတော့ ကျွန်တော် မတွေးတတ်နိုင်အောင်ပါ။

ကျွန်တော်တို့လင်မယား ထမင်းစားခန်းထဲက ထွက်လာချိန်မှာ စိတ်ဓာတ်ပြိုလဲနေတဲ့ မာရီယာကို ပထမဆုံး တွေ့သွားသူက ဝင်ဒီပါပဲ။ 'ဘုရားရေ.. ဘာတွေဖြစ်ကုန်ကြပြီလဲ။ ပြောစမ်းပါဦး မာရီယာရယ်' လို့ ဆိုရှာတယ်။ အဲဒီအချိန်မှာပဲ ဂျိန်းက 'ဝင်ဒီရေ… တွေ့ကြရအောင်' လို့ ခေါ်လိုက်ပြန်ပါတယ်။ ၁၀ မိနစ်လောက် ကြာပြီးတဲ့အခါမှာ ဝင်ဒီ ထွက်လာပါတယ်။ သူကတော့ ဟိုင်းဂရုဗ်စံအိမ်မှာ ကျန်ရစ်မယ့်သူ ဖြစ်ပါတယ်။ ဒါပေမယ့် သက်ပြည့်ပင်စင် သွားခါနီးဖြစ်တာကြောင့် သူ့အတွက် မထောင်းတာလှပါဘူး။

ဂျိန်း ပြန်သွားပြီး နာရီပေါင်းတော်တော်ကြာအောင် ကျွန်တော်တို့ စားဖိုဆောင်ထဲက စားပွဲမှာထိုင်ရင်း ရှေ့ရေးတွေကို တွေးဖြစ်ကြတယ်။ ပယ်ဒီကတော့ မြင်းဇောင်းမှာပဲ ကျန်ရစ်မယ်။

ဝင်ဒီက မာရီယာ့ကို စီးကရက်တစ်လိပ် လှမ်းပေးလိုက်ပါတယ်။ 'စားဖိုဆောင်မှာ စီးကရက် မသောက်ရဘူးလို့ သတ်မှတ်ထားပေမယ့် ဒီနေ့တော့ မတတ်နိုင်ဘူး မာရီယာ။ တို့စိတ်တွေ ပြေလျော့ဖို့အတွက် သောက်ရမှာပဲ' လို့ ဆိုတယ်။ အမျိုးသမီးနှစ်ယောက် အလိပ် ၂၀ ဝင် စီးကရက်တစ်ဘူးကို မီးခိုးထောင်းထောင်းထအောင် သောက်နေကြလေရဲ့။ ကျွန်တော့်ဘဝက ဟိုင်းဂရုဗ်စံအိမ်ကနေ လန်ဒန်ကို ပြောင်းရပေဦးမယ်။ နောက်ထပ် တာဝန်တစ်ရပ် ထမ်းဆောင်ရဦးမယ်ပေါ့။ ဒီတာဝန်ကလည်း နောက်ထပ် တော်ဝင်အိမ်တစ်ခုမှာ ထမ်းဆောင်ရဦးမယ့်တာဝန် ဖြစ်နေပြန်ပါတယ်။ ဒါပေမယ့် သားတော်နှစ်ပါးဖြစ်တဲ့ ဝီလျံနဲ့ ဟယ်ရီတို့ကိုတော့ ကျွန်တော်တို့အနေနဲ့ ဟိုင်းဂရုဗ်စံအိမ်မှာ တွေ့ခွင့်ရကြတော့မှာ မဟုတ်ပါဘူး။



အဲဒီည အရှေ့မြောက်ပိုင်းဒေသကနေ ကင်စတန်နန်းတော်ကို ပြန်လည်ရောက်ရှိလာတဲ့ မင်းသမီးက ကျွန်တော်တို့ဆီကို ဖုန်းဆက်လာပါတယ်။ ကျွန်တော့်ဇနီး မာရီယာဟာ ကျေးလက်ဒေသမှာ နေထိုင်ရခြင်းကို အင်မတန်မြတ်နိုးသူ ဖြစ်တဲ့အတွက် ဟိုင်းဂရုဗ်စံအိမ်ကို ခွဲခွာပြီး လန်ဒန်မှာ လာနေရမယ်ဆိုတာ အင်မတန်စိတ်ပျက်လိမ့်မယ်ဆိုတာ မင်းသမီးကိုယ်တိုင်ကလည်း သိထားပါတယ်။ တရှုံ့ရှုံ့ငိုကြွေးနေတဲ့ မာရီယာကို မင်းသမီးက 'မာရီယာရယ်… ရှင် လန်ဒန်မှာ မနေချင်ဘူးဆိုတာ ကျွန်မ သိပါတယ်။ ဒါပေမယ့် ရှင့်ခင်ပွန်း ပေါလ်နဲ့အတူ ကျွန်မရဲ့ စံအိမ်မှာ လာနေရတဲ့အတွက် ဘာမှစိတ်အနှောင့်အယှက် မဖြစ်စေရပါဘူး။ ကျွန်မ ရှင့်ကို စောင့်ရှောက်မှာပေါ့' လို့ နှစ်သိမ့်နေပါတယ်။

မင်းသမီးအတွက် ကြေကွဲမှု အပြည့်ခံစားနေရတဲ့ မာရီယာက တယ်လီဖုန်းချလိုက်ပါတယ်။ ဒီအချိန်မှာ ကင်စတန်နန်းတော်ထဲမှာ တစ်ယောက်တည်း သောကဖြစ်နေရှာမယ့် မင်းသမီးရဲ့ဘဝကို မာရီယာ စာနာမိပါတယ်။ ဒါကြောင့်လည်း မာရီယာက ကျွန်တော်တို့နှစ်ယောက်စလုံး မင်းသမီးအပါးမှာ မပျက်မကွက် တာဝန်ထမ်းဆောင်ကြမှာပါလို့ အာမခံလိုက်ပါသေးတယ်။ ဒါကြောင့် ဝေလမင်းသမီးနဲ့ ဝေလမင်းသားတို့ လမ်းခွဲကြချိန်မှာ မင်းသမီးက ပစ္စည်းတချို့ ပိုင်ဆိုင်ခွင့်ရခဲ့တဲ့အပြင် သူမ လိုချင်တဲ့ ဘာရယ်လ်ဇနီးမောင်နှံကိုလည်း အရယူနိုင်ခဲ့တယ်လို့ ဆိုရပါမယ်။

အဲဒီအချိန်ကာလအတွင်းမှာပဲ မင်းသားနဲ့ မင်းသမီးတို့ရဲ့ အကျိုးဆောင် ဝတ်လုံတော်ရများ တွေ့ဆုံကြပြီး လမ်းခွဲရာမှာ ခံစားခွင့် သတ်မှတ်ရေးကို ညှိနှိုင်းဆွေးနွေးနေကြပါပြီ။ မင်းသားကြီးဖိလစ်က သူ့အကြံပြုချက်တစ်ခုကို ထုတ်ဖော်ပြောကြားလိုက်တာကတော့ မင်းသမီးအနေနဲ့ ကင်စတန်နန်းတော်ရဲ့ အဆောင်နံပါတ် ၈ နဲ့ ၉ တို့မှာ လွန်ခဲ့တဲ့ ၁၀ နှစ်ကာလကတည်းက မင်းသမီးရဲ့ စံအိမ်အဖြစ် သတ်မှတ်ပေးခဲ့တာ ဖြစ်ပေမယ့် မင်းသားနဲ့ လမ်းခွဲကြပြီးချိန်မှာ အဲဒီစံအိမ်ကနေ ထွက်ပေးဖို့လိုကြောင်း၊ ဒီစံအိမ်များကို ချားလ်စ်မင်းသားရဲ့ လန်ဒန်စံအိမ်များအဖြစ် သတ်မှတ်ပေးရမှာဖြစ်ကြောင်း ပြောကြားလာပါတယ်။

စံအိမ်အမှတ် ၈ နဲ့ ၉ က ထွက်ခွာပေးရမယ့် မင်းသမီးမှာ ကျောင်းအိပ်ကျောင်းစား သားတော်နှစ်ပါးရှိနေတဲ့အတွက် စံအိမ်အမှတ် ၇ မှာ နေထိုင်ခွင့်ပြုမယ်လို့လည်း ဆိုပါတယ်။ ဒီစံအိမ်အမှတ် ၇ က အရင်တုန်းက တော်ဝင်မိသားစုများနဲ့ ဆွေမျိုးမကင်းတဲ့ ကလေးတန် မိသားစုများကို နေခွင့်ပေးခဲ့တဲ့ နေရာဖြစ်ပါတယ်။ ဒါပေမယ့် မင်းသမီးက စံအိမ်အမှတ် ၇ ဟာ မဟာဆီ မဟာဒွေး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့ သားတော်နှစ်ပါးအတွက် ကျဉ်းမြောင်းလွန်းတဲ့ စံအိမ်ဖြစ်တာကြောင့် မနေလိုကြောင်း ငြင်းဆန်ပါတယ်။ စံအိမ်အမှတ် ၇ဟာ ဖီလစ်မင်းသားကြီး၊ ဘုရင်မကြီးနဲ့ ထိမ်းမြားမင်္ဂလာဆောင်နှင်းမယ့် ၁၉၄၇ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့ မတိုင်မီအထိ နေထိုင်ခဲ့ရတဲ့ သမိုင်းဝင်နေရာတစ်ခုလည်း ဖြစ်ပါတယ်။

မင်းသားကြီးက ဒီနေရာဟာ နိုင်ယာနာမိသားစုအတွက် သင့်တော်တဲ့ နေရာလို့ သတ်မှတ်ပေးပေမယ့် နောင်မှာ ကျွန်တော်က 'ဘောစ်'လို့ ပြောင်းလဲခေါ်ဝေါ်မယ့် ကျွန်တော့်သခင်မကတော့ သူ့ရပ်တည်ချက်ကို တစ်လက်မမှ နောက်မဆုတ်ပါဘူး။ ယောက္ခမတော် မင်းသားကြီးအပေါ်မှာ ပွင့်ပွင့်လင်းလင်း ပြောရဲဆိုရဲရှိတဲ့ နိုင်ယာနာက သူမအနေနဲ့ ချားလ်စ်မင်းသားနေဖို့အတွက် လက်ရှိစံအိမ်ကနေ ထွက်မပေးနိုင်ကြောင်း တုံ့ပြန်ခဲ့ပြီး ချားလ်စ်အတွက် စံအိမ်သစ်ကို စိန့်ဂျိမ်းစ်နန်းတော်မှာ သတ်မှတ်ပေးသင့်တယ်လို့ တုံ့ပြန်ခဲ့ပါတယ်။ ဒါကြောင့် ကင်စတန်နန်းတော် အဆောင်အမှတ် ၈ နဲ့ ၉ မှာ နေမြဲနေနေတဲ့ နိုင်ယာနာမင်းသမီးရဲ့အပါးမှာ ကျွန်တော် ရောက်ရှိခဲ့ရသလို ကျွန်တော့်ဇနီး မာရီယာကလည်း နိုင်ယာနာရဲ့ အချုပ်ပိုင်းအိမ်မှုကိစ္စများ တာဝန်ထမ်းဆောင်သူအဖြစ် ရောက်ရှိခဲ့ရပါတော့တယ်။ ❑

www.burmeseclassic.com



တကယ်တော့ ကော်ဖီမှာ ဒိုင်ယာနာရခဲ့တဲ့ နေရာဟာ သူ့စိတ်ကူးအိပ်မက်ထဲက နေရာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် မင်းသားနှစ်ပါးနဲ့အတူ တခြားနေရာမှာ နေဖို့ကလည်း မတော်တဲ့တာကြောင့်သာ နေနေခြင်း ဖြစ်ပါတယ်။ ၁၉၉၂ ခုနှစ်နောက်ပိုင်းမှာတော့ ကော်ဖီဟာ ဒိုင်ယာနာတစ်ဦးတည်း ပိုင်တဲ့နေရာ ဖြစ်လာခဲ့ပြီး သူ့စိတ်ကြိုက် ပြင်ဆင်ပါတော့တယ်။

## အခန်း (၈)

# ကင်စတန်နန်းတော်

'ရုပ်ရှင်ကြည့်မလား ပေါလ်' လို့ မင်းသမီးက မေးလိုက်ပါတယ်။

အဲဒီနေ့က စနေနေ့ မွန်းလွဲပိုင်းဖြစ်ပြီး ကင်စတန်နန်းတော်အတွင်းမှာပါ။ ကျွန်တော်တို့နှစ်ယောက် သိပ်အလှမ်းမဝေးတဲ့ နေရာမှာရှိတဲ့ ဆိုင်တစ်ခုမှာ ဈေးဝယ်ပြီး ပြန်ရောက်ခါစပဲ ရှိပါသေးတယ်။ စားဖိုမှူးက ဒီနေ့ ခွင့်တစ်ရက်ယူပြီး သူ့အိမ်ကို ပြန်သွားတဲ့အတွက် မင်းသမီးအနေနဲ့ ညစာစားဖို့ စီစဉ်ထားခဲ့ပြီး ရေခဲသေတ္တာထဲမှာ ထည့်ထားခဲ့ပါတယ်။ တစ်အိမ်လုံးလည်း တိတ်ဆိတ်နေလေရဲ့။ ဒီညနေတစ်ပိုင်းလုံး ဘာအစီအစဉ်မှမရှိဘဲ အားလပ်နေပါတယ်။ မင်းသမီးမှာလည်း အချိန်ပိုနာရီတော်တော်များများ ရှိနေပါတယ်။

မင်းသမီးနဲ့အတူသောက်ဖို့ ကော်ဖီနှစ်ခွက် ဖျော်လာတဲ့ ကျွန်တော် ထွက်လာချိန်မှာ မင်းသမီးက မြေညီထပ်အဝင် တံခါးမနားမှာ ရပ်နေပါတယ်။ 'ဘယ်ကားကြည့်မယ်ဆိုတာတော့ ကိုယ့်ဘာသာကိုယ်ပဲ ရွေးပေတော့။ အဝတ်လဲဖို့တော့ အချိန် ၅ မိနစ်လောက် ပေးရမယ်' လို့ပြောပြီး အပေါ်ထပ်ကို တက်သွားပါတော့တယ်။

ကျွန်တော်တို့နှစ်ယောက် ရုပ်ရှင်အကြောင်း မပြီးနိုင်မစီးနိုင် ပြောကြရင်း ကော်ဖီသောက်နေကြတာပါ။ အပြာနဲ့အဖြူ ရောစပ်ပြီး ဒီဇိုင်းဖော်ထားတဲ့ ကြွေမတ်ခွက်ထဲက ကော်ဖီကို ကျွန်တော်က မွှေပေးနေပါတယ်။ မင်းသမီးက ကြွေထည်ပစ္စည်းများကိုသာ ကြိုက်တာကြောင့် သူ့အကြိုက်အတိုင်း ရွေးချယ်ပေးရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးရဲ့ ကိုယ်ပိုင်စုဆောင်းထားတဲ့ ရုပ်ရှင်ကားတွေက သားတော်နှစ်ပါး ဖြစ်တဲ့ ဗီလျံနဲ့ ဟယ်ရီတို့ အကြိုက်နဲ့ မတူပါဘူး။ အချစ်ကားတွေ များပါတယ်။

ဧည့်ခန်းထဲမှာထိုင်ပြီး မင်းသမီးပိုင် ဗီဒီယိုကားများ စုစည်းထားတဲ့ ဗီရိုကို ဖွင့်ကာ ကျွန်တော် ရှာလိုက်တဲ့အခါမှာတော့ Gone With The Wind, Silk Stockings, My Fair Lady, Top Hat, Carousel, South Pacific, Ghost, The English Patient အစရှိတဲ့ ကားများကို တွေ့ရပါတယ်။ အဲဒီကားထုပ်တွေထဲက Brief Encounter ကားထုပ်ကို တွေ့လိုက်ချိန်မှာတော့ ကျွန်တော် ဆွဲထုတ်လိုက်ပါတယ်။ ဒီကားက မင်းသမီးကိုယ်တိုင် အကြိမ်ကြိမ်အခါခါ ကြည့်ပြီးသားဖြစ်တဲ့အပြင် ကျွန်တော် လည်း အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ကြည့်ခဲ့ဖူးပါတယ်။ မင်းသမီးက ကျွန်တော့်ထက် ပိုပြီး ကြည့်ခဲ့ဖူးတာပေါ့။ 'ဒီကား ကြည့်မယ်'လို့ ကျွန်တော်က ပြောလိုက်ပြီး ပြစက်ထဲကို ထိုးထည့်လိုက်ပါတော့တယ်။

မင်းသမီးနဲ့ သူ့ဘဏ္ဍာစိုးတို့ ပန်းနုရောင်နဲ့ နုံသာရောင် ရောစပ်ခြယ်မှုန်းထားတဲ့ သုံးယောက်ထိုင် ဆိုဖာရှည်ကြီးပေါ်မှာထိုင်ပြီး ရုပ်ရှင်ကားကို ကြည့်ကြပါတယ်။ ကျွန်တော်တို့နှစ်ယောက်ကြားမှာတော့ တစ်သျှူးပေပါဘူးလေးတစ်ဘူး ချထားပါ တယ်။ ဒီကားကြည့်တိုင်း မင်းသမီးက မျက်ရည်ကျတတ်တာကြောင့်ပါ။

ရုပ်ရှင်စကြည့်ချိန်မှာ မင်းသမီးက သက်သောင့်သက်သာ အနေအထား ရောက် အောင် ပြောင်းထိုင်လိုက်ပါတယ်။ ဒီဇာတ်လမ်းဟာ သူ့ကိုယ်တွေ့ အချစ်ဇာတ်လမ်းနဲ့ တူတာကြောင့်လည်း ဒီကားကိုကြည့်ရတိုင်း သူ မျက်ရည်ကျတတ်စမြဲပါ။

Brief Encounter ဇာတ်ကားကို ဘယ်သူနဲ့ပဲကြည့်ကြည့် မင်းသမီးက ကြည့် တဲ့အကြိမ်တိုင်း မျက်ရည်ကျတတ်စမြဲပါ။ ဇာတ်ရှိန်အမြင့်ဆုံးအချိန်မှာ ကျွန်တော် တို့နှစ်ယောက်တည်း ကြည့်နေတဲ့ ဧည့်ခန်းမှာ နောက်ခံတေးဂီတသံ ပျံ့လွင့်နေသလို မင်းသမီးရဲ့ ရှိုက်သံကလည်း ပေါ်ထွက်နေပါတယ်။ မင်းသမီးက ကျွန်တော့် ဘက်ကို လှည့်ကြည့်လိုက်ချိန်မှာ သူ့ပါးပြင်ပေါ်မှာ စီးကျနေတဲ့ မျက်ရည်တွေကို တွေ့ရပါတယ်။ ကျွန်တော့်ပါးပြင်ပေါ်မှာလည်း မျက်ရည်တွေ စီးကျနေပြီး ကျွန်တော့် လက်ထဲမှာ တစ်သျှူးပေပါ ကိုင်ထားတာကို မြင်လိုက်ရတော့ စောစောက ရှိုက်ငို နေတဲ့ မင်းသမီး ဟက်ဟက်ပက်ပက် ရယ်ပါတော့တယ်။ 'ကျွန်မတို့က အရူး တွေပဲနော် ပေါလ်'လို့ ပြောလိုက်တဲ့အတွက် ကျွန်တော်တို့နှစ်ယောက်စလုံး ဟက်ဟက်ပက်ပက် ရယ်ခဲ့မိကြပါတယ်။ ခုချိန်ထိ ဒီအကြောင်းကို တွေးမိတိုင်း ကျွန်တော် ပြုံးမိပါတယ်။ တစ်ခါတလေမှာ မင်းသမီးက သူနေတဲ့ အပေါ်ထပ်မှာ တစ်ယောက်တည်း စန္ဒရားတီးတတ်ပါတယ်။ ကျွန်တော်က မင်းသမီး မသိအောင်



အပေါ်ထပ်ကို တက်သွားပြီး တံခါးကြားကနေ ချောင်းကြည့်တဲ့အခါမှာ မျက်လုံး စုံမှိတ်ပြီး ခံစားချက်အပြည့်နဲ့ စန္ဒရားတီးနေတာ မကြာခဏ မြင်ခဲ့ရဖူးပါတယ်။ ဒီမြင်ကွင်းဟာ ကင်စတန်နန်းတော်မှာ ကျွန်တော် မြင်ခဲ့ရတဲ့ မြင်ကွင်းများထဲက ဘယ်တော့မှ မေ့ပျောက်လို့မရနိုင်တော့မယ့် မြင်ကွင်းတစ်ခုပါပဲ။

ကျွန်တော်တို့နှစ်ယောက်ရဲ့ ရင်းနှီးမှုဟာ အဲဒီလို အတူတကွ ရုပ်ရှင်ကြည့် ကြရင်း၊ အတူတကွ ငိုကြရင်းက စခဲ့ကြပါတယ်။ ခုဆိုရင် ဟိုင်းဂရုဗ်စံအိမ်က ထွက်ပြီး ကင်စတန်နန်းတော်မှာ ကျွန်တော့်အရင် တာဝန်ထမ်းဆောင်လာခဲ့တဲ့ ဘဏ္ဍာစိုး ဟာရီးလ်ဘရောင်းနဲ့ တွဲဖက်လုပ်ကိုင်နေရတယ်ဆိုပေမယ့် ကျွန်တော့် အလုပ်က မင်းသမီးရဲ့ လူယုံအဖြစ် ဆောင်ရွက်ရတဲ့ တာဝန်က ပိုပြီးများပါတယ်။

❑

ကင်စတန်နန်းတော်မှာရှိတဲ့ ဝန်ထမ်းအိမ်ရာများထဲက အမှတ်(၂) ရဲ့ ပထမ ထပ်ဟာ ကျွန်တော်တို့မိသားစုရဲ့ နေအိမ်သစ် ဖြစ်လာခဲ့ပါတယ်။ အိပ်ခန်းနှစ်ခန်း၊ ရေချိုးခန်း၊ ဧည့်ခန်း၊ မီးဖိုခန်းတို့ ပါဝင်ပါတယ်။ ကင်စတန်နန်းတော်ကတော့ အနီရောင်အုတ်များနဲ့ ဆောက်လုပ်ထားတဲ့ စတုဂံပုံစံ သုံးထပ်အဆောက်အအုံတစ်ခု ဖြစ်ပါတယ်။ ကင်စတန်နန်းတော်ကို ကျွန်တော်တို့ မင်းမှုထမ်းများက အတို ကောက်အားဖြင့် 'ကေပီ'လို့ပဲ ခေါ်ကြပါတယ်။ ၁၉၉၃ ခုနှစ် ဧပြီလမှာ ကျွန်တော် တို့မိသားစု ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး စိမ်းလန်းစိုပြည်တဲ့ မြက်ခင်းများလည်း ရှိ တာကြောင့် ကေပီဟာ ကျွန်တော်တို့အတွက် လန်ဒန်မြို့လယ်က အိုအေစစ်ကလေး တစ်ခုပါပဲ။

ကေပီကို ကျွန်တော်တို့ ပြောင်းလာတဲ့နေ့က အဝင်ဝမှာ ကျွန်တော်တို့ရဲ့ ရင်းနှီး ကျွမ်းဝင်ပြီးသား မျက်နှာတစ်ခုက ဆီးကြိုနေပါတယ်။ မင်းသမီးကိုယ်တိုင်ပါပဲ။ သူ့လက်ထဲမှာ မာရီယာအတွက် ပန်းစည်းတစ်စည်းလည်း အဆင်သင့် ကိုင်ဆောင် ထားပါတယ်။ ကျွန်တော့်အတွက် တခြားဘော့စ်တစ်ဦးဦးသာ ဖြစ်မယ်ဆိုရင် ဒီလို ခရီးဦးကြိုမှုမျိုး ခံရဖွယ်ရာ ရှိမယ်မထင်ပါဘူး။

ကားတံခါးကို မာရီယာကဖွင့်ပြီး ဆင်းလိုက်တယ်ဆိုရင်ပဲ မင်းသမီးက ကားနားကိုရောက်လာပြီး အင်မတန် ဝမ်းမြောက်ဝမ်းသာဖြစ်တဲ့ အသံနဲ့ 'ဝဲလ် ကမ်း... ဝဲလ်ကမ်း... ဝဲလ်ကမ်း နောက်ဆုံးတော့ ရှင်တို့ ဒီကိုရောက်လာပြီနော်' လို့ ဆိုရှာတယ်။ မာရီယာကို ဖက်ထားလိုက်တဲ့အပြင် ကျွန်တော့်သားများဖြစ်တဲ့ အလက်ဇန္ဒားနဲ့ နီကိုးလပ်စ်တို့ကလည်း မင်းသမီးကို ပြေးဖက်ကြပါတယ်။

ကျွန်တော်တို့ နေရမယ့်အခန်းကို ကြည့်လိုက်တဲ့အခါမှာ ကောဇောသစ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ခင်းပေးထားတဲ့အပြင် မီးဖိုခန်းထဲမှာလည်း ကြွေပြားသစ်တွေ ကပ်ပေးထားပါတယ်။ အရင်တုန်းက ဒီအဆောက်အအုံက ရွှေနန်းတော်ကြီးကို စောင့်ကြပ်ရတဲ့ လူပျိုစစ်သားများ နေခွင့်ပေးခဲ့တဲ့နေရာ ဖြစ်ပါတယ်။ ဒီအဆောက်အအုံကို ၁၇ ရာစုနှောင်းပိုင်းမှာ တတိယမြောက် ဝီလျံဘုရင်မင်းမြတ်နဲ့ ဒုတိယမြောက် မေရီဘုရင်မကြီးတို့က ဝယ်ယူခဲ့တာ ဖြစ်ပါတယ်။ ဒီနေ့ခေတ် ရောက်လာတဲ့အခါမှာတော့ အတွင်းပိုင်းက အိမ်ထောင်ပရိဘောဂများကို ခေတ်မီပစ္စည်းများနဲ့ ဖြည့်စွက်ပေးပြီး မင်းမှုထမ်းမိသားစုများ နေထိုင်ခွင့်ပြုထားတာပါ။ ကျွန်တော်တို့ရဲ့ အိမ်နီးနားချင်းများကတော့ မင်းသမီးရဲ့အစ်မဖြစ်တဲ့ ဂျိန်းနဲ့ သူမရဲ့ခင်ပွန်း ဆာရောဘတ်ဖဲလို (သူက ဘုရင်မကြီးရဲ့ ကိုယ်ရေးအတွင်းရေးမှူးပါ) မင်းသားကြီးဖိလစ်ရဲ့ ကိုယ်ရေးအတွင်းရေးမှူးအဖြစ် သူကောင်းပြုခံထားရတဲ့ မိုင်းလ်ပာန့်ဒေဗီးစ်လည်း ရှိပါတယ်။ ကျွန်တော်နဲ့ လက်တွဲလုပ်ရမယ့် ဘဏ္ဍာစိုး ဟာရီးလ်ဘရောင်းခများတော့ အခန်းမရရှာပါဘူး။ ဒါပေမယ့် သူက လန်ဒန်မြို့ပေါ်မှာ အိမ်ခန်း ၆ ခန်း ပိုင်တဲ့သူဖြစ်ပြီး တာဝန်အားဖြင့်လည်း မင်းသမီးပိုင်တဲ့ အိမ်များမှာရှိတဲ့ အိမ်ထောင်ပရိဘောဂကအစ လိုအပ်တာများကို ဖြည့်စွက်ဆောင်ရွက်ပေးရသူ ဖြစ်ပါတယ်။

❑

တကယ်တော့ ကေပီကို တရားဝင် ပြောင်းမလာရသေးခင်ကတည်းက ကျွန်တော် တာဝန်ထမ်းဆောင်နေခဲ့ရသေးတာပါ။ ကျွန်တော်တို့မိသားစု နေဖို့ အိမ်ပြင်ဆင်နေတာဖြစ်လို့ မာရီယာတို့က လိုက်လာခွင့်မကြုံသေးဘဲ ဟိုင်းဂရုဗ်စံအိမ်က နေအိမ်မှာပဲ ကျန်ရစ်ကြပါတယ်။ ကျွန်တော်ကတော့ ကေပီကို ရောက်နေပြီပေါ့။ စာရောက်လာတဲ့ လေးလအတွင်းမှာ စနေ၊ တနင်္ဂနွေမှ မိသားစုထံ ပြန်ပြီးတွေ့ရပါတယ်။ ကေပီနဲ့ဟိုင်းဂရုဗ် ကူးချည်သန်းချည် လုပ်နေရတာ ပင်ပန်းတယ်ဆိုပေမယ့် လွန်ခဲ့တဲ့ နှစ်နှစ်လောက်က မင်းသမီး ပင်ပန်းခဲ့တာလောက်တော့ မဟုတ်ပါဘူး။ ကျွန်တော် ကေပီကို စတင်တာဝန်ထမ်းဆောင်ပြီ ဆိုကတည်းက ဟိုင်းဂရုဗ်မှာ ကျန်ရစ်တဲ့ ကျွန်တော့်မိသားစု အိမ်မကြီးပေါ်ကို တက်ခွင့်မရကြတော့ပါဘူးတဲ့။ ကျွန်တော်တို့အိမ်ကိုလည်း ဘယ်သူကမှ အဝင်အထွက် မလုပ်တော့ဘဲ စွန့်ပယ်ခြင်းခံရတဲ့ မိသားစုလို နေခဲ့ကြရပါသတဲ့။ ကျွန်တော်နဲ့အတူ အမှုထမ်းခဲ့ကြတဲ့ မင်းမှုထမ်းများရဲ့အမြင်မှာ ကျွန်တော်တို့မိသားစုဟာ ဟိုင်းဂရုဗ်စံအိမ်နဲ့ ဘယ်လိုမှ မပတ်သက်တော့ဘူးပေါ့။ သူတို့အားလုံးကိုလည်း ကျွန်တော် အပြစ်မတင်ချင်တော့ပါဘူး။ ချားလ်စ်မင်းသားနဲ့ မင်းသမီးတို့ ကွာရှင်းပြတ်စဲကြတော့မယ်ဆိုကတည်းက မင်းသားရဲ့ ကိုယ်ရေးအရာရှိဖြစ်တဲ့ မိုက်ကယ်လ်ဖော



ဆက်က ကျွန်တော့်ကို ပြောခဲ့ဖူးတယ်။ 'ဘယ်သူ့ဘက် လိုက်မယ်ဆိုတာ မင်းသေသေချာချာ ရွေးပြီးဆုံးဖြတ်ပေတော့။ အေး… တစ်ခုပဲ ရှိတယ်။ ချားလ်စ်မင်းသားကတော့ တစ်နေ့နေ့မှာ ဗြိတိန်နိုင်ငံရဲ့ ရှင်ဘုရင် ဖြစ်လာမှာ အသေအချာပဲ' လို့ ဆိုခဲ့ဖူးပါတယ်။

သူကတော့ မင်းသားအပေါ်မှာ ကျန်ရစ်ပါတယ်။ ကျွန်တော့်ကိုတော့ မင်းသမီးက တိုက်ရိုက်ရွေးချယ်ခဲ့တာပါ။ သူတို့ ကွာရှင်းပြတ်စဲကြတဲ့နေရာမှာ ပစ္စည်းခန်းနဲ့ပတ်သက်ပြီး ကျွန်တော်ဟာ မင်းသမီး ရသင့်ရထိုက်တဲ့ ပစ္စည်းတစ်ခုလို ပြောင်းရွှေ့လာခဲ့ရတာလည်း မဟုတ်ပါဘူး။ မင်းသမီးရဲ့ မေတ္တာရပ်ခံချက်ကြောင့်သာ ဟိုင်းဂရုဗ်ကို စွန့်ခွာပြီး ကေပီကို ကျွန်တော်တို့မိသားစု ရောက်ခဲ့ကြရတာပါ။ ကျွန်တော် ငြင်းမယ်ဆိုရင် ဖြစ်ပေမယ့် ကျွန်တော့်ကို ရွေးချယ်ခဲ့တဲ့ မင်းသမီး စိတ်မကောင်းဖြစ်သွားမှာကို ကျွန်တော် မလိုလားပါဘူး။

ဟိုင်းဂရုဗ်မှာ ကျန်ရစ်ခဲ့တဲ့ မာရီယာကို အမှုထမ်းတစ်ဦးဖြစ်တဲ့ လီတာဒေးဗီးစ်ဆိုတဲ့အမျိုးသမီးကတော့ အခေါ်အပြော မပျက်ခဲ့ပါဘူး။ ဒါပေမယ့် တစ်စုံတစ်ယောက်က သူ့ကို 'ဘာဖြစ်လို့ မာရီယာနဲ့ ပတ်သက်နေရတာလဲ' လို့ သတိပေးစကား ဆိုခဲ့တယ်လို့ မာရီယာ့ကို ပြန်ပြောပြခဲ့ပါတယ်။ ဒါပေမယ့် လီတာက သူ့ကို ဘယ်သူက သတိပေးစကားပြောတယ်ဆိုတာကိုတော့ ထုတ်ဖော်ပြောကြားခြင်း မပြုပါဘူး။ အဲဒါအပြင် လီတာကို နောက်ထပ် သတိပေးတာကတော့ ဟိုင်းဂရုဗ်မှာရှိတဲ့ မာရီယာအနေနဲ့ ဟိုင်းဂရုဗ်စံအိမ်မှာ ဖြစ်ပျက်သမျှ အဖြစ်အပျက်များကို တခြားနေရာမှာ ပြန်ပြောခွင့် မရှိဘူးလို့ ဝိတ်ပင်ပြန်ပါတယ်။ ဒါကြောင့် နောက်တစ်နေ့မှာပဲ လီတာက သူမရဲ့ နုတ်ထွက်စာကို တင်ခဲ့ပါတယ်။

ကျွန်တော့်အထင် ပြောရရင်တော့ ချားလ်စ်မင်းသားရဲ့ အမှုထမ်းများက သူ့ဘက်မပါတဲ့ အမှုထမ်းများဟာ သူ့လှုပ်ရှားမှုများကို မင်းသမီးထံ သတင်းပို့ကြလိမ့်မယ်လို့ စိုးရိမ်ပူပန်ဟန် ရှိပါတယ်။ တစ်ဖက်နဲ့တစ်ဖက် အဲဒီလို အခြေအနေတင်းမာနေတဲ့ကြားမှာ ကျွန်တော်က မင်းသမီးထံ ရောက်နေပြီး မာရီယာက မင်းသားရဲ့ စံအိမ်ဝင်းထဲမှာ ကျန်ရစ်တယ်ဆိုတာက ကောင်းတဲ့ အခြေအနေ မဟုတ်ပါဘူး။ ဒါကြောင့်လည်း အတတ်နိုင်ဆုံး ပြောင်းနိုင်အောင် ကြိုးစားခဲ့ရပါတယ်။

ကေပီမှာ ရောက်လာတဲ့ ကျွန်တော်တို့မိသားစုကို ဒိုင်ယာနာက လှိုက်လှဲပျူငှာ နွေးထွေးစွာ ကြိုဆိုခဲ့ပါတယ်။ ကျွန်တော်တို့ကို ဂရုတစိုက်ရှိနေခြင်းက မာရီယာအနေနဲ့ အင်မတန် နေထိုင်လိုလှတဲ့ ကျေးလက်ဒေသနေအိမ်ကို စွန့်ခွာခဲ့ရတာ မခံစားရအောင်လို့ ဖြစ်မယ် ထင်ပါတယ်။ အိမ်တော်ပွဲတော်ကာလအတွင်း

www.burmeseclassic.com

www.burmeseclassic.com



မှာ ဒိုင်ယာနာက သူမရဲ့ အစ်မဖြစ်သူအိမ်ကို သွားလည်ခဲ့ပါတယ်။ ပြန်လာတဲ့ နေ့မှာပဲ ဝီလျံ၊ ဟယ်ရီတို့နဲ့အတူ ကျွန်တော့်သားများ ဖြစ်ကြတဲ့ အလက်ဇန္ဒားနဲ့ နစ်ခ်တို့ကိုခေါ်ပြီး ဘက်ခ်ရှိုင်းယားမှာရှိတဲ့ သရို(ပ)ပါ့ခ်ကို လိုက်ပို့ပေးပါတယ်။ အဲဒီနေ့က အနက်ရောင် ဂျင်း(န)နဲ့ အနက်ရောင် သားရေဂျက်ကက် ဝတ်ထားတဲ့ မင်းသမီးက ကလေးတွေအားလုံးအတွက် အပျော်ဆုံးနေ့တစ်နေ့ ဖြစ်အောင် ဖန်တီးပေးခဲ့ပါတယ်။ ကလေးလေးယောက်စလုံးအတွက် ရေသေနတ်ကလေးများ ဝယ်ပေးတဲ့အပြင် ပန်းခြံအတွင်းမှာ ကစားနည်းမျိုးစုံကို ကစားစေခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော့်သားငယ် နစ်ခ်က ၅ နှစ်သားအရွယ်သာ ရှိသေးတဲ့အတွက် အကြီးတွေလို မကစားနိုင်သေးတာကြောင့် တစ်နေ့လုံးနီးပါး ဒိုင်ယာနာကပဲ လက်တွဲထားရပါတယ်။ ကျွန်တော်တို့နောက်ကို သတင်းစာတိုက်များမှ ဓာတ်ပုံဆရာများလည်း တကောက်ကောက် လိုက်ခဲ့ကြပါတယ်။ ဒိုင်ယာနာကတော့ ဂရုစိုက်မနေတော့ဘဲ နစ်ခ်ကို ကျောပိုးလို့တောင် ခေါ်သွားပါသေးတယ်။

နောက်တစ်နေ့ထုတ် ဆန်းသတင်းစာကြီးမှာ ပုံတွေဝေဝေဆာဆာနဲ့ ဖော်ပြထားပြီး ခေါင်းစီးတပ်လိုက်ပုံက 'ဝီလျံ နဲ့ ဟယ်ရီတို့ သာမန်အရပ်သားများ ဘဝမှာ နေထိုင်ကြပုံများကို ဘဏ္ဍာစိုးရဲ့ သားများထံမှ လေ့လာပါ'တဲ့။ ဒီဆောင်းပါးမှာ တော်ဝင်ဓာတ်ပုံဆရာ ဂျင်မ်ဘဲနက်ရဲ့ ပြောစကားကို ကိုးကားထားတာက 'မင်းသမီးက ဘဏ္ဍာစိုးရဲ့ကလေးတွေကို သူ့ကလေးတွေလိုပဲ ဆက်ဆံတယ်။ မင်းသမီးမှန်းမသိတဲ့ သူတွေအဖို့ ကလေးလေးယောက်ရဲ့ အမေလို့ ရုတ်တရက် ထင်စရာရှိတယ်'လို့ ဆိုပါတယ်။

အဲဒီရက်သတ္တပတ်အတွင်းမှာပဲ မင်းသမီးက ကိုဗင့်ဂါဒင်မှာရှိတဲ့ ရွိုင်ရယ်လ်အော်ပရာဟောက်စ်မှာ တင်ဆက်တဲ့ Don Quixote ဘဲလေးပြဇာတ်ကို သွားကြည့်တော့လည်း ကျွန်တော် လိုက်သွားရပါသေးတယ်။ ပြဇာတ်ရုံထဲက တော်ဝင်ပုဂ္ဂိုလ်များ ကြည့်တဲ့နေရာနောက်မှာ မင်းသမီးနဲ့ မိတ်ဆွေများအတွက် ညစာတည်ခင်းကျွေးမွေးဖို့ ကျွန်တော် တာဝန်ယူရပါတယ်။ အဲဒီညက မင်းသမီးနဲ့အတူ ကျွန်တော်လည်း ဘဲလေးအကကို ပထမဆုံးအကြိမ်အဖြစ် ကြည့်ခွင့်ရခဲ့ပါတယ်။

ကေပီကို ပြန်ရောက်ပြီး မီးဖိုခန်းသန့်ရှင်းရေး လုပ်နေချိန်မှာ မင်းသမီးက ခေါင်းပြူလာပြီး 'ဘယ်လိုသဘောရသလဲ ပေါလ်'လို့ မေးလာပါတယ်။ တစ်ကမ္ဘာလုံး လှည့်ပတ်သွားလာခဲ့သူ ကျွန်တော့်ဘောစ်ရဲ့ မေးခွန်းကို ကျွန်တော့်ဉာဏ်တစ်ထွာတစ်မိုက်နဲ့ သုံးသပ်ပြလိုက်တာကတော့ 'အရမ်းကို အံ့သြစရာ ကောင်းပါတယ် မင်းသမီးရယ်'ပေါ့။ 'မင်းသမီးကော ဘယ်လိုသဘောရလဲ'လို့ မေးလိုက်တဲ့



အခါမှာတော့ မင်းသမီးက 'အသုံးကို မကျဘူး'လို့ ဖြေလိုက်တဲ့အတွက် ကျွန်တော့်မှာ တအံ့တသြ ဖြစ်ရပါတယ်။ ကျွန်တော် ဖြစ်ပျက်သွားပုံကို ကြည့်ပြီး မင်းသမီးကတော့ ခွက်ထိုးခွက်လန် ရယ်နေလေရဲ့။

မာရီယာတို့ ပြောင်းမလာခင် လေးလတုန်းက တစ်နေ့လုံး တာဝန် ထမ်းဆောင်ပြီးရင် ကျွန်တော်တစ်ယောက်တည်း ကေပီရဲ့ အပေါ်ဆုံးထပ်က ကလေးတွေထားတဲ့ အခန်းတစ်ခုမှာ အိပ်ရပါတယ်။ ဒီအခန်းက ကေပီရဲ့ နောက်ပိုင်းကို မြင်နေရတဲ့ အခန်းပါ။ ကေပီမှာ လူပေါင်း ၁၀၀ လောက် နေနိုင်လောက်အောင် အခန်းတွေ ရှိပါတယ်။ အဲဒီအခန်းများမှာ တော်ဝင်မိသားစုလေးစုက သူ့အပိုင်းနဲ့သူ နေနေကြတာပါ။ အဲဒီလေးစုမှာ ကိုယ့်ကိုယ်ပိုင် ဝန်ထမ်းအသီးသီး ရှိကြပါတယ်။ မင်းသမီးရဲ့အခန်းကတော့ မျက်နှာစာမှာရှိပြီး မြောက်ဘက်အခြမ်းမှာပါ။

တကယ်တော့ ကေပီမှာ ဒိုင်ယာနာရခဲ့တဲ့ နေရာဟာ သူ့စိတ်ကူးအိပ်မက်ထဲက နေရာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် မင်းသားနှစ်ပါးနဲ့အတူ တခြားနေရာမှာ နေဖို့ကလည်း မတင့်တယ်တာကြောင့်သာ နေနေရခြင်း ဖြစ်ပါတယ်။ ၁၉၉၂ ခုနှစ်နောက်ပိုင်းမှာတော့ ကေပီဟာ ဒိုင်ယာနာတစ်ဦးတည်း ပိုင်တဲ့နေရာ ဖြစ်လာခဲ့ပြီး သူ့စိတ်ကြိုက် ပြင်ဆင်ပါတော့တယ်။ အရင်တုန်းက ကေပီမှာခင်းထားတဲ့ ကော်ဇောတွေက ဝေလမင်းသားရဲ့ အဆောင်အယောင် အမှတ်တံဆိပ်ဖြစ်တဲ့ ငှက်မွေးတွေ ရိုက်နှိပ်ထားတာပါ။ ဒါတွေကို ဒိုင်ယာနာရော သူ့သားတော် နှစ်ပါးကပါ ငြီးငွေ့ကြတဲ့အတွက် သူ့လက်သူ့ခြေ လုပ်ခွင့်ရသွားချိန်မှာ အဲဒီကော်ဇောတွေကို ဖယ်ရှားပစ်လိုက်ပါတယ်။ ဒီလိုဖယ်ရှားလိုက်တဲ့အတွက် ချားလ်စ်မင်းသားကို သူမရဲ့ ဘဝထဲကနေ အပြီးအပိုင် မောင်းထုတ်လိုက်တဲ့သဘောတော့ မဟုတ်ပါဘူး။ သားတော်နှစ်ပါးရဲ့ ဖခင်အဖြစ် တချို့သော အဆောင်အယောင်တွေကိုတော့ ရှိသင့်ရှိထိုက်တဲ့ နေရာတွေမှာ ရှိစေပါတယ်။ ကလေးတွေအနေနဲ့ သူတို့အဖေကို မမေ့ပျောက်စေဖို့ပါပဲ။ ဒါကြောင့် အခန်းတော်တော်များများမှာ ချားလ်စ်မင်းသားရဲ့ ပုံများကို ချိတ်ဆွဲထားစေပါတယ်။

ဒိုင်ယာနာရဲ့ အခန်းနဲ့တွဲလျက်ရှိတဲ့ အဝတ်လဲခန်းမှာတော့ သူ့သားတော်နှစ်ပါးရဲ့ ပုံများကသာ နေရာယူထားပါတယ်။ အများစုမှာ တော်ဝင်ဓာတ်ပုံဆရာ ရိုက်ပေးခဲ့တဲ့ပုံများဖြစ်ပြီး ပုံတိုင်းနီးပါးမှာလည်း သားများက ဒိုင်ယာနာကို ဖက်တွယ်ထားတဲ့ ပုံများသာ ဖြစ်ပါတယ်။ တချို့ပုံတွေကတော့ သားတော်များ သူတို့ကျောင်းမှာ ရေးဆွဲကြရတဲ့ ပန်းချီကားတွေ ဖြစ်ပါတယ်။

ကေပီရဲ့ အဆောင်ဆောင် အခန်းခန်းမှာ ဝီလျံနဲ့ ဟယ်ရီတို့ရဲ့ အသက် အရွယ်

www.burmeseclassic.com

www.burmeseclassic.com



အလိုက် ရိုက်ကူးထားကြတဲ့ပုံတွေကလည်း အများကြီးပါပဲ။ အဲဒီအခန်းတွေထဲမှာ မင်းသားနှစ်ပါးနဲ့အတူ ကျွန်တော့်သားနှစ်ယောက်ကလည်း ကစားနည်းပေါင်းစုံကို ကစားခွင့်ရကြပါတယ်။ တီဗွီဂိမ်းဆိုရင် သူတို့လေးယောက် နာရီပေါက် မထတမ်း ကစားတတ်ကြပါတယ်။ မင်းသမီးက သူတို့ကို ဟန့်တားခြင်း မပြုပါဘူး။ ကစားနေကြရင်းက ပျော်ပျော်ရွှင်ရွှင် ပေါ်ထွက်လာတဲ့ အော်သံဟစ်သံတွေ အပေါ်မှာ မင်းသမီးကိုယ်တိုင်က သာယာနေပုံရပါတယ်။ ညနေစာကို ဒိုင်ယာနာက ကလေးများရဲ့အခန်းထဲမှာပဲ အတူတူ စားကြတာ များပါတယ်။ ဝီလျံက ဘီဘီစီ ရုပ်မြင်သံကြား အစီအစဉ်က ထုတ်လွှင့်တဲ့ Casualty အစီအစဉ်ကို သိပ်သဘောကျတာပါ။ သွေးတွေသံတွေနဲ့မို့လို့ ဟယ်ရီကတော့ မကြိုက်ပါဘူး။ တစ်ခါတလေ သူတို့သားအမိသုံးယောက် ဟိုလိုင်းကြည့်မယ်၊ ဒီလိုင်းကြည့်မယ်နဲ့ ငြင်းကြခုံကြတာလည်း အခါခါပါပဲ။

ကလေးများက သူတို့ဖခင်ဖြစ်သူထံ အလည်အပတ်အဖြစ် သွားကြတဲ့အခါမှာဖြစ်စေ၊ ကျောင်းအိပ်ကျောင်းစား ကျောင်းတက်ကြဖို့ ထွက်ခွာသွားကြတဲ့အခါမှာဖြစ်စေ ဒိုင်ယာနာက အိမ်ပေါက်ဝထိ လိုက်ပို့ပေးပြီး 'အမေ့သားတွေကို မေမေ လွမ်းနေမှာနော်' လို့ ပြောတတ်ပါတယ်။

သားများနဲ့ ခွဲနေရတဲ့အခါမှာ ဒိုင်ယာနာက တစ်နေ့မပျက် သားတွေဆီကို စာရေးတတ်ပါတယ်။ တစ်ခါတလေမှာ တစ်ရက်တည်း သုံးစောင်လောက် ရေးထားတွေတောင် ရှိခဲ့ဖူးပါတယ်။ စာတစ်စောင်ဖြစ်ဖြစ်၊ ပို့စ်ကတ်တစ်ခုခုဖြစ်ဖြစ် နေ့စဉ်ပို့ပါတယ်။ စာတိုင်းမှာ သူ ဘယ်လိုလွမ်းကြောင်း၊ သားတွေနဲ့ ပြန်လည်ဆုံစည်းရမယ့်ရက်ကို ဘယ်လိုမျှော်နေကြောင်း ဖော်ပြထားပါတယ်။ ပြန်လာတဲ့အခါတိုင်းမှာလည်း ဒိုင်ယာနာက သားနှစ်ယောက်ကို တင်းတင်းကျပ်ကျပ် ဖက်ပြီး အနမ်းမိုးတွေ ရွာလေ့ရှိခဲ့တာကို ကျွန်တော် ခုထက်ထိ သတိရနေမိပါတယ်။

❑

၁၉၉၃ ခုနှစ် နှစ်ဦးပိုင်းကစပြီး ဒိုင်ယာနာဟာ သူ့ဘဝမှာ ပထမဆုံးအကြိမ်အဖြစ် လွတ်လွတ်လပ်လပ် သွားလာလိုရာကို သွားလာခွင့် ရခဲ့ပါတယ်။ ဘဝသစ်အဖြစ် ကြိုက်သလို ဝတ်စားနိုင်ခွင့်လည်း ရှိခဲ့ပါပြီ။ အဲဒီနှစ်မှာ အောင်မြင်တဲ့ တစ်ကိုယ်တော် ခရီးစဉ်အဖြစ် ဇင်ဘာဘွေနိုင်ငံနဲ့ နီပေါနိုင်ငံတို့သို့ ခရီးထွက်ခဲ့ရာမှာ ဘာဂျီးနက်စ်ချော့ကာက အဖော်အဖြစ် လိုက်ပါပေးခဲ့ပြီး ဗြိတိန်နိုင်ငံဝန်ကြီးချုပ် ဂျွန်မေဂျာနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနက သူမရဲ့ ခရီးစဉ်များ အောင်မြင်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့ပါတယ်။ အဲဒီကာလမှာ ဒိုင်ယာနာဟာ ဗြိတိန်နိုင်ငံရဲ့



နှန်းညွန့်နှန်းလျှာ ချားလ်စ်မင်းသားနဲ့ ကွာရှင်းပြတ်စဲပြီး ဖြစ်ပေမယ့် သူမရဲ့နောက်မှာ အစိုးရအဖွဲ့ကတော့ ထောက်ပံ့အားပေးမှု ရှိနေဆဲ ဖြစ်ပါတယ်။ ဒါကို မလိုလားတဲ့ ပုဂ္ဂိုလ်တချို့ကတော့ ဒိုင်ယာနာဟာ လေလွင့်နေတဲ့ ကျည်ဆံတစ်တောင့် ဖြစ်တယ်လို့ တင်စားခဲ့ကြပါတယ်။ တကယ်တော့ ဒိုင်ယာနာရဲ့ ဘဝနဲ့ သူတို့ဘဝဟာ ခြားနားခဲ့ပြီကိုး။

လွတ်လပ်လာတဲ့ ဒိုင်ယာနာဟာ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့နဲ့ ပူးပေါင်းပြီး အလုပ်တွေကို အားကြိုးမာန်တက် လုပ်ဆောင်လာခဲ့ပါတယ်။ AIDS ရောဂါ တိုက်ဖျက်ရေး၊ ဆင်းရဲမွဲတေတဲ့ နိုင်ငံများအတွက် ထောက်ပံ့ကူညီရေးတို့ကို အထူးတလည် အာရုံစိုက်ခဲ့ပါတယ်။ နိုင်ငံတကာ လူသူအများရှေ့မှာ ဆွဲဆောင်နိုင်တဲ့ စကားပြောသူတစ်ဦး ဖြစ်လာနိုင်အောင်လို့လည်း စကားပြောသင်တန်းကို အထူးတလည် တက်ခဲ့ပါတယ်။ သူမ အဓိကရည်ရွယ်တဲ့ ခေါင်းစဉ်များကတော့ နိုင်ငံတကာမှာ ရှိနေတဲ့ အိုးမဲ့အိမ်မဲ့များ၊ HIV ရောဂါသည်များ၊ စိတ်ရောဂါသည်များပဲ ဖြစ်ပါတယ်။ သူမကိုယ်တိုင်က အစားအသောက်မမှန်တဲ့ ရောဂါသည်ဖြစ်တာကြောင့် ဒီလူများကို ကိုယ်ချင်းစာစိတ် ရှိခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ကမ္ဘာ့လူထုအတွက် ရုန်းကန်လှုပ်ရှားနေရင်းကြားကပဲ ကိုယ်ပိုင် စိတ်အပန်းဖြေမှုများကိုလည်း ရယူခဲ့ပါသေးတယ်။ တစ်ခါတလေမှာ အယ်လ်တန်ဂျွန်ရဲ့ ဖျော်ဖြေပွဲတွေကို သွားရောက်ကြည့်ရှုသလို ရိုမီယိုနဲ့ဂျူးလီယက် ဘဲလေးကဇာတ်ကိုလည်း ကြည့်ခဲ့ပါတယ်။ ဂျန်ဂဲလ်ဘွတ်ခ်ရုပ်ရှင်ကားကို သွားရောက် ကြည့်ရှုဖူးတဲ့အပြင် ဂရိစ်ဇာတ်လမ်းကို ပြဇာတ်အဖြစ် ရုံတင်ကပြရာမှာလည်း သွားရောက်ကြည့်ရှုခဲ့ပါတယ်။

ပင်ကိုစိတ်ဓာတ်အားဖြင့် တက်ကြွသူ ဖြစ်ပါတယ်။ ဒါပေမယ့် ဟိုင်းဂရုဗ်စံအိမ်မှာနေတုန်းကတော့ အိမ်ရှေ့မိဖုရားအဖြစ် အရာရာမှာ ထိန်းချုပ်နေခဲ့ရတဲ့အတွက် သူ့စိတ်ရင်းအမှန်တို့ ပေါ်သင့်သလောက် မပေါ်နိုင်ခဲ့ပါဘူး။ ကင်စတန်နန်းတော်ကို ရောက်လာချိန်မှာတော့ တိမ်သလ္လာဖုံးနေတဲ့ သူ့စိတ်ရင်းမှန်တို့ နေရောင်ခြည်ကို ရောက်ရှိလာသလို ပွင့်ပွင့်လင်းလင်း ပေါ်ထွက်လာခဲ့ပါတယ်။ မင်းမှုထမ်းများအပေါ်မှာလည်း ပွင့်ပွင့်လင်းလင်းပဲ ဆက်ဆံပြီး တစ်ခါတစ်ရံမှာ သူ့အမှုထမ်းတွေ ပျော်ရွှင်အောင်လို့ ပါတီပွဲ ကျင်းပပေးတဲ့အခါတွေလည်း ရှိခဲ့ပါတယ်။ အဲဒီလိုပါတီပွဲကျင်းပပြီဆိုရင် သူမကိုယ်တိုင် စန္ဒရားတီးပြီး ကျွန်တော်တို့ကတော့ သောက်ကြ၊ သီချင်းဆိုကြ၊ ကကြနဲ့ပေါ့။

၁၉၉၃ ခုနှစ်ဟာ တော်ဝင်အရိပ်မည်းများ လွတ်ကင်းသွားပြီလို့ ဒိုင်ယာနာက ယူဆပါတယ်။ အထူးသဖြင့် သူမအပါးမှာ ကာကွယ်ရေးအတွက် ထက်ကြပ်

www.burmeseclassic.com



မကွာ လိုက်ပါနေတဲ့ ရဲများလည်း မလိုအပ်တော့ပါဘူး။ နိုင်ယာနာအမြင်မှာတော့ လုံခြုံရေးဆိုတဲ့ ရဲများဟာ သူမရဲ့ လုံခြုံရေးထက် သူမ လှုပ်ရှားမှုများကို ရှေ့နှမ်းတော်ကြီးသို့ တစ်လုံးမကျန် ပြန်လည်အစီရင်ခံဖို့ အနီးကပ်ထားရှိတဲ့ သူလျှိုများလို့သာ ယူဆပါတယ်။ အထူးသဖြင့် သူမအတွက် အနီးကပ် လုံခြုံရေးချထားခံရတဲ့ အင်စပက်တာကိုလင်းထရင်းမင်းဟာ တစ်ခါတုန်းက ချားလ်စ်မင်းသားရဲ့ ကိုယ်ရံတော်တပ်ဖွဲ့မှာ အကြီးအကဲအဖြစ် ဆောင်ရွက်ခဲ့ဖူးသူ ဖြစ်တာကြောင့် နိုင်ယာနာအနေနဲ့ လုံးဝ ယုံကြည်မှု မရှိပါဘူး။ တစ်မနက်မှာ သူ့စာကြည့်စားပွဲမှာ ထိုင်ပြီး တစ်စုံတစ်ခုရေးနေတုန်း ကော်ဖီသောက်ဖို့အတွက် ကျွန်တော် သွားပို့ပါတယ်။ သူ့စာရွက်ပေါ်မှာ ရေးထားတဲ့ စာလုံးများကို သူကိုယ်တိုင် ဖတ်ပြပါတယ်။ 'မိမိကိုယ်ကို မိမိ ယုံကြည်မှု' ဒီစာကြောင်းနောက်မှာ အမှန် အမှတ်ကလေး ခြစ်လိုက်ပါတယ်။ 'ပျော်ရွှင်ခြင်း' ဆိုတဲ့ နောက်မှာလည်း အမှန်ခြစ်လိုက်ပြန်ပါတယ်။ 'ရဲတပ်ဖွဲ့' ဆိုတဲ့နောက်မှာတော့ ကြက်ခြေခတ် ခြစ်ပစ်လိုက်တာကို တွေ့ခဲ့ရပါတယ်။

❑

ကင်စတန်နန်းတော်မှာ အနေကြာလာတဲ့အခါ နိုင်ယာနာက ဟိုင်းဂရုဗ်စ်အိမ်မှာတုန်းကလို မဟုတ်တော့ဘဲ ကျွန်တော့်ကိုခေါ်ချင်ရင် အပေါ်ထပ်ကနေ အော်ဟစ်ခေါ်သံဟာ ကျွန်တော်နဲ့ ရင်းနှီးလာခဲ့ပါပြီ။ 'ပေါလ်ရေ… အောက်ထပ်မှာ ရှိသလား' လို့ အော်တတ်ပါတယ်။ လှေကားထိပ်က အော်နေတဲ့ နိုင်ယာနာ မြင်သာအောင် ကျွန်တော်က အောက်ကနေ မတ်တတ်ရပ်ပြလိုက်ရင် သူ လှေကားထစ်လျှောက် ဆင်းလာပြီး လှေကားထစ်ပေါ်မှာ ထိုင်တတ်ပါတယ်။ ကျွန်တော့်ထက်က တစ်ထစ်မြင့်တဲ့ လှေကားထစ်မှာ ထိုင်ရင်း သူ့ဆီကို ရောက်လာတဲ့ စာတွေအကြောင်း ပြောပြတတ်သလို တစ်ခါတစ်ရံမှာ အပြန်ရခက်နေတဲ့ စာနဲ့ပတ်သက်လို့လည်း အကြံဉာဏ်တောင်းတတ်ပြန်ပါတယ်။ တစ်ခါတစ်ရံမှာလည်း အပေါ်ထပ်ကနေ လှမ်းအော်တတ်ပုံက 'ပေါလ်ရေ… ဈေးဝယ်သွားရအောင်။ ကျွန်မကို ငါးမိနစ်လောက်တော့ အချိန်ပေးဦး' လို့ ဆိုတတ်တယ်။

အဲဒီလိုအခါမျိုးမှာ ကျွန်တော်က ကုတ်အင်္ကျီဝတ်လိုက်ပြီး သူနဲ့အတူ ကင်စတန်နန်းတော်ကိုဝင်တဲ့ လမ်းတစ်လျှောက်က ဖြတ်လျှောက်ကာ ကင်စတန် ဘုရားရှိခိုးကျောင်းဘက်ကို သွားကြပါတယ်။ အဲဒီကတစ်ဆင့် မျက်နှာချင်းဆိုင်ဘက်မှာရှိတဲ့ Marks & Spencer ကို သွားတတ်ကြပါတယ်။ တစ်ခါတစ်ရံမှာတော့ နိုင်ယာနာက W.H.Smith ဆိုင်ကို သွားပြီး ကလေးတွေအတွက် စီဒီဝယ်ချင်ရင်လည်း ဝယ်တတ်ပါသေးတယ်။ ကလေးတွေအတွက်ဆိုရာမှာ သူ့သားများအတွက်သာမက



ကျွန်တော့်သားများအတွက်ပါ ပါပါတယ်။ စီဒီချပ်တွေဝယ်ရင်း ပို့စ်ကတ်တွေထားတဲ့နေရာကို ရောက်ပြန်တော့လည်း ပို့စ်ကတ်မှာရေးထားတဲ့ ဟာသစာကြောင်းကလေးတွေကို ဖတ်ပြီး တခစ်ခစ် ရယ်တတ်တာ သူ့အကျင့်ပါ။ သူရယ်ရုံတင်အားမရသေးဘူး။ ကျွန်တော့်ကိုလည်း 'ကြည့်စမ်းပါဦး ပေါလ်ရယ်။ ဆွဲထားတဲ့ပုံနဲ့ရေးထားတဲ့ စာက တော်တော်ရယ်စရာကောင်းတယ်' လို့ ပြောပြီး ကျွန်တော်တို့နှစ်ယောက် ရယ်ဖြစ်ကြတာပါ။

ကျွန်တော်တို့နှစ်ယောက်ကတော့ သာမန်အရပ်သားများ ဘဝနဲ့ လွတ်လပ်ပြီလို့ဆင်ပေမယ့် အပြင်ကို အဲဒီလိုထွက်ပြီဆိုရင် သာမန်အရပ်သူ အရပ်သားများအနေနဲ့ တကောက်ကောက် လိုက်တတ်တဲ့ အုပ်စုတစ်ခုတော့ ရှိပါတယ်။ အဲဒီအုပ်စုက ဈေးဝယ်တွေလိုလို ဘာလိုလိုနဲ့ ကျွန်တော်တို့နောက်ကနေ နောက်ယောင်ခံလိုက်လေ့ရှိပါတယ်။

တချို့လူတွေကတော့ ယုံနိုင်ကြမှာ မဟုတ်ပါဘူး။

ကျွန်တော်တို့နှစ်ယောက် W.H Smith ဆိုင်ထဲမှာ ရှိနေတုန်း အမျိုးသမီးကြီးနှစ်ယောက် တိုးတိုးစကားပြောနေကြပါတယ်။ တိုးတိုးဆိုပေမယ့် ကျွန်တော်တို့ကြားနိုင်လောက်အောင် ရည်ရွယ်ပုံရပါတယ်။

ပထမအမျိုးသမီးက 'အဲဒါ သူပေါ့။ ရှင်မှတ်မိရဲ့လား' လို့ ဆိုတဲ့အခါမှာ ဒုတိယအမျိုးသမီးက 'ဟုတ်နိုင်ပါဘူး ရှင်ရယ်။ တူတာဖြစ်ပါလိမ့်မယ်' လို့ ပြောပြီး သူ့ဘာသာသူ ဈေးဝယ်စရာရှိတာကို ဆက်ပြီး ဝယ်နေပါတော့တယ်။ ဆလမင်းသမီးနိုင်ယာနာက ဒီလိုနေရာမျိုးမှာ ဈေးဝယ်နေတယ်ဆိုတာကို ဘယ်တုန်းကမှ မကြုံဖူးကြတဲ့အတွက် သူတို့အနေနဲ့ ယုံနိုင်စရာ မရှိဘူးပေါ့။

ကျွန်တော်တို့ ဈေးဝယ်ထွက်တိုင်း W.H Smith ဆိုင်ကိုတော့ မပျက်မကွက်ရောက်တတ်ကြပါတယ်။ ကင်စတန်နန်းတော်ကို ပြန်ရောက်လာရင် ကျွန်တော်တို့လက်ထဲမှာ အသစ်ဝယ်ယူလာခဲ့တဲ့ Vogue နဲ့ Tatler မဂ္ဂဇင်းများက မင်းသမီးတယ်းဖြေ ပေါ့ပေါ့ပါးပါးဖတ်ဖို့ဖြစ်ပြီး ဝယ်ယူလာတဲ့ ကတ်များကတော့ သားတော်များဖြစ်တဲ့ ဝီလျံနဲ့ ဟယ်ရီတို့ ကျောင်းအိပ်ကျောင်းစား တက်နေတဲ့ ကျောင်းများဆီကို ပို့ပေးဖို့ပါပဲ။ ကတ်များနဲ့အတူ စီဒီအသစ်တွေ၊ ဗီဒီယိုအသစ်တွေလည်း ပါတတ်ပါတယ်။ တစ်နေ့မှာတော့ မင်းသမီးက ထုံးစံအတိုင်း ဈေးဝယ်ထွက်ရအောင်လို့ ခေါ်လာပြန်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ W.H Smith ဆိုင်ကနေ ကင်စတန်နန်းတော်ကို မပြန်သေးဘဲ တစ်နေရာကို ဆက်ထွက်လာခဲ့ကြပါတယ်။ အမှန်ကတော့ အဲဒီနေရာကို သွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ထွက်လာခဲ့မှန်း နောင်မှ

www.burmeseclassic.com



ကျွန်တော် သိရတာပါ။ မင်းသမီးရဲ့ အဓိကရည်ရွယ်ချက်ကတော့ Daily Mail သတင်းစာကြီးမှ သတင်းထောက် ရစ်ချတ်ကေးနဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးဖို့ပါပဲ။ ရစ်ချတ်ကိုတော့ မင်းသမီးက ယုံကြည်စိတ်ချပါတယ်။ သူ့ကို မင်းသမီးက ရီကာဒိုလို့ ခေါ်လေ့ရှိပါတယ်။ သူတို့နှစ်ယောက် အမှတ်မထင် ဆုံသလိုလိုနဲ့ တမင်တကာ ဆုံလိုက်ကြပြီး မင်းသမီးက တခစ်ခစ် ရယ်နေပါသေးတယ်။ ကျွန်တော် မင်းမှုထမ်းအဖြစ် တာဝန်ထမ်းဆောင်နေစဉ်ကာလမှာ သတင်းထောက်ပေါင်းများစွာနဲ့ ဆက်ဆံခဲ့ရဖူးပေမယ့် ရစ်ချတ်ကတော့ တခြားသတင်းထောက်များနဲ့ လုံးဝမတူတဲ့သူပါ။

'တွေ့ရတာ ဝမ်းသာပါတယ် မင်းသမီး' လို့ ဆိုလိုက်ပြီး စာရွက်ကလေးတစ်ရွက် မင်းသမီးလက်ကို ကမ်းပေးလိုက်ကာ ကျွန်တော်တို့နှစ်ယောက် အပြင်ထွက်ဖို့အတွက် ဆိုင်တံခါးကို သူကိုယ်တိုင်လိုက်ပြီး ဖွင့်ပေးပါတယ်။ နောင်မှာတော့ သူ့ဆီက ကမ်းလာတဲ့ အဲဒီလိုစာရွက်ပေါင်းများစွာကို ကျွန်တော် ဖတ်ခွင့်ကြုံခဲ့ရပါတယ်။ သူနဲ့ပတ်သက်ပြီး မင်းသမီးက 'သူ့ကို ကျွန်မ ယုံတယ်' လို့ တိတိလင်းလင်း ဆိုခဲ့ဖူးပါတယ်။

□

ကင်စတန်နန်းတော်မှာလည်း တခြားတော်ဝင်မိသားစုများ နေထိုင်တဲ့ ပုံစံအတိုင်း ပုံမှန်လည်ပတ်ရတဲ့ သဘောမှာ ရှိပါတယ်။ နံနက်မိုးလင်းပြီဆိုရင် ၇ နာရီ၊ ၇ နာရီခွဲလောက်မှာ မင်းသမီးကို အဝတ်လဲပေးမယ့် ဝန်ထမ်းတစ်ဦးက မင်းသမီး အိပ်ခန်းထဲ ဝင်သွားရပါတယ်။ နှိုးစရာမလိုဘဲ မင်းသမီးက အမြဲတမ်း အဆင်သင့်အနေအထားမှာ ရှိနေတတ်ပါတယ်။

အဲဒီလိုအချိန်မျိုးမှာ ကျွန်တော်က မီးဖိုဆောင်နဲ့ ထမင်းစားခန်းကြားမှာရှိတဲ့ ကော်ရစ်ဒါမှာရပ်ရင်း မနက်စာသုံးဆောင်ဖို့ ပြင်ဆင်နေကြတာကို စောင့်ကြည့်ရပါတယ်။ ဖိနပ်စီးမထားတဲ့အပြင် ခေါင်းလည်း ဖြီးမထားသေးတဲ့ မင်းသမီးက မျက်နှာသုတ်ပဝါအသား ဝတ်ရုံဝတ်ဆင်ထားပြီး ကော်ရစ်ဒါ တစ်ဖက်စွန်းကနေ ထွက်လာပြီဆိုရင် ကျွန်တော်က မီးဖိုဆောင်ထဲဝင်ပြီး သူ့အတွက် ကော်ဖီကြမ်း တစ်အိုး ပြင်ဆင်ရပါတော့တယ်။

အဆင်သင့် ဖြစ်နေပြီဖြစ်တဲ့ ကော်ဖီကြမ်းကို လက်လုပ်ကြွေထည်အိုးနဲ့ ထည့်ပြီး ထမင်းစားခန်းထဲကို ကျွန်တော် သယ်ဆောင်လာတဲ့အချိန်မှာတော့ မင်းသမီးက ကုလားထိုင် လေးလုံးသာ ထားရှိတဲ့ ဝါးနဲ့ ပြုလုပ်ထားတဲ့ စားပွဲဝိုင်းကလေးမှာ အဆင်သင့်ထိုင်နေပါပြီ။ ဒီစားပွဲဝိုင်းကလေးကို အဖြူရောင် လိုင်နင်စားပွဲခင်းနဲ့



အမြဲခင်းပေးရပါတယ်။ စပျစ်သီးဖျော်ရည်ကို သောက်ရင်း ဒီနေ့မနက်ထုတ်တဲ့ သတင်းစာများကို တစ်စောင်ချင်း စတင်ဖတ်ရှုပါတယ်။ သတင်းစာများကို စီတဲ့နေရာမှာလည်း ဘုရင်မကြီး ပုံစံအတိုင်း စီပေးရပါတယ်။ အပေါ်ဆုံးမှာ The Times, Daily Telegraph, Daily Express, Daily Mail နဲ့ Daily Mirror တို့ပါပဲ။ တစ်ခုပဲ ကွာခြားတာကတော့ အားကစားစာမျက်နှာများကို တင်ပေးစရာ မလိုပါဘူး။ မင်းသမီး သတင်းစာများကို ဖတ်နေစဉ်ကာလမှာ ကျွန်တော်က တံခါးဝကနေ စောင့်နေရပါတယ်။ ထမင်းစားခန်းမှာ သုတ်ထားတဲ့အရောင်က Magenta(အနီရောင်) ဖြစ်တဲ့အတွက် အခန်းတွင်းမှာ နွေးထွေးနေပါတယ်။ သတင်းစာ ဖတ်နေတဲ့ မင်းသမီးရဲ့ မျက်ဝန်းများက လှစ်ခနဲပင့်လိုက်တဲ့အချိန်မှာ ကျွန်တော်နဲ့ မျက်လုံးချင်းဆိုင်မိပါပြီ။ အဲဒီအချိန်ကျမှ 'ကောင်းသောနံနက်ခင်းပါ၊ ဘုန်းတော်ကြီးမြတ်လှသော မင်းသမီး' လို့ နှုတ်ဆက်ရပါတယ်။ နောင်အချိန်ကြာလာတဲ့အခါမှာတော့ မင်းသမီးကိုယ်တိုင်က 'ဘုန်းတော်ကြီးမြတ်လှသော' ဆိုတဲ့ စကားလုံးကို မသုံးပါနဲ့ဆိုတဲ့အတွက် ကျွန်တော် မသုံးရတော့ပါဘူး။

သူနဲ့ကျွန်တော် နှစ်ယောက်ချင်းရှိတဲ့ကာလများမှာ သူ့ဘုန်းသမ္မာကို တင်စားတဲ့အနေနဲ့ ဒီအသုံးအနှုန်းကို သုံးခွင့်မရပေမယ့် မင်းပွဲစိုးပွဲများမှာ ကြုံပြီဆိုရင်တော့ ကျွန်တော့်သခင်မရဲ့ စကားကို ကျွန်တော် ပစ်ပယ်ပြီး ဒီအသုံးအနှုန်းကို သုံးလေ့ရှိပါတယ်။ ဒါကလည်း သခင်မရဲ့အမိန့်ကို မနာခံချင်လို့ မဟုတ်ပါဘူး။ ဤလိုသုံးနှုန်းခြင်းအားဖြင့် သူ့အနေအထားကို လေးစား ရာရောက်သလို ကျွန်တော်ဟာ သူ့ရဲ့အမှုထမ်းတစ်ဦးဖြစ်ကြောင်း အသိပေးတဲ့ အနေအထားကြောင့်လည်း ဖြစ်ပါတယ်။

အထူးသဖြင့်တော့ ရွှေနန်းတော်ပေါ်ကနေ မြေပြင်ပေါ်သို့ ပြန်လည်ဆင်းသက်လာရတဲ့ အခုလို အနေအထားမျိုးမှာ ကျွန်တော်က သူ့မရှေ့မှာ ထားရမယ့် ဘွဲ့ထူးဂုဏ်ထူးကို မပစ်ပယ်ချင်ပါဘူး။ ဒါကြောင့် ကင်စတန်နန်းတော်မှာ စတင်အမှုထမ်းရတဲ့ ၁၉၉၃ ခုနှစ်ကနေ ကွယ်လွန်ချိန်အထိ 'ဘုန်းတော်ကြီးမြတ်လှသော' ဆိုတဲ့ အသုံးအနှုန်းကို ကျွန်တော် သုံးခဲ့ပါတယ်။

ကော်ဖီကရားအိုး ချပေးပြီးရင် ကျွန်တော်က မင်းသမီးအတွက် ပေါင်မုန့်လှီးပြီး ဘန်းကင်စက်ထဲကို ထည့်ပေးရပါတယ်။ အဲဒီအချိန်အတွင်းမှာပဲ ကျွန်တော်တို့နှစ်ယောက် ကုန်လွန်ခဲ့တဲ့ ညကအကြောင်းတွေကို စားမြုံ့ပြန်ကြသလို ဒီနေ့တစ်နေ့အတွက် အစီအစဉ်များကိုလည်း ညှိနှိုင်းကြပါတယ်။ အစီအစဉ်တွေကို ကျွန်တော် ပြောနေစဉ်အတွင်းမှာ များသောအားဖြင့် မင်းသမီးကတော့ ငွေစွန်းတင်

www.burmeseclassic.com

www.burmeseclassic.com



ချောင်းနဲ့ ပျားရည်ဖြူကို စားနေတတ်ပါတယ်။ တစ်ခါတလေမှာတော့ ကျွန်တော့်ကို ဒီနေ့ သတင်းစာဖတ်ပြီးပြီလားလို့ အမှတ်မထင် မေးတတ်ပါတယ်။ သူ အဲဒီလိုမေးပြီဆိုရင် ဖြေဖို့ရာ တော်တော် ခက်ပါတယ်။ အထူးသဖြင့်တော့ မင်းသမီးနဲ့ ပတ်သက်ပြီး မကောင်းသတင်း ရေးထားတာမျိုးပါတဲ့အခါမှာ မင်းသမီးက မေးတတ်ခြင်းပါ။ တစ်ခါတလေမှာ ကျွန်တော်က အဲဒီလိုသတင်းပါတဲ့ သတင်းစာတစ်စောင်ကို မတင်ပြတော့ဘဲ ဝှက်ထားလိုက်တာမျိုး လုပ်တတ်ပါတယ်။ အင်မတန်ပါးနပ်တဲ့မင်းသမီးက သတင်းစာတစ်စောင် လျှော့နေပြီဆိုရင် ဘာကြောင့်လဲဆိုတာ သူ သိပါတယ်။ ကျွန်တော် မဖတ်စေချင်တဲ့ သတင်းစာဆိုရင်လည်း မင်းသမီးက မရအရ ရှာပြီး ဖတ်တတ်ပြန်ပါတယ်။ နံနက်စာ စားသုံးနေစဉ်အတွင်းမှာ ဘယ်တော့မှ မဖတ်တဲ့သတင်းစာကတော့ The Sun သတင်းစာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီသတင်းစာကို ကျွန်တော်တို့ရဲ့ စားတော်ကဲကြီး မာဗင်က အမြဲတမ်း ဝယ်လေ့ရှိတာကြောင့် မီးဖိုဆောင်ရဲ့ တယ်လီဖုန်းထားတဲ့နေရာ အထက်က စင်ကလေးပေါ်မှာ အမြဲရှိတတ်တယ်ဆိုတာကိုလည်း မင်းသမီးက သိပါတယ်။

တနင်္လာ၊ ဗုဒ္ဓဟူးနဲ့ သောကြာနေ့များကတော့ အားကစားလုပ်တဲ့ နေ့တွေပါ။ တစ်ခါတလေမှာ ချယ်လ်ဆီးဟာဗာကလပ်ကို သွားကစားလေ့ရှိပြီး တစ်ခါတလေမှာတော့ နန်းတော်ရဲ့ ရေကူးကန် ... ညှဲ့ခန်းထဲမှာပဲ ကစားလေ့ရှိပါတယ်။ အဲဒီလိုအခါမျိုးမှာ ကျွန်တော်တို့ မင်းမှုထမ်းများက မင်းသမီး လွတ်လွတ်လပ်လပ် ကစားရအောင် ပရိဘောဂတွေကို နေရာရွှေ့ပေးရပါတယ်။ မင်းသမီးရဲ့ အားကစားနည်းပြ ကာရီလင်းဘရောင်း၊ ဒါမှမဟုတ် ဂျယ်နီရီဗစ်တို့က အနီးကပ် နည်းပြကြပါတယ်။ အဲဒါပြီးရင်တော့ မင်းသမီးကို အားကစားလေ့ကျင့်ရုံမှာ ဆက်ကစားဖို့ ကျွန်တော်ကိုယ်တိုင် ကားမောင်းပြီး Earls Court ကို လိုက်ပို့ရပါတယ်။ တစ်ခါတလေမှာ ကိုယ်လက်ကြံ့ခိုင်ရေး သင်တန်းက နံနက်စာ မစားခင် လုပ်ရတာပါ။ လေ့ကျင့်ခန်းလုပ်မယ့်ရက်က ပုံမှန်သတ်မှတ်ထားလို့မရဘဲ ချားလ်မင်းသားနဲ့ ခွဲခွာချိန်ကစပြီး အရှင်သတ်မှတ်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျောင်းအိပ်ကျောင်းစားကနေ ပြန်လာတဲ့သားတော်နှစ်ပါး သူတို့ မယ်တော်ထံမှာ လာနေတဲ့အခါ မယ်တော်ရဲ့ အစီအစဉ်တွေကို ပြင်ဆင်ရသလို ခမည်းတော်နဲ့ နေတဲ့အခါကျတော့လည်း အစီအစဉ်က ပြောင်းရပြန်ပါတယ်။ နိုင်ငံခြားမှာက သူ့သားတော်တွေဆီကို စာရေးသလို ချားလ်မင်းသားကလည်း တစ်ပတ်ကို နှစ်ကြိမ်သုံးကြိမ်လောက် ရေးတတ်ပါတယ်။ သူ ရေးတဲ့စာတွေကတော့ နိုင်ငံခြားမှာရေးတဲ့ စာနဲ့မတူဘဲ သူ့သားတော်များတွေဖို့ ဘယ်နေ့ဘယ်ရက်တွေမှာ အားတယ်ဆိုတဲ့အကြောင်းလောက်



သာ အသိပေးခြင်း ဖြစ်ပါတယ်။ တစ်ခါတလေမှာ သူ ကြိုတင်အသိပေးတာတွေက လနဲ့ချီပြီး ကွာချင်ကွာနေတတ်သလို ရက်သတ္တပတ် ၃-၄ ပတ်လောက် စောချင်လည်း စောနေတတ်ပါတယ်။

၁၉၉၃ ခုနှစ်မှာတော့ ချားလ်မင်းသားက တစ်ဂီကို သားတော်နှစ်ပါးအား ထိန်းသိမ်းစောင့်ရှောက်ဖို့အတွက် ခန့်အပ်ခဲ့ပါတယ်။ ဒီအနေအထားမှာ တစ်ဂီက ကလေးထိန်းမဟုတ်တော့ဘဲ သားတော်များကို အုပ်ထိန်းသူတစ်ပိုင်း ဖြစ်လာခဲ့တာကြောင့် စာနယ်ဇင်းများက တစ်ဂီကို 'မွေးစားအမေ' လို့ ကင်ပွန်း တပ်လာကြတဲ့အတွက် သားတော်နှစ်ပါးစလုံးက မလိုလားကြတော့ပါဘူး။ တကယ်တော့ တစ်ဂီဟာ သဘောထား ရိုးသားလှသူကလေးတစ်ဦး ဖြစ်ပါတယ်။ သားတော်နှစ်ပါးအပေါ်မှာလည်း သံယောဇဉ်ကြီးစွာနဲ့ ထိန်းသိမ်း စောင့်ရှောက်တာ ဖြစ်ပေမယ့် သားတော်များရဲ့ အမြင်မှာတော့ တစ်ဂီဟာ သူတို့အတွက် ဆူးငြောင့်ခလုတ်တစ်ခု ဖြစ်နေခဲ့ပါတယ်။

❑

မင်းသမီးရဲ့ နေ့စဉ်လုပ်ငန်းဆောင်တာများထဲမှာ အကုန်အကျများတဲ့ အလုပ်တစ်ခုကတော့ စနေ၊ တနင်္ဂနွေမှအပ နေ့စဉ် နံနက်တိုင်း ခေါင်းလျှော်ပြီး ဆံပင်အခြောက်ခံရခြင်း အလုပ်ပါပဲ။ ပထမပိုင်းမှာ ဆတ္တာသည် ရစ်ချတ်ဒဲလ်တန်က ဆောင်ရွက်ပေးခဲ့ပြီး နောက်မှာတော့ ဆမ်မက်နိုက်က ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီအမျိုးသားနှစ်ဦးစလုံးဟာ မင်းသမီးရဲ့ ယုံကြည်စိတ်ချရတဲ့ လူယုံတော်များလည်း ဖြစ်လာခဲ့ကြပါတယ်။ အမျိုးသမီးများဟာ သူတို့ရဲ့ ဆံပင်များကို ပြင်ဆင်ပေးတဲ့ ဆတ္တာသည်များကို အတင်းအဖျင်း ပြောလေ့ရှိကြတဲ့အတိုင်း မင်းသမီးလည်း အမျိုးသမီးများထဲက တစ်ဦးအပါအဝင် ဖြစ်ခဲ့ပါတယ်။ ခေါင်းလျှော်ခံရင်း တွေရာလေးပါး အတင်းတွေပြောတတ်တာဟာ ဆတ္တာသည်နဲ့သာမက ဘဏ္ဍာစိုးဖြစ်တဲ့ ကျွန်တော်နဲ့လည်း အပါအဝင်ပေါ့။ ဆံပင်အခြောက်ခံနေစဉ်မှာ စက်ရဲ့အသံကို ကျော်လွှားပြီး ဆတ္တာသည် ကြားရအောင်လို့ ပိုပြီး ကျယ်ကျယ်ပြောတတ်တာလည်း မင်းသမီးရဲ့ အကျင့်တစ်ခု ဖြစ်ပါတယ်။

အနားမှာရှိနေတဲ့ ကျွန်တော့်ပုံရိပ်ကို မှန်ထဲကတစ်ဆင့် မြင်လိုက်ပြန်ရင်လည်း 'ဒီမှာကြည့်' လို့ အသံခပ်ကျယ်ကျယ်နဲ့အော်ပြီး သူ့အကြောင်း ရေးထားတဲ့ သတင်းစာထဲက သတင်းတစ်ခုခုကို ခေါ်ပြတတ်ပြန်ပါတယ်။ အကောင်းရေးသည်ဖြစ်စေ၊ အဆိုးရေးသည်ဖြစ်စေ မင်းသမီးက ကျွန်တော် ဖတ်ဖြစ်အောင် ပြလေ့ရှိမြဲပါပဲ။ ဒါကြောင့် မင်းသမီးအပါးမှာ အမှုထမ်းကြတဲ့သူအားလုံးဟာ မင်းသမီးရဲ့ အတွင်း

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို ပွင့်ပွင့်လင်းလင်း ရကြတဲ့သူတွေချည်းပါပဲ။ အဲဒီလို နံနက်ခင်းမျိုးမှာ မင်းသမီးရဲ့စိတ်က ပကတိအတိုင်း နူးညံ့ပျော့ပျောင်းနေတာကို ကျွန်တော်တို့က လွဲပြီး ဘယ်သူမှ သိခွင့်မြင်ခွင့် မရခဲ့ကြပါဘူး။ ကျွန်တော့်အမြင်မှာတော့ မင်းသမီးဟာ အဲဒီလိုအချိန်မျိုးမှာ အထက်တန်းကျောင်းသူကလေးတစ်ယောက်လို ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွရှိပြီး နန်းတော်ရဲ့ တံခါးအပြင်ဘက်ကို ထွက်လိုက်တာနဲ့ တစ်ပြိုင်နက် တခြားသူတစ်ယောက်အဖြစ် ပြောင်းလဲသွားသလိုပါပဲ။ ကမ္ဘာကျော်ဝတ်စုံတွေဖြစ်တဲ့ ကက်သရင်းဝါကာ၊ ရှေနယ်လ်ဝတ်စုံများ ဝတ်ဆင်ပြီး တွေ့ရတဲ့ ဒိုင်ယာနာဟာ ကျွန်တော့် အမြင်မှာတော့ စောစောတုန်းက အိမ်ထဲမှာ တွေ့ခွင့်ရတဲ့ ကျောင်းသူကလေးတစ်ဦးပုံစံနဲ့ လုံးဝ မတူတော့ပါဘူး။ အဲဒီခြားနားမှုကို တွေ့ရတိုင်း ကျွန်တော့်မှာ အံ့သြရတာချည်းပါပဲ။

အင်္ဂလိပ်အက္ခရာ (L) ပုံစံရှိတဲ့ အိပ်ခန်းမှာ ရာပေါင်းများစွာသော ဝတ်စုံတွေ၊ ဘလောက်စ်အင်္ကျီတွေ၊ ဂျက်ကက်တွေ၊ ဘောင်းဘီတွေ၊ ကောက်တေးဝတ်စုံတွေ ပြည့်နှက်နေတဲ့အပြင် ရှူးဖိနပ်အရန်ပေါင်းများစွာကလည်း နေရာယူထားကြပါတယ်။ ဖိနပ်စင်က ကြမ်းပြင်ကနေ မျက်နှာကြက်အထိ မြင့်ပါတယ်။ ချိတ်ဆွဲထားတဲ့ ဝတ်စုံရဲ့အရောင်နဲ့ စီးမယ့်ဖိနပ်ကို အတူတူ ထားရှိတာကလည်း မင်းသမီးရဲ့ အစီအမံပဲ ဖြစ်ပါတယ်။ အပြာရောင်ဝတ်စုံအောက်မှာ အပြာရောင်ဖိနပ် ရှိသလို ပန်းရောင်ဝတ်စုံအောက်မှာလည်း သူနဲ့လိုက်ဖက်တဲ့ ပန်းရောင်သားရေရှူးဖိနပ်က အဆင်သင့်ပါ။ ကြက်သွေးရောင် ကက်သရင်းဝေါကာ ဝတ်စုံအောက်မှာ အနီရဲရဲ ဆာတင်သားနဲ့ ချုပ်ထားတဲ့ ရှူးဖိနပ်ကလည်း အဆင်သင့် ရှိနေပါတယ်။

မင်းသမီးရဲ့ ရက်သတ္တပတ်များဟာ အမြဲတမ်း အစီအစဉ်များနဲ့ ပြည့်နှက်နေပြီး လူမှုရေး ရန်ပုံငွေကိစ္စများအတွက် အစည်းအဝေးတက်ရခြင်းက အများစု ဖြစ်ပါတယ်။ သူ့ဒိုင်ယာရီမှာ အချိန်အချက် မရှိတဲ့အခါမျိုးမှာတော့ နေ့လယ်စာစားခြင်း၊ ညစာစားခြင်းတို့ကို လက်ခံရပြန်ပါတယ်။ မင်းသမီးက ရင်းနှီးတဲ့ မိတ်ဆွေတစ်ဦးချင်းနဲ့ နေ့လယ်စာ စားရတာကို ပိုပြီးသဘောကျပါတယ်။ ပြင်ပက မိတ်ဆွေများနဲ့ စားတတ်သလို တော်ဝင်အသိုက်အဝန်းမှ ရင်းနှီးခဲ့သူများနဲ့လည်း နေ့လယ်စာ စားတတ်ပါတယ်။ အဲဒီပုဂ္ဂိုလ်တွေထဲမှာ လင်ညီအစ်မတော်စပ်တဲ့ ယောခ်မြို့စားကတော်လည်း ပါပါတယ်။ အများအားဖြင့်တော့ စရိုက်တူသူများနဲ့သာ မင်းသမီးက ပေါင်းသင်းတတ်တာကို သတိထားမိပါတယ်။ တနင်္ဂနွေနေ့များမှာ မင်းသမီးက ဗာကိုးနီးယားဝါးတားမှာရှိတဲ့ ဒတ်ချ်မြို့စားကတော်ရဲ့ အိမ်ကိုသွားချင်ရင် သွားပြီး တစ်ခါတလေမှာတော့ လေဒီအယ်နာကိုးလ်စမစ် မိသားစုရှိရာ ရစ်ချ်မွန်ကို သွား



တတ်ပါတယ်။ အဲဒီအိမ် နှစ်အိမ်စလုံးမှာက လုံခြုံရေးစိတ်ချရသလို ဝီလျံနဲ့ ဟယ်ရီတို့အတွက် စိတ်ချရတဲ့ ရေကူးကန်များလည်း ရှိပါတယ်။

တကယ်လို့ နေ့လယ်စာကို အပြင်ထွက်မစားဘူးဆိုရင် မင်းသမီးက မီးဖိုခန်းထဲမှာရှိတဲ့ ခွေးခြေအမြင့်တစ်ခုပေါ်မှာထိုင်ပြီး နေ့လယ်စာကို စားတတ်ပါတယ်။ နေ့လယ်စာ စားနေရင်းနဲ့ ကျွန်တော်အပါအဝင် စားဖိုမှူးနဲ့ပါ ရယ်စရာ မောစရာများကို ပြောတတ်ပါတယ်။ မင်းသမီးက ကင်စတန်မှာပဲ နေ့လယ်စာ စားတဲ့အခါမှာ ဟင်းများကို တစ်မျိုးပြီးတစ်မျိုး ချပေးရတာမျိုး မဟုတ်တော့ဘဲ သောက်ရေကအစ တစ်ပြိုင်တည်း ချပေးရပါတယ်။ နေ့လယ်စာ စားချိန်မှာလည်း မိဘိုင်းဖုန်းက လာတတ်တာမို့ ပခုံးနဲ့မေးကြားမှာ ညှပ်ပြီး အစားမပျက် စကားပြောတတ်တာလည်း ရှိပါတယ်။

ကင်စတန်ကနေ အပြင်ကိုထွက်ပြီဆိုရင်တော့ သူ့နောက်မှာ ကျွန်တော်အမြဲလိုက်ရပါတယ်။ ကျွန်တော် ကားမောင်းတဲ့အခါမှာ သူက ဘေးက ထိုင်လေ့ရှိပြီး တစ်ခါတလေမှာတော့ သူကိုယ်တိုင်လည်း မောင်းလေ့ရှိပါတယ်။

တစ်ခါတလေ သူတစ်ယောက်တည်း အပြင်ထွက်သွားပြီဆိုရင်လည်း ည ၇း၃၀ နာရီထက် နောက်မကျစေဘဲ ပြန်ရောက်ပါတယ်။ အဲဒီအခါမျိုးမှာ ကျွန်တော်က ချင်း(ဂျင်း)နဲ့ ပြုလုပ်ထားတဲ့ လက်ဖက်ရည်တစ်ခွက် အဆင်သင့် လုပ်ပေးရပါတယ်။ ညစာကိုတော့ မင်းသမီးတစ်ယောက်တည်းသာ စားလေ့ရှိပါတယ်။ အဲဒီအချိန်မျိုးမှာ စားတော်ကဲကပြန်သွားပြီ ဖြစ်သလို သူမကို အဝတ်အစား တာဝန်ယူထားတဲ့ အမျိုးသမီးကလည်း ပြန်သွားပြီ ဖြစ်ပါတယ်။ ကိုယ်ရေးအတွင်းရေးမှူးဖြစ်တဲ့ ပက်ထရစ်ဂျပ်ဆင်ကတော့ ဒီလိုအချိန်မျိုးမှာ သူမရဲ့ ကိုယ်ရေးကိုယ်တာကို ဝင်ရောက်စွက်ဖက်ဖို့ မလိုတာကြောင့် ကင်စတန်နန်းတော်မှာ မရှိတော့ပါဘူး။ သူ့ရုံးခန်းက စိန့်ဂျိမ်းစ်နန်းတော်မှာရှိပြီး ရုံးချိန်က နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိသာ ဖြစ်တဲ့အတွက် မင်းသမီး အပြင်က ပြန်လာချိန် မရှိတော့တာ မဆန်းပါဘူး။ ဘယ်သူမှ အနားမှာမရှိတော့တဲ့အချိန် တစ်နေ့လုံးသွားလာ လှုပ်ရှားလာရတဲ့အတွက် ပင်ပန်းနွမ်းနယ်နေပြီ ဖြစ်တဲ့ မင်းသမီးအတွက် ကျွန်တော်က မလိုက်သိစွာ ညစာကို လက်တွန်းလှည်းပေါ်မှာတင်ပြီး အိပ်ခန်းထဲအထိ သွားကျွေးရပါတယ်။ အဲဒီလို သွားကျွေးတိုင်းလည်း မင်းသမီးတစ်ယောက်တည်း ညစာ ယုံးဆောင်နေရမှာကို မလိုလားတဲ့အတွက် အနားမှာရပ်ပြီး စကားပြောဖော်လုပ်ပေးရပြန်ပါတယ်။ ကျွန်တော် ထွက်သွားမယ် ပြင်ပြန်ရင်လည်း မင်းသမီးက 'ခဏနေပါဦး' လို့ တားတတ်ပါတယ်။

www.burmeseclassic.com



ညစာ စားနေစဉ်အတွင်းမှာ မင်းသမီးက သူ တစ်နေ့လုံး လှုပ်ရှားခဲ့သမျှ အကြောင်းတွေ ပြောပြတတ်သလို ကျွန်တော် တစ်နေ့တာ ကြုံတွေ့သမျှကိုလည်း မေးမြန်းတတ်ပါတယ်။ ဒါမှမဟုတ်ရင်လည်း ကျွန်တော်တို့အကြိုက် ရုပ်မြင်သံကြား ဇာတ်လမ်းတွဲဖြစ်တဲ့ Coronation Street သို့မဟုတ် Brookside ဇာတ်လမ်းထဲက ဇာတ်ကွက်တွေအကြောင်း ပြန်ပြောတတ်ကြပါတယ်။ တစ်ခါတလေမှာတော့ စကားမပြောဖြစ်ကြတော့ဘဲ ITN သတင်းဌာနမှ ထုတ်လွှင့်တဲ့ ည ၁၀ နာရီသတင်းကို စောင့်ကြည့်ကြပြန်ပါတယ်။ မင်းသမီး စားသောက်ပြီးသွားလို့ လက်တွန်းလှည်းကို ကျွန်တော် ပြန်ထုတ်လာချိန်မှာ မင်းသမီးက နောက်က လိုက်လာပြီး မဆုံးသေးတဲ့စကားများကို အဆုံးသတ်တတ်ပါတယ်။

ညအိပ်ချိန်ရောက်ပြီဆိုရင်တော့ မင်းသမီးဟာ ကလေးငယ်တစ်ယောက်လို သူ့အိပ်ခန်းထဲဝင်ရောက်ပြီး ပျောက်ကွယ်သွားပါတယ်။ နောက်တစ်နေ့ မနက်မိုးလင်းချိန်မှာ လှုပ်ရှားရမယ့် လုပ်ငန်းများအတွက် အားသစ်မွေးတော့တာပေါ့။ သူ အိပ်ခန်းထဲဝင်သွားပြီဆိုမှ ကော်ရစ်ဒါတစ်လျှောက်မှာရှိတဲ့ မီးခလုတ်တွေကို ကျွန်တော် လိုက်ပိတ်ရပါတယ်။ အိပ်ခန်းဝမှာရှိတဲ့ မီးတစ်လုံးကိုတော့ ချန်ထားရပါတယ်။ မင်းသမီးက ကလေးတစ်ယောက်လိုပဲ အမှောင်ကို ကြောက်တတ်ပါတယ်။ မီးခပ်မှိန်မှိန် ဖွင့်ထားမှသာ အိပ်တတ်ပါသတဲ့။

ဥတ်ဒ်နိုက်လို့ နှုတ်ဆက်ပြီး မီးတွေပိတ်ပြီးတော့မှသာ အခန်းနံပါတ် ၂ မှာရှိတဲ့ ကျွန်တော့်စနီးသည်နဲ့ သားများရှိရာကို ပြန်ခွင့်ရပါတော့တယ်။ ကျွန်တော် ရောက်ချိန်မှာတော့ ကျွန်တော့်မိသားစုက အိပ်ပျော်နေကြပါပြီ။

❑

ဟိုင်းဂရုဗ်စံအိမ်ကို ချားလ်စ်မင်းသားအတွက် လက်လွှတ်ပေးလိုက်ရပြီးတဲ့နောက်မှာ ဒိုင်ယာနာအတွက် အပန်းဖြေစရာနေရာ မရှိတော့တဲ့အတွက် ဒိုင်ယာနာက တမ်းတမိတာတော့ အမှန်ပါပဲ။ ကင်စတန်နန်းတော်ကလွဲရင် တခြားဘယ်နေရာမှ သွားစရာ မရှိတော့ဘူးပေါ့။ ဒါပေမယ့် ၁၉၉၃ ခုနှစ် နောက်ပိုင်းမှာတော့ ဒိုင်ယာနာနဲ့ သားငယ်နှစ်ဦးတို့ဟာ စနေ၊ တနင်္ဂနွေရက်များမှာ သွားစရာနေရာ ရှိလာခဲ့ပါတယ်။ သူတို့မိသားစုသွားတဲ့နေရာများကတော့ ယော့ခ်မြို့စားကတော်ရဲ့ နေအိမ် ဒါမှမဟုတ် လေဒီအယ်နာဘဲလ်ဂိုးလ်စမစ်သ်ရဲ့နေအိမ်တို့ ဖြစ်ပါတယ်။ ဒီလိုနေရပြန်တော့လည်း ဒိုင်ယာနာက 'သူများအပေါ်မှာချည်း တစ်ချိန်လုံး မှီခိုနေလို့တော့ မဖြစ်သေးဘူး။ ကျွန်မကိုယ်ပိုင် လန်ဒန်နဲ့ ဝေးတဲ့နေရာ ကျေးလက်တစ်နေရာမှာ စံအိမ်တစ်ခု ရှိဖို့တော့ လိုလိမ့်မယ်' လို့ ဆိုလာပါတယ်။



မင်းသမီးဆန္ဒကို ဖြည့်ဆွမ်းပေးမယ့်သူ ပေါ်လာပါတယ်။ အဲဒီပုဂ္ဂိုလ်ကတော့ မင်းသမီးရဲ့မောင်ဖြစ်တဲ့ အားလ်စပင်ဆာပါပဲ။ သူတို့မောင်နှမက သိပ်မရင်းနှီးကြတဲ့အတွက် မင်းသားက သူ့အစ်မတော်အတွက် ကူညီမယ်ဆိုတာဟာ တော်တော်ထူးခြားတဲ့ကိစ္စ ဖြစ်ပါတယ်။ ၁၉၈၁ ခုနှစ် ချားလ်စ်မင်းသားနဲ့ လက်ထပ်ပြီးချိန်ကစပြီး သူတို့မောင်နှမ မျက်နှာချင်းဆိုင်ဖြစ်ခဲ့ကြတဲ့အချိန်ဟာ အကြိမ် ၅၀ ပြည့်အောင် မရှိခဲ့ပါဘူး။ ကလေးဘဝတုန်းကတော့ ဒိုင်ယာနာနဲ့ အားလ်စပင်ဆာတို့ဟာ အရင်းနှီးဆုံး မောင်နှမနှစ်ဦးပါ။ ဗြိတိန်နိုင်ငံရဲ့ အိမ်ရှေ့မိဖုရား ဖြစ်သွားချိန်မှာတော့ သူတို့မောင်နှမနှစ်ယောက် အနေဝေးသွားခဲ့ကြတာပါ။ အစ်မဖြစ်သူရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးလိုက်ပုံက အားလ်သရို့(ပ)မှာရှိတဲ့ သူပိုင် ဂါးဒင်းဟောက်စ်ကို တစ်နှစ်လျှင် ငှားရမ်းခ စတာလင်ပေါင် ၁၂၀၀၀ နဲ့ အစ်မတော်ကို ငှားရမ်းလိုက်ခြင်းပါ။ ဒါနဲ့ပတ်သက်လို့ ဒိုင်ယာနာက သူ့အိပ်မက်အကောင်အထည် ပေါ်သွားခြင်းလို့ ဆိုပါတယ်။ ငှားရမ်းလိုက်တဲ့နေရာက လုံခြုံရေးအတွက် စိတ်ချရတဲ့အပြင် ရေကူးကန်တစ်ခုလည်း ပါဝင်ပါတယ်။ ခြံသန့်ရှင်းရေး အလုပ်သမားနဲ့ ဥယျာဉ်မှူးတစ်ဦးလည်း ထည့်ပေးထားပါသေးတယ်။

၁၉၉၃ ခုနှစ် ဇွန်လ ၃ ရက်နေ့က မောင်ဖြစ်သူ အားလ်စပင်ဆာက အစ်မတော် ဒိုင်ယာနာထံ ရေးသားခဲ့တဲ့ စာတစ်စောင်မှာ 'မောင်တော်အနေနဲ့ အစ်မတော်ဖုရားအတွက် မိသားစုနဲ့အတူ လွတ်လွတ်လပ်လပ် အပန်းဖြေလို့ ရနိုင်မယ့် နေရာတစ်နေရာ ရှိဖို့လိုအပ်မယ်လို့ ယူဆပါတယ်။ မောင်တော်ပိုင်တဲ့ ဂါးဒင်းဟောက်စ်ဟာ အစ်မတော်ဖုရားအတွက် အဘက်ဘက်က ပြည့်စုံမယ့်နေရာတစ်ခု ဖြစ်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။ ရေကူးကန်လည်းပါတဲ့အတွက် အစ်မတော်ရဲ့ကိုယ်ပိုင်ရေကူးကန်လို့ပဲ သဘောထားနိုင်တာပေါ့' လို့ ရေးသားခဲ့ပါတယ်။ အဲဒီစာမှာပဲ အားလ်စပင်ဆာက ဓာတ်ပုံသတင်းထောက်များရန်က ကာကွယ်နိုင်ဖို့ ဂိတ်တံခါးအသစ်တစ်ခု လဲလှယ်တပ်ဆင်သင့်တယ်လို့လည်း အကြံပေးခဲ့ပါသေးတယ်။

စာကို ဖတ်နေစဉ်ကာလမှာပဲ မင်းသမီးက စိတ်ကူးထဲမှာ သူ အပန်းဖြေနေမယ့် နေအိမ်သစ်ကို ဖန်တီးနေပါပြီ။ သူ ဘယ်လောက် ရင်ခုန်စိတ်လှုပ်ရှားသလဲဆိုရင် ၁၉၉၃ ခုနှစ် ဇွန်လဆန်းဆန်းချင်း အားလ်သရို့(ပ)ကို မနက် ၉ နာရီအချိန် ထွက်ခဲ့ပါတယ်။ အဖော်အဖြစ် ဒတ်ဒလီပိုးလက် လိုက်ပါသွားခဲ့ပြီး သားတော်နှစ်ပါးနဲ့ ပျော်ပွဲစားခရီးအဖြစ် ထွက်သွားခဲ့ကြတာပါ။ ပျော်ပွဲစားမှာ စားကြဖို့ ပွဲစားဖိုမှူးက ချက်ပြုတ်ပေးလိုက်ပါသေးတယ်။

အဲဒီလို ပျော်ပျော်ပါးပါး သွားခဲ့ကြတဲ့ခရီးက ပြန်လာပြီးနောက် ၁၅ ရက်

www.burmeseclassic.com

www.burmeseclassic.com



အကြာမှာတော့ မင်းသမီးရဲ့ အိပ်မက်တွေ အားလုံး ပြိုကွဲပျက်စီးသွားရပါတယ်။ ဘာကြောင့်လဲဆိုတော့ မောင်ဖြစ်သူ အားလ်စပင်ဆာက သူ့ကမ်းလှမ်းမှုကို ပြန်လည် ရုပ်သိမ်းလိုက်ခြင်းကြောင့်ပါ။ သူရေးလာတဲ့စာမှာ ဖော်ပြထားတာက 'ကျွန်တော် စိတ်မကောင်းပါဘူး။ ဂါးဒင်းဟောက်စ်ကို ကျွန်တော် ငှားမယ်လို့ ပြောခဲ့တာ ခုတော့ မငှားနိုင်တော့ပါဘူး။ ပြောရမယ်ဆိုရင် အကြောင်းတွေ အများကြီး ရှိပါတယ်။ အမိကကတော့ အစ်မတော် ဂါးဒင်းဟောက်စ်ကို လာပြီးလည်ပတ်တဲ့အတွက် ရဲတွေ အလုပ်ရှုပ်ကြသလို သတင်းထောက်တွေကလည်း ခြေချင်းလိမ်အောင် ရောက်လာကြတယ်။ ခုဆိုရင် ကျွန်တော်တို့ လုံခြုံရေးအတွက်တောင် သီးခြားစီစဉ်နေရတဲ့ အထိပါပဲ။ ကျွန်တော့်ဇနီးနဲ့ ကလေးတွေအတွက်လည်း စဉ်းစားရသေးတယ်လေ။ ကိုယ့်အစ်မအရင်းတစ်ယောက်လုံးကို လိုအပ်တဲ့ အကူအညီမပေးနိုင်တာ စိတ်မကောင်းပါဘူး။ သဘောတရားအရ ပြောရမယ်ဆိုရင် ကိုယ့်အစ်မကို ကိုယ် ကူညီနိုင်တယ်ဆိုတာက အင်မတန် ကောင်းတာ ဖြစ်ပေမယ့် လက်တွေ့မှာတော့ ကျွန်တော် မကူညီနိုင်ပါဘူး။ တကယ်လို့များ ဂါးဒင်းဟောက်စ်အပြင်ဘက်မှာရှိတဲ့ လယ်တောအိမ်ကလေးကို ငှားဖို့ စိတ်ဝင်စားမယ်ဆိုရင်တော့လည်း ကျွန်တော့်အနေနဲ့ ဝမ်းမြောက်ဝမ်းသာ စဉ်းစားပေးပါ့မယ်' ပါတဲ့။

မင်းသမီးက သူ့မောင်ရေးလိုက်တဲ့စာကို အခေါက်ခေါက် အခါခါ ဖတ်ရင်း မျက်နှာပေါ်မှာလည်း လုံးဝ မယုံကြည်နိုင်တဲ့ဟန် ပေါ်ပေါက်နေပါတယ်။ 'သူ ကျွန်မကို ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ' ဆိုတဲ့စကားကိုလည်း ထပ်ဖန်တလဲလဲ ရေရွတ်နေရှာတယ်။ နောက်ဆုံးမှာတော့ မျက်ရည်တွေကျလာတဲ့အထိ ခံစားလိုက်ရပါတယ်။ ဂါးဒင်းဟောက်စ်မှာ သားတော်နှစ်ပါးနဲ့ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နေမယ်လို့ စိတ်ကူးထားခဲ့သမျှ လွင့်ပြယ်သွားလို့လည်း တော်တော်ခံစားလိုက်ရပုံရပါတယ်။ နောက်ရက်အနည်းငယ်အကြာမှာ အားလ်စပင်ဆာ ဖုန်းဆက်လာတော့ ဒိုင်ယာနာက လက်ခံစကား မပြောဘဲ ဖုန်းကိုချပစ်လိုက်ပါတယ်။ 'ကျွန်မ သူ့အသံကို လုံးဝမကြားချင်ဘူး' လို့လည်း ဆိုပါတယ်။ ဒေါသဖြစ်လွန်းတဲ့အတွက် နောက်ဆုံးမှာတော့ သူ့ထုံးစံအတိုင်း စာရေးစက္ကူပေါ်မှာ အစ်မတစ်ယောက်အနေနဲ့ မောင်တစ်ယောက်အပေါ်မှာ အားကိုးအားထား ပြုခဲ့ပေမယ့် မောင်ဖြစ်သူရဲ့ ပစ်ပယ်မှုကြောင့် ခံစားရတဲ့အကြောင်း ရေးလိုက်ခြင်းဖြစ်ပါတယ်။ ဒီစာကို အားလ်စပင်ဆာထံသို့ ပေးပို့နိုင်းလိုက်ရာမှာ အားလ်စပင်ဆာကလည်း စာအိတ်ထဲမှာ ဘာရေးထားတယ်ဆိုတာ ကြိုသိနေတဲ့အလား စာအိတ်ကို လုံးဝမဖွင့်ဘဲ သူ ရေးထားတဲ့ စာတစ်စောင်နဲ့အတူ ပြန်ပို့ပေးခဲ့ပါတယ်။ ဇွန်လ ၂၈ ရက်နေ့ နေ့စွဲနဲ့ အားလ်စပင်



ဆာ ရေးလိုက်တဲ့စာမှာတော့ 'အစ်မတော်… ဟိုညက ဖုန်းလက်ခံ စကားမပြောဘဲ ချပစ်လိုက်တာနဲ့ ပတ်သက်လို့ ဘယ်လောက်ခံစားနေရမယ်ဆိုတာ သဘောပေါက်ပါတယ်။ အစ်မတော် ရေးလိုက်တဲ့စာကိုလည်း ကျွန်တော် ဖောက်မဖတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီစာကို ဖတ်မိရင် ကျွန်တော်တို့ မောင်နှမကြားမှာရှိပြီးသားဖြစ်တဲ့ ချစ်ကြည်ရင်းနှီးမှု ပျက်စီးသွားမှာစိုးလို့ပါ။ ဒါကြောင့် ကျွန်တော်တို့မောင်နှမ အချစ်အခင်မပျက်ရအောင် အစ်မတော်ရဲ့စာကို အမြန်ဆုံး ပြန်ပို့ပေးလိုက်ပါတယ်' လို့ ရေးသားခဲ့ပါတယ်။

အားလ်စပင်ဆာက သူတို့မောင်နှမ ချစ်ကြည်မှု မပျက်စီးစေရဘူးလို့ ယူဆပေမယ့် ဒိုင်ယာနာ ကွယ်လွန်ချိန်အထိ သူတို့နှစ်ယောက် စကားမပြောကြတော့ပါဘူး။ နောက်ဆုံး ကွယ်လွန်ချိန်ကျမှသာ ဒိုင်ယာနာရဲ့ ရုပ်အလောင်းကို သူတို့မိသားစုပိုင် ပုဂ္ဂလိကကျွန်းပေါ်မှာ လက်ခံမြှုပ်နှံပေးခဲ့တာပါ။ အဲဒီလို လက်ခံလိုက်တဲ့အတွက်လည်း အားလ်စပင်ဆာမှာ အကျိုးစီးပွားများစွာ ဖြစ်ထွန်းစေပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံတကာကလာတဲ့ ခရီးသွားဧည့်သည်များက ဒိုင်ယာနာရဲ့ အုတ်ဂူကို ကြည့်ခွင့်ရရေး ပေးဆောင်ရတဲ့ ဝင်ကြေးအပါအဝင် ဒိုင်ယာနာပြတိုက်မှာရောင်းချတဲ့ ဒိုင်ယာနာအမှတ်တရ လက်ဆောင်ပစ္စည်းတွေရဲ့ အမြတ်အစွန်းကိုလည်း အားလ်စပင်ဆာကပဲ ရရှိနေပါတယ်။

၁၉၉၃ ခုနှစ် တစ်နှစ်လုံး ဒိုင်ယာနာက သူမရဲ့မောင်ထံမှ ဆက်သွယ်လာသမျှ တယ်လီဖုန်းများကို လုံးဝလက်မခံခဲ့ပါဘူး။ ဒီတော့ အားလ်စပင်ဆာက ဒိုင်ယာနာရဲ့ ကိုယ်ရေးအတွင်းရေးမှူးဖြစ်တဲ့ ပက်ထရစ်ဂျက်(ပ)ဆင်ကို အကူအညီတောင်းပြီး သူ့အစ်မနဲ့ အဆက်အသွယ်ရအောင် ကြိုးစားခဲ့ပါသေးတယ်။ အဲဒီနှစ်ကတင်ဘာလမှာ အားလ်စပင်ဆာက ဒိုင်ယာနာအပေါ် နောက်ထပ်ပြင်းထန်တဲ့ ထိုးနှက်ချက်တစ်ခု ပြုလုပ်လိုက်ပါသေးတယ်။ အဲဒီထိုးနှက်ချက်ကတော့ ၁၉၈၁ ခုနှစ်တုန်းက ချားလ်စ်မင်းသားနဲ့ လက်ထပ်တဲ့ပွဲမှာ ဆောင်းခဲ့တဲ့ သရဖူဟာ စပင်ဆာမိသားစုပိုင် သရဖူဖြစ်တဲ့အတွက် ပြန်ပေးဖို့ တောင်းဆိုလိုက်ခြင်းပါ။ ဒီသရဖူကို ဒိုင်ယာနာ တန်ဖိုးထားတယ်ဆိုတာကိုလည်း အားလ်စပင်ဆာက သိပါတယ်။ အိမ်ရှေ့မိဖုရားအနေနဲ့ ဘာကင်ဟမ်နန်းတော်ကြီးမှာ ကျင်းပတဲ့ မင်းပွဲစိုးပွဲများမှာ ဒိုင်ယာနာက ဒီသရဖူကို မြတ်မြတ်နိုးနိုး ဝတ်ဆင်လေ့ရှိပါတယ်။ ကိုယ်ရေးအတွင်းရေးမှူးဖြစ်တဲ့ ပက်ထရစ်ဂျက်(ပ)ဆင်ထံ စာရေးသားရာမှာ ဒီသရဖူဟာ အားလ်စပင်ဆာမိသားစုဝင်များ ဘိုးဘွားစဉ်ဆက် ပိုင်ဆိုင်ခဲ့တဲ့ သရဖူဖြစ်ပြီး ဒိုင်ယာနာ လက်ထပ်ပွဲ ဆင်နွှဲစဉ်က ခေတ္တခဏ ငှားရမ်းခဲ့ခြင်းသာဖြစ်ကြောင်း၊ ဘိုးတော်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူက ၁၉၇၀ ခုနှစ်များမှာ ရေးသားခဲ့တဲ့ မှာတမ်းများမှာလည်း ဒီသရဖူဟာ မူရင်းပိုင်ရှင်များ ဖြစ်ကြတဲ့ စပင်ဆာမိသားစုထံမှာသာ ရှိရမယ်လို့ ဖော်ပြခဲ့ပါသတဲ့။ သူတို့မောင်နှမကြားမှာ ဂါးဒင်းယောက်စ် ငှားရမ်းရေးကိစ္စ မပြေမလည်ဖြစ်ပြီးတဲ့နောက် သရဖူကိစ္စက ပေါ်ပေါက်လာပြန်ပါတယ်။ အားလ်စပင်ဆာက ဒီသရဖူကို ဒိုင်ယာနာလက်ထဲမှာ ၁၂ နှစ်လုံးလုံး ငှားရမ်းထားခဲ့ပြီး ဖြစ်တဲ့အတွက် ခုနေခါမှာတော့ သူ့ဆီပြန်ဆောင်းသင့်တဲ့အချိန် ရောက်ပြီလို့ ယူဆကြောင်းလည်း ဖော်ပြခဲ့ပါတယ်။

တကယ်တော့ ဒီသရဖူဟာ အိမ်ရှေ့မိဖုရားတစ်ပါးရဲ့ အဆင်တန်ဆာတစ်ခု အဖြစ်သာမကဘဲ ချားလ်စ်မင်းသားနဲ့ လက်ထပ်တဲ့နေ့ကိုလည်း အမှတ်ရစေတဲ့ ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ အားလ်စပင်ဆာကလည်း ဒီသရဖူ ပြန်တောင်းခြင်းအားဖြင့် ဒိုင်ယာနာရင်ထဲမှာ နာကြည်းမှု ဖြစ်စေမယ်ဆိုတာကို သိပါတယ်။ ဒါပေမယ့် ဒိုင်ယာနာက သူ့ရင်ထဲက ခံစားချက်ကို အားလ်စပင်ဆာ ကျေနပ်အားရသွားအောင် သိခွင့်မပေးဘဲ အောက်တိုဘာလမှာ သရဖူကို အသာတကြည်ပဲ ပြန်ပေးလိုက်ပါတယ်။ အဲဒီသရဖူက မီးခံသေတ္တာထဲမှာ အဲလ်ဗောက် ဘုရင်မကြီး မင်္ဂလာလက်ဖွဲ့အဖြစ်ပေးခဲ့တဲ့ စိန်နဲ့ပုလဲလုပ်ထားတဲ့ သရဖူနဲ့အတူ ထားတာပါ။ ကျွန်တော်ကိုယ်တိုင်ပဲ ယူပေးလိုက်ရပါတယ်။

အဲဒီအချိန်ကာလအတွင်းမှာပဲ ကင်စတန်နန်းတော်အတွင်း ဝန်ထမ်းများလည်း အပြောင်းအလဲတွေ ရှိခဲ့ပါတယ်။ ကျွန်တော့်ဇနီးမာရီယာက ဒိုင်ယာနာရဲ့ အပျိုတော်ဘဝမှာ တာဝန်အနည်းအပါးသာ ရှိပေမယ့် ဟိုင်းဂရုဗ်စံအိမ်ကို ရောက်တဲ့အခါမှာတော့ ဒိုင်ယာနာရဲ့ ဝတ်လဲတော်များကို တာဝန်ယူရတဲ့ ဟာလီမာဆိုတဲ့ အမျိုးသမီးက အငြိမ်းစားယူသွားတဲ့အတွက် သူ့နေရာမှာ မာရီယာက တွဲဖက်တာဝန်ယူရပါတယ်။ တကယ်တော့ မာရီယာ့တာဝန်က ပေါ့ပေါ့ပါးပါးပါ။ ဒိုင်ယာနာမှာ ဝတ်လဲတော် တာဝန်ယူရတဲ့ ဟယ်လင်ဆိုတဲ့ အမျိုးသမီးကြီးတစ်ဦး ရှိပါသေးတယ်။ မာရီယာမှာ တာဝန်ပိုလာတဲ့အတွက် ပြဿနာရှိလာတာက ကျွန်တော်တို့မိသားစုကိစ္စပါ။ တစ်ခါတလေမှာ မာရီယာက မနက် ၆ နာရီကတည်းက ဂျူတီဝင်ရတဲ့အတွက် အိမ်မှာကလေးတွေကို စောင့်ရှောက်ဖို့ ကျွန်တော် ရှိနေမှ ဖြစ်မှာဖြစ်လို့ ကျွန်တော့်တာဝန်ကို တခြားဘဏ္ဍာစိုးတစ်ဦးဖြစ်တဲ့ဟာ ရိုးလ်ဘရောင်းနဲ့ ညှိရပါတယ်။ ဒီလိုအခက်အခဲရှိတယ်ဆိုတာကို မာရီယာကိုယ်တိုင်က သိပေမယ့် သူက မင်းသမီးကို ကူညီရရင် ပျော်နေတာဖြစ်တဲ့အတွက် အိမ်ကအရေးကိစ္စကို သိပ်ဂရုမစိုက်လှပါဘူး။ သူ့သဘောကတော့ မင်းသမီးကို တစ်နှစ်လောက် ကူညီပေးလိုက်မယ်ဆိုရင် နေသား



တကျ ဖြစ်သွားလိမ့်မယ်လို့ ယူဆထားပါတယ်။ မင်းသမီးကလည်း မာရီယာကို မျက်နှာသာ ပေးသထက်ပေးလာပါတယ်။ ထုံးစံအားဖြင့် နံနက် ၇ နာရီအချိန်မှာ သူ့ အိပ်ဆောင်ထဲကို မာရီယာကိုယ်တိုင်ဝင်ပြီး နှိုးရမှာဖြစ်ပေမယ့် မင်းသမီးက လူကိုယ်တိုင် လာမနိုးနဲ့တော့၊ ဖုန်းဆက်ပြီးနှိုးရင် ရပြီလို့ လျှော့ပေးတဲ့အထိပါပဲ။ ဒါပေမယ့် နေ့ခင်းပိုင်းများမှာ တာဝန်ထမ်းဆောင်ရတဲ့အချိန်က များသထက် များလာခဲ့ပါတယ်။ အထူးသဖြင့် ညနေခင်းများမှာ ကျွန်တော့်သားတွေနဲ့ မာရီယာ အတူနေခွင့် မရခဲ့တာ ကြာပါပြီ။ တစ်ခါတလေ မာရီယာက မင်းသမီးအတွက် လိုအပ်တဲ့ပစ္စည်းတွေ ဝယ်ပေးဖို့ ဈေးဝယ်ထွက်တဲ့အခါမျိုးမှာ သားနှစ်ယောက်က အိမ်ရှေ့မှာ ကစားနေကြလို့ ခဏတစ်ဖြုတ် စကားပြောရတာလောက်ပဲ အချိန်ရပါတယ်။ ည ဂျူတီပြီးလို့ ပြန်လာချိန်မှာတော့ သားတွေက အိပ်ပျော်နေကြပါပြီ။ ဒါပေမယ့် မာရီယာကတော့ ဒိုင်ယာနာအတွက် ပိုပြီးကြိုးစားလုပ်ဆောင်ပေးနေမြဲပါ။

မင်းသမီးက သူ့အပါးမှာ ခစားနေကြတဲ့ အမှုထမ်းများ ကျေနပ်အောင် လုပ်ဆောင်တတ်သူပါ။ ဥပမာ- မာရီယာအတွက်ဆိုရင် သူ မသုံးတော့တဲ့ ဖိနပ်၊ ပိုက်ဆံအိတ်ကအစ နာမည်ကြီး ဒီဇိုင်နာများ ချုပ်လုပ်လက်ဆောင်ပေးကြတဲ့ ဝတ်စုံတွေအထိ စွန့်ကြဲပါတယ်။ အဲဒီလိုပဲ ဝတ်လဲတော် တာဝန်ယူရတဲ့ ဟယ်လင်အပေါ်မှာလည်း ရက်ရက်ရောရော ပေးတတ်ပါတယ်။

တကယ်တော့ တော်ဝင်မိသားစုများရဲ့ အိမ်တော်များမှာ ဒီလိုရက်ရောမှုများဟာ အဆန်းတော့ မဟုတ်လှပါဘူး။ အဲလ်ဗောက်ဘုရင်မကြီးအပါးမှာ ကျွန်တော် တာဝန်ထမ်းဆောင်တုန်းကဆိုရင် ပြည်ပခရီးများက ပြန်လာတိုင်း လက်ဆောင်ရခဲ့တာချည်းပါပဲ။ ဟိုင်းဂရုဗ်စံအိမ်မှာ ချားလ်စ်မင်းသားအပါး တာဝန်ထမ်းဆောင်တုန်းကဆိုရင်လည်း ချားလ်စ်က ငွေထည်ပစ္စည်းများ၊ စာအုပ်များ၊ သစ်သားသေတ္တာများ၊ ဖန်ထည်ပစ္စည်းများ လက်ဆောင်ပေးလေ့ ရှိပါတယ်။ ချားလ်စ်နဲ့ ဒိုင်ယာနာတို့ ကွာရှင်းပြတ်စဲကြတော့မယ်၊ ဟိုင်းဂရုဗ်စံအိမ်ကိုလည်း ချားလ်စ်က ယူတော့မယ်လို့ သေချာသွားတဲ့အခါမှာတော့ ဒိုင်ယာနာကိုယ်တိုင်က ဟိုင်းဂရုဗ်အိမ်မှာဆင်ထားတဲ့ အလှဆင်ပစ္စည်းမှန်သမျှနဲ့ မီးဆိုင်းများကို ကျွန်တော်တို့ကြိုက်တာဖြုတ်ယူကြလို့ ခွင့်ပြုခဲ့တဲ့အတွက် ဟာရိုးလ်တရောင်း၊ ဒတ်တလီပိုးလက်နဲ့ ကျွန်တော်တို့ အားရပါးရဖြုတ်ကြပြီး ကားနဲ့သယ်ခဲ့ကြဖူးပါတယ်။

ချားလ်စ်မင်းသားက အခွံသာကျန်တော့တဲ့ ဟိုင်းဂရုဗ်စံအိမ်ကို သူ့စိတ်တိုင်းကျ ပြန်လည်မွမ်းမံခဲ့တာပါ။

www.burmeseclassic.com



အကယ်၍ ၁၉၉၃ ခုနှစ်သည် လွတ်လပ်ရေး အသစ်စက်စက်ရသွားတဲ့ မင်းသမီးအတွက် ပျော်စရာကောင်းတဲ့ နှစ်ဖြစ်တယ်လို့ဆိုပါရင် နှစ်ဆုံးကာလကတော့ ဒဏ်ရာဒဏ်ချက်ပေါင်းများစွာနဲ့ အဆုံးသတ်ရတဲ့နှစ်လို့ ဆိုရပါလိမ့်မယ်။ ပထမအချက်ကတော့ တစ်ဦးတည်းသော မောင်ဖြစ်တဲ့ အားလ်စပင်ဆာနဲ့ အဆင်မပြေဖြစ်သွားခြင်းပါပဲ။ အဲဒီနောက် နိုဝင်ဘာလမှာတော့ Sunday Mirror သတင်းစာကြီးက လန်ဒန်မြို့ Isleworth မှာရှိတဲ့ LA Fitness Centre မှာ မင်းသမီး လေ့ကျင့်ခန်းလုပ်တာတွေကို မျက်နှာဖုံးသတင်းမှာ ပုံကြီးများနဲ့ ဖော်ပြလိုက်ပါတယ်။ အားကစားရုံပိုင်ရှင် ဘရိုက်စ်တေလာဆိုသူက မင်းသမီး ကစားမယ့်နေရာမှာ မျက်နှာကြက်ကနေ လျှို့ဝှက်ဗီဒီယိုကင်မရာများ တပ်ဆင်ရိုက်ကူးလိုက်ခြင်းကြောင့် ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မင်းသမီးက သူ့ရှေ့နေ အန်သိုနီဂျူးလီယက်စ်က တစ်ဆင့် သတင်းစာကို အရေးယူပေးဖို့ Press Complaints Commission ကို တိုင်ကြားလိုက်ပါတယ်။ ဒီလိုကိစ္စများ ဆက်တိုက်ပေါ်ပေါက်ခဲ့တဲ့အတွက် ဒီဇင်ဘာလ ၃၁ ရက်နေ့ညမှာ ကျင်းပတဲ့ ဦးခေါင်းဒဏ်ရာရသူများအတွက် ရန်ပုံငွေရှာတဲ့ ညစာစားပွဲမှာ မင်းသမီးက မိန့်ခွန်းပြောကြားရာမှာ နောက်နောင် သူ့အနေနဲ့ လူထုပရိသတ်ကြား ထွက်လိုတဲ့ဆန္ဒ မရှိတော့ကြောင်း ထည့်သွင်းပြောကြားသွားခဲ့ပါတယ်။ မင်းသမီးက ပြောကြားရာမှာ 'ရှင်တို့အားလုံးရဲ့ နှလုံးသားထဲမှာ ကျွန်မ နှစ်ပေါင်းများစွာ အကျဉ်းအကျပ်နေခဲ့ရတဲ့ဘဝကို စာနာပြီး နားလည်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၁၂ နှစ်လောက်ကစပြီး လူထုကြားမှာ ရန်ပုံငွေရှာဖွေရေးလုပ်ငန်းတွေကို စတင်လုပ်ဆောင်တဲ့ အချိန်ကစပြီး မီဒီယာများနဲ့ ကျွန်မ ပတ်သက်ခဲ့ရပါတယ်။ ကျွန်မလုပ်သမျှကို မီဒီယာများက အားပေးကြလိမ့်မယ်လို့လည်း ယုံကြည်ခဲ့ပါတယ်။ ဒါပေမဲ့ ခုလောက်ထိတော့ ကျွန်မအပေါ်မှာ ရက်ရက်စက်စက် လုပ်လိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဖူးပါဘူး' လို့ ပြောကြားလိုက်တဲ့အတွက် ဒီမိန့်ခွန်းကို နားထောင်ရတဲ့ ပရိသတ်များ တုန်လှုပ်သွားခဲ့ကြပါတယ်။

အဲဒီနောက်ပိုင်းမှာတော့ ဘာကင်ဟမ် နန်းတော်က မင်းသမီးကို မင်းခမ်းမင်းနား ပွဲလမ်းသဘင်များမှာ ဖိတ်ကြားခြင်း မပြုတော့ဘဲ ပြည်သူရဲ့ ရှေ့မှောက်ကနေ တတ်နိုင်သမျှ ပျောက်ကွယ်သွားအောင် ဖယ်ရှားဖို့ ကြိုးစားလာကြပါတော့တယ်။

Sunday Mirror သတင်းစာကြီးက အားကစားလေ့ကျင့်ရေးရုံမှာ ခိုးရိုက်ထားတဲ့ ဒိုင်ယာနာဓာတ်ပုံများ သုံးစွဲခဲ့မှုနဲ့ပတ်သက်ပြီး တရားရုံးတော်က မင်းသမီး



အား တောင်းပန်စေဆိုတဲ့ အမိန့်လောက်နဲ့သာ ပြီးပြတ်စေခဲ့ပါတယ်။ ဒါကြောင့် ၁၉၉၅ ခုနှစ်မှာ ဒီအမှုပြီးပြတ်သွားခဲ့တော့ မင်းသမီး တော်တော် စိတ်ပျက်ခဲ့ရပါတယ်။ စိတ်ပျက်ဝမ်းနည်းတိုင်း သူ ခိုအောင်းတဲ့နေရာကတော့ လုံခြုံစိတ်ချရတဲ့ သူ့အိပ်ခန်းပါပဲ။ သတင်းစာမှာ ဖော်ပြခဲ့တဲ့ပုံတွေကို ကြည့်ပြီး သူ့ကိုယ်သူသာ အပြစ်တင်နေခဲ့ပါတယ်။ မီဒီယာတွေကို လိုတာထက်ပိုပြီး မျက်နှာသာပေးခဲ့တဲ့အတွက် ဒီလိုစော်ကားခြင်းခံရတာလို့လည်း အောက်မေ့ခဲ့ပါတယ်။ အဲဒီရက်ပိုင်းကာလအတွင်းမှာ မင်းသမီးက အိပ်ခန်းထဲက မထွက်တော့ဘဲ ကျွန်တော့်ကိုတောင် မျက်နှာချင်းမဆိုင်တော့ပါ။ သူ မှာစရာ ခိုင်းစရာရှိရင် စာရေးပြီးတော့ တစ်နေရာရာမှာ ထားခဲ့တတ်ပါတယ်။ ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်ဖြစ်တဲ့ ကာလမှာတော့ မင်းသမီးက ဘယ်သူ့ကိုမှ အပြစ်မတင်လိုပါကြောင်း၊ ဒီလိုပုဂ္ဂလိက အားကစားလေ့ကျင့်စခန်းတစ်ခုမှာ သူမ သွားရောက်လေ့ကျင့်ခြင်းကိုက သူမရဲ့အမှားသာဖြစ်တယ်လို့ ဆိုပါတယ်။ မင်းသမီးက မကြာခဏ ပြောသလို 'ကျွန်မအခန်းကလေးထဲမှာ ကျွန်မနေရတာလောက် လုံခြုံတာ ဘယ်နေရာမှ မရှိဘူးလို့ ကျွန်မထင်တယ်' လို့ ပြောပြန်ပါတယ်။

မင်းသမီးဟာ လဲကျသွားတိုင်း ပြန်ထတတ်တဲ့ အရုပ်ကလေးတစ်ရုပ်လိုပါပဲ။ သူ စိတ်ပျက်အားငယ်သွားတဲ့အတွက် လူထုပရိသတ်ရှေ့ မထွက်တော့ဘူးလို့ ဆိုခဲ့ပေမယ့် ကြာကြာအောင်းမနေနိုင်ပါဘူး။ သူ လုပ်ပေးနေတဲ့ လူမှုရေးလုပ်ငန်းတွေ အရှိန်အဟုန် မပျက်စေဖို့အတွက် လူထုရှေ့မှောက်ကို ပြန်ရောက်စမြဲပါပဲ။

၁၉၉၄ ခုနှစ်မှာ မင်းသမီးက ဘယ်ကိုမှ မသွားဘူးလို့ ငြင်းဆိုထားတဲ့အတွက် ပါတိုင်း သွားစရာလာစရာ အစီအစဉ်များနဲ့ ပြည့်နှက်နေတဲ့ သူ့ဒိုင်ယာရီဟာ ခုတော့ လာဖြစ်နေပါတယ်။ ဒါကြောင့် သူ စိတ်တိုင်းကျ စိတ်ချမ်းသာသလို လုပ်ခွင့်ရတဲ့ကာလလည်း ဖြစ်လာခဲ့ပါတယ်။ သူ တွေ့ချင်တဲ့ မိတ်ဆွေအပေါင်းအသင်းများနဲ့ ညနေတိုင်းလိုလို ညစာစားတတ်ပါတယ်။ သူ့မိတ်ဆွေများနဲ့ ညစာစားဖြစ်တဲ့နေရာများကတော့ San Lorenzo, Le Caprice, The Ritz, Claridges, The Ivy, Bibendum သို့မဟုတ် Launceston Place တို့ဖြစ်ပါတယ်။ ညစာအတူစားတဲ့ မိတ်ဆွေများထဲမှာ ဩစတြေးလျားနိုင်ငံမှ ရုပ်မြင်သံကြားအစီအစဉ် တင်ဆက်သူ Clive James နဲ့ သူ့မိတ်ဆွေဖြစ်တဲ့ Lord Attenborough တို့က ပင်တိုင်ပါတဲ့ မိတ်ဆွေများဖြစ်ပြီး တခြားမိတ်ဆွေများကလည်း အလှည့်ကျ ပါဝင်ကြပါတယ်။ တစ်ပတ်မှာ နှစ်ကြိမ်လောက်တော့ အပြင်ထွက်ပြီး ညစာစားလေ့ ရှိပါတယ်။ ကာလမှာ ကင်စတန်နန်းတော်ဟာ မင်းသမီးအတွက် နေအိမ်ဆိုတာထက် အပန်း

www.burmeseclassic.com



ဖြေစရာနေရာတစ်ခု ဖြစ်ခဲ့ပါတယ်။ ကျွန်တော့်အမြင် ပြောရရင် အဲဒီကာလမှာပဲ မင်းသမီး စိတ်ဓာတ်ကျတာတွေ ပျောက်ကွယ်သွားပြီး ပြန်လည်တက်ကြွလာတာကို တွေ့ရပါတယ်။ တင်းနစ်ကစားတယ်၊ ဘဲလေးကပွဲ သွားကြည့်တယ်၊ ရုပ်ရှင်ကြည့်တယ်၊ မိတ်ဆွေများနဲ့ အလည်အပတ် ထွက်တတ်တယ်၊ နွေးထွေးတဲ့ မိတ်ဆွေများရဲ့ အားပေးကူညီမှုနဲ့ မင်းသမီးဟာ အရင်ကထက် စိတ်ဓာတ်ခွန်အားတွေ ပိုမိုမြင့်တက်လာခဲ့ပါတယ်။ တစ်ခါတုန်းကဆိုရင် မင်းသမီးက အိမ်တော်ဝန်ထမ်းအားလုံးကိုခေါ်ပြီး Alton Tower ကစားကွင်းကိုသွားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့သားတော်နှစ်ပါးက ချားရဟတ်အသစ်ဖြစ်တဲ့ Nemesis စီးချင်လို့ဖြစ်ပါတယ်။ အဲဒီနေ့တစ်နေ့လုံး မင်းသမီးက သာမန်အရပ်သားတစ်ယောက်လိုပဲနေခဲ့တာပါ။ ကျွန်တော်တို့အားလုံး ကျွန်တော် အပါအဝင်ဆိုရင် ၁၃ ယောက်ရှိပါတယ်။ မာရီယာရယ်၊ ကျွန်တော့်သား တွေရယ်၊ ကလေးထိန်း အိုလ်ဂါပါဝဲလ်၊ ယာဉ်မောင်း စတီဗ်ဒေးဗစ်နဲ့ မင်းသားငယ်နှစ်ပါး၊ လုံခြုံရေးအစောင့်အရှောက်များဖြစ်ကြတဲ့ ဂရေဟာမ်ခရက်ကာ၊ ခရစ္စတားတို့ အပါအဝင်ပေါ့။ ကျွန်တော်တို့ အုပ်စုထဲမှာ ထူးထူးခြားခြား မပါလာတာ တစ်ယောက်ပဲ ရှိပါတယ်။ အဲဒီတစ်ယောက်ကတော့ ဘဏ္ဍာစိုးတစ်ဦးဖြစ်တဲ့ ဟာရီးလ်ဘရောင်း ဖြစ်ပါတယ်။ သူ့ကို ခုတစ်လောမှာ မင်းသမီးက မျက်နှာသာမပေး ဖြစ်နေပါတယ်။ အဲဒီနေ့က မင်းသမီးရဲ့ ဆုံးဖြတ်ချက်က ကျွန်တော်တို့အားလုံး အိမ်တော်မှာနေတယ်ဆိုတဲ့အသိကို ဖျောက်ကြပြီး သာမန်အရပ်သူ အရပ်သားများလို သွားကြမှာဖြစ်တဲ့အတွက် အရပ်သားများစီးတဲ့ ရထားကိုပဲ သွားစီးမယ်ဆိုပြီး သူကိုယ်တိုင် ဦးဆောင်လမ်းလျှောက်ခဲ့တာပါ။ ဝတ်ထားတဲ့ အဝတ်အစားကိုလည်း ကြည့်ပါဦး။ အမေရိကန်ဘောလုံးသမားများဝတ်လေ့ရှိတဲ့ ဂျက်ကက်မျိုးကို ဝတ်ဆင်ပြီး Euston ဘူတာရုံကို လာခဲ့ကြပါတယ်။ ပြီးတော့ ပထမတန်းတွဲကနေ တက်စီးကြတယ်။ မင်းသမီးက ဒီအတွဲတွေလည်း တော်ဝင်မိသားစုများစီးတဲ့ ရထားလောက်တော့ ကောင်းပါတယ်လို့ ဆိုခဲ့ပါတယ်။ သူ့အစီအစဉ်အတိုင်း ကျွန်တော်တို့ သွားလာလှုပ်ရှားနေကြစဉ်အတွင်းမှာ မင်းသမီးဟာ ကျွန်တော်ထင်တာထက် ပိုပြီးလမ်းလျှောက်နိုင်တာကို တွေ့ရပါတယ်။ သူ့နောက်ကိုမီအောင် ကျွန်တော်တို့က မနည်းလိုက်နေရတယ်။ လမ်းလျှောက်သွားကြရင်း ဘာဂါဆိုင်တစ်ခုရှေ့ရောက်တော့ အားလုံး အဆာပြေစားကြမယ်ဆိုပြီး ဝင်စားခဲ့ကြသေးတာပါ။

ကျွန်တော်တို့အဖွဲ့သားအားလုံးက ဒီနေ့ဟာ မင်းသမီးနဲ့အတူ သာမန်အရပ်သားများဘဝအတိုင်း သွားလာလှုပ်ရှားကြတယ်ဆိုပေမယ့် သတင်းစာများက ကျွန်တော်တို့လှုပ်ရှားမှုကို သတင်းရသွားပြီး နောက်က တကောက်ကောက် လိုက်ပါတော့တယ်။



'မာမီ လာလေ။ ဒီနေရာကနေ စီးရအောင်' လို့ သားငယ်ဖြစ်တဲ့ ဟယ်ရီက သူ့အမေကို စိတ်လွတ်ကိုယ်လွတ် ပြောနေတတ်သေးတာပါ။ သူ့သားတွေ စီးချင်တဲ့ ချားရဟတ်သစ်ရှေ့ ရောက်တဲ့အခါမှာတော့ မိုးထိအောင် မြင့်မားတဲ့ ရှိလာကိုစတာကိုကြည့်ပြီး မင်းသမီးက ခေါင်းခါပါတယ်။ 'မာမီ မစီးချင်ဘူး သား။ နေမကောင်းဖြစ်လိမ့်မယ်' ပြောပြီး မာရီယာနဲ့အတူ နေရစ်ခဲ့ပါတယ်။ မင်းသမီးရင်ခွင်မှာ ကျွန်တော့်သားငယ်ဖြစ်တဲ့ နစ်ခ်လည်း ကျန်ရစ်ပါတယ်။ ဒီကောင်က ခပ်လှမ်းလှမ်းမှာရှိတဲ့ လက်ဖက်ရည်ပန်းကန်လုံးပုံ ရဟတ်ကိုမြင်တော့ စီးချင်တယ်လို့ မင်းသမီးကို နားပူတာကြောင့် ကလေးတွေနဲ့အတူ မင်းသမီးလည်း ဝင်စီးခဲ့ပါသေးတယ်။ ဧရာမပန်းကန်လုံးကြီးတွေပုံစံ ပြုလုပ်ထားတဲ့ ရဟတ်ကို မင်းသမီးနဲ့ ကလေးများ စီးနေတဲ့ပုံတွေဟာ နောက်တစ်နေ့ထုတ် သတင်းစာများရဲ့ စာမျက်နှာများထက်မှာ ဖော်ပြခြင်းခံခဲ့ရပါတယ်။ အဲဒီဓာတ်ပုံကလေးကို ခု ကျွန်တော်တို့အိမ်ဧည့်ခန်းထဲမှာ ဘောင်သွင်းပြီး ထောင်ထားပေမယ့် ကျွန်တော့်သားငယ် နစ်ခ်ကတော့ မင်းသမီးနဲ့ အတူသူ ပန်းကန်လုံးရဟတ်စီးခဲ့တာကို မမှတ်မိတော့ပါဘူး။

သတင်းစာများရဲ့ မျက်နှာဖုံးများမှာ ဖော်ပြခြင်းခံလိုက်ရတဲ့အတွက် ဒီဇင်ဘာလတုန်းက သူမ မေတ္တာရပ်ခံခဲ့သလို သူမအပေါ် စာနယ်ဇင်းများက နားလည်မှုမပေးနိုင်ကြတာ သေချာသွားခဲ့ပါတယ်။ သတင်းစာများက ဒိုင်ယာနာကို သာမန်အရပ်သူ တစ်ယောက်လို သွားလာလှုပ်ရှားခွင့် မပေးနိုင်တာ သေချာလှပါတယ်။ နေ့စဉ်နဲ့အမျှ ဆိုသလို ဒိုင်ယာနာလှုပ်ရင် လှုပ်သလောက် ဖော်ပြနေကြတာပါ။ မက်ဒေါနယ်လ်ဆိုင်မှာ မုန့်စားတာကအစ အားကစားကလပ်ကို သွားတာ၊ တစ်ယောက်တည်း လမ်းလျှောက်တာ၊ စားသောက်ဆိုင်မှာ နေ့လယ်စာ စားတာ၊ သူငယ်ချင်းတွေနဲ့ ဈေးဝယ်ထွက်တာ၊ တက္ကစီကားစီးတာ၊ သူမကိုယ်တိုင် ကားမောင်းတာ ဘယ်ဟာကိုမှ အလွတ်မပေးပါဘူး။ ကင်စတန်နန်းတော်ရဲ့ အပြင်ကို ခြေတစ်လှမ်းထွက်လိုက်တာနဲ့ သတင်းစာများအတွက် ပုံရတော့တာပါပဲ။ ဒါကြောင့် ၁၉၉၄ ခုနှစ်ဟာ စာနယ်ဇင်းများအတွက် ဒိုင်ယာနာ ရောဂါသည်းတဲ့နှစ်လို့ ဆိုနိုင်ပါတယ်။

လူတစ်ယောက်က မိမိကိုယ်မိမိ ရှာဖွေပါတယ်လို့ဆိုရင် ၁၉၉၄ ခုနှစ်ဟာ ဒိုင်ယာနာလည်း သူ့ကိုယ်သူရှာ ဖွေတဲ့နှစ်လို့ ဆိုရပါလိမ့်မယ်။ တော်ဝင် အိမ်ရှေ့မိဖုရားတစ်ပါးလို မနေတော့ဘဲ သာမန်အရပ်သူတစ်ယောက်လို ကြိုးစားနေထိုင်

www.burmeseclassic.com

www.burmeseclassic.com



လာပါတယ်။ ကျွန်းမာရေးပါရဂူများနဲ့ တွေ့ဆုံဆွေးနွေးသလို ဗေဒင်ဆရာများ၊ စိတ်ပညာဆရာများနဲ့လည်း တွေ့ဆုံဆွေးနွေးတဲ့ကာလ ဖြစ်ပါတယ်။ မိတ်ဆွေများကလည်း သူ့ရင်ထဲ တင်းကျပ်သမျှကို နားထောင်ပေးကြသလို သူ ငိုချင်သပဆိုရင်လည်း မိုနိုစရာအဖြစ် ခံယူပေးကြပါတယ်။ မိတ်ဆွေများရဲ့ တိုက်တွန်းမှုကြောင့် တရုတ်အပ်စိုက်တာကိုတောင် အဲဒီနှစ်မှာ သူ ခံယူခဲ့ဖူးပါတယ်။ ကိုယ်လက်ကျန်းမာဖို့အတွက် အနှိပ်ခံခဲ့တာလည်း ရှိပါတယ်။ ဘယဆေးများသောက်ဖို့လိုတယ်လို့ဆိုရင်လည်း သောက်လိုက်တဲ့ကာလ ဖြစ်ပါတယ်။

သူ ဘယ်လောက်ထိ အရပ်သူ ဆန်လာသလဲဆိုရင် ကင်စတန်နန်းတော်ရဲ့ အိမ်တော်မှာ နေ့စဉ်နေ့တိုင်း ဆိုသလို ဗေဒင်ဆရာ ဒယ်ဘီဖရန့်က မနက်မိုးလင်းရင် ရောက်လာတော့တာပါပဲ။ သူ့ညွှန်ကြားချက်အရ ဒိုင်ယာနာရဲ့ အိပ်ခန်းထဲမှာလည်း ဗေဒင်ယတြာများနဲ့ စီရင်ထားတဲ့ အမွှေးတိုင်များကို အမျိုးသမီး အမှုထမ်းများက ထွန်းထားပေးရပါတယ်။ အခန်းနံရံများမှာလည်း ဂြိုဟ်သွားဂြိုဟ်လာ လမ်းကြောင်းများကို ရေးဆွဲထားတဲ့ ကားချပ်များ ချိတ်ဆွဲထားပြီး ဗေဒင်ဆရာ ဒယ်ဘီနဲ့ ဒိုင်ယာနာတို့က ကော်ဖောပေါ်မှာထိုင်ကာ ရှေ့ဖြစ်များကို ဆွေးနွေးကြပါတယ်။ ဒိုင်ယာနာက Cancer ရာသီဖွားဖြစ်ပြီး ဒီရာသီဖွားများရဲ့ ကိုယ်စားပြုအကောင်က ကဏန်းဖြစ်ပါတယ်။ ကဏန်းရဲ့သဘောက ပြင်ပခွံမာကိုယ် မာကျောသလောက် အတွင်းသားက နူးညံ့ပါတယ်။ ဒီသဘောဟာ သူ့အတွင်းစိတ်သဘောနဲ့ ကိုက်ညီတယ်လို့ ဒိုင်ယာနာက ဆိုပါတယ်။ သူ့စိတ်ကူးထဲမှာ တစ်နေ့နေ့ကျရင် ပင်လယ်ကမ်းစပ်တစ်နေရာမှာ အိမ်လှလှကလေးတစ်လုံးနဲ့ နေချင်တယ်လို့ သူ့စိတ်ကူးကို သူ့ဗေဒင်ဆရာဖြစ်တဲ့ ဒယ်ဘီကို ပြောပြခဲ့ဖူးပါတယ်။ 'ဒီအိမ်ကြီးကတော့ Gemini ရာသီဖွားတွေ ကြီးစိုးနေတာဆိုတော့ ကျွန်မနဲ့ မသင့်တော်ဘူး။ ဝီလျံက Gemini လေ။ ပေါလ်ကလည်း Gemini ပဲ' ညည်းတတ်ပါသေးတယ်။

ဗေဒင်ဆရာမ ဒယ်ဘီက သူ ရေးထားတာတွေကို ကျွန်တော် ဖတ်ကြည့်ဖို့ ဆွယ်ပါသေးတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ ဖတ်မကြည့်ပါဘူး။ 'ရှင့်ရာသီခွင်နဲ့ပတ်သက်ပြီးတော့ ဖတ်ကြည့်သင့်တာပေါ့' လို့ ဆိုတယ်။ မင်းသမီးကလည်း 'ဟောစာတမ်းတွေက မှန်တယ် ပေါလ်ရဲ့' လို့ တိုက်တွန်းဖူးပါတယ်။

တစ်ခါတုန်းကတော့ မင်းသမီး အပ်စိုက်ဆရာဆီက ပြန်ရောက်လာပြီးချိန်မှာ အဲဒီအပ်စိုက်ဆရာက ဖုန်းဆက်လာပါတယ်။ အပ်စိုက်ခြင်းဆိုတာ လူနာကို စိတ်တည်ငြိမ်မှုရအောင် စိုက်ပေးရခြင်း ဖြစ်တယ်လို့ ကျွန်တော် ယုံပါတယ်။ ဒါပေမယ့် ဒီအပ်စိုက်ဆရာရဲ့ တယ်လီဖုန်းကတော့ စိတ်ကို တည်ငြိမ်မှုမရစေတဲ့အပြစ်



ရှုသွားစေလောက်တဲ့ ကိစ္စမျိုးပါ။ သူပြောလာတာက အပ်တွေကို ပြန်စစ်တဲ့အခါမှာ တစ်ချောင်းလျော့နေပါသတဲ့။ ဖြစ်နိုင်တာကတော့ မင်းသမီးခေါင်းမှာ အပ်တစ်ချောင်း မနုတ်မိဘဲ ပါသွားပုံရပါသတဲ့။

မင်းသမီးရှိနေမယ့် အပေါ်ထပ်ကို ကျွန်တော် တက်သွားတော့ မင်းသမီးက ဧည့်ခန်းထဲမှာ အေးအေးဆေးဆေး ထိုင်နေပါတယ်။ 'အခုပဲ အပ်စိုက်ဆရာက ဖုန်းဆက်လာပါတယ်။ မင်းသမီး ခေါင်းထဲမှာ သူ့အပ်တစ်ချောင်း ကျန်ရစ်ပုံရတယ်လို့ ပြောပါတယ်' လို့ အစီရင်ခံလိုက်တော့ မင်းသမီးက သူ့ခေါင်းနေရာအနှံ့ လျှောက်စမ်းပြီး 'အဲဒီဆရာမကို ပြောလိုက်စမ်းပါ။ ကျွန်မ နေလို့ကောင်းနေတဲ့အတွက် သူ့ဆီလည်း နောက်ထပ်လာစရာမလိုတော့ဘူး။ သူ့အပ်လည်း ကျွန်မဆီမှာ ပါမလာပါဘူးလို့ ပြောလိုက်ပါ' လို့ ဆိုပါတယ်။ ပြီးတော့ သူ့ဘာသာသူ သဘောကျပြီး ရယ်နေရစ်ပါတယ်။

မင်းသမီးက ဘယ်အရာမဆို အကောင်းဘက်က ရှုမြင်ပြီး ရယ်ရယ်မောမောနေတတ်တဲ့သူ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော့်အမြင်မှာတော့ သူ လုပ်နေတဲ့အလုပ်တချို့ဟာ သူ့ကိုယ်သူ ဒဏ်ပေးနေသလို ပြင်းထန်လွန်းတယ်လို့ ထင်ပါတယ်။ ရက်သတ္တပတ်တစ်ပတ်မှာ နှစ်ရက်ကတော့ ယာဉ်မောင်းနဲ့ သွားလေ့မရှိဘဲ ကျွန်တော် လိုက်မောင်းပေးရပါတယ်။ သူ့ကျန်းမာရေးနဲ့ပတ်သက်လို့ ဆေးခန်းများကို သွားတဲ့အခါမှာပေါ့။

ဂူဒီအောဘက်ချ်ဆိုတဲ့ စိတ်ပညာရှင် အမျိုးသမီးကြီးထံကို သွားတဲ့အခါမှာတော့ မင်းသမီးက သူ့ကိုယ်တိုင် ကားမောင်းသွားတတ်ပါတယ်။ ဒီအမျိုးသမီးကြီးက အစားအသောက်မမှန်တဲ့ ဝေဒနာများကို အထူးကုစားပေးနိုင်သူ ဖြစ်တဲ့အတွက် ဒိုင်ယာနာ ခံစားနေရတဲ့ အစားအသောက်မမှန်တဲ့ ဝေဒနာကို သူ ထိန်းချုပ်ကုသပေးနိုင်ခဲ့ပါတယ်။ ဒေါက်တာ မေရီလပ်ပ်ဒေးဆိုတဲ့ အမျိုးသမီးကြီးကတော့ သေးသေးကွေးကွေးကလေးဖြစ်ပြီး စကားပြောရာမှာလည်း အင်မတန် ညင်သာပါတယ်။ သူကတော့ ဒိုင်ယာနာအတွက် လိုအပ်တဲ့ ဗီတာမင်တွေကို အချိုးအစားမှုတဖို့အတွက် စီစဉ်ဆောင်ရွက်ပေးသူပါ။

အဲဒါအပြင် ဒိုင်ယာနာက နာမ်လောကကိုလည်း ယုံကြည်ကိုးစားသူ ဖြစ်ပါတယ်။ ဒါကြောင့် စိတ်ပညာရှင်တစ်ဦးဖြစ်တဲ့ ရိတာရော်ဂျာဆိုတဲ့ အမျိုးသမီးက မင်းသမီးကို အမြဲတမ်း လမ်းညွှန်မှုပေးပါတယ်။ သူ့အပြင် ဆိုင်မွန်ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးလည်း ရှိပါသေးတယ်။ သူကလည်း မင်းသမီးရဲ့ အားကိုးရာ စိတ်ပညာရှင်တစ်ဦးပါ။ တစ်ခါတလေ ညကြီးအချိန်မတော် မင်းသမီးနဲ့ ဖုန်းပြောတာ

www.burmeseclassic.com

www.burmeseclassic.com



ငါးနာရီလောက် ကြာတဲ့အခါတွေလည်း ရှိခဲ့ပါတယ်။ ကင်စတန်နန်းတော်မှာ အမွေးတိုင်များထွန်းညှိတဲ့လေ့ဟာ ဆိုင်မှန် ညှန်ကြားချက်ကြောင့် ဖြစ်ပါတယ်။

ကျွန်တော့်အမြင် ပြောရရင် သူတို့ ကုသပေးမှုကြောင့်လည်း မင်းသမီးဟာ ကင်စတန်နန်းတော်ထဲမှာပဲ အောင်းမနေတော့ဘဲ ပျော်ပျော်ရွှင်ရွှင် ဖြစ်လာခဲ့တာလို့ ထင်ပါတယ်။ ဒါပေမယ့် တစ်ဖက်မှာ အနှောင့်အယှက် ဖြစ်လာတာကတော့ ပါပါရာဇီလို့ ခေါ်တဲ့ ဓာတ်ပုံသတင်းထောက်များပါပဲ။ တစ်နေ့မှာ မင်းသမီးက စူဗီဆီကိုသွားဖို့ ပြင်ဆင်ပါတယ်။ မျက်မှန်အမည်းတပ်ပြီး ကိုယ်တိုင် ကားမောင်းကာ အပြင်ထွက်ဖို့ ပြင်ဆင်လိုက်တာနဲ့ ပါပါရာဇီများကဝိုင်းပြီး သူ့ အိမ်ထောင်ရေးအကြောင်း တစ်ယောက်တစ်ပေါက် ပြောကြတာကြောင့် မျက်ရည်ကျလာပါတယ်။ အဲဒီလို မျက်ရည်ကျလာတာကိုပဲ ဝိုင်းဝန်းလှောင်ပြောင်ကြတဲ့အတွက် ဒိုင်ယာနာခမျာ ငိုကြီးချက်မနဲ့ ကားပေါ်ပြေးတက်သွားခဲ့ရပါတယ်။ ဒါကိုပဲ နောက်တစ်နေ့ထုတ် သတင်းစာများရဲ့ မျက်နှာဖုံးမှာ ဒိုင်ယာနာတစ်ယောက် အိမ်ထောင်ရေးနဲ့ပတ်သက်လို့ ရှိုက်ကြီးတငင် ငိုကြွေးနေရတယ်လို့ ခေါင်းစဉ်တပ်ပြီး ဖော်ပြတာ ခံရပြန်ပါတယ်။

ဒီလိုအဖြစ်အပျက်မျိုးဟာ လန်ဒန်မြို့အလယ်မှာနေတဲ့ ဒိုင်ယာနာအတွက် နေ့စဉ်လိုလို ကြုံတွေ့နေရတဲ့ အဖြစ်အပျက် ဖြစ်နေပါပြီ။ တစ်ရက်မှာ ဒိုင်ယာနာက ဆေးခန်းကိုသွားတဲ့အတွက် ကျွန်တော် ကားမောင်းပြီး လိုက်ပို့ပါတယ်။ ဆေးခန်းရှေ့မှာ မရပ်ဘဲ ခပ်လှမ်းလှမ်းက အခပေး ယာဉ်ရပ်နားနေရာမှာရပ်ပြီး စောင့်နေခဲ့ပါတယ်။ ဆေးခန်းထဲက ဒိုင်ယာနာထွက်လာတာကို ကားနောက်ကြည့်မှန်က မြင်လိုက်ရတာနဲ့ တစ်ပြိုင်နက် ကျွန်တော်က အဆင်သင့် ကားစက်နှိုးထားပြီး သူ တက်ဖို့ တံခါးလည်း ဖွင့်ထားပေးပါတယ်။ ကားပေါ် သူ ရောက်တာနဲ့ တစ်ပြိုင်နက် ထွက်ဖို့အလုပ်မှာ ကားရဲ့ ဘယ်ဘက်ရော ညာဘက်ပါ ပါပါရာဇီများ ဝိုင်းအုံလာကြပြီး ကားထဲကို ခေါင်းတွေထိုးဝင်ကာ ဓာတ်ပုံရိုက်ကြပါတော့တယ်။ ဒိုင်ယာနာက သူ့မျက်နှာကို ဖုံးထားပေမယ့် ရိုက်နေကြတာပါပဲ။ ဒါကြောင့် ကားထွက်လာချိန်မှာ 'တစ်နေ့နေ့တော့ သူတို့နဲ့ ကျွန်မ ပြဿနာအကြီးအကျယ် ဖြစ်တော့မယ် ထင်တယ်။ တော်တော်စိတ်ပျက်စရာ ကောင်းတယ်'လို့ ပြောပါတယ်။

နွေရာသီတစ်ရက်မှာ ဒိုင်ယာနာကို တစ်နေရာ လိုက်ပို့ဖို့ ကျွန်တော် ကားမောင်းလာစဉ်မှာ ကြုံခဲ့တဲ့ အဖြစ်အပျက်တစ်ခု ရှိပါတယ်။ မီးပွိုင့်မှာ မီးနီမိသွားတဲ့အတွက် ကားရပ်လိုက်စဉ်မှာ ဘေးကားပေါ်က ပါလာတဲ့သူတချို့ ကျွန်တော်တို့ ကားဘက်ကို လှမ်းကြည့်လိုက်ပြီး ဒိုင်ယာနာကို မှတ်မိသွားကြတဲ့အတွက် သူတို့



မျက်နှာတွေ ဝင်းပဝမ်းသာသွားကြတယ်ဆိုတာကို တွေ့လိုက်ရပါတယ်။ တစ်ခါတုန်းကလည်း မေဖဲယားရပ်ကွက်နားမှာ မီးပွိုင့်မိလို့ ကားရပ်လိုက်ရပါတယ်။ အဲဒီမီးပွိုင့်နားမှာ အဆောက်အအုံတစ်ခုကို ပြန်လည်ပြင်ဆင်မွမ်းမံနေတဲ့အတွက် အလုပ်သမားတွေ အများကြီးပါ။ မြေညီထပ်မှာ အလုပ်လုပ်နေတဲ့သူတချို့ ကားပေါ်က ဒိုင်ယာနာကို မှတ်မိသွားတဲ့အတွက် ပလက်ဖောင်းပေါ်မှာ စုပြုံပြီး ရပ်ကြည့်ကြပါတယ်။ စက္ကန့်ပိုင်းအတွင်းမှာပဲ အဲဒီအဆောက်အအုံ အပေါ်ထပ်မှာ လုပ်နေတဲ့ အလုပ်သမားတွေပါ အားလုံးရောက်လာကြပြီး ဝိုင်းအုံကြည့်ကြတာကို ကြုံခဲ့ဖူးပါတယ်။ သူတို့အားလုံးက လေချွန်သူချွန်၊ အော်ဟစ်အားပေးသူက အားပေး လုပ်နေကြပါတယ်။ ဒါကို ဒိုင်ယာနာခမျာ မကြားချင်ယောင်ဆောင်ပြီး နေရတယ်။ ဒါပေမယ့် မီးစိမ်းသွားလို့ ကားထွက်ချိန်မှာတော့ ဒိုင်ယာနာက သူတို့အားလုံးကို လက်ပြနှုတ်ဆက်ခဲ့ပြီး တစ်လမ်းလုံးလည်း တခစ်ခစ်နဲ့ သဘောကျနေခဲ့ဖူးပါတယ်။ □

၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ကျွန်တော့်ဇနီး မာရီယာရဲ့ မကြေညာတဲ့ မွေးနေ့ပွဲကို ကင်စတန်နန်းတော်အနီးမှာရှိတဲ့ Cafe' Rouge မှာ ကျင်းပခဲ့ပါတယ်။ ဒီပွဲကို လမ်းလျှောက်တက်လာတဲ့ ဒိုင်ယာနာပုံကိုတော့ သနယ်ဇင်းဆရာများ မရခဲ့ကြပါဘူး။ မာရီယာရဲ့မွေးနေ့ပွဲကို အမှတ်တရဖြစ်အောင်လို့ ကျွန်တော်တို့က မွေးနေ့ပွဲတက်ရောက်မယ့် မိတ်ဆွေများကို ထူးခြားသော ပုဂ္ဂိုလ်များရဲ့ ဝတ်စားဆင်ယင်မှုမျိုးနဲ့ တက်ရောက်ပါလို့ မေတ္တာရပ်ခံခဲ့ပါတယ်။ အဲဒီပွဲမှာ မာရီယာနဲ့ ကျွန်တော်က မှော်အန်သိုနီနဲ့ ကလီယိုပါထရာအဖြစ် ဝတ်ဆင်ထားကြပြီး ဟိုင်းဂရုဗ်စံအိမ်ရဲ့ အိမ်တော်ထိန်းဟောင်းတစ်ဦးဖြစ်တဲ့ ဝင်ဒီဘယ်ရီက Cruella de Vil အဖြစ် ဝတ်ဆင်ပြီး ယောက်ဖတော်သူ ပီ(တ)ကော့စ်ဂရုဖ်က Al Capone အဖြစ် ဝတ်ဆင်ထားပါတယ်။ ကျွန်တော့်ညီ ဂရေဟာမ်နဲ့ သူ့ဇနီး ဂျိန်းတို့က နပိုလီယံနဲ့ ဂျိုစဖင်းအဖြစ် ဝတ်ဆင်လာကြပါတယ်။ ပါတီပွဲ ကျင်းပရာခန်းမထဲကို ဝင်လာတဲ့ ဒိုင်ယာနာကို General Custer အဖြစ် ဝတ်ဆင်ထားတဲ့ ကျွန်တော့်ညီ အန်သိုနီက လက်ဆွဲနှုတ်ဆက်လိုက်ပြီး 'ခင်ဗျားကရော ဘယ်လိုဝတ်ဆင်လာတာလဲ'လို့ မေးလိုက်ပါတယ်။

ဘောင်းဘီအမည်း၊ အမည်းရောင်ပေါ်မှာ ရွှေချည်ထိုးများ ထိုးထားတဲ့ ဒေ့စ်ကုတ်ဝတ်ဆင်ထားတဲ့ ဒိုင်ယာနာက 'မင်းသမီးတစ်ပါးအဖြစ် တက်လာတာလေ'လို့ ဖြေခဲ့ပါတယ်။

အဲဒီစနေညနေတုန်းက ကျွန်တော်တို့ရဲ့ မိတ်ဆွေများအားလုံးက ဝတ်စုံအဆန်း

www.burmeseclassic.com

www.burmeseclassic.com



တွေ ဝတ်ဆင်လာကြတာ ဖြစ်တဲ့အတွက် မင်းသမီးကလည်း မဖြစ်မနေ တက်ရောက်လာခဲ့ခြင်းပါ။ တကယ်တော့ အဲဒီနေ့က မာသာထရီဇာကို တိတ်တဆိတ် သွားရောက် တွေ့ဆုံရတဲ့နေ့လည်း ဖြစ်ပါတယ်။ မာသာထရီဇာနဲ့ တွေ့ပြီးနောက်မှာ ကင်စတန်နန်းတော် သို့မဟုတ် ဟိုင်းဂရုဗ်စ်အိမ်မှာ အမှုထမ်းခဲ့ကြဖူးတဲ့ သူနဲ့သိတဲ့ အမှုထမ်းအများစု တက်ရောက်တဲ့ ဒီပွဲကို မဖြစ်မနေ တက်ရောက်လာခြင်းလည်း ဖြစ်ပါတယ်။ အမှန်ကတော့ အိမ်ရှေ့ မိဖုရား မဟုတ်တော့သည့်တိုင်အောင် ဒိုင်ယာနာ သွားလေရာကို အစောင့်အကြပ်များ လိုက်ပါပေးရစမြဲပါ။ ဒီပွဲကို တက်ရောက်လာရာမှာတော့ ဘယ်အစောင့်အကြပ်မှ မသိလိုက်ဘဲ သာမန်အရပ်သူတစ်ယောက်လို ရောက်လာခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကိုက ထူးခြားချက်တစ်ခုပါ။ အစောင့်အကြပ်မပါတဲ့ ဒိုင်ယာနာကို ကျွန်တော် တာဝန်ယူပြီး စောင့်ကြပ်ပေးရပါတယ်။ ည ၈ နာရီထိုးတော့မှ ရဲကားတစ်စီး ကျွန်တော်တို့ ပါတီပွဲ ကျင်းပနေတဲ့နေရာကို ရောက်လာခဲ့ပါတယ်။

ပါတီပွဲထဲကို မင်းသမီး ဝင်လာစဉ်တုန်းကဆိုရင် Fancy Dress ပါတီပွဲအတွက် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး အတုတပ်ထားတဲ့ မိတ်ဆွေတွေခမျာ အံ့ညြလွန်းလို့ သူတို့နှုတ်ခမ်းမွေးတွေ ပြုတ်ကျမတတ်ပါပဲ။ ပုံစံမျိုးစုံ ဝတ်ထားတဲ့ မင်းမှုထမ်းတွေကို ကြည့်ပြီး ဒိုင်ယာနာက သဘောအကျကြီး ကျနေတဲ့အပြင် မိတ်ဆွေများရဲ့ ရေးယောင်းကကွက်များကိုလည်း သူ သဘောကျလို့ မဆုံးပါဘူး။

ပါတီပွဲ ဆုံးခါနီးလောက်မှာ ဒိုင်ယာနာက ခန်းမအလယ်ခေါင်ကို လျှောက်လာပြီး ဒီပါတီပွဲမှာ ဝတ်ဆင်လာကြတဲ့ ဝတ်စုံများထဲက ဆုချီးမြှင့်ထိုက်သူများကို ဆုချီးမြှင့်မယ်လို့ ကြေညာကာ ဆုများချီးမြှင့်ပေးပါတယ်။ ဒီညဟာ ကျွန်တော့်ညီ ဂရေဟာမ်ရဲ့ည ဖြစ်သွားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ နပိုလီယံအဖြစ် ဝတ်ဆင်ထားတဲ့ သူ့ကို ဒိုင်ယာနာက ပထမဆုဖြစ်တဲ့ စီဒီဖွင့်စက် ကိုယ်တိုင်ကိုယ်ကျ ချီးမြှင့်ခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။ ပါတီပွဲမှာ ၂ နာရီကြာအောင် နေပြီးမှ ကင်စတန်နန်းတော်ကို ပြန်သွားတဲ့အတွက် ကျွန်တော်တို့က လိုက်ပို့ခဲ့ရတာပါ။

အချိန်နှောင်းလာလို့ ကင်စတန်နန်းတော်ကို ပြန်ရာမှာလည်း ဒိုင်ယာနာက လမ်းလျှောက်ပြီး ပြန်ခဲ့ပါတယ်။ သူ့အနားမှာ ရဲအစောင့်အရှောက် မပါပေမယ့် ဝေလမင်းသမီးကို မှာခ်အန်သိုနီ၊ ကာလီယိုပါထရာ၊ ရဲသုံးဘော် (Three Musketeers) Batman နဲ့ ရော်ဘင်တို့က ခြံရံစောင့်ရှောက်လာခဲ့ကြပါတယ်။

မာရီယာရဲ့ မွေးနေ့ပွဲကို တက်ရောက်ခွင့်ရခဲ့ခြင်းအတွက် မင်းသမီး စိတ်ထဲမှာ တော်တော်ကို ကျေနပ်မှုရသွားပါတယ်။ မင်းသမီးက သူ့မွေးနေ့ဆိုရင်တော့ သူများ



တကာတွေက မွေးနေ့လက်ဆောင်ပေးတာကို အင်မတန် အားနာတတ်ပါတယ်။ သူကိုယ်တိုင်ကသာ သူများအတွက် ရက်ရက်ရောရော ပေးချင်တဲ့ဆန္ဒ ရှိလို့ပါ။ မိတ်ဆွေများရဲ့ မွေးနေ့များကို ပြက္ခဒိန်ပေါ်မှာ မှတ်သားထားပြီး မိတ်ဆွေမွေးနေ့ ရှင်တိုင်းအတွက် မွေးနေ့လက်ဆောင် မပျက်မကွက် ပေးတတ်တာဟာလည်း ဒိုင်ယာနာရဲ့အကျင့်တစ်ခုပါ။ သူ့အတွက် လက်ဆောင်ပြန်ပေးရင်တော့ အားနာတတ်တာကြောင့် 'လက်ခံရတာထက် ပေးရတာက ပိုလွယ်တယ်။ ကိုယ်က ပေးတယ်ဆိုတာလည်း ပြန်ရစေတော့ရယ်လို့ အနှောင်အဖွဲ့ရှိတာမှ မဟုတ်ဘဲ' လို့ မကြာခဏ ပြောဖူးပါတယ်။

ဒိုင်ယာနာရဲ့ မွေးနေ့ဖြစ်တဲ့ ဇူလိုင်လ ၁ ရက်နေ့ ရောက်လေတိုင်း WH Smith က အင်မတန် ရယ်စရာကောင်းတဲ့ မွေးနေ့လက်ဆောင်ကတ်ကလေးတွေ ပို့လေ့ရှိပါတယ်။ ကျွန်တော်ကလည်း 'ဘာရယ်လ်မိသားစု' လို့ လက်မှတ်ရေးထိုးထားပြီး မွေးနေ့လက်ဆောင် ကတ်ကလေးတစ်ခု သူ့စားပွဲပေါ်မှာ တင်ထားလေ့ရှိပါတယ်။ တခြားအမှုထမ်းများကလည်း ပျော်စရာကောင်းတဲ့ မွေးနေ့ကတ်ကလေးတွေ ရှာဖွေဝယ်ယူကြပြီး မင်းသမီးအတွက် မွေးနေ့လက်ဆောင် ပေးကြပါတယ်။ မွေးနေ့မနက်မှာ မနက်စာ စားပြီးတာနဲ့ သူ့စားပွဲပေါ်က မွေးနေ့လက်ဆောင် ကတ်ကလေးတွေကို ကြည့်ပြီး ပျော်ရွှင်ရယ်မောရင်း ကတ်များကို စားပွဲပေါ်မှာ အစီအရီ ထောင်ထားတတ်တာ သူ့ဝါသနာပါ။ အဲဒါပြီးရင်တော့ ပန်းစည်းတွေ တဖွဲဖွဲ ရောက်လာပါပြီ။ ရိုးတံရှည်နဲ့ အဝါရောင်နှင်းဆီ ၂၄ ပွင့် စည်းထားတဲ့ ပန်းစည်းတစ်စည်းက မေဖဲယား ရပ်ကွက်မှာရှိတဲ့ အက်ဒဝပ်ဂွတ်ယား ပန်းဆိုင်ကနေ ရောက်လာမြဲပါ။ ဒီပန်းစည်းကို ဒိုင်ယာနာကိုယ်တိုင်က ထုတ်ဖော်မပြောကြားခဲ့တဲ့ ချစ်သူတစ်ဦးထံမှ နှစ်စဉ်ရရှိခဲ့ပါတယ်။ ဘယ်သူလဲဆိုတာကိုတော့ ကျွန်တော်တို့လည်း သိခွင့်မရခဲ့ပါဘူး။ မိတ်ဆွေများထံမှတော့ နှင်းဆီပန်းအနီများ ရောက်လာတတ်သလို အဆိုတော် ဥန်အယ်လ်တန်ကတော့ ကျူးလစ်(ပ)ပန်းများ ပို့တတ်ပါတယ်။ Vogue မဂ္ဂဇင်းမှ အယ်ဒီတာဖြစ်တဲ့ အင်နာဟာဘေးက ဝတ်စုံတစ်စုံကို ပက်ကင်လှလှထုတ်ပြီး ပို့တတ်ပါတယ်။ ကက်သရင်းဝါကာနဲ့ ဂျီမာလုံးတို့ကလည်း အဖိုးတန်ပစ္စည်းများကို မွေးနေ့လက်ဆောင်အဖြစ် အမြဲတမ်းပို့ကြပါတယ်။ ကင်စတန်နန်းတော်ရဲ့ အပြင်မှာထားရှိတဲ့ စာတိုက်ပုံးထဲမှာတော့ ဒိုင်ယာနာကို ချစ်ကြတဲ့ပြည်သူများက ပေးပို့ကြတဲ့ မွေးနေ့လက်ဆောင်ပန်းတွေ၊ ကတ်ပြားတွေဟာ ညနေတိုင်ပြီဆိုရင် ပန်းဆိုင်အလား အောက်မေ့ရပါတယ်။

ဇူလိုင်လ ၁ ရက်နေ့ ရောက်လေတိုင်း ဒိုင်ယာနာ အလုပ်များရသလို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



မှာလည်း မနားရပါဘူး။ အပေါ်တက်လိုက် အောက်ဆင်းလိုက်နဲ့ ခြေတိုအောင် လုပ်ရပါတယ်။ ဟိုကဒီက ပေးပို့လာတဲ့ လက်ဆောင်ပစ္စည်းတွေကို လက်မှတ်ထိုး လက်ခံရတာက တစ်မျိုး၊ မင်းသမီးဆီကို ပို့ပေးရတာက တစ်မျိုးနဲ့ မမောနိုင်အောင်ပါ။ ရောက်ရှိလာတဲ့ ပန်းစည်းများထဲမှာ ဒိုင်ယာနာရဲ့ ခင်ပွန်းဟောင်း ချားလ်စ်မင်းသားရဲ့ ပန်းစည်းလည်း သူ ကွယ်လွန်တဲ့နှစ်အထိ နှစ်စဉ် ပါဝင်ခဲ့ပါတယ်။ မွေးနေ့လက်ဆောင် ကတ်ပြားပေါ်မှာ Dearest Diana လို့ ရေးထားလေ့ ရှိပါတယ်။

တစ်နေ့လုံး လက်ဆောင်ပစ္စည်းတွေနဲ့ အလုပ်များပြီး ညဘက်ရောက်ပြီဆိုရင်တော့ စာရေးစားပွဲမှာ မထတမ်း ရေးရတော့တာပါပဲ။ အမှတ်တရ မွေးနေ့ကတ်ပြား လက်ဆောင် ပေးပို့လာတဲ့ ဆွေမျိုးမိတ်သင်္ဂဟများထံကို ကျေးဇူးတင်ကြောင်း စာပြန်ရေးတာပါ။ ဒီအကျင့်ကို သူ ငယ်ငယ်လေးကတည်းက သူ့ဖခင်ဖြစ်သူက အကျင့်လုပ်ပေးထားတာလို့ ဆိုတယ်။ ကျေးဇူးတင်ကြောင်း အဆောတလျင် တုံ့ပြန်ရေးသားတဲ့နေရာမှာ သူ့ကို ဘယ်သူမှ မီမယ်မထင်ပါဘူး။ စာရေးစားပွဲမှာ ကိုယ်တိုင်ကိုယ်ကျ ထိုင်ပြီး စာရေးလိုက်၊ ခေါက်လိုက်၊ အိတ်ထဲထည့်လိုက်၊ စာအိတ်ပိတ်လိုက်နဲ့ နာရီပေါင်းများစွာ မညည်းမညူ လုပ်နိုင်ခဲ့သူပါ။ ဒိုင်ယာနာက စာရေးတဲ့နေရာမှာ နက်ပြာရောင် Quink မင်ကို သုံးပြီး ကလောင်တံနဲ့ရေးတဲ့ အကျင့်ရှိပါတယ်။ သူကိုယ်တိုင် သူ့လက်ရေးနဲ့ ပို့ရမှလည်း ကျေနပ်ပါတယ်။ ရေးပြီးတဲ့စာကို မင်ခြောက်သွားအောင် ပန်းနုရောင် မင်နှိပ်စက္ကူကလေးနဲ့ ဂရုတစိုက် နှိပ်သေးတာပါ။ အဲဒါနဲ့ပတ်သက်လို့ ဒိုင်ယာနာက 'သူတို့က ကျွန်မအတွက် အချိန်ကုန်ခံ၊ အပင်ပန်းခံပြီး မွေးနေ့လက်ဆောင် ပို့နိုင်မှတော့ ကျွန်မကလည်း သူတို့ဆီကို ကျေးဇူးတင်ကြောင်း စာလောက်တော့ ရေးနိုင်ရမှာပေါ့' လို့ ဆိုခဲ့ဖူးပါတယ်။ ထိုနည်းတူစွာပဲ တစ်ယောက်ယောက်ကများ နေ့လယ်စာ သို့မဟုတ် ညစာ ဖိတ်ကျွေးပြန်ရင်လည်း အဲဒီလူကို ပြန်ပြီးပေးဖို့ ကျေးဇူးတင် ကတ်ပြားကလေးကို အဆင်သင့်ရေးပြီး ဆောင်သွားလေ့ရှိပါတယ်။ အဲဒီလိုမှပါမသွားရင် နန်းတော်ကို ပြန်ရောက်တာနဲ့ တစ်ပြိုင်နက် ဘယ်လောက်ညဥ့်နက်သည်ဖြစ်စေ ကျေးဇူးတင်စာရေးပြီး မနက်စောစော ပို့နိုင်းလေ့ ရှိပါတယ်။

❑

ပရိသတ်မြင်ကွင်းကနေ ၆ လ လောက် ပုန်းကွယ်နေခဲ့တဲ့ ဒိုင်ယာနာဟာ နောက်တစ်ကြိမ် မီးရောင်အောက်ကို ပြန်လည်ဝင်ရောက်လာခဲ့ပါတယ်။ ဒီတစ်ကြိမ် ဝင်ရောက်လာခြင်းက နောင်မှာ ဒိုင်ယာနာအတွက် အမာခံမိတ်ဆွေ တစ်ဦးဖြစ်လာမယ့် ကြက်ခြေနီအဖွဲ့ကြီးရဲ့ ညွှန်ကြားရေးမှူးချုပ် မိုက်ခ်ဝှစ်တ်လန်က နိုင်ငံ



ဒါကာ ကြက်ခြေနီအဖွဲ့ကြီးရဲ့ အထူးအကြံပေးအဖွဲ့မှာ အဖွဲ့ဝင်တစ်ဦးအဖြစ် ဝင်ရောက်ဆောင်ရွက်ပေးဖို့ ဖိတ်ခေါ်ခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။ ၁၉၉၄ ခုနှစ် မေလမှာ အဲဒီကိစ္စအတွက် ဂျီနီဗာကို သွားရပါတယ်။ သူမရဲ့ ကိုယ်ရေးအတွင်းရေးမှူးဖြစ်တဲ့ ပက်ထရစ်ဂျပ်ဆင် လိုက်ပါသွားခဲ့ပြီး သူ့အပြောအရဆိုရင် ဒိုင်ယာနာဟာ အစည်းအဝေးမှာ စိတ်ပါဝင်စားမှု မရှိခဲ့ဘူးလို့ ဆိုတယ်။ တကယ်တော့ စိတ်ပါဝင်စားမှုမရှိတာ မဟုတ်ပါဘူး။ အဲဒီအဖွဲ့အစည်းမှာ ပါဝင်နေတဲ့ ပုဂ္ဂိုလ်များက သူမကို အာရုံစူးစိုက်ကြလွန်းတဲ့အတွက် ပြန်လာခဲ့ခြင်းသာ ဖြစ်ပါတယ်။ ကြက်ခြေနီအဖွဲ့အပေါ်မှာ သူမ စိတ်ဝင်စားမှု အပြည့်ရှိတယ်ဆိုတာကို နောင်မှာ ကယ်ဆယ်ရေးလုပ်ငန်းများ ထဲထဲဝင်ဝင် ဆောင်ရွက်ပေးခြင်းနဲ့ သက်သေပြနိုင်ခဲ့ပါတယ်။

ဂျီနီဗာကအပြန်မှာ စစ်အတွင်းကျဆုံးတဲ့ ကနေဒါနိုင်ငံသားများ အမှတ်တရ ဥယျာဉ်ဖွင့်ပွဲကို တက်ရောက်ခဲ့ပါတယ်။ နှစ် ၅၀ မြောက် D-Day အထိမ်းအမှတ် တော်ပြုဆုတောင်းပွဲကို တက်ရောက်ခဲ့တဲ့အပြင် တော်ဝင်ရွက်သင်္ဘောဖြစ်တဲ့ ဘရစ်တာနီးယားပေါ်မှာ ကျင်းပတဲ့ အမှတ်တရပွဲကိုလည်း တက်ရောက်ခဲ့ပါသေးတယ်။ မီးရောင်အောက်ကို ပြန်လည်ဝင်ရောက်လာတဲ့ ဒိုင်ယာနာဟာ သူ အစက ဆောင်ရွက်နေတဲ့ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ဖို့လည်း မမေ့မလျော့ ရှိခဲ့ပါတယ်။ စိတ်ရောဂါသည်များအတွက် ရန်ပုံငွေရှာဖွေတဲ့ပွဲကို တက်ရောက်ခဲ့သလို အိမ်ခြေရာမဲ့ ပုဂ္ဂိုလ်များအတွက် ရန်ပုံငွေရှာဖွေရာမှာလည်း ပါဝင်ခဲ့ပါတယ်။ နှစ်ကုန်ပိုင်းမှာ ပြင်သစ်နိုင်ငံ ကလေးသူငယ်များအတွက် ရန်ပုံငွေရှာဖွေတဲ့ ညစာစားပွဲကို တက်ရောက်ရာမှာတော့ မင်းသမီး ရောက်လာစဉ်မှာ ထောင်နဲ့ချီတဲ့ ဧည့်သည်အားလုံးက မတ်တတ်ရပ်ဂုဏ်ပြုတာကို ခံခဲ့ရပါတယ်။

ဒိုင်ယာနာက ဘယ်ကိုပဲသွားသွား ပရိသတ်များရဲ့ အားပေးမှုကိုရရှိခဲ့တဲ့ သူဖြစ်ပါတယ်။ ညစာစားပွဲများ၊ ကပွဲများ၊ နိုင်ငံတော်ပွဲများမှာ သူ သွားပြီဆိုရင် ပွဲတက်ရောက်နေတဲ့ နိုင်ငံတော် သမ္မတများကအစ သာမန်လူများအဆုံး သူ့ကို ငေးကြည့်ရလောက်တဲ့အထိ စွမ်းဆောင်နိုင်ခဲ့ပါတယ်။ တကယ်တော့ သူက အထူးတလည် ဂရုစိုက်အောင် ဖန်တီးနေခြင်း မဟုတ်ဘဲ လူအများကသာ သူ့ကို လေးစားမှုနဲ့ စိတ်ဝင်စားနေကြခြင်းသာ ဖြစ်ပါတယ်။

လူတွေက ဘယ်လိုပဲအားပေးသည်ဖြစ်စေ သူ့အတွင်းစိတ်ကတော့ အားငယ်နေတတ်ပါတယ်။ ကင်စတန်နန်းတော်မှာနေတဲ့ ကာလအတွင်း တစ်ယောက်ယောက်က သူ့ကိုအားပေးနေမှ အားတက်တတ်ပါတယ်။ အဲဒီလိုအားပေးမှု အများဆုံး လိုအပ်လာတာကတော့ ၁၉၉၄ ခုနှစ် ဇွန်လ ၂၉ ရက်နေ့မှာ ရုပ်မြင်သံကြား

www.burmeseclassic.com

www.burmeseclassic.com



စီစဉ်သူ ဂျိုနသန်ဒင်ဘလီ စီစဉ်တင်ဆက်တဲ့ ချားလ်စ်မင်းသားရဲ့အကြောင်း မော်ကွန်းမှတ်တမ်း လွှင့်ထုတ်ချိန် ဖြစ်ပါတယ်။ ဒီအစီအစဉ်က ဒိုင်ယာနာနဲ့ အင်ဒရူး မော်တန်တို့ ရေးသားခဲ့ကြတဲ့ ၁၉၉၂ ခုနှစ်က စာအုပ်ကိုချေပမယ့် အစီအစဉ် ဖြစ်တယ်လို့လည်း ကြိုတင်သတင်းကြီးခဲ့ပါတယ်။ ဒီလိုလွှင့်ထုတ်နိုင်ဖို့ ချားလ်စ်မင်းသားကိုယ်တိုင်က အားပေးကူညီခဲ့ပြီး ခေါင်းစဉ်ကလည်း The Prince of Wales လို့ တပ်ထားပါတယ်။ ဒီအစီအစဉ်ကို ဘာကင်ဟမ်နန်းတော်ကြီးရဲ့ တရားဝင်ခွင့်ပြုချက်နဲ့ လွှင့်ထုတ်တာဖြစ်ကြောင်း သိရအောင် ရွှေနန်းတော်ကြီးရဲ့ တံဆိပ်ကိုပါ ထည့်သွင်းဖော်ပြခဲ့ပါတယ်။ ၁၈ လလုံးလုံး တည်းဖြတ်ရိုက်ကူးခဲ့တာ ဖြစ်တယ်လို့လည်း သတင်းကြီးပါတယ်။ ချားလ်စ်မင်းသားရဲ့ မိတ်ဆွေများကလည်း ဒီအစီအစဉ်မှာ ချားလ်စ်မင်းသားအကြောင်း ဝေဖန်သုံးသပ် ပြောကြားသူများအနေနဲ့ ပါဝင်အားဖြည့်ထားကြပါတယ်။

စီစဉ်သူ ဂျိုနသန်က နောက်ပိုင်းမှာ ပြန်လည်ပြောကြားတာကတော့ ဒီအစီအစဉ်ကို စီစဉ်ချိန်မှာ ချားလ်စ်မင်းသားက ဒိုင်ယာနာကို ထိခိုက်စေမယ့် ကိစ္စမျိုး မထည့်သွင်းစေချင်ဘူးလို့ ပြောကြားခဲ့ဝါတယ်။ ထူးခြားချက်ကတော့ အဲဒီအစီအစဉ်မှာ ချားလ်စ်မင်းသားကိုယ်တိုင်က သူဟာ ကယ်မီလာပါကာဘိုးလ်စ်နဲ့ အိမ်ထောင်ရေးဖောက်ပြန်ခဲ့ကြောင်း အတိအလင်း ထည့်သွင်းဝန်ခံခြင်းပါပဲ။ မင်းသမီးအနေနဲ့ ဒီလိုမျိုးအတိအလင်း ဝန်ခံလိမ့်မယ်လို့ လုံးဝမမျှော်လင့်ခဲ့ပါဘူး။ ကင်စတန်နန်းတော်တစ်ခုလုံးလည်း အံ့အားသင့်ခဲ့ကြရပါတယ်။ ဒီအစီအစဉ်ကို ဓာတ်လမ်းတွဲလိုမျိုး နေ့စဉ်ရက်ဆက် လွှင့်ထုတ်မှာ ဖြစ်တဲ့အတွက် နောက်ပိုင်းမှာ ဘာတွေပါလာမလဲဆိုတာကို မင်းသမီးက စိုးရိမ်ပူပန်ခဲ့ပါသေးတယ်။ ဒီအချိန်မျိုးမှာ မင်းသမီးရဲ့အပါးကို သူ့မိတ်ဆွေရင်းများက လာရောက်အားပေးခဲ့ကြပါတယ်။ ကင့်မြို့စား ကတော်ကလည်း ဒိုင်ယာနာကို သတ္တိရှိရှိ ခွန်အားအပြည့်နဲ့ ကြည့်နိုင်ဖို့ အားပေးခဲ့ပါတယ်။

ဒီအစီအစဉ် လွှင့်ထုတ်နေတဲ့ ကာလအတွင်းမှာပဲ ဒိုင်ယာနာခမျာ ညစာစားပွဲတစ်ခုကို တက်ရောက်ဖို့ ကြုံလာခဲ့ပါတယ်။ အမှန်ကတော့ ဗြိတိန်နိုင်ငံသားအားလုံး ရုပ်မြင်သံကြားစက်များရဲ့ရှေ့မှာ အာရုံစူးစိုက်မှုရတဲ့ အချိန်မျိုး ဖြစ်ပါတယ်။ ဒါပေမယ့် ပန်းချီပြခန်းတစ်ခုရဲ့ ညစာစားပွဲကို မတက်လို့မဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီညစာစားပွဲက ကြိုတင်စီစဉ်ခဲ့တာဖြစ်တဲ့အပြင် ဒိုင်ယာနာကိုယ်တိုင်က ဒီပန်းချီပြခန်းရဲ့ နာယကလည်း ဖြစ်နေပြန်ပါတယ်။ ညစာစားပွဲကို တက်ရောက်ဖို့အတွက် ဒိုင်ယာနာ တော်တော်စိတ်လှုပ်ရှားနေတာကို ကျွန်တော် သတိထားမိ



ပါတယ်။ ရုပ်မြင်သံကြားကနေ လွှင့်ထုတ်မယ့် ချားလ်စ်မင်းသားရဲ့အကြောင်းမှာ ဘာတွေပါလာမလဲဆိုတာကတစ်ကြောင်း၊ ညစာစားပွဲအတွက် ဘယ်လိုဝတ်စုံဝတ်ရမလဲဆိုတာကို စဉ်းစားမရတာက တစ်ကြောင်းကြောင့် ဖြစ်ပါတယ်။ ပန်းချီပြခန်းရဲ့အပြင်ဘက်မှာ သတင်းယူဖို့ ရောက်ရှိနေကြတဲ့ ရုပ်မြင်သံကြားအစီအစဉ်များရဲ့ ကင်မရာများက နာယကဖြစ်သူ ဒိုင်ယာနာရဲ့အလာကို စောင့်မျှော်နေကြပါပြီ။

မင်းသမီးက ပွဲတက်ရောက်ရမယ့် အချိန်မတိုင်ခင် တစ်နာရီလောက်ကတည်းက ဝတ်စားပြင်ဆင်ပြီးပါပြီ။ အပေါ်ထပ်မှာ တခေါက်ခေါက်နဲ့ လမ်းလျှောက်နေတာကို ကျွန်တော့်ရုံးခန်းကနေ အတိုင်းသား ကြားနေရပါတယ်။ ခဏကြာတော့ ခြေသံရပ်သွားပြီး 'ပေါလ်… အောက်ထပ်မှာရှိနေလား' လို့ မေးသံကြားလိုက်ရပါတယ်။

ကျွန်တော့်ရုံးခန်းထဲကထွက်ပြီး လှေကားပထမအကွေ့အထိ တက်လိုက်ပါတယ်။ အပေါ်ထပ်မှာ မင်းသမီးက ခါးထောက်ရပ်ပြီး ကျွန်တော့်ကို စောင့်နေပါတယ်။ သူဝတ်ထားတဲ့ ဝတ်စုံက နက်ပြာရောင် ကော့ကတေးဝတ်စုံ ဖြစ်ပါတယ်။ ခါးမှာ ခါးပတ် ပတ်ထားပြီး ကော်လာအဖြူက ထောင်ထားပါသေးတယ်။ 'ဘယ့်နှယ့်လဲ ဒီဝတ်စုံနဲ့ ကောင်းရဲ့လား'လို့ မေးလာပါတယ်။ ကျွန်တော်က ဘာမှပြန်မပြောဘဲ နှုတ်ဆိတ်နေလိုက်တော့ 'မကြိုက်ဘူး မဟုတ်လား'လို့ ဆက်ပြောပြန်ပါတယ်။ ထောက်ထားတဲ့ခါးပေါ်က လက်ကိုဖြုတ်ချလိုက်ပြီး စိတ်ပျက်သွားပုံလည်း ရပါတယ်။

မင်းသမီးအပါးမှာ ဝတ်စုံများနဲ့ပတ်သက်ပြီး ကျွမ်းကျင်တဲ့ အမျိုးသမီးတွေ ရှိပေမယ့် မင်းသမီးက သူ ဝတ်စုံတစ်ခု ဝတ်ပြီးတိုင်းမှာ အမျိုးသားအမှုထမ်း တစ်ဦးဦးရဲ့ ဝေဖန်ချက်ကို တောင်းခံလေ့ ရှိပါတယ်။ ပါကစ္စတန်နဲ့ ချက်ကိုစလိုဗားကီးယားကို သွားတုန်းကဆိုရင် ကျွန်တော့်ကို မေးချင်မေးတယ်၊ မာဘင်ကို မေးချင်မေးတတ်ပါတယ်။ ကျွန်တော်တို့ရှေ့မှာ မော်ဒယ်လ်တစ်ယောက်လို လမ်းလျှောက်ပြချင် ပြတတ်တာပါ။ ဦးထုပ်အသစ် ဒါမှမဟုတ် ဝတ်စုံအသစ် ဝယ်လာရင်လည်း ဝတ်ပြတတ်ပါသေးတယ်။ ဖိနပ်အသစ် ဝယ်လာရင်လည်း ထိုနည်းလည်းကောင်းပါပဲ။

တစ်ခါတုန်းက ဝတ်စုံအသစ်တစ်ခုကို ဒီဇိုင်နာ ဂျက်ကွစ်က ချုပ်လာခဲ့ပြီး ဧည့်ခန်းထဲမှာ စကားပြောနေပါတယ်။ ကျွန်တော့်ကို လှမ်းခေါ်လိုက်ပြီး 'ကြည့်စမ်းဦး ပေါလ်၊ ဂျက်ကွစ်က တော်တော် တော်တယ်နော်'လို့ ပြောခဲ့ပါသေးတယ်။ ဒီလိုဝေဖန်ချက်တွေ တောင်းတာနဲ့ပတ်သက်ပြီး မင်းသမီးကို ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက ပြောထားခဲ့ဖူးပါတယ်။ 'မင်းသမီးအနေနဲ့ အမှန်အတိုင်း ကြားချ တယ်ဆိုရင် ကျွန်တော့်ကိုမေးပါ။ အလိုက်သင့် ဖြေတာကို လိုချင်တယ်ဆိုရ တော့ သူများကိုမေးပါ' လို့ ပြောခဲ့တာပါ။

ပန်းချီပြခန်း ညစာစားပွဲကို သွားဖို့အတွက် သူ ဝတ်ထားတဲ့ ဝတ်စုံက မသင့်တော်ပါဘူး။ အထူးသဖြင့် ရုပ်မြင်သံကြား အစီအစဉ်က လွှင့်ထုတ်မယ် ချားလ်စ်မင်းသားရဲ့ အစီအစဉ်ကို ဂရုမစိုက်ဘူးဆိုတဲ့ မျက်နှာပေးနဲ့ တက်ရော ရမယ့်ပွဲ ဖြစ်ပါတယ်။ ဒီမျက်နှာပေးကိုပဲ အပေါက်ဝမှာစောင့်နေကြတဲ့ ရုပ်မြင်သ ကြားစက်များက ရိုက်ပြကြမယ်ဆိုတာ သေချာနေပါတယ်။ ဒါကြောင့် ကျွန်တော်က 'ဒီညဟာ မင်းသမီးအနေနဲ့ ဒေါ်လာသန်းပေါင်းများစွာတန်တဲ့ မျက်နှာပေးနဲ့ ရှိရမယ် ည ဖြစ်တယ်။ ဒါကြောင့် ဒီဝတ်စုံနဲ့ မလိုက်ပါဘူး။ ဆောရီးပါ' လို့ ဖြေလိုက်ပါ တယ်။

'အင်း… ကျွန်မမှာလည်း ဝတ်စရာကို မရှိတော့ဘူး' လို့ ဒိုင်ယာနာက ညည် တယ်။

ကျွန်တော်တို့နှစ်ယောက် အပေါ်ထပ်ကို တက်ခဲ့ကြပြီး မင်းသမီးရဲ့ ဝတ်စုံမျာ ထားရာ ဗီရိုများကို ဖွင့်လိုက်ကြပါတယ်။ အနက်ရောင် ဝတ်စုံများချည်းထားတဲ့ အကန့်ကို ဖွင့်လိုက်ကြပြီး တစ်ထည်ပြီးတစ်ထည် ရှာဖွေကြပါတယ်။ 'အဲဒါလေ ဆိုရင် သင့်တော်လိမ့်မယ်' လို့ ကျွန်တော်က ပြောပြီး အနက်ရောင်ဝတ်စုံတစ်စုံကို ပြလိုက်ပါတယ်။

မင်းသမီးက နှာခေါင်းရှုံ့လိုက်ပြီး 'မဖြစ်ဘူး၊ ဒီပွဲက ကျွန်မနဲ့ အကြိမ်ကြိမ် အခါခါ ဆုံခဲ့ဖူးတဲ့ မိတ်ဆွေဟောင်းတွေ အများကြီးတက်မယ့်ပွဲဆိုတော့ ဒီဝတ်စုံ ကို သူတို့ မြင်ဖူးနေကြတယ်' လို့ ဆိုပါတယ်။

နောက်ထပ် ဝတ်စုံတစ်စုံကို ကျွန်တော် ရွေးပေးလိုက်ပြန်ပါတယ်။ နက်ပြာ ရောင် ဝတ်စုံကလေးပါပဲ။ ပခုံးသား ပေါ်နေမယ့် အနေအထားမှာ ရှိပါတယ်။ မင်းသမီးက အားကစားလေ့ကျင့်ခန်းများ လုပ်နေတဲ့အတွက် ဒီဝတ်စုံနဲ့ သူ တော် တော်ပါတော့မလားလို့ သံသယရှိပေမယ့် ဝတ်ကြည့်လိုက်တဲ့အခါမှာ အဆင်ပြေ သွားပါတယ်။ လက်ဝတ်ရတနာအနေနဲ့ ပုလဲနဲ့ လုပ်ထားတဲ့ လည်ဆွဲတစ်ခုကို ထုတ်ဝတ်လိုက်ပါတယ်။ ဒီပုလဲသွယ်က သူတို့ လက်ထပ်စဉ်တုန်းက ချားလ်စ် ရဲ့အဘွား (မယ်တော်ဘုရင်မကြီး)က မင်္ဂလာလက်ဖွဲ့အဖြစ် ပေးခဲ့တာပါ။

ပွဲသွားရမယ့် အချိန်နီးလာလေ သူ စိတ်လှုပ်ရှားလေပါပဲ။ 'ကျွန်မ ဘာဖြစ် လို့ ဒီည စိတ်လှုပ်ရှားနေသလဲ မသိဘူး' လို့လည်း ညည်းတယ်။ သူ့ကိုအားပေး



လိုအပ်တာကြောင့် 'မင်းသမီးနဲ့ ဒီဝတ်စုံ အင်မတန် လိုက်ဖက်ပါတယ်။ ရောက် နှင့်တဲ့ ဧည့်သည်တွေအားလုံး အံ့သြသွားစေရမယ်' လို့ အား ပေးလိုက်တဲ့အခါမှာ တော့ မင်းသမီးက ပြုံးသွားပါတယ်။


ပွဲတက်တာ၊ ပွဲကနေ ပြန်ထွက်တာဟာ အရေးကြီးကြောင်း မင်းသမီးက ကျွန်တော့်ကို အမြဲပြောလေ့ ရှိပါတယ်။ ဒါကြောင့် သူ့စကားနဲ့ပဲ သူ့ကို ပြန်ပြီး သတိပေးလိုက်ရပါတယ်။ 'ဝင်သွားတဲ့အခါမှာ ခေါင်းကို မော့ထားပါ။ လက် ဆွဲနှုတ်ဆက်တဲ့အခါမှာလည်း စိတ်ပါလက်ပါ လက်ဆွဲနှုတ်ဆက်ပါ' လို့ ပြော လိုက်ရပြီး ကားပေါ်အထိ လိုက်ပို့လိုက်ရပါတယ်။

ကျွန်တော်ကတော့ ရုပ်မြင်သံကြား စက်ရှေ့မှာ ထိုင်ကြည့်နေပါတယ်။ မျှော် လင့်ထားတဲ့အတိုင်းပဲ ရုပ်မြင်သံကြား ကင်မရာများက ဒိုင်ယာနာ ဆင်းလာပုံ၊ ဥက္ကဋ္ဌကို လက်ဆွဲနှုတ်ဆက်ပုံများပြတဲ့အခါမှာ သူ့မျက်နှာပေးက ဘာကိုမှ မခံစား ရဘူးဆိုတဲ့ မျက်နှာပေးနဲ့ ရှိနေပါပြီ။ ဒီမျက်နှာပေးက နောက်တစ်နေ့ထုတ် သတင်းစာများရဲ့ မျက်နှာဖုံးများမှာ နေရာယူနိုင်ခဲ့ပါတယ်။

ကင်စတန်နန်းတော်ကို ပြန်ရောက်လာချိန်မှာတော့ ရုပ်မြင်သံကြားအစီအစဉ်မှာ ချားလ်စ်မင်းသားက အိမ်ထောင်ရေး ဖောက်ပြန်မှုအကြောင်း ဝန်ခံပြောကြားသွား တာကိုသိပြီး ဖြစ်ပါတယ်။ ဒါပေမယ့် ဝမ်းနည်းကြေကွဲတဲ့ မျက်နှာအနေအထား မရှိတော့ဘဲ အောင်နိုင်သူတစ်ယောက်လို ပြုံးရွှင်နေပါတယ်။ အဲဒီညမှာ စကား များများစားစား မပြောတော့တဲ့အပြင်၊ အိပ်ရာဝင်ခါနီး သောက်နေကျ အပူတစ်ခွက် ကို မသောက်တော့တဲ့အပြင် အိပ်ခန်းထဲကို တန်းဝင်သွားတာကြောင့် ကင်စတန် နန်းတော်ရဲ့ မီးများကို ကျွန်တော် ပိတ်လိုက်ပါတော့တယ်။ ဒါပေမယ့် ဒိုင်ယာနာ ရဲ့ အိပ်ခန်းရှေ့က မီးရောင်မှိန်မှိန်ကလေးကိုတော့ ကျွန်တော် ချန်ထားခဲ့ပါတယ်။ ❑

www.burmeseclassic.com







ရွှေမင်းသမီးနဲ့ သူ့ဘော်ဒီဂတ်ဟာ သိုးတို့
ပြည်ပမှာ အမှတ်တရ
(ဝဲပုံ)

ပြည်ပခရီးများမှာ အမြဲတစေ
လိုက်ပါခဲ့ရတဲ့ ပေါလ်
(အပေါ်ပုံ)

www.burmeseclassic.com

www.burmeseclassic.com







မာရီယာရဲ့ မွေးနေ့ပွဲမှာ မာ့ခ်အန်တိုနီအဖြစ် ဝတ်ဆင်ထားတဲ့ ပေါလ်နဲ့ ဗိုင်ယာနာ

www.burmeseclassic.com

www.burmeseclassic.com





သခင်မအတွက်
တံခါးဖွင့် စောင့်ကြိုနေတဲ့ပေါလ်

www.burmeseclassic.com

www.burmeseclassic.com











ခရီးထွက်တော့မယ့် နိုင်ယာနှာ
(အပေါ်-ဝဲပုံ)

လေယာဉ်ခရီးမှ နိုင်ယာနှာ
(အပေါ်-ယာပုံ)

ပြည်ပခရီးတစ်ခု ထွက်ကြစဉ်
(အောက်-ယာပုံ)

မာရီယာရဲ့မိခင် ဘက်တီနဲ့ တရင်းတနှီးရှိတဲ့ နိုင်ယာနှာတို့
(အောက်-ဝဲပုံ)

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မာရီယာ အလုပ်ထွက်တာဟာ
သူသားတွေကို ကြည့်ဖို့အတွက် အလုပ်ထွက်ဖို့ ခွင့်ပန်ခြင်းဖြစ်ကြောင်း
ကျွန်တော် ရှင်းပြပေမယ့် မင်းသမီးကတော့ လုံးဝခွင့်မလွှတ်နိုင်ပါဘူး။
နောက်ထပ် မာရီယာ သူ့အတွက် အလုပ်လုပ်ပေးတဲ့
ရက်သတ္တပတ်လေးပတ်လုံးလုံး စကားမပြောပါဘူး။
ကျွန်တော်တို့ မင်းမှုထမ်းများကြားမှာတော့ မင်းသမီးက
အဲဒီလို စကားမပြောဘဲနေခြင်းကို 'စကားမပြောတဲ့ ကျိန်စာ' လို့
သတ်မှတ်ထားကြပါတယ်။

# အခန်း (၉)
# ကျွန်တော့်ဘော့စ်

ကင်စတန်နန်းတော်ကြီးရဲ့ လေးဘက် နံရံအတွင်းမှာ အမှုထမ်းနေကြတဲ့ ဘယ်မင်းမှုထမ်းမျှ အမှုထမ်းရတာ ပေါ့ပေါ့ပါးပါး ရှိပါတယ်လို့ ဟန်ဆောင်စကား မဆိုနိုင်ကြပါဘူး။ ကင်စတန်နန်းတော်ရဲ့ အဆောင်အမှတ် ၈ နဲ့ ၉ မှာ တာဝန်ထမ်းဆောင်ကြရတဲ့ မင်းမှုထမ်းများမှာ မရေမတွက်နိုင်လောက်တဲ့ တာဝန်တွေ များပြားလှပါတယ်။ မိသားစုအရေးကိစ္စ၊ မင်္ဂလာဆောင်ကိစ္စ၊ ချစ်ကြည်ရေးကိစ္စ၊ လုပ်ငန်းကိစ္စ၊ ပျော်ပွဲရွှင်ပွဲများကိစ္စ စတဲ့ ကိစ္စအဝဝတို့ဟာ မင်းမှုထမ်းများရဲ့ဘဝမှာ နာရီနဲ့မလပ် လည်ပတ်နေပါတယ်။ ကျွန်တော့်ဘော့စ်နဲ့ အတူနေရတဲ့ ဘဝဟာ ရိုလာကိုစတာ စီးနေရသလိုပါပဲ။ ခံနိုင်ရည်မရှိသူများအတွက် မျက်ဖြူဆိုက်စေပါတယ်။ အတက်ဘဝများဟာ ကြောက်စရာကောင်းသလို အဆင်းများနဲ့ ကြုံတဲ့အခါမှာလည်း ကြမ်းတမ်းလှပါတယ်။ မင်းမှုထမ်းတော်တော်များများအတွက်တော့ ဒီအတက်အဆင်းများကြားမှာ လမ်းခုလတ်မှာပဲ ကျန်ရစ်ခဲ့ကြရတဲ့သူတွေ ရှိပါတယ်။ သူတို့ကိုယ်သူတို့ မထိန်းနိုင်ကြတဲ့အတွက် ဘော့စ်ရဲ့ဘဝ အတက်အဆင်းများမှာ အတူတကွ မလိုက်နိုင်ကြဘဲ ကျန်ရစ်ခဲ့ကြခြင်းပါ။ မင်းသမီးနဲ့ နှစ်ရှည်လများ အမှုထမ်းနိုင်ဖို့ဆိုတာက ခံနိုင်ရည်ရှိဖို့၊ ဇွဲကောင်းဖို့ လိုပါတယ်။ ကိစ္စတစ်ခုကြုံလာရင် ဖြစ်သင့်၊ မဖြစ်သင့်ဆိုတာ ကိုယ့်စဉ်းစားဉာဏ်နဲ့ တွေးတောဆင်ခြင်ဖို့ အချိန်မရှိပါဘူး။ အမိန့်ရှိသလိုသာ လုပ်လိုက်ပါ။ အဲဒီလို လုပ်ပေးနိုင်ရင်တော့ မင်းသမီးဟာ အင်မတန်ချစ်စရာကောင်းပြီး အံ့သြဖွယ်ရာကောင်းတဲ့ လူသားတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်တယ်ဆိုတာကို ကြုံကြရပါတယ်။

အမှုထမ်းသက်ကာလအတွင်း မင်းသမီးအပေါ်မှာ ထောက်ခံခဲ့မှုတွေ၊ သစ္စာစောင့်သိမှုတွေဟာ မင်းသမီးရဲ့ အမိန့်နဲ့ပတ်သက်လာရင် ထောက်ထားညှာတာစရာတွေ မဟုတ်တော့ပါဘူး။ ဘဝခရီးကို ခပ်ကြမ်းကြမ်းနှင်နေတဲ့ ဒိုင်ယာနာ မင်းသမီးရဲ့ ဘဝလှေကြီးပေါ်မှာပါလာတဲ့ အမှုထမ်းများအနေနဲ့ တချို့ဆိုရင် အချိန်မတိုင်ခင် လွင့်စဉ်ကျန်ရစ်ပါတယ်။ မင်းသမီးနဲ့ တစ်သက်လုံး အဆင်ပြေလိမ့်မယ်လို့ မျှော်လင့်ခဲ့ကြသူတချို့လည်း လက်တွဲဖြုတ်ခဲ့ကြရပါတယ်။ တစ်ခါတလေမှာတော့ တစ်ယောက်နဲ့တစ်ယောက် အထင်လွဲမှားမှု၊ နားလည်မှုလွဲမှားတာတွေကြောင့် လမ်းခွဲသွားခဲ့ကြရသူတွေလည်း အများကြီး ရှိခဲ့ပါတယ်။

အဲဒီလို ခံစားကြရသူတွေထဲမှာ ကျွန်တော့်ဇနီးဖြစ်တဲ့ မာရီယာလည်း ၁၉၉၄ နဲ့ ၁၉၉၅ တို့မှာ ကြုံခဲ့ဖူးပါတယ်။ မာရီယာက မင်းသမီးရဲ့ အဝတ်အစားများကို ထိန်းသိမ်းတဲ့သူအဖြစ် တစ်နှစ်လောက် ကြိုးစားပြီး လုပ်ပေးမယ်ဆိုတဲ့ ကတိစကားနဲ့ ဝင်ရောက်လုပ်ကိုင်ပေးခဲ့တာ ဖြစ်ပေမယ့် အချိန်ကြာလာတာနဲ့အမျှ မင်းသမီးဘက်က တောင်းဆိုတာတွေ၊ တာဝန်ပေးတာတွေ များလွန်းလာတဲ့အတွက် ရေရှည်မှာ ဆက်မလုပ်နိုင်တော့ပါဘူး။ အထူးသဖြင့် သားနှစ်ဦးဖြစ်တဲ့ အလက်ဇန္ဒားနဲ့ နစ်ခ်တို့ကို ပြန်လှည့်ကြည့်ဖို့ အချိန်မရှိခဲ့ကြပါဘူး။ သားနှစ်ဦးကလည်း အဖေကိုပဲ အဖေလိုတစ်မျိုး၊ အမေလိုတစ်မျိုး ဆက်ဆံနေကြရပါတယ်။ 'မကြာခင် အဆင်ပြေသွားမှာပါကွာ။ စိတ်မလျှော့ပါနဲ့'လို့ ကျွန်တော်ကိုယ်တိုင်က မာရီယာကို အားပေးစကား ဆိုပေမယ့် ရေရှည်မှာ လွယ်မှာမဟုတ်တော့ဘူးဆိုတာ သဘောပေါက်ခဲ့ပါတယ်။ သူ့တာဝန်ကို မလုပ်တော့ဘူးဆိုတာနဲ့ တစ်ပြိုင်နက် မင်းသမီးက စိတ်ခုတော့မှာပါ။ ဘာကြောင့်လဲဆိုတော့ ဒီအချိန်မှာ မင်းသမီးရဲ့ဘဝမှာ ငြင်းပယ်ခံရတာတွေက များနေပြီကိုး။ မိသားစုက သူ မမွေးဖွားခင်မှာ ယောကျ်ားလေးတစ်ဦးဖြစ်လိမ့်မယ်လို့ မျှော်လင့်ခဲ့ကြပေမယ့် မွေးလာချိန်မှာ မိန်းကလေး ဖြစ်နေတဲ့အတွက် စိတ်ပျက်ခဲ့ကြဖူးတယ်။ ချားလ်စ်မင်းသားနဲ့ အိမ်ထောင်ပြုခဲ့ပေမယ့်လည်း အိမ်ထောင်က ပျက်ခဲ့တယ်။ လောလောဆယ်မှာ မောင်ဖြစ်သူ အားလ်စပင်ဆာကလည်း ကူညီမယ်လို့ဆိုထားတဲ့ကိစ္စကို ပယ်ဖျက်လိုက်တာ ခံစားရပြန်တယ်။ ဒါကြောင့် မင်းသမီးဘဝမှာ စိတ်ပျက်စရာတွေ များနေတာဖြစ်လို့ မာရီယာသာ အလုပ်ထွက်မယ်ဆိုရင် စိတ်ဆိုးမှာ သေချာသလောက်ပါပဲ။ ကျွန်တော့်အနေနဲ့က တစ်ဖက်က ဇနီးသည်ဖြစ်ပြီး တစ်ဖက်က ကျွန်တော့်သခင်မ ဖြစ်နေတဲ့အတွက် နှစ်ဦးကြားမှာ ညပ်တော့မယ်ဆိုတာ ကျွန်တော် သိလိုက်ပါပြီ။



ကျွန်တော့်ဇနီး မာရီယာက မင်းသမီးထံ ဝင်ရောက်ခစားပြီး သားနှစ်ဦးနဲ့နေနိုင်ဖို့ အချိန်ပိုရဖို့အတွက် လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ နေရာကနေ နုတ်ထွက်ခွင့်ပြုဖို့ လျှောက်ထားပါတယ်။ သူတို့နှစ်ယောက်ချင်း ပြောနေကြတာကို ကျွန်တော်က သူ့ရဲ့ဘောကြောင်စွာနဲ့ ရှောင်နေခဲ့ပါတယ်။ ကျွန်တော်ချစ်တဲ့ အမျိုးသမီးနှစ်ဦးကြားမှာ ကျွန်တော် ရှေ့ပြည်အေးတရား ဟောနိုင်မှာ မဟုတ်ပါဘူး။ ၁၉၉၄ ခုနှစ် ဒီဇင်ဘာလရဲ့ ညတစ်ညမှာ မာရီယာက မင်းသမီးကို သူပြောခဲ့ပြီဖြစ်ကြောင်း ကျွန်တော့်ကို ပြန်ပြောပြပါတယ်။

ဒီတော့ မင်းသမီးက 'ဘာပြောတယ်၊ ရှင့်အတွက် ကျွန်မ အားလုံးလုပ်ပေးခဲ့တာတွေအတွက် ကျေးဇူးဆပ်လိုက်တာလား'လို့ ပြန်မေးပါသတဲ့။

မာရီယာကတော့ သူ တာဝန်ထမ်းဆောင်စဉ်ကတည်းက တစ်နှစ် တာဝန်ထမ်းဆောင်ပေးမယ်လို့ ပြောခဲ့တာဖြစ်ကြောင်း၊ မင်းသမီးရဲ့ ကျေးဇူးများ သူ့အပေါ်မှာ များပြားလှပါကြောင်း၊ ဒါပေမယ့် သားနှစ်ယောက်ရဲ့အရေးက သူ့အတွက် ဦးစားပေးရမယ့်ကိစ္စ ဖြစ်တာကြောင့် တာဝန်မှ နောက် လေးလကြာတဲ့အခါမှာ နုတ်ထွက်ခွင့်ပြုဖို့ ထပ်ပြီးရှင်းပြခဲ့ပါသတဲ့။ မင်းသမီးရဲ့စကားကြောင့် သူ မျက်ရည်ကျခဲ့ရတယ်လို့လည်း မာရီယာက ပြန်ပြောပြပါတယ်။

နောက်တစ်နေ့ မနက်မှာတော့ မနက်စာစားမယ့် အချိန်ကစပြီး ရာသီဥတု အခြေအနေ မကောင်းဘူးဆိုတာ ကျွန်တော် ရိပ်မိခဲ့ပါတယ်။

'မင်္ဂလာ နံနက်ခင်းပါ မင်းသမီး'လို့ ကျွန်တော်က နံနက်စာစားဖို့ စားပွဲထိုင်နေတဲ့ မင်းသမီးကို ကော်ဖီကရားကိုင်ရင်း နှုတ်ဆက်ပေမယ့် တုံ့ပြန်မှုက မကောင်းလှပါဘူး။ 'ပေါလ်... ရှင့် မိန်းမကို ရှင်ပြောပေးလို့ မရနိုင်ဘူးလား' တဲ့။

အဲဒီအချိန်မှာ မင်းသမီးက ကျွန်တော့်မျက်နှာကြည့်တာ မဟုတ်ဘဲ သတင်းစာခေါင်းကြီးပိုင်းကို ကြည့်ရင်း ပြောတာဖြစ်တာကြောင့် သတင်းစာထဲမှာ သူနဲ့ပတ်သက်ပြီး ခေါင်းစဉ်ကြီးကြီးနဲ့ ရေးထားတာ တစ်ခုခု တွေ့ပါစေတော့လို့ ကျွန်တော် ဆုတောင်းနေမိပါတယ်။ ဒါပေမယ့် ကျွန်တော့် ဆုတောင်းမပြည့်ပါဘူး။ သတင်းစာမှာ ဘာမှပါမလာတဲ့အတွက် ကျွန်တော် ပြန်မပြောလို့ မရတော့ပါဘူး။ မာရီယာဆိုတဲ့ မိန်းမကလည်း ဆိုခဲ့စေ မြဲစေဆိုတာလို ပြောပြီးသား စကားကို ပြင်တဲ့အကျင့်မရှိဘူးဆိုတာ ကျွန်တော် သိပြီးသားပါ။ ဒါကြောင့် မာရီယာ အလုပ်ထွက်တာဟာ သူ့သားတွေကို ကြည့်ဖို့အတွက် အလုပ်ထွက်ဖို့ ခွင့်ယူခြင်းဖြစ်ကြောင်း ကျွန်တော် ရှင်းပြပေမယ့် မင်းသမီးကတော့ လုံးဝခွင့်မလွှတ်နိုင်ပါဘူး။ နောက်

www.burmeseclassic.com

www.burmeseclassic.com



ထပ် မာရီယာ သူ့အတွက် အလုပ်လုပ်ပေးတဲ့ ရက်သတ္တပတ်လေးပတ်လုံးလုံး စကားမပြောပါဘူး။ ကျွန်တော်တို့ မင်းမှုထမ်းများကြားမှာတော့ မင်းသမီးက အဲဒီလို စကားမပြောဘဲနေခြင်းကို 'စကားမပြောတဲ့ ကျိန်စာ' လို့ သတ်မှတ်ထားကြပါတယ်။

၁၉၉၅ ခုနှစ်မှာ တော်တော်များများ အမှုထမ်းဘဝကနေ ထွက်သွားကြပါတယ်။ နှစ်ရှည်လများ လက်တွဲခဲ့ကြသူတွေ လမ်းခွဲသွားတဲ့အတွက် စိတ်မကောင်းစရာပါ။ အဲဒီထဲမှာ စားတော်ကဲ မာဗင်က မင်းသမီးရဲ့ စကားမပြောတဲ့ကျိန်စာကို ကိုးလလုံးလုံး ခံရပြီးတဲ့နောက်မှာ ထွက်သွားခဲ့တာပါ။ နောက်တစ်ယောက်ကတော့ ဘဏ္ဍာစိုးတစ်ဦးဖြစ်တဲ့ ဟာရီးလ်ဘရောင်း ဖြစ်ပါတယ်။ သူကတော့ ဒိုင်ယာနာထံမှ ထွက်ပြီးတဲ့နောက် မာဂရက်မင်းသမီးထံမှာ ဆက်ပြီး အမှုထမ်းတဲ့အတွက် ရထားတဲ့ အခန်းအမှတ် ၆ ကနေ ပြောင်းရွှေ့ပေးဖို့ မလိုခဲ့ပါဘူး။ သူ ထွက်သွားတဲ့အတွက် ကျွန်တော်က ဘဏ္ဍာစိုးတစ်ဦးတည်း ဖြစ်လာခဲ့ပါတယ်။ ဝန်ထမ်းနည်းလာတာနဲ့အမျှ မင်းသမီးရဲ့ ယုံကြည်ကိုးစားမှုက ကျွန်တော့်အပေါ်မှာ လုံးလုံး ဖြစ်လာပါတယ်။

အဲဒီလို တာဝန်တွေ ထမ်းဆောင်နေပေမယ့် ကျွန်တော်သည်ပင်လျှင် မင်းသမီးရဲ့ စိတ်ငြိုငြင်မှုကို တစ်ခါတစ်ရံမှာ ခံရတတ်ပါတယ်။ ချားလ်စ်မင်းသားနဲ့ ကွာရှင်းပြီးတဲ့နောက် ဘဏ္ဍာရေးအခြေအနေကလည်း ကျပ်တည်းလာတဲ့အတွက် မင်းသမီးက အိမ်တော်ရဲ့ အသုံးစရိတ်များကို ကျပ်ကျပ်တည်းတည်း စိစစ်ပါတော့တယ်။ ပထမဦးဆုံးအနေနဲ့ အိမ်တော်အသုံးစရိတ်များထဲက တယ်လီဖုန်းခများကို စိစစ်ပါတယ်။ တယ်လီဖုန်း အသုံးပြုတဲ့ မင်းမှုထမ်းများစာရင်း ထွက်လာတဲ့အခါမှာ ဘယ်အမှုထမ်းက ကိုယ်ရေးကိုယ်တာ ဘယ်နှမိနစ်ပြောတယ်ဆိုတာ စာရင်းနဲ့တကွ မင်းသမီးကိုယ်တိုင်ကြည့်ပြီး ကျွန်တော် ကိုယ်ရေးကိုယ်တာ ပြောထားတာ စတာလင်ပေါင် ၃၀၀ ကျတယ်လို့ မင်းသမီးက အမိန့်ချမှတ်ပါတယ်။ ကျွန်တော်က ချက်ချင်းပဲ ချက်လက်မှတ်တစ်စောင်ရေးပြီး ကျသင့်ငွေကို ပေးလိုက်ပါတယ်။ အဲဒီလိုမှ မပေးလိုက်ရင်လည်း ဒီကိစ္စက မပြီးနိုင် မစီးနိုင် ဖြစ်နေမယ်ဆိုတာကို ကျွန်တော် သိနေတာကိုး။ ဒါပေမယ့် ထင်သလို ပြီးမသွားပါဘူး။

ကျွန်တော် တယ်လီဖုန်း သုံးတယ်ဆိုတာ မင်းသမီးနဲ့ အဓိကပတ်သက်ပါတယ်။ ချက်လက်မှတ် ရေးပေးလိုက်ပြန်တော့လည်း မင်းသမီးက ကျွန်တော် ဘာ့ကြောင့် ဒီလောက်တယ်လီဖုန်း ပြောရသလဲဆိုတာ သိချင်လာပြန်ပါတယ်။ ရင်ထဲမှာရှိတာကို ကျွန်တော် အောင့်မထားနိုင်တော့ဘဲ ပါးစပ်က ထွက်သွားမိပါတယ်။



တယ်။ 'ကျွန်တော် မင်းသမီးအနားမှာ နာရီပေါင်းများစွာ တာဝန်ထမ်းဆောင်ရပါတယ်။ အဲဒီအတွက် ကျွန်တော့်မိသားစုဆီကို ဖုန်းဆက်တာဟာ မလွန်ဘူးလို့ ထင်ပါတယ်။ ကျွန်တော်က တစ်နေ့ကို ၁၆ နာရီ တာဝန်ထမ်းဆောင်နေရသူပါ မင်းသမီး' လို့ ပြောလိုက်မိခြင်းပါ။

ဒီစကားဟာ ကျွန်တော့်အနေနဲ့ မင်းသမီးကို ဖုန်း ဘာကြောင့်သုံးတယ်ဆိုတာ ရှင်းပြလိုက်တာ ဖြစ်ပေမယ့် မင်းသမီးဘက်က မြင်သွားတဲ့အမြင်က ကျွန်တော် တစ်နေ့ကို ၁၆ နာရီ သူ့အနားမှာ တာဝန်ထမ်းဆောင်နေရတဲ့အတွက် ညည်းညူတယ်လို့ မြင်သွားပါတယ်။ နောက် ရက်သတ္တပတ်နှစ်ပတ်လုံး စကားမပြောတော့ဘဲ သူ ပြောချင်တာ၊ ခိုင်းချင်တာတွေကို စာနဲ့ရေးပြီး ခိုင်းပါတယ်။ အဲဒီကာလမှာ ကျွန်တော် တော်တော်စိတ်ပျက်ခဲ့ရပါတယ်။ အရင်းနှီးဆုံး မိတ်ဆွေဘဝကနေ စွန့်ပစ်ခြင်းခံရသူလို့လည်း ခံစားရပါတယ်။

မင်းသမီးက စာရေးပြီးခိုင်းတဲ့အတွက် လုပ်ပေးသမျှကို ပြန်ပြီး အစီရင်ခံဖို့လည်း ကျွန်တော်က စာရေးပြီး ပြန်ကပ်ထားရပါတယ်။ တစ်နေ့မှာတော့ အရေးကြီးတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ပါးစပ်နဲ့မပြောရင် မဖြစ်တဲ့ကိစ္စ ပေါ်လာပါတယ်။ ဒီအခါမှာ မင်းသမီးက 'ပေါလ်… ရှင်က ဘာကြောင့် ကျွန်မကို ပါးစပ်နဲ့မပြောဘဲ စာနဲ့ရေးနေရတာလဲ' လို့ မေးလာပါတော့တယ်။

'မင်းသမီးက ကျွန်တော့်ကို လုံးဝ စကားမပြောတဲ့အတွက် ကျွန်တော့်အနေနဲ့လည်း စကားပြောဖို့ မဝံ့ကြောင်းပါ' လို့ ဖြေလိုက်ရပါတယ်။

ဒီတော့မှ မင်းသမီး စိတ်လျှော့သွားပုံရပါတယ်။ ကျွန်တော့်ကို ဘာမှ မပြောတော့ပါဘူး။

'ကျွန်တော် ဒီလိုသာ လုပ်နေရမယ်ဆိုရင် မင်းသမီးအတွက် အလုပ်တွေကို ကျေပွန်အောင် ထမ်းဆောင်လို့ ရမှာမဟုတ်ပါဘူး။ မင်းသမီး မကျေနပ်အောင် ဘာများလုပ်မိသလဲဆိုတာလည်း မသိပါဘူး။ ဘာပဲဖြစ်ဖြစ် မင်းသမီးရဲ့ ကိစ္စများကို တာဝန်ကျေပွန်အောင် ထမ်းဆောင်နိုင်ဖို့အတွက် ကျွန်တော့်ကို စကားပြောခွင့်တော့ပြုပါ' လို့ ဆက်တိုက်ပြောလိုက်ပါတယ်။

ဒီတော့မှ မင်းသမီးနဲ့ ကျွန်တော့်ကြားမှာရှိနေတဲ့ အကျိတ်အခဲတွေ ပြေသွားခဲ့ပါတယ်။ အဲဒီနေ့ကစပြီး ကျွန်တော်ကိုယ်တိုင်လည်း တယ်လီဖုန်း တစ်ခါဆက်ဖို့ကို လိုမလို တော်တော်ကြီး စဉ်းစားပြီးမှ သုံးဖြစ်ပါတော့တယ်။

❑

၁၉၉၄ ခုနှစ် ဒီဇင်ဘာလမှာ ကျရောက်တဲ့ ခရစ္စမတ်ပွဲတော်ကို တ…ရောက်

www.burmeseclassic.com

www.burmeseclassic.com



ဖို့ ဘာကင်ဟမ်ရွှေနန်းတော်ကြီးမှ ကင်စတန်နန်းတော်ရှိ ဒိုင်ယာနာ မင်းသမီးကို ဖိတ်ကြားလိုက်ခြင်းနဲ့ပတ်သက်ပြီး Daily Mirror သတင်းစာကြီးက 'အေးစက်ခြင်းမှအပြန်' လို့ ခေါင်းစဉ်တပ်ပြီး ဖော်ပြခဲ့ပါတယ်။ သတင်းစာများက ဒိုင်ယာနာကို ခုလို ဖိတ်ကြားလိုက်ခြင်းဟာ ဘုရင်မကြီးရဲ့ ကိုယ်ရေးအတွင်းရေးမှူးဖြစ်သူ ဆာရောဘတ်ဖဲလိုးစ်က မှားယွင်းဖိတ်ကြားခြင်းဖြစ်တယ်လို့ ယူဆခဲ့ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆာရောဘတ်ဖဲလိုးစ်က ဒိုင်ယာနာရဲ့ ခဲအိုဖြစ်ခြင်းကြောင့်ပါပဲ။ ဖြစ်ရပ်မှန်က သူတို့ ထင်တာထက်ပိုပြီး နွေးထွေးပါတယ်။ ဘုရင်မကြီး ကိုယ်တိုင် လက်ရေးနဲ့ရေးထားတဲ့ ဖိတ်စာမှာ သူမနဲ့တကွ ကြင်ယာတော်ဖြစ်သူ အီဒင်ဘာရာမြို့စားကြီးတို့က ဒိုင်ယာနာမင်းသမီးကို ခရစ္စမတ်အကြိုညချမ်း ပါတီပွဲမှာ ချားလ်စ်မင်းသား၊ ဝီလျံနဲ့ ဟယ်ရီ သားတော်နှစ်ပါးတို့နဲ့အတူ တက်ရောက်စေချင်တယ်လို့ ဖိတ်ကြားခဲ့ခြင်း ဖြစ်ပါတယ်။

ကျွန်တော့်မျက်လုံးများက အရေးကြီးတဲ့ စာပေးစာယူကိစ္စများမှာ ဖတ်ရတာ အလေ့အကျင့် ရှိနေပါပြီ။ ဘုရင်မကြီးထံမှ စာများ၊ အီဒင်ဘာရာမြို့ စားကြီးထံမှ စာများ၊ ဝန်ကြီးချုပ်ဂျွန်မေဂျာ၊ အဆိုတော် အယ်လ်တန်ဂျွန် အစရှိတဲ့ ပုဂ္ဂိုလ်များ အပါအဝင် မင်းသမီးရဲ့ ဆွေတော်မျိုးတော်များထံမှ စာများပါ ဖတ်ရှုခွင့်ရခဲ့ပါတယ်။ ဒိုင်ယာနာက ကျွန်တော့်ကို စာတော်တော်များများ ဖတ်ခွင့်ပြုခဲ့ပါတယ်။ ကုန်ကုန်ပြောရရင် သူမရဲ့သေတမ်းစာ အပါအဝင် ချားလ်စ်မင်းသားနဲ့ တရားဝင်ကွာရှင်းတဲ့ စာချုပ်ကိုတောင် ပေးဖတ်ခဲ့ပါတယ်။ ဒီစာတွေက သူမရဲ့ ကိုယ်ရေးအတွင်းရေးမှူး ဖြစ်တဲ့ ပက်ထရစ်ဂျက်ဆင်ကိုတောင် ဖတ်ခွင့်မပြုတဲ့စာတွေ ဖြစ်ပါတယ်။ ဒီစာတွေကို ဖတ်ခွင့်ရခဲ့တာဟာ ကျွန်တော်တစ်ယောက်တည်းတော့ မဟုတ်ပါဘူး။ တခြား မိတ်ဆွေ ရှိပါသေးတယ်။ ဒိုင်ယာနာက သူမ ပြောရမယ့် မိန့်ခွန်းများ၊ ပြန်ကြားရမယ့် စာများနဲ့ပတ်သက်လို့ သူမရဲ့ ဂျာနယ်လစ်မိတ်ဆွေတစ်ဦး ဖြစ်တဲ့ ရစ်ချတ်ကေးထံမှ အကြံဉာဏ် တောင်းတတ်ပါတယ်။ မင်းသမီးနဲ့ ကျွန်တော် စာပေးစာယူကိစ္စများနဲ့ ပတ်သက်ပြီး ဆွေးနွေးကြတဲ့နေရာများကတော့ တစ်ခါတစ်ရံမှာ လှေကားထစ်ပေါ်မှာဖြစ်ပြီး တစ်ခါတရံမှာတော့ မင်းသမီးရဲ့ စာရေးစားပွဲမှာ ဖြစ်ပါတယ်။ တရားဝင်ပြန်ကြားရမယ့်စာများကို ကိုယ်ရေးအတွင်းရေးမှူးဖြစ်တဲ့ ပက်ထရစ်ဂျက်ဆင်က ရေးပေးပြီး ဖိုင်တွဲတစ်ခုနဲ့ မင်းသမီးရဲ့ စာရေးစားပွဲပေါ်ကို တင်ပေးရပါတယ်။ သူ့စားပွဲပေါ်ကို ရောက်လာပြီဆိုရင် လှေကားထိပ်ကနေ ကျွန်တော့်ကို အော်ခေါ်တော့တာပဲ။ ခေါ်ရင်းဆင်းလာတဲ့ မင်းသမီးနဲ့ အပြေးအလွှား တက်သွားတဲ့ ကျွန်တော်တို့ လှေကားအလယ်မှာ ဆုံကြတဲ့ အခါ မင်းသမီးက ကျွန်တော့်ထက် တစ်ထစ်မြင့်တဲ့ လှေကားမှာထိုင်ပြီး ကျွန်တော်က သူ့ထက် တစ်ထစ်နိမ့်တဲ့ လှေကားထစ်မှာထိုင်ကာ စာများအကြောင်း ပြောကြပါတယ်။ 'ဒီစာနဲ့ပတ်သက်လို့ ရှင်တယ်လိုထင်သလဲ' လို့ မေးတတ်တဲ့အခါတွေ ရှိသလို တစ်ခါတလေမှာတော့ 'ဒီစာ ဖတ်ကြည့်စမ်းပါ' လို့ ခိုင်းတတ်ပါတယ်။ တစ်ခါတလေမှာတော့လည်း ကျွန်တော့် စားပွဲပေါ်မှာ ဖတ်စေချင်တဲ့စာကို 'ဒီစာနဲ့ပတ်သက်ပြီး ရှင့်ထင်မြင်ချက် သိချင်တယ်' ဆိုတဲ့ စာရွက်ကလေးနဲ့ ထားခဲ့တတ်တာတွေလည်း ရှိပါတယ်။



မင်းသမီးက ကျွန်တော့်ကို ပြခဲ့တဲ့စာတွေထဲမှာ အီဒင်ဘာရာမြို့စားကြီးရဲ့ စာတွေပါသလို သူမရဲ့ မောင်တော် အားလ်စပင်ဆာရဲ့ စာတွေလည်း ပါပါတယ်။ တစ်ခါတလေမှာ မင်းသမီးက သူ ပြောချင်တဲ့ စကားတွေကို ပါးစပ်နဲ့ မပြောဘဲ ကျွန်တော့်ထံ စာရေးတာလည်း ရှိတတ်ပါတယ်။ ကျွန်တော့် စိတ်ထင်ပြောရရင် ဒါတွေကို စာရွက်ပေါ်မှာ ချရေးခြင်းအားဖြင့် ပိုမိုသေချာခိုင်လုံတဲ့ သက်သေပြချက်တွေ ဖြစ်စေချင်ဟန်တူပါတယ်။ ကျွန်တော့်ဘဝမှာ မင်းသမီးက အဲဒီလို ယုံကြည်ကိုးစားလာလေ၊ ကျွန်တော့်ဘက်က တာဝန်ပိုကြီးလာလေပါပဲ။ သူမ တစ်ယောက်တည်းနဲ့ပတ်သက်တဲ့ စာတွေကို ကျွန်တော် ဖတ်ခွင့်ရတာတွေ ရှိသလို တစ်ခါတလေမှာ ကိုယ်ရေးကိုယ်တာ ဖုန်းပြောနေတာကိုတောင် ဖြတ်ပြီး နားထောင်စေခြင်းဖြင့် သက်သေခံထားပါတယ်။ အဲဒီလိုနားထောင် သက်သေခံခဲ့ရတဲ့ အတွက် သူမ ကွယ်လွန်ချိန်အထိ ဘုရင်မကြီးနဲ့ မင်းသမီးတို့ဟာ အဆက်အသွယ်မပြတ် ရှိခဲ့ကြပြီး ပြေပြေလည်လည် ရှိခဲ့ကြတယ်ဆိုတာကိုလည်း ကျွန်တော် တစ်ယောက်တည်းသာ သိခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ ဗြိတိန်တော်ဝင်မိသားစုရဲ့ သမိုင်းကြောင်းကို သိသူတစ်ဦး ဖြစ်တဲ့အပြင် မင်းသမီးရဲ့ နာကျင်ခံစားရမှုများ၊ အိပ်မက်ဆိုးများကိုပါ သိတဲ့သူ ဖြစ်ခဲ့ရပါတယ်။

ဘုရင်မကြီးကိုယ်တိုင် လက်ရေးနဲ့ ခရစ္စမတ်ပါတီကို တက်ရောက်ဖို့ ဖိတ်ကြားလာခြင်းကြောင့် ဒိုင်ယာနာအနေနဲ့ တော်ဝင်မိသားစုများနဲ့ တွေ့ဆုံဖို့ရာ နော်ဖော့ခ်ကို သွားရမှာဖြစ်သလို တော်ဝင်မိသားစုများအတွက် ခရစ္စမတ် လက်ဆောင်ပစ္စည်းများ ဝယ်ယူဖို့လည်း လိုအပ်လာပါတယ်။ ဒါကြောင့် မင်းသမီးက ကျွန်တော့်ကို လက်ဆောင်ပစ္စည်းများဝယ်ဖို့ ကင်စတန်၊ နိုက်စ်ဘရစ်ချ်နဲ့ မေဖဲယားစတဲ့ နေရာများကို စေလွှတ်ခဲ့ပါတယ်။ တော်ဝင်မိသားစုများအတွက်သာမက မိတ်ဆွေများ၊ အိမ်တော်ဝန်ထမ်းများအတွက်ပါ လက်ဆောင်တွေဝယ်ရတာပါ။ မင်းသမီးရဲ့ စေတနာ ရက်ရောမှုကို ကျွန်တော် သိထားပြီးဖြစ်တဲ့အတွက် ဘယ်သူ့အတွက် ဘယ်လောက်ဖိုးရယ်လို့ ကန့်သတ်ချက်မရှိဘဲ ကြိုက်သလောက် ဝယ်ခွင့်ပေး

www.burmeseclassic.com



ထားပါတယ်။ လက်ဆောင်ဝယ်ဖို့အတွက် စတောလင်ပေါင် ထောင်ပေါင်းများစွာကို ကျွန်တော် သုံးခဲ့ပါတယ်။ ဘုရင်မကြီးနဲ့အတူ နီးနီးကပ်ကပ် နေခဲ့ဖူးတာကြောင့် လက်တွေ့အသုံးချနိုင်မယ့် ပစ္စည်းမျိုးကို ရွေးဝယ်ပါတယ်။ အဲဒါကတော့ ကက်ရှ်မီးယား ခြုံထည်၊ ဟားမက်စ်ခေါင်းစည်းပဝါနဲ့ တာတန်ကော်ဇောတို့ ဝယ်ဖြစ်ပါတယ်။ ကြင်ယာတော် မင်းသားကြီးအတွက်ကတော့ ကက်ထရစ်ချ်ကေ့စ်တစ်ခု၊ တုတ်ကောက်တစ်ချောင်းနဲ့ တောပစ်ထွက်ရာမှာ ယူဆောင်သွားနိုင်မယ့် အိတ်ဆောင်ဓာတ်ဘူးတစ်လုံး ဝယ်ခဲ့ပါတယ်။ ဝယ်ယူခဲ့တဲ့ လက်ဆောင်ပစ္စည်းများကို လှလှပပ ထုပ်ပိုးရတာလည်း နာရီပေါင်းများစွာ ကြာမြင့်ပါတယ်။ အဲဒီအချိန်မှာ မင်းသမီးက ဆာဒရင်ဟမ်နန်းတော်မှာ တွေ့ရမယ့် တော်ဝင်မိသားစုများ တစ်ဦးချင်းစီအတွက် လက်ဆောင်ပစ္စည်းနဲ့အတူပေးမယ့် စာတိုကလေးများ ကိုယ်တိုင် ရေးသားနေပါတယ်။ ခရစ္စမတ်ပွဲတော်ကို တော်ဝင်မိသားစုနဲ့အတူ ကျင်းပခွင့်ရမှာ ဖြစ်တဲ့အတွက် မင်းသမီးကို ကြည့်ရတာ စိတ်လှုပ်ရှားနေပုံ ရပါတယ်။ ဒါပေမယ့် ဒါနဲ့ပတ်သက်လို့တော့ ကျွန်တော့်ကို တစ်ခွန်းတစ်ပါဒမှ မပြောခဲ့ပါဘူး။

နှစ်စဉ်နှစ်တိုင်း ခရစ္စမတ်ကာလ နီးလာပြီဆိုရင် ရက်သတ္တပတ်နှစ်ပတ်လောက် အလိုကတည်းက နန်းတော်တွင်းမှာ ခရစ္စမတ်သစ်ပင် အလှဆင်ရပါတယ်။ ရက်နီးလာပြီဆိုတာနဲ့ တစ်ပြိုင်နက် မင်းသမီးက ကျွန်တော့်ကို လောဆော်တော့တာပါပဲ။ နှစ်တိုင်း ကျွန်တော် လုပ်ပေးနေကျက နော်ဝေနိုင်ငံလုပ် အမြင့် ၁၈ ပေရှိတဲ့ ခရစ္စမတ်သစ်ပင်ကိုမှာယူပြီး လှေကားထစ်ပေါ်မှာ အလှဆင်ထားတတ်ပါတယ်။ အဲဒီခရစ္စမတ်သစ်ပင်ဟာ ဝင်ဆာနန်းတော်အတွက် ဂုဏ်ယူစရာတစ်ခုပါ။ ပထမထပ်နဲ့ ဒုတိယထပ်ကြားက လှေကားမှာ အလှဆင်ထားတဲ့ ခရစ္စမတ်သစ်ပင်မှာ မီးလုံးကလေးများ၊ ခရစ္စတယ်လ် ဘောလုံးကလေးများ စသဖြင့် နှစ်သက်ဖွယ်ရာ ပစ္စည်းများနဲ့ ဆင်ယင်ထားပြီး သစ်ပင်ရဲ့ ထိပ်ဆုံးမှာတော့ ငွေကြယ်ပွင့်ကြီး တပ်ဆင်ထားလေ့ရှိပါတယ်။ ခရစ္စမတ်သစ်ပင်ငယ်တစ်ခုကိုတော့ သားတော် မင်းသားငယ်နှစ်ပါးရဲ့ အခန်းရှိရာမှာ ထားပေးပါတယ်။ ဒီသစ်ပင်ကို မင်းသားငယ်နှစ်ပါးကသာ သူတို့စိတ်ကြိုက် အလှဆင်ကြပါတယ်။ အများအားဖြင့်တော့ သူတို့ကျောင်းမှာ ကျောင်းသားတွေလုပ်တဲ့ လက်ဖြစ်အလှဆင်ပစ္စည်းများကို တပ်လေ့ရှိပါတယ်။

ရွှေနန်းတော်ကြီးနဲ့ ဝေးလာတဲ့ကာလမှာတော့ ကျွန်တော်တို့မိသားစုက အိမ်မှာပဲ ခရစ္စမတ်ပွဲကို ဆင်နွှဲပါတယ်။ ကျွန်တော့်အိမ်က သစ်ပင်မှာတော့ အနီ၊ အစိမ်း၊ ရွှေရောင်တို့နဲ့ အလှဆင်ပြီး ဧည့်ခန်းထောင့်မှာထားပါတယ်။ သစ်ပင်



မျက်နှာမူရာ အရပ်က နန်းတော်ကြီးပဲပေါ့။ ကျွန်တော်ကိုယ်တိုင်ကတော့ ခရစ္စမတ်ဘိုးဘိုးကြီးလို ဝတ်ဆင်လိုက်ပါတယ်။ ရွှင်ရွှင်မြူးမြူး ကကွက်များနဲ့ အိမ်ထဲကို ဝင်လာပြီး ကလေးများကို လက်ဆောင်ပစ္စည်းတွေ ပေးပါတယ်။ မုတ်ဆိတ်ဖြူ၊ နှာခေါင်းနီနီ တပ်ထားတဲ့ ကျွန်တော့်ကို သူတို့မမှတ်မိကြဘဲ ခရစ္စမတ်ဘိုးဘိုးလို့ပဲ ထင်ကြပါတယ်။ ခြေထောက်မှာလည်း ခရစ္စမတ်ဘိုးဘိုးလို သားရေဖိနပ်အနက် လည်ရှည်ကို စီးထားသေးတာကိုး။ ပထမပိုင်းမှာ သူတို့ မသိကြပါဘူး။ နောက်တော့ အဲဒီဖိနပ်ကို အိမ်ပြင်တစ်နေရာမှာ သူတို့တွေ့သွားကြတော့ ခရစ္စမတ်ဘိုးဘိုးဟာ ကျွန်တော် ဖြစ်တယ်ဆိုတာ သိသွားပါတယ်။ မသိခင်ကာလတုန်းက သားငယ်နှစ်ခုက အသက် ခြောက်နှစ်အရွယ်ပဲ ရှိပါသေးတယ်။ အဲဒီကာလများဟာ ကျွန်တော်နဲ့ မာရီယာအတွက် ပျော်စရာ အကောင်းဆုံးနဲ့ အမှတ်ရစရာကာလတွေ ဖြစ်ခဲ့ပါတယ်။ နှစ်စဉ်နှစ်တိုင်း ခရစ္စမတ်ရောက်ပြီဆိုရင် အိမ်ကို လာလည်တဲ့ဧည့်သည်တစ်ဦးကတော့ မာရီယာရဲ့မိခင် ဘက်တီပါပဲ။ မိသားစု အင်မတန် ပျော်စရာကောင်းခဲ့ပါတယ်။

ဒီနှစ်မှာတော့ ခရစ္စမတ်နေ့လယ်ခင်းလောက်ဆိုရင် ဒိုင်ယာနာ ကင်စတန်နန်းတော်ကို တစ်ယောက်တည်း ပြန်လာလိမ့်မယ်ဆိုတာ ကျွန်တော် သိနေပါတယ်။ သားတော်နှစ်ပါးက ဘိုးဘိုးဘွားဘွားများနဲ့ ဆာဒရင်ဟမ်မှာ နေခဲ့မှာလေ။ သူမ ပြန်လာချိန်မှာ ကျွန်တော် တံခါးဝကနေ ဆီးကြိုခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလိုနေ့ကြီးရက်ကြီးမှာ သူ့အနား ဘယ်သူမှမရှိဘဲ တစ်ယောက်တည်း ကုန်ဆုံးရမယ်ဆိုရင် အင်မတန် စိတ်မကောင်းဖြစ်မှာ စိုးလို့ပါပဲ။ ကျွန်တော်က မင်းသမီးတစ်ယောက်တည်း အိမ်မှာမနေပါနဲ့၊ ကျွန်တော်တို့အိမ်လိုက်ပြီး နေပါလို့ ခေါ်တော့ မင်းသမီးက ခေါင်းခါပါတယ်။

'မလိုက်တော့ပါဘူး ပေါလ်၊ ရှင်တို့မိသားစု ဆင်နွှဲရမယ့် ခရစ္စမတ်ပါတီပွဲလေးဟာ ကျွန်မကြောင့် စိတ်အနှောင့်အယှက် မဖြစ်ပါစေနဲ့။ ဒီအချိန်ဟာ မိသားစု နေရမယ့်အချိန်ပါ။ ကျွန်မ ဒီမှာတစ်ယောက်တည်း နေလို့ ဖြစ်ပါတယ်'လို့ ပြောပြီး ငြင်းခဲ့ပါတယ်။

အဲဒီနေ့ညနေမှာလည်း မင်းသမီးက ခါတိုင်း ခရစ္စမတ် ညနေများလိုပဲ စာရေးစားပွဲမှာထိုင်ပြီး သူ့ကိုလက်ဆောင်ပေးလိုက်ကြတဲ့ ပုဂ္ဂိုလ်အသီးသီးထံ ကျေးဇူးတင်ပါကြောင်း စာတွေကို ကိုယ်တိုင်ကိုယ်ကျ ရေးနေခဲ့ပါတယ်။ မင်းသမီး စာရေးနေတဲ့ နေရာကနေ ကျွန်တော်လှည့်ထွက်ဖို့အလုပ်မှာ မင်းသမီးက ကျွန်တော့်အတွက် ဆုတောင်းကတ်ပြားတစ်ခုကို အရင်ရေးပေးပါတယ်။ 'ပေါလ်ရေ့… ပျော်ရွှင်စရာကောင်းသော ခရစ္စမတ် ဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ်…

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းအားဖြင့်…ဒိုင်ယာနာ’လို့ ရေးထားပါတယ်။ အဲဒါပြီးတော့မှ ဘုရင်မကြီးအတွက် ကိုယ်တိုင်ရေးပြီး နော်ဖောခ်မှာရှိတဲ့ ဆန်ဒရင်ဟမ်စံအိမ်တော်ကို ပို့ဖို့ စာအိတ်ပေါ်မှာရေးတာကို တွေ့ရပါတယ်။ တစ်ယောက်တည်း နေချင်တယ်ဆိုတဲ့အတွက် ကျွန်တော် စိတ်မကောင်းစွာ ထားခဲ့ရပါတယ်။ ‘မင်းသမီး လိုတာရှိရင်တော့ ကျွန်တော့်ကို လှမ်းခေါ်လိုက်ပါ’လို့ပဲ ပြောခဲ့ပါတယ်။

❑

မင်းသမီးရဲ့ လိပ်စာမှတ်တမ်းစာအုပ်မှာ အလွှာအသီးသီးက သူ တွေ့ဆုံခဲ့တဲ့ လူများရဲ့ လိပ်စာများ အများအပြား ရှိပါတယ်။ သူ့ထူးခြားချက်ကတော့ ပထမဦးဆုံးအကြိမ် တွေ့တဲ့သူ ဖြစ်ပါစေ၊ နှစ်ရှည်လများ ခင်မင်ခဲ့တဲ့ မိတ်ဆွေတစ်ယောက်လို တရင်းတနှီး ဖြစ်သွားအောင် ဆက်ဆံနိုင်ခြင်းပါပဲ။ အဲဒီအချိန်မှာ သတင်းစာများကလည်း မင်းသမီးရဲ့ ဖော်ရွေမှုတွေကို တခမ်းတနား ရေးသားဖော်ပြနေကြပါပြီ။ မင်းသမီးက လှူမှုရေးပွဲများမှာပဲဖြစ်ဖြစ်၊ ရန်ပုံငွေပွဲများမှာပဲဖြစ်ဖြစ် တက်ရောက်လာတာကို တွေ့ရင် ဂျာနယ်လစ်များက တခမ်းတနား ဖော်ပြကြပါတယ်။ ကျွန်တော့်ဘော့စ်မှာ သူငယ်ချင်းတွေ အများကြီးရှိပေမယ့် အတွင်းကျကျ ပေါင်းနိုင်မယ့်သူကတော့ အင်မတန် နည်းပါတယ်။ နည်းလှတဲ့ မိတ်ဆွေများထဲမှာ လူစီယာဖလက်ချာဒီလီးမားဆိုတဲ့ အမျိုးသမီးကြီးကတော့ မင်းသမီးအတွက် သူငယ်ချင်းကောင်းတစ်ယောက် ဖြစ်သလို အမေလို အစစအရာရာ တိုင်ပင်နိုင်တဲ့ အမျိုးသမီးကြီးလည်း ဖြစ်ပါတယ်။ လူစီယာရဲ့ ခင်ပွန်းသည် ပေါ်လိုက လန်ဒန်မှာနေစဉ် လူစီယာက မင်းသမီးအတွက် မွေးစားအမေလိုပါပဲ။ ဒါပေမယ့် လန်ဒန်ကနေ ဝါရှင်တန်မှာရှိတဲ့ ဘရာဇီးလ်သံရုံးကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရချိန်မှာတော့ သူတို့နှစ်ဦး မိုင်ပေါင်းများစွာ ဝေးကွာသွားသလို အချိန်ကာလအားဖြင့်လည်း ကွာခြားသွားပါတယ်။ ဒါပေမယ့် လူစီယာနဲ့ ဒိုင်ယာနာတို့ရဲ့ ခင်မင်မှုကိုတော့ ခရီးအကွာအဝေးတွေ၊ အချိန်ကွာခြားမှုတွေက ခြားနားမပေးနိုင်ပါဘူး။ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော်ကို ရောက်ရှိနေတဲ့ လူစီယာက သူ့အိပ်ရာနံဘေးက နှိုးစက်ကို နံနက် ၃ နာရီအချိန်မှာ နှိုးအောင် ပြုလုပ်ထားပြီး မင်းသမီးနဲ့ တယ်လီဖုန်း ပြောလေ့ရှိပါတယ်။ အဲဒီအချိန်က မင်းသမီးအတွက် တစ်နေ့တာလုပ်ငန်း စတင်လုပ်ဆောင်မယ့်အချိန် ဖြစ်လို့ပါပဲ။ မင်းသမီးကလည်း လူစီယာထံမှ အကြံဉာဏ်တောင်းခံလိုတဲ့အခါ ဆုံးဖြတ်ချက်တစ်ခုခုချဖို့ ဆွေးနွေးတိုင်ပင်လိုတဲ့အခါများမှာ လူစီယာထံ သူကိုယ်တိုင် ဖုန်းဆက်တတ်ပါတယ်။ ဘယ်အချိန်ပဲဖုန်းဆက်ဆက် လူစီယာက ဒိုင်ယာနာအတွက်ဆိုရင် အဆင်သင့်ပါပဲ။



‘သူသာ ကျွန်မအနားမှာ မရှိဘူးဆိုရင် ကျွန်မအတွက် ဘယ်လိုများ ဘဝခရီးဆက်ရမလဲဆိုတာ မတွေးတတ်အောင်ပါပဲ။ သူဟာ ကျွန်မအတွက် အမေတစ်ယောက်လို အုပ်ထိန်းမှုပေးနိုင်တဲ့သူလည်း ဖြစ်တယ်’လို့ ဒိုင်ယာနာက ကြိမ်ဖန်များစွာ ပြောခဲ့ဖူးပါတယ်။ ၁၉၉၄ ခုနှစ် ဩဂုတ်လတုန်းက ဒိုင်ယာနာက ဝါရှင်တန်မှာရှိတဲ့ လူစီယာထံ အလည်သွားခဲ့သလို ၁၉၉၅ ခုနှစ် မေလမှာ လူစီယာက ဒိုင်ယာနာနဲ့တွေ့ဖို့ လန်ဒန်ကို လာရောက်လည်ပတ်ခဲ့ပါတယ်။ ၁၉၉၆ ခုနှစ် ခရစ္စမတ်ကာလမှာ ဒိုင်ယာနာက လူစီယာနဲ့ သွားနေခဲ့ပါတယ်။ အတ္တလန်တိတ်သမုဒ္ဒရာကို ကျော်ဖြတ်ပြီး သူတို့နှစ်ယောက် တစ်ဦးနဲ့တစ်ဦး ကူးလူးဆက်ဆံနေခဲ့ကြတဲ့ အချိန်ကာလဟာ ဒိုင်ယာနာရဲ့ နောက်ဆုံးအချိန်တစ်ခုပါပဲ။

လန်ဒန်မှာ နောက်ထပ် မင်းသမီးအတွက် မွေးစားမိသားစုတစ်ခု ရှိပါသေးတယ်။ Rosa Monckton, Susie Kassem, Lady Annabel Goldsmith, Richard Kay နဲ့ Dr.Mary Lovedey တို့ပဲ ဖြစ်ပါတယ်။ ဒီလူတွေက ကျွန်တော့်လိုပဲ မင်းသမီးအပေါ်မှာ ကြင်နာစိတ်အပြည့်အဝနဲ့ စောင့်ရှောက်ခဲ့ကြသူတွေပါ။ တခြားသူတွေ နားလည်တယ်ဆိုတာထက် ပိုပြီး မင်းသမီးအပေါ်မှာ နားလည်မှုပေးနိုင်ခဲ့ကြသူတွေလည်း ဖြစ်ပါတယ်။

❑

ယော့ခ်မြို့စားကတော်သာ လာခေါ်မယ်ဆိုရင် ကျွန်တော့်ဘော့စ်က အချိန်မရွေး လိုက်ဖို့ အဆင်သင့်ရှိနေသူပါ။ သူတို့နှစ်ယောက် တွေ့ကြပြီဆိုရင် ခွန်အားတွေ ပိုပြီးရှိလာပုံရပါတယ်။ မြို့စားကတော်ဟာလည်း ကျွန်တော့် ဘော့စ်နည်းတူ စွန့်ပစ်ခံရသူ ဖြစ်တဲ့အတွက် ခံစားချက်ချင်း တူညီကြပြီး လင်ညီအစ်မချင်း အမြဲလိုလို တယ်လီဖုန်း အဆက်အသွယ် ရှိခဲ့ကြပါတယ်။ သူတို့နှစ်ယောက် တွေ့ကြပြီဆိုရင် ညှို့ခန်းမှာထိုင်ပြီး တစ်ခါတလေမှာ အရေးတကြီး တိုင်ပင်ဆွေးနွေးကြတာတွေရှိသလို တစ်ခါတလေမှာတော့ ပေါ့ပေါ့ပါးပါး စကားတွေပြောကြပြီး ရယ်ကြမောကြ ရှိတတ်ပါတယ်။ တစ်ခါတလေမှာတော့ ရွှေနန်းတော်ကြီးအတွင်းမှာ သူတို့နေခွင့်ရခဲ့စဉ်တုန်းက တော်ဝင်မျိုးနွယ်များရဲ့ ဖိနှိပ်မှုခံခဲ့ရပုံတွေကို အပြန်အလှန် ပြောလေ့ရှိကြပါတယ်။ ကျွန်တော့်ဘော့စ်က ကျွန်တော့်ကို လူယုံတစ်ယောက်သဖွယ် အားထားတိုင်ပင်လေ့ ရှိတာကို သိသွားတဲ့ မြို့စားကတော်ကလည်း ကျွန်တော့်ကို ယုံကြည်လာပါတယ်။ သူနဲ့ကျွန်တော့်ရဲ့ ခင်မင်မှုဟာလည်း နိုင်မာတိုးပွားလာခဲ့ပါတယ်။ တစ်ခါတလေ ကင်စတန်နန်းတော်ကို ဖုန်းဆက်တဲ့အခါ ဘော့စ်နဲ့မတွေ့ရင် ကျွန်တော့်ရုံးခန်းအထိ ဖုန်းဆက်ပြီး ရွှင်ပျတဲ့အသံနဲ့ ‘ပေါ်လ်…

www.burmeseclassic.com

www.burmeseclassic.com



ပေါလ်၊ မြို့စားကတော်ပါ’လို့ ဆိုတတ်ပါသေးတယ်။

သူမမှာလည်း ပတ်ဝန်းကျင်မှာရှိတဲ့ လူများရဲ့ ရည်ရွယ်ချက်ကို ကျွန်တေ ဘော့စ်လိုပဲ ခေါ်ခွဲမရတဲ့သူတစ်ဦး ဖြစ်ပါတယ်။ ‘လူတွေက ဘာဖြစ်လို့များ ကျွ ပတ်သက်ပြီး အမြဲတမ်း မကောင်းသတင်းတွေ ပြောချင်နေကြတာပါလိမ့်။ သူတို့ ကျွန်မကို ဘယ်လိုမျှော်လင့်ထားကြလို့လည်း ကျွန်မတော့ မသိတော့ဘူး’လို့ ပြေ တတ်ပါတယ်။

ကျွန်တော့ဘော့စ်လိုပဲ မြို့စားကတော်ဟာလည်း ‘ကံ’ ကံ၏အကျိုးပေး ယုံကြည်သူ ဖြစ်ပါတယ်။ နှစ်ယောက်စလုံးက ‘သူတို့ပြုသမျှကံ အားလုံးဟ သူတို့ထံ ပြန်သွားလိမ့်မယ်’လို့ ဆိုတတ်ကြပါတယ်။

မြို့စားကတော် ပြောသမျှကို ကျွန်တော့်ဘော့စ် ပြောသလိုပဲ ကျွန်တေ အလေးအနက်ထား နားထောင်ပြီးတော့ သူမအတွက် တော်တော် စိတ်မကော ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် ‘ကျွန်တော် ပြောပါရစေ။ ကျွန်တော့်ဘော့စ် ပြော စကားတစ်ခွန်း ရှိပါတယ်။ လူတွေ ပြောချင်တာ ပြောပါစေ၊ သူတို့ပြောလို့ ခံစ ရတယ်ဆိုတာ မသိပါစေနဲ့လို့ ပြောဖူးတယ်။ အဲဒီလိုပဲ သဘောထားလိုက်ပါ’လို နှစ်သိမ့်ရပါတယ်။

ကင်စတန်နန်းတော်မှာ နေစဉ်ကာလတုန်းက မြို့စားကတော်နဲ့ ကျွန်တေ အကြိမ်ကြိမ် စကားပြောခဲ့ဖူးတာတွေကို ခုတိုင်အောင် မှတ်မိနေပါတယ်။ ကျွန်တေ တို့ ရင်းနှီးမှုအတိုင်းအတာ ခိုင်မြဲလာတဲ့အတွက် ၁၉၉၄ ခုနှစ်တုန်းက မြို့စ ကတော်နဲ့ သမီးလေးနှစ်ဦးဖြစ်တဲ့ ဘီယာထရိက်စ်နဲ့ ယူဂျင်းတို့ ရိုက်ကူးထားတ ဓာတ်ပုံတစ်ပုံ ကျွန်တော့်ကို လက်ဆောင်ပေးဖူးပါတယ်။ အောက်ခြေမှာ မြို့စ ကတော်ရဲ့ လက်ရေးနဲ့ ရေးထားတဲ့စာကတော့ ‘ခင်မင်တဲ့ ပေါလ်နဲ့မာရီယာ၊ ရှင်တ နှစ်ယောက်ရဲ့ ကြင်နာနွေးထွေးတဲ့ အားပေးမှုတွေကို ကျေးဇူးအများကြီး တင ပါတယ်။ ကျေးဇူးတရားကို ဖော်ပြနိုင်လောက်တဲ့ စကားလုံး ကျွန်မမှာ မရှိတော ပါဘူး။ ဆုမွန်များစွာဖြင့်၊ ဆာရာ’ လို့ ရေးထားပါတယ်။

ကင်စတန်နန်းတော်ရဲ့ ပြင်ပမှာရှိတဲ့ မိတ်ဆွေများကို ပေါင်းသင်းရာမှာတော့ ကျွန်တော့်ဘော့စ်က လူရွေးတတ်ပါတယ်။ ဘယ်သူ့ကို ဘယ်လောက်အတိုင် အတာအထိ ပြောသင့်ပြီး ဘယ်သူ့ကိုတော့ မပြောသင့်ဘူးဆိုတာ သူ သိပါတယ်။ ပြောသင့်တဲ့သူတွေကို ပြောပြီး သူတို့ဆီက အကြံဉာဏ်တွေကိုလည်း ယူတတ်ပါ တယ်။ ဘော့စ်က မိတ်ဆွေများကို ပေါင်းသင်းရာမှာ အကန့်လိုက်ထားပါတယ်။ ဘယ်အကန့်က ဘယ်သူတွေဖြစ်ပြီး ဘယ်အကန့်က ဘယ်သူတွေ ဖြစ်တယ်ဆိုတာ



ကိုလည်း ကျွန်တော် သိနေပါတယ်။ ဘယ်အကန့်ကို ဘော့စ်ဖွင့်နေတယ်ဆိုတာ ကျွန်တော်သိသလို ဘာ့ကြောင့် ဖွင့်တယ်ဆိုတာကိုလည်း ကျွန်တော် သိနေတာ ပါပဲ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်တာဝဟာ ကျွန်တော့်ဘော့စ်ရဲ့ ဘဝနဲ့ ထပ်တူ နီးပါးလိုဖြစ်နေပြီး သူ့ကိုယ်ရေးကိုယ်တာ မှန်သမျှကို သိနေတဲ့အတွက် ဖြစ်ပါ တယ်။ တစ်ခါတလေ ဘော့စ် အပြင်ရောက်နေတဲ့အခါ သူ့ကိုယ်ရေးကိုယ်တာ မှတ်တမ်းစာအုပ်ကို ကျွန်တော် ဖွင့်ပိုင်ခွင့်ရှိပြီး ဖုန်းဆက်သင့်တဲ့သူတွေကို ဖုန်းဆက် ခွင့်လည်း ပြုထားပါတယ်။

ဘဏ္ဍာစိုးဖြစ်တဲ့ ဟာရိုးလ်ဘရောင်း ထွက်သွားပြီးတဲ့နောက်မှာ ဘော့စ်က တယ်သူ့ကို ယုံကြည်အားထားရမယ်ဆိုတာ သူ့စိတ်ကူးနဲ့ ရွေးချယ်ခဲ့ရာက ၁၉၉၅ ခုနှစ်ကစပြီး ကျွန်တော်ဟာ ဘော့စ်ရဲ့ ကိုယ်ရေးလက်ထောက်လည်း ဖြစ်၊ သတင်း ပြန်ကြားသူလည်း ဖြစ်၊ ယာဉ်မောင်းလည်းဖြစ်၊ ပို့စရာရှိတာတွေကို ပို့ပေးရတဲ့ သူလည်းဖြစ်၊ ယုံကြည်အားထားရသူလည်း ဖြစ်လာခဲ့ပါတယ်။ တစ်ခါတလေ သူလျှို့ဝှက်သွားချင်တဲ့ နေရာများကို သွားတဲ့အခါမှာ တရားဝင်ခန့်ထားတဲ့ ယာဉ် မောင်းက မမောင်းရဘဲ ကျွန်တော်ပဲ ယာဉ်မောင်းလုပ်ရပါတယ်။ ဘာကြောင့်လဲ ဆိုတော့ တစ်ခါတလေမှာ ဘော့စ်က ဗေဒင်မေးဖို့ သွားချင် သွားတတ်တာပါ။ အဲဒီလိုအခါမျိုးမှာ ဗေဒင်ဆရာမက ဘာဟောတယ်ဆိုတာကို အပြင်လူတစ်ယောက် မသိစေချင်တာကြောင့် ကျွန်တော့်ကို မောင်းခိုင်းခြင်းပါ။

တစ်ခါတလေမှာ ‘ပေါလ်… ဖက်စ်စက်နားမှာ အဆင်သင့်စောင့်နေပါ။ စာ လက်ခံပြီးမှ အဲဒီအခန်းထဲကထွက်ပါ’လို့ သူ့အခန်းကနေ ကျွန်တော့်ဆီကို လှမ်း ပြောတတ်တာတွေလည်း ရှိပါတယ်။ ၁၉၉၅ ခုနှစ်မှာ ဘော့စ်က ကျွန်တော့်ကို သူနဲ့ပတ်သက်တဲ့ စာအဆက်အသွယ်တွေ ပြန်ကြားဖို့ တာဝန်ပေးလာပါတယ်။ အရင်တစ်ယောက်ကတော့ သမားရိုးကျ ရုံးဆန်ဆန်စာတွေကို ရေးသားပြန်ကြား ရတာ ဖြစ်ပေမယ့် ကျွန်တော်ကတော့ ကိုယ်ရေးကိုယ်တာ စာများ၊ လျှို့ဝှက်စာ များကို တာဝန်ယူ ပြန်ကြားရသူ ဖြစ်ခဲ့ပါတယ်။ မင်းသမီးရဲ့ စာများပြန်ကြားရတဲ့ ပက်ထရစ်ဂျက်(ပ)ဆင်ကို မင်းသမီးက သူ့ကိုယ်ရေးကိုယ်တာကိစ္စတွေ မသိစေ ချင်တဲ့အတွက် ကျွန်တော်က တာဝန်ယူရခြင်းဖြစ်သလို ပက်ထရစ်ကလည်း မင်း သမီးရဲ့အပါးမှာ တာဝန်ထမ်းဆောင်ရတာ စိတ်ကျေနပ်မှု မရှိတော့တဲ့အတွက် တခြားနေရာမှာ အလုပ်လုပ်ဖို့ ရှာနေတယ်ဆိုတဲ့ သတင်းကြောင့်လည်း ဖြစ်နိုင်ပါ တယ်။ ပက်ထရစ်နဲ့ပတ်သက်ပြီး မင်းသမီးက ‘ကျွန်မအနေနဲ့ ဒီလူဟာ ကင်စတန် နန်းတော်မှာ အစဉ်အမြဲ ရှိနေမယ့်သူ မဟုတ်ဘူးဆိုတာ သိနေမှတော့ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်တဲ့စာတွေကို သူကိုင်တွယ်လို့ ဘယ်ဖြစ်ပါ့မလဲ'လို့ ဆိုဖူးပါတယ်။ မင်းသမီးရဲ့ အခန်းထဲမှာ ဖက်စ်စက်တချို့ တပ်ဆင်ထားတာ ရှိပါတယ်။ အဲဒီဖက်စ်ကို ကော်ဇောပေါ်မှာ ချထားပြီး ဆိုဖာနဲ့နဲ့ ကွယ်ထားတာပါ။ အကြိမ်ပေါင်းများစွာ ကျွန်တော် သူ့အခန်းထဲ ဝင်သွားတဲ့အခါ မတွေ့ရဘဲ ရှိတတ်ပါတယ်။ အဲဒီအခါမျိုးမှာ ကျွန်တော်က 'မင်းသမီး ဘယ်ရောက်နေလဲ'လို့ အသံပြုတဲ့အခါ 'ကျွန်မ ဒီမှာရှိတယ်'ဆိုတဲ့ အသံက ဆိုဖာရဲ့နောက်မှာရှိတဲ့ စားပွဲအောက်ကနေ ထွက်လာတတ်ပါတယ်။ သွားကြည့်လိုက်ရင် ကော်ဇောပေါ်မှာ ဒူးထောက်ပြီး ဖက်စ်ပို့ဖို့ ကြိုးစားနေတာကို တွေ့ရတက်ပါတယ်။ စက်မှုနဲ့ပတ်သက်လို့ သူ လုံးဝမကျွမ်းကျင်ပါဘူး။ 'ခုက္ခပါပဲ၊ ကျွန်မက အသုံးကို မကျဘူး။ ဒါလေးကိုတောင် မလုပ်တတ်ဘူး'လို့ သူ့ကိုယ်သူ ပြစ်တင်ဝေဖန်ရင်း ရယ်နေတတ်ပါတယ်။

နောက်ထပ် ရက်သတ္တပတ် အနည်းငယ်အကြာမှာတော့ အဲဒီဖက်စ်စက်ကို မသုံးတော့ပါဘူး။ အောက်ထပ်မှာရှိတဲ့ ကျွန်တော့်ဖက်စ်ကိုပဲ လာသုံးပါတော့တယ်။ ကျွန်တော်က သူ့ရှေ့မှာ တင်ပို့ပေးရပြီး တစ်ဖက်က ပြန်လာမယ့် ဖက်စ်ကို ထုတ်ပေးပြီးမှသာ ဘော့စ်က ကျွန်တော့်ရုံးခန်းထဲကနေ ပြန်ပါတယ်။ သူပို့တဲ့ဖက်စ်တွေက ပြည်ပကို ပို့တာများပြီး တစ်ဖက်ကလည်း ချက်ချင်း ပြန်လာတတ်ပါတယ်။ စာပေးစာယူ လုပ်နေမယ်ဆိုရင် နှောင့်နှေးကြန့်ကြာတဲ့အတွက် ဖက်စ်သုံးခြင်း ဖြစ်ပါတယ်။

တစ်ခါမှာတော့ ဘော့စ်က စာတိုက်ကိုလည်း မယုံ၊ ဖက်စ်ကိုလည်း မသုံးတော့ဘဲ 'ပေါလ်ရေ ဒီတစ်ခါတော့ ဖက်စ်နဲ့မပို့ချင်ဘူး။ ရှင်ကိုယ်တိုင်ပဲ သွားပို့ပါ' လို့ ဆိုလာပါတယ်။ သူ ကမ်းပေးတဲ့ စာအိတ်ကို ကြည့်လိုက်တော့ ချိတ်ပိတ်ထားတဲ့ စာအိတ်တစ်လုံး။ စာအိတ်ပေါ်မှာ ရေးထားတဲ့ နာမည်က ကျွန်တော့်အတွက် ရင်းနှီးပြီးသား နာမည်တစ်ခု ဖြစ်သလို လိပ်စာကလည်း ရင်းနှီးပြီးသား လိပ်စာပါ။ ပြည်ပနိုင်ငံတစ်ခု ဖြစ်ပါတယ်။

ကျွန်တော် အံ့အားသင့်သွားပါတယ်။ တခြားနိုင်ငံကိုသွားပြီး ကိုယ်တိုင်ပေးရမယ့်ကိစ္စ ဖြစ်နေလို့ပါ။ ဒီတော့ ဘော့စ်က 'ဒီခရီးက ခရီးဝေးမှန်း ကျွန်မ သိတယ်။ ဒါပေမယ့် အရေးကြီးတဲ့ကိစ္စဖြစ်လို့ ရှင်ကိုယ်တိုင်ပဲသွားပါ'လို့ ဆိုလာတာကြောင့် 'ပို့ပြီးပြီလို့ပဲ ယူဆလိုက်ပါတော့'လို့ အာမခံလိုက်ရပါတယ်။ နောက်တစ်နေ့မှာ မင်းသမီးက ပြည်ပခရီးစဉ်တစ်ခုကို ထွက်ခွာသွားပါတယ်။ တစ်ချိန်တည်းမှာပဲ ကျွန်တော်က မင်းသမီးခိုင်းလိုက်တဲ့ တိုင်းပြည်ကို တခြားလေယာဉ်



တစ်စီးနဲ့ ထွက်ခွာသွားရပါတယ်။ လိပ်စာရှင်ကို ကိုယ်ထိလက်ရောက် သွားပေးပြီး ပြန်စာကိုလည်း တစ်ပါတည်း ပြန်ယူလာရပါတယ်။ ကျွန်တော် ပြန်ရောက်တဲ့ အချိန်မှာ မင်းသမီးကလည်း ပြန်ရောက်ပြီဖြစ်လို့ အချိန်မီ ခရီးဦးကြိုပြုနိုင်ပါတယ်။ ဒါကြောင့် 'စေတာမန် အလုပ်အောင်မြင်ခဲ့ပါပြီ'လို့ သတင်းပို့လိုက်နိုင်ပါတယ်။

❑

၁၉၉၅ ခုနှစ် ဇန်နဝါရီလမှာ ချားလ်စ်မင်းသားနဲ့ သူ ဖောက်ပြန်ခဲ့ပါတယ်လို့ ဝန်ခံခဲ့တဲ့ ကယ်မီလာပါကာဘိုးလ်စ်တို့ရဲ့ သတင်းများက ပျံ့နှံ့နေဆဲပါ။ နှစ်သစ်ကူးပြီး ၁၁ ရက်အကြာမှာ ကယ်မီလာနဲ့ နှစ်နှစ်ကြာ ခွဲခွာနေထိုင်ခဲ့တဲ့ ဗိုလ်မှူးချုပ် အင်ဒရူးပါကာဘိုးလ်စ်တို့ရဲ့ ကွာရှင်းပြတ်စဲခြင်းဟာ တရားဝင် ပြီးပြတ်သွားပြီ ဖြစ်ကြောင်း ရုံးတော်မှ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော့်ဘော့စ်ရဲ့ အာရုံကတော့ ကယ်မီလာအပေါ်မှာရှိတာထက် သူ့ခင်ပွန်းဟောင်းနဲ့ ကိုယ်ရေးလက်ထောက်ဖြစ်သူ တစ်ဂီတို့ရဲ့ ဆက်ဆံရေးအပေါ်မှာ သံသယပိုဝင်ခဲ့ပါတယ်။

The Daily Mirror သတင်းစာကြီးက The Kiss ဆိုတဲ့ ခေါင်းစဉ်ကြီးနဲ့ မျက်နှာဖုံးသတင်းမှာ ဖော်ပြလိုက်တဲ့သတင်းကတော့ ချားလ်စ်မင်းသားဟာ တစ်ဂီ အပါအဝင် အပေါင်းအသင်းများနဲ့အတူ စကိတ်စီးရင်း တစ်ဂီကို ပခုံးမှ သိုင်းဖက်ကာ နှုတ်ခမ်းချင်း စုပ်နမ်းနေတဲ့ပုံပဲ ဖြစ်ပါတယ်။ ချားလ်စ်ရဲ့ ကိုယ်ရေးအတွင်းရေးမှူး ရစ်ချတ်အိုင်းလတ်ကတော့ 'ဒီအနေအထားမှာ ပါးကိုနမ်းဖို့ အဆင်မပြေနိုင်တဲ့အတွက် နှုတ်ခမ်းကို နမ်းလိုက်တာဖြစ်ပြီး ရိုးရိုးသားသား နမ်းခြင်းသာ ဖြစ်ပါတယ်'လို့ ဆိုပါတယ်။

အိုင်းလတ်ရဲ့ ဆင်ခြေကို ကျွန်တော့် ဘော့စ်ကတော့ ဘယ်လိုမှ လက်မခံပါဘူး။ ချားလ်စ်မင်းသားဟာ သူ့ကိုယ်ရေးလက်ထောက်နဲ့ရင်းနှီးမှု လိုတာထက် ပိုနေပြီလို့ ယူဆခဲ့ပါတယ်။ ဘော့စ်ရဲ့စိတ်ထဲမှာ ကယ်မီလာနဲ့ သတင်းဟာ မနေ့က သတင်းလို သတင်းဟောင်းတစ်ပုဒ် ဖြစ်သွားပြီလို့ ယူဆပုံရပါတယ်။ တစ်ဂီဟာ ချားလ်စ်နဲ့ ပိုမိုနီးကပ်လာအောင် ကြိုးစားနေသလို သားတော်နှစ်ပါးဖြစ်တဲ့ ဝီလျံနဲ့ ဟယ်ရီတို့နဲ့လည်း လက်ပွန်းတတီး ဖြစ်နေအောင် ကြိုးစားနေပုံရပါတယ်။ ဘော့စ်က အဲဒီလိုစိတ်ပူနေပေမယ့် တစ်ဂီဟာ အိမ်ထောင်ရှိသူတစ်ဦး ဖြစ်တဲ့အပြင် တခြားအမျိုးသမီးနှစ်ယောက်ကလည်း ချားလ်စ်ရဲ့အပါးမှာ ချဉ်းနင်းဝင်ရောက်ဖို့ ကြိုးစားနေတယ်လို့ သတင်းတွေက ထွက်နေပါတယ်။

❑

ကျွန်တော့်ကို ဘာကြောင့် ဒီလိုလုပ်ဖြစ်တာလဲလို့တော့ မမေးပါနဲ့။ ဒါပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် ဘယ်သူ့မွေးနေ့မဆို မွေးနေ့ကတ်တွေနဲ့ မွေးနေ့လက်ဆောင်တွေ ရကြမြဲ မဟုတ်လား။ ၁၉၉၅ ခုနှစ် ဇွန်လ ၆ ရက်နေ့မှာ ကျရောက်တဲ့ ကျွန်တော့် ၃၇ နှစ်မြောက်မွေးနေ့မှာ ကျွန်တော့်မိခင်ထံကို အမှတ်တရအဖြစ် လက်ဆောင်တစ်ခု ပေးပို့ဖို့ ဆုံးဖြတ်ခဲ့မိပါတယ်။ မာမီက Grassmoor မှာ နေထိုင်တာကြောင့် ဒါဘီ ရှိုင်းယားမှာရှိတဲ့ ပန်းလက်ဆောင်ပို့တဲ့ ဆိုင်ကတစ်ဆင့် ပန်းအိုးတစ်အိုးပို့ပေးဖို့ စီစဉ် ခဲ့ပါတယ်။ ပန်းအိုးနဲ့အတူ ကတ်ကလေးတစ်ခုလည်း ပို့ပေးလိုက်ပါတယ်။ ကတ်ပေါ်မှာတော့ ဖုန်းနံပါတ် ရေးပေးလိုက်ပါတယ်။

ပန်းအိုးပို့လိုက်ပြီး နောက်တစ်နေ့မနက် မာမီ အိမ်တံခါးကို ဖွင့်ချိန်မှာ ပန်းအိုး ကို တွေ့သွားပါတယ်။ ဒီအိမ်ဟာ ကျွန်တော် ကြီးပြင်းခဲ့တဲ့အိမ် ဖြစ်ပါတယ်။ ပန်းအိုးလာပို့တဲ့လူကို မာမီက 'မင်း အိမ်မှားနေပြီ ထင်တယ်။ ဒီနေ့ ကျွန်မမွေးနေ့ မဟုတ်ဘူး' လို့ ဆိုသေးသတဲ့။ ဒီအကြောင်းကို နောက်မှ ကျွန်တော့်ဒယ်ဒီက ပြောပြခဲ့တာပါ။

ပန်းအိုးကိုလက်ခံပြီး ကျွန်တော် ရေးလိုက်တဲ့ ကတ်ပြားကလေးကို ဖတ် လိုက်ရတော့မှ မာမီ သိပ်ပျော်သွားရှာတယ်။ မာမီ့ဘဝမှာ ပန်းလက်ဆောင် ရခဲ ပါတယ်။ ကျွန်တော့်ဆီကဆိုရင် ဒီတစ်ကြိမ်ဟာ ပထမဆုံးရတဲ့ ပန်းလက်ဆောင် ဖြစ်ပြီး ကျွန်တော်ရေးလိုက်တဲ့ စာသားများကလည်း မာမီ့ရင်ကို လှုပ်ရှားသွား စေခဲ့ပါသတဲ့။ ကျွန်တော့်ဆီကို အဲဒီနေ့ညနေ တယ်လီဖုန်းဆက်တော့ မာမီ ဝမ်းသာပြီး ငိုသံပါနေတာကို သတိထားမိတာကြောင့် နောက်နှစ်များမှာ ကျွန်တော် ဒီလိုပဲ မွေးနေ့အမှတ်တရအဖြစ် လက်ဆောင်ပို့ပေးမယ်လို့ ဆုံးဖြတ်ဖြစ်ပါတယ်။ နောက် ရက်သတ္တပတ်နှစ်ပတ်အကြာမှာတော့ ကျွန်တော် ပို့ပေးခဲ့တဲ့ ပန်းအိုးကလေးက မာမီတို့ခြံထဲမှာ ဖူးပွင့်ဝေဆာနေပါပြီ။ မာမီနဲ့ ဒယ်ဒီတို့ သူတို့စိတ်ကူးယဉ်ခဲ့တဲ့ အပန်းဖြေခရီးအနေနဲ့ အမေရိကားနဲ့ ကနေဒါကို ခရီးထွက်ကြဖို့အတွက် ခရီးမသွား ခင် ကျွန်တော်တို့အိမ်မှာ ညလာအိပ်ပါတယ်။ နောက်တစ်နေ့မနက်မှာ ဟီးသရိုး လေဆိပ်ကို ပို့ဆောင်ပေးခဲ့ပါတယ်။

ဇွန်လ ၁၅ ရက်နေ့ နံနက် ၂ နာရီ လင်းအားကြီးအချိန်မှာ ကျွန်တော့်အိမ် က တယ်လီဖုန်းမြည်လာပါတယ်။ ကျွန်တော့်စိတ်ထဲမှာ ဖျတ်ခနဲ သတိရလိုက် တာက မင်းသမီးပါပဲ။ ဒီလိုအချိန်မျိုးကြီးမှာ ကျွန်တော့်ဆီကို ဖုန်းဆက်မယ့်သူဟာ မင်းသမီးတစ်ယောက်တည်းပဲ ရှိပါတယ်။ ရုရှားနိုင်ငံကို ရောက်နေတဲ့ မင်းသမီး ဘာများအရေးပေါ်ကိစ္စ ကြုံနေပြီလဲ။ ကိုယ်ရေးကိုယ်တာကိစ္စပဲ အရေးတကြီးဖြစ်လို့ ကျွန်တော့်ဆီကို ဖုန်းဆက်ဟန်တူပါတယ်။ ကျွန်တော် အိပ်ရာထဲက မထခင်မှာပဲ



မာရီယာက ထသွားပြီး ဧည့်ခန်းထဲက ဖုန်းကိုသွားကိုင်ပါတယ်။ ခဏကြာတော့ မာရီယာရဲ့ရှိုက်သံကို ကြားလိုက်ရပြီး 'ကျွန်မ သူ့ကို ဘယ်လိုပြောရမလဲ။ ဘယ်လို ပြောရမလဲ' လို့ ဗလုံးပထွေး ပြောသံကို ကြားလိုက်ရပါတယ်။

ဒါဆိုရင် မင်းသမီးပဲ ဖြစ်လိမ့်မယ်။ ဘာတွေဖြစ်ကုန်ပြီလဲ။ ကျွန်တော် အိပ်ရာထဲကနေ ကမန်းကတန်းထလိုက်ပြီး ဧည့်ခန်းထဲ ဝင်လိုက်တော့ မာရီယာက တယ်လီဖုန်း ကိုင်ထားဆဲပါ။ ကျွန်တော် တယ်လီဖုန်း လက်ပြောင်းယူလိုက်တော့ ဖုန်းဆက်သူက ကျွန်တော့်ညီ ဂရေဟမ်ပါ။ မာမီ ကနေဒါနိုင်ငံ၊ အိုတာဝါမြို့မှာ လမ်းလျှောက်နေရင်း ရုတ်တရက် လဲကျသွားပြီး ကွယ်လွန်သွားပါပြီတဲ့။ နှလုံးရောဂါ ကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။ မာမီ့အသက်က ၅၉ နှစ်ပဲ ရှိပါသေးတယ်။

နောက်တစ်နေ့ မနက်မှာ ရုရှားနိုင်ငံရောက်နေတဲ့ မင်းသမီးက ကင်စတန် နန်းတော်မှာ ဘာများထူးခြားသလဲလို့ သိရအောင် ဖုန်းဆက်လာပါတယ်။ နောက် နှစ်ရက်ကြာရင် သူ ပြန်လာတော့မှာပါ။ သူ့အသံကို တယ်လီဖုန်းပေါ်မှာ ကြား လိုက်ရတယ်ဆိုရင်ပဲ ကျွန်တော် စိတ်မထိန်းနိုင်တော့ဘဲ ငိုလိုက်မိပါတော့တယ်။ မင်းသမီးက ကမန်းကတန်းနဲ့ 'ဘာတွေဖြစ်ကုန်ပြီလဲ ပေါလ်' လို့ မေးပါတယ်။

ကျွန်တော် စိတ်ထိန်းပြီး မာမီ ရုတ်တရက် ကွယ်လွန်သွားပုံ၊ နှလုံးရောဂါ ရှိတယ်ဆိုတာ လုံးဝ မသိခဲ့ကြကြောင်း၊ ခုဆိုရင် ကနေဒါနိုင်ငံမှာ ဒယ်ဒီတစ် ယောက်တည်း ဗျာများနေရှာပုံ၊ မာမီ့ရဲ့ရုပ်အလောင်း အိမ်ပြန်သယ်ဖို့ ကြိုးစား နေပုံများ ပြောပြလိုက်ပါတယ်။

'ကျွန်မ တာဝန်ထားလိုက်ပါ ပေါလ်။ ရအောင်လို့ လုပ်ပေးပါ့မယ်' လို့ မင်းသမီးက ကတိပေးပါတယ်။ ဝေလမင်းသမီးရဲ့ ရုံးကနေ ကနေဒါနိုင်ငံမှာရှိတဲ့ ဗြိတိန်နိုင်ငံဆိုင်ရာ မင်းကြီးရုံးကို ဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောပြကာ အင်္ဂလန်နိုင်ငံသားတစ်ဦးရဲ့ ရုပ်အလောင်းကို မိမိနိုင်ငံသို့ ပြန်လည်သယ်ဆောင်ရေး ကူညီပေးဖို့ ညွှန်ကြားလိုက်ပါတယ်။ တကယ်တော့ မင်းသမီးဟာ ရုရှားနိုင်ငံမှာ လုပ်ဆောင်စရာကိစ္စတွေ အချိန်ပြည့်ရှိနေပါလျက်နဲ့ ကျွန်တော့်အတွက်ကြောင့် ကနေဒါနိုင်ငံထိလှမ်းပြီး ကူညီဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။ ဘယ်လောက်ထိ ကူညီခဲ့သလဲဆိုရင် အိုတာဝါကဟိုတယ်မှာ ရှိနေတဲ့ ကျွန်တော့်ဒယ်ဒီဆီကိုတောင် လှမ်းပြီး တယ်လီဖုန်းဆက်သွယ်ကာ အားပေးစကား ပြောကြားခဲ့ပါတယ်။ နာရီ ဝက်လုံးလုံး အားပေးစကား ပြောကြားပြီး ဗြိတိသျှရုံးက တစ်ယောက်ယောက် ဒယ်ဒီ့အနားမှာ အချိန်ပြည့်လာနေမှာဖြစ်ကြောင်း၊ မာမီ့ရဲ့ရုပ်အလောင်းကို အင်္ဂလန် သို့ ပြန်လည်သယ်ယူရေးအတွက် စရိတ်စကကိုလည်း သူ တာဝန်ယူကြောင်း

www.burmeseclassic.com



ပြောကြားခဲ့ပါတယ်။

'အင်္ဂလန်ကို ပြန်ရောက်ရင် ဦးရဲ့သားတွေနဲ့အတူ ကျွန်မဆီ လာတွေ့ပါဦး။ ကျွန်မ တွေ့ချင်ပါသေးတယ်'လို့လည်း ဒယ်ဒီ့ကို မှာခဲ့ပါတယ်။

အဲ့ဒီစနေနေ့ မင်းသမီး ပြန်ရောက်ရောက်ချင်း ကျွန်တော်နဲ့ ညှိုခန်းမှာ ဆုံဖြစ်ကြပါတယ်။ ကျွန်တော် စိတ်မထိန်းနိုင်ဘဲ ငိုကြွေးမိရင်း သူမကို ဒုက္ခပေးခဲ့ရတဲ့အတွက် တောင်းပန်ပါကြောင်းလည်း ပြောခဲ့ပါတယ်။ မင်းသမီးက ကျွန်တော်ထိုင်နေတဲ့ ဆိုဖာဆီပြောင်းထိုင်ပြီး ကျွန်တော့်ကိုဖက်ကာ နှစ်သိမ့်ပေးခဲ့ပါတယ်။ သူ့နှစ်သိမ့်မှုဟာ ကျွန်တော့်အတွက် အားတက်စရာဖြစ်ခဲ့သလို ဒီလက်အစုံဟာ ကမ္ဘာ့နိုင်ငံ အသီးသီးက မြောက်မြားစွာသော လူစိမ်းများကို နှစ်ပေါင်းများစွာ နှစ်သိမ့်မှုပေးခဲ့တဲ့ လက်အစုံလည်း ဖြစ်ပါတယ်။ သူ့အားပေးနှစ်သိမ့်မှုဟာ နှစ်သိမ့်ခံရသူများအတွက် ဘယ်လောက်အားတက်စေတယ်ဆိုတာ ကျွန်တော် ကိုယ်တွေ့ခံစားလိုက်ရပါတယ်။

မင်းသမီးက ကံကြမ္မာအကြောင်း၊ ဘဝရဲ့အဓိပ္ပာယ်၊ သေခြင်းတရားရဲ့ အဓိပ္ပာယ်၊ ဝိညာဉ်ပိုင်းဆိုင်ရာ ယုံကြည်မှုတို့ကို ပြောပြပါတယ်။ သူမရဲ့မိတ်ဆွေဖြစ်တဲ့ အာဒရီယန်ဝ့ါဒ်ဂျက်ဆင်ရဲ့ နောက်ဆုံးအချိန်မှာ သူ စောင့်ကြည့်ခဲ့ကြောင်း၊ ဝိညာဉ်ဆိုတာဟာ ခန္ဓာကိုယ်ထဲက ထွက်သွားပေမယ့် ကိုယ့်ပတ်ဝန်းကျင်မှာ ရှိနေကြောင်း၊ မာမီရဲ့ဝိညာဉ်ဟာလည်း ကျွန်တော့်အနားမှာ ရှိနေလိမ့်မယ်လို့ ယုံကြည်ကြောင်း၊ ဒါကြောင့် ကျွန်တော့်အနေနဲ့ စိတ်ခိုင်ခိုင်ထားပြီး လုပ်ဆောင်စရာရှိတာတွေကို လုပ်ဆောင်ဖို့လိုမယ်လို့ အားပေးစကား ဆိုခဲ့ပါတယ်။

နောက်တစ်နေ့ဟာ 'အဖေများနေ့' ဖြစ်ပါတယ်။ အဲဒီနေ့မှာ ကျွန်တော့်ဒယ်ဒီက ကျွန်တော့်ညီများဖြစ်ကြတဲ့ ဂရေဟာမ်၊ အန်သိုနီတို့နဲ့အတူ ကင်စတန်နန်းတော်ဆီ ရောက်လာခဲ့ကြပါတယ်။ ကျွန်တော်ရထားတဲ့ အခန်းမှာ တစ်ညတာ အပန်းဖြေဖို့ ရောက်လာကြခြင်းပါ။ အဲဒီအချိန်မှာ မာမီရုပ်အလောင်းက ကနေဒါမှာ ရှိနေဆဲဖြစ်ပြီး နောက်တစ်နေ့မှာ အင်္ဂလန်ကို ပြန်ရောက်လာမှာပါ။

ကျွန်တော်တို့ညီအစ်ကိုသုံးယောက်နဲ့ ဒယ်ဒီတို့ မင်းသမီးကို သွားတွေ့ကြပါတယ်။ မင်းသမီးက ဝီလျံနဲ့ဟယ်ရီတို့ကို သူတို့အခန်းထဲမှာထားခဲ့ပြီး ကျွန်တော်တို့မိသားစုကို သီးသန့်တွေ့ဆုံခြင်းပါ။ တွေ့တွေ့ချင်း မင်းသမီးက ဒယ်ဒီနဲ့ ကျွန်တော်တို့ ညီအစ်ကိုများကို တစ်ဦးချင်းဖက်ပြီး အားပေးပါတယ်။ ပြီးတော့ သူမရဲ့ ညာလက်က ဒယ်ဒီရဲ့ ဘယ်လက်ကိုချိတ်ပြီး 'ကိုင်း… ကျွန်မတို့ လမ်းလျှောက်လိုက်ရအောင်'လို့ ဆိုပါတယ်။



နေခြည်နဲ့ နွေးထွေးနေတဲ့ ညနေခင်းမှာ ဒယ်ဒီနဲ့ မင်းသမီးတို့က ရှေ့ကလျှောက်ကြပြီး ကျွန်တော်တို့ညီအစ်ကိုသုံးယောက်က သူတို့နောက်ကနေ လိုက်လျှောက်ကြပါတယ်။ ပထမဆုံး ကင်စတန်နန်းတော် ဥယျာဉ်ထဲကို လျှောက်လိုက်ကြတာ နောက်ဆုံး Hyde Park ကို ရောက်တဲ့အထိပါပဲ။ စုစုပေါင်း ၄၅ မိနစ်လောက် ကြာပါတယ်။

မင်းသမီးက ခါတိုင်းလို ဘောင်းသောဦးထုပ် ဆောင်းမထားတဲ့အတွက် အပြင်လူတွေအနေနဲ့ မှတ်မိလွယ်နေပါတယ်။ ပန်းခြံထဲမှာ ဖြတ်သွားသူတွေက မှတ်မိသွားလို့ သူတို့လက်ထဲမှာ ပါလာတဲ့ ကင်မရာနဲ့ ဓာတ်ပုံရိုက်ဖို့ ကြိုးစားကြရင် မင်းသမီးက လက်ပြပြီး 'ကျေးဇူးပြုပြီး မရိုက်ပါနဲ့'လို့ တားရှာပါတယ်။

မာမီ့အတွက် ကြေကွဲဝမ်းနည်းနေတဲ့ ဒယ်ဒီက သူ့ကိုလက်တွဲပြီး ခုလို ပန်းခြံထဲမှာ လူရှေ့သူရှေ့ထွက်လာတဲ့ မင်းသမီးအတွက် အားနာလာပါတယ်။ ဒါကြောင့် 'ကျွန်တော်တို့အတွက် ဒီလောက်မလုပ်ပါနဲ့ မင်းသမီး။ လူတွေ မှတ်မိနေတဲ့အတွက် မင်းသမီးအတွက် မကောင်းပါဘူး။ နန်းတော်ကို ပြန်ကြပါစို့'လို့ ပြောပါတယ်။

'ဂရေဟာမ်… သားတို့သုံးယောက် ဒယ်ဒီအနားမှာ ရှိနေရင် ဒယ်ဒီ စိတ်ဖြေသာပါပြီ'လို့ပြောပြီး ဒယ်ဒီပြုံးတာကို တွေ့လိုက်ရပါတယ်။ ရက်သတ္တပတ်အတွင်း ဒယ်ဒီရဲ့အပြုံးကို ပထမဆုံးအကြိမ်အဖြစ် မြင်တွေ့လိုက်ရခြင်းပါ။

ကျွန်တော်တို့အားလုံး ကင်စတန်နန်းတော်တက်ကို ပြန်လျှောက်ခဲ့ကြပြီး ပြန်ရောက်ချိန်မှာ မင်းသမီးက 'တကယ်လို့ ကျွန်မ ဆောင်ရွက်ပေးစရာ တစ်ခုခုရှိမယ်ဆိုရင် ပေါ်လ်ကတစ်ဆင့် ပြောပါ ဂရေဟာမ်'လို့ နှုတ်ဆက်စကားဆိုပြီး တစ်ယောက်ချင်းကို ပွေ့ဖက်နှုတ်ဆက်ပြန်ပါတယ်။ ဝမ်းနည်းကြေကွဲနေတဲ့ မိသားစုကို ဖြေသိမ့်နိုင်အောင် မင်းသမီးရဲ့ စွမ်းဆောင်ချက်နဲ့ ပတ်သက်ပြီး ဒယ်ဒီကတော့ ပြောလို့မဆုံးတော့ပါဘူး။

အဲဒီနေ့ညနေမှာ ဒယ်ဒီက တစ်ယောက်တည်း နေချင်တယ်ဆိုပြီး အပြင်ထွက်သွားကာ မြက်ခင်းပေါ်က ခုံတန်းလျားတစ်ခုမှာ သွားထိုင်နေပါတယ်။ ပထမထပ်ကနေ ကျွန်တော် လှမ်းကြည့်လိုက်တော့ ကျွန်တော်တို့ အိမ်ဘက်ကို ကျောပေးပြီး သူ ထိုင်နေတာပါ။ အဲဒီအချိန်မှာပဲ မင်းသမီး ရောက်လာပြီး သူ့ဘေးမှာ ဝင်ထိုင်လိုက်ပါတယ်။ တကယ်တော့ မင်းသမီးက ကင်စတန်နန်းတော်သို့ အပြန်မှာ ကျွန်တော့်အိမ်ရှေ့က ဖြတ်မောင်းစဉ် ဒယ်ဒီတစ်ယောက်တည်း ထိုင်နေတာ တွေ့လို့ ဝင်လာခြင်းပါ။ သူတို့နှစ်ယောက် ထိုင်နေကြတာကို နောက်ကနေ ကျွန်တော် ကြည့်လိုက်ရတော့ ကျေးဇူးတွေတင်မိပါတယ်။ ဒယ်ဒီက မင်းသမီးကို မာမီ့အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောပြနေရင်း လက်ကိုင်ပဝါနဲ့ သူမျက်လုံးကို ပွတ်နေပါတယ်။ မကြာခင်မှာပဲ သူ စိတ်မထိန်းနိုင်တော့တဲ့အတွက် ငိုချလိုက်စဉ်မှာ မင်းသမီးက ဒယ်ဒီကို ပခုံးကနေ ဆွဲယူလိုက်ပြီး သူ့ပခုံးပေါ်မှာမှီကာ ငိုကြွေးစေပါတယ်။

မာမီ့ရဲ့ ရုပ်အလောင်းက တနင်္လာနေ့မှာ ရောက်ရှိလာပါတယ်။ အဲဒီရက်သတ္တပတ်အတွင်းမှာပဲ အသုဘအခမ်းအနားကို ကျွန်တော်တို့ ကျင်းပလိုက်ကြပါတယ်။ မာမီ့ကို ခရစ်ယာန်ဘာသာသို့ သွတ်သွင်းခဲ့တဲ့၊ လက်ထပ်ခဲ့တဲ့ Hasland Church မှာပဲ ဈာပနအခမ်းအနားကို ကျင်းပခဲ့ကြပါတယ်။ ဒီနေရာမှာပဲ ကျွန်တော့် ဘွားဘွားနဲ့ ဘိုးဘိုးတို့လည်း မြှုပ်နှံခဲ့ကြတာပါ။ မာမီ့ရဲ့ ဈာပနအခမ်းအနားကို စီစဉ်ရာမှာတော့ ပန်းအဖြူများနဲ့ ခင်းကျင်းထားပြီး အမှတ်တရအနေနဲ့ ဖယောင်းတိုင်များလည်း ထွန်းညှိထားပါတယ်။ ဈာပနအခမ်းအနား ကျင်းပနေစဉ်အတွင်း ကျွန်တော်တို့ညီအစ်ကိုတွေလည်း တစ်ယောက်ချင်းစီ အတွေးကိုယ်စီနဲ့ နစ်မျောနေကြပါတယ်။ ကျွန်တော် ခေါင်းငိုက်စိုက်ချပြီး မျက်စိပိတ်ထားစဉ်မှာပဲ မင်းသမီး ပြောခဲ့တဲ့ 'မာမီက ရှင့်အနားမှာ ရှိနေတုန်းပဲ' ဆိုတဲ့စကားကို သတိရနေပါတယ်။

မာမီ့ရဲ့ခေါင်းတစ်ခုလုံးကို ပန်းပွင့်များနဲ့ ဖုံးလွှမ်းထားတာကြောင့် ရုပ်အလောင်းကိုတောင် မမြင်ရတော့ပါဘူး။ ဈာပနအခမ်းအနားပြီးချိန်မှာ ကျွန်တော်တို့ အိမ်ပြန်သွားကြပြီး မာမီ့ရဲ့ လက်ကိုင်အိတ်ကို ဖွင့်ကြည့်ကြပါတယ်။ မာမီထိုင်နေကျ ကုလားထိုင်ပေါ်မှာတော့ ထိုးလက်စဆွယ်တာတစ်ထည် ရှိနေတုန်းပါ။ အိတ်ကို ဖွင့်ရှာတော့ Britannia တော်ဝင်ရွက်သင်္ဘော အမှတ်တံဆိပ်ပါ ပေါင်ဒါဘူးလေးကို တွေ့ရပါတယ်။ ဒီဘူးက ဘုရင်မကြီးအပါးမှာ ကျွန်တော် ခစားစဉ်က လက်ဆောင်ရခဲ့လို့ မာမီ့ကိုပေးခဲ့တာပါ။ နောက်တစ်ခုကတော့ အနီရောင် ပိုက်ဆံအကြွေထည့်တဲ့ အိတ်ကလေးပါ။ ဒီအိတ်ထဲမှာ ပိုက်ဆံအကြွေ တစ်ပြားမှမရှိပါဘူး။ နောက်ထပ် တွေ့ရတာကတော့ ကျွန်တော့်မွေးနေ့တုန်းက ကျွန်တော်ပို့ပေးလိုက်တဲ့ ကတ်ကလေးပါ။ အဲဒီကတ်မှာ ကျွန်တော်ရေးထားတာကတော့ 'မာမီ လွန်ခဲ့တဲ့ ၃၇ နှစ်တုန်းက မာမီနာကျင်မှုဝေဒနာတွေ များစွာကို ခံစားပြီး လူ့လောကထဲ ရောက်အောင် ကျွန်တော့်ကို ပို့ဆောင်ပေးခဲ့တဲ့အတွက် အမှတ်တရလက်ဆောင်တစ်ခုပါ၊ အချစ်များစွာဖြင့် သားကြီး ပေါလ်' လို့ ရေးထားပါတယ်။

❑

မိသားစုဆိုတာဟာ မင်းသမီးအတွက် အရေးကြီးတဲ့ကိစ္စတစ်ရပ်ပါ။ ဒါပေမယ့် ကံမကောင်းရှာတဲ့အတွက် မိသားစုနဲ့ စည်းစည်းလုံးလုံး မနေရတဲ့အပြင် အတွင်းကျကျ ပေါင်းသင်းနိုင်တဲ့ မိတ်ဆွေဆိုတာလည်း နည်းပါးပါတယ်။



မင်းသမီးရဲ့အစ်မတော် လေဒီဆာရာမက်ကော်ဒေးလ်ကတော့ လင်ကွန်ရှိုင်းယားဒေသကနေ ကင်စတန်နန်းတော်ကို ပုံမှန်လာရောက်လည်ပတ်တတ်တဲ့သူ တစ်ဦးဖြစ်ပါတယ်။ စပင်ဆာမိသားစုထဲမှာ သူတစ်ဦးတည်းသာ မင်းသမီးနဲ့ အနီးကပ်ဆုံးဖြစ်ပါတယ်။ မင်းသမီးရဲ့ မိခင်ဖြစ်သူ ဖရန်စေ့စ်ရှန်ကာစ်ဒ်ကတော့ စကော့တလန်နိုင်ငံရဲ့ ကျွန်းတစ်ကျွန်းဖြစ်တဲ့ Seil မှာ အခြေချနေထိုင်သူ ဖြစ်တဲ့အတွက် တော်ရုံတန်ရုံနဲ့ ရောက်ခဲပါတယ်။ လာနိုင်တဲ့အချိန်မှာတော့ လာတတ်ပါတယ်။ မိခင်ရင်းနဲ့ တွေ့ရတဲ့အချိန် နည်းပေမယ့် မိထွေးဖြစ်သူ ရိန်းနီးစပင်ဆာနဲ့တော့ မင်းသမီးက ပိုပြီးဆုံတွေ့တတ်ပါတယ်။ သူတို့နှစ်ယောက် အပြင်ထွက်ပြီး အတူတကွ နေ့လယ်စာ စားတတ်ကြတာဟာ အနည်းဆုံး တစ်လမှာ တစ်ကြိမ်လောက်တော့ ရှိပါတယ်။ သွားစားတိုင်းလည်း Bond Street နားက Cecconi စားသောက်ဆိုင်မှာ စားတာပါ။ ဘာကြောင့်လဲဆိုတော့ ဒီဆိုင်ဟာ ကွယ်လွန်သူ သူမရဲ့ဖခင် အကြိုက်ဆုံးဆိုင် ဖြစ်ခြင်းကြောင့်ပါ။

ကင်စတန်နန်းတော်ကို ဧည့်သည်တွေလာကြတယ် ဆိုပေမယ့် မွန်းလွဲပိုင်းနဲ့ ညနေခင်းတို့မှာတော့ ဧည့်သည်များ မရှိတတ်တဲ့အတွက် မင်းသမီးက တစ်ယောက်တည်း ပျင်းရိနေတတ်ပါတယ်။ သားတော်နှစ်ပါးဖြစ်တဲ့ ဝီလျံနဲ့ ဟယ်ရီတို့က ကျောင်းသွားရင် သွား၊ မသွားရင်လည်း သူတို့ဖခင်ရှိရာ ဟိုင်းဂရုဗ်စံအိမ်ကို ရောက်နေတဲ့အတွက် မင်းသမီးရဲ့စံအိမ်ဟာ တိတ်ဆိတ်ခြောက်သွေ့နေတတ်ပါတယ်။

'ကျွန်မ အိမ်မှာ ဒီလိုတိတ်ဆိတ်နေတာကို အရမ်းမုန်းတယ်' လို့ မင်းသမီးက ဆိုတတ်ပါတယ်။ အဲဒီလိုအခါမျိုးမှာ Vogue မဂ္ဂဇင်း၊ Harpers & Queen မဂ္ဂဇင်းတို့ကို ဖတ်နေတတ်ပါတယ်။ အခန်းထဲမှာ တိတ်ဆိတ်ခြောက်သွေ့မနေအောင် သီချင်းဖွင့်ထားပေမယ့် လှုပ်ရှားမှုမရှိတာကို မကြိုက်ပါဘူး။ ဒါကြောင့် 'ပေါလ်ရေ… ရှင့်သားတွေကို ဒီလာဖို့ ခေါ်လိုက်ပါ' လို့ ခေါ်ခိုင်းတတ်ပါတယ်။

ကလေးတွေ ရောက်လာတယ်ဆိုရင် အခန်းထဲမှာ ပြေးကြလွှားကြ ကလေးသဘာဝ အော်ကြဟစ်ကြတဲ့အပြင် ရုပ်မြင်သံကြားစက် ဖွင့်ကြည့်ကြ၊ ဟယ်ရီရဲ့ ဂိမ်းစက်ကိုဖွင့်ပြီး ဆော့ကြနဲ့ ပြောင်းဆန်အောင် နေတတ်ပါတယ်။ ဒီတော့မှ မင်းသမီးရဲ့စံအိမ်ဟာ သက်ဝင်လှုပ်ရှားလာတယ်လို့ ယူဆပြီး သူလည်း ပျော်နေတတ်ပါတယ်။ 'ကလေးတို့ တစ်ခုခုစားကြမလား' လို့ မင်းသမီးကိုယ်တိုင် ကျွန်တော့်သားတွေကို မေးပြီး စားဖိုဆောင်မှာ ကလေးတွေအတွက် ဘာဂါနဲ့ အာလူးကြော်သွားလုပ်ခိုင်းတတ်ပြန်ပါတယ်။

ဒါကြောင့်လည်း ကျွန်တော့်သားနှစ်ယောက်ဖြစ်တဲ့ အလက်ဇန္ဒားနဲ့ နစ်တို့က

www.burmeseclassic.com

www.burmeseclassic.com



ကင်စတန်နန်းတော်ကို သွားရတာ ပျော်ပါတယ်။ သူတို့ ခြေမချဖူးတဲ့နေရာရယ်လို့ ဘယ်နေရာမှ မရှိပါဘူး။ သူတို့လာပြီဆိုရင် မင်းသမီးကလည်း ဘယ်မိတ်ဆွေဆီမှ ဖုန်းမဆက်တော့ဘဲ စောင့်နေတတ်ပါတယ်။

'ဟိုင်း... မင်းသမီး'

'ဟိုင်း... မင်းသမီး'

သားနှစ်ယောက်ထံမှ အော်ဟစ်နှုတ်ဆက်လိုက်တဲ့အသံဟာ ကျွန်တော့် ရုံးခန်းထဲကထိ ကြားရပါတယ်။ ကင်စတန်နန်းတော်ကို လာရောက်လည်ပတ်ကြပြီး အိမ်ပြန်လာတိုင်းမှာလည်း သူတို့မှာ ပြောစရာတွေတစ်ပုံကြီးနဲ့ပါ။ သူတို့ အမေ မာရီယာကတော့ သားတွေပြောတာကိုပဲ နားထောင်နေရရှာတာပါ။ ကင်စတန်နန်းတော်ကို ကလေးတွေ သွားလည်တိုင်း မာရီယာ့ရင်ထဲမှာ ခံစားရပါတယ်။ တစ်ညမှာတော့ မာရီယာက မျက်ရည်ကျရင်း 'မင်းသမီးက ရှင့်ကို သိမ်းပိုက်ထားတဲ့အပြင် ကျွန်မသားတွေကိုပါ သိမ်းပိုက်သွားပြန်ပြီ' လို့ ဆိုပါတယ်။

တစ်ခုသော တနင်္ဂနွေနံနက်ခင်းမှာ ကျွန်တော် မဟန့်တားနိုင်ခင်မှာဘဲ ကလေးသဘာဝ ဘာမှမသိနားမလည်တဲ့အတွက် သူ့အမေကို 'မာမီက မင်းသမီးအတွက် ဘာဖြစ်လို့ အလုပ်လုပ် မပေးတော့တာလဲ။ မင်းသမီးကို မချစ်လို့လား မာမီ' လို့ ကောက်ကာငင်ကာ မေးလိုက်ပါတယ်။

ဒီစကားနဲ့ ပတ်သက်ပြီး မာရီယာက ကလေးကို မင်းသမီးက တစ်စုံတစ်ခု ပြောလိုက်လို့သာ သူ့သားက သူ့ကို မေးတာပဲလို့ ယူဆသွားပါတယ်။ 'ပေါလ်... ရှင့်မင်းသမီးက ကလေးတွေကို ဘာတွေများ ပြောလွှတ်လိုက်လဲ မသိဘူး။ သားက အခု ကျွန်မကိုမေးနေပြီ' လို့ ဆိုပါတယ်။ ကျွန်တော့်အဖြစ်က မယားကြီးနဲ့ ချစ်သူကြားမှာ ညှပ်ပူးညှပ်ပိတ် ဖြစ်နေသလို ခံစားရပါတယ်။ အဲဒီနှစ် နွေရာသီမှာ အလက်ဇန္ဒြားနဲ့ နစ်ခ်တို့က တစ်ခါတုန်းက အင်မတန် ရင်းနှီးခဲ့ပြီး ခုမှ မခေါ်မပြော ဖြစ်နေကြတဲ့ မိတ်ဆွေနှစ်ဦးတို့ကြားမှာ ငြိမ်းချမ်းရေး ရသွားအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြပါတယ်။

နစ်ခ်က မင်းသမီးအပါးမှာ ထိုင်နေတုန်း မင်းသမီးက သူ့အမေအကြောင်း မေးပါသတဲ့။ ဒီအခါ နစ်ခ်က 'မာမီလည်း ဒီနေရာကိုလာချင်ပါတယ် မင်းသမီး' လို့ ဖြေခဲ့သတဲ့။

အဲဒီညမှာပဲ ကျွန်တော်ကလည်း လုပ်ငန်းတာဝန်ကနေ စောစောပြန်လာတဲ့အတွက် မင်းသမီးက ဖုန်းလှမ်းဆက်ပါတယ်။ ဖုန်းကိုင်လိုက်သူက မာရီယာပါ။ ခါတိုင်းလို ကျွန်တော့်ကို ခေါ်ပေးဖို့ ချက်ချင်းမပြောဘဲ သူတို့နှစ်ယောက် စကား



တပြောပြော ဖြစ်သွားကြပါတယ်။ မင်းသမီးနဲ့ မာရီယာကြားမှာ ဘာမှမဖြစ်ခဲ့ဖူးသလို ဖြစ်သွားပြီး ပြေလည်မှု ရသွားကြတာပါ။ ကျွန်တော့်အမြင်ပြောရရင် မာရီယာဟာ ကံကောင်းသူများထဲမှာ တစ်ဦးအပါအဝင် ဖြစ်တယ်လို့ ဆိုရပါလိမ့်မယ်။

❑

ကင်စတန်နန်းတော်နဲ့ Fleet Street ကြားမှာရှိတဲ့ တံတားများဟာ ခိုင်ခံ့ဖို့ လိုအပ်သလို စာနယ်ဇင်းများမှတစ်ဆင့် အိမ်တော်ရေး ပေါက်ပြန့်မိပါတယ်လို့ တရားဝင် ဝန်ခံလိုက်တဲ့ ခင်ပွန်းသည် ချားလ်စ်မင်းသားနဲ့ ပတ်သက်ပြီး စာနယ်ဇင်းများနဲ့ ဆက်ဆံရေးမှာ အထူးနိုင်မာဖို့ လိုအပ်လာတယ်လို့ ဘော့စ်က ယူဆပါတယ်။ ဘော့စ်က စာနယ်ဇင်းများနဲ့ တရင်းတနှီး တွေ့ဆုံပြီး သူမ ဘဝကို ပိုမိုနားလည်လာစေခြင်းအားဖြင့် စာနယ်ဇင်းများကို သိမ်းသွင်းနိုင်လိမ့်မယ်လို့ ယူဆခဲ့ပါတယ်။ ဒါကြောင့် ချားလ်စ်မင်းသားနဲ့ ကွာရှင်းရေး ပြဿနာ အပြီးမသတ်ခင်မှာ စာနယ်ဇင်းများကို အသုံးချဖို့ လိုအပ်လိမ့်မယ်လို့ ယူဆခဲ့ပါတယ်။ စာနယ်ဇင်းများနဲ့ ကျွန်တော့်ဘော့စ်ကြားမှာ တစ်ယောက်နဲ့တစ်ယောက် အသုံးချမှု ဖလှယ်ကြခြင်းဆိုရင်လည်း မမှားပါဘူး။

'တကယ်လို့ ရွှေနန်းတော်ကြီး(ဘာကင်ဟမ်)ကသာ စာနယ်ဇင်းတွေနဲ့ ကျွန်မကြား ဆက်သွယ်မှုရှိနေတယ်ဆိုတာ သိသွားရင် တော်တော်လေး ဒေါသဖြစ်ကြမှာပဲ' လို့ ပြောပြီး ဘော့စ်က ရယ်နေပါသေးတယ်။ ဘော့စ်က စာနယ်ဇင်းများကို သူနေထိုင်ရာ ကင်စတန်နန်းတော်မှာ ခေါ်ယူတွေ့ဆုံတယ် ဆိုပေမယ့် တစ်ဦးချင်းစီ နေ့လယ်စာစားဖို့ သီးခြားဖိတ်ကြားခြင်းဖြစ်ပြီး စာနယ်ဇင်းဆရာများ အဝင်အထွက် ရှိတယ်ဆိုတာကို မသိရအောင်လည်း ခြေရာဖျောက်စေပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် တစ်နေ့ထက်တစ်နေ့ စာနယ်ဇင်း စာမျက်နှာများပေါ်မှာ ဘော့စ်နဲ့ ပတ်သက်ပြီး ဝေဖန်ရေးသားကြခြင်းများ နည်းသထက် နည်းလာစေခဲ့ပါတယ်။ မင်းသမီးနဲ့ သီးခြားစီတွေ့ဆုံပြီး နေ့လယ်စာစားသုံးခွင့်ရခြင်းကို စာနယ်ဇင်းသမားများဘက်ကလည်း ကျေနပ်ကြပါတယ်။ ဒီနည်းဟာ လက်နက်ကောင်းဖြစ်တယ်လို့ ခံယူပြီး ဧည့်သည်တွေ ပြန်သွားတိုင်း ကျွန်တော့်ဘော့စ်က သူတို့အကြောင်းပြောကာ ရယ်နေလေ့ ရှိပါတယ်။

'အင်အားကြီးမားပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကို စိတ်လှုပ်ရှားသွားအောင် ကျွန်မလုပ်လိုက်နိုင်တာကိုက အင်မတန် ရယ်စရာကောင်းတယ်။ ကျွန်မကတော့ ပျော်စရာကောင်းတဲ့ ကစားပွဲတစ်ခုကို ကစားနေရသလိုပဲ ခံစားရတယ်' ပြောပြီး ရယ်တတ်ပါတယ်။

www.burmeseclassic.com



ကင်စတန်နန်းတော်မှာ နေ့လယ်စာစားဖို့ ရောက်ခဲ့ကြတဲ့ စာနယ်ဇင်း ဆရာများထဲမှာ Daily Telegraph သတင်းစာကြီးမှ အယ်ဒီတာ Charles Moore, Daily Mail သတင်းစာမှ Paul Dacre, Daily Mirror သတင်းစာမှ အယ်ဒီတာ Piers Morgan, Sun သတင်းစာမှ အယ်ဒီတာ Stuart Higgins, Daily Mail သတင်းစာမှ ကော်လံစား အယ်ဒီတာ Lynda Lee-Potter တို့ ပါဝင်ကြတဲ့အပြင် BBC အသံလွှင့်ဌာနမှ တော်ဝင်မိသားစုများရဲ့အကြောင်းများကို အထူးပြုအသံလွှင့်ပေးတဲ့ Jennie Bond လည်း ပါဝင်ပါတယ်။ သူတို့ကို တစ်ဦးချင်း ဖိတ်ကြားပြီး နေ့လယ်စာကျွေးတဲ့ ကျွန်တော့်ဘော့စ်က အဲဒီနေ့လယ်စာမှာ အထူးပြင်ဆင် ဝတ်စားထားတတ်ပါတယ်။ သူ ဝတ်စားထားပုံက မြင်ရသူများ သဘောကျပါတယ်။ နေ့လယ်စာကျွေးတိုင်းမှာ ကျွန်တော်က ထမင်းစားခန်း အပေါက်ဝကနေ အဆင်သင့် စောင့်နေရပါတယ်။ ကျွန်တော်နဲ့ ကျွန်တော့်ဘော့စ်ကြားမှာ လျှို့ဝှက်အချက်ပြမှုတွေက အကြိမ်ကြိမ် လေ့ကျင့်ထားတဲ့အတွက် ဘယ်လိုကြည့်လိုက်ရင် ဘာလုပ်စေချင်တယ်ဆိုတာကို ကျွန်တော် တစ်ယောက်တည်း သိပါတယ်။ မျက်လုံးပြာပြာကလေးများရဲ့ အထက်က မျက်ခုံးပင့်ပြလိုက်ရင် ကျန်တဲ့ ဟင်းလျာသုံးမျိုးကို ခပ်မြန်မြန်ချပြီး ကျွေးလိုက်တော့ ဆိုတဲ့အဓိပ္ပာယ်ကို ဆောင်ပါတယ်။ တစ်ခါတုန်းက ကံဆိုးရှာတဲ့ ရုပ်မြင်သံကြားမှ ဧည့်သည်တစ်ယောက်ဆိုရင် အမြန်ဆုံး နေ့လယ်စာကို ချကျွေးခံရတဲ့အတွက် မိနစ် ၄၀ အတွင်းမှာ နေ့လယ်စာစားပွဲ ပြီးသွားခဲ့ပါတယ်။ ဒါဟာ ကင်စတန်နန်းတော်မှာ အမြန်ဆုံး အဆုံးသတ်တဲ့ နေ့လယ်စာစားပွဲလို့ မှတ်တမ်းတင်ရပါတယ်။ သတင်းထောက် ပြန်သွားတော့ ကျွန်တော့်ဘော့စ်က 'ပေါလ်ရယ်… ကျွန်မဖြင့် အိပ်ပျော်သွားမလား အောက်မေ့ရတယ်။ သူနဲ့ စကားပြောရတာ ငြီးငွေ့လွန်းလို့ အမြန်ဆုံးပြီးအောင် နေ့လယ်စာကို အဆုံးသတ်လိုက်ရတာပဲ' လို့ ပြောခဲ့ပါတယ်။

အယ်ဒီတာများနဲ့ ကော်လံစား သတင်းထောက်များက ကျွန်တော့် ဘော့စ်နဲ့ အလွတ်သဘော စကားပြောကြရင်း စားရသောက်ရတာကို သိပ်သဘောကျကြပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့မေးချင်တဲ့ မေးခွန်းများကို အလွတ်သဘော မေးခွင့်ရခြင်းကြောင့် ဖြစ်ပါတယ်။ ကျွန်တော့်ဘော့စ်က အင်မတန် ကျွမ်းကျင်လိမ္မာတဲ့ သံတမန်တစ်ဦးပါ။ တစ်ခါတုန်းက Sun သတင်းစာမှ အယ်ဒီတာ Stuart Higgins နဲ့ တွေ့တော့ Stuart က ကယ်မီလာပါကာဘိုးလ်စ်နဲ့ပတ်သက်ပြီး ဘယ်လို သဘောထားသလဲလို့မေးတာကို ကျွန်တော့်ဘော့စ်က လိမ္မာပါးနပ်စွာနဲ့ ဖြေခဲ့ပါတယ်။ 'ကျွန်မကတော့ အဲဒီမိန်းမအတွက် စိတ်မကောင်းဖြစ်မိတယ်' လို့ သူ့



အဖြေကို စလိုက်ပါတယ်။ တကယ်တော့ Stuart က ဘော့စ်အနေနဲ့ ဒီမိန်းမအပေါ်မှာ စိတ်နာကြောင်း၊ မကောင်းကြောင်းတွေ ပြောလိမ့်မယ်လို့ မျှော်လင့်ပြီး သူ့မေးခွန်းကို မေးခဲ့တာပါ။ 'ဒီမိန်းမအနေနဲ့ သူ့ဘဝမှာ ရှိသမျှအားလုံး ဆုံးရှုံးခဲ့ရပြီး ပြန်ရတော့ ဘာများရလို့လဲ' လို့ ဘော့စ်က သူ့အဖြေကို လှလှပပ အဆုံးသတ်ခဲ့ပါတယ်။

Daily Mirror သတင်းစာမှ Piers Morgan က ချားလ်စ်မင်းသားဟာ နောင်တစ်နေ့မှာ ဗြိတိန်နိုင်ငံရဲ့ ဘုရင် ဖြစ်လာနိုင်တယ်လို့ ယူဆပါသလားလို့ မေးတဲ့အခါ ကျွန်တော့်ဘော့စ်က 'အင်း… သူကတော့ သူ့ကိုယ်သူ တစ်နေ့မှာ ရှင်ဘုရင်ဖြစ်လာလိမ့်မယ်လို့ ထင်နေမှာပေါ့။ တကယ်တော့ သူဟာ ရှင်ဘုရင်အဖြစ်ထက် သာမန်လူတစ်ယောက်ရဲ့ ဘဝမှာ ပျော်မွေ့နေသူပါ' လို့ ဖြေခဲ့ပါတယ်။

Daily Mirror က သဘောကောင်းတဲ့ အယ်ဒီတာများနဲ့ တွေ့ဆုံတဲ့ပွဲမှာတော့ ဒိုင်ယာနာက သားတော် ဝီလျံကိုပါ တက်ရောက်စေခဲ့ပါတယ်။ ဝီလျံက သူ့မိခင်အပါးမှာထိုင်ပြီး မိခင်နဲ့ အယ်ဒီတာများ အပြန်အလှန် မေးမြန်းပြော ဆိုနေကြတာများကို စိတ်ဝင်တစား နားထောင်နေပုံက ပကတိလူကြီးတစ်ယောက်လိုပါပဲ။ ပီးယားစ်မော်ဂန်က ဝီလျံဘက်ကို လှည့်ပြီး 'သတင်းစာများနဲ့ ပတ်သက်လို့ မင်းသားကရော ဘယ်လိုများ သဘောထားပါသလဲ' လို့ မေးလိုက်တဲ့အခါမှာတော့ မင်းသားက သူ့အမေကို လှည့်ကြည့်လိုက်ပါတယ်။ မင်းသမီးက ဖြေလိုက်လေဆိုတဲ့ သဘောနဲ့ ခေါင်းညိတ်ပြလိုက်တဲ့အခါမှာ ဝီလျံမင်းသားက 'အဆင်ပြေပါတယ်။ ကျွန်တော်လည်း တဖြည်းဖြည်းနဲ့ သူတို့ကို နားလည်လာပါတယ်။ အဲဒီလို နားလည်လာတဲ့အတွက် ဘယ်လိုရှောင်ရမလဲဆိုတာလည်း စဉ်းစားတတ်လာပါတယ်။ တကယ်တော့ ကျွန်တော်တို့ကို အနှောင့်အယှက်ပေးနေတာက ဗြိတိသျှသတင်းစာတင် မဟုတ်ပါဘူး။ ဥရောပက ဓာတ်ပုံဆရာတွေသာ ဖြစ်ပါတယ်။ သူတို့က ကျွန်တော် ကျောင်းတက်နေတဲ့ အီတန်တက္ကသိုလ်ရှိရာ ကမ်းပါးကထိုင်ပြီး မြစ်ထဲမှာ ကျွန်တော် လှေလှော်နေတာကအစ ဓာတ်ပုံရိုက်နေကြတာကို တွေ့ရတော့ တော်တော်စိတ်ပျက်မိပါတယ်။ တစ်ခါတစ်ခါကျတော့ သူတို့ ကျွန်တော့်ကို စောင့်ကြည့်နေတာဟာ ဘယ်အချိန် ရေထဲပြုတ်ကျမလဲဆိုတာကို စောင့်နေကြတယ်လို့ ထင်မိပါတယ်' လို့ ဖြေကြားခဲ့ပါတယ်။

BBC သတင်းဌာနမှ ဂျယ်နီဘွန်းကတော့ စာနယ်ဇင်းဆရာများထဲမှာ ကံအကောင်းဆုံး ပုဂ္ဂိုလ်လို့ ဆိုရပါလိမ့်မယ်။ မင်းသမီးရဲ့ ရက်ရောမှုကို ရရှိခဲ့လို့ပါပဲ။ သူနဲ့တွေ့ဆုံချိန်မှာ ပြောနေကြတဲ့ စကားဝိုင်းက လွတ်လွတ်လပ်လပ်ပါပဲ။ မေးရင်းဖြေရင်းကနေ အမျိုးသမီးနှစ်ယောက်ရဲ့ စကားလမ်းကြောင်းဟာ အလှအပ

www.burmeseclassic.com

www.burmeseclassic.com



ဖက်ရှင်ဘက်ကို ဦးတည်သွားပါတယ်။ သတင်းထောက် ဂျယ်နီကလည်း အမြဲတမ်း သေသေသပ်သပ် လှလှပပနေတတ်သူ ဖြစ်တဲ့အတွက်ဖက်ရှင်မှာ ကျွမ်းကျင်ဖြစ်တဲ့ ဒိုင်ယာနာမင်းသမီးထံမှ အလှအပကိစ္စတချို့ကို သိခွင့်ရသွားခဲ့ပါတယ်။ သူတို့နှစ်ယောက်ဆုံအပြီးမှာ ဒိုင်ယာနာက ဂျယ်နီအတွက် ကိုယ်ကျပ်ဘောင်းဘီ ဖြည့်ကို လက်ဆောင်ပေးနိုင်းလို့ ကျွန်တော်ကိုယ်တိုင် ထုပ်ပိုးပြီး ပို့ပေးခဲ့ရပါသေးတယ်။ သူတို့နှစ်ဦး ဆုံစဉ်တုန်းက မင်းသမီးက ဂျယ်နီကို ရုပ်မြင်သံကြား အစီအစဉ်များမှာ သတင်းကြေညာစဉ်ပဲဖြစ်ဖြစ်၊ တခြားဘယ်အစီအစဉ်မှာပဲဖြစ်ဖြစ် ပါဝင်ရိုက်ကူးရမယ်ဆိုရင် ဘယ်လိုအရောင် ဝတ်သင့်တယ်ဆိုတာ အကြံပေးခဲ့ပါသေးတယ်။

ကင်စတန်နန်းတော်မှာ မီဒီယာများနဲ့ သီးခြားစီ လူခွဲပြီး တွေ့ဆုံနေတဲ့ ဒိုင်ယာနာတစ်ကြိမ်မှာတော့ မီဒီယာများရဲ့ တုံ့ပြန်တိုက်ခိုက်မှုကို ခံလိုက်ရပြန်ပါတယ်။ Daily Mail သတင်းစာမှ သတင်းထောက် ရစ်ချတ်ကေးနဲ့ လမ်းဘေးမှာ ရပ်ထားတဲ့ ကားပေါ်မှာ အတူထိုင်ပြီး စကားပြောနေပုံကို တခြားသတင်းထောက်တစ်ယောက်က ဓာတ်ပုံခိုးရိုက်သွားပြီး ဖော်ပြလိုက်ခြင်းပါပဲ။ ဒီလိုထိုင်နေခြင်းဟာ တော်ဝင်မျိုးနွယ်များရဲ့ ဂုဏ်သိက္ခာကို ထိပါးစေတယ်လို့ ဘာကင်ဟမ်ရွှေနန်းတော်မှ တုံ့ပြန်ဝေဖန်လာပါတယ်။ တကယ်တော့ ဒိုင်ယာနာဟာ သတင်းစာများနဲ့ ဆက်ဆံရေးကို သူ စဉ်းစားလို့ရတဲ့နည်းနဲ့ ကိုင်တွယ်ဖြေရှင်းနေခြင်းသာ ဖြစ်ပါတယ်။ ဒါကို ဘာကင်ဟမ်နန်းတော်နဲ့ ချားလ်စ်မင်းသားတို့က ဂုဏ်မြှေမဲ့တယ်ဆိုပြီး လက်မခံနိုင်ကြခြင်းပါ။ တကယ်တော့ အဲဒီအချိန်က ဒိုင်ယာနာ စာနယ်ဇင်းများကို ကိုင်တွယ်နည်းဟာ ဒီနေ့ဝန်ကြီးချုပ် တိုနီဘလဲ ကိုင်တွယ်နည်းနဲ့ အတူတူပါပဲ။ ချားလ်စ်မင်းသားက သူ့ကြင်ယာအဖြစ် လက်ထပ်ယူမယ့် ကယ်မီလာပါကာဘိုးလ်စ်နဲ့ ပတ်သက်ပြီး တိုင်းသူပြည်သားများကို အသိပေးဖို့ သတင်းစာများကတစ်ဆင့် ဆောင်ရွက်ခြင်းဟာလည်း အဲဒီတုန်းက ဒိုင်ယာနာလုပ်ခဲ့တဲ့ နည်းပါပဲ။ ဒိုင်ယာနာဟာ ဒီနေ့ ဝန်ကြီးချုပ် တိုနီဘလဲ၊ ချားလ်စ်မင်းသားတို့ထက် ခြေတစ်လှမ်းသာခဲ့တဲ့သူလို့ ဆိုရပါလိမ့်မယ်။

❑

ကားလေးတစ်စီးက ကင်စတန်နန်းတော်ရဲ့ မြောက်ဘက်ကနေ မောင်းနှင်လာပါတယ်။ ကားပေါ်မှာပါလာတဲ့ အမျိုးသားတစ်ဦးက လမ်းဘေးဝဲယာကို ဂနာမငြိမ် အကဲခတ်လိုက်ပြီး ကားနောက်ခန်းက ခုံအောက်မှာ လှဲအိပ်လိုက်ပါတယ်။ ပြီးတော့ သူ့ကိုယ်ပေါ်မှာ အစိမ်းရောင် ကောဇောတစ်ခုနဲ့ အုပ်လိုက်ပါတယ်။



ကျွန်တော်ကတော့ ကားမောင်းနေသူ ဖြစ်တဲ့အတွက် ရှေ့တူရူကိုသာ အာရုံစိုက်နေရပါတယ်။ ဒီတစ်ကြိမ်ဟာ ကျွန်တော့်အနေနဲ့ လုံခြုံရေး ရဲတပ်သားများကို ဖြတ်ကျော်ပြီး လျှို့ဝှက်ဧည့်သည်ကို ကင်စတန်နန်းတော်အတွင်း ခေါ်ဆောင်သွားခဲ့တာ ပထမအကြိမ် မဟုတ်တော့ပါဘူး။ ဒါပေမယ့် နောက်မှာပါလာတဲ့ ဧည့်သည်ကတော့ ရင်တထိတ်ထိတ်နဲ့ ဖြစ်နေပုံရပါတယ်။

ဂိတ်ဝမှာ မီးနဲ့အချက်ပြလိုက်ပြီး ညာဘက်ကို ကွေ့လိုက်ပါတယ်။ နိုင်ငံခြားသံရုံးများကို ကျော်ဖြတ်ပြီး ကင်စတန်နန်းတော်ကို ဦးတည်လိုက်ပါတယ်။ အပြင်က ကြည့်လိုက်မယ်ဆိုရင်တော့ ကားပေါ်မှာ ကျွန်တော်တစ်ယောက်တည်း ပါလာပါတယ်။ ထုံးစံအတိုင်း ကျွန်တော့်ဘော့စ်ရှိရာကို ဦးတည်သွားနေတယ်လို့ပဲ မြင်ကြမှာပါ။

'ကျွန်တော်တို့ ဘယ်ရောက်နေပြီလဲ။ ရဲတွေ လုံခြုံရေးစစ်တဲ့နေရာကို ကျော်လာပြီလား' လို့ ကောဇောအောက်က အသံက လှမ်းမေးပါတယ်။

'မကျော်သေးဘူး။ အေးအေးဆေးဆေး နေစမ်းပါဦး။ ထလို့ရပြီဆိုရင် ကျွန်တော် ပြောပါ့မယ်' လို့ ကျွန်တော်က စိတ်မရှည်စွာ ပြန်ပြောလိုက်တော့မှ သူ ငြိမ်သွားပါတယ်။ ကျွန်တော့်ဘော့စ်က ဒီလူကို ခေါ်လာတာ ဘယ်သူမှ မသိစေနဲ့လို့ ညွှန်ကြားထားတဲ့အတွက် သူ့ညွှန်ကြားချက်အတိုင်း ကျွန်တော် လုပ်ဆောင်ရမှာပါ။

လုံခြုံရေးစခန်းနားကို ရောက်တော့ တာဝန်ကျရဲသားက ကျွန်တော့်ကားနဲ့ ကျွန်တော့်မျက်နှာကို မှတ်မိနေပြီဖြစ်တဲ့အတွက် ရပ်တန့်ပေးဖို့ မလိုတော့ဘဲ ဆက်မောင်းသွားဖို့ လက်ပြလိုက်ပါတယ်။

'မင်းကားကို မရပ်နိုင်းတာ ငါတော့ တကယ်အံ့သြတာပဲ' လို့ ကောဇောအောက်က အသံက တအံ့တသြ ဆိုပြန်ပါတယ်။ ကျွန်တော်က ကားကို ကင်စတန်နန်းတော်ရဲ့ နာရီစင်အောက်ကနေဖြတ်ပြီး မင်းသမီးရှိရာ အခန်းအမှတ် ၉ ကို ဝင်နိုင်မယ့် လျှို့ဝှက်အပေါက်ရှိရာ ရှေ့မှာ ရပ်လိုက်ပါတယ်။

'ကင်စတန်နန်းတော်ထဲဝင်ရတာ ဒီလောက်လွယ်လိမ့်မယ်လို့ ငါ ဘယ်တုန်းကမှ မမျှော်လင့်ဘူး' လို့ ကောဇောအောက်ကနေ ထွက်ရင်း သူက ဆိုပါတယ်။ အဲဒီသူကတော့ မာတင်ဘာရှားဆိုတဲ့ပုဂ္ဂိုလ်ပါပဲ။ သူက BBC သတင်းဌာနကပါ။ ကောဇောအောက်ကနေ ထွက်လိုက်ပြီး သူ့ဂျက်ကက်နဲ့ ရုပ်အင်္ကျီတို့ကို သပ်သပ်ရပ်ရပ်ဖြစ်အောင်လုပ်ကာ ဘရိပ်ကေ့စ်တစ်လုံးကိုဆွဲကာ ကျွန်တော် လမ်းညွှန်တဲ့အတိုင်း ဝင်သွားလိုက်တော့ မင်းသမီး အိပ်ခန်းရဲ့ရှေ့က မင်းသားငယ်များ ဧည့်ခန်းကို

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားပါတယ်။ မင်းသမီးက သူ့ကို ဒီမှာစောင့်ခိုင်းထားရမယ်လို့ ညွှန်ကြား… ထားတဲ့အတိုင်း ကျွန်တော် ခေါ်သွားခြင်းပါ။ အချိန်ကာလအားဖြင့်ကတော့ ၁၉… ခုနှစ် နှစ်လယ် ဖြစ်ပါတယ်။ BBC 1 ကနေ ထုတ်လွှင့်မယ့် 'Panorama အင်တာ… ဗျူး' ရိုက်ကူးဖို့ စီစဉ်ကြခြင်းပါ။

အမှန်အတိုင်း ဝန်ခံရရင် ဒီအင်တာဗျူး အစီအစဉ်ကို ကျွန်တော် ဘာမှ ကြ… တင်ပြီး သိခဲ့ခြင်းမရှိပါဘူး။ ဘာရှားနဲ့ ကျွန်တော့်ဘော့စ်တို့ လျှို့ဝှက်စီစဉ်ခဲ့ခြင်… သာ ဖြစ်ပါတယ်။ ကျွန်တော့်တာဝန်က ရုပ်မြင်သံကြား ရိုက်ကူးမယ့် ဂျာနယ်… လစ်ကို ကင်စတန်နန်းတော်ထဲ လျှို့ဝှက်စွာ ခေါ်ဆောင်လာပေးဖို့နဲ့ သူ့ကို ဘေးကင်… ရန်ရှင်းစွာ သူ့ဌာနပြန်ပို့ပေးဖို့သာ ဖြစ်ပါတယ်။ ဒီအစီအစဉ်ကို ဆောင်ရွက်ရာမှ… အပြာရောင် ဘောက်ဆောကားကို သုံးတဲ့အခါသုံးပြီး တစ်ခါတစ်ရံမှာတော့ မင်း… သမီးရဲ့ BMW ကားနက်ပြာရောင်ကို သုံးတတ်ပါတယ်။ ဒီကားနဲ့ပတ်သက်ပြီ… ကျွန်တော့်ဘော့စ်က ဒီလိုနက်ပြာရောင်ကားက သာမန်လူများလည်း သုံးလေ့… တာကြောင့် လန်ဒန်မြို့ပေါ်က လမ်းများပေါ်မှာ တသီးတခြား ဖြစ်မနေဘဲ သာမ… ပြည်သူများနဲ့ ရောသွားစေတယ်လို့ မင်းသမီးက ခံယူပါတယ်။

ကျွန်တော့်တာဝန်ကို ဆောင်ရွက်ရတာ အင်မတန် လွယ်ကူပါတယ်… ဘော့စ်ညွှန်ကြားတဲ့အတိုင်း BBC ရုပ်မြင်သံကြားဌာန အဆောက်အဦရဲ့ မျက်… စောင်းထိုးဘက်မှာ ကျွန်တော့်ကားကို ရပ်ထားလိုက်ရုံပါပဲ။ ခဏစောင့်လိုက်ရ… မာတင်ဘာရှား ထွက်လာပြီး ကားရဲ့ ဘယ်ဘက်ပေါက်ကနေ ဝင်ထိုင်လိုက်ပါ… တယ်။ ကင်စတန်နန်းတော်နဲ့ နီးလာတဲ့အချိန်မှာတော့ သူ့ကို အစိမ်းရောင်ကော… စောနဲ့အုပ်ပြီး ဝှက်ထားရတယ်။ ကျွန်တော့်အတွက်ကတော့ ဘာရှားလိုပုဂ္ဂိုလ်က… မဆိုထားနဲ့ သူ့ထက် အရေးပါအရာရောက်တဲ့ ပုဂ္ဂိုလ်များကိုတောင် ဒီလိုနည်း… နန်းတော်ထဲအရောက် ပို့ဆောင်ပေးခဲ့တာ ရိုးနေပါပြီ။ ဘာရှားကို မင်းသမီးညွှန်ကြား… နေရာမှာ ထားခဲ့ပြီးတဲ့နောက် ကျွန်တော့်တာဝန် ကုန်ဆုံးပြီမို့ ကျွန်တော့်အခန်း… ထဲမှာပဲ သွားနေလိုက်ပါတယ်။ ပြန်ပို့ဖို့ လိုအပ်ရင် မင်းသမီးက ခေါ်မှာပေါ့။

'ပေါလ်… ရှင် အခန်းထဲမှာ ရှိနေသလား' မင်းသမီးရဲ့အသံ ကြားလိုက်ရပ… တယ်။

'ဟုတ်ကဲ့၊ ကျွန်တော် အဆင်သင့်ပါ။ သူ ပြန်တော့မလား'

'မဟုတ်ဘာရှား ရှင်ပြန်ဖို့ အဆင်သင့် ဖြစ်ပါပြီ'လို့ ဘော့စ်က ပြုံးပြီး ပြော… လိုက်ပါတယ်။

ဒီလိုနည်းနဲ့ အကြိမ်ပေါင်းများစွာ ဘာရှားကို ကျွန်တော် ခေါ်လာခဲ့ဖူးပေမယ်…



အင်တာဗျူးလုပ်မယ့် အစီအစဉ်ရှိတာကိုတော့ ကျွန်တော် လုံးဝမသိခဲ့ပါဘူး။ ဒီလျှို့ဝှက်ချက်ကိုတော့ ဘော့စ်ကိုယ်တိုင်က ကျွန်တော့်ကို အသိမပေးခဲ့တာ အမှန်ပါပဲ။ မင်းသမီးရဲ့ဘဝဟာ လုံခြုံမှုမရှိကြောင်း ရိပ်မိထားတဲ့ ဘာရှားက ပွင့်လင်းတဲ့ အင်တာဗျူးတစ်ခုကို ကြိုတင်လုပ်သွားခြင်းပါပဲ။

ဘာရှားက လူချောတစ်ယောက်ဖြစ်တဲ့အပြင် နူးညံ့ညင်သာစွာ စကား ပြောတတ်ပါတယ်။ အထူးသဖြင့် လူတကာအပေါ်မှာ သနားကြင်နာတတ်တဲ့ မင်းသမီး ကျလောက်အောင် ဘာရှားက စကားတွေ အများကြီးပြောသွားခဲ့တာပါ။ လက်ရှိ အခြေအနေမှာ သူ့အိမ်ထောင်ရေး အဆင်မပြေမှုတွေ၊ နေရထိုင်ရတာ ဆင်းရဲပုံတွေကို သနားစရာ ကောင်းလောက်အောင် တပ္ပဲသွားခဲ့ပုံရပါတယ်။ ဒီတော့ မင်းသမီးက သူနဲ့ စကားလက်ဆုံကျရတာကို သဘောကျခဲ့ပါတယ်။ ကျွန်တော့်ကို ဘာရှားနဲ့ ပတ်သက်ပြီး 'သူ့ဘဝက မသက်သာဘူး။ တော်တော် ရုန်းကန်လှုပ်ရှားရတယ်။ ကျွန်မ သူနဲ့စကားပြောရတာ သဘောကျတယ်'လို့ ပြောခဲ့ဖူးတဲ့အတွက် ကျွန်တော့်ဘော့စ်ဟာ ဘာရှားကို အင်မတန်ရင်းနှီးတဲ့ ပုဂ္ဂိုလ်တစ်ယောက်အဖြစ် လက်ခံထားပုံရပါတယ်။

ကျွန်တော့်ဘော့စ် မသိတဲ့ အချက်တစ်ခုကတော့ ဘာရှားဟာ ကျွန်တော့်ဆီကို ပုံမှန်ဖုန်းဆက်လေ့ရှိပြီး မင်းသမီးရဲ့ အတွင်းရေးသတင်းများကို နှိုက်လေ့ရှိတယ်ဆိုတာပါပဲ။ ဘာရှားဘက်က မသိလိုက်တာကတော့ တစ်ကြိမ်မှာ သူ ကျွန်တော့်ကို ဖုန်းဆက်စဉ် ကျွန်တော့်အခန်းထဲမှာ မင်းသမီး ရောက်နေတယ်ဆိုတာပါပဲ။ အဲဒီအချိန်က မင်းသမီးနဲ့အတူ အင်တာဗျူးလုပ်ပြီးခါစပဲ ရှိပါသေးတယ်။

ကျွန်တော်က ထုံးစံအတိုင်း ပေါ့ပေါ့ပါးပါး စကားတွေ ပြောနေစဉ်မှာ မင်းသမီးက ပါးစပ်လှုပ်ရုံလှုပ်ပြီး 'ဘယ်သူလဲ'လို့ မေးလာပါတယ်။ ကျွန်တော်က တယ်လီဖုန်းခွက်ကို လက်နဲ့ပိတ်လိုက်ပြီး 'မာတင်ဘာရှား'လို့ ပြောလိုက်တော့ မင်းသမီးက စပီကာဖွင့်ပြီးပြောဖို့ ကျွန်တော့်ကို ခြေဟန်လက်ဟန်နဲ့ ညွှန်ကြားလိုက်ပါတယ်။ ဘော့စ်ရဲ့ ညွှန်ကြားချက်အတိုင်း စပီကာ ခလုတ်ကို နှိပ်လိုက်တော့ ကျွန်တော့်အခန်းထဲမှာ ဘာရှားရဲ့အသံ ပွဲတင်ထပ်သွားပါတယ်။ ကျွန်တော်နဲ့ ဘာရှားစကားပြောပြီးချိန်မှာတော့ ဘာရှားအပေါ်မှာ မိတ်ဆွေအဖြစ် သတ်မှတ်ထားတဲ့ မင်းသမီးရဲ့အမြင် ပြောင်းလဲသွားပါတော့တယ်။

Panorama အင်တာဗျူးအစီအစဉ်မှာ အဓိကအားဖြင့် မင်းသမီးပြောလိုက်တာက ချားလ်စ်မင်းသားဟာ သူမအပေါ်မှာ အိမ်ထောင်ရေး ဖောက်ပြန်ခဲ့တယ်ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



အချက်ပါပဲ။ ရိုက်ကူးရေးကို တနင်္ဂနွေနေ့မှာ စီစဉ်ပါတယ်။ ဘာကြောင့် တနင်္ဂနွေနေ့မှာ စီစဉ်ရသလဲဆိုတော့ တနင်္ဂနွေနေ့ဟာ ဝန်ထမ်းများရဲ့ အားလပ်ရက်ဖြစ်တဲ့အတွက် မင်းသမီးရဲ့ ဝတ်လဲတော် ထိန်းသိမ်းသူ မရှိသလို စားဖိုမှူးလည်း မရှိတဲ့အပြင် ကျွန်တော်လည်း ရုံးတက်စရာမလိုတဲ့နေ့ ဖြစ်ခြင်းကြောင့်ပါ။ တနင်္ဂနွေနေ့အတွက် မင်းသမီးစားဖို့ အစားအစာများကို စီစဉ်ပြီး ရေခဲသေတ္တာထဲမှာ ထားခဲ့ရပါတယ်။ လုံခြုံရေးအစောင့် ရဲများကို မင်းသမီးထံ ဧည့်သည်များ လာရောက်ဖို့ရှိကြောင်း အကြောင်းကြားပေးခဲ့ပါတယ်။ မာတင်ဘာရှားရဲ့ စီစဉ်ညွှန်ကြားမှုအတိုင်း ကင်မရာအဖွဲ့ဟာ မင်းသားငယ်များရဲ့ ဧည့်ခန်းမှာ နေရာယူကြပါတယ်။ နောက်တစ်နေ့မနက် ကျွန်တော် လုပ်ငန်းခွင်ဝင်တဲ့အခါ မင်းသားများရဲ့ ဧည့်ခန်းမှာ ပရိဘောဂများ နေသားတကျမရှိဘဲ ရှိနေတာကို တွေ့ရလို့ မင်းသမီးကို မေးကြည့်တော့ အဲဒီအခန်းမှာ ဘာမှအရွှေ့အပြောင်း မလုပ်ပါဘူးလို့ ဖြေခဲ့ပါတယ်။

ဒီအစီအစဉ် မလွှင့်ခင် တစ်ပတ်လောက်အလိုမှာ ကျွန်တော့်ဘော့စ်က Panorama အစီအစဉ် ရိုက်ကူးပြီးစီးခဲ့တဲ့အကြောင်း ကျွန်တော့်ကို အသိပေးပြီး လျှို့ဝှက်ထားဖို့လည်း သတိပေးပါတယ်။ သူ့အင်တာဗျူးလွှင့်ထုတ်ပြီးရင် ဗြိတိန်နိုင်ငံ တစ်ဝှမ်းလုံးကသာမက တစ်ကမ္ဘာလုံးကလူများပါ သူ့အပေါ်မှာ ပိုပြီး နားလည်သွားကြလိမ့်မယ်လို့ ကျွန်တော့်ဘော့စ်က မျှော်လင့်ထားပါတယ်။ ဒါကြောင့် ကျွန်တော်ကလည်း 'ဒီအစီအစဉ် လွှင့်ပြီးရင်တော့ တော်တော်များများက မင်းသမီးကို ထောက်ခံကြမှာပါ။ လွှင့်ထုတ်ပြီးရင်တော့ မင်းသမီးလည်း ပျော်နိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်'လို့ ဖြေကြားခဲ့ရပါတယ်။

နိုဝင်ဘာလ ၂၀ ရက် တနင်္လာနေ့ညမှာ ကမ္ဘာတစ်ဝှမ်းက ပရိသတ် သန်း ၂၀ နည်းတူ ကျွန်တော်လည်း ရုပ်မြင်သံကြားစက်ရှေ့မှာ ရောက်ရှိနေပါပြီ။ ဘော့စ်ရင်ထဲမှာ ရှိနေတာတွေကတော့ သူမကိုယ်သူမ ပြည်သူများရဲ့ နှလုံးသားထဲက ဘုရင်မအဲ့ကို ခံယူလိုပြီး ချားလ်စ်မင်းသားဟာတော့ ရှင်ဘုရင်ဖြစ်လောက်တဲ့ အရည်အချင်းမရှိဘူးလို့ ခံယူထားတဲ့အပြင် သူမရဲ့ အိမ်ထောင်ရေးဟာ လင်မယားသုံးယောက်ပေါင်းနေရသလို ခံစားရကြောင်း အဲဒီအင်တာဗျူးမှာ ထည့်သွင်းပြောကြားသွားခဲ့ပါတယ်။ ဒါတင်မကသေးပါဘူး။ သူမရဲ့ ချစ်သူဖြစ်တဲ့ ဂျိမ်းစ်ဟော့ဝစ်ကို သူမ ဘယ်လောက်ချစ်မြတ်နိုးကြောင်း ထုတ်ဖော်ဝန်ခံတဲ့အပြင် တိုက်တဆိတ်နဲ့ ဒီဘဝကို စွန့်ခွာသွားမှာ မဟုတ်ဘူးလို့လည်း သူ့အင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။ သန်း ၂၀ ကျော် ပရိသတ်တွေအတွက် ကျွန်တော့်ဘော့စ်ရဲ့ အင်တာဗျူးဟာ အသစ်အဆန်းတွေပါမှာဖြစ်ပေမယ့် ကျွန်တော့်အတွက်ကတော့



ဘာမှအသစ်အဆန်း မရှိပါဘူး။

နောက်တစ်နေ့ မနက်မှာတော့ ဘော့စ်ဟာ သူ ပြောချင်တာတွေကို တစ်ကမ္ဘာလုံးကြားအောင် ပြောလိုက်နိုင်ပြီဖြစ်တဲ့အတွက် ရွှင်လန်းတက်ကြွနေပါတယ်။ ဗြိတိန်နိုင်ငံထုတ် သတင်းစာကြီးများကလည်း သူ့အင်တာဗျူးနဲ့ ပတ်သက်လို့ ရေးသားဖော်ပြလာကြပါတယ်။ တကယ်တော့ ဒီအင်တာဗျူးဟာ ဘော့စ်နဲ့ ချားလ်စ်မင်းသားတို့ရဲ့ အိမ်ထောင်ရေးကို အစွမ်းကုန် ထိခိုက်စေလိမ့်မယ်ဆိုတာ ဘော့စ်မသိလေရောသလားလို့ ကျွန်တော် တွေးမိပါတယ်။ ဒါပေမယ့် တစ်ဖက်က တွေးပြန်တော့လည်း ကျွန်တော့်ဘော့စ်ဟာ အင်မတန်ခေါင်းမာသူ ဖြစ်ပါတယ်။ သူလုပ်မယ်လို့ ဆုံးဖြတ်ပြီးရင် ဘယ်တော့မှ မပြင်တတ်သူ ဖြစ်တာကြောင့် ဘာရှားနဲ့ အင်တာဗျူးလုပ်မယ်လို့ ဆုံးဖြတ်ပြီးချိန်မှာ အိမ်ထောင်ရေး ထိခိုက်လိမ့်မယ်လို့ အတွေးဝင်ကောင်း ဝင်နိုင်ပေမယ့် နောက်မဆုတ်ဘဲ လုပ်ခဲ့ခြင်းလည်း ဖြစ်နိုင်ပါတယ်။ ဒီအင်တာဗျူးကြောင့်ပဲ ချားလ်စ်မင်းသားနဲ့ အပြီးအပိုင် ကွာရှင်းပြတ်စဲရေးဟာ အမြန်ဆုံး နီးစပ်လာစေခဲ့ပါတယ်။ ဘော့စ်ရဲ့စိတ်ထဲမှာ သူမတို့ရဲ့ အိမ်ထောင်ရေးကိစ္စထဲ ခြေဝင်ရှုပ်ကြသူတွေကို အပြီးအပိုင် ချေမှုန်းလိုက်နိုင်တယ်လို့ ယူဆပုံရပါတယ်။ လက်ကျန်တစ်ယောက် ရှိနေပါသေးတယ်။ အဲဒီတစ်ယောက်ကတော့ သားတော်နှစ်ပါးကို ထိန်းပေးနေတဲ့ တစ်ဂီလိတ်ဂ်ဘာရွတ်ခ်ပဲ ဖြစ်ပါတယ်။

❑

၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့မှာ ဝေလမင်းသားရဲ့ အိမ်တော်က မင်းမှုထမ်းများနဲ့ ဝေလမင်းသမီးရဲ့ အိမ်တော်က မင်းမှုထမ်းများ ပူးပေါင်းပြီး ခရစ္စမတ် နေ့လယ်စာစားပွဲ ကို Hyde Park Corner မှာရှိတဲ့ Lensborough ဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။ အဲဒီနေ့ကတော့ ကျွန်တော့် ဘော့စ်နဲ့ တစ်ဂီတို့ မျက်နှာချင်းဆိုင် တွေ့ရတဲ့နေ့ပါပဲ။

နေ့လယ်စာစားပွဲကို သွားဖို့ အဆင်သင့်ဖြစ်ချိန်မှာ ဘော့စ်က 'ကျွန်မကားနဲ့ပဲ အတူတူလိုက်ခဲ့ပါ'လို့ ဆိုတာကြောင့် သူ့ကားပေါ်မှာ ကျွန်တော် လိုက်ပါလာခဲ့ပါတယ်။ ကျွန်တော်တို့ နေ့လယ်စာစားပွဲ ကျင်းပမယ့်နေရာကို ရောက်သွားတော့ တော်တော်လေး နောက်ကျနေပါပြီ။ ဧည့်သည် ၁၀၀ ကျော်ကျော်လောက် နေ့လယ်စာမစားမီ အဖျော်ယမကာ သောက်သုံးနေကြတာကို တွေ့ရပါတယ်။

ခန်းမထဲကို ကျွန်တော်တို့ ဝင်လိုက်တဲ့အချိန်မှာ ဧည့်သည်အားလုံးက ကျွန်တော့်ဘော့စ်ကို လှည့်ပြန်ကြည့်ကြပါတယ်။ အားလုံးကို ပြုံးပြနှုတ်ဆက်ရင်းက 'ကျွန်မအနားမှာပဲ တောက်လျှောက်နေ'လို့ ဘော့စ်က လေသံနဲ့ ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခန်းမထဲ ဝင်လိုက်ကတည်းက ထောင့်တစ်နေရာမှာရှိနေတဲ့ တစ်ဂီကို တွေ့လိုက်ရတာကြောင့် ဘော့စ်က တည့်တည့်ပဲ လျှောက်သွားပါတယ်။ ကျွန်တော်လည်း ဘော့စ်နဲ့ယှဉ်ပြီး လိုက်ပါသွားရပါတယ်။

'ဟယ်လို… တစ်ဂီ နေကောင်းရဲ့လား'လို့ ကျွန်တော့်ဘော့စ်က ခပ်ပြုံးပြုံး နှုတ်ဆက်လိုက်ပါတယ်။ တစ်ဂီက ဘာမှပြန်မပြောနိုင်သေးခင်မှာပဲ ဘော့စ်က စကားတစ်ခွန်း ဆက်လိုက်ပါတယ်။ 'ကလေးပျက်သွားတယ် ကြားရတာ စိတ်မကောင်းပါဘူး'တဲ့။

တစ်ဂီရဲ့ မျက်နှာဟာ သွေးဆုတ်သွားသလို ဖြစ်သွားပြီး ဖြူဖတ်ဖြူရော် ဖြစ်သွားကာ မျက်ဝန်းထဲမှာလည်း မျက်ရည်တွေဝိုင်းလာပြီး ခန်းမထဲက ကောက်ကာငင်ကာ ထွက်သွားပါတော့တယ်။ တစ်ဂီနဲ့အတူ ချားလ်စ်မင်းသားရဲ့ လူယုံတော်တစ်ဦးဖြစ်တဲ့ မိုက်ကယ်ဖောဆက် လိုက်ပါသွားတာကို တွေ့လိုက်ရပါတယ်။ မင်းသမီးကို ကျွန်တော် လှည့်ကြည့်လိုက်တော့ တခြားဧည့်သည်တွေနဲ့ ရယ်ကာပြုံးကာ စကားပြောနေတာကို တွေ့ရပါတယ်။ သူ့ခင်ပွန်းဟောင်း ချားလ်စ်မင်းသားရဲ့နှလုံးသားကို မင်းမူနေတဲ့ တစ်ဂီကို အလဲထိုးလိုက်နိုင်တဲ့အတွက် ကျေနပ်နေပုံရပါတယ်။

ဧည့်သည်တွေအလစ်မှာ မင်းသမီးက 'သူ့မျက်နှာပေါ်မှာ ဘယ်လိုဖြစ်သွားတယ်ဆိုတာ မြင်လိုက်တယ် မဟုတ်လား ပေါလ်'လို့ မေးပါတယ်။

မင်းသမီး ပြောလိုက်တဲ့ စကားတစ်ခွန်းက နေ့လယ်စာစားပွဲ ကျင်းပရာ ဟိုတယ်မှာတင် ပြီးပျောက်မသွားဘဲ စိန့်ဂျိမ်းစ်နန်းတော်နဲ့ ဘာကင်ဟမ်ရွှေနန်းတော်အထိ ပြန့်သွားပါတယ်။ ဒီစကားကြောင့် ချားလ်စ့်မင်းသားလည်း တော်တော်ကြီးကို နေမထိထိုင်မသာ ဖြစ်သွားခဲ့ပါတယ်။ ဒီစကား မယ်တော်ဘုရင်မကြီးရဲ့နားကို ပေါက်ကြားသွားချိန်မှာတော့ မိုးမီးလောင်ပါတော့တယ်။ နောက်တစ်ပတ်အကြာအထိ ဒီစကားက ပျောက်ပြယ်မသွားနိုင်တာကြောင့် မယ်တော်ဘုရင်မကြီး ကိုယ်တိုင်က ဒီကိစ္စကို စုံစမ်းစစ်ဆေးဖို့ တာဝန်ပေးအပ်ရတဲ့အထိပါပဲ။ အဲဒီ အတောအတွင်းမှာ တစ်ဂီရဲ့ ရှေ့နေများက ဒိုင်ယာနာရဲ့စွပ်စွဲချက်များကို ငြင်းဆိုတဲ့ ထုတ်ပြန်ကြေညာချက်တစ်ခု ထုတ်ပြန်လိုက်ပါတယ်။ '… ရွှေနန်းတော်အတွင်းမှာ ပြန့်နေတဲ့ ကောလာဟလများဟာ အခြေအမြစ်မရှိတဲ့ ကောလာဟလများ ဖြစ်တာကြောင့် ကျွန်ုပ်တို့အမှုသည်ရဲ့ အကျင့်စာရိတ္တနဲ့ ဂုဏ်သိက္ခာကို ထိပါးစေတယ်။ ဒီစွပ်စွဲချက်များဟာ လုံးဝအခြေအမြစ်မရှိတဲ့ စွပ်စွဲချက်များဖြစ်ကြောင်း အမှုသည်ကိုယ်စား ကျွန်ုပ်တို့က ငြင်းဆိုပါတယ်…'လို့ ဖော်ပြခဲ့ပါတယ်။



မင်းသမီးရဲ့ ပစ်မှတ်ဟာ အလယ်ဗဟိုတည့်တည့်ကို ထိမှန်သွားတယ်လို့ ဆိုရပါလိမ့်မယ်။ တစ်ဂီဘက်က ရှေ့နေရှေ့ရပ်များနဲ့ ငြင်းဆိုလာပေမယ့် မယ်တော်ဘုရင်မကြီးက ဒီအရေးအခင်းကို တိတိကျကျ စုံစမ်းစစ်ဆေးဖို့ ကိုယ်ရေးအတွင်းရေးမှူး ဆာရောဘတ်ဖဲလိုးစ်ကို တာဝန်ပေးအပ်ရတဲ့အထိ ဖြစ်လာခဲ့ပါတယ်။ ဆာရောဘတ်က သူ့ခယ်မဖြစ်တဲ့ မင်းသမီးကို တယ်လီဖုန်းနဲ့ဆက်သွယ်မေးမြန်းခဲ့ပါတယ်။ တစ်ဂီကို ဘယ်လိုပြောလိုက်တာလဲလို့ မေးမြန်းခြင်းပါ။ အဲဒီအခါမှာ ကျွန်တော့်ဘော့စ်က တစ်ဂီဟာ ချားလ်စ်မင်းသားနဲ့ ချစ်ကျွမ်းဝင်နေကြောင်း၊ ကိုယ်ဝန်ရှိလာတဲ့အတွက် ဖျက်ချခဲ့ကြောင်းများကို နေ့စွဲနဲ့တကွ ဘုရင်မကြီးရုံးက တရားဝင်သိရအောင် ဖြေကြားလိုက်ပါတယ်။

တယ်လီဖုန်းနဲ့ စကားပြောအပြီးမှာ မင်းသမီးက 'ခုတော့ သူတို့ တရားဝင်စုံစမ်းမေးမြန်းနေကြပြီ။ မယ်တော်ကြီးလည်း သိသွားပြီ'လို့ ကျွန်တော့်ကို ပြောခဲ့ပါတယ်။

ဘာကင်ဟမ်နန်းတော်မှာတော့ ဒီလို သိမ်မွေ့ရှုပ်ထွေးလှတဲ့ ကိစ္စမျိုးကို ညင်ညင်သာသာ ကိုင်တွယ်ဖြေရှင်းနိုင်တဲ့သူဆိုလို့ ဆာရောဘတ်တစ်ယောက်ပဲ ရှိပါတယ်။ မင်းသမီးနဲ့ ဖုန်းပြောပြီးတာနဲ့ တစ်ပြိုင်နက် ဆာရောဘတ်က စွပ်စွဲချက်ခိုင်မာအောင် စုံစမ်းမေးမြန်းသင့်တဲ့သူတွေကို လိုက်လံမေးမြန်းခဲ့ပါတယ်။ ဒီလိုမေးမြန်းတဲ့အခါ တစ်ဂီကိုလည်း သိမ်သိမ်မွေ့မွေ့ မေးမြန်းခဲ့တာပါ။ တစ်ဂီရဲ့ဖြေကြားချက်အရ သူမဟာ မီးယပ်သားဖွားဆရာဝန်နဲ့ နှစ်ကြိမ်ပြခဲ့ရတယ်ဆိုတာ ပေါ်ပေါက်လာပါတယ်။ တစ်ကြိမ်က ၁၉၉၅ ခုနှစ် နွေဦးပေါက်မှာဖြစ်ပြီး နောက်တစ်ကြိမ်က ဆောင်းဦးမှာ ဖြစ်ပါတယ်။ အဲဒီလိုပြရခြင်းဟာလည်း အမျိုးသမီးရောဂါကြောင့် ဖြစ်တယ်လို့ ဖြေကြားခဲ့ပါတယ်။ ဆေးရုံကို နှစ်ကြိမ်သွားခဲ့ရတယ်ဆိုတာလည်း ပေါ်ပေါက်လာခဲ့ပါတယ်။

ဒါပေမယ့် ဆာရောဘတ်က နောက်ဆုံးအဖြေအနေနဲ့ သုံးသပ်ကောက်ချက်ချလိုက်တာကတော့ ဒိုင်ယာနာရဲ့ စွပ်စွဲချက်များဟာ အခြေအမြစ်မရှိဘူးလို့ ဆိုပါတယ်။ ကျွန်တော့်ဘော့စ်ထံကို ဆာရောဘတ်က စာနဲ့ ပြန်ကြားပေးခဲ့တာပါ။ တစ်ရက်မှာ ဘဲလ်သံကြားတဲ့အတွက် ကျွန်တော်ကိုယ်တိုင် တံခါးဖွင့်ပေးလိုက်တော့ ယူနီဖောင်းဝတ်ထားတဲ့ မင်းလုလင်တစ်ဦးက စာတစ်စောင် ကမ်းပေးတာကြောင့် ကျွန်တော် လက်ခံရယူခဲ့ပါတယ်။ ဘော့စ်ကိုပေးလိုက်တဲ့အချိန်မှာ ဘော့စ်က စာဖောက်တဲ့ ငွေဓားလေးနဲ့ သေသေချာချာ ဖောက်ပြီးတော့ ဖတ်ပါတယ်။ ပြီးတော့ 'အဓိပ္ပာယ်မရှိလိုက်တာ… ဖတ်ကြည့်စမ်းပါဦး ပေါလ်ရယ်'လို့ ပြောပြီး ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



ကို ကမ်းပေးပါတယ်။ ဆာရောဘတ် ရေးထားတာကတော့…

*'တစ်ဂီနဲ့ပတ်သက်ပြီး မင်းသမီးရဲ့ စွပ်စွဲချက်များဟာ လုံးဝအခြေအမြစ် မရှိဘူး ဆိုတာ တွေ့ရပါတယ်။ သူမနဲ့ ဝေလမင်းသားတို့ရဲ့ကြားမှာ သာမန်လုပ်ငန်းထက်ပိုတဲ့ ဆက်ဆံမှု မရှိဘူးဆိုတာ တွေ့ရပါတယ်။*

*'မင်းသမီးပြောတဲ့ ကလေးဖျက်တယ်ဆိုတဲ့နေ့ကလည်း တစ်ဂီဟာ ဝီလျံ၊ ဟယ်ရီတို့နဲ့အတူ ဟိုင်းဂရုဗ်စံအိမ်မှာ ရှိနေခဲ့တာ တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ အကောင်းဆုံး အကြံပြုချင်တာကတော့ မင်းသမီးအနေနဲ့ ခုလို အခြေအမြစ်မရှိတဲ့ စွပ်စွဲချက်များ မပြုလုပ်ဖို့ပါဘဲ။ လုပ်ငန်းအလယ်မှာ တစ်ဂီကို စွပ်စွဲလိုက်တဲ့ စွပ်စွဲချက်ဟာလည်း အင်မတန် မှားယွင်းတဲ့စွဲချက်ဖြစ်တယ်ဆိုတာ မင်းသမီး သိစေချင်ပါတယ်'*လို့ ရေးထားခဲ့ပါတယ်။

ဒီစာနဲ့အတူ ဆာရောဘတ်က သူ့ခယ်မကို ကိုယ်ရေးစာတစ်စောင်လည်း ပူးတွဲပေးခဲ့ပါတယ်။ အဲဒီစာမှာတော့ မင်းသမီးအနေနဲ့ ဒီလိုစွဲချက်မျိုး မလုပ်သင့်ကြောင်း ဖျောင်းဖျထားပါတယ်။ ဒါပေမယ့် မင်းသမီးကတော့ သူ ကြားသိထားတဲ့သတင်းဟာ မှန်ကန်တယ်လို့ပဲ ခံယူထားခဲ့ပါတယ်။

၁၉၉၅ ခုနှစ် ကုန်ဆုံးချိန်မှာ မင်းသမီးရဲ့ ကိုယ်ရေးအတွင်းရေးမှူးအဖြစ် နှစ်ရှည်လများ တာဝန်ထမ်းဆောင်ခဲ့တဲ့ ပက်ထရစ်ဂျပ်ဆင်က နုတ်ထွက်သွားခဲ့ပါတယ်။ တကယ်ဆိုရင် ပက်ထရစ်က မင်းသမီးနဲ့ တော်တော်လေး ရင်းနှီးကျွမ်းဝင်သူ ဖြစ်ပါတယ်။ တစ်ခါတုန်းက နန်းတွင်းပန်းထိမ်တော်ထံမှာ ပက်ထရစ်အတွက် မင်းသမီးအပ်ထားတဲ့ လက်ကြယ်သီးတစ်စုံကို ကျွန်တော်ကိုယ်တိုင် သွားရွေးပေးခဲ့ရဖူးပါတယ်။ မင်းသမီးနဲ့ ရင်းနှီးတဲ့အတွက် အပတ်စဉ် သောကြာနေ့ ညနေစောစော ရုံးဆင်းခွင့်ပြုပြီး တနင်္လာနေ့မနက်မှ ရုံးတက်စေပါတယ်။ ပက်ထရစ်ရဲ့ မိသားစုက ဒီဗွန်မှာ နေတာဖြစ်လို့ မိသားစုထံ ပြန်လို့ရအောင် မင်းသမီးက ဖန်တီးပေးထားခြင်းပါ။ ဒါပေမယ့် နောက်ပိုင်းမှာတော့ မင်းသမီးက ပက်ထရစ်ကို ပစ်ပယ်လာပါတယ်။ ပက်ထရစ် သိရမယ့် အကြောင်းအရာများကိုတောင် အသိမပေးတော့ပါဘူး။ စာပေးစာယူကိစ္စများကိုလည်း သူကိုယ်တိုင်သာ ကျွန်တော့်ဖက်စ်ကတစ်ဆင့် ဆောင်ရွက်လာခဲ့ပါတယ်။ ကိုယ်ရေးအတွင်းရေးမှူးတစ်ယောက်အနေနဲ့ သိသင့်သိထိုက်တာတွေကို မသိရတော့တဲ့အပြင် တစ်ဂီ အရေးအခင်းလိုဟာမျိုးမှာလည်း ပက်ထရစ် ဘာမှသိခွင့်မရခဲ့ပါဘူး။ နောက်ဆုံးမှာ မင်းသမီးက ပက်ထရစ်ကို လုံးဝအဆက်အဆံ မလုပ်တော့တဲ့ အခြေအနေကို ရောက်လာတာကြောင့် နုတ်ထွက်သွားခြင်း ဖြစ်ပါတယ်။ သူ နုတ်ထွက်သွားပြီဆိုတော့ သူ



ထမ်းဆောင်ခဲ့တဲ့ ကိုယ်ရေးအတွင်းရေးမှူးတာဝန်တွေကပါ ကျွန်တော့်ပခုံးပေါ် ရောက်လာပါတယ်။

တစ်ဂီအရေးအခင်း ပေါ်ပေါက်ပြီးတဲ့နောက်မှာ ဘာကင်ဟမ်နန်းတော်မှ မယ်တော်မိဖုရားကြီးကိုယ်တိုင်က တစ်ကွဲတစ်ပြားစီ ဖြစ်နေတဲ့ ဝေလမင်းသားနဲ့ မင်းသမီးတို့ရဲ့ အိမ်ထောင်ရေးကို အပြီးတိုင် ဖြေရှင်းဖို့ နည်းလမ်းဟာ ကွာရှင်းပြတ်စဲတဲ့ နည်းလမ်းသာရှိတော့တယ်လို့ ယူဆလာခဲ့ပါတယ်။

တကယ်တော့ ကွာရှင်းပြတ်စဲခြင်းဆိုတာဟာ မင်းသမီးရဲ့ ရင်ထဲမှာ ဘယ်တုန်းကမှ မရှိခဲ့တဲ့ စကားတစ်လုံး ဖြစ်ပါတယ်။ ချားလ်စ်မင်းသားနဲ့ ပေါင်းသင်းနေစဉ်ကာလမှာ ဒိုင်ယာနာက ထစ်ခနဲဆို ကွာမယ်ရှင်းမယ် ကြွေးကြော်ခဲ့ပေမယ့် သူ့ကြွေးကြော်သံဟာ ကလေးတစ်ယောက်က လိုချင်တာရအောင် မိဘများကို ဂျစ်တိုက်တဲ့ နည်းမျိုးသာ ဖြစ်ပါတယ်။ ခုလို တစ်ကွဲတစ်ပြားစီ နေနေရတာဟာ သူ့အတွက် အပြည့်အဝ လွတ်လပ်မှုရှိပြီး ပျော်သလို နေနိုင်ပေမယ့် ချားလ်စ်မင်းသားနဲ့ အပြီးတိုင် ကွာရှင်းပြတ်စဲရလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါဘူး။

ခရစ္စမတ်ပွဲတော်အတွက် သားတော်များနဲ့အတူ Samdringhan အိမ်တော်မှာ သွားရောက်တွေ့ဆုံဖို့ ရက်သတ္တပတ်အလိုမှာ 'ကွာရှင်းပြတ်စဲခြင်း'ဆိုတဲ့ စကားလုံး အသုံးအနှုန်းပါတဲ့ စာတစ်စောင်ကို ပထမဆုံးအကြိမ်အဖြစ် လက်ခံရရှိခဲ့ပါတယ်။ ဒီစာကို ခင်ပွန်းသည်ဖြစ်တဲ့ ချားလ်စ်မင်းသားက ရေးလိုက်ခြင်း မဟုတ်ပါဘူး။ ဘုရင်မကြီး ကိုယ်တိုင်က ရေးလိုက်ခြင်း ဖြစ်ပါတယ်။ စာလက်ခံရရှိတဲ့ ၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့ဟာ ဒိုင်ယာနာအတွက် အရိုက်ကို လက်သီးနဲ့ အထိုးခံလိုက်ရတဲ့ နေ့ပါပဲ။ ဝင်ဆာမျိုးရိုးများရဲ့ နုတ်ဖျားက 'ကွာရှင်းပြတ်စဲခြင်း' ဆိုတာ ဘယ်တော့မှ မိန့်ခြွေခြင်းမရှိခဲ့ဖူးပေမယ့် ဒီတစ်ကြိမ်မှာတော့ ကြားကြရပါပြီ။

ဘုရင်မကြီးအနေနဲ့ ဒိုင်ယာနာ ရင်ဖွင့်ပြောကြားတဲ့ စာအုပ်တစ်အုပ်ကို ဖတ်ခဲ့ရပြီး ဖြစ်သလို သားတော်မောင် ချားလ်စ်မင်းသားရဲ့ ရင်ဖွင့်သံကိုလည်း ဖတ်ခဲ့ရပြီး ဖြစ်ပါတယ်။ ထို့နည်းအတူ ရုပ်မြင်သံကြား အစီအစဉ်ကတစ်ဆင့် သားတော်မောင်ရဲ့ အိမ်ထောင်ရေး ဖောက်ပြန်မှုဝန်ခံချက်ကို ကြားခဲ့ရပြီး ဖြစ်သလို ချွေးမတော်ရဲ့ ပြောကြားချက် များကိုလည်း နားဆင်ရပြီး ဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ဝေလ မင်းသားနဲ့ မင်းသမီးတို့ကြား ဘယ်လိုမှ ပြေလည်အောင် ဖျန်ဖြေညှိနှိုင်း ပေးလို့ မရနိုင်တော့ဘူးဆိုတာကို သိရှိနားလည်လာတဲ့အတွက် ဗြိတိန်နိုင်ငံကို စီမံ

www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်နေသူတစ်ဦးအနေနဲ့ ဝေလမင်းသား၊ မင်းသမီးတို့ရဲ့ အိမ်ထောင်ရေးမှာ ဝင်ပါလာခြင်း ဖြစ်ပါတယ်။ မင်းမှုထမ်းတစ်ဦး လာပို့တဲ့စာကို ကျွန်တော်ယူပြီး မင်းသမီးရဲ့ စာဖတ်ခန်းထဲမှာ သွားပေးခဲ့ပါတယ်။ ပြီးတော့ ထုံးစံအတိုင်း ကျွန်တော့် ရုံးခန်းထဲမှာ လုပ်စရာရှိတာ လုပ်နေတုန်း ကြားနေကျ အသံဖြစ်တဲ့ ‘ပေါလ်ရေ… လာပါဦး’ ဆိုတဲ့ ခေါ်သံကို ကြားလိုက်ရပါတယ်။

ကျွန်တော် ရောက်သွားချိန်မှာ မင်းသမီးက ဆိုဖာပေါ်မှာ ခြေပစ်လက်ပစ် ထိုင်နေပြီး မျက်ရည်ဝဲနေတာကို တွေ့ရပါတယ်။ ဝဲလာတဲ့မျက်ရည် စီးကျမသွားအောင် မျက်တောင်ခတ်လိုက်ပြီး ‘ဟော ဟိုစာ သွားဖတ်ကြည့်လိုက်ပါဦး’ လို့ ဆိုပါတယ်။

စားပွဲပေါ်မှာ ဖြန့်ထားတဲ့စာကို ကျွန်တော် ကြည့်လိုက်တော့ ဝင်ဆာနန်းတော် တံဆိပ်တော် ခတ်နှိပ်ထားတာကို တွေ့ရပါတယ်။ လက်ရေးနဲ့ ရေးထားတဲ့စာကို ကြည့်လိုက်တော့ ကျွန်တော် အင်မတန်ရင်းနှီးပြီးသားဖြစ်တဲ့ ဘုရင်မကြီးရဲ့ လက်ရေးဖြစ်တာကို တွေ့လိုက်ရပါတယ်။ စာရဲ့အစမှာ ‘အချစ်ဆုံး ဒိုင်ယာနာ…’ လို့ အစချီပြီး အဆုံးမှာ ‘အချစ်များစွာနဲ့ မေမေ’ လို့ အဆုံးသတ်ထားပါတယ်။ ဒီစာဟာ ကျွန်တော် ဘုရင်မကြီးထံပါးမှာ အမှုထမ်းစဉ်ကာလတုန်းက ဖတ်ခဲ့ရတဲ့ ဘယ်စာနဲ့မှ မတူပါဘူး။ ဖတ်ရမှာကိုလည်း ဝန်လေးနေမိပါတယ်။

ကျွန်တော် ရှိနေတဲ့နေရာက မင်းသမီးရဲ့ ကျောဘက်မှာပါ။ သူ ဘယ်လောက် စိတ်ထိခိုက်နေမယ်ဆိုတာ ကျွန်တော် သိတာကြောင့် ဘယ်လိုနှစ်သိမ့်ပေးရမလဲ ဆိုတာကို အပြေးအလွှား စဉ်းစားရပါတယ်။ ‘ဘော့စ်… ဒီစာဟာ ထိပ်တန်း လျှို့ဝှက်စာတစ်စောင် ဖြစ်တဲ့အတွက် ကျွန်တော် ဖတ်ဖို့ မသင့်ဘူး ထင်ပါတယ်’ လို့ဆိုတော့ ဘော့စ်က ‘အို… ဖတ်မှာဖတ်စမ်းပါ ပေါလ်ရယ်၊ အခု ကျွန်မ ဘယ်လို လုပ်ရမလဲ။ လူတွေက ဘယ်လိုထင်ကြမလဲ’ လို့ ပြောပြီး သက်ပြင်းချလိုက်ပါတယ်။

ကျွန်တော် စာဖတ်နေစဉ်အတွင်းမှာ ဘော့စ်က ဆိုဖာပေါ်က ထလာပြီး ‘ကြည့်စမ်းပါဦး ပေါလ်ရယ်… ကျွန်မတို့ ကွာရှင်းပြတ်စဲဖို့ ကျွန်မယောက္ခမ ကြီးက ဝန်ကြီးချုပ်တို့၊ သာသနာပိုင်ချုပ်တို့နဲ့ ဆွေးနွေးပြီးပြီတဲ့။ ကာယကံရှင်ဖြစ်တဲ့ ကျွန်မနဲ့ ဆွေးနွေးဖို့ မလိုတော့ဘူးတဲ့လား’ လို့ ဆိုပါတယ်။

မင်းသမီးအနေနဲ့ ကာယကံရှင်ဖြစ်တဲ့ သူနဲ့မဆွေးနွေးမီမှာ သာသနာပိုင်ချုပ်၊ ဝန်ကြီးချုပ်တို့နဲ့ ဦးစွာဆွေးနွေးခြင်းကို ဘဝင်မကျ ဖြစ်နေပါတယ်။ ဘာသာရေးအရ ကန့်သတ်ထားတာ၊ နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပိတ်ပင်ထားတာတွေက ပိုအရေးကြီးသလား။ သူ့အတွက်နဲ့ ကလေးတွေအတွက်က အရေးမကြီးတော့ဘူး



လားလို့ တဖျစ်တောက်တောက်ဆိုရင်း ခံပြင်းနေပါတယ်။

‘ကြည့်စမ်းပါဦး… ရေးထားလိုက်တာ။ တိုင်းသူပြည်သားတွေအတွက်တဲ့။ ကျွန်မအတွက်က မပါတော့ဘူးလား။ ကျွန်မကလေးတွေ အတွက်ကော မစဉ်းစား ကြတော့ဘူးလား’ လို့လည်း ဆိုပါတယ်။

လက်ထပ်စဉ်တုန်းကလည်း ချားလ်စ်မင်းသားအတွက် လိုအပ်ချက်တစ်ခု တည်းကိုသာ ထည့်စဉ်းစားခဲ့ကြပြီး အခု ကွာရှင်းတော့မယ်ဆိုတော့လည်း ဒိုင်ယာနာ အတွက် စဉ်းစားစရာမလိုဘဲ ဘာသာရေး၊ နိုင်ငံရေးအရ စဉ်းစားနေကြခြင်းက အိမ်ထောင်တစ်ခုကို စီးပွားရေးလုပ်ငန်းတစ်ခု လုပ်သလို လုပ်နေကြတာနဲ့ တူ တယ်လို့ သူက ယူဆပါတယ်။ ဒါကြောင့် မင်းသမီးက ဘာကင်ဟမ်ရွှေနန်းတော် ကို တယ်လီဖုန်းဆက်သွယ်ပြီး ဘုရင်မကြီးနဲ့ ဖုန်းစကားပြောခွင့် တောင်းခံခဲ့ပါ တယ်။ ရိုရိုကျိုးကျိုး လေးလေးစားစားနဲ့ ယောက္ခမဖြစ်သူကို မေးမြန်းပြောဆိုတဲ့ အခါ ဘုရင်မကြီးကလည်း အေးဆေးညင်သာစွာနဲ့ သူမအနေနဲ့ ကွာရှင်းပြတ် စဲရေးကို အလောသုံးဆယ် ဆုံးဖြတ်မှာ မဟုတ်ကြောင်း ပြန်ကြားပြောဆိုခဲ့ပါတယ်။

ဘုရင်မကြီးက ဘယ်လိုပဲ နားချသည်ဖြစ်စေ၊ ဒိုင်ယာနာကတော့ သူမဘက်မှာ လုံခြုံမှုမရှိတော့ဘူးဆိုတာ နားလည်လာတဲ့အတွက် စာရေးစားပွဲမှာထိုင်ပြီး ဘုရင်မ ကြီးထံကို စာတစ်စောင် ရေးခဲ့ပါတယ်။ ကွာရှင်းပြတ်စဲဖို့ဆိုတာ ရုတ်တရက် မဖြစ်နိုင်သေးဘဲ သူမအနေနဲ့ အချိန်ယူဖို့ လိုအပ်သေးတယ်ဆိုတဲ့အကြောင်း ရေးသား ခဲ့ခြင်းပါ။ ဘုရင်မကြီးက ချွေးမတော်ကို ရုတ်တရက် မဆုံးဖြတ်သေးပါဘူးလို့ တယ်လီဖုန်းနဲ့ ပြောခဲ့ပေမယ့် နောက်တစ်နေ့ မနက်မှာတော့ ချားလ်စ်မင်းသားထံမှ စာတစ်စောင် ဒိုင်ယာနာထံသို့ တိုက်ရိုက်ရောက်ရှိလာခဲ့ပါတယ်။ ကွာရှင်းပြတ်စဲ ပေးဖို့ တောင်းဆိုလိုက်ခြင်းပါ။

ဒီတစ်ကြိမ်မှာလည်း စာဖတ်ကြည့်ပါဦးလို့ မင်းသမီးက ဖိတ်ခေါ်ခဲ့ပြန်ပါ တယ်။ ချားလ်စ်မင်းသား ရေးထားတဲ့ စာထဲမှာ သူတို့နှစ်ယောက်ရဲ့ အိမ်ထောင် ရေးဟာ ပြန်ပြင်လို့မရအောင် ပြိုကျပျက်စီးခဲ့ပြီဖြစ်ကြောင်း၊ ဒီကိစ္စဟာ နှစ်ယောက် စလုံးအတွက်သာမက တိုင်းသူပြည်သား အားလုံးအတွက်ပါ ဝမ်းနည်းကြေကွဲ ဖွယ်ရာ ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း ဖော်ပြထားပါတယ်။ မင်းသားက ဒီအခြေအနေ မျိုးမှာ တစ်ယောက်နဲ့ တစ်ယောက် ဆက်လက်လှည့်စားနေဖို့ မလိုအပ်တော့ဘဲ ကွာရှင်းပြတ်စဲခြင်း ပြုလုပ်ကြဖို့ အဆောတလျင် လိုအပ်နေပြီလို့လည်း ရေးသား ခဲ့ပါတယ်။ ဒီစာနဲ့ပတ်သက်ပြီး ဒိုင်ယာနာက ချားလ်စ်မင်းသားအနေနဲ့ ဒီစာကို ရေးခဲ့ရတာဟာ စိန့်ဂျိမ်းစ်နန်းတော် တစ်ခုတည်းသာမက ဘာကင်ဟမ်နန်းတော်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖိအားပါ ပါဝင်နေတယ်လို့ သုံးသပ်ခဲ့ပါတယ်။

ဒိုင်ယာနာက ဝင်ဆာနန်းတော်မှ ရောက်လာတဲ့စာနဲ့ ဟိုင်းဂရုဗ်စံအိမ်မှ ရောက်လာတဲ့ စာတို့ကို စားပွဲပေါ်မှာ ယှဉ်ထားလိုက်ပါတယ်။ ဝင်ဆာနန်းတော်မှ စာက အနီရောင်တံဆိပ် ခတ်နှိပ်ထားပြီး ဟိုင်းဂရုဗ်စံအိမ်မှ စာကတော့ အပြာရောင်တံဆိပ် ခတ်နှိပ်ထားပါတယ်။ 'ဒီစာနှစ်စောင်ကို ယှဉ်ကြည့်စမ်း၊ ထူးခြားတာ ဘာတွေ့ရသလဲ'လို့ မင်းသမီးက မေးပေမယ့် ကျွန်တော့်အနေနဲ့ ရှာမတွေ့ပါဘူး။ ဒီတော့မှ မင်းသမီးက လက်ညှိုးထောက်ပြီး ဘာကင်ဟမ်နန်းတော်ရဲ့ စာတစ်ကြောင်းကိုပြပါတယ်။ ဟိုင်းဂရုဗ်စံအိမ်က စာမှာပါတဲ့ စာတစ်ကြောင်းကိုလည်း ထောက်ပြပြန်ပါတယ်။ ဒီစာနှစ်ကြောင်းရဲ့ အသုံးအနှုန်းက ထပ်တူထပ်မျှ ဖြစ်နေပါတယ်။ 'တော်ဝင်အိမ်ထောင်ရေးရဲ့ ရှုပ်ထွေးပွေလီမှုနဲ့ ဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်ရပ်'ဆိုတဲ့ စကားလုံးက စာနှစ်စောင်စလုံးမှာ ထပ်တူထပ်မျှ ပါဝင်နေပါတယ်။ 'ဒါကိုကြည့်ရင် စာနှစ်စောင်စလုံးကို ရေးပေးတဲ့ ပုဂ္ဂိုလ်ဟာ တစ်ယောက်တည်း ဖြစ်တယ်ဆိုတာ သိနိုင်တယ်'လို့ မင်းသမီးက ဆိုပါတယ်။ အင်မတန် စိတ်ညစ်စရာကောင်းတဲ့ အခြေအနေမျိုးမှာတောင် ဇေ့ဇေ့စပ်စပ် လေ့လာသုံးသပ်နိုင်တဲ့ သူ့ဉာဏ်ကို ကျွန်တော် အံ့သြရပါတယ်။ 'သူတို့စိတ်ထဲမှာ ကျွန်မဟာ တော်တော် တုံးတဲ့မိန်းမလို့ ယူဆနေကြပုံရတယ်'လို့လည်း ဆိုခဲ့ပါတယ်။

မင်းသမီးက စာရေးစားပွဲမှာ ထိုင်လိုက်ပြီး သူ့ခင်ပွန်းထံကို စာတစ်စောင် ပြန်ကြားပါတယ်။ ဒေါသဖြစ်နေတာကြောင့် စာရေးဖို့ တော်တော် အချိန်ယူရပါတယ်။ စာပါအကြောင်းအရာကတော့ သူမအနေနဲ့ အဆောတလျင် ကွာရှင်းပြတ်စဲဖို့ သဘောမတူကြောင်း ရေးသားလိုက်ခြင်းပါပဲ။

❑

အဲဒီရက်သတ္တပတ်အတွင်းမှာ မင်းသမီးအတွက် ကျုံးခန်းတွေ များနေတယ်လို့ ဆိုရပါလိမ့်မယ်။ တစ်ဂိုနဲ့ ပတ်သက်ပြီး စွဲချက်တင်ခဲ့တာတွေဟာ သဲထဲရေသွန် ဖြစ်ခဲ့ရသလို ယောက္ခမနဲ့ ခင်ပွန်းထံမှ ကွာရှင်းပြတ်စဲဖို့ စာတွေကလည်း ရှေ့ဆင့်နောက်ဆင့် ရောက်လာခဲ့ကြတာကိုး။ မင်းသမီးခမျာ ဒီရက်သတ္တပတ်အတွင်းမှာ စိတ်ထိခိုက်ပြီး တော်တော်လေး ချုံးသွားခဲ့ပါတယ်။ သူ အင်မတန်ချစ်ခဲ့တဲ့ ချားလ်စ်မင်းသားက ကွာရှင်းပြတ်စဲကြဖို့ ဆိုလာပြီ မဟုတ်လား။ တကယ်တော့ ခုလို လမ်းခွဲကြပြီး မြွေမသေ တုတ်မကျိုးနေကြမယ်ဆိုရင် နေလို့ရပေမယ့် မင်းသမီးဘက်က အင်ဒရူးမော်တန်နဲ့ စာအုပ်တစ်အုပ်ရေးပြီး ထုတ်ဝေခဲ့သလို ရုပ်မြင်သံကြား အစီအစဉ်ကတစ်ဆင့် အင်တာဗျူးထုတ်လွှင့်ခဲ့တာကြောင့် ချားလ်စ်မင်းသားဘက်မှာ



ထိခိုက်သင့်သလောက် ထိခိုက်သွားခဲ့ပါတယ်။ အဲဒီထိခိုက်မှုတွေကို ချေပဖို့ကတော့ တရားဝင် ကွာရှင်းပြတ်စဲလိုက်ခြင်းသာ ဖြစ်လိမ့်မယ်လို့ ချားလ်စ်ဘက်ကလည်း ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်ပုံရပါတယ်။ တကယ်တော့ ဒိုင်ယာနာဟာ ဘယ်သူမပြု မိမိမှုဆိုသလို သူ လုပ်ခဲ့တဲ့ကိစ္စတွေကြောင့်သာ ချားလ်စ်ဘက်က အလျှင်စလို ကွာရှင်းပြတ်စဲဖို့ တောင်းခံလာခြင်းပါပဲ။

ဒီကြားထဲမှာ ချားလ်စ်နဲ့ ဒိုင်ယာနာတို့ ကွာရှင်းပြတ်စဲရေးအတွက် ညှိနှိုင်းကြဖို့ စဉ်းစားကြပါတယ်။ ဒိုင်ယာနာက ဘယ်သူမှမပါဘဲ နှစ်ယောက်ချင်း ဆွေးနွေးလိုတယ်ဆိုပေမယ့် ချားလ်စ်မင်းသားကတော့ ကြားမှာ တစ်ယောက်ယောက် ထိုင်ပြီး မှတ်တမ်းတင်ပေးဖို့ လိုလိမ့်မယ်လို့ ယူဆပါတယ်။ အဲဒီလိုနဲ့ လိပ်ခဲတင်းလည်း ဖြစ်ရင်းပဲ ၁၉၉၅ ခုနှစ်ဟာ ကုန်ဆုံးသွားခဲ့ပါတယ်။ ချားလ်စ်မင်းသားက ကွာရှင်းပြတ်စဲဖို့သာ တောင်းဆိုနေပြီး ဒိုင်ယာနာကတော့ ကွာရှင်းပေးဖို့ ငြင်းဆိုနေဆဲပါ။

ဒီအခြေအနေမှာ ဒိုင်ယာနာဟာ တော်တော်ကြီး စိတ်ကျသွားပါတယ်။ သူ့အတွက် ရင်ဖွင့်စရာဆိုလို့ ကျွန်တော်တစ်ဦးတည်းပဲ ရှိပါတယ်။ ဆိုဖာရှည်ပေါ်မှာ လှဲအိပ်ရင်း တရှိုက်ရှိုက် ငိုကြွေးနေတတ်ပါတယ်။ အဲဒီအခါမျိုးမှာ ဘဏ္ဍာစိုးဖြစ်တဲ့ ကျွန်တော့်အနေနဲ့ ဘာလုပ်ရမှန်း မသိအောင်ပါ။ အနားမှာ ရပ်နေရမှာလား၊ သို့တည်းမဟုတ် မသိလိုက် မသိဘာသာ ရုံးခန်းထဲမှာပဲ သွားထိုင်နေရမှာလား၊ မဝေခွဲတတ်အောင် အကြိမ်ကြိမ် အခါခါ ဖြစ်ခဲ့ရပါတယ်။

ဒါပေမယ့် ဒိုင်ယာနာဟာ သူ့သားကြီးဖြစ်တဲ့ ဝီလျံရှိတဲ့အချိန်မှာတော့ ဘယ်တော့မှ ငိုကြွေးခြင်း မပြုပါဘူး။ တစ်ယောက်တည်း ရှိနေတဲ့အခါမှ ငိုတာပါ။ ဘာမှလုပ်မပေးတတ်တဲ့ ကျွန်တော့်အနေနဲ့ မျက်ရည်သုတ်စရာ စက္ကူဘူးတွေ ချပေးရုံကလွဲလို့ ဘာမှမတတ်နိုင်ပါဘူး။ တကယ်တော့ ကျွန်တော့်ရင်ထဲမှာ ကျွန်တော့်ဘော့စ် ငိုနေတာကို ဘယ်တော့မှ မမြင်လိုပါဘူး။ ပေးမကူညီမယ့်သူ မရှိရှာတဲ့ မိန်းမသားတစ်ယောက် ငိုကြွေးနေတာကို ကျွန်တော် မကြည့်ရက်တာ အမှန်ပါပဲ။ မင်းမှုထမ်းတစ်ဦးသာဖြစ်တဲ့ ကျွန်တော့်အနေနဲ့ ရှေ့မင်းသမီးကို နှစ်သိမ့်မှုပေးဖို့ဆိုတာကလည်း လားလားမျှ မအပ်စပ်တဲ့ကိစ္စပါ။ ဘုရင်မကြီးရဲ့အပါးမှာ ကျွန်တော် နှစ်ရှည်လများ တာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။ ဒါပေမယ့် အခု ကျွန်တော့်ရှေ့မှာ မြင်တွေ့နေရတဲ့ ဒိုင်ယာနာလို ဝမ်းနည်းပူဆွေးတဲ့ ငိုကြွေးမှုမျိုး တစ်ခါမှ မပြုခဲ့ဖူးပါဘူး။ ရှောင်ထွက်သွားလို့လည်း မရနိုင်တဲ့အဆုံးမှာ ကျွန်တော်ဟာ မင်းသမီးအပါးမှာ ထိုင်ပြီး မင်းသမီးရဲ့နောက်မှာ ဗြိတိန်လူထု တစ်ရပ်လုံး ရှိကြကြောင်း၊ အားလုံး အဆင်ပြေသွားမှာ ဖြစ်ကြောင်း အားပေးစကား ဆိုရပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ နောက်ဆုံးမှာတော့ ရုပ်မြင်သံကြားက လွှင့်ထုတ်တဲ့ Brief Encounter အစီအစဉ်ကို ကြည့်ရင်း တစ်နေ့တာ အဆုံးသတ်ကြရပါတယ်။

ဘော့စ်နဲ့ကျွန်တော် နီးစပ်လာလေ ဘော့စ်ရဲ့စိတ်ဓာတ်မာကြောမှုကို သိလာလေ ဖြစ်တဲ့အတွက် ကွာရှင်းပြတ်စဲမှုဟာလည်း အချိန်ကာလ ကြာမြင့်လာတာနဲ့ အမျှ သူ့ကို ကုစားသွားနိုင်လိမ့်မယ်ဆိုတာ ယုံကြည်လာခဲ့ပါတယ်။ ညနေ ရုံးဆင်းချိန် အိမ်ပြန်သွားရပေမယ့် ဘော့စ်ကို အထီးကျန် တစ်ယောက်တည်း ထားခဲ့ရတာ ကျွန်တော် စိတ်မကောင်းပါဘူး။ တစ်ခါတလေ နံနက် ၂ နာရီ၊ ၃ နာရီလောက် သူ့ အိပ်ရာက နိုးနေပြီး စကားပြောချင်တဲ့အခါ တယ်လီဖုန်းကတစ်ဆင့် ကျွန်တော် နားထောင်ပေးရပြန်ပါတယ်။ မနက်စောစောစော မစားခင် ကျွန်တော် လုပ်ငန်းခွင် ဝင်ရတာပါ။

အဲဒီနှစ် ခရစ္စမတ်ကာလမှာ မင်းသမီးက ကျွန်တော့်ကို စာတစ်စောင် ရေးပေးခဲ့ပါတယ်။ ၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့ နေ့စွဲနဲ့ ရေးထားတဲ့စာကို ကျွန်တော် ခုထက်ထိ အမြတ်တနိုး သိမ်းဆည်းထားဆဲပါ။ ဘာကင်ဟမ်နန်းတော်ကြီးကို ကျွန်တော် ငယ်စဉ်က မိဘများနဲ့အတူ အလည်လာကြည့်ရင်း တစ်ချိန်မှာ မင်းမှုထမ်းဖြစ်ချင်တယ်လို့ ကလေးပီပီ စိတ်ကူးယဉ်ခဲ့တဲ့ ကျွန်တော်ဟာ ဘုရင်မကြီးအပါးမှာ ခစားရတဲ့ မင်းမှုထမ်းတစ်ဦး ဖြစ်ခဲ့သလို ဝေလမင်းသမီးရဲ့ အရင်းနှီးဆုံး ပုဂ္ဂိုလ်တစ်ယောက်လည်း ဖြစ်လာခဲ့တာဟာ ကျွန်တော့်ဘဝမှာ ပြန်စဉ်းစားကြည့်တော့ အိပ်မက်တစ်ခုလိုပါပဲ။ ဒိုင်ယာနာ ရေးခဲ့တဲ့ အဲဒီစာကို ကျွန်တော် အကြိမ်ပေါင်းများစွာ ဖတ်ခဲ့ပြီးပါပြီ။ ကျွန်တော့်ဘဝရဲ့ အခက်ခဲဆုံးကာလတွေမှာ ဖတ်လိုက်ရင် ကျွန်တော့်ကို ခွန်အားရစေတဲ့ စာတစ်စောင်လည်း ဖြစ်ခဲ့ပါတယ်။ သူ ရေးခဲ့တဲ့ စာကတော့…

*'ဒီစာကို ကျွန်မ ရေးသင့်တာကြာပါပြီ။ သြဂုတ်လကတည်းက ကျွန်မဘဝမှာ အကျပ်အတည်းတွေ ကြုံတဲ့အချိန် ရှင် အနားမှာနေပြီး မားမားမတ်မတ် ရပ်ပေးခဲ့တာဟာ ကျွန်မအတွက် ခွန်အားတစ်ရပ် ဖြစ်စေခဲ့ပါတယ်။ ကျွန်မ မျက်ရည်ကျရတဲ့အချိန် ရှင် ရှိနေခြင်းဟာ တန်ဖိုးမဖြတ်နိုင်တဲ့ ရပ်တည်မှုတစ်ခု ဖြစ်ပါတယ်။ အဲဒီကျေးဇူးတွေအတွက် ကျွန်မရင်ထဲက လှိုက်လှိုက်လှဲလှဲ အသိအမှတ်ပြုပါကြောင်း ပြောပါရစေ။ လာမယ့် ၁၉၉၆ ခုနှစ်ဟာ ပျော်ရွှင်စရာကောင်းတဲ့နှစ် ဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ် ပေါလ်။ မေတ္တာများဖြင့် ဒိုင်ယာနာ'*

လို့ ရေးခဲ့တာပါ။

□

www.burmeseclassic.com



**ဒိုင်ယာနာကတော့ သူ့ခင်ပွန်းအပေါ်မှာ နောက်ဆုံးအချိန်အထိ မျှော်လင့်ချက်ထားနေခဲ့ပါ။ ဖက်တွယ်ထားတဲ့ အိမ်ထောင်ရေးကို သူ လက်လွှတ်ရတော့မှာပါ။ အဲဒီအချိန်ထိ ဒိုင်ယာနာဟာ ချားလ်စ်မင်းသားကို အချစ်မပြယ်နိုင်သေးပါဘူး။ ချစ်နေလျက်နဲ့ လမ်းခွဲဖို့ အတင်းအကျပ် တိုက်တွန်းခံရတယ်လို့ သူမ ယုံကြည်ခဲ့ပါတယ်။ တကယ်ဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ညှိနှိုင်းလို့မရနိုင်လောက်အောင် ဖြစ်ခဲ့ပြီဆိုတာကို ဒိုင်ယာနာက စောင်ခဲ့ခြင်း ဖြစ်ပေမယ့် သူ့စိတ်ထဲမှာ ချစ်စိတ်ကတော့ မကုန်ခဲ့ပါဘူး။**

# အခန်း (၁၀)

# ကွာရှင်းပြတ်စဲခြင်း

မယ်တော်ဘုရင်မကြီးနဲ့ မျက်နှာချင်းဆိုင် နှစ်ယောက်ချင်း တွေ့ခွင့်ရချိန်မှာ ဒိုင်ယာနာက ရုပ်မြင်သံကြားအစီအစဉ်များမှာ ချားလ်စ်မင်းသားကိုယ်တိုင် သူဟာ ကယ်မီလာပါကာဘိုးလ်စ်နဲ့ အိမ်ထောင်ရေး ဖောက်ပြန်ခဲ့ပါကြောင်း ဝန်ခံချက်ပေးပြီးကတည်းက မေးချင်နေတဲ့မေးခွန်းကို မေးခွင့်ရလိုက်ပါတယ်။ အဲဒီမေးခွန်းကတော့ 'မင်းသားက အဲဒီလို ဝန်ခံလိုက်တာဟာ နောက်အိမ်ထောင်ပြုမယ်ဆိုတဲ့ သဘောလား' ဆိုတဲ့အမေးပါပဲ။

ဘုရင်မကြီးက 'မယ်မယ့်အထင်တော့ အဲဒီလိုဟုတ်မယ် မထင်ပါဘူး' လို့ ဖြေကြားခဲ့ပါတယ်။

မယ်တော်ဘုရင်မကြီးနဲ့ တွေ့ခွင့်ရလိုက်ချိန်မှာ ကျွန်တော့်ဘော့စ်က ကွာရှင်းပြတ်စဲလိုက်ရင်ဖြင့် သူ့ရှေ့ရေးဟာ မရေမရာ ဖြစ်တော့မယ်ဆိုတာကို တွေးပူနေတဲ့အကြောင်းတွေ ဖွင့်ပြောနိုင်ခဲ့ပါတယ်။

အဲဒီနေ့က ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့ ဖြစ်ပါတယ်။ ဒိုင်ယာနာနဲ့ ဘုရင်မကြီးတို့ ညှိနှိုင်းဆောင်အတွင်းမှာ ချားလ်စ်မင်းသားနဲ့ပတ်သက်ပြီး မျှော်လင့်ချက် ကုန်ဆုံးသွားပြီဖြစ်တဲ့အတွက် ကွာရှင်းပြတ်စဲခြင်းသာ နောက်ဆုံးဖြေရှင်းနိုင်မယ့်နည်း ဖြစ်တယ်ဆိုတာ ပြတ်ပြတ်သားသား ပြောဆိုကြတဲ့နေ့ ဖြစ်ပါတယ်။ အဲဒီနေ့မတိုင်ခင် တစ်ရက်တုန်းက Valentine Day ဖြစ်တဲ့အတွက် စိမ်းကားရက်စက်တဲ့ ခင်ပွန်းဖြစ်သူထံကို ဒိုင်ယာနာက Valentine ကတ်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ပို့ခဲ့ပါသေးတယ်။ 'အချစ်များဖြင့်… ဒိုင်ယာနာ' လို့ လက်မှတ်ထိုးခဲ့တာပါ။ တကယ်ဆိုရင် သူတို့နှစ်ယောက်ကြားမှာ မြားနတ်မောင်က မင်ရည်ကျဲခဲ့ပါပြီ။ ဘယ်သူမှ ကူညီနိုင်းလို့ မရနိုင်တော့တဲ့ အခြေအနေ ဖြစ်ပေမယ့် ဒိုင်ယာနာကတော့ သူ့ခင်ပွန်းအပေါ်မှာ နောက်ဆုံးအချိန်အထိ မျှော်လင့်ချက်ထားနေဆဲပါ။ ဖက်တွယ်ထားတဲ့ အိမ်ထောင်ရေးကို သူ လက်လွှတ်ရတော့မှာပါ။ အဲဒီအချိန်ထိ ဒိုင်ယာနာဟာ ချားလ်စ်မင်းသားကို အချစ်မပြယ်နိုင်သေးပါဘူး။ ချစ်နေလျက်နဲ့ လမ်းခွဲဖို့ အတင်းအကျပ် တိုက်တွန်းခံရတယ်လို့ သူမ ယုံကြည်ခဲ့ပါတယ်။ တကယ်ဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ညှိနှိုင်းလို့မရနိုင်လောက်အောင် ဖြစ်ခဲ့ပြီဆိုတာကို ဒိုင်ယာနာက စတင်ခဲ့ခြင်း ဖြစ်ပေမယ့် သူ့စိတ်ထဲမှာ ချစ်စိတ်ကတော့ မကုန်ခဲ့ပါဘူး။

ဘုရင်မကြီးနဲ့ ဒီကိစ္စကို ဆွေးနွေးခွင့်ရခဲ့တာဟာ ပထမဆုံးအကြိမ်ပါ။ ကွာရှင်းပြတ်စဲကြဖို့ မယ်တော်မိဖုရားကြီးထံမှ စာနဲ့ ချားလ်စ်မင်းသားထံမှ စာ ရရှိပြီးနောက်မှာ ယောက္ခမဖြစ်သူ ဘုရင်မကြီးနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးခွင့်ရခဲ့ခြင်းလည်း ဖြစ်ပါတယ်။ 'ကျွန်မအနေနဲ့ ကွာရှင်းပြတ်စဲခြင်း မပြုချင်ပါဘူး။ ချားလ်စ်ကို ခုထက်ထိလည်း ချစ်နေဆဲပါ။ ဖြစ်ခဲ့သမျှ ကိစ္စအားလုံးဟာလည်း ကျွန်မအပြစ်တစ်ခုမှ မပါခဲ့ပါဘူး' လို့ ဒိုင်ယာနာက လျှောက်တင်ခဲ့ပါတယ်။ ဒီလို ပွင့်ပွင့်လင်းလင်း လျှောက်တင်လိုက်ခြင်းဟာ သူ့ဘက်က သဘောထားကို ရှင်းလင်းပြတ်သားအောင် ပြောလိုက်ခြင်းပါပဲ။ သူတို့နှစ်ယောက်ရဲ့ ဆွေးနွေးမှုဟာ ကုန်သည်နှစ်ယောက် ဆွေးနွေးသလို ပြတ်သားတယ်ဆိုပေမယ့် မိတ်ဆွေများ ဆုံတွေ့သလို ရင်းနှီးနွေးထွေးမှုတော့ ရှိပါတယ်။ ခုလို တစ်ယောက်နဲ့တစ်ယောက် ပြတ်ပြတ်သားသား ပြောနေကြရတဲ့ အကြောင်းရင်းကတော့ မိသားစုအရေး နှစ်ကိုယ်ကြား ဆွေးနွေးတဲ့နေရာမှာ ဘုရင်မကြီးရဲ့ ကိုယ်ရေးအတွင်းရေးမှူးဖြစ်တဲ့ ရော်ဘင်ဂျန်ဗရင်က အပါးမှာထိုင်ပြီး နှစ်ယောက်သား ပြောသမျှကို မှတ်တမ်းတင် ရေးမှတ်နေခြင်းကြောင့်ပါ။ ဘာကင်ဟာမ်ရွှေနန်းတော်ဘက်က ဒိုင်ယာနာအနေနဲ့ ကင်စတန်နန်းတော်ကို ပြန်ရောက်တာနဲ့ တစ်ပြိုင်နက် မီဒီယာတွေကို ခေါ်ပြီး အလုံးစုံ ဖောက်သည်ချလိုက်မှာကိုလည်း စိုးရိမ်တဲ့အတွက် မှတ်တမ်းတင်နေခြင်း ဖြစ်ပါတယ်။

ဘုရင်မကြီးက သူ့အပါးမှာ ကိုယ်ရေးအတွင်းရေးမှူးကို ခေါ်ထားခဲ့သလို ဒိုင်ယာနာကလည်း ကင်စတန်နန်းတော်ကို ပြန်ရောက်ရောက်ချင်းမှာပဲ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် ပြောခဲ့သမျှကို မကြွင်းမကျန် ကျွန်တော့်အား ပြန်ပြော



ခဲ့တာပါပဲ။

မင်းသမီးက ပြိုကွဲပျက်စီးသွားတဲ့ သူ့အိမ်ထောင်ရေးအကြောင်း ရင်ဖွင့်ပြောကြားချိန်မှာ ဘုရင်မကြီးက စာနာထောက်ထားစွာနဲ့ နားထောင်ပေးခဲ့ပါတယ်။ ခုမှသာ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ဘုရင်မကြီးအနေနဲ့ သားတော်နဲ့ ချွေးမတော်တို့ရဲ့ အိမ်ထောင်ရေးကိစ္စ အဆင်ပြေအောင် ကြိုးပမ်းခဲ့တာပါ။ ဘုရင်မကြီးနည်းတူ ကြင်ယာတော် အီဒင်ဘာမြို့စားကြီးကလည်း ကြိုးစားခဲ့တာပါပဲ။

ဒါပေမယ့် မင်းသမီးရင်ထဲမှာတော့ သူတို့သားက ပစ်ပယ်ချိန်ကစပြီး မိဘနှစ်ပါးကလည်း ဒီအိမ်ထောင်ရေး မပြိုကွဲရအောင် ထိန်းသိမ်းပေးခြင်း မရှိဘူးလို့ ယူဆတဲ့အပြင် သူတို့အိမ်ထောင် ပြိုကွဲသွားရင် ဝမ်းသာမယ့်သူတွေ ဘာကင်ဟာမ်နန်းတော်အတွင်းမှာ အများကြီးရှိတယ်လို့ ယုံကြည်ထားပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလူတွေက အများပြည်သူကြားမှာ သူမ ဝင်ရောက်လုပ်ကိုင်နေတဲ့ လူမှုရေးလုပ်ငန်းတွေ အောင်မြင်မှုကို မနာလို မရှုစိမ့်ကြခြင်းကြောင့် ဖြစ်တယ်လို့လည်း ယုံကြည်ထားပါတယ်။ ဒီအကြောင်းကိုလည်း ဒိုင်ယာနာက ဘုရင်မကြီးအား ပွင့်ပွင့်လင်းလင်းပဲ ပြောကြားခဲ့ပါတယ်။ ဒီလိုပြောကြားခြင်းဟာလည်း ပထမအကြိမ် မဟုတ်ပါဘူး။ အကြိမ်ပေါင်းများစွာ ပြောကြားခဲ့ဖူးပါတယ်။ သူမအနေနဲ့ ဘုရင်မကြီးကို ပွင့်ပွင့်လင်းလင်း လျှောက်တင်ခွင့် ရှိတယ်လို့ ယုံကြည်ထားပါတယ်။ မင်းသမီး ပြောသမျှကို ပြေလည်အောင် ဖြေရှင်းပေးနိုင်မယ့် အဖြေတွေ ဘုရင်မကြီးထံမှ ထွက်မလာခဲ့ပေမယ့် ရင်ထဲမှာ မျိုသိပ်ခံစားနေရသမျှတွေကို စာနာစွာနဲ့ အမြဲတမ်း နားထောင်ပေးဖော်တော့ ရခဲ့တာချည်းပါပဲ။ ဒီမိန်းမသားနှစ်ယောက်ရဲ့ အနားမှာ ကျွန်တော် နှစ်ရှည်လများ အမှုတော်ထမ်းခဲ့ဖူးပါတယ်။ ပြင်ပမှ စာနယ်ဇင်းဆရာများနဲ့ ရွှေနန်းတော်အတွင်းရေးများကို သိပါတယ်ဆိုတဲ့ သူတွေက ဒီမိန်းမသားနှစ်ယောက် ဘဝမှာ အဆင်မပြေမှုတွေ ရှိတယ်လို့ ယုံကြည်ခဲ့ကြပါတယ်။ တစ်ခါတုန်းကဆိုရင် Daily Mail သတင်းစာကြီးက 'ဒိုင်ယာနာမင်းသမီးဟာ လက်ကမ်းကြိုဆိုတဲ့ ဘုရင်မကြီးရဲ့လက်ကို ပုတ်ချခဲ့တယ်။ မိန်းမသားနှစ်ဦးကြားမှာ ရန်သူများသဖွယ် ဖြစ်နေကြတယ်' လို့ ရေးခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ ဘယ်တုန်းကမှ ရန်သူများ မဖြစ်ခဲ့ကြပါဘူး။

ဒိုင်ယာနာ ကွယ်လွန်တဲ့ ၁၉၉၇ ခုနှစ်အထိ ဘုရင်မကြီးနဲ့ မင်းသမီးတို့ကြားမှာ အပြန်အလှန် စာရေးဆက်သွယ်မှုတွေ အကြိမ်ပေါင်းများစွာ ရှိခဲ့ပါတယ်။ ဗြိတိန်နိုင်ငံရဲ့ မျိုးဆက်နှစ်ဆက်ဖြစ်တဲ့ သူတို့နှစ်ဦးဟာ တစ်ယောက်နဲ့တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



နားလည်မှုရအောင် ကြိုးစားခဲ့ကြပါတယ်။ နှစ်ယောက်စလုံး တူညီတဲ့ သောကခံစားမှုကတော့ မင်းသားငယ်များဖြစ်ကြတဲ့ ဝီလျံနဲ့ဟယ်ရီတို့ရဲ့ နောင်ရေးပါပဲ။ ဘုရင်မကြီးနဲ့ ဒိုင်ယာနာတို့ တွေ့ဆုံချိန်မှာ ဘုရင်မကြီးက မင်းသမီးအနေနဲ့ မင်းသားငယ်နှစ်ပါးရဲ့ အုပ်ထိန်းမှုနဲ့ နောင်ရေးအတွက် စိတ်မပူဖို့ အာမခံခဲ့ပါတယ်။ 'သားတော်နဲ့ သမီးတော်တို့ ကွာရှင်းပြတ်စဲကြတယ်ဆိုပေမယ့် သမီးတော်ဟာ မင်းသားငယ်နှစ်ပါးရဲ့ မိခင်ဖြစ်တယ်ဆိုတဲ့ အချက်ကတော့ ဘယ်တော့မှ ပြောင်းလဲလို့ မရနိုင်တဲ့အချက် ဖြစ်ပါတယ်။ မယ်တော်စိတ်ပူတာက မင်းသားငယ်နှစ်ပါးဟာ သားတော်နဲ့ သမီးတော်တို့ရဲ့ အိမ်ထောင်ရေး ပျက်ပြားသွားတဲ့ကိစ္စမှာ မြေဇာပင် မဖြစ်စေချင်ဘူး' လို့ မိန့်တော်မူခဲ့ပါသတဲ့။

ဘုရင်မကြီးနဲ့ ဒိုင်ယာနာတို့ ဆက်လက် ဆွေးနွေးနေချိန်မှာ အတွင်းရေးမှူး မစ္စတာဂျန့်ဗရင်ရဲ့ ကလောင်တံကလည်း အဆက်မပြတ် မှတ်တမ်းတင်နေပါတယ်။ နောက်ဆုံးမှာတော့ ဒိုင်ယာနာက ကွာရှင်းပြတ်စဲပေးဖို့ သဘောတူလိုက်ရပါတယ်။ ဒါပေမယ့် ဒီလိုသဘောတူလိုက်ရတဲ့အတွက် သူမအနေနဲ့ ရင်နဲ့အမျှ နာကျင်ခံစားရတယ်ဆိုတာကိုလည်း မှတ်တမ်းတင်ပေးထားဖို့ တောင်းဆိုခဲ့ပါတယ်။ ဒိုင်ယာနာက 'မယ်မယ်… မယ်မယ့်ဆီက စာနဲ့ ချားလ်စ်ဆီကစာကို ခရစ္စမတ်နေ့မတိုင်ခင်က တစ်ပြိုင်တည်းလိုလို ရလိုက်တဲ့အတွက် ခရစ္စမတ်ကာလဟာ သမီးတော်အတွက် နာကျင်စွာ ဖြတ်သန်းရတဲ့နေ့ ဖြစ်ခဲ့ပါတယ်။ ချားလ်စ်ဟာ ဒီတစ်ကြိမ်သာ သမီးတော်ထံကို စာရေးရာမှာ ကွာရှင်းပြတ်စဲဖို့ဆိုတာကို တောင်းဆိုခဲ့တာ ဖြစ်ပါတယ်။ သမီးတော်အနေနဲ့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့တဲ့စကား ဖြစ်တာကြောင့် အင်မတန် ခံစားရပါတယ်' ဆိုခဲ့ပါတယ်။

ဘုရင်မကြီးက ဒိုင်ယာနာရဲ့စကားကို လက်ခံသဘောတူလိုက်ပြီး 'မယ်တော်တို့ သားအမိ၊ သမီးတော်ဆီကို စာရေးလိုက်ရတာကလည်း မယ်မယ့် အယူအဆ၊ ထင်မြင်ချက်နဲ့ ရေးလိုက်တာပါ။ လက်ရှိအခြေအနေမှာ သမီးတော်တို့နှစ်ယောက်စလုံး တစ်ယောက်နဲ့တစ်ယောက် အကျိုးမပြုနိုင်သလို နိုင်ငံအတွက်လည်း အကျိုးမရှိ၊ မိသားစုနဲ့ သားတော်များအတွက်လည်း အကျိုးမဲ့နေတာကြောင့် ကွာရှင်းပြတ်စဲလိုက်ခြင်းသာ အကောင်းဆုံးဖြစ်မယ်လို့ မယ်မယ် ယုံကြည်တာကြောင့် ရေးလိုက်တာပါ သမီးတော်' လို့ ဆိုခဲ့ပါတယ်။ မယ်တော်ဘုရင်မကြီးက စကားပြောရာမှာ သံခင်းတမန်ခင်း အင်မတန် ပီသပါတယ်။ သွယ်သွယ်ဝိုက်ဝိုက်နဲ့ ကွာရှင်းပြတ်စဲရေးကိစ္စကို အမြန်ဆုံး ပြီးမြောက်အောင် ဆောင်ရွက်ဖို့သာ တိုက်တွန်းခဲ့ပါတယ်။ လက်ရှိအခြေအနေမှာတော့ ဒိုင်ယာနာအနေနဲ့ နောက်ကြောင်းပြန်ဖို့



အကြောင်းမရှိတော့ပါဘူး။

ဒိုင်ယာနာအပေါ်မှာ ဘုရင်မကြီးက ကြင်နာမှုရှိခဲ့သလို ကြင်ယာတော် မင်းသားကြီးကလည်း ကြင်နာမှုရှိခဲ့တယ်ဆိုတာ ၁၉၉၂ ခုနှစ်က မင်းသမီးထံ သူရေးခဲ့တဲ့ စာများမှာ တွေ့မြင်နိုင်ပါတယ်။ ၁၉၉၆ ခုနှစ် ဆောင်းဦးမှာ ဘုရင်မကြီးနဲ့ ဆွေးနွေးခွင့်ရခဲ့ခြင်းဟာ ခင်ပွန်းသည် ချားလ်စ်မင်းသားနဲ့ ဆွေးနွေးရတာထက် ပိုပြီး အရာရောက်ခဲ့တယ်လို့ ဒိုင်ယာနာ သဘောပေါက်ခဲ့ပါတယ်။

ဘုရင်မကြီးနဲ့ ဒိုင်ယာနာတို့ရဲ့ ဆွေးနွေးပွဲမှာ ဒိုင်ယာနာရဲ့အနာဂတ် အရေးပါသလို 'မင်းသမီး' ဆိုတဲ့ စကားလုံး သုံးနှုန်းခွင့်လည်း ဆွေးနွေးခဲ့ကြတယ်ဆိုတာ နောင်မှာ သိရပါတယ်။ မင်းသမီးက သူ့နာမည်ရှေ့မှာ "HRH" ဆိုတာကို မစွန့်လွှတ်ချင်ပါဘူး။ သူမဘဝအတွက် 'ဘုန်းတော်ကြီးမြတ်လှသော' ဆိုတဲ့ဘွဲ့တစ်ခုဟာ ပြည်သူလူထုကြား ဆင်းရာမှာ အင်မတန် အရေးပါအရာရောက်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာကင်ဟမ်နန်းတော်ကြီးက အမိန့်ပြန်တမ်းထုတ်ပြန်ရာမှာ 'မင်းသမီးဘွဲ့ထူး ရုပ်သိမ်းရေးမှာ မင်းသမီးတစ်ဦးတည်းနှင့်သာ သက်ဆိုင်ပါသည်' လို့ ဆိုခဲ့ပါတယ်။

ဒိုင်ယာနာရဲ့ အနာဂတ်မှာ ဒီကိစ္စဟာ တော်တော်လေး အရေးပါပါတယ်။ မင်းသမီးက ဘုရင်မကြီးထံ လျှောက်ထားရာမှာ 'မယ်တော်ဖုရား… သမီးတော်အနေနဲ့ ၁၆ နှစ်လုံးလုံး နိုင်ငံတော် အရေးအခင်းများမှာ ပါဝင်ပတ်သက်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ ခုနေခါမှာ သမီးတော်ဟာ သာမန်မိန်းမသားတစ်ယောက်အနေနဲ့ ပြည်သူတွေကြား ဆင်းရမယ့် အခြေအနေကို ရောက်ရှိနေပါပြီ။ ဒါကြောင့် သမီးတော်ရဲ့ရှေ့ရေးကို တွေးပြီး ပူပန်မိပါတယ် ဖုရား။ ဒီအရေးဟာ မယ်တော်ဖုရားရဲ့ ဆုံးဖြတ်ချက်တစ်ခုတည်းနဲ့ သက်ဆိုင်နေပါကြောင်း သမီးတော် လျှောက်ထားပါရစေဖုရား' လို့ လျှောက်တင်ခဲ့ပါတယ်။ ဘုရင်မကြီးက ဒိုင်ယာနာရဲ့ လျှောက်တင်ချက် ကို လက်ခံခဲ့ပေမယ့် 'မယ်မယ့်အနေနဲ့ ဒီအရေးမှာ ဆုံးဖြတ်ဖို့ မသင့်တော်ပေဘူး။ ဒီအရေးဟာ ချားလ်စ်မင်းသားနဲ့ သက်ဆိုင်နေတာကြောင့် သားတော်နဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီးမှသာ ဆုံးဖြတ်လို့ ဖြစ်ပေလိမ့်မယ်။ မယ်မယ့်အမြင်မှာတော့ 'ဝေလမင်းသမီး ဒိုင်ယာနာ' ဆိုတာက ပိုပြီး သင့်မြတ်ပါတယ်' လို့ ဆိုခဲ့ပါတယ်။

'ဘုန်းတော်ကြီးမြတ်လှသော' "HRH" ဆိုတဲ့ စကားလုံး သုံးနှုန်းခွင့် ရှိ မရှိ ဆိုတဲ့အဖြေက အချိန်တော်တော်ကြာအောင် မဆုံးဖြတ်နိုင်သေးဘဲ ရှိနေခဲ့ပါတယ်။ မယ်တော်ဘုရင်မကြီးက ဦးစွာ စကားဦးသန်းခဲ့တဲ့ 'ဝေလမင်းသမီး ဒိုင်ယာနာ'

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ဘွဲ့သာလျှင် နောက်ပိုင်းမှာ အတည်ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ဒီဘွဲ့ဟာ ဘုရင်မကြီး ပြုစုပျိုးထောင်ခဲ့တဲ့ဘွဲ့ ဆိုရင်လည်း မမှားပါဘူး။

အဲဒီနေ့က ချေးမတော်နဲ့ ဘုရင်မကြီးတို့ ကိစ္စတော်တော်များများကို ဆွေးနွေးခဲ့ကြပါတယ်။ ဒိုင်ယာနာရဲ့ရုံးခန်းကို ဘာကင်ဟမ်နန်းတော်အတွင်းမှာ ထား ရှိရေးနဲ့ ပတ်သက်ပြီးလည်း ဒိုင်ယာနာက ငြင်းဆိုခဲ့ပါတယ်။ ဘာကြောင့် ငြင်းဆို ရတယ်ဆိုတာကိုတော့ ကိုယ်ရေးအတွင်းရေးမှူး ပက်ထရစ်ဂျပ်ဆင် အပါးမှာ မရှိတော့တဲ့အချိန်ကျတော့မှ ဒိုင်ယာနာက ရှင်းပြခဲ့ပါတယ်။ ဒီတွေ့ဆုံဆွေးနွေး ပွဲမှာပဲ ဒိုင်ယာနာက သားတော် ဝီလျံနဲ့ လုံခြုံရေးနဲ့ပတ်သက်ပြီး ပူပင်သောက ရောက်ရပါကြောင်း လျှောက်ထားခဲ့ပါတယ်။ သူမအနေနဲ့ သားကြီးဖြစ်တဲ့ ဝီလျံ၊ ချားလ်စ်မင်းသားနဲ့အတူတူ လေယာဉ်တစ်စီးထဲမှာ အတူစီးသွားခြင်းကို စိတ်ပူပါ သတဲ့။ အကယ်၍ လုပ်ကြံမှုတစ်စုံတစ်ခု သို့မဟုတ် မမျှော်မှန်းနိုင်တဲ့ အန္တရာယ် မျိုး ကျရောက်ခဲ့ရင် သားအဖနှစ်ယောက်စလုံး အသက်အန္တရာယ်ရှိတဲ့အတွက် အတူတူ လေယာဉ်စီးခြင်းကို စိတ်ပူခြင်းပါ။

ဒါနဲ့ပတ်သက်ပြီး ဘုရင်မကြီးက ‘ဒါကလည်း မြေးတော်ရဲ့ ကျောင်းပိတ် ရက်တွေမှာ သူ့ခမည်းတော်နဲ့အတူ ခရီးထွက်တဲ့အချိန်ပဲ ရှိပါတယ်။ အများပြည် သူ စီးနင်းကြတဲ့ လေယာဉ်ပေါ်မှာ တစ်ယောက်ယောက် လိုက်ပါဖို့ဆိုတာက ပိုပြီးအန္တရာယ်ကြီးပါတယ်။ ဘာကင်ဟမ်ရွှေနန်းတော်က ပိုင်ဆိုင်ထားတဲ့ ကိုယ်ပိုင် လေယာဉ်များက လုံခြုံရေးအတွက် စိတ်ချရတာကြောင့် သမီးတော်အနေနဲ့ အထူး တလည် စိတ်ပူဖို့ မလိုပါဘူး’ လို့ ဖြေရှင်းပေးခဲ့ပါတယ်။

နှစ်ယောက်သား ကိစ္စအဝဝကို ပြောဆိုကြပြီးချိန်မှာ ဘုရင်မကြီးက သူမဟာ ဒိုင်ယာနာရဲ့နောက်ပါးမှာ အမြဲတစေ ရှိနေမှာဖြစ်ကြောင်း ချေးမတော် သိအောင် ဖွင့်ဟမိန့်ကြားခဲ့ပါသေးတယ်။ ‘ဒီနေ့ မိန့်တော်မူရတဲ့ စကားများဟာ မယ်တော် အတွက် အင်မတန် ပြောရခက်တဲ့ စကားတွေပါ သမီးတော်။ ဒါပေမယ့် သမီးတော် တို့ရဲ့ အိမ်ထောင်ရေးအခြေအနေ၊ တိုင်းပြည်အတွက် လိုအပ်တဲ့အခြေအနေ၊ မြေး တော်များအတွက် လိုအပ်တဲ့အခြေအနေကြောင့်သာ မယ်တော် မိန့်ကြားရခြင်း ဖြစ်ပါတယ်’ လို့ မိန့်ကြားခဲ့ပါတယ်။

တာဝန်နဲ့ နိုင်ငံရဲ့လိုအပ်ချက်တို့ကို ကာကွယ်စောင့်ရှောက်ရခြင်းဟာ ဘုရင် တစ်ပါးရဲ့ တာဝန်ဆိုတာ ဒိုင်ယာနာ နားလည်ခဲ့ပါတယ်။ သားနဲ့ချွေးမကြားမှာ ရပ်တည်ရတဲ့ အခြေအနေဟာ ဘုရင်မကြီးအတွက် ဘယ်လောက်ခက်ခဲမယ်ဆိုတာ ကိုလည်း သဘောပေါက်ခဲ့ပါတယ်။ ဒါကြောင့် ဒိုင်ယာနာက ဘုရင်မကြီးအနေနဲ့



လိုအပ်သလို ဆောင်ရွက်နိုင်ပါကြောင်း၊ သူ့အပေါ်မှာ သနားညှာတာနေတဲ့အတွက် တာဝန်မပျက်ကွက်စေလိုပါကြောင်း လျှောက်ထားခဲ့ပါတယ်။ ‘သမီးတော်အနေနဲ့ မယ်တော်ဖုရားဟာ ဘုရင်မတစ်ယောက်အနေနဲ့ လုပ်ရမယ့်ဝတ္တရားတွေကို တိတိ ကျကျ ဆောင်ရွက်စေချင်ပါတယ်။ သမီးတော်အပေါ် သက်ညှာလို့ မယ်မယ့်အတွက် ခက်ခဲနေတာမျိုး မဖြစ်စေချင်ပါဘူး’ လို့ လျှောက်ထားခဲ့ပါတယ်။

❑

ကျွန်တော့်ဘဝမှာ မင်းသမီး မရှိခဲ့ရင်… လို့တောင် မတွေးရဲပါဘူး။

ပတ်ဝန်းကျင်က ပုဂ္ဂိုလ်များက ကျွန်တော့်ကို ‘ဒိုင်ယာနာရဲ့ ကျောက်ဆောင် ကြီး’ လို့ ခနဲ့ခနဲ့ ဆိုသူတွေက ဆိုကြသလို မလိုတမာ ပြောကြတာတွေ ရှိပါ တယ်။ ဒိုင်ယာနာကိုယ်တိုင်ကတော့ ကျွန်တော့်ကို အဲဒီလို မခေါ်တတ်ပါဘူး။ ကင်ဆင်တန်နန်းတော်မှာဆိုရင် ဒိုင်ယာနာက ကျွန်တော့်ကို ‘ရှင်ကတော့ ကျွန်မရဲ့ တတိယမျက်လုံးပါပဲ ပေါလ်ရယ်’ လို့ ပြောတတ်သလို ‘ရှင်ဟာ ကျွန်မ ဘဝရဲ့ မာလိန်မှူးပါပဲ’ လို့လည်း ပြောတတ်ပါတယ်။ တစ်ခါတလေ သူငယ်ချင်းတွေနဲ့ စကားပြောတဲ့အခါမျိုးမှာတော့ ကျွန်တော့်ကို ‘ကျွန်မရဲ့ အံ့ဩဖွယ်ရာ မာလိန်မှူး ကြီး’ လို့ တင်စားတတ်ပါတယ်။ ဒီစကားလုံးတွေကတော့ ဒိုင်ယာနာကိုယ်တိုင် လည်း ကျွန်တော့်ကို ပြောဖူးပါတယ်။ တစ်ခါတစ်ရံ ဘာမဟုတ်တဲ့ အကြံဉာဏ် လေးတစ်ခုခု ပေးမိရင်တောင် ဒိုင်ယာနာက ‘ရှင်ကတော့ ကျွန်မရဲ့ အခါတော် ပေးပါပဲ’ လို့ ဆိုတတ်တာကိုး။

သခင်ရဲ့ အရိပ်အကဲကို နားလည်တဲ့ ကျွန်တော့်ရင်ထဲမှာ ကျွန်တော့်သခင် ဟာ ဘယ်အချိန်မှာ စကားပြောဖော် လိုအပ်တယ်၊ ဘယ်အချိန်မှာတော့ သူ တစ် ယောက်တည်း နေချင်လိမ့်မယ်ဆိုတာ အလိုလိုသိနေပါတယ်။ ဘယ်အချိန်မှာ သူ ကော်ဖီသောက်ချင်လိမ့်မယ်ဆိုတာကို သိနေသလို ဘယ်အချိန်မှာတော့ မုန်လာဥနီ အချိုရည်ကလေး သောက်သင့်တယ်ဆိုတာကိုလည်း ကျွန်တော် အလိုလို သိနေပါ တယ်။ သခင်ရဲ့အရိပ်အကဲကို နားလည်ခြင်းဟာ ကျွန်ကောင်းတစ်ယောက်မှာ ရှိတဲ့ အရည်အချင်းတစ်ရပ်ပါ။ Gosford Park ရုပ်ရှင်ကားထဲမှာ အိမ်ဖော်ကြီး ဖြစ်တဲ့ မစ္စစ်ဝီလ်ဆင် ပြောခဲ့သလိုပေါ့။ ‘ကျွန်ကောင်းတစ်ယောက်အတွက် ကိုယ် ပိုင်ဘဝဆိုတာ ဘယ်တော့မှ မရှိဘူး’ တဲ့။ ဒီစကားကို ကျွန်တော့်ဇနီးဖြစ်တဲ့ မာရီ ယာက လုံးဝဥဿုံ ထောက်ခံပါတယ်။

ကျွန်တော့်သခင်မ ဘယ်အချိန်မှာ စိတ်ဓာတ်ကျနေတယ်ဆိုတာကို အကင်း ပါးပါးနဲ့ ကျွန်တော်သိသလို ဘယ်အချိန်မှာ ပျော်ရွှင်နေတယ်ဆိုတာကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သိပါတယ်။ သူ စိတ်ကျနေတဲ့ အခါမျိုးမှာ ကျွန်တော်က ဘယ်တော့မှ သွားမနှောင့်ယှက်ပေမယ့် ခပ်လှမ်းလှမ်းမှာ အမြဲတစေရပ်ပြီး စောင့်စားနေလေ့ရှိပါတယ်။ ညှော်ခန်းထဲမှာ တစ်ယောက်တည်းထိုင်နေတဲ့ အခါမျိုးမှာ ကျွန်တော်က မလှမ်းမကမ်း အခန်းထောင့်ကနေ စောင့်စားနေသလို တစ်ယောက်တည်း ထမင်းစားနေတဲ့အခါမျိုးမှာ ထမင်းစားခန်း အတွင်းတစ်နေရာရာမှာ ကျွန်တော် ရှိနေပါတယ်။ ဒါကြောင့်လည်း ဒိုင်ယာနာက ကျွန်တော့်ကို စိတ်ဝေဒနာတွေ သက်သာစေတဲ့ စက်ကြီးလို့ တင်စားထတ်ပါတယ်။ ကျွန်မ အိမ်ပြန်ရောက်ရင် ရင်ထဲမှာ ခံစားခဲ့ရသမျှ ပေါလ်ကို ပြောပြလိုက်တာနဲ့ အမောတွေ ပြေသွားတာပဲလို့ ပြောတတ်ပါတယ်။

ဒိုင်ယာနာက နေ့စဉ်နဲ့အမျှ ဆိုသလို အိုးမဲ့အိမ်မဲ့များထံ၊ နာမကျန်းဖြစ်သူများထံ၊ သေမင်းကို စောင့်စားနေကြရတဲ့ သူဆင်းရဲများထံ သွားရောက်ပြီး သူတို့ရဲ့ ဝေဒနာတွေ သက်သာစေဖို့ အားပေးစကားတွေ ပြောတတ်ပါတယ်။ ဒါပေမယ့် ကင်စတန်နန်းတော်ကို ပြန်ရောက်တဲ့အခါမှာတော့ အဲဒီလူတွေ ခံစားနေရတဲ့ ဝေဒနာတွေဟာ သူ့ဝေဒနာလို ဖြစ်လာခဲ့ပါတယ်။ သူ တွေ့ခဲ့၊ ကြုံခဲ့သမျှ အားလုံးကို ကျွန်တော့်ကို ပြန်ပြောပြပါတယ်။ အဲဒီအခါမျိုးမှာ သူ့မဘဝမှာ ကြုံတွေ့ရမယ့် ကိုယ်ပိုင်အခက်အခဲတွေကို မေ့ထားပြီး ဒီလူတွေရဲ့ ဘဝမလုံခြုံမှုတွေ၊ ကြောက်ရွံ့နေမှုတွေ၊ ပြဿနာတွေကို သူမရဲ့ ပြဿနာတွေ လို ခံစားလေ့ ရှိပါတယ်။ အဲဒီလိုအခါမျိုးမှာ ကင်စတန်စံအိမ်ထဲ ဝင်လာကတည်းက 'ပေါလ်ရေ… ၅ မိနစ်လောက် အချိန်ပေးစမ်းပါ။ ကျွန်မ ရှင့်ကို ပြောမှဖြစ်မယ်'လို့ အော်ပြောရင်း ဝင်လာတတ်တာပါ။

အဲဒီအခါမျိုးမှာ ကျွန်တော်က ကော်ဖီနှစ်ခွက်ဖျော်ပြီး နှစ်ယောက်အတူထိုင်ကြရင်း သူ တစ်နေ့တာ ကြုံလာသမျှကို နားထောင်ပေးရပါတယ်။ တစ်ခါတလေ အဲဒီလိုစကားပြောတာတွေဟာ နာရီပေါက် ကြာတတ်ပါတယ်။ သူ ကြုံတွေ့ခဲ့တဲ့အထဲမှာ ဝမ်းနည်းစရာအကြောင်းတွေ၊ မကျန်းမမာဖြစ်နေတဲ့ ကလေးတစ်ယောက်က သူ့ကိုမယုံနိုင်တဲ့ မျက်ဝန်းကြီးတွေနဲ့ ကြည့်လိုက်တဲ့အခါ သူ ကြက်သီးဖျန်းဖျန်းထသွားပုံတွေ၊ ရင်ခုန်စိတ်လှုပ်ရှားသွားရပုံတွေကို ပြောပြပါတယ်။ ပြောပြနေရင်းလည်း သူ့မျက်ဝန်းထဲမှာ မျက်ရည်ဝဲနေတတ်တာပါ။ သူ ခံစားခဲ့သမျှတွေကို ကျွန်တော့်ထံတစ်ဆင့် ရင်ဖွင့်ငိုကြွေးရင် သူ့ရင်ထဲမှာ ပေါ့ပါးသွားတယ် ထင်ပါရဲ့။ ကျွန်တော်နဲ့စကားပြောပြီးရင်တော့ သူ့သူငယ်ချင်းတစ်ယောက်ဆီကို ဖုန်းဆက်ရင် ဆက်၊ ဒါမှမဟုတ် သူ့ကို စဉ်ဆက်မပြတ် ကုသမှုပေးနေတဲ့



စိတ်ဆရာဝန် ရီတာရောဂျားစ်ဆီကို ဖုန်းဆက်တတ်ပါတယ်။

ဝီလျံမင်းသားကလေး အသက်အရွယ်ရလာချိန်မှာတော့ မင်းသမီးက သားအမိကြားမှာ ပွင့်လင်းတဲ့စကားတွေပြောဖို့ လိုအပ်လာပြီလို့ ယူဆတဲ့အတွက် ပြောစရာရှိတာတွေကို သူ့သား သိအောင် ပြောပြတတ်ပါတယ်။ မင်းသမီးက သားကြီးဟာ အသက်ငယ်သေးပေမယ့် အသိဉာဏ် ရင့်ကျက်ပြီလို့ ခံယူပါတယ်။ ဒါကြောင့် သူမ ခံစားရသမျှတွေကို သားကြီးသိအောင် ပြောပြလေ့ရှိပါတယ်။ သားဟာ အသက်အရွယ်အားဖြင့် ငယ်ရွယ်သူဖြစ်ပေမယ့် မိခင်အကြောင်းကို ပြည့်ပြည့်စုံစုံ သိထားသင့်တယ်လို့လည်း ဒိုင်ယာနာက ယုံကြည်ပါတယ်။

တစ်ခုသော သောကြာနေ့မှာ ဝီလျံက ကျောင်းက ပြန်လာရာမှာ သူ့သူငယ်ချင်း ဆမ်ကို ခေါ်လာခဲ့ပါတယ်။ သူတို့နှစ်ယောက်ကို ရဲအရာရှိ ဂရေဟာမ်က ကင်စတန်နန်းတော်အတွင်း ခေါ်ဆောင်လာခြင်းပါ။ ဝီလျံက ကင်စတန်နန်းတော် အပေါက်ဝရောက်ရင် 'မာမီ…'လို့ အော်ပြီး ပြေးလာနေကျ ဖြစ်သလို မိခင်ဖြစ်သူကလည်း ရောက်တဲ့နေရာကနေ ပြေးဆင်းလာပြီး သူ့နဲ့ အရပ်အတူတူလောက် ရှိနေပြီဖြစ်တဲ့ သားကြီးကို ပွေ့ဖက်ကြိုဆိုလေ့ ရှိပါတယ်။ သားတွေ ဘယ်အရွယ်ပဲရောက်ရောက် ဒိုင်ယာနာက သားနှစ်ယောက်စလုံးကို ပွေ့ဖက်ဆီးကြိုလေ့ ရှိပါတယ်။ သားတွေဟာ မိခင်ဖြစ်သူရဲ့ ရင်ထဲမှာတော့ ဘယ်တော့မှ ကြီးမလာဘဲ ရှိနေတတ်တာ မဟုတ်လား။ အဲဒီနေ့ကတော့ သူ့အမေကိုကျော်ဖြတ်ပြီး သူငယ်ချင်းနဲ့အတူ ဝီလျံက သားတော်များ ကစားဖို့ သတ်မှတ်ပေးထားတဲ့ အခန်းထဲဝင်ပြီး ဆိုဖာပေါ်ထိုင်ကာ Play Station ကို အသံဆူဆူညံညံ ထွက်အောင် ကစားနေလိုက်ပါတယ်။ သားနဲ့ သူ့အဖော်တို့ရဲ့ ကစားနေခြင်းဟာ ကင်စတန်နန်းတော်ကို ငြိမ်သက်နေရာက အသက်ဝင်လာအောင် ဖန်တီးပေးလိုက်သလိုပါပဲ။ မင်းသမီးကလည်း သားတော်တွေ ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင် ကစားခြင်းအားဖြင့် ပေါ်ပေါက်လာတဲ့ အသံတွေဟာ ကင်စတန်နန်းတော်ရဲ့ အသက်ပဲလို့ ယူဆပါတယ်။

ဝီလျံနဲ့ ပါလာတဲ့ သူငယ်ချင်းဖြစ်သူ ဆမ်ကတော့ ကင်စတန်နန်းတော်ရဲ့ ကမ္ဘာကို ပြင်ပသူစိမ်းတစ်ယောက်အနေနဲ့ တအံ့တဩ လေ့လာနေလေရဲ့။ ဝီလျံနဲ့ ဟယ်ရီတို့အတွက် ကျွန်တော်ဟာ သူစိမ်းမဟုတ်တော့ပါဘူး။ သူတို့ သုံးနေကျ ပရိဘောဂပစ္စည်းတစ်ခုလို ရင်းနှီးနေပါပြီ။ ဒါပေမယ့် ပြင်ပဧည့်သည်ဖြစ်တဲ့ ဆမ်ကတော့ ကျွန်တော့်လို ဘဏ္ဍာစိုးတစ်ယောက်က နောက်ဖေးချောင်မှာ မနေဘဲ ဒိုင်ယာနာမင်းသမီးရဲ့ ညှော်ခန်းထဲကို ရောက်နေတာ ထူးဆန်းနေပုံရပါတယ်။ ဆမ်က မင်းသားငယ်နှစ်ပါးနဲ့အတူ တနင်္လာနေ့မနက်အထိ နေသွားခဲ့ရာမှာ ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာမဟုတ် တစ်နေရာမှာ တွေ့နေရပါတယ်။ ကျွန်တော်နဲ့ ဒိုင်ယာနာ ညွှန်းခန်းထဲမှာ အတူထိုင်ပြီး အရေးကြီးတဲ့ကိစ္စတစ်ခု ပြောနေကြချိန်မှာ ဝီလျံက မပြောမဆို ဝင်လာပါတယ်။ ပြီးတော့မှ သူ့မိခင်ကို လေးလေးစားစားနဲ့ 'ဆောရီး မာမီ' လို့ တောင်းပန်ရှာတယ်။ သူ့နောက်မှာ ပါလာတဲ့ ဆမ်ကတော့ မခံစားနိုင်တော့တဲ့အဆုံး 'ဒီလူကြီးက ဘာဖြစ်လို့ အမြဲတမ်း ရှိနေရတာလဲ' လို့ ဝီလျံကို မေးလိုက်သံ ကြားလိုက်ရပါတယ်။ ဝီလျံကတော့ ခပ်ပေါ့ပေါ့ပါပဲ။ 'ဩော်... ဒါက ပေါလ်လေ၊ သူက အမြဲရှိနေတာပဲ' လို့ ဖြေလိုက်ပါတယ်။

တစ်ခါတလေ မင်းသမီးကို တွေ့နိုင်တဲ့နေရာကတော့ စာရေးစားပွဲမှာ ဖြစ်ပါတယ်။ မင်းသမီးက ကျွန်တော်နဲ့ စကားပြောမနေတဲ့ အခါများမှာ စာရေးစားပွဲမှာ သူရေးချင်တဲ့ စာတွေကို ရေးနေတတ်ပါတယ်။ တစ်ခါတလေ ကျွန်တော်နဲ့ စကားပြောရင်း သူ ကြုံတွေ့ခဲ့ရတဲ့ စိတ်လှုပ်ရှားဖွယ်ရာ ဖြစ်ရပ်များကို ပြောပြရင်း ဒါကို စာရေးရမယ်လို့ ပြောတတ်ပါတယ်။ သူ ခံစားရသမျှတွေကို စာရွက်ပေါ်မှာ ချရေးတတ်တဲ့အပြင် ကျွန်တော် စာရေးတတ်အောင် သင်ပေးခဲ့တာလည်း သူပါပဲ။ ထိုနည်းတူစွာ သားတော်များကိုလည်း စာရေးတတ်အောင် သူသင်ပေးခဲ့ပါတယ်။ သူ့ သင်ကြားပို့ချမှုကြောင့် သားတော်နှစ်ပါးဟာ သူတို့ကို တစ်စုံတစ်ရာ ကျေးဇူးပြုသူများထံ အမြဲတစေ ကျေးဇူးတင်စာတွေ ပြန်ကြားတဲ့ အလေ့အကျင့် ရခဲ့ပါတယ်။ ကျွန်တော် စာရေးတတ်အောင် သူ ပြုစုပျိုးထောင်ခဲ့တာ ဖြစ်ပေမယ့် သူ ရေးဖြစ်အောင် တိုက်တွန်းခဲ့သူက ကျွန်တော် ဖြစ်တယ်လို့လည်း ဒိုင်ယာနာက ဆိုဖူးပါတယ်။ တစ်နေ့တာ စိတ်လှုပ်ရှားဖွယ်ရာတွေ ကျွန်တော့်ကို ပြောပြတိုင်း 'အဲဒီအကြောင်းတွေ သူများတွေသိအောင် စာချရေးပါလား' လို့ ကျွန်တော်က ပြောတတ်တာကိုး။ စာမျက်နှာများပေါ်မှာ ချရေးခြင်းဟာ အရေးပါတယ်ဆိုတာ ကျွန်တော် အသိပညာရခဲ့ခြင်းက ဘုရင်မကြီးကြောင့်ပါ။ ဘာကြောင့်လဲဆိုတော့ ဘုရင်မကြီးက နေ့စဉ်မှတ်တမ်းရေးလေ့ ရှိပါတယ်။ အဲဒီအလေ့အကျင့်ကို ကျွန်တော် သဘောကျခဲ့ပါတယ်။ ဒါကြောင့် ဒိုင်ယာနာအနေနဲ့ တိကျတဲ့ မှတ်တမ်းမှတ်ရာ ဖြစ်စေချင်တာကြောင့် သူ့ကိုလည်း စာရေးစေချင်ခဲ့ပါတယ်။ဒါမှသာ တိကျတဲ့ သမိုင်းဝင် အချက် အလက်များ ကျန်ရစ်စေလိုခြင်းဟာလည်း ကျွန်တော်ရဲ့ တစ်ခုတည်းသော ဆန္ဒဖြစ်ပါတယ်။

တစ်နေ့မှာတော့ ကျွန်တော်တို့နှစ်ယောက် သူ မနက်စာစားစား စားအပြီး ကျွန်တော့်အလုပ်ခန်းရှိရာကို ပြန်လာရာမှာ စားပွဲပေါ်မှာ တင်ထားတဲ့ စာအိတ် တစ်လုံး တွေ့ရပါတယ်။ အဲဒီစာအိတ်ထဲမှာ မင်းသမီးက သူ့အတွေးတချို့ကို



ရေးထားပါတယ်။ ကျွန်တော် အကြံပေးတဲ့အတိုင်း သူ ရေးထားခြင်းပါ။ ဒီစာကိုတော့ နောက်မှ သူပြန်သိမ်းသွားခဲ့ပါတယ်။

မင်းသမီးက မကြာခဏဆိုသလို သူကိုယ်ရေးကိုယ်တာ စာတွေကို ကျွန်တော် ဖတ်နိုင်အောင် ပြလေ့ရှိပါတယ်။ ဥပမာအားဖြင့် ကွာရှင်းပြတ်စဲဖို့ ပြောကြားတဲ့ ဘုရင်မကြီးထံမှစာ၊ ချားလ်စ်မင်းသားထံမှစာတို့ အပါအဝင်ပေါ့။ တစ်ခါတလေမှာတော့ မင်းသမီးက 'အမှန်တရားဆိုတာ မီးခံသေတ္တာထဲမှာပဲ သော့ခတ်သိမ်းထားသင့်ပါတယ်' လို့ ဆိုပါတယ်။ အဲဒီစကားလုံးလေးတွေကိုလည်း စာရွက်ပေါ်မှာ ရေးပြီး ကျွန်တော့်ကို ပေးခဲ့ဖူးပါတယ်။ ဒါကြောင့်လည်း ကျွန်တော် သိထားတဲ့ တော်ဝင်မိသားစုများရဲ့ အမှန်တရားများကို ကျွန်တော့်ခေါင်းထဲမှာပဲ သော့ခတ်သိမ်းထားခဲ့တာပါ။ မင်းသမီး ကျွန်တော့်ကို ရေးပေးခဲ့တဲ့ စာများရဲ့အစမှာ 'ကျွန်မ ဒီနေ့ ထိုင်ပြီးစဉ်းစားလိုက်တော့…' လို့ အစချီတတ်ပါတယ်။ ဒီစာများထဲမှာ အမှန်တရားတွေ ပါဝင်ပြီး သူမရဲ့ မှတ်တမ်းများလို့လည်း ဆိုနိုင်တာကြောင့် သူမ ကွယ်လွန်သွားပြီးချိန်မှာ ကျွန်တော် အမွေဆက်ခံရတဲ့ ပစ္စည်းများအဖြစ် ထိန်းသိမ်းထားပါတယ်။

၁၉၉၆ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှာ ကင်စတန်နန်းတော်မှ ကြေညာချက်တစ်ခု ထုတ်ပြန်လိုက်ပါတယ်။ 'ဝေလမင်းသမီး ဒိုင်ယာနာက ချားလ်စ်မင်းသားရဲ့ မေတ္တာရပ်ခံချက်အရ ကွာရှင်းပြတ်စဲပေးဖို့ သဘောတူလိုက်ကြောင်း၊ မင်းသမီးအနေနဲ့ ဝေလမင်းသမီး ဒိုင်ယာနာလို့ ဆက်လက်သုံးစွဲ သွားမှာဖြစ်ကြောင်း' ထုတ်ပြန်ကြေညာလိုက်ခြင်း ဖြစ်ပါတယ်။ ဒီကြေညာချက်က ချားလ်စ်မင်းသားနဲ့ ဒိုင်ယာနာတို့ ထိပ်တိုက်ရင်ဆိုင် ဆွေးနွေးပြီးချိန်မှာ ထွက်ပေါ်လာတဲ့ ကြေညာချက်ပါပဲ။ သူတို့နှစ်ယောက် ဆွေးနွေးပြီးချိန်မှာ ဒိုင်ယာနာအနေနဲ့ ဆက်လက် ခေါင်းမမာနိုင်တော့ဘဲ လက်နက်ချတဲ့ အလံဖြူ တင်လိုက်ခြင်းလည်း ဖြစ်ပါတယ်။ ချားလ်စ်မင်းသားအနေနဲ့ သူတို့နှစ်ယောက်ကြားမှာ ပေါ်ပေါက်ခဲ့တဲ့ အိမ်ထောင်ရေး ပြဿနာတွေမှာ တစ်ယောက်နဲ့တစ်ယောက် အပြစ်တင်ငြင်းခုံရခြင်းကို ငြီးငွေ့နေပြီလည်း ဖြစ်ပါတယ်။ ဒါကြောင့် မင်းသားက 'တို့နှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် အပြစ်တင် ငြင်းခုံနေကြမယ့်အစား အတိတ်ကို အားလုံးမေ့လိုက်ပြီး ပြီးပြီးပြတ်ပြတ်နဲ့ ရှေ့ဆက်ကြရင် ကောင်းမယ်' လို့ ပြောဆိုချက်ကို မင်းသမီးက လည်း သဘောတူလိုက်ရခြင်း ဖြစ်ပါတယ်။ သူတို့နှစ်ဦးစလုံး ကွာရှင်းပြတ်စဲဖို့ သဘောတူလိုက်ကြပြီ ဖြစ်တဲ့အတွက် ဗြိတိန်နိုင်ငံရဲ့သမိုင်းမှာ ဒဏ္ဍာရီထဲက မင်္ဂလာပွဲလို့ တင်စားခဲ့ကြရတဲ့ မင်္ဂလာပွဲကို အဆုံးသတ်ကြရတော့မှာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက် ရှေ့နေရှေ့ရပ်များက ခွဲခြမ်းစိတ်ဖြာရေး ကိစ္စတွေကို ဆောင်ရွက်ကြပါတယ်။ အဲဒီနှစ်ဆောင်းတွင်းကာလမှာ မင်းသမီးဟာ ဘုရင်မကြီးနဲ့ အဆက်မပြတ်ရှိနေခဲ့ပါတယ်။

လမ်းခွဲကြဖို့ ဆုံးဖြတ်ချက်ချလိုက်ပြီးချိန်မှာတော့ ကျွန်တော့်ဘော့စ်က စိတ်ခတ်ခွန်အား နိုင်မာလာခဲ့တယ်လို့ ဆိုရပါမယ်။ ကွာရှင်းပေးဖို့ လုံးဝငြင်းဆိုခဲ့တဲ့ ကျွန်တော့်ဘော့စ် စိတ်ခတ်ခွန်အားတွေကို ရရှိလာခဲ့ပြီး 'ပေါလ်ရေ… ကျွန်မအနေနဲ့ ပြည်သူလူထုအတွက် ထမ်းဆောင်ရမယ့် တာဝန်တွေ အများကြီး ရှိသေးတယ်။ ကွာရှင်းပြတ်စဲလိုက်ပြီဆိုတော့ ခေါင်းလည်းအေးသွားပြီ။ ကျွန်မရင်ထဲမှာလည်း ဘာအနှောင့်အယှက်မှ မရှိတော့ဘူး' လို့ ဆိုခဲ့ပါတယ်။

❑

မေလမှာ နှစ်ဖက်သော ရှေ့နေများက ကွာရှင်းပြတ်စဲခြင်းနဲ့ ပတ်သက်ပြီး နှစ်ဦးနှစ်ဖက် ညှိနှိုင်းပြီးစီးခဲ့ပါတယ်။ မကြာခင်မှာပဲ သားတော်ကြီး ဝီလျံ တက်နေတဲ့ အီတန်ကျောင်းက မိဘများနေ့ နှစ်ပတ်လည်အခမ်းအနား ကျင်းပတဲ့အတွက် မိစုံဖစုံ တက်ရောက်ဖို့ ဖြစ်လာပါတယ်။ မင်းသမီးက သားကြီးအတွက် ဒီပွဲကို တက်ရောက်လိုတဲ့ဆန္ဒ ရှိပေမယ့် ချားလ်စ်မင်းသား မတက်ရောက်သည့်တိုင်အောင် ချားလ်စ်ရဲ့ မိတ်ဆွေများ တက်ရောက်မှာကို သိနေတဲ့အတွက် မျက်နှာချင်းဆိုင်ဖို့ တော်တော် သတ္တိမွေးနေရပါတယ်။ မင်းသမီးက သူ့ခင်ပွန်းသည်နဲ့အတူ သွားရောက်ဖို့ ဆန္ဒရှိပေမယ့် သူ့မေတ္တာရပ်ခံချက်ကို မင်းသားက ငြင်းပယ်ခဲ့ပါတယ်။ 'ကျွန်မ ဟိုရောက်သွားတော့ ခေါင်းတွေရဲ့အလယ် ရောက်နေတဲ့ ကျီးကန်းတစ်ကောင်လို မျက်နှာငယ်နေခဲ့ရတယ်။ ရောက်နေနှင့်တဲ့ ဧည့်သည်တွေထဲမှာ ချားလ်စ်ကလည်း ရှိနေတယ်လေ' လို့ နောင်မှာ ကျွန်တော့်ကို ပြန်ပြောပြခဲ့ပါတယ်။

နေ့လယ်စာ မစားခင် အချိုရည်များ သောက်သုံးနေတဲ့ကာလမှာ မင်းသမီးက သူ့ကိုယ်သူ ထိန်းနိုင်အောင် ရယ်ကာပြုံးကာနဲ့ မိတ်ဆွေဟောင်းများနဲ့ စကားလက်ဆုံကျနေခဲ့ပါတယ်။ သူ့ကိုယ်သူလည်း စိတ်အားမငယ်ရအောင် စိတ်တင်းထားရတယ်လို့ ဆိုပါတယ်။ နေ့လယ်စာ စားအပြီးမှာတော့ ကျောင်းသူ၊ ကျောင်းသားကလေးများရဲ့ ပဒေသာကပွဲကို တင်ဆက်ပါတယ်။ ဒီနေရာမှာ ဒိုင်ယာနာအတွက် နောက်ဆုံး အားကိုးအားထားရာလည်း ဖြစ်ပါတယ်။ ခင်ပွန်းသည် ချားလ်စ်မင်းသားရဲ့အနားမှာ ထိုင်လိုပေမယ့် တခြားအရာရှိကတော်တစ်ဦးက ချားလ်စ်ဘေးမှာ ထိုင်နေတာ တွေ့ရပါတယ်။ ဒီလိုအဖြစ်မျိုးတော့ လူပုံအလယ်မှာ အဖြစ်မခံနိုင်ဘူးလို့ သူ တွေးလိုက်ပါတယ်။



ထိုင်နေရာက ထသွားပြီး လှသွားလမ်းတစ်ဖက်ကိုကူးကာ အဲဒီအရာရှိကတော်နားကပ်ပြီး 'ကျေးဇူးပြုပြီး အဲဒီနေရာကနေ ဖယ်ပေးပါလား။ ဒါမှ ကျွန်မ ခင်ပွန်းအနားမှာ ကျွန်မ ထိုင်လို့ရမှာပေါ့' လို့ ခပ်တိုးတိုး ပြောလိုက်ပါတယ်။

အရာရှိကတော်က ဒိုင်ယာနာကိုယ်တိုင် လာပြောနေတာ ဖြစ်တဲ့အတွက် ငြင်းဖို့ရာ ခက်သွားပုံရပါတယ်။ ဒီအဖြစ်အပျက်ကို ကျွန်တော့်သူတွေ ဘယ်သူမှ မသိလိုက်ပေမယ့် ချားလ်စ်မင်းသားကတော့ သိလိုက်ပါတယ်။ အရာရှိကတော် ဖယ်ပေးလိုက်တဲ့နေရာမှာ ဒိုင်ယာနာက ခပ်တည်တည်ပဲ ဝင်ထိုင်ခဲ့ပါတယ်။ လူပုံအလယ် အရှက်ကွဲမခံနိုင်ဘူးဆိုတာကို သက်သေပြလိုက်ခြင်းပါပဲ။ ပဒေသာကပွဲအပြီး အပြင်ကို ပြန်ထွက်ကြတဲ့အခါမှာလည်း ဒိုင်ယာနာက ချားလ်စ်မင်းသားရဲ့အပါးကနေ ခပ်ပြုံးပြုံးပဲ လိုက်ပါလာခဲ့ပါတယ်။ ကပွဲဆောင်ရဲ့ အပြင်ဘက်မှာ ဘီဘီစီ သတင်းဌာနနဲ့ အိုင်တီအင်(န) သတင်းဌာနတို့က ရုပ်မြင်သံကြား ရိုက်ကူးနေကြတာ ဖြစ်ပါတယ်။

ချားလ်စ်မင်းသားနဲ့ ဒိုင်ယာနာ မင်းသမီးတို့ နှစ်ပါးစုံ ဂုဏ်ယူတဲ့ မိဘများအဖြစ် ထွက်လာခဲ့ကြပြီးမှ ကိုယ့်ကားရှိရာ ကိုယ် လမ်းခွဲသွားကြဖို့ပါပဲ။ လမ်းခွဲပြီးစမှာ ဒိုင်ယာနာက သူ့ခင်ပွန်းရဲ့ ကားအနားကို ခပ်သုတ်သုတ် လိုက်သွားပြီး ချားလ်စ်ရဲ့ပခုံးပေါ်ကို လက်တင်ကာ ပါးကိုနမ်းလိုက်ပါတယ်။ ပြီးတော့ 'ဂွတ် ဘိုင်… ဒါလင်' လို့လည်း တိုးတိုးဆိုလိုက်ပါသေးသတဲ့။

အဖြစ်အပျက်က အင်မတန် တိုတောင်းလှပေမယ့် အဲဒီနေ့ ညနေထုတ် စာစောင်များမှာ 'အနမ်းကတော့ အနမ်းပါပဲ' ဆိုတဲ့ခေါင်းစဉ်တွေနဲ့ ဒိုင်ယာနာ ချားလ်စ်မင်းသားကို အနမ်းပန်း ပေးနေပုံများနဲ့ ဖော်ပြခဲ့ကြပါတယ်။ ဒီသတင်းနဲ့ ပုံတွေကို တွေ့ရတော့ ဒိုင်ယာနာက 'ခုတော့ ကယ်မီလာအနေနဲ့ နောက်ဆုံး ခွဲခွာရသူတစ်ယောက် ဘယ်လိုခံစားရတယ်ဆိုတာကို နားလည်သွားလောက်ပြီ' လို့ နောက်တစ်နေ့ထုတ် သတင်းစာများကို နံနက်စာစားရင်းဖတ်ပြီး ပြောခဲ့ပါသေးတယ်။

၁၉၉၆ ခုနှစ် မေလ ၃၀ ရက်နေ့မှာ ယော့ခ်မြို့စားကတော်နဲ့ မြို့စားတို့ရဲ့ ကွာရှင်းပြတ်စဲခြင်းကလည်း အပြီးအပြတ် ဖြစ်သွားခဲ့ပါပြီ။ ဒါကြောင့် သူလည်း နန်းကျမိဖုရားတို့ရဲ့ ထုံးစံအတိုင်း ကင်စတန်နန်းတော်ရဲ့ ခန်းဆောင်တစ်ခုကို ရောက်ရှိလာခဲ့ပါတယ်။ သူ့ကိုလည်း ဒိုင်ယာနာနည်းတူ 'ဘုန်းတော် ကြီးမြတ်လှသော' ဆိုတဲ့ ဘွဲ့တပ်ခွင့် ရုပ်သိမ်းခဲ့ပြီး ယော့ခ်မြို့စားကတော် ဆာရာလို့သာ ခေါ်ခွင့်ပြုပါတော့တယ်။ နောက်တစ်နေ့ထုတ် သတင်းစာများမှာ 'ဘုန်းတော်ကြီးမြတ်လှသော' ဆိုတဲ့ ဘွဲ့ရုပ်သိမ်းလိုက်ကြောင်း ရေးသားဖော်ပြကြတော့ သူတို့

www.burmeseclassic.com



ညီအစ်မနှစ်ယောက်ဖတ်ပြီး ရယ်ကြပါတယ်။ ဆာရာက 'ကျွန်မတို့အကြောင်း ပြကြသေးတာပေါ့'လို့လည်း ကြိမ်းခဲ့ပါသေးတယ်။ အမျိုးသမီးနှစ်ဦးရဲ့ ရယ်သံများမှာ ကင်စတန်နန်းတော်ရဲ့ ခန်းမဆောင်ထဲမှာ ကျယ်ကျယ်လောင်လောင် ရှိပေမယ့် အသက်မပါလှဘဲ ခြောက်ခြောက်သွေ့သွေ့ ရှိလှပါတယ်။

ဒိုင်ယာနာလိုပဲ မြို့စားကတော်လည်း ရွှေနန်းတော်ရဲ့ပြင်ပကို ရောက်ရှိလာတာ ဖြစ်လို့ လွတ်လပ်မှုအရသာကို စတင်ခံစားရပါတယ်။ နန်းတွင်းမင်းမှုထမ်းများရဲ့ မလေးမစား လုပ်မှုတွေကို မခံရတော့သလို ပညာရှိနည်းနဲ့ နှိပ်စက်တာတွေကလည်း ကင်းဝေးလာခဲ့ပါပြီ။ နောက်ဆုံးတစ်နေ့ ကွာရှင်းပြတ်စဲမှု ပြီးပြတ်သွားတဲ့အချိန်မှာ 'နောက်ဆုံးမှာတော့ ကျွန်မတို့နိုင်တာပဲ မဟုတ်လား ပေါလ်'လို့ ဆိုခဲ့ကြပါတယ်။

'မင်းသမီးအနေနဲ့ ခေါင်းမော့ပြီး ပြုံးနေလိုက်စမ်းပါ'လို့ ယောက်မြို့စားကတော်ကို အားပေးလိုက်ပြီး ကျွန်တော့် ဘော့စ်ရှိရာကို ဝင်သွားခဲ့ပါတယ်။ အဲဒီ နှစ်နွေရာသီမှာ မင်းသမီးနဲ့ မြို့စားကတော်တို့ တောတောင်ထူထပ်တဲ့ ပြင်သစ်နိုင်ငံတောင်ပိုင်းသို့ ကလေးများနဲ့အတူ အားလပ်ရက် အပန်းဖြေခရီး ထွက်ခဲ့ကြပါတယ်။ သူတို့နှစ်ယောက် အပန်းဖြေခရီးတစ်လျှောက်မှာ ချူးမတော်များဘဝက ကြုံတွေ့ခဲ့ကြရတာတွေကို နှီးနှောဖလှယ်ကြခြင်းအားဖြင့် တစ်ယောက်နဲ့တစ်ယောက် ပိုမိုရင်းနှီးမှု ရခဲ့ကြပါတယ်။ တစ်ချိန်က လင်ညီအစ်မဆိုပေမယ့် ခုတော့ ညီအစ်မအရင်းများလို ဖြစ်လာခဲ့ကြပါပြီ။ ဘယ်လိုဆက်ပြီး စခန်းသွားကြမယ်ဆိုတာကိုလည်း တိုင်ပင်နှီးနှောကြရင်းက သူတို့နှစ်ယောက်စလုံးမှာ ချစ်သူကိုယ်စီ ရှိလာကြပြီဖြစ်တဲ့အတွက် ဘဝများဟာလည်း ခြောက်သွေ့နေရာကနေ စိုပြည်လာခဲ့ကြပါပြီ။

❑

မင်းသမီးရဲ့ ဘဝရှေ့ရေး စီမံချက်က လက်ရှိဘဝနဲ့ ပြောင့်ပြောင့်ကြီး ဆန့်ကျင်ပါတယ်။ နေတာကတော့ လန်ဒန်မှာရှိတဲ့ ကင်စတန်နန်းတော်မှာပဲ အခြေချနေမယ်။ ဒါကလည်း သားတော်နှစ်ပါးအတွက် ဖြစ်ပါတယ်။ ဒါပေမယ့် အားလပ်ရက် အပန်းဖြေချိန်များမှာ သွားရောက်လည်ပတ် အပန်းဖြေနိုင်မယ့် အိမ်များ ပြည်ပမှာ ရှာဖွေပါတယ်။ အဲဒီအိမ်တွေကို အခြေပြုပြီး လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းများကို ကမ္ဘာနဲ့အဝှမ်းချီပြီး လုပ်ကိုင်ဆောင်ရွက်ဖို့အထိ ရည်ရွယ်ထားပါတယ်။ 'ဩစတြေးလျားကို ကြိုက်သလား ပေါလ်'လို့ မင်းသမီးက ကျွန်တော့်ကို မေးပါတယ်။ အဲဒါက ၁၉၉၆ ခုနှစ် ဇွန်လဖြစ်ပြီး နှစ်တိုင်းနဲ့မတူ အင်မတန်ပူပြင်းတဲ့အချိန်လည်း ဖြစ်ပါတယ်။ ကျွန်တော်က ဩစတြေးလျားကို ဘုရင်မကြီးနဲ့အတူ သွားရောက်လည်ပတ်ဖူးတဲ့အတွက် မင်းသမီးက မေးမြန်းလိုက်ခြင်းလည်း ဖြစ်ပါတယ်။ 'ကျွန်တော် ဩစတြေးလျားရဲ့ နေရာတော်တော်များများကို ရောက်ခဲ့ဖူးပါတယ်။ New South Wales ကိုတော့ တော်တော်သဘောကျတယ်'လို့ ဖြေခဲ့ပါတယ်။



ဒီမေးခွန်း မေးတဲ့အချိန်တုန်းက မင်းသမီးက ဆိုဖာပေါ်မှာထိုင်ရင်း နိုင်ငံအသီးသီးမှ ဝယ်ယူရရှိနိုင်မယ့် အိမ်များရဲ့အကြောင်း ဖော်ပြထားတဲ့ စာအုပ်များ၊ စာရွက်စာတမ်းများကို လေ့လာနေရင်း မေးလိုက်ခြင်း ဖြစ်ပါတယ်။ 'ဒါဆိုရင် အဲဒီမှာနေရရင် ကောင်းမလား'လို့ ဆက်မေးပြန်ပါတယ်။

မင်းသမီးနဲ့ ကျွန်တော် တရင်းတနှီးနေလာခဲ့တဲ့ ကာလတစ်လျှောက်မှာ အံ့ဩစရာကောင်းတဲ့ ကိစ္စများများ သူ ဖန်တီးခဲ့တာ ကျွန်တော် သိပါတယ်။ ဒါပေမယ့် ခုလိုမေးလိုက်တဲ့ မေးခွန်းကတော့ ကျွန်တော့်ကို ကျီစယ်နေတာလားလို့ အောက်မေ့မိတဲ့အတွက် တအံ့တဩ ပြန်ကြည့်နေမိပါတယ်။ ဒီတော့မှ မင်းသမီးက 'ကျွန်မတကယ်ပြောနေတာ ပေါလ်'လို့ ဆိုပြန်ပါတယ်။

'အဲဒီမှာ နေမယ်ဆိုရင်တော့ ကျွန်တော့်အတွက် မိသားစုနဲ့ ဝေးလွန်းတယ်'လို့ ဖြေလိုက်ရပါတယ်။

'ကျွန်မ သိတယ်လေ၊ သိတာပေါ့'လို့ ပြောရင်း ကြည့်လက်စ စာအုပ်တွေ၊ စာရွက်စာတမ်းတွေကို ကောက်သိမ်းလိုက်ပါတယ်။ ပြီးတော့မှ တခြားစကားကို ပြောင်းသွားခဲ့ပါတော့တယ်။

❑

ကင်စတန်နန်းတော်ရဲ့ ခန်းဆောင်တစ်ခုမှာနေရတဲ့ မင်းသမီးရဲ့ဘဝမှာ ကျွန်တော့်အပြင် ဘဏ္ဍာစိုးဆိုတာလည်း မရှိ၊ အချိန်ပြည့် ခစားနေတဲ့ အပျိုတော်ဆိုတာလည်း နတ္ထိ၊ ကိုယ်ရေးအတွင်းရေးမှူးဆိုတာလည်း ဝေးလာဝေးဖြစ်နေတဲ့အတွက် လစ်လပ်နေတဲ့နေရာ အားလုံးကို ကျွန်တော်တစ်ယောက်တည်းကသာ ဒိုင်ခံဆောင်ရွက်ပေးရတာကြောင့် ကျွန်တော့်မှာ မိသားစုအတွက် ပေးနိုင်တဲ့အချိန်က နည်းသထက် နည်းလာပါတယ်။ မနက် ၈ နာရီ အိမ်က ထွက်လာပြီးရင် ညအိမ်ပြန်ရောက်ချိန် က ၁၁ နာရီ ကျော်နေပါပြီ။ အိမ်မှာ ဆီးကြိုနေတဲ့ ဇနီးသည် မာရီယာကို တွေ့ရပေမယ့် ကျွန်တော့်အခြေအနေက ပင်ပန်းနွမ်းနယ်နေပါပြီ။ သားနှစ်ယောက်ဖြစ်တဲ့ အလက်ဇန္ဒားနဲ့ နစ်ခ်တို့ဆိုရင် သူတို့အဖေကို တနင်္ဂနွေတစ်ရက်မှာသာ တွေ့ခွင့်ရကြပါတယ်။ တစ်ခါတလေ မင်းသမီးက သူတို့ကို သားတော်များနဲ့အတူ လာရောက်ကစားဖို့ ဖိတ်ကြားရင်တော့လည်း သားအဖတစ်တွေ တွေ့

www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရကြတယ်ပေါ့။ ကျွန်တော့်မိသားစုဘဝထက် ဓောက်ထိုးမိုးမျှော် အခြေအနေပြောင်းလဲသွားတဲ့ မင်းသမီးအပါးမှာ နေရတာကို ကျွန်တော်ကိုယ်တိုင်ကလည်း မလွဲသာမရှောင်သာ ဖြစ်ပေမယ့် ပစ်ခွာသွားဖို့ မသက်သာပါဘူး။

'ရှင်က ပြိုကွဲပျက်စီးသွားတဲ့ ဝေလမင်းသမီး မိသားစုကို စာနာထောက်ထားပြီး ပံ့ပိုးကူညီနေချိန်မှာ ရှင့်မှာလည်း မိသားစုရှိတယ်ဆိုတာကို ရှင် သတိထားသင့်သလို အဲဒီမိသားစုလို ဖြစ်မသွားအောင် ဂရုစိုက်သင့်တယ်။ ရှင့်မှာက ဝေလမင်းသမီးကို ကြင်နာညှာတာရလွန်းလို့ ကျွန်မတို့အိမ်ထောင်ရေးမှာ လင်မယားသုံးယောက်ပေါင်းရသလို ဖြစ်နေတယ်။ ကျွန်မရယ်၊ ရှင်ရယ်၊ မင်းသမီးရယ်ပေါ့။ ဒီဘဝကို ကျွန်မ စိတ်ပျက်လှပြီ ပေါလ်' လို့ မာရီယာက ဆိုလာပါပြီ။

ကျွန်တော့်ညီ ဂရေဟာမ်ရဲ့ မိသားစုကလည်း အဲဒီအချိန်မှာပဲ ပြိုကွဲပျက် စီးသွားပြန်ပါတယ်။ သူ့ဇနီးဖြစ်တဲ့ ဂျိန်းက ကလေးနှစ်ယောက်ကိုခေါ်ပြီး အိမ်က ထွက်သွားတယ်ဆိုတဲ့အကြောင်း ကျွန်တော့်ဆီကို မျက်ရည်လည်ရွဲနဲ့ ဖုန်းဆက်ပြီး ပြောရှာတယ်။ သူတို့နှစ်ဦးရဲ့ အိမ်ထောင်ရေးကတော့ လုံးဝ ပြိုကွဲပျက်စီးသွားပြီပေါ့။ ကျွန်တော်နဲ့ ရင်းနှီးတဲ့ ဝေလမင်းသားနဲ့မင်းသမီးရဲ့ အိမ်ထောင်ရေး ပြိုကွဲပျက်စီးသလို ကျွန်တော့်ညီ ဂရေဟာမ်တို့ရဲ့ အိမ်ထောင်ရေးလည်း ပျက်စီးသွားပြန်ပါပြီ။ ဂရေဟာမ် ဖုန်းဆက်တဲ့နေ့က မင်းသမီးအတွက် ညစာပြင်ဆင်ပေးတော့ ကျွန်တော် စိတ်ညစ်နေမှန်း မင်းသမီး ရိပ်မိပါတယ်။ ကျွန်တော့်ညီကို ကျွန်တော် ဘယ်လောက်ချစ်တယ်ဆိုတာလည်း မင်းသမီးက သိပါတယ်။

ညစာ စားသောက်ပြီးတဲ့နောက်မှာ မင်းသမီးက 'ဂရေဟာမ်ရဲ့ တယ်လီဖုန်းနံပါတ်ကို ကျွန်မ ရနိုင်မလား ပေါလ်၊ ကျွန်မ ဖုန်းဆက်ချင်လို့' လို့ မေးလာပါတယ်။

အဲဒီညမှာ မင်းသမီးက Grassmoor မှာရှိတဲ့ ဂရေဟာမ်ရဲ့အိမ်ကို သူကိုယ်တိုင် ဖုန်းဆက်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်ညီက ဧည့်ခန်းထဲမှာရှိတဲ့ ဆိုဖာမှာထိုင်ရင်း ရုပ်မြင်သံကြား ကြည့်နေတာပါတဲ့။

'ဟယ်လို ဂရေဟာမ်… ဒိုင်ယာနာပါ။ ဒီမှာ ပေါလ်တစ်ယောက်တော့ ရှင့်အတွက် စိတ်မကောင်းဖြစ်နေရှာတယ်။ ရှင်လည်း စိတ်ကောင်းမှာ မဟုတ်ဘူးလို့ ကျွန်မ ထင်တယ်' လို့ စကားစလိုက်ပါတယ်။

ဂရေဟာမ်က သူ့ကို ဒိုင်ယာနာကိုယ်တိုင် ဖုန်းဆက်နေတယ်ဆိုတာ မယုံနိုင်လောက်အောင် ဖြစ်သွားခဲ့ပါသတဲ့။ သူ့ရုံးက လူတွေလည်း သူ့ဆီကို ဒိုင်ယာနာ ဖုန်းဆက်ပြီး အိမ်ထောင်ရေးကိစ္စ နှစ်သိမ့်ပေးတာကို မယုံနိုင်လောက်အောင် ဖြစ်ခဲ့ကြပါသတဲ့။ ကျွန်တော့်ဘော့စ်က အဲဒီလို ထက်မြက်တဲ့အပြင် လူမှုရေးကိစ္စတွေမှာလည်း ဝင်ရောက်ဆောင်ရွက်တတ်သူပါ။ ဂရေဟာမ် ပြောသမျှကို နားထောင်ပေးတဲ့အပြင် သူ့ဘဝမှာ ကြုံခဲ့ရတဲ့ နာကျင်ကြေကွဲဖွယ်ရာ အခက်အခဲတွေကိုလည်း ပြောပြပါတယ်။ အဲဒါအပြင် ဂရေဟာမ်ကို အချစ်အကြောင်း၊ အိမ်ထောင်ရေးအကြောင်း၊ နောက်ထပ် တွေ့ထားတဲ့ ဂရေဟာမ်ရဲ့ အချစ်သစ်အကြောင်း၊ အနာဂတ်အတွက် ရည်ရွယ်ချက် စတာတွေကို မေးမြန်းညှိနှိုင်းပါတယ်။ နောက်ထပ် ရက်သတ္တပတ်နှစ်ပတ်အတွင်း ဘော့စ်က ဂရေဟာမ်ဆီကို သုံးကြိမ်တိုင်အောင် ဖုန်းဆက်ခဲ့ပါတယ်။ ဂရေဟာမ်အနေနဲ့ လက်ရှိဇနီးသည်အပေါ်မှာ သစ္စာမထားဘဲ နောက်ထပ် ချစ်သူရှိခြင်းဟာ မိုက်မဲရာကျကြောင်း၊ ဇနီးသည်ကို တကယ်ချစ်တယ်ဆိုရင် အိမ်ပြန်လာအောင် ချော့မော့ပြီး ပြန်ခေါ်ဖို့ တိုက်တွန်းခဲ့ပါတယ်။ ဘော့စ်ရဲ့ တိုက်တွန်းချက်ကြောင့်ပဲ ဂရေဟာမ်လည်း သူ့ဇနီးသည်ကို ပြန်ခေါ်ပြီး ဒီနေ့ထက်တိုင်အောင် ချစ်ချစ်ခင်ခင် ပေါင်းသင်းနေတဲ့အတွက် ဘော့စ်ရဲ့ ကျေးဇူးတွေ သူ့အပေါ်မှာ အများကြီးရှိကြောင်း ပြောလေ့ရှိပါတယ်။



သူများအိမ်ထောင်ရေးကို အဲဒီလို အဆင်ပြေအောင် ပြောဆိုညှိနှိုင်းပေးပေမယ့် သူ့အိမ်ထောင်ရေးကိုတော့ အဆင်ပြေအောင် မဆောင်ရွက်နိုင်ခဲ့ပါဘူး။ ဖေဖော်ဝါရီလက စတင်ပြီး အင်္ဂါနေ့ညတိုင်းမှာ Lord Mishcon က ကင်စတန်နန်းတော်ရဲ့ အဆောင်ကို ရောက်လာလေ့ ရှိပါတယ်။ သူက သေးသေးညှက်ညှက်ဖြစ်ပြီး မင်းသမီးရဲ့အပြောအရဆိုရင် ဥပဒေရေးရာနဲ့ ပတ်သက်ပြီး အင်မတန် ကျွမ်းကျင်သူလို့ ဆိုပါတယ်။ ရုပ်ကလည်း ခပ်ဖြောင့်ဖြောင့်ပါ။ ချမ်းအေးလှတဲ့ အဲဒီလများမှာ ကျွန်တော် တံခါးဖွင့်လိုက်လို့ရှိရင် သူ ဝင်လာပြီး ဦးထုပ်ကို ချွတ်ပါတယ်။ မင်းသမီးကို လက်ဆွဲနှုတ်ဆက်ပြီး မကြာခဏ ပြောလေ့ရှိတဲ့ စကားကတော့ 'အသိုးအိုတစ်ယောက်ရဲ့ အေးစက်စက်လက်ကို ခွင့်လွှတ်ပါ မင်းသမီး။ နှလုံးသားကတော့ နွေးထွေးပါတယ်' ဖြစ်ပါတယ်။ သူက ချားလ်စ်မင်းသားနဲ့ မင်းသမီးကြားမှာ ဖျန်ဖြေစေ့စပ်ညှိနှိုင်းပေးသူအဖြစ် ဆောင်ရွက်နေသူပါ။ ဒါပေမယ့် နွေရောက်လာတဲ့အခါမှာတော့ သူ့အစား Anthony Julius ဆိုသူက ဝင်ရောက်ဆောင်ရွက်ပါတယ်။ နှစ်လကုန်မှာတော့ ကွာရှင်းပြတ်စဲရေးကိစ္စတွေ လုံးဝပြီးပြတ်သွားပါတော့တယ်။

ညှိနှိုင်းမှုအရ မင်းသမီးကို ချားလ်စ်မင်းသားက ငွေသား စတာလင်ပေါင် ၁၇ သန်း ပေးမှာဖြစ်ပါတယ်။ အပြန်အလှန်အားဖြင့် တောင်းဆိုတာကတော့ ကင်စတန်နန်းတော်ရဲ့ နန်းဆောင်မှာရှိနေတဲ့ ဂျာမန်ဆွေတော်မျိုးတော်များရဲ့ ရေဆေးပန်းချီကားကြီးများကို ပြန်ပေးရမှာဖြစ်တဲ့အပြင် ၁၇၈၀ ပြည့်နှစ်က ပြုလုပ်ခဲ့တဲ့ ကုလား

www.burmeseclassic.com

www.burmeseclassic.com



ထိုင်များနဲ့ တတိယမြောက် ရှေးဘုရင်လက်ထက်ကတည်းက အသုံးပြုခဲ့တဲ့ ငွေထည်ပစ္စည်းများ ဖြစ်ပါတယ်။ ဒီပစ္စည်းများက ချားလ်စ်မင်းသားကိုယ်တိုင် သုံးနေကျပစ္စည်းများ ဖြစ်ပါတယ်။

ဇူလိုင်လ ၁ ရက်နေ့မှာ မင်းသမီး ရဲ့ ၃၅ နှစ်မြောက် မွေးနေ့ဖြစ်တဲ့အတွက် ပန်းစည်းများ၊ လက်ဆောင်ပစ္စည်းများ၊ ကတ်များ တပွဲပွဲ ဝင်ရောက်လာပါတယ်။ အမည်မဖော်လိုသူ တစ်ဦးကတော့ ရိုးတံရှည် နှင်းဆီနီပန်းစည်း နှစ်စည်း ပို့ခဲ့ပါတယ်။ ၃၅ ပွင့်စီ ပါဝင်ပါတယ်။ မွေးနေ့မတိုင်ခင် နှစ်ရက်အလိုတုန်းကတော့ အင်မတန် အံ့သြဖွယ်ရာကောင်းတဲ့ ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့ပါတယ်။ အဲဒီနေ့က စနေနေ့ပါ။ ခန်းဆောင်ရဲ့ တံခါးမမှ လူခေါ် ခေါင်းလောင်းသံ ကြားလိုက်ရတဲ့အတွက် ကျွန်တော် လျှောက်သွားရင်း ဘယ်ဧည့်သည်မှ လာစရာမရှိပါဘူးလို့ စဉ်းစားနေမိပါတယ်။ ကြေးလက်ကိုင်ဘုကို လှည့်ပြီး ဖွင့်လိုက်တဲ့အခါမှာတော့ ကျွန်တော် ဘယ်လိုမှ မျှော်လင့်မထားတဲ့ ပုဂ္ဂိုလ်တစ်ဦး တံခါးဝမှာ ရပ်နေပြီး 'ဟယ်လို ပေါလ်… ဝင်လာလို့ ရမလား' လို့ မေးပါတယ်။ ကျွန်တော် ကြက်သေသေနေမိတယ်။ ကျွန်တော့်ရှေ့မှာ ရပ်နေတဲ့ ပုဂ္ဂိုလ်ကတော့ ချားလ်စ်မင်းသားကိုယ်တိုင်ပါပဲ။

မင်းသားက ကင်စတန်နန်းတော် အနီးမှာရှိတဲ့ နေရာတစ်ခုကနေ ရဟတ်ယာဉ်စီးပြီး ခရီးသွားဖို့ ရှိပါတယ်။ ဒါပေမယ့် စောနေသေးတဲ့အတွက် အဲဒီနေရာမှာ သွားထိုင်စောင့်မနေတော့ဘဲ ကင်စတန်နန်းတော်ဘက်ကို လှည့်ဝင်လာခဲ့ခြင်းပါ။

'ကြွပါ ဘုန်းတော်ကြီးမြတ်လှသော မင်းသား၊ အပေါ်ထပ်ကိုတက်တဲ့ လှေကားကိုတော့ မင်းသား သိမယ် ထင်ပါတယ်' လို့ လျှောက်ထားလိုက်ရပါတယ်။ မင်းသားက ကျွန်တော့်ကို ပြုံးပြပြီး အပေါ်ထပ်တက်တဲ့ လှေကားဆီကို လျှောက်သွားပါတယ်။ ကျွန်တော်ကိုယ်တိုင် အံ့သြခြင်းမက အံ့သြနေမိတယ်ဆိုရင် ကျွန်တော့်ဘော့စ်တော့ ဘယ်လောက်အံ့သြလိုက်မလဲဆိုတာ ကျွန်တော် မြင်ချင်စမ်းပါဘိ။

မင်းသားက လှေကားထစ်များကို နင်းတက်ရင်း 'ဒိုင်ယာနာ… မင်း အပေါ်ထပ်မှာ ရှိသလား' လို့ အသံပြုပါသေးတယ်။ ကျွန်တော်က မင်းသား နောက်ကနေ ထပ်ကြပ်မကွာ လိုက်သွားခဲ့ပါတယ်။

လှေကားထိပ်မှာ ထိတ်လန့်တုန်လှုပ်စွာနဲ့ ရပ်စောင့်နေတဲ့ ကျွန်တော့် ဘော့စ်နဲ့ မင်းသားတို့ ဆုံမိကြပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ဖက်ကာ ပါးတစ်ဖက်တစ်ချက်စီကို အပြန်အလှန် နမ်းကြရင်း နှုတ်ဆက်ကြပါတယ်။ မင်းသားရဲ့ ပခုံးပေါ်ကနေကျော်ပြီး ကျွန်တော့်ကို လှမ်းကြည့်လိုက်ပါတယ်။ မင်းသမီးရဲ့



မျက်ဝန်းများမှာ ထိတ်လန့်တုန်လှုပ်မှုကို အတိုင်းသား တွေ့ရပါတယ်။ ဒါပေမယ့် သူ့ကိုယ်သူထိန်းလိုက်ပြီး 'ကုလားထိုင်တွေ လာယူတာလား ချားလ်စ်' လို့ မေးလိုက်ပါတယ်။

အိမ်ထောင်ရေး ဖောက်ပြန်မှုကြောင့် ကွာရှင်းပြတ်စဲခဲ့ကြတဲ့ လင်မယားနှစ်ယောက် ဒီတစ်ကြိမ် ပြန်တွေ့ကြတဲ့အခါ ဘာမှမဖြစ်ကြသလိုပါပဲ။ တကယ်လို့များ လူထုပရိသတ်ရှေ့မှာ ဒီလိုတွေ့ကြတယ်ဆိုရင် ပြည်သူတွေ ဘယ်လောက်ဝမ်းသာမလဲလို့လည်း တွေးနေမိတယ်။ သူတို့နှစ်ယောက် ပြောဆိုနေကြပုံတွေက မိတ်ဆွေများလိုပါပဲ။ နိမ့်ချည်မြင့်ချည် ဖြစ်နေတဲ့ မင်းသမီးရဲ့ ရင်အစုံကို ကြည့်ခြင်းအားဖြင့် ဘယ်လောက် စိတ်လှုပ်ရှားနေတယ်ဆိုတာကိုလည်း ခန့်မှန်းမိပါတယ်။ သူတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ပုံမှန်ဆက်ဆံနိုင်အောင် ကြိုးစားနေကြတယ်ဆိုတာလည်း ထင်ရှားပါတယ်။ ကျွန်တော်ကတော့ အောက်ကို ဆင်းသွားလိုက်ပြီး မင်းသားအကြိုက် လက်ဖက်ရည်ပြင်းပြင်းတစ်ခွက် သွားဖျော်နေလိုက်ပါတယ်။

□

ဇူလိုင်လလယ်မှာတော့ ဘာကင်ဟမ်နန်းတော်ကြီးက အိမ်ရှေ့စံ ချားလ်စ်မင်းသားနဲ့ ဒိုင်ယာနာတို့ ကွာရှင်းပြတ်စဲရေးကိစ္စ ပြီးပြတ်သွားပြီ ဖြစ်ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်ပါတယ်။ မပြီးပြတ်သေးတဲ့ကိစ္စကတော့ မင်းသမီးရဲ့အမည်ရှေ့မှာ 'ဘုန်းတော်ကြီးမြတ်လှသော' ဆိုတဲ့ဘွဲ့ ထည့်သင့်၊ မထည့်သင့်ဆိုတဲ့ကိစ္စပါပဲ။ ဒါကိုလည်း ဘုရင်မကြီးက ဆုံးဖြတ်ချက် ပေးလိုက်ပါပြီ။ ဒိုင်ယာနာရဲ့အမည်ရှေ့မှာ 'ဘုန်းတော်ကြီးမြတ်လှသော' ဆိုတဲ့ဘွဲ့ ထည့်ခွင့်မရှိတော့ဘဲ ဝေလမင်းသမီးဒိုင်ယာနာလို့သာ သုံးစွဲခွင့်ပြုတော့မှာဖြစ်ကြောင်း ဆုံးဖြတ်ပေးလိုက်ခြင်းပါ။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဒိုင်ယာနာက သူ့ခဲအိုတော်တဲ့ ဘုရင်မကြီးရဲ့ ကိုယ်ရေးအတွင်းရေးမှူး ဆာရောဘတ်ဖဲလိုးစ်ထံကို ဖုန်းဆက်ပြီး ဒီကိစ္စပြန်လည်ပြင်ဆင်ပေးဖို့ တောင်းဆိုပါသေးတယ်။ ဒါပေမယ့် ဘုရင်မကြီးက ပြတ်ပြတ်သားသားပဲ ငြင်းဆိုလိုက်ပါတယ်။ စတာလင်ပေါင် ၁၇ သန်း ပေးခဲ့ခြင်းဟာ အဲဒီဘွဲ့အတွက် ဖြစ်တယ်လို့လည်း မိန့်တော်မူခဲ့ပါတယ်။ မင်းသမီးအနေနဲ့ မင်းခမ်းမင်းနားများမှာ တက်ရောက်ခွင့် မရှိတော့တဲ့အပြင် ဗြိတိန်နိုင်ငံကို ကိုယ်စားပြုတဲ့ ပုဂ္ဂိုလ်တစ်ဦးလည်း မဟုတ်တော့ပါဘူး။ မင်းသမီးရဲ့ ရင်ထဲမှာတော့ ချားလ်စ်မင်းသားနဲ့ အိမ်ထောင်ပြုခဲ့ခြင်းကြောင့် ဒီဘွဲ့ကို ရရှိခဲ့တာဖြစ်ပြီး ဗြိတိန်နိုင်ငံကို ကိုယ်စားပြုကာ မမောနိုင်မပန်းနိုင် နှစ်ပေါင်းများစွာ လူမှုရေးလုပ်ငန်းများမှာ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ခဲ့တာကို နှမြောနေမိပါတယ်။ ဗြိတိန်နိုင်ငံကို ကိုယ်စားပြုခွင့် မရတော့တဲ့အတွက် သူ့ဆောင်ရွက်ဆဲ လူမှုရေးလုပ်ငန်းများမှာလည်း အရေးပါအရာရောက်မှု ရှိတော့မှာ မဟုတ်ပါဘူး။

ဘွဲ့ကို ရုပ်သိမ်းခံရတဲ့အတွက် စိတ်ပျက်သွားတဲ့ ဒိုင်ယာနာက သူ့သားတော်ကြီး ဝီလျံကိုပဲ ရင်ဖွင့်ရရှာတယ်။ အဲဒီညမှာ သားကို တွေးပွေ့ရင်း ပြောပြတော့ ဝီလျံက 'စိတ်မပူပါနဲ့ မာမီရယ်၊ သား ရှင်ဘုရင် ဖြစ်လာတဲ့ တစ်နေ့ကျရင် မာမီ့ကို အဲဒီဘွဲ့ ပြန်ပေးမှာပေါ့' လို့ ပြောတဲ့အတွက် ဒိုင်ယာနာခမျာ ရင်နင့်ငိုကြွေးခဲ့ရပါသတဲ့။

သားရဲ့စကားကြောင့် ကျခဲ့ရတဲ့ မျက်ရည်တွေ ခြောက်သွားချိန်မှာတော့ ဒိုင်ယာနာက စာပေါင်းများစွာကို သက်ဆိုင်ရာ ရန်ပုံငွေအဖွဲ့အစည်းများ၊ တပ်ဖွဲ့များဆီကို စာစီရေးသားပါတော့တယ်။ သူမဟာ ဗြိတိန်နိုင်ငံကို ကိုယ်စားပြုသူ မဟုတ်တော့တဲ့အတွက် ဘယ်အဖွဲ့အစည်းရဲ့ ဥက္ကဋ္ဌနာယကမှ မဟုတ်တော့ကြောင်း စာရေးသားခြင်းပါ။ အဓိကအားဖြင့် ကြက်ခြေနီနဲ့ သက်ကြီးရွယ်အိုများကို ကူညီစောင့်ရှောက်ရေးအသင်းများ ပါဝင်ပါတယ်။

အဲဒီအချိန်အတွင်းမှာ မင်းသမီးရဲ့ရုံးခန်းကို စိန့်ဂျိမ်းစ်နန်းတော်မှ ကင်စတန်နန်းတော်ရဲ့ အခန်းအမှတ် ၇ သို့ ပြောင်းရွှေ့စေခဲ့ပြန်ပါတယ်။ ဒိုင်ယာနာက သူမရဲ့ရုံးခန်းကို ဘာကင်ဟမ်နန်းတော်ရဲ့ တစ်နေရာရာမှာ ဖွင့်ခွင့်တောင်းဆိုခဲ့ပေမယ့် ဘုရင်မကြီးက သူ့မျက်စိရှေ့အောက်မှာ မဟုတ်ဘဲ လွတ်လွတ် လပ်လပ်နေတာက ပိုကောင်းပါလိမ့်မယ်လို့ အကြောင်းပြပြီး ငြင်းဆိုခဲ့ပါတယ်။ ဒါကြောင့် ကင်စတန်နန်းတော်ရဲ့ အခန်းနံပါတ် ၇ ဟာ ဒိုင်ယာနာရဲ့ ရုံးခန်းဖြစ်လာပြီး မိုက်ကယ်ဂစ်ဘင်စ်က ဦးဆောင်သူ ဖြစ်လာပါတယ်။

'ဘုန်းတော်ကြီးမြတ်လှသော' ဆိုတဲ့ဘွဲ့ကို စွန့်လွှတ်လိုက်ခြင်းနဲ့ ပတ်သက်ပြီး နောက်ဆက်တွဲ ဖြစ်ပေါ်လာတဲ့ကိစ္စကတော့ ဒိုင်ယာနာဟာ သာမန်အရပ်သူတစ်ဦး ဖြစ်သွားပြီဖြစ်တဲ့အတွက် မင်းဆွေမင်းမျိုးများကို တွေ့ရင် ဦးညွှတ်အလေးပြုရမှာ ဖြစ်ပါတယ်။ တစ်ခါတုန်းက အင်္ဂလန်နိုင်ငံပြည့်ရှင် မိဖုရားကြီးဖြစ်လာတော့မယ့် ဒိုင်ယာနာဟာ ခုတော့ သာမန်အရပ်သူ ဖြစ်သွားပြီ ဖြစ်တဲ့အတွက် အစဉ်အလာအတိုင်း မင်းမျိုးမင်းနွယ်များကို တွေ့တဲ့အချိန်တိုင်း ဦးညွှတ်အလေးပြုရမှာ ဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ကင်စတန်နန်းတော်မှာ ခန်းဆောင်ချင်း ကပ်လျက်နေတဲ့ ဘုန်းတော်ကြီးမြတ်လှသော ကင့်မြို့စား မင်းသမီး မိုက်ကယ်က ဒိုင်ယာနာဆီကို စာတစ်စောင် ရေးလာပါတယ်။ အဲဒီစာကို ဖတ်ပြီးချိန်မှာ ဒိုင်ယာနာက စိတ်လှုပ်



ရှားစွာနဲ့ ကျွန်တော့်ကို ပေးဖတ်ခဲ့ပါတယ်။ စာမှာ ရေးထားတာကတော့...

*သတင်းစာများထဲမှာ ရှင့်ဘွဲ့ထူး ရုပ်သိမ်းလိုက်တဲ့အကြောင်း ဖတ်လိုက်ရတဲ့အတွက် ကျွန်မ အင်မတန် တုန်လှုပ်မိပါတယ်။ လူကြားသူကြားထဲမှာ ကျွန်မကို တွေ့ရင် ရှင် အလေးပြုရတော့မှာပဲလို့ အတွေးရောက်နေလိမ့်မယ် ထင်ပါတယ်။ အဲလိုသာဖြစ်ခဲ့ရင် ကျွန်မ အင်မတန် အားနာရပါလိမ့်မယ်။ ဒါကြောင့် အဲဒီလို ဘယ်တော့မှ မလုပ်ပါနဲ့လို့ ကျွန်မ မေတ္တာရပ်ခံပါရစေ။ ကျွန်မဟာ ရှင့်ကို သတ္တိနဲ့ခွန်အားအရာမှာ အင်မတန် လေးစားကြည်ညိုခဲ့သူတစ်ဦး ဖြစ်ပါတယ်။ တကယ်လို့ ချားလ်စ်မင်းသားကသာ ရှင့်ကို အစကတည်းက ချစ်ခဲ့မယ်ဆိုရင် ခုလိုအဖြစ်အပျက်တွေဟာ ပေါ်ပေါက်လာစရာအကြောင်း မရှိပါဘူး။ ကျွန်မ ရှင့်ကို အမြဲတမ်း ထောက်ခံနေပါမယ်။*

ကင့်မြို့စား မင်းသမီးရဲ့စာဟာ တိုတောင်းလှပေမယ့် ရင်ထဲကလာတဲ့ စကားလုံးတွေကို ဖွဲ့သီထားတာ ဖြစ်လို့ ဒိုင်ယာနာအတွက် ခွန်အားရစေပါတယ်။ သူ့လိုပဲ ကျွန်တော့်ရင်ထဲမှာလည်း 'ဘုန်းတော်ကြီးမြတ်လှသော' ဆိုတဲ့ စာလုံးကို ဘယ်သူကဖြုတ်ဖြုတ် ဘာမှ ထူးခြားမလာဘဲ ဒိုင်ယာနာဟာ ဒိုင်ယာနာသာ ဖြစ်တယ်လို့ ကျွန်တော် ခံယူပါတယ်။ အဲဒီခံယူချက်ကို ကျွန်တော့်ဘဝစ်ရဲ့ နောက်ဆုံးအချိန်အထိ မပြောင်းမလဲဘဲ ကျွန်တော် ခံယူခဲ့ပါတယ်။ မနက်မိုးလင်းတိုင်း လက်ဖက်ရည်ပွဲမှာ ကော်ဖီငှဲ့ပေးရင်း 'မင်္ဂလာ နံနက်ခင်းပါ ဘုန်းတော်ကြီးမြတ်လှသော မင်းသမီး' လို့ နှုတ်ဆက်ခဲ့တာချည်းပါပဲ။

❑

ဘာကင်ဟမ် ရွှေနန်းတော်ရဲ့ အမိန့်နဲ့ ဝေလမင်းသမီး ဒိုင်ယာနာရဲ့ အမည်ရှေ့မှာ 'ဘုန်းတော်ကြီးမြတ်လှသော' ဆိုတဲ့ဘွဲ့ တပ်ခွင့်မရှိဘူးလို့ အမိန့်ထုတ်ပြန်လိုက်ခြင်းက ဂယက်ထခဲ့စေပေမယ့် အကောင်းထဲက အဆိုးတချို့လည်း ရှိခဲ့ပါတယ်။ အဲဒါကတော့ ဒိုင်ယာနာအနေနဲ့ သူ့ကိုယ်ပိုင်စိတ်ကူးများနဲ့ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများအပေါ်မှာ အာရုံစူးစိုက်နိုင်ခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် တစ်ဖက်မှာကျပြန်တော့လည်း ရုပ်ရှင်လုပ်ငန်းတို့၊ အလှကုန်လုပ်ငန်းတို့က ဒိုင်ယာနာကို အသုံးချဖို့ ကြိုးစားလာကြတာကို ကြုံရပါတယ်။

ဇူလိုင်လရဲ့ တစ်ညနေခင်းမှာ တယ်လီဖုန်း မြည်လာပါတယ်။ ဖုန်းဆက်သူက ဟောလိဝုဒ်မှ ရုပ်ရှင်မင်းသား ကီဗင်ကော့စနာ ကိုယ်တိုင်ဖြစ်ပါတယ်။ သူ့ကို စောင့်ခိုင်းထားပြီး မင်းသမီးနားနေတဲ့ ဧည့်ခန်းထဲက ဖုန်းကို ကျွန်တော် ခေါ်လိုက်ပါတယ်။ 'ကီဗင်ကော့စနာ ဖုန်းဆက်နေပါတယ် မင်းသမီး။ မင်းသမီးနဲ့

www.burmeseclassic.com

www.burmeseclassic.com



တိုက်ရိုက် စကားပြောချင်ပါတယ်တဲ့' လို့ ကျွန်တော်က ပြောလိုက်တဲ့အခါ မင်းသမီးကိုယ်တိုင်လည်း အနည်းငယ် တုန်လှုပ်သွားပုံရပါတယ်။ 'ကျွန်မနဲ့ ဆက်သွယ်ပေးလိုက်ပါ ပေါလ်' လို့ ဆိုပါတယ်။

ကျွန်တော် ဧည့်ခန်းထဲ ဝင်သွားတဲ့အခါမှာ မင်းသမီးက သူ့စာရေးစားပွဲမှာ ထိုင်ပြီး ကီဗင်ကော့စနာ ပြောစကားကို အာရုံစူးစိုက် နားထောင်နေတာ တွေ့ရပါတယ်။ ကျွန်တော့်ကို မြင်လိုက်တော့ လက်ငွေ့ယမ်းပြီး ထိုင်နေဖို့ ပြလိုက်ပါတယ်။ 'ဒါပေမယ့် ကျွန်မက သီချင်းမှ မဆိုတတ်တဲ့' လို့ ပြောလိုက်ပြီး တခစ်ခစ် ရယ်နေတာကို တွေ့ရတယ်။ 'ကျွန်မ ဘာတွေလုပ်နိုင်လိမ့်မယ်လို့ ရှင် မျှော်လင့်ထားလို့လဲ။ ကျွန်မ အသေအချာတော့ မပြောနိုင်သေးဘူးနော်။ ကောင်းပြီလေ၊ ပို့လိုက်ပါ။ ကျွန်မ ဖတ်ကြည့်ပါမယ်' လို့ စကားကို အဆုံးသတ်လိုက်ပါတယ်။ သူ ပြန်ပြောပြတာကတော့ ကီဗင်ကော့စနာက ဒိုင်ယာနာကို The Bodyguard II ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်စေချင်သတဲ့။ ပထမပိုင်းက အဆိုကျော်၊ ရုပ်ရှင်မင်းသမီး ဝှစ်တနီဟျူစတန်နဲ့ ရိုက်ခဲ့တဲ့ကားဖြစ်ပြီး အောင်မြင်မှုလည်း ရခဲ့ပါတယ်။ အခုဟာက ဒိုင်ယာနာကို တော်ဝင်မင်းသမီးတစ်ပါးအနေနဲ့ သရုပ်ဆောင်စေမှာဖြစ်ပြီး ကီဗင်ကော့စနာကိုယ်တိုင်ကတော့ မင်းသမီးရဲ့ သက်တော်စောင့် နေရာကနေ သရုပ်ဆောင်မှာပါ။ မင်းသားရဲ့အဆိုကတော့ သေချာပေါက် အောင်မြင်မှု ရလိမ့်မယ်လို့ ဆိုပါတယ်။ သူကိုယ်တိုင်ကလည်း မင်းသမီးကို အစစအရာရာ စောင့်ရှောက်ပြီး အောင်မြင်အောင် ဆောင်ရွက်ပေးပါ့မယ်လို့ ဆိုပါသတဲ့။ အဲဒီဇာတ်လမ်းကို မင်းသမီး ဖတ်ကြည့်နိုင်ဖို့ ဇာတ်ညွှန်းပို့ပေးလိုက်မယ်လို့ ဆိုခြင်းပါ။ စကားဆုံးတော့ မင်းသမီးက 'ရှင် ယုံသလား ပေါလ်။ သူက အရမ်းချောတဲ့ မင်းသားပဲ။ ကျွန်မကတော့ သူ အတည်ပြောနေတာလို့ မယုံချင်ဘူး' လို့ ဆိုပါတယ်။ မစ္စတာကော့စနာအနေနဲ့ မင်းသမီးရဲ့ အောင်မြင်ကျော်ကြားမှုကို အသုံးချလိုလို့ ချဉ်းကပ်တာပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် မင်းသမီးကို ဒီလိုချဉ်းကပ်လိုက်ခြင်းက မင်းသမီးအနေနဲ့ အတ္တမာနစိတ် မြင့်စေခဲ့တာတော့ အမှန်ပါပဲ။ ဒါပေမယ့် သူ့စိတ်ထဲမှာ 'မဖြစ်နိုင်ပါဘူး' လို့တော့ ခံယူထားခဲ့ပါတယ်။

အမေရိကားကနေ ပို့လိုက်မယ်ဆိုတဲ့ The Bodyguard II ဇာတ်ညွှန်းက မင်းသမီးထံကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပါတယ်။ အဲဒီဇာတ်ညွှန်းကို ဒိုင်ယာနာ ဖတ်ဖြစ်သလား၊ မဖတ်ဖြစ်ဘူးလား ဆိုတာတော့ ကျွန်တော် အသေအချာ မပြောနိုင်ပါဘူး။

ရုပ်ရှင်ဘက်က ကမ်းလှမ်းမှုပြီးတဲ့နောက်မှာ မင်းသမီးနဲ့ သင့်တော်တဲ့



ကမ်းလှမ်းမှုတစ်ခုကို အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ အလှကုန် ကုမ္ပဏီဖြစ်တဲ့ Revlon က ကမ်းလှမ်းလာခဲ့ပါတယ်။ သူတို့ရဲ့ကမ်းလှမ်းမှုက မင်းသမီး ဦးစီးဦးဆောင်မှုပြုပြီး သူတို့ ကုမ္ပဏီနာမည်နဲ့ ခေါ်လာသန်းပေါင်းများစွာ လှူဒါန်းတဲ့ လူမှုရေးအဖွဲ့အစည်းတစ်ခု တည်ထောင်ဖို့ ဖြစ်ပါတယ်။ 'Revlon ရဲ့ ပင်တိုင်မင်းသမီးဖြစ်တဲ့ Cindy Crawford က မျက်နှာပြုပါလိမ့်မယ်။ ကျွန်မကတော့ အဲဒီအဖွဲ့အစည်းရဲ့ စတိုင်လ်နဲ့ လှုပ်ရှားမှုကို ဖန်တီးပေးရမှာပေါ့' လို့ မင်းသမီးက ပြောပြပါတယ်။

အဲဒီကိစ္စတွေကြားကပဲ ဖေဖော်ဝါရီလလယ်ကနေ ၁၉၉၆ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့ နံနက်ကို ရောက်ရှိလာပါတယ်။ ဒီနေ့နံနက်ဟာ ဗြိတိန်နိုင်ငံရဲ့ အိမ်ရှေ့မင်းသား ချားလ်စ်နဲ့ ဝေလမင်းသမီးတို့ရဲ့ တရားဝင်ပြတ်စဲမှု နောက်ဆုံးနေ့ဖြစ်ပါတယ်။ ဒီနေ့ကစပြီး တစ်ဦးနဲ့တစ်ဦး ပတ်သက်ခြင်းမရှိတော့ဘဲ ကိုယ့်လမ်းကို ကိုယ် လျှောက်ခွင့်ရသွားကြပါပြီ။ အဲဒီနေ့နံနက် အရုဏ်တက်ချိန်မှာ သဘာဝပတ်ဝန်းကျင်အခြေအနေကိုယ်တိုင်က ဝမ်းနည်းကြေကွဲစရာ ကောင်းလောက်အောင် မှုန်မှိုင်းနေပါတယ်။ မင်းသမီးရဲ့ စက်ရာဆောင်ရှေ့က စကြံမှာ မင်းသမီး နိုးလာချိန်ကို ကျွန်တော် စောင့်ဆိုင်းနေရင်း စဉ်းစားမိတာကတော့ ၁၉၇၆ ခုနှစ်ကစပြီး မင်းမှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ ကျွန်တော်ဟာ ဒီနေ့နံနက်ကစပြီး မင်းမှုထမ်းမဟုတ်တော့ဘဲ ဝေလမင်းသမီး ဒိုင်ယာနာရဲ့ အိမ်တော်ထိန်းတစ်ဦးသာ ဖြစ်သွားပြီဖြစ်တဲ့အတွက် ကျွန်တော့်ဘဝဟာလည်း မင်းသမီးနည်းတူ ပြောင်းလဲသွားပြီပေါ့။ ဘဝသစ်ကိုရင်ဆိုင်ဖို့ ကျွန်တော်လည်း မင်းသမီးနဲ့ ထပ်တူထပ်မျှ ပြင်ဆင်ရပါတော့မယ်။

စက်ရာဆောင်ကနေ မင်းသမီး ထွက်လာချိန်မှာ ရွှန်အားအပြည့်နဲ့ပါ။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်မယ့် ဘဝကိုရပြီမို့ အောင်မြင်မှုကိုလည်း ရအောင် ဆောင်ရွက်နိုင်လိမ့်မယ်လို့ ယုံကြည်ထားပုံ ရပါတယ်။ နံနက်စာ စားသုံးနေစဉ်အတွင်း သူ စီစဉ်ထားတဲ့ ခရီးစဉ်တွေအကြောင်း ပြောပြပါတယ်။ စက်တင်ဘာလမှာ ဝါရှင်တန်ကို သွားမယ်။ နိုဝင်ဘာလကျရင်တော့ ဩစတြေးလျားကို သွားမယ်တဲ့။ သူ့ စိတ်ထဲမှာ ခုထက်ထိ ဩစတြေးလျားသွားနေဖို့ စိတ်ကူးရှိနေသေးပုံ ရပါတယ်။

ဧည့်ခန်းထဲမှာ ထိုင်နေစဉ်အတွင်း များမကြာမီကာလမှာ ကြုံရတော့မယ့် တာဝန်ရှင်များရဲ့ မေးခွန်းများကို ဖြေဆိုဖို့ စိတ်ကူးကြံဆနေပုံရပါတယ်။ အဲဒီအချိန်မှာပဲ တယ်လီဖုန်းမြည်လာခဲ့ပါတယ်။ ဒိုင်ယာနာရဲ့ ခဲအိုတော်သူ ဆာရာ

www.burmeseclassic.com



ဘတ်ဖဲလိုးစ်က ဆက်လာခြင်းပါ။ ဒီတစ်ကြိမ် သူ ဆက်ခြင်းက ဘုရင်မကြီးရဲ့ ကိုယ်ရေးအတွင်းရေးမှူးအနေနဲ့ ဆက်လာခြင်းမဟုတ်ဘဲ ခဲအိုတစ်ယောက်အနေနဲ့ ဆက်ခြင်းပါ။ 'မင်းအနေနဲ့ ရှေ့ဆက်လျှောက်ရမယ့် ခရီးလမ်းမှာ အခက်အခဲတွေ မရှိဘဲ ကံကောင်းပါစေလို့ ဆုတောင်းချင်လို့ ဆက်တာပါ။ ဒဏ္ဍာရီပုံပြင်တစ်ပုဒ်လို အင်မတန်လှပခဲ့တဲ့ မင်းတို့ရဲ့ အိမ်ထောင်ပြိုကွဲသွားခြင်းကတော့ ဝမ်းနည်းစရာပါ'လို့ သူက ဆိုခဲ့ပါတယ်။ မင်းသမီးကတော့ ကွာရှင်းပြတ်စဲလိုက်ရခြင်းအတွက် ဘယ်သူ့ သနားကြင်နာမှုကိုမှ ခံယူလို့ပုံမရပါဘူး။ သူဟာ အသနားခံ သတ္တဝါတစ်ယောက်အဖြစ် ရပ်တည်ရမယ့်သူ မဟုတ်ဘူးလို့ ခံယူထားပါတယ်။

'အို... မဟုတ်တာ၊ ဒီနေ့ဟာ ကျွန်မဘဝရဲ့ကဏ္ဍသစ်တစ်ခုကို စတဲ့နေ့ပါ။ ဒါပေမယ့် ရောဘတ်ရယ်... ကျွန်မ ခုထက်ထိ သူ့ကိုချစ်နေဆဲပဲဆိုတာတော့ ယုံစမ်းပါ။ အဲဒီအချက်ကတော့ ဘယ်တော့မှ ပြောင်းလဲသွားမှာ မဟုတ်ပါဘူး'လို့ ကျွန်တော့်မျက်နှာကို ကြည့်ရင်း ပြောခဲ့ပါတယ်။

အဲဒီနေ့ တစ်နေ့လုံး ဒိုင်ယာနာက အပြာနုရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး အင်မတန် ကျက်သရေ ရှိနေခဲ့တာပါ။ လက်ကိုင်အိတ်ကို တစ်ဖက်က ကိုင်၊ လှေကားထစ်တွေ တစ်ထစ်ချင်းနင်းပြီး ဆင်းလာတဲ့ ဒိုင်ယာနာရဲ့လက်မှာ ဇာစပ် ကြောင်းလမ်းခြင်း လက်စွပ်ရော လက်ထပ်လက်စွပ်ပါ ဝတ်ဆင်ထားမြဲပါ။ အဲဒီ လက်စွပ်တွေကို ကျွန်တော် ကြည့်နေတာ သတိထားမိတော့ သူက 'ဒီလက်စွပ် တွေကို ကျွန်မ ချွတ်တော့ချွတ်မှာပါ။ ဒါပေမယ့် ခုတော့ မချွတ်နိုင်သေးဘူး'လို့ ဆိုလိုက်ပါတယ်။ ဒိုင်ယာနာက သူ့မိခင်နဲ့ ဖခင်တို့ လမ်းခွဲကြတဲ့ နေ့ကိုလည်း မှတ်မိနေပါတယ်။ အဲဒီနေ့မှာ အမေနဲ့အဖေက လက်ထပ်လက်စွပ်တွေ ချွတ်ပစ်ခဲ့ကြ တာကို သားသမီးများအနေနဲ့ ရင်နင့်အောင် ခံစားခဲ့ကြရတာတွေကိုလည်း မမေ့နိုင် သေးပါဘူး။ 'လက်စွပ်ဆိုတာဟာ ဘာမှမဟုတ်တဲ့ လက်ဝတ်တန်ဆာတစ်ခုပါ။ ဒါပေမယ့် အိမ်ထောင်သည်ဘဝမှာတော့ အဲဒီဘာမှမဟုတ်တဲ့ ပစ္စည်းကလေးဟာ တော်တော်ကို အရာရောက်ပါတယ်'လို့လည်း ဆိုပါတယ်။ အပြင်ကို ထွက်သွားတဲ့ ဒိုင်ယာနာက အဲဒီနေ့မှာ English National Ballet အတွက် အစည်းအဝေးတစ်ခု တက်ဖို့ ထွက်ခွာသွားခြင်းပါ။

အဲဒီနေ့ညနေ သူ ပြန်လာတော့ ကျွန်တော့်ကို စကားပြောချင်တယ်ဆိုပြီး ကော်ဖီခွက်ကိုယ်စီနဲ့ ဧည့်ခန်းမှာ ထိုင်ဖြစ်ကြပါတယ်။ ဒိုင်ယာနာက 'ကြည့်စမ်း ပါဦး ပေါလ်ရယ်... အခုဆိုရင် ကျွန်မက တော်တော်ကြီးကို ချမ်းသာသွားတဲ့ အမျိုးသမီးတစ်ယောက် ဖြစ်သွားပြီလေ။ ဒီတော့ ရှင့်ရဲ့လစာကို ကျွန်မ တိုးပေး



သင့်ပြီလို့ ထင်တယ်' လို့ ဆိုတယ်။ ပုံမှန် ကျွန်တော့်လစာ တစ်နှစ်ကို စတာလင် ပေါင် ၂၂၀၀၀ ရရှိ နေရာကနေ စတာလင်ပေါင် ၃၀၀၀၀ ထိ တိုးမြှင့်ပေးလိုက်ပါ တယ်။ ကျွန်တော့်နည်းတူ တခြားအိမ်တော်ဝန်ထမ်းတွေလည်း လစာတိုးမြှင့်ရရှိခဲ့ ကြပါတယ်။ ဒီလိုလစာတိုးမြှင့်ပေးတာဟာ ကျွန်တော်တို့အားလုံး သူ့ဘဝ မုန် တိုင်းထန်နေချိန်မှာ မခွဲမခွာ နေပေးခဲ့ကြတဲ့အတွက် ဆုလာဘ်အနေနဲ့ တိုးမြှင့် ပေးခြင်း ဖြစ်တယ်လို့လည်း ဆိုပါတယ်။

ကျွန်တော်တို့နှစ်ယောက် စကားတော်တော် ပြောဖြစ်ခဲ့ကြပါတယ်။ ပြော ဖြစ်ကြတဲ့ အကြောင်းများထဲမှာ သူမ ချားလ်စ်မင်းသားကို ဘယ်လောက်ချစ်ကြောင်း၊ ဖြိတ်နိပြည်သူလူထုကိုလည်း သူမ ကွာရှင်းပြတ်စဲရေးကို လုံးဝ မလိုလားကြောင်း သိစေချင်ပါသတဲ့။

❑

တရားဝင် ကွာရှင်းပြတ်စဲခြင်းရဲ့ နောက်ဆုံးနေ့ဖြစ်တဲ့ အဲဒီညမှာ ဒိုင်ယာနာ က 'တစ်ယောက်နဲ့ တစ်ယောက် ချစ်တယ်ဆိုတာဟာ နှလုံးသားရော စိတ်ပါ ပေါင်းစည်းမှသာ ချစ်လို့ရတာပါ ပေါလ်ရယ်။ ခုလို ကွာရှင်းပြတ်စဲခဲ့ရတာဟာ ကျွန်မဆန္ဒ လုံးဝမပါခဲ့ပါဘူး။ သူတို့ဆန္ဒနဲ့ လုပ်ခဲ့ရတာ ဖြစ်ပေမယ့် ကျွန်မရင်ထဲမှာ အင်မတန် ထိနိုက်နာကျင်ရပါတယ်'လို့လည်း ပြောပြခဲ့ပါတယ်။

သူတို့နှစ်ယောက် ကွာရှင်းပြတ်စဲမှုနဲ့ပတ်သက်ပြီး စာနယ်ဇင်းတော်တော် များများမှာ အဓိပ္ပာယ်မရှိတာတွေကို ရေးခဲ့ကြပါတယ်။ သူတို့အဆိုက ဒိုင်ယာနာ ဟာ ၁၉၉၀ ပြည့်နှစ်လောက်ကတည်းက ချားလ်စ်မင်းသားကို ကွာရှင်းပြတ်စဲချင် တာပါတဲ့။ ဘယ်တုန်းကမှ ဒိုင်ယာနာရဲ့ ရင်ထဲမှာမရှိတဲ့ အမုန်းတွေကိုလည်း သူတို့ပဲ ဖန်တီးရေးသားခဲ့ကြပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ဒိုင်ယာနာက 'ချားလ်စ်နဲ့ ကျွန်မဟာ အခုဆိုရင် မိတ်ဆွေတွေ ဖြစ်သွားကြပါပြီ။ တစ်ယောက်နဲ့တစ်ယောက် ကူညီရိုင်းပင်းဖို့ပဲ ရှိပါတယ်။ ကျွန်မစိတ်ထဲမှာ ဘယ်လိုခံစားရတယ်ဆိုတာကို လည်း သူ သိလိမ့်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်။ ကျွန်မ သူ့ကို ဘယ်တော့မှ မမုန်းဘူးဆိုတာကိုလည်း သူ သိပါတယ်'လို့ ဆိုပါတယ်။ စာနယ်ဇင်းများက ကယ်မီလာပါကာဘိုးလ်စ်နဲ့ ပတ်သက်ပြီး သူမရဲ့အမြင်ကို မေးတဲ့အခါမှာလည်း မုန်းတယ်လို့ ဘယ်တော့မှ မဖြေပါဘူး။ ဘဝမှာ အပြောင်းအလဲဆိုတာ ရှိချင်တဲ့ အခါမှာ ရှိလာတတ်တာပါပဲ။ ချားလ်စ်ရဲ့ဘဝမှာလည်း အပြောင်းအလဲဆိုတာ ရှိဖို့ လိုအပ်လာတဲ့အတွက် ကယ်မီလာကို သူ စိတ်ဝင်စားသွားတာ ဖြစ်ပါလိမ့်မယ် လို့ပဲ ဖြေခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ပြိုကွဲသွားခြင်းနဲ့ ပတ်သက်ပြီး သူ့စိတ်ထဲမှာ နင့်နင့်နဲနဲ ခံစားရတာကို ဖြေဖျောက်နိုင်ဖို့ အချိန်တော်တော်ကြာကြာယူပြီး ကုစားခဲ့ရပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့နှစ်ယောက် အကြိမ်ပေါင်းများစွာ စကားပြောဖြစ်ခဲ့ကြပါတယ်။ ကျွန်တော်နဲ့ စကားမပြောဖြစ်တဲ့အချိန်များမှာလည်း ဒိုင်ယာနာက သူမရဲ့စိတ်ကို သူမကိုယ်တိုင် နားလည်အောင် ခွဲခြမ်းစိတ်ဖြာပြီး လေ့လာနေရတယ်လို့ ဆိုပါတယ်။ ဒီလိုလေ့လာနိုင်တဲ့အတွက်လည်း ကိုယ့်ကိုယ်ကိုယ် ပိုပြီး နားလည်လာတယ်လို့ ဒိုင်ယာနာက ဆိုပါတယ်။ ဒါကိုမသိတဲ့ ချားလ်စ်ရဲ့ မိတ်ဆွေများကတော့ ဒိုင်ယာနာဟာ ချားလ်စ်နဲ့ ကွာရှင်းလိုက်ရတဲ့အတွက် သူ့ဘဝကြီးတစ်ခုလုံး မတည်မငြိမ် ဖြစ်သွားရပြီလို့ ဆိုကြတယ်။ ဒီလိုပြောစကားတွေနဲ့ ပတ်သက်ပြီး ဒိုင်ယာနာကတော့ အပြုံးမပျက်ဘဲ ပြန်လည်ဖြေရှင်းခြင်းလည်း မပြုခဲ့ပါဘူး။ သူ့ခံယူချက်က ကိုယ့်ကိုယ်ကိုယ် နားလည်ဖို့သာ အရေးကြီးဆုံးဖြစ်ပါသတဲ့။

မိန်းမတစ်ယောက်အနေနဲ့ စဉ်းစားကြည့်မယ်ဆိုရင် ကိုယ့်ခင်ပွန်းသည်ကို တခြားမိန်းမတစ်ယောက်က လုယူသွားတာ ဘယ်မိန်းမမှ သည်းညည်းခံနိုင်မှာ မဟုတ်ပါဘူး။ ဒေါသဖြစ်ကြမယ်၊ ပေါက်ကွဲကြမယ်။ ဒီသဘောက မိန်းမသားတိုင်း ဖြစ်နိုင်တဲ့သဘောပါ။ ဒိုင်ယာနာဟာလည်း မိန်းမများထဲက မိန်းမတစ်ဦးသာ ဖြစ်တဲ့အတွက် ဒေါသတွေ ပေါက်ကွဲတယ်ဆိုတာ ရှိတဲ့အခါ ရှိတာပေါ့။ သူ့ဒေါသ ပေါက်ကွဲနည်းက လက်ဖွေ့နည်းပြဆရာတစ်ယောက်ကို ကင်စတန်နန်းတော်သို့ ခေါ်ဆောင်ပြီး သဲအိတ်ကို အကြိမ်ကြိမ် အခါခါ လက်သီးနဲ့ ထိုးတတ်အောင် လေ့ကျင့်ပေးစေခြင်းပါပဲ။ သူ့ဒေါသမှန်သမျှကို သဲအိတ်ပေါ်မှာ ထိုးကြိတ်ခြင်းဖြင့် ချေဖျက်ပစ်ခဲ့ပါတယ်။

ဘဝရေ့ရေးအတွက် ကျွန်တော်တို့နှစ်ယောက် တိုင်ပင်နှီးနှောကြပြီး လုပ်ဆောင်စရာရှိတာတွေ လုပ်ဆောင်ဖို့ ကျွန်တော့်ရုံးခန်းကို သွားခဲ့ပြီး သူ ထိုင်နေကျနေရာမှာ ကျွန်တော် ပြန်ရောက်တော့ A4 စာရွက်တစ်ခုပေါ်မှာ အကြံဉာဏ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ရေးထားတာကို တွေ့ရပါတယ်။

ဒိုင်ယာနာက ဗြိတိန်ပြည်သူတစ်ရပ်လုံး ချားလ်စ်မင်းသားနဲ့သူ ကွာရှင်းပြတ်စဲတဲ့ကိစ္စမှာ သူ့ဘက်က ဆန္ဒမပါဘဲ ဘာကင်ဟမ်ရွှေနန်းတော်ရဲ့ အမိန့်ကြောင့်သာ ကွာရှင်းပြတ်စဲစာချုပ်မှာ လက်မှတ်ရေးထိုးခဲ့ရခြင်းဖြစ်ကြောင်း သိစေချင်ပါတယ်။ ကွာရှင်းပြတ်စဲလိုက်ခြင်းဟာ ဒိုင်ယာနာရဲ့ရင်ကို နာကျင်စေပေမယ့် အဆိုးထဲက အကောင်းဆိုတာလို အဲဒီနာကျင်စေခြင်းကပဲ ရှေ့ဆက်လျှောက်ရမယ့်



ခရီးလမ်းမှာ ဘယ်လိုလျှောက်ရမယ်ဆိုတာကို သင်ခန်းစာရစေခဲ့ပါတယ်။ အဲဒီကာလများတုန်းက တစ်ကမ္ဘာလုံးက ဒိုင်ယာနာ ကွာရှင်းချင်လို့သာ ချားလ်စ်က ကွာရှင်းပေးခဲ့ရတာလို့ ထင်ခဲ့ကြပေမယ့် ကျွန်တော်တို့ဘက်က ပြတ်ပြတ်သားသား ရှင်းပြခွင့်မရခဲ့ပါဘူး။ ဒိုင်ယာနာကိုယ်တိုင် ပြောပြချင်တဲ့ စကားလုံးတွေကို ကျွန်တော် သိရေးခဲ့တဲ့ စာတစ်စောင် ရှိပါတယ်။ ဟိုတုန်းက ပြောခွင့်မသာခဲ့ပေမယ့် ခုတော့ ဒီစာကို ကျွန်တော် ချပြပါမယ်။

*၁၉၉၆ ခုနှစ် ဩဂုတ်လ ၂၈ ရက် နေ့ပေါ့။ ၁၅ နှစ်လုံးလုံး တည်ဆောက်ခဲ့ကြတဲ့ အိမ်ထောင်တစ်ခုဟာ ခုတော့ ပြိုကွဲသွားပြီတဲ့။ ကျွန်မ ဘယ်တုန်းကမှ ကွာရှင်းပြတ်စဲခြင်းဆိုတာကို မလိုလားခဲ့သလို အိပ်မက်တောင် မမက်ခဲ့ဖူးပါဘူး။ ကျွန်မ တကယ်လိုလားတာက ကျွန်မခင်ပွန်းသည် ချားလ်စ်မင်းသားထံမှ အချစ်များနဲ့ ပံ့ပိုးမှုများပါပဲ။ ဒါပေမယ့် ကျွန်မ ဘယ်တုန်းကမှ အဲဒါတွေ မရခဲ့ပါဘူး။ ကျွန်မတို့နှစ်ဦးကြားမှာ အံ့ဩစရာကောင်းလောက်အောင် ချစ်စရာကောင်းတဲ့ သားလေးနှစ်ယောက် ထွန်းကားခဲ့တယ်။ သူတို့နှစ်ယောက်စလုံးကို ကျွန်မတို့ မိဘနှစ်ပါးက ချစ်ခဲ့ကြပါတယ်။ ဒီနေ့ထက်ထိ ကျွန်မရင်ထဲမှာ ချားလ်စ်ကိုချစ်တဲ့ စိတ် မပြယ်သေးပါဘူး။ ဒါပေမယ့် သူ့ဘက်က ဘယ်လိုမှတုံ့ပြန်မှုမရသလို ကျွန်မ လုပ်သမျှ လုပ်ငန်းများအပေါ်မှာလည်း ဝုဏ်ယူမှုဆိုတာ မရှိခဲ့ပါဘူး။*

*သူနဲ့ ပေါင်းဖက်ခဲ့တဲ့ ၁၅ နှစ်လုံးလုံးမှာ ကျွန်မဟာ ရွှေနန်းတော်အတွင်းမှာနေပြီး မနာလိုမှုတွေ၊ ပြိုင်ဆိုင်မှုတွေ၊ မုန်းတီးမှုတွေကို ချားလ်စ်ရဲ့မိသားစု၊ ချားလ်စ်ရဲ့ မိတ်ဆွေများထံမှ ခံယူခဲ့ရပါတယ်။ သူတို့အားလုံး ကျွန်မကို နားလည်မှုမပေးနိုင်ခဲ့ကြပါဘူး။ သူတို့အမုန်းတွေကြောင့်လည်း ကျွန်မ နှလုံးသားဟာ ခွေခွေညက်ညက် ကြေခဲ့ရပါတယ်။*

*ကျွန်မလေ... သူ့ရဲ့ ဇနီးဖြစ်ခွင့်မရတောင်ရင်တောင် သူ့ရဲ့အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက် ဖြစ်နေချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့အကြောင်းကို သူများတကာထက် ကျွန်မ ပိုသိလို့ပါ။*

❑

www.burmeseclassic.com

www.burmeseclassic.com



ဝီလျံက သူ့အမေနဲ့အတူ သာမန်အရပ်သားဘဝမှာ နေရတာကို ခံမင်ခဲ့ပါတယ်။ ကမ္ဘာမှာ ဓာတ်ပုံအများဆုံး အရိုက်ခံခဲ့ရတဲ့ ဒိုင်ယာနာဟာ တကယ်တော့ မထင်မရှားဘဝမှာ နေထိုင်ခဲ့လိုသူ ဖြစ်ပါတယ်။ ဒိုင်ယာနာက သာမန်အရပ်သူများ လုပ်သလိုသာ လုပ်ချင်ပြီး သာမန်အရပ်သူတစ်ယောက်အဖြစ် နေထိုင်သွားလာလိုပါတယ်။

## အခန်း (၁၁)

# ယုံကြည်ခြင်း

'ဟေး… အိမ်ရောက်ပြီကွ'

ကျွန်တော့်ကလေးများ ပျော်ပျော်ပါးပါးနဲ့ အော်ဟစ်လိုက်သံတွေ ပေါ်လာခဲ့ပါတယ်။ ကျွန်တော်တို့မိသားစုနေထိုင်ရာ အိမ်ရှေ့ကို အဝတ်သေတ္တာများနဲ့တကွ ရောက်ရှိလာကြချိန်မှာ ကလေးများက တပျော်တပါး အော်လိုက်ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့မိသားစု ရက်သတ္တပတ် နှစ်ပတ်ကြာမျှ ကင်တာကီကို အလည်ခရီး ထွက်ခဲ့ကြရာကနေ ပြန်ရောက်လာကြခြင်းပါ။ ဒီရက်သတ္တပတ် နှစ်ပတ်အတွင်းမှာ ကျွန်တော့်အနေနဲ့ ဇနီးဖြစ်သူ မာရီယာနဲ့ ကလေးများအတွက် အပြည့်အဝ အချိန်ပေးနိုင်ခဲ့ပါတယ်။ အိမ်တံခါး ဖွင့်လိုက်တဲ့အချိန်မှာ တံခါးအောက်ကနေ ထိုးသွင်းသွားတဲ့ စာတွေက ကြမ်းပေါ်မှာ ပြန့်ကျဲနေပါတယ်။ အဲဒီလိုပြန့်ကျဲနေတဲ့ စာများထဲက တစ်ခုသော စာကတော့ ကျွန်တော့်အာရုံကို ဆွဲဆောင်လိုက်နိုင်ပါတယ်။ အဲဒီစာအိတ်ပေါ်မှာ 'ပေါလ်'လို့ မင်းသမီးရဲ့လက်ရေးနဲ့ ရေးထားတာကို တွေ့ရပါတယ်။

ကျွန်တော်တို့ ပြန်မရောက်မီ ညနေက မင်းသမီး ရေးသားပေးပို့ထားတဲ့ စာဖြစ်ပါတယ်။ အဲဒီစာကို ကျွန်တော် ဖတ်ကြည့်လိုက်တော့ သူမှာ ပြောစရာတွေ အများကြီးရှိနေတာကို တွေ့ရပါတယ်။ 'ဒီရက်သတ္တပတ် နှစ်ပတ်အတွင်းမှာ အဖြစ်အပျက်တွေ အများကြီး ရှိခဲ့တယ်။ ဒီတော့မှ ကျွန်မအနားမှာ ရှင်ရှိနေတာ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာကို ကျွန်မ နားလည်ခဲ့တယ်။ ရှင်တို့မိသားစု

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာတော့မယ်ဆိုတာ သိရလို့ ဝမ်းသာပါတယ်။ တနင်္လာနေ့ မနက်မှာ တွေ့ကြတာပေါ့။ အချစ်များစွာနဲ့... ဒိုင်ယာနာ'

တနင်္လာနေ့ မနက် လုပ်ငန်းခွင်ဝင်ချိန်မှာတော့ ကျွန်တော့်အသားအရေက နေလောင်ပြီး ညိုနေတဲ့အတွက် မင်းသမီးခမျာ တော်တော် စိတ်ပျက်သွားပုံရပါတယ်။ ကျွန်တော်တို့က အသားညိုတာကို သဘောကျကြပါတယ်။ မင်းသမီးကိုယ်တိုင်လည်း တစ်ပတ်နှစ်ကြိမ်ဆိုသလို နေစာလှုံလေ့ ရှိပါတယ်။ သူမရဲ့ အခန်းနံဘေးမှာ နေရာအကျယ်ကြီးရှိပြီး နေရောင်ကောင်းကောင်း ရနိုင်တဲ့ နေရာဖြစ်ပါတယ်။ တစ်ခါတလေ မင်းသမီးက 'ရှင်သွားပြီး နေစာလှုံနှင့်ပါ။ ကျွန်မနောက်နာရီဝက်အတွင်း လာခဲ့မယ်'လို့ ပြောလေ့ရှိပါတယ်။ မင်းသမီးက အခန်းထဲမှာ လေအေးစက်များနဲ့ အေးနေအောင် ဖန်တီးထားတာကို နှစ်သက်ခြင်း မရှိပါဘူး။ အေးစက်နေတာထက်စာရင် နွေးထွေးနေတာက ပိုကောင်းတယ်လို့ ယူဆပါတယ်။

ဝီလျံနဲ့ ဟယ်ရီတို့ ဘာမိုရယ်လ်က ပြန်လာကြချိန်မှာ သူတို့အမေက ဝီလျံကို စက်တစ်ခုခုထဲ ထည့်ပြီး ဆွဲဆန့်လိုက်သလားလို့ ယူဆပါတယ်။ ဒါပေမယ့် သူတို့သားအမိ ယှဉ်ရပ်လိုက်တဲ့အခါမှာ ဝီလျံရဲ့အရပ်က သိသိသာသာ ထိုးထွက်လာပြီး အမေဖြစ်သူထက် လက်မဝက်လောက် အရပ်ပိုမြင့်နေပါပြီ။ အရပ်ကြီးမြင့်လာတာနဲ့အမျှ Rugby ကစားရာမှာ စီးရတဲ့ဖိနပ်အသစ်လည်း လိုအပ်လာတာကြောင့် ကျွန်တော် သွားဝယ်ရပါတယ်။ ဆယ့်လေးနှစ်သား အဲဒီအရွယ်မှာတောင် သူစီးရတဲ့ဖိနပ်က နံပါတ် ၁၃ ဖြစ်နေပါပြီ။ နောင်မှာ ဒီထက် အရပ်က ထွက်လာဦးမှာပါ။

မင်းသမီးက အရပ်မြင့်တာဟာ သူတို့ စပင်ဆာမျိုးရိုးဘက်ကို လိုက်တယ်လို့ ယူဆပါတယ်။ ဝင်ဆာတွေက အရပ်ပုကြတယ်လေ။ ဝီလျံကိုယ်တိုင်ကလည်း သူကိုယ်သူ လျင်လျင်မြန်မြန် အရပ်ထွက်လာကြောင်း သိပါတယ်။ 'ဘာမိုရယ်လ်မှာတုန်းက ကျွန်တော်မြင့် ကျွန်တော့်ကိုယ် ကျွန်တော် ယုံတောင်မယုံနိုင်ပါဘူး။ ဘွားဘွားနဲ့ အန်တီမာဂရက်တို့ကို ကြည့်လိုက်တော့ ပိုပြီးပုသွားကြသလိုပဲ။ ခုဆိုရင် ပါပါ့ထက် ကျွန်တော်က အရပ်မြင့်နေပြီ'လို့ ဆိုပါတယ်။ ဟယ်ရီလေးကတော့ သူ့အမေနဲ့ အစ်ကိုကို မော့ကြည့်နေရှာတယ်။ မင်းသမီးက သူ့သားငယ်ကို ငုံ့ကြည့်လိုက်ရင်း 'သားလေးကလည်း စပင်ဆာဗီဇ ပါလာမှာပါ။ တစ်နေ့ကျရင် မင်းအစ်ကိုကြီးလိုပဲ အရပ်ကြီး မြင့်လာဦးမှာပါ'လို့ အားပေးနှစ်သိမ့်ရပါတယ်။

ဝီလျံဟာ နောင်တစ်နေ့မှာ ပထမမြောက် ဝီလျံဘုရင်အဖြစ် ဗြိတိန်နိုင်ငံရဲ့



ကျေရာဇ်မင်း ဖြစ်လာမယ့်သူ ဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ် နွေရာသီမှာ ကျရောက်တဲ့ သူ့ ၂၁ နှစ်မြောက် မွေးနေ့မှာ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးအဖြေတစ်ခုကို လေ့လာကြည့်ရင် သူ့အနေနဲ့ သူ့အခန်းကဏ္ဍကို ဘယ်လောက်အရေးထားတယ်၊ တစ်နေ့မှာ ဗြိတိန်နိုင်ငံရဲ့ ဘုရင်ဖြစ်လာဖို့ ဘယ်လောက်မျှော်မှန်းထားတယ်ဆိုတာ သိသာနိုင်ပါတယ်။ ဒီကလေးရဲ့ မျှော်မှန်းချက်ကို ကြားလိုက်ရတဲ့အတွက် ကျွန်တော် ရင်ခုန်ခဲ့ရပါတယ်။ တကယ်လို့ သူ့အမေများ ကြားနိုင်ခဲ့ရင် အင်မတန် ရှက်တတ်တဲ့ ကျောင်းသားကလေး ဝီလျံရဲ့ပါးစပ်များကနေ ဒီလိုစကားမျိုး ထွက်လာတဲ့အတွက် ဘယ်လောက်များ ဝမ်းသာမလဲဆိုတာ ခန့်မှန်းလို့မရနိုင်အောင်ပါပဲ။ ဝီလျံဟာ ဘယ်တော့မှ ရေ့တန်းထွက်ချင်တဲ့ ကလေးတစ်ယောက် မဟုတ်ပါဘူး။ သူ့ဘာသာသူ အေးအေးဆေးဆေးနေချင်တဲ့ ကလေးတစ်ယောက် ဖြစ်ပါတယ်။ အသက် ၂၁ နှစ်ပြည့် မွေးနေ့အခမ်းအနားအဖြစ် ဓလေ့ပြည်နယ်တစ်ခွင်ကို လှည့်လည်စဉ်တုန်းက သူ့အမေသာ ပါခဲ့မယ်ဆိုရင် သူ့နံဘေးမှာ ဂုဏ်ယူတဲ့အပြုံးများနဲ့ ရပ်နေခဲ့မှာ သေချာလှပါတယ်။ ဒိုင်ယာနာက သူ့သားတော်ကြီးရဲ့ နောင်ရေးအတွက် အင်မတန် စိတ်ပူခဲ့သူပါ။ 'ဝီလျံက ရှင်ဘုရင်မဖြစ်ချင်ဘူးတဲ့။ ကျွန်မ သူ့အတွက် စိတ်ပူတယ်'လို့ ဒိုင်ယာနာက တစ်ညမှာ ညေ့ခန်းထဲထိုင် စကားပြောကြရင်း ကျွန်တော့်ကို ရင်ဖွင့်ခဲ့ဖူးပါတယ်။ 'သူက မျက်လုံးပေါင်းများစွာနဲ့ သူ့လှုပ်ရှားမှုတွေကို စောင့်ကြည့်နေကြမှာ မခံချင်ဘူးတဲ့ ပေါလ်ရယ်'လို့ ပြောခဲ့ပါတယ်။ ဒီစကားကိုပဲ သူမရဲ့ အမေရိကန်မိတ်ဆွေဖြစ်တဲ့ Lana Marks နဲ့ တယ်လီဖုန်းပြောစဉ်မှာ ထည့်သွင်းပြောကြားတာကိုလည်း ကျွန်တော် ကြားခဲ့ဖူးပါတယ်။

ဒိုင်ယာနာက သူ့သားကြီးဟာ သူ့လိုပဲ ရှက်တတ်ပြီး ရှေ့တန်းမထွက်ချင်သူဆိုတာ နားလည်ထားပါတယ်။ တကယ်ဆိုရင် ဝီလျံဟာ ဗြိတိန်နန်းညွှန့်နန်းလျာစာရင်းမှာ ဒုတိယနေရာမှာ ရှိပါတယ်။ သူနဲ့စာရင် ဟယ်ရီက နန်းမှုရေးရာများမှာ ပိုပြီး စိတ်ဝင်တစားရှိတာကို ကျွန်တော် လေ့လာမိပါတယ်။

မင်းသမီးက 'ဟယ်ရီသာ ဝီလျံ နေရာမှာဆိုရင်တော့ သူ့အတွက် ဘာအခက်အခဲမှ ရှိမှာ မဟုတ်ဘူး။ အလွယ်တကူ တာဝန်ထမ်းဆောင်နိုင်လိမ့်မယ်။ အဲဒီလိုသာ ဖြစ်သွားမယ်ဆိုရင် ကျွန်မတို့က သူ့ကို GHK လို့ ခေါ်ကြရလိမ့်မယ်ထင်တယ်။ Good King Harry ပေါ့။ အဲဒီလိုသာ ခေါ်ရမယ်ဆိုရင်တော့ ကျွန်မ သိပ်ပျော်မှာပဲ'လို့လည်း သူ့သားငယ်အတွက် ရည်မှန်းပြောပြခဲ့ဖူးပါတယ်။

မင်းသားငယ်နှစ်ပါးဟာ မိခင်ဖြစ်သူနဲ့ လာရောက်နေထိုင်စဉ်မှာ အိမ်နီးမှဲ့စံများဖြစ်ပေမယ့် ကျွန်တော်တို့ မင်းမှုထမ်းများကတော့ မင်းသားနှစ်ပါးကို ရှေ့နန်းတော်

www.burmeseclassic.com



မှာ စိုးစံကြတဲ့ မင်းသားများလို လေးလေးစားစား ဆက်ဆံကြရပါတယ်။ မင်းသားများကို ဘုန်းတော်ကြီး မြတ်လှသောဆိုတဲ့ ဘွဲ့ခံပြီး ခေါ်ကြရပါတယ်။ ဒါကလည်း နောင်တစ်ချိန်မှာ ဖြစ်လာမယ့် သူ့သားတော်များရဲ့ အခြေအနေကို ကြိုတင်မှန်းဆပြီး ဒိုင်ယာနာကိုယ်တိုင်က ပညတ်ပေးထားတဲ့အတွက် ကျွန်တော်တို့အားလုံးက အဲဒီလို ခေါ်ကြရခြင်း ဖြစ်ပါတယ်။

ဆယ်ကျော်သက်အရွယ် ရောက်လာပြီဖြစ်တဲ့ ဝီလျံကတော့ သာမန်ဘဝမှာပဲ နေချင်ပါတယ်။ အေးအေးဆေးဆေး၊ ရိုးရိုးရှင်းရှင်း နေချင်ပြီး တာဝန်ထမ်းဆောင်ရမယ်ဆိုလည်း ထမ်းဆောင်မယ့်ပုံ ဖြစ်ပါတယ်။ သူ့မယ်တော်ဖြစ်သူက နောင်တစ်နေ့မှာ ဗြိတိန်နိုင်ငံရဲ့ မိဖုရားကြီးဖြစ်လာတော့မှာ မဟုတ်တဲ့အတွက် ဝီလျံရဲ့ ရင်ထဲမှာ ရွှေနန်းတော်ရဲ့ ခပ်ကင်းကင်း နေချင်ပုံလည်း ရပါတယ်။ ဒါပေမယ့် ဒိုင်ယာနာကတော့ သူ့သားတော်ရဲ့စိတ်ထဲမှာ သူ့နဲ့ပတ်သက်ပြီး အဲဒီလိုသိမ်ငယ်နေတာကို မလိုလားပါဘူး။ ဒီသိမ်ငယ်စိတ်ဟာ ဘုရင်ဖြစ်လာတဲ့အချိန်ထိ စွဲဝင်သွားမှာကို စိုးရိမ်လှပါတယ်။ ဒါကြောင့်လည်း အိမ်တော်မှာရှိတဲ့ မင်းမှုထမ်းများအနေနဲ့ ခုကတည်းက မင်းသားငယ်ကို အလေ့အကျင့်ဖြစ်နေအောင် မိခင်ဖြစ်သူကိုယ်တိုင်က ဂရုတစိုက် ပုံသွင်းနေခြင်း ဖြစ်ပါတယ်။ ဝီလျံကို ဖခင်ဖြစ်သူ ချားလ်စ်မင်းသားနဲ့ ဘွားအေဖြစ်သူ အဲလိဇဘက်ဘုရင်မကြီးတို့ကလည်း ဒီလိုစိတ်ခံတတ်မွေးမြူအောင် ထောက်ခံအားပေးကြပါတယ်။ အီတန်တက္ကသိုလ်မှာ တက်နေစဉ်ကာလတုန်းက သိမ်းမြစ်ကိုဖြတ်ပြီး တစ်ဖက်ကမ်းမှာရှိတဲ့ ဘွားအေကြီးရဲ့ စံအိမ်ကို သွားရောက်ကာ နေ့လယ်တိုင်းလိုလို လက်ဖက်ရည်ပွဲ တက်ရောက်လေ့ ရှိပါတယ်။ မြေးအဘွားနှစ်ယောက် လက်ဖက်ရည်သောက်ကြပြီဆိုရင် သူတို့ပြောကြတဲ့ စကားတွေက အနာဂတ်ကာလအတွက် ကြိုတင်ပြင်ဆင်ဖို့၊ သူ့ပခုံးမှာ ကျရောက်လာမယ့် တိုင်းပြည်ရဲ့တာဝန်ဟာ ဘယ်လောက်ကြီးလေးတယ်ဆိုတာကို ဘွားအေကြီးက အစဉ်အမြဲ ပြောပြလေ့ရှိပါတယ်။

ဆယ်ကျော်သက်အရွယ် ဖြစ်လာပြီဖြစ်တဲ့ ဝီလျံကို ဘွားအေနဲ့ ဖခင်ဖြစ်သူက စပြီး ပုံစံသွင်းနေသလို မိခင်ဖြစ်သူ ဒိုင်ယာနာကလည်း သူ့နည်းသူ့ဟန်နဲ့ သားတော်ကို ပုံသွင်းစပြုလာပါပြီ။ ငယ်စဉ်ကတည်းက ကလေးထိန်းများနဲ့ ကြီးပြင်းခဲ့ရတဲ့ သားတော်ရဲ့ အမူအကျင့်တချို့ကို ဒိုင်ယာနာက သူကိုယ်တိုင်သာ ပြုပြင်ပေးပါတယ်။ ဘာကင်ဟမ်နန်းတော်မှ ပုဂ္ဂိုလ်များ ပုံသွင်းပြုပြင်တာကို သူ မကြိုက်ပါဘူး။

ဝီလျံ အသက် ၁၀ နှစ်အရွယ်တုန်းက ပထမဆုံးအကြိမ် မိန့်ခွန်းပြောကြားဖို့ ဒိုင်ယာနာကိုယ်တိုင်က အားပေးတိုက်တွန်းခဲ့တာကို ကျွန်တော် မှတ်မိနေပါတယ်။



၁၉၉၂ ခုနှစ် ခရစ္စမတ်ကာလမှာ အိမ်တော်မှာရှိတဲ့ ဝန်ထမ်းများအားလုံး ကောက်တေးပါတီအတွက် စုရုံးရောက်ရှိနေကြပါပြီ။ ပထမဆုံး မိန့်ခွန်းပြောကြားမယ့် ဝီလျံက သူပြောကြားမယ့် မိန့်ခွန်းကို စာရွက်ကလေးတစ်ရွက်ပေါ်မှာ ရေးယူလာခဲ့ပါတယ်။ သူ့အရပ်ကလေးနဲ့မီအောင် အောက်က ခုံခုပေးထားရပါတယ်။ ပထမဆုံး မိန့်ခွန်းပြောကြားဖို့ စင်မြင့်ပေါ်ကို တက်လာတဲ့ ဝီလျံရဲ့ပတ်ဝန်းကျင်မှာ ရာချီတဲ့ ဝန်ထမ်းတွေ စုရုံးရောက်ရှိနေကြပါပြီ။ 'လူကြီးမင်းများခင်ဗျာ…' လို့ စကားစလိုက်ပါတယ်။ မိခင်ဖြစ်သူရဲ့ မျက်လုံးများက သူ့သားအပေါ်မှာ မျှော်လင့်ချက်ကြီးစွာနဲ့ ကြည့်နေတာကို ကျွန်တော် သတိထားမိပါတယ်။ '… ကျွန်တော့်အနေနဲ့ ခင်ဗျားတို့တစ်တွေ ဘယ်လောက်အလုပ်များတယ်ဆိုတာကို သိပါတယ်' လို့ ဆိုလိုက်တော့ အခန်းထဲမှာ ရောက်ရှိနေကြတဲ့ မင်းမှုထမ်းများက သူ့မှတ်ချက်ကြောင့် ဝေါခနဲ ရယ်လိုက်ကြပါတယ်။ မင်းသားကလေးအနေနဲ့ တို့တစ်တွေ အလုပ်အစဉ်မပြတ်များတယ်ဆိုတာ သူ သိသားပဲလို့ အောက်မေ့မိကြပါတယ်။ '… ခုဆိုရင် အိမ်တော်မှာ ရဲဝန်ထမ်းတွေလည်း အများကြီး ရောက်ရှိနေကြပြီဖြစ်လို့ ခင်ဗျားတို့အနေနဲ့ အေးအေးဆေးဆေး အလုပ်လုပ်နိုင်ကြပြီလို့ ကျွန်တော်ပြောချင်ပါတယ်။ အားလုံးပဲ ပျော်စရာကောင်းတဲ့ ခရစ္စမတ်ဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်းလိုက်ပါတယ်' လို့ ပြောပြီး နိဂုံးချုပ်သွားပါတယ်။ လက်ခုပ်သြဘာသံများကြားကနေ သူ့သား စင်မြင့်ပေါ်က ဆင်းလာတော့ ဒိုင်ယာနာက ဆီးကြိုပြီး ဖက်လိုက်ပါတယ်။ ဖခင်ဖြစ်သူရဲ့ ဆံပင်များနဲ့ ထပ်တူတူတဲ့ ဝီလျံရဲ့ဆံပင်များကို ဒိုင်ယာနာက ဖွပြီး သူ့သားကို ကျေနပ်ကြောင်း ပြနေပါတယ်။

ဝီလျံနဲ့ပတ်သက်တဲ့ ထူးခြားချက်ကတော့ အများတကာအပေါ်မှာ ကြင်နာတတ်ခြင်း ဖြစ်ပါတယ်။ တစ်ခါတုန်းက ကျွန်တော့်သား အလက်ဇန္ဒားက ဝီလျံရဲ့ Playstation ကစားစရာကို သွားကစားပြီး အလက်ဇန္ဒားက သူ့အတွက် Playstation အပိုင်ဝယ်နိုင်ဖို့ သူ ပိုက်ဆံစုနေတယ်လို့ ပြောလိုက်တဲ့အခါ ဝီလျံခမျာ တော်တော်စိတ်မကောင်းဖြစ်သွားပုံ ရပါတယ်။ သူတို့လို တော်ဝင်မင်းသားများအနေနဲ့တော့ မရှိဘူးဆိုတာ ဘာမှမရှိတဲ့အတွက် ကျွန်တော့်သားအနေနဲ့ ကစားစရာတစ်ခု ဝယ်နိုင်အောင် ပိုက်ဆံစုနေရခြင်းကို စိတ်မကောင်းဖြစ်သွားပုံရပါတယ်။ ခဏကြာတော့ သူ့အိပ်ခန်းထဲကို ဝင်သွားပြီး စတာလင်ပေါင် ၅ ပေါင်တန် ငွေစက္ကူတစ်ရွက်ကို ယူလာပါတယ်။ အလက်ဇန္ဒားကို မင်း စုဘူးထဲမှာ ဒီငွေ ထည့်လိုက်ပါလို့ တိုက်တွန်းခဲ့ဖူးပါတယ်။ ဝီလျံက မိခင်နဲ့အတူ ကင်စတန်နန်းတော်မှာ လာနေစဉ် နေ့လယ်စာ အတူစားလေ့ရှိတဲ့အတွက် ဒိုင်ယာနာ အဖော်ပြုတဲ့ တခြားလူကြီးတွေ

www.burmeseclassic.com



သည်များနဲ့လည်း အစဉ်မပြတ်ဆိုသလို စကားပြောရပါတယ်။ အဲဒီဧည့်သည်တွေထဲမှာ အဆိုကျော် အယ်လ်တန်ဂျွန်က ဝီလျံကို AIDSနဲ့ပတ်သက်ပြီး ဘယ်လောက်သိသလဲလို့ မေးတတ်တဲ့အပြင် ထဲထဲဝင်ဝင် ဆွေးနွေးတတ်ပါတယ်။ Daily Mirror သတင်းစာကြီးရဲ့ အယ်ဒီတာဖြစ်တဲ့ Piers Morganနဲ့လည်း အဲဒီအရွယ်ကတည်းက ရင်းနှီးအောင် ဒိုင်ယာနာက ဖန်တီးပေးခဲ့ပါတယ်။ နောင်တစ်ချိန်မှာ မီဒီယာများနဲ့ ပတ်သက်လာရင် ဝီလျံအနေနဲ့ ရဲရဲဝံ့ဝံ့ ဆောင်ရွက်နိုင်အောင် လေ့ကျင့်ပျိုးထောင်ပေးခြင်း ဖြစ်ပါတယ်။ ယောက်မြို့စားကတော် ဆာရာနဲ့အတူ နေ့လယ်စာစားရတဲ့နေ့များမှာတော့ ဘာကင်ဟမ်နန်းတော်အတွင်းက ပြဿနာများ၊ တာဝန်ကြီးလေးပုံများကို သူတို့တစ်ဝရီးနှစ်ယောက် ဆွေးနွေးလေ့ ရှိပါတယ်။

တစ်နေ့မှာတော့ အီတန်တက္ကသိုလ်မှာ တက်နေတဲ့ ဝီလျံရဲ့ ညနေပိုင်း သင်တန်းများ တက်စရာမလိုတူးလို့ သူ့အမေရဲ့ အစီအစဉ်နဲ့ သိလိုက်ရပါတယ်။ ကင်စတန်နန်းတော်ရဲ့အပေါ်ထပ်မှာ စောင့်ဆိုင်းနေစဉ် စိမ်းခံကားအနက်တစ်စီး ဆိုက်ရောက်လာခဲ့ပါတယ်။ အဲဒီကားထဲက ထွက်လာတဲ့သူကတော့ စူပါမော်ဒယ်လ်များဖြစ်ကြတဲ့ နာအိုမီကင့်ဘဲလ်၊ ခရစ္စတီးနားလင်တန်နဲ့ ကလော်ဒီယာရှက်ဖာတို့ဖြစ်ကြပြီး သူတို့က လန်ဒန်မှာ ဖက်ရှင်ကဖီးတစ်ခု ဖွင့်လှစ်ဖို့ ရောက်ရှိနေကြခြင်းဖြစ်ပါတယ်။ ဒီမော်ဒယ်လ်များကို နှစ်သက်တဲ့ ဝီလျံက သူတို့ပုံများကို သူ့အိပ်ခန်းတွင်းက နံရံပေါ်မှာ ကပ်ထားတာကို မိခင်ဖြစ်သူက သိထားတဲ့အတွက် ဒီမော်ဒယ်လ်တွေနဲ့ သူ့သား လူချင်းဆုံနိုင်အောင် ကြိုတင်အသိမပေးဘဲ စီစဉ်လိုက်ခြင်းပါ။ လွန်ခဲ့တဲ့လအနည်းငယ်လောက် တုန်းကလည်း ဝီလျံကို စင်ဒီခရော်ဖို့ဒ်နဲ့ ဆုံစည်းရအောင် စီမံပေးခဲ့ဖူးပါတယ်။

တိတ်တခိုး စွဲလမ်းနေတဲ့ စူပါမော်ဒယ်လ်များနဲ့ နဖူးတွေ့ဒူးတွေ့ တွေ့လိုက်ရတဲ့အချိန်မှာတော့ ဝီလျံခမျာ ဘယ်လိုနေရမှန်းမသိဘဲ တော်တော်ရှက်နေရှာတယ်။ မိခင်ရဲ့အမိန့်ကြောင့် ဧည့်ခန်းထဲက ဆိုဖာပေါ်ကို လာထိုင်လိုက်ချိန်မှာ စူပါမော်ဒယ်လ်များက သူ့ဘေးမှာ ထိုင်သူက ထိုင်၊ သူ့နောက်မှာ ရပ်သူကရပ် လုပ်နေကြပြီး ဒိုင်ယာနာကိုယ်တိုင် ကင်မရာတစ်လုံးနဲ့ တဖျတ်ဖျတ် ဓာတ်ပုံများ ရိုက်နေတာကြောင့် ရှက်လာတဲ့ ဝီလျံက 'မာမီ တော်တော့' လို့ အော်လိုက်ပါတယ်။

စူပါမော်ဒယ်လ်များကလည်း ဝီလျံကို ရှက်စိတ်တွေ ပျောက်သွားအောင် ပေါ့ပေါ့ပါးပါး စကားလေးတွေ စပြောခြင်းအားဖြင့် သူတို့စကားဝိုင်း အဆင်ပြေအောင် ဖန်တီးပေးခဲ့ကြပါတယ်။ တကယ်လို့များ ခုနေခါမှာ ဝီလျံဟာ မိန်းမချောလေးများနဲ့ ပတ်သက်တဲ့ ကုမ္ပဏီတစ်ခုခု ထူထောင်ပြီး ဦးစီးလုပ်ဆောင်နိုင်မယ်ဆိုရင် ဒါဟာ



သူ့အမေ ပြုစုပျိုးထောင်ပေးမှုကြောင့် ဖြစ်တယ်လို့ ကျွန်တော် အကြွင်းမဲ့ ယုံကြည်ပါတယ်။

ကလော်ဒီယာရှက်ဖာက အီတန်တက္ကသိုလ်နဲ့ ပတ်သက်ပြီး ဝီလျံကိုမေးတဲ့အခါ ဝီလျံက 'ကျွန်တော့်အတွက်တော့ ဝဝတုတ်တုတ် ဆရာမတွေဟာ ဆွဲဆောင်မှုအလျှဉ်းမရှိပါဘူး။ ဒါပေမယ့် သနားသင်တဲ့ မစ္စပေါ်တာကတော့ တော်တော်ကလေးဆွဲဆောင်မှုရှိတယ်' လို့ ဖြေလိုက်တဲ့အခါ ကလော်ဒီယာနဲ့ သူ့အပေါင်းအသင်းများ သဘောကျသွားကြပါတယ်။ ဝီလျံက ဘာမိုရယ်လ်မှာ နေထိုင်ရတဲ့ နေ့စဉ်ဘဝ၊ ဘုရင်မကြီးရဲ့ ခွေးကလေးများအကြောင်းနဲ့ သူ ကြိုက်တဲ့ကိစ္စတွေ၊ သူ မကြိုက်တဲ့ကိစ္စတွေကိုလည်း ဆက်လက်ပြောပြနေပါသေးတယ်။ စူပါမော်ဒယ်လ်များ ကင်စတန်နန်းတော်မှ ပြန်လည်ထွက်ခွာသွားကြချိန်မှာ ဒိုင်ယာနာက သူ့သားတော်ကို သူတို့နဲ့ပတ်သက်ပြီး ဘယ်လိုသဘောရသလဲလို့ မေးတော့ 'စင်ဒီခရော်ဖို့ဒ်လောက် မချောကြပါဘူး' လို့ ဝီလျံက ဖြေခဲ့ပါတယ်။

❑

ဝီလျံက သူ့အမေနဲ့အတူ သာမန်အရပ်သားဘဝမှာ နေရတာကို ခုံမင်ခဲ့ ပါတယ်။ ကမ္ဘာမှာ ဓာတ်ပုံအများဆုံး အရိုက်ခံခဲ့ရတဲ့ ဒိုင်ယာနာဟာ တကယ်တော့ မထင်မရှားဘဝမှာ နေထိုင်ခဲ့လိုသူ ဖြစ်ပါတယ်။ ဒိုင်ယာနာက သာမန်အရပ်သူများ လုပ်သလိုသာ လုပ်ချင်ပြီး သာမန်အရပ်သူတစ်ယောက်အဖြစ် နေထိုင်သွားလာလိုပါတယ်။ တစ်ခါတလေ တိရစ္ဆာန်ရုံထဲမှာ သူတစ်ယောက်တည်း သွားကြည့်လို့ ဘယ်သူမှ မသိဘူးဆိုရင် သူ အင်မတန်ပျော်ပါတယ်။ နေ့ရက်တော်တော်များများ သူတစ်ယောက်တည်း မနက် ၇ နာရီအချိန်မှာ ထွက်ခွာသွားပြီး ကင်စတန်နန်းတော်ရဲ့ ဥယျာဉ်ထဲမှာ လေ့ကျင့်ခန်း လုပ်နေတတ်ပါတယ်။ ဘယ်သူမှမရှိတဲ့အချိန် တစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေရတဲ့အရသာကို သူ အင်မတန် နှစ်သက်ပါတယ်။

တစ်ခါတလေမှာ သူ အပြင်ထွက် ချင်ပြီဆိုရင် ရုပ်ဖျက်ပြီး ထွက်တတ်ပါတယ်။ အဲဒီလိုအခါမျိုးမှာ ကျွန်တော်က အနီးကပ် စောင့်ရှောက်ဖို့ လိုက်ပါရလေ့ ရှိပါတယ်။ တစ်ခါမှာတော့ ကျွန်တော့်ကို ပခုံးထိ ရှည်လျားတဲ့ ဆံပင်တုတစ်ခု ဝယ်ခိုင်းလိုက်ပါတယ်။ အဲဒါအပြင် အမျိုးသမီးတပ် နေကာမျက်မှန်အဝိုင်းကြီးကြီးတစ်ခုလည်း ဝယ်ခိုင်းပြန်ပါတယ်။ ကျွန်တော် ကင်စတန်နန်းတော်ကို ပြန်ရောက်တဲ့အချိန်မှာ ဒိုင်ယာနာက အဲဒီပစ္စည်းတွေကိုသုံးပြီး ရုပ်ဖျက်ပြီးသားဖြစ်နေပါပြီ။ ဘာမှန်းမသိဘဲ ဝယ်ပေးခဲ့တဲ့ ကျွန်တော် ရုံးခန်းထဲမှာ ထိုင်နေတုန်း

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ဖျက်ထားတဲ့ ဒိုင်ယာနာ ဝင်လာတာကို ကျွန်တော်တောင် မမှတ်မိပါဘူး။ 'ဒီပုံအတိုင်းဆိုရင် မင်းသမီးကို ဘယ်သူကမှ မှတ်မိမှာ မဟုတ်ဘူး' လို့ ကျွန်တော်က ပြောပြလိုက်တော့ မင်းသမီးက သဘောကျပြီး ရယ်လိုက်တာ မျက်ရည်များတောင် ထွက်ပါတယ်။

အဲဒီညမှာ ဆံပင်တုကို ဝတ်၊ မျက်မှန်တပ်၊ ဂျက်ကက်အင်္ကျီပွပွနဲ့ ဂျင်းဘောင်းဘီ ဝတ်ထားတဲ့ ဝေလမင်းသမီး ဒိုင်ယာနာဟာ လန်ဒန်မြို့ပေါ်က နာမည်ကြီး ဂျက်စ်ကလပ်တစ်ခုဖြစ်တဲ့ Ronnie Scott ကို မိတ်ဆွေများနဲ့အတူ ရောက်ခဲ့ကြပါတယ်။ နောက်တစ်နေ့မနက် မိုးလင်းချိန်မှာ ကျွန်တော့်ကို အဲဒီအကြောင်း ပြောချင်လိုက်တာ နံနက်စာ စားပြီးချိန်တောင် မစောင့်တော့ပါဘူး။ 'ပေါလ်ရယ်... ကလပ်ထဲမှာ မှုတ်ထုတ်တဲ့ မီးခိုးငွေ့တွေက မျက်စိထဲကို ဝင်လာတယ်။ မျက်မှန်တပ်ထားတာကို မရဘူး။ မနည်းဟန်ဆောင်နေရတယ်။ ကလပ်ထဲဝင်ဖို့ တန်းစီနေကြတုန်း ကျွန်မအနားမှာ လာတန်းစီတဲ့ အမျိုးသားတစ်ယောက်ကို စကားပြောကြည့်တော့ သူက ကျွန်မမှန်း မသိဘူး။ သူ မသိဘူးဆိုတာ သိလိုက်ရတော့ ကျွန်မ ပျော်လိုက်တာ။ လူကြားသူကြားထဲကို ကျွန်မ ဒီနည်းနဲ့ သွားလို့ရနိုင်ပြီ' လို့ ဆိုခဲ့ပါတယ်။

ကျွန်တော် တရင်းတနှီး ပေါင်းခွင့်ရခဲ့တဲ့ ဒိုင်ယာနာဟာ တကယ်တော့ ဝေလမင်းသမီး ဒိုင်ယာနာအဖြစ် ဟိတ်ကြီးဟန်ကြီးနဲ့ နေချင်တဲ့သူ မဟုတ်ခဲ့ပါဘူး။ ပြည်သူလူထုကြားမှာ သူမှန်း မသိအောင် ဝင်ရောက်နိုင်ဖို့ ကြိုးစားခဲ့သူတစ်ဦးသာ ဖြစ်ပါတယ်။ ဒီလိုကြိုးစားခဲ့ရှာပေမယ့် မအောင်မြင်ခဲ့တာကို တွေးမိတိုင်း ကျွန်တော် စမ်းနည်းကြေကွဲရပါတယ်။

❑

၁၉၉၆ ခုနှစ် စက်တင်ဘာလ နှောင်းပိုင်းတစ်ရက်မှာ မင်းသမီးက 'လာစမ်းပါ ပြစရာရှိလို့' လို့ ပြောပြီး ခေါ်သွားတဲ့အတွက် သူ့နောက်က ကျွန်တော် လိုက်ခဲ့ပါတယ်။ အပေါ်ထပ်ကနေ လှေကားတွေကို တစ်ထစ်ကျော် ဆင်းသွားတာကြောင့် သူ့ကိုမီအောင် နောက်ကနေ မနည်းလိုက်ရပါတယ်။ သူ ဦးတည်သွားနေတဲ့နေရာက သူ့ဝတ်စုံများထားရှိတဲ့ အဝတ်ဗီရိုကြီးများရှိတဲ့နေရာပါ။ ကြမ်းပြင်ကနေ မျက်နှာကြက်အထိ အဖြူရောင်တံခါးများ တပ်ဆင်ထားပြီး မင်းသမီးရဲ့ ပွဲတက်ဝတ်စုံများထားရှိတဲ့ ဗီရိုများကို တံခါးဖွင့်လိုက်တဲ့အခါမှာ အရောင်အသွေးစုံ ညနေခင်းဝတ်စုံများ ချိတ်ဆွဲထားတာကို တွေ့ရပါတယ်။ အနက်ရောင်ကနေ တဖြည်းဖြည်းချင်း အရောင်ဖျော့သွားပြီး နောက်ဆုံးမှာ အဖြူရောင်ဝတ်စုံများ အရောင်



အသွေးအလိုက် စနစ်တကျ ချိတ်ဆွဲထားတာကို တွေ့ရပါတယ်။

'ဒါ ကျွန်မ ပွဲတက်ဝတ်စုံတွေပဲ။ ဘယ်နှစုံရှိလဲ သိလား' ဆိုပြီး သူကိုယ်တိုင် တစ်ထည်ချင်း ရေတွက်လိုက်တာ နောက်ဆုံးမှာ ၆၂ ထည်ရှိတာကို တွေ့ရပါတယ်။ ဒါက ဒီအခန်းမှာရှိတဲ့ ဗီရိုတစ်ခုထဲမှာ တွေ့ရတဲ့ ပွဲတက်ဝတ်စုံများပါ။ အင်္ဂလိပ်အက္ခရာ "L" ပုံသဏ္ဌာန် ပြုလုပ်ထားတဲ့ ဗီရိုကြီးထဲမှာလည်း နောက်ထပ်ဝတ်စုံတွေ အများကြီးရှိပါသေးတယ်။

'ဟောဒီဝတ်စုံ တစ်ထည်တိုင်း တစ်ထည်တိုင်းမှာ နောက်ခံသမိုင်းတွေ၊ အမှတ်တရဖြစ်ရပ်တွေ ရှိတဲ့အတွက် အားလုံးဟာ ကျွန်မမိတ်ဆွေတွေချည်းပါပဲ။ ဒါပေမယ့် ခုတော့ ဒါတွေအားလုံး ကျွန်မ ရောင်းပစ်တော့မယ်' လို့ ဆိုပါတယ်။

နွေရာသီနှောင်းပိုင်းမှာ ကျွန်တော် ကြုံလိုက်ရတဲ့ ဒီစကားက ဒုတိယမြောက် ထိတ်လန့်အံ့ဩရတဲ့စကား ဖြစ်ပါတယ်။ ပထမစကားကတော့ ဩစတြေးလျသို့ ပြောင်းရွှေ့နေထိုင်မယ်ဆိုတဲ့စကားဖြစ်ပြီး ဒုတိယစကားကတော့ သူ အင်မတန်မြတ်နိုးတဲ့ ဝတ်စုံတွေကို ရောင်းပစ်တော့မယ်ဆိုတဲ့ စကားပါပဲ။ မင်းသမီးက ကမ္ဘာ့နိုင်ငံအသီးသီးမှာ ပေါ်ပေါက်နေတဲ့ ဆင်းရဲမွဲတေမှုများနဲ့ပတ်သက်ပြီး သူမမှာ တာဝန်ရှိတယ်လို့ ခံယူထားပါတယ်။ သူ့အတွက် ဝတ်စုံတွေက အသစ်ဝင်လာတာတွေရှိသလို အဟောင်းတွေ ထွက်သွားတာလည်း ရှိပါတယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဝီလျံ၊ အယ်လ်တန်ဂျွန်တို့နဲ့လည်း မင်းသမီးက ဆွေးနွေးခဲ့ပြီးပါပြီ။ သူတို့နှစ်ယောက်ရဲ့ အကြံပေးချက်အရ ညနေခင်းဝတ်စုံတွေကို လေလံတင်ရောင်းချပြီး AIDS ရောဂါသည်တွေအတွက် ပံ့ပိုးကူညီမယ်လို့ ဆိုပါတယ်။ ချားလ်စ်မင်းသားနဲ့ ကွာရှင်းပြတ်စဲလိုက်တဲ့အတွက် လုံးလုံးခဲခဲ ငွေရခဲ့တာတော့ မှန်ပါတယ်။ ဒါပေမယ့် မင်းသမီးအနေနဲ့ သူမကိုယ်ပိုင်ငွေနဲ့ ရောဂါသည်တွေကို ကူညီချင်စိတ် ရှိနေပါတယ်။ ညနေခင်းဝတ်စုံတွေကို လေလံတင် ရောင်းချလိုက်မယ်ဆိုရင် ရန်ပုံငွေ အများကြီးရနိုင်လိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။

ကျွန်တော်တို့နှစ်ယောက်သား အဝတ်ဗီရိုရှေ့မှာရပ်ပြီး တစ်ထည်ချင်း ကြည့်ကြတဲ့အခါ ဒိုင်ယာနာက ဝတ်စုံတစ်စုံချင်းအကြောင်း ရှင်းပြပါတယ်။ 'ဒါက ကျွန်မ Gone With The Wind ကြည့်တုန်းက ဝတ်ခဲ့တဲ့ ဝတ်စုံပေါ့။ ဒါလေးကတော့ အမေရိကန်သမ္မတ အိမ်ဖြူတော်မှာ ဂျွန်ထရာဗိုလ်တာနဲ့ တွဲကတုန်းက ဝတ်ခဲ့တဲ့ ဝတ်စုံပေါ့' စသဖြင့် ရှင်းပြနေတာပါ။

ကနုကမာရောင် ဆာတင်သားနဲ့ ချုပ်ထားတဲ့အင်္ကျီကို ဆွဲပြပြီး အဲဒီအင်္ကျီက ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ သမ္မတ Mitterrand ရဲ့ ညစာစားပွဲမှာ ဝတ်ခဲ့တဲ့အင်္ကျီပေါ့

www.burmeseclassic.com

www.burmeseclassic.com



လို့လည်း ဆိုပါတယ်။ ဒီလိုနဲ့ပဲ ရောင်းသင့်တဲ့အကျီတွေကို နယူးယောက်က လေလံကုမ္ပဏီမှာပို့ပြီး ရောင်းချဖို့ ရွေးချတဲ့အခါ ရွေးလိုက်၊ ပယ်လိုက်နဲ့ နောက်ဆုံးမှာ အထည် ၈၀ ရွေးဖြစ်ခဲ့ကြပါတယ်။

ဒီလိုရွေးတဲ့အခါမှာ မရောင်းသင့်ဘူးထင်တာကို ကျွန်တော်က ရွေးလိုက်၊ သူက ရွေးလိုက်နဲ့ ကျွန်တော်တို့နှစ်ယောက် တက်ချည်၊ ဆင်းချည်လုပ်ရင်း မောနေကြတာပါ။ ကူရွေးဖို့အတွက် ကျွန်တော့်ယောက္ခမဘက်တီကို အကူအညီ တောင်းကြပြီး ဘက်တီရောက်လာတဲ့အချိန်မှာ ကျွန်တော့်တစ်ကိုယ်လုံး ချွေးတွေ ရွှဲနေပါပြီ။ ရွေးပြီးသားတွေကို ဗီလျံရဲ့အခန်းထဲမှာ အကျီချိတ်များနဲ့ သွားချိတ်ထားကြပါတယ်။ မင်းသမီးက တစ်ခုခု လုပ်မယ်ဆိုရင် အများတကာရဲ့ အကြံဉာဏ်ကို ယူတတ်တာဟာလည်း သူ့အကျင့်လို ဖြစ်နေပါပြီ။ ကျွန်တော့်ယောက္ခမ ဘက်တီက အဝတ်အထည်များနဲ့ပတ်သက်ပြီး အရည်အသွေး အကဲဖြတ်ကျွမ်းကျင်သူ ဖြစ်တဲ့အတွက် သူ့ကို ခေါ်ခိုင်းခဲ့တာပါ။ ဘက်တီက ဒီဝတ်စုံတွေဟာ တော်ဝင် မင်းသမီးတစ်ပါးနဲ့သာ သင့်တော်တဲ့ ဝတ်စုံများဖြစ်တဲ့အတွက် ဘယ်ဝတ်စုံမှ မရောင်းသင့်ဘူးလို့ စတင်ပြောကြားတဲ့အခါမှာတော့ မင်းသမီးက မျက်ရည်ထွက်အောင် ရယ်ပါတယ်။ ကျွန်တော်တို့ ရွေးထားတဲ့ ဝတ်စုံတွေကို ကြည့်ပြီး ဘက်တီခမျာ အံ့အားကြီးကို သင့်လို့ပါ။ ဥပမာ Women's Institute က Kenyon Hall မှာ ကျင်းပတဲ့ ပွဲတစ်ပွဲတက်တုန်းက ဝတ်ခဲ့တဲ့ ဝတ်စုံဆိုရင် လုံးဝ မရောင်းသင့်ဘူးလို့ အပြင်းအထန် ကန့်ကွက်တာပါ။ သူ့ရင်ဘတ်ကို လက်နဲ့ဖိပြီး ဒီတစ်ထည်တော့ မရောင်းပါနဲ့ မင်းသမီးရယ်လို့ ကန့်ကွက်ခဲ့ပါတယ်။

ဒါပေမယ့် မင်းသမီးကတော့ သူ ရောင်းချင်တဲ့ အဝတ်တွေကို ဘယ်သူပဲ ကန့်ကွက်သည်ဖြစ်စေ လေလံတင်ရောင်းချဖို့ ရွေးချယ်တဲ့စာရင်းမှာ ထည့်ခဲ့တာချည်းပါပဲ။

ကျောင်းပိတ်ရက်မှာ ဗီလျံပြန်လာတော့ သူ့အခန်းထဲမှာ တန်းစီချိတ်ထားတဲ့ သူ့မိခင်ရဲ့ဝတ်စုံတွေကိုကြည့်ပြီး ထပ်ရွေးပြန်ပါတယ်။ ဗီလျံအပြင် နောက်ထပ် အကြံပြုတဲ့ပုဂ္ဂိုလ်တစ်ဦးကတော့ အမေရိကန်နိုင်ငံမှ သန်းပေါင်းများစွာ ကြွယ်ဝတဲ့ သူဌေးပေါလ်ဂက်တီရဲ့သမီးဖြစ်သူ Aileen Getty ဖြစ်ပါတယ်။ သူက AIDS ရောဂါစွဲကပ်နေသူဖြစ်ပြီး သူ့လိုရောဂါသည်များအတွက် အထောက်အကူပေးမယ့် ရန်ပုံငွေ ရရှိမှာဖြစ်လို့ အားတက်သရော ကူညီခဲ့ပါတယ်။

လေလံပစ်ပေးမယ့် ခရစ္စတီ ကုမ္ပဏီက အဝတ်အထည်များနဲ့ ပတ်သက်ပြီး ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တစ်ဦးကို စေလွှတ်ပေးခဲ့ပါတယ်။ လေလံတင်ရောင်းချမယ့်



ဝတ်စုံများကို စနစ်တကျ ရွေးချယ်ပြီး ကက်တလောက်လုပ်ခဲ့ပါတယ်။ ညနေခင်းဝတ်စုံများကို လေလံတင်ရောင်းချရာမှာ ဒေါ်လာ ၃၂၅၈၇၅၀ ရရှိခဲ့တဲ့အတွက် စုစုတာ လင်ပေါင်အားဖြင့် ၁.၈၅ သန်း ဖြစ်ပါတယ်။ ရရှိခဲ့တဲ့ ရန်ပုံငွေတွေကို AIDS ရောဂါသည်များနဲ့ နောက်ဆုံးအဆင့်ကို ရောက်ရှိနေတဲ့ ကင်ဆာရောဂါသည်များကို ပြုစုစောင့်ရှောက်နေကြတဲ့ စခန်းများအတွက် လှူဒါန်းပေးခဲ့ပါတယ်။

အောက်ထပ်မှာရှိတဲ့ အဝတ်ဗီရိုတစ်လုံးကတော့ လုံးဝမထိဘဲ ကျန်ရစ်ပါတယ်။ လေလံတင်ရောင်းချမယ့် ရက်မတိုင်ခင် တစ်ရက်အလိုကျမှ မင်းသမီးက ဝတ်စုံတစ်စုံကို ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။ အဲဒီဝတ်စုံကတော့ ၁၉၈၁ ခုနှစ်တုန်းက ချားလ်စ်မင်းသားနဲ့ လက်ထပ်ချိန်မှာ ဝတ်ဆင်ခဲ့တဲ့ဝတ်စုံ ဖြစ်ပါတယ်။ 'ဒီဝတ်စုံကတော့ ကျွန်မ လုံးဝမရောင်းနိုင်ဘူး' လို့ ဒိုင်ယာနာက ဆိုပါတယ်။ ဒီဝတ်စုံကို ဖန်တီးနိုင်ဖို့ သူမရဲ့မိခင်ဖြစ်တဲ့ ဖရန်စစ္စရှန်ကစ်ဒ်အနေနဲ့ ဘယ်လောက် ကြိုးပမ်းခဲ့ရတယ်ဆိုတာ သူမ ကောင်းကောင်းမှတ်မိနေပါတယ်။ 'ကျွန်မ ဒီဝတ်စုံကို ဗစ်တိုးရီးယားနဲ့ အဲလ်ဘတ်ပြတိုက်မှာထားဖို့ လှူချင်ပါတယ်။ ဒီပြတိုက်မှာက ခေတ် အဆက်ဆက် အဝတ်အစားတွေကို ပြထားတာ မဟုတ်လား' လို့ ဆိုခဲ့ပါတယ်။ ဒီစကားကတော့ သူ မကွယ်လွန်မီ တစ်နှစ်အလိုလောက်က ထုတ်ဖော်ပြောခဲ့တဲ့ သူမရဲ့ဆန္ဒပါ။ ကျွန်တော့်တစ်ယောက်တည်းကိုသာ ပြောခဲ့တာ မဟုတ်ဘဲ Daily Telegraph သတင်းစာမှ အယ်ဒီတာ ချားလ်စ်မိုးကိုလည်း နေ့လယ်စာ အတူစားရင်း ပြောခဲ့ဖူးပါတယ်။ ခုတော့ ဒီဝတ်စုံက သူမ နောက်ဆုံး လျှောင်းစက်နေတဲ့ သင်္ချိုင်းဂူနားက ပြတိုက်ကို ရောက်ရှိနေပါပြီ။

တချို့အဝတ်အစားတွေကတော့ လေလံတင်ရောင်းချခြင်း မပြုခဲ့သလို ပြတိုက်တွေကိုလည်း မပို့ခဲ့ပါဘူး။ သူ မလိုချင်တဲ့ အဝတ်အစားတွေကို အမျိုးသမီးဝန်ထမ်းများသို့ တချို့ပေးခဲ့ပြီး တချို့ကိုတော့ Knightsbridge သို့မဟုတ် Chelsea ဝတ်စုံဟောင်းများ ရောင်းတဲ့ဆိုင်မှာ ငွေကြေးနဲ့ပဲ ရောင်းချပစ်ခဲ့ပါတယ်။ ဒါကလည်း သူမ လှူချင်တဲ့နေရာများမှာ ပိုပြီးလှူနိုင်တန်းနိုင်အောင် ရောင်းချခြင်းသာ ဖြစ်ပါတယ်။ ငွေကြေးသုံးစွဲရာမှာ 'အကြွေးဝယ်ကတ်ပြား' ကို တစ်ခါတလေမှ သုံးစွဲတတ်ပါတယ်။ အဲဒီကတ်ပြားနဲ့ဝယ်ရင် "Whales" လို့သာ လက်မှတ်ထိုးပါတယ်။ "Diana" လို့ လက်မှတ်ထိုးလေ့မရှိပါဘူး။ လွတ်လွတ်လပ်လပ် ငွေသားကို သုံးစွဲတာက ပိုများပါတယ်။ သားတော်နှစ်ပါးကို သာမန်အရပ်သားများလို နေထိုင်ကျင့်ကြံတတ်ဖို့အတွက် ရုပ်ရှင်ရုံများသို့ ကိုယ်တိုင်လိုက်ပြတတ်တဲ့အပြင် Mc Donald စားသောက်ဆိုင်များသို့လည်း ကိုယ်တိုင်ကိုယ်ကျ လိုက်ပို့ပါတယ်။ အဲဒီအခါများမှာ

www.burmeseclassic.com



သူ ထုတ်သုံးတဲ့ ငွေစက္ကူများပေါ်က ဘုရင်မကြီးရဲ့ပုံများကို သားများက အင်မတန် သဘောကျပါတယ်။ ၅ ပေါင်တန်ငွေ စက္ကူကို သူတို့က 'အပြာရောင် ဘွားဘွား' လို့ ခေါ်တတ်ကြပြီး ၁၀ ပေါင်တန် ငွေစက္ကူကိုတော့ 'အညိုရောင် ဘွားဘွား' လို့ ခေါ်တတ်ကြကာ ပေါင် ၅၀ တန် ငွေစက္ကူကိုတော့ 'ပန်းနုရောင် ဘွားဘွား' လို့ သုံးတတ်ကြပါတယ်။ မင်းသမီးက သူ့သားတွေအတွက် မုန့်ဖိုးငွေစက္ကူ ထုတ်ပေးလိုက်ရင် သားများက သဘောကျပြီး ခုန်ပေါက်နေတတ်ကြပါတယ်။ အများအားဖြင့် သူတို့ရတတ်တဲ့ မုန့်ဖိုးငွေစက္ကူတွေကတော့ ပန်းနုရောင်ဘွားဘွားတွေ ဖြစ်ပါတယ်။

၁၉၉၇ ခုနှစ်က မင်းမှုထမ်းအဖြစ်မှ နုတ်ထွက်ခဲ့တဲ့ ဗစ်တိုးရီးယားမင်ဟမ်းနဲ့ ကျွန်တော်တို့နှစ်ယောက် မင်းသမီးရဲ့ ဝတ်စုံ ၂၀ ကို အဟောင်းဆိုင်မှာ သွားရောင်းလိုက်တဲ့အခါ သူတို့က ချက်ချင်းပဲ တံဆိပ်တွေ ပြောင်းတပ်ကြပါတယ်။ Catherine Walker, Versace, Chanel, Armani စတဲ့ တံဆိပ်တွေပေါ့။ ဘယ်သူရောင်းတယ်ဆိုတာကိုတော့ သူတို့ မသိလိုက်ကြပါဘူး။ ရောင်းခဲ့တာကလည်း စတာလင်ပေါင် ၂၀၀၀ လောက်တန်တဲ့ ဝတ်စုံကို ၂၀၀ လောက်နဲ့ ရောင်းခဲ့တာကိုး။ ခုချိန်ဆိုရင် အဲဒီအဝတ်အစားတွေကို ဝယ်ယူဝတ်ဆင်နေကြတဲ့ အမျိုးသမီးများအနေနဲ့ ဒိုင်ယာနာ ဝတ်ဆင်ခဲ့တဲ့ ဝတ်စုံတွေ ဖြစ်တယ်ဆိုတာကို ဘယ်သူမှ သိမှာမဟုတ်ပါဘူး။

အဲဒီလို အဟောင်းဆိုင်မှာ ရောင်းခဲ့တဲ့ ဝင်ငွေက စုစုပေါင်း စတာလင်ပေါင် ၁၁၀၀၀ ရှိပြီး ဒိုင်ယာနာက စာအိတ်တစ်အိတ်နဲ့ သီးခြားထည့်ကာ အံဆွဲရဲ့အောက်ဆုံးမှာ ထားခဲ့ပါတယ်။ တစ်နေ့မှာ သူ ကူညီချင်တဲ့ မိုက်ကယ်လ်ဂစ်ဘင်ကို အဲဒီစာအိတ်ကလေးပေးလိုက်တော့ မိုက်ကယ်လ်ခမျာ အထဲကပါလာတဲ့ ပိုက်ဆံတွေကိုကြည့်ပြီး ပါးစပ်အဟောင်းသားနဲ့ ဖြစ်သွားခဲ့ပါတယ်။ ဒါပေမယ့် ဘယ်လောက်များတယ်ဆိုတာကိုတော့ သူကိုယ်တိုင် မသိခဲ့သလို ဘဏ်စာရင်းသွားဖွင့်ပြီး အပ်ထားခဲ့တဲ့အတွက် လက်ခံတဲ့ ဘဏ်စာရေးသာ သိပါလိမ့်မယ်။

❑

ပြဿနာက ကွာရှင်းပြတ်စဲပြီး တစ်ခုလပ် ပူပူနွေးနွေးဖြစ်တဲ့ မင်းသမီးက မိန်းမချောတစ်ယောက် ဖြစ်နေခြင်းကြောင့် ကမ္ဘာတစ်ဝှမ်းမှ အမျိုးသားများက အိမ်ထောင်ပြုလိုကြောင်း တစ်နည်းမဟုတ် တစ်နည်းနဲ့ ချဉ်းကပ်ဆက်သွယ် လာကြခြင်းပါပဲ။ ၁၉၉၆ ခုနှစ် နှစ်ကုန် နွေရာသီအထိ ဂုဏ်သရေရှိ ချမ်းသာကြွယ်ဝတဲ့ အမျိုးသားတော်တော်များများက မင်းသမီးကို ချဉ်းကပ်ခဲ့ကြပါတယ်။ သူတို့က မင်းသမီးကို ဘယ်လိုပဲ မြှောက်ပင့်ပြောသည်ဖြစ်စေ၊ မင်းသမီးရဲ့ရင်ထဲမှာ တစ်စုံ



တစ်ယောက်အတွက် ရင်ခုန်စိတ်လှုပ်ရှားမှု ရှိနေပါပြီ။ ဒါကို မရိပ်စားမိကြတဲ့ အောင်သွယ်တော်များက ဘယ်သူဘယ်ဝါဟာဖြင့် မင်းသမီးနဲ့ သင့်တော်ပါတယ်လို့ အောင်သွယ်စကား ဆိုနေကြမြဲပါ။ မင်းသမီးကလည်း သူ့ရင်ခုန်မှုကို လျှို့ဝှက်ထားတဲ့အတွက် သူ့ရင်ထဲမှာ ဘယ်သူရှိနေတယ်ဆိုတာကို မရိပ်စားမိခဲ့တာပါ။ အိမ်တံခါးခေါက်လာတဲ့ အောင်သွယ်တော်မှန်သမျှကို လုံခြုံရေးရဲများက ငြင်းလွှတ်တာရှိသလို ဒိုင်ယာနာက အကြောင်းပြချက်အမျိုးမျိုးနဲ့ ငြင်းခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ ကျွန်တော်က ကင်စတန်နန်းတော်ရဲ့ ဘဏ္ဍာစိုးဆိုပေမယ့် ဒီအချိန်မှာတော့ ဒိုင်ယာနာအတွက် တိုးတိုးဖော်တစ်ယောက် သို့မဟုတ် အိမ်နီးချင်းတစ်ယောက်လို သူ့ရင်ထဲရှိသမျှ ဖွင့်ဟတိုင်ပင်နိုင်တဲ့သူတစ်ယောက် ဖြစ်နေခဲ့ပါပြီ။ ဒါကြောင့် သူ ဘယ်သူ့ကို စကားပြောချင်တယ်၊ ဘယ်သူ့ကိုတော့ လက်ခံစကား မပြောချင်ဘူးဆိုတာကို ကျွန်တော့်ရင်ထဲက အသိနဲ့ ဆုံးဖြတ်ပေးရပါတယ်။ သူ မတွေ့ချင်သူများကို ယဉ်ယဉ်ကျေးကျေးနဲ့ ငြင်းပယ်ပေးရပါတယ်။

တစ်နေ့မှာတော့ ရိုးတံရှည် နှင်းဆီအနီရဲရဲ အပွင့် ၅၀ စည်းထားတဲ့ ပန်းစည်းတစ်စည်း မင်းသမီးအတွက် လက်ဆောင်အဖြစ် ရောက်ရှိလာပါတယ်။ ပန်းစည်းနဲ့အတူ ထူးခြားတဲ့ စာသားများရေးထားတဲ့ ကတ်ပြားလေးတစ်ခုလည်း ပါဝင်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဒိုင်ယာနာက ကျွန်တော့်ကို တိုင်ပင်ပါတယ်။ သူ့ဘဝမှာ အခု အသက် ၈၀ ပြည့်တော့မယ့် ကက်သရင်းဂရေဟမ်ကို အင်မတန် အားကျပါတယ်။ ကက်သရင်းက အမေရိကန်နိုင်ငံမှာရှိတဲ့ ဝါရှင်တန်ပို့စ်သတင်းစာကို ထုတ်ဝေသူပါ။ ကက်သရင်းဟာ ယောကျ်ားများနဲ့ပတ်သက်ပြီး ကျင်ကျင်လည်လည် သုံးသပ်တတ်သူတစ်ဦးဖြစ်တယ်လို့ ဒိုင်ယာနာက ယုံကြည်အားကျပါတယ်။ ယောကျ်ားတစ်ယောက်ရဲ့ကမ္ဘာထဲကို အမြင့်ဆုံးထိ ရောက်အောင် သူ သွားနိုင်ပြီး ပြန်ထွက်ချင်တဲ့အချိန်မှာလည်း အလွယ်တကူ ထွက်နိုင်ခြင်းကြောင့်ပါ။

မင်းသမီးက အမေရိကန်နိုင်ငံ နယူးယောက်မြို့ မဟတ္တန်ရပ်ကွက်မှာနေရတဲ့ ဘဝကို အင်မတန် အားကျပါတယ်။ ဈေးဝယ်ချင်ရင် ၅ လမ်းမှာ သွားဝယ်လို့ရတယ်။ နေ့လယ်စာ စားမယ်ဆိုရင် 'လေးရာသီ' စားသောက်ဆိုင်မှာ သွားစားလို့ရတယ်။ နားနားနေနေ နေချင်သပဆိုရင် Carlyle Hotel မှာ နေလို့ရတယ်။ ဒါကြောင့် မင်းသမီးဟာ အမေရိကန်ပြည်ထောင်စုကို မကြာခဏ လာရောက်လည်ပတ်တတ်သူ ဖြစ်နေပါပြီ။ အမေရိကန်ပြည်ထောင်စုကို ရောက်ပြီဆိုရင် တစ်ခါတုန်းက အင်္ဂလန်နိုင်ငံ သံအမတ်ဖြစ်ခဲ့ဖူးတဲ့ ဘရာဇီးနိုင်ငံဆိုင်ရာ သံအမတ်ကတော် ဖြစ်ခဲ့သူ၊ မင်းသမီးရဲ့ မိခင်ရင်းသဖွယ် အားထားရတဲ့ လူစီယာရဲ့အိမ်မှာပဲ နေပါတယ်။ လူစီယာ

www.burmeseclassic.com



မိတ်ဆက်ပေးမှုကြောင့် လာနာမာ့စ်နဲ့ မိတ်ဆွေဖြစ်ခဲ့ကြတာ မင်းသမီးရဲ့ နောက်ဆုံးအချိန် များအထိပါပဲ။ လာနာမာ့စ်က စိတ်ပညာရှင်တစ်ဦးရဲ့ ဇနီးဖြစ်ပြီး ဖလော်ရီဒါ ပြည်နယ်၊ ပမ်းဘီချ်မှာ နေပါတယ်။ လာနာက မင်းသမီးရဲ့ ဓဝနဉာဏ်ရှင်ပုံများကို သဘောကျသလို ဖက်ရှင်ထွင်တတ်ပုံများ၊ ဘဲလေးအကများကို စိတ်ဝင်စားမှုများအား သဘောကျခဲ့တာပါ။ လာနာ ပထမဆုံးအကြိမ် လန်ဒန်မြို့ကိုလာတော့ ကျွန်တော်ကပဲ မင်းသမီးကို လန္ဒစ်ဘာရီးဟိုတယ်ထဲကို ရောက်အောင် တိတ်တခိုး ခေါ်ဆောင်သွားရပါတယ်။ အဲဒီဟိုတယ်မှာ သူတို့နှစ်ယောက် နေ့လယ်စာ စားသုံးကြဖို့ပါ။ ဒိုင်ယာနာက ကားနောက်ထိုင်ခုံပေါ်မှာ လှဲအိပ်ပြီး ဘယ်သူမှ မမြင်အောင် လိုက်ပါလာခဲ့ပါတယ်။ ပေါ်တီကိုအောက်ရောက်တော့ 'လမ်းကြောင်းရှင်းရဲ့လား' လို့မေးတော့ ကျွန်တော်က ပတ်ဝန်းကျင်ကို လှည့်လည်စစ်ဆေးကြည့်ရပါတယ်။ ဓာတ်ပုံဆရာ တစ်ယောက်မှ မတွေ့ရတော့မှ 'ရှင်းပြီ' လို့ ဆိုလိုက်တဲ့အတွက် ကားထဲကနေ ထွက်လိုက်ပြီး ဟိုတယ်ထဲကို ကမန်းကတန်း ဝင်သွားရတာပါ။

တစ်ခါတုန်းကလည်း ဟောလိဝုဒ်မှ အော်စကာဆုရ မင်းသားတစ်ယောက် ကင်စတန်နန်းတော်ရဲ့ တံခါးကို လာခေါက်ပြီး ကိုယ်တိုင်ကိုယ်ကျ မင်းသမီးကို လာမတွေ့ရတဲ့အတွက် သူ့သူငယ်ချင်းတစ်ယောက်ကို အကူအညီတောင်းပြီး မင်းသမီးကို တွေ့ပါရစေလို့ စာရေးခိုင်းဖူးပါတယ်။ အဲဒီစာကို မင်းသမီးကလည်း ယဉ်ယဉ်ကျေးကျေးနဲ့ပဲ ငြင်းပယ်ပြန်ကြားခဲ့ပါတယ်။ နောက်တစ်လအကြာမှာ အဲဒီမင်းသားက ထပ်ပြီး စာရေးလာတဲ့အတွက် မင်းသမီးက အတူတူ အအေးသောက်ဖို့ လက်ခံခဲ့ဖူးပါတယ်။ အဲဒီနောက်မှာတော့ မင်းသားကို ဘယ်တော့မှ လက်မခံဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ဒိုင်ယာနာကို ချဉ်းကပ်ဖို့ ကြိုးစားခဲ့တာ သူတစ်ယောက်တည်းသာ မဟုတ်ပါဘူး။ နာမည်ကျော် ပြိုင်ကားမောင်းသူတစ်ဦး ပါဝင်သလို ဂီတဘက်မှာ ထူးချွန်တဲ့ ဂီတသမားတစ်ဦးလည်းပါဝင်ပြီး စာရေးဆရာ၊ ဝတ်လုံတော်ရ၊ သန်းကြွယ်သူဌေးနဲ့ သူမတူအောင် ကျော်ကြားတဲ့ နိုင်ငံရေးသမားတစ်ဦးလည်း ပါဝင်ခဲ့ပါတယ်။ သူတို့တစ်တွေ ဘယ်လောက်ပဲ ကြိုးစားသည်ဖြစ်စေ၊ မင်းသမီးရဲ့နှလုံးသားက တစ်စုံတစ်ယောက်ဆီမှာ တွယ်ငြိနေပြီဆိုတာကို ဘယ်သူမှမသိကြခြင်းပါပဲ။

ဒီအခြေအနေမှာ မင်းသမီးက ကျွန်တော့်ကို သူ့ဘဝရဲ့ ပွဲနင်းရှင်လို့ ကင်ပွန်းတပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့အပါးကိုချဉ်းကပ်လာတဲ့ ယောကျ်ားသားများထဲက ဘယ်သူဟာဖြင့် သူ့ဘဝနဲ့ မသင့်တော်ဘူး၊ ဘယ်သူကတော့



တစ်ကြိမ်ပဲ တွေ့သင့်တယ်၊ ဘယ်သူကတော့ အခြေအနေဘယ်လိုရှိတယ် စသဖြင့် အလုံးစုံ သုံးသပ်ပေးရခြင်းကြောင့် ဖြစ်ပါတယ်။ ဒီအခြေအနေမှာ ကျွန်တော်တို့နှစ်ယောက်ရဲ့ ရင်းနှီးမှုကလည်း မင်းသမီးနဲ့ ဘဏ္ဍာစိုးလို မဟုတ်တော့ဘဲ သူငယ်ချင်းအရင်းအချာများလို ဖြစ်ခဲ့ပြီမို့ သူက ကျွန်တော့်ကို စတဲ့အခါ စ၊ ကျွန်တော်က သူ့ကိုစတဲ့အခါ စ ရှိခဲ့ပါတယ်။ ကင်စတန်နန်းတော်မှာ နေ့စဉ်နဲ့အမျှ ဆိုသလို ဒိုင်ယာနာကို ပိုးပန်းကြတဲ့ အမျိုးကောင်းသားများထံမှ လက်ဆောင်ပစ္စည်းများ၊ ပန်းစည်းများ အဆက်မပြတ် ရှိနေခဲ့ပါတယ်။ သူတို့တစ်တွေ ဘာတွေပဲပို့ပို့ ဒိုင်ယာနာရဲ့ နှလုံးသားကတော့ အရည်မပျော်နိုင်ပါဘူး။ သူ့ပစ်မှတ်ဟာ ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ပါဘူး။ မင်းသမီးရဲ့ မျက်ဝန်းထဲမှာလည်း သူသာလျှင် အထူးခြားဆုံးပါ။ သူ့နေရာကို ဘယ်သူမှ အစားထိုးဝင်ရောက်လာနိုင်မှာ မဟုတ်ဘူးဆိုတာကိုလည်း ကျွန်တော် သိနေပါတယ်။ ဒါပေမယ့် အကျိုးအကြောင်း မသိဘဲ ကြိုးစားနေကြတဲ့သူများကို ကျွန်တော်တို့က လျှို့ဝှက်နံပါတ်များနဲ့ တပ်ထားပါတယ်။ ဘယ်သူလာတယ်၊ ဘယ်သူသွားတယ်ဆိုတာကို အချိန်နဲ့အမျှ မင်းသမီးထံ သတင်းပို့ရပါတယ်။ 'နံပါတ် ၅ က တော့ ဖုန်းဆက်နေပြီ။ သူက ဖုန်းပြန်ဆက်ပါတဲ့။ နံပါတ် ၈ ကတော့ မင်းသမီးနဲ့ စကားပြောချင်တယ်လို့ ပြောနေတယ်။ လိုင်းပြောင်းပေးလိုက်ရမလား' လို့ ကျွန်တော်ကပဲ ကြားခံအနေနဲ့ လုပ်ဆောင်ပေးရတာပါ။ မင်းသမီးက သူ့စာရေးစားပွဲမှာ လျှို့ဝှက်နံပါတ်တွေနဲ့ အဲဒီလူတွေရဲ့ အလုပ်အကိုင်၊ အခြေအနေတွေကို စာရင်းနဲ့ ချရေးထားပါတယ်။ ကျွန်တော့်ရုံးခန်းစားပွဲပေါ်မှာလည်း အဲဒီစာရွက်မိတ္တူ ရှိတာကြောင့် နံပါတ်ပြောလိုက်ရုံနဲ့ ဘယ်သူလဲဆိုတာ သူ သိပါတယ်။ တချို့သူတွေကတော့ စာရင်းမှာ ထည့်သွင်းမှတ်သားထားခြင်း မခံရဘဲ တစ်ကြိမ်တည်းနဲ့ လန်သွားသူတွေလည်း အများကြီးပါပဲ။

တစ်ခါတလေမှာတော့ မင်းသမီးက သူ့ကို လိုချင်နေတဲ့သူတွေ ဒီလောက် ဝိုင်းဝိုင်းလည်နေတယ်ဆိုတာကို မယုံနိုင်လောက်အောင် ဖြစ်ရပါတယ်။ ဒါကြောင့် 'လိုချင်တဲ့သူတွေက များလွန်းလှတယ်ကွယ်' လို့ ညည်းတတ်ပါတယ်။ တစ်ကြိမ်မှာတော့ ကျွန်တော်က သူ့ကို ခုလို စာရေးခဲ့ပါတယ်။ *'ပြိုင်ပွဲလမ်းကြောင်းပေါ်မှာတော့ ယှဉ်ပြိုင်ကြမယ့်သူတွေ များနေဆဲပါပဲ။ ကျွန်တော် နောက်ဆုံးရထားတဲ့ သတင်းအရတော့ နံပါတ် ၈ နဲ့ နံပါတ် ၉ က ပြိုင်ပွဲကနေ ဆက်လက် မယှဉ်ပြိုင်တော့ဘဲ နုတ်ထွက်သွားပြီတဲ့။ တစ်ယောက်ကတော့ မူးယစ်ဆေးစွဲသူမို့ စာရင်းကနေ ကျွန်တော် ပယ်ဖျက်လိုက်ပါပြီ။ နောက်တစ်ယောက်က ကျန်းမာရေးမကောင်းတဲ့သူ*

www.burmeseclassic.com



*ဖြစ်လို့ သူ့ကိုလည်း စာရင်းကနေ ပယ်ဖျက်လိုက်ပါပြီ'* လို့ ရေးခဲ့ဖူးပါတယ်။

အဲဒီစာကို ဖတ်ရတော့ မင်းသမီးက ကျွန်တော့်ဆီကို ခုလို စာပြန်ပါတယ်။ *'ပြေးလမ်းကြောင်းပေါ်မှာ ပြိုင်ပွဲဝင်တွေ များလွန်းတဲ့အတွက် ဒိုင်လူကြီးများက ရှာစစ်ပွဲ ကျင်းပဖို့ ဆုံးဖြတ်လိုက်ပါတယ်။ အဲဒီရှာစစ်ပွဲကို မရွတာပေါလ်တာရယ်လ်က ကြီးကြပ်ဦးဆောင်ပေးပါ'* တဲ့။

မင်းသမီးကိုယ်စား ကျွန်တော်က ချဉ်းကပ်လာသူများကို အရည်အသွေး စစ်ဆေးရတာဖြစ်လို့ ဝတ်လုံတော်ရနဲ့ နိုင်ငံရေးသမားအပါအဝင် တချို့ပုဂ္ဂိုလ်များကို စာရင်းကနေ ပယ်ဖျက်ရပါတယ်။

၁၉၉၆ ခုနှစ် စက်တင်ဘာလရဲ့ တစ်ခုသောရက်မှာတော့ ကျွန်တော် အိမ်ပြန်နောက်ကျခဲ့ပါတယ်။ ည ၁၁ နာရီ ကျော်မှ ရောက်တာပါ။ ညသန်းခေါင်ကျော်အချိန်ကြီးမှာ ဧနီးသည် မာရီယာနဲ့ နှစ်ယောက်တည်း ဝိုင်ထိုင်သောက်နေခဲ့ကြပါတယ်။ အဲဒီအချိန်မှာပဲ မင်းသမီးထံမှ ဒိုရိုက်သံများနဲ့ တယ်လီဖုန်းခေါ်သံ ဝင်လာတာကြောင့် ကျွန်တော် နားထောင်ရပြန်ပါတယ်။ မာရီယာကတော့ လင်ရယ်မယားရယ်လို့ နေရတဲ့ အချိန်မရှိတာကြောင့် တပျစ်တောက်တောက်နဲ့ပေါ့။ မင်းသမီးက ကျွန်တော့်ကို တစ်စုံတစ်ယောက်ထံသွားပြီး သတင်းစကားပါးခိုင်းနေခြင်းပါ။

မင်းသမီးရဲ့ ဒိုရိုက်သံများ ကျွန်တော့်နားထဲမှာ ကြားနေရတဲ့အတွက် ငြင်းဆန်အား ကျွန်တော့်မှာ မရှိပါဘူး။ ညသန်းခေါင်ကျော်ကြီးပဲ ဖြစ်ပါစေ၊ ဘယ်လောက်ပင်ပန်းနေသည်ပဲဖြစ်ပါစေ၊ ကျွန်တော် လုပ်ဆောင်ရမှာပါ။ ကျွန်တော့်မှာ တာဝန်ရှိသလို သစ္စာရှိစွာနဲ့ လုပ်ဆောင်ပေးချင်စိတ်လည်း အပြည့်ရှိပါတယ်။ တယ်လီဖုန်းချလိုက်ပြီးနောက် မာရီယာကို မင်းသမီးခိုင်းတဲ့ အလုပ်တစ်ခု အခုချက်ချင်း သွားလုပ်ဖို့ ရှိတယ်လို့ ပြောလိုက်ရပါတယ်။ ဒေါသဖြစ်နေတဲ့ မာရီယာက 'ရှင် ပြောစရာ မလိုတော့ပါဘူး။ ရှင်တို့ချင်း စကားပြောနေတာ နားထောင်ပြီးကတည်းက ရှင်သွားမယ်ဆိုတာ သိပြီးသားပါ။ ရှင်ဟာလေ··· နေရောညပါ ကျွန်မ ပီသပါပေတယ်'လို့ ပြစ်တင်ရင်း မကျေမနပ် ဖြစ်သွားပါတယ်။

'မဟုတ်ဘူးလေကွာ၊ သူဟာ ကိုယ့်အရှင်သခင်ပဲ။ သူ လိုအပ်တဲ့အချိန်မှာ ကိုယ်က တာဝန်ထမ်းဆောင်ပေးဖို့ အဆင်သင့်ရှိရမှာပေါ့။ ဒီလိုအချိန်ကြီးမှာ ကိုယ်ကလွဲလို့ သူ့ကို ဘယ်သူက ကူညီနိုင်မှာတဲ့လဲ'လို့ပဲ ပြောလိုက်ရပါတယ်။

ကျွန်တော် ဖိနပ်စီးနေချိန်အတွင်းမှာ မာရီယာက 'ပေါလ်··· ရှင်က မင်းသမီးကို အလိုလိုက်လွန်းတယ်။ သူ ခလုတ်ကလေး နှိပ်လိုက်ရုံနဲ့ အခု ရှင်ပြေးရတော့



မယ်။ ကျွန်မကတော့ ကျွန်ုဝယ်ရာအဆစ်ပါပေါ့။ ရှင့်ကို ပေါင်းနေရတာ သူ့ကိုလည်း ပေါင်းနေရသလိုပဲ'လို့ပြောပြီး အိပ်ခန်းထဲကို ဒေါသတကြီး ဝင်သွားပါတော့တယ်။ ကျွန်တော် ဘာမှထပ်ပြောမနေတော့ဘဲ အပေါ်အင်္ကျီထပ်ဝတ်ကာ သန်းခေါင်ကျော်အချိန်မှာ အပြင်တစ်ခေါက် ပြန်ထွက်ခဲ့ရပါတော့တယ်။

မင်းသမီး ခိုင်းစေလိုက်တဲ့ အလုပ်ကို ကျွန်တော် အောင်မြင်စွာ လုပ်ဆောင်ခဲ့ပါတယ်။ မနက်လင်းအားကြီးအချိန်လောက်မှ ကျွန်တော် အိပ်ရာထဲ ရောက်ခဲ့ပါတယ်။ ဒါပေမယ့် မနက် ၈ နာရီ အချိန်မှာတော့ ထုံးစံအတိုင်း တာဝန်ထမ်းဆောင်ဖို့ ကင်စတန်နန်းတော်ကို ရောက်ခဲ့ရပါတယ်။ အိပ်ရေးမဝခဲ့ပေမယ့် ကျွန်တော့်ရုံးခန်းရောက်တဲ့အခါမှာ စားပွဲပေါ်က မင်းသမီးရေးထားတဲ့စာကြောင့် တစ်ညလုံး ပင်ပန်းခဲ့သမျှ အမောပြေသွားရပါတယ်။ မင်းသမီး ရေးထားတဲ့စာကတော့···

*'ခင်မင်သော ပေါလ်···*

*ညကြီးသန်းခေါင်ကျော်အချိန်မှာ ဘယ်သူမှ အပြင်ကို ရွှန်ရွှန်စားစား ထွက်ချင်ကြမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ရှင်ကတော့ သူတကာတွေနဲ့ မတူတဲ့ သူတစ်ပါးအပေါ်မှာ ကြင်နာသနားမှုရှိတာကို တွေ့ရတဲ့အတွက် မနေ့ညက ကျွန်မ ရှင့်လုပ်ရပ်များအတွက် အသည်းနှလုံးထဲမှာ ကမ္ပည်းတင်မိပါတယ်။ ကျွန်မစံအိမ်မှာ အဖြစ်အပျက်တွေက အချိန်နဲ့အမျှ ပြောင်းလဲနေတာကြောင့် ခုလို ညကြီးအချိန်မတော် အကူအညီတောင်းခဲ့ရတာကို နားလည်ပေးစေချင်ပါတယ်။ ရှင့်အကူအညီသာ မပါရင် ကျွန်မရဲ့ဘဝလှေဟာ ဘယ်သောင်ဘယ်ကမ်းကို ဆိုက်မယ်ဆိုတာ မျှော်မှန်းလို့ မရနိုင်လောက်အောင်ပါပဲ။ ခုတော့ ရှင့်ကျေးဇူးကြောင့် ကျွန်မ ပြုံးနိုင်ရယ်နိုင်ခဲ့ပါပြီ။ ကျေးဇူးတင်ပါတယ် ပေါလ်ရယ်။ ကျွန်မကို ကယ်တင်ခဲ့ခြင်းအတွက်ကြောင့်ပါ။*

*အချစ်များစွာနဲ့*

*ဒိုင်ယာနာ'*

လို့ ရေးသားထားပါတယ်။

ကျွန်တော် အလုပ်သွားတဲ့အချိန်မှာ မင်းသမီးထံက ဒီလိုစာတစ်စောင်ရလိမ့်မယ်လို့ မျှော်လင့်မထားရိုး အမှန်ပါ။ မင်းသမီးရဲ့အကျင့်က နေ့စဉ်နဲ့အမျှဆိုသလို စာတိုကလေးတွေနဲ့ သူ ခိုင်းချင်တာများကို မှာကြားထားတတ်ပါတယ်။ တစ်ခါတလေ ညွှန်ကြားချက်ဖြစ်သလို တစ်ခါတလေကျတော့လည်း မေတ္တာရပ်ခံချက်၊ အသိပေးချက်၊ ဒါမှမဟုတ် ကျေးဇူးတင်စကားတွေ ဖြစ်ပါတယ်။ ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်ဖြစ်စေ၊ တယ်လီဖုန်းနဲ့ဖြစ်စေ ကျေးဇူးတင်စကား ပြောနိုင်ပါလျက်နဲ့ အချိန်ယူပြီး စာတစ်စောင်ရေးခြင်းကိုက သူ့ဘက်က လေးနက်မှုကို ပြသခြင်းဖြစ်ပါတယ်။

တစ်ခါတုန်းက သူမကို ချဉ်းကပ်နေသူတစ်ဦးက ညစာစားပွဲသွားကြဖို့ အတင်းအကျပ် ဖိတ်ခေါ်ဖူးပါတယ်။ မင်းသမီးကလည်း မသွားချင်ပါဘူး။ ဒါကြောင့် ကျွန်တော်က ဘော်ဒီဂတ်အဖြစ် လိုက်ခဲ့ရမလားလို့စတော့ မင်းသမီးက 'စိတ်မပူပါနဲ့ ပေါလ်ရယ်၊ ကျွန်မကိုယ်ကျွန်မ စောင့်ရှောက်နိုင်ပါတယ်' လို့ ဆိုခဲ့ပါတယ်။

ညစာစားပွဲသို့ မင်းသမီး ထွက်ခွာသွားတော့ ကျွန်တော် စံအိမ်မှာပဲ စောင့်နေခဲ့ပြီး စိတ်ပူနေခဲ့ပါတယ်။ အဆင်မပြေပါ့မလားလို့လည်း တွေးနေမိခြင်းပါ။ တကယ်လို့ ပြဿနာတစ်စုံတစ်ခု ဖြစ်ရင် သူ့လက်ကိုင်အိတ်ထဲမှာ အမြဲတစေ ထည့်ထားတဲ့ လက်ကိုင်ဖုန်းကတစ်ဆင့် ကျွန်တော့်ကို ခေါ်လိုက်ဖို့လည်း မှာထားပြီးသားပါ။ ည ၇ နာရီလောက် သူမ ပြန်ရောက်မှာ သိထားတဲ့အတွက် ခေါင်းအုံးအောက်မှာ စာတစ်စောင် ကျွန်တော် ရေးပြီး ထားခဲ့ပါတယ်။ မေးခွန်းတွေ မေးထားခဲ့ခြင်းပါ။ ယောကျ်ားတစ်ယောက်အနေနဲ့ တစ်ဖက်သားရဲ့ လှုပ်ရှားမှုကို သိချင်စောကြောင့် မေးခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ယောကျ်ားများနဲ့ပတ်သက်လို့ ကျွန်တော့်သုံးသပ်ချက်များဟာ အမြဲမှန်တာကြောင့် မင်းသမီးကလည်း တစ်စုံတစ်ခု ဆုံးဖြတ်တော့မယ်ဆိုရင် ကျွန်တော်နဲ့ တိုင်ပင်ခြင်း ဖြစ်ပါတယ်။

သူမ ပြန်ရောက်လာချိန်မှာ ခေါင်းအုံးပေါ်မှာတွေ့တဲ့ ကျွန်တော့်မေးခွန်းများကို ဖြေကြားပြီး နောက်တစ်နေ့မနက် ကျွန်တော် ရောက်လာချိန်မှာ ပထမဆုံး မြင်တွေ့နိုင်မယ့် ခုံပုကလေးပေါ် တင်ထားတာ တွေ့ရပါတယ်။ ကျွန်တော့် မေးခွန်းတွေအောက်မှာ မင်းသမီးက အစိမ်းရောင်မင်နဲ့ အဖြေတွေ ရေးထားတာပါ။

*ဘုန်းတော်ကြီးလှသော မင်းသမီး...*

*အကယ်၍... မင်းသမီးဟာ သူနဲ့နှစ်ယောက်တည်း ဖယောင်းတိုင်မီး မှိန်မှိန်အောက်မှာ ညစာကို စားခဲ့ရတာလား။ (မှန်တယ်)*

*အကယ်၍... စားပွဲပေါ်မှာ နှင်းဆီပန်းတွေ အလှစိုက်ထားပါသလား။ (မှန်တယ်)*

*အကယ်၍... သူဟာ ပုတ်သင်ညိုတစ်ကောင်လို လျှာတလှုပ်လှုပ်နဲ့ အဆက်မပြတ် စကားပြောနေခဲ့တာလား။ (ကျွန်မ နားလေးချင်ယောင်ဆောင်နေလိုက်တယ်။)*

*ပြီးတော့... ရှန်ပိန်သောက်ဖို့ တိုက်တွန်းသလား။ (နှစ်ခွက်သောက်ခဲ့တယ်)*



*ဒါဆိုရင်တော့ ကျွန်တော် မှန်သွားပြီပေါ့။*

အဲဒီနေ့မနက် မနက်စာစားချိန်မှာ ကျွန်တော်တို့နှစ်ယောက် အမေးအဖြေကို ပြန်ဖတ်ကြပြီး ရယ်ခဲ့ကြပါတယ်။ နံနက်စာစားပြီးချိန်မှာ ကျွန်တော်က ကုလားထိုင်တစ်လုံးမှာ မင်းသမီးနဲ့ မျက်နှာချင်းဆိုင်ထိုင်ပြီး 'ကိုင်း... ညကအကြောင်း ပြောပါဦး' လို့ မေးလိုက်ပါတယ်။

မင်းသမီးပြောပြတဲ့ အကြောင်းအရာတွေက ကျွန်တော် ခန့်မှန်းပြီးသား အကြောင်းအရာတွေ ဖြစ်ပါတယ်။ ဒီကြားထဲမှာ ကျွန်တော့်တယ်လီဖုန်းနံပါတ် ရသွားတဲ့ သတင်းထောက်တစ်ဦးက ကျွန်တော့်ကို ဟောလိဝုဒ်မှ ရုပ်ရှင်မင်းသား မဲလ်ဂစ်ဘ်ဆင်က သူ့လက်အောက်မှာ ဘဏ္ဍာစိုးအဖြစ် လုပ်ကိုင်ဖို့ စကားကမ်းလှမ်းတယ်ဆိုတာရော ဟုတ်ပါသလားလို့ မေးလာပါတယ်။ ၁၉၉၆ ခုနှစ်အတွင်းမှာ စာနယ်ဇင်းများက မင်းသမီးနဲ့ ကျွန်တော့်ရဲ့ ဆက်ဆံရေးကို အထူးတလည် စိတ်ဝင်စားပြီး မေးမြန်းလာကြပါတယ်။ ပထမဆုံး ဖော်ပြခဲ့တာကတော့ News of the World စာစောင်ဖြစ်ပြီး ဇန်နဝါရီလ ၁၄ ရက်နေ့ထုတ်မှာ ခေါင်းစဉ်တပ်လိုက်တာက 'ဘဏ္ဍာစိုးတစ်ဦးတည်းသာ ဒိုင်ယာနာ ယုံကြည်စိတ်ချသူဖြစ်' တဲ့။ နောက်တစ်စောင်က Daily Mail ပါ။ သူကတော့ မေးခွန်းထုတ်ထားတယ်။ 'သူတစ်ယောက်တည်းကိုသာ ဒိုင်ယာနာက ယုံကြည်စိတ်ချသတဲ့လား' လို့ ခေါင်းစဉ်တပ်ပါတယ်။ သူတို့ ရေးသားဖော်ပြတာကတော့ ကျွန်တော်ဟာ ဒိုင်ယာနာ့ ကိုယ်စား ဒိုင်ယာနာ့အပေါ် ကပ်လာသူတွေကို စာပြန်ပေးဖို့အတွက် Fax Machine နားမှာ အမြဲတစေ အဆင်သင့် ရှိနေသူ ဖြစ်ပါသတဲ့။ ဒိုင်ယာနာ ခရီးသွားနေရင်တောင် ကျွန်တော်က အဆင်ပြေအောင် အဖြေပေးလေ့ရှိတယ်လို့လည်း ရေးကြပါတယ်။ ဒီလိုရေးသားကြပေမယ့် မဲလ်ဂစ်ဘ်ဆင်ထံမှ ပထမဆုံးအကြိမ် ဖုန်းဆက်သွယ်လာတာကို ဒီသတင်းထောက်က ဘယ်လိုသိသွားသလဲဆိုတာကိုတော့ ကျွန်တော်ကိုယ်တိုင် တွေးလို့မရနိုင်လောက်အောင်ပါပဲ။

ဖြစ်ရပ်မှန်က အမေရိကန် အောင်စီတစ်ခုက မဲလ်ဂစ်ဘ်ဆင်ကို အကြံပေးခဲ့တာပါ။ ကျွန်တော့်ကို သူ့ရဲ့ဘဏ္ဍာစိုးအဖြစ် စကားကမ်းလှမ်းကြည့်ဖို့ပေါ့။ သတင်းထောက်က ဘယ်လိုပဲမေးမေး ကျွန်တော်ကတော့ အဲဒီအကြောင်း လုံးဝမဖြေခဲ့ပါဘူး။ 'မင်းသမီးအပေါ်မှာ ကျွန်တော် တာဝန်ထမ်းဆောင်ရတာ ပျော်ပါတယ်' လို့သာ သူ မေးနေတဲ့ ဆယ်မိနစ်လုံးလုံး ဖြေနေခဲ့ပါတယ်။

ဒါပေမယ့် သတင်းထောက်က ဆက်ပြီးမေးနေတယ်။ 'ဒီလိုဆိုရင် မဲလ်ဂစ်ဘ်ဆင်က ခင်ဗျားကို ဘဏ္ဍာစိုးအဖြစ် လုပ်ဆောင်ပေးဖို့ စကားကမ်းလှမ်းခဲ့တယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို ငြင်းမလား' လို့ ထပ်မေးတာပါ။

ကျွန်တော်ကလည်း မူလစကားအတိုင်း 'မင်းသမီးနဲ့ အလုပ်လုပ်ရတာ ကျွန်တော် ပျော်ပါတယ်' လို့သာ ထပ်ဖြေခဲ့ပါတယ်။

အမှန်အတိုင်း ဖြေဖို့ရာ ကျွန်တော် ဝန်လေးနေတဲ့ အကြောင်းကတော့ မဲလ်ဂစ်ဘ်ဆင်ထံမှ စကားကမ်းလှမ်းလာတဲ့ အကြောင်းကို မင်းသမီးအား ကျွန်တော် မပြောပြဖြစ်ခဲ့ခြင်းကြောင့်ပါ။ ပြောဖို့မလိုအပ်ဘူးလို့လည်း ယူဆပါတယ်။ ခုတော့ သတင်းစာတွေက သတင်းအစအနရပြီး သဲကြီးမဲကြီး လိုက်လာကြပါပြီ။ ဒီကိစ္စက ကျွန်တော့်အတွက် ဒုက္ခရောက်သွားနိုင်ပါတယ်။ ဒါကြောင့် အပေါ်ထပ်ကို ချက်ချင်း တက်သွားပြီး တယ်လီဖုန်းဆက်သွယ်မေးမြန်းနေတဲ့ သတင်းထောက်အကြောင်းကို ပြောပြလိုက်ရပါတယ်။ ကျွန်တော့်စကားဆုံးတာနဲ့ မင်းသမီး ဒေါသဖြစ်သွားပါ တယ်။ 'ကျွန်မ ဒီလို ဘယ်နည်းနဲ့မှ အဖြစ်မခံနိုင်ဘူး။ ကျွန်မ ဝန်ထမ်းတစ်ယောက် ကိုလည်း ဒီလိုအတင်းအကျပ်မေးတာမျိုး ဘယ်လိုနည်းနဲ့မှ သည်းညည်းမခံနိုင် ဘူး' လို့ ပြောပြောဆိုဆို အောက်ထပ်က သူမ ရုံးခန်းထဲကို ဝင်သွားပြီး ကယ်ရီလိုင်း ကတစ်ဆင့် အဲဒီသတင်းထောက်ထံ ပြန်လည်ဆက်သွယ်စေပါတယ်။ အဆက် အသွယ် ရချိန်မှာ သတင်းထောက်ကို ဒိုင်ယာနာကိုယ်တိုင် ပြောတာက သတင်း သမားများအနေနဲ့ သံတမန်ကျင့်ဝတ်ကို ဖောက်ဖျက်ဖို့ မသင့်ကြောင်း၊ သူမရဲ့ အမှုထမ်းများထံမှ သတင်းအစ်အောက်တာမျိုး မလုပ်သင့်ကြောင်း ပြစ်တင်ပြော ကြားတဲ့အပြင် ဘဏ္ဍာစိုးဖြစ်တဲ့ ကျွန်တော်ဟာလည်း ဘယ်ကိုမှ ပြောင်းရွှေ့အလုပ် လုပ်ကိုင်မှာ မဟုတ်ကြောင်း ပြောလိုက်ပါတယ်။ သတင်းထောက်ကို တိုက်ရိုက် ရန်တွေ့လိုက်တာ ဖြစ်တဲ့အတွက် နောက်တစ်နေ့ထုတ် သတင်းစာတွေမှာ ခေါင်းစဉ် မည်းကြီးတွေနဲ့ ပါလာတော့မှာပဲဆိုတာ ကျွန်တော် စိုးရိမ်နေခဲ့ပါတယ်။ စိုးရိမ်တဲ့ အတိုင်းပါပဲ။ နောက်တစ်နေ့ထုတ် သတင်းစာမှာ နှစ်မျက်နှာခွပြီး 'ကျွန်တော်ဟာ ဒိုင်ယာနာရဲ့လူပါ' လို့ ခေါင်းစဉ်တပ်လိုက်ပါတယ်။ ရေးသားဖော်ပြထားတဲ့ သတင်းထောက်ကတော့ မဲလ်ဂစ်ဘ်ဆင်ရဲ့ ကမ်းလှမ်းချက်ကို ကျွန်တော်က ပယ်ချလိုက်ကြောင်း၊ ကျွန်တော့်ဘဝတစ်လျှောက်လုံး ကျွန်တော့်သခင်မထံမှာသာ အမှုထမ်းမှာဖြစ်ကြောင်း ရေးသားကြပါတယ်။ သူတို့ရေးသားချက်တွေက မင်း သမီးနဲ့ သူ့အမှုထမ်းတစ်ယောက်ရဲ့ သံယောဇဉ်တွယ်မှုကို သွယ်သွယ်ဝိုက်ဝိုက် စွပ်စွဲလိုက်ကြတာ ဖြစ်တဲ့အတွက် ကျွန်တော်က မင်းသမီးကို မျက်နှာပူ နေပေမယ့် မင်းသမီးကတော့ ကျွန်တော့်ကို တစ်နေ့လုံးလိုလို 'သူ့လူ' လို့ စနေတော့တာပါပဲ။

ဒီကိစ္စ ဒီမှာတွင် အဆုံးသတ်သွားပြီလို့ ကျွန်တော် ထင်ခဲ့ပေမယ့် အဆုံး



မသတ်ခဲ့ပါဘူး။ တစ်နေ့မှာတော့ အမေရိကန်ပြည်ထောင်စုမှ ရုပ်မြင်သံကြား အစီအစဉ်များမှာ Talk Showနဲ့ နာမည်ကြီးတဲ့ အော်ပရာဝင်းဖရေး ကင်စတန် နန်းတော်စံအိမ်ကို နေ့လယ်စာစားဖို့ ရောက်ရှိလာခဲ့ပါတယ်။ သူ လာမယ်ဆိုတော့ မင်းသမီးကိုယ်တိုင်က စိတ်လှုပ်ရှားနေတာပါ။ 'သူက အရမ်း နာမည်ကြီးတာ။ မေးခွန်းတွေ မေးတာလည်း အရမ်းတော်တယ်။ သူ့ရင်ထဲမှာ ကျွန်မနဲ့ပတ်သက်လို့ ဘာတွေ ရှိနေမယ်ဆိုတာ မသိတော့ စိတ်လှုပ်ရှားတယ် ပေါလ်ရယ်။ သူလည်း ကျွန်မလိုပဲ ကျွန်မနဲ့တွေ့ဖို့ စိတ်လှုပ်ရှားနေမယ် ထင်တယ်' လို့ ဆိုခဲ့ပါတယ်။

အော်ပရာ ရောက်လာချိန်မှာ ကျွန်တော်က ဦးဆောင်ပြီး ဧည့်ခန်းထဲမှာ နေရာ ချထားကာ အအေးတစ်ခွက် တိုက်ထားလိုက်ပါတယ်။ သူမက ရေတစ်ခွက်သာ သောက်ပါရစေလို့ ဆိုပါတယ်။ ရေခွက်ချပေးပြီးတဲ့နောက် မင်းသမီး စောင့်ဆိုင်း နေတဲ့ ဧည့်ခန်းထဲ ကျွန်တော် သွားအကြောင်းကြားတော့ မင်းသမီးက 'သူ့ပုံစံက ဘယ်လိုလဲ' လို့ ခပ်တိုးတိုးမေးပါတယ်။

'သူ့ပုံစံ ကြည့်ရတာကတော့ တော်တော်စပ်စပ်စုစု နိုင်မယ့်ပုံပဲ။ တစ်ခုမှ အလွတ်ပေးမှာ မဟုတ်ဘူး။ ဝတ်ထားတာက စမတ်ကျတဲ့အပြင် နားမှာလည်း စိန်နားကပ်အကြီးကြီး ပန်ထားတယ်' လို့ ပြောလိုက်တော့ မင်းသမီးက တော် တော်အထင်ကြီးသွားပုံ ရပါတယ်။

အော်ပရာ စောင့်နေတဲ့အခန်းထဲကို ကြွရွေ့ရရ ဝင်သွားပြီး 'ဆောရီးနော်၊ စောင့်နေရတာအတွက် တောင်းပန်ပါတယ်' လို့ ဆိုလိုက်ပါတယ်။

သူတို့နှစ်ယောက်အတွက် နေ့လယ်စာစားဖို့ ထမင်းစားခန်းထဲမှာ ကျွန်တော် ပြင်ဆင်နေတုန်း မိန်းမနှစ်ယောက်ရဲ့ စကားဝိုင်းက အမေရိကားအကြောင်း ရောက် သွားပါတယ်။ ကျွန်တော့်ကိုလည်း လှမ်းအဖော်ညှိလိုက်သေးတယ်။ 'ကျွန်မတို့က အမေရိကားကို သဘောကျတယ်။ ပေါလ်ဆိုရင် တစ်နှစ်တစ်ခေါက်လောက် သွား လည်တယ်။ ဟုတ်တယ်မဟုတ်လား ပေါလ်' လို့ ဆိုပါတယ်။

ဒီတော့ အော်ပရာက 'ဒီလိုဆိုရင် မင်းသမီးအနေနဲ့ အမေရိကားမှာ အခြေချဖို့ မစဉ်းစားဘူးလား' လို့ ကောက်ကာငင်ကာ မေးလိုက်တော့ 'ကျွန်မသားတွေအတွက် တော့ အမေရိကားဟာ အင်မတန် လည်လို့ပတ်လို့ ကောင်းမယ့်နေရာ ဖြစ်မယ် ထင်ပါတယ်' လို့ ဒိုင်ယာနာဖြေသံကို ကြားရပါတယ်။ အမေရိကားမှာ မနေချင် ဘူး။ ကျွန်မတို့က ဩစတြေးလျားမှာ နေချင်တာလို့ တိုက်ရိုက်မဖြေလိုက်ခြင်း ကိုက ဒိုင်ယာနာရဲ့ ပါးနပ်မှုပါပဲ။

ကျွန်တော်က 'ကျွန်တော်ကတော့ ဒီနေ့နက်ဖြန်ဆိုသလို အမေရိကားသွားဖို့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးရှိနေတယ်'လို့ ဝင်ပြောရင်း ဒိုင်ယာနာကို မျက်စိမှိတ်ပြလိုက်ပါတယ်။ အခြေအနေ အခွင့်ကောင်းယူတတ်တဲ့ အော်ပရာက 'ဒါဆိုရင်လည်း အလွှာစိုးကြီးနဲ့ပဲ စကားပြောရတာပေါ့။ အမေရိကားရောက်ရင် ကျွန်မရှိနေတဲ့ ရှီကာဂိုကို ရောက်အောင်လာခဲ့ပါလား'လို့ ဆိုပါတယ်။

မင်းသမီးက ထိုင်နေရာကနေ ကိုယ်ကို မတ်လိုက်ပြီး 'ဒီမှာ အော်ပရာရဲ့၊ သူက ကျွန်မဘာလွှာစိုးလေ။ ကျွန်မရှိတဲ့နေရာကနေလွဲပြီး ဘယ်ကိုမှ သွားမှာမဟုတ်ပါဘူး'လို့ ရယ်ရယ်မောမောနဲ့ ကျွန်တော့်စကားကို ခြေဖျက်လိုက်ပါတယ်။ အော်ပရာက ကျွန်တော့်ကို အားနာသွားပုံရပါတယ်။

နေ့လယ်စာ စားပြီးချိန်မှာ မင်းသမီးနဲ့ ကျွန်တော်က အော်ပရာကို ဆင်ဝင်ရှေ့ထိရောက်အောင် လိုက်ပို့လိုက်ကြပြီး နှုတ်ဆက်ကြပါတယ်။ ကားမထွက်ခင်မှာ အော်ပရာက မှန်ချလိုက်ပြီး 'ပေါလ်… ရှင့်အတွက် ကျွန်မ အမြဲတမ်း တံခါးဖွင့်ထားပါတယ်'လို့ဆိုလိုက်တော့ ကျွန်တော်တို့ ရယ်မိကြပြီး လက်ပြနှုတ်ဆက်လိုက်ကြပါတယ်။

မင်းသမီးနဲ့ ကျွန်တော့်ရဲ့ တစ်နေ့တာ လုပ်ငန်းများက နံနက်၊ နေ့လယ်၊ ညဒီလိုပဲ ပုံမှန်လည်ပတ်နေပါတယ်။ နွေရာသီရဲ့ ညနေခင်း ညစာစားပြီး တစ်နေ့မှာ မင်းသမီးက 'လာပေါလ် ကားလျှောက်စီးရအောင်' ဆိုတဲ့အတွက် သူမရဲ့ BMW ကားနဲ့ ထွက်ခဲ့ကြပါတယ်။

ပထမဆုံး Bayswater နဲ့ Queensway လမ်းများဘက်ကို ဦးတည်လိုက်ပါတယ်။ အဲဒီကတစ်ဆင့် Paddington Green ကို မောင်းသွားပါတယ်။ ညာကွေ့၊ ဘယ်ကွေ့၊ ညာကွေ့၊ ဘယ်ကွေ့နဲ့ မင်းသမီးက သူကိုယ်တိုင် ဖြတ်လမ်းများကို ကျွမ်းကျွမ်းကျင်ကျင် မောင်းနေတာကြောင့် ကျွန်တော်က 'တော်တော်ကျွမ်းတာပဲ'လို့ စလိုက်ပါတယ်။ သူက ပြုံးလိုက်ပြီး 'လန်ဒန်မှာ ကျွန်မ တက္ကစီမောင်းစားမယ်ဆိုရင်တောင် ဖြစ်နိုင်ပါတယ်'လို့ ဆိုပါတယ်။ မင်းသမီးက ကက်ဦးထုပ်ဆောင်းထားပြီး သူမမျက်နှာပေါ်မှာ အရိပ်ကျအောင် ဖန်တီးထားပါတယ်။

လမ်းထောင့်တစ်နေရာရောက်တော့ မင်းသမီးက ကားကိုရပ်လိုက်ပါတယ်။ ဒါပေမယ့် စက်ကိုတော့ မသတ်ပါဘူး။ ကျွန်တော့်ဘက်က မှန်တံခါးကို ခလုတ်နဲ့ လှမ်းဖွင့်လိုက်ပြီး အပြင်ကို ကြည့်လိုက်ပါတယ်။ မိတ်ကပ်တွေ ထူထူထဲထဲ လိမ်းခြယ်ပြီး စကတ်တိုတိုလေးတွေနဲ့ စကားလက်ဆုံကျနေကြတဲ့ မိန်းကလေးနှစ်ယောက်ကို တွေ့ရပါတယ်။ ကျွန်တော်တို့ကား သူတို့အနားမှာ ရပ်လိုက်တော့ စကား ပြတ်သွားကြပြီး ကျွန်တော်တို့ကို ငုံ့ကြည့်ပါတယ်။ ကျွန်တော်နဲ့ မျက်လုံးချင်းဆုံလိုက်တော့ လိုတာထက်ပိုပြီး မှုန့်သွားပါတယ်။



အကြီးမဖြစ်သူက လက်နှစ်ဖက်ကို ကားခေါင်မိုးပေါ်မှာ တင်လိုက်ပြီး ခါးကိုင်းကာ ကျွန်တော့်ကို ကြည့်လိုက်ပါတယ်။ ပြီးတော့မှ 'ဟိုင်း… ရွှေမင်းသမီး၊ နေကောင်းတယ်နော်'လို့ ကျွန်တော့်ကိုကျော်ပြီး မင်းသမီးကို လှမ်းနှုတ်ဆက်ပါတယ်။ ကျွန်တော် မင်းသမီးကို လည်ပြန်ကြည့်လိုက်တော့ မင်းသမီးက ကျွန်တော့်ကို ကျော်ကြည့်ပြီး 'နေကောင်းပါတယ်၊ ရှင်ရော အလုပ်များနေသလား'လို့ စကားပြန်ပါတယ်။ အဲဒီအချိန်မှာ ဒုတိယမိန်းကလေးက စကားဝိုင်းထဲကို ဝင်ပြောပါတယ်။ 'ဟင့်အင်း မများဘူးရှင့်။ ဖောက်သည်ရှော်တုန်းပဲ။ အလုပ်ပါးတယ် မင်းသမီးရဲ့'လို့ ဆိုပါတယ်။ ကျွန်တော် ဘုရားတမိတယ်။ လမ်းပေါ်မှာ ညဉ့်ငှက်ကလေးများအဖြစ် အလုပ်လုပ်နေကြတဲ့ ဒီမိန်းကလေးတွေနဲ့ ရွှေနန်းတော်ထဲက မင်းသမီးတို့ ဘယ်အချိန်ကများ ရင်းနှီးလိုက်ကြပါလိမ့်လို့လည်း တွေးနေမိတယ်။ ကျွန်တော် တွေးနေတုန်းမှာပဲ ကလေးမတစ်ယောက်က 'သူက ဘယ်သူလဲ'လို့ မင်းသမီးကို မေးလိုက်တော့ 'ပေါလ်လေ'လို့ မင်းသမီးက မိတ်ဆက်ပေးပါတယ်။ ကျွန်တော်တို့ လက်ဆွဲနှုတ်ဆက်လိုက်ကြပါတယ်။ အပေါ်စား မိန်းကလေးတွေ ဖြစ်ပေမယ့် ယဉ်ကျေးသိမ်မွေ့ကြပါတယ်။

ကျွန်တော့်ဘော့စ်က သူ့အင်္ကျီအိတ်ထဲကို နှိုက်လိုက်ပြီး ပေါင် ၅၀ တန် ငွေစက္ကူနှစ်ရွက် ထုတ်ပေးလိုက်ပါတယ်။ 'ကဲ… ကလေးမတို့၊ ဒီညတော့ အလုပ်လုပ်မနေနဲ့တော့။ ကိုယ့်အိမ်ကိုယ်ပြန်ပြီး ကလေးတွေကို ဂရုစိုက်ကြဦး'လို့ ဆိုပါတယ်။ အဲဒါအပြင် မင်းသမီးက ကလေးတွေရဲ့ ကျန်းမာရေးအခြေအနေကို မေးမြန်းနေပါသေးတယ်။ ချောင်းဆိုးနေတဲ့ကလေး သက်သာသွားပြီလားတဲ့။

နည်းနည်းပါးပါး စကားတွေ ပြောကြပြီးတဲ့နောက် အကြီးမက ကားခေါင်မိုးကို ပုတ်လိုက်ပြီး ကားအပါးကနေ ခွာလိုက်ပါတယ်။ သူတို့နှစ်ယောက်နဲ့ စကားခဏလေးပြောလိုက်ရုံနဲ့ စတာလင်ပေါင် ၁၀၀ ကုန်ခဲ့ပါပြီ။ ကျွန်တော့်စိတ်ထဲမှာတော့ မတန်လိုက်လေခြင်းလို့ တွေးနေမိတယ်။ ဒါကြောင့် 'ဘာဖြစ်လို့ ပိုက်ဆံ ၁၀၀ ပေးလိုက်ရတာလဲ။ ဒီလို အသုံးအစွဲ မကြီးသင့်ဘူး မင်းသမီး'လို့ ဆိုလိုက်တော့ 'ဩော် ပေါလ်ရယ်… ဒီမိန်းကလေးတွေက တကယ့်ကို အကူအညီလိုအပ်နေတဲ့ မိန်းကလေးတွေပါ။ သူတို့အကြောင်းကို ကျွန်မသိလို့ ကူညီတာပါ'လို့ မင်း သမီးက ခပ်အေးအေး ဆိုပါတယ်။

ဒီလိုလူစားတွေကိုလည်း ကူညီတတ်တဲ့ သူမရဲ့ နူးညံ့သိမ်မွေ့တဲ့ နှလုံးသားကို ကျွန်တော် အံ့သြရပါတယ်။ လူတိုင်းကို ကူညီတတ်ပါတယ်။ ဖျားနာနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



သူ၊ ဆင်းရဲနေတဲ့သူ၊ အိုးအိမ်မဲ့တဲ့သူ၊ ဝော်နေတဲ့သူ၊ အေအိုင်ဒီအက်စ် ရောဂါဖြစ်နေတဲ့သူ၊ ပြည့်တန်ဆာတွေ၊ ဆေးစွဲနေသူတွေ၊ အရက်စွဲနေသူတွေ အားလုံးကို ကူညီဖို့ သူ့မှာ တာဝန်ရှိတယ်လို့ ခံယူထားပုံရပါတယ်။ ကျွန်တော် တာဝန်ထမ်းဆောင်နေတဲ့အချိန်ကာလအတွင်းမှာ 'ကျွန်မ ကူညီလိုက်ချင်တယ်'လို့ ညည်းညူသံလည်း အကြိမ်ကြိမ် ကြားခဲ့ရဖူးပါတယ်။ တကယ်တော့ ဒိုင်ယာနာဟာ ကမ္ဘာကြီးကိုသာမက ကမ္ဘာ့အတွင်းက လူ့အဖွဲ့ အစည်းတွေကိုပါ ပြောင်းလဲသွားအောင် ကူညီချင်တဲ့ မိန်းမသားတစ်ယောက် ဖြစ်ပါတယ်။ ၁၉၉၆ ခုနှစ်အတွင်းမှာ အဲဒီနေရာကို ကျွန်တော်တို့ အကြိမ်ကြိမ် ရောက်ခဲ့ကြပါတယ်။ ဒီနေရာမှာ အလုပ်လုပ်နေတဲ့ ပြည့်တန်ဆာအမျိုးသမီးမှာ ကလေးနှစ်ယောက် ရှိပါတယ်။ တခြားအလုပ်အကိုင် မရှိတဲ့အတွက် ဒီအလုပ်နဲ့ပဲ ကလေးတွေကို ရှာကျွေးနေရရှာတာပါ။ ချမ်းအေးလှတဲ့ အချိန်မှာတောင် အနွေးထည်တစ်ထည် ဝယ်မဝတ်နိုင်တဲ့ အမျိုးသမီးပါ။

မင်းသမီးက လမ်းဘေးမှာရှိတဲ့ သူတို့ကို လိုအပ်တာမှန်သမျှ ကူညီစောင့်ရှောက်တဲ့သူပါ။ တစ်ခါတုန်းကလည်း စတာလင်ပေါင် ၁၀၀ ပေးပြီး 'ဒီပိုက်ဆံတော့မသုံးနဲ့။ အနွေးထည် ဝယ်ဝတ်လိုက်။ နောက်တစ်ခါ ကျွန်မလာရင် အနွေးထည်ဝတ်ထားတာ မြင်ချင်တယ်'လို့ ဆိုခဲ့ပါတယ်။ သူ့စကားသံက မိခင်တစ်ယောက်က သမီးတစ်ယောက်ကို ဆုံးမနေသလိုပါပဲ။ နောက်တစ်ကြိမ် အဲဒီအမျိုးသမီးကို ကျွန်တော်တို့ ပြန်တွေ့တော့ တင်ပါးဖုံးအထိ ရှည်လျားတဲ့ အနက်ရောင်ကုတ်တစ်ထည် ဝတ်ထားတာကို တွေ့ခဲ့ရပါတယ်။

မင်းသမီးရဲ့ ဝတ်စုံများထည့်တဲ့ ဗီရိုထဲမှာ ကြမ်းပြင်ပေါ်ထိ ပုံကျနေတဲ့ သားမွေးအနွေးထည်တစ်ထည် ရှိပါ တယ်။ လက်ဆောင်ရထားတဲ့ အင်္ကျီပါ။ မင်းသမီးက လက်ဆောင်ပေးသူထံမှ လက်ခံလိုက်ပေမယ့် ဘယ်တော့မှ သားမွေးအင်္ကျီကို မဝတ်ပါဘူး။ တစ်ညနေမှာတော့ အဲဒီအင်္ကျီကို သူပိုက်ပြီး ထွက်သွားတာ တွေ့လိုက်ရပါတယ်။ မကြာခင် ပြန်လာတော့ သူ့လက်ထဲမှာ အင်္ကျီပါမလာတော့ပါဘူး။ 'ကျွန်မ လမ်းဘေးမှာ တွေ့တဲ့လူတစ်ယောက်ကို ပေးပစ်ခဲ့တယ်။ အဲဒီလူက အံ့သြလွန်းလို့ ကျွန်မဘယ်သူမှန်းတောင် သူ မသိလိုက်ဘူး'လို့ ဆိုပါတယ်။

❑

၁၉၉၆ ခုနှစ် နိုဝင်ဘာမှာ မင်းသမီးက ဩစတြေးလျားနိုင်ငံ ဆစ်ဒနီမြို့ကို အလည်အပတ် သွားရောက်ပြီး Victor Chang Cancer Foundation အတွက် ရန်ပုံငွေ



ဒေါ်လာတစ်သန်းရအောင် ရှာဖွေပေးခဲ့ပါတယ်။ ဒါကြောင့် ဩစတြေးလျားနိုင်ငံသားများက ဒိုင်ယာနာကို အချစ်ကြီး ချစ်သွားကြပါတယ်။ ဒါပေမယ့် ဒိုင်ယာနာကတော့ ဩစတြေးလျားမှာ နေချင်စိတ် ကုန်ခန်းသွားခဲ့ပါတယ်။ လန်ဒန်၊ နယူးယောက်၊ ဝါရှင်တန်တို့နဲ့ယှဉ်ရင် ဩစတြေးလျားဟာ မဖွံ့ဖြိုးသေးတဲ့ နေရာတစ်ခုလို့ သူ့စိတ်ထဲမှာ ခံစားရပါသတဲ့။ တကယ်လို့များ ဩစတြေးလျားမှာ နေမယ်ဆိုရင် တစ်ယောက်တည်း အထီးကျန်နေလိမ့်မယ်လို့လည်း ယူဆသွားပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ သူမရဲ့ အာရုံဝင်စားမှုက တောင်အာဖရိက ဖြစ်ခဲ့ပါတယ်။

၁၉၉၆ ခုနှစ် ခရစ္စမတ်ကာလဟာ မင်းသမီးရဲ့ နောက်ဆုံးခရစ္စမတ်ပါ။ အဲဒီကာလကို ကာရေဘီယန်ဒေသမှာ ကုန်ဆုံးစေခဲ့ပါတယ်။ သူ အဲဒီမှာ ပျော်နေချိန် သတင်းသမားများက မင်းသမီးဟာ အမျိုးသားအဖော်တစ်ဦးနဲ့အတူ ဩစတြေးလျားမှာ ပျော်နေလိမ့်မယ်လို့ ခန့်မှန်းထားကြပါတယ်။ အဲဒီလို ထင်အောင်လည်း ကျွန်တော်က ပညာသုံးခဲ့ရတာပါ။ ဩစတြေးလျား လေကြောင်းလိုင်းဖြစ်တဲ့ Qantas မှာ ဆစ်ဒနီကိုသွားမယ့် လက်မှတ်နှစ်စောင် ဝယ်ထားလိုက်ပါတယ်။ သတင်းသမားများက ခရီးသည်စာရင်းကိုကြည့်ပြီး ဟီးသရိုးလေဆိပ်ကနေ စောင့်နေကြချိန်မှာ ဒိုင်ယာနာကတော့ သူမရဲ့ ကိုယ်ရေးအတွင်းရေးမှူး ဗစ်တိုးရီးယားကို ခေါ်ပြီး ဆန့်ကျင်ဘက်ဒေသကို ထွက်ခွာသွားပါပြီ။ သူတို့သွားတဲ့နေရာက အင်မတန်သေးငယ်တဲ့ ကျွန်းကလေးတစ်ခုဖြစ်ပြီး Barbuda လို့ ခေါ်ပါတယ်။ Antigua အနီးမှာ ရှိပါတယ်။ ကျွန်တော့်လှည့်ကွက်က တစ်ရက်၊ နှစ်ရက်ပဲ ခံပါတယ်။ နောက်ပိုင်းမှာတော့ ဩစတြေးလျားမှာ ဒိုင်ယာနာ မရှိဘူးဆိုတာ သိသွားကြပါတယ်။

ဝီလျံနဲ့ ဟယ်ရီတို့က သူတို့အတွက် ခရစ္စမတ်လက်ဆောင်အဖြစ် ထည့်ထားခဲ့တဲ့အိတ်တွေကို ခရစ္စမတ်မတိုင်ခင်တစ်ရက်ကတည်းက ဖွင့်ကြည့်ပြီးကြပါပြီ။ သားကြီးဝီလျံက သူ့အတွက် စတီရီယိုစက်တစ်စုံ ဝယ်ပေးထားခဲ့လို့ အကျေနပ်ကြီး ကျေနပ်နေပြီး ဟယ်ရီကတော့ Play Station 2 လက်ဆောင် ရတဲ့အတွက် ပျော်မဆုံးမော်မဆုံးပါ။

ခရစ္စမတ်နေ့မှာ ကျွန်တော့်အိမ်က တယ်လီဖုန်း အဆက်မပြတ် မြည်လာပါတယ်။ ဒါပေမယ့် ကျွန်တော့်ဇနီးဖြစ်တဲ့ မာရီယာက ကျွန်တော် တယ်လီဖုန်းမကိုင်ရဘူးလို့ အမိန့်ထုတ်ထားတာကြောင့် ဖုန်းမကိုင်ဖြစ်ပါဘူး။ ဖုန်းဆက်နေသူဟာ မင်းသမီးပဲ ဖြစ်မယ်ဆိုတာကို ကျွန်တော်တို့ နှစ်ယောက်စလုံး သိနေပါ

www.burmeseclassic.com




တယ်။ ဒီနေ့တစ်ရက်တော့ မိသားစုနဲ့လုံးလုံး အချိန်ပေးနေနိုင်ဖို့အတွက် ကျွန်တော် ဖုန်းမကိုင်ဖြစ်တော့ပါဘူး။ ခရစ္စမတ်ပြီး နောက်တစ်ရက်မှာလည်း တယ်လီဖုန်းက အဆက်မပြတ် မြည်လာပြန်ပါတယ်။ ဒီနေ့မှာတော့ ကျွန်တော် ဖုန်းကိုင်လိုက်ပါတယ်။ အဲဒီနောက်မှာ နှစ်သစ်ကူးနေ့အထိ မင်းသမီးက ကျွန်တော်နဲ့ ဖုန်းအဆက်အသွယ် မပြတ်ခဲ့ပါဘူး။ အဲဒီအားလပ်ရက်ကာလမှာ ဟယ်ရီက သူ့ဖခင် ချားလ်စ်နဲ့အတူ ဆွစ်ဇာလန်နိုင်ငံမှာ စကိတ်စီးဖို့ လိုက်ပါသွားခဲ့ပါတယ်။ အဲဒီမှာ သတင်းသမားများနဲ့တွေ့တော့ သူ့အတွက် အိပ်မက်ဆိုးပါပဲလို့ ဟယ်ရီက ပြန်ပြောပြခဲ့ပါတယ်။ အသက် ၁၄ နှစ် အရွယ်ရောက်လာပြီဖြစ်တဲ့ ဝီလျံကတော့ မီဒီယာများရဲ့ မီးမောင်းအောက်ကနေ လွတ်အောင် ရှောင်တတ်တိမ်းတတ်စ ရှိနေပါပြီ။ မင်းသမီးကတောင် အာဖရိကကို မျက်စိကျနေပြီဆိုတော့ အင်ဂိုလာနိုင်ငံဟာလည်း ကျွန်တော် မကြာခဏ သွားရတဲ့နေရာ ဖြစ်လာတော့မှာပါ။ အင်ဂိုလာနိုင်ငံမှာ လူသားချင်းစာနာထောက်ထားရေး လုပ်ငန်းတွေကို မင်းသမီးက အဆက်မပြတ် လုပ်ကိုင်ခဲ့ပြီး ကျွန်တော်လည်း သူနဲ့အတူ ပခုံးချင်းယှဉ် ရင်ပေါင်တန်းကာ လိုက်ပါခဲ့ရပါတယ်။ အင်ဂိုလာမှာ ဒိုင်ယာနာ လုပ်ဆောင်ခဲ့တဲ့ လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းများဟာ သူမအတွက် သမိုင်းဝင်စေတဲ့ လုပ်ငန်းများပါပဲ။

❑

www.burmeseclassic.com







အိင်္ဂလိပ်နိုင်ငံမှာ ဒီပုံကို ပေါလ် ရိုက်ကူးခဲ့တာပါ



လင်ညီအစ်မ တော်စပ်တဲ့ ဒိုင်ယာနာနဲ့
ဖာဂီတို့ ပြုံးပျော်ကြခဲ့ကာလက

www.burmeseclassic.com

www.burmeseclassic.com





သူတော်စင် မာသာထရီဇာနဲ့ ဒိုင်ယာနာတို့ ဆုံစည်းကြစဉ်

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန်နိုင်ငံထုတ် စာနယ်ဇင်းများမှာ သူ့ကို
"ဦးတည်ရာမဲ့ လေလွင့်နေတဲ့ အမြောက်တစ်လက်" လို့
ကင်ပွန်းတပ်တာနဲ့ ပတ်သက်ပြီး ဘယ်လိုသဘောထားပါသလဲလို့
မေးကြပါတယ်။ ဒိုင်ယာနာ့အဖြေက ရှင်းရှင်းလေးပါ။
'ကျွန်မ နိုင်ငံရေးလုပ်တာ မဟုတ်ပါဘူး။ လူသားချင်းစာနာထောက်ထားမှု
လုပ်ငန်းတစ်ခုကို လုပ်တာပါ။ ဒီလုပ်ငန်းကို အရင်တုန်းကလည်း
ကျွန်မ လုပ်ခဲ့တယ်၊ အခုလည်း လုပ်နေတယ်၊
နောင်လည်း ဆက်လုပ်သွားဦးမှာပါပဲ' လို့ ဖြေကြားခဲ့ပါတယ်။

# အခန်း (၁၂)
# နောက်တော်ပါးက

မင်းသမီး သွားလေရာကို တစ်ဖဝါးမကွာ လိုက်ရတဲ့ ကျွန်တော် နေရောင်တောက်တောက် ထွန်းလင်းတောက်ပတဲ့ အာဖရိကနိုင်ငံရဲ့ နေရောင်အောက်ကနေ ရွာကလေးတစ်ရွာမှာရှိတဲ့ မှုန်မှုန်ကုပ်ကုပ် ဆေးရုံကလေးတစ်ခုထဲကို ရောက်ခဲ့ပါတယ်။ ကျွန်တော်က 'ဆေးရုံ' လို့သာ သုံးလိုက်ရတာပါ။ ဘာကြောင့်လဲဆိုတော့ ဒီအဆောက်အအုံကလေးက သံခုတင် ၆ လုံးသာရှိပြီး ဘာအသုံးအဆောင်မှ မရှိတဲ့ အခန်းတစ်ခု ဖြစ်နေပါတယ်။ နံရံများကလည်း တစ်ခါတုန်းကတော့ ဆေးသုတ်ထားခဲ့ဖူးဟန် ရှိပေမယ့် နောက်ထပ် တစ်ခါမှ သုတ်ပုံမရတော့ပါဘူး။ ကျွန်တော်တို့နောက်မှာ မီဒီယာသမားတွေ တစ်အုပ်တမကြီး လိုက်ပါနေတဲ့ကြားက ကလေးမလေးတစ်ယောက်ရဲ့ ခုတင်ဆီးကို ရောက်ခဲ့ကြပါတယ်။ ပိတ်ဖြူတစ်စက ကလေးမရဲ့ လည်ပင်းအထိ ရောက်အောင် ဖုံးအုပ်ထားပြီး သူမရဲ့ မျက်ဝန်းကျယ်များက ကျွန်တော်တို့ကို အံ့ဩတကြီး ကြည့်နေပါတယ်။

သူနာပြု ဆရာမတစ်ဦးက ပိတ်ဖြူစကို ကလေးမရဲ့ ခါးထိရောက်အောင် ခွာချလိုက်ပြီး ကလေးမ ရထားတဲ့ဒဏ်ရာကို ပြပါတယ်။ တုန်လှုပ်ချောက်ချားစရာ ကောင်းလောက်အောင် ဒဏ်ရာက များပြားလွန်းပါတယ်။ ပွင့်ထွက်နေတဲ့ ဗိုက်အတွင်းကနေ ကလီစာတွေက အပြင်ကိုထွက်လုလုနီး ဖြစ်နေပါပြီ။ ကလေးမလေးက သူ့မိသားစုအတွက် ရေရှာထွက်ရာကနေ မြေမြှုပ်မိုင်းတစ်ခုပေါ်ကို နင်းမိတဲ့အတွက် ဒီလောက်ကြီးကျယ်တဲ့ ဒဏ်ရာရရှိခဲ့ခြင်းပါ။ အင်ဂိုလာနိုင်ငံမှာ

www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်တဲ့ မြေမြှုပ်မိုင်းသန်းပေါင်းများစွာ ရှိနေဆဲပါ။

မြင်ကွင်းနှစ်ခုက တကယ့်ကို ဆက်စပ်လို့ မရနိုင်စရာပါ။ ခေါင်းအုံးထက်က ချော့မွေ့တဲ့ ကလေးမလေးရဲ့ မျက်နှာလေးနဲ့ ပိတ်မြုံအောက်က ဒဏ်ရာများဟာ နှိုင်းယှဉ်လို့မရနိုင်လောက်စရာပါ။ မင်းသမီးကတော့ ဒဏ်ရာကို ကြည့်တယ်ဆိုရုံသာ ကြည့်လိုက်ပြီး သူ့အကြည့်ကို ကလေးမရဲ့မျက်လုံးနဲ့ တည့်တည့်ဆိုင်ထားလိုက်ပါတယ်။ မင်းသမီးရဲ့ စိတ်ထဲမှာ ကလေးမအနေနဲ့ သူ့ဒဏ်ရာတွေကို မင်းသမီးက မကြည့်ရဲလို့ မကြည့်တာလို့ မထင်ရလေအောင် မျက်လုံးချင်းဆိုင်နေခြင်းပါ။ ကလေးမရဲ့ နဖူးပေါ်မှာ မင်းသမီးက လက်တင်လိုက်ပြီး တသိမ့်သိမ့် ငိုကြွေးနေတဲ့ သူ့ကို နှစ်သိမ့်မှုပေးနိုင်ဖို့ နှုတ်ခမ်းနှစ်လွှာကိုလည်း သပ်ပေးခဲ့ပါသေးတယ်။ ပိတ်မြုံစကိုလည်းပင်းအထိ မင်းသမီးကိုယ်တိုင် ဆွဲတင်လိုက်ပြီး စာနယ်ဇင်းသမားများဘက်ကို လှည့်ကာ 'ကျေးဇူးပြုပြီး ဓာတ်ပုံမရိုက်ကြပါနဲ့တော့' လို့ ဆိုလိုက်တော့မှ တဖျတ်ဖျတ် မီးလင်းနေတဲ့ ကင်မရာများ ငြိမ်သက်သွားကြပါတယ်။

အဲဒါက ၁၉၉၇ ခုနှစ် ဇန်နဝါရီ လ ၁၅ ရက်နေ့ ဖြစ်ပါတယ်။ ဒီနေ့ကို တစ်ကမ္ဘာလုံးက မှတ်မိနေကြပါတယ်။ မင်းသမီးကိုယ်တိုင် တုတ်တစ်ချောင်းနဲ့ မြေမြှုပ်မိုင်းများရှိရာကို လျှောက်သွားပြီး မြေမြှုပ်မိုင်းဆန့်ကျင်ရေး ဆောင်ရွက်ခဲ့လို့ပါပဲ။ ဒီစီမံကိန်းကို မင်းသမီးနဲ့အတူ ပူးပေါင်းဆောင်ရွက်တာကတော့ Halo Trust အဖွဲ့ ဖြစ်ပါတယ်။ အဲဒီနေ့က မင်းသမီးက ရှပ်အင်္ကျီအဖြူ၊ နို့နှစ်ရောင် အပေါ် အင်္ကျီ၊ အစိမ်းရောင်ဂျက်ကက်နဲ့ ဦးထုပ်ဆောင်းထားပါတယ်။ မြေမြှုပ်မိုင်းဆန့်ကျင်ရေးလို့ မင်းသမီးက စတင်ကြွေးကြော်ချိန်မှာ ဗြိတိန်နိုင်ငံမှာတော့ မီဒီယာများက ဒိုင်ယာနာ မင်းသမီးဟာ နိုင်ငံရေးလောကထဲကို ဝင်ရောက်ခဲ့ပြီလို့ ယူဆကြပြီး သူ့ကို 'ဦးတည်ရာမဲ့ လေလွင့်နေတဲ့ အမြောက်တစ်လက်' လို့ တင်စားကြပါတယ်။ သူမ စတင်ဆောင်ရွက်မှုကြောင့် မြေမြှုပ်မိုင်း ဒဏ်ခံရပြီး ကမ္ဘာက မေ့နေကြတဲ့ ဒုက္ခသည်များကို ပြန်လည်သတိရလာစေပါတယ်။ ကိုယ့်ရွာဝဲမှာ နေပေမယ့် ခြေတစ်လှမ်း မှားလိုက်တာနဲ့ ဘဝနဲ့ အသက်ကို ပေးဆပ်ရတဲ့ အခြေအနေဆိုးကို မင်းသမီးက မီးမောင်းထိုးပြလိုက်ခြင်းပါပဲ။ ဒီတော့မှ ဗြိတိန်၊ ကနေဒါနဲ့ အမေရိကန်နိုင်ငံတို့က မြေမြှုပ်မိုင်းဆန့်ကျင်ရေး သဘောတူ စာချုပ်တွေ ချုပ်ဆိုဖြစ်ခဲ့ကြပါတယ်။

စာနယ်ဇင်းတချို့ကတော့ ဒီလုပ်ရပ်ဟာ ဒိုင်ယာနာအနေနဲ့ မီးမောင်းအောက် ပြန်လည်ရောက်ရှိလာအောင်၊ သူ့ကိုမေ့လုလုဖြစ်နေတဲ့ ကမ္ဘာ့ပြည်သူများ ပြန်သတိရ



လာအောင် လုပ်ဆောင်လိုက်တာပဲလို့ စွပ်စွဲသူတွေက စွပ်စွဲကြပါတယ်။ တကယ်တော့ ဒီလူတွေဟာ ကျွန်တော်တို့ မျက်စိနဲ့ မြင်ခဲ့ရတဲ့ ဆေးရုံ ခုတင်ထက်က အပြစ်ကင်းစင်တဲ့ ကလေးမလေးရဲ့ မျက်နှာကို မြင်ခွင့်မရကြလို့သာ ဒီလိုတွေးနေကြခြင်း ဖြစ်ပါလိမ့်မယ်။ မင်းသမီးကလည်း ဒီကလေးမလေးရဲ့ မျက်နှာကို သူတို့ မြင်ပါစေတော့ရယ်လို့ ဆန္ဒမရှိပါဘူး။ မင်းသမီးနောက်ကို တကောက်ကောက် လိုက်ရင်း ကြုံခဲ့ရတဲ့ အဖြစ်အပျက်များစွာထဲက ဒီကလေးမရဲ့ ကိစ္စဟာ မမေ့နိုင်စရာကိစ္စတစ်ခုသာ ဖြစ်ပါတယ်။ ကျွန်တော့်အမြင်မှာတော့ ဒိုင်ယာနာဟာ လူသားများထဲက လူသားတစ်ဦးသာဖြစ်ပြီး လူသားချင်း စာနာထောက်ထားတဲ့ စိတ်ဓာတ်အပြည့်အဝ ရှိသူတစ်ဦး ဖြစ်ပါတယ်။ ဆေးရုံခုတင်ထက်မှာ ကျွန်တော်တို့ မြင်တွေ့ခဲ့တဲ့ ကလေးမရဲ့အသက်ကို မကယ်လိုက်နိုင်သော်ငြားလည်း သူ့ကို အကြောင်းပြုပြီး နောင်မှာ သူ့လို ထိခိုက်ဒဏ်ရာရပြီး အသက်ပေးကြရမယ့် လူပေါင်းများစွာရဲ့ အသက်တွေကို ဒိုင်ယာနာ ကယ်လိုက်နိုင်တယ်လို့ ဆိုရပါမယ်။ အဲဒီအချိန်ကစပြီး နှစ်ပေါင်းတော်တော်ကြာကြာ နာယကနေရာကနေ ငြင်းပယ်နုတ်ထွက်ထားတဲ့ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီးနဲ့လည်း ပြန်လည်ဆက်သွယ်မိပြီး ဒီလိုဝမ်းနည်းကြေကွဲစရာကောင်းတဲ့ အဖြစ်ဆိုးတွေ မပေါ်ပေါက်ရအောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ မင်းသမီးရဲ့ ကြိုးပမ်းချက်ကို မျက်မြင်ကိုယ်တွေ့ မဟုတ်သည့်တိုင်အောင် စာနယ်ဇင်းများရဲ့ ရေးသားချက်ကို ဖတ်ရှုလိုသူများအနေနဲ့ Sunday Times မှာ ဖော်ပြခဲ့တဲ့ သတင်းထောက် ခရစ္စတီနာလမ့်ရဲ့ ဆောင်းပါးကို ဖတ်ရှုကြည့်ရင် သိနိုင်ပါလိမ့်မယ်။ မိုင်းထိတဲ့ ကလေးမလေးရဲ့အနားကို ဒိုင်ယာနာ ရောက်စဉ်တုန်းက သူလည်း ဒိုင်ယာနာရဲ့နောက်ပါးမှာ ကပ်လျက်သား ရှိနေတာကြောင့် မြင်ကွင်းအားလုံးကို မြင်တွေ့ခွင့်ရသွားခဲ့တာပါ။

စစ်မက်ဖြစ်ပွားခြင်းရဲ့ ဆိုးကျိုးကို မျက်မြင်ကိုယ်တွေ့ တွေ့လိုက်တဲ့ အဲဒီ အမျိုးသမီး သတင်းထောက်က ဒိုင်ယာနာ ထွက်သွားပြီးတဲ့နောက် ကလေးအပါး ကိုကပ်ပြီး နှစ်သိမ့်စကားဆိုနေစဉ်မှာ ကလေးမလေးကို သူက 'အဲဒါ အင်္ဂလန်နိုင်ငံက မင်းသမီးပေါ့' လို့ ပြောလိုက်တော့ လူနာမိန်းကလေးက 'ဒါဆိုသူက နတ်သမီးပေါ့နော်' လို့ မေးခဲ့ပါသတဲ့။ အဲဒီနေ့ညနေပိုင်းမှာပဲ ကလေးမလေးဟာ ရရှိထားတဲ့ ဒဏ်ရာများကြောင့် ဘဝကူးပြောင်းသွားရှာပါတယ်။

ဆေးရုံအပြင်မှာတော့ ဒိုင်ယာနာက စာနယ်ဇင်းဆရာများနဲ့ တွေ့ဆုံနေပါတယ်။ စာနယ်ဇင်းများက အင်္ဂလန်နိုင်ငံထုတ် စာနယ်ဇင်းများမှာ သူ့ကို 'ဦးတည်ရာမဲ့ လေလွင့်နေတဲ့ အမြောက်တစ်လက်' လို့ ကင်ပွန်းတပ်တာနဲ့ ပတ်သက်ပြီး ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



သဘောထားပါသလဲလို့ မေးကြပါတယ်။ ဒိုင်ယာနာ့အဖြေက ရှင်းရှင်းကလေး ပါ။ 'ကျွန်မ နိုင်ငံရေးလုပ်တာ မဟုတ်ပါဘူး။ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းတစ်ခုကို လုပ်တာပါ။ ဒီလုပ်ငန်းကို အရင်တုန်းကလည်း ကျွန်မ လုပ်ခဲ့ တယ်၊ အခုလည်း လုပ်နေတယ်၊ နောင်လည်း ဆက်လုပ်သွားဦးမှာပါပဲ'လို့ ဖြေကြား ခဲ့ပါတယ်။

❑

ကျွန်တော် ဒိုင်ယာနာ့နောက်ကို လိုက်ခဲ့ရတာ ၁၉၉၂ ခုနှစ် အီဂျစ်နိုင်ငံ ခရီးစဉ်က အစဖြစ်ပါတယ်။ ဒါပေမယ့် အင်ဂိုလာကို သွားမယ့်အချိန်မှာတော့ လေးရက်ခရီးစဉ်လို့ ပြောပြီး မမျှော်လင့်ဘဲ ဖိတ်ခေါ်ခြင်းခံလိုက်ရတာပါ။ 'ဘယ် သူမှ ပါမှာမဟုတ်ဘူး။ ရှင်နဲ့ ကျွန်မရယ်၊ ကြက်ခြေနီက လူတွေရယ်ပဲ ပါမှာ'လို့ ဆိုခဲ့ပေမယ့် တကယ် ခရီးထွက်တဲ့အခါမှာတော့ နိုင်ငံတော်က ဒိုင်ယာနာ့ရဲ့ လုံခြုံ ရေးအတွက် အစောင့်အရှောက် ရဲအရာရှိနှစ်ဦး ထည့်ပေးလိုက်ပါသေးတယ်။

ကျွန်တော်က ဘာအတွက် လိုက်ရတာလဲလို့ ကိုယ့်ကိုယ်ကို မေးကြည့်မိပါ ဘယ်။

'ရှင်က ကျွန်မ ဘယ်နေရာပဲရောက်ရောက် နောက်ပါးကနေ ပါရမယ်။ ကျွန်မရဲ့လက်ထောက်ဆိုလည်း ဟုတ်တယ်၊ အပျိုတော်လည်း ဖြစ်တယ်။ အတွင်း ရေးမှူးလည်း ဟုတ်၊ ဝတ်လဲတော် ထိန်းသိမ်းရေးမှူးဆိုလည်း ဟုတ်တယ်'လို့ မင်းသမီးက ပြက်လုံးထုတ်ခဲ့ပါတယ်။ သူက ပြက်လုံးထုတ်တယ် ဆိုပေမယ့် တစ်နည်းအားဖြင့် ကျွန်တော့်ကို သွယ်သွယ်ဝိုက်ဝိုက်နဲ့ အဲဒီတာဝန်အားလုံး ပေးအပ် လိုက်ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ခရီးစဉ်တစ်လျှောက်လုံးမှာ မနက်အိပ်ရာက ထဖို့နှိုးရသလို အဝတ်အစားတွေကို မီးပူတိုက်ပေးရတဲ့အပြင် တစ်နေ့တစ်နေ့ ဘာ အစီအစဉ်တွေ ရှိတယ်ဆိုတာကိုလည်း အစီရင်ခံရပါတယ်။ အဲဒီလို အနီးကပ် ရှိနေတာကြောင့် စာနယ်ဇင်းများက ဘဏ္ဍာစိုးတစ်ယောက်ဟာ ဘာကြောင့် မင်း သမီးအပါးမှာ ဒီလောက်အနီးကပ်ရှိနေရတာလဲ ဆိုတဲ့မေးခွန်းတွေ ဝင်လာကြပါ တယ်။ သူတို့ မေးလည်း မေးချင်စရာပါ။ ကျွန်တော်က မင်းသမီးရဲ့ အရိပ် တစ်ခုလို သွားလေရာမှာ တကောက်ကောက် ပါနေရတာကိုး။ တခြား မင်းမျိုး မင်းနွယ်များဆိုရင် သူ့ရာထူးနဲ့သူ သီးခြားစီနေရတာပါ။ ကျွန်တော်ကတော့ နေရာတိုင်းမှာ ပါနေပါတယ်။

ကမ္ဘာ့ကြက်ခြေနီအဖွဲ့နဲ့ ပြန်လည်ပူးပေါင်းလုပ်ဆောင်လာတဲ့အတွက် အဲဒီ ကာလတုန်းက ညွှန်ကြားရေးမှူးချုပ်အဖြစ် ဆောင်ရွက်နေတဲ့ မိုက်ဝှစ်တလန်နဲ့ လည်း ပူးပေါင်းပြီး မြေမြှုပ်မိုင်းဆန့်ကျင်ရေးကိစ္စများကို ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုစိတ်ပါဝင်စားလာချိန်မှာ မိုက်က မြေမြှုပ်မိုင်းနဲ့ပတ်သက်ပြီး ရေးသားကြတဲ့ စာရွက်စာတမ်းတွေ၊ ဗီဒီယိုအခွေတွေကို မင်းသမီး လေ့လာနိုင်အောင် ပေးပို့ခဲ့ပါ တယ်။ ဒီစာရွက်စာတမ်းများအရ အင်ဂိုလာနိုင်ငံမှာ လူဦးရေ ၁၂ သန်း ရှိတဲ့အနက် လေးဦးမှာ တစ်ဦးဟာ မိုင်းထိပြီး သေရင် သေ၊ မသေရင် ခြေပြတ်လက်ပြတ် ဖြစ်နေကြတယ်လို့ ဆိုပါတယ်။ ဒါကြောင့်လည်း ဒိုင်ယာနာက မိုက်နဲ့ပူးပေါင်းပြီး မြေမြှုပ်မိုင်း ဆန့်ကျင်ရေးကို အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့တာပါ။



ဒီခရီးထွက်မယ် ဆိုစဉ်တုန်းက မင်းသမီးအတွက် လိုအပ်တဲ့ ပစ္စည်းတွေကို ကျွန်တော်ကိုယ်တိုင်ပဲ သွားဝယ်ရပါတယ်။ ပထမဦးဆုံးဝယ်ဖြစ်ခဲ့တဲ့ ဆိုင်က ဘွန်းလမ်းမှာရှိတဲ့ Ralph Lauren ဆိုင် ဖြစ်ပါတယ်။ အဲဒီဆိုင်မှာ မင်းသမီးအတွက် ရှပ်အင်္ကျီများနဲ့ သရီးကွာတား ဘောင်းဘီများကို ဝယ်ခဲ့ပါတယ်။ (အဲဒီအချိန်မှာ မင်းသမီးကလည်း ကျွန်တော့်အတွက် ရှပ်အင်္ကျီများ ဝယ်နေခဲ့ပါတယ်။) အဲဒီ နောက်မှာ Armani ဆိုင်က ဂျင်း(န)အဝတ်အထည်များ၊ Tod သားရေဖိနပ်များ ဝယ်ယူဖြစ်ခဲ့ပါတယ်။ အဲဒါတွေအပြင် အင်ဂိုလာနိုင်ငံ သမ္မတကတော်ရဲ့ ညစာ စားပွဲ တက်ရောက်ရင်ဝတ်ဖို့ အဝတ်အစားများလည်း ထည့်ရပါသေးတယ်။ လို အပ်တဲ့ ဗီတာမင်တွေလည်း ဝယ်ခဲ့ပါတယ်။

Daily Telegraph သတင်းစာရဲ့ ကော်လံစား သတင်းထောက်ဟောင်းတစ်ဦး ဖြစ်တဲ့ Bill Deedes ကိုလည်း အင်ဂိုလာနိုင်ငံသို့လိုက်ပါဖို့ မင်းသမီးက ဖိတ်ခေါ်ခဲ့ ပါတယ်။ သူ့ကို ဘာကြောင့် ဖိတ်ခေါ်ရသလဲဆိုတော့ ဒီပုဂ္ဂိုလ်က ဒိုင်ယာနာ အတွေးအခေါ် မြင့်မားလာအောင် ဦးဆောင်လမ်းပြတဲ့သူတစ်ဦးလည်း ဖြစ်လို့ပါပဲ။ သူတို့နှစ်ဦးက ၁၉၉၀ ပြည့်နှစ်ကတည်းက ရင်းနှီးခဲ့ကြပါတယ်။ ကင်စတန်နန်း တော်ကို မကြာခဏ လာရောက်လည်ပတ်တတ်သလို Daily Telegraph မှာ ပါတဲ့ ပဟေဠိများနဲ့ ပတ်သက်ပြီး မင်းသမီးနဲ့ မကြာခဏဆိုသလို ငြင်းခုန်ရယ်မော ကြတဲ့သူလည်း ဖြစ်ပါတယ်။ တစ်ခါတုန်းက ဒိုင်ယာနာက 'ကျွန်မ ဘဏ္ဍာစိုး ကတော့ ရှင်တို့ ပဟေဠိဟာ မတရားဘူးလို့ စွပ်စွဲနေတယ်'လို့ ပြောခဲ့ဖူးပါတယ်။ မိုက် လာတိုင်း ဒိုင်ယာနာက ပဟေဠိတွေအကြောင်းကိုသာ မေးမြန်းဆွေးနွေး တတ်ပါတယ်။

အင်ဂိုလာနိုင်ငံရဲ့ မြို့တော်ဖြစ်တဲ့ Luanda ကို သွားရောက်ချိန်မှာ လေယာဉ် ခရီးစဉ်တစ်လျှောက်လုံး မင်းသမီးက မှတ်စုတွေ ထုတ်၊ ပြောရမယ့် မိန့်ခွန်း တွေကို ပြင်ဆင်လာခဲ့ပါတယ်။ လေဆိပ်ရောက်ရောက်ချင်း စိုင်းလာကြတဲ့

www.burmeseclassic.com

www.burmeseclassic.com



သတင်းထောက်များနဲ့ တွေ့ဆုံမေးမြန်းကြားရတာပါ။ လေယာဉ်ကွင်းမှာ လေယာဉ်များ ဆင်းသံ၊ တက်သံ ဆူညံနေတဲ့ကြားကပဲ ဒိုင်ယာနာက မြေမြှုပ်မိုင်းများ ဆန့်ကျင်ရေးနဲ့ ပတ်သက်ပြီး ခရီးရောက်မဆိုက် မိန့်ခွန်းပြောကြားခဲ့ပါတယ်။ အဲဒီမိန့်ခွန်းမှာ ဒိုင်ယာနာက 'ပုဂ္ဂိုလ်ရေးအရ ဆောင်ရွက်နေကြတဲ့ မြေမြှုပ်မိုင်းကိစ္စမှန်သမျှကို ပိတ်ပင်တားဆီးဖို့ လိုအပ်ပါကြောင်း' ပြောကြားခဲ့ပါတယ်။

လေဆိပ်ကနေ ကျွန်တော်တို့ ဗြိတိသျှသံရုံးကိုသွားရာမှာတော့ စီးနင်းလိုက်ပါလာတဲ့ လန်ခရူဇာကားဟာ ကျင်းတွေချိုင့်တွေထဲမှာ ခုန်ပေါက် ပြေးလွှားနေသလိုပါပဲ။ မင်းသမီးကတော့ ကားမှန်ပြတင်းအပြင်က မြင်ကွင်းများကို ကြည့်ရင်း စုတ်တသပ်သပ် ရှိနေပါတယ်။ ကျွန်တော်တို့ မြင်လိုက်ရတဲ့ လူတိုင်းဟာ ခြေတစ်ဖက်ပြတ်တွေ ဖြစ်သလို အဆောက်အအုံ မှန်သမျှဟာလည်း ကျည်ဆန်ရာနဲ့ လွတ်တဲ့ အဆောက်အအုံရယ်လို့ မရှိသလောက်ပါ။ လူနေအိမ်တွေ၊ ဈေးဆိုင်တွေ၊ ရုံးတွေ အားလုံးမှာ ကျည်ဆန်ရာတွေ ရှိသလို မီးလောင်ပျက်စီးနေတဲ့ အဆောက်အအုံတွေဟာလည်း အများကြီးပါပဲ။ ဥပမာနှိုင်းပြောရရင် ဟောလိဝုဒ်က စစ်ကားများ ရိုက်တဲ့ ဆက်တင်တွေကြား ဖြတ်မောင်းနေရသလိုပါပဲ။

❑

အင်ဂိုလာ ခရီးစဉ်ဟာ ၁၉၉၂ ခုနှစ်က အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့မှာ ရှိတဲ့ မာသာထရီဇာရဲ့အိမ်ကို သွားရောက်ပြီးတဲ့နောက် အရှည်လျားဆုံး ခရီးစဉ် တစ်ခု ဖြစ်ပါတယ်။ မာသာထရီဇာဆီ သွားရောက်တွေ့ဆုံရာမှာတော့ ဇော်မွှတ်ခေါင်းပါးနေတဲ့သူတွေ၊ နာမကျန်းဖြစ်နေတဲ့သူတွေ၊ သေငယ်ဇောနဲ့ မျောနေတဲ့ သူတွေကို ဦးစားပေးပြီး ကြည့်ခဲ့တာပါ။ အဲဒီခရီးစဉ်ဟာ ဒိုင်ယာနာအတွက် ဘဝ တစ်ခုလုံးကို ပြောင်းလဲသွားစေတဲ့ ခရီးစဉ်လို့လည်း ဆိုနိုင်ပါတယ်။ သူမရဲ့ အိမ်ထောင်ရေး ပျက်စီးသွားပြီးတဲ့နောက် သူမဘဝကို လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများမှာ မြှုပ်နှံဖို့ ဆုံးဖြတ်ချက်ချလိုက်နိုင်တဲ့ ခရီးစဉ်လည်း ဖြစ်ခဲ့ပါတယ်။ ဒီခရီးစဉ်အပြီးမှာ ဒိုင်ယာနာက 'ဒီခရီးစဉ်ကြောင့် ကျွန်မဘဝမှာ ဘယ်လမ်းကြောင်းကို လျှောက်ရမယ်ဆိုတာ အသိတရားရခဲ့ပြီ' လို့ ဆိုခဲ့ပါတယ်။

ကာလကတ္တား ခရီးစဉ်နဲ့ ပတ်သက်လို့ ကျွန်တော်တို့ နှစ်ယောက် မကြာခဏ ဆိုသလို ပြောဖြစ်ခဲ့ကြပါတယ်။ ဒီခရီးစဉ်နဲ့ပတ်သက်ပြီး ကျွန်တော်ကိုယ်တိုင် လည်း ခံစားလို့ရအောင် ဓာတ်ပုံတွေ၊ စာရွက်စာတမ်းတွေ ဖတ်ရှုစေဖို့ ဒိုင်ယာနာက ပေးခဲ့ပါတယ်။ လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းဟာ သူမဘဝအတွက် ဘယ်လောက် အရေးကြီးတယ်ဆိုတာ ကျွန်တော် နားလည်နိုင်အောင် ဖတ်ရှုစေခြင်း



ဖြစ်ပါတယ်။ ကျွန်တော့်နည်းတူ သူမရဲ့ အပ်စိုက်ကုပညာရှင် Oonagh Toffolo ကိုလည်း ပေးခဲ့ပါတယ်။ အဲဒီအပ်စိုက်ပညာရှင်ရဲ့ ခင်ပွန်းက Royal Brompton ဆေးရုံမှာ တာဝန်ထမ်းဆောင်သူ ဖြစ်ပြီး မင်းသမီးနဲ့လည်း ရင်းနှီးသူတစ်ဦး ဖြစ်ပါတယ်။

ကာလကတ္တား ခရီးစဉ်မှာ မာသာထရီဇာအိမ်ကို ဒိုင်ယာနာ သွားတော့ သီလရှင်ကလေးများက ဓမ္မတေးများသီဆိုပြီး ကြိုဆိုကြပါတယ်။ အဲဒီအချိန်မှာ ဒိုင်ယာနာကိုယ်တိုင်လည်း သီလရှင်ကလေးများနဲ့အတူ ဒူးထောက်ပြီး ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ကာ ဆုတောင်းခဲ့ပါသေးတယ်။

မင်းသမီးက ဒီသီလရှင်ကလေးများဟာ သူတော်စင်ကလေးများ ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ သူကိုယ်တိုင်က လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းကို ဘယ်လောက်ပဲလုပ်လုပ် စာနယ်ဇင်းများက တံဆိပ်မျိုးစုံ တပ်ပေးနေကြတာကို ခံယူနေရသူ ဖြစ်ပါတယ်။ မာသာထရီဇာထံမှာရှိတဲ့ သီလရှင်ကလေးများကတော့ ဒီလိုတံဆိပ်တပ်ခံရခြင်းမှ ကင်းဝေးပြီး တကယ့်သူတော်စင်ကလေးများ ဖြစ်တယ် လို့ ဒိုင်ယာနာက ဆိုပါတယ်။ အင်္ဂလန်နိုင်ငံမှာရှိတဲ့ မင်းသမီးတွေဟာလည်း သီလရှင်ကလေးများလို မဟုတ်ဘူးလို့ ဆိုပြန်ပါတယ်။ သီလရှင်ကလေးများအပေါ်မှာ သူမ ခံစားရသလို ကမ္ဘာတစ်ဝှမ်းမှ ပြည်သူများလည်း ခံစားရစေချင်တဲ့ ဆန္ဒ ဒိုင်ယာနာမှာ ရှိပါတယ်။

၁၉၉၇ ခုနှစ်က တွေ့ကြုံခဲ့ရတဲ့ အင်ဂိုလာနိုင်ငံမှ အတွေ့အကြုံများဟာ ၁၉၉၂ ခုနှစ်က ကာလကတ္တားမှာ ကြုံတွေ့ခဲ့ရတဲ့ ဖြစ်ရပ်များကို သေးငယ်သွားစေပါ တယ်။ အိန္ဒိယအစိုးရက ဒိုင်ယာနာကို လူသားချင်း စာနာထောက်ထားမှု လုပ်ငန်း များ သူတို့နိုင်ငံမှာ အချိန်မရွေး လာရောက်လုပ်ကိုင်ပြီး နာမကျန်းဖြစ်နေတဲ့သူများ၊ ဇော်မွှတ်ခေါင်းပါးနေတဲ့သူများအတွက် အချိန်မရွေး လာရောက်လုပ်ကိုင်နိုင်ပါတယ် လို့ ဖိတ်ခေါ်ခဲ့ပါတယ်။ တကယ်တော့ ဒီလုပ်ငန်းတွေကို အစိုးရကိုယ်တိုင်က တတ်နိုင်သလောက် ဆောင်ရွက်နိုင်တာ ဖြစ်ပေမယ့် အင်ဂိုလာရဲ့ အဖြစ်မျိုးကတော့ အစိုးရ ကိုယ်တိုင်ပင်လျှင် မဆောင်ရွက်နိုင်တဲ့ ကိစ္စမျိုး ဖြစ်လာပါတယ်။

မာသာထရီဇာရဲ့ အိမ်ကို သွားရောက်လည်ပတ်စဉ်တုန်းက တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံတစ်ခုက ဒိုင်ယာနာရဲ့ဘဝမှာ ဘယ်တော့မှ မေ့ပျောက်လို့ မရတဲ့ ကိစ္စတစ်ခု ဖြစ်ခဲ့ပါတယ်။ အဲဒါကတော့ မျက်စိလည်း မမြင်၊ နားလည်း မကြားတဲ့ ကလေးတစ်ယောက်ကို သူမ ချီပွေ့ခဲ့ခြင်းပါ။ ဒီအတွေ့အကြုံနဲ့ပတ်သက်ပြီး ဒိုင်ယာနာက 'ကျွန်မ သူ့ကို တအားဖက်ထားမိတယ်။ အဲဒီလို ဖက်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတွက် ကျွန်မရဲ့ ချစ်ခြင်းမေတ္တာတရားနဲ့ နွေးထွေးမှုကို ဒီကလေး ခံစားနိုင်ပါစေတော့လို့ ဖက်ခဲ့တာပါ’လို့ ရေးသားခဲ့ဖူးပါတယ်။ ဒိုင်ယာနာက နာမည်ကျော်ကြားရေး၊ ပေါ်ပြူလာဖြစ်ရေးအတွက် ဒီအလုပ်တွေ လုပ်နေတာ မဟုတ်ဘူးဆိုတာကို အနီးကပ်ရှိနေတဲ့ ကျွန်တော် အသိဆုံးပါ။

ကာလကတ္တားမှာ တွေ့ကြုံခဲ့တဲ့ အတွေ့အကြုံများနဲ့ ပတ်သက်ပြီး သူ စာတွေအများကြီး ရေးခဲ့သလို ရောဂါသည်များရဲ့ နောက်ဆုံး နားနေရာ စခန်းတစ်ခုက အတွေ့အကြုံများကိုလည်း ရေးသားခဲ့ပါတယ်။ ကျွန်တော် ဒီစာတွေကို ဖတ်ရတဲ့အခါမှာ သူ့ရင်ထဲမှာ ၁၉၉၁ ခုနှစ်က သူမရဲ့ အခင်မင်ဆုံး သူငယ်ချင်း Adrian Ward Jackson ကွယ်လွန်စဉ်က ခံစားချက်မျိုး ပြန်လည်ခံစားရတယ်ဆိုတာ နားလည်ခဲ့ပါတယ်။ အဲဒီခံစားချက်ကြောင့် ကျွန်တော့်မိခင် ကွယ်လွန်စဉ်မှာ ကျွန်တော် ဖြေသိမ့်နိုင်အောင် ဒိုင်ယာနာက အားပေးနိုင်ခဲ့ပါတယ်။ ကျွန်တော့်သောကကို အဘွားတကွ မျှဝေခံစားပေးသလို လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများဟာ ဘယ်လောက်အရေးပါသလဲဆိုတာကိုလည်း ကျွန်တော် သဘောပေါက်လာအောင် သူ ရှင်းပြနိုင်ခဲ့ပါတယ်။

ရောဂါသည်များရဲ့ ကွန်းခိုရာရိပ်သာတစ်ခုကို ရောက်သွားချိန်မှာ စီတန်းချထားတဲ့ ခုတင်များပေါ်မှာ နောက်ဆုံးအချိန်ကို စောင့်စားနေကြတဲ့ ယောကျ်ား၊ မိန်းမ၊ ကလေးများကို ဒိုင်ယာနာ မြင်တွေ့ရပါတယ်။ သူတို့အားလုံးဟာ သိက္ခာရှိရှိနဲ့ သေခြင်းတရားကို ရင်ဆိုင်ကြဖို့ စောင့်စားနေကြတာ ဖြစ်တယ်လို့ ဒိုင်ယာနာက ဆိုပါတယ်။ အဲဒါအပြင် မာသာထရီစာရဲ့ မေတ္တာတွေ လွှမ်းခြုံထားတဲ့ ဒီရိပ်သာရဲ့ အမိုးအောက်မှာ ဘဝနေဝင်ချိန်ကို စောင့်စားခွင့် ရတဲ့အတွက် သူတို့အားလုံး ပျော်ပျော်ရွှင်ရွှင်ကြီး စောင့်စားနေကြတာ ဖြစ်တယ်လို့လည်း ဒိုင်ယာနာက ဆိုပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးကို သွားရောက်လည်ပတ်ဖူးတဲ့ ဒိုင်ယာနာအနေနဲ့ နေရာပေါင်းစုံကို ရောက်ဖူးခဲ့သူပါ။ ဒါပေမယ့် မာသာထရီစာရဲ့ ရိပ်သာမှာ ခုတင်တစ်ခုပြီး တစ်ခု ကူးပြောင်းပြီး အားပေးစကား ပြောနေရတဲ့အချိန်လောက် ပျော်တာ သူမှာ မရှိခဲ့ဖူးဘူးလို့ ကျွန်တော် ယုံကြည်ပါတယ်။ လူနာတစ်ဦးစီကို ချော့ကလက်တစ်ဘူးစီ လက်ဆောင်ပေးပါတယ်။ အဆုတ်နာရောဂါကြောင့် ဒိုင်ယာနာ ကမ်းပေးလာတဲ့ ချော့ကလက်ဘူးကို လက်နဲ့မယူနိုင်တဲ့ အဘိုးအိုအလှည့်မှာတော့ ဒိုင်ယာနာက ချော့ကလက်ကို အဘိုးအိုရဲ့ ပါးစပ်တွင်းရောက်အောင် သူကိုယ်တိုင် ခွံ့ပေးခဲ့ပါတယ်။



ကာလကတ္တားက ပြန်ရောက်လာပြီးတဲ့နောက်မှာ ဒိုင်ယာနာဟာ နေခြင်းနဲ့ သေခြင်းကို ကောင်းကောင်းနားလည် သွားပုံရပါတယ်။ မာသာထရီစာရဲ့ ရိပ်သာနဲ့ ပတ်သက်ပြီး စာတွေအများကြီး ရေးခဲ့သလို လူမှုရေးလုပ်ငန်းတွေမှာလည်း အရင်ကထက် စိတ်ပါလာခဲ့ပါတယ်။ ကမ္ဘာနဲ့အဝှမ်းမှာ လုပ်ဆောင်သွားဖို့အထိ ရည်မှန်းခဲ့ပါတယ်။ အဲဒီခရီးစဉ်ဟာ သူမကို အိပ်ပျော်နေရာက လှုပ်နှိုးလိုက်သလို ဖြစ်ခဲ့ကြောင်း ၁၉၉၂ ခုနှစ်အတွင်းမှာ ပြောကြားခဲ့တဲ့ မိန့်ခွန်းများမှာ တွေ့နိုင်ပါလိမ့်မယ်။

အင်ဂိုလာကို ရောက်တဲ့အချိန်မှာ မနက်မိုးလင်းပြီဆိုရင် မင်းသမီးက မြေမြှုပ်မိုင်းဒဏ်ခံရသူများကို ကိုယ်တိုင်ကိုယ်ကျ သွားတွေ့ဖို့ စိတ်အားထက်သန်နေပါပြီ။ မာသာထရီစာရဲ့ အိမ်မှာတုန်းကလိုပဲ ဒိုင်ယာနာရဲ့ စိတ်ခွန်အားတွေ တက်ကြွနေပါတယ်။

‘ကိုင်း… လာ သွားလိုက်ကြဦးစို့’လို့ ဒိုင်ယာနာက ဦးဆောင်ပြီး ကျွန်တော်တို့တစ်တွေ အင်ဂိုလာနိုင်ငံရဲ့ Huambo, Kuito ကျေးရွာများအထိ ရောက်ခဲ့ကြပါတယ်။ ဒီကျေးရွာတွေဆီကို လွန်ခဲ့တဲ့ ငါးနှစ်လောက်ကတည်းက ဒိုင်ယာနာ ရောက်ခဲ့ဖူးတာပါ။

အဲဒီနှစ်နောက်ပိုင်း ဇွန်လအတွင်းမှာ ဒိုင်ယာနာ နယူးယောက်မြို့ကို သွားရောက်လည်ပတ်စဉ် မာသာထရီစာလည်း ရောက်ရှိနေတာကြောင့် Bronx မှာ သူတို့နှစ်ယောက် ဆုံဖြစ်ကြပါတယ်။ ဒါကြောင့် နောက်တစ်နေ့ ဗြိတိန်နိုင်ငံထုတ် သတင်းစာများမှာ ‘Bronx မှာ ဆုံကြတဲ့ နတ်သမီးများ’လို့ ခေါင်းစဉ်တပ်ခဲ့ကြပါတယ်။

အင်ဂိုလာနိုင်ငံရဲ့ ခရီးစဉ်ဟာ ကျွန်တော့်ဘဝကို တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားစေတဲ့ ခရီးစဉ်လို့လည်း ပြောလို့ရပါတယ်။ မင်းသမီးရဲ့ အားပေးမှုနဲ့ ကိုယ့်ကိုယ်ကို ယုံကြည်မှု ရှိလာခဲ့ပါတယ်။ နောက်ကွယ်မှာနေရတဲ့ ဘဏ္ဍာစိုးတစ်ယောက်ရဲ့ နေရာကနေ မင်းသမီးရဲ့အပါးမှာ ညာလက်ရုံးတစ်ဆူသဖွယ် ရဲရဲတင်းတင်း မားမားမတ်မတ် နေခွင့်ရလာပါတယ်။ ဒါကြောင့်လည်း ဒီခရီးစဉ်မှာပဲ ဘဏ္ဍာစိုးဆိုတဲ့အသိစိတ်ကိုပျောက်ပြီး ယူနီဖောင်းကအစ လဲလှယ်ခဲ့ပါတယ်။ မင်းသမီးက သူသွားလေရာမှာ လိုက်ပါရမယ်ဆိုတဲ့အတိုင်း ကျွန်တော် တစ်လျှောက်လုံး လိုက်ပါခဲ့ရတာပါ။ ဘယ်အထိ လိုက်ခဲ့ရသလဲဆိုရင် အင်ဂိုလာနိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးကို သွားရောက်တွေ့ဆုံရာမှာရော သမ္မတကတော် Ana Paula dos Santos ကို သွားရောက်တွေ့ဆုံရာမှာပါ လိုက်ပါခဲ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၂ ခုနှစ်နဲ့ ၁၉၉၃ ခုနှစ်များအတွင်းက သွားရောက်ခဲ့တဲ့ ပါကစ္စတန်၊ ချက်ကိုစလိုဗေးကီးယား၊ အီဂျစ်နိုင်ငံခရီးစဉ်များမှာတုန်းကတော့ ကျွန်တော့်အနေအထားက ဘေးကနေကြည့်ရတဲ့ အနေအထားပါ။ အင်ဂိုလာကျမှ မင်းသမီးရဲ့အပါးမှာ မားမားမတ်မတ် လိုက်ပါခွင့်ရခဲ့တာပါ။ ကျွန်တော့်စိတ်ထင် ပြောရရင် သမ္မတကတော်ကတော့ ကျွန်တော့်ကို မင်းသမီးရဲ့ ဘဏ္ဍာစိုးရယ်လို့ သိမှာမဟုတ်ပါဘူး။ ခန်းမအတွင်းမှာရှိနေကြတဲ့ လူအားလုံး၊ အင်ဂိုလာအရာရှိများ အပါအဝင်ကတော့ ကျွန်တော်ဟာ မင်းသမီးရဲ့ ကိုယ်ရေးအတွင်းရေးမှူးလို့ပဲ ထင်ကြပါလိမ့်မယ်။ ကိုယ်ကိုယ်တိုင်ကတော့ ကိုယ် ဘာလဲဆိုတာ သိနေတာ ဖြစ်တဲ့အတွက် စိတ်မလုံ ဖြစ်ခဲ့ရပါတယ်။

မင်းသမီးမှာ ကိုယ်ရေးအတွင်းရေးမှူးဆိုတာ ရှိသင့်တာ အမှန်ပါပဲ။ ဒါပေမယ့် မရှိပါဘူး။ မင်းသမီးအပါးမှာ အပျိုတော်တစ်ဦးဦး ရှိသင့်တာ အမှန်ပါ။ ဒါပေမယ့် မရှိပါဘူး။ ဒါကြောင့် ဘဏ္ဍာစိုးဖြစ်တဲ့ ကျွန်တော်ကပဲ ကိုယ်ရေးအတွင်းရေးမှူး၊ အပျိုတော်၊ ဝတ်လဲတော်ထိန်းအဖြစ် ဆောင်ရွက်ခဲ့ရပါတယ်။ မင်းသမီးရဲ့ အဝတ်အစားတွေကို ကိုယ်တိုင် မီးပူတိုက်ပေးရသလို အိတ်ဆွဲတော်လည်း ကျွန်တော်ပါပဲ။ သမ္မတကတော်နဲ့ မင်းသမီးတို့ ဆုံကြရာမှာ အဓိက ပြောဖြစ်ကြတဲ့ အကြောင်းအရာတွေကတော့ မြေမြှုပ်မိုင်းများအကြောင်းပါပဲ။

ကျွန်တော့်အတွက်ကတော့ နန်းတွင်းရေးရာများဟာ အထူးလေ့ကျင့်သင်ကြားစရာ မလိုလောက်အောင် ရှိခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘုရင်မကြီးအပါးမှာ ခစားစဉ်တုန်းက Britannia ရွက်သင်္ဘောပေါ်မှာ ဘုရင်မကြီးရှေ့တော်မှောက်သို့ တိုင်းနိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများ ဝင်ရောက်ခစားကြမယ်ဆိုရင် ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ ကြေညာပေးခဲ့ရတဲ့ အလေ့အကျင့် ရခဲ့ပြီးဖြစ်တဲ့အပြင် သံတမန်ဆက်ဆံရေးကိုလည်း ကျွန်တော်က ကြေညက်ပြီးသား ဖြစ်နေပါတယ်။ ဒါကြောင့် မင်းသမီးအပါးမှာ လိုက်ရတဲ့အခါမှာလည်း သူ့နောက်ကခြေတစ်လှမ်းလောက် ချန်ပြီးလိုက်ရမယ်ဆိုတာ ဘယ်သူမှ ပြောစရာမလိုဘဲ ကျွန်တော့်အလိုအလျောက် နားလည်ခဲ့ပါတယ်။

သမ္မတကတော်နဲ့ မင်းသမီးတို့ စကားပြောနေစဉ် ပထမပိုင်းလောက်မှာကျွန်တော် အနေရအထိုင်ရခက်ပြီး စိတ်ထဲမှာလည်း ပူနေမိပါတယ်။ ဟိုတွေး ဒီတွေး တွေးနေရင်း ၁၉၇၆ ခုနှစ်က ဝင်ဆာနန်းတော်ကြီးမှာ ကျွန်တော် ပထမဆုံး မင်းမှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ရတဲ့ ကာလကို ပြန်ပြီးသတိရမိပါတယ်။ အဲဒီတုန်းကဆိုရင် အသားထည့်ထားတဲ့ ဗန်း၊ ဒါမှမဟုတ် အသီးအရွက်တွေထည့်ထားတဲ့ ဗန်းကိုတောင် ကိုင်ဆောင်ဖို့ ယုံကြည်စိတ်ချခြင်း မခံခဲ့ရတဲ့ဘဝပါ။ ခုတော့ မင်းသမီးရဲ့အပါးမှာ ယုံကြည်စိတ်ချစွာနဲ့ အတူတကွ ယှဉ်တွဲထိုင်နေရတဲ့ဘဝကို ရောက်ရှိနေပါပြီ။ တကယ်လို့များ တခြားအိမ်တော်ဝန်ထမ်းများက ကျွန်တော့်အနေအထားကို မြင်တွေ့ကြမယ်ဆိုရင်တော့ ဘဝင်ကျနိုင်မယ် မဟုတ်ပါဘူး။ သူတို့အနေနဲ့ ကျွန်တော့်ကို ဒူးနေရာဒူး၊ တော်နေရာတော် မနေတတ်သူရယ်လို့ အပြစ်တင်ကောင်း တင်ကြမှာပါ။ အဲဒီလို ပြစ်တင်ခံရမှုကို ကျွန်တော် ဘယ်အချိန်မှာ ကြုံတွေ့ရသလဲဆိုတော့ ဒိုင်ယာနာ ကွယ်လွန်ပြီးတဲ့နောက်မှာ မင်းသမီးအမှတ်တရ ရန်ပုံငွေ ထူထောင်မယ်လို့ ကြေညာလိုက်တဲ့အခါမှာ ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဝေဖန်တာကို ခံရတော့တာပါပဲ။

အင်ဂိုလာနိုင်ငံမှာ ရောက်ရှိနေတဲ့ ဗြိတိန်နိုင်ငံ သံအမတ်ကြီး Roger Heart ကိုယ်တိုင်ပင်လျှင် ကျွန်တော် ဘာလဲဆိုတာကို သေသေချာချာ သိပုံမရပါဘူး။ အင်ဂိုလာနိုင်ငံမှာ ကျွန်တော်တို့ရောက်ရှိပြီး တည်းခိုနေထိုင်ကြတော့ မင်းသမီးသွားနေတဲ့ အစည်းအဝေးတိုင်းမှာ ကျွန်တော် ပါနေတာကို သူ မြင်တွေ့နေတာပဲ။ ညစာစားပွဲအတွက် စီစဉ်တော့ မင်းသမီးက ကျွန်တော့်အတွက် တစ်နေရာ စီစဉ်ထားဖို့ ပြောကြားတဲ့အတွက် ညစာစားပွဲမှာ ကျွန်တော်လည်း တစ်နေရာ ရရှိခဲ့ပါတယ်။ မင်းသမီးနဲ့ တစ်စားပွဲတည်းမှာထိုင်ပြီး ဗြိတိန်နိုင်ငံကိုယ်စားပြု ဧည့်သည်များနဲ့ ယဉ်ကျေးသိမ်မွေ့စွာ စကားထိုင်ပြောခွင့် ရခဲ့သလို သံအမတ်ကြီးကတော်နဲ့လည်း စကားလက်ဆုံကျခွင့်ရခဲ့ပါတယ်။

ကျွန်တော့်အတွက် အကောင်းဆုံး အချိန်အခါ ဖြစ်သလို မင်းသမီးအတွက် ရယ်စရာအကောင်းဆုံး ဖြစ်ခဲ့ရတဲ့ အချိန်ကတော့ အဲဒီည ညစာစားပွဲအပြီးမှာ မင်းသမီးက ဒီညအတွက် သူ နားတော့မှာဖြစ်ကြောင်း နှုတ်ဆက်ချိန် ဖြစ်ပါတယ်။ မင်းသမီးက နေရာကထလိုက်ပြီး ထွက်ခွာဖို့အတွက် ကုလားထိုင်ကို နောက်ရွှေ့လိုက်ချိန်မှာ ကျွန်တော်လည်း နေရာက ထလိုက်ပြီး မင်းသမီးနဲ့အတူပြန်ဖို့ ပြင်လိုက်ပါတယ်။ အဲဒီအချိန်မှာ စားပွဲမှာ ကျန်ရစ်တဲ့သူအားလုံးက မျက်လုံးပြူး၊ မျက်ခုံးပင့်ကြပြီး ကျွန်တော်တို့နှစ်ယောက်ကို ကြည့်လိုက်ကြတဲ့အကြည့်ပါပဲ။ အဲဒီမျက်လုံးတွေကိုကြည့်ပြီး မင်းသမီးကတော့ တခစ်ခစ် ရယ်နေပါတယ်။ ကျွန်တော့်မှာသာ မနေတတ် မထိုင်တတ် ဖြစ်သွားရပါတယ်။

ကျွန်တော်တို့ ခရီးစဉ်တစ်လျှောက်မှာ နိုင်ငံတော် ညစာစားပွဲဆိုလို့ အဲဒီတစ်ကြိမ်သာ တက်ခဲ့ရပါတယ်။ ကျန်တဲ့ညများမှာတော့ မင်းသမီးရဲ့အခန်းထဲမှာပဲ ကိုယ့်ဟာသာကိုယ် အေးစက်တဲ့ အစားအသောက်တွေ စားခဲ့ကြရတာပါ။ ညတိုင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးက ဧည့်ဂေဟာရဲ့ ရေကူးကန်မှာ ရေကူးလေ့ ရှိပါတယ်။ သူ ရေကူးနေရင် ကျွန်တော်က ရေကန်ဘောင်ပေါ်မှာ ထိုင်၊ ခြေထောက်ကို ရေထဲမှာ ချထားရင်း ရေကူးကန်တစ်ဖက်မှ တစ်ဖက် မင်းသမီး ဘယ်နှခေါက် ကူးနိုင်တယ် ဆိုတာကို ရေတွက်မှတ်သားပေးရပါတယ်။ မင်းသမီးက အနည်းဆုံး အခေါက် ၂၀ လောက် ကူးနိုင်ပါတယ်။ အခေါက် ၂၀ လောက်ကူးပြီးရင် သူက ရေကန်ဘောင်မှာ မှီပြီး ဒီနေ့တစ်နေ့တာ အတွေ့အကြုံတွေကို ကျွန်တော်နဲ့ ဖလှယ်ပါတယ်။ နောက်တစ်နေ့ ဘာတွေ လုပ်ဆောင်ရမယ်ဆိုတာကိုလည်း တိုင်ပင်ကြပါတယ်။ တစ်ခါတလေမှာ မင်းသမီးက လရောင်ပြိုးပြက်၊ ကြယ်ရောင် လင်းလက်နေတဲ့အောက်မှာလည်း သူ့ရေကူးလေ့ကျင့်ခန်းကိုတော့ မပျက်ရအောင် ရေကူးလေ့ရှိပါတယ်။

❑

Lord Attenborough က သူ့နောက်ဆုံး ရုပ်ရှင်ကားဖြစ်တဲ့ In Love and War ရုပ်ရှင်ဇာတ်ကား ထုတ်လုပ်ဖို့ စီစဉ်တဲ့အခါ ဖေဖော်ဝါရီလအတွင်း လန်ဒန်မှာ အထူးပွဲပြဖို့ အစီအစဉ် ရှိပါတယ်။ အဲဒီအထူးပွဲမှာ ဗြိတိသျှ ကြက်ခြေနီက ဦးဆောင်ပြီး လှုပ်ရှားနေတဲ့ မြေမြှုပ်မိုင်းများ ဆန့်ကျင်ရေး လှုပ်ရှားမှုနဲ့ပတ်သက်ပြီး ရန်ပုံငွေရှာတဲ့အနေနဲ့ ၁၀ မိနစ်စာ သတင်းကားတစ်ခု ထည့်သွင်းပြသဖို့ စီစဉ်လာပါတယ်။ အဲဒီလို စီစဉ်လာတဲ့အခါ ရန်ပုံငွေရှာဖွေရေးအဖွဲ့က အင်္ဂလာမှာ မြေမြှုပ်မိုင်းဆန့်ကျင်ရေး ဆောင်ရွက်နေတဲ့ ဒိုင်ယာနာရဲ့ နောက်ကနေ တကောက်ကောက်လိုက်ပြီး သတင်းရိုက်ကူးဖို့ ဆောင်ရွက်လာကြပါတယ်။

မင်းသမီးကိုယ်တိုင် စိတ်ပါလက်ပါ ဆောင်ရွက်တဲ့လုပ်ငန်း ဖြစ်တာကြောင့် ရိုက်ကူးရေးအစီအစဉ်များကို ကူညီပါတယ်။ သူမရဲ့ လည်ပင်းအောက်မှာ အသံဖမ်းစက်တစ်ခု ချိတ်ဆွဲပြီး ပြောသမျှစကားများကို မှတ်တမ်းတင်ယူပါတယ်။ ခါးမှာတော့ အဲဒီအသံဖမ်းစက်ရဲ့ ဘက်ထရီကို ချိတ်ဆွဲထားရပါတယ်။ ဒါကြောင့် မင်းသမီးပြောသမျှ အသံများကို သူတို့ တိုက်ရိုက်ဖမ်းယူနိုင်ပါတယ်။ နှစ်ရက်လောက် အဲဒီလိုလိုက်ပြီး အသံဖမ်းတဲ့အခါမှာ သူတို့လိုချင်တာထက် ပိုပြီးရတယ်လို့ ကျွန်တော် ထင်ပါတယ်။ တစ်ကြိမ်မှာတော့ ဒိုင်ယာနာနဲ့ ကျွန်တော် အသံဖမ်းစက်တွေ တပ်ဆင်ထားတယ်ဆိုတာကို သတိလစ်သွားပြီး ကင်မရာများရဲ့အကွယ်မှာ စိတ်လွတ်ကိုယ်လွတ် စကားပြောမိကြပါတယ်။ ကိုယ်ရေးကိုယ်တာကိစ္စများကိုတည်းခိုရာနေရာ ပြန်ရောက်မှ ပြောဖြစ်ကြပေမယ့် ဒီနေရာမှာတော့ ကင်မရာအဖွဲ့သားများအကြောင်း၊ သူတို့လုပ်ပုံကိုင်ပုံ ညံ့ဖျင်းပုံများအကြောင်း ပြောရင်း မင်းသမီးက ရာဇဝင်ကျန်ရှိ မစောင့်စည်းတော့ဘဲ ဆယ်ကျော်သက် မိန်းကလေးတစ်ယောက်



လို တခစ်ခစ် ရယ်ပါတော့တယ်။ နောက်ဆုံးကျမှ ကျွန်တော်က သူ့ရင်ဘတ်မှာ ချိတ်ဆွဲထားတဲ့ မိုက်ခရိုဖုန်းကို သတိရလိုက်တဲ့အတွက် လက်ညှိုးထိုးပြလိုက်ပါတယ်။ ဒီတော့မှ ရယ်သံတွေ တိတ်သွားပြီး ကြောက်ရွံ့တုန်လှုပ်သွားပါတယ်။

'နောက်က ချိတ်ထားတဲ့ အသံလွှင့်စက်ကို ကြည့်ပါဦး' လို့ ဆိုလိုက်တဲ့အတွက် ကျွန်တော် သူ့ခါးမှာ ချိတ်ထားတဲ့ အသံလွှင့်စက်ကို ကြည့်လိုက်တော့ မီးကလေးက အနီရောင်မှိတ်တုတ်မှိတ်တုတ် ဖြစ်နေတဲ့အတွက် အသံဖမ်းနေတယ် ဆိုတာ အသေအချာပေါ့။

ကားများရှိရာကို ပြန်လျှောက်လာကြရာမှာတော့ အပြစ်ရှိတဲ့ ကျောင်းသားကလေးများလို ကျွန်တော်တို့ ခံစားရပါတယ်။ သူတို့က ဘာမှမပြောပေမယ့် ကျွန်တော်တို့ နှုတ်ဆိတ်နေခဲ့ကြရပါတယ်။ ဒီနေ့အထိလည်း အဲဒီလို အတင်းပြောခဲ့ကြတာကို သူတို့ အသံဖမ်းခဲ့သလား၊ မဖမ်းခဲ့ဘူးလားဆိုတာကို ကျွန်တော်တို့ မမေးဖြစ်ကြပါဘူး။ မေးလည်း မမေးရဲခဲ့ပါဘူး။

အင်္ဂလာ ခရီးစဉ်ဟာ ပင်ပန်းနွမ်းနယ်သလို စိတ်လှုပ်ရှားဖွယ်ရာကောင်းတဲ့ အတွေ့အကြုံပေါင်းများစွာကို ရစေခဲ့ပါတယ်။ ဒါပေမယ့် ပါဝင် ပတ်သက်ခဲ့ကြတဲ့သူ အားလုံးရင်ထဲမှာ ဒီခရီးစဉ်မှာ ကျွန်တော်တို့ လှုပ်ရှားခဲ့တာတွေဟာ ကမ္ဘာပြည်သူတွေဆီကို အရောက်ပို့နိုင်ပြီး အောင်မြင်ခဲ့တယ်လို့ ခံစားရပါတယ်။ ခရီးစဉ်ပြီးဆုံးချိန်မှာတော့ မင်းသမီးရဲ့ ထုံးစံအတိုင်း ဒီအစီအစဉ်မှာ ပါဝင်ပတ်သက်ခဲ့ကြသူအားလုံးကို ကျေးဇူးတင်တဲ့အနေနဲ့ လက်ဆောင်ပစ္စည်းများ တုံ့ပြန်ပေးပါတယ်။ သံအမတ်ကြီးရဲ့ နေအိမ်မှာရှိကြတဲ့ ဝန်ထမ်းအားလုံး၊ ယာဉ်မောင်းများ၊ ထမင်းချက်များ၊ အိမ်ဖော်များ၊ ရုံးဝန်ထမ်းများ အပါအဝင် သံအမတ်ကြီးကိုယ်တိုင် ဒိုင်ယာနာချီးမြှင့်တဲ့ သားရေပိုက်ဆံအိတ်တစ်လုံးစီနဲ့ မှတ်စုမှတ်ရာ မှတ်သားနိုင်မယ့် သားရေဖုံး စာအုပ်တစ်အုပ်စီ ချီးမြှင့်ခံရပါတယ်။ လက်ဆောင်ပစ္စည်းများရဲ့အပေါ်မှာ ဒိုင်ယာနာရဲ့ အမှတ်တံဆိပ်ဖြစ်တဲ့ D စာလုံးများကို ဖောင်းကြွရိုက်နှိပ်ထားပါတယ်။ အဲဒါအပြင် သူကိုယ်တိုင် လက်မှတ်ရေးထိုးထားတဲ့ အမှတ်တရ ဓာတ်ပုံတစ်ပုံစီကိုလည်း ချီးမြှင့်ခဲ့သေးတာပါ။ ကင်စတန်နန်းတော်ကို ပြန်ရောက်ကြတဲ့အချိန်မှာတော့ ကျွန်တော့်အတွက် အထူးလက်ဆောင်အဖြစ် ဒိုင်ယာနာချီးမြှင့်တဲ့ ပစ္စည်းတစ်ခုက အဆင်သင့် ရောက်ရှိနေပါပြီ။ အာဖရိကနိုင်ငံသူတစ်ဦးရဲ့ ပန်းပုပုံကိုယ်တစ်ပိုင်း ဖြစ်ပါတယ်။ ဒီရုပ်တုကို အင်္ဂလာနိုင်ငံမှာ ဒိုင်ယာနာကို ချီးမြှင့်ခဲ့တာဖြစ်ပြီး ဒိုင်ယာနာက ကျွန်တော့်အတွက် ပြန်လည်ချီးမြှင့်ပေးခဲ့တာပါ။

❑

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးက အတိုင်းအဆမရှိ ရက်ရောသူတစ်ဦး ဖြစ်ပါတယ်။ သူ ချီးမြှင့်ခံရတဲ့ မင်းမှုထမ်းများထဲမှာ ကျွန်တော်ဟာ ဆုတော်လာဘ်တော် အများဆုံးရတဲ့ မင်းမှုထမ်း တစ်ဦး ဖြစ်ပါတယ်။ ဒါတွေကို ပြင်ပက ပြည်သူများအနေနဲ့ ရုတ်တရက် နားလည် နိုင်မှာ မဟုတ်ပါဘူး။

အရင်နှစ် စက်တင်ဘာက ကျွန်တော့်သား အလက်ဇန္ဒား London Oratory ကျောင်းမှာ တက်ခွင့်ရပါတယ်။ အဲဒီကျောင်းကြီးက ကမ္ဘာကျော် ချဲလ်ဆီးဘောလုံး အသင်းကြီးရဲ့ ဘောလုံးကစားကွင်းနဲ့ ကပ်လျက်မှာ ဖြစ်ပါတယ်။ မင်းသမီးက ကျွန်တော့်ကို ကျွန်တော့်သားရဲ့ ပညာရေးတိုးတက်မှုကို မေးမြန်းပါတယ်။ သူ့အမေး ကို ဖြေရင်း ကျွန်တော်က အိမ်စာတွေ အများကြီး လုပ်ရတဲ့အကြောင်း ပြောပြပါ တယ်။

'ဒီလိုဆို ကလေးက သူ့အခန်းထဲမှာပဲ တစ်ချိန်လုံး ပိတ်မိနေမှာပေါ့'လို့ ဆိုပါ တယ်။

'မဟုတ်ပါဘူး မင်းသမီး။ သူ့ အခန်းထဲမှာ စာရေးစားပွဲ မရှိတဲ့အတွက် ထမင်းစားခန်းထဲက ထမင်းစား စားပွဲမှာပဲ အိမ်စာလုပ်ရတာပါ'လို့ ဖြေလိုက် ပါတယ်။

ကျွန်တော့်အိမ်မှာ ကလေးများအတွက် စာရေးစားပွဲ မရှိဘူးဆိုတာ မင်းသမီး မယုံနိုင်အောင် ဖြစ်သွားပါတယ်။ ထမင်းစား စားပွဲဆိုတာ ထမင်းစားဖို့သာ ဖြစ် တယ်လို့ မင်းသမီးက ယုံကြည်ထားသူပါ။ ကျွန်တော်တို့အတွက်ကတော့ ထမင်းစား စားပွဲဟာ စာရေးစားပွဲ ဆိုရင်လည်း မမှားပါဘူး။

'ကျွန်မ စဉ်းစားမိပြီ'လို့ မင်းသမီးကဆိုပြီး လက်ဆောင်တစ်ခု ပေးပါတယ်။

၁၉၈၁ ခုနှစ်မှာ ဝေလမင်းသားနဲ့ ဒိုင်ယာနာတို့အတွက် လက်ဆောင်အဖြစ် Aberdeen မြို့က စားပွဲတစ်လုံး ဆက်သထားတာ ရှိပါတယ်။ ဒါပေမယ့် အဲဒီ စားပွဲက ဘယ်တုန်းကမှ မသုံးခဲ့ဘဲ စတိုထဲမှာ သိမ်းဆည်းထားတာပါ။ အဲဒီ စားပွဲကို မင်းသမီးက ကျွန်တော့်သားတွေသုံးဖို့ ချီးမြှင့်လိုက်ပါတယ်။ ဂိုဒေါင် ထဲမှာရှိနေတဲ့ အဲဒီစားပွဲကို ကျွန်တော်နဲ့ ကျွန်တော့်ညီ ဂရေဟာမ်တို့ နှစ်ယောက် သားရှာဖွေကြပြီး ဆွဲထုတ်ခဲ့ရပါတယ်။ ပြီးတော့ ကျွန်တော့် ဘောက်ဆောကား နောက်မှာထည့်ပြီး ယူခဲ့ပါတယ်။ ဒါပေမယ့် နောင် မင်းသမီး ကွယ်လွန်သွားတဲ့ အချိန်မှာတော့ အဲဒီပစ္စည်းကို ကျွန်တော် ခိုးယူခဲ့တယ်လို့ စွပ်စွဲခံခဲ့ရပါတယ်။

မင်းသမီးရဲ့ဘဝ နောက်ဆုံးအချိန်များမှာ သူ့အိမ်ထောင်နဲ့ ပတ်သက်ခဲ့တဲ့ ပစ္စည်းများဟာ အတိတ်ကို ပြန်ပြောင်းသတိရစေတာ ဖြစ်တဲ့အတွက် အတတ် နိုင်ဆုံး ဒီပစ္စည်းများနဲ့ ကင်းဝေးအောင် နေလိုတဲ့စိတ် ရှိပါတယ်။ ကော်ဇောများ၊ ကြွေထည်ပစ္စည်းများမှာ ဝေလမင်းသားရဲ့ အမှတ်တံဆိပ်ဖြစ်တဲ့ ငှက်မွေးတံဆိပ် ပါဝင်တာကြောင့် အဲဒီပစ္စည်းများကို ကင်စတန်နန်းတော် စံအိမ်နဲ့ ကင်းရှင်းအောင် ထားရှိစေပါတယ်။ ဒီပစ္စည်းတွေ မြင်တိုင်း ဆုံးရှုံးပျက်စီးခဲ့ရတဲ့ သူမရဲ့ အိမ်ထောင် ကို သတိရစေတာကြောင့် အတတ်နိုင်ဆုံး မေ့ထားချင်တဲ့အတွက် ကင်းဝေးအောင် ဆောင်ရွက်ပုံ ရပါတယ်။ ၁၉၉၇ ခုနှစ်မှာ ဒိုင်ယာနာက သူ့အဝတ်အစားတွေကို လေလံတင်ရောင်းချဖို့ စီစဉ်ပါတယ်။ ဒါဟာလည်း အတိတ်ကိုမေ့ပစ်ချင်တဲ့ အစီ အစဉ်တစ်ခု ဖြစ်ပါလိမ့်မယ်။ တစ်ခါတလေမှာတော့ သူ့နှုတ်များက ဒီပစ္စည်းတွေ ဟာ အတိတ်ကို ပြန်သတိရစေတယ်လို့ ဖွင့်ဟဝန်ခံတတ်ပါတယ်။ အစားအသောက် မမှန်တဲ့ရောဂါကို အပြီးအပြတ် ကုသနိုင်ပြီးတဲ့နောက်မှာ သူ့ဘဝကို အသစ်ပြန်စပါ တော့တယ်။ မင်းသမီး ဦးတည်လိုက်တဲ့ လမ်းကြောင်းက ရင်ခုန်စိတ်လှုပ်ရှား စရာကောင်းတဲ့ လမ်းကြောင်းတစ်ခုလည်း ဖြစ်ပါတယ်။

'ကျွန်မတို့ကမ္ဘာအသစ်မှာ ဒီပစ္စည်းတွေ လုံးဝမလိုအပ်တော့ဘူး'လို့ မင်းသမီး က ကလေးတွေရဲ့အခန်းမှာ ပစ္စည်းတွေကို ထိုင်ရှင်းရင်း ဆိုပါတယ်။ သူ ရှင်း နေတဲ့ ပစ္စည်းတွေမှာ အဝတ်တွေ၊ အမှတ်တရပစ္စည်းတွေ၊ စီဒီတွေ၊ စာအုပ်တွေ၊ ကက်ဆက်ခွေတွေ၊ လက်ဆောင်ပဏ္ဏာ ဆက်သထားတဲ့ ပစ္စည်းတွေလည်း ပါဝင် ပါတယ်။ အဲဒီလို ရှင်းရင်းက ကျွန်တော့်ကို ကာတီယာ နာရီတစ်လုံး လက်ဆောင် ပေးပါတယ်။ အဲဒီနာရီက ချားလ်စ်မင်းသားကိုယ်တိုင် ဝယ်ပေးခဲ့တာ ဖြစ်ပြီး ကနုကမာအသားနဲ့ လုပ်ထားတဲ့ နာရီပါ။

စွန့်ပစ်မယ်လို့ ဆုံးဖြတ်ထားတဲ့ပစ္စည်းတွေကို ကင်စတန်နန်းတော်ရဲ့ ခန်းမ အလယ်မှာ အစုလိုက် အပုံလိုက် စုပုံထားပြီး အိမ်တော်ဝန်ထမ်းများကို ကြိုက်ရာ ရွေးချယ်ယူခွင့်ပြုပါတယ်။ အိမ်တော်ဝန်ထမ်းတစ်ဦးဖြစ်တဲ့ လီလီဆိုရင် ဖိလစ် ပိုင်သူ အမျိုးသမီးတစ်ဦးပါ။ သူမမျက်စိကို သူမ မယုံနိုင်အောင် ဖြစ်သွားပြီး ကောင်းနိုးရာရာတွေကို သူမနေထိုင်ရာ အခန်းအတွက် ရွေးယူသွားခဲ့ပါတယ်။ အမွေးအကြိုင်၊ အလှအပပစ္စည်းများ ထုတ်လုပ်တဲ့ Jo Malone ဆိုရင် ကျွန်တော့် လိုပဲ နာရီတစ်လုံး ရခဲ့ပါတယ်။ ကျွန်တော်တို့အားလုံးကို မင်းသမီးက 'ရှင်တို့ တစ်တွေ အိမ်မှာ ဒီပစ္စည်းတွေကို မြင်တိုင်း ကျွန်မကို သတိရနေကြမှာပါ'လို့ ဆိုခဲ့ပါတယ်။ စိတ်ပညာရှင် ရီတာကိုတော့ ၁၈ ကာရက်ရွှေနဲ့ ပြုလုပ်ထားတဲ့ လည်ဆွဲတစ်ခု ပေးခဲ့ပါတယ်။ အဲဒီလည်ဆွဲမှာ နှလုံးသားပုံဆွဲသီးတစ်ခု ပါဝင် ပါတယ်။ တန်ဖိုးအားဖြင့် အနည်းဆုံး စတာလင်ပေါင် ၈၀၀၀ တန်ပါလိမ့်မယ်။

www.burmeseclassic.com



ဝါရှင်တန်ပို့စ် သတင်းစာထုတ်ဝေသူ ကက်သရင်းဂရေဟမ်ကိုတော့ သူမရဲ့ အသက် ၈၀ ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ငွေသားစစ်စစ်နဲ့ ပြုလုပ်ထားတဲ့ သေတ္တာကလေးတစ်လုံး ပေးခဲ့ပါတယ်။ သေတ္တာရဲ့ အဖုံးအတွင်းမှာ "K" ဆိုတဲ့စာလုံး ထွင်းထားပါတယ်။ ဒီပစ္စည်းနဲ့ပတ်သက်လို့ ဒိုင်ယာနာက 'ကျွန်မရဲ့ ချစ်မြတ်နိုးခြင်း လက်ဆောင်ပါ' လို့ ဆိုခဲ့ပါတယ်။

တစ်ရက်မှာလည်း ကျွန်တော့်အတွက်ဆိုပြီး အဝတ်အိတ်ကြီး ၃ လုံး ပေးခဲ့ပါသေးတယ်။ အဝတ်အစားတွေ၊ လက်ကိုင်အိတ်တွေ၊ ဖိနပ်တွေ ပါဝင်ပါတယ်။ အဝတ်တွေ၊ ဖိနပ်တွေနဲ့ လက်ကိုင်အိတ်တွေက မာရီယာအတွက်ဖြစ်ပြီး မင်းသားဝယ်များ ဝတ်ခဲ့တဲ့ အဝတ်အစားများကတော့ ကျွန်တော့်သားတွေအတွက် ဖြစ်ပါတယ်။

မင်းသမီးက ကျွန်တော်တို့လို ရင်းနှီးတဲ့သူများအတွက်သာမက သူစိမ်းများကိုလည်း ချီးမြှင့်လေ့ ရှိပါတယ်။ တစ်ခါတုန်းက ကျွန်တော့်သားတွေက Bill လို့ခေါ်တဲ့ အမေရိကန်လူငယ်လေး တစ်ယောက်နဲ့ ကစားနေပါတယ်။ မင်းသမီးနဲ့ ကျွန်တော်က လမ်းလျှောက်လာရင်း သူတို့ကစားနေတဲ့နေရာ ရောက်တော့ စကားပြောဖို့ ရပ်လိုက်ကြပါတယ်။ Billနဲ့ မင်းသမီး စကားပြောကြပြီးနောက် မင်းသမီးက အမှတ်တရအနေနဲ့ လက်မှတ်ရေးထိုးထားတဲ့ ဓာတ်ပုံတစ်ပုံကို ဘောင်သွင်းပြီး Billအတွက်ပေးဖို့ ကျွန်တော့်ကို မှာခဲ့ပါတယ်။

ဖိလစ်ပိုင် အိမ်တော်ဝန်ထမ်း အမျိုးသမီး မယုံနိုင်သလို စကော့တလန် ယာ့ဒ်ရဲတပ်ဖွဲ့ကလည်း ကျွန်တော့်အိမ်ထဲကို ဝင်လိုက်ချိန်မှာ သူတို့မျက်လုံးကို သူတို့မယုံနိုင်အောင် ဖြစ်ခဲ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ အိပ်ခန်းထဲမှာ အကောင်းစား ဝတ်စုံတွေကို တွေ့ခဲ့ကြရလို့ပါပဲ။ အဝတ်အစားများနည်းတူ စီဒီများ၊ အမှတ်တရ လက်ဆောင်ပစ္စည်းများကိုလည်း တွေ့ကြပါတယ်။ ကျွန်တော့်အိမ်မှာ မင်းသမီး လက်ဆောင်ပေးခဲ့တဲ့ ပစ္စည်းအရေအတွက်ကို စိစစ်ကြည့်တဲ့အခါမှာ အမျိုးအစားပေါင်း ၄၀၀ ရှိတယ်ဆိုတာကို တွေ့ကြရပါတယ်။

ဒိုင်ယာနာရဲ့ အမျိုးတွေဖြစ်တဲ့ စပင်ဆာမျိုးနွယ်တွေဟာ သူတို့နဲ့ သွေးသားမတော်စပ်တဲ့ သူစိမ်းတွေကို ဒီလိုပေးလေ့ မရှိပါဘူး။ ဒိုင်ယာနာကိုယ်တိုင်ကလည်း ကျွန်တော်တို့ကိုသာ ရက်ရက်ရောရော ပေးကမ်းခဲ့ပေမယ့် သူတို့ဘက်ကိုတော့ မကျူခဲ့ပါဘူး။ ဒိုင်ယာနာရဲ့ အစ်မတော်သူ လေဒီဆာရာက နောင်မှာ ကျွန်တော့်ကို ပြောပြခဲ့တာကတော့ မင်းသမီးရဲ့ ဘဏ္ဍာစိုးတစ်ယောက်အနေနဲ့ မင်းသမီးထံမှ လက်မှတ်ထိုးထားတဲ့ ဓာတ်ပုံတစ်ပုံ၊ အလွန်ဆုံး လက်ကြယ်သီးတစ်စုံလောက်သာ



လက်ဆောင် အဖြစ် ရရှိထားလိမ့်မယ်လို့ မျှော်လင့်ခဲ့ပါသတဲ့။ ကျွန်တော့်ကို ပေးခဲ့တဲ့ ပစ္စည်းတွေ မြင်လိုက်တော့ အံ့သြတကြီး ဖြစ်ခဲ့ပါတယ်။

အီစတာပွဲတော်ရက်မှာ မင်းသမီးက K-Clubနဲ့ Barbudaကို သားတော်နှစ်ပါးနဲ့အတူ ပြန်လည်ရောက်ရှိခဲ့ပါတယ်။ မေလအတွင်းမှာတော့ ပါကစ္စတန်နိုင်ငံသို့ သုံးရက်ကြာ သွားရောက်လည်ပတ်ခဲ့ပါတယ်။ ပါကစ္စတန်မှာ ရှိနေတဲ့ Imran Khanနဲ့ ဇနီးဖြစ်သူ Jemimaတို့ဆီကို သွားရောက်လည်ပတ်ခြင်းပါ။ Jemimaက ဒိုင်ယာနာရဲ့ မိတ်ဆွေဖြစ်သူ Lady Annabel Goldsmith ရဲ့ သမီးဖြစ်ပါတယ်။ မင်းသမီးက အစ္စလာမ်ဘာသာနဲ့ပတ်သက်ပြီး ပိုမိုလေ့လာလိုစိတ် ပြင်းပြခဲ့ပါတယ်။ ခရီးထွက်တိုင်းမှာ တစ်နေ့ကို သုံးကြိမ် ကျွန်တော့်ဆီ ဖုန်းဆက်လေ့ ရှိပါတယ်။ အဲဒီခရီးစဉ်အတွင်းမှာ တခြားမိတ်ဆွေသစ်တွေလည်း တိုးပွားခဲ့တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ တကယ်လို့များ သူ ကိုင်ထားတဲ့ လက်ကိုင်ဖုန်း ပျောက်သွားမယ်ဆိုရင် မင်းသမီး ဘယ်လိုနေမလဲဆိုတာတော့ ကျွန်တော် မတွေးတတ်အောင်ပါပဲ။ ကြည့်ရတာကတော့ လက်ကိုင်ဖုန်းဟာ သူမရဲ့ ညာဘက်နားမှာ ထာဝရကပ်ထားသလိုပါပဲ။

ဒိုင်ယာနာ ခရီးသွားနေစဉ်ကာလအတွင်းမှာ ကျွန်တော်က အိမ်တော်ဝန်ထမ်းအသစ်များကို ထမ်းဆောင်ရမယ့် တာဝန်များ ညွှန်ကြားနေရပါတယ်။ ကျွန်တော်ကိုယ်တိုင်က သူ့ကိုယ်ရေးအတွင်းရေးမှူးလို ဖြစ်သွားတဲ့အတွက် ဘဏ္ဍာစိုးတစ်ယောက်ရဲ့ တာဝန်များကို လှည့်မကြည့်နိုင်တော့ပါဘူး။ ဒါကြောင့် ကျွန်တော့်အတွက် လက်ထောက်တစ်ယောက် ခန့်ထားပေးပါတယ်။ သူ့နာမည်က ခရိတ်ဝယ်လာလို့ခေါ်ပြီး အသက်အရွယ်အားဖြင့် ၂၃ နှစ်သာ ရှိပါသေးတယ်။ ဘာကင်ဟမ်နန်းတော်မှာ ဘဏ္ဍာစိုးတစ်ယောက်ရဲ့ တာဝန်များကို လေ့ကျင့်သင်ကြားခဲ့ပြီး သူ ရောက်လာတဲ့အတွက် ကျွန်တော် တာဝန် တော်တော်ပေါ့သွားခဲ့ပါတယ်။

မင်းသမီး ပါကစ္စတန်မှ ပြန်ရောက်လာချိန်မှာ အင်မတန် အရေးကြီးတဲ့ လျှို့ဝှက်ချက်တစ်ခုကို ကျွန်တော် သိခွင့်ရလိုက်ပါတယ်။ တကယ်ဆိုရင် အဲဒီလျှို့ဝှက်ချက်ကို ကျွန်တော့်ကို ပြောပြဖို့ မသင့်ပါဘူး။ ဒါပေမယ့် သူမှာ ပြောစရာတခြားလူလည်း မရှိတာကြောင့် ကျွန်တော့်ကိုပဲ ရင်ဖွင့်ပြောကြားခဲ့ခြင်း ဖြစ်ပါလိမ့်မယ်။ ပထမတော့ ဘာမှမပြောသေးဘဲ ၅ မိနစ်လောက် သူ့ပါးစပ်ကို ပိတ်ထားပါသေးတယ်။ ဒါပေမယ့် သိပ်မကြာပါဘူး။

'ပေါလ်··· ပေါလ်'

www.burmeseclassic.com

www.burmeseclassic.com



ပထမထပ်ကနေ အော်ခေါ်ရင်း အောက်ထပ်ကိုဆင်းလာဖို့ လှေကားထစ်များကို နင်းနေပါပြီ။ 'ကျွန်မ ရှင့်ကို ပြောပြစရာ လျှို့ဝှက်ချက်တွေရှိတယ်' လို့ ဆိုပါတယ်။ အောက်ဆုံးအဆင့်လှေကားထစ်ကို နင်းပြီးချိန်မှာတော့ သူ ပြောချင်တဲ့အချက်ဟာ လျှို့ဝှက်ချက် မဟုတ်တော့ပါဘူး။ ပွင့်ပွင့်လင်းလင်းကို ပြောချလိုက်ပါပြီ။ ကျွန်တော့်တစ်ကိုယ်လုံးလည်း တုန်လှုပ်သွားပါတယ်။ ဒီလျှို့ဝှက်ချက်ကို ပြောပြတဲ့အချိန်မှာ ဒိုင်ယာနာက အပြာရောင်နုနု ရေကူးဝတ်စုံကို ဝတ်ဆင်ထားတာ ကျွန်တော် မှတ်မိနေပါတယ်။ 'ရှင် ဆုတံဆိပ်တစ်ခု ရတော့မယ်' တဲ့။ ကျွန်တော့်ကို ဘုရင်မကြီးက ဘာကင်ဟမ်နန်းတော်မှာ Royal Victorian Medal ချီးမြှင့်မှာတဲ့။ 'ရှင့်ကို ချီးမြှင့်သင့်တာ ကြာပါပြီ။ အဲဒီအကြောင်း ကျွန်မ လျှို့ဝှက်ထားမလို့ပဲ။ ဒါပေမယ့် ရှင်သိတဲ့အတိုင်း ကျွန်မ လျှို့ဝှက်ချက်အားလုံးကို ရှင်သိနေကျဆိုတော့ ကျွန်မ လျှို့ဝှက်ထားလို့ မရဘူး။ ရှင့်အတွက် ကျွန်မ သိပ်ကျေနပ်တယ် ပေါလ်' လို့ ဝမ်းသာအားရ ဆိုရှာပါတယ်။

ဒီသတင်း ကြားလိုက်တော့ ကျွန်တော် ကြက်သေ သေသွားမိတယ်။ ဘုရင်မကြီးက သူမရဲ့ မွေးနေ့အထိမ်းအမှတ်အဖြစ် မင်းမှုထမ်းတချို့ကို ဆုတံဆိပ် ချီးမြှင့်မှာ ဖြစ်လို့ပါပဲ။ ဒီသတင်းကို ဇွန်လကျမှ ကြေညာမှာဖြစ်ပြီး အဲဒီအချိန်မှာ ကျွန်တော်က မင်းမှုထမ်းသက် ၂၁ နှစ် ရှိနေမှာပါ။ ခုတော့လည်း ဘုရင်မကြီးရဲ့ ချွေးမလေး ၉ ကောင်ကို ထိန်းခဲ့ရတဲ့အတွက် ဆုတံဆိပ်ရပြီပေါ့။

မင်းသမီးကို ကြည့်ရတာ ကျွန်တော့်အတွက် စိတ်လှုပ်ရှားနေပုံရပါတယ်။ 'ရှင့်ကို ဂုဏ်ပြုတဲ့အနေနဲ့ ကျွန်မတို့ မာရာစားသောက်ဆိုင်မှာ သွားစားကြမယ်။ ရှန်ပိန်သောက်ကြမယ်' လို့ ဆိုပါတယ်။

ဇွန်လ ၁၇ ရက်နေ့မှာ ဂုဏ်ပြုချီးမြှင့်ခံရမယ့် ပုဂ္ဂိုလ်များစာရင်းကို ကြေညာပါတယ်။ အဲဒီအချိန်က ဒိုင်ယာနာက ဝါရှင်တန်မှာ ရောက်ရှိနေပြီး ကက်သရင်း ဂရေဟမ်ရဲ့ အသက် ၈၀ ပြည့် မွေးနေ့ပွဲကို တက်ရောက်နေတာပါ။ ဒါပေမယ့် ကျွန်တော့်ထံကို ဂုဏ်ပြုတဲ့ ကြေးနန်းတစ်စောင် ပေးပို့ခဲ့ပါတယ်။ *ကျွန်မတို့နှလုံးသားက သိန်းသန်းကုဋေချီတဲ့ ဂုဏ်ပြုခြင်းတွေကို ပေးပို့လိုက်ပါတယ်။ ဒီသတင်းဟာ ကျွန်မတို့မိသားစုအတွက် ဂုဏ်ယူဖွယ်ရာ သတင်းတစ်ရပ်ဖြစ်ပြီး ကျွန်မနဲ့တကွ သားများကပါ ရှိုက်လှဲ့ စွာ ဂုဏ်ပြုပါတယ်... အချစ်များစွာနဲ့ ဒိုင်ယာနာ၊ ဝီလျံနှင့် ဟယ်ရီ* လို့ ရေးသားဖော်ပြခဲ့ပါတယ်။

❑

ဇွန်လ ၆ ရက်နေ့မှာ တျရောက်တဲ့ ကျွန်တော့် ၃၉ နှစ်မြောက်မွေးနေ့မနက်



မှာ ရုံးသွားတော့ ကျွန်တော့်စားပွဲပေါ်မှာ လက်ဆောင်အထုပ်တစ်ထုပ်နဲ့ စာအိတ်တစ်လုံး တင်ထားတာကို တွေ့ရပါတယ်။ လက်ဆောင်ထုပ်ကို ဖွင့်ကြည့်လိုက်တော့ အနက်ရောင် သားရေလက်ပတ်ကြိုးနဲ့ လက်ပတ်နာရီတစ်လုံးကို တွေ့ရပါတယ်။ 'ပျော်စရာကောင်းသော မွေးနေ့ဖြစ်ပါစေ။ အချစ်များဖြင့် ဒိုင်ယာနာ' လို့ ရေးထားပါတယ်။

ဇူလိုင်လ ၁ ရက်နေ့မှာတော့ မင်းသမီးက ၃၆ နှစ် ပြည့်ခဲ့ပါတယ်။ ဒါကြောင့် ကင်စင်တန်နန်းတော်ဟာ ပန်းကမ္ဘာထဲကို တစ်ခေါက် ရောက်ရပြန်ပါတယ်။ ပန်းအစို၊ ပန်းအခြောက်၊ ပန်းအိုးများ နေရာအနှံ့အပြားမှာ နေရာယူထားပါတယ်။ အဲဒီပန်းလက်ဆောင်များထဲမှာ နှင်းဆီပန်း ဆွတ်ဆွတ်ဖြူ အပွင့် ၆၀ ပါဝင်တဲ့ ပန်းစည်းက Gianni Versace ရဲ့ လက်ဆောင်ဖြစ်ပြီး လက်ထပ်ပန်း အပွင့် တစ်ဒါဇင်နဲ့ စည်းထားတဲ့ ပန်းစည်းကတော့ Giorgio Armani ရဲ့ လက်ဆောင် ဖြစ်ပါတယ်။ ဝေလမင်းသားချားလ်စ်က အမွှေးနံ့သာထွက်တဲ့ ဖယောင်းတိုင်များကို ဟိုင်းဂရုဗ်စံအိမ်မှ ပေးပို့ခဲ့ပြီး Harrods ကုန်တိုက်ကြီး ပိုင်ရှင်ဖြစ်တဲ့ မိုဟာမက်အယ်လ်ဖာရက်ကတော့ သားရေလက်ကိုင်အိတ်တစ်လုံး ပေးပို့ခဲ့ပါတယ်။ မင်းသမီးရဲ့ မိထွေးတော် Raine Spencer က မနက် မိုးလင်းလင်းချင်း အားလုံးထက် ဦးအောင် ဖုန်းဆက်ကာ မွေးနေ့ဆုတောင်းစကား ပြောကြားခဲ့ပါတယ်။ ဒိုင်ယာနာကို ချစ်ကြခင်ကြတဲ့ မိတ်ဆွေစစ်များရဲ့ ခင်မင်မှုကို တွေ့ကြရခြင်းပဲ ဖြစ်ပါတယ်။

ကျွန်တော့်တာဝန်က မင်းသမီးရဲ့ ကိုယ်ရေးအတွင်းရေးမှူး ဖြစ်နေခြင်းကြောင့် မင်းသမီးနဲ့ပတ်သက်တဲ့ ကိစ္စမှန်သမျှကို မင်းသမီးထက် ခြေတစ်လှမ်းဦးပြီး စဉ်းစားလုပ်ဆောင်ထားရပါတယ်။ ဒါကြောင့် သားတော် မင်းသားငယ်များရဲ့ အရေးကိစ္စဟာလည်း ကျွန်တော့်တာဝန်တစ်ရပ် ဖြစ်လာခဲ့ပါတယ်။ ဝီလျံနဲ့ ဟယ်ရီက ခရစ္စမတ်အချိန်ရောက်တိုင်း သူတို့အတွက်ပေးမယ့် လက်ဆောင်များကို သူတို့မိခင်ကိုယ်စား ကျွန်တော် ရွေးချယ်ဝယ်ယူပေးတယ်ဆိုတာ သိသလို သူတို့က ပြန်ပေးမယ့် မိခင်အတွက် လက်ဆောင်ကိုလည်း ကျွန်တော်ကပဲ ဝယ်ယူပေးရတာပါ။ မင်းသမီးရဲ့ ၃၆ နှစ်မြောက်မွေးနေ့မှာလည်း သူတို့ကိုယ်စား သူတို့လက်ဆောင်အဖြစ်ပေးဖို့ ပစ္စည်းဝယ်ပေးရပါတယ်။ မင်းသမီးအနေနဲ့ ဘာလိုတယ်ဆိုတာ ကျွန်တော် သိပြီးသား ဖြစ်နေပါတယ်။ လောလောဆယ်မှာ မင်းသမီးက သလင်းကျောက်များကို ဆေးဖြစ်ဝါးဖြစ်အဖြစ် အစွဲကြီးစွဲနေပါတယ်။ မင်းသမီးရဲ့ မိတ်ဆွေတစ်ဦးဖြစ်တဲ့ Simone Simmons ဆိုရင် သလင်းကျောက် အတုံးကြီးကြီးကို လည်ဆွဲအဖြစ် အမြဲဆွဲထားလေ့ ရှိပါတယ်။ သူ့အကြံပေးချက်ကြောင့် ချဲလ်ဆီးမှာရှိတဲ့ သလင်းကျောက်

www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်သူ ပုဂ္ဂိုလ်တစ်ဦးထံ ချည်းကပ်ခဲ့တာကြောင့် လန်ဒန်မှာ အရောင်မျိုးစုံ ဖြာထွက်တဲ့ သလင်းကျောက်တစ်တုံး ရခဲ့ပါတယ်။ ဒီသလင်းကျောက်ကို အရောင်ဆိုင်မှာ ၁၈ လက်မလောက်မြင့်တဲ့ စင်ကလေးတစ်ခုပေါ်မှာ တင်ပြထားပြီး မျက်နှာတစ်ဖက်ကို ဖြတ်ထုတ်ထားတာကြောင့် သလင်းကျောက်ရဲ့ လှပတဲ့ အရောင်မျိုးစုံ ဖြာထွက်နေပါတယ်။ ဒီကျောက်ကို စတာလင်ပေါင် ၅၀၀ ပေးပြီး ဝယ်ခဲ့ရပါတယ်။ ဒိုင်ယာနာရဲ့ မွေးနေ့မတိုင်မီ ရက်သတ္တပတ်တစ်ပတ်အလိုမှာ အီတန်မှာ ကျောင်းတက်နေတဲ့ ဝီလျံ အိမ်ပြန်လာခဲ့ပါတယ်။ သူ့အမေ အပေါ်ထပ်မှာ ရှိနေတုန်း ကျွန်တော်ရှိနေတဲ့ မြေညီထပ်က ရုံးခန်းထဲကို လှစ်ခနဲ ဝင်လာခဲ့ပါတယ်။ လက်ဆောင်အဖြစ် ဝယ်ထားတဲ့ သလင်းကျောက်ကို ပြလိုက်တော့ ဝီလျံရဲ့မျက်နှာ ဝင်းပသွားပါတယ်။ ‘လှလိုက်တဲ့ လက်ဆောင် ပေါလ်ရယ်’လို့ ဆိုရှာပါတယ်။

စက္ကူနဲ့ သေသေချာချာ ထုပ်ပြီးတဲ့နောက် ဝီလျံက သလင်းကျောက်ကို လက်နှစ်ဖက်နဲ့ဆုပ်ပြီး အပေါ်ထပ်ကို တက်သွားပါတယ်။ ခဏအကြာမှာ စက္ကူဆုတ်ဖြဲသံတွေ ကြားလိုက်ရပြီး ဝမ်းသာအားရ အော်လိုက်သံကိုလည်း ကြားရပါတယ်။ ဒိုင်ယာနာကြိုက်တဲ့ သလင်းကျောက်ကို ပိုင်ဆိုင်ခွင့်ရသွားပြီလေ။

❑

ကျွန်တော့်အိမ်မှာ သားဖြစ်သူ နစ်ခ်ကလည်း ဒိုင်ယာနာ ဓာတ်သွင်းမှုကြောင့် သလင်းကျောက်စုတာကို ဝါသနာပါပါတယ်။ သလင်းကျောက်ရဲ့ အစွမ်းထက်ပုံတွေကို ဒိုင်ယာနာက နစ်ခ်နဲ့တွေ့တိုင်း ပုံပြင်တွေပြောသလို ပြောပြလေ့ ရှိပါတယ်။ ဒါကြောင့် နစ်ခ်က ဘူးလေးတစ်ဘူးမှာ သလင်းကျောက်တွေကို ဂွမ်းနဲ့ထည့်ပြီး စုလေ့ရှိပါတယ်။ သူ စုလို့ရထားသမျှကိုလည်း ဒိုင်ယာနာနဲ့ တွေ့တိုင်းမှာ ပြလေ့ရှိပါတယ်။ ၉ နှစ်သားအရွယ် ရှိသေးတဲ့ ကျွန်တော့်သားနဲ့ မင်းသမီးတို့ သလင်းကျောက်အကြောင်း စကားလက်ဆုံကျနေတာကို တွေ့လိုက်တိုင်း ကျွန်တော် ပြုံးမိပါတယ်။

‘ဒီကျောက်ကလေးတွေကို နေရောင်ခြည်မှာ ထားပေးရတယ် မင်းသမီးရဲ့’လို့ နစ်ခ်က ဒိုင်ယာနာ့ကို အကြံပေးတတ်ပါတယ်။ ဒါကြောင့် မင်းသမီးက ဘဏ္ဍာစိုးရဲ့သားဖြစ်သူ နစ်ခ်ကို အဲဒီတာဝန် ပေးအပ်ခဲ့ပါတယ်။ သူမရဲ့ သလင်းကျောက်တချို့ကို နစ်ခ်အား ပေးအပ်ပြီး နေရောင်ခြည်ပြစေပါတယ်။ ပြီးတော့ ကျွန်တော့်အိမ်ကို သူကိုယ်တိုင် ရောက်လာပြီး ခွက်တစ်ခုထဲမှာ နှစ်ယောက်သား ဆပ်ပြာနဲ့ ကျကျနန ဆေးကြပြန်ပါတယ်။ နောက်တစ်နေ့ ရောက်ရင်တော့ နစ်ခ်က ကင်စင်တန်နန်းတော်ကိုလိုက်လာပြီး သလင်းကျောက်ကလေးတွေ အားပြန်ပြည့်လာပြီဖြစ်ကြောင်း



မင်းသမီးကို ပြောပြတတ်ပါတယ်။

နစ်ခ်ကို ဆုပေးတဲ့အနေနဲ့ ဒိုင်ယာနာက နှင်းဆီသလင်းကျောက်တစ်တုံး ဆုချပါတယ်။ ဒီသလင်းကျောက်ကို အိပ်ရာနံဘေးမှာ ထားအိပ်မယ်ဆိုရင် ကောင်းကောင်းအိပ်ပျော်စေတယ်လို့လည်း ရှင်းပြလိုက်ပါတယ်။

မွေးနေ့ညမှာတော့ ဒိုင်ယာနာက ဒီဇိုင်နာ Jacques Azagury ချုပ်ပေးထားတဲ့ အင်မတန်လှပတဲ့ အနက်ရောင် ညနေခင်းဝတ်စုံကို ဝတ်ဆင်ထားပါတယ်။ လက်ဝတ်ရတနာများအနေနဲ့ကတော့ နီလာများကို ဝတ်ဆင်ခဲ့ပါတယ်။ နီလာနဲ့စိန် ရောယှက်ပြုလုပ်ထားတဲ့ လည်ဆွဲက ချားလ်စ်မင်းသား မဂ်လာဦး လက်ဆောင်အဖြစ် ချီးမြှင့်ခဲ့တဲ့ လည်ဆွဲဖြစ်ပြီး နီလာနဲ့ စိန်ခြယ်ထားတဲ့ နားဆွဲကတော့ ဒိုင်ယာနာရဲ့ ၂၂ နှစ် မြောက်မွေးနေ့အတွက် ချားလ်စ်က လက်ဆောင်ပေးထားတာ ဖြစ်ပါတယ်။ ဘုရင်မကြီး မဂ်လာလက်ဆောင်အဖြစ် ချီးမြှင့်ခဲ့တဲ့ နီလာနဲ့စိန်များ ခြယ်ထားတဲ့ လည်ကပ်ကတော့ မေရီဘုရင်မကြီး လက်ထက်က ဆင်ယင်ခဲ့တဲ့ လက်ဝတ်ရတနာတစ်ခုပါပဲ။

❑

ချားလ်စ်မင်းသားနဲ့ ဒိုင်ယာနာ မင်းသမီးတို့ ကြိမ်ဖန်များစွာ ဆွေးနွေးကြပြီးတဲ့နောက် မင်းသားငယ် ဟယ်ရီဟာလည်း နောင်တော်ဖြစ်သူ ဝီလျံရဲ့ လမ်းစဉ်အတိုင်း Ludgrove အထက်တန်းကျောင်းက အောင်မြင်ပြီးရင် Eton တက္ကသိုလ်ကို ဆက်တက်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

‘အဲဒီတက္ကသိုလ်တက်ရင်တော့ ဟယ်ရီက နောက်မြီးရှည် ကုတ်အင်္ကျီကလေးနဲ့ ပင်းဂွင်းငှက်ကလေးတစ်ကောင်လို ကြည့်လို့ကောင်းမှာပဲ နော်ပေါလ်…’လို့ မင်းသမီးက ဆိုပါတယ်။ ဟယ်ရီကတော့ သူ့သူငယ်ချင်းများနဲ့အတူ Harrow ကိုပဲ တက်ချင်နေတဲ့အတွက် Eton မှာ ဆက်တက်ရမယ် ဆိုတဲ့သတင်းက သူ့ကို မပျော်ရွှင်စေပါဘူး။

နောင်တော်ဖြစ်သူ ဝီလျံမင်းသားက သူ့ခြေထောက်ပေါ် သူ ရပ်တည်နေနိုင်ပြီး သူ့ဝါသနာအတိုင်း လန်ဒန်မှာ ပြည်သူလူထု ပရိသတ်များနဲ့ ရောထွေးနေထိုင်နိုင်သလို စကားပြောချင်တဲ့သူနဲ့လည်း ပြောခွင့်ရနေပါပြီ။ ဒါပေမယ့် ဟယ်ရီကိုတော့ မင်းသမီးက ခွင့်မပြုသေးပါဘူး။ ဟယ်ရီဟာ အရွယ်မရောက်သေးဘူးလို့ ဒိုင်ယာနာက ယူဆပါတယ်။ ဒါပေမယ့် သူတို့ကို ထိန်းကျောင်းပေးတဲ့ တစ်ဂီကတော့ ပရိသတ်ထဲမှာ ရောထွေးပါဝင်ခဲ့ပါတယ်။ တစ်ဂီပါလိုက်ခြင်းကိုက နောင်တစ်နေ့ထုတ် သတင်းစာများရဲ့ မျက်နှာဖုံးသတင်း ဖြစ်စေခဲ့တဲ့အတွက် မိုင်ဖြစ်သူ

www.burmeseclassic.com

www.burmeseclassic.com



ထောက်ပြချက်ဟာ မှန်ကန်တယ်လို့ ဝီလျံ နားလည်ခဲ့ရပါတယ်။

ရွှေနန်းတော်အတွင်းမှာ မပြုံးမရယ်နိုင်တဲ့ ကလေးသုံးယောက် ရှိပါတယ်။ လက်ဖက်ရည်ပွဲသို့ အင်မတန် ယဉ်ကျေးသိမ်မွေ့တဲ့ မိသားစုတစ်စု တက်ရောက်လာခဲ့ကြပါတယ်။ အဲဒီမိသားစုမှာ မိခင်၊ ဖခင်နဲ့ ဆယ်နှစ်အရွယ်၊ ခုနစ်အရွယ်နဲ့ ငါးနှစ်အရွယ် ကလေးသုံးဦးတို့ ပါဝင်ခဲ့ကြပါတယ်။ ခုနစ်အရွယ်ရှိပြီဖြစ်တဲ့ မိန်းကလေးက ဦးနှောက်ကျူမာ ရောဂါဖြစ်ပွားနေတဲ့အတွက် အသက်လေးနှစ်အရွယ်မှာ တစ်ကြိမ် ခွဲစိတ်မှုခံယူပြီး ဖြစ်ပါတယ်။ နှစ်ကြိမ်တိုင်အောင် ဦးနှောက်ထဲက အကြိတ်ကို ခွဲစိတ်ဖယ်ရှားပြီး ဖြစ်ပေမယ့် အကြိတ်က ပြန်လည်ဖြစ်ပွားနေတာကြောင့် ဆရာဝန်များက တတိယအကြိမ် ခွဲစိတ်ကုသပေးဖို့ဆိုတာ မသင့်တော်တော့ဘူးလို့ ဆုံးဖြတ်ထားကြပါတယ်။ အဲဒီကလေးက ဒိုင်ယာနာမင်းသမီးနဲ့ လက်ဖက်ရည်အတူ သောက်ချင်တယ်လို့ ဆန္ဒရှိခဲ့တာကို မင်းသမီးကလည်း ခွင့်ပြုခဲ့တာကြောင့် ဒီနေ့ သူတို့မိသားစု လက်ဖက်ရည်ပွဲ တက်ရောက်လာခဲ့ကြခြင်းပါ။ မင်းသမီးက အဲဒီကလေးပျော်ရွှင်စေဖို့အတွက် ဘာဘီရုပ်ကလေးများနဲ့တူတဲ့ ဘောလုံးများကို စားပွဲမှာ အထူးတလည် အလှဆင်ထားစေပါတယ်။ သူတို့မိသားစုက မင်းသမီးနဲ့အတူ လက်ဖက်ရည်ပွဲ တက်ခဲ့ရတာကို အမှတ်တရဖြစ်အောင် တစ်ခါသုံးကင်မရာကလေးနဲ့ မှတ်တမ်းဓာတ်ပုံရိုက်ကူးသွားကြပါတယ်။

မင်းသားငယ်နှစ်ပါးရဲ့ နွေရာသီကျောင်းပိတ်ရက်မှာ ထိုင်းနိုင်ငံ၊ ဖူးခက် ပင်လယ်ကမ်းခြေသို့ အပန်းဖြေလာရောက်ကြဖို့ ဖိတ်ကြားခြင်းခံရပေမယ့် ဒိုင်ယာနာက အဲဒီဖိတ်ကြားချက်ကို လက်မခံဘဲ ဇူလိုင်လ ၁၁ ရက်နေ့မှာ စိန့်ထရိုပက်စ်သို့ သားများနဲ့အတူ သွားရောက်ခဲ့ပါတယ်။ ပြင်သစ်နိုင်ငံတောင်ပိုင်းမှာရှိတဲ့ ဒီကမ်းခြေမှာ မိုဟာမက်အယ်လ်ဖာယက်နဲ့ ဇနီးဖြစ်သူ ဟိုင်နီတို့ရဲ့ အပန်းဖြေအိမ်ရှိပါတယ်။ သူတို့ သားသမီးငယ်သုံးဦးလည်း ရှိပါတယ်။ နွေရာသီကျောင်းပိတ်ရက် အပန်းဖြေဖို့ ဖိတ်ကြားချက်ကို မင်းသမီးက နောက်ထပ်ရက်တိုးပြီး နေထိုင်ခဲ့ပါတယ်။ သူမတို့ မိသားစုနဲ့အတူ လိုက်ပါလာတဲ့ မိတ္တူးတော် ရေနီစပင်ဆာလည်း ရှိနေပါတယ်။

အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့မှာ ဟာရော့ဒ် ကုန်တိုက်ကြီး ဖွင့်လှစ်ထားတဲ့ အယ်လ်ဖာယက်တို့ ဇနီးမောင်နှံက လန်ဒန်မြို့၊ ပတ်ကလိန်းလမ်းမှာလည်း ကြီးကျယ်ခမ်းနားတဲ့ အိမ်ကြီးတစ်ဆောင်ရှိပြီး အစဉ်အမြဲ အပြည့်အစုံနဲ့ နေထိုင်ကြသူများ ဖြစ်ပါတယ်။ ဒါပေမယ့် ဒိုင်ယာနာနဲ့တော့ ဘယ်လိုမှ အဆက်အစပ် မရှိခဲ့ပါဘူး။ ကွယ်လွန်သူ ဒိုင်ယာနာရဲ့ဖခင် အားလ်စပင်ဆာ၊ မိထွေးတော် ရေနီ



တို့နဲ့တော့ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေများ ဖြစ်ပါတယ်။ ရင်းနှီးကြတဲ့အတိုင်း ရေနီက ပြင်သစ်နိုင်ငံမှာရှိတဲ့ အယ်လ်ဖာယက်တို့ နေအိမ်ကိုလည်း သွားရောက်လည်ပတ်လေ့ရှိပါတယ်။ လန်ဒန်မှာရှိတဲ့ သူတို့အိမ်ကို ဝင်ဆာဂေဟာလို့ အမည်တွင်စေပါတယ်။ ဘာကြောင့်လဲဆိုတော့ ၁၉၃၆ ခုနှစ်၊ ဒီဇင်ဘာလတုန်းက နန်းစွန့်သွားတဲ့ ဝင်ဆာမြို့စားနဲ့ မြို့စားကတော်တို့ နေထိုင်သွားတဲ့ အိမ်ဖြစ်လို့ပါပဲ။

အယ်လ်ဖာယက်က တော်ဝင်မိသားစုများရဲ့ အရေးအခင်းများကို စိတ်ဝင်စားသလို သူတို့သုံးစွဲခဲ့တဲ့ အသုံးအဆောင်ပစ္စည်းများကိုလည်း ဝယ်ယူစုဆောင်းသူဖြစ်ပါတယ်။ ဒါကြောင့် ၁၉၈၆ ခုနှစ်၊ မြို့စားကတော်ကြီး ကွယ်လွန်ချိန်မှာ ဒီအိမ်ဂေဟာကို ဝယ်ယူခဲ့ပြီး ၁၁ နှစ်အကြာမှာ ဝင်ဆာမျိုးဆက်တို့ သူတို့ဂေဟာကို အဝင်အထွက်ရှိလာအောင် စွမ်းဆောင်နိုင်ခဲ့ပြန်ပါတယ်။ ဒိုင်ယာနာမင်းသမီး သာမက ချားလ်စ်မင်းသားလည်း အဲဒီဂေဟာကို အဝင်အထွက်ရှိပါတယ်။ အယ်ဖာယက်က ဝင်ဆာမိသားစုများအပေါ်မှာ အပေးအကမ်း ရက်ရောသူလည်း ဖြစ်ပါတယ်။ ခရစ္စမတ်ရက်ရောက်တိုင်း ဟာရော့ဒ်ကုန်တိုက်ကြီးက ကင်စတန်နန်းတော်သို့ လက်ဆောင်ခြင်းတောင်း မပျက်မကွက် ပို့လေ့ရှိသလို မင်းသမီးနဲ့ မင်းသားငယ်များရဲ့ မွေးနေ့ရက်များမှာလည်း မွေးနေ့လက်ဆောင်များ ရက်ရက်ရောရောပေးလေ့ ရှိပါတယ်။ ကျွန်တော့်ဘာသာ့ အမြင်မှာတော့ အယ်လ်ဖာယက်ဟာ တကယ့်လူကြီးလူကောင်းတစ်ယောက်ပါ။ မိထွေးတော် ရေနီကတစ်ဆင့် ဒိုင်ယာနာကြုံတွေ့နေရတဲ့ အခက်အခဲများကိုလည်း သိထားသူဖြစ်ပါတယ်။ အခက်အခဲကြုံတိုင်း အားမနာတမ်း အကူအညီတောင်းဖို့ကိုလည်း အယ်လ်ဖာယက်က ဒိုင်ယာနာကို စကားကမ်းလှမ်းထားပါတယ်။

အဲဒီနှစ် နွေရာသီမတိုင်ခင်မှာတော့ ဒိုင်ယာနာက အယ်လ်ဖာယက်ရဲ့ ရက်ရောတဲ့ ကမ်းလှမ်းမှုများကို ယဉ်ယဉ်ကျေးကျေး ငြင်းပယ်ထားပါတယ်။ ဒါပေမယ့် စိန့်ထရိုပတ်စ်မှာ စိတ်ချရတဲ့ လုံခြုံရေး အပြည့်ရှိတဲ့အပြင် ပင်လယ်ကမ်းခြေကို စီးမြင်နေရတဲ့ စံအိမ်မှာ အပန်းဖြေလှည့်ပါလို့ ကမ်းလှမ်းလာတဲ့ ကမ်းလှမ်းချက်ကိုတော့ ဒိုင်ယာနာ မငြင်းသာတော့ပါဘူး။ သားတော်များအနေနဲ့လည်း သူတို့စိတ်တိုင်းကျ နှင်းလျှောစီးနိုင်ခွင့်ရမှာ ဖြစ်သလို ရေငုပ်ချင်တယ်ဆိုရင်လည်း ငုပ်နိုင်ဖို့ အခွင့်အရေးရှိပါတယ်။ ပင်လယ်ကမ်းခြေမှာ အလျား ပေ ၂၀၀ ရှိတဲ့ Jonnkal ကိုယ်ပိုင်ရွက်လှေကြီးကလည်း ဝန်ထမ်းအပြည့်အစုံနဲ့ သွားလိုရာပို့ဆောင်ပေးနိုင်အောင် အဆင်သင့် စောင့်ဆိုင်းနေပါတယ်။ ဒီရွက်လှေကြီးဟာ အီဂျစ်နိုင်ငံသား သန်းကြွယ်သူဌေးကြီး အယ်လ်ဖာယက်ရဲ့ တော်ဝင်ရွက်လှေတစ်စင်းလို့

www.burmeseclassic.com

www.burmeseclassic.com



တင်စားလို့ရပါတယ်။ ဒီရှက်လျှော့ကြီး အဆင်သင့်စောင့်ဆိုင်းနေခြင်းက ဒိုင်ယာနာနဲ့ သူ့သားများအတွက် အထူးအစီအစဉ်ဖြစ်တယ်ဆိုတာကိုလည်း ဒိုင်ယာနာသဘော ပေါက်ခဲ့ပါတယ်။ ဒီခရီးစဉ်ကို ဒိုင်ယာနာ လက်ခံတယ်ဆိုလိုက်တာနဲ့ တစ်ပြိုင်နက် အယ်လ်ဖာယက်က စတာလင်ပေါင် ၁၅ သန်း အကုန်အကျခံပြီး ဒီခရီးစဉ်အတွက် ပြင်ဆင်ခဲ့တာပါ။ ဒီလို သန်းနဲ့ချီပြီး အကုန်အကျခံခဲ့တာဟာ ဒိုင်ယာနာရဲ့ စိတ်ဓာတ်ကို မြှင့်တင်ပေးဖို့ ဖြစ်တယ်ဆိုတာကိုလည်း နောင်မှာ သိခွင့်ရလာခဲ့ပါတယ်။ ဒါတင်မကသေးပါဘူး။ ဒိုင်ယာနာကို အဖော်လုပ်ပေးဖို့ သူ့သားကြီး ဒိုဒီကိုလည်း ဒီစံအိမ်မှာ လာနေပေးဖို့ ဇူလိုင်လ ၁၅ ရက်နေ့မှာ ခေါ်ယူထားခဲ့ပါတယ်။ အဲဒီတုန်းက ဒိုဒီက နှစ်ကုန်ရင် အမေရိကန်မော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ကယ်လီဖစ်ရှားနဲ့ လက်ထပ်ဖို့ စေ့စပ်ကြောင်းလမ်းပြီး ဖြစ်ပါတယ်။

❑

ဇူလိုင်လ ၁၅ ရက်နေ့မှာ ရှက်လျှော့ပေါ်ကို ဒိုဒီရောက်လာချိန်ကစပြီး စာနယ်ဇင်းများက လှုပ်လှုပ်ရွရွ ဖြစ်လာကြပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်က ဒိုင်ယာနာစီစဉ်ထားတဲ့အတိုင်း ကင်စတန်နန်းတော်ရဲ့ သူ့အခန်းများကို အရောင်ပြောင်းလဲ နေရပါတယ်။ မူလက ပန်းရောင်ဖြစ်ပေမယ့် မင်းသမီးက နို့နှစ်ရောင်၊ ရွှေရောင်နဲ့ အပြာရောင်များသို့ ပြောင်းလဲခိုင်းထားပါတယ်။ ပန်းရောင်ဟာ မင်းသမီးရဲ့ အကြိုက်ဆုံး အရောင်ဖြစ်ခဲ့ပေမယ့် အဲဒီနှစ် နွေရာသီကစပြီး သူ့အကြိုက်ဆုံး အရောင်ကို အပြာရောင်သို့ ပြောင်းလဲသွားတာ ကျွန်တော် သတိပြုခဲ့မိပါတယ်။

အဲလိုပြောင်းလဲမှုနဲ့ ပတ်သက်ပြီး စာနယ်ဇင်းများက တစ်စုံတစ်ရာ ကြေညာချက် အထူးတလည် ရှိမလားလို့ မေးကြတဲ့အခါ မင်းသမီးက 'ကျွန်မ နောက်တစ်ခါ ကြေညာမယ့်ကြေညာချက်က တစ်ကမ္ဘာလုံးကို တုန်လှုပ်သွားစေလိမ့်မယ်' လို့ စာနယ်ဇင်းများကို ကျီစယ်ခဲ့ပါသေးတယ်။

သူတို့ မိသားစု ပြင်သစ်မှာရှိနေတုန်း ကင်စတန်နန်းတော်ရဲ့ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်က စာနယ်ဇင်းများသို့ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါတယ်။ '*ဝေလ မင်းသမီး ဒိုင်ယာနာအနေဖြင့် စာနယ်ဇင်းများအား သိစေလိုသည်မှာ ပုဂ္ဂလိက တွေ့ဆုံမေးမြန်းခြင်းများကို ခွင့်ပြုမည်မဟုတ်ကြောင်း၊ ပြင်သစ်နိုင်ငံတောင်ပိုင်းတွင် မည်မျှ မည်မျှ နေထိုင်မည်ကိုလည်း အတိအကျ ဖြေဆိုရန် မလိုအပ်ကြောင်း၊ စာနယ်ဇင်းများ၏ စိတ်မှန်းရေးသားချက်များကြောင့် မင်းသမီးနှင့်တကွ သားတော်များပါ စိတ်အနှောင့်အယှက်ဖြစ်စေကြောင်း၊ နောက်နောင်တွင် ယခုကဲ့သို့ ကြေညာချက်မျိုးကိုလည်း ထုတ်ပြန်တော့မည်မဟုတ်ကြောင်း သိစေအပ်ပါသည်*' လို့ ဖော်ပြ



ခဲ့ပါတယ်။

ရှက်သဘောပေါ်မှာ ရှိနေစဉ်အတွင်း ဒိုင်ယာနာက တစ်နေ့ကို ရှစ်ကြိမ် ကျွန်တော့်ထံကို ဖုန်းဆက်ပြီး ညွှန်ကြားချက်များကို ရယူလေ့ရှိပါတယ်။ ကျွန်တော့်ထံ ဖုန်းဆက်တဲ့ တစ်ကြိမ်မှာတော့ ဒိုင်ယာနာက ကျားသစ်ရေပုံစံရှိတဲ့ သူမရဲ့ ရေကူးဝတ်စုံကို အယန်းမြေခရီးစဉ် တစ်လျှောက်လုံး ဝတ်ဆင်ခြင်းအားဖြင့် စာနယ်ဇင်းသမားများ သူမရဲ့ ဓာတ်ပုံအသစ် မရ စေရအောင် ဖန်တီးမယ်လို့ ကြွေးကြော်ခဲ့ပါတယ်။

စိန့်ထရိုပက်ဇ် ခရီးစဉ်မှာ ပျော်ရွှင်နေတုန်း စိတ်ညစ်စရာ သတင်းတစ်ခု ထွက်ပေါ်လာခဲ့တာကတော့ ဒိုင်ယာနာနှင့် အရင်းနှီးဆုံး မိတ်ဆွေများထဲမှ တစ်ဦး အပါအဝင်ဖြစ်တဲ့ ဒီဇိုင်နာဂျီယာနီဗာဆေးတစ်ယောက် မိုင်ယာမီမှာရှိတဲ့ သူ့နေအိမ်ရှေ့မှာတင် သေနတ်နှင့် ပစ်သတ်ခံလိုက်ရတဲ့သတင်းပါပဲ။ ဒီနှစ် နွေဦးပေါက်ကာလ ပြီးဆုံးသွားရင် နွေရာသီတစ်လျှောက်လုံး မင်းသမီး ဝတ်ဆင်ဖို့ ဝတ်စုံများ သူ ချုပ်လုပ်ပေးမယ်လို့ စီစဉ်ထားပြီးသားပါ။ အဲဒီလထုတ် Vanity Fair မဂ္ဂဇင်းမျက်နှာဖုံးမှာ ဒိုင်ယာနာရဲ့ပုံကို ဖော်ပြတော့ ဗာဆေးရဲ့ လက်ရာဝတ်စုံနဲ့ ဖော်ပြပေးခဲ့တာပါ။ ဒီသတင်းကို ကြားလိုက်ရတဲ့အချိန်မှာ ဒိုင်ယာနာ တော်တော် တုန်လှုပ်သွားပါတယ်။ ကျွန်တော့်ဆီကို ဖုန်းဆက်ပြီး 'အယ်လ်တန်ဂျွန်ကို အကြောင်းကြားဖို့ လိုလိမ့်မယ်။ သူက ပြင်သစ်တောင်ပိုင်းကို ရောက်နေတယ်။ သူ့အိမ်ကတော့ သူ့ဖုန်းနံပါတ်ကို သိမှာပဲ' လို့ ဆိုခဲ့ပါတယ်။

အဲဒီ အရင်ရက်က အယ်လ်တန်ဂျွန်ကိုယ်တိုင် ကင်စတန်နန်းတော်ကို ဆက်သွယ်ပြီး အကျိုးအကြောင်း ပြောကြားခဲ့တယ်ဆိုတာကိုတော့ ကျွန်တော် ပြန်ပြောမပြတော့ပါဘူး။ ဗာဆေး အသတ်ခံလိုက်ရတဲ့ ကိစ္စကြောင့် ကိုးလကြာ အဆက်အသွယ် ပြတ်နေခဲ့တဲ့ အယ်လ်တန်ဂျွန်နဲ့ ဒိုင်ယာနာတို့ ပြန်ပြီးဆက်သွယ်မိကြပါတယ်။ သူတို့နှစ်ယောက် စိတ်ခုခဲ့ကြတာကတော့ အယ်လ်တန်ဂျွန်ကို မင်းသမီးက အမှတ်တရ လက်ဆောင်အဖြစ် သူ့နဲ့ သားနှစ်ယောက်ပုံကို လက်မှတ်ရေးထိုးပြီး ပေးခဲ့ပါတယ်။ ဒီပုံကို အယ်လ်တန်ဂျွန်က ဗာဆေးရဲ့ စာအုပ်ဖြစ်တဲ့ Rock and Royalty စာအုပ်မှာ သုံးဖို့ပေးလိုက်လို့ပါပဲ။ မင်းသမီးက သူ ပေးထားတဲ့ပုံကို အလွဲသုံးစားလုပ်တယ်လို့ ခံယူပါတယ်။ ဒါကြောင့် ဂျွန်နဲ့ စိတ်ခုပြီး ကိုးလကြာ အဆက်အသွယ်ပြတ်ခဲ့ပါတယ်။ သူတို့ မိသားစုပုံကို ဝေါလစ်စလစ်ပုံများကြားမှာ ထည့်သုံးထားတာ တွေ့လိုက်ရတော့ မင်းသမီး တော်တော်တုန်လှုပ်သွားပါတယ်။ ဒီပုံကို ဘုရင်မကြီးသာ တွေ့သွားရင် ဘာပြောမလဲဆိုတာကိုလည်း စွဲပူနေခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဗာဆေး ကွယ်လွန်တော့မှ သူတို့နှစ်ယောက် ပြန်လည်ပေါင်းစည်းမိကြတယ်။ ဇူလိုင်လ ၂၂ ရက်နေ့မှာ ကျင်းပတဲ့ ဗာဆေးရဲ့ အသုဘအခမ်းအနားမှာ ဒိုင်ယာနာက အယ်လ်တန်ဂျွန်ကိုဖက်ပြီး နှစ်သိမ့်အားပေးခဲ့ပါတယ်။

ကျွန်တော့်ထံ ဖုန်းဆက်ပြောကြားရာမှာ 'ဂျွန်နဲ့ စကားပြောရတာ မိတ်ဆွေဟောင်းတစ်ယောက်ဖြစ်တဲ့အတွက် ရင်ထဲမှာပေါ့သွားတယ်။ ကြေကွဲစရာ ဖြစ်ရပ်တစ်ခုကြောင့် ကျွန်မတို့ချင်း အခင်အမင်မပျက် ပြန်စကားပြောရတာ ကျေနပ်မိတယ်။ ဗာဆေးသာသိရင် ဝမ်းသာမှာပဲလို့ ဂျွန်က ပြောတယ်။ ဒီလူနှစ်ယောက်က ကျွန်မအတွက်တော့ အင်မတန်ခင်စရာကောင်းတဲ့ လူနှစ်ယောက်ပါပဲ'လို့ ပြောကြားခဲ့ပါတယ်။

❑

ဒိုင်ယာနာတို့ မိသားစု စိန့်ထရိုပက်စ်ကနေ ကင်စတန်နန်းတော်သို့ ပြန်မယ့်နေ့မှာ လေယာဉ်ပျံက စက်ချို့ယွင်းမှု ဖြစ်နေလို့ မူလကသတ်မှတ်ထားတဲ့ အချိန်မှာ မပြန်နိုင်ခဲ့ပါဘူး။ အဲဒီနေ့က ဇူလိုင်လ ၂၀ ရက်၊ တနင်္ဂနွေနေ့ပါ။ စက်ချို့ယွင်းနေစဉ် အချိန်အတွင်း ဒိုင်ယာနာက ကျွန်တော့်ထံကို ဖုန်းဆက်ပြီး 'ဒုက္ခပါပဲ ပေါလ်ရယ်... ကျွန်မ မနက်ဖြန် ဆေးရုံတစ်ခုမှာ အရေးကြီးကိစ္စတစ်ခုရှိတယ်'လို့ ညည်းခဲ့ပါတယ်။ အဲဒီညက ညနေ ၆ နာရီလောက်မှာ မင်းသမီးမိသားစု ကင်စတန်နန်းတော်ကို ပြန်ရောက်ရမှာဖြစ်ပေမယ့် ညသန်းခေါင်အချိန်မှ ပြန်ရောက်လာခဲ့ပါတယ်။ အိမ်ပြန်ရောက်ရောက်ချင်း မင်းသမီး ကြွေးကြော်လိုက်တာကတော့ 'ကိုယ့်အိမ်ကိုယ့်ရာ ပြန်ရောက်ရတာ အကောင်းဆုံးပါပဲ'ပါတဲ့။ အဲဒီလိုပါပဲ ဘယ်ခရီးစဉ်က ပြန်ရောက်ရောက် အိမ်ကိုပြန်ရတာလောက် ပျော်တာမရှိခဲ့ပါဘူး။

'ခရီးစဉ်က ဘယ်လိုလဲ'လို့ ကျွန်တော်က မေးလိုက်တော့ 'အရမ်းကို အံ့သြစရာကောင်းလောက်အောင်ပါပဲ'လို့ ပြောပြီး အိပ်ရာဝင်သွားခဲ့ပါတယ်။

❑

နွေရာသီနှောင်းပိုင်းကာလမှာ အတင်းအဖျင်းသတင်းများကို ဖော်ပြလေ့ရှိတဲ့ သတင်းစာများက ဒိုင်ယာနာနဲ့ ဒိုဒီတို့ရဲ့ သတင်းများကို မျက်နှာဖုံးသတင်းများအဖြစ် ဖော်ပြလာကြပါတယ်။ သတင်းသမားများက 'ဒိုင်ယာနာအနေနဲ့ ခင်ပွန်းသည်နဲ့ ကွာရှင်းပြီးတဲ့နောက်မှာ ပထမဆုံးတွေ့တဲ့အချစ်'လို့ တင်စားကြပါတယ်။ ဒီလိုရေးသားမှုများနဲ့ပတ်သက်ပြီး ဒိုင်ယာနာက စိတ်ပူပါတယ်။ သူနဲ့ ဒိုဒီ တွေ့ကြတာ နှစ်လတောင် မပြည့်သေးတဲ့အတွက် သာမန်အခြေအနေမျိုးမှာသာ ရှိသေး



တာကို သတင်းစာများက ချဲ့ကားပြီး ရေးသားလာကြတဲ့အတွက် စိတ်ပူခြင်းပါပဲ။ အချိန်တိုကာလအတွင်းမှာ ယောက်ျားတစ်ယောက်နဲ့ ပတ်သက်ပြီး ဆုံးဖြတ်နိုင်လောက်တဲ့ အရည်အချင်း သူ့မှာမရှိသေးပါဘူးလို့ ဆိုပါတယ်။

ချားလ်စ် မင်းသားနဲ့ ကွာရှင်းပြတ်စဲပြီးနောက် ဒိုင်ယာနာ အပျော်ရွှင်ဆုံး၊ စိတ်အချမ်းသာဆုံးထားနိုင်ခဲ့တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သူဖြစ်တယ်ဆိုတာကို ဒိုင်ယာနာရဲ့ အရင်းနှီးဆုံးပုဂ္ဂိုလ်များ သိကြပါတယ်။ အဲဒီလူက ဒိုဒီ မဟုတ်ပါဘူး။ သူတို့နှစ်ယောက်က နှလုံးသားချင်း နက်နက်ရှိုင်းရှိုင်း နားလည်ခဲ့ကြပေမယ့် ပေါင်းစည်းဖို့ မဖြစ်နိုင်တဲ့သူတွေပါ။ ဒါကြောင့် ဒိုင်ယာနာ့ရင်ထဲမှာ အတိအကျ နေရာယူနိုင်ခဲ့သူက ဒိုဒီ မဟုတ်ပါဘူး။ တကယ်ဆိုရင် သတင်းစာတွေက အဲဒီလို ရေးသားနေကြချိန်မှာ ဒိုဒီနဲ့ ဒိုင်ယာနာက ကင်စတန်နန်းတော်မှာ ၁၀ မိနစ်ပြည့်အောင် ရင်းနှီးခဲ့ကြဖူးသူတွေ မဟုတ်ပါဘူး။ ဒိုဒီကို ဒိုင်ယာနာ့ရင်ထဲကလူလို့ တင်စားရေးသားကြခြင်းဟာ အမှားကြီး မှားခဲ့ပါတယ်။ ဒိုဒီမိသားစုပိုင် ဂျက်လေယာဉ်ကြီးတစ်စီးနဲ့ ဥရောပတစ်ခွင်ကို လှည့်လည်ခဲ့ပေမယ့် ဒိုင်ယာနာရဲ့ နှလုံးသားက လန်ဒန်မှာပဲ ကျန်ရစ်တာပါ။

ဒီကြားထဲမှာ ဒိုဒီရဲ့ ဖခင်ဖြစ်သူ မိုဟာမက်အယ်လ်ဖာယက်ကလည်း တစ်စခန်းထလာပြန်ပါတယ်။ ဒိုင်ယာနာက သူ့အတွက် သမီးတစ်ယောက်လိုဖြစ်ပြီး မင်းသမီးကလည်း သူ့ကို ဖခင်တစ်ယောက်လို အားကိုးအားထားပြုတယ်လို့ ကြွေးကြော်လာခြင်းပါပဲ။ သူ့စိတ်ထဲမှာတော့ ဒိုင်ယာနာနဲ့ ဒိုဒီတို့ရဲ့ ဆက်ဆံရေးဟာ သာမန်မိတ်ဆွေအဆင့်ကို ကျော်ခဲ့ပြီလို့ ယူဆနေပုံရပါတယ်။ ဒိုင်ယာနာ့အပါးမှာ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ကျွန်တော့်အနေနဲ့ သိထားတာကတော့ သံအမတ်ကြီးပေါ်လိုကို ဖခင်တစ်ယောက်လို သဘောထားပြီး လော့ဒ်အက်တင်ဘားရိုကိုလည်း ဖခင်တစ်ယောက်သဖွယ် အားကိုးတာကိုလည်း ကျွန်တော် သိခဲ့ပါတယ်။ ဒါကြောင့် မိုဟာမက်အယ်လ်ဖာယက်ကတော့ သူကြွေးကြော်သလို ဖခင်အရာထားခဲ့တာ မဟုတ်ပါဘူး။ သူ့နည်းတူ ဒိုဒီဟာလည်း ဒိုင်ယာနာ့ရင်ထဲက တစ်ယောက်သောသူ မဟုတ်ပါဘူး။

အနီးကပ်နေတဲ့ ကျွန်တော့်အနေနဲ့ပြောရရင် ဒိုင်ယာနာက ဒိုဒီကို ဒိုဒီလို့တောင် မခေါ်ပါဘူး။ ကျွန်တော်တို့ နှစ်ယောက်ကြားမှာ ဒိုဒီကို 'ညီမလေး' နာမည်ဝှက်ပေးထားကြပါတယ်။ ဒါကြောင့် ဒိုင်ယာနာနဲ့ ကျွန်တော် စကားပြောတဲ့အခါ 'ဒီကိစ္စနဲ့ ပတ်သက်ပြီး ညီမလေးက ဘာပြောသေးလဲ' 'ညီမလေး ဖုန်းဆက်သေးလား'လို့ ပြောလို့ရှိရင် အစ်မတော်သူ လေဒီကျွန်းဖ်လိုကို ရည်ညွှန်းတာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ ဒိုဒီကို ရည်ရွယ်ပြီး ပြောတာပါ။

တကယ့်တကယ် ဒိုင်ယာနာ စိတ်ဝင်စားခဲ့တာက ဒိုဒီရဲ့ ရက်ရောမှုတွေပါ။ ဒိုဒီဟာ သန်းကြွယ်သူဌေးသားပီပီ အသုံးအစွဲမှာ ပက်စက်ပါတယ်။ တော်ဝင်မိသားစုများပင်လျှင် သုံးစွဲဖို့ခက်ခဲတဲ့ အနေအထားမျိုးမှာ သူက သုံးနိုင်ပါတယ်။ ဒါတွေကို ဒိုင်ယာနာက အားကျပုံရပါတယ်။

'ညစာကျွေးလို့ ရမလား' လို့ ဒိုဒီက ကင်စင်တန်နန်းတော်ကို ဖုန်းဆက်ပြီး မေးပါတယ်။

'ရပါတယ်။ ဘယ်တော့စားမှာလဲ' လို့ ဒိုင်ယာနာက ပြန်မေးလိုက်တော့ 'နက်ဖြန်ည' လို့ ဆိုပါတယ်။

'ဘယ်မှာစားမှာလဲ' လို့မေးတော့ 'ပြင်သစ်မှာ သွားစားမယ်' တဲ့။ အဲဒီလို ကိစ္စမျိုးတွေက ဒိုင်ယာနာအနေနဲ့ ဒိုဒီအပေါ် စိတ်ဝင်စားအောင် ဖမ်းစားနိုင်တဲ့ ကိစ္စတွေ ဖြစ်ခဲ့ပါတယ်။

အင်္ဂလန်နဲ့ ပြင်သစ် ပိုင်းခြားထားတဲ့ နယ်စပ်ကိုဖြတ်ကျော်ပြီး သူတို့ မိသားစုပိုင် Ritz Hotel ရဲ့ Imperial Suite အခန်းကြီးမှာ တည်းခိုနေကြတာပါ။ မသွားခင်တုန်းက မင်းသမီးအတွက် လိုအပ်မယ့်ပစ္စည်းတွေကို ကျွန်တော်ကိုယ်တိုင်ပဲ ဗာဆေးခရီးဆောင်အိတ်နဲ့ ထည့်ပေးလိုက်တာပါ။ တစ်ညတာခရီးထွက်သွားချိန်မှာ ကလေးထိန်းအိုလ်ဂါပါဝဲလ်နဲ့ ကျွန်တော်က မင်းသားငယ်နှစ်ပါးကို ကြည့်ရှုစောင့်ရှောက် နေရစ်ခဲ့ရပါတယ်။ ဇူလိုင်လ ၂၆ ရက်၊ စနေနေ့ညမှာ ဖြစ်ပါတယ်။ ဒိုင်ယာနာက ကျွန်တော့်ဆီကို ဖုန်းဆက်လာပါတယ်။ 'အို… ပေါလ်ရယ် ကျွန်မဖြင့် အံ့သြလို့ကိုမကုန်နိုင်ဘူး။ သူက ကျွန်မကို လက်ဆောင်တစ်ခုပေးတယ်။ အဲဒီလက်ဆောင်ကို သူ့ရှေ့မှာတင် ဖွင့်ကြည့်လိုက်ပြီး ကျွန်မ မအောင့်နိုင်တာနဲ့ ရှင့်ဆီကို ဖုန်းဆက်တာ။ သူ ဘာပေးလဲသိလား… ရွှေလက်ပတ်နာရီတစ်လုံးပေးတာ။ စိန်တွေ ခြယ်ထားသေးတယ်။ ဒီလောက်လှတဲ့ နာရီ ကျွန်မတစ်ခါမှ မတွေ့ဖူးဘူး' တဲ့။

အဲဒီအချိန်မှာ ဒိုင်ယာနာရဲ့အသံကို နားထောင်ရတာ ၁၆ နှစ်သမီးလိုပါပဲ။ သူ့အပျော်တွေက ကျွန်တော့်ကိုပါ ကူးစက်လာသလိုပါပဲ။

အဲဒီနေ့မှာပဲ ဒိုင်ယာနာက ဝင်ဆာဂေဟာကို သွားရောက်လည်ပတ်ခဲ့ပါတယ်။ ဒီဂေဟာက နောင်မှာ သူနဲ့ဒိုဒီ အတူနေကြဖို့ စီစဉ်ထားတယ်လို့လည်း ဆိုပါတယ်။ မင်းသမီးရဲ့ ပြောပြချက်အရဆိုရင် 'အဲဒီမှာ ကျွန်မတို့အကြာကြီး နေနိုင်မှာတော့ မဟုတ်ဘူး။ အခန်းတွေက ပြတိုက်ကြီးတွေလို ကျယ်လွန်းတယ်။ ကျွန်မ မနေရဲဘူး။ တစ္ဆေများရှိမလား မသိဘူး' လို့ ဆိုတယ်။ မင်းသမီးက ကျွန်တော့်ကို



အကောင်းစား ခေတ်ပုံဘောင်တစ်ခု ဝယ်ခိုင်းပါတယ်။ ဒိုဒီက သူ့ခေတ်ပုံတောင်းတဲ့အတွက် အမှတ်တရပေးချင်လို့ပါလို့ ဆိုပါတယ်။

ခေတ်ပုံဘောင်ကို ကျွန်တော် ဝယ်ပေးခဲ့ပေမယ့် 'ခေတ်ပုံပေးတဲ့အခါ ပုံပေါ်မှာ လက်မှတ်ထိုးတာကလွဲရင် ဘာဘာညာညာ မရေးသင့်ဘူးနော်။ ဘာကြောင့်လဲဆိုတော့ သူက ဒီပုံကို ဘယ်သူတွေကို ပြမှာလဲမှ မသိတာ' လို့ သတိပေးခဲ့ပါတယ်။

ကင်စင်တန်နန်းတော်ကို ပြန်လာချိန်မှာတော့ ဒိုင်ယာနာက သူ့အိတ်ထဲက မျက်နှာသုတ်ပဝါ ဝတ်ရုံနှစ်ထည် ထုတ်ပေးပါတယ်။ ဝတ်ရုံများရဲ့ ကျောဘက်မှာ Ritz Hotel အမည်ကို ရေးထိုးထားပါတယ်။ ဝတ်ရုံများက ကျွန်တော့်ဇနီး မာရီယာအတွက် လက်ဆောင်လို့ ဆိုပါတယ်။

ဇူလိုင်လ နောက်ဆုံးပတ်မှာတော့ မင်းသမီးကတော့ နိုင်မာတဲ့ဆုံးဖြတ်ကို ချလိုက်ပါတယ်။ အရင် သူ ဆက်ဆံနေတဲ့သူတစ်ယောက်ရဲ့ အခန်းကဏ္ဍကို ပြည်ဖုံးကားချလိုက်ပြီး ဒိုဒီနဲ့သာပတ်သက်ဖို့ ဆုံးဖြတ်လိုက်ခြင်းပါ။ ဒိုဒီကလည်း သူနဲ့ စေ့စပ်ထားတဲ့ ကယ်လီဖစ်ရှားနဲ့ စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းလိုက်ပါတယ်။ ဒါကြောင့် သူတို့နှစ်ယောက်စလုံးဟာ လွတ်လပ်သူများ ဖြစ်သွားကြပါတယ်။ သားတော်နှစ်ပါးဖြစ်တဲ့ ဝီလျံနှင့် ဟယ်ရီတို့က ဖခင်ဖြစ်သူထံ သွားရောက်နေထိုင်ခြင်းဖြင့် နွေရာသီကျောင်းပိတ်ရက်ကို ကုန်ဆုံးစေခဲ့ပါတယ်။ ဒါ့ကြောင့် ဇူလိုင်လ ၃၁ ရက်နေ့မှ ဩဂုတ်လ ၄ ရက်နေ့အထိ ဒိုဒီနဲ့ အပန်းဖြေခရီးမှာတော့ ကလေးများမပါတော့တဲ့ ဒိုင်ယာနာတစ်ယောက်တည်းသာ လိုက်ပါသွားခဲ့ပါတယ်။ ဒိုဒီမိသားစုပိုင် Jonikal ရွက်သင်္ဘောနဲ့ မြေထဲပင်လယ်ဒေသတွေကို ခြေဆန့်ခဲ့ကြပါသေးတယ်။

❑

ကင်စင်တန်နန်းတော်မှာရှိတဲ့ ဒိုင်ယာနာရဲ့ အပန်းဖြေအခန်းထဲမှာ ကမ္ဘာ့မြေပုံတစ်ခု ချိတ်ဆွဲထားပါတယ်။ ဗြိတိသျှ ကြက်ခြေနီအဖွဲ့ရဲ့ အကူအညီနဲ့ ဒိုင်ယာနာက ကမ္ဘာမှာ မြေမြှုပ်မိုင်း အများဆုံးရှိတဲ့ နိုင်ငံများကို သိသာထင်ရှားစေဖို့ ခေါင်းအနီပါတဲ့ ပင်အပ်ကလေးများ ထိုးစိုက်ထားပါတယ်။ ရော်ဂျီယာမှ ကိုရီးယား၊ အင်ဂိုလာမှ ဗီယက်နမ် မှတ်သားထားတဲ့ ပင်အပ်ကလေးများက အန္တရာယ်အများဆုံး ဒေသတွေဖြစ်လို့ မင်းသမီးသွားရောက်ဖို့ လိုအပ်တဲ့ နေရာတွေလည်း ဖြစ်ပါတယ်။

အင်ဂိုလာနိုင်ငံမှာ မြေမြှုပ်မိုင်းဆန့်ကျင်ရေး အောင်မြင်မှုရခဲ့ပြီးတဲ့ နောက်

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးက ရုရှားနိုင်ငံတောင်ပိုင်းမှာရှိတဲ့ ချေချ်ညာကိုသွားဖို့ စီစဉ်ခဲ့ပါတယ်။ ဒါပေမယ့် ဗြိတိသျှအစိုးရက ဒီခရီးစဉ်ဟာ အန္တရာယ်များလွန်းတယ်လို့ ကန့်ကွက်တာကြောင့် မသွားဖြစ်ခဲ့ပါဘူး။ အဲဒီအစား ယူဂိုဆလားဗီးယားနိုင်ငံနဲ့ ဘော့စနီးယားနိုင်ငံများကို ဩဂုတ်လ ၈ ရက်နေ့မှ ၁၀ ရက်နေ့ထိ သွားရောက်ဖို့ စီစဉ်ခဲ့ပါတယ်။ မင်းသမီးနဲ့အတူ မြေမြှုပ်မိုင်း လှုပ်ရှားရေးအဖွဲ့များ၊ Daily Telegraph သတင်းစာမှ Bill Deedes တို့လည်း လိုက်ပါကြပါတယ်။

ပထမဆုံးညမှာ ကျွန်တော်တို့ တည်းခိုနေထိုင်ဖို့ Tuzla တောင်ကုန်းပေါ်က ဗဲ့ဂေဟာမှာ စီစဉ်ပေးပါတယ်။ အဲဒီညမှာ အစစအရာရာ ခေတ်မီနည်းစနစ်တွေကို သုံးခဲ့ကြတဲ့ ရှေ့မင်းသမီးနဲ့ ဘဏ္ဍာစိုးတို့ အဲဒီနည်းပညာအားလုံးကို မေ့ထားလိုက်ကြပြီး ရောက်တဲ့အရပ်မှာ သင့်တော်သလို နေကြရပါတယ်။ ဒီဒီက ဆက်သွယ်ရေးအတွက် ဂြိုဟ်တုတယ်လီဖုန်းတစ်လုံး ပေးလိုက်ပါတယ်။ ဘော့စနီးယားကနေ တစ်ဆင့် သူ့ဆီကို ဆက်သွယ်နိုင်အောင်လို့ပါ။ ဧည့်ဂေဟာရဲ့ အပြင်ဘက်ကို နှစ်ယောက်သားထွက်လိုက်ကြပြီး အိမ်မြှောင်ခွက်တစ်ခုနဲ့ ဆက်သွယ်ရေး ဂြိုဟ်တု ရှိမယ့် နေရာကို ရှာကြရပါတယ်။ ကံအားလျော်စွာ အဆက်အသွယ် ရလိုက်ပါတယ်။

ခပ်လှမ်းလှမ်းမှ အိမ်မြှောင်နဲ့ အလုပ်များနေတဲ့ ကျွန်တော်က မင်းသမီး အဆက်အသွယ်ရသွားတာကို မသိသေးတဲ့အတွက် 'ရပြီလား... ရပြီလား...'နဲ့ အော်မေးနေရပါတယ်။ ဒါကိုပင် ဟာသဖြစ်နေတဲ့ မင်းသမီးက ပြန်မဖြေနိုင်သေးပဲ တခစ်ခစ် ရယ်နေခဲ့ပါတယ်။

ကျွန်တော်တို့ အဖွဲ့ထဲမှာ မြေမြှုပ်မိုင်းဒဏ်ကြောင့် ခြေနှစ်ဖက်စလုံး မရှိရှာတော့တဲ့ သူတွေလည်း ပါပါတယ်။ သူတို့က မင်းသမီးကို လေးစားသမှုအနေနဲ့ ခြေတုတွေတပ်ပြီး လိုက်လာကြတာပါ။ ကားပေါ်ခရီးဆက်ဖို့ ထိုင်ကြတဲ့အခါ မင်းသမီးက ရှေ့ခန်းမှာထိုင်ရင်း 'ရှင်တို့ခြေထောက်တွေ ချွတ်ထားလို့ရပြီ'လို့ တရင်းတနှီး ပြောလိုက်တော့မှ သူတို့လည်း ဒိုင်ယာနာကို တော်ဝင်မင်းသမီး တစ်ပါးရယ်လို့ လေးစားအရေးထားနေတဲ့ စိတ်တွေပျောက်ပါးသွားခဲ့ပါတယ်။

ဆာရာရေဗိုသို့ သွားရာလမ်းတစ်လျှောက်မှာ မင်းသမီးက သူတို့နဲ့ ပိုပြီး ရင်းနှီးအောင် သူတို့ခြေထောက်တွေ မိုင်းထိခဲ့တဲ့နေရာ၊ နေ့ရက်တွေကို မေးမြန်းရင်း 'အဲဒီနေ့တွေကို ရှင်တို့ ဘယ်တော့မှ မေ့မှာမဟုတ်တော့ဘူးနော်'လို့ ဆိုပါတယ်။ ဟိုပုဂ္ဂိုလ်နှစ်ယောက်ကလည်း သူတို့မိုင်းထိတဲ့နေ့တွေကို နေရာနဲ့တကွ နေ့ရက်တွေပါ အတိအကျပြောနိုင်ပါတယ်။ အဲဒီအချိန်မှာ ဒိုင်ယာနာက 'ကျွန်မ



လည်း ၁၉၈၁ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့ကိုတော့ ဘယ်တော့မှ မေ့တော့မှာ မဟုတ်တော့ပါဘူး'လို့ ဆိုလိုက်ပါတယ်။ ကားပေါ်ပါလာတဲ့သူတွေ ရုတ်တရက် အံ့ဩသွားကြပြီး ကျွန်တော်ကိုယ်တိုင်လည်း မင်းသမီး ဘာကိုဆိုလိုလိုက်မှန်း ရုတ်တရက် မသိလိုက်ပါဘူး။ နောက်တော့မှ သတိရကြပြီး မင်းသမီးနဲ့အတူ ရောက်ာ ရယ်ဖြစ်ခဲ့ကြပါတယ်။ အဲဒီအချိန်မှာပဲ အမျိုးသမီးတစ်ဦး သချိုင်းတံခါးဝမှာ ပန်းစည်းကိုင်ပြီး ထွက်လာတာကို မြင်လိုက်တဲ့အတွက် ဒိုင်ယာနာက 'ရပ်၊ ရပ်၊ ရပ်'လို့ အမိန့်ပေးလိုက်ပါတယ်။ အမျိုးသမီးကြီးကို ကျော်သွားတဲ့အတွက် ကားကို နောက်ပြန်ဆုတ်ရပါတယ်။

ယောက်ျားသားတွေထက် ပိုပြီးလျှင်မြန်တဲ့နှုန်းထားနဲ့ ကားပေါ်က ခုန်ဆင်းလိုက်ပြီး အမျိုးသမီးကြီးရှိရာကို ဒိုင်ယာနာပြေးသွားခဲ့ပါတယ်။ အမျိုးသမီးကြီးက ယူဂိုဆလားဗီးယား ပြည်တွင်းစစ်အတွင်းမှာ ကျဆုံးသွားတဲ့ အသက် ၁၈ နှစ်သာ ရှိသေးတဲ့ သူ့သားလေးရဲ့ အုတ်ဂူမှာ ပန်းစည်းချဖို့ လာခဲ့ကြောင်း မင်းသမီးကို ပြောပြပါတယ်။ ဝမ်းနည်းကြေကွဲနေတဲ့ မိခင်ကြီးက သူ့သားရဲ့ အုတ်ဂူပေါ်မှာ ပန်းစည်းချပြီးနောက် ဒိုင်ယာနာနဲ့အတူ ထိုင်ကာ ငါးမိနစ်လောက် စကားပြောခဲ့ကြပါသေးတယ်။ အဲဒီနောက်မှာတော့ အမျိုးသမီးနှစ်ယောက် တစ်ယောက်မျက်နှာကို တစ်ယောက် လက်နှစ်ဖက်နဲ့ ကိုင်လိုက်ကြပြီး ကြေကြေကွဲကွဲ နှုတ်ဆက်ခဲ့ကြပါတယ်။

ဆာရာရေဗိုရောက်တော့ ကျွန်တော်တို့အဖွဲ့ကို Elephant Hotel မှာ နေရာချထားပါတယ်။ မင်းသမီးက ဂြိုဟ်တုတယ်လီဖုန်း သုံးချင်တယ်ဆိုပြန်တဲ့အတွက် ကျွန်တော့်မှာ တစ်ညနေခင်းလုံး ဆက်သွယ်ရေး ဂြိုဟ်တုရှိရာနေရာကို ရှာဖွေနေခဲ့ရပါတယ်။ ဟို ပြတင်းပေါက်နား သွားလိုက်၊ ဒီပြတင်းပေါက်နား သွားလိုက်နဲ့ပေါ့။ မင်းသမီးကလည်း 'မရဘူး... ရပြီ... မရတော့ပြန်ဘူး'စသဖြင့် အော်နေရတာပါ။

ဒီဒီကတော့ သူ့မှာ ယာဉ်ရပ်နားစခန်းတစ်ခုအပြည့်စာလောက် ကားတွေ ရှိပါလျက်နဲ့ နောက်ထပ်ကားတစ်စင်း ရှာနေသတဲ့။ ဒီတစ်ခါ ရှာနေတဲ့ကားက ငွေရောင် Lamborghini ကားဖြစ်ပါတယ်။ ဒိုင်ယာနာအတွက် အံ့ဩသွားစေမယ့် လက်ဆောင်ပေးချင်လို့ပါတဲ့။ သူက ကားဝယ်နေစဉ်မှာ ဖခင်ဖြစ်သူကတော့ Fulham Football Club ကို စတာလင်ပေါင် ၇ သန်းနှင့် ဝယ်ယူလိုက်ပြီး ဘောလုံးကွင်းထဲမှာ ဂုဏ်ယူဝင့်ကြွားနေလေရဲ့။ ဒါတင်မကသေးပါဘူး။ ဝီလျံနဲ့ ဟယ်ရီအတွက် စတာလင်ပေါင် ငါးထောင်တန်တဲ့ ဆိုနီရုပ်မြင်သံကြားစက်တစ်ခုကိုလည်း လက်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်အဖြစ် ပို့ပေးခဲ့ပါသေးတယ်။ သူတို့သားအဖနှစ်ယောက် လှုပ်ရှားနေပုံက ပိုက်ဆံဆိုတာ ဘာမှ အရေးမပါဘူးဆိုတဲ့ အဓိပ္ပာယ်သက်ရောက်နေပါတယ်။ သားဖြစ်သူက ဒိုင်ယာနာ စိတ်ဝင်စားအောင်လို့ မလိုအပ်တဲ့နေရာတွေမှာ တမင်တကာ ဖြုန်းပြနေပါတယ်။

ဆာရာရေဗိုကို ရောက်တဲ့အခါ တောင်စောင်းမှာရှိတဲ့ မြို့ကလေးဆီကို ဘုန်းတော်ကြီးတစ်ပါးက ဦးဆောင်ခေါ်သွားပါတယ်။ အဲဒီမှာ အသက် ၁၅ နှစ် အရွယ်ရှိတဲ့ မိန်းကလေးတစ်ယောက်ကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒီကလေးမမှာ မိဘတွေမရှိတော့တဲ့အပြင် မြေမြှုပ်မိုင်းဒဏ်ကြောင့် ခြေတစ်ဖက်လည်း မရှိရှာတော့ပါဘူး။ ဒါပေမယ့် အစ်မအကြီးဆုံးဖြစ်တာကြောင့် သူ့အောက်မှာ ကျန်ရစ်တဲ့ မောင်လေးနဲ့ ညီမလေးတို့ကို ရှာဖွေကျွေးမွေးနေရတဲ့သူပါ။ ကျွန်တော်တို့နဲ့ ပါလာတဲ့ သတင်းအဖွဲ့က ဒီကလေးမလေးကို အပေါ်ယံအားဖြင့်သာ စိတ်ဝင်စားပါတယ်။ သူတို့စိတ်ဝင်စားတာက မြေမြှုပ်မိုင်းဆန့်ကျင်ရေးကိစ္စပါ။ မြေမြှုပ်မိုင်းဒဏ်ကြောင့် အတိဒုက္ခရောက်ရတဲ့သူတွေအကြောင်း မဟုတ်ပါဘူး။ ကျွန်တော်က မင်းသမီးကို လှမ်းကြည့်လိုက်ပြီး ပိတ်စတစ်ခုကာထားတဲ့ နောက်က အခန်းထဲကို မျက်ရိပ်ပြလိုက်တော့ မင်းသမီးကလည်း သဘောပေါက်စွာနဲ့ အဲဒီအခန်းထဲကို ဝင်ခဲ့ပါတယ်။ ကျွန်တော်တို့နှစ်ယောက် ဝင်သွားတဲ့အခန်းထဲကို ဘယ်ဓာတ်ပုံသတင်းထောက်မှ ပါမလာပါဘူး။ မှောင်ရိုရိုးတဝါးဖြစ်နေတဲ့ အခန်းထဲမှာ မျက်စိကို ကျင့်သားရအောင် ခဏနေလိုက်ကြပြီးတော့မှ ကြမ်းပြင်ပေါ်ကို ကြည့်လိုက်တဲ့အခါမှာတော့ အရိုးပေါ်အရေတင် လေးနှစ်သမီးကလေး တစ်ဦးကို တွေ့ရပါတယ်။ ဒီကလေးမလေးဟာ စိတ်ပိုင်းဆိုင်ရာမှာလည်း ဒဏ်ရာအကြီးအကျယ် ရနေပါပြီ။ အိပ်ရာတစ်ခုလုံးမှာလည်း သူ့အညစ်အကြေးတွေနဲ့ ပေပွလို့ပါ။ မျက်လုံး အစုံက ပိတ်ထားရှာတယ်။

ကျွန်တော်တို့နှစ်ယောက် စကားမပြောမိကြပါဘူး။ မင်းသမီးက ကလေးမ အပါးကို ဖြည်းဖြည်းကလေး လျှောက်သွားလိုက်ပြီး သူ့လက်နှစ်ဖက်နဲ့ ပွေ့ယူလိုက်ကာ ကိုယ်ပေါ်မှာတင်ထားပြီး လက်နဲ့ခြေထောက်တွေကို ညင်ညင်သာသာ ပွတ်သတ်ပေးနေပါတယ်။

ကလေးမလေးက မျက်လုံးပွင့်လာပေမယ့် မျက်စိမရှိတော့ပါဘူး။ မျက်မမြင်ကလေးတစ်ယောက်ပါ။ ကျွန်တော့်မြင်ကွင်းမှာ မြင်နေရတာက အထူးခြားဆုံးပါပဲ။ ဒီအချိန်မှာ မှတ်တမ်းတင်မယ့် ဘယ်ဓာတ်ပုံဆရာမှ မရှိပါဘူး။ ရွှေဘုံစံ မင်းသမီးတစ်ပါးက လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းကို မရှုံမရှာ



ကိုယ်တိုင်ကိုယ်ကျ လုပ်ပေးနေတာကို ကျွန်တော် မြင်နေရလို့ပါပဲ။ ဒီမြင်ကွင်းကို သက်သေခံနိုင်တာက ကျွန်တော်တစ်ယောက်တည်းပဲ ရှိပါတယ်။ ၁၉၉၂ ခုနှစ် တုန်းက ကာလကတ္တားကနေ ဒိုင်ယာနာ ကျွန်တော့်ဆီရေးခဲ့တဲ့ စာတစ်စောင်ကို သတိရမိပါတယ်။ အဲဒီတုန်းက သူ မျက်စိမမြင်၊ နားမကြားတဲ့ ကလေးတစ်ယောက်နဲ့ ပတ်သက်ပြီး ရေးခဲ့တာပါ။ 'ကျွန်မ သူ့ကို တင်းတင်းကျပ်ကျပ် ဖက်လိုက်တယ်။ ကျွန်မရဲ့ မေတ္တာတွေ၊ နွေးထွေးမှုတွေကို ဒီကလေး ခံစားရပါစေတော့ ရယ်လို့ မျှော်လင့်ရတာပဲ' လို့ ဆိုခဲ့ပါတယ်။

ဒိုင်ယာနာက ဒီလို လူသားချင်းစာနာထောက်ထားတဲ့ အပြုအမူမျိုးတွေ သူ့ ခရီးစဉ်တစ်လျှောက်မှာ မကြာခဏ လုပ်တတ်ပါတယ်။ တစ်ခါတုန်းကလည်း အင်ဂိုလာဆေးရုံပေါ်က မိန်းကလေးတစ်ယောက်ကို ပြုစုခဲ့တာ ကျွန်တော် ဘယ်တော့မှ မေ့တော့မှာ မဟုတ်ပါဘူး။

ဗြိတိန်နိုင်ငံကို ပြန်ရောက်ကြပြီးတဲ့နောက် မင်းသမီးရယ်၊ Bill Deedes ရယ်၊ ကျွန်တော်ရယ် အတူထိုင်ဖြစ်ကြတယ်။ ကျွန်တော့်ဘော့စ်က သူ့ဖန်ခွက်ကို မြှောက်ရင်း 'နောက်တစ်ခေါက် ခရီးစဉ်အတွက်' လို့ ဆုတောင်းလိုက်ပါတယ်။ ကျွန်တော်တို့ ရည်ရွယ်ထားတာကတော့ ၁၉၉၇ ခုနှစ်၊ အောက်တိုဘာလမှာ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်နိုင်ငံတို့ကို သွားရောက်ကြဖို့ပါပဲ။

❑

www.burmeseclassic.com







ကြေကွဲနေတဲ့ တော်ဝင်မိသားစုများ
(ယာပုံ)

ဒိုင်ယာနာရဲ့မောင်
အသုဘအခမ်းအနားမှာ
ဝမ်းနည်းစကား ပြောကြားနေစဉ်
(အပေါ်-ဝဲပုံ)

www.burmeseclassic.com







www.burmeseclassic.com


နိုင်ငံယာနာရဲ့ရုပ်ကလာပ်ကို သယ်ဆောင်လာကြစဉ်
(အပေါ်ပုံ)

အသုဘအခမ်းအနား ကျင်းပရာ ဘုရားရှိခိုးကျောင်းသို့
ဘုရင်မကြီး ဝင်ရောက်လာစဉ်
(ယာပုံ)

www.burmeseclassic.com











ချားလ်စ်နဲ့ မိဘနှစ်ပါးတို့အား
အသုဘအခမ်းအနား ရှိရာသို့
လာရောက်စဉ် တွေ့ရပုံ
(ဝဲပုံ)

ဒိုင်ယာနာရဲ့ အစ်မတော် လေဒီဆာရာ
(အပေါ်-ယာပုံ)

ဧည့်သည်တော်များကြားက
ဝင်ရောက်လာတဲ့ ပေါလ်
(အောက်-ဝဲပုံ)

www.burmeseclassic.com

www.burmeseclassic.com





ပေါလ်နဲ့ မာရီယာတို့ ဝမ်းနည်းကြေကွဲနေကြစဉ်
(အပေါ်ပုံ)

မြှုပ်နှံမယ့်နေရာကို သွားရောက်ဖို့
ရထားပေါ်တက်နေကြတဲ့ မိသားစုများ
(ယာပုံ)





www.burmeseclassic.com

www.burmeseclassic.com







ကင်စတန်နန်းတော်ရှေ့မှာ
ပန်းတွေ ပင်လယ်ဝေနေပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး ဝင်လာတဲ့ တယ်လီဖုန်းကတော့
ည ၁၂း၁၀ အချိန်မှာ ဖြစ်ပါတယ်၊ ဒီဖုန်းသတင်းအရ
မင်းသမီး မတော်တဆ ကားတိုက်မှုဖြစ်ပွားတယ်ဆိုတာ
သေချာသွားပါပြီ။ ဒါပေမယ့် ဒဏ်ရာအပြင်းအထန် မရဘူးလို့ ဆိုပါတယ်။
နောက်တစ်နာရီအတွင်းမှာ ဒုတိယမြောက် ဖုန်းဝင်လာပါတယ်။
ဒီသတင်း အရတော့ ဒဏ်ရာအပြင်းအထန်ရကြပြီး
ဒိုဒီက ပွဲချင်းပြီး ကွယ်လွန်သွားပါသတဲ့။

# အခန်း (၁၃)

# နှုတ်ဆက်လိုက်ပါတယ် ရွှေမင်းသမီး

လန်ဒန်မြို့ရဲ့ ဒိုမီနီယန်ပြဇာတ်ရုံကြီးမှာ တင်ဆက်ကပြနေတဲ့ Beauty and The Beast ပြဇာတ်ကြီး ပြီးဆုံးသွားပြီဖြစ်တဲ့အတွက် သရုပ်ဆောင်များက ဦးညွှတ်အလေးပြုလိုက်ကြတဲ့အချိန်မှာ ပရိသတ်ကြီးကလည်း နေရာများမှထကာ မတ်တတ်ရပ်ပြီး လက်ခုပ်သြဘာ ချီးမြှင့်ခဲ့ကြတာကို ကျွန်တော် ပြန်ပြောင်းသတိရမိပါတယ်။

အဲဒီညက ၁၉၉၇ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့ည ဖြစ်ပါတယ်။ ကျွန်တော့်အတွက် စိတ်အေးချမ်းသာစွာနဲ့ လွတ်လွတ်လပ်လပ် နေခွင့်ရတဲ့ နောက်ဆုံးနေ့ကလေးပါပဲ။ ဒါကြောင့်လည်း ကျွန်တော့်မိသားစုနဲ့အတူ တေးသံစုံပြဇာတ်ကို ကြည့်နေမိတာပါ။ နောက်တစ်နေ့ဆိုရင် ကျွန်တော့်သားဘော့စ်က ပဲရစ်ကနေ ပြန်ရောက်တော့မှာလေ။ ဘော့စ်က သူ့အမျိုးသားမိတ်ဆွေ ဒိုဒီနဲ့ ပဲရစ်မြို့မှာ နွေရာသီအားလပ်ရက် အပန်းဖြေနေပါတယ်။ သူတို့နှစ်ယောက်အတူ ပဲရစ်မြို့ရဲ့ ရစ်ဇ်ဟိုတယ်ရဲ့ အခန်းကျယ်ကြီးထဲမှာ နားနေကြမယ်ပေါ့။

ကျွန်တော် အိမ်ပြန်ရောက်တော့ ဇနီးသည်မာရီယာ၊ ကျွန်တော့်ညီ ဂရေဟာမ်၊ သူ့ဇနီးဂိုနီးတို့နဲ့အတူ ဧည့်ခန်းထဲမှာ ထိုင်ရင်း ကော်ဖီမတ်ခွက်ကိုယ်စီနဲ့ တေးသံစုံပြဇာတ်များကို မင်းသမီးလည်း ကြိုက်တတ်ကြောင်း တွေရာလေးပါး ပြောခဲ့မိကြပါတယ်။

အိပ်ရာဝင်ဖို့ ပြင်ဆင်တဲ့သူများထဲမှာ ကျွန်တော်က ပထမဦးဆုံးပါပဲ။ နောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မနက် ၇ နာရီမှာ ကင်စတန်နန်းတော်က လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်ရမှာ ဖြစ်တဲ့အတွက် စောစောစီးစီးပဲအိပ်ဖို့ စဉ်းစားခဲ့ပါတယ်။ ၁၅ ရက်လောက်ကွဲနေတဲ့ ကျွန်တော့်ဘော့စ်ထံမှ အကြောင်းအရာမျိုးစုံကို နားဆင်ရဦးမယ်လေ။ ကျွန်တော့်ကို ပြောပြချင်တဲ့ အကြောင်းအရာတွေ အများကြီးရှိတယ်လို့ တယ်လီဖုန်းထဲမှာ ပြောခဲ့တာကိုး။ နွေရာသီကုန်ဆုံးလို့ ဆောင်းဦးပေါက်ရောက်လာရင် မြေမြှုပ်မိုင်းများ ကိစ္စအတွက် ခရီးသွားစရာတွေ အများကြီး အစီအစဉ် ရှိပါသေးတယ်။

သန်းခေါင်ကျော် အချိန်လောက်မှာ တယ်လီဖုန်း မြည်လာပါတယ်။ ဖုန်းဆက်တဲ့သူက လူစီယာဖလက်ရှာဒီလီမား ဖြစ်ပါတယ်။ သူ့အသံက တုန်တုန်လှုပ်လှုပ် ချောက်ချောက်ချားချား ဖြစ်နေပါတယ်။ သူက ဝါရှင်တန်အိမ်မှာရှိနေပြီး သူ့ခင်ပွန်း မဲလ်ဖစ်ရှာက သမ္မတကလင်တန်ရဲ့ ဝန်ထမ်းတစ်ဦးဖြစ်ပြီး အိမ်ဖြူတော်မှာ တာဝန်ထမ်းဆောင်ရသူပါ။ လူစီယာထံကို ခင်ပွန်းသည်က မင်းသမီးမတော်တဆ ကားတိုက်မှု ဖြစ်ပွားတယ်လို့ သူမထံ အကြောင်းကြားခဲ့ပါသတဲ့။ CNN သတင်းဌာနက ထုတ်လွှင့်နေတဲ့ သတင်းတွေမှာလည်း ဒီအကြောင်း ပါဝင်နေပြီလို့ သူမက ဆိုပါတယ်။ ဒါပေမယ့် သူမအနေနဲ့ မင်းသမီးရဲ့ လက်ကိုင်ဖုန်းနံပါတ်ကို မသိတာကြောင့် ကျွန်တော့်ထံ ဆက်သွယ်အကြောင်းကြားလာခြင်းပါပဲ။ နိုင်ငံတကာကနေ ဆက်သွယ်နိုင်တဲ့ လက်ကိုင်ဖုန်းမပါဘဲ မင်းသမီး ဘယ်နေရာကိုမှ မသွားဘူးဆိုတာ ကျွန်တော် သိထားပါတယ်။ အဲဒီလက်ကိုင်ဖုန်းကိုခေါ်လိုက်ရင် သူ ဘယ်နေရာပဲရောက်ရောက် ပြန်လည်ဖြေကြားလေ့ ရှိပါတယ်။ ကျွန်တော် ဆက်လိုက်တဲ့အခါမှာတော့ ဖုန်းကိုင်မယ့်သူ မရှိဘဲ အလိုအလျောက်ဖြေကြားစက်ကနေ ဖြေကြားတာကိုပဲ ကြားရပါတယ်။ ကျွန်တော် တယ်လီဖုန်းတောက်လျှောက် ဆက်နေတဲ့အတွက် မာရီယာက ကျွန်တော့်အတွက် ကော်ဖီဖျော်ပေးထားပါတယ်။ ကျွန်တော်ကတော့ တယ်လီဖုန်းကိုပဲ မရပ်မနား ဆက်နေမိပါတယ်။

လွန်ခဲ့တဲ့ တစ်နှစ်လောက်တုန်းက ကျွန်တော် ဘော့စ်ကို ပြောခဲ့ဖူးပါတယ်။ ဘယ်နေရာပဲရောက်ရောက် ပြဿနာတစ်စုံတစ်ခု ပေါ်ပေါက်ပြီဆိုရင် အနီးစပ်ဆုံးအများသုံး ကိုယ်လက်သန့်စင်ခန်းထဲ ဝင်ပြီး တံခါးဂျက်ချကာ ကျွန်တော့်ဆီကိုဖုန်းဆက်လိုက်ပါ။ မင်းသမီး ဘယ်နေရာမှာပဲ ရှိနေနေ ကျွန်တော် လာကယ်ပါ့မယ်လို့ ပြောခဲ့ဖူးပါတယ်။ အခု ကျွန်တော့်ဘော့စ် ဒုက္ခတွေ့နေပါပြီ။ ဒါပေမယ့် တယ်လီဖုန်းကလည်း ဆက်လို့မရတော့ဘူး။ ကျွန်တော် ဘာမှမတတ်နိုင်တော့



ပါဘူး။

ကျွန်တော် အိမ်ကနေ သွေးရူးသွေးတန်း ထွက်လာခဲ့ပြီး ကင်စတန်နန်းတော်ရောက်တဲ့အထိ ပြေးလာခဲ့ပါတယ်။ နန်းတော်ရောက်တော့ ကျွန်တော့် ရုံးခန်းထဲဝင်လိုက်ပါတယ်။ ဘော့စ်ရဲ့ အိမ်တော်ဝန်ထမ်းတွေ အားလုံး စုံစုံညီညီ ရောက်နေကြပါပြီ။ ဘာကင်ဟမ်နန်းတော်မှ ဘုရင်မကြီးရဲ့ အတွင်းရေးမှူးနဲ့လည်း ကျွန်တော်တို့ အဆက်အသွယ် ရနေကြပါပြီ။

ပထမဆုံး ဝင်လာတဲ့ တယ်လီဖုန်းကတော့ ည ၁၂း၃၀ အချိန်မှာ ဖြစ်ပါတယ်။ ဒီဖုန်းသတင်းအရ မင်းသမီး မတော်တဆ ကားတိုက်မှုဖြစ်ပွားတယ်ဆိုတာ သေချာသွားပါပြီ။ ဒါပေမယ့် ဒဏ်ရာအပြင်းအထန် မရဘူးလို့ ဆိုပါတယ်။

နောက်တစ်နာရီအတွင်းမှာ ဒုတိယမြောက် ဖုန်းဝင်လာပါတယ်။ ဒီသတင်းအရတော့ ဒဏ်ရာအပြင်းအထန်ရကြပြီး ဒိုဒီက ပွဲချင်းပြီး ကွယ်လွန်သွားပါသတဲ့။ မင်းသမီးကတော့ ဒဏ်ရာရရှိပြီး လက်နဲ့ခါးရိုး ကျိုးသွားတယ်လို့ ဆိုပါတယ်။ ကျွန်တော် အဲဒီနေရာကို ရောက်ချင်လှပါပြီ။ ဒီအချိန်မျိုးမှာ မင်းသမီးအပါးမှာ ကျွန်တော်ရှိနေဖို့ လိုအပ်ပါတယ်။ ဂျက်ကီအယ်လင်က ကျွန်တော်နဲ့ မင်းသမီးရဲ့ဒရိုင်ဘာ ကိုလင်းတို့အတွက် လေယာဉ်လက်မှတ်များ ဝယ်ယူနေပါပြီ။ ကိုလင်းကို ဘာကြောင့် ရွေးရသလဲဆိုတော့ သူက တစ်ချိန်တုန်းက ဘုရင်မကြီးရဲ့ လုံခြုံရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးလို့ပါပဲ။ သူက စိတ်လှုပ်ရှားမှု မရှိဘဲခေါင်းအေးအေးနဲ့ ဆုံးဖြတ်ချက်များ ချမှတ်နိုင်သူတစ်ဦးလည်း ဖြစ်ပါတယ်။ ဗြိတိသျှလေကြောင်းရုံးများက လန်ဒန်ရဲ့ညမှာ အားလုံး ပိတ်ထားကြပါတယ်။ နယူးယောက်မှာရှိတဲ့ ရုံးခွဲများကတစ်ဆင့်သာ လက်မှတ်များကို ဝယ်ယူနေရတာပါ။

မနက် ၄ နာရီအချိန်မှာတော့ မိုက်ကယ်က တယ်လီဖုန်း နောက်တစ်ကြိမ်ဆက်သွယ်ကြည့်ပါတယ်။ ဂျက်ကီက အခန်းတစ်ခန်းထဲ ဝင်သွားတယ်။ မိနစ်ပိုင်းအကြာမှာ သူ ပြန်ထွက်လာပြီး ကျွန်တော့်အတွက် လေယာဉ်လက်မှတ်ရကြောင်းပြောကာ ကျွန်တော့်ကို ဖက်လိုက်ပါတယ်။ 'ပေါလ်… ရှင်လိုက် သွားတဲ့အခါမှာ စိတ်ကိုတည်ငြိမ်အောင်ထားဖို့ လိုအပ်လိမ့်မယ်။ ကျွန်မ မပြောမဖြစ်လို့ပြောရတော့မယ်။ မင်းသမီး ကွယ်လွန်သွားပြီတဲ့' လို့ ဆိုပါတယ်။

မင်းသမီး ကွယ်လွန်သွားပြီဖြစ်ကြောင်း တရားဝင်ကြေညာခဲ့တာ တစ်နာရီလောက် ရှိပါပြီ။ ပြင်သစ်စံတော်ချိန် မနက် ၄ နာရီဖြစ်ပြီး ဗြိတိသျှစံတော်ချိန်မနက် ၃ နာရီ ဖြစ်ပါတယ်။ မမြင်နိုင်တဲ့ ခွန်အားတစ်ခုက ကျွန်တော့်ကို အလဲထိုးလိုက်သလိုပါပဲ။ ဒီအချိန်မှာ ကျွန်တော် အသံကုန်အော်ဟစ်လိုက်ရင်လည်း

www.burmeseclassic.com

www.burmeseclassic.com



အသံက ထွက်လာနိုင်မယ် မထင်ပါဘူး။ ကျွန်တော့်ရင်ထဲမှာ ဟင်းလင်းပြင်ဖြစ်နေပါပြီ။ နာကျင်မှုဝေဒနာကလည်း ရင်နဲ့အပြည့်ပါ။ ဂျက်ကီနဲ့ ကျွန်တော် နှစ်ယောက်သား ထိုင်လိုက်ကြပြီး အားရပါးရ ငိုလိုက်ကြပါတယ်။ တစ်ပြိုင်တည်းမှာပဲ ကျွန်တော့်မှာ တာဝန်ရှိသေးတယ်ဆိုတဲ့ အသိစိတ်ဓာတ်က ဝင်လာပြီး သံပတ်ပေးထားတဲ့ စက်ရုပ်တစ်ရုပ်လို လုပ်စရာရှိတာတွေကို လုပ်ရဦးမယ်ဆိုတာ သတိရလိုက်ပါတယ်။ ဒီအချိန်မှာ မင်းသမီးဟာ ကျွန်တော့်ကို ခါတိုင်းထက် ပိုပြီး လိုအပ်နေတယ်လို့ တွေးလိုက်မိပါတယ်။

❑

ကျွန်တော် အိမ်ကို ဖုန်းလှမ်းဆက်လိုက်တယ်။ မာရီယာ ဖုန်းကိုင်လိုက်တော့ 'မိန်းမရေ… မင်းသမီးတော့ ကွယ်လွန်သွားပြီ။ ကိုယ် ပဲရစ်ကို လိုက်သွားရလိမ့်မယ်'လို့ ဆိုလိုက်ချိန်မှာ မာရီယာက တရှိုက်ရှိုက် ငိုကြွေးပါတော့တယ်။ လေယာဉ်လက်မှတ်လည်း ယူပြီးသား ဖြစ်တဲ့အတွက် အိမ်ကို ပြန်ပြီး တစ်ညအိပ် အဝတ်အစားတစ်စုံလောက် ကမန်းကတန်း ရွေးချယ်ထည့်ခဲ့ပါတယ်။ ပြီးတော့ ကင်စတန်နန်းတော်ရဲ့ အခန်းအမှတ် ၈ နဲ့ ၉ ကို ကျွန်တော် အပြေးပြန်လာခဲ့ပါတယ်။ အခန်းထဲ ဝင်လိုက်တဲ့အချိန်မှာ တိတ်ဆိတ်ငြိမ်သက်ခြင်းက ကျွန်တော့်ကို ဆီးကြိုနေပါတယ်။ ၁၂ နာရီအချိန်အတွင်းမှာ ကျွန်တော့်ဘဝရဲ့ ရယ်သံတွေ ပြည့်လျှမ်းခဲ့တဲ့ ဒီခန်းမကြီးက အခုတော့ တိတ်ဆိတ်နေပြီပေါ့။ ဘာမှ မရှိတော့ပါလား။ အခန်းပတ်လည် အမိပ္ပာယ်မဲ့ ကျွန်တော် လျှောက်ကြည့်နေမိတယ်။ အရာအားလုံးဟာ သူ ထားခဲ့တဲ့အတိုင်း နေရာမပျွင်း ရှိနေကြဆဲပါ။ စာရေးစားပွဲဆီ သွားလိုက်ပြန်တော့လည်း သူ ထားခဲ့တဲ့အတိုင်း သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်း၊ စားပွဲပေါ်မှာ တင်ထားတဲ့ စားပွဲတင်နာရီ သေးသေးကလေးက ဆက်လက် လည်ပတ်ရွေ့လျားနေဆဲ၊ အဆင်သင့် ချွန်ပေးထားတဲ့ ခဲတံ တစ်ဒါဇင်လောက်က အဆင်သင့်ရှိနေဆဲဖြစ်ပြီး ကွင့်မင်ဘူးကလည်း သူ့နေရာနဲ့သူ ရှိနေဆဲပါ။

စားပွဲပေါ်မှာ ကျွန်တော့်မျက်လုံးတွေ လျှောက်ကြည့်ရင်းက ကျွန်တော့် မသိစိတ်နဲ့ ရှာဖွေနေမိတဲ့ ပစ္စည်းတစ်ခုကို သွားတွေ့မိပါတယ်။ အဲဒီပစ္စည်းကတော့ မာသာထရီဇာ သူ့ကိုလက်ဆောင်ပေးခဲ့တဲ့ စိပ်ပုတီးကလေးပါပဲ၊ အဲဒီပုတီးကလေးက ခရစ်တော်ရုပ်တု အသေးစားကလေးမှာ ရစ်ပတ်ထားတာပါ။ ပုတီးကလေးကို ကျွန်တော် ဖြုတ်ယူလိုက်ပြီး အင်္ကျီအိတ်ထဲ ထည့်လိုက်ပါတယ်။ ပြီးတော့မှ မင်းသမီးရဲ့ အဝတ်အစားတွေထားတဲ့ အခန်းထဲကို ဝင်လိုက်ပြီး နေ့စဉ် နံနက်တိုင်း



မင်းသမီး ရပ်လေ့ရှိတဲ့ ကိုယ်လုံးပေါ်မှန်ရှေ့မှာ ရပ်နေမိပါတယ်။ ဒီနေရာမှာ သူ့ အဝတ်လဲသလို ဆံပင်ထုံးဖွဲ့ပေးတဲ့ အမျိုးသမီးကလည်း ထုံးဖွဲ့ပေးနေကျပါ။ အဲဒီ နေရာမှာလည်း နာရီအသေးကလေးတစ်လုံး ချိတ်ထားပါတယ်။ ဒိုင်ယာနာက အချိန်ကို လေးစားသူဖြစ်တဲ့အတွက် နေရာတိုင်းမှာ နာရီသေးသေးကလေးတွေ ထားပါတယ်။ ဒီနာရီကလေးတွေကို ကြည့်ခြင်းအားဖြင့် သူ နောက်ကျ၊ မကျ ချိန်ဆလို့ရအောင် ဖြစ်ပါတယ်။ ဗီရိုကို ဖွင့်လိုက်တဲ့အခါမှာတော့ သူ့ အကြိုက်ဆုံး ရေမွှေးပုလင်းများ၊ ဆံပင်ဖျန်းဆေးများ၊ နှုတ်ခမ်းနီတောင့်များ တွေ့ရပါတယ်။ သူစိတ်ကြိုက်ဖြစ်မယ့် နှုတ်ခမ်းနီဆိုးဆေးတစ်ဘူးနဲ့ Powder Puff တစ်ဘူးကို ရွေးယူလိုက်ပါတယ်။ ပြီးတော့မှ သူ ကိုင်လေ့ရှိတဲ့ Gladstone သားရေအိတ်ထဲကို ထည့်လိုက်ပါတယ်။ အိတ်ပေါ်မှာက (D) ဆိုတဲ့ စာလုံးကို ရွှေနဲ့ထွင်းထုထားပါတယ်။ အဲဒီအိတ်ကလွဲရင် အဝတ်အစားကိုတော့ ကျွန်တော် မယူတော့ပါဘူး။ တစ်ခန်းလုံးက လိုက်ကာခန်းဆီးတွေကို ဆွဲပိတ်လိုက်ပြီး မင်းသမီးရဲ့ လက်ဝတ်ရတနာများကိုလည်း မီးခံသေတ္တာတစ်ခုထဲမှာ ထည့်ပြီးပိတ်လိုက်ပါတယ်။

ကျွန်တော် အပြင်ထွက်လာတဲ့အခါမှာတော့ ကိုလင်းကို တွေ့ရပါတယ်။ ကျွန်တော် လုပ်စရာ နောက်ဆုံးတစ်ခုပဲ ကျန်ပါတော့တယ်။ ဒီအလုပ်ကလည်း မလုပ်လို့ မဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ မကြာမီအချိန်အတွင်းမှာ ရွှေနန်းတော်ကြီးက စေလွှတ်လိုက်တဲ့ တပ်ဖွဲ့တွေ ရောက်လာပြီး ရှိသမျှအခန်းတွေကို ချိတ်ပိတ်တော့မယ်ဆိုတာ သိနေလို့ပါပဲ။ ကျွန်တော် ထွက်သွားပြီဆိုရင် ကျန်တဲ့အခန်းတွေက ဟင်းလင်းပွင့်ပြီး ကျန်ရစ်မှာပါ။ ဒိုင်ယာနာရဲ့အခန်းကိုတော့ လုံခြုံစိတ်ချအောင် စီမံဖို့လိုအပ်တဲ့အတွက် ကျွန်တော်တို့နှစ်ယောက် အခန်းတံခါးပိတ်ကာ တံခါးကို ချိတ်ပိတ်လိုက်ကြပြီး နှစ်ယောက် လက်မှတ်ထိုးခဲ့ကြပါတယ်။

ကိုလင်းနဲ့ ကျွန်တော် ဟီးသရိုးလေဆိပ်ကို ရောက်ခဲ့ကြပြီး ပဲရစ်သို့ သွားမယ့် ပထမဆုံးလေယာဉ်နဲ့ လိုက်ပါရမှာပါ။ လေယာဉ်ခရီးစဉ်တစ်လျှောက်လုံး ကျွန်တော့် နားထဲမှာ မင်းသမီးနဲ့ နောက်ဆုံးပြောခဲ့ကြတဲ့ စကားတွေကိုပဲ ပြန်လည်ကြားယောင်နေမိပါတယ်။ သူ့ရယ်သံကလေးတွေက ကျွန်တော့်နားထဲက မထွက်တော့ပါဘူး။ အိမ်ကိုပြန်ရောက်ရင် သားနှစ်ယောက်နဲ့ ကြည်ကြည်နူးနူး ရယ်တဲ့အသံ ကလေးများကလည်း ဒီတစ်သက်မှာ မေ့လို့ရတော့မှာ မဟုတ်ပါဘူး။

ကျွန်တော် သူ့ကို ဘယ်လိုပုံစံနဲ့ တွေ့ရမှာလဲ။ ကျွန်တော် ခံနိုင်ရည် ရှိပါ့မလား။ ပဲရစ်ဆိုတာ သူ ဘယ်တုန်းကမှ မသွားချင်ခဲ့တဲ့ နေရာပါ။ ဘာကြောင့်များလဲ။ ဘာကြောင့်များ ဒီလိုဖြစ်ရတာလဲ။ အင်္ကျီလိပ်ရေလက်ကြားကို ကော်ဖြတ်ပြီး

www.burmeseclassic.com



ကျွန်တော်တို့ ပြင်သစ်နိုင်ငံကို ရောက်ရှိခဲ့ပါပြီ။ လူစီယာကလည်း အမေရိကန် ပြည်ထောင်စုကနေ ပြင်သစ်သို့ ထွက်ခွာလာတဲ့ ပထမဆုံးလေယာဉ်နဲ့ ရောက်ရှိလာခဲ့ပါပြီ။

❑

ကျွန်တော့်အိမ်မှာတော့ မာရီယာက သားနှစ်ယောက်ကို နှိုးလိုက်ပြီး သူတို့ အင်မတန်ချစ်တဲ့ ဒိုင်ယာနာ ကွယ်လွန်သွားပြီဖြစ်ကြောင်း အသိပေးလိုက်ပါသတဲ့။ ကလေးတွေက အိပ်ရာထဲမှာ ငုတ်တုတ်ထထိုင်ကြပြီး ဘာမှမပြောနိုင်ကြဘူးတဲ့။ အသက် ၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ နှစ်ခ်က သူ့အသည်းတွေ ပေါက်ထွက်မတတ် ငိုကြွေးရှာတယ်။ 'ကျွန်တော့်ကို သလင်းစက်ရုံ ခေါ်သွားမယ်ဆို။ ကျွန်တော့်ကို ခေါ်သွားမယ်လို့ ကတိပေးထားတာ' လို့ ပြောပြောပြီး ငိုနေတာတဲ့။

အဲဒီ တနင်္ဂနွေနေ့က မာရီယာလည်း အဝတ်လဲချိန်တောင် မရလောက်အောင် တယ်လီဖုန်းတွေက ဆက်တိုက်ဝင်နေတာလို့ ဆိုပါတယ်။

ပဲရစ်ကို ကျွန်တော် ရောက်ချိန်မှာတော့ ကျွန်တော် လုပ်ရမယ့်အလုပ်တွေ၊ မင်းသမီး လုပ်စေချင်မယ့် အလုပ်တွေကို ဆက်တိုက်လုပ်ရပါတော့တယ်။

❑

မျက်စိမျက်နှာ မကောင်းတဲ့ ပြင်သစ်နိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး ဆာမိုက်ကယ်လ်ဂျေးနဲ့ သူ့ဇနီးဆေလ်ဗီယာတို့က ဗြိတိသျှသံရုံးကနေ ဆီးကြိုပါတယ်။ သူတို့ဧည့်ခံတဲ့ ကော်ဖီကို သောက်ပြီးချိန်မှာ ကျွန်တော်က သံအမတ်ကြီးကို တိုးတိုးတိတ်တိတ် ပြောလိုက်မိတယ်။ 'ခုချိန်မှာ မင်းသမီးကို အဝတ်စတစ်စနဲ့ လွှမ်းထားမယ်လို့ ကျွန်တော် ထင်တယ်။ အဲဒီလိုမျိုးကို မင်းသမီးက ကြိုက်မှာမဟုတ်ဘူး' လို့ ပြောမိတာပါ။ ဒီအခါ သံအမတ်ကြီးကတော်က ကျွန်တော့် ဆိုလိုရင်းကို နားလည်စွာနဲ့ 'ကျွန်မနဲ့ လိုက်ခဲ့ပါ။ ကျွန်မတို့ တစ်ခုခု လုပ်ကြတာပေါ့' လို့ ဆိုပါတယ်။

သံအမတ်ကြီးကတော်က အဆောင်ဆောင် အခန်းခန်းရှိတဲ့ သံအမတ်ကြီး နေအိမ်ထဲက အခန်းတစ်ခန်းထဲကို ခေါ်သွားပါတယ်။ အဲဒီအခန်းထဲမှာ လူဝီဘုရင်(၁၄) လက်ထက်က ပုံစံအတိုင်း ဖွဲ့စည်းထားတဲ့ ဗီရိုကြီးတစ်ခုကို ဖွင့်ပြပါတယ်။ 'ဒီဗီရိုထဲမှာ မင်းသမီးနဲ့ သင့်တော်မယ့် အဝတ်အစားရှိရင် ရှင်ကြိုက်တာ ရွေးယူပါ' လို့ ဆိုပါတယ်။

'အနက်ရောင်က အသင့်တော်ဆုံးဖြစ်မယ်လို့ ကျွန်တော် ထင်တယ်။ အရှည်ကတော့ ဒူးဖုံးလောက် ဖြစ်ရမယ်။ လည်ပင်းပေါက်က နည်းနည်းကျယ်ရမယ်' လို့



ကျွန်တော်က ရှင်းပြတော့ သံအမတ်ကြီးကတော်က ကျွန်တော့်ကန့်သတ်ချက်နဲ့ ကိုက်ညီမယ့် အဝတ်အစားတွေကို ရွေးပါတယ်။ ကံအားလျော်စွာ သိုးမွေးနဲ့ချုပ်ထားတဲ့ အနက်ရောင် ကောက်တေးလ်ဝတ်စုံတစ်ခုကို စိတ်တိုင်းကျရပါတယ်။ 'အဲဒီအင်္ကျီ ကျွန်တော် ကြိုက်တယ်' လို့ ပြောပြီး ရွေးလိုက်ကြပါတယ်။ ဖိနပ် ရွေးဖို့ လိုသေးတဲ့အတွက် ကျွန်တော် သယ်လာတဲ့ မင်းသမီးရဲ့အိတ်ထဲက အနက်ရောင်ရှူးဖိနပ်ကိုပဲ ထုတ်လိုက်ပါတယ်။ လိုချင်တဲ့ ပစ္စည်းတွေ ပြည့်စုံသွားပြီဆိုတော့ မင်းသမီးရှိမယ့် ဆေးရုံကိုသွားဖို့ပဲ လိုအပ်ပါတယ်။ ဗြိတိသျှသံရုံးက ကားနဲ့ လိုက်ပို့တော့ သံရုံးနဲ့ မနီးမဝေးမှာရှိတဲ့ ဆေးရုံကို ရောက်ခဲ့ကြပါတယ်။ ရှစ်ထပ်ရှိတဲ့ ဆေးရုံအဝင်ဝကို ရောက်တော့ မင်းသမီးရဲ့အလောင်းကို တွေ့ပြီးဖြစ်တဲ့ သံအမတ်ကြီးကတော်က ကျွန်တော့်လက်ကို ညှစ်လိုက်ပါတယ်။ 'စိတ်ခိုင်ခိုင်ထားနော် ပေါလ်' လို့လည်း သတိပေးပါတယ်။

ကျွန်တော် လျှောက်လှမ်းနေရတဲ့ ဆေးရုံကြီးရဲ့ စင်္ကြံတစ်လျှောက်လုံးမှာ ဘယ်သူ့ကိုမှ မတွေ့ပါဘူး။ ကြည့်ရတာကတော့ အားလုံးကို ရှင်းထားပုံရပါတယ်။ ဒုတိယထပ်ရောက်တော့ ဓာတ်လှေကားအတွင်းကို ခေါ်သွားပါတယ်။ ဆရာဝန်များနဲ့ ဖွေးဖွေးလှုပ်နေတဲ့ ဆေးရုံကြီးမှာ သူနာပြုဆရာမများကလည်း အပြေးအလွှားပါပဲ။ ရဲတပ်သားများကလည်း မတ်တတ်ရပ်လျက် သတိအနေအထားနဲ့ စောင့်ကြပ်နေကြပါတယ်။ အင်္ဂလိပ်စကားတစ်ဝက်၊ ပြင်သစ်စကားတစ်ဝက်နဲ့ ခွဲစိတ်ဆရာဝန်ကြီးက ကျွန်တော့်ကို မင်းသမီးနဲ့ပတ်သက်ပြီး ရှင်းလင်းပြောပြပါတယ်။ သူ့အနေနဲ့ အစွမ်းကုန် ကြိုးစားခဲ့ပေမယ့် ဘယ်လိုမှ မကယ်လိုက်နိုင်ကြောင်း ပြောပြပါတယ်။ သူ ရှင်းလင်းပြောပြအပြီးမှာ စင်္ကြံတစ်ခုကို လျှောက်သွားရပြန်ပါတယ်။ ဝဲယာမှာရှိနေတဲ့ အခန်းအားလုံးက ဘာမှမရှိဘဲ အလွတ်တွေချည်းပါပဲ။ စင်္ကြံအဆုံးမှာတော့ အခန်းတစ်ခန်းရှိပြီး အစောင့်အကြပ် နှစ်ဦးသာ စောင့်ကြပ်နေကြပါတယ်။ ဒီအခန်းထဲမှာတော့ ကျွန်တော့် ရွှေမင်းသမီး ရှိနေပြီလို့ ခန့်မှန်းလိုက်ပါတယ်။

ရဲတပ်ဖွဲ့ဝင်များကို ဖြတ်ကျော်ပြီး အခန်းထဲကို ဝင်လိုက်ကာ ညာဘက်ကို ချိုးကွေ့ရပြန်ပါတယ်။ အဲဒီမှာ ရိုမန်ကက်သလစ် ဘုန်းတော်ကြီးတစ်ပါးနဲ့ မိတ်ဆက်ပေးပါတယ်။ Father Clochard Bossuet လို့ ဆိုပါတယ်။ မင်းသမီးအတွက် ကျမ်းစာရွတ်ဖတ်ပေးခဲ့ကြောင်း၊ ရေစဉ်များလည်း ဖျန်းပက်ပေးခဲ့ကြောင်း ဘုန်းတော်ကြီးက ပြောပြပါတယ်။ ဘုန်းတော်ကြီးက မိန့်ကြားနေစဉ်မှာ ကျွန်တော့် စိတ်တွေက အတိတ်ကို ပြန်ရောက်သွားခဲ့ပါတယ်။ ကျွန်တော်နဲ့ မင်းသမီးတို့

www.burmeseclassic.com

www.burmeseclassic.com



Kensington Church Street မှာရှိတဲ့ Carmelite Church ကို အတူတကွ ရောက်ခဲ့ကြစဉ်က ဖယောင်းတိုင်မီးတွေ အတူတကွ ပူဇော်ခဲ့ကြပြီး ဘုရားသခင်ထံ အတူတူ ဆုပန်ခဲ့ကြဖူးပါတယ်။

ပဲရစ်မှာ ကိုလင်းနဲ့ ကျွန်တော် ကော်ပီသောက်ရင်း ဘုန်းတော်ကြီးများကို စောင့်ဆိုင်းနေရပါတယ်။ သူနာပြုဆရာမအုပ်ဖြစ်တဲ့ ဘိယာထရိုက်စ်ဟမ်းဘာတ်က အခန်းထဲကို ဝင်လာပါတယ်။ သူလည်း ကုတ်အဖြူဝတ်ထားတာပါ။ အချိန်အားဖြင့် နံနက် ၁၁ နာရီ ရှိပါပြီ။ ဆရာမကြီးက မကြာခင် မင်းသမီးကို ကျွန်တော်တို့ တွေ့ရတော့မှာပါလို့ ဆိုပါတယ်။ ဆရာမကြီးက လူကောင် သေးသေးဖြစ်ပြီး သေသေသပ်သပ် ဝတ်စားဆင်ယင်ကာ တိတိကျကျ လုပ်တတ်တဲ့ပုံစံ ပေါ်ပါတယ်။ ကျွန်တော်တို့က ရင်ထဲမှာ မီးလောင်နေသလို အပူမီးတွေနဲ့ ဖုတ်ပူမီးတိုက် ဖြစ်နေပေမယ့်သူကတော့ သွေးအေးအေးနဲ့ သူ လုပ်စရာရှိတာကို ပုံမှန်လုပ်ဆောင်နေတာပါ။

ဒါကြောင့် ကျွန်တော်က 'ကျွန်တော့်အနေနဲ့ မင်းသမီးကို တွေ့ရမယ်ဆိုရင်လည်း ချောင်းကြည့်ပေါက်က ခဏလေး ချောင်းကြည့်ရတဲ့အဖြစ်မျိုးတော့ မဖြစ်ပါရစေနဲ့။ ပြီးတော့ ကျွန်တော်တစ်ယောက်တည်းသာ မဟုတ်ပါဘူး။ ကြည့်သင့်ကြည့်ထိုက်တဲ့သူတွေ ကျွန်တော်နဲ့အတူ ဝင်ခွင့်ပြုပါ' လို့ ပြောလိုက်တော့ ဆရာမကြီးက ကျွန်တော် သောကရောက်နေတယ်ဆိုတာကို နားလည်ပါတယ်။ ကျွန်တော်တို့ဝင်မယ့် အခန်းထဲကို တခြားသူတွေ မဝင်နိုင်အောင် စီစဉ်ထားပါတယ်။

ဝင်ခွင့်ရပြီဆိုတဲ့အချိန်မှာ ကျွန်တော် ဘယ်လိုရပ်လိုက်မိမှန်းတောင် မသိလိုက်ပါဘူး။ ဆရာမကြီးက ကျွန်တော့်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး ကိုလင်းက ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်ထားပါတယ်။ အစောင့်နှစ်ယောက်ကို ကျော်ဖြတ်ပြီး ဝင်သွားချိန်မှာ သူတို့က အလေးပြုပြီး ကျနရစ်ခဲ့ကြပါတယ်။ အလင်းရောင် မှုန်ပျပျသာရှိတဲ့ အခန်းတစ်ခုထဲကို ဝင်လိုက်ကြပါတယ်။ အခန်းထဲမှာရှိတဲ့ အလင်းရောင်က ပိတ်ကာထားတဲ့ ခန်းဆီးများကတစ်ဆင့် ဝင်ရောက်လာတဲ့ အလင်းရောင်များသာ ဖြစ်ပါတယ်။ ခပ်မှိန်မှိန် မီးလုံးတစ်လုံးကိုလည်း ထွန်းထားပါတယ်။ အဲဒီအခန်းထဲမှာ အမျိုးသားတစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက်တို့က ယန်းပုရုပ်များသဖွယ် အခန်းထောင့်မှာ မလှုပ်မယှက် ရပ်နေကြပါတယ်။ တိတ်ဆိတ်နေတဲ့အခန်းထဲမှာ ပန်ကာကြီးတစ်ခုရဲ့ လည်ပတ်နေတဲ့အသံသာ တိုးတိုးညင်သာ ရှိနေပါတယ်။

ကျွန်တော် တွေ့လိုက်ရပါပြီ။ နှစ်ပေါင်းများစွာ ကျွန်တော် အနီးကပ် ပြုစု



စောင့်ရှောက်ခဲ့ရတဲ့ ရွှေမင်းသမီးက ခုတင်တစ်လုံးပေါ်မှာ လဲလျောင်းနေပါတယ်။ အဖြူရောင်ပိတ်စတစ်ခုက မင်းသမီးရဲ့ လည်ပင်းအထိ ဖုံးလွှမ်းထားပါတယ်။ သူ့ကို ကျွန်တော် ငုံ့ကြည့်တဲ့အချိန်မှာ ဆရာမကြီးက ကျွန်တော် လဲကျမသွားအောင်လို့ ကျွန်တော့်ခန္ဓာကိုယ်ကို ထိန်းထားရှာတယ်။ ကိုလင်းက နောက်ကနေ သိုင်းဖက်ထားပြီး ကျွန်တော့်ကို ထိန်းထားပါတယ်။ ကျွန်တော် မင်းသမီးအနားမှာ ရှိနေရမှာပါ။

အခြေအနေအရပ်ရပ်ကို မျက်ဝါးထင်ထင် ကျွန်တော် မြင်တွေ့လိုက်ရတဲ့အတွက် ငိုရှိုက်လိုက်မိပါတယ်။ ခုတင်နားကို ကပ်သွားပြီး တစ်သက်လုံး ရှင်ပြုံးနေခဲ့တဲ့ အပြာရောင် မျက်ဝန်းများကို နောက်တစ်ကြိမ် ပြန်လည်မြင်တွေ့နိုင်အောင်လို့ ကျွန်တော် ဆွဲဖွင့်လိုက်ချင်ပါတယ်။ အိပ်ပျော်နေသလို ရှိနေတဲ့ မင်းသမီး ရယ်ပြပါဦးလားလို့ ကျွန်တော် တမ်းတမိပါတယ်။ ကျွန်တော် မြင်တွေ့နေရတဲ့ မြင်ကွင်းကို ဒီထက်ပိုပြီး အသေးစိတ်ပြောလို့ မကောင်းတော့ပါဘူး။ မင်းသမီးရဲ့ ပုံစံအနေအထား ဘယ်လိုပဲ ဖြစ်နေပါစေ၊ ကျွန်တော် ထွေးပွေ့ထားချင်ပါတယ်။ သူ့ဝေဒနာတွေကို ကျွန်တော် မျှဝေခံစားလိုက်ချင်ပါတယ်။ တစ်ခန်းလုံးကို လှည့်ပတ် အအေးဓာတ်ပေးနေတဲ့ ပန်ကာလေက ကျွန်တော်တို့ဘက်ကို ဖြည်းညင်းစွာ တိုက်ခတ်လာတဲ့အတွက် မင်းသမီးရဲ့ မျက်တောင်ကလေးများ လှုပ်သွားသလို ကျွန်တော့်စိတ်မှာ ထင်လိုက်မိပါတယ်။ ကျွန်တော် သူ့မျက်လုံးတွေကို ဆွဲဖွင့်လိုက်ချင်ပါတော့တယ်။

စိတ်ကိုထိန်းပြီး အခန်းထဲကို လှည့်ပတ်ကြည့်လိုက်တော့ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ်နဲ့ ပြင်သစ်သမ္မတနဲ့ဇနီးတို့က ပို့ထားတဲ့ နှင်းဆီပန်း နှစ်ဒါဇင်ကလွဲရင် ဘာမှမရှိပါဘူး။ သူ့အနားမှာ ရှိနေစဉ် ကျွန်တော် စိတ်ဓာတ်ခွန်အားမြင့်တက်လာခဲ့ရတာကတော့ ကျွန်တော့်ဘော့စ် ကျွန်တော့်ကို မွေးမြူပေးခဲ့တဲ့ စိတ်ဓာတ်ပါပဲ။ ဘော့စ်က ဘယ်တော့မှ သေခြင်းတရားကို မကြောက်ရွံ့ပါဘူး။ ၁၉၉၁ ခုနှစ်တုန်းက သူ့မိတ်ဆွေဖြစ်တဲ့ Adrian Ward Jackson ကွယ်လွန်ခါနီး အချိန်မှာ ဘော့စ်က အနီးကပ် ပြုစုနေခဲ့ပြီး အသက်ကုန်မယ့်အချိန်ကိုလည်း စောင့်နေခဲ့တာပါ။ အဲဒီကအစ ဘော့စ်ဟာ သေခြင်းတရားကို မကြောက်ရွံ့တော့ဘူးလို့ ထင်ပါတယ်။ 'လူတစ်ယောက် သေသွားပြီဆိုရင် သူ့ဝိညာဉ်က သူ့ခန္ဓာကိုယ်ရဲ့ မလှမ်းမကမ်းမှာရှိနေပြီး ပတ်ဝန်းကျင်က လူတွေ ဘာလုပ်နေတယ်ဆိုတာ စောင့်ကြည့်နေတတ်တယ် ပေါလ်ရဲ့' လို့လည်း ပြောခဲ့ဖူးပါတယ်။ ဒီစကားတွေဟာ ကျွန်တော့်ကို နှစ်သိမ့်တဲ့စကား ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့်

www.burmeseclassic.com



ဒီစကားများကြောင့်သာ ကျွန်တော်ဟာ သူ့အနားမှာ ရဲရဲဝံ့ဝံ့ နေရဲခြင်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ ခုဆိုရင် ကျွန်တော့်ဘော့စ်ရဲ့ ဝိညာဉ်က မလှမ်းမကမ်းမှာ သူ့ခန္ဓာကိုယ်နဲ့အတူ ရှိနေမှာပါ။

ကျွန်တော် မျက်ရည်တွေကို သုတ်သိမ်းလိုက်ပြီး ခွန်အားတွေ စုစည်းလိုက်ပါတယ်။ ပြီးတော့မှ ဆရာမကြီးကို ကျွန်တော် ဘော့စ်အတွက် ယူဆောင်လာတဲ့ အင်္ကျီနဲ့ ရှူးဖိနပ်များ အပ်နှံကာ ဝတ်ဆင်ခိုင်းလိုက်ပါတယ်။ ကင်စတန်နန်းတော်ကတည်းက ယူခဲ့တဲ့ နှုတ်ခမ်းနီဆိုးဆေးနဲ့ Powder Puff ကိုလည်း အပ်လိုက်ပါတယ်။ နောက်ဆုံးအနေနဲ့ မာသာထရီစာ ပေးခဲ့တဲ့ စိပ်ပုတီးလေးကို အိတ်ထဲက ထုတ်လိုက်ပြီး 'ကျေးဇူးပြုပြီး ဒီစိပ်ပုတီးလေးကို မင်းသမီးရဲ့လက်မှာ ပတ်ပေးပါလားခင်ဗျာ' လို့ မေတ္တာရပ်ခံခဲ့ပါတယ်။

ကျွန်တော် လုပ်စရာ အလုပ်တစ်ခု ကျန်ပါသေးတယ်။ ရစ်ဇ်ဟိုတယ်ကို သွားပြီး မင်းသမီးကျန်ရစ်တဲ့ ပစ္စည်းတွေကို သိမ်းရဦးမှာပါ။ ကိုလင်းကတော့ သူကိုယ်တိုင် မင်းသမီးအတွက် ခံစားရတဲ့သောကကို ကြိတ်မှိတ်ခံစားရင်း ကျွန်တော့်ကို ဖြေသိမ့်နေတဲ့ကြားကပဲ ရစ်ဇ်ဟိုတယ်သို့ သွားဖို့ စီစဉ်ပြီးပါပြီ။ ဟိုတယ်ကလည်း သိပ်မဝေးလှပါဘူး။ အချိန်တိုအတွင်းမှာပဲ ကျွန်တော်တို့ ရစ်ဇ်ဟိုတယ်ရဲ့ ညွှန်ကြားကောင်တာရှေ့ကို ရောက်ခဲ့ကြပါတယ်။ ကျွန်တော်က မစ္စတာအယ်လ်ဖာရက်ဒ်နဲ့ တွေ့ခွင့်ရဖို့ အကြောင်းကြားပြီး ကျွန်တော့်အနေနဲ့ မင်းသမီးကျန်ရစ်တဲ့ ပစ္စည်းများကို တာဝန်ယူသိမ်းဆည်းဖို့ လာရောက်ခြင်း ဖြစ်ကြောင်း ပြောကြားလိုက်ပါတယ်။ ညွှန်ကြားကောင်တာမှ တာဝန်ရှိသူက မစ္စတာအယ်လ်ဖာရက်ဒ် အပေါ်ထပ်မှာရှိကြောင်း၊ ခဏထိုင်စောင့်ဖို့ ပြောကြားတဲ့အတွက် ၄၅ မိနစ်လောက် ကျွန်တော် စောင့်ခဲ့ပါတယ်။ ဒါပေမယ့် တွေ့ခွင့်မရဘဲ မစ္စတာအယ်လ်ဖာရက်ဒ် အလုပ်အလွန်များနေကြောင်း၊ မင်းသမီးရဲ့ ပစ္စည်းများကိုလည်း သူ့အစီအစဉ်နဲ့သူ အင်္ဂလန်နိုင်ငံသို့ ပြန်ပို့လိုက်ပြီဖြစ်ကြောင်း အကြောင်းပြန်ကြားချက်သာ ရရှိခဲ့ပါတယ်။

ကျွန်တော်တို့ ဆေးရုံကို ပြန်ခဲ့ကြပါတယ်။ ဆေးရုံမှာ မင်းသမီး ကွယ်လွန်ကြောင်း သတင်းကြားပြီးဖြစ်တဲ့ စာနယ်ဇင်းများက သတင်းလာယူနေ ကြပါပြီ။ ကိုလင်းနဲ့ ကျွန်တော် နှစ်ယောက်သား ဘုန်းတော်ကြီးနဲ့ တွေ့ခဲ့တဲ့ အခန်းမှာ ထိုင်လိုက်ကြပါတယ်။ မကြာခင်မှာပဲ ဘေးနားမှာရှိတဲ့ စားပွဲပေါ်က တယ်လီဖုန်း မြည်လာပါတယ်။ ဒီအသံက ကျွန်တော် ကြားနေကျအသံပါ။ ဘာမိုရယ်လ်စံအိမ်ကနေ ဆက်လိုက်တဲ့ အိမ်ရှေ့မင်းသား ချားလ်စ်ရဲ့အသံပါ။



'ပေါလ် နေကောင်းရဲ့လား' လို့ မေးပါတယ်။

'နေကောင်းပါတယ် မင်းသား၊ ကျေးဇူးတင်ပါတယ်' လို့ ပြန်ကြားလိုက်မိပါတယ်။ နောက်မှ ကျွန်တော့်စကားကို ကျွန်တော် ပြန်သုံးသပ်ပြီး တော်တော်အသုံးမကျတဲ့ ငါပါလားလို့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေမိပါတယ်။ ဒီလိုအခြေအနေမျိုးမှာ သူ့ကို ကျေးဇူးတင်နေစရာ မလိုပါဘူး။

'ပေါလ်... ပြင်သစ်ကနေ ကျွန်တော်တို့နဲ့အတူ ဘုရင်မလေယာဉ်နဲ့ ခင်ဗျား ပြန်လိုက်လာရမယ်။ ကျွန်တော်နဲ့အတူ ဒိုင်ယာနာရဲ့ အစ်မတော် နှစ်ယောက်ဖြစ်တဲ့ ဂျိန်းနဲ့ဆာရာလည်း လိုက်လာကြမယ်။ ကျွန်တော်တို့ အဲဒီကို ညနေ ၆ နာရီလောက် ရောက်လိမ့်မယ်' လို့ ဆိုပါတယ်။

ကျွန်တော် စကားဖြတ်ပြီး ဖုန်းချတော့မယ့်အချိန်မှာ မင်းသားထံက စကားတစ်ခွန်း ကြားလိုက်ရပြန်ပါတယ်။ 'ဝီလျံနဲ့ ဟယ်ရီတို့ကလည်း ခင်ဗျားကို ကျေးဇူးတင်ကြောင်း ပြောကြပါတယ်။ မယ်တော်ဘုရင်မကြီးကလည်း ခင်ဗျားနဲ့ ထပ်တူ ကြေကွဲဝမ်းနည်းပါကြောင်း ပြောလိုက်ပါတယ်' တဲ့။

သူ ဖုန်းချသွားပြီးတဲ့နောက် မင်းသမီးကို နောက်တစ်ကြိမ် ထပ်တွေ့လိုတဲ့ဆန္ဒတွေ ကျွန်တော့်ရင်ထဲမှာ တဖွားဖွား ပေါ်ပေါက်လာတာကြောင့် ဆရာမကြီးကိုပဲ နောက်တစ်ကြိမ် ကြည့်ပါရစေလို့ တောင်းခံလိုက်ရပါတယ်။ ပထမတစ်ကြိမ်တုန်းက မမျှော်လင့်တဲ့ မြင်ကွင်းတွေကြောင့် အလွန်အမင်း စိတ်ထိခိုက်ခဲ့ရတာ ဖြစ်ပေမယ့် ဒီတစ်ကြိမ်မှာတော့ ဘာမြင်ရလိမ့်မယ်ဆိုတာ မျှော်လင့်ပြီးသား ဖြစ်တဲ့အတွက် ကျွန်တော့်ကိုယ် ကျွန်တော် ထိန်းနိုင်မှာပါ။ ဒီတစ်ကြိမ် ဝင်သွားတဲ့အချိန်မှာတော့ မင်းသမီးက အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားပြီး ရှူးဖိနပ်အနက်လည်း စီးထားပါတယ်။ လက်ထဲမှာလည်း မာသာထရီစာ ပေးခဲ့တဲ့ စိပ်ပုတီးလေးက ပတ်ထားသေးရဲ့။

အဲဒီနေ့ ညနေမှာ ချားလ်စ်မင်းသား ရောက်လာပါတယ်။ ကျွန်တော်တို့ နှစ်ယောက် မျက်နှာချင်းဆိုင်လိုက်တဲ့အချိန်မှာ နှစ်ယောက်စလုံး ခံစားနေရတဲ့ ဝမ်းနည်းကြေကွဲမှုတွေက ဖော်ပြလို့ မရနိုင်လောက်အောင်ပါပဲ။ ကျွန်တော်နဲ့ ယှဉ်ရပ်လိုက်ပြီး မင်းသားက ကျွန်တော့်ပခုံးကို ဖက်ကာ 'နေကောင်းတာ သေချာရဲ့လား ပေါလ်' လို့ မေးလာပါတယ်။ ကျွန်တော် စိတ်ကိုထိန်းပြီး ခေါင်းတစ်ချက်ညိတ်ပြလိုက်ရပါတယ်။

ဒိုင်ယာနာရဲ့ အစ်မတော်များဖြစ်တဲ့ ဂျိန်းနဲ့ဆာရာတို့က ကျွန်တော့်ကို မြင်လိုက်တဲ့အချိန်မှာ ပြေးလာကြပြီး ဖက်လိုက်ကြကာ ရှိုက်ကြီးတငင် ငိုကြွေး

www.burmeseclassic.com



ကြပါတယ်။ ပြင်သစ်ကနေ အင်္ဂလန်နိုင်ငံကိုပြန်တဲ့ အပြန်ခရီးမှာတော့ ဝင်ဆာမျိုးနွယ်တစ်ယောက်၊ စပင်ဆာမျိုးနွယ်နှစ်ယောက်နဲ့ ဘတ္တလာအိုးတစ်ယောက် တစ်ယောက်ကို တစ်ယောက် အားပေးနှစ်သိမ့်ကြရင်း မျက်ရည်သိမ်းခဲ့ကြပါတယ်။

❏

ညနေ ၆ နာရီသာသာလောက်မှာ အခန်းထဲကို ကျွန်တော် နောက်ဆုံးအချိန်အဖြစ် ဝင်ခဲ့ပြန်ပါတယ်။ မင်းသမီးရဲ့ အလောင်းက ခေါင်းတစ်ခုထဲမှာ ထည့်ထားပြီးပါပြီ။ ဒီကိစ္စနဲ့ပတ်သက်ပြီး အတ္တလန္တိတ်သမုဒ္ဒရာ ဟိုဘက်ဒီဘက်မှာရှိတဲ့ နိုင်ငံများက ထုတ်ဝေတဲ့ စာနယ်ဇင်းများမှာ အမျိုးမျိုး ရေးသားကြပါတယ်။ သူတို့ရေးသားချက်က မင်းသမီးက ကျွန်တော့်ကို မှာခဲ့ကြောင်း၊ သူ့အလောင်းကို ထည့်မယ်ဆိုရင် မျက်နှာတည့်တည့်နေရာမှာ မှန်နဲ့ခေါင်းမှာ ထည့်ပါလို့ မှာခဲ့သတဲ့။ အမှန်ကတော့ ဒီလိုစကားမျိုး ဘယ်တုန်းကမှ မပြောခဲ့ပါဘူး။ မင်းသမီးရဲ့အလောင်းကို မီးခိုးရောင်ခေါင်းတစ်ခုမှာ ထည့်ခဲ့ပါတယ်။ အဲဒီခေါင်းမှာတော့ မျက်နှာတည့်တည့်နေရာမှာ မှန်တပ်ထားပါတယ်။ ပြီးတော့မှ ပြင်သစ်နိုင်ငံလုပ် ဝက်သစ်ချအသားနဲ့ လုပ်ထားတဲ့ ခေါင်းထဲကို ထပ်ထည့်ပါတယ်။ ပထမခေါင်းမှာ မှန်တပ်ထားခြင်းက ပြင်သစ်နိုင်ငံရဲ့ အကောက်ခွန်ဥပဒေအရ စစ်ဆေးမယ်ဆိုရင် စစ်ဆေးလို့ရအောင် မှန်တပ်ထားခြင်း ဖြစ်တယ်လို့ ရှင်းပြကြပါတယ်။

ဘုရင်မလေယာဉ် BAe 146 လေယာဉ်ကြီးနဲ့ မင်းသမီးရဲ့ခေါင်းကိုတင်ပြီး ချားလ်စ်မင်းသား၊ ကိုလင်းတာဘတ်၊ လေဒီဂျိန်း၊ လေဒီဆာရာတို့နဲ့အတူ ကျွန်တော် လိုက်ပါလာခဲ့ပါတယ်။ ကျွန်တော်က မခ်ဘိုလန်ရဲ့နံဘေးမှာ ထိုင်ပါတယ်။ သူက ချားလ်စ်မင်းသားရဲ့ ကိုယ်ရေးအတွင်းရေးမှူးပါ။ သူ့ကို မင်းသမီးက 'ဝတ်စုံဝတ်ထားတဲ့ သစ်သီး'လို့ ခေါ်လေ့ရှိပါတယ်။ သူဟာ နောင်မှာ ချားလ်စ်မင်းသားနဲ့ ကယ်မီလာပါကာဘိုးလ်စ်တို့အကြား အောင်သွယ်တော်ဖြစ်ခဲ့ပြီး ဒီအကြောင်းကို စာနယ်ဇင်းများက မဖွအောင် ထိန်းသိမ်းနိုင်ခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။ သူ့ဘာကြောင့် လေယာဉ်ပေါ် ပါလာမှန်း ကျွန်တော် မသိပေမယ့် စကားတစ်ခွန်းမှ မပြောဖြစ်ခဲ့ပါဘူး။ လေယာဉ်ပျံသန်းနေစဉ်အတွင်း လက်ဖက်ရည်လာတိုက်တော့ ကျွန်တော် မသောက်နိုင်ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ထိုင်ခုံများရဲ့အောက် ကုန်စည်များထားတဲ့နေရာမှာ မင်းသမီး ရှိနေတယ်ဆိုတာ သိနေတဲ့အတွက် လက်ဖက်ရည်ကို မျိုလို့ မကျပါဘူး။ ဒီတစ်ခါ သယ်ဆောင်လာတဲ့ ကုန်စည်က အဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုးကြီးမားလှပါတယ်။

လေယာဉ်ပျံကြီးက ဘုရင်မလေတပ်မတော် လေယာဉ်ကွင်းရှိရာ လန်ဒန်



အနောက်ပိုင်းက Northolt မှာ ဆင်းသက်ပါတယ်။ လေယာဉ်ပေါ်က ဆင်းသက်လိုက်တယ်ဆိုရင်ပဲ သိမထိလေ့ကားထစ်များကတစ်ဆင့် ကျွန်တော်တို့ ဆင်းသက်လိုက်တဲ့အချိန်မှာ ပူနွေးတဲ့ လေတိုက်သွားတာကြောင့် ပါလာသူအားလုံးရဲ့ ဆံပင်များ ဖရိုဖရဲ ဖြစ်ကုန်ကြပါတယ်။ လန်ဒန်ရဲ့ညနေခင်း နေမင်းကြီးကတော့ အရွှမ်းကုန် တောက်ပနေဆဲပါ။ ကျွန်တော်တို့အားလုံး လေယာဉ်ကွင်းရဲ့အစွန်မှာ တန်းစီပြီး ရပ်လိုက်ကြပါတယ်။ လေတပ်မတော်သား ၈ ဦးတို့က လေယာဉ်ဝမ်းဗိုက်အတွင်းမှာ သယ်ဆောင်လာတဲ့ မင်းသမီးရဲ့ခေါင်းကို ထုတ်ယူလိုက်ကြပြီး နိုင်ငံတော်အလံခေါင်းပေါ်ကို လွှမ်းခြုံကာ အနေးလျှောက်နဲ့ သယ်ဆောင်လာခဲ့ကြပါပြီ။ ဒိုင်ယာနာရဲ့ခေါင်း ဖြတ်ကျော်သွားပြီးချိန်မှာ ချားလ်စ်မင်းသားက သားတော်နှစ်ပါးဖြစ်တဲ့ ဝီလျံနဲ့ ဟယ်ရီတို့ ရှိနေမယ့် မြောက်ဘက်ကို ထွက်ခွာသွားပါတယ်။ အစ်မတော်နှစ်ပါးနဲ့ ဘတ္တလာအိုးတို့ကတော့ သူတို့ ချစ်မြတ်နိုးခဲ့တဲ့ မင်းသမီးရဲ့ခေါင်း သွားရမယ့်နေရာမှန်ကို ရောက်မရောက် စောင့်ကြည့်နေခဲ့ကြပါသေးတယ်။ ပထမဦးစွာ အသုဘများ ပြင်ဆင်မယ့်နေရာကို သွားရပါမယ်။ အဲဒီကမှတစ်ဆင့် စိန့်ဂျိမ်းစ်နန်းတော်မှာရှိတဲ့ Chapel Royal ဘုရားရှိခိုးကျောင်းကို ပို့ဆောင်ကြမှာပါ။

ကျွန်တော်တို့သုံးယောက် စီးလာတဲ့ ကားသုံးစီး ဒိုင်ယာနာ့ခေါင်း သယ်ဆောင်လာတဲ့ ကားနောက်ကနေ လိုက်ပါလာပြီး လန်ဒန်မြို့လယ်ခေါင်ကို ဦးတည်ခဲ့ကြပါတယ်။ ကျွန်တော့်မြင်ကွင်းမှာ မှုန်ဝါးဝါး ဖြစ်နေခဲ့တဲ့အရာတွေဟာ ခုတော့ ကြည်လင်ပြတ်သားလာခဲ့ပါပြီ။ ကျွန်တော်တို့ ကားတန်းကို မြင်လိုက်တာနဲ့ လန်ဒန်မြို့ လမ်းမကြီးများပေါ်မှာ မောင်းနှင်နေကြတဲ့ ကားအားလုံး ရပ်တန့်သွားကြပြီး လမ်းဘေးဝဲယာမှာ စောင့်ကြည့်နေကြပါတယ်။ တကယ်ဆိုရင် ဒီလမ်းမကြီးဟာ မော်တော်ယာဉ်များ အသွားအလာ စည်ကားတဲ့နေရာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ကားသုံးစီးရဲ့ရှေ့မှာ ဒိုင်ယာနာရဲ့ ရုပ်အလောင်းပါလာတယ်ဆိုတာကို သိကြတဲ့အတွက် မော်တော်ယာဉ်များ ရပ်ဆိုင်းခြင်းအားဖြင့် လေးစားသမှုပြုကြခြင်းပါ။ မော်တော်ယာဉ်များ စက်သတ်လိုက်ကြပြီး ကားပေါ်မှဆင်းကာ မင်းသမီးကို အရိုအသေပေးကြသလို ယာဉ်မောင်းအားလုံး ဦးခေါင်းညွှတ်ကာ အရိုအသေပေးကြပါတယ်။ အခြေအနေကိုသိသွားကြတဲ့ ပြည်သူလမ်းသွားလမ်းလာများကလည်း လမ်းဘေးဝဲယာမှာ တန်းစီပြီး မင်းသမီးကို အလေးပြုနေကြပါပြီ။ တချို့ပုဂ္ဂိုလ်များရဲ့ လက်ထဲမှာ ပန်းစည်းတွေ၊ ပန်းပွင့်တွေ ကိုင်ထားကြပြီး တချို့ကတော့ ကျွန်တော်တို့ကားတွေ ဖြတ်မောင်းလာမယ့် လမ်းများပေါ်မှာ ပန်းများကို ကြဲဖြန့်နေကြပါတယ်။ ဒါတွေကို မင်းသမီးသာ မြင်ခွင့်ရမယ်ဆိုရင် ဘယ်လိုများ

www.burmeseclassic.com

www.burmeseclassic.com



ပြောမှာပါလိမ့်လို့ ကျွန်တော့်ရင်ထဲမှာ တွေးနေမိပါတယ်။ သူ့ကားသွားလို့ တခြားကားတွေရပ်ပြီး စောင့်ရတာမျိုးကို မင်းသမီးက ဘယ်တော့မှ မလိုလားခဲ့ပါဘူး။ 'ကျွန်မအတွက်ကြောင့် ဘယ်ကားမှ မရပ်ပါစေနဲ့။ ဘယ်တော့မှ မရပ်ကြပါနဲ့' လို့ အမြဲပြောခဲ့သူပါ။ ခုပုံစံကို သူသာ မြင်ခွင့်ရမယ်ဆိုရင် ပြည်သူတွေကို အားနာပြီး ကားထဲမှာ မျက်နှာမပြဝံ့ဘဲ ခွေခေါက်နေမယ် ထင်ပါရဲ့။

အသုဘ ပြင်ဆင်တဲ့နေရာကို ရောက်တဲ့အခါမှာတော့ နောက်ထပ်ပုဂ္ဂိုလ်တစ်ယောက်ကို ကျွန်တော် တွေ့ရပါတယ်။ အဲဒီပုဂ္ဂိုလ်ကတော့ မင်းသမီးရဲ့ ဆရာဝန်ဖြစ်တဲ့ ဒေါက်တာပီတာဝိုးလားပဲ ဖြစ်ပါတယ်။ ဒေါက်တာက ပါလာတဲ့ ကျွန်တော်တို့အားလုံးကို နှစ်သိမ့်စကားဆိုပြီး ကျွန်တော့်ကို သီးခြားခွဲထုတ်သွားပါတယ်။ ပဲရစ်မှာ ကျွန်တော်မြင်ခဲ့ရတဲ့ မြင်ကွင်းကြောင့် စိတ်ထိခိုက်နေတာကို သီးခြားနှစ်သိမ့်ပေးခြင်းပါ။ ဒေါက်တာက 'မင်းအနေနဲ့ အကောင်းဆုံးလုပ်သင့်တာကတော့ ခုနေခါမှာ အိပ်ရေးဝအောင် အိပ်ပစ်လိုက်ဖို့ပဲ' လို့ ဆိုတာကြောင့် ကျွန်တော် ခေါင်းညိတ်လိုက်ပါတယ်။ ကျွန်တော့်သခင်မ ကွယ်လွန်သွားချိန်မှာ ကျွန်တော် လုပ်ပေးစရာတွေ အများကြီး ရှိပါတယ်။ ဒီလိုအချိန်မျိုးမှာ ကျွန်တော် အိပ်နေသင့်ပါ့မလား။ ကျွန်တော် အိပ်နေချိန်မှာ ဒေါက်တာဝိုးလားကတော့ သူ့တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်နေမှာကိုတွေးပြီး ကျွန်တော် အိပ်လို့ ဘယ်ပျော်နိုင်ပါ့မလဲ။ ဒေါက်တာက 'ကဲ… ကိုယ်ကတော့ မင်းသမီးကို ခွဲစိတ်ကြည့်လိုက်ဦးမယ်။ လွယ်တော့ မလွယ်လှပါဘူးကွာ' လို့ ဆိုပါတယ်။

'ဘာဖြစ်လို့ နောက်တစ်ကြိမ် ခွဲစိတ်ရမှာလဲ။ ပဲရစ်မှာတုန်းကလည်း တစ်ကြိမ်ခွဲခံခဲ့ရပြီးပြီ'

'ပဲရစ်မှာ ခွဲစိတ်ခဲ့တယ်ဆိုတာက ပြင်သစ်ဥပဒေအရ ခွဲစိတ်ခဲ့တာ။ အခု ကိုယ်ထမ်းဆောင်ရမယ့် တာဝန်က ဗြိတိသျှအစိုးရရဲ့ တာဝန်အရ ခွဲစိတ် ရမှာဖြစ်တယ်၊ လုပ်ရမယ့် အလုပ်ကတော့ အတူတူပါပဲ' လို့ ဒေါက်တာဝိုးလားက ရှင်းပြပါတယ်။ အဲဒီလို ပြင်သစ်မှာတစ်ကြိမ်၊ လန်ဒန်မှာတစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် ခွဲစိတ်စစ်ဆေးခဲ့ကြပေမယ့် ကျွန်တော် ဒီစာအုပ်ကို ရေးနေတဲ့ ၂၀၀၃ ခုနှစ်အထိ စစ်ဆေးတွေ့ရှိချက်များနဲ့ပတ်သက်ပြီး ဘာကြေညာချက်မှ မထုတ်ပြန်တာကတော့ အံ့သြစရာပါပဲ။ မင်းသမီးရဲ့ ရုပ်အလောင်းကို အသုဘပြင်ဆင်တဲ့နေရာမှာ တစ်ညအိပ်ထားခဲ့ရပါတယ်။

နောက်တစ်နေ့မှာတော့ ကျွန်တော် သွားစရာနေရာ တစ်နေရာပဲ ရှိပါတယ်။ အဲဒါကတော့ ထုံးစံအတိုင်း ကင်စတန်နန်းတော်ပါ။ သခင်မရှိတဲ့ စံအိမ်မှာ



ဘဏ္ဍာစိုးက သူ့တာဝန်ကို ဆက်လက်ထမ်းဆောင်ရဦးမှာပေါ့။ နောက်တစ်နေ့မနက်ဖြစ်တဲ့ တနင်္လာနေ့မနက် ၈ နာရီအချိန်မှာ ကျွန်တော် ထမ်းဆောင်ရတဲ့ တာဝန်က တံခါးရှေ့မှာချထားတဲ့ ပါဆယ်ထုပ်တွေကို ရှင်းလင်းသိမ်းဆည်းရခြင်းပါ။ ခုချိန်မှာ ကျွန်တော့်တာဝန်က မင်းသမီးရဲ့ကမ္ဘာကို ကာကွယ်စောင့်ရှောက်ဖို့ပဲ ရှိပါတယ်။ အခန်းအမှတ် ၈ နဲ့ ၉ မှာ ကျွန်တော်တစ်ဦးတည်းသာ ကျန်ပါတော့တယ်။ အိမ်ဖော်အမျိုးသမီးလေးတစ်ဦးဖြစ်တဲ့ လီလီကတော့ သန့်ရှင်းရေးလုပ်ရင်း စိတ်ဓာတ်ကျဆင်းစွာနဲ့ အခါများစွာ ငုတ်တုတ်ထိုင်နေလေရဲ့။

မကြာခင်မှာ မိုက်ကယ်လ်ဂစ်ဘင် ကျွန်တော့်ကို လာတွေ့ပါတယ်။ သူ့မှာ ခက်ခဲတဲ့ တာဝန်တစ်ရပ် ပါလာပါတယ်။ 'ပေါလ်… ကျွန်တော့်ကို စိန့်ဂျိမ်းစ်နန်းတော်ကြီးက တာဝန်တစ်ခုပေးလိုက်တယ်။ အဲဒါကတော့ မင်းသမီး စံခဲ့တဲ့အခန်းများက သော့များကို သိမ်းဖို့ပါပဲ' တဲ့။

မင်းသမီးရဲ့ ရုပ်အလောင်း ကမ္ဘာမြေပေါ်မှာ ရှိနေပါသေးတယ်။ ပျောက်ကွယ်မသွားသေးပါဘူး။ ကိုယ့်တိုင်းပြည်ကို ပြန်ရောက်တာလည်း ၂၄ နာရီမှ မပြည့်သေးခင် ရွှေနန်းတော်ကြီးက မင်းသမီးရဲ့အခန်းတွေ ပိတ်သိမ်းဖို့ တောင်းဆိုလာပါပြီ။ မင်းသမီးရဲ့ကမ္ဘာကို သူတို့ သိမ်းပိုက်ကြတော့မယ်။ မင်းသမီးအပါးမှာ အသက်ထက်ဆုံး သစ္စာရှိစွာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ကျွန်တော့်အနေနဲ့ အလွယ်တကူ အရှုံးမပေးလိုက်နိုင်ပါဘူး။ ရွှေနန်းတော်ကြီးရဲ့အမိန့်ကို ဖီဆန်တာ မဟုတ်ပေမယ့် သော့များကိုတော့ မအပ်နိုင်သေးဘူးလို့ ငြင်းဆိုလိုက်ပါတယ်။

ဒီလိုငြင်းဆန်လိုက်တဲ့ အကျိုးဆက်ကို ညနေ မစောင်းခင်မှာဘဲ ကျွန်တော် စတင်ကြုံတွေ့ရပါတော့တယ်။ အဲဒါကတော့ မင်းသမီးရဲ့ ဝတ်လဲတော်များ ထိန်းသိမ်းတဲ့ အင်ဂျီလာဘင်ဂျမင်ဆိုတဲ့ အမျိုးသမီးကို စတင်အရေးယူခြင်းပါပဲ။ တကယ်ဆိုရင် အင်ဂျီလာဟာ မင်းသမီးအပါးမှာ အမြဲရှိခဲ့သူဖြစ်ပြီး ရယ်စရာ မောစရာဟာသကလေးများနဲ့ မင်းသမီးစိတ်ကို ရွှင်ပျစေအောင် အမြဲတမ်း ဖန်တီးပေးခဲ့သူဖြစ်ပါတယ်။ အဲဒီအမျိုးသမီးကို ရဲများက လာရောက်ခေါ်ဆောင်သွားပါတယ်။ ခေါ်ဆောင်ချိန်မှာ သူမပိုင် ပစ္စည်းများကို တစ်ပါတည်း သိမ်းဆည်းယူငင်ဖို့ပါ အမိန့်ပေးခဲ့ပါတယ်။ သိမ်းဆည်းနေစဉ်အတွင်းမှာလည်း သူ သိမ်းသမျှပစ္စည်းတွေကို ရဲတွေက စစ်ဆေးကြည့်ရှုခဲ့ကြပါသေးတယ်။ အဲဒီအချိန်မှာ အင်ဂျီလာ ဘယ်လောက် ဝမ်းနည်းကြေကွဲနေတယ်ဆိုတာက သူတို့အလုပ် မဟုတ်ပါဘူး။ နောင်မှာ ကျွန်တော်သိရတာက အင်ဂျီလာကို နေ့လယ် ထမင်းစားချိန်လောက်မှာ ဒီဗွန်သို့ သွားတဲ့ ရထားပေါ်တင်ပြီး သူ့မွေးရပ်မြေကို အပြန်ခိုင်းလိုက်ပါသတဲ့။ အင်ဂျီ

www.burmeseclassic.com

www.burmeseclassic.com



လာဟာ ဘာများအများလုပ်ခဲ့လို့လဲ။ အဖြေက ရှင်းပါတယ်။ သူမဟာ ဒိုင်ယာနာ အပေါ်မှာ သစ္စာစောင့်သိခဲ့သူဖြစ်တာကြောင့် ကင်စတန်နန်းတော်ကြီးမှာ မလိုလား အပ်သူတစ်ယောက် ဖြစ်လို့ပါပဲ။

နောက်တစ်နေ့ မနက်မှာ အင်္ဂလိပ် ဘာဖြစ်သွားတယ်ဆိုတာ ကျွန်တော် မသိသေးပါဘူး။ ကျွန်တော့် အလုပ်စားပွဲကတစ်ဆင့် ကင်စတန်နန်းတော်ရဲ့ ဥယျာဉ် ဝင်းအတွင်းကို ငေးကြည့်နေမိပါတယ်။ စားပွဲပေါ်မှာ နေ့စဉ် မှတ်တမ်းစာအုပ် ကလည်း ဖွင့်လျက်သားပါ။ ဒိုင်ယာနာရဲ့ အစီအစဉ်အရ ဒီနေ့မနက်မှာ ဗီလျံနဲ့ ဟယ်ရီတို့ရဲ့ ဝတ်စုံသစ်များ ချုပ်ပေးဖို့ စက်သမား ရောက်လာမှာပါ။ အဲဒါအပြင် မင်းသမီးရဲ့ ဒီဇိုင်နာဖြစ်တဲ့ အမာနီလည်း သူ ချုပ်ထားတဲ့ ဝတ်စုံကို မင်းသမီး အစမ်းဝတ်ကြည့်ဖို့ ချိန်းထားပြီးသား ဖြစ်ပါတယ်။ အပေါ်ထပ်က မင်းသမီးရဲ့စားပွဲ ပေါ်မှာရှိတဲ့ တယ်လီဖုန်းက အဆက်မပြတ် မြည်နေသံ ကြားနေရပါတယ်။ သူ့ဖုန်း ကို ခေါ်မရကြတဲ့အဆုံး ကျွန်တော့်စားပွဲပေါ်က တယ်လီဖုန်း အဆက်မပြတ် မြည်လာပါတော့တယ်။ တစ်နေ့လုံးလိုလို တယ်လီဖုန်း ဖြေနေရပါတယ်။ ဖုန်း တင်တဲ့ပုခက်ပေါ်မှာ တယ်လီဖုန်းကို ပြန်ချလို့ မရနိုင်လောက်အောင်ပါ။ ကျွန်တော် ဟာ မင်းသမီးရဲ့ အရင်းနှီးဆုံး မိတ်ဆွေဖြစ်တယ်လို့ သိထားကြတဲ့ မင်းသမီးရဲ့ မိတ်ဆွေများက သတင်းဆိုးကြောင့် သူတို့ ဘယ်လိုကြေကွဲဝမ်းနည်းရတယ်ဆို တာတွေကို ရင်ဖွင့်ပြောပြနေကြခြင်းပါ။ ဖုန်းဆက်ကြတဲ့သူတွေထဲမှာ အရင်းနှီးဆုံး မိတ်ဆွေတွေ၊ သရုပ်ဆောင်တွေ၊ ကုသမှုပေးခဲ့ကြတဲ့ ဆရာဝန်တွေ၊ ဗေဒင်ပညာ ရှင်တွေ၊ စိတ်ပညာရှင်တွေ၊ ကိုယ်လက်ကြံ့ခိုင်ရေး နည်းပြဆရာတွေ၊ ဆံပင် အလှ ဆင်သူတွေ၊ ဝတ်စုံဒီဇိုင်နာတွေအပြင် တော်ဝင်မိသားစုဝင်များလည်း ပါဝင်ကြ ပါတယ်။ စာရင်းကိုသာ ရေးပြနေရမယ်ဆိုရင်တော့ ဆုံးနိုင်မယ် မထင်ပါဘူး။ မင်းသမီးရဲ့သတင်းဆိုးကို ကြားရတဲ့သူတိုင်းက ဖုန်းဆက်ပြီး ကြေကွဲဝမ်းနည်း ကြောင်း ပြောကြတဲ့သူတွေချည်းပါပဲ။ ယုတ်စွအဆုံး မင်းသမီးရဲ့ မိသားစုဝင် များဖြစ်တဲ့ လေဒီဆာရာ၊ လေဒီဂျိန်းနဲ့ သူမတို့ရဲ့မိခင် မစ္စစ်ဖရန့်စစ်ရှန်းကစ်ဒ်တို့ အပါအဝင် ကျွန်တော့်ဆီကို ဖုန်းဆက်ကြပြီး သူတို့ ခံစားရမှုတွေကို ရင်ဖွင့်ကြ သလို သူတို့နဲ့ပတ်သက်ပြီး မင်းသမီးက ဘာတွေပြောခဲ့ဆိုခဲ့သလဲ ဆိုတာတွေ ကိုပါ မေးမြန်းကြပါတယ်။ မင်းသမီးပြောခဲ့တဲ့ သူတို့အကြောင်းအရာတွေ တချို့က အမှတ်ရစရာ ကောင်းသလို တချို့ဟာတွေကတော့ ပြုံးချင်စရာလေးတွေပါ။ တချို့ကိစ္စတွေကျတော့ မင်းသမီးက ရင်နာခဲ့ပြီး ခုချိန်မှာ ပြင်လို့မရတဲ့ ကိစ္စတွေ ဖြစ်ခဲ့ပါပြီ။ အဲဒီအချိန်မှာ ကျွန်တော်က ဘာနဲ့တူနေသလဲဆိုတော့ ဘုရားရှိခိုး



ကျောင်းမှာ အပြစ်ရှိသူများ လာရောက်ဝန်ခံတာကို နားထောင်ရတဲ့ ဘုန်းတော်ကြီး လိုပါပဲ။

ဒုတိယနေ့မှာတော့ ပိုမိုများပြားလာတဲ့အတွက် ကျွန်တော့်ကိုယ်စား မိုက် ကယ်ဂစ်ဘင်နဲ့ ဂျက်ကီအယ်လင်တို့က ဖြေကြားပေးဖို့ ဆုံးဖြတ်ခဲ့ရပါတယ်။ ဒါကလည်း ကျွန်တော့်ကောင်းကျိုးအတွက်ပါ။ ကျွန်တော့်ဆီ ပြောချင်တာတွေ ကို မှတ်သားထားပေးပါတယ်။

အဲဒီရက်သတ္တပတ်တစ်ပတ်လုံးဟာ ကျွန်တော့်အတွက်တော့ တစ်ဘဝစာ လောက် စိတ်ညစ်ရဆုံးကာလတွေ ဖြစ်ခဲ့ပါတယ်။ တာဝန်ဆိုတဲ့ အသိစိတ်ခေတ် နဲ့သာ ကျွန်တော် ထိုင်နေရတာပါ။ ခုချိန်မှာ သာမန်တာဝန်များထက် မိသားစု အတွင်း ဆက်ဆံရေးအခြေအနေတွေက ပိုမိုအရေးပါနေပါပြီ။ ဒိုင်ယာနာရဲ့အပါးမှာ စပြီး တာဝန်ထမ်းဆောင်စဉ်ကတည်းက သူ့မိသားစုဝင်များဖြစ်တဲ့ စပင်ဆာမိသားစု များက ဒိုင်ယာနာနဲ့ပတ်သက်ပြီး ဘယ်လိုကိစ္စမျိုးမဆို ဆုံးဖြတ်ချက်တစ်ခုခု ချရမယ်ဆိုရင် ကျွန်တော့်ကို တိုင်ပင်လေ့ ရှိပါတယ်။ ဒါကြောင့် နောက်ဆုံးအချိန် ဖြစ်တဲ့ အသုဘအခမ်းအနားမှာလည်း ဘယ်ဧည့်သည်တွေကို ဖိတ်ကြားရမယ်ဆိုတဲ့ ဧည့်စာရင်းနဲ့ပတ်သက်ပြီး ကျွန်တော့်ကို တိုင်ပင်လာပါတယ်။ သရဏဂုံတင်မယ့် Westminster Abby ဘုရားရှိခိုးကျောင်းကြီးသို့ တက်ရောက်ခွင့်ရမယ့် ဧည့်သည် စာရင်းကို ပြုစုကြရာမှာ ဒိုင်ယာနာရဲ့ မှတ်တမ်းစာအုပ်ထဲက လိပ်စာစာရင်းကို ကြည့်ပြီး အတည်ပြုရပါတယ်။ ဒီစာအုပ်ထဲမှာ မိသားစုဝင်တွေရဲ့ စာရင်းရှိသလို ရင်းနှီးတဲ့မိတ်ဆွေများရဲ့ စာရင်းလည်း ရှိခြင်းကြောင့်ပါ။ နောက်ဆုံး အပြီးသတ် ဧည့်သည်စာရင်းကို အစ်မကြီးဖြစ်တဲ့ လေဒီဆာရာက စစ်ဆေးအတည်ပြုပါတယ်။ ဧည့်သည်များစာရင်းမှာ ပါဝင်တဲ့ ရုပ်ရှင်မင်းသား ဂျော့ချ်မိုက်ကယ်၊ ခရစ္စဒီဘား၊ တွမ်ဟင့်ခ်၊ ဒါရိုက်တာ စတီဗင်စပီးလ်ဘာ့ဂ်တို့နဲ့ ပတ်သက်ပြီး သိပ်သဘော မတွေ့ လှပါဘူး။ ဒါကြောင့် ကျွန်တော်က 'အဲဒီလူတွေက မင်းသမီးရဲ့မိတ်ဆွေတွေပဲ' လို့ စောဒက တက်ရပါတယ်။

ဒီနေရာမှာ ဖိတ်ကြားသင့်တဲ့ ဧည့်သည်စာရင်းကို မင်းသမီးရဲ့အစ်မတွေထက် လက်ပွန်းတတီးနေတဲ့ ဘဏ္ဍာစိုး ကျွန်တော်ကသာ ပိုသိတယ်လို့ ယူဆပါတယ်။

ကျွန်တော့်အိမ်မှာလည်း မာရီယာက ဒိုင်ယာနာရဲ့ မိခင်ဖြစ်သူ မစ္စစ်ရှန်းကစ်ဒ် ကို နှစ်သိမ့်မှုပေးနေရပါတယ်။ အသွားကြီးက စီးကရက်ကို တစ်လိပ်က တစ်လိပ် မီးကူးပြီး သောက်သူဖြစ်တဲ့အပြင် ဝိုင်အရက်ကိုလည်း အဆက်မပြတ် သောက် သုံးသူ ဖြစ်ပါတယ်။ သူက သမီးဖြစ်သူ ဒိုင်ယာနာအနေနဲ့ အယ်လ်ဖာရက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



မပတ်သက်သင့်ဘူးလို့ တတွတ်တွတ် ပြောနေလေရဲ့။ တကယ်တော့ အယ်လ်ဖာရက်နဲ့ ပတ်သက်လာခြင်းဟာ သူ့ကြောင့်သာ ဖြစ်တယ်ဆိုတာကို မေ့နေပုံရပါတယ်။ ဒိုင်ယာနာရဲ့ အသုဘအခမ်းအနားနဲ့ ပတ်သက်ပြီး အစီအစဉ် အစအဆုံး ဆောင်ရွက်သူများက စပင်ဆာမိသားစုများသာ ဖြစ်ပါတယ်။ ဝင်ဆာမိသားစုများက ဒီကိစ္စမှာ လက်ရှောင်နေခဲ့ကြပါတယ်။ ဒါကြောင့်လည်း ဒိုင်ယာနာရဲ့ မောင်ဖြစ်တဲ့ ချားလ်စ်စပင်ဆာက အသုဘအခမ်းအနားမှာ သူ့အစ်မ ဒိုင်ယာနာဟာ မိခင်ကောင်းတစ်ယောက်အဖြစ် ဂုဏ်ယူဖွယ်ကောင်းကြောင်း စကားပြောဖို့ အစီအစဉ် ထည့်သွင်းနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

အတွင်းသိတစ်ဦး ဖြစ်တဲ့ ကျွန်တော့်အနေနဲ့ ကျွန်တော့်ဘော့စ်နဲ့ သူ့မိသားစု ဆက်ဆံရေးကို အသေးစိတ် သိထားသူ ဖြစ်ပါတယ်။ အထူးသဖြင့် ဒီနှစ်ပိုင်းမှာ မင်းသမီးအပေါ် သူ့မိသားစုရဲ့ ဆက်ဆံရေးက ကျဲလှပါတယ်။ ဒိုင်ယာနာအပေါ်မှာ အမေတစ်ယောက်လို ဖေးမပေးနိုင်ခဲ့သူက လူစီယာဖလစ်ရှာ ဒီလစ်မာတစ်ဦးသာ ရှိခဲ့တာပါ။ မင်းသမီးကိုယ်တိုင်ကလည်း သူနဲ့ လူစီယာရဲ့ ဆက်ဆံရေးဟာ အမေနဲ့သမီး ဆက်ဆံရေးမျိုး ဖြစ်ကြောင်း တဖွဖွ ပြောခဲ့ဖူးပါတယ်။ လူစီယာကိုယ်တိုင်ကလည်း ဒိုင်ယာနာအပေါ်မှာ သမီးအရင်းတစ်ယောက်လို ကြင်နာမှုပေးခဲ့ပြီး စိတ်ဒုက္ခရောက်နေတဲ့ အချိန်များမှာ အနီးကပ် နှစ်သိမ့်မှုပေးခဲ့တာ အကြိမ်ကြိမ်ပါပဲ။ ဒါကြောင့် အဲဒီ တနင်္လာနေ့ မနက်မှာ ကျွန်တော် အတွေ့ချင်ဆုံးလူက လူစီယာသာ ဖြစ်ပါတယ်။ ကျွန်တော် မျှော်နေတုန်းမှာပဲ လူစီယာက သူ့သမီး ဘီရာထရိုက်စ်ကို အဖော်ပြုပြီး ရောက်လာခဲ့ပါတယ်။

အဲဒီရက်သတ္တပတ်ရဲ့ လေးရက်လုံးလုံး အင်္ဂလိပ် ဝက်သစ်ချသားနဲ့ ပြုလုပ်ထားတဲ့ ခေါင်းအတွင်းမှာ မင်းသမီးရဲ့ ရုပ်အလောင်းကိုထည့်ပြီး စိန့်ဂျိမ်းစ်နန်းတော်ရဲ့ ဘုရားရှိခိုးကျောင်းမှာ ထားရှိခဲ့ကြပါတယ်။ ဘုရားကျောင်းရှေ့မှာတော့ ကမ္ဘာ့အရပ်ရပ်မှ ဝမ်းနည်းကြေကွဲနေကြသူတွေက ပန်းစည်းတွေ၊ ပန်းပွင့်တွေ၊ ပန်းခြင်းတွေ၊ ဝမ်းနည်းကြေကွဲခြင်း ကတ်ပြားတွေ လာချထားခဲ့ကြတာ တောင်ပုံယာပုံပါပဲ။ ဒါတင်မကသေးပါဘူး။ မင်းသမီးနေထိုင်ခဲ့တဲ့ ကင်စတန်နန်းတော်ရဲ့ ရှေ့မှာလည်း ပန်းတွေ တောင်လိုပုံခဲ့ပါတယ်။

ဒီလိုအချိန်မျိုးမှာ အဖော်ပြုစရာ တခြားပုဂ္ဂိုလ် စဉ်းစားစရာ မလိုပါဘူး။ လူစီယာသာ အသင့်တော်ဆုံးပုဂ္ဂိုလ် ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နှစ်ယောက် ဘုရားရှိခိုးကျောင်းကိုသွားဖို့ ဆုံးဖြတ်လိုက်ကြပြီး သူက အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသလို ကျွန်တော်ကလည်း အနက်ရောင်ဆု(တ)ကို ဝတ်ဆင်



ထားပါတယ်။ ဘုရားရှိခိုးကျောင်းတံခါးကို ဖွင့်လိုက်ကြပြီးတဲ့နောက် လျှောက်လမ်းရဲ့ တစ်ဖက်တစ်ချက်မှာ ဘုရားဝတ်ပြုသူများ ထိုင်ဖို့ သစ်သားခုံတန်းများ အစီအရီ ချထားပါတယ်။ ထိပ်ဆုံးမှာတော့ ဒိုင်ယာနာရဲ့ခေါင်းကို ချထားပါတယ်။ သူ့ခေါင်းကိုမြင်လိုက်တော့ အဖော် အင်မတန်မင်ရှာတဲ့ ကျွန်တော့်သခင်မတစ်ယောက်တည်း အထီးကျန်ဖြစ်နေပြီး နွေးထွေးမှုမရှိ အေးစက်နေလိုက်တာလို့ ကျွန်တော် ခံစားလိုက်ရပါတယ်။ လူစီယာကတော့ ကျွန်တော်နဲ့မတူတဲ့ ရှုထောင့်ကနေ ခံစားရပါသတဲ့။ ဖယောင်းတိုင်တစ်တိုင်မှ ထွန်းမထား၊ ပန်းတစ်ပွင့်မှ မရှိရှာတဲ့ ဝေလမင်းသမီးရဲ့ အသုဘပါလားလို့ သူ ခံစားရသတဲ့။ ဘုရားရှိခိုးကျောင်းရဲ့ အပြင်ဘက်မှာ ပန်းတွေ တောင်လိုပုံပြီး ဒိုင်ယာနာ အထိမ်းအမှတ် ထွန်းညှိထားတဲ့ ဖယောင်းတိုင်တွေကလည်း မိုးကောင်းကင်ပေါ်က မှိတ်တုတ်မှိတ်တုတ် ဖြစ်နေတဲ့ ကြယ်ကလေးတွေကိုတောင် ပြိုင်ဖုံပါတယ်။ ဒါပေမယ့် ဘုရားကျောင်းထဲမှာတော့ ဘာမှမရှိပါဘူး။

လူစီယာက ဘုရားကျောင်းရဲ့ အကြီးအကဲဖြစ်သူ ဘုန်းတော်ကြီး ဝီလီဘုသ်ကို ရှာဖွေပြီး 'ကျေးဇူးပြုပြီး ဘုန်းဘုန်းရယ်... အပြင်မှာ တောင်လိုပုံနေတဲ့ ပန်းတွေထဲက တချို့ကို ဒီနေရာမှာ ချထားပေးပါ' ဆိုတော့ ဘုန်းတော်ကြီးက လုပ်ပေးပါမယ်လို့ ဆိုခဲ့ပါတယ်။

ဒါပေမယ့် ဘုန်းတော်ကြီးရဲ့ အဖြေစကားဟာ လူစီယာအတွက် လုံလောက်တဲ့ အဖြေမဟုတ်ဘူးလို့ ယူဆပါတယ်။ ဒါကြောင့် သံအမတ်ကတော်ဖြစ်တဲ့ လူစီယာက သံတမန်နည်းကို အသုံးချခဲ့ပါတယ်။ 'ကျွန်မတို့ မနက်ဖြန် တစ်ခေါက်လာကြပါဦးမယ်။ တကယ်လို့ အဲဒီအချိန်မှာ ဒိုင်ယာနာ့အပါးမှာ ပန်းတွေမရှိဘူးဆိုရင်တော့ အပြင်မှာ ပန်းလာချတဲ့ ပြည်သူလူထုကို ရှင်တို့ ဒီမှာသာ ပန်းတွေ ချနေကြတာ၊ ရှင်တို့ချစ်တဲ့ ဒိုင်ယာနာ့အနားမှာ ပန်းတစ်ပွင့်မှ မရှိဘူးလို့ ပြောရမှာပဲ'လို့ ပြောခဲ့ပါသေးတယ်။

ချွေးမဖြစ်ခဲ့ဖူးသူ ဒိုင်ယာနာ ကွယ်လွန်ပြီ ဆိုပေမယ့် ဘုရင်မကြီးကတော့ အင်္ဂလန်နိုင်ငံတောင်ပိုင်းကို ခရီးထွက်ဖို့ အစီအစဉ် ရှိနေဆဲ ဖြစ်ပါတယ်။ ဒါကိုက ဝင်ဆာမိသားစုဝင်များရဲ့ ရက်စက်တဲ့ နှလုံးသားကို ဖော်ပြနေရာ ရောက်တယ်လို့ လူစီယာက သုံးသပ်ပါတယ်။ လူစီယာက လိုအပ်တာထက် ပိုပြီး စွက်ဖက်တာမျိုး မဖြစ်ရအောင် ကြိုးစားပြီး ဒိုင်ယာနာအတွက် ပန်းစည်း၊ ပန်းခြင်းတွေကို ကိုယ်တိုင်စီစဉ်ပြီး ခေါင်းပတ်လည်မှာ ထားပေးခဲ့ပါတယ်။ ဒီအစီအစဉ်အားလုံးကို ပန်းအလှပြုပြင်သမားဖြစ်တဲ့ ဂျွန်ကာတာက ဆောင်ရွက်ပေးခဲ့ပါတယ်။

www.burmeseclassic.com



ဒိုင်ယာနာရဲ့ ခေါင်းပတ်လည်မှာ ချထားတဲ့ ပန်းစည်း၊ ပန်းခြင်း အားလုံးအတွက် ဥမ္မန်ကာတာက တစ်ပြားမှမယူဘဲ သူ့စရိတ်နဲ့သူ လုပ်ဆောင်ပေးခဲ့တာပါ။ နောက်တစ်နေ့မနက် ကျွန်တော်တို့ ဘုရားရှိခိုးကျောင်းကို သွားကြတော့ ဒိုင်ယာနာ့ ခေါင်းပေါ်မှာ အဖြူရောင် လီလီပန်းများက နေရာယူထားပါပြီ။ ဒီပန်းစည်းကို ချားလ်စ်မင်းသားက ပို့ခဲ့တာပါတဲ့။ လူစီယာကလည်း ပန်းတွေ အများကြီး ယူလာခဲ့တာပါ။ အဖြူရောင်နှင်းဆီပန်းများက Lord နဲ့ Lady Annabell တို့ ဥယျာဉ်က ပို့ပေးခဲ့တာဖြစ်ပြီး သူတို့လင်မယားက ဒိုင်ယာနာ့အတွက် ဝမ်းနည်းကြေကွဲရပါကြောင်း ကျွန်တော့်ဆီ ဖုန်းအကြိမ်ကြိမ်ဆက်ကာ ပြောကြားခဲ့သူများလည်း ဖြစ်ပါတယ်။ ဒိုင်ယာနာရဲ့ အရင်းနှီးဆုံး မိတ်ဆွေဖြစ်တဲ့ Rosa Monckton ကတော့ ခင်ပွန်းဖြစ်သူနဲ့အတူ ကင်စတန်နန်းတော်ကို ရောက်လာကြပြီး ကျွန်တော့်စားပွဲမှာ ထိုင်ရင်း ဒိုင်ယာနာ အမှတ်တရစကားတွေ ပြောကြားကြကာ ကျွန်တော်တို့တစ်တွေ ခေါင်းချင်းဆိုင်ကာ ငိုခဲ့ကြပါတယ်။

Susie Kassem ကတော့ ကင်စတန်နန်းတော်ကို လာရာမှာ ဖယောင်းတိုင်ယူလာခဲ့ပြီး ကျွန်တော်နဲ့အတူတကွ ဒိုင်ယာနာ့အတွက် ရည်စူးတဲ့ ဖယောင်းတိုင်များကို သူ့ပုံတူ ပန်းချီကားကြီးအောက်မှာ ထွန်းညှိခဲ့ကြပါတယ်။ ကျွန်တော်တို့နှစ်ယောက် အတူ ဒူးထောက်ပြီး ဒိုင်ယာနာ ကောင်းရာသုဂတိလားဖို့လည်း ဆုတောင်းခဲ့ကြပါသေးတယ်။

ဒိုင်ယာနာနဲ့ ရင်းနှီးသူများက ကျွန်တော့်ကို ဒိုင်ယာနာရဲ့ မိသားစုဝင်တစ်ဦးအဖြစ် အားပေးစကားတွေ အဆက်မပြတ် လာပြောကြတာကြောင့် ကျွန်တော့်မှာ ခွန်အားတွေ ရခဲ့ရပါတယ်။ အသုဘအခမ်းအနားမှာသာ အဆင်ပြေပါစေတော့လို့ ဆုတောင်းနေရတော့တာပါပဲ။

❑

မိုက်ကယ်ဂစ်ဘင်က အသုဘ အခမ်းအနားကို သားတော်နှစ်ပါးဖြစ်တဲ့ ဝီလျံနဲ့ ဟယ်ရီတို့က ဖခင်ဖြစ်သူ ချားလ်စ်မင်းသားနဲ့အတူ လာကြမယ်လို့ သတင်းပေးပါတယ်။ ကင်စတန်နန်းတော်ရဲ့အပြင်မှာ ပြည်သူလူထုက ဒိုင်ယာနာအတွက် ရည်ရွယ်ပြီး ချထားကြတဲ့ ပန်းစည်း၊ ပန်းခွေတွေကို သူတို့သားအဖသုံးယောက် လှည့်လည်ကြည့်ရှုနေကြချိန်မှာ ကျွန်တော်ကတော့ ကင်စတန်နန်းတော်ရဲ့ ဧည့်ခန်းဆောင်ကနေ သူတို့ကို စောင့်ကြိုနေခဲ့ပါတယ်။ ခန်းမထဲကို ဝင်လာတဲ့ ဟယ်ရီက ကျွန်တော့်ကို ပြေးဖက်ရှာတယ်။ ကျွန်တော့်အင်္ကျီမှာ သူ့မျက်ရည်တွေ စိုစွတ်ပြီး ကျန်ရစ်တယ်။ ဝီလျံကတော့ နည်းနည်း အရွယ်ရလာပြီဖြစ်လို့ သူ့စိတ်ကိုထိန်းပြီး



ကျွန်တော့်ကိုလက်ဆွဲပြီး နှုတ်ဆက်တယ်။ သားတော်နှစ်ပါးစလုံးဟာ ရာဇဣန္ဒြေကို ထိန်းနိုင်ကြပါပေတယ်။ အနက်ရောင်ဝတ်စုံကိုယ်စီနဲ့ ဆင်မြန်းထားတဲ့ သူတို့လေးတွေဟာ ရုတ်တရက်ဆိုသလို လူကြီးတွေ ဖြစ်သွားကြသလိုပါပဲ။

ဝီလျံက 'ကျွန်တော်တို့ ပစ္စည်းလေးတွေ နည်းနည်း ယူစရာရှိလို့ လာခဲ့ကြတာ။ အပေါ်တက်လိုက်ဦးမယ်'လို့ ဆိုပါတယ်။ သူတို့ ညီအစ်ကိုနှစ်ယောက် ဟိုတုန်းက သူတို့အတွက် သတ်မှတ်ပေးထားခဲ့တဲ့ အခန်းများနဲ့ ဧည့်ခန်းထဲကို ဝင်သွားကြပါတယ်။

ကျွန်တော်နဲ့ အတူကျန်ရစ်တဲ့ ချားလ်စ်မင်းသားက အဲဒီတော့မှ စကားဆိုလာပါတယ်။ 'အားလုံး အဆင်ပြေရဲ့လား ပေါလ်' တဲ့။ မင်းသားကတော့ လူကြီးပီပီ သူ့အတွင်းစိတ်ကို ထိန်းထားနိုင်တဲ့သူ ဖြစ်ပါတယ်။ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ စကားဆိုပြီး မျက်လုံးကတော့ သူ့ဇနီးဟောင်း ဒိုင်ယာနာ နေထိုင်သွားခဲ့တဲ့ အခန်းပတ်လည်ကို မျက်စိကစားနေပါတယ်။ ပြီးတော့မှ သူလည်း အပေါ်တက်တာကြောင့် နောက်တော်ပါးကနေ ကျွန်တော် လိုက်ခဲ့ပါတယ်။ သူက လိုက်ခဲ့ဖို့ အမိန့်ပေးတာတော့ မဟုတ်ပါဘူး။ သူနဲ့ ဒိုင်ယာနာ ပေါင်းသင်းနေထိုင်ကြစဉ်ကာလ သူတို့ဇနီးမောင်နှံအပါးမှာ ကျွန်တော် ခစားနေစဉ်တုန်းက သူ ဘယ်ကိုပဲသွားသွား ကျွန်တော် သူ့နောက်ပါးကနေ လိုက်ပါစောင့်ရှောက်ခဲ့ရတဲ့ အစဉ်အလာအတိုင်း ကျွန်တော်က အလိုက်သိစွာ တက်လိုက်လာခဲ့ခြင်း ဖြစ်ပါတယ်။ တကယ်တော့ ဒီနေရာဟာ သူ့ပိုင်နက် မဟုတ်ပါဘူး။ ကျွန်တော့်သခင်မ ပိုင်နက်သာ ဖြစ်ပါတယ်။ သခင်မဲ့သွားတဲ့နေရာမှာ သခင်မကိုယ်စား ကျွန်တော် စောင့်ရှောက်ဖို့ တာဝန်ရှိပါတယ်။ သူဟာ မိတ်ဆွေတစ်ယောက်လိုပဲ ဖြစ်ဖြစ်၊ အနာဂတ်အင်္ဂလန်နိုင်ငံရဲ့ ဘုရင်လောင်းပဲဖြစ်ဖြစ် ဒီနေရာမှာတော့ ကျွန်တော်က တစ်ဖဝါးမှ မခွာဘဲ လိုက်ရမှာပါပဲ။ ချားလ်စ်က ဧည့်ခန်းထဲကို ဝင်သွားပါတယ်။ အဲဒီနောက် ဒိုင်ယာနာရဲ့ စာရေးစားပွဲနားကို လျှောက်သွားပြီး ဟိုဟိုသည်သည် ကြည့်နေပါတယ်။ ပြီးတော့မှ အံဆွဲတစ်ခုကို ဆွဲဖွင့်လိုက်ပြီး သူ့လှုပ်ရှားမှု မှန်သမျှကို မမိုတ်မသုန် စောင့်ကြည့်နေတဲ့ ကျွန်တော့်ကို သတိပြုမိတာကြောင့် အံဆွဲကို ပြန်ပိတ်လိုက်ပါတယ်။ အဲဒီအချိန်မှာ ဝီလျံရဲ့အသံ ပေါ်ထွက်လာပါတယ်။ 'အဆင်သင့်ဖြစ်ပြီလား ပါပါ'တဲ့။

ကျွန်တော်တို့လေးယောက်စလုံး အောက်ထပ်ကို ဆင်းခဲ့ကြပါတယ်။ သူတို့သားအဖတစ်တွေ ကင်စတန်နန်းတော်ထဲက ထွက်မသွားခင်မှာ ဟယ်ရီလေးက 'ကျွန်တော်တို့ မကြာခင် ပြန်တွေ့ကြမယ် ပေါလ်။ ကျွန်တော်တို့ ပြန်လာ

www.burmeseclassic.com

www.burmeseclassic.com



မှာပါ'လို့ အော်သွားလေရဲ့။

❑

အိတ်မည်းကြီးတစ်လုံး ကင်စတန်နန်းတော်ကို ရောက်ရှိလာပါတယ်။ အတွင်းမှာပါတဲ့ ပစ္စည်းတွေကတော့ ကားတိုက်တဲ့ညက ဒိုင်ယာနာ ဝတ်ဆင်ထားတဲ့ အဝတ်အစားတွေ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ လူစီယာကလည်း ကျွန်တော်နဲ့အတူ ရှိနေပါတယ်။ အဝတ်အစားတွေက ကားတိုက်စဉ်က ရရှိခဲ့တဲ့ ဒဏ်ရာများက သွေးတွေပေနေသလို ဆေးရုံမှာ သူ့အလောင်းကို ခွဲစိတ်စစ်ဆေးစဉ်တုန်းက ထွက်ခဲ့တဲ့ သွေးတွေလည်း ပေနေပါတယ်။ ဒီသွေးတွေကို မြင်လိုက်ချိန်မှာ ကျွန်တော် ယူကျုံးမရ ဖြစ်မိပါတယ်။ ဒီအဝတ်တွေကို ကျွန်တော် ဘယ်လိုပစ်ရက်မှာလဲ။ ဒါကြောင့် မြေညီထပ်မှာရှိတဲ့ ရေခဲသေတ္တာထဲမှာထည့်ပြီး သိမ်းလိုက်ပါတယ်။

ကွယ်လွန်သူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ဒီနည်းနဲ့ ကျွန်တော် ထိန်းသိမ်းခဲ့ပါတယ်။ ကျွန်တော့်သခင်မ ပါးစပ်ဖျားကလည်း 'ကွယ်လွန်သူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ'ဆိုတဲ့စကားကို မရပ်မနား ပြောခဲ့ဖူးပါတယ်။ နောက်တစ်နေ့ဆိုရင် ကျွန်တော့်သခင်မကို သင်္ဂြိုဟ်ကြတော့မှာပါ။ မသင်္ဂြိုဟ်ခင်ကတည်းက ဘုရားရှိခိုးကျောင်းထဲမှာ တစ်ယောက်တည်း ထားရတာဟာ မတင့်တယ်ဘူးလို့ ကျွန်တော် ယူဆတာကြောင့် ဒိုင်ယာနာရဲ့ အစ်မတော်ဖြစ်တဲ့ လေဒီဆာရာနဲ့ ကင်စတန်နန်းတော်မှာ တွဲဖက်ပေးထားတဲ့ မိုက်ကယ်ဂစ်ဘင်တို့ကို ကျွန်တော် အကြံတစ်ခု ပေးလိုက်ပါတယ်။

ကင်စတန်နန်းတော်ဟာ ဒိုင်ယာနာရဲ့ အိမ်ဂေဟာ ဖြစ်ပါတယ်။ သူမရဲ့ အထီးကျန်ဘဝတစ်လျှောက်လုံး ကင်စတန်နန်းတော်မှာ နေထိုင်သွားခဲ့ပါတယ်။ ဒါကြောင့် နောက်ဆုံးတစ်ညကိုတော့ အိမ်ပြန်သယ်လာကြပြီး နောက်တစ်နေ့မနက် အသုဘချတော့မယ့်အချိန်မှာ သရဏဂုံတင်ဖို့ ဘုရားရှိခိုးကျောင်းကို အိမ်ကနေပဲ သယ်သွားသင့်ပါတယ်လို့ အကြံပြုခြင်းပါပဲ။ 'ကျွန်တော့်သခင်မကို ကျွန်တော် တစ်ညတော့ အိမ်မှာထားပါရစေ။ သူ့နောက်ဆုံးခရီးကို သူ့အိမ်ရှေ့ကနေပဲ ထွက်ခွာခွင့်ပြုကြပါ'လို့ ကျွန်တော် တောင်းပန်ခဲ့ပါတယ်။ လေဒီဆာရာက ကျွန်တော့်အကြံကို လက်ခံတယ်။ ဒီအစီအစဉ်ကို ဘုရင်မကြီးထံ တင်ပြတော့ ဘုရင်မကြီးကလည်း လက်ခံလိုက်ပါတယ်။

သခင်မရဲ့ နောက်ဆုံးညကို ကင်စတန်နန်းတော်ရဲ့ မြေညီထပ်မှာရှိတဲ့ ခန်းမကျယ်ကြီးထဲမှာ ထားရှိကုန်ဆုံးစေမယ်။ ရဲများရဲ့ အကူအညီနဲ့ လမ်းပေါ်မှာ ပြည်သူလူထုချထားတဲ့ ပန်းစည်း၊ ပန်းခွေများထဲက တချို့ကို သယ်ဆောင်ပြီး



သူ့အခေါင်းနားမှာ ပြင်ဆင်ထားရှိပေးပါတယ်။ ကျွန်တော့်မိတ်ဆွေတွေကလည်း ပန်းစည်းတွေ ပို့ပေးကြတာကြောင့် ပန်းတွေအလှပြင်တာပဲ ၂ နာရီ အချိန်ကုန်ခဲ့ပါတယ်။ အဖြူရောင်ကြိုက်တဲ့ မင်းသမီးအတွက် ကျွန်တော့်မိတ်ဆွေများက လီလီပန်းအဖြူများကို အများဆုံး ပေးပို့ခဲ့ကြပါတယ်။ လီလီပန်းအဖြူ နှင်းဆီပန်းအဖြူအားလုံးဟာ ပန်းအိုးများထဲမှာသာမက ကော်ဇောများပေါ်မှာပါ ဖြန့်ခင်းထားပါတယ်။ ဖယောင်းတိုင်မီးများကလည်း ခန်းမကြီးတစ်ခုလုံးမှာ လင်းထိန်နေစေခဲ့ပါတယ်။

ကျွန်တော်နဲ့ ဒိုင်ယာနာတို့အတူ ဘုရားရှိခိုးခဲ့ကြဖူးတဲ့ ရိုမန်ကက်သလစ်ဘုရားရှိခိုးကျောင်း ဖြစ်တဲ့ ကာမီလိုက် ဘုရားကျောင်းက ဘုန်းတော်ကြီး တိုနီပါဆန့်စ် ရောက်ရှိလာပါတယ်။ ဘုန်းတော်ကြီးက ဘုရားကျောင်းများမှာ ထွန်းလေ့ရှိတဲ့ ဇရာမဖယောင်းတိုင်ကြီးနှစ်တိုင်ကို ယူဆောင်လာခဲ့ပါတယ်။ အဲဒီဖယောင်းတိုင်ကြီးတွေကို ကျွန်တော်က ငွေသားနဲ့လုပ်ထားတဲ့ တိုင်မှာ ထွန်းညှိထားခဲ့ပါတယ်။ ဘုန်းတော်ကြီးက ပရိတ်ရေများနဲ့လည်း အခန်းတစ်ခန်းလုံးကို ပက်ဖျန်းပေးခဲ့ပါတယ်။ အဲဒါအပြင် အသုဘအခမ်းအနားများမှာ ရွတ်ဖတ်လေ့ရှိတဲ့ ကျမ်းစာများကို မိတ္တူကူးပြီး ကျွန်တော့်ကို ပေးခဲ့ပါတယ်။ လူစီယာနဲ့ ကျွန်တော် ဘုန်းတော်ကြီးရှိနေစဉ်မှာပဲ ကျမ်းစာများကို ရွတ်ဖတ်ခဲ့ကြပါတယ်။

အခန်းထဲမှာ အနက်ရောင်ဝတ်စုံ ဝတ်ထားတဲ့ ကျွန်တော်တစ်ယောက်တည်း သခင်မရဲ့ အခေါင်းနဲ့အတူ ကျန်ရစ်ပါတယ်။ အခန်းတစ်ခုလုံးမှာ ပန်းများရဲ့ ရနံ့က ထုံမွှမ်းထားပါတယ်။ တိတ်ဆိတ်ငြိမ်သက်နေတဲ့ ပတ်ဝန်းကျင်မှာ ကျွန်တော် တစ်ယောက်တည်း ရပ်ပြီး အိမ်ပြန်လာမယ့် သခင်မကို ကြိုဆိုရတာ သူမရဲ့ မွေးနေ့များမှာ ကြိုဆိုခဲ့ရတဲ့အတိုင်းပါပဲ။ နေရာတိုင်းမှာ ပန်းတွေ ရှိနေပြီ။ သူကြိုက်တတ်တဲ့ နှင်းဆီပန်းအဖြူတွေနဲ့ လီလီပန်းအဖြူတွေက ကြိုဆိုနေပါပြီ။ ခြံဝင်းတံခါးဖွင့်သံကို ကြားလိုက်ရတယ်။ ကားတာယာ လိမ့်လာသံကို ကြားလိုက်ရတဲ့အတွက် သခင်မလာပြီဆိုတာ ကျွန်တော် သိလိုက်ပါတယ်။ အခန်းတံခါးကို ဖွင့်လိုက်ပြီး သခင်မရဲ့ခေါင်းကို သယ်ဆောင်လာကြပါပြီ။ ခေါင်းပေါ်မှာ အနီရောင်၊ ရွှေရောင်နဲ့ အပြာရောင်တို့ ခြယ်သထားတဲ့ အလံကို လွှမ်းပေးထားပါတယ်။ ဒါက တော်ဝင်မိသားစုများရဲ့ အသုဘအခမ်းအနားမှာသာ လွှမ်းလေ့ရှိတဲ့ အစဉ်အလာအတိုင်း လွှမ်းထားခြင်း ဖြစ်ပါတယ်။

ကျွန်တော် ဖယောင်းတိုင်တွေကို မီးမညှိသေးပါဘူး။ ပထမဦးစွာ မျက်နှာကြက်ပေါ်က မီးတွေကို ဖွင့်လိုက်ပါတယ်။ ဒိုင်ယာနာရဲ့ မိခင်ဖြစ်သူ ဖရွန်စ်ရှန်း

www.burmeseclassic.com

www.burmeseclassic.com



ကမ်းဒ်က မြေးများနဲ့အတူ သမီးဖြစ်သူ ဒိုင်ယာနာရဲ့ခေါင်းနားမှာ နေပေးဖို့ ရောက်ရှိလာခဲ့ပါတယ်။ အစ်မတော်များဖြစ်တဲ့ လေဒီဂျိန်းနဲ့ လေဒီဆာရာတို့လည်း ရောက်ရှိလာခဲ့ပေမယ့် တစ်ဦးတည်းသော မောင်ဖြစ်တဲ့ အားလ်စပင်ဆာကတော့ ရောက်မလာခဲ့ပါဘူး။

ဒီညမှာ ရှိသင့်ရှိထိုက်သလို ရှိလည်း ရှိနေချင်တဲ့ ပုဂ္ဂိုလ်တစ်ဦးကတော့ လူစီယာပါပဲ။ တစ်ချိန်လုံးလည်း ကျွန်တော့်ကို မေးနေခဲ့တယ်။ "ပေါလ်ရေ… ရှင်တို့ သူ့အတွက် ဘုရားရှိခိုးရင် ကျွန်မရော ပါလို့ရမလား"လို့ အထပ်ထပ် အခါခါ မေးခဲ့သူပါ။ ဒီအကြောင်းကို ကျွန်တော်က လေဒီဆာရာကို ပြောပြတော့ လေဒီဆာရာက လူစီယာကို ခေါ်ဖို့ ငြင်းပယ်လိုက်ပါတယ်။ သူ့ အကြောင်းပြချက်ကတော့ ဒီညမှာ ဒိုင်ယာနာရဲ့ မိသားစုကလွဲရင် သူစိမ်းတစ်ယောက်မှ ရှိမနေသင့်ဘူးလို့ ဆိုခြင်းပါပဲ။ ကျွန်တော့်အမြင်မှာတော့ လူစီယာဟာ သူတို့မိသားစုဆိုတာထက် ဒိုင်ယာနာနဲ့ ပိုပြီးရင်းနှီးတဲ့သူ ဖြစ်တဲ့အပြင် နောက်ဆုံးညလည်း ဖြစ်တာကြောင့် ရှိသင့်တယ်လို့ ယူဆပါတယ်။ ဒါပေမယ့် ဒီအရေးအခင်းမှာ ကျွန်တော် ဘာမှ မတတ်နိုင်ခဲ့ပါဘူး။

ကျွန်တော့်ဇနီးဖြစ်တဲ့ မာရီယာကတော့ ကင်စင်တန်နန်းတော်မှာ ကျွန်တော် မနေသင့်ဘူးလို့ ဆိုခဲ့ပါတယ်။ ရှင့်ကိုယ်ရှင်လည်း ပြန်ကြည့်ဦး။ အင်မတန်ကို နွမ်းနယ်နေပြီ။ မနက်ဖြန် အသုဘနေ့ကျတော့မှ ဘာမှမလုပ်နိုင်ဘဲ ဖြစ်နေဦးမယ်လို့ ဆိုခဲ့ပါတယ်။ သူ ဘယ်လိုပဲတားတား မရဘူးဆိုတာ သိပါလျက်နဲ့ မာရီယာ တားခဲ့ခြင်းပါ။ ကျွန်တော့်ခံယူချက်ကလည်း ဒီနေ့တစ်ညသာ ကျွန်တော်တို့ ဒိုင်ယာနာ့အပါးမှာ နီးနီးကပ်ကပ် နေခွင့်ရမှာဖြစ်ပြီး မနက်ဖြန်ဆိုရင် အများသူငါတွေကြားမှာရောပြီး နေရမှာဖြစ်တဲ့အတွက် ရင်းရင်းနှီးနှီး မဖြစ်နိုင်တော့ဘူးလို့ ယူဆတာကြောင့် ဒီညကိုတော့ မဖြစ်မနေ နေကိုနေမယ်လို့ သူ့ကို ပြောပြခဲ့ပါတယ်။

အဲဒီညက ည ၁၀ နာရီအချိန်လောက်မှာ ဒိုင်ယာနာရဲ့ ဆွေမျိုးများ စုံစုံညီညီ ရောက်ရှိလာခဲ့ကြပါတယ်။ဆွေမျိုးတွေ စုံညီသွားချိန်မှာ ရှေ့တံခါးမကြီးကို ချက်ချလိုက်ပြီး ကျွန်တော်တို့အားလုံး သူနဲ့အတူ တစ်ညတာ ကုန်ဆုံးကြဖို့ ပြင်ဆင်ကြပါတယ်။ ကျွန်တော့်နံဘေးနားမှာ ရှိသင့်တဲ့ လူစီယာ မရှိဘဲ သူစိမ်းတစ်ယောက်ဖြစ်တဲ့ လန်ဒန်မြို့ရဲ့ သာသနာပိုင် Right Reverend Richard Charteris က ကျွန်တော့်ညာဘက်မှာ ရှိနေခဲ့ပါတယ်။ ဘုန်းတော်ကြီးက ကုလားထိုင်တစ်လုံးမှာ ထိုင်ပြီး မေတ္တာပို့သနေခဲ့တာပါ။ ခန်းမထဲမှာရှိတဲ့ မီးတွေအားလုံးကို ပိတ်လိုက်ပြီး ဖယောင်းတိုင်များသာ လင်းနေစေပါတယ်။ ဖယောင်းတိုင် ၅၀ ကျော်ဟာ လေအရှေ့မှာ မီးတောက်ကလေးများက ယိမ်းကနေသလိုပါပဲ။ ကျွန်တော်က ကုလားထိုင်တစ်လုံးမှာ ထိုင်ပြီး သာသနာပိုင်ကို ကျောပေးကာ ဘယ်ဘက်လက်ကို ခေါင်းပေါ်တင်ထားပါတယ်။ ညာဘက်လက်ကတော့ သမ္မာကျမ်းစာ စာအုပ်ကိုကိုင်ပြီး သူ့အတွက် မေတ္တာပို့နေပါတယ်။ ကင်စင်တန်နန်းတော်ရဲ့အပြင်မှာ အင်္ဂလန်နိုင်ငံသား ၃၀၀၀၀ လောက်ကလည်း သူ့အတွက် မေတ္တာပို့နေကြတယ်ဆိုတာ ကျွန်တော် သိပေမယ့် ကျွန်တော့်ရင်ထဲမှာ ဒီညအတွက် ကျွန်တော်နဲ့ သခင်မနှစ်ယောက်တည်းသာ ရှိနေတယ်လို့ ခံစားရပါတယ်။ အဲဒီညက ကျွန်တော် တစ်မှေးမှ မအိပ်ခဲ့ပါဘူး။ ဒီညတစ်ညဟာ သခင်မနဲ့အတူ နေခွင့်ရတဲ့ နောက်ဆုံးည ဖြစ်တာကြောင့် ကျွန်တော် တစ်ညလုံး သခင်မကို အိပ်ဖန်စောင့်ပေးခဲ့ပါတယ်။ ကျွန်တော် ပြောသမျှကို ကျွန်တော့်သခင်မ နားထောင်နေလိမ့်မယ်လို့လည်း ယုံကြည်တဲ့အတွက် ကျွန်တော်ပြောချင်တဲ့ စကားတွေကို တတွတ်တွတ် ပြောနေခဲ့ပါတယ်။ ကျွန်တော် စကားတွေ ပြောလိုက်၊ စာတွေဖတ်ပြလိုက်၊ မေတ္တာပို့လိုက်နဲ့ မနက် ၇ နာရီ ထိုးခဲ့ပါတယ်။

အဲဒီအချိန်ကျမှ ကျွန်တော် အိမ်ပြန်ပြီး ရေမိုးချိုးကာ အသုဘအခမ်းအနားအတွက် အဝတ်အစား ပြင်ဆင်ရပါတယ်။ အဲဒီနေ့ နံနက်ခင်းဟာ ထူးထူးခြားခြား လှပနေတဲ့ နံနက်ခင်းလို့ ကျွန်တော် ထင်ပါတယ်။ သွားရာလမ်းတစ်လျှောက် သာမက ကင်စင်တန်နန်းတော်ကြီးရဲ့ ပတ်ဝန်းကျင်မှာလည်း ပြည်သူများရဲ့မေတ္တာကို ပြသတဲ့ ပန်းများက ထွက်ရှိလာတဲ့ ရနံ့များကြောင့် မွှေးကြိုင်လန်းဆန်းနေပါတယ်။ သခင်မ ခေါင်းနားမှာ ကျွန်တော် စောင့်ဆိုင်းနေစဉ်တုန်းမှာပဲ ဘုရင်မတပ်မတော်က ခေါင်းတင်ယူမယ့် အမြောက်တင်ယာဉ်တစ်စီး ပြည်းညင်းစွာဝင်ရောက်လာတဲ့အသံကို ကြားလိုက်ရပါပြီ။ ကြည်ပြာရောင်ဝတ်စုံများကို ဝတ်ဆင်ထားတဲ့ စစ်သား ၈ ယောက်တို့က ခေါင်းတစ်ဖက်တစ်ချက်မှာ တန်းစီရပ်လိုက်ကြပြီး မလိုက်ကြပါတယ်။ ကင်စင်တန်နန်းတော်ကနေ နှစ်မိုင်လောက်ဝေးမယ့် Westminster Abbey ဘုရားကျောင်းသို့ သယ်ဆောင်ဖို့ ပထမခြေလှမ်းတွေ စတင်လိုက်ကြပါပြီ။ အချိန်အားဖြင့် စနေနေ့ မနက် ၉:၁၀ နာရီဖြစ်ပြီး သူတို့ စတင်ထွက်ခွာဖို့ ပြင်ဆင်နေကြပါပြီ။

သက်ရှိထင်ရှားရှိစဉ်က စံနေခဲ့တဲ့ ကင်စင်တန်နန်းတော်ရဲ့ အဝမှာ မြင်းအနက် ၆ ကောင်ကတဲ့ ရထားတစ်စီးရပ်ထားပြီး ရထားထိန်းက မင်းခမ်းမင်းနားများမှာ ဝတ်ဆင်ရတဲ့ ယူနီဖောင်းကို ဝတ်ဆင်ကာ ဦးထုပ်မှာလည်း ရွှေရောင်သားမွှေးတစ်ချောင်း ထောင်ထားပါတယ်။ သူ့နောက်မှာ ပထမကမ္ဘာစစ်က အသုံးပြုခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



အမြောက်တင်လှည်းက ဒိုင်ယာနာရဲ့ခေါင်းကိုတင်ပြီး ထွက်ခွာဖို့ အဆင်သင့် ဖြစ်နေပါပြီ။ ခေါင်းရဲ့ ဘေးတစ်ဖက်တစ်ချက်မှာတော့ အဖြူရောင် လီလီပန်းများက လွှမ်းခြုံစွယ် လိုက်ပါသွားကြပါလိမ့်မယ်။ အဲဒီအချိန်မှာ ဝေလသက်တော် စောင့် ပထမတပ်ရင်းက အနီရောင်ယူနီဖောင်းများနဲ့ အဆင်သင့် ရှိနေကြပါပြီ။ လမ်းတစ်ဖက်တစ်ချက်မှာတော့ ကျွန်တော့်ဇနီး မာရီယာ၊ သားများဖြစ်ကြတဲ့ အလက်ဇန္ဒားနဲ့ နစ်ခ်တို့က အိမ်တော်ဝန်ထမ်းများနဲ့အတူ ဝမ်းနည်းကြေကွဲစွာ ကြည့်နေကြပါတယ်။

မြင်းများ စတင်လှုပ်ရှားလာပြီး သခင်မရဲ့ခေါင်းတင်ထားတဲ့ လှည်းကို စတင် ဆွဲယူကြပါပြီ။ လွန်ခဲ့တဲ့ ရက်သတ္တပတ်နှစ်ပတ်တုန်းက ကျွန်တော့် သခင်မ ဂရိကို ခရီးထွက်ခွာစဉ်တုန်းက သူ့ BMW ကားကလေး ထွက်ခွာသွားတာကို ကျွန်တော် ဒီနေရာကနေပဲ ရပ်ကြည့်ခဲ့ပြီး လက်ပြနှုတ်ဆက်ခဲ့ပါသေးတယ်။ ခုလည်း သခင်မက သွားပြန်ပါပြီ။ ဒီတစ်ကြိမ်က ဘယ်တော့မှ ပြန်လာမှာ မဟုတ်တဲ့ နောက်ဆုံးခရီးကို ထွက်ခွာသွားတာပါ။ ဒါကြောင့် ကျွန်တော် လက်ပြနှုတ်ဆက်ခြင်း မပြုတော့ဘဲ ဦးညွှတ်အလေးပြုလိုက်ပါတယ်။

❑


www.burmeseclassic.com


















ဒိုင်ယာနာရဲ့ ညေ့ခန်း

ဒီစံအိမ်ကြီးရဲ့ လှေကားထစ်များပေါ်မှာ ဒိုင်ယာနာနဲ့ ပေါလ်တို့ အကြောင်းအရာပေါင်းများစွာ ပြောခဲ့ကြပါတယ်

www.burmeseclassic.com

www.burmeseclassic.com





နိုင်ယာနာ အလှပြင်ခန်း
(ဝဲ)

နိုင်ယာနာရဲ့ ထမင်းစားခန်း
(ယာ)

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှိခိုးကျောင်းကြီးရဲ့ ရှေ့ဆုံးမှာ တော်ဝင်မိသားစုများရဲ့ ထုံးတမ်းစဉ်လာအတိုင်း အလံလွှမ်းထားတဲ့ ဒိုင်ယာနာရဲ့ ခေါင်းလေးဘက်လေးတန်မှာ ဖယောင်းတိုင်များ ထွန်းညှိထားပါတယ်။ ခေါင်းပေါ်မှာ နှင်းဆီပန်းအဖြူများနဲ့ ပြုလုပ်ထားတဲ့ ပန်းစည်းတစ်စည်း တင်ထားပြီး မင်းသားငယ်ရဲ့ လက်ရေးနဲ့ 'Mummy'လို့ ရေးထားတဲ့ စာအိတ်တစ်လုံးကို တွေ့ကြရပါတယ်။

# အခန်း (၁၄)
# အလွန်ထူးဆန်းသော လုပ်ရပ်

Westminster Abbey ဘုရားရှိခိုးကျောင်းကြီးရဲ့ မန္တလေးများ သီကြွေးရာနေရာမှာ အနည်းငယ်မြင့်ပြီး အလှဆင်ထားပါတယ်။ အဲဒီစင်မြင့်ထက်မှာ ဒိုင်ယာနာရဲ့ မောင်ဖြစ်သူ အားလ်စပင်ဆာက မတ်တပ်ရပ်နေရာယူထားပြီး အစ်မတော်ရဲ့ခေါင်းကို အပေါ်စီးကကြည့်ရင်း စပင်ဆာမိသားစုများကိုယ်စား အစ်မတော်အတွက် နောက်ဆုံး နှုတ်ဆက်စကားများကို ပြောကြားနေပါတယ်။ *'အစ်မတော်ရဲ့ စိတ်ပိုင်းဆိုင်ရာပြဿနာများ... ပေါင်းသင်းဆက်ဆံရေးနယ်ပယ်မှ ကိစ္စများ... စသဖြင့် အစ်မတော်ရဲ့ ပြဿနာအရပ်ရပ်မှာ ကျွန်တော်က အရေးပါအရာရောက်သူ မဟုတ်ခဲ့ပါဘူး။ အစ်မတော်များနဲ့ ကျွန်တော့်ဆက်ဆံရေးကလည်း ကျဲပါးလွန်းတဲ့အတွက် အဲဒါတွေနဲ့ပတ်သက်ပြီး ဝမ်းနည်းကြေကွဲမှုလည်း မဖြစ်ခဲ့ပါဘူး။ ...'*

ဒီစကားတွေကို ကြေကွဲဝမ်းနည်းနေဟန်ရှိတဲ့ အားလ်စပင်ဆာက ပြောကြားနေပြီး ကျွန်တော်ကတော့ နားရှိလို့သာ ကြားခဲ့ရတာပါ။ သူမိန့်ခွန်းကို တစ်ကမ္ဘာလုံးမှာရှိတဲ့ ပြည်သူများက ဝမ်းနည်းကြေကွဲနေကြသလို အင်္ဂလန်နိုင်ငံသူ၊ နိုင်ငံသားများကလည်း မိသားစုနဲ့အတူ ဝမ်းနည်းကြေကွဲကြရင်း ရုပ်မြင်သံကြားအစီအစဉ်များမှ တိုက်ရိုက်ထုတ်လွှင့်တာကို ကြည့်ရှုနေကြပါတယ်။

၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့က အသုဘအခမ်းအနားမှာ အားလ်စပင်ဆာ ပြောနေတဲ့ စကားတွေကို ကျွန်တော် နားထောင်နေပေမယ့် မကြားတော့ပါဘူး။ ကျွန်တော့်နားထဲမှာ ၁၉၉၆ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့ မှင်မီက

www.burmeseclassic.com



သူ့အစ်မဖြစ်တဲ့ ဒိုင်ယာနာကို သူပြောခဲ့တဲ့ စကားတွေ တစ်ကမ္ဘာလုံး ကြားစေချင်လှပါတယ်။ အဲဒီစကားတွေကိုသာ ကြားခွင့်ရကြမယ်ဆိုရင် ခေါင်းငိုက်စိုက်ချပြီး မျက်ရည်လည်ရွဲနဲ့ အားလ်စပင်ဆာ ပြောနေတဲ့ စကားတွေဟာ ရင်ထဲကလာတဲ့ စကားတွေမဟုတ်ဘူးဆိုတာ သိခွင့်ရကြမှာပါ။

ဘုရားသခင်ရဲ့ အိမ်တော်အလယ်ခေါင်မှာ တစ်ကမ္ဘာလုံးကို ပြောကြားနေတဲ့ သူ့စကားတွေဟာ စနစ်တကျ ပီပီပြင်ပြင် ပြင်ဆင်ရေးသားလာခဲ့တဲ့ စကားတွေဖြစ်တဲ့အပြင် ဒီစကားတွေဟာ တော်ဝင်မိသားစုများကို လည်ပင်းညှစ်နေတဲ့ စကားတွေဖြစ်တယ်ဆိုတာ ကျွန်တော် သဘောပေါက်နေပါတယ်။ ဘုရားရှိခိုးကျောင်းကြီးရဲ့ အပြင်ဘက်ကနေ နားထောင်နေတဲ့ ပရိသတ်များကတော့ လက်ခုပ်ဩဘာပေးပြီး သူ့မိန့်ခွန်းကို ထောက်ခံနေကြပေမယ့် ဘုရားရှိခိုးကျောင်းအတွင်းမှာရှိနေတဲ့ တော်ဝင်မိသားစုများမှာတော့ လူပုံအလယ်ခေါင်မှာ အရှက်ခွဲသလို ခံစားနေကြရပါတယ်။ တကယ်တော့ သူ့မိန့်ခွန်းဟာ အမှန်တရားလား၊ လိမ်ညာပြောကြားနေတာလား ဆိုတာကို သူ့မိသားစုဝင်များနဲ့ သူ့အကြောင်းသိထားတဲ့ ကျွန်တော်လိုပုဂ္ဂိုလ်များအနေနဲ့တော့ ခွဲခြားနားလည်နိုင်ခဲ့ပါတယ်။ သူတို့မောင်နှမရဲ့ ဆက်ဆံရေးဟာ ဘယ်တုန်းကမှ မပြေပြစ်ခဲ့ပါဘူး။

သွေးရင်းသားရင်းဖြစ်တဲ့ အားလ်စပင်ဆာဟာ ချားလ်စ်မင်းသားနဲ့ ဒိုင်ယာနာတို့ ၁၉၈၁ ခုနှစ်က လက်ထပ်ကြပြီးတဲ့နောက်မှာ ကွယ်လွန်ချိန်ထိ အကြိမ် ၅၀ ခန့်သာ မင်းသမီးကို လာရောက်တွေ့ဆုံခဲ့ဖူးတာပါ။ ၁၉၉၆ ခုနှစ်က မင်းသမီးထံကို သူရေးခဲ့တဲ့ စာ၊ မင်းသမီးက ကျွန်တော့်ကို ကင်စတန်နန်းတော်ရဲ့ လှေကားထစ်များပေါ်မှာထိုင်ရင်း ဖတ်ပြခဲ့တာကို သတိရနေမိပါတယ်။

နားထဲက သူ့ စကားသံတွေ ကြားနေပေမယ့် ကျွန်တော့် အာရုံထဲမှာတော့ ပုံရိပ်နှစ်ခုက ရောထွေးနေပါတယ်။ ပုံရိပ်တစ်ခုက ဝမ်းနည်းကြေကွဲစွာ တစ်ကမ္ဘာလုံးကို စကားပြောကြားနေတဲ့ အားလ်စပင်ဆာရဲ့ ပုံရိပ်ဖြစ်ပြီး နောက်ပုံရိပ်တစ်ခုကတော့ သူရေးခဲ့တဲ့စာကို ဝမ်းနည်းစွာဖတ်ပြနေတဲ့ ဒိုင်ယာနာရဲ့ ပုံရိပ်များပဲ ဖြစ်ပါတယ်။

၁၉၉၇ ခုနှစ်မှာ သူပြောခဲ့တဲ့ စကားများက 'အခြေခံအားဖြင့် ပြောရမယ်ဆိုရင် ကျွန်တော့်အစ်မတော်ဟာ ကျွန်တော့်ကို မိခင်တစ်ယောက်က ကလေးတစ်ယောက်ကို ပြုစုစောင့်ရှောက်သလို စောင့်ရှောက်ခဲ့သူဖြစ်ပါတယ်'။ ၁၉၉၆ ခုနှစ်မှာ ဒိုင်ယာနာ ဖတ်ပြခဲ့တဲ့ စာသားများကတော့ 'နှစ်ပေါင်းများစွာ တစ်ယောက်ကို တစ်ယောက် လျစ်လျူရှုခဲ့ကြတဲ့ ကျွန်တော်တို့ မောင်နှမများရဲ့ ဆက်ဆံရေးမှာ



အစ်မတော်သိတဲ့အတိုင်း တစ်ယောက်နဲ့တစ်ယောက် စကားပြောဖို့တောင် ခဲယဉ်းခဲ့ကြပါတယ်။ ဒါပေမယ့် ကျွန်တော်ဟာ အစ်မတော်ကိုချစ်တဲ့ မောင်တစ်ယောက်အနေနဲ့တော့ အစ်မတော်ဘက်မှ ရပ်တည်နေပါတယ်။ ၁၅ နှစ်လောက် တစ်ယောက်နဲ့တစ်ယောက် အဆက်အသွယ်ပြတ်ခဲ့ကြတာ ဘယ်လောက်အထိလည်းဆိုရင် Althorp ကို အစ်မတော်လာမယ်ဆိုတာတောင် ဒေးလီးမေးလ် သတင်းစာကြီးက ဖော်ပြတော့မှသာ ကျွန်တော် သိရတဲ့အထိပါပဲ'တဲ့။

ကျွန်တော့်နားထဲမှာ အားလ်စပင်ဆာရဲ့ စကားသံကို ကြားရတာက 'ဒိုင်ယာနာဟာ သူ့ကိုယ်သူ လုံခြုံမှုမရှိတဲ့ လူတစ်ဦးအဖြစ်နဲ့ တစ်သက်လုံး ခံစားသွားရပါတယ်။ ငယ်စဉ်ကတည်းက သူများအတွက် အနစ်နာခံတဲ့ စိတ်ဓာတ်ရှိပြီး အဲလို ခံစားချက်ကြောင့်လည်း အစားအသောက်မမှန်တဲ့ ရောဂါ ကျရောက်လာခဲ့တာပါ' လို့ ဆိုပါတယ်။ ၁၉၉၆ ခုနှစ်မှာ ဒိုင်ယာနာဖတ်ပြခဲ့တဲ့ သူ့စာထဲမှာတော့ 'ကျွန်တော် အစ်မတော်အတွက် စိုးရိမ်ပါတယ်။ ကျန်းမာရေးထိခိုက်လာတဲ့အထိ အခြေအနေတွေ ဆိုးဝါးလာတယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်။ အစ်မတော်ရဲ့ စိတ်ကျန်းမာရေးအတွက် လျော်ကန်သင့်မြတ်တဲ့ ဆေးဝါးကုသမှုတွေ ခံယူနိုင်ပါစေလို့လည်း ဘုရားသခင်ထံမှာ ဆုတောင်းပါတယ်'တဲ့။

အဲဒီအချိန်တုန်းက ဒိုင်ယာနာဟာ အစားအသောက်မမှန်တဲ့ ရောဂါဆိုးကို ကျော်လွှားနိုင်ခဲ့ပါပြီ။ ဒါပေမယ့် သူ့မောင်ရဲ့စာထဲမှာ စိတ်ကျန်းမာရေးလို့ ရေးသားဖော်ပြတာနဲ့ ပတ်သက်လို့တော့ မကျေနပ်ခဲ့ပါဘူး။ ဒီစကားမျိုးက သူ့ကြင်ယာတော် ချားလ်စ် မင်းသားထံမှသာ ကြားရလေ့ရှိတဲ့ စကားဖြစ်ပြီး ခုတစ်ခါ သူ့မောင်ဖြစ်သူထံမှ ကြားလိုက်ရပြန်တဲ့အတွက် စိတ်မကောင်းဖြစ်ရပြန်ပါတယ်။

သားတော်နှစ်ပါးဖြစ်တဲ့ ဝီလျံနဲ့ ဟယ်ရီတို့နဲ့ ပတ်သက်ပြီး သူ ပြောသွားတာက 'တူတော်မောင်နှစ်ယောက်ကို အစ်မတော်ခံစားနေရတဲ့ ဒေါသဖြစ်ရတာမျိုး၊ စိတ်ပျက်ရတာမျိုး၊ မျက်ရည်ကျရတာမျိုးမဖြစ်ရအောင် ကျွန်တော်တို့ ကာကွယ်ပေးချင်ပါတယ်'လို့ ပြောခဲ့ပြီး စာထဲမှာတော့ 'အစ်မတော် ခေတ္တနေထိုင်ခွင့်တောင်းတဲ့ Garden House မှာ နေခွင့်မပြုနိုင်တာ ကျွန်တော် စိတ်မကောင်းပါဘူး။ ဘာကြောင့်ခွင့်မပြုရလဲဆိုတော့ ကျွန်တော့်မှာ အကြောင်းများစွာရှိပါတယ်။ များစွာသောအကြောင်းများထဲက တစ်ခုကတော့ ရဲများနဲ့ စာနယ်ဇင်းပုဂ္ဂိုလ်များ မကြာခဏ ဝင်ထွက်သွားလာတာမျိုးကို ကျွန်တော် မနှစ်သက်တာကြောင့် ဖြစ်ပါတယ်' လို့ ဆိုခဲ့ပါတယ်။

အဲဒီစာကြောင့် ဒိုင်ယာနာ မျက်ရည်ကျခဲ့တာကို အခု ဝမ်းနည်းကြေကွဲစွာ

www.burmeseclassic.com

www.burmeseclassic.com



ပြောကြားနေတဲ့ အားလ်စပင်ဆာ သိကောသိပါရဲ့လား။ ပထမတစ်ကြိမ်တုန်းက လည်း စပင်ဆာမျိုးရိုးရဲ့ အစဉ်အဆက် ထိန်းသိမ်းလာခဲ့တဲ့ သရဖူကို သူ့လက်ပြန် အပ်ဖို့ တောင်းဆိုခဲ့တဲ့အတွက် မျက်ရည်ကျခဲ့ရဖူးပြီး ဒီစာကြောင့် နောက်တစ်ကြိမ် မျက်ရည်ကျခဲ့ရပြန်ပါတယ်။

ဘုရားရှိခိုးကျောင်းအတွင်းမှာ အားလ်စပင်ဆာ ပြောခဲ့တဲ့ မိန့်ခွန်းဟာ ပဒေသရာဇ် စနစ်ဆိုးကြောင့် သူ့အစ်မ အသက်ဆုံးရှုံးခဲ့ရတယ်လို့ ဖော်ညွှန်းပြီး ပြောဆိုသွားခဲ့တာ ဖြစ်တယ်လို့ ဝေဖန်သုံးသပ်သူ အများစုက သုံးသပ်ကြပါတယ်။ ဒါပေမယ့် ကျွန်တော့် အမြင်မှာတော့ အားလ်စပင်ဆာရဲ့ မိန့်ခွန်းဟာ ကလေးဘဝမှာကတည်းက အဆင် မပြေလှတဲ့ သူ့တို့မောင်နှမဆက်ဆံရေးကို အသုဘအခမ်းအနားမှာ အထုပ်ဖြေပြ သွားတယ်လို့ မြင်ပါတယ်။

ကျွန်တော့်အမြင်မှာတော့ ဒီလူဟာ ဒိုင်ယာနာကို ဘဝသက်တမ်းတစ်လျှောက် လုံးမှာ စိတ်ဆင်းရဲစရာ အမျိုးမျိုး ဖန်တီးခဲ့သူ၊ မျက်ရည်အကြိမ်ကြိမ် ကျစေခဲ့သူလို့ မြင်တာကြောင့် စပင်ဆာမိသားစုကိုယ်စား ဝမ်းနည်းကြေကွဲစကားကို သူမပြောသင့် ဘူးလို့ ထင်ပါတယ်။ စပင်ဆာမျိုးရိုးပိုင် အိမ်တော်မှာ ခေတ္တပြောင်းရွှေ့ စံနေခွင့် တောင်းတာကို ရက်ရက်စက်စက် ငြင်းပယ်ခဲ့ပြီး သေပြီဆိုတော့မှ စပင်ဆာ မိသားစုပိုင် မြေနေရာမှာ ဒိုင်ယာနာကို ထာဝရ အိပ်စက်နားနေခွင့် ပြုခဲ့တာဟာလည်း မလျော် ကန်လှဘူးလို့ ထင်ပါတယ်။ ဘုရားသခင်ရဲ့ အိမ်တော်မှာ သူ့ရင်ထဲက ဆန္ဒတွေနဲ့ ဆန့်ကျင်ဘက် ဖြစ်တဲ့စကားတွေကို ဘာကြောင့်များ လိမ်ညာပြောခွင့် ပြုခဲ့ကြတာ လဲလို့ ကျွန်တော် တွေးနေမိပါတယ်။ သေတော့မှသာ လွမ်းပြနေပြီး သူ့အပါအဝင် သူ့မိခင်နဲ့ စပင်ဆာမိသားစုတို့က ကျွန်ရစ်တဲ့ သားတော်နှစ်ပါးကို မဟာဆီ မဟာ သွေးပီပီ စောင့်ရှောက်ထိန်းသိမ်းသွားမယ်ဆိုတာကိုလည်း ကျွန်တော့်ရင်ထဲမှာ မကျေနပ်နိုင်ခဲ့ပါဘူး။ သူက 'တူတော်မောင်များဖြစ်တဲ့ ဝီလျံနဲ့ဟယ်ရီတို့ကို ပဒေသရာဇ်တို့ရဲ့ ပုံစံအတိုင်း မလေ့ထုံးစံများနဲ့ အသက်ရှင်ကြီးပြင်းခြင်းကနေ ကင်းဝေးအောင် စောင့်ရှောက်သွားပါ့မယ်' လို့ ဆိုခဲ့ပါသေးတယ်။

အဲဒီစကားပိုဒ်အရောက်မှာ ကျွန်တော့်မျက်လုံးများက ဘုရင်မကြီးထံ လှမ်း ကြည့်မိလိုက်ပါတယ်။ ဟယ်ရီက သူ့မျက်နှာကို သူ့လက်ကလေးများနဲ့ ပွတ်သပ် နေပြီး ဝီလျံကတော့ ဘာကိုမှမမြင်တော့တဲ့ အကြည့်မျိုးနဲ့ ရှေ့တူရူကို ငေးကြည့် နေပါတယ်။ အားလ်စပင်ဆာရဲ့ စကားများဟာ ဝင်ဆာမိသားစုများနဲ့ စပင်ဆာမိသားစု တွေရဲ့ စစ်အေးတိုက်ပွဲကို ဖော်ပြနေသလိုပါပဲ။ တကယ်လို့များ ဒိုင်ယာနာသာ သက်ရှိထင်ရှားရှိမယ်ဆိုရင် သူ့သားများအပေါ်မှာ ကြင်ယာတော် ချားလ်စ်မင်းသားနဲ့



ဘုရင်မကြီးတို့ရဲ့ အုပ်ချုပ်မှုကို လေးစားသူတစ်ယောက်အနေနဲ့ သူ့မောင်က လူ့ပုံ အလယ်မှာ ခုလို ဝေဖန်ပြောကြားနေတာနဲ့ ပတ်သက်ပြီး ဘယ်လိုခံစားရလေမလဲလို့ ကျွန်တော် တွေးနေမိပါတယ်။

ဘုရားရှိခိုးကျောင်းကြီးရဲ့ ရှေ့ဆုံးမှာ တော်ဝင်မိသားစုများရဲ့ ထုံးတမ်းစဉ် လာအတိုင်း အလံလွှမ်းထားတဲ့ ဒိုင်ယာနာရဲ့ ခေါင်းလေးဘက်လေးတန်မှာ ဖယောင်း တိုင်များ ထွန်းညှိထားပါတယ်။ ခေါင်းပေါ်မှာ နှင်းဆီပန်းအဖြူများနဲ့ ပြုလုပ်ထားတဲ့ ပန်းစည်းတစ်စည်း တင်ထားပြီး မင်းသားငယ်ရဲ့ လက်ရေးနဲ့ 'Mummy' လို့ ရေးထားတဲ့ စာအိတ်တစ်လုံးကို တွေ့ကြရပါတယ်။ ကျွန်တော့် ညာဘက်မှာ ထိုင်နေတဲ့ ဇနီးသည် မာရီယာရဲ့လက်ကို တစ်ဖက်က ဆုပ်ကိုင်ထားပြီး ဘယ်ဘက်မှာ တော့ အသည်းပေါက်မတတ် ငိုကြွေးနေတဲ့ သားငယ် နစ်ခ်ရဲ့လက်ကို ဆုပ်ကိုင် ထားပါတယ်။ နစ်ခ်ရဲ့ဘေးမှာတော့ သားကြီး အလက်ဇန်းဒါးက လူကြီးတစ် ယောက်လို သူ့ကိုယ်သူ ကြံ့ကြံ့ခံနိုင်အောင် ကြိတ်မှိတ်ကြိုးစားနေရှာပါတယ်။ ကျွန်တော့် ရှေ့တည့်တည့်ကို ကြည့်လိုက်ရာမှာတော့ အမေရိကန်နိုင်ငံ သမ္မတ ကတော် ဟီလာရီကလင်တန်ကို တွေ့လိုက်ရပါတယ်။ သူ့ကိုမြင်လိုက်တော့ အမေရိကန်ပြည်ထောင်စုသို့ သွားရောက်လည်ပတ်ပြီး ပြန်လာချိန်မှာ ဒိုင်ယာနာက သမ္မတအိမ်ဖြူတော်မှာ သူဘယ်လို ပျော်ခဲ့ကြောင်း ပြောပြခဲ့တာများကို သတိရနေမိ ပါတယ်။ သမ္မတကတော်နဲ့သူ နောင်မှာ အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့ နေထိုင်ဖို့ ဆွေးနွေးခဲ့ကြောင်း၊ ဟီလာရီကလည်း ဒိုင်ယာနာသာ လာနေမယ်ဆိုရင် အမေရိကန် ပြည်သူလူထုက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြမှာဖြစ်ကြောင်း ပြော ကြားခဲ့ပါတယ်။ သူ့စကားတွေ ပြန်လည်ကြားယောင်ရင်း ကျွန်တော့်ရဲ့မျက်လုံးအိမ် အတွင်း ဝဲတက်လာတဲ့ မျက်ရည်များကို ချုပ်တည်းလိုက်ရပါတယ်။

အားလ်စပင်ဆာရဲ့ မိန့်ခွန်းလည်း ပြီးဆုံးသွားပါပြီ။ ဘုရားကျောင်းကြီးရဲ့ အပြင်ဘက်ကနေ နားဆင်နေကြတဲ့ ပရိသတ်များထံမှ လက်ခုပ်သြဘာသံများ ကြားလိုက်ရပါတယ်။ ကျွန်တော် လှမ်းကြည့်လိုက်တော့ အဆိုတော်ကြီး အယ်လ်တန်ဂျွန်နဲ့ ဂျော့ချ်မိုက်ကယ်လ်တို့လည်း လက်ခုပ်သြဘာ ပေးနေကြပါတယ်။ ဘုရင်မကြီးရဲ့ ဂုဏ်သိက္ခာကို ထိပါးစော်ကားတဲ့ မိန့်ခွန်းရှည်ကတော့ ပြီးဆုံးသွား ပြီပေါ့။

အားလ်စပင်ဆာဟာ တစ်သက်လုံး သူ မုန်းတီးထားတဲ့ ဝင်ဆာမိသားစုအပေါ် သူ့ခံစားချက်တွေ အိတ်သွန်ဖာမှောက် ပြောကြားသွားခဲ့တာပါ။ သူ့စိတ်ထဲမှာ သူ့ အစ်မ ဒိုင်ယာနာနှင့် ဘုရင်မကြီးတို့ဟာ ပြိုင်ဘက်ရန်သူများဖြစ်တယ်လို့ ထင်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်။ တကယ်တော့ ဒိုင်ယာနာဟာ သူယောကျ်ားမနဲ့ နောက်ဆုံးအချိန်အထိ အပြန်အလှန် စာရေးသားဆက်သွယ်ခဲ့သူ ဖြစ်ပါတယ်။ ဘုရင်မကြီးရဲ့ ကြင်ယာတော်ဖြစ်တဲ့ အီဒင်ဘာမြို့စားကြီးကိုလည်း လေးလေးစားစား ဆက်ဆံခဲ့သူဖြစ်ပြီး ၁၉၉၂ ခုနှစ်က ချားလ်စ်မင်းသားနဲ့ သူ့အိမ်ထောင်ရေးမှာ ပြန်ပြေဖို့ ကြိုးစားခဲ့သူအဖြစ်လည်း လေးစားခဲ့ပါတယ်။ ဒိုင်ယာနာ ကွယ်လွန်ပြီးနောက် ရှာပနှ အခမ်းအနား မကျင်းပမီ ၆ ရက်ကာလကတော့ ဝင်ဆာမိသားစုများအတွက် အကြပ်အတည်း အကြီးဆုံးကာလများလို့ ပြောရပါလိမ့်မယ်။ ဘာကင်ဟမ်နန်းတော်မှာ နိုင်ငံတော်ကို တစ်ဝက်လွှင့်ထူပြီး ဒိုင်ယာနာကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြေကွဲကြောင်းပြသဖို့ နှောင့်နှေးခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။

ဒီအခြေအနေမှာ ပြည်သူအများက သွေးပူနေကြတဲ့အတွက် နန်းလေ့ ထုံးတမ်းစဉ်လာများကို မလိုက်နာလိုကြတော့ဘဲ သူတို့ချစ်တဲ့ ဒိုင်ယာနာအတွက်သာ သူတို့ဘက်က မဲတင်းနေကြခြင်း ဖြစ်ပါတယ်။ အသုဘအခမ်းအနားမှာ မိသားစုကိုယ်စား မိန့်ခွန်းပြောကြားခဲ့တဲ့ အားလ်စပင်ဆာရဲ့ စကားများက ပြည်သူများကို သွေးဆူစေခဲ့တာ အမှန်ပါပဲ။ ဒိုင်ယာနာရဲ့ ရုပ်အလောင်း ထာဝရ လျောင်းစက်မယ့်နေရာကို မရောက်သေးခင်မှာတောင် ပြဿနာတွေက ဆူပွက်နေပါပြီ။

ကော်လံစား သတင်းထောက်များနဲ့ ရုပ်မြင်သံကြား ထုတ်လွှင့်သူများကလည်း ဒိုင်ယာနာဘက်ကသာ ရေးသားနေကြပါတယ်။ သူတို့က ဒိုင်ယာနာ ခုလို ဖြစ်သွားခြင်းဟာ ဝင်ဆာမိသားစု တာဝန်မကင်းဘူးလို့ ယူဆကြပါတယ်။ တကယ်လို့ တစ်ယောက်တည်း အထီးကျန်ဘဝကို မရောက်ခဲ့ဘူးဆိုရင် ဒီလိုအဖြစ်မျိုး ဖြစ်မှာ မဟုတ်ဘူးလို့ သုံးသပ်ကြပါတယ်။ အမှန်တကယ်ကတော့ ဒိုင်ယာနာ အထီးကျန်ဖြစ်နေရခြင်းဟာ ဝင်ဆာမိသားစုကြောင့် မဟုတ်ပါဘူး။ ကြင်ယာတော်ဖြစ်တဲ့ ချားလ်စ် မင်းသားတစ်ဦးတည်းကြောင့်သာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကာယကံရှင်ဖြစ်တဲ့ ဒိုင်ယာနာက သူ့ကြင်ယာတော်ရဲ့ မိဘနှစ်ပါးနဲ့ တော်ဝင်မိသားစုများကို မုန်းတီးခြင်း၊ စိတ်နာခြင်း အလျှင်းမရှိခဲ့ပါဘူး။ ခုနေခါမှာ ဒိုင်ယာနာသာ အသက်ရှင်စကားပြောခွင့်ရမယ်ဆိုရင် ဝင်ဆာမိသားစုများဘက်က ကာဆီးပြောမယ်ဆိုတာ သေချာလှပါတယ်။ ဒိုင်ယာနာ့ရင်ထဲမှာ ခံယူချက်က အဲဒီလိုရှိတယ်ဆိုတာ အတွင်းသိ၊ အစင်းသိ ဖြစ်တဲ့ ကျွန်တော်က သိထားတာကြောင့် အစ်မတော်ရဲ့ ခံယူချက်နဲ့ အားလ်စပင်ဆာရဲ့ မိန့်ခွန်းများဟာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါတယ်။

ဒိုင်ယာနာက စကားလုံးအသုံးအနှုန်းကအစ အင်မတန် သတိထားတတ်တဲ့သူ ဖြစ်ပါတယ်။ ဒါ့ကြောင့် သူ့စာရေးစားပွဲပေါ်မှာ သူသုံးနှုန်းချင်တဲ့ စကားလုံးလေး



များ ပေါ်လာတိုင်း ချရေးထားတတ်ပါတယ်။ တစ်ခါတုန်းကလည်း ဒိုင်ယာနာနဲ့ ကျွန်တော် ကင်စတန်နန်းတော်ရဲ့ လှေကားထစ်များပေါ်မှာ ထိုင်ကြရင်း သူ့ရေးရေး၊ သူ့ရင်ထဲက အကြောက်တရားတွေ၊ ဗြိတိန်နိုင်ငံရဲ့ ရှေ့အလားအလာ စသဖြင့် ဆွေးနွေးဖြစ်ခဲ့ကြပါတယ်။ နောက်တစ်နေ့မနက် ကျွန်တော် ရုံးတက်တဲ့အခါမှာ ကျွန်တော့်စားပွဲပေါ်မှာ စာအိတ်ညိုတစ်လုံး ရောက်နေပါတယ်။ ဒိုင်ယာနာ တင်ထားတဲ့စာမှန်း ကျွန်တော် သိလိုက်ပါတယ်။ အဲဒီစာကိုဖတ်ကြည့်မယ်ဆိုရင် သူဘာကြောင့် 'ပြည်သူ့မင်းသမီး' လို့ ဘွဲ့အမည် အတပ်ခံရတာကို နားလည်လိမ့်မယ် ထင်ပါတယ်။

*ကျွန်မလေ ဘုရင်မကြီးကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ပြီး သူ့ရင်ထဲက ခံစားချက်တွေကို ကျွန်မ နားလည်ပါတယ်ဆိုတာ ပြောပြလိုက်စမ်းချင်ပါတယ်။ ဘုရင်မကြီးရဲ့ ပတ်ဝန်းကျင်မှာ လိမ်ညာလှည့်ဖြားမှုတွေ အများအပြား ရှိနေတာကြောင့် ဘုရင်မကြီးဟာ အရာရာကို အမှန်အတိုင်း သိရှိခွင့်မရခဲ့ဘဲ အထီးကျန်ဖြစ်နေတာပါ။ အနာဂတ်ကာလမှာ ကေရာစ်စနစ် မရှိတော့ဘဲ စနစ်သစ်တစ်ခုကို ကူးပြောင်းသွားတဲ့ အချိန်မှာလည်း ဂုဏ်ရှိန်မပျက် လိုက်ပါစီးမျောသွားနိုင်အောင် ပြင်ဆင်ထားသင့်တယ်ဆိုတာကိုလည်း ကျွန်မ ပြောပြစမ်းချင်ပါတယ်။ တော်ဝင်မိသားစုအနေနဲ့ အပြောင်းအလဲ ပေါ်ပေါက်လာမှာကို ထိတ်လန့်တုန်လှုပ်ကြမှာပါပဲ။ ဒါပေမယ့် ကျွန်မတို့အနေနဲ့ ဒီအပြောင်းအလဲကို မလွဲမသွေ လက်ခံကြရမှာပါ။*

*ကျွန်မအနေနဲ့ တရားမျှတမှုရှိအောင် တိုက်ပွဲဝင်သွားချင်တယ်။ ကျွန်မ သားတွေနဲ့ တော်ဝင်မိသားစုများအတွက်လည်း တိုက်ပွဲဝင်သွားချင်ပါတယ်။*

❑

လန်ဒန်မြို့ကနေ မိုင် ၇၀ လောက်ဝေးတဲ့ အားလ်သရိုပ် မိသားစုပိုင် နော့သင်မ်တန်ရှိုင်းယားဒေသမှာ ဒိုင်ယာနာကို မြှုပ်နှံမှာဖြစ်တဲ့အတွက် ဒီနေရာကို မိသားစုဝင်များသာ သွားရောက်ခွင့်ရမှာဖြစ်ပေမယ့် အဲဒီကိုလိုက်ပါဖို့ ကျွန်တော့်ကိုတော့ ဖိတ်ခေါ်ခဲ့ပါတယ်။ မြှုပ်နှံမယ့်နေရာကို ဘုရင်မကြီးရဲ့ တော်ဝင်ရထားနဲ့ သွားကြရမှာပါ။ ဒိုင်ယာနာရဲ့ ခေါင်းကို သယ်ဆောင်သွားတဲ့ အမြောက်တင်ကားက လန်ဒန်မြို့ကိုဖြတ်ပြီး M 1 လမ်းမကြီးပေါ်က သယ်ဆောင်သွားချိန်မှာ လမ်းဘေးဝဲယာက ကြည့်နေကြတဲ့ ပြည်သူအများက လမ်းတစ်လျှောက်မှာ ပန်းခင်းပေးကြပါတယ်။ ကျွန်တော်ကတော့ စပင်ဆာမိသားစုဝင်များ၊ ချားလ်စ်မင်းသား၊ ဝီလျံ၊ ဟယ်ရီတို့ လိုက်ပါလာတဲ့ ရထားပေါ်ကို ရောက်နေပါပြီ။ ရထားတွဲများကို Prince William နဲ့ Prince Harry လို့ အမည်ပေးထားတဲ့ ခေါင်းတွဲများက ဆွဲသွားကြပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။

မိုင် ၇၀ သာဝေးပေမယ့် တစ်ဘက်က ကားလမ်းကတစ်ဆင့် သွားနေတဲ့ ဒိုင်ယာနာရဲ့ ရုပ်အလောင်း ရောက်ရှိလာမယ့် အချိန်နဲ့ကိုက်အောင် ရထားကိုလည်း ဖြည်းဖြည်းညင်သာ ခုတ်မောင်းနေတာကြောင့် အိပ်ပျက်ညတွေများခဲ့တဲ့ ကျွန်တော် အိပ်ငိုက်လာပါတယ်။ Althorp ဘူတာနားကို ရောက်ခါနီးမှ ကျွန်တော် နိုးလာပါတယ်။ အဲဒီကတစ်ဆင့် မော်တော်ယာဉ်များနဲ့ စပင်ဆာမိသားစုပိုင်ရာ အိမ်တော်ဆီကို ထွက်ခွာကြပါတယ်။ စပင်ဆာမိသားရဲ့ အိမ်တော်မှာ ကြီးကျယ်ခမ်းနားပြီး ကြမ်းပြင်မှာခင်းထားတဲ့ အနက်နဲ့အဖြူ ကျောက်သားများက Westminster Abbey မှာ ခင်းထားတဲ့ ပုံစံနဲ့တူပါတယ်။

ဧည့်ခံကြိုဆိုတဲ့ ထမင်းစားခန်းကျယ်ကြီးရဲ့ အလယ်မှာရှိတဲ့ စားပွဲရှည်ကြီးထိပ်မှာ အားလ်စပင်ဆာက နေရာယူထားပါတယ်။ ဧည့်သည်အားလုံးကို ထိုင်ကြဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ကျွန်တော် ထိုင်လိုက်တဲ့နေရာက တော်တော် ခွတီးခွကျနိုင်တဲ့ နေရာပါ။ ဒိုင်ယာနာရဲ့မိခင်နဲ့ ချားလ်စ်မင်းသားတို့နှစ်ယောက်ကြားမှာ ထိုင်နေခြင်းကြောင့် ဖြစ်ပါတယ်။ ဘယ်ဘက်ဘေးမှာ Mrs.Frances Shand Kydd ရှိပြီး ညာဘက်မှာ ချားလ်စ်မင်းသား ဖြစ်ပါတယ်။ စပင်ဆာမိသားစုပိုင် အိမ်ဂေဟာမှာ ထိုင်နေရတာ ချားလ်စ်မင်းသားအတွက် တော်တော် ကသိကအောက် နိုင်ပုံရပါတယ်။ မကြာသေးခင်ကမှ အားလ်စပင်ဆာက ဝင်ဆာမိသားစုများကို ချိုးချိုးဖဲ့ဖဲ့ ပြောခဲ့တာဖြစ်ပြီး နာရီပိုင်းအတွင်းမှာ သူဧည့်သည်အဖြစ် ရောက်ရှိနေတာကိုး။ အဲဒါအပြင် ခန်းမထဲမှာရှိနေတဲ့ မျက်လုံးအားလုံးကလည်း သူ့ကိုကြည့်တဲ့ အကြည့်တွေမှာ ကြင်နာမှု တစ်စက်ကလေးမှ မပါဘူးဆိုတာကိုလည်း သူ သိနေပါတယ်။

သမက်ယောင်းနဲ့ ယောက္ခမတို့ကြားမှာရှိနေတဲ့ ကျွန်တော်ကတော့ နှစ်ယောက်စလုံးအဆင်ပြေအောင် စကားတွေ ရှာကြံပြောနေရတာပါ။ ချားလ်စ်မင်းသားရဲ့ စံအိမ်ဖြစ်နေတဲ့ ဟိုက်ဂရုဗ်မှာ ကျွန်တော်ပြုစုခဲ့ဖူးတဲ့ နှင်းဆီဥယျာဉ်တွေအကြောင်း စကားရောက်သွားတော့ ချားလ်စ်မင်းသားက…

'တစ်ခါတလေ ဟိုက်ဂရုဗ်ကိုလာပြီး ဥယျာဉ်တွေ၊ တာတွေ ကြည့်လှည့်ပါဦး'လို့ ဆိုပါတယ်။

'အခါအခွင့်သင့်တဲ့အခါ ကျွန်တော် လာခဲ့ပါမယ် မင်းသား'လို့ ကျွန်တော် ပြောလိုက်ပေမယ့် ဘယ်တော့ ရောက်မယ်မဟုတ်ဘူးဆိုတာကိုလည်း ကျွန်တော် သိနေပါတယ်။

ဖခင်ဖြစ်သူနဲ့ မျက်နှာချင်းဆိုင်ဘက်မှာ ထိုင်နေတဲ့ ဝီလျံနဲ့ ဟယ်ရီတို့ကတော့



တိတ်ဆိတ်နေကြပါတယ်။ မင်းသားနှစ်ပါးလည်း တိုးတိုးညင်သာ စကားပြောနေကြပါတယ်။ ကော်ဖီခွက်တွေလာချတဲ့ ဘဏ္ဍာစိုးက အားလ်စပင်ဆာနားကို ကပ်ပြီး တစ်စုံတစ်ရာ ပြောလိုက်တာကြောင့် သူ ရုတ်တရက် ထသွားပါတယ်။ ငါးမိနစ်လောက်အကြာမှာ ပြန်ရောက်လာပြီး ဧည့်သည်တွေ အားလုံးကြားအောင် 'ဒိုင်ယာနာ အိမ်ကို ပြန်ရောက်ပါပြီ'လို့ ကြေညာလိုက်ပါတယ်။

ကျွန်တော်တို့အားလုံး ထလိုက်ကြပြီး အဖြူတစ်ကွက်၊ အနက်တစ်ကွက် ကျောက်သားများနဲ့ ခင်းထားတဲ့ ခန်းမကျယ်ကြီးကို ဖြတ်လျှောက်ခဲ့ကြပါတယ်။ ကျွန်တော်က ချားလ်စ်မင်းသားနဲ့ သားတော်များရဲ့ နောက်ပါးကနေလိုက်ခဲ့တာပါ။ ခပ်လှမ်းလှမ်းကို ရောက်တဲ့အခါ သူတို့ပခုံးပေါ်ကကျော်ပြီး ဒိုင်ယာနာရဲ့ခေါင်းကို မြင်လိုက်ရပါတယ်။ သရဏဂုံတင်စဉ်က ခေါင်းပေါ်မှာ လွှမ်းထားတဲ့ တော်ဝင်မိသားစုများရဲ့အလံကို ဖယ်ရှားပြီး အဖြူ၊ အနီ၊ အနက်နဲ့ ရွှေရောင်များနဲ့ ဖန်တီးထားတဲ့ စပင်ဆာမိသားစုပိုင် အလံကို လွှမ်းထားပါတယ်။ လွန်ခဲ့တဲ့ ငါးမိနစ်လောက်ကမှ တော်ဝင်အဆင့်နဲ့ တော်ဝင်အလံ လွှမ်းခံခဲ့ရတဲ့ ဒိုင်ယာနာရဲ့ခေါင်းဟာ ခုတော့ အားလ်စပင်ဆာရဲ့ စိတ်တိုင်းကျ စပင်ဆာမိသားစုအလံ လွှမ်းထားခြင်း ခံရပါပြီ။ ကျွန်တော် ရုံးတင်စစ်ဆေးခံရတဲ့ ၂၀၀၂ ခုနှစ်မတိုင်မီအထိ လူထုပရိသတ်အားလုံးက ဒိုင်ယာနာရဲ့ခေါင်းကို သူတို့ နောက်ဆုံးမြင်တွေ့ခဲ့ကြရတဲ့အတိုင်း တော်ဝင်အလံလွှမ်းပြီး မြှုပ်နှံခဲ့တယ်လို့ ယုံကြည်ခဲ့ကြပါတယ်။ တော်ဝင်မင်းသမီးတစ်ပါးရဲ့ မြှုပ်နှံခြင်းမျိုးပေါ့။ ဒိုင်ယာနာကိုယ်တိုင်ကလည်း အဲဒီလိုပဲ မြှုပ်နှံခံချင်ပါလိမ့်မယ်။ ဒါပေမယ့် အားလ်စပင်ဆာကတော့ ကွယ်လွန်ပြီးဖြစ်တဲ့ သူ့အစ်မကို တော်ဝင်မိသားစုများနဲ့ မပတ်သက်ခဲ့သယောင် သူတို့မိသားစုအလံကိုသာ လွှမ်းပေးလိုက်ပါပြီ။ တကယ်တော့ မင်းသမီးဟာ တော်ဝင်မင်းသမီးတစ်လက် ဖြစ်ခဲ့ရခြင်းကို အင်မတန်ဂုဏ်ယူခဲ့သူပါ။ ချားလ်စ်မင်းသားနဲ့ ကွာရှင်းပြတ်စဲပြီးတဲ့နောက် ဘာကင်ဟမ်ရွှေနန်းတော်ကြီးက သူ့နာမည်ရှေ့မှာ 'မြင့်မြတ်လှသော' ဆိုတဲ့ဂုဏ်ပုဒ်ထည့်ခွင့် မရှိတော့ဘူးလို့ ကြေညာစဉ်တုန်းက ငိုကြွေးခဲ့တာကို ကျွန်တော် မှတ်မိပါတယ်။ အဲဒီလို ဘာကင်ဟမ်နန်းတော်က သူတို့ဂုဏ်သိက္ခာအတွက် ဆောင်ရွက်ခဲ့ပေမယ့် နောက်ဆုံးခရီးမှာတော့ ခေါင်းပေါ်မှာ သူတို့အလံကို လွှမ်းခွင့်ပြုခဲ့ပါသေးတယ်။ ရာဇမှုအခမ်းအနားကိုလည်း နိုင်ငံတော်အဆင့် ဆောင်ရွက်ပေးခဲ့တာပါ။ ဒါပေမယ့် သူ့မောင်ကတော့ ဒါတွေအားလုံးကို ချေမွဖျက်ဆီးလိုက်ပါပြီ။

ဝေလမင်းသမီးတပ်မှ စစ်သား ၈ ဦးက ခေါင်းကို ပခုံးပေါ်တင်ပြီး ထမ်းလိုက်ကြကာ အနှေးလျှောက်နဲ့ တစ်လှမ်းချင်း လျှောက်လှမ်းနေကြပါပြီ။ ရေကန်အနီးဆီသို့

www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားကြရာ ကျွန်းကလေးတစ်ကျွန်းကို ခပ်လှမ်းလှမ်းမှာ တွေ့ရပါတယ်။ အဲဒီကျွန်းကို ကူးဖို့အတွက် ယာယီ ဆိပ်ခံဘောတံတားများနဲ့ စီစဉ်ထားပါတယ်။ ဒိုင်ယာနာရဲ့ ရုပ်အလောင်းကို အဲဒီကျွန်းမှာ မြှုပ်နှံမှာ ဖြစ်ပေမယ့် သွားရာလမ်းတစ်လျှောက်မှာ ကော်ဇောများ ခင်းမထားသလို ပန်းများလည်း မရှိပါဘူး။ သစ်ပင်ကြီးများရဲ့ အရိပ်အောက်က မြက်ခင်းကိုနင်းပြီး လျှောက်သွားကြရတာပါ။ သစ်ပင်ကြီးများရဲ့ အကိုင်းအခက်များကြားက နေခြည်ထိုးနေတာကိုလည်း သတိထားမိပါတယ်။ ကျွန်းကလေးတစ်ကျွန်းပေါ်မှာ ထာဝရလဲလျောင်းရတော့မယ့် ကျွန်တော့်သခင်မအတွက် စိတ်မကောင်း ဖြစ်ရတာကတော့ အထီးကျန်ဘဝကို အင်မတန်ကြောက်ရွံ့လှတဲ့သူကိုမှ အထီးကျန်နေရာမှာ မြှုပ်နှံကြတော့မှာ ဖြစ်ပါတယ်။ ဒိုင်ယာနာအကြောင်း နကန်းတစ်လုံးမှ မသိသူတစ်ယောက်က ဒီအသုဘအခမ်းအနားကို စီစဉ်နေသလိုပါပဲ။ သူ မကြိုက်တာတွေကိုချည်း အများများအပြွင်းပြွင်း ဆောင်ရွက်ထားတာပါ။ သူနဲ့ရင်းနှီးသူအားလုံးကို မေးကြည့်မယ်ဆိုရင် ဒီလိုနေရာမျိုးမှာ ဒိုင်ယာနာကို မမြှုပ်သင့်ဘူးလို့ တညီတညာတည်း ပြောကြမှာပါပဲ။ အသက်ရှင်စဉ်တုန်းက တစ်ယောက်နဲ့ တစ်ယောက် အဆင်မပြေဖြစ်ခဲ့တဲ့ မောင်က ခုတော့ အသက်မရှိတော့ပြီဖြစ်တဲ့ အစ်မကို သူ ထင်သလို စီစဉ်နေပါပကောလား။ သူ့မိတ်ဆွေစစ်များအနေနဲ့ အလွမ်းပြေအဖြစ် သူ့ဂူကို ပန်းချချင်ရင်တောင် မလွယ်တဲ့ကိစ္စပါ။ တစ်ခါတုန်းက ဒိုင်ယာနာက ကျွန်တော့်ကို ပြောခဲ့ဖူးပါတယ်။ မိုနာကိုနိုင်ငံက ဂရေ့စ်မင်းသမီးရဲ့ဂူကို သူ သွားကြည့်ချင်တယ်လို့ ဆိုခဲ့ဖူးပါတယ်။ သူက အမေ့ အိမ်ပြန်သလို ဂရေ့စ်ရဲ့ဂူကို အခေါက်ခေါက် အခါခါ သွားချင်ခဲ့သူ ဖြစ်ပါတယ်။

ဒိုင်ယာနာကို မြှုပ်နှံသင်္ဂြိုဟ်တဲ့ အခမ်းအနားက မိနစ် ၃၀ လောက် ကြာပါတယ်။ ဒီအခမ်းအနားမှာ ဘာတွေဖြစ်ခဲ့တယ်၊ ဘာတွေပြောခဲ့ကြတယ်ဆိုတာကတော့ သီးသန့်လျှို့ဝှက်ထားခဲ့ကြပါတယ်။ အဲဒါတွေအားလုံးအပြီးမှာ ကျွန်တော် မြေကြီးပေါ် ထိုင်ချလိုက်ပြီး မြေလက်တစ်ဆုပ်ကိုင်ကာ ကျင်းထဲကို ချခဲ့ပါတယ်။ ဒီကျင်းမှာ 'ဒိုင်ယာနာ- ဝေလမင်းသမီး (၁၉၆၁-၁၉၉၇)' လို့ ရွှေရောင်ထနေတဲ့ ကြေးပြားပေါ်မှာ ကမ္ပည်းထိုးထားပါတယ်။

ကျွန်တော် မတ်တတ်ရပ်လိုက်ပြီး အသံထွက်ကာ 'နှုတ်ဆက်ခဲ့ပါတယ် မင်းသမီး' လို့ ဆိုခဲ့ပါတယ်။

အဲဒီနောက်မှာတော့ ကျွန်တော် ဒိုင်ယာနာ့မိခင်ဖြစ်တဲ့ မစ္စစ်ဖရန့်စ်ရှန့်ကစ်ဒ်နဲ့ အဖြူရောင် ဘုရားကျောင်းလေးတစ်ခုထဲမှာ ထိုင်ပြီး စကားပြောဖြစ်ခဲ့ပါတယ်။



ဒီဘုရားကျောင်းကလေးက ဒိုင်ယာနာ လဲလျောင်းရာ ရေကန်ကြီးရဲ့ တစ်ဖက်ကမ်းမှာရှိပြီး အပေါ်စီးကနေ ကန်ကြီးကို မြင်နေရပါတယ်။ မစ္စစ်ဖရန့်စ်ရှန့်က စီးကရက်တစ်လိပ် သောက်လိုက်ပြီး 'ကိုးလလွယ်ခဲ့ရတဲ့ သမီး… အဲဒီကိုးလပဲ ကျွန်မ ပိုင်ခွင့်ရခဲ့တာပါ' လို့ ဆိုရှာတယ်။

ကျွန်တော် လည်စည်းကို လျှော့လိုက်ပြီး ရုပ်အင်္ကျီက အပေါ်ဆုံးကြယ်သီးကိုလည်း ဖြုတ်လိုက်ပါတယ်။ ပြီးတော့ ဒိုင်ယာနာ ပေးခဲ့တဲ့ ရွှေလက်ဝါးကပ်တိုင်ပါ ရွှေဆွဲကြိုးကို ဖြုတ်လိုက်ပါတယ်။ 'ဒီအဆောင်ကလေးက ကျွန်တော့်ကို အစစအရာရာ ကာကွယ်ပေးခဲ့ပါတယ်။ မင်းသမီးပေးခဲ့တာ ဖြစ်ပေမယ့် ခုတော့ ခင်ဗျားနဲ့ပဲ ဆိုင်ပါတော့တယ်' လို့ ပြောပြီး သူ့လက်ထဲကို ထည့်ပေးခဲ့ပါတယ်။

သူ စီးကရက်နှစ်လိပ် သောက်ပြီးချိန်မှာ ကျွန်တော်တို့အားလုံး ဧည့်ခန်းထဲကို ပြန်လာကြပြီး တည်ခင်းတဲ့ လက်ဖက်ရည်သောက်ကြပါတယ်။ ဧည့်သည်အားလုံး ကိုယ့်အစုနဲ့ကိုယ် စကားတီးတိုး ပြောဖြစ်နေကြတာပါ။ အဲဒီအချိန်မှာ အားလ်စပင်ဆာ ရောက်လာပြီး အခန်းထောင့်မှာရှိတဲ့ ရုပ်မြင်သံကြားစက်ကို ဖွင့်လိုက်ပါတယ်။ ဧည့်သည်အားလုံးရဲ့ မျက်လုံးများ ဖန်သားပြင်ဆီကို ရောက်သွားကြပါတယ်။ ရုပ်မြင်သံကြား အစီအစဉ်မှာ ဒိုင်ယာနာရဲ့ ဈာပနအခမ်းအနားကို ထုတ်လွှင့်ပြသနေပါတယ်။ ချားလ်စ်မင်းသားနဲ့ သားတော်နှစ်ပါးလည်း စကားမပြောကြတော့ဘဲ တိတ်ဆိတ်သွားပါတယ်။ တခြားဧည့်သည်တွေလည်း စကားမပြောကြတော့တဲ့အတွက် တစ်ခန်းလုံး တိတ်ဆိတ်မှုက ကြီးစိုးနေပါတယ်။ ကျွန်တော်တို့အားလုံး ကြုံခဲ့ကြပြီးတဲ့ အခမ်းအနားတစ်ခုပါ။ ဒါပေမယ့် ဘာကြောင့်မှန်းမသိ ဧည့်သည်အားလုံးက ဖန်သားပြင်ကို မမှိတ်မသုန် ကြည့်နေကြပါတယ်။

အားလ်စပင်ဆာရဲ့ မိန့်ခွန်းအသံက ပေါ်ထွက်လာတဲ့အတွက် အခန်းထဲမှာ ပွဲတင်ရိုက်သွားပါတယ်။ တိုက်ရိုက်ပြောတာကို တစ်ကြိမ်ကြုံခဲ့ပြီးတဲ့ ချားလ်စ်မင်းသားတို့ ရုပ်မြင်သံကြားကတစ်ဆင့် နောက်တစ်ကြိမ် အပြောခံနေကြရတဲ့အတွက် သူတို့ ဘယ်လိုအနေရခက်မယ်ဆိုတာ ကျွန်တော် မစဉ်းစားရဲအောင်ပါ။ ချားလ်စ်မင်းသားကတော့ ရုပ်မြင်သံကြားကနေ နောက်တစ်ကြိမ် ဓော်ကားတာကို မခံရအောင်လို့ သောက်လက်စ လက်ဖက်ရည်ခွက်ကို ပြန်ချလိုက်ပြီး ဝီလျံနဲ့ ဟယ်ရီတို့ကို 'ဒယ်ဒီတို့ ပြန်ကြဖို့ အချိန်တန်ပြီ ထင်တယ်' လို့ ဆိုလိုက်ပါတယ်။ ရုပ်မြင်သံကြားမှာ အားလ်စပင်ဆာရဲ့ မိန့်ခွန်းပျံ့လွင့်နေဆဲမှာပဲ ဝင်ဆာမိသားစုဝင်များက ယဉ်ကျေးသိမ်မွေ့စွာ လက်ဆွဲနှုတ်ဆက်ကြပြီး နှုတ်ဆက်ထွက်ခွာသွားကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ထွက်သွားပြီး မကြာခင်မှာပဲ ကျွန်တော်လည်း ထွက်ခွာခဲ့ပါတယ်။

❑

စက်တင်ဘာလနဲ့ အောက်တိုဘာလများမှာ ကျွန်တော် နေမထိထိုင်မသာအောင် ရှိခဲ့ပါတယ်။ ကင်စတန်နန်းတော်ရဲ့ အခန်းနံပါတ် ၈ နဲ့ ၉ တို့မှာ ဦးတည်ရာမဲ့ လျှောက်သွားနေတတ်ပါတယ်။ ညဆိုရင်လည်း အိပ်လို့မပျော်ပါဘူး။ အိပ်ပြန်ရင်လည်း အိပ်မက်တစ်ခုက ထပ်ပြန်တလဲလဲ မက်နေပါတယ်။ အဲဒီအိပ်မက်ကတော့ မင်းသမီးဟာ ကျွန်တော်နဲ့အတူ ကင်စတန်နန်းတော်မှာ ရှိနေပြီး ကျွန်တော့်ကို 'ပေါလ်... ကျွန်မ မသေဘူးဆိုတာ လူတွေသိအောင် ရှင် ဘာလို့ မပြောသေးတာလဲ' လို့ မေးတတ်ပါတယ်။ ကျွန်တော် ရုတ်တရက် လန့်နိုးလာတဲ့အခါမှာလည်း မင်းသမီး ကင်စတန်နန်းတော်ထဲမှာ ရှိနေတယ်လို့ ယုံနေမိပါတယ်။ တစ်ခါတလေမှာ ကျွန်တော် အိပ်ပျော်နေရင်း ရှိုက်ကြီးတငင် ငိုတတ်တယ်လို့ ကျွန်တော့်ဇနီး မာရီယာက ဆိုပါတယ်။ အဲဒီလို မင်းသမီးကို လွမ်းဆွတ်နေတဲ့အခါများမှာ ကျွန်တော် အိမ်မှာနေလို့ မရပါဘူး။ ကင်စတန်နန်းတော်ကို အရောက်သွားပြီး ဟိုအခန်းမှာ ရှိနိုးနိုး၊ ဒီအခန်းမှာ ရှိနိုးနိုး လျှောက်ရှာနေတတ်ပါတယ်။

တစ်ခါတလေ ဧည့်ခန်းကျယ်ကြီးထဲက ဆိုဖာပေါ်မှာ သူ ကွေးကွေးလေးများ အိပ်နေမလား၊ ဧည့်ခန်းထောင့်က စန္ဒရားမှာထိုင်ရင်း Rachmaninov တေးသွားကို တီးခတ်နေလေမလား၊ ထမင်းစား စားပွဲမှာ ညဝတ်အင်္ကျီရှည်ကိုဝတ်ပြီး မနက်စာ စားနေလိမ့်မလား၊ အဝတ်လဲခန်းထဲမှာ စိတ်ကြိုက်ဝတ်စုံကို ရွေးချယ်ဝတ်ဆင်ရင်း မော်ဒယ်လ်တစ်ယောက်လို လမ်းလျှောက်နေလေမလား၊ စာရေးစားပွဲမှာ ခေါင်းငုံ့ပြီး စာရေးနေလေမလား၊ နေရာအနှံ့မှာ ရှိလိမ့်နိုးနိုး ရှာနေမိပါတယ်။ တစ်ခါတလေ လှေကားထစ်များပေါ်မှာ ထိုင်ရင်း သူနဲ့စကားပြောခဲ့ကြတာကို သတိရမိသလို လှေကားလက်ရန်းပေါ်ကနေကျော်ပြီး 'ပေါလ်ရေ... အဲဒီမှာ ရှိသလား' လို့ အော်ခေါ်တတ်တာတွေကိုလည်း သတိရနေပါတယ်။ သူ့အိပ်ခန်းထဲမှာလည်း တောင်ပံ ရာပုံရှိနေတဲ့ ဝက်ဝံရုပ်ကလေးတွေ၊ ပင်ဒါရုပ်၊ ယုန်ရုပ်၊ ဖားရုပ်၊ ပန်းရောင် ဆင်ရုပ်၊ အနက်ရောင် ကျားသစ်ရုပ်ကလေးတွေက နေရာမယွင်း ရှိနေဆဲပါ။ အရုပ်စုစုပေါင်း ၅၀ လောက် ရှိမယ် ထင်ပါတယ်။

ခုတင်ရဲ့ တစ်ဖက်တစ်ချက်မှာရှိတဲ့ ခုံများပေါ်မှာတော့ သားတော်နှစ်ပါးရဲ့ ဓာတ်ပုံများက နေရာယူထားကြပါတယ်။ ခင်ပွန်းသည်နဲ့ ရိုက်ထားတဲ့ သားများရဲ့ ဓာတ်ပုံက ၅ ပုံလောက် ရှိပါတယ်။ အဲဒါအပြင် သူ အင်မတန် ချစ်မြတ်နိုးခဲ့တဲ့ ဖခင်ကြီး အားလ်စပင်ဆာပုံ ရှိသလို လန်ဒန်မြို့ ပလေဒီယမ်ဓာတ်ရုံကြီးမှာ ဝိန်း



စလိပ်နဲ့တွဲပြီး ကနေတဲ့ ရုပ်ရှင်မင်းသမီး လိုင်ဇာမင်နဲလေး၊ အစ်မတော်နှစ်ယောက်ဖြစ်တဲ့ ဂျိန်းနဲ့ဆာရာ၊ အရင်းနှီးဆုံး မိတ်ဆွေနှစ်ဦးဖြစ်တဲ့ လူစီယာနဲ့ ရိုဆာတို့ရဲ့ ဓာတ်ပုံများ ရှိပါတယ်။

တစ်ကြိမ်မှာတော့ ကျွန်တော့်ဇနီး မာရီယာက ကျွန်တော်နဲ့အတူ ကင်စတန်နန်းတော်ကို လိုက်လာပါတယ်။ ကျွန်တော်စားဖို့ ဆင်းဒဝစ်မုန့်များလည်း လုပ်ယူလာပါတယ်။ သူက ကျွန်တော် ဖြစ်ပျက်နေပုံတွေကိုကြည့်ပြီး ရှင် ဒီလိုနေဖို့ မကောင်းဘူးလို့ ဆိုပေမယ့် ကျွန်တော်အတွက်က အဲဒီလိုနေမှသာ နေသာပါတော့တယ်။

တစ်ညမှာတော့ ညကြီးသန်းခေါင် ကျွန်တော် မင်းသမီးကို အိပ်မက် မက်ပါတယ်။ မက်နေကျ အိပ်မက်ပါပဲ။ ဒါကြောင့် ကင်စတန်နန်းတော်သို့ ကျွန်တော် ထွက်လာခဲ့ပါတယ်။ ခင်မင်အရင်းနှီးဆုံးလူ ကိုယ့်ဘဝထဲက ပျောက်သွားတာကို ခံစားဖူးသူများ ကျွန်တော့် ခံစားချက်ကို နားလည်မှာပါ။ တချို့ကတော့ ရူးတယ်လို့ ထင်ကြမှာပါ။ ကျွန်တော် ကင်စတန်နန်းတော်ရောက်တော့ မင်းသမီးရဲ့ အဝတ်ဗီရိုများရှိရာကို သွားရောက်ပြီး ဝတ်လဲတော်များ ချိတ်ဆွဲထားတဲ့ နေရာက လိုက်ကာကို ဆွဲဖွင့်လိုက်ပါတယ်။ ဝတ်လဲတော်များနဲ့ ဗီရိုရဲ့ကြားက နေရာမှာ သူ့ကိုယ်နံ့ ရနေသလို ကျွန်တော် ခံစားရပါတယ်။ အဲဒီနေရာမှာ ကျွန်တော် တစ်ညလုံး ဝင်အိပ်ခဲ့ပါတယ်။

❑

အောက်တိုဘာလလယ်လောက်အထိ ကျွန်တော့်မှာ ဒီသံသရာထဲလည်နေဆဲပါ။ မင်းသမီးရဲ့ ဝတ်လဲတော်များထားရှိရာ အခန်းထဲမှာ မင်းသမီးရဲ့ မိခင်ဖြစ်သူ၊ အစ်မတော်များနှင့်အတူ ရောက်ရှိနေပါတယ်။ မိသားစုက မင်းသမီးရဲ့ အဝတ်များကို ရွေးချယ်ကြပြီး ဘယ်အဝတ်ကိုယူမယ်၊ မယူဘူး ဆုံးဖြတ်နေကြပါတယ်။ သူတို့က ကျွန်တော့်ကို မင်းသမီးရဲ့ အဝတ်သေတ္တာကို ရှာခိုင်းပါတယ်။ မင်းသမီး သုံးနေကျ သားရေအနက်နဲ့ ချုပ်ထားတဲ့ သေတ္တာဆင်တူ ၃ လုံးရှိပါတယ်။ အဲဒီသေတ္တာများထဲမှ ဘလောက်(စ်)အင်္ကျီများ၊ စကပ်များ၊ ဖိနပ်များ၊ အမွှေးနံ့သာများ၊ ရေမွှေးများ ပါရှိပါတယ်။ အဲဒီသေတ္တာများကို ကင်စတန်နန်းတော် ရှေ့မှာရပ်ထားတဲ့ ကားများပေါ်မှာ တင်ခိုင်းပါတယ်။ ဒီပစ္စည်းတွေဟာ ဒိုင်ယာနာရဲ့ ကျန်ရှိပစ္စည်းများ တန်ဖိုး ဖြတ်ပေးတဲ့အထဲမှာ မပါဝင်တာကြောင့် သူ့မိသားစုက စိတ်ကြိုက်ရွေးယူငင်ကြခြင်း ဖြစ်ပါတယ်။

ကျွန်တော်ကတော့ ဒိုင်ယာနာရဲ့ ကျန်ရှိပစ္စည်းများ၊ လက်ဝတ်လက်စားများ၊

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားများ၊ ကိုယ်ရေးကိုယ်တာအသုံးအဆောင်များ အားလုံးကို မှတ်တမ်းတင်ပြီး ကက်တလောက် ပြုလုပ်ရပါတယ်။ အဲဒီလိုပြုလုပ်တဲ့နေရာမှာ နာမည်ကျော် လေလံကုမ္ပဏီတစ်ခုဖြစ်တဲ့ ခရစ္စတီက ကူညီပေးပြီး အသုံးမလိုတဲ့ ပစ္စည်းများကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မှာ လေလံတင်ရောင်းချခဲ့ရာ အလှူငွေများစွာ ရရှိခဲ့ပါတယ်။ မင်းသမီးရဲ့ပစ္စည်းများ သိမ်းဆည်းနေရာမှာ သရဖူ ရတနာ ကုန်သည်တစ်ဦးဖြစ်တဲ့ ဒေးဗစ်သောမတ်(စ်)လည်း လာရောက်ခဲ့ပြီး မင်းသမီး ပစ္စည်းများ တန်ဖိုးသင့်ရာမှာ ပါဝင်ခဲ့ပါတယ်။ ဝတ်လဲတော်အခန်းထဲက ဗီရို တစ်ခုအောက်မှာ ကျွန်တော် ရပ်နေတုန်း လေဒီဆာရာက မင်းသမီး ဝတ်ခဲ့တဲ့ ပိုးသား ဘလောက်(စ်)အင်္ကျီတစ်ထည်ကို ထုတ်လိုက်ပါတယ်။ အဲဒီအင်္ကျီရဲ့လက်မှာ ငွေနဲ့ပြုလုပ်ထားပြီး အနီရောင်ဆေးသွင်းထားတဲ့ အသည်းနှလုံးပုံ လက်ကြယ်သီး တစ်စုံက တပ်လျက်သား ရှိနေပါတယ်။ လေဒီဆာရာက အဲဒီလက်ကြယ်သီးကို ဖြုတ်လိုက်ပြီး ပြုံးလိုက်ရင်း ကျွန်တော့်လက်ကို ပေးလိုက်ပါတယ်။ 'တကယ်လို့ ဒီပစ္စည်းတွေထဲက မင်းလိုချင်တာ ရှိရင်လည်း ပြောပါ'လို့ ဆိုပါတယ်။ ကျွန်တော့် လက်ထဲကို ရောက်လာတဲ့ လက်ကြယ်သီးလေးကိုကြည့်ရင်း 'ဒါလေးရရင် ကျွန်တော် ကျေနပ်ပါတယ်။ မင်းသမီးကို ကျွန်တော့်အသည်းနှလုံးထဲမှာ အမှတ်ရနေတာ ပေါ့၊ ကျေးဇူးပါ'လို့ ပြောခဲ့မိပါတယ်။

ကျွန်တော် သိသလောက်ဆိုရင် လေဒီဆာရာဟာ မိသားစုထဲမှာ ဒိုင်ယာနာနဲ့ အနီးကပ်ဆုံး အစ်မတစ်ဦးဖြစ်ပြီး အခု ဒိုင်ယာနာကွယ်လွန်သွားချိန်မှာ ဒိုင်ယာနာရဲ့ ကျန်ရှိပစ္စည်းများကို စီမံအုပ်ချုပ်ဖို့အတွက် မိခင်နဲ့အတူ ပူးတွဲဆောင်ရွက်နေသူ လည်း ဖြစ်ပါတယ်။ ရက်ရောနေတဲ့ လေဒီဆာရာနဲ့ မိခင်တို့က ကျွန်တော့်ကို စတာလင်ပေါင် ၅ သောင်းလည်း ချီးမြှင့်ခဲ့ကြပါသေးတယ်။ အဲဒါကတော့ မင်းသမီး အပေါ်မှာ တာဝန်ကျေပွန်ခဲ့မှု၊ သစ္စာစောင့်သိခဲ့မှုတို့အတွက် ဖြစ်တယ်လို့ ဆိုပါ တယ်။ ဗီရိုထဲမှာ ဆက်လက်မွှေနှောက်နေဆဲ လေဒီဆာရာက ဇာဆေးအနက်ရောင် ဝတ်စုံတစ်စုံကို ဆွဲထုတ်လိုက်ပြီး ကျွန်တော့်လက်ကို ကမ်းပြန်ပါတယ်။ 'ဒါက မင်းမိန်းမ မာရီယာအတွက်၊ သူလည်း မင်းသမီးအမှတ်တရ ဝတ်လို့ရတာပေါ့'လို့ ဆိုခဲ့ပါတယ်။

များမကြာမီမှာပဲ ဘုရင်မကြီးက ကျွန်တော့်ကို နိုဝင်ဘာလ ၁၃ ရက်နေ့မှာ Royal Victorian Medal ချီးမြှင့်မယ့် အစီအစဉ် ပေါ်ထွက်လာပါတယ်။ ဒီတံဆိပ် တော်ကို လက်ခံပြီး ကျွန်တော့်အနေနဲ့ ဘာကင်ဟမ်နန်းတော်ကြီးမှာ ပြန်လည် အမှုထမ်းရမှာပါ။ အခုဆိုရင် ဘာကင်ဟမ်ကနေ မင်းသမီးထံ ကူးပြောင်း အမှုတော်



ထမ်းခဲ့တာ ၁၀ နှစ် ရှိခဲ့ပါပြီ။

❑

ဘာကင်ဟမ်ရွှေနန်းတော်ကြီးအတွင်း ကားမောင်းဝင်ရောက်ခဲ့ရာမှာ ကျွန်တော့် ရင်ထဲ ထူးခြားတဲ့ခံစားမှုကို ရရှိခဲ့ပါတယ်။ ကားရပ်ရမယ့်နေရာ ရောက်တော့ ကားပေါ်က ဆင်းလိုက်ပြီး ကျွန်တော့်သားနှစ်ယောက်ကို ကျွန်တော်လူပျိုဘဝက ဘာကင်ဟမ်ရွှေနန်းတော်ကြီးမှာ အမှုတော်ထမ်းစဉ်နေခဲ့ရတဲ့ အခန်းရဲ့ ပြတင်းပေါက် များကို လက်ညှိုးထိုးပြပြီး ရှင်းပြရပါတယ်။ ဒီတစ်ကြိမ် ရွှေနန်းတော်ကြီးအတွင်း ရောက်ရှိလာခဲ့တာက ရွှေနန်းတော်ကြီးရဲ့ ကျေးတော်မျိုး၊ ကျွန်တော်မျိုး တစ်ယောက် အနေနဲ့ မဟုတ်ဘဲ ဘုရင်မကြီးရဲ့ ဂုဏ်ပြုတံဆိပ်ကို လက်ခံရယူဖို့ ရောက်ရှိလာ ခဲ့တဲ့ဧည့်သည်တစ်ယောက်အနေနဲ့ပါ။ ဒီတစ်ကြိမ် ရောက်ရှိလာရာမှာ ၁၉၇၆ ခုနှစ်က မင်းမှုထမ်းဘဝစဖို့ ရောက်ခဲ့တုန်းကလို ရင်ခုန်စိတ်လှုပ်ရှားမှုမျိုး မရှိတော့ပါဘူး။

ဆောင်းရာသီရဲ့ တောက်ပတဲ့ နေရောင်ခြည်အောက်မှာ လမ်းလျှောက်ကြပြီး မှန်များနဲ့ ကာရံထားတဲ့ စင်္ကြံများမှတစ်ဆင့် ရွှေနန်းတော်ကြီးရဲ့ ပင်မတံခါးကြီးကို ဖြတ်ကာ ဝင်ရောက်ခဲ့ကြပါတယ်။ ကျွန်တော့်ဇနီးသည် မာရီယာနဲ့ သားများကတော့ ဘာကင်ဟမ်ရွှေနန်းတော်ကြီးရဲ့ ကြီးကျယ်ခမ်းနားမှုတွေကို ရင်သပ်ရှုမော ဖြစ်နေ ကြပါတယ်။ ရွှေနန်းတော်ကြီးရဲ့ ပင်မအဆောင်ထဲကို ရောက်ရှိလာတဲ့အခါ ကြိုး တပ်တူရိယာ သံတစ်ခုကို ညင်းညင်းသာသာ ကြားနေရပါပြီ။ ကျွန်တော်နဲ့အတူ သူကောင်းပြုခံရမယ့် တခြားပုဂ္ဂိုလ်များလည်း ဘုရင်မကြီးရဲ့ ပန်းချီခန်းမဆောင်မှာ စုရုံးရောက်ရှိနေကြတာကို တွေ့ရပါတယ်။ ဒီခန်းမဆောင်မှာ ၁၉၈၁ ခုနှစ်တုန်းက မင်းသမီးကို သတို့သမီးတစ်ဦးအဖြစ် ကျွန်တော် တွေ့မြင်ခဲ့ရဖူးပါတယ်။ ရွှေနန်း တော်ကြီးတစ်ခုလုံးအတွင်းမှာရှိတဲ့ နာရီတွေများ ရပ်နေသလားလို့ အောက်မေ့ရ လောက်အောင် အချိန်တွေ ကြာလွန်းလှတယ်လို့ ကျွန်တော် ခံစားရပါတယ်။ ၁၁ နာရီတိတိအချိန်မှာတော့ သူကောင်းပြုခံရမယ့် သူ ၁၀ ဦးရဲ့ အမည်ကို ခြေမြန်တော် တစ်ဦးက ဖတ်ကြားပြီး ခန်းမဆောင်အတွင်းသို့ ဝင်ရောက်စားကြဖို့ ဖိတ်ခေါ်ပါ တယ်။ ဒီအခမ်းအနားကို တက်ရောက်ကြမယ့် ဧည့်သည် ၅၀၀ တို့ကလည်း ကပွဲဆောင်ခန်းမကြီးမှာ အသံတိတ်ဆိတ်စွာနဲ့ ထွက်တော်မူလာမယ့် ဘုရင်မကြီးကို စောင့်ဆိုင်းနေကြပါတယ်။

စောင့်ဆိုင်းနေစဉ်အတွင်းမှာပဲ ပထမမြောက် ချားလ်စ်ဘုရင်ရဲ့ ပုံတော်အောက်မှာ ဆိုဖာတစ်လုံးနဲ့ ထိုင်နေတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ရပါတယ်။ မိန်း ကလေးကို ကျွန်တော်က မိတ်ဆက်စကားဆိုလိုက်ပြီး 'မင်းကရော ဘာအတွက်

www.burmeseclassic.com



လဲ'လို့ မေးကြည့်လိုက်ပါတယ်။

အသက် ၂၂ နှစ်သာ ရှိသေးတယ်ဆိုတဲ့ မိန်းကလေးက George Medal ချီးမြှင့်ခံရမယ့်သူလို့ ဆိုပါတယ်။ ဒီဘွဲ့တံဆိပ်က သာမန်အရပ်သားများအတွက် ရဲရင့်စွန့်စားခြင်းနဲ့ ပတ်သက်ပြီး အမြင့်ဆုံးချီးမြှင့်တဲ့ ဘွဲ့တံဆိပ် ဖြစ်ပါတယ်။ ငယ်ရွယ်နုပျိုပြီး ဆွဲဆောင်မှုလည်းရှိ၊ အညိုရောင်ဆံပင်များရှိတဲ့ ဒီမိန်းကလေးက အနီရောင်ဝတ်စုံကို စမတ်ကျကျ ဝတ်ဆင်ထားပြီး ခေါင်းပေါ်မှာလည်း ကော်ဖီရောင်ဦးထုပ်ကလေးကို ဆောင်းထားပါသေးတယ်။ ဒီမိန်းကလေးက ဘာကြောင့်များ ဒီဆုတံဆိပ်ကို ရမှာပါလိမ့်လို့ ကျွန်တော် တွေးနေမိပါတယ်။ နောက်မှသိရတာကတော့ ဒီမိန်းကလေးအမည်က Lisa Potts ဖြစ်ပြီးမူကြိုကလေးများကျောင်းမှာ ကစားကွင်းထဲ ကလေးများ ကစားနေစဉ် အကြမ်းဖက်သမားတစ်ဦး ရောက်ရှိလာပြီး ကလေးများကို တိုက်ခိုက်ရာမှာ သူမက ရှေ့ကနေ ခုခံကာကွယ်ခဲ့တဲ့အတွက် ရဲရင့်စွန့်စားသူအဖြစ် ချီးမြှင့်ခြင်းခံရတာပါ။

သူမရဲ့လက်များကို ကျွန်တော် ကြည့်လိုက်တော့ ဒဏ်ရာအမာရွတ်တွေက မကြည့်ဝံ့စရာကောင်းလောက်အောင်ပါပဲ။ 'ကျွန်မလက်က ဒဏ်ရာတွေ ဘာဟုတ်သေးသလဲ။ တချို့ကလေးတွေဆိုရင် အဲဒီလူက ပါးစပ်ကနေ နားရွက်ရောက်အောင် ဆွဲဖြဲသွားတာ'လို့ ရှင်းပြပါတယ်။

မကြာမီမှာ ကျွန်တော်နဲ့ အဲဒီမိန်းကလေးတို့ ဘုရင်မကြီးရှိနေမယ့် ခန်းမဆောင်ထဲ ဝင်ခဲ့ကြဖို့ အမိန့်တော်ရပါတယ်။ ဒီလောက်ရဲရင့်တဲ့ မိန်းကလေး တစ်ယောက်နဲ့ အတူယှဉ်တွဲပြီး ဂုဏ်ပြုချီးမြှင့်ခံရတာ ကျွန်တော် အင်မတန် ကံကောင်းတယ်လို့ ထင်ပါတယ်။ မိန်းကလေးက ပထမဦးစွာ ဘုရင်မကြီးထံ ချဉ်းကပ်ပြီး ဘွဲ့တံဆိပ်ကို လက်ခံရယူရင်း ဘုရင်မကြီးနဲ့ စကားအနည်းငယ် ပြောကြားနေခဲ့ပါတယ်။

ကျွန်တော့်အလှည့်ရောက်ချိန်မှာ ဂုဏ်ပြုတံဆိပ်ချီးမြှင့်ရာမှာတော့ မင်းသမီးကိုယ်တိုင်က သစ္စာစောင့်သိမှုအတွက် အသိအမှတ်ပြုခဲ့ကြောင်းနဲ့ မင်းမှုထမ်းအဖြစ် ၂၁ နှစ်လုံးလုံး ဘုရင်မကြီး၊ ချားလ်စ်မင်းသား၊ ဒိုင်ယာနာမင်းသမီးတို့ထံပါးမှာ အမှုတော်ထမ်းခဲ့တဲ့တွက် ချီးမြှင့်ခြင်းဖြစ်တယ်လို့ ထင်ခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ ကျွန်တော် မမျှော်လင့်တဲ့အသံတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ Lord Chamber Lain ရဲ့ အသံပါ။ မိုက်ကရိုဖုန်းကတစ်ဆင့် ပြောကြားလိုက်တာကတော့ 'မစ္စတာ ပေါလ်ဘာရယ်လ်… ဝေလမင်းသမီး ဒိုင်ယာနာရဲ့ အမှုတော်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့တဲ့အတွက် Royal Victorian Medal ကို ချီးမြှင့်မှာ ဖြစ်ပါတယ်'တဲ့။



ဒီတံဆိပ်ကို ချီးမြှင့်ရာမှာ တော်ဝင်မိသားစုများထံပါး အမှုတော်ထမ်းခြင်းကြောင့်ဆိုတာထက် ဒိုင်ယာနာမင်းသမီးရဲ့ထံပါးမှာ သစ္စာစောင့်သိစွာ အမှုတော်ထမ်းခဲ့ခြင်းအတွက် ချီးမြှင့်ခြင်းက ပိုပြီးသင့်တော်မယ်လို့ ဘုရင်မကြီးကိုယ်တိုင်က သုံးသပ်တဲ့အတွက် အခုလို ချီးမြှင့်ရခြင်းဖြစ်ကြောင်း နောက်မှ သိရပါတယ်။ ဘုရင်မကြီးက ကျွန်တော့်ကို 'မောင်မင်းကို ဒီလိုဆုတံဆိပ် ချီးမြှင့်လိုက်ရတဲ့အတွက် မဖုရားအနေနဲ့ အရမ်းဝမ်းသာမိတယ်၊ မောင်မင်း ဆောင်ရွက်ခဲ့တာတွေအတွက် ကျေနပ်အားရတော်မူတယ်၊ အခုမောင်မင်း ဘာဆက်လုပ်မလဲ' လို့ မေးတော်မူခဲ့ပါတယ်။

ဘုရင်မကြီး ပခုံးပေါ်ကကျော်ပြီး နောက်တော်ပါးမှာ ရပ်နေတဲ့ ကျွန်တော့်ရောင်းရင်းဟောင်း ခရစ္စတိုဖာဘာရေးကို တွေ့လိုက်ရပါတယ်။ ခေါင်းထဲမှာ ဖျတ်ခနဲပေါ်လာတဲ့ စကားကို ကျွန်တော် ပြောလိုက်ပါတယ်။ 'ခရစ္စတိုဖာအနေနဲ့ ကူညီလုပ်ကိုင်ပေးဖို့ တစ်ယောက်ယောက်များ လိုမလားလို့ ကျွန်တော် တွေးမိပါတယ်' ဆိုတော့ ဘုရင်မကြီးက ပြုံးတော်မူပြီး အစဉ်အလာအတိုင်း ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ပါတယ်။ ခြေနှစ်လှမ်း နောက်ပြန်ဆုတ်ပြီး ဘွဲ့တံဆိပ်ချီးမြှင့်ရာ ခန်းမထဲက ကျွန်တော် ထွက်ခွာခဲ့ပါတော့တယ်။

အဲဒီညမှာ ဂုဏ်ပြုခံရတဲ့ သူ ၁၀ ဦးရဲ့ မိသားစုများ ကျွန်တော်နဲ့အတူ San Lorenzo စားသောက်ဆိုင်မှာ ညစာ စားသုံးကြရင်း ပျော်ပွဲဆင်နွှဲခဲ့ကြပါတယ်။ ဒါကလည်း မင်းသမီး မူလကတည်းက စီစဉ်ထားခဲ့တဲ့အတိုင်း ဖြစ်ပါတယ်။

❑

ဘွဲ့တံဆိပ်လက်ခံပြီးနောက် ရက်သတ္တပတ်နှစ်ပတ်အကြာမှာ ဓါဒ္ဓင်ဘရောင်းထံမှ ကျွန်တော့်ထံသို့ စာတစ်စောင် ပေးပို့ခဲ့ပါတယ်။ အဲဒီစာမှာ ကျွန်တော့်ကို ဝေလမင်းသမီး ဒိုင်ယာနာ အမှတ်တရ ကော်မတီဝင်တစ်ဦးအဖြစ် ထည့်သွင်းထားကြောင်းနဲ့ မင်းသမီးအမှတ်တရ လုပ်ငန်းများ ဆောင်ရွက်ရာမှာ ဘယ်လိုလုပ်သင့်တယ်ဆိုတာကို အကြံပေးဖို့ ဖိတ်ခေါ်ထားခြင်း ဖြစ်ပါတယ်။ ကျွန်တော်က မင်းသမီးရဲ့မိတ်ဆွေများဖြစ်တဲ့ Rosa Monckton, Lord Attenorough တို့နဲ့ လက်တွဲလုပ်ဆောင်ရမှာပါ။ ဒီကော်မတီကို မကြာသေးမီက ဖွဲ့စည်းခဲ့တာဖြစ်ပြီး Diana, Princess of Wales Memo rial Fund လို့ အမည်ပေးထားပါတယ်။

ဒီကော်မတီမှာ ကျွန်တော်ပါဝင်ခြင်းနဲ့ပတ်သက်ပြီး ဝေဖန်ဂယက်ရိုက်မှုတွေ ရှိခဲ့ပါတယ်။ ဘဏ္ဍာစိုးတစ်ယောက် ဘာအရည်အချင်းရှိလို့ ဒီလိုကော်မတီမျိုးမှာ ပါရမှာလဲလို့ ဆိုကြတယ်။ ကျွန်တော် လုပ်ခဲ့ရတဲ့ အလုပ်နဲ့ အခုပါရမယ့် ကော်မတီ

www.burmeseclassic.com

www.burmeseclassic.com



အဆင့်ချင်းက ကွာလွန်းတယ်လို့လဲ ဆိုကြပါတယ်။ ဒါတွေဟာ ကျွန်တော်နဲ့ မင်းသမီး ရင်းနှီးမှုကို မသိကြတဲ့သူများ ပြောခဲ့ကြတဲ့ စကားတွေသာ ဖြစ်ပါတယ်။ အဲဒီလိုဂယက်တွေကြားကပဲ The Time မဂ္ဂဇင်းအယ်ဒီတာက 'ဘဏ္ဍာစိုးတစ်ယောက်ရဲ့ ပါဝါ၊ ပေါလ်ဘာရယ်လ်သည် ဒိုင်ယာနာအမှတ်တရ ကော်မတီတွင် ပါဝင်ထိုက်သည့် သူတစ်ဦးဖြစ်'ဆိုတဲ့ ခေါင်းစဉ်နဲ့ ရေးသားခဲ့ပါတယ်။

ဒီမဂ္ဂဇင်းရဲ့ ရေးသားချက်များအပေါ်မှာ ကျွန်တော် သာယာမိခဲ့ပေမယ့် ကျွန်တော့်နောက်ကျောကိုထိုးမယ့် ဓားတွေသွေးနေကြပြီဆိုတာကို ကျွန်တော် မသိခဲ့ပါဘူး။

❑

၁၉၉၇ ခုနှစ် ခရစ်စမတ်ပွဲတော် ကျင်းပဖို့ ရက်သတ္တပတ်နှစ်ပတ်အလိုမှာ ဝီလျံနဲ့ဟယ်ရီတို့ ကင်စတန်နန်းတော်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြပါတယ်။ သူတို့နေထိုင်ဖို့အခန်းတွေမှာ လိုအပ်တဲ့ သစ်ပင်ပန်းမန်များ ပြင်ဆင်ထားကြသလို အိမ်နဲ့တူတဲ့ အခန်းများဖြစ်အောင် ပြင်ဆင်ထားကြပြီး သူတို့ကို ငယ်စဉ်ကတည်းက ထိန်းကျောင်းလာခဲ့တဲ့ အိုလ်ဂါပိုဝဲလ်နဲ့ ကျွန်တော် အိပ်ခန်းထဲမှာထိုင်ပြီး သူတို့ပြန်အလာကို စောင့်နေခဲ့ရပါတယ်။ အိမ်ရှေ့တံခါးဝက ဝင်လိုက်ကတည်းက အော်ဟစ်ပျော်ရွှင်မြူးထူးစွာ ဝင်လာကြပြီး ခရစ္စမတ်ပွဲတော်ကို ဆင်ဒရင်ဟာမ်မှာ ကျင်းပကြမှာဖြစ်တယ်လို့ ဆိုကြပါတယ်။

ကျွန်တော်က သူတို့နဲ့အတူ အခန်းများထဲကို လိုက်သွားပြီး လက်ထဲမှာလည်း တစ်ယောက်ချင်းစီ သုံးစွဲရမယ့် ပစ္စည်းများအပေါ်မှာ ကပ်ပေးရမယ့် စာရွက်အဝါကလေးတွေ ကိုင်ထားပါတယ်။ ကလေးတွေက ချားလ်စ်မင်းသားနဲ့အတူ စိန့်ဂျိမ်းစ်နန်းတော်မှာ ပြောင်းရွှေ့နေထိုင်ကြမှာဖြစ်ပါတယ်။ မင်းသားနှစ်ပါးက သူတို့အခန်းတွေထဲမှာ စာအုပ်တွေ၊ ငယ်စဉ်ကတည်းက ကစားခဲ့ကြတဲ့အရုပ်တွေ၊ ဓာတ်ပုံတွေ၊ ပိုစတာတွေ၊ ဗီဒီယိုအခွေများနဲ့ ပန်းချီကားများပါမကျန်ရအောင် လိုက်လံစစ်ဆေးနေကြပါတယ်။ အဲဒါတင်မကသေးပါဘူး။ ဘယ်ဆိုဖာကိုယူမယ်၊ ဘယ်ကော်ဇောကိုယူမယ်ကအစ သူတို့ကိုယ်တိုင် ဆုံးဖြတ်ကြတာပါ။ သားတော်နှစ်ပါးမှာ အကြီးဖြစ်တဲ့ ဝီလျံက စနစ်တကျ ဆုံးဖြတ်တတ်ပါတယ်။ သူက ပထမတော့ လက်ဝတ်ရတနာတွေကို ယူသွားမယ်လို့ဆိုပါသေးတယ်။ နောက်တော့မှ မယူတော့ဘူးလို့ ဆုံးဖြတ်ပါတယ်။ 'ဒါတွေက နောက်မှ ယူပါတော့မယ်။ အရေးတကြီးလိုအပ်တဲ့ပစ္စည်းတွေမှ မဟုတ်ဘဲ'လို့ ဆိုပါတယ်။

သူနဲ့ပတ်သက်ပြီး ကျွန်တော့်ရင်ထဲမှာ နင့်ခနဲနေအောင် ခံစားရတဲ့ အချက်ကတော့ သူတို့ကိုယ်ပိုင်ပစ္စည်းတွေဖြစ်ပေမယ့် စကားပြောရာမှာ အင်မတန်ယဉ်



ကျေးသိမ်မွေ့ပြီး 'ကျွန်တော် အဲဒါလေး ယူလို့ရမလား… အဲဒါယူသွားရင် ကောင်းမလား' စသဖြင့် ပြောတတ်ခြင်းပါ။

ကျွန်တော်က 'ဝီလျံ… ဒီပစ္စည်းတွေအားလုံးဟာ မင်းသားတို့ညီအစ်ကိုပိုင်တဲ့ပစ္စည်းတွေချည်းပါပဲ။ ယူရမလားလို့ ခွင့်တောင်းဖို့ မလိုပါဘူးကွယ်'လို့ ပြောယူရပါတယ်။

သူက အယ်လ်ပုံစံ လုပ်ထားတဲ့ ဝတ်လဲတော်များထားရာ အခန်းထဲကို ဝင်သွားပြီး အမွေးနံ့သာပစ္စည်းတွေ ထည့်ထားတဲ့ ဗီရိုရှေ့မှာ ရပ်လိုက်ပါတယ်။ ပြီးတော့မှ 'မာမီမရှိတော့ဘူးဆိုတော့ မာမီ့အဝတ်အစားတွေကို ကျွန်တော်တို့ဘယ်လိုလုပ်ရမလဲ'လို့ ဆိုရှာတယ်။

ကျွန်တော်က 'မင်းသားတို့ကတော့ ဘယ်လိုသဘောထားမလဲ မသိဘူး။ မင်းသမီးရဲ့ မယ်တော်နဲ့ အစ်မတော်များကတော့ မင်းသမီးရဲ့ဝတ်စုံတွေကို သူတို့ရဲ့အိမ်တော်မှာ ပြသထားဖို့ ရည်ရွယ်ကြပြီး ကျန်ရစ်တဲ့အဝတ်အစားအားလုံးကို သူတို့လိုချင်ကြတယ်။ သူတို့လိုချင်တဲ့အထဲမှာ မင်းသားတို့ရဲ့ မယ်တော် လက်ထပ်မင်္ဂလာပွဲတုန်းက ဝတ်ဆင်ခဲ့တဲ့ ဝတ်စုံလည်းပါတယ်'လို့ဆိုလိုက်တော့ ဝီလျံက 'မယူရဘူး၊ ကျွန်တော့်အနေနဲ့ သူတို့ကို ဘာပစ္စည်းမှ မပေးနိုင်ဘူး'လို့ တင်းတင်းမာမာ ဆိုပါတယ်။

ဘာမှ နားမလည်ရှာတဲ့ ဟယ်ရီကတော့ 'ဘာဖြစ်လို့လဲ'လို့ မေးပါတယ်။ ညီတော်ရဲ့အမေးကို ဝီလျံက 'မပေးချင်လို့ပေါ့ကွာ'လို့ပဲ ပြတ်ပြတ်သားသားဖြေလိုက်ပါတယ်။ ပြီးတော့မှ 'တကယ်လို့ သူတို့ လိုချင်တယ်ဆိုရင်လည်း နည်းနည်းပါးပါးတော့ မာမီ့အဝတ်အစားတွေကိုပေးမယ်။ ဒါပေမယ့် အခုမပေးနိုင်သေးဘူး။ နှစ်သစ်ကူးပြီးမှပဲ ပေးတော့မယ်'လို့ စိတ်လျှော့ပြီး ပြောပါတယ်။

မင်းသမီးသက်ရှိထင်ရှား ရှိစဉ်တုန်းက လက်ထပ်ပွဲမှာ သူ ဝတ်ခဲ့တဲ့ဝတ်စုံကို ဗစ်တိုးရီးယားပြတိုက် ဒါမှမဟုတ် အဲလ်ဘတ်ပြတိုက်မှာ ထားရှိတဲ့ နိုင်ငံတော်ဝတ်စုံများ ထိန်းသိမ်းရေးဌာနများသို့ ပို့ပေးဖို့ စိတ်ကူးခဲ့ပါသေးတယ်။ မင်းသမီးစိတ်ကူးကို အကောင်အထည်မဖော်နိုင်ခဲ့ပေမယ့် သူ့သားကြီးကတော့ သူ့အမေရဲ့မင်္ဂလာဝတ်စုံကို စပင်ဆာမိသားစုများထံမပေးလိုကြောင်း ပြတ်ပြတ်သားသားပြောနေပါပြီ။ ဒီနေ့အချိန်အခါမှာတော့ အဲဒီဝတ်စုံက ဘယ်ရောက်နေပြီလဲဆိုတာ မပြောနိုင်တော့ပါဘူး။ မင်းသမီးရဲ့ မိသားစုများဖြစ်တဲ့ စပင်ဆာမိသားစုများထံမှာ ရောက်ရှိနေပြီလို့ ယူဆရပါတယ်။

ဝီလျံက သူတို့အခန်းထဲမှာ ထားရှိခဲ့ပေးတဲ့ ဆိုဖာ၊ ကော်ဇောနဲ့ ပုလားထိုင်

www.burmeseclassic.com

www.burmeseclassic.com



များသာမက ခန်းဆီးများနဲ့ စားပွဲများကိုလည်း ယူဆောင်သွားမယ်လို့ ဆိုပါတယ်။ ကော်ဇောတွေက မင်းသမီး ဝယ်ပေးခဲ့တာ နှစ်နှစ်ခန့်သာရှိသေးပြီး စတာလင်ပေါင် သုံးသောင်း ပေးခဲ့ရပါတယ်။

ညီအစ်ကိုနှစ်ယောက် တစ်ခန်းဝင် တစ်ခန်းထွက် သူတို့လိုချင်တဲ့ ပစ္စည်းတွေ ရှာဖွေသိမ်းဆည်းနေကြဆဲမှာ ဟယ်ရီက သူ့အဝတ်အစားတွေ ထည့်ခဲ့တဲ့ ဗီရိုနဲ့ သူ့ခုတင်ကို ယူသွားချင်တယ်လို့ ဆိုပါတယ်။ ခုတင်ကို မကန့်ကွက်ပေမယ့် ဗီရိုနဲ့ပတ်သက်လို့တော့ ဝီလျံက ကန့်ကွက်ပါတယ်။ ဟိုမှာ ဒီဗီရိုကြီးထားလောက်တဲ့နေရာ ရှိမှာမဟုတ်ဘူးလို့လည်း သူ့ညီကို ဖျောင်းဖျပါတယ်။ ညီအစ်ကိုနှစ်ယောက် ဒီလိုလုပ်နေကြတာကို မင်းသမီးသာ မြင်ခဲ့ရင် ပြုံးပြုံးကြီးကြည့်ရင်း ခေါင်းတခါခါ ဖြစ်နေမှာကို ကျွန်တော် မြင်ယောင်မိပါတယ်။

အောက်ထပ်က ဧည့်ခန်းထဲကို ရောက်လာတဲ့အခါမှာတော့ ဇရာမရုပ်မြင်သံကြားစက်ကြီးကို ဝီလျံက ကြည့်ပါတယ်။ 'ဒါကြီးက ဟိုက်ဂရုဗ်မှာ ထားစရာနေရာရှိမှာမဟုတ်ဘူး။ ယောနှ်အိမ်တော်မှာပဲ ထားရလိမ့်မယ်' လို့ ဆုံးဖြတ်ပါတယ်။ လျှပ်စစ်ပစ္စည်းများနဲ့ပတ်သက်ရင် ဝီလျံက အထူးတလည် စိတ်ဝင်စားတတ်ပါတယ်။ ဒီရုပ်မြင်သံကြားစက်ကြီးကို သယ်သွားရင် သူတို့ရဲ့ ခမည်းတော်ကလည်း သဘောတူမှာ မဟုတ်ပါဘူး။ ချားလ်စ်မင်းသားက မင်းသားငယ်များ ရုပ်မြင်သံကြားစက်ရှေ့မှာထိုင်ပြီး အချိန်ကုန်တာကို လုံးဝ မလိုလားပါဘူး။ သူကိုယ်တိုင်လည်း သတင်းလောက်သာ ကြည့်လေ့ရှိပါတယ်။

နောက်ဆုံးအခန်းကတော့ ဒိုင်ယာနာရဲ့အခန်းပါ။ ဒီအခန်းထဲဝင်လိုက်ချိန်မှာ မင်းသားနှစ်ယောက်စလုံး အသံတိတ်သွားကြပါတယ်။ သူတို့မိခင်ကို သတိရလိုက်ကြပုံရပါတယ်။ ဝီလျံက စားပွဲပေါ်မှာတင်ထားတဲ့ ဓာတ်ပုံများကို တစ်ခါမှ မမြင်ဖူးသလိုကြည့်နေပြီး ဟယ်ရီကတော့ သူ့အမေ စာရေးစားပွဲမှာ သွားထိုင်ကာ စားပွဲပေါ်က ပစ္စည်းတွေကို ကိုင်ကြည့်နေပါတယ်။ မိနစ်အနည်းငယ်ကြာအောင် သူတို့အဲဒီလို ကြည့်နေကြပြီးမှ ဝီလျံရဲ့အသံ ပေါ်ထွက်လာပါတယ်။ 'ကျွန်တော်အဲဒီရေမြင်းရုပ်ကြီး ယူသွားချင်တယ်'တဲ့။ ဒိုင်ယာနာနဲ့ သူ့သားတွေ အတူဆုံးအချက်ကတော့ ရုပ်မြင်သံကြားကြည့်နေတဲ့အချိန်မှာ အရုပ်တစ်ခုခုကို ပွေ့ဖက်ထားတတ်ခြင်းပါပဲ။

မင်းသားများ အခန်းအားလုံး ဝင်ကြည့်ပြီးချိန်မှာတော့ ပစ္စည်းအသီးသီးရဲ့ အပေါ်မှာ စက္ကူဝါကလေးတွေ ကပ်ထားပြီးဖြစ်ပါတယ်။ ဘယ်ပစ္စည်းက ဘယ်အိမ်တော်ကို ပို့ရမယ်ဆိုတာ မှတ်သားထားပါတယ်။



ဗီဒီယိုအခွေများကို ရှာဖွေကြရာမှာတော့ မင်းသားများက သူတို့ကြိုက်တဲ့ ဗီဒီချပ်တချို့ကို ရွေးချယ်ကြပါတယ်။ မင်းသမီး သက်ရှိထင်ရှားရှိစဉ်တုန်းက စီစဉ်ထားခဲ့တဲ့ အစီအစဉ်က ရှေ့နန်းတော်ကြီးရဲ့ အစဉ်အလာအတိုင်း ခရစ္စမတ်နေ့ကို ဆာဒရင်ဟမ်မှာ ကျင်းပကြရတာဖြစ်ပေမယ့် ၁၉၉၇ ခုနှစ်ကစပြီး ဒီအစဉ်အလာကို ဖောက်ဖျက်ကာ မင်းသားများနေလိုတဲ့ နေရာမှာ နေခွင့်ပြုခဲ့ဖို့ ဖြစ်ပါတယ်။ သူ့အစီအစဉ်ကတော့ သားတော်များနဲ့အတူ Barbuda မှာ ရှိတဲ့ K Club မှာ ပျော်ပွဲရွှင်ပွဲ ကျင်းပမယ်လို့ စီစဉ်ခဲ့တာပါ။ မင်းသမီး မရှိတော့ပေမယ့် ကျွန်တော်တစ်ယောက်တည်းရဲ့ စိတ်ကူးကို ပြောရမယ်ဆိုရင်တော့ မူလအစီအစဉ်အတိုင်း ကလေးတွေကို ပျော်စေချင်တာပါပဲ။ ဒါပေမယ့် အခုတော့ ရှေ့နန်းတော်ကြီးရဲ့ အစဉ်အလာအတိုင်း ဆာဒရင်ဟမ်မှာပဲ ခရစ္စမတ်ပွဲတော်ကို ကျင်းပကြရပါလိမ့်မယ်။

မင်းသားနှစ်ပါးက ကျွန်တော့်ကိုနှုတ်ဆက်ပြီး လှေကားထစ်များပေါ်က ဆင်းကြဖို့ ပြင်လိုက်တဲ့အချိန်မှာ ကျွန်တော် သူတို့ကို တားလိုက်ပါတယ်။ 'နှစ်စဉ်နှစ်တိုင်း မင်းသားတို့အတွက် လက်ဆောင်ပေးဖို့ ကိစ္စကို ကျွန်တော် စီစဉ်ခဲ့ရတာပါ။ ဒီနှစ်မှာလည်း မင်းသားတို့အတွက် လက်ဆောင်ကို ကျွန်တော် စီစဉ်ပါရစေ' လို့ ပြောလိုက်တော့ မင်းသားနှစ်ပါးရဲ့ မျက်နှာများပေါ်မှာ အံ့ဩတဲ့ အရိပ်အယောင်ကို တွေ့လိုက်ရပါတယ်။ 'မင်းသားတို့အတွက် လက်ဆောင်ထည့်ထားတဲ့ အိတ်ကလေးတွေ အဆင်သင့် ရှိပါတယ်။ ခရစ္စမတ်နေ့မနက်မှ ဖောက်ကြည့်ကြပေါ့' လို့ပြောပြီး သူတို့ကို နှစ်စဉ်နှစ်တိုင်းလို ပေးလိုက်တဲ့အခါမှာတော့ သူတို့လေးတွေရဲ့မျက်နှာ ဝင်းပသွားကြပြီး ဟယ်ရီက ကျွန်တော့်ကို အားပါးတရ ဖက်ရှာတယ်။

ကျွန်တော်တို့အားလုံး အိမ်ရှေ့တံခါးဝကို ထွက်ခဲ့ကြပါတယ်။ ကျွန်တော်က 'ကိုင်း မင်းသားတို့... ကျွန်တော် ဘယ်မှာနေတယ်ဆိုတာ သိနေတာပဲ။ အချိန်မရွေး လိုအပ်တာရှိရင် ကျွန်တော့်ကို ခေါ်ပြီးခိုင်းပါ' လို့ နှုတ်ဆက်လိုက်တော့ ဟယ်ရီက 'ကျွန်တော်တို့ ဆက်သွယ်မှာပေါ့ ပေါလ်... ကျွန်တော်တို့ ပါပါနဲ့အတူ ဇန်နဝါရီလမှာ နှင်းလျှောပြင်စီးပြီး ပြန်လာတဲ့အခါ ဆက်သွယ်ပါမယ်' လို့ ဆိုပါတယ်။

မင်းသားနှစ်ပါးကို ခေါ်ဆောင် သွားမယ့် Land Rover Discovery ကားပေါ်ကို တက်သွားကြပါပြီ။ ဝီလျံက ရှေ့ခန်းမှာထိုင်ပြီး ဟယ်ရီက နောက်ခန်းမှာ ထိုင်ပါတယ်။ 'ဥဒ်ဘိုင်ပေါလ်...' လို့ အော်ဟစ်နှုတ်ဆက်သွားကြတဲ့အသံ ကျွန်တော်

www.burmeseclassic.com



နားထဲမှာ ကြားယောင်နေမိပါတယ်။ မင်းသားနှစ်ပါးနဲ့ ကျွန်တော် အခုလို အကြိမ်ပေါင်းများစွာ နှုတ်ဆက်ခဲ့ကြဖူးပါတယ်။ ဒီလိုနှုတ်ဆက်ပြီးတိုင်း သူတို့မယ်တော်က 'ကဲ ပေါလ်ရေ… ကျွန်မတို့အိမ်တော့ သူတို့မရှိတာနဲ့ ခြောက်ကပ်သွားတော့မှာပဲ။ ကျွန်မ သူတို့ကို လွမ်းနေရမှာ'လို့ ပြောလေ့ရှိတာကိုလည်း သတိရမိပါတယ်။

❑

မင်းသမီးရဲ့ကမ္ဘာ့အဖြစ် တည်ရှိခဲ့တဲ့ ကင်စတန်နန်းတော်အတွင်းမှာ ကျွန်တော်တစ်ယောက်တည်း မှိုင်ဆေးနေမိပါတယ်။

ဝေလမင်းသမီး ဒိုင်ယာနာအမှတ်တရ ရန်ပုံငွေကို ဒိုင်ယာနာရဲ့ ကွာရှင်းပြတ်စဲမှုမှာ ဆောင်ရွက်ပေးခဲ့တဲ့ ဝတ်လုံတော်ရ အန်တိုနီဂျူလီယက်စ်က ဦးစီးဆောင်ရွက်နေပြီး လေဒီဆာရာနဲ့ မိုင်ကယ်လ်ဂစ်ဘင်စ်တို့ကလည်း ပူးတွဲပါဝင်ကြပါတယ်။ ကျွန်တော့်အမြင်မှာတော့ ဒီ ၃ ယောက်စလုံးဟာ ကျွန်တော့်ဘော့စ်ရဲ့ဘဝမှာ ထဲထဲဝင်ဝင် မသိခဲ့ကြဘဲ သူ မရှိတော့တဲ့အချိန်ကျမှ သူ့ကိစ္စတွေကို ဝင်ရောက်ဆောင်ရွက်နေကြတယ်လို့ ခံစားရပါတယ်။ အမှတ်တရ ရန်ပုံငွေဆိုပြီး မင်းသမီးနဲ့ တရင်းတနှီးပတ်သက်ခဲ့သူ တစ်ဦးတစ်ယောက်မှ မပါဝင်ပါဘူး။ သက်ရှိထင်ရှားရှိစဉ်တုန်းက မင်းသမီးရဲ့ အရေးကိစ္စမှန်သမျှကို ဆောင်ရွက်ပေးခဲ့ရတဲ့ ကျွန်တော်ဆိုရင် ဒီရန်ပုံငွေအဖွဲ့မှာ လုံးဝ ပါဝင်ပတ်သက်ခြင်း မရှိပါဘူး။

ကင်စတန်နန်းတော်မှာလည်း မကြာခဏဆိုသလို မင်းသမီးရဲ့ မယ်တော်မစ္စစ်ဖရန့်စစ္စက မကြာခဏဆိုသလို လာရောက်လေ့ရှိပြီး ဧည့်ခန်းထဲမှာ ဝိုင်ပုလင်းတစ်လုံးနဲ့ သူ့သမီး ကျန်ရစ်တဲ့ပစ္စည်းတွေကို စိတ်တိုင်းကျ မွှေနှောက်နေတော့တာပါပဲ။ ဒိုင်ယာနာ သိမ်းဆည်းခဲ့တဲ့ စာမှန်သမျှကို သူ ဖတ်ပြီး တချို့စာတွေကို ဖျောက်ဖျက်ပစ်ဖို့ ဆုံးဖြတ်တဲ့အခါမှာလည်း ဆုံးဖြတ်ချက်ပေးပါတယ်။ စာပေါင်း ၅၀ လောက် ဖျက်ဆီးပစ်ခဲ့တာကို မြင်ရတဲ့ ကျွန်တော့်အနေနဲ့ ဒိုင်ယာနာရဲ့သမိုင်းကို ဖျောက်ဖျက်ပစ်နေတယ်လို့ ခံစားရပါတယ်။ အထူးသဖြင့် ဝင်ဆာမိသားစုများနဲ့ ပတ်သက်တဲ့စာများဟာ မဖျောက်မဖျက်ထားသင့်တယ်လို့ ကျွန်တော် ယူဆပေမယ့် သူ့မယ်တော်ကတော့ ဖျက်ဆီးပစ်ပါတယ်။ ဒါတွေဟာ အမှားမှားအယွင်းယွင်း ဆုံးဖြတ်နေတာလို့ ကျွန်တော် ခံစားရပါတယ်။

ရန်ပုံငွေကိစ္စကတစ်မျိုး၊ စာတွေကို ဖျောက်ဖျက်တဲ့ကိစ္စက တစ်မျိုးကြောင့် ၁၉၉၇ ခုနှစ် ကုန်ဆုံးချိန်မှာ ကျွန်တော်ဟာ မင်းသမီးနဲ့ပတ်သက်တဲ့ ကိစ္စမှန်သမျှမှာ ဘာမှ ဆောင်ရွက်နိုင်ခွင့်မရှိတော့သူရယ်လို့ ခံစားမိပါတယ်။ ကူမယ့်သူမရှိ၊



ကယ်မယ့်သူမရှိ ဒီလိုအခြေအနေမျိုး ကျွန်တော့်ဘဝမှာ တစ်ခါမှ မကြုံဖူးပါဘူး။ အရာရာကို လက်ပိုက်ကြည့်နေရတဲ့ဘဝပါ။ ကျွန်တော့်ခံယူချက်က မင်းသမီးနဲ့ ပတ်သက်ပြီး ကာကွယ်သင့်ကာကွယ်ထိုက်တာတွေကို ကာကွယ်ပေးဖို့ တာဝန်ရှိတယ်လို့ ယူဆပါတယ်။ ဒါပေမယ့် ဒီကိစ္စတွေကို ကျွန်တော် ဘယ်သူနဲ့တိုင်ပင်လို့ ရမှာလဲ။ စပင်ဆာမိသားစုဝင်တွေက နားလည်နိုင်မှာ မဟုတ်ပါဘူး။ ကျွန်တော်ကလည်း သူတို့မိသားစုဝင်တစ်ဦး မဟုတ်တဲ့အတွက် ဒီအရေးကိစ္စမှာ ပါဝင်မစွက်ဖက်သင့်ဘူးလို့ သူတို့ထင်ကြမှာပါ။ ဝီလျံနဲ့ ဟယ်ရီတို့ကို တိုင်ပင်ဖို့ဆိုတာကလည်း သူတို့က ငယ်လွန်းတဲ့အတွက် မဖြစ်နိုင်ပါဘူး။ ချားလ်စ်မင်းသားကို တိုင်ပင်ဖို့ဆိုတာကတော့ လုံးဝမဖြစ်နိုင်တဲ့ကိစ္စပါ။ ဒီကိစ္စကိုသာ သွားပြောမယ်ဆိုရင် နားထောင်မယ် မထင်ပါဘူး။ ကျွန်တော်တစ်ယောက်တည်း ခံစားနေရတဲ့အချိန်မှာ တစ်စုံတစ်ယောက်ကို သတိရလိုက်မိပါတယ်။ အဲဒီတစ်ယောက်ကတော့ ကျွန်တော် ပြောတာကို စိတ်ရှည်လက်ရှည် နားထောင်ပေးနိုင်မှာဖြစ်တဲ့အပြင် ဆုံးဖြတ်ချက်လည်း ပေးနိုင်မယ့်သူ ဖြစ်ပါတယ်။ အဲဒီပုဂ္ဂိုလ်ကတော့ ဘုရင်မကြီးပဲဖြစ်ပါတယ်။ ဒီကိစ္စကို တိုင်ပင်ဖို့အတွက် နန်းတွင်းအစဉ်အလာအတိုင်း နည်းလမ်းတကျ တွေ့ဆုံခွင့် တောင်းမယ်ဆိုရင် အချိန်ကာလ ကြာမြင့်မှာ ဖြစ်တဲ့အပြင် တွေ့ခွင့်လည်း ရနိုင်မယ် မထင်ပါဘူး။ ဒါကြောင့် နည်းလမ်းတစ်ခုကို ကျွန်တော် သုံးလိုက်ရပါတယ်။

တယ်လီဖုန်းကောက်ကိုင်လိုက်ပြီး ဘုရင်မကြီးနဲ့ နီးစပ်သူတစ်ဦးကို ကျွန်တော် ဘုရင်မကြီးနဲ့ တွေ့လိုကြောင်း ပြောပြလိုက်ပါတယ်။ ဒီလူက ကျွန်တော် ယုံကြည်စိတ်ချရတဲ့သူ ဖြစ်ပါတယ်။ ဘုရင်မကြီးအနေနဲ့ ကျွန်တော့်ကို ငါးမိနစ်လောက်များ လက်ခံတွေ့ဆုံဖို့ စီစဉ်ပေးနိုင်မလားလို့ မေးကြည့်တဲ့အခါ အဲဒီပုဂ္ဂိုလ်က ဒီကိစ္စ သူ့တာဝန်ထားပါ။ သူ ပြန်ဆက်သွယ်ပါ့မယ်လို့ ဆိုပါတယ်။

နောက်တစ်နေ့မှာ အဖြေရပါတယ်။ ဘုရင်မကြီးအနေနဲ့ ဒီဇင်ဘာ ၁၉ ရက် ကြာသပတေးနေ့ မွန်းလွဲ ၂ နာရီအချိန်မှာ ကျွန်တော့်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံတွေ့ဆုံပါမယ်တဲ့။

ချိန်းဆိုထားတဲ့နေ့မှာ ဘာကင်ဟမ်ရွှေနန်းတော်အတွင်း ကျွန်တော် ရောက်ခဲ့ရပြန်ပါတယ်။ အစောင့်ရဲ့အရာရှိတစ်ဦးက ကျွန်တော် လာမယ်ဆိုတာ သိပြီးသားဖြစ်နေပါပြီ။ စကြံအသွယ်သွယ်ကိုဖြတ် ခန်းဆောင်အသီးသီးကို ကျော်ဖြတ်ပြီး ချိန်မှာတော့ ဘုရင်မကြီးရှိနေမယ့် အခန်းတံခါးဝကို ကျွန်တော် ရောက်သွားပါပြီ။ ကျွန်တော်ရောက်တဲ့အချိန်က မွန်းလွဲ ၁ နာရီ ၅၅ မိနစ် ရှိပါပြီ။ ဧည့်သည်များ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်စောင့်ရမယ့်နေရာမှာ စောင့်နေလိုက်ပါတယ်။ ဒီအချိန်ဟာ ဘုရင်မကြီး နေ့လယ် လက်ဖက်ရည်ပွဲ သုံးဆောင်တဲ့အချိန် ဖြစ်ပါတယ်။ ၂ နာရီတိတိအချိန်မှာတော့ မင်းလုလင်တစ်ဦးက ရောက်လာပြီး 'ဘုရင်မကြီးထံ မစ္စတာပေါလ် ဝင်ရောက်နိုင်ပါပြီ'လို့ အကြောင်းကြားလာပါတယ်။

ဝက်သစ်ချတံခါးကြီးကို တွန်းဖွင့်ဝင်ရောက်သွားချိန်မှာ စာရေးစားပွဲမှာ ထိုင်နေတဲ့ ဘုရင်မကြီးကို တွေ့လိုက်ရပါတယ်။ သူ့ထုံးစံအတိုင်း စာကြည့်မျက်မှန်ကလေးတပ်ထားပြီး စားပွဲပေါ်မှာ စာရွက်စာတမ်းတွေ လက်မှတ်ထိုးနေတာပါ။ သူ့ခြေရင်းမှာတော့ သူ့အချစ်တော် ခွေးကလေး ၉ကောင် ၁၀ ကောင်လောက် ရှိနေပါတယ်။ တချို့ခွေးကလေးတွေက ကျွန်တော်သူ့အပါးမှာ ခစားစဉ်ကာလတုန်းက ရှိခဲ့တဲ့ ခွေးများက ပေါက်ဖွားခဲ့တဲ့ မျိုးဆက်သစ်တွေ ဖြစ်ပါတယ်။ လူစိမ်းတစ်ယောက် ဝင်လာတဲ့အတွက် ခေါင်းထောင်လာကြပြီး တချို့ခွေးကလေးများက မာန်ဖီသံပြုကြပါတယ်။

ဘုရင်မကြီးက ထိုင်နေရာကထလာပြီး နှုတ်ဆက်ဖို့ရောက်လာပါတယ်။ 'ဟဲလို ပေါလ်... နေကောင်းရဲ့လား'လို့ မိန့်တော်မူပါတယ်။

ဘုရင်မကြီးရဲ့အပြုံးက ခါတိုင်းလိုပဲ နွေးထွေးမှုရှိနေဆဲပါ။ အရွယ်ကတော့ နည်းနည်းကျသွားပြီး ဆံပင်တွေက ပိုဖြူလာပါတယ်။ အပြာရောင်ဝတ်စုံကို ဝတ်ထားပြီး လည်ပင်းမှာတော့ ပုလဲသုံးဆင့်ပုတီးကို ဆွဲထားပါတယ်။ အင်္ကျီပေါ်မှာ အသည်းပုံစံ စိန်ရင်ထိုး ထိုးထားတာကိုလည်း တွေ့ရပါတယ်။

ကျွန်တော့်လက်ထဲမှာ ကိုင်လာတဲ့ပန်းစည်းကို တွေ့သွားတာကြောင့် ကျွန်တော်က ဦးညွှတ်အလေးပြုရင်း ဘုရင်မကြီးထံ ပန်းစည်းဆက်သလိုက်ပါတယ်။ 'ဘုန်းတော်ကြီးလှသော ဘုရင်မကြီးအတွက် ကျွန်တော်မျိုးရဲ့ လက်ဆောင်ပန်းစည်းပါ'လို့ဆိုလိုက်တော့ ဘုရင်မကြီးက ပန်းစည်းကို လက်ခံလိုက်ပြီး 'မွှေးလိုက်တာကွယ်၊ ကျေးဇူးပဲ'လို့ ဆိုပါတယ်။

သူ့ပုံစံက သူ့အပါးမှာ ကျွန်တော် ခစားစဉ်ကာလတုန်းကလိုပဲ တရင်းတနှီး နွေးနွေးထွေးထွေး ရှိနေဆဲပါ။ အနားမှာ အစောင့်အကြပ်မရှိတာကြောင့်လည်း လွတ်လွတ်လပ်လပ် ရှိနေပုံရပါတယ်။ ဒိုင်ယာနာရဲ့အစ်မတော်များ ကျွန်တော့်ကို ဒုက္ခပေးနေကြပုံကိုလည်း သူ သိထားပုံရပါတယ်။

'ပေါလ်လာတဲ့ကိစ္စက တော်တော်တော့ ထူးဆန်းနေတယ်'လို့ စကား စတော်မူပြီး လက်ထဲက ပန်းစည်းကို မင်းလုလင်တစ်ဦးထံ ကမ်းလိုက်ပါတယ်။

'ကျွန်တော် သိပါတယ် ဘုရင်မကြီး။ ဒါပေမယ့် ကျွန်တော့်မှာ ဘယ်သူ့ကိုမှ



တိုင်တည်လို့မရနိုင်တဲ့ကိစ္စ ဖြစ်နေတာကြောင့် ဘုရင်မကြီးကိုပဲလာပြီး တိုင်တည်ရတာပါ။ အခုလို လက်ခံတွေ့ဆုံတဲ့အတွက်လည်း အင်မတန် ကျေးဇူးတင်ပါတယ်' လို့ ပထာမအနေနဲ့ လျှောက်ထားလိုက်ပါတယ်။

ကျွန်တော်တို့နှစ်ယောက်စလုံး မတ်တတ်ရပ်လျက် စကားပြောနေကြတာပါ။ ဘာကင်ဟမ်နန်းတွင်းရဲ့ ထုံးတမ်းအစဉ်အလာအတိုင်း ပုဂ္ဂလိကကိစ္စများနဲ့ ဘုရင်မကြီးထံ ဝင်ရောက်တွေ့ဆုံမယ်ဆိုရင် ထိုင်ခွင့်မရှိပါဘူး။ မတ်တတ်ရပ်လျက်ပဲ ပြောရပါတယ်။ ဘုရင်မကြီးက ကျွန်တော် ဘာတွေလုပ်ကိုင်နေသလဲဆိုတာကို မေးတော့ ကင်စတန်နန်းတော်မှာ သိမ်းဆည်းစရာရှိတာတွေကို သိမ်းဆည်းပေးနေကြောင်း လျှောက်ထားရပါတယ်။ ဒီတော့ ဘုရင်မကြီးက ကျွန်တော့်ဇနီး မာရီယာနဲ့ ကလေးများ ကျန်းမာကြရဲ့လားလို့ မေးတော်မူပါတယ်။ အဲဒီလို အာလာပ သလ္လာပ ပြောကြပြီးတဲ့နောက် ကျွန်တော် လာရင်းကိစ္စဖြစ်တဲ့ ကင်စတန်နန်းတော်အတွင်းမှ ဖြစ်ပျက်နေတဲ့ကိစ္စတွေကို လျှောက်ထားပါတယ်။ ဒိုင်ယာနာ အမှတ်တရ ရန်ပုံငွေနဲ့ ပတ်သက်ပြီး ဘယ်သူတွေ ပါဝင်ခြယ်လှယ်နေတယ်၊ ပြဿနာတွေ ဘယ်လိုရှိတယ် ဆိုတာကို တင်ပြတဲ့အပြင် အောက်တိုဘာတစ်လအတွင်းမှာပဲ စတာလင်ပေါင် ၁၇၀,၀၀၀ သုံးစွဲကြကြောင်းတို့ကို တင်ပြပါတယ်။ အဲဒီကနေ ဒိုင်ယာနာရဲ့ ချစ်သူဖြစ်တဲ့ ဒိုဒီအယ်လ်ဖာယက်အကြောင်းကို ရောက်သွားပါတယ်။

ဒိုဒီနဲ့ပတ်သက်ပြီး ဘုရင်မကြီးကိုယ်တိုင်ကလည်း တစ်နိုင်ငံလုံးက ထင်နေကြသလို တစ်သက်လုံး လက်တွဲတော့မယ်လို့ ထင်နေပုံရပါတယ်။ သူတို့အကြောင်းကို ကျွန်တော် အသိဆုံးဖြစ်တဲ့အတွက် လျှောက်တင်ရပါတယ်။

'ဘုန်းတော်ကြီးလှသော ဘုရင်မကြီးခင်ဗျာ... ဒီအရေးကိစ္စဟာ နောက်ဆုံးမှာတော့ မျက်ရည်နဲ့လမ်းခွဲမယ့်ကိစ္စ ဖြစ်ပါတယ်။ မင်းသမီးက ဒီလူဟာ မူးယစ်ဆေးဝါး၊ အရက်သေစာ၊ ငွေရေးကြေးရေးကအစ ပြည့်တန်ဆာကိစ္စအဆုံး ပတ်သက်နေတာသိလို့ သူ့ခြေလှမ်းကို နောက်ဆုတ်ဖို့ပြင်နေပါပြီ။ ဒါကြောင့် ကျွန်တော်မျိုးကလည်း မင်းသမီးကို ဒိုဒီနဲ့ပတ်သက်လာရင် သူ့ ပတ်ဝန်းကျင်ကို အမြဲသတိထားပါလို့ သတိပေးခဲ့ဖူးပါတယ်။ ခက်တာက ဒီလူက မင်းသမီးကို သင်္ဘောပေါ်တင်ခေါ်သွားတဲ့အတွက် မင်းသမီးအနေနဲ့ ရွှေနန်းတော်ကို ပြန်ချင်ပါလျက် မပြန်နိုင်ဘဲ လိုက်ပါသွားရတာပါ။ သင်္ဘောပေါ်မှာ သူ ကျွေးတာစား၊ သူ ထားသလို နေရတာ ဖြစ်ပါတယ်။ မင်းသမီးအနေနဲ့ သူ့အနှောင်အဖွဲ့ကနေ လွတ်မြောက်ပြီး ရွှေနန်းတော်ကို အမြန်ဆုံး ပြန်ချင်ပါလျက် ဒီလူရဲ့ ပယောဂနဲ့ ပြင်သစ်ကို သွားချင်ဘဲ လိုက်ပါသွားခဲ့ရတာပါ'လို့ အကျယ်တဝင့် လျှောက်ထားခဲ့ပါတယ်။

www.burmeseclassic.com



ကျွန်တော် လျှောက်ထားစဉ်အချိန်အတွင်းမှာ ဘုရင်မကြီးက တစ်ခွန်းမျှ ဝင်မပြောဘဲ တိတ်ဆိတ်စွာ ရွှေ နားဆင်နေခဲ့ပါတယ်။ အဲဒီနောက် ဒိုင်ယာနာရဲ့ မယ်တော်ကလည်း ဘုရင်မကြီးထံ မကြာခဏဆိုသလို ဖုန်းဆက်နေကြောင်း မိန့်တော်မူပါတယ်။

စကားအခွင့်သင့်လာတာနဲ့ ကျွန်တော်ကလည်း ကင်စတန်နန်းတော်မှာ ဒီမိန်းမကြီး ဒိုင်ယာနာရဲ့ စာရွက်စာတမ်းတွေကို ဖျက်ဆီးပစ်နေတာတွေကိုလည်း လျှောက်တင်လိုက်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီစာရွက်စာတမ်းတွေဟာ သမိုင်းဝင်စာများဖြစ်တဲ့အတွက် မဖျောက်ဖျက်သင့်ဘဲ အများပြည်သူ မသိသင့်တဲ့ကိစ္စဆိုရင် ဖုန်းကွယ်ထားဖို့သာ လိုအပ်တယ်လို့ ယူဆကြောင်း ဆက်လက်လျှောက်တင်ခဲ့ပါတယ်။

ဒီလျှောက်တင်ချက်နဲ့ပတ်သက်ပြီး ဘုရင်မကြီးက သူမရဲ့ဘွားတော် ကံတော် ကုန်ချိန်တုန်းကလည်း ဖျောက်ဖျက်မယ်ဆိုတော့ သူမ ကန့်ကွက်ခဲ့ပြီး တစ်သီးတခြား သိမ်းစေခဲ့ကြောင်း မိန့်တော်မူပါတယ်။

ဝီလျံနဲ့ ဟယ်ရီတို့အကြောင်း ရောက်သွားချိန်မှာ မကြာသေးမီက မင်းသားနှစ်ပါး ကင်စတန်နန်းတော်မှ ပစ္စည်းတချို့တစ်ဝက်ကို သယ်ဆောင်သွားကြကြောင်း လျှောက်တင်ခဲ့ပါတယ်။

ဘုရင်မကြီးရဲ့အပါးမှာ ကျွန်တော် ခစားစဉ်တုန်းကတောင် ခုလောက်ကြာအောင် စကားလက်ဆုံ မကျခဲ့ဖူးပါဘူး။ ကျွန်တော် တွေ့ဆုံခွင့်ရတဲ့ မွန်းလွဲ ၂ နာရီအချိန်ကစပြီး စကားတွေပြောလိုက်ကြတာ ညနေ ၅ နာရီထိုးခါနီးမှ လက်စသတ်ခဲ့ကြပါတယ်။ ၃ နာရီနီးပါးအချိန်တစ်လျှောက်လုံး ကျွန်တော်တို့ မတ်တတ်ရပ် စကားပြောခဲ့ကြတာပါ။ စကားမပြောဖြစ်ခဲ့တဲ့ ၁၀ နှစ်တာကာလအတွက် အတိုးချ ပြောကြသလိုပါပဲ။ ဘာနဲ့တူသလဲဆိုတော့ နှစ်ပေါင်းများစွာ ကွဲကွာနေကြတဲ့ ဆွေမျိုးနှစ်ယောက် ပြန်တွေ့ကြသလိုမျိုးပါပဲ။

ဘုရင်မကြီးနဲ့ အဲဒီလို တွေ့ဆုံခဲ့တာနဲ့ပတ်သက်ပြီး ၂၀၀၂ ခုနှစ်မှာ ကျွန်တော့်ကို ခိုးမှုနဲ့တရားစွဲခံရပြီးတဲ့နောက် သတင်းစာတချို့က ကျွန်တော် အဲဒီလို ဘုရင်မကြီးနဲ့ ၃ နာရီနီးပါး စကားပြောခဲ့ပါတယ်ဆိုတာဟာ လုံးဝမဖြစ်နိုင်ဘူး၊ ဘဏ္ဍာစိုးတစ်ယောက်ကို ဘုရင်မကြီးက လက်ခံစကားပြောတယ်ဆိုတာ ယုတ္တိမရှိဘူး၊ ပေါလ်ဘာရယ်လ်က ယုံတမ်းစကားတွေပြောနေတာလို့ ရေးသားခဲ့ကြပါသေးတယ်။

အိမ်တော်ဝန်ထမ်းတစ်ယောက်ကဆိုရင် ဗြိတိသျှဝန်ကြီးချုပ်ကို လက်ခံတွေ့ဆုံရင်တောင် ၅ မိနစ်ပဲ အချိန်ပေးခဲ့တာ သူက ဘာမို့လဲလို့ ဆိုခဲ့ပါတယ်။ Sun



သတင်းစာကြီးက တကယ်လို့ လက်ခံတွေ့ဆုံခဲ့တယ်ဆိုရင်တောင် ၃ မိနစ်လောက်ပဲ ဖြစ်နိုင်တယ်၊ ၁ နာရီအထိ မကြာနိုင်ဘူးလို့ ဆိုပါတယ်။ နောက်ဆုံးမှာတော့ ဘုရင်မကြီးရဲ့ရုံးက ဒီကိစ္စနဲ့ပတ်သက်ပြီး ရှင်းလင်းချက်တစ်စောင် ထုတ်ပြန်ပေးခဲ့ပါတယ်။ ဘုရင်မကြီးနဲ့ ပေါလ်ဘာရယ်လ်တို့ တွေ့ဆုံချိန်ဟာ အနည်းဆုံး မိနစ် ၉၀ ကြာခဲ့ပါသတဲ့။

❑

ကျွန်တော်နဲ့ ဘုရင်မကြီးတို့ စကားလက်ဆုံကြခဲ့တဲ့အချိန်ဟာ ဘယ်လောက်ကြာတယ်ပဲပြောပြော ကြာခဲ့တာတော့ အမှန်ပဲ။ အဲဒီအချိန်ကာလအတောအတွင်းမှာ ကျွန်တော်တို့နှစ်ယောက်ဟာ ခွေးကလေးများကို အစာကျွေးနေကြတာ ဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် အမှန်တကယ်တော့ ကျွန်တော်တို့ ပြောနေခဲ့တဲ့ အကြောင်းအရာက ဒိုင်ယာနာရဲ့ ဘဝတစ်လျှောက်လုံးမှာ တစ်ဦးတည်းသောချစ်သူဟာ ချားလ်စ်မင်းသားသာဖြစ်ပြီး ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလက ယောဒီ ဘာကင်ဟမ်နန်းတော်အတွင်းမှာ ကျွမ်းသစ္စာကျိန်ဆိုခဲ့သလို သူမေတ္တာဟာ မင်းသားအပေါ်မှာ မပျက်မယွင်း ရှိခဲ့တယ်ဆိုတာကို ဘုရင်မကြီးထံမှာ ကျွန်တော် သက်သေခံခဲ့ပါတယ်။ အဲဒီအကြောင်းအရာတွေကို ကျွန်တော် ပြောနေခိုက် ဘုရင်မကြီးရဲ့ မျက်နှာတော်ကို သတိထားကြည့်မိတဲ့အခါ သူ့မျက်နှာက ကာလယန္တရားကို နောက်ပြန်လှည့်လို့များရမယ်ဆိုရင် လှည့်လိုက်ချင်ပါရဲ့ဆိုတဲ့အသွင်ကို ဆောင်နေပါတယ်။ 'မဖုရားကိုယ်တိုင်လည်း ဒိုင်ယာနာထံကို စာတွေ အကြိမ်ကြိမ် ရေးခဲ့ပါတယ်။ ဒါကို ပေါလ်လည်း သိမယ်ထင်ပါတယ်'လို့ ဆိုပါတယ်။

ဒီစကား ကြားရတဲ့အချိန်မှာ ကျွန်တော့်မျက်စိထဲမှာ ကျွန်တော့်သခင်မက ကင်စတန်နန်းတော်ရဲ့ လှေကားထစ်များမှာ ထိုင်ပြီး ဘာကင်ဟမ်နန်းတော် (သို့မဟုတ်) ဝင်ဆာရဲတိုက်ဆီက ရောက်လာတဲ့စာတွေကို ကျွန်တော် ကြားနိုင်အောင် ဖတ်ပြခဲ့တာတွေကို ပြန်လည်မြင်ယောင်မိပါတယ်။ 'ကျွန်တော်မျိုး သိပါတယ်။ ဒီစာတွေကို မျက်စိနဲ့လည်း တပ်အပ်မြင်ခဲ့ရဖူးပါတယ်။ ရွှေမင်းသမီးကိုယ်တိုင်ကလည်း မဖုရားထံကို အကြောင်းပြန်လေ့ရှိပါတယ်။ ဒါပေမယ့် မဖုရားနဲ့

www.burmeseclassic.com



အမြင်ချင်းမတူ ဖြစ်ခဲ့ပုံရပါတယ်။

ကျွန်တော့်ဘဝမှာ ပထမဦးဆုံးအကြိမ်အဖြစ် ကျွန်တော်နဲ့ မသက်ဆိုင်တဲ့ ကိစ္စတစ်ခုကို ဘုရင်မကြီးနဲ့ မျက်နှာချင်းဆိုင်ပြီး လျှောက်ထားခဲ့ရခြင်းဖြစ်လို့ မျက်နှာပူစရာ အားနာစရာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူက ဗြိတိန်နိုင်ငံကို စိုးမိုးအုပ်ချုပ်နေတဲ့ ပြည့်ရှင်ဘုရင်မဖြစ်ပြီး ကျွန်တော် အရင်းနှီးဆုံးဖြစ်ခဲ့တဲ့ ဝေလမင်းသမီး ဒိုင်ယာနာ မဟုတ်လို့ပါဘဲ။ ဘုရင်မရှေ့မှောက်မှာ မတ်တတ်ရပ်ပြီး သူ ပြောသမျှတွေကို ကြားနာနေရတဲ့အချိန်မှာ ကျွန်တော့်ရင်ထဲမှာ ပေါ်ပေါက်လာတဲ့ဆန္ဒကတော့ ဘုရင်မကြီးဟာ ဒိုင်ယာနာမင်းသမီးအပေါ်မှာ နွေးထွေးကြင်နာမှုရှိတယ်ဆိုတာကို တစ်ကမ္ဘာလုံးက ပြည်သူတွေ သိသွားစေချင်တဲ့ဆန္ဒပါပဲ။ အပြင်မှာ ဖြစ်နေတဲ့သတင်းများက သူတို့နှစ်ဦးဟာ ရန်သူသဖွယ် ဖြစ်နေတာကြောင့် အခြေအနေမှန်နဲ့ ဆန့်ကျင်ဘက် ဖြစ်နေပါတယ်။

ကျွန်တော် မှတ်မိပါသေးတယ်။ ကျွန်တော့်ဆီကို ရေးတဲ့စာတစ်စောင်မှာ ဒိုင်ယာနာက 'ကျွန်မလေ… ယောက္ခမကြီးကို ဖက်ထားလိုက်ချင်တယ်' တဲ့။

ကျွန်တော့်ရှေ့မှောက်မှာ ရပ်နေတဲ့ ဘုရင်မကြီးကို ကျွန်တော် မြင်တွေ့ရတဲ့ အမြင်က ကျွန်တော့် ဘော့စ်ရွှေမင်းသမီးရဲ့ ယောက္ခမတစ်ယောက်သာဖြစ်ပြီး ပြည့်ရှင်ဘုရင်မတစ်ဦးအနေနဲ့ မဟုတ်ပါဘူး။ ဒါကို ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ကျွန်တော့် ဘော့စ်လည်း သိခဲ့ပါတယ်။ ဒါကြောင့်လည်း ဒိုင်ယာနာက ယောက္ခမနှစ်ဦးအပေါ်မှာ ဘယ်တုန်းကမှ ရန်သူများသဖွယ် ဆက်ဆံတုံ့ပြန်ခြင်း မပြုခဲ့တာပါ။

ဘုရင်မကြီးက 'မဖုရား သူတို့နှစ်ယောက်ကြားမှာ ဝင်တယ်ဆိုတာက သင့်မြတ်စေချင်လို့ပါ။ ကွာရှင်းပြတ်စဲတယ်ဆိုတာဟာ မဖုရားတို့အတွက် မလိုလားအပ်တဲ့ ကိစ္စပဲမဟုတ်လား' လို့လည်း ဆိုပါတယ်။

ကျွန်တော်တို့နှစ်ယောက် တွေ့ဆုံမှု အဆုံးသတ်ခါနီးအချိန်မှာ ဘုရင်မကြီးက ကျွန်တော့်ကို စကားတစ်ခွန်း မိန့်ကြားတော်မူပါတယ်။ မျက်မှန်ကိုင်းမှာ မှန်တစ်ဝက်သာတပ်ထားတဲ့ ကိုင်းပေါ်ကကျော်ပြီး ကျွန်တော့်ကိုကြည့်ရင်း 'ပေါလ်ရေ အစစအရာရာ သတိနဲ့နေမှ တော်ကာကျမယ်နော်။ အခု နိုင်ငံတော်မှာက အုပ်စုတစ်စုနဲ့ တစ်စု သြဇာအာဏာချင်း ပြိုင်နေကြတယ်။ အဲဒါနဲ့ပတ်သက်လို့က မဖုရားတို့ ကိုယ်တိုင်လည်း နားမလည်နိုင်လောက်အောင် ရှိနေရတယ်' လို့ဆိုပြီး စိုက်ကြည့်နေပါတယ်။ သဘောကတော့ မင်းနားလည်ရဲ့လားလို့ မေးချင်ပုံရပါတယ်။ ပြီးတော့မှ ကျွန်တော်တို့နှစ်ယောက်ရဲ့ တွေ့ဆုံမှုကို အဆုံးသတ်တဲ့အနေနဲ့ 'ကိုင်း ပေါလ်ရေ စကားပြောလို့တော့ ကောင်းပါရဲ့၊ အခြေအနေထူးခြားရင် အခုလိုပဲ မဖုရားဆီကို



တိုက်ရိုက်လာပြီး လျှောက်ထားသင့်ပြပါ။ အခုတော့ ခွေးကလေးတွေ လမ်းလျှောက်ထွက်ပေးရမယ့် အချိန်ရောက်ပြီမို့ အဆုံးသတ်လိုက်ကြဦးစို့' လို့ ဆိုပါတယ်။

နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်လိုက်ကြပြီး ကျွန်တော်က ဦးညွှတ်အလေးပြုကာ ဘုရင်မကြီးရဲ့ ခန်းမထဲက နောက်ဆုတ်ထွက်ခွာခဲ့ပါတယ်။

❑

ကျွန်တော့်ကို ဖမ်းဆီးရုံးတင် တရားစွဲတဲ့အမှုကနေ လွတ်မြောက်သွားပြီးတဲ့ အချိန်မှာတော့ ဘုရင်မကြီးနဲ့ ကျွန်တော် တွေ့ဆုံခဲ့စဉ်က သတိထားနေလို့ ပြောခဲ့တဲ့ စကားကို ပြန်ပြီးသတိရမိပါတယ်။ ဘာကိုများ သတိပေးချင်တာပါလိမ့်။ ကျွန်တော် ကြားခဲ့တာတော့ အမှန်ပါပဲ။ ဒါပေမယ့် ဘယ်အဓိပ္ပာယ်ဆောင်လည်းဆိုတာကို မသိခဲ့ပါဘူး။ ဒီစကားက အဓိပ္ပာယ်အများကြီး ကျယ်ဝန်းတယ်ဆိုတာကို နောင်မှာ ကျွန်တော် သိလာခဲ့ပါတယ်။ ဒါက ကျွန်တော်ချဲ့ကားပြီး ပြောနေတာ မဟုတ်ပါဘူး။ ကျွန်တော့်စိတ်ထင် ပြောရရင် ဘုရင်မကြီးက ကျွန်တော့်အနေနဲ့ လှုတိုင်းကို သတိထားဖို့ သတိပေးခဲ့ခြင်းဖြစ်ပြီး ဒိုင်ယာနာနဲ့ကျွန်တော် ဘယ်လောက်ရင်းနှီးတယ်ဆိုတာကို ထဲထဲဝင်ဝင် သိသူက သူတစ်ယောက်တည်းသာ ရှိပါတယ်။

နိုင်ငံတော်အတွင်းမှာ သြဇာအာဏာချင်း ပြိုင်နေကြတယ်လို့ သတိပေးခဲ့တဲ့ အချက်ဟာလည်း နှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင် ကျွန်တော့်နားထဲမှာ ပြန်လည် ကြားယောင်နေမိပြီး ဘာကို ရည်ရွယ်တာလဲဆိုတာကို ဆန်းစစ်နေမိပါတယ်။ ဘုရင်မကြီးက ဗြိတိန်နိုင်ငံမှာ ထုတ်ဝေနေတဲ့ စာနယ်ဇင်းများရဲ့ သြဇာအာဏာကို ဆိုလိုတာလား။ ဒီအသိုက်အဝန်းနဲ့ ဒိုင်ယာနာက ရင်းနှီးကျွမ်းဝင်သူဖြစ်တဲ့အတွက် မီဒီယာသမားများက ဗြိတိန်နိုင်ငံရဲ့ သမိုင်းကြောင်းကို တစ်မျိုးတစ်မည် ဖြစ်သွားအောင် ဖန်တီးကြလေမလားလို့ စိုးရိမ်တာလည်း ဖြစ်နိုင်ပါတယ်။ နောက်တစ်ခုကတော့ နိုင်ငံတော်မှာ ဖွဲ့စည်းထားတဲ့ MI 5 ဆိုတဲ့ လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့အစည်း ဖြစ်တယ်ဆိုတာကို သံသယဖြစ်ဖွယ် မရှိပါဘူး။ တော်ဝင်မိသားစုများရဲ့ အိမ်များကအစ ဒီထောက်လှမ်းရေးအဖွဲ့က ခေတ်မီထောက်လှမ်းရေးကိရိယာများ တပ်ဆင်ထားပြီး သတင်းထောက်လှမ်းနေကြတယ်ဆိုတာ ကျွန်တော်တို့ သိထားလို့ပါပဲ။

ဘုရင်မကြီးနဲ့ တွေ့ဆုံပြီး ၄ နှစ်အကြာမှာတော့ ကျွန်တော် ဘယ်တုန်းကမှ ကျူးလွန်ခဲ့ခြင်းမရှိတဲ့ ပြစ်မှုတစ်ခုအတွက် ဖမ်းဆီးခံရပြီး ရုံးတင်စစ်ဆေးခံရပါတယ်။ သူတို့စွဲချက်ကတော့ ကျွန်တော်နဲ့ အရင်းနှီးဆုံးဖြစ်တဲ့ ဝေလမင်းသမီး ဒိုင်ယာနာရဲ့ လျှို့ဝှက်ချက်များ ပေါက်ကြားမှု ဖြစ်တယ်လို့ ဆိုပါတယ်။ ဒီလျှို့

www.burmeseclassic.com

www.burmeseclassic.com



ဝှက်ချက်တွေမှာ ဘယ်သူတွေ ပါခဲ့သလဲ။ အခု သူတို့က ဘယ်မှာလဲ။ ဘုရင်မကြီး သတိပေးခဲ့စဉ်က ဒီအချက်တွေ ပါဝင်လိမ့်မယ်ဆိုတာ ကျွန်တော် လုံးဝ မရိပ်စား မိခဲ့တဲ့အတွက် ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်မိပါတော့တယ်။ တကယ်လို့ အဲဒီတုန်းကသာ မဖုရား ဘာကိုဆိုလိုပါသလဲလို့ လျှောက်ထားမေးမြန်းခဲ့ရင် သူ့ဘက် က အရိပ်အမြွက်လောက်တော့ ကျွန်တော့်ကို ပြောခဲ့လိမ့်မယ် ထင်တယ်။ ကျွန်တော် သိထားသမျှ ဒိုင်ယာနာနဲ့ပတ်သက်တဲ့ လျှို့ဝှက်ချက်များကို ဘယ်သော အခါမှ ထုတ်ဖော်ပြောမှာ မဟုတ်သလို ဗြိတိန်နိုင်ငံရဲ့ သမိုင်းကြောင်းကိုလည်း အပြောင်းအလဲ ဖြစ်သွားအောင် ဘယ်တော့မှ စွက်ဖက်မှာ မဟုတ်ပါဘူး။ တကယ် ဆိုရင် ကျွန်တော်တစ်ဦးတည်းသာ ဒိုင်ယာနာရဲ့ ရင်ဖွင့်ရာဖြစ်ခဲ့ပြီး သူ ရေးခဲ့တဲ့ စာတွေဟာ ဗြိတိန်နိုင်ငံရဲ့ သမိုင်းဝင်စာတွေလည်း ဖြစ်ပါတယ်။ အထူးသဖြင့် ချားလ်စ်မင်းသားနဲ့ ကွာရှင်းပြတ်စဲတဲ့စာချုပ်၊ မင်းသမီးရဲ့ သေတမ်းစာ အစရှိတဲ့ အရေးတကြီး စာရွက်စာတမ်း အားလုံးနဲ့ပတ်သက်လို့ ကျွန်တော် သိထားပေမယ့် တစ်လုံးတစ်ပါဒမှ ထုတ်ဖော်မှာ မဟုတ်ပါဘူး။

ဒိုင်ယာနာက ကျွန်တော့်အပေါ်မှာ ဘယ်လောက်အထိ ပွင့်လင်းသလဲဆိုရင် သူ ချားလ်စ်မင်းသားနဲ့ လက်ထပ်ပြီးချိန်ကစပြီး သူ့တယ်လီဖုန်းကို ထောက်လှမ်းရေးက ဖြတ်တောက်နားထောင်ခဲ့တာတွေ၊ သူ့နဲ့ပေါင်းတဲ့ အပေါင်းအသင်း မှန်သမျှကို ထောက်လှမ်းရေးက လိုက်ခဲ့တာတွေကအစ ပြောပြခဲ့ပါတယ်။ တကယ် တော့ ဒါတွေဟာ တော်ဝင်မိသားစုများရဲ့ လုံခြုံရေးအတွက် လုပ်ရိုးလုပ်စဉ်တွေလို့ ဆင်ခြေပေးရင်လည်း ရပါတယ်။ ဒီတော့ ဗြိတိန်နိုင်ငံရဲ့ အုပ်ချုပ်ရေးမှာ ထောက် လှမ်းရေးအဖွဲ့က တော်ဝင်မိသားစုများရဲ့အထက်မှာ ရောက်နေသလိုပါပဲ။ ကျွန်တော် တာဝန်ထမ်းဆောင်တဲ့ ဟိုင်းဂရုဗ်စံအိမ်၊ ကင်စတန်နန်းတော်တို့မှာလည်း လျှို့ဝှက် ထောက်လှမ်းရေး ကိရိယာများနဲ့ မလွတ်ပါဘူး။ ဒါကိုသိထားတဲ့ ဒိုင်ယာနာက ကင်စတန်နန်းတော်ထဲမှာ စကားပြောရတာတောင် မလုံခြုံဘူးလို့ ယူဆပါတယ်။ သူ့အတွက် ချထားပေးတဲ့ ရဲအစောင့်အကြပ်များဟာလည်း သူ့မ လုံခြုံရေးထက် ဘာလုပ်တယ်ဆိုတာကို သတင်းပြန်ပို့နိုင်ဖို့ လိုက်ပါစောင့်ရှောက်ကြခြင်းဖြစ်တယ် လို့ ယူဆတာကြောင့် တော်ရုံတန်ရုံ ခရီးစဉ်များမှာ ရဲအစောင့်အကြပ်များလိုက်ဖို့ မလိုဘူးလို့ အမိန့်အာဏာကိုသုံးပြီး ဖယ်ရှားပစ်ခဲ့တဲ့ အကြိမ်တွေလည်း ရှိခဲ့ပါတယ်။

ကျွန်တော်တို့ နှစ်ယောက်စလုံး ပြည်ပ ခရီးစဉ်သွားနေစဉ် ကာလအတွင်းမှာ ဒိုင်ယာနာ အပိုင်စားရထားတဲ့ ကင်စတန်နန်းတော်ရဲ့ ခန်းဆောင်အမှတ် ၈ နဲ့ ၉ မှာ ထောက်လှမ်းရေးများက အသံအားလုံးကိုကြားနိုင်တဲ့ ကိရိယာတွေ လျှို့ဝှက်



တပ်ဆင်ထားတယ်လို့ ယူဆပါတယ်။ ဒါကြောင့် တစ်ကြိမ်မှာ ကျွန်တော်တို့ နှစ်ယောက်သား သူ့အခန်းထဲမှာရှိတဲ့ ပရိဘောဂတွေကို တစ်ဖက်ရွှေ့ပြီး ကြမ်းခင်း ကော်ဇောကိုလှိပ်ကာ ကော်ဇောအောက်မှာများ လျှို့ဝှက်ကိရိယာရှိမလားလို့ ရှာခဲ့ကြ ပါသေးတယ်။ ကော်ဇောအောက်မှာမတွေ့တော့ ကြမ်းခင်းတွေကို ဝက်အူလှည့်နဲ့ လှည့်ဖြုတ်ကာ ခွာပြီး ရှာကြပြန်ပါသေးတယ်။ ဒါပေမယ့် ဘာမှ မတွေ့ခဲ့ပါဘူး။ တစ်ခါ မီးခလုတ်တွေ၊ မီးအိမ်တွေထဲမှာ ထည့်နိုင်တယ်လို့ ယူဆကြပြန်တာကြောင့် ရှိသမျှမီးအိမ်တွေကိုဖြုတ်ပြီး ရှာခဲ့ကြပြန်ပါတယ်။ တကယ်တော့ အသီးကျွန် ပစ်ပယ်ခံထားရတဲ့ မိန်းမသားတစ်ယောက်အနေနဲ့ စိတ်လုံခြုံမှု မရတိုင်း သံသယ ပွားတတ်တာ ကျွန်တော် နားလည်ပါတယ်။ ဒါပေမယ့် တော်ဝင်မိသားစုအသိုက် အဝန်းကတော့ ဒိုင်ယာနာရဲ့ သံသယများကို နားလည်မပေးနိုင်ခဲ့ကြပါဘူး။ ဒိုင်ယာနာဟာ အကျယ်ချုပ်ပြီး ဒီအလုပ်တွေကိုလုပ်နေတာ မဟုတ်ပါဘူး။ သူ့မဘက် က ကြိုတင်ကာကွယ်မှု လုပ်ခြင်းသာဖြစ်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ တစ်ခါမှာတော့ ထောက်လှမ်းရေးတပ်က ထွက်လာတဲ့သူ တစ်ဦးနဲ့ ဒိုင်ယာနာ ရင်းနှီးမှုရခဲ့တာကြောင့် သူ့အကြံဉာဏ်တွေကိုလည်း အများကြီး ရယူခဲ့ပါတယ်။

တော်ဝင်မိသားစုထဲက ဒိုင်ယာနာအပေါ်မှာ သံယောဇဉ်ရှိသူတစ်ဦးကိုယ်တိုင်က ဒိုင်ယာနာကို 'အစစအရာရာ ဆင်ခြင်နော်။ ကိုယ့်အိမ်ထဲမှာ စကားပြောတာကို တောင် သူတို့ကကြားနိုင်တဲ့အစွမ်း ရှိတယ်'လို့ သတိပေးခဲ့ဖူးပါတယ်။ ၂၀၀၂ ခုနှစ် ကျွန်တော် အမှုဖြစ်စဉ်ကာလမှာ ကျွန်တော့်ရုံးခန်းထဲက တယ်လီဖုန်းကို ထောက်လှမ်းရေးက ကြားဖြတ် နားထောင်ပြီး ကျွန်တော်နဲ့ ဆက်သွယ်တဲ့ တယ် လီဖုန်း အနည်းဆုံး အလုံးပေါင်း ၂၀ လောက်ကို ကြားဖြတ် နားထောင်ကြတယ် ဆိုတာ ရုံးတော်မှာ ကျွန်တော် တရားဝင် တင်ပြနိုင်ခဲ့ပါတယ်။

ဒိုင်ယာနာနဲ့ကျွန်တော် အဲဒီလိုမွှေနှောက် ရှာဖွေလို့ မရတဲ့အဆုံးမှာ စောစော ကပြောတဲ့ ဒိုင်ယာနာမိတ်ဆွေ ထောက်လှမ်းရေး တပ်ထွက်ဟောင်းတစ်ဦးက လျှို့ဝှက်နာမည်တစ်ခုနဲ့ ကင်စတန်နန်းတော်ထဲကို ရောက်ရှိလာခဲ့ပါတယ်။ သူ ကိုယ်တိုင် တစ်ခန်းဝင် တစ်ခန်းထွက် ရှိသမျှအခန်းတွေမှာ လျှို့ဝှက်ကိရိယာ လိုက်ရှာခဲ့ပေမယ့် ဘာကိရိယာမှမတွေ့ရပါဘူး။ နောက်ဆုံးမှာ သူ သုံးသပ်ပြ တာကတော့ နောက်ဆုံးပေါ် အဆင့်မြင့်နည်းပညာတွေက အခန်းထဲမှာ ပစ္စည်း၊ ကိရိယာလာပြီး တပ်ဆင်ထားစရာမလိုဘဲ အခန်းနဲ့ ခပ်လှမ်းလှမ်းမှာ အသံ ယူနိုင်တဲ့ မော်တော်ယာဉ်တစ်စီး လာရပ်ထားပြီး အဲဒီမော်တော်ယာဉ်ကတဆင့် အသံလှိုင်းများ လွှင့်ထုတ်ပေးပါတယ်။ အခန်းထဲမှာ ပြောသမျှ စကားသံတွေက

www.burmeseclassic.com

www.burmeseclassic.com



မှန်များကို တွန်းကန်ပြီး သူတို့ဆီကို ပြန်ရောက်သွားတဲ့အတွက် အခန်းထဲမှာ ပြောသမျှကို သူတို့ကြားသိနိုင်ခြင်း ဖြစ်ပါသတဲ့။ ဒီနည်းကို တန်ပြန်နိုင်တဲ့နည်းကိုလည်း အဲဒီလူကပဲ နည်းပေးခဲ့ပါတယ်။ ပြတင်းပေါက်နဲ့ တည့်တည့်မှာရှိတဲ့ မီးလင်းဖိုရဲ့ အပေါ်မှာ ရောမကြည့်မှန်ကြီးတစ်ချပ် ချိတ်ဆွဲလိုက်ခြင်းအားဖြင့် သူတို့ဆီက ထုတ်လွှင့်တဲ့ အသံလှိုင်းများကို တန်ပြန်တွန်းကန်လိုက်တဲ့အတွက် အခန်းထဲကအသံကို သူတို့ ဖမ်းလို့မရနိုင်တော့ဘူးလို့ ဆိုပါတယ်။

ဒိုင်ယာနာရဲ့ သက်တမ်းနောက်ဆုံး နှစ်နှစ်မှာ မင်းသမီးဟာ သူမရဲ့ လုံခြုံရေးနဲ့ ပတ်သက်ပြီး တစ်စထက်တစ်စ စိတ်ပူလာခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်မှာ ချားလ်စ် မင်းသားနဲ့ ကွာရှင်းပြီးနောက် ကင်စတန်နန်းတော်ထဲမှာ အောင်းနေခြင်းထက် ကမ္ဘာလောကကြီးထဲကိုထွက်ပြီး လူမှုရေးလုပ်ငန်းများ လုပ်ဆောင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ မှားတယ်ပဲပြောပြော၊ မှန်တယ်ပဲပြောပြော ဒိုင်ယာနာရာ အဲဒီလို လူမှုရေးလုပ်ငန်းတွေ လုပ်ဆောင်လိုက်တဲ့အတွက် ခွန်အား ပိုမိုကြီးမားလာခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်မှာ ပထမဆုံး လုပ်ဆောင်ခဲ့တဲ့ အင်ဂိုလာနိုင်ငံမှ မြေမြှုပ်မိုင်းများ ဆန့်ကျင်ရေး လုပ်ဆောင်ခဲ့ရာက သူ့အရှိန်အဟုန်ဟာ တစ်စထက်တစ်စ ကြီးထွားလာခဲ့ပါတယ်။ ဒါကြောင့်လည်း ဗြိတိန်နိုင်ငံထုတ် သတင်းစာများက ဒိုင်ယာနာကို 'ဦးတည်ရာမဲ့ ကျည်ဆန်တစ်တောင့်'လို့ တင်စားခဲ့ကြတာပါ။ ဦးတည်ရာမဲ့ ကျည်ဆန်ဆိုတာ အန္တရာယ်များတယ် မဟုတ်လား။ အိမ်ရှေ့မင်းသားဖြစ်တဲ့ ချားလ်စ်က လူမှုရေးလုပ်ငန်းများမှာ မျက်နှာလန်းမပွင့်ခဲ့ပေမယ့် ဒိုင်ယာနာက အောင်မြင်မှုတွေ ရသထက် ရလာတဲ့အချိန်မှာ ရွှေနန်းတော်နဲ့တကွ သူတို့က ဒိုင်ယာနာကို မျက်စိနောက်လာကြပြီဆိုတာ မင်းသမီးကိုယ်တိုင်လည်း သိခဲ့ပါတယ်။ ဒါကြောင့် 'ကျွန်မ အခုလို ခွန်အားရှိရှိနဲ့ လူမှုရေးလုပ်ငန်းတွေ လုပ်ဆောင်တဲ့နေရာမှာ သူတို့ အထောက်အကူတစ်ခုမှမယူဘဲ လုပ်နေတာကိုပဲ သူတို့က တော်တော်မျက်စိနောက်နေပြီ'လို့ ပြောခဲ့ပါတယ်။

၁၉၉၆ ခုနှစ် အောက်တိုဘာလရဲ့ တစ်ခုသောနေ့မှာ မင်းသမီးက အပေါ်ထပ်ကနေ ကျွန်တော့်ကို လှမ်းခေါ်ပါတယ်။ ကျွန်တော်က အပေါ်ထပ်ကိုတက်ဖို့ လှေကားပေါ်အတက် သူက ဆင်းအလာနဲ့ လှေကားပေါ်မှာပဲ ဆုံတွေ့ကြပါတယ်။ ဒိုင်ယာနာက သူ့စိတ်ထဲမှာ 'သူတို့'အနေနဲ့ သူ့ကို မလိုလားတာကြောင့် 'ဒိုင်ယာနာ ချေမှုန်းရေးတပ်ဖွဲ့'တစ်ခု ဖွဲ့စည်းထားတယ်လို့ ယုံကြည်နေကြောင်း ပြောပြပါတယ်။ အဲဒီနေရာမှာပဲ တစ်စထက်တစ်စ လူတွင်ကျယ်ဖြစ်လာတဲ့ (သားတော်များကို ထိန်းခဲ့သူ) တစ်ဂီရဲ့အကြောင်းကို ပြောဖြစ်ကြသလို ချားလ်စ်မင်းသားရဲ့ ငယ်ချစ်ဖြစ်တဲ့ ကယ်မီလာပါကာဘိုးလ်စ်ရဲ့ အကြောင်းကိုလည်း ပြောဖြစ်ပါတယ်။ မင်းသားအနေနဲ့



သူ့နှလုံးသားထဲမှာ ဘယ်မိန်းမကို အချစ်စစ် အချစ်မှန်နဲ့ ချစ်သွားလိမ့်မလဲဆိုတာကိုလည်း ဒိုင်ယာနာက သံသယရှိခဲ့ပါတယ်။

သံသယစကားတွေဆိုခဲ့တဲ့ ဒိုင်ယာနာက ကျွန်တော်နဲ့ စကားဖြတ်ပြီးတဲ့နောက် သူ့စာရေးစားပွဲဆီသို့ ထသွားပြီး စာတစ်စောင် ရေးနေခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်က 'သူတို့'အနေနဲ့ ဒိုင်ယာနာပြောသလို ချေမှုန်းတိုက်ဖျက်ရေးဆိုတာလောက်အထိတော့ လုပ်နိုင်မယ်မထင်ဘူးလို့ တွေးနေခဲ့ပါတယ်။ စာတစ်စောင်ထိုင်ရေးနေတဲ့ ဒိုင်ယာနာက ခဏနေတော့ ထလာပြီး 'ကျွန်မ ဒီနေ့ နေ့စွဲနဲ့ စာတစ်စောင် ရေးထားတယ်။ တကယ်လို့များ လိုအပ်ခဲ့ရင် သုံးရအောင်လို့ ရှင့်ကို ပေးထားခဲ့မယ်'လို့ဆိုပြီး စာကို ပေးထားခဲ့ပါတယ်။ ဒိုင်ယာနာကို စိတ်ကူးယဉ်နဲ့ ကြောက်နေတဲ့သူလို့ ပြောပြော သူ့ရင်ထဲမှာ ခံစားနေရတဲ့ ကြောက်စိတ်တွေကိုတော့ သူ ရေးခဲ့တဲ့စာမှာ ဖော်ပြထားမှာအမှန်ပါပဲ။ သူ့စာကို စာအိတ်တစ်အိတ်မှာထည့် သူ့တံဆိပ်တုံးထုပြီး စာအိတ်ပေါ်မှာ ကျွန်တော့်နာမည်ရေးပြီး ပေးခဲ့ပါတယ်။ အဲဒီစာကို နောက်တစ်နေ့ ကျွန်တော့်အိမ်မှာ ကျွန်တော် ဖတ်ဖြစ်ခဲ့ပေမယ့် အဲဒီအကြောင်း သူနဲ့လည်း နောက်ထပ် မပြောဖြစ်တော့ပါဘူး။ သူ စဉ်းစားလို့ရသမျှ၊ သူ ပူပန်တဲ့ ကိစ္စမှန်သမျှကို ဒိုင်ယာနာက ပါးစပ်နဲ့ပြောတဲ့အပြင် စာနဲ့ပေနဲ့ ချရေးပြီး ကျွန်တော့်ဆီကို ပေးထားလေ့ရှိတာ ဒီတစ်ကြိမ်သာ မဟုတ်ပါဘူး။ အကြိမ်ပေါင်းများစွာ ရှိပါတယ်။ အဲဒီကာလတွေတုန်းက စာထဲမှာ ပါတဲ့အကြောင်းအရာတွေဟာ သူ ပြောပြပြီးသားအကြောင်းအရာတွေ ဖြစ်တဲ့အတွက် အသစ်အဆန်း မဟုတ်ပေမယ့် ပဲရစ်မှာ သူ ကားတိုက်ပြီး မကွယ်လွန်မီ ၁၀ လက ရေးခဲ့တဲ့ ကျွန်တော့်အတွက်စာတစ်စောင်ကတော့ ဒီနေ့ထက်ထိ ကျွန်တော့်ရင်ထဲမှာ မေ့လို့မရနိုင်တဲ့ စာတစ်စောင် ဖြစ်နေခဲ့ပါ တယ်။

*အောက်တိုဘာလရဲ့ နေ့တစ်နေ့မှာ ကျွန်မ စာရေးစားပွဲမှာထိုင်ရင်း တစ်စုံတစ်ယောက်ကများ ကျွန်မကို သူ့ရင်ခွင်ထဲထည့်ပြီး ခွန်အားတွေ တိုးပွားလာအောင်၊ ကြောက်စိတ်တွေ ပျောက်သွားအောင် နှစ်သိမ့်မှုပေးနိုင်လိမ့်မလဲလို့ မျှော်လင့်နေမိပါတယ်။ လက်ရှိအခြေအနေမှာ ကျွန်မရဲ့ အသက်အန္တရာယ်ဟာ အင်မတန်ကြီးမားနေပါပြီ။ တစ်စုံတစ်ဦးက ကျွန်မကားနဲ့ပတ်သက်ပြီး မတော်တဆမှုဖြစ်အောင် လုပ်ကြံလိမ့်မယ်လို့ ကျွန်မစိတ်ထဲမှာ ထင်နေပါတယ်။ ဥပမာအားဖြင့် ကားဘရိတ်ပေါက်တာမျိုး၊ ခေါင်းမှာ အကြီးအကျယ် ထိခိုက်ဒဏ်ရာရတာမျိုး ဖြစ်အောင်လို့ပေါ့။ ဒါတွေ ဘာကြောင့်လုပ်မှာလဲဆိုတော့ ချားလ်စ်ကိုရှင့်[illegible] လက်ထပ်သင့်ဖြစ်နေတဲ့ ကျွန်မကို ရှင်းချင်လို့ ဖြစ်ပါလိမ့်မယ်။*

www.burmeseclassic.com

www.burmeseclassic.com



*အခုဆိုရင် ကျွန်မ စိတ်ပင်ပန်းနွမ်းနယ်ခဲ့ရတာ ၁၅ နှစ်ရှိခဲ့ပါပြီ။ ကျွန်မ ပင်ပန်းလှပြီဖြစ်လို့ နောက်ထပ် အမုန်းတွေကိုလည်း ခံယူနိုင်မယ့်အင်အား မရှိတော့ပါဘူး။ စိန်ခေါ်လာမယ့် တိုက်ပွဲတွေကို ရင်ဆိုင်တိုက်နိုင်တဲ့ အင်အားတွေ ကျွန်မမှာ မရှိတော့တာမှန်ပေမယ့် ကျွန်မဘက်ကတော့ ဘယ်တော့မှ လက်မြှောက်အရှုံးပေးမှာ မဟုတ်ပါဘူး။ ကျွန်မ စိတ်ဓာတ်ခွန်အားက နိုင်မာနေဆဲဖြစ်နေတာကိုက ရန်သူအတွက် အခက်အခဲကြီးစေတာ ဖြစ်မယ်ထင်ပါတယ်။*

*ကျေးဇူးပါပဲ ချားလ်စ်။ ရှင် ကျွန်မကို နှိပ်စက်ညှဉ်းပန်းခဲ့လေသမျှက ကျွန်မ စိတ်ဓာတ်ခွန်အားရအောင် လုပ်ဆောင်ပေးခဲ့သလိုပါပဲ။ အခုတော့ ကျွန်မ ငိုနေမယ့်အစား ရှေ့ကိုတိုးနိုင်အောင်ပဲ ကြိုးစားနေပါတယ်။ ကျွန်မ ခေါသတွေက သေလုအောင် ကျွန်မကို နှိပ်စက်ကြပေမယ့် ကျွန်မ စိတ်ဓာတ်ခွန်အားကတော့ အလံမလှဲပါဘူး။ အဲဒီလိုခိုင်မာတဲ့ စိတ်ဓာတ်ကြောင့်ပဲ ကျွန်မဟာ ဒီနေ့ထက်ထိ ရှင်သန်နေနိုင်တာ ဖြစ်တယ်လို့ ယုံကြည်ပါတယ်...။*

လို့ ရေးသားခဲ့ပါတယ်။ ဒီစာဟာ မင်းသမီးကွယ်လွန်ပြီးနောက် ကျွန်တော် ထိန်းသိမ်းခဲ့ရတဲ့ စာများထဲမှာ အကြီးဆုံးသော ဝန်ထုပ်ဝန်ပိုးပါပဲ။ သေမယ်ဆိုတာ သိနေတဲ့ သူတစ်ယောက်က ရေးသွားတဲ့ စာဖြစ်ခြင်းကြောင့်လည်း ကျွန်တော့်မှာ ယူကျုံးမရခြင်းနဲ့အတူ ခံစားမှုတွေ အများကြီး ခံစားနေရဆဲ ဖြစ်ပါတယ်။

သူ ရေးခဲ့တဲ့စာ၊ သူ့ကွယ်လွန်မှုများက တိုက်ဆိုင်လွန်းတဲ့အတွက် ၁၉၉၇ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့မှာ ဗြိတိန်နိုင်ငံ တရားလွှတ်တော်က သုံးသပ်ကြည့်ပါလိမ့်မယ်။ ဆုံးဖြတ်ချက်ကတော့ တရားလွှတ်တော်ရဲ့ အဆုံးအဖြတ်သာ အတည်ဖြစ်ပါလိမ့်မယ်။

၂၀၀၃ ခုနှစ် နွေရာသီမှာ ဒိုဒီအယ်လ်ဖာယက် ကွယ်လွန်ခြင်းနဲ့ ပတ်သက်တဲ့ စုံစမ်းစစ်ဆေးမှုများကို ထုတ်ဖော်ကြေညာခဲ့ပါတယ်။ ဒါပေမယ့် မင်းသမီးနဲ့ ပတ်သက်တဲ့ ကိစ္စပါဝင်ခြင်း ရှိမရှိဆိုတာကိုတော့ ကျွန်တော်တို့ သိခွင့်မရပါဘူး။

စကော့တလန်ယာဒ် စုံထောက်အဖွဲ့နဲ့ ထောက်လှမ်းရေးတပ်ဖွဲ့တို့က ကျွန်တော့် ဂုဏ်သိက္ခာ ညှိုးနွမ်းသွားအောင်လည်း ၂၀၀၂ ခုနှစ်က ဖမ်းဆီးခဲ့ပြီး ရုံးတင် စစ်ဆေးခဲ့ကြပါသေးတယ်။ ဒါပေမယ့် ခိုင်မာတဲ့ စွပ်စွဲချက် မပြနိုင်တာကြောင့် ကျွန်တော့်ကို ကွင်းလုံးကျွတ် လွှတ်ခဲ့ကြရပါတယ်။ ထောက်လှမ်းရေးများက ဘယ်လိုပဲ ခြောက်လှန့်ဆင်စေကာမူ ဗြိတိသျှအာဏာပိုင်တို့က ခွင့်မပြုခဲ့ခြင်းကြောင့်သာ ကျွန်တော် လွှတ်လပ်ခွင့် ရခဲ့ခြင်းသာ ဖြစ်ပါတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com



*ကျွန်မဘဝရဲ့ မှောင်မိုက်တဲ့ကာလတွေမှာ ရှင့်ပံ့ပိုးမှုသာ မပါဘူးဆိုရင်*
*ကျွန်မ ဘယ်လောက်ခံစားရမလဲဆိုတာ မတွေးတတ်အောင်ပါပဲ။*
*အခုတော့ ကျွန်မဘဝရဲ့ ဒီရေအတက်အကျတွေဟာလည်း ပြောင်းလဲခဲ့ပါပြီ။*
*ရှေ့လျှောက်ပြီး ကျွန်မ ပျော်ရလိမ့်မယ်လို့ပဲ မျှော်လင့်မိပါတယ်။*
*ကျေးဇူးတင်ပါတယ် ပေါလ်ရယ်။ ရှင်ဟာ ကျွန်မရှေ့မှာ*
*ရဲတိုက်ကြီးတစ်ခုလို မားမားမတ်မတ် ရပ်ပေးခဲ့တဲ့အတွက်*
*အထူးကျေးဇူးပါ။*

*အချစ်များနဲ့*
*ဒိုင်ယာနာ*

## အခန်း (၁၅)
## ပေါလ်ဘာရယ်လ်နဲ့ လျှို့ဝှက်ချက်

ကျွန်တော့်သခင်မ ဝေလမင်းသမီး ဒိုင်ယာနာနဲ့ ကျွန်တော် ရင်းနှီးခဲ့ကြတယ်ဆိုတာကိုက သူ ကွယ်လွန်ပြီးနောက်ပိုင်းမှာ ကျွန်တော့်အပေါ် အပြစ်ပုံချစရာတစ်ခု ဖြစ်လာခဲ့ပါတယ်။ ဘဏ္ဍာစိုးက ဘဏ္ဍာစိုးနေရာမှာ မနေဘဲ မင်းသမီးနဲ့ရင်းနှီးလွန်းတယ်လို့ ဝေဖန်ကြပြီး ကင်စတန်နန်းတော်ရဲ့ တံခါးနောက်ကွယ်မှာ သူတို့မသိတဲ့ ကျွန်တော်တို့နှစ်ယောက်ရဲ့ ရင်းနှီးမှုက အပြစ်ပြောစရာ ဖြစ်နေခဲ့ပါတယ်။ အထူးသဖြင့် ဒိုင်ယာနာ အမှတ်တရ ရန်ပုံငွေအဖွဲ့မှာ ကျွန်တော့်ကို နေရာပေးထားခြင်းကိုလည်း မလိုမလားရှိကြပါတယ်။ ဒီအဖွဲ့မှာ ကျွန်တော်က ရန်ပုံငွေရှာဖွေရေးပွဲများ စီစဉ်ဆောင်ရွက်ဖို့ တာဝန်ယူထားရတဲ့အတိုင်း မင်းသမီးသာ သက်ရှိထင်ရှားရှိမယ်ဆိုရင် လုပ်ဆောင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်တဲ့ ပွဲစဉ်များကို ဖန်တီးပြီး ရန်ပုံငွေရှာဖွေပေးခဲ့ပါတယ်။ ဒါကြောင့် ဒေါ်လာ ၂ သန်းလျှော့တဲ့ ပုဂ္ဂိုလ်ရှိသလို ထောင်ဂဏန်းသာလှူတဲ့ လယ်သမားတွေလည်း ရှိပါတယ်။ မင်းသမီး ကွယ်လွန်ပြီး ဆယ်စုနှစ်တစ်ခုလောက်အကြာမှာတော့ ထောက်လှမ်းရေးအဖွဲ့က ကျွန်တော့်အိမ်ကို စီးနင်းဝင်ရောက်ပြီး တစ်အိမ်လုံး ရှာဖွေပါတော့တယ်။ သူတို့ပြောပြချက်ကတော့ ကျွန်တော်ဟာ မင်းသမီးနဲ့ပတ်သက်တဲ့ စာရွက်စာတမ်းတချို့၊ ပစ္စည်းတချို့ကို ခိုးယူထားတယ်လို့ ဆိုပါတယ်။ ဒီအမှုနဲ့ပဲ ကျွန်တော့်ကို ရုံးတင် စစ်ဆေးကြပါတော့တယ်။

တစ်ခုသော ကြာသပတေးနေ့ညမှာ ကျွန်တော်နဲ့ ကျွန်တော့် ဥပဒေ အကျိုးဆောင်အဖွဲ့တို့ ဆုံတွေ့ကြပါတယ်။ ဝိုင်းဖွဲ့စကားပြောကြရင်း ကျွန်မနေခဲ့တဲ့

www.burmeseclassic.com



သဲလွန်စကို ရှာဖွေကြခြင်းလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့စကားဝိုင်းက ဝီလျံမင်းသားဆီကို ကျွန်တော်ရေးတဲ့ စာတစ်စောင်ထဲမှာ ကျွန်တော်နဲ့ ဘုရင်မကြီးတို့ ဆုံတွေ့ကြပြီး စကားပြောကြတယ်ဆိုတဲ့ အကြောင်းအရာ ပါဝင်သွားပါတယ်။

အဲဒီ အကြောင်းအရာကို Lord Carlile ကြားလိုက်တော့ 'ဘုရင်မကြီးနဲ့ ဘာတွေ ပြောခဲ့ကြသလဲ' လို့ မှာမှာသလဲ မေးလာပါတယ်။

'ကျွန်တော်တို့ ပြောခဲ့ကြတာကတော့ အကြောင်းအရာ အစုံပါပဲ။ ကျွန်တော့်ဇနီး မာရီယာနဲ့ သားတွေအကြောင်းလည်း ပါတယ်။ ဘုရင်မကြီး မိသားစုအကြောင်း၊ ဒိုင်ယာနာ မင်းသမီးအကြောင်း၊ မင်းသားလေးနှစ်ပါးအကြောင်း ပါသလို မင်းသမီး ကွယ်လွန်ပြီးတဲ့နောက် ကင်စတန်နန်းတော်မှာ ဖြစ်ပျက်နေသမျှတွေကို ပြောခဲ့တာပဲ။ ဒါကြောင့် ပြောခဲ့တဲ့စကားတွေကတော့ အစုံပဲလို့ ပြောရလိမ့်မယ်' လို့ ပြောပြလိုက်ပါတယ်။

ဒီတော့ သူက 'အဲဒီတုန်းက ခင်ဗျားအနေနဲ့ မင်းသမီးရဲ့မိခင် Mrs. Frances Shand Kydd က မင်းသမီးရဲ့စာတွေကို ဖျက်ဆီးပစ်နေတဲ့အကြောင်း ထည့်ပြောခဲ့သေးသလား' လို့ မေးလာပါတယ်။

'ပြောခဲ့တာပေါ့။ အဲဒါက အဓိကပဲ'

ဒီစကားကြားလိုက်ချိန်မှာတော့ ဝိုင်းဖွဲ့ထိုင်နေကြတဲ့ ဥပဒေ အကျိုးဆောင်များရဲ့ မျက်လုံးများ တောက်ပသွားကြပြီး ကျွန်တော့်ကို ဝိုင်းကြည့်ကြပါတယ်။

'ဒီလိုလား။ ဒါဆို ဘာဖြစ်လို့ စောစောကတည်းက ကျွန်တော်တို့ကို ဒီအကြောင်း ထည့်မပြောခဲ့တာလဲ' လို့ Lord Carlile က မေးပါတယ်။

'ဒါကတော့ ဘုရင်မကြီးနဲ့ ကျွန်တော့် ကိုယ်ရေးကိုယ်တာကိစ္စအတွက် တွေ့ဆုံခဲ့ကြတာဖြစ်လို့ မပြောသင့်ဘူး ထင်တာကြောင့် မပြောခဲ့တာပါ။ ပြီးတော့ ပြောခဲ့ကြတဲ့ စကားတွေကလည်း အစုံပဲ မဟုတ်လား'

ကျွန်တော့်စိတ်ထဲမှာ ဒီအကြောင်းအရာက ကျွန်တော် လွတ်မြောက်ဖို့ အလင်းရောင်တစ်စ ရလာလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါဘူး။ လက်တွေ့မှာတော့ အဲဒီလိုဆုံတွေ့ပြီး ပြောခဲ့ခြင်းက ကျွန်တော့်အတွက် လွတ်မြောက်ရာ လမ်းစ ဖြစ်ခဲ့ပါတယ်။ လက်တွေ့မှာ ဘုရင်မကြီးနဲ့ ဆုံတွေ့မှုက အရေးပါအရာရောက်တဲ့ ကိစ္စတစ်ရပ် ဖြစ်သွားပါတယ်။

ကျွန်တော်ကတော့ ကွယ်လွန်သူ ကျွန်တော့်သခင်မအပေါ်မှာ သစ္စာစောင့်သိတဲ့အနေနဲ့ သူနဲ့ပတ်သက်တဲ့ စာရွက်စာတမ်းတွေ မပျောက်မပျက် ထိန်းသိမ်းသင့်တယ်ထင်လို့ ဘုရင်မကြီးကို သွားရောက်အကြောင်းကြားခြင်းသာ ဖြစ်ခဲ့ပါတယ်။



ဒါပေမယ့် အဲဒီလုပ်ရပ်ဟာ ထောက်လှမ်းရေးအဖွဲ့က စွပ်စွဲလာတဲ့ လျှို့ဝှက်ချက်များပေါက်ကြားမှုဆိုတဲ့ ရောမပြစ်မှုကြီးကို ကာကွယ်လိုက်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ထောက်လှမ်းရေးအဖွဲ့က ရရှိသွားတဲ့ အထောက်အထားများထဲမှာ ၂၀၀၁ ခုနှစ် ဧပြီလ ၁၉ ရက် နေ့စွဲနဲ့ ဝီလျံမင်းသားထံကို ကျွန်တော် ရေးခဲ့တဲ့ စာတစ်စောင်ပါဝင်ပါတယ်။ အဲဒီစာမှာ ကျွန်တော်က သူ့မိခင်ရဲ့ စာရွက်စာတမ်းတချို့ကို 'လုံခြုံရေး' အတွက် ကျွန်တော် သိမ်းဆည်းထားတယ်ဆိုတဲ့စကား ပါသွားပါတယ်။ ဒါကိုပဲ ထောက်လှမ်းရေးအဖွဲ့က ကျွန်တော်ဟာ တော်ဝင်မိသားစုများရဲ့ လျှို့ဝှက်ချက်ကိုဖော်ထုတ်နိုင်ဖို့ ဒီစာတွေ ယူသွားတယ်လို့ ပုဒ်မတပ် စွပ်စွဲလိုက်ခြင်း ဖြစ်ပါတယ်။ တကယ်တော့ လုံခြုံမှုအတွက် ကျွန်တော် သိမ်းဆည်းထားတယ်ဆိုတာကို ဘုရင်မကြီးအသိ ဖြစ်ပါတယ်။

နိုဝင်ဘာလ ၁ ရက်၊ သောကြာနေ့ဟာ All Saints Day ဖြစ်ပါတယ်။ အဲဒီနေ့မှာ ကျွန်တော့်အမှုကို စီရင်ချက်ချမယ့်နေ့လည်း ဖြစ်ပါတယ်။ တရားရုံးကို သွားရတဲ့ အချိန်မှာ တကယ်တော့ ကျွန်တော့်ရင်တွေ အရမ်းကို ခုန်နေတာပါ။ ဒါပေမယ့် မျက်နှာကိုတော့ အတည်ငြိမ်ဆုံးထားပြီး ကျွန်တော့်ကို ပတ်ပတ်လည် ဝိုင်းရိုက်နေကြတဲ့ မီဒီယာများရဲ့ ကင်မရာများမှာ စိုးရိမ်စိတ်မပေါ်အောင် နေပြရပါတယ်။ ကျွန်တော့်အကျိုးဆောင် အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ Lord Carlile ကတော့ ခပ်ပြုံးပြုံးပါပဲ။

တရားရုံးအမှတ် ၁ အပြင်ဘက်မှာ ကျွန်တော်ရှိနေတုန်း အိတ်ထဲမှာ ထည့်ထားတဲ့ ကျွန်တော့်လက်ကိုင်ဖုန်းက အသံမြည်လာပါတယ်။ ထုတ်ကြည့်လိုက်တော့ ဂျာနယ်လစ်တစ်ဦးဖြစ်တဲ့ Steve Dennis ဖြစ်ပါတယ်။ သူ့အသံက တုန်လှုပ်နေတယ်။ သူက ကျွန်တော်နဲ့ ခပ်လှမ်းလှမ်းမှာရှိတဲ့ လှေကားထိပ်ကနေ စကားပြောနေတာပါ။ 'ပေါလ်ရေ ကျွန်တော်တော့ ဒူးတွေတုန်ပြီး လမ်းတောင် မလျှောက်နိုင်တော့ဘူး။ ခင်ဗျားအမှုက ဒီနေ့ အဆုံးသတ်တော့မယ်။ ဘာကြောင့် ရုတ်တရက် အဆုံးသတ်လိုက်သလဲဆိုတာကိုတော့ ဘယ်သူမှ အတိအကျ မပြောနိုင်ကြဘူး။ ထောက်လှမ်းတပ်ဖွဲ့မှာရော၊ မက်ထရိုပိုလီတန်ရဲတပ်ဖွဲ့ကရော ဘာကြောင့် ရုတ်တရက် အဆုံးသတ်လိုက်သလဲဆိုတာကို မပြောနိုင်ကြဘူး' လို့ ဆိုတယ်။

ကျွန်တော့်အတွက် အရဏ်ဦးကို ရောက်တော့မယ်ပေါ့။

'အဓိပ္ပာယ်က ဘာလဲဗျ'

'ကျွန်တော်တို့ ကြားတာကတော့ ဒီနေ့ပဲ ခင်ဗျားအမှုကို အပြီးသတ်လိုက်လိမ့်မယ်။ အဲဒါကိုတော့ ကျွန်တော်တို့ သိထားတယ်'

www.burmeseclassic.com

www.burmeseclassic.com



သူ ပြောတာကို ကျွန်တော် မယုံနိုင်ပါဘူး။ ဒီလိုနည်းနဲ့ ရှုတ်တရက် အဆုံးသတ်သွားလိမ့်မယ်လို့လည်း ကျွန်တော် မမျှော်လင့်ထားပါဘူး။

'ကိုင်း… တရားရုံးထဲကို ကျွန်တော် ဝင်ရတော့မယ်'လို့ သူ့ကို ပြောပြီး လက်ကိုင်ဖုန်းကို ပိတ်လိုက်ပါတယ်။ အဲဒီအချိန်မှာပဲ Lord Carlile က 'ကိုင်း ပေါလ် အချိန်ကျပြီ ဝင်ကြစို့'လို့ ဆိုလာပါတယ်။

တရားရုံးထဲကို ဝင်လိုက်တဲ့အချိန်မှာ ကျွန်တော့်ရင်တွေ အဆမတန် ခုန်နေပါပြီ။ မီဒီယာအသီးသီးက စောင့်ဆိုင်းနေကြသလို ကျွန်တော့်အမှုကို စိတ်ဝင်တစား လာရောက်နားထောင်နေကြတဲ့ ဆွေတော်၊ မျိုးတော်တချို့ကိုလည်း တွေ့ရပါတယ်။ ဝန်ထမ်းတစ်ဦးက အချက်ပေးတဲ့ တူကိုထုလိုက်တဲ့ အချိန်မှာတော့ ရုံးခန်းတစ်ခုလုံး အပ်ကျသံ ကြားလောက်အောင် ငြိမ်သက်သွားကြပါတယ်။ မကြာခင်မှာ တရားစီရင်ရေးအဖွဲ့ရဲ့ ဥက္ကဋ္ဌဖြစ်တဲ့ Mrs.Justice Rafferty ဝင်ရောက်လာပါတယ်။ သူမက ကျွန်တော့်ကို လှမ်းပြုံးပြလိုက်ပါသေးတယ်။

တရားသူကြီး နေရာယူပြီးချိန်မှာ တရားလို ထောက်လှမ်းရေးအဖွဲ့ဘက်က အကျိုးဆောင်ဖြစ်တဲ့ William Boyce က မတ်တတ်ထရပ်လိုက်ပါတယ်။ ပြီးတော့မှ 'တရားသူကြီးခမျာ ဒီကိစ္စဟာ နိုင်ငံတော်အတွက် အင်မတန်အရေးကြီးတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ တော်ဝင်မိသားစုများရဲ့ အရေးကိစ္စကို ပေါက်ကြားစေနိုင်တဲ့ ကိစ္စလည်း ဖြစ်ပါတယ်။ တရားခံဖြစ်သူ မစ္စတာပေါလ်ဘာရယ်လ်ဟာ ဝေလမင်းသမီးပိုင်ပစ္စည်းများကို တစ်စုံတစ်ယောက်ရဲ့ ခွင့်ပြုချက်ကိုမျှ ရယူခြင်းမရှိဘဲ ယူငင်သိမ်းဆည်းထားတယ်ဆိုတာ စစ်ဆေးပြီးဖြစ်တဲ့ သက်သေများရဲ့ ထွက်ဆိုချက်အရ သိသာထင်ရှားနေပါပြီ…'

သူ့လျှောက်လဲချက်ကို ကျွန်တော် နားရှိလို့ ကြားလိုက်ရပေမယ့် နားခါးလှပါတယ်။

'… အဲဒါအပြင် ရုံးတော်မှာတင်ပြခဲ့တဲ့ သက်သေများကိုလည်း တရားခံဘက်က အကျိုးဆောင်များက မေးခွန်းများ စိတ်တိုင်းကျမေးခဲ့ပြီး ဖြစ်ပါတယ်။ သက်သေများရဲ့ ထွက်ဆိုချက်အရ မစ္စတာပေါလ်ဘာရယ်လ်ဟာ ဘယ်သူ့ ခွင့်ပြုချက်မှမရှိဘဲ ဝေလမင်းသမီး ဒိုင်ယာနာရဲ့ ပစ္စည်းများကို ယူသွားတယ်ဆိုတာ ထင်ရှားနေပါတယ်…'

တော်တော်မိုက်မဲတဲ့ ကောင်ပါလား။ သူ့ဖိုင်ထဲမှာ ဝီလျံမင်းသားဆီကို ကျွန်တော် ရေးခဲ့တဲ့စာ ရှိနေပါလျက်နဲ့ အဲဒီစာကို လျစ်လျူရှုထားပုံရပါတယ်။ သူက ဆက်လက်ပြီး လျှောက်ထားရာမှာ အလွဲလွဲအချော်ချော်ပါပဲ။ သူက ဒီအမှုအတွက်



နောက်ထပ် သက်သေခံမယ့် ပုဂ္ဂိုလ်များ ထပ်မံခေါ်ဆိုဖို့ မလိုအပ်တော့ကြောင်းကိုပါ လျှောက်ထားပါတယ်။

ကျွန်တော်က တရားခံနေရာမှာ ထိုင်နေရပေမယ့် နှလုံးခုန်မှုကတော့ အတိုင်းထက်အလွန်ပါ။ Lord Carlile ကို လှမ်းကြည့်လိုက်တော့ သူက ပြုံးပြပါတယ်။ နောက်ဆုံးမှာ တရားသူကြီးဖြစ်တဲ့ Mrs.Justice Rafferty က စီရင်ချက်ချခါနီးမှာ ကျွန်တော့်ကို နွေးထွေးတဲ့အပြုံးနဲ့ ကြည့်လိုက်ပြီး 'မစ္စတာဘာရယ်လ်… လူကြီးမင်းအနေနဲ့ သွားလိုရာ သွားနိုင်ပါပြီ။ ဒီအမှုကနေ ကွင်းလုံးကျွတ် လွှတ်လိုက်ပါပြီ'လို့ အမိန့်ထုတ်ပြန်ကြေညာလိုက်တဲ့အခါမှာ ကျွန်တော် ထိုင်နေရာကနေ လှုပ်လို့တောင် မရတော့ပါဘူး။ ရင်ထဲက အလုံးကြီးတစ်လုံး တက်လာပြီး လည်ချောင်းဝမှာ ဆို့နေသလို ခံစားလိုက်ရပါတယ်။ ကျွန်တော့်ကို စောင့်ကြရတဲ့ မစ်ရှဲလ်ကပဲ ကျွန်တော့်လက်ကိုဆွဲကာ တရားရုံးအပြင်ဘက်ကို ထုတ်လာခဲ့ပါတယ်။ မီဒီယာများကလည်း ကျွန်တော့်ကို တအံ့တသြ ဝိုင်းကြည့်နေကြပါတယ်။ သူတို့ရှေ့မှာ ကျွန်တော် ရင်ကော့ပြီး ထွက်ခဲ့ပါတော့တယ်။ ကျွန်တော်ဟာ ကွယ်လွန်သူ ကျွန်တော့်သခင်မ ဝေလမင်းသမီး ဒိုင်ယာနာအပေါ်မှာသာမက ဗြိတိန်နိုင်ငံကို စိုးစံအုပ်ချုပ်နေတဲ့ ဘုရင်မကြီးရဲ့ မိသားစုအပေါ်မှာပါ သစ္စာစောင့်သိသူ ဖြစ်တယ်ဆိုတာ မှတ်ကျောက်အတင်ခံနိုင်ခဲ့ပါပြီ။ တကယ်တော့ ဒီအမှုမှာ ကျွန်တော့်ကို ဝင်ကယ်လိုက်သူက ဘုရင်မကြီးကိုယ်တိုင်ပဲ ဖြစ်ပါတယ်။ တရားစီရင်ရေးကိစ္စများမှာ ဘုရင်မကြီးက ဝင်ရောက်စွက်ဖက်လေ့မရှိပေမယ့် ကျွန်တော့်ကိစ္စမှာတော့ ဗြိတိန်နိုင်ငံသမိုင်းမှာ မှတ်တမ်းတင်လောက်အောင် ဝင်ရောက်စွက်ဖက်လိုက်ခြင်း ပါပဲ။

ရုံးတော်ရဲ့ အပြင်ကိုရောက်ပေမယ့် ကျွန်တော့်မှာ အိပ်မက်ထဲ လမ်းလျှောက်ရသလို မရေရာ မသေချာလှသေးပါဘူး။ ကွင်းလုံးကျွတ် လွှတ်လိုက်ပြီဆိုတာကိုလည်း ဟုတ်မှဟုတ်ပါ့မလားလို့ မယုံမရဲ ဖြစ်နေသေးတာပါ။ ဒါကြောင့် Lord Carlile ဆီကိုသွားလိုက်ပြီး 'ဒါ တကယ်ပဲလားဟင်'လို့ မေးမိပါတယ်။

'တကယ်ပဲပေါ့။ အားလုံးပြီးသွားပြီ၊ အားလုံးပြီးသွားပြီ'တဲ့။ ကျွန်တော် ဝမ်းသာလွန်းလို့ သူ့ပခုံးပေါ်မှာ ခေါင်းတင်ပြီး ရှိုက်လိုက်မိပါတယ်။ ကျွန်တော့် မျက်ရည်တွေ သူ့ပခုံးပေါ်မှာ စွတ်စိုသွားတဲ့အထိလည်း ငိုမိပါတယ်။ တကယ်တော့ တော်ဝင်မိသားစုနဲ့ ထိပ်တိုက်ရင်ဆိုင်ရဲတဲ့ ဥပဒေအကျိုးဆောင်ဆိုတာ ဒီတစ်ယောက်ပဲ ရှိမယ်ထင်ပါတယ်။ ကျွန်တော့်လိုကိစ္စမျိုးက အုတ်နံရံကို ခေါင်းနဲ့ဆောင့်ရတဲ့ အဖြစ်မျိုးပါ။ ဒါကို သူက သတ္တိရှိရှိနဲ့ ကျွန်တော့်ဘက်က

www.burmeseclassic.com

www.burmeseclassic.com



ရပ်တည်ပြီး ရင်ဆိုင်ပေးခဲ့သူ ဖြစ်ပါတယ်။ Lord Carlile က ကျွန်တော့်ပခုံးကို ပုတ်ပြီး နှစ်သိမ့်ပေးပါတယ်။ ပြီးတော့မှ 'ကဲ လာ တို့များ အောင်ပွဲခံတဲ့အနေနဲ့ စားသောက်ဆိုင်လေးတစ်ခုခုမှာ သွားစားရအောင်' လို့ ဆိုပါတယ်။

သူ့အနားမှာ ရှိနေတယ် Andrew Shaw က လက်ကိုင်ဖုန်း မြည်လာတာကို နားထောင်လိုက်ပြီး ကျွန်တော့်ဘက်ကို ကမ်းပေးလိုက်ပါတယ်။ 'မာရီယာ ဆက်နေတယ်' လို့ ဆိုပါတယ်။ ကျွန်တော် ပထမဆုံးကြားလိုက်ရတာကတော့ မာရီယာ ပျော်လွန်းလို့ ငိုရှိုက်နေတဲ့အသံပါပဲ။ ကျွန်တော်လည်း မာရီယာ့ကို ဘာမှ မပြောနိုင်ဘဲ သူနဲ့အတူ ရောငိုမိတဲ့အထိ ခံစားလိုက်ရပါတယ်။ ပြီးတော့မှ 'မိန်းမ ရေ ကိုယ်တို့ ကျေးဇူးတင်ရမှာက ဘုရင်မကြီးပဲ။ ဒီကိစ္စမှာ သူ ဝင်ဖြတ်လိုက်လို့ ပြီးသွားတာ' လို့ ပြောပြရပါတယ်။ ကျွန်တော့်ဘဝဟာ မင်းမှုထမ်းဘဝမှာ ချား ရဟတ်စီးနေရသလို အနိမ့်အမြင့် အတက်အကျတွေ များစွာကြုံခဲ့ရဖူးပါပြီ။ အခုတော့ဖြင့် ဒါတွေအားလုံး အဆုံးသတ်သွားပြီလို့ ယူဆရပါတယ်။ မာရီယာက ခဏကိုင်ပါဦးလို့ပြောပြီး တယ်လီဖုန်းကို သူ့နားကနေ ခွာလိုက်တဲ့အခါမှာတော့ သူ ရောက်နေတဲ့ ပန်းအလှပြင်ဆိုင်ထဲက ကျွန်တော်တို့မိသားစုကို အားပေးနေကြတဲ့ ပရိသတ်များရဲ့ ဝမ်းသာအားရ အော်ဟစ်ဂုဏ်ပြုကြတဲ့ အသံတွေကိုလည်း ကြားလိုက်ရပါတယ်။

စားသောက်ဆိုင်ကိုသွားကြဖို့ လမ်းပေါ်ကို ဆင်းလိုက်တဲ့အခါမှာတော့ မီဒီယာ ပေါင်းစုံက သတင်းထောက်များ ကင်မရာတိုယ်စီနဲ့ ကျွန်တော့်ကို ဝိုင်းဖားကြပါ တယ်။ ဝမ်းသာအားရ မေးမြန်းကြတဲ့အသံတွေ၊ ချီးကျူးကြတဲ့အသံတွေ စုံလို့ပါပဲ။

'ပေါလ်... ပေါလ်' လို့ တစ်စုံတစ်ယောက် အော်ခေါ်သံကို ကျွန်တော် ကြားရပေမယ့် ဘယ်နေရာကနေ အော်နေမှန်း ကျွန်တော် မသိပါဘူး။ လည်ပြန် ရှာပေမယ့်လည်း မတွေ့ဖြစ်နေချိန်မှာ 'အပေါ်ကို မော့ကြည့်လိုက်' လို့ အော်သံ ကြားရပြန်တာကြောင့် မော့ကြည့်လိုက်တော့ ကျွန်တော့် ခေါင်းထက်မှာရှိတဲ့ မှန်ပြတင်းပေါက်မှာ ဝန်ထမ်းများစုပြုံပြီး ကျွန်တော့်ကို ဝမ်းသာအားရ ကောင်းချီး မင်္ဂလာပေးနေကြတာကို တွေ့ရပါတယ်။ သူတို့လက်ပြနှုတ်ဆက်နေတာကို ကျွန်တော်က ပြန်လက်ပြနှုတ်ဆက်ရတာ ကျွန်တော့်လက်ကို ပြန်မရုပ်သိမ်းနိုင် လောက်အောင်ပါပဲ။

မီဒီယာများကိုတော့ ကျွန်တော့်ကိုယ်စား Andrew Shaw ကပဲ စကားပြော ပေးပါတယ်။ ရုံးတော်ရဲ့ရှေ့က လမ်းမပေါ်မှာ ရုတ်တရက်ဆိုသလို သတင်းစာ ရှင်းလင်းပွဲကလေးတစ်ရပ် ကျင်းပလိုက်ရသလို ဖြစ်သွားခဲ့ပါတယ်။ ကျွန်တော်က



အားလုံးကို ကျေးဇူးတင်စကားပြောပြီး အားလုံးကလည်း ကျွန်တော့်နာမည်ကိုသာ တကြော်ကြော် အော်နေကြတာကို တွေ့ရပါတယ်။ ဝမ်းသာပီတိကြောင့် ကျွန် တော့် ခြေထောက်တွေ မလှုပ်နိုင်လောက်အောင် ခံစားရပါတယ်။ ဒါပေမယ့် ကျေးဇူးတင်ထိုက်သူကို ကျေးဇူးတင်ရပါဦးမယ်။ တစ်ကမ္ဘာလုံး ကြားရအောင် ကျွန်တော် အော်လိုက်မိပါတယ်။ 'ဘုရားသခင်၊ လွတ်မြောက်ခြင်းဆိုတာ ဘယ် လောက်ကောင်းမြတ်သလဲဆိုတာကို တပည့်တော် နားလည်ခဲ့ပါပြီ' လို့ အော်လိုက် ခြင်းပါပဲ။

ကျွန်တော်တို့အားလုံး Covent Garden မှာ ရှိတဲ့ စားသောက်ဆိုင်ကလေးဆီကို ထွက်ခွာခဲ့ကြပါတယ်။ ဒီနေရာကလေးက ဆိတ်ငြိမ်ပြီး စားလို့လည်း ကောင်းတဲ့ နေရာကလေးပါ။ ကျွန်တော်တို့ လေးယောက် စားသောက်ဆိုင်ထဲကို ဝင်လိုက် တယ်ဆိုရင်ပဲ လက်ခုပ်သြဘာသံတွေက ဆီးကြိုပြီး ကျွန်တော် တစ်ခါမှ မတွေ့ဖူး၊ မမြင်ဖူးတဲ့သူတွေက လက်ဆွဲနှုတ်ဆက်လာကြပါတယ်။ အားလုံးက ကျွန်တော့် အတွက် ဝမ်းသာအားရ ဖြစ်နေကြပါတယ်။

ကျွန်တော်နဲ့ ကျွန်တော့် အကျိုးဆောင်အဖွဲ့ရဲ့ နေ့လယ်စာစားပွဲကို ဝင်ရောက် ပူးပေါင်းလာသူနှစ်ဦးကတော့ Richard Kay နဲ့ Susie Kassem တို့ နှစ်ဦးပါပဲ။ သူတို့နှစ်ယောက်က မင်းသမီးရဲ့ မိတ်ဆွေများလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ထမင်းစားပွဲမှာ နေရာယူပြီးစအချိန် နောက်တစ်ယောက် ထပ် ရောက်လာပါတယ်။ အဲဒီသူကတော့ ဘီဘီစီအသံလွှင့်ဌာနမှ Fiona Bruce ပဲ ဖြစ်ပါတယ်။ အပြင်မှာ မိုးရွာနေပါတယ်။ သူမ တစ်ကိုယ်လုံး မိုးစိုရွှဲနေပုံ ရပေ မယ့် ဂရုစိုက်ပုံမပေါ်ပါဘူး။ သူမက ကျွန်တော့်ရှေ့မှာ ရှန်ပိန်တစ်ပုလင်း လာချပြီး ဝမ်းသာမှုနဲ့ ဂုဏ်ပြုပါတယ်။ 'ကျွန်မ ဝမ်းသာလွန်းလို့ပါ ပေါလ်ရယ်' လို့ ပြောပြီး ကျွန်တော့်ကို ဂုဏ်ပြုတဲ့ ရှန်ပိန်တစ်ခွက်သောက်ကာ ပြန်လည်ထွက်ခွာသွားပါ တယ်။

ညနေပိုင်းကျမှ Cheshire မှာ ရှိတဲ့ အမျိုးတစ်ယောက်ရဲ့ အိမ်မှာ နားနေရင်း ဗြိတိန်နိုင်ငံထုတ် Daily Mirror သတင်းစာကြီးနဲ့ တွေ့ဆုံပါတယ်။ ဗြိတိန်နိုင်ငံနဲ့ အမေရိကန်နိုင်ငံထုတ် တခြားသတင်းစာများကတော့ ကျွန်တော့်အမှု ရုံးတင်စစ် နေတဲ့ ရက်သတ္တပတ်နှစ်ပတ်လုံးမှာ ကျွန်တော့်စိတ်နှလုံး ညှိုးချုံးအောင် ရေးသားခဲ့ကြပါတယ်။ ကျွန်တော်ဟာ မင်းသမီးရဲ့ ယုံကြည်ကိုးစားမှုကို အလွဲ သုံးစားလုပ်သတဲ့။ မင်းသမီးရဲ့ပစ္စည်းတွေကို ခိုးယူခဲ့သတဲ့။ ဒီလိုစွဲချက်တွေတင် ခဲ့ကြတာပါ။

www.burmeseclassic.com

www.burmeseclassic.com



အခု ကျွန်တော် ဒီစာအုပ်ရေးရိုက်အထိ ဘယ်သောအခါကမှ မင်းသမီးအပေါ်မှာ သစ္စာဖောက်တဲ့ကိစ္စမျိုး မဆောင်ရွက်ခဲ့ဖူးဘူးဆိုတာ ကျွန်တော် သစ္စာပြုရဲပါတယ်။

အမှုကိစ္စကင်းရှင်းချိန်ကစပြီး ကျွန်တော် နေခဲ့တဲ့ Old Bailey ကို ခွာပြီး တခြားနေရာမှာ ကျွန်တော့် အနာဂတ်သစ်တစ်ခုကို တည်ဆောက်နိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် အတိတ်ကအရိပ်တွေဟာ မေ့ပျောက်သွားလို့မရဘဲ အခု ထက်ထိ ကျွန်တော့်ရင်ထဲမှာ ရှိနေဆဲပါ။ ရုံးတော်မှာ ကျွန်တော်ဟာ ကွင်းလုံး ကျွတ်လွတ်မြောက်ခဲ့ပြီဖြစ်တဲ့အတွက် တရားခံစာရင်းကနေ ပယ်ဖျက်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမယ့် ဝေလမင်းသမီး ဒိုင်ယာနာဆိုတဲ့ အမည်ကတော့ ကျွန်တော့် ရင်ထဲမှာ ဘယ်တော့မှပျောက်ဖျက်လို့မရနိုင်တဲ့ အမည်တစ်ခု ဖြစ်ပါတယ်။ ကျွန်တော့် သခင်မဟာ မှတ်သားလောက်စရာ ကောင်းလောက်အောင် ထူးခြားတဲ့ အမျိုးသမီး တစ်ဦး ဖြစ်ပါတယ်။ သူနဲ့ပတ်သက်တဲ့ အမှတ်တရကိစ္စများဟာလည်း မေ့ပျောက် ပစ်ဖို့ မကောင်းလောက်အောင် မြတ်နိုးတန်ဖိုးထားရပါတယ်။

မင်းသမီးနဲ့ပတ်သက်ပြီး ကျွန်တော့်ကို ရဲက အရေးယူခဲ့တာဖြစ်လို့ ဒါတွေကို ကျွန်တော် မေ့ပစ်မှာလားလို့ မေးလာရင် ကျွန်တော် ငြင်းရပါလိမ့်မယ်။ ကျွန်တော် ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး။

ဘယ်သူတွေ ဘာပဲပြောပြော ကျွန်တော့်ရင်ထဲကနေ ဘယ်သူမှ ထုတ်ပယ် ပစ်လို့ မရနိုင်တဲ့ စာတစ်စောင် ရှိနေပါတယ်။ အဲဒီစာဟာ ကျွန်တော့်သခင်မက ကျွန်တော့်ထံ နောက်ဆုံးရေးခဲ့တဲ့စာလည်း ဖြစ်ပါတယ်။ သူမ မကွယ်လွန်ခင် တစ်လလောက်အလိုမှာ ရေးသားခဲ့ပြီး ကျွန်တော့် ရုံးစားပွဲပေါ်မှာ တင်ထားခဲ့ တာပါ။ ဒီစာကို ကျွန်တော် ပြန်ဖတ်တိုင်း ခွန်အားတွေရရှိစမြဲပါ။ အဲဒီလိုပဲ ဒီစာက ကျွန်တော့်ကို နှုတ်ဆက်ခဲ့တဲ့ စာတစ်စောင်ဖြစ်တာကြောင့် ဝမ်းနည်းကြေကွဲမှုကို လည်း ပေါ်ပေါက်စေပါတယ်။ ဒီစာလေးဟာ အခု ကျွန်တော်ရေးတဲ့ စာအုပ်နဲ့ အံဝင်ခွင်ကျ ဖြစ်တာကြောင့် ဖော်ပြပေးလိုက်ပါတယ်။

*ပေါလ်ရေ…*

*ရှင်က ကျွန်မအတွက် တတိယမျက်လုံးလို ဖြစ်နေတာကြောင့် ဒီရက် သတ္တပတ်ဟာ အရမ်းအရေးကြီးတယ်ဆိုတာ ရှင်သိနေမှာပါ။*

*နောက်ပြီးတော့ ဒီရက်ပိုင်းအတွင်းမှာ ကျွန်မ ဘယ်လောက်ရင်ခုန်စိတ်လှုပ်ရှား နေတယ်ဆိုတာကိုလည်း ရှင် သိနေတာဆိုတော့ အထူးပြောဖို့ လိုမယ် မထင်ဘူး နော်။ ဒီကိစ္စက ရှင်နဲ့ ကျွန်မသာသိတဲ့ လျှို့ဝှက်ချက်နော်။*

*ရှင်ဟာလေ… တကယ့်ကို ထူးချွန်တဲ့လူတစ်ယောက်ပါ။ ကျွန်မ မေးသမျှ*



*မေးခွန်းတွေကို မညည်းမညူ ဖြေပေးခဲ့တဲ့အပြင် ရှင် ပြောသမျှတွေကလည်း အမှန် တွေချည်းပဲဆိုတာ ကျွန်မ ဝန်ခံပါတယ်။*

*ကျွန်မဘဝရဲ့ မှောင်မိုက်တဲ့ကာလတွေမှာ ရှင့်ပံ့ပိုးမှုသာ မပါဘူးဆိုရင် ကျွန်မ ဘယ်လောက်ခံစားရမလဲဆိုတာ မတွေးတတ်အောင်ပါပဲ။*

*အခုတော့ ကျွန်မဘဝရဲ့ ဒီရေအတက်အကျဟာလည်း ပြောင်းလဲခဲ့ပါပြီ။ ရှေ့လျှောက်ပြီး ကျွန်မ ပျော်ရလိမ့်မယ်လို့ပဲ မျှော်လင့်မိပါတယ်။*

*ကျေးဇူးတင်ပါတယ် ပေါလ်ရယ်။ ရှင်ဟာ ကျွန်မရှေ့မှာ ရဲတိုက်ကြီးတစ်ခုလို မားမားမတ်မတ် ရပ်ပေးခဲ့တဲ့အတွက် အထူးကျေးဇူးပါ။*

*အချစ်များနဲ့*

*ဒိုင်ယာနာ*

လျှို့ဝှက်ချက်တဲ့။

ဘာလျှို့ဝှက်ချက်များပါလိမ့်။

ဆောရီးပါ။ ဒါကတော့ ရွှေမင်းသမီးနဲ့ သူ့ဘဏ္ဍာစိုးတို့ နှစ်ယောက်တည်းသာ သိတဲ့ လျှို့ဝှက်ချက်ဖြစ်တာကြောင့် ကျွန်တော် မပြောပါရစေနဲ့။

■

**ဝင်းငြိမ်း**

www.burmeseclassic.com